အမရပူရမြို့

မင်္ဂလာတိုက်ကျော် ညောင်ကန်ဆရာတော်

**အရှင်ကဝိန္ဒာဘိဝံသ မဟာထေရ်**

ရေးသား စီရင်တော်မူအပ်သော

# ငါးရာငါးဆယ်ဇာတ်ဝတ္ထု

(ပထမတွဲ)

**ဧကကနိပါတ်**

ပြည်ထောင်စု မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၆ ကောဇာ ၁၃၅၄ ခရစ် ၁၉၉၂

၃၃၃၈

အမရပူရမြို့

မဂ်လာဘုံကျော် ညောင်ကန်ဆရာတော်

အရှင်ကဝိန္ဒာဘိဝံသ မဟာထေရ်

ရေးသား စီရင်ခတော်မူအပ်သော

# ငါးရာငါးဆယ်ဇာတ်ဝတ္ထု

(ပထမတွဲ)

## ကောကနိပါတ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၆ ကောဇာ ၁၃၅၄ ခရစ် ၁၉၉၂

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်း
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

# နိဒါန်း

မဟာသမ္မတ အသမ္ဘိန္နဟု ခတ္တိယ ဇာတ် မင်းမြတ်ရှေ့ဇာ သိဒ္ဓတ်လောင်းလျာ သည် ကမ္ဘာ့ကမ္ဘာ သံသရာက သမ္ဘာရဆောက်ဦး ဖြည့်ဆည်းပူး၍ မြေဦး ဗောဓိ အပရာဇိတ်တွင် ရွှေပလ္လင်ဝယ် ငါးအင်ခြေ ယျ ဒသဗလ ဆ-အသာဓာရဏ စသည့်မကြွင်း အလုံးစုံ ဖောက်ထွင်းပြီးလျှင် သုံးလူ့မင်း ဖြစ်သည်က စ၍ သောဠသနဂိုရ် ပြည့်ရေဇကြိုဟ်မှစ၍ လေးဆယ့်ငါးဝါ ရှည်ကြာသမယ ကာလ အတွင်း ခပင်းဥဿုံ ဇာတ်နိပါတ်အစုံကို ကြာမုံပြန့်သင်း ရွှေနှုတ်တော်ခံတွင်းမှ ကြောင်းခြင်းသင့်ရာ ဟောတော်မူခဲ့သော ဒေသနာတော်သည်ကား—

ဧကကနိပါတ်အစ အသီတိနိပါတ်အဆုံး ဇာတ်တော်ပေါင်း အားလုံးကို သိမ်းရုံးပြီးလျှင် အမရပူရမြို့တည် နန်းတည် အပြည်ပြည်တို့ ဦးတင် ဆင်ဖြူများ အရှင် ဘုရင်မင်းတရားကြီး၏ သားတော်အကြီး လက်ဝဲတီးမင်္ဂလာ အိမ်ရှေ့ ဥပရာဇာ၏ မယ်တော် မိဖုရားမြတ်သည် ဆောက်လုပ်လှူဒါန်းအပ်သော မင်္ဂလာဘုံကျော် ကျောင်းတော်ပျော်စံ ညောင်ကန် ဆရာတော်ဘုရားကြီးသည် မူလဘာသာ မာဂဓအရာ ဗုဒ္ဓပါဝစနာမှ ကရုဏာ ရှမ်းစို မြန်မာဘာသာ ပြန်ဆိုအပ်သော ငါးရာငါးဆယ် ဇာတ်ဝတ္ထုကို သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်က ရိုက်နှိပ်ဖြန့်ချိအပ်ပါသည်။

## ပထမ ညောင်ကန်ဆရာတော်

"ပထမ" ညောင်ကန်ဆရာတော်မှာ ဦးကဝိန္ဒဖြစ်၍ တံဆိပ်တော်မှာ "ကဝိန္ဒာဘိဝံသ သိရီသဒ္ဓမ္မဓဇ မဟာရာဇဂုရု" ဖြစ်လေသည်၊ ငယ်မည်မှာ "ဦးရေ့င်" ဖြစ်သည်။

ဘိုးတော်ဘုရား၏ မြောက်နန်းမိဖုရား(အိမ်ရှေ့ဥပရာဇာ မယ်တော်)လှူဒါန်းသော မင်္ဂလာဘုံကျော် ကျောင်းတွင် သီတင်းသုံးတော်မူလေသည်။ ဇာတိမှာ ပဒုံမြို့နယ် ညောင်ကန်ရွာ ဖြစ်သဖြင့် ညောင်ကန်ဆရာတော်ဟု အမည်တွင်လေသည်။

၁၁၁၅-ခုနှစ်တွင် ဖွားမြင်တော်မူ၍ ၁၁၈၃-ခုနှစ်တွင် ပျံလွန်တော်မူသည်။

၁။ ပဏ္ဏာသနိပါတ် ဇာတ်အဋ္ဌကထာနိဿယ

၂။ စတ္တာလီသနိပါတ် ဇာတ်အဋ္ဌကထာနိဿယ

၃။ မင်္ဂလဿဒီပနီ စကားပြေ

၄။ ဝံသမာလာကျမ်း

၅။ သင်္ချေပကာသက စာကိုယ်နိဿယ

၆။ မြို့ပတ် ကျမ်းရင်းကြီး ပါဠိနိဿယ (၇)တွဲ

၇။ မဟာဝင် နိဿယ

အထက်ပါ ကျမ်းစာများကို ပြုစုသဖြင့် ထင်ရှားလေသည်။

# ငါးရာငါးဆယ်ဇာတ်ဝတ္ထု

## (ပထမတွဲ)

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပဏာမပဋိညာဉ် .... .... .... | ၁ |
| | **၁-ဧကကနိပါတ်** | |
| | **၁-အပဏ္ဏကဝဂ်** | |
| ၁။ | အပဏ္ဏကဇာတ် (လှည်းကုန်သည်) .... .... | ၃ |
| | ကျိန်းသေသောအလုပ်ကို လုပ်သင့်ကြောင်း .... .... | ၃ |
| | အလျင်လို လမ်းအိုလိုက် .... .... | ၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃ |
| | အတိတ်ဝတ္ထု .... .... .... | ၉ |
| | ဇာတ်ပေါင်း .... .... .... | ၁၆ |
| ၂။ | ဝဏ္ဏုပထဇာတ် (လှည်းကုန်သည်) .... .... | ၁၇ |
| | မပျင်းမရိသောသူသည် စိတ်နှလုံး၏ ငြိမ်းအေးခြင်းကိုရကြောင်း .... .... | ၁၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၇ |
| | အတိတ်ဝတ္ထု .... .... .... | ၁၉ |
| | ဇာတ်ပေါင်း .... .... .... | ၂၂ |
| | ယောကျ်ားတို့လုံ့လ သေခါမှ လျှော့ရမည် | ၂၂ |
| ၃။ | သေရိဝဝါဏိဇဇာတ် (ရွှေကုန်သည်) .... .... | ၂၂ |
| | ကောက်ကျစ်သောကြောင့် ရွှေခွက် လက်လွှတ်သော ရွှေကုန်သည်အကြောင်း .... | ၂၂ |
| | အကြံတူ နောက်လူ သာစမြဲ .... .... | ၂၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၂ |
| | အတိတ်ဝတ္ထု .... .... .... | ၂၃ |
| | ဇာတ်ပေါင်း .... .... .... | ၂၆ |
| | ကမ္ဘာရန်အစ ရွှေကုန်သည်ဘဝမှ .... .... | ၂၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄။ | စူဠသေဋ္ဌိဇာတ် (သူဌေး) .... .... | ၂၆ |
| | ကြွက်သေတစ်ခု အရင်းပြု .... .... | ၂၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၆ |
| | အတိတ်ဝတ္ထု .... .... .... | ၃၅ |
| | ဇာတ်ပေါင်း .... .... .... | ၃၇ |
| ၅။ | တဏ္ဍုလနာဠိဇာတ် (ရုဖြတ်အမတ်) .... .... | ၃၈ |
| | လောဘရမ္မက်ကြီးသော ဘုရင်နှင့် ရာဖြတ်ယောကျ်ား .... .... .... | ၃၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၈ |
| | အတိတ်ဝတ္ထု .... .... .... | ၃၉ |
| | ဇာတ်ပေါင်း .... .... .... | ၄၂ |
| ၆။ | ဒေဝဓမ္မဇာတ် (မင်းသား) .... .... | ၄၂ |
| | အရှက်အကြောက် လောကပါလတရားနှစ်ပါး .... | ၄၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၂ |
| | အတိတ်ဝတ္ထု .... .... .... | ၄၄ |
| | ဇာတ်ပေါင်း .... .... .... | ၄၈ |
| ၇။ | ကဋ္ဌဝါဟနဇာတ် (မင်းသား) .... .... | ၄၈ |
| | သားရင်းကို မစွန့်အပ်ကြောင်း .... .... | ၄၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၄၈ |
| | အတိတ်ဝတ္ထု .... .... | ၄၉ |
| | ဇာတ်ပေါင်း .... .... | ၅၁ |
| ၈။ | ဂါမဏိဇာတ် (အမတ်) .... .... | ၅၁ |
| | ပစ္စုပ္ပန် အတိတ်ဝတ္ထု .... .... | ၅၁ |
| | ဇာတ်ပေါင်း .... .... | ၅၂ |
| ၉။ | မဃဒေဝဇာတ် (မဃဒေဝမင်း) .... .... | ၅၂ |
| | ဆံဖြူတစ်ပင်ကိုမြင်၍ တောထွက်ခြင်း အစဉ်အလာ .... .... | ၅၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၅၂ |
| | အတိတ်ဝတ္ထု .... .... | ၅၃ |
| | ဇာတ်ပေါင်း .... .... | ၅၄ |

## မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၁၀။ | သုဝဏ္ဏဟံသရီဇာတ် (ရသေ့) | .... | .... | ၅၅ |
| | ရဟန်းဘဝချမ်းသာ မင်းစည်းစိမ်ထက်သာ | .... | .... | ၅၅ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၅၅ |
| | အတိတ်ဝတ္ထု | .... | .... | ၅၅ |
| | ဇာတ်ပေါင်း | .... | .... | ၅၇ |

## ၂-သီလဝဂ်

| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၁၁။ | လက္ခဏဇာတ် (သမင်) | .... | .... | ၅၈ |
| | မလိမ္မာ အခြွေအရံ မဲ့သည် | .... | .... | ၅၈ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၅၈ |
| | အတိတ်ဝတ္ထု | .... | .... | ၅၉ |
| | ဇာတ်ပေါင်း | .... | .... | ၆၁ |
| ၁၂။ | နိဂြောဓဇာတ် (သမင်) | .... | .... | ၆၂ |
| | အသက်ပေး၍ ကယ်ဆယ်ခြင်း | .... | .... | ၆၂ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၆၂ |
| | ခန္ဓာကိုယ်ပုပ် အသုဘရုပ် | .... | .... | ၆၂ |
| | အတိတ်ဝတ္ထု | .... | .... | ၆၇ |
| | ဇာတ်ပေါင်း | .... | .... | ၇၂ |
| ၁၃။ | ကဏ္ဍိဇာတ် (ရက္ခစိုး) | .... | .... | ၇၂ |
| | မိန်းမအုပ်စိုးသည့်မြို့ရွာ ရှက်ဖွယ်ရာ | .... | .... | ၇၂ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၇၂ |
| | အတိတ်ဝတ္ထု | .... | .... | ၇၃ |
| | ဇာတ်ပေါင်း | .... | .... | ၇၄ |
| ၁၄။ | ဝါတမိဂဇာတ် (မင်း) | .... | .... | ၇၅ |
| | ရသတဏှာကို အစွဲပြု၍ ရဟန်းဘဝမှ လျှောကျခြင်း | | .... | ၇၅ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၇၅ |
| | အတိတ်ဝတ္ထု | .... | .... | ၇၇ |
| | ဇာတ်ပေါင်း | .... | .... | ၇၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | ခရဒိယဇာတ် (သမင်) .... .... | ၇၉ |
| | ပညာရှိတို့၏ အဆုံးအမကို မခံသောကြောင့် အသက်ဆုံးခြင်း .... .... | ၇၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၇၉ |
| | အတိတ်ဝတ္ထု .... .... | ၇၉ |
| | ဇာတ်ပေါင်း .... .... | ၈၀ |
| ၁၆။ | တိပလ္လတ္ထဇာတ် (သမင်) .... .... | ၈၀ |
| | ဆိုဆုံးမလွယ်ခြင်း .... .... | ၈၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၈၀ |
| | အတိတ်ဝတ္ထု .... .... | ၈၃ |
| | ဇာတ်ပေါင်း .... .... | ၈၅ |
| ၁၇။ | မာလုတဇာတ် (ရသေ့) .... .... | ၈၅ |
| | လေတိုက်လျှင် ချမ်းအေး .... .... | ၈၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၈၅ |
| | အတိတ်ဝတ္ထု .... .... | ၈၆ |
| | ဇာတ်ပေါင်း .... .... | ၈၇ |
| ၁၈။ | မတကဘတ္တဇာတ် (ရုက္ခစိုး) .... .... | ၈၇ |
| | ဆိတ်တို့ကို သတ်၍ သေသူတို့အား ရည်မှတ်သဖြင့် လှူဒါန်းခြင်းအကြောင်း .... .... | ၈၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၈၇ |
| | အတိတ်ဝတ္ထု .... .... | ၈၈ |
| | ဇာတ်ပေါင်း .... .... | ၉၀ |
| ၁၉။ | အာယာစိတဘတ္တဇာတ် (ရုက္ခစိုး) .... .... | ၉၀ |
| | သတ္တဝါတို့ သတ်၍ ယဇ်ပူဇော်ခြင်း၌ အကျိုးမရှိ .... | ၉၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၉၀ |
| | အတိတ်ဝတ္ထု .... .... | ၉၁ |
| | ဇာတ်ပေါင်း .... .... | ၉၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀။ | **နဠပါနဇာတ် (မျောက်)** | ၉၁ |
| | ကျူရိုးများ တောက်လျှောက် အခေါင်းပေါက်ခြင်း | ၉၁ |
| | ပစ္စုပ္ပန်ဝတ္ထု | ၉၁ |
| | အတိတ်ဝတ္ထု | ၉၂ |
| | ဇာတ်ပေါင်း | ၉၄ |

## ၃-ကုရုင်္ဂဝဂ်

| | | |
|---|---|---|
| ၂၁။ | ကုရုင်္ဂမိဂဇာတ် (ဆတ်) | ၉၅ |
| | အောက်တည့်တည့် မကြွသည့် ယာမနေသီး မစားလို့ | ၉၅ |
| | ပစ္စုပ္ပန်ဝတ္ထု | ၉၅ |
| | အတိတ်ဝတ္ထု | ၉၅ |
| | ဇာတ်ပေါင်း | ၉၇ |
| ၂၂။ | ကုက္ကုရဇာတ် (ခွေး) | ၉၇ |
| | ခွေးမင်း၏ အဆုံးအမ အနှစ် (၂၂,၀၀၀)တည် | ၉၇ |
| | ပစ္စုပ္ပန်ဝတ္ထု | ၉၇ |
| | အတိတ်ဝတ္ထု | ၉၇ |
| | ဇာတ်ပေါင်း | ၁၀၀ |
| ၂၃။ | ဂေါဇာနီယသိန္ဓဝဇာတ် (မြင်း) | ၁၀၀ |
| | သေလုနီးပါး ဒဏ်ရာရလျက် ဝီရိယကို မလျှော့ခြင်း | ၁၀၀ |
| | ပစ္စုပ္ပန်ဝတ္ထု | ၁၀၀ |
| | အတိတ်ဝတ္ထု | ၁၀၂ |
| | ဇာတ်ပေါင်း | ၁၀၄ |
| ၂၄။ | အာဇညဇာတ် (မြင်း) | ၁၀၅ |
| | ဒဏ်ရာပြင်းလျက် ဝီရိယ မလျှော့သော သိန္ဓောမြင်း | ၁၀၅ |
| | ပစ္စုပ္ပန်ဝတ္ထု | ၁၀၅ |
| | အတိတ်ဝတ္ထု | ၁၀၅ |
| | ဇာတ်ပေါင်း | ၁၀၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၅။ | တိတ္တဇာတ် (အမတ်) .... .... .... | ၁၀၆ |
| | သူတစ်ပါး၏အလိုကို သိသဖြင့် မိမိအလိုသို့ရောက်လွယ်သည့်အကြောင်း .... | ၁၀၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... .... | ၁၀၆ |
| | အတိတ်ဝတ္ထု .... .... .... .... | ၁၀၉ |
| | ဇာတ်ပေါင်း.... .... .... .... .... | ၁၁၀ |
| ၂၆။ | မဏိဋ္ဌာမုခဇာတ် (အမတ်) .... .... .... | ၁၁၁ |
| | တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး .... .... | ၁၁၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... .... .... | ၁၁၁ |
| | အတိတ်ဝတ္ထု .... .... .... .... | ၁၁၂ |
| | ဇာတ်ပေါင်း .... .... .... .... | ၁၁၄ |
| ၂၇။ | အဘိဏှဇာတ် (အမတ်) .... .... .... | ၁၁၅ |
| | လွန်စွာ အကျွမ်းဝင်ကြသော ဆင်နှင့် ခွေး .... .... | ၁၁၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... .... | ၁၁၅ |
| | အတိတ်ဝတ္ထု .... .... .... .... | ၁၁၅ |
| | ဇာတ်ပေါင်း .... .... .... .... | ၁၁၇ |
| ၂၈။ | နန္ဒိဝိသာလဇာတ် (နွား) .... .... .... | ၁၁၇ |
| | နှုတ်ချိုသျိုတစ်ပါး .... .... .... .... | ၁၁၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... .... | ၁၁၇ |
| | အတိတ်ဝတ္ထု .... .... .... .... | ၁၁၈ |
| | ဇာတ်ပေါင်း .... .... .... .... | ၁၂၀ |
| ၂၉။ | ကဏှဇာတ် (နွား) .... .... .... | ၁၂၀ |
| | လှည်းငါးရာဆွဲတင်နိုင်သော နွားလား .... .... | ၁၂၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... .... | ၁၂၁ |
| | အတိတ်ဝတ္ထု .... .... .... .... | ၁၂၁ |
| | ဇာတ်ပေါင်း .... .... .... .... | ၁၂၃ |
| ၃၀။ | မုနိကဇာတ် (နွား) .... .... .... | ၁၂၄ |
| | ဝက်စာကို နွားမစားချင်နဲ့ .... .... .... | ၁၂၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... .... | ၁၂၄ |
| | ဇာတ်ပေါင်း .... .... .... .... | ၁၂၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ၄- ကုလာဝကဝင်


၃၁။ ကုလာဝကဇာတ် (ဒိကြွားမင်း) .... .... ၁၂၆
သူတစ်ပါးအတွက် မိမိအသက် အသေခံ .... ၁၂၆
ပစ္စုပ္ပန်ဝတ္ထု .... .... .... ၁၂၆
အတိတ်ဝတ္ထု .... .... .... ၁၂၇
ဇာတ်ပေါင်း .... .... .... ၁၃၅

၃၂။ နစ္စဇာတ် (ဟင်္သာ) ... ... ၁၃၆
တစ်သက်လုံးဖုံးသမျှ ဂုန်းခါမှပေါ် .... ၁၃၆
ပစ္စုပ္ပန်ဝတ္ထု .... .... .... ၁၃၇
အတိတ်ဝတ္ထု .... .... .... ၁၃၈
ဇာတ်ပေါင်း .... .... .... ၁၃၈

၃၃။ သမ္မောဒမာနဇာတ် (ငုံး) .... .... ၁၃၈
ညီညွတ်ခြင်းသည် အင်အား .... .... ၁၃၈
ပစ္စုပ္ပန်ဝတ္ထု .... .... .... ၁၃၉
အတိတ်ဝတ္ထု .... .... .... ၁၄၀
ဇာတ်ပေါင်း .... .... .... ၁၄၀

၃၄။ မစ္ဆဇာတ် (ပုရောဟိတ်) .... .... ၁၄၁
မယားအပူက မီးခဲထက် ပူခြင်း .... .... ၁၄၁
ပစ္စုပ္ပန်ဝတ္ထု .... .... ၁၄၁
အတိတ်ဝတ္ထု .... .... .... ၁၄၂
ဇာတ်ပေါင်း .... .... .... ၁၄၃

၃၅။ ဝဋ္ဋကဇာတ် (ငုံး) .... .... .... ၁၄၄
မီးကင်းဂါထာ .... .... .... ၁၄၄
သစ္စာနှုတ်သီး မန္တန်ကြီး တောမီးကင်းနိုင်သည် .... ၁၄၄
ပစ္စုပ္ပန်ဝတ္ထု .... .... .... ၁၄၄
အတိတ်ဝတ္ထု .... .... .... ၁၄၅
ဇာတ်ပေါင်း .... .... .... ၁၄၆

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၆။ | သကုဏဇာတ် (ငှက်) .... .... | ၁၄၇ |
| | လျော်ကပ်သောအရပ်ကို သိရသောအကြောင်း.... | ၁၄၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၄၇ |
| | အတိတ်ဝတ္ထု .... .... .... | ၁၄၉ |
| | ဇာတ်ပေါင်း .... .... .... | ၁၅၀ |
| ၃၇။ | တိတ္တိရဇာတ် (ခါ) .... .... .... | ၁၅၀ |
| | ဆင်, မျောက်, ခါ သတ္တဝါသုံးဦးတို့အကြောင်း .... | ၁၅၀ |
| | အသက်ကြီးပေ ဘွ တစ်နည်းသာ .... ... | ၁၅၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၅၀ |
| | အတိတ်ဝတ္ထု .... .... .... | ၁၅၃ |
| | ဇာတ်ပေါင်း .... .... .... | ၁၅၅ |
| ၃၈။ | ဗကဇာတ် (ရွက်ငှက်စိုး) .... .... | ၁၅၅ |
| | ပုဏ္ဏနှိကြံတတ် ဗျိုင်းလည်ပြတ် .... .... | ၁၅၅ |
| | လူပါး ပုလင်းကွဲရ .... .... .... | ၁၅၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၅၅ |
| | အတိတ်ဝတ္ထု .... .... | ၁၅၇ |
| | ဇာတ်ပေါင်း .... .... | ၁၆၀ |
| ၃၉။ | နန္ဒဇာတ် (သူကြွယ်) .... .... | ၁၆၀ |
| | ဥစ္စာစနမာန် ငယ်ကျွန်ကာပြန် .... .... | ၁၆၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၁၆၁ |
| | အတိတ်ဝတ္ထု .... .... | ၁၆၂ |
| | ဇာတ်ပေါင်း .... .... | ၁၆၃ |
| ၄၀။ | ခဒိရင်္ဂါရဇာတ် (သူဌေး) .... .... | ၁၆၃ |
| | ရှားမီးကျီးခဲ ရဲရဲဇာတ် .... .... | ၁၆၃ |
| | မတုန်မလှုပ် နောက်မဆုတ်သည့် သဒ္ဓါတရား .... .... | ၁၆၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၁၆၃ |
| | အတိတ်ဝတ္ထု .... .... | ၁၇၁ |
| | ဇာတ်ပေါင်း .... .... | ၁၇၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ၅။ အတ္ထကာမဝဂ်


၄၁။ လောသကဇာတ် (ဒိသာပါမောက္ခ) .... .... ၁၇၄
တစ်သံသရာလုံး ငတ်ရသော လောသကတိဿ .... ၁၇၄
ပစ္စုပ္ပန်ဝတ္ထု .... .... ၁၇၄
အတိတ်ဝတ္ထု .... .... ၁၇၈
ဇာတ်ပေါင်း .... .... ၁၈၃

၄၂။ ကပေါတဇာတ် (ခို) .... .... ၁၈၃
အဖေါ်းတစ်လုတ်ကြောင့် ဒုက္ခရောက်ရ .... .... ၁၈၃
ပစ္စုပ္ပန်ဝတ္ထု .... .... ၁၈၃
အတိတ်ဝတ္ထု .... .... ၁၈၄
ဇာတ်ပေါင်း .... .... ၁၈၇

၄၃။ ဝေဠုကဇာတ် (ရသေ့) .... .... ၁၈၇
ငါမွေးသည့်မြွေက ငါ့ပြန်ခြောက်သို .... .... ၁၈၇
ပစ္စုပ္ပန်ဝတ္ထု .... .... ၁၈၇
အတိတ်ဝတ္ထု .... .... ၁၈၇
ဇာတ်ပေါင်း .... .... ၁၈၉

၄၄။ မကသဇာတ် (ကုန်သည်) .... .... ၁၈၉
ဘနှဖူးခြင်ကို ရဲတင်းဖြင့်ခုတ် .... .... ၁၈၉
ပစ္စုပ္ပန်ဝတ္ထု .... .... ၁၈၉
အတိတ်ဝတ္ထု .... .... ၁၉၀
ဇာတ်ပေါင်း .... .... ၁၉၁
လူမိုက် မိတ်ဆွေထက် ပညာရှိ ရန်သူက မြတ်သေး၏ .... ၁၉၁

၄၅။ ရောဟိဏီဇာတ် (သူဌေး) .... .... ၁၉၂
မိုက်တွင်းနက်သူ .... .... ၁၉၂
မိခင် ယင်အုံသည်ကို ကျည်ပွေ့ဖြင့် ရိုက်သည့် သမီး .... ၁၉၂
ပစ္စုပ္ပန်ဝတ္ထု .... .... ၁၉၂
အတိတ်ဝတ္ထု .... .... .... ၁၉၂
ဇာတ်ပေါင်း .... .... .... ၁၉၃

# ငါးရာငါးဆယ်ဇာတ်တော်


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၆။ | အာရာမဒူသကဇာတ် (လူပညာရှိ) .... .... | ၁၉၃ |
| | မျောက်ကို ဥယျာဉ်မှူးခန့် .... .... | ၁၉၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၉၃ |
| | အတိတ်ဝတ္ထု .... .... .... | ၁၉၄ |
| | ဇာတ်ပေါင်း .... .... .... | ၁၉၆ |
| | ပေါ့စေလိုလို့ ကြောင်ရှုပ်ထိုး ဆေးအတွက်လေး .... | ၁၉၆ |
| ၄၇။ | ဝါရုဏိဒူသကဇာတ် (သူငှေး) .... | ၁၉၆ |
| | အရက်၌ဆားခတ်ခြင်း .... .... | ၁၉၆ |
| | သူမျှားယောင်လိုယောင် အမောင် တောင်မှန်း မြောက်မှန်းမသိ .... | ၁၉၆ |
| | အတိတ်ဝတ္ထု .... .... .... | ၁၉၇ |
| | ဇာတ်ပေါင်း .... .... .... | ၁၉၈ |
| | စေတနာ ဝေဒနာ ဖြစ်ရသည် .... .... | ၁၉၈ |
| ၄၈။ | ဝေဒဗ္ဗဇာတ် (ပုဏ္ဏား) .... .... | ၁၉၈ |
| | ကိုယ့်သေတွင်း ကိုယ်တူး လူမိုက်နှင့်ငွေ အတူမနေ.... | ၁၉၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၉၈ |
| | အတိတ်ဝတ္ထု .... .... .... | ၁၉၈ |
| | ဇာတ်ပေါင်း .... .... .... | ၂၀၃ |
| ၄၉။ | နက္ခတ္တဇာတ် (လူပညာရှိ) .... .... | ၂၀၃ |
| | မင်းတို့ထွက် ရက်ရာဇာ .... .... | ၂၀၃ |
| | ကောင်းကင်နက္ခတ်က လူ့ အကျိုးစီးပွားကို ဘာလုပ်နိုင်မှာလဲ .... .... | ၂၀၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၀၃ |
| | အတိတ်ဝတ္ထု .... .... .... | ၂၀၄ |
| | ဇာတ်ပေါင်း .... .... .... | ၂၀၅ |
| ၅၀။ | ဒုမ္မေဓဇာတ် (မင်း) .... .... | ၂၀၆ |
| | သီလမရှိသူကိုသတ်၍ ယဇ်နတ်ပူဇော် .... | ၂၀၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၀၆ |
| | အတိတ်ဝတ္ထု .... .... .... | ၂၀၆ |
| | ဇာတ်ပေါင်း .... .... .... | ၂၀၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ၆– အာသီသဝဂ်


| | | |
|---|---|---|
| ၅၁။ | မဟာသီလဝဇာတ် (မင်း) | ၂၀၉ |
| | ယောကျ်ားတို့လုံ့လ သေခါမှ လျှော့မည် .... | ၂၀၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၀၉ |
| | အတိတ်ဝတ္ထု .... .... .... | ၂၀၉ |
| | ဇာတ်ပေါင်း .... .... .... | ၂၁၆ |
| ၅၂။ | စူဠဇနကဇာတ် (မင်း) .... .... | ၂၁၇ |
| | ဝီရိယအကျိုးကျေးဇူး .... .... | ၂၁၇ |
| | ပစ္စုပ္ပန်ဝတ္ထုနှင့် အတိတ်ဝတ္ထု .... .... | ၂၁၇ |
| | ဇာတ်ပေါင်း .... .... .... | ၂၁၇ |
| ၅၃။ | ပုဏ္ဏပါတိဇာတ် (သူဌေး) .... .... | ၂၁၇ |
| | သေသောက်ကြူးတို့ လှည့်ပတ်သည့် အကြောင်း .... | ၂၁၇ |
| | အကြံကုန် ဂဋ္ဌုန် ဆားချက် .... .... | ၂၁၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၁၇ |
| | အတိတ်ဝတ္ထု .... .... .... | ၂၁၈ |
| | ဇာတ်ပေါင်း .... .... .... | ၂၂၀ |
| ၅၄။ | ကိံဖလဇာတ် (ကုန်သည်) .... .... | ၂၂၀ |
| | ဘာသီးလဲ၊ အဆိပ်သီး .... .... | ၂၂၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၂၀ |
| | အတိတ်ဝတ္ထု .... .... .... | ၂၂၁ |
| | ဇာတ်ပေါင်း .... .... .... | ၂၂၂ |
| ၅၅။ | ပဉ္စာဝုဓဇာတ် (မင်းသား) .... .... | ၂၂၃ |
| | အနိုင်မခံ အရှုံးမပေး.... .... .... | ၂၂၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၂၃ |
| | အတိတ်ဝတ္ထု .... .... .... | ၂၂၃ |
| | ဇာတ်ပေါင်း .... .... .... | ၂၂၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၅၆။ | ကဉ္စနက္ခန္ဓဇာတ် (လယ်သမား) .... .... | ၂၂၇ |
| | စိတ်သာရှင်စေ ဘုရားဟော .... .... | ၂၂၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၂၇ |
| | အတိတ်ဝတ္ထု .... .... .... | ၂၂၉ |
| | ဇာတ်ပေါင်း .... .... .... | ၂၃၀ |
| ၅၇။ | ဝါနရိန္ဒဇာတ် (မျောက်) .... .... | ၂၃၀ |
| | ရန်အောင်မြင်မှု ကြောင်းလေးခု .... .... | ၂၃၀ |
| | ညဏ်ကလေး တစ်ထွာ တစ်မိုက်နဲ့ .... .... | ၂၃၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၃၀ |
| | ဇာတ်ပေါင်း .... .... .... | ၂၃၃ |
| ၅၈။ | တယောဓမ္မဇာတ် (မျောက်) .... .... | ၂၃၃ |
| | သူတစ်ပါး မကောင်းကြံ ကိုယ်ဘေးဒဏ်ထိ .... | ၂၃၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၃၃ |
| | အတိတ်ဝတ္ထု .... .... .... | ၂၃၃ |
| | ဇာတ်ပေါင်း .... .... .... | ၂၃၆ |
| ၅၉။ | ဘေရိဝါဒကဇာတ် (စည်တီးသမား) .... | ၂၃၆ |
| | ဆိုဆုံးမခက်သော သားစည်တီးသမား .... | ၂၃၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၃၆ |
| | အတိတ်ဝတ္ထု .... .... .... | ၂၃၆ |
| | ဇာတ်ပေါင်း .... .... .... | ၂၃၇ |
| ၆၀။ | သင်္ခဓမဇာတ် (ခရုသင်းမှုတ်) .... .... | ၂၃၇ |
| | ပြောရ ဆိုရခက်သော ခရုသင်းမှုတ်သမား .... | ၂၃၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၃၇ |
| | အတိတ်ဝတ္ထု .... .... .... | ၂၃၈ |
| | ဇာတ်ပေါင်း .... .... .... | ၂၃၈ |


## ၇-ဣတ္ထိဝဂ်


| | | |
| --- | --- | --- |
| ၆၁။ | အသာတမန္တဇာတ် (ဒိသာပါမောက္ခ) .... | ၂၃၉ |
| | လူသားအို၍ ကိလေသာမအို .... .... | ၂၃၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၃၉ |
| | အတိတ်ဝတ္ထု .... .... .... | ၂၃၉ |
| | ဇာတ်ပေါင်း .... .... .... | ၂၄၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၂။ | အဏ္ဍဘူတဇာတ် (မင်း) .... .... | ၂၄၃ |
| | မိန်းမဟူသည် လုံအောင်အမြဲ စောင့်နိုင်ခဲ .... | ၂၄၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၄၄ |
| | အတိတ်ဝတ္ထု .... .... .... | ၂၅၀ |
| | ဇာတ်ပေါင်း .... .... .... | ၂၅၀ |
| ၆၃။ | တက္ကပဏ္ဍိတဇာတ် (ရသေ့) .... .... | ၂၅၀ |
| | သာပေါင်းညာစား ကျေးဇူးကန်းသော မိန်းမ .... | ၂၅၀ |
| | လင်ငယ်ကို ချည်းကပ် လင်ကြီးကို သတ်ခြင်း .... | ၂၅၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၅၀ |
| | အတိတ်ဝတ္ထု .... .... .... | ၂၅၀ |
| | ဇာတ်ပေါင်း .... .... .... | ၂၅၁ |
| ၆၄။ | ဒုရာဇာနဇာတ် (ဒိသာပါမောက္ခ) .... .... | ၂၅၁ |
| | မိန်းမအလို သိနိုင်ခဲစွ .... .... | ၂၅၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၅၁ |
| | အတိတ်ဝတ္ထု .... .... .... | ၂၅[illegible] |
| | ဇာတ်ပေါင်း .... .... .... | ၂၅၂ |
| ၆၅။ | အနဘိရတိဇာတ် (ဒိသာပါမောက္ခ) .... .... | ၂၅၂ |
| | မိန်းမကို ဘုံဆိုင်ဟု သဘောထား .... .... | ၂၅၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၂၅၂ |
| | အတိတ်ဝတ္ထု .... .... | ၂၅၇ |
| | ဇာတ်ပေါင်း .... .... .... | ၂၅၈ |
| ၆၆။ | မုဒုလက္ခဏဇာတ် (ရသေ့) .... .... | ၂၅၈ |
| | တံလျှပ်ကို ရေထင်, ရွှေသမင် အလိုက်မှား .... | ၂၅၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၅၈ |
| | အတိတ်ဝတ္ထု .... .... | ၂၆၀ |
| | ဇာတ်ပေါင်း .... .... | ၂၆၄ |

## ငါးရာငါးဆယ်ဇာတ်တော်


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၇။ | ဥစ္စင်္ဂဇာတ် (မင်း) .... .... | ၂၆၄ |
| | တစ်ချက်ခုတ် သုံးချက်ပြတ် .... .... | ၂၆၄ |
| | လင်မရှိက မောင်ဆယ်ယောက်ရှိသော်လည်း မတင့်တယ် | ၂၆၄ |
| | လင်သားကို အစားရ၏ မောင်ရင်းကို အစားရှာ၍ မရနိုင် | ၂၆၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၂၆၄ |
| | အတိတ်ဝတ္ထု .... .... | ၂၆၆ |
| | ဇာတ်ပေါင်း .... .... | ၂၆၇ |
| ၆၈။ | သာကေတဇာတ် (ပုဏ္ဏား) .... .... | ၂၆၇ |
| | ဘဝအဆက်ဆက် မိဘဟောင်း, ဖဟောင်းများ .... | ၂၆၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၂၆၇ |
| | အတိတ်ဝတ္ထု .... .... | ၂၆၈ |
| | ဇာတ်ပေါင်း .... .... | ၂၆၉ |
| ၆၉။ | ဝိသဝန္တဇာတ် (ဆေးသမား) .... .... | ၂၆၉ |
| | ထွေးပြီးတဲ့အဆိပ် ပြန်ပြီး မမျို .... .... | ၂၆၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၂၆၉ |
| | အတိတ်ဝတ္ထု .... .... | ၂၇၁ |
| | ဇာတ်ပေါင်း .... .... | ၂၇၁ |
| ၇၀။ | ကုဒ္ဒါလပဏ္ဍိတဇာတ် (လယ်သမား) .... | ၂၇၁ |
| | ခြောက်ကြိမ် ရဟန်းပြုတုံ လူထွက်တုံ .... | ၂၇၁ |
| | ပြန်၍ မရှုံးနိုင် အဆုံးတိုင် အောင်မြင်ခြင်း .... | ၂၇၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၂၇၁ |
| | အတိတ်ဝတ္ထု .... .... | ၂၇၃ |
| | ဇာတ်ပေါင်း .... .... | ၂၇၆ |


### ၈-ဝရုဏဝဂ်


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၁။ | ဝရုဏဇာတ် (ဒိသာပါမောက္ခ) .... .... | ၂၇၆ |
| | အချိန်ဆဲ့တော့ အကျိုးနဲ .... .... | ၂၇၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၂၇၆ |
| | အတိတ်ဝတ္ထု .... .... | ၂၇၉ |
| | ဇာတ်ပေါင်း .... .... | ၂၈၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၂။ | သီလဝဟတ္ထိဇာတ် (ဆင်ဖြူ) .... .... | ၂၈၁ |
| | ကျေးဇူးရှိမှ ကျေးဇူးစွပ်သည် .... .... | ၂၈၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၂၈၁ |
| | အတိတ်ဝတ္ထု .... .... | ၂၈၁ |
| | ဇာတ်ပေါင်း .... .... | ၂၈၅ |
| ၇၃။ | သစ္စံကိရဇာတ် (မင်း) .... .... | ၂၈၅ |
| | ခြေနှစ်ချောင်း မကယ်ကောင်း .... .... | ၂၈၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၂၈၅ |
| | အတိတ်ဝတ္ထု .... .... | ၂၈၆ |
| | ဇာတ်ပေါင်း .... .... | ၂၉၀ |
| ၇၄။ | ရုက္ခဓမ္မဇာတ် (ရုက္ခစိုး) .... .... | ၂၉၁ |
| | ညီညွတ်ခြင်းသည် အင်အား .... .... | ၂၉၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၂၉၂ |
| | အတိတ်ဝတ္ထု .... .... | ၂၉၃ |
| | ဇာတ်ပေါင်း .... .... | ၂၉၃ |
| ၇၅။ | မစ္ဆဇာတ် (ရသေ့) .... .... | ၂၉၃ |
| | သစ္စာတန်ခိုး မိုးမင်း မနေနိုင် .... .... | ၂၉၃ |
| | ငါးရံ့မင်း ပရိတ် .... .... | ၂၉၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၂၉၃ |
| | အတိတ်ဝတ္ထု .... .... | ၂၉၅ |
| | ဇာတ်ပေါင်း .... .... | ၂၉၇ |
| ၇၆။ | အသင်္ကိယဇာတ် (ရသေ့) .... .... | ၂၉၇ |
| | သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်း ခိုနိုင် .... | ၂၉၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၂၉၇ |
| | အတိတ်ဝတ္ထု .... .... | ၂၉၈ |
| | ဇာတ်ပေါင်း .... .... | ၂၉၉ |
| ၇၇။ | မဟာသုပိနဇာတ် (ရသေ့) .... .... | ၃၀၀ |
| | ကောသလအိပ်မက် ၁၆-ချက် .... .... | ၃၀၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၀၀ |
| | အတိတ်ဝတ္ထု .... .... .... | ၃၀၅ |
| | ဇာတ်ပေါင်း .... .... .... | ၃၀၇ |

## ငါးရာငါးဆယ်ဇာတ်ဝတ္ထု


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၈။ | ဣလ္လိသဇာတ် (သူဌေးသည်) .... .... | ၃၁၈ |
| | မစားရက် လောက်တက် .... .... | ၃၁၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၁၉ |
| | အတိတ်ဝတ္ထု .... .... .... | ၃၂၄ |
| | ဇာတ်ပေါင်း .... .... .... | ၃၂၈ |
| ၇၉။ | ခရဿရဇာတ် (ကုန်သည်) .... .... | ၃၂၉ |
| | သူခိုးလက်က သူဝှက်လု .... .... | ၃၃၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၃၁ |
| | အတိတ်ဝတ္ထု .... .... .... | ၃၃၁ |
| | ဇာတ်ပေါင်း .... .... .... | ၃၃၂ |
| ၈၀။ | ဘိမသေနဇာတ် (လေးသမား) .... .... | ၃၃၂ |
| | အပြော တစ်မျိုး အလုပ်တစ်မျိုး .... .... | ၃၃၂ |
| | ဟန်ကိုယ့်ဖို့ .... .... .... | ၃၃၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၃၂ |
| | အတိတ်ဝတ္ထု .... .... .... | ၃၃၃ |
| | ဇာတ်ပေါင်း .... .... .... | ၃၃၅ |


### ၉-အပါယိမှဝဂ်


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၁။ | သုရာပါနဇာတ် (ရသေ့) .... .... | ၃၃၅ |
| | လူကိုဖျက် အရက် .... .... | ၃၃၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၃၅ |
| | အတိတ်ဝတ္ထု .... .... .... | ၃၄၀ |
| | ဇာတ်ပေါင်း .... .... .... | ၃၄၁ |
| ၈၂။ | မိတ္တဝိန္ဒကဇာတ် (နတ်မင်း) .... .... | ၃၄၂ |
| | ငရဲပန်း ရွှေပန်းထင် .... .... | ၃၄၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၄၂ |
| | အတိတ်ဝတ္ထု .... .... .... | ၃၄၂ |
| | ဇာတ်ပေါင်း .... .... .... | ၃၄၂ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၃။ | ကာဠကဏ္ဏိဇာတ် (သူမျှေး) .... .... | ၃၄၃ |
| | မိတ်ဆွေစစ် မိတ်ဆွေမှန်ရွေးနည်း .... | ၃၄၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၄၃ |
| | အတိတ်ဝတ္ထု .... .... .... | ၃၄၄ |
| | ဇာတ်ပေါင်း .... .... .... | ၃၄၅ |
| ၇၄။ | အတ္ထဿဒွါရဇာတ် (သူဌေး) .... .... | ၃၄၆ |
| | ကောင်းကျိုးချမ်းသာ တိုးပွါးစေကြောင်း .... | ၃၄၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၄၆ |
| | အတိတ်ဝတ္ထု .... .... .... | ၃၄၆ |
| | ဇာတ်ပေါင်း .... .... .... | ၃၄၇ |
| ၇၅။ | ကိံပက္ကဇာတ် (လှည်းကုန်သည်) .... | ၃၄၇ |
| | အဆိပ်သီးနှင့် တူသော ကာမဂုဏ် .... | ၃၄၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၄၇ |
| | အတိတ်ဝတ္ထု .... .... .... | ၃၄၈ |
| | ဇာတ်ပေါင်း .... .... .... | ၃၄၉ |
| ၇၆။ | သီလဝီမံသဇာတ် (ပုဏ္ဏား) .... .... | ၃၄၉ |
| | သီလ စုံစမ်းခြင်း .... .... .... | ၃၄၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၄၉ |
| | အတိတ်ဝတ္ထု .... .... .... | ၃၅၀ |
| | ဇာတ်ပေါင်း .... .... .... | ၃၅၃ |
| ၇၇။ | မင်္ဂလဇာတ် (ရသေ့) .... .... | ၃၅၃ |
| | ဥပါဒါန်ကြောင့် ဥပဒ်ရောက် .... .... | ၃၅၃ |
| | လောကီမင်္ဂလာနှင့် အိပ်မက်အတိတ်နိမိတ်ကို ယုံကြည်လက်ခံခြင်း မပြုရ .... .... | ၃၅၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၅၃ |
| | အတိတ်ဝတ္ထု .... .... .... | ၃၅၆ |
| | ဇာတ်ပေါင်း .... .... .... | ၃၅၇ |

## ငါးရာငါးဆယ်ဇာတ်တော်


| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၈၈။ | သာရမ္ဗဇာတ် (နွား) | .... | .... | ၃၅၇ |
| | နှုတ်ချိုသျှိုတစ်ပါး | .... | .... | ၃၅၇ |
| | ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထု | .... | .... | ၃၅၇ |
| | ဇာတ်ပေါင်း .... | .... | .... | ၃၅၈ |
| ၈၉။ | ကုဟကဇာတ် (လူပညာရှိ) | .... | .... | ၃၅၈ |
| | သီလကြောင်ရသေ့ အပြောတစ်မျိုး အလုပ်တစ်မျိုး | | .... | ၃၅၈ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၃၅၈ |
| | အတိတ်ဝတ္ထု | .... | .... | ၃၅၉ |
| | ဇာတ်ပေါင်း | .... | .... | ၃၆၁ |
| ၉၀။ | အကတညူဇာတ် (သူဌေး) | .... | .... | ၃၆၁ |
| | ဗိုလ်လုံတစ်လှည့် ငါးပိျတစ်လှည့် | .... | .... | ၃၆၁ |
| | ထင်းခွေမတွေ ရေစပ်တွေ | .... | .... | ၃၆၁ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၃၆၁ |
| | အတိတ်ဝတ္ထု | .... | .... | ၃၆၃ |
| | ဇာတ်ပေါင်း | .... | .... | ၃၆၄ |


### ၁၀-လိတ္တဝဂ်


| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၉၁။ | လိတ္တဇာတ် (ကြွေအန်ကျူး) | .... | .... | ၃၆၄ |
| | ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်ပါက အဆိပ်တုံး မျိုရသကဲ့သို့ | .... | .... | ၃၆၄ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၃၆၅ |
| | အတိတ်ဝတ္ထု | .... | .... | ၃၆၅ |
| | ဇာတ်ပေါင်း | .... | .... | ၃၆၆ |
| ၉၂။ | မဟာသာရဇာတ် (အမတ်) | .... | .... | ၃၆၆ |
| | ပျောက်သောဥစ္စာ ပြန်ရရန် နည်းလမ်း | | .... | ၃၆၆ |
| | ပစ္စည်းပျောက်ရှာနည်း | .... | .... | ၃၆၆ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၃၆၆ |
| | အတိတ်ဝတ္ထု | .... | .... | ၃၇၁ |
| | ဇာတ်ပေါင်း | .... | .... | ၃၇၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၉၃။ ဝိဿာသဘောဇနဇာတ် (မြင်း) .... .... ၃၇၆
ချစ်သူက ကျွေးသော်လည်း အဆိပ်မှန်လျှင် သေလိမ့်မည် ၃၇၆
ပစ္စုပ္ပန်ဝတ္ထု .... .... ၃၇၆
အတိတ်ဝတ္ထု .... .... ၃၇၇
ဇာတ်ပေါင်း .... .... ၃၇၈

၉၄။ လောမဟံသဇာတ် (အာဇီဝကတက္ကတွန်း) .... ၃၇၈
ပျက်အစဉ် ပြင်ခဏ .... .... ၃၇၈
ပစ္စုပ္ပန်ဝတ္ထု .... .... ၃၇၈
အတိတ်ဝတ္ထု .... .... ၃၈၀
ဇာတ်ပေါင်း .... .... ၃၈၁

၉၅။ မဟာသုဒဿနဇာတ် (စကြာမင်း) .... .... ၃၈၁
ကုသိနာရုံနှင့် ကုသဝတီပြည် .... .... ၃၈၁
ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထု .... .... ၃၈၁
ဇာတ်ပေါင်း .... .... ၃၈၁

၉၆။ တေလပတ္တဇာတ် (မင်းသား) .... .... ၃၈၃
အချောအလှကြိုက်သူ ဘီလူးစားခံရခြင်း .... ၃၈၃
ဇနပဒကလျာဏီရှေ့၌ ဆီပြည့်ခွက် မဖိတ်စေရန်
ဓားမိုးထားခြင်း .... .... ၃၈၃
ပစ္စုပ္ပန်ဝတ္ထု .... .... ၃၈၃
အတိတ်ဝတ္ထု .... .... ၃၈၆
ဇာတ်ပေါင်း .... .... ၃၉၂

၉၇။ နာမသိဒ္ဓိဇာတ် (ဒိသာပါမောက္ခ) .... .... ၃၉၂
ပညတ်သွားရာ ဓါတ်သက်မပါ .... .... ၃၉၂
ပစ္စုပ္ပန်ဝတ္ထု .... .... ၃၉၂
အတိတ်ဝတ္ထု .... .... ၃၉၃
ဇာတ်ပေါင်း .... .... ၃၉၅

၉၈။ ကူဋဝါဏိဇဇာတ် (ကုန်သည်) .... .... ၃၉၅
ရေပ်သီးနှင့်ပေါင်းမိ၍ အထောင်းခံရသော ကြက်သွန် ၃၉၅
ပစ္စုပ္ပန်ဝတ္ထု .... .... ၃၉၅
အတိတ်ဝတ္ထု .... .... ၃၉၆
ဇာတ်ပေါင်း .... .... ၃၉၇

# ငါးရာငါးဆယ်ဇာတ်ဝတ္ထု


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၉၉။ | ပရောသဟဿဇာတ် (မဟာဗြဟ္မာ) .... .... | ၃၉၈ |
| | ပညာရှိစကား လူသာမန်တို့ နားမလည် .... | ၃၉၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၃၉၈ |
| | အတိတ်ဝတ္ထု .... .... | ၃၉၈ |
| | ဇာတ်ပေါင်း .... .... | ၄၀၀ |
| ၁၀၀။ | အသာတရူပဇာတ် (မင်း) .... .... | ၄၀၀ |
| | ခုနစ်နှစ် အမိဝမ်း၌ နေ၍ ခုနစ်ရက်သားက စကားပြောခြင်း | ၄၀၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၄၀၀ |
| | အတိတ်ဝတ္ထု .... .... | ၄၀၂ |
| | ဇာတ်ပေါင်း .... .... | ၄၀၄ |


## ၁၁-ပရောသတဝဂ်


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၀၁။ | ပရောသတဇာတ် (မဟာဗြဟ္မာ) .... .... | ၄၀၄ |
| | လူတစ်ရာကြံစည်သော်လည်း တစ်ယောက်သာ အဖြေမှန်သိ | ၄၀၄ |
| ၁၀၂။ | ပဏ္ဏိကဇာတ် (ရုက္ခစိုး) .... .... | ၄၀၅ |
| | ကိုယ်တွေ့ကြုံမှ ယုံရာ၏ .... .... | ၄၀၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၄၀၅ |
| | အတိတ်ဝတ္ထု .... .... | ၄၀၆ |
| | ဇာတ်ပေါင်း .... .... | ၄၀၆ |
| ၁၀၃။ | ဝေရိဇာတ် (သူဌေး) .... .... | ၄၀၇ |
| | အရိပ်ပြ အကောင်ထင် .... .... | ၄၀၇ |
| | လာမည့်ဘေး အဝေးက ရှောင် .... .... | ၄၀၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၄၀၇ |
| | အတိတ်ဝတ္ထု .... .... | ၄၀၇ |
| | ဇာတ်ပေါင်း .... .... | ၄၀၈ |
| ၁၀၄။ | မိတ္တဝိန္ဒကဇာတ် (နတ်သား) .... .... | ၄၀၈ |
| | ကိုယ့်အပြစ်ဒဏ် ကိုယ်သာခံ .... .... | ၄၀၈ |
| | ငရဲပန်း ရွှေပန်းထင် .... .... | ၄၀၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၄၀၈ |
| | အတိတ်ဝတ္ထု .... .... | ၄၀၈ |
| | ဇာတ်ပေါင်း .... .... | ၄၀၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၅။ | ဒုဗ္ဗလကဋ္ဌဇာတ် (ရှက္ခစိုး) .... .... | ၄၀၉ |
| | လွန်စွာထိတ်လန့်တတ်သော ရဟန်း၏ အကြောင်း.... | ၄၀၉ |
| | လှံ့ဖျား ပုဇင်းနား ကျီးကန်းချီးပါ .... .... | ၄၀၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၀၉ |
| | အတိတ်ဝတ္ထု .... .... .... | ၄၁၀ |
| | ဇာတ်ပေါင်း .... .... .... | ၄၁၁ |
| ၁၀၆။ | ဥဒဉ္စနီဇာတ် (ရသေ့).... .... .... | ၄၁၂ |
| | မစွမ်းရင်းကလည်းရှိ ကန်စွန်းခင်းကလည်း ငြိ .... | ၄၁၂ |
| | ကိုယ်တွေ့ကြုံမှ ယုံသည် .... .... | ၄၁၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၁၂ |
| | အတိတ်ဝတ္ထု .... .... .... | ၄၁၂ |
| | ဇာတ်ပေါင်း .... .... .... | ၄၁၄ |
| ၁၀၇။ | သာလိတ္တကဇာတ် (အမတ်) .... .... | ၄၁၄ |
| | အသက်မွေးမှု တစ်ခုပညာ ကိုယ်စီပါ .... | ၄၁၄ |
| | စကားများလွန်းသော ပုဏ္ဏား ဆိတ်ချေးတစ်စလယ် မျိုချ .... .... | ၄၁၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၁၄ |
| | အတိတ်ဝတ္ထု .... .... .... | ၄၁၅ |
| | ဇာတ်ပေါင်း .... .... .... | ၄၁၇ |
| ၁၀၈။ | ဗာဟိယဇာတ် (အမတ်) .... .... | ၄၁၇ |
| | အန္တရာယ် လွယ်မထားနိုင် .... .... | ၄၁၇ |
| | တောသူမ၏ သေသပ်လျှင်မြန်မှု .... .... | ၄၁၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၁၇ |
| | အတိတ်ဝတ္ထု .... .... .... | ၄၁၈ |
| | ဇာတ်ပေါင်း .... .... .... | ၄၁၉ |
| ၁၀၉။ | ကုဏ္ဍပူဝဇာတ် (ရုက္ခစိုး) .... .... | ၄၁၉ |
| | မဟာဒုတ် ဆန်ကွဲမုန့်လှူ .... .... | ၄၁၉ |
| | ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ.... .... .... | ၄၁၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၁၉ |
| | အတိတ်ဝတ္ထု .... .... .... | ၄၂၀ |
| | ဇာတ်ပေါင်း .... .... .... | ၄၂၂ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၀။ | သဗ္ဗသံဟာရကဇာတ် (အမတ်) .... .... | ၄၂၂ |
| | မဟောသဓာ လည်ရွဲ့တရား စီရင်ခဏ်း .... | ၄၂၂ |
| | ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထု .... .... | ၄၂၂ |
| | ၁၂-ဟံစိဝဂ် | |
| ၁၁၁။ | ဂဒြဘပဥှဇာတ် (အမတ်) .... .... | ၄၂၃ |
| | မြည်းပြဿနာ ဖြေဆိုခြင်း .... .... | ၄၂၃ |
| | အဖထက် သားကမြတ်ခြင်း .... .... | ၄၂၃ |
| | ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထု .... .... | ၄၂၃ |
| ၁၁၂။ | အမရာဒေဝီ ပဥှဇာတ် (အမတ်) .... .... | ၄၂၄ |
| | အမရာဒေဝီနှင့် မဟောသဓာ ပညာစမ်းခြင်း .... .... .... | ၄၂၄ |
| | ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထု .... .... | ၄၂၄ |
| ၁၁၃။ | သိင်္ဂါလဇာတ် (ရုက္ခစိုး) .... .... .... | ၄၂၄ |
| | လည်သူစားတမ်း၊ အသူခံတမ်း .... .... | ၄၂၄ |
| | လောဘကြီးသူ အလိမ်ခံရ .... .... .... | ၄၂၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... .... | ၄၂၅ |
| | အတိတ်ဝတ္ထု .... .... .... | ၄၂၅ |
| | ဇာတ်ပေါင်း .... .... .... .... | ၄၂၆ |
| ၁၁၄။ | မိတစိန္တိဇာတ် (ငါး) .... .... .... .... | ၄၂၇ |
| | မိတ်ဆွေစစ်-မိတ်ဆွေမှန် .... .... .... | ၄၂၇ |
| | အပျင်းထူလျှင် ရန်သူလက်ရောက် .... .... | ၄၂၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... .... | ၄၂၈ |
| | အတိတ်ဝတ္ထု .... .... .... .... | ၄၂၈ |
| | ဇာတ်ပေါင်း .... .... .... .... | ၄၂၉ |
| ၁၁၅။ | အနုသာသိကဇာတ် (ငှက်မင်း) .... .... | ၄၂၉ |
| | အပြောတစ်မျိုး အလုပ်တစ်မျိုး .... .... | ၄၂၉ |
| | သူတစ်ပါးကိုသာ ဆုံးမ၍ မိမိက မကျင့် .... .... | ၄၂၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... .... | ၄၂၉ |
| | အတိတ်ဝတ္ထု .... .... .... .... | ၄၃၀ |
| | ဇာတ်ပေါင်း .... .... .... .... | ၄၃၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၆။ | ဒုဗ္ဗစဇာတ် (လုံ့ခုန်တတ် လုလင်) .... .... | ၄၃၂ |
| | စကားကျွန်လျှင် နုတ်မရ .... .... .... | ၄၃၂ |
| | ကြမ်းကျွန်လျှင် နုတ်ရ၏ .... .... .... | ၄၃၂ |
| | တရားလွန်လုပ်တော့ ဘေးတွေ့ .... .... | ၄၃၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၃၂ |
| | အတိတ်ဝတ္ထု .... .... .... .... | ၄၃၂ |
| | ဇာတ်ပေါင်း .... .... .... .... | ၄၃၃ |
| ၁၁၇။ | တိတ္တိရဇာတ် (ရသေ့) .... .... .... | ၄၃၃ |
| | စကားနောက် တရားပါ၊ အသံကြောင့် ဖားသေ .... | ၄၃၃ |
| | ဝစီဘေဒ ထိတိုင်းရှ .... .... .... .... | ၄၃၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... .... | ၄၃၃ |
| | အတိတ်ဝတ္ထု .... .... .... .... | ၄၃၄ |
| | ဇာတ်ပေါင်း .... .... .... .... | ၄၃၅ |
| ၁၁၈။ | ဝဋ္ဋကဇာတ် (ငုံးမင်း) .... .... .... | ၄၃၅ |
| | အကြံကောင်းလျှင် တစ်ချက် .... .... | ၄၃၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... .... | ၄၃၅ |
| | အတိတ်ဝတ္ထု .... .... .... .... | ၄၃၈ |
| | ဇာတ်ပေါင်း .... .... .... .... | ၄၃၉ |
| ၁၁၉။ | အကာလရာဝိဇာတ် (ဒိသာပါမောက္ခ) .... .... | ၄၃၉ |
| | မိမဆုံးမ ဖမဆုံးမ ပေါက်လွတ်ပဲစား ကြက်ငယ်ကို ရိုက်သတ်ခြင်း .... .... | ၄၃၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... .... | ၄၃၉ |
| | အတိတ်ဝတ္ထု .... .... .... .... | ၄၄၀ |
| | ဇာတ်ပေါင်း .... .... .... .... | ၄၄၁ |

## ငါးရာငါးဆယ်ဇာတ်တော်


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၀။ | ဗန္ဓနမောက္ခဇာတ် (ပုရောဟိတ်) .... .... | ၄၄၁ |
| | အရေးကြုံတော့ သက်လုံကောင်းစေ .... .... | ၄၄၁ |
| | ကာမဂုဏ်၌ မတင်းတိမ်သော မိန်းမ | ၄၄၁ |
| | လူမိုက်စကားကြောင့် နှောင်ဖွဲ့ခံရ၍ | ၄၄၁ |
| | ပညာရှိစကားကြောင့် အနှောင်အဖွဲ့မှ လွတ် .... | ၄၄၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... .... | ၄၄၁ |
| | အတိတ်ဝတ္ထု .... .... .... .... | ၄၄၂ |
| | ဇာတ်ပေါင်း .... .... .... .... | ၄၄၆ |


### ၁၃-ကုသနာဠိဝဂ်


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၁။ | ကုသနာဠိဇာတ် (ရုက္ခစိုး) .... .... | ၄၄၆ |
| | အယုတ်အလတ် အမြတ်မရွေး အဆွေခင်ပွန်း ဖွဲ့ရမည် | ၄၄၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၄၄၇ |
| | အတိတ်ဝတ္ထု .... .... | ၄၄၇ |
| | ဇာတ်ပေါင်း .... .... | ၄၅၀ |
| ၁၂၂။ | ဒုမ္မေဓဇာတ် (ဆင်ဖြူတော်) .... .... | ၄၅၀ |
| | သူယုတ်မာအား ရတနာနှင့် မထိုက်တန် .... | ၄၅၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၄၅၀ |
| | အတိတ်ဝတ္ထု .... .... | ၄၅၁ |
| | ဇာတ်ပေါင်း .... .... | ၄၅၃ |
| ၁၂၃။ | နင်္ဂလီသဇာတ် (ဒိသာပါမောက္ခ) .... .... | ၄၅၃ |
| | လှေနံဓားထစ် တစ်ထစ်ချ မှတ်ယူသူ.... .... | ၄၅၃ |
| | ဖင်မှန်းခေါင်းမှန်းမသိ၊ အမြီးအမောက်မတည့် .... | ၄၅၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၄၅၄ |
| | အတိတ်ဝတ္ထု .... .... | ၄၅၄ |
| | ဇာတ်ပေါင်း .... .... | ၄၅၇ |

| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၁၂၄။ | အမ္ဗဇာတ် (ရသေ့) | .... | .... | ၄၅၇ |
| | သံဃာအား ဝတ်ကြီးဝတ်ငယ်ပြုသူမှာ လာဘ်လာဘ ပေါ်များခြင်း | .... | .... | ၄၅၇ |
| | စေတနာ ရှောင်ပြန်ဟပ်ခြင်း | .... | .... | ၄၅၇ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၄၅၇ |
| | အတိတ်ဝတ္ထု | .... | .... | ၄၅၈ |
| | ဇာတ်ပေါင်း | .... | .... | ၄၅၉ |
| ၁၂၅။ | ကဋ္ဌဟာကဇာတ် (သူဌေး) | .... | .... | ၄၅၉ |
| | ငယ်ကြောက်ကို မလှန်ရဲ | — | .... | ၄၅၉ |
| | ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ | .... | .... | ၄၅၉ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၄၅၉ |
| | အတိတ်ဝတ္ထု | .... | .... | ၄၆၀ |
| | ဇာတ်ပေါင်း | .... | .... | ၄၆၃ |
| ၁၂၆။ | အသိလက္ခဏဇာတ် (မင်း) | .... | .... | ၄၆၃ |
| | သန်လျက်လက္ခဏာဖတ် ပုဏ္ဏား နှာခေါင်းပြတ် | | .... | ၄၆၃ |
| | ချေဆတ်သူတစ်ဦးမှာ နှာခေါင်းပြတ်၍ | | .... | ၄၆၃ |
| | ချေဆတ်သူတစ်ဦးမှာ မင်းသမီး ရခြင်း | | .... | ၄၆၃ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၄၆၃ |
| | အတိတ်ဝတ္ထု | .... | .... | ၄၆၄ |
| | ဇာတ်ပေါင်း | .... | .... | ၄၆၇ |
| ၁၂၇။ | ကလဏ္ဍုကဇာတ် (သူဌေး) | .... | .... | ၄၆၇ |
| | တန်ခိုးနှုပ်သူ ထမင်းဝတော့ မာနသန်တတ်သည် | | .... | ၄၆၇ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၄၆၇ |
| | အတိတ်ဝတ္ထု | .... | .... | ၄၆၈ |
| | ဇာတ်ပေါင်း | .... | .... | ၄၆၉ |
| ၁၂၈။ | ဗိဠာရဝတဇာတ် (ကြွက်) | .... | .... | ၄၆၉ |
| | ကြောင်သူတော်အကျင့်ကို ကျင့်သည့် မြေခွေး | | .... | ၄၆၉ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၄၆၉ |
| | အတိတ်ဝတ္ထု | .... | .... | ၄၆၉ |
| | ဇာတ်ပေါင်း | .... | .... | ၄၇၁ |

## ငါးရာငါးဆယ်ဇာတ်ဝတ္ထု


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၉။ | အဂ္ဂိကဘာရဒွါဇဇာတ် (ကြွက်မင်း) .... | ၄၇၁ |
| | ဦးစွန်းဖုတ်နှင့် မြေခွေး သူတော်ကောင်းဟန် ဆောင်ခြင်း | ၄၇၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၄၇၁ |
| | အတိတ်ဝတ္ထု .... .... | ၄၇၁ |
| | ဇာတ်ပေါင်း .... .... | ၄၇၃ |
| ၁၃၀။ | ကောသိယဇာတ် (ဒိသာပါမောက္ခ) .... .... | ၄၇၃ |
| | လှေကြီးပေါ်တွင် လှေငယ်တင် .... .... | ၄၇၃ |
| | လေနာဟန်ဆောင်၍ သယောက်ဖလင်ထားသော မိန်းမ | ၄၇၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၄၇၃ |
| | အတိတ်ဝတ္ထု .... .... | ၄၇၄ |
| | ဇာတ်ပေါင်း .... .... | ၄၇၆ |


## ၁၄-အသမ္ပဒါနဝဂ်


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃၁။ | အသမ္ပဒါနဇာတ် (သူဌေး) .... .... | ၄၇၆ |
| | ကုဋ္ဌေလေးဆယ် ကျေးဇူးရှင်အား ဖွဲတစ်ပြည် ပြန်ပေး၍ ကျေးဇူးဆပ်ခြင်း .... .... | ၄၇၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၄၇၆ |
| | အတိတ်ဝတ္ထု .... .... | ၄၇၇ |
| | ဇာတ်ပေါင်း .... .... | ၄၈၀ |
| ၁၃၂။ | ဘီရုကဇာတ် (မင်းသား) .... .... | ၄၈၀ |
| | ဖြားယောင်းသည်ကို စောင်း မကြည့်၍ မင်းအဖြစ်သို့ ရောက်ခြင်း .... .... | ၄၈၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၄၈၀ |
| | အတိတ်ဝတ္ထု .... .... | ၄၈၁ |
| | ဇာတ်ပေါင်း .... .... | ၄၈၂ |
| ၁၃၃။ | ဃတာသနဇာတ် (ငှက်မင်း) .... .... | ၄၈၃ |
| | မလျောက်ပတ်သော အရပ်ကို စွန့်ခွါအပ် .... | ၄၈၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၄၈၃ |
| | အတိတ်ဝတ္ထု .... .... | ၄၈၃ |
| | ဇာတ်ပေါင်း .... .... | ၄၈၄ |

| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၁၃၄။ | ဇာနသောဓနဇာတ် (ရသေ့) | .... | .... | ၄၇၅ |
| | နေဝသညီ နာသညီဘဝ | .... | .... | ၄၇၅ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၄၇၅ |
| | အတိတ်ဝတ္ထု | .... | .... | ၄၇၆ |
| | ဇာတ်ပေါင်း | .... | .... | ၄၇၆ |
| ၁၃၅။ | စန္ဒာဘဇာတ် (ရသေ့) | .... | .... | ၄၇၆ |
| | အာဘဿရဒုတိယဈာန်ဘုံ | .... | .... | ၄၇၆ |
| | စန္ဒာဘသူရိယာဘဘုံ | .... | .... | ၄၇၆ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၄၇၆ |
| | အတိတ်ဝတ္ထု | .... | .... | ၄၇၆ |
| | ဇာတ်ပေါင်း | .... | .... | ၄၇၇ |
| ၁၃၆။ | သုဝဏ္ဏဟံသဇာတ် (ဟင်္သာ) | .... | .... | ၄၇၇ |
| | အလိုကြီး၍ အရနည်းခြင်း | .... | .... | ၄၇၇ |
| | ရလေလိုလေ အိုတဏှာ | .... | .... | ၄၇၇ |
| | ရွှေဟင်္သာတစ်ကောင်လုံး အတောင်ကတုံးဖြစ်အောင် နုတ်ယူသည့် မယားဟောင်း | .... | .... | ၄၇၇ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၄၇၇ |
| | အတိတ်ဝတ္ထု | .... | .... | ၄၇၈ |
| | ဇာတ်ပေါင်း | .... | .... | ၄၈၀ |
| ၁၃၇။ | ဗဗ္ဗုဇာတ် (ကျောက်ဆစ်သမား) | .... | .... | ၄၈၁ |
| | ကိုယ့်ဖို့ဆာ သိသောသူ | .... | .... | ၄၈၁ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၄၈၁ |
| | အတိတ်ဝတ္ထု | .... | .... | ၄၈၂ |
| | ဇာတ်ပေါင်း | .... | .... | ၄၈၃ |
| ၁၃၈။ | ဂေါဓဇာတ် (ဖွတ်မင်း) | .... | .... | ၄၈၃ |
| | သီလကြောင်ရသေ့နှင့် ဖွတ်မင်း | .... | .... | ၄၈၃ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၄၈၃ |
| | အတိတ်ဝတ္ထု | .... | .... | ၄၈၃ |
| | ဇာတ်ပေါင်း | .... | .... | ၄၈၄ |

# ငါးရာငါးဆယ်ဇာတ်ဝတ္ထု


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃၉။ | ဥတတေဘာဇာတ် (ရွှာနွားစိုး) .... .... | ၄၉၇ |
| | ဝေစုမပေးရစေရန် အိမ်နီးချင်းနှင့် ရန်ဖြစ်ခြင်း .... | ၄၉၇ |
| | နှစ်ပါးစုံသော အကျိုးမှ ရှုံးခြင်း .... .... | ၄၉၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၄၉၇ |
| | အတိတ်ဝတ္ထု .... .... | ၄၉၈ |
| | ဇာတ်ပေါင်း .... .... | ၄၉၉ |
| ၁၄၀။ | ကာကဇာတ် (ကျီး) .... .... | ၅၀၀ |
| | ပုဏ္ဏားဓါ၏အပေါ်၌ ကျီး-မစင်စွန့်ခြင်း.... .... | ၅၀၀ |
| | ကျီးမှာအဆီမရှိ .... .... | ၅၀၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၅၀၀ |
| | အတိတ်ဝတ္ထု .... .... | ၅၀၀ |
| | ဇာတ်ပေါင်း .... .... | ၅၀၃ |


## ၁၅-ကကဏ္ဍကဝဂ်


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄၁။ | ဂေါဓာဇာတ် (ဖွတ်) .... .... | ၅၀၃ |
| | ဆန့်ကျင်ဘက်အဆွေခင်ပွန်းနှင့် မပေါင်းအပ်သောအကြောင်း | ၅၀၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၅၀၃ |
| | အတိတ်ဝတ္ထု .... .... | ၅၀၃ |
| | ဇာတ်ပေါင်း .... .... | ၅၀၅ |
| ၁၄၂။ | သိင်္ဂါလဇာတ် (မြေခွေး) .... .... | ၅၀၅ |
| | လူသေဟန်ဆောင်၍ မြေခွေးကို ရိုက်ဖမ်း .... | ၅၀၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၅၀၅ |
| | အတိတ်ဝတ္ထု .... .... | ၅၀၅ |
| | ဇာတ်ပေါင်း .... .... | ၅၀၆ |
| ၁၄၃။ | ဝိရောစနဇာတ် (ခြင်္သေ့) .... .... | ၅၀၇ |
| | စိတ်ကြီးဝင်၍ ခြင်္သေ့ကို တုပသောမြေခွေး ဆင်နင်းခံရခြင်း | ၅၀၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၅၀၇ |
| | အတိတ်ဝတ္ထု .... .... | ၅၀၈ |
| | ဇာတ်ပေါင်း .... .... | ၅၁၀ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၁၄၄။ နဂ္ဂုဇာတ် (ရသေ့) .... .... ၅၁၁
ယစ်ပူဇော်မည့် နွားကြီးကို လုံခြုံအောင် မစောင့်တတ်သော
မီးနတ်အား နွားမြီးကို ကျွေးခြင်း .... ၅၁၁
ပစ္စုပ္ပန်ဝတ္ထု .... .... ၅၁၁
အတိတ်ဝတ္ထု .... .... ၅၁၁
ဇာတ်ပေါင်း .... .... ၅၁၁

၁၄၅။ ရာဓဇာတ် (ကျေးသား) .... .... ၅၁၃
မိန်းမဟူသည် လုံအောင်အမြဲ စောင့်နိုင်ခဲ .... ၅၁၃
ပစ္စုပ္ပန်ဝတ္ထု .... .... ၅၁၃
အတိတ်ဝတ္ထု .... .... ၅၁၃
ဇာတ်ပေါင်း .... .... ၅၁၅

၁၄၆။ သမုဒ္ဒကာကဇာတ် (သမုဒ္ဒရာစောင့်နတ်) .... ၅၁၅
ဟင်းချက်ကောင်းသော ဒါယိကာမသေ၍
ဝိုင်းငိုကြသော ရဟန်းများ .... .... ၅၁၅
ပစ္စုပ္ပန်ဝတ္ထု .... .... ၅၁၅
အတိတ်ဝတ္ထု .... .... ၅၁၇
သမုဒ္ဒရာရေကို နှုတ်သီးဖြင့် သယ်ယူထုတ်၍
ရေနစ်သော ကျီးမကို ရှာဖွေခြင်း.... .... ၅၁၇
ဇာတ်ပေါင်း .... .... ၅၁၈

၁၄၇။ ပုပ္ဖရတ္တဇာတ် (အာကာသစိုးနတ်) .... .... ၅၁၈
မိန်းမအတွက် ဝတ်ပန်းခိုးသူ တံကျင်လျှိုအသတ်ခံရ.... ၅၁၈
ပစ္စုပ္ပန်ဝတ္ထု .... .... ၅၁၈
အတိတ်ဝတ္ထု .... .... ၅၁၉
ဇာတ်ပေါင်း .... .... ၅၂၀

၁၄၈။ သိင်္ဂါလဇာတ် (မြေခွေး) .... .... ၅၂၁
ရန်သူကိလေသာကို အသေးအဖွဲ့ဟူ၍ အထင်မသေးရ ၅၂၁
ဆင်သေကောင်အတွင်း ပိတ်မိနေသော မြေခွေး .... ၅၂၁
ပစ္စုပ္ပန်ဝတ္ထု .... .... ၅၂၁
အတိတ်ဝတ္ထု .... .... ၅၂၃
ဇာတ်ပေါင်း .... .... ၅၂၄

| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၁၄၉။ | ကေပဏ္ဍဇာတ် (ရသေ့) | .... | .... | ၅၂၅ |
| | အမျက်ဖြေဆေး | .... | .... | ၅၂၅ |
| | ဒေါသမာန်၏ အပြစ်များ | .... | .... | ၅၂၅ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၅၂၅ |
| | အတိတ်ဝတ္ထု | .... | .... | ၅၂၈ |
| | ဇာတ်ပေါင်း | .... | .... | ၅၃၀ |
| ၁၅၀။ | သဉ္ဇီဝဇာတ် (ဒိသာပါမောက္ခ) | .... | .... | ၅၃၀ |
| | ကျားသေကို အသက်သွင်းခြင်း | .... | .... | ၅၃၀ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၅၃၀ |
| | အတိတ်ဝတ္ထု | .... | .... | ၅၃၄ |
| | ဇာတ်ပေါင်း | .... | .... | ၅၃၅ |


ကောကနိပါတ်

ငါးရာငါးဆယ်ဇာတ်ဝတ္ထု

ပထမတွဲ

မာတိကာပြီး၏

# ငါးရာငါးဆယ်ဇာတ်ဝတ္ထု

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမ ပဋိညာဉ်

အသင်္ချေယျာသု ဇာတီသု၊ ပူရေတွာ ပါရမီ သဗ္ဗာ။
ပတ္တံ သမ္ဗောဓိမုက္ကဋ္ဌံ၊ ဝန္ဒိတွာ ဓမ္မံ သံဃဉ္စ။
သေတိဘာသာမိနော ရညော၊ ဇေဋ္ဌပုတ္တေန ဘူပါလာ။
ဥပရာဇေန ဝုတ္တောဟံ၊ ဒွိဟာမစ္စေဟိ ယာစိတော။
မြမ္မဘာသာယ ဘာသိဿံ၊ နိဗ္ဗာနဝဟဇာတကံ။

အဟံ၊ ငါသည်။ အသင်္ချေယျာသု၊ ရေတွက်ခြင်းငှါ မတတ်ကောင်းကုန်သော။ ဇာတီသု၊ ကိုယ်တော်၏ အဖြစ်တို့၌။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ပါရမီ၊ ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်တော်မူ၍။ ဥက္ကဋ္ဌံ၊ ပစ္စေကဗုဒ္ဓါ အဂ္ဂသာဝကတို့၏ ဉာဏ်တော်ထက် ထူးမြတ်သော။ သမ္ဗောဓိံ၊ သဗ္ဗညုတဉာဏ်တော်၏ နီးစွာသော အရဟတ္တမဂ်ဉာဏ်တော်ကို။ ပတ္တဥ္စ၊ ရတော်မူပြီးသော မြတ်စွာဘုရားကိုလည်းကောင်း။ ဓမ္မဥ္စ၊ ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ သံဃဥ္စ၊ ရှစ်ယောက်သော သံဃာတော်ကို လည်းကောင်း။ ဝန္ဒိတွာ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ သေတိဘာသာမိနော ရညော၊ ဆင်ဖြူများရှင် တရားမင်းမြတ်၏။ ဇေဋ္ဌပုတ္တေန၊ သားတော်ကြီးဖြစ်သော။ ဘူပါလာ၊ တိုင်းနိုင်ငံသူ ရှင်လူအပေါင်းကို စောင့်ရှောက် တတ်သော။ ဥပရာဇေန၊ အိမ်ရှေ့မင်းမြတ်သည်။ ဝုတ္တောဟံ၊ အမိန့်တော် ရှိအပ်ကုန်သော။

ဒွိဟိ အမစ္စေဗာ၊ နှစ်ယောက်သော အမတ်တို့သည်။ ယာစိတော၊ တောင်းပန်အပ်သည် ဖြစ်၍။ နိဗ္ဗာနဝဟာဇာတကံ၊ နိဗ္ဗာန်ရွှေပြည်သို့ ပို့ဆောင်တတ်သော ငါးရာငါးဆယ်ဇာတ် ဆယ်စောင်သော မဟာနိပါတ်ဇာတ်ကို။ မြမ္မဘာသာယ၊ မြန်မာတိုင်းသူတို့၏ ဘာသာဖြင့်။ ဘာသိဿံ-ကထေဿာမိ၊ ဆိုပေအံ့။

# ၁-ဧကကနိပါတ်

## ၁-အပဏ္ဏကဝဂ်

### ၁-အပဏ္ဏကဇာတ်

### ကျိန်းသေ အလုပ်ကို လုပ်သင့်ကြောင်း

### (အလျင်လို လမ်းအိုလိုက်)

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ရှေးဦးစွာသော အပဏ္ဏကဇာတ် ဓမ္မဒေသနာကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဟောတော်မူသည်။ အဘယ်သူကို အကြောင်းပြု၍ ဤစကားသည် ဖြစ်သနည်း ဟူမူကား အနာထပိဏ်သူဌေး၏ အဆွေခင်ပွန်း ဖြစ်ကုန်သော ငါးရာကုန်သော တိတ္ထိတို့၏ တပည့်တို့ကို အကြောင်းပြု၍ ဤစကားသည် ဖြစ်လေ၏။

တစ်ရံရောအခါ အနာထပိဏ် သူဌေးသည် မိမိ၏ အဆွေခင်ပွန်း ဖြစ်ကုန်သော ငါးရာကုန်သော တိတ္ထိတို့၏ တပည့်တို့ကို ခေါ်၍ များစွာကုန်သော ပန်းနံ့သာ နံ့သာပျောင်းတို့ကို လည်းကောင်း၊ ဆီ, ပျား, တင်လဲ, အဝတ်, အယှမ်း အစရှိသည်တို့ကို လည်းကောင်း ယူစေခဲ့၍ ဇေတဝန် ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားကို ရှိခိုး၍ ပန်းနံ့သာ အစရှိသည် တို့ဖြင့် ပူဇော်၍ ဆီ, ပျား, တင်လဲ အစရှိကုန်သော ဆေးတို့ကိုလည်းကောင်း၊ အဝတ်ပုဆိုးတို့ကို လည်းကောင်း ရဟန်းသံဃာတို့အား လှူဒါန်း၍ ခြောက်ပါး ကုန်သော နေရာ၏ အပြစ်တို့ကိုကြဉ်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ နေ၏၊ ထိုငါးရာကုန်သော တိတ္ထိတို့၏ တပည့်တို့သည်လည်း မြတ်စွာဘုရားကို ရှိခိုး၍ မြတ်စွာဘုရား၏ လပြည့်ဝန်းကဲ့သို့ တင့်တယ်စွာသော မျက်နှာတော်ကို လည်းကောင်း၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင်အပ်သော တစ်လံမျှလောက်သော ရောင်ခြည်တော်သည် ခြံရံအပ်သော ဗြဟ္မာမင်း၏ ကိုယ်နှင့်တူသော ကိုယ်တော်ကိုလည်းကောင်း၊ အသွယ်အသွယ် အစုံအစုံ အစုအစု ဖြစ်ကုန်၍ ပြိုးပြိုးပြက် ထွက်လတ်ကုန်သော တခဲနက်ကုန်သော ဘုရား၏ ရောင်ခြည်တော်တို့ကို လည်းကောင်း ကြည့်ကုန်လျက် အနာထပိဏ်သူဌေး၏ အနီး၌လျှင် နေကုန်၏။ ထိုအခါ နတ်နှင့်တကွသော လူအပေါင်းကို ဆုံးမတော် မူတတ်သော မြတ်စွာဘုရားသည် ထိုပရိသတ်တို့အား ဆေးဒန်း မြင်းသီလာဖြင့် ပြီးသော ကျောက်ဖျာအပြင်၌ ခြသေ်သံကို ဟောက်သော ခြသေ့်ပျိုကဲ့သို့

ကျူးရင့်လျက် ကမ္ဘာပြုမိုးရွာဘိသကဲ့သို့ လည်းကောင်း ကောင်းကင်ပြင်မှ မြစ်ရေအလျဉ်သည် စီးလာဘိသကဲ့သို့ လည်းကောင်း၊ ရတနာပန်းကုံးကို သီကုံးဘိသကဲ့သို့လည်းကောင်း ရှစ်ပါးသောအင်္ဂါနှင့် ပြည့်စုံသော နာချင်ဖွယ် နှစ်သက်ဖွယ်ရှိသော ဗြဟ္မာမင်း၏ အသံနှင့်တူသော အသံတော်ဖြင့် အထူးထူး သော နည်းနာနယတို့ဖြင့် ဆန်းကြယ် သာယာစွာသော တရားကို ဟောတော် မူ၏။

ထိုငါးရာကုန်သော တိတ္ထိတို့၏ တပည့်တို့သည် ဘုရားဟောတော်မူသော တရားတော်ကို နာရကုန်၍ ကြည်ညိုသော စိတ်ရှိကုန်သည်ဖြစ်၍ နေရာမှ ထကုန်၍ ကိုယ်တော်အား ဆယ်ပါး၊ ဉာဏ်တော်အား ဆယ်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုဘုရားရှင်ကို ရှိခိုးကုန်၍ သာသနာတော်မှ အပ ဖြစ်ကုန်သော တိတ္ထိတို့၏ သရဏဂုံကို ဖျက်ကုန်၍ မြတ်စွာဘုရားကို ကိုးကွယ်ခြင်း သရဏဂုံကို ယူကုန်၏။ ထိုငါးရာကုန်သော တိတ္ထိတို့၏ တပည့်တို့သည် ထိုအခါမှစ၍ အစဉ်တစိုက် အနာထပိဏ်သူဌေးနှင့်တကွ နံ့သာပန်း အစရှိသည် တို့ကို ယူကုန်လျက် ဇေတဝန် ကျောင်းတော်သို့ သွားကုန်၍ တရားတော်ကို နာကြကုန်၏၊ အလှူပေးကုန်၏။ သီလစောင့်ကုန်၏။ ဥပုသ်ဆောက်တည်ကုန်၏။ ထိုအခါ ဘုန်းတော်ကြီးသော သဗ္ဗညုတဘုရားရှင်သည် သာဝတ္ထိပြည်မှ တစ်ဖန် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၏။ ထိုငါးရာကုန်သော တိတ္ထိတို့၏ တပည့်တို့သည် သဗ္ဗညုဘုရားရှင်၏ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူသော ကာလ၌ ထိုသရဏဂုံကို ဖျက်၍ တစ်ဖန် သာသနာတော်မှ အပဖြစ်သော တိတ္ထိတို့၏ သရဏဂုံကို ယူကုန်၍ မိမိတို့ တည်မြဲတိုင်းဌာန၌သာ တည်ပြန်ကုန်၏။ ဘုန်းတော်ကြီးသော ဘုရားသဗ္ဗညုသည်လည်း ခုနစ်လ, ရှစ်လတို့ကို လွန်စေ၍ တဖန် ဇေတဝန် ကျောင်းတော်သို့လျှင် ကြွတော်မူလာ၏။ အနာထပိဏ်သူဌေးသည် တဖန်လည်း ထိုငါးရာကုန်သော တိတ္ထိတို့၏ တပည့်တို့ကို ဘုရားအထံတော်သို့ ခေါ်သွား၍ ဘုရားသဗ္ဗညုကို ပန်းနံ့သာအစရှိသည်တို့ဖြင့် ပူဇော်ခြင်းရှိခိုးခြင်းကိုပြု၍ တင့်အပ် လျောက်ပတ်သော အရပ်၌နေ၏။ ထိုငါးရာကုန်သော တိတ္ထိတို့၏ တပည့်တို့ သည်လည်း သဗ္ဗညုဘုရားရှင်ကို ရှိခိုးကုန်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ နေကုန်၏။ ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ဒေသနာ၌ ကြွချီတော်မူသည် ရှိသော် ထိုငါးရာကုန်သော တိတ္ထိတို့၏ တပည့်တို့သည် ယူအပ်ပြီးသော သရဏဂုံကိုဖျက်၍ တစ်ဖန် သာသနာတော်မှအပ ဖြစ်ကုန်သော တိတ္ထိတို့၏ သရဏဂုံကိုသာလျှင် ယူကြကုန်၍ မူလရင်း၌ တည်သည့် အဖြစ်ကို ဘုန်းတော် ကြီးသော ဘုရားသဗ္ဗညုအား ကြားလျှောက်၏။

ဘုန်းတော်ကြီးသော သဗ္ဗညုမြတ်စွာဘုရားသည် မနှိုင်းယှဉ်အပ်သော ကမ္ဘာအကုဋေတို့ပတ်လုံး မပြတ်ဖြစ်စေအပ်သော ကုသိုလ်စရိုက်တော် အာနု-

ဘော်ကြောင့် နတ်နှံ့သာအစရှိသော အထူးထူးသော နံ့သာတို့ဖြင့် ပြည့်သော ရတနာကြုတ်ကို ဖွင့်လှစ်ဘိသကဲ့သို့ ခံတွင်းတော် ကြာတိုက်ကို ဖွင့်လှစ်၍ သာယာစွာသော အသံတော်ကို မြွက်တော်မူလျက် ဥပါသကာတို့ သင်တို့သည် သရဏဂုံသုံးပါးတို့ကို ဖျက်ကုန်၍ သာသနာတော်မှ အပဖြစ်ကုန်သော တိတ္ထိတို့၏ သရဏဂုံကို ယူကုန်သောဟူသည် မှန်ကုန်သလောဟု မေးတော်မူ၏။ ထိုအခါ ငါးရာကုန်သော တိတ္ထိတို့၏ တပည့်ဘို့သည် ဖုံးလွှမ်းအံ့သော၄ါ မတတ်နိုင်ကုန်သည်ဖြစ်၍ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟူ၍ လျှောက်ကုန်လက်သော် နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည် ဥပါသကာတို့ အောက်အဝီစိ အထက်ဘဝဂ် ထက်ဝန်းကျင် အတိုင်းအရှည် မရှိကုန်သော လောကဓာတ်တို့၌ သီလအစရှိကုန်သော ဂုဏ်ကျေးဇူးတို့ဖြင့် ဘုရားနှင့်တူသောသူ မည်သည်ကား မရှိ၊ လွန်သောသူသည် အဘယ်မှာ ရှိအံ့နည်း၊ အကြင်မျှလောက်ကုန်သော အခြေမရှိသည်လည်း ဖြစ်ကုန်သော အခြေနှစ်ချောင်း ရှိသည်လည်း ဖြစ်ကုန်သော အခြေလေးချောင်း ရှိသည်လည်း ဖြစ်ကုန်သော[၁] သတ္တဝါတို့သည် ရှိကုန်၏၊ ထိုသတ္တဝါတို့တွင် ဘုရားကို အမြတ်ဆုံးဟူ၍ ဆိုအပ်၏။ ဤလူ့ပြည်၌လည်းကောင်း၊ နဂါးပြည် ဂဠုန်ပြည်၌ လည်းကောင်း၊ နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ လည်းကောင်း ဘုရား တရား သံဃာနှင့်တူသော မြတ်သောရတနာမည်သည် မရှိ၊မြတ်သော ရတနာသုံးပါးတို့၌ ကြည်ညိုကုန်ငြားအံ့၊ မြတ်သော ကောင်းကျိုးသည် ဖြစ်၏။ ဤသို့အစရှိကုန်သော သုတ်တို့ဖြင့် ပြအပ်ကုန်သော ရတနာသုံးပါး တို့၏ ဂုဏ်ကျေးဇူးတို့ကို ပြတော်မူ၍ ဤသို့မြတ်သော ဂုဏ်တို့နှင့် ပြည့်စုံသော ရတနာသုံးပါးတို့ကို ကိုးကွယ်ခြင်းသို့ ရောက်ကုန်သော ဥပါသကာ ယောကျ်ားတို့သည် လည်းကောင်း၊ ဥပါသိကာ မိန်းမတို့သည် လည်းကောင်း ငရဲအစရှိသည်တို့၌ ဖြစ်သောမည်သည်မရှိ၊ အပါယ်သို့ လားခြင်းမှကား လွတ်၍ နတ်ပြည်၌ဖြစ်၍ ကြီးစွာသော စည်းစိမ်ချမ်းသာကို ခံစားရကုန်၏၊ အဘယ့်ကြောင့် သင်တို့သည် ဤသို့စဉ် သဘောရှိသော သရဏဂုံကို ဖျက်ကုန်၍ သာသနာတော်မှ အပဖြစ်သော တိတ္ထိတို့အား ကိုးကွယ်ခြင်းသို့ ရောက်ကုန်သဖြင့် မသင့်မလျော်သည်ကို ပြုဘိသနည်းဟူ၍ မိန့်တော်မူ၏။

ဤအရာ၌လည်း ရတနာသုံးပါးတို့ကို ဆင်းရဲမှလွတ်စေတတ်သည်၏ အစွမ်းအားဖြင့် လည်းကောင်း မြတ်သည်၏ အစွမ်းအားဖြင့်လည်း ကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကုန်သော သူတို့၏ အပါယ်တို့၌ ဖြစ်ခြင်း၏ မရှိသောအဖြစ်ကို ပြအံ့သော၄ါ ဤပါဠိတော်ကို ပြကုန်၏။

---

၁။ ပါဠိ၌ ဗဟုပ္ပဒါဝါ-ဟုပါရှိ၏။
အခြေများစွာရှိသော သတ္တဝါဟု ဘာသာပြန်ပါလေ။

(က) ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊ န တေ ဂမိဿန္တိ အပါယံ။
ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။

(ခ) ယေကေစိ ဓမ္မံ သရဏံ ဂတာသေ၊ န တေ ဂမိဿန္တိ အပါယံ။
ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။

(ဂ) ယေကေစိ သံဃံ သရဏံ ဂတာသေ၊ န တေ ဂမိဿန္တိ အပါယံ။
ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။

(ဃ) ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိ စ၊
အာရာမ ရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။

(င) နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏ မုတ္တမံ။
နေတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

(စ) ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။

(ဆ) ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ၊
အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမ ဂါမိနံ။

(ဇ) ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏ မုတ္တမံ။
ဧတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

(က) အကြင်သူတို့သည် မြတ်စွာဘုရားရှင်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကုန်၏။ ထိုသူတို့သည် အပါယ်သို့ မသွားရောက်ရကုန်။ ဤလူ့ဘဝကို စွန့်၍ နတ်ပြည်ကို ပြည့်စေကုန်လတ္တံ့။

(ခ) အကြင်သူတို့သည် တရားတော်ကို ။ပ။ ပြည့်စေကုန်လတ္တံ့။

(ဂ) အကြင်သူတို့သည် သံဃာတော်ကို ။ပ။ ပြည့်စေကုန်လတ္တံ့။

(ဃ) ဘေးအန္တရာယ်မှ ကြောက်ကုန်သော လူများစွာတို့သည် တောင်ကိုလည်းကောင်း၊ တောကိုလည်းကောင်း၊ ခြံဝင်း, အာရာမ်နှင့် နတ်ကွန်းသစ်ပင်ကြီးတို့ကို လည်းကောင်း ကိုးကွယ်ခြင်းသို့ ရောက်ကုန်၏။

(င) ထိုကိုးကွယ်ခြင်းမျိုးသည် ဘေးကင်းခြင်းကို မပြုတတ်၊ မြင့်မြတ်ခြင်းမရှိ၊ ယင်းကိုးကွယ်မှုကို အစွဲပြု၍ ဆင်းရဲအပေါင်းမှ လွတ်မြောက်ခြင်းမည်သည် မရှိ။

(ဈ) အကြင်သူသည် ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏။ ထိုသူသည် လေးပါးသော အရိယာသစ္စာတို့ကို မှန်ကန်ကောင်းမြတ်သော ပညာဖြင့် မြင်နိုင်၏။

(ည) အရိယာသစ္စာလေးပါးတို့ ဟူသည် ဒုက္ခသစ္စာ၊ ဒုက္ခကို ဖြစ်စေတတ်သော သမုဒယသစ္စာ၊ ဒုက္ခကိုလွန်မြောက်သော နိရောဓသစ္စာ၊ ဒုက္ခ၏ငြိမ်းရာသို့ရောက်ကြောင်းဖြစ်သော အင်္ဂါရှစ်ပါးရှိသော ဖြူစင်မြင့်မြတ်သော မဂ္ဂသစ္စာတို့ ဖြစ်ကုန်၏။

(ဋ) ဤရတနာသုံးပါးကို ကိုးကွယ်ခြင်းသည် ဘေးကင်းစေတတ်၏၊ မွန်မြတ်၏၊ ဤကိုးကွယ်မှုကို စွဲ၍ ဆင်းရဲခပ်သိမ်းမှ လွတ်မြောက်၏။

စင်စစ်လျှင် ထိုငါးရာကုန်သော တိတ္ထိတို့၏ တပည့်တို့အား သဗ္ဗညု မြတ်စွာဘုရားသည် ဤမျှသော တရားတို့ကိုသာလျှင် ဟောတော်မူသည် မဟုတ်။ ထို့မှတစ်ပါးလည်း သီတင်းသည်တို့ ဘုရားဂုဏ် ကျေးဇူးကို အဖန်တလဲလဲ အောက်မေ့ခြင်း ကမ္မဋ္ဌာန်း, တရားဂုဏ် ကျေးဇူးကို အဖန်တလဲလဲအောက်မေ့ခြင်း ကမ္မဋ္ဌာန်း, သံဃာဂုဏ် ကျေးဇူးကို အဖန်တလဲလဲ အောက်မေ့ခြင်း ကမ္မဋ္ဌာန်း မည်သည်ကား သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်, သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်, အနာဂါမိမဂ်, အနာဂါမိဖိုလ်, အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ပေးတတ်၏။ ထိုသို့အစရှိသော နည်းတို့ဖြင့်လည်း တရားကို ပြတော်မူ၍ သင်တို့သည် ဤသို့စဉ်သဘောရှိသော သရဏဂုံကို ဖျက်ကုန်သဖြင့် မသင့်လျော်သည် ပြုဘိ၏ဟု မိန့်တော်မူ၏။

> ဤ အရာ၌လည်း ဘုရားဂုဏ် ကျေးဇူးကို အဖန် တလဲလဲ အောက်မေ့ခြင်း အစရှိကုန်သော ကမ္မဋ္ဌာန်းတို့၏ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် အစရှိသည်ကို ပေးတတ်သည်၏ အဖြစ်ကို ပါဠိတော်တို့ဖြင့် ပြအပ်၏။

ဧကမဂ္ဂေါ ဘိက္ခဝေ ဓမ္မော ဘာဝိတော ဗဟုလီကတော ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ၊ နိရောဓာယ ဥပသမာယ အဘိညာယ၊ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ကတမော ဧသော၊ ဗုဒ္ဓါနုဿတိ၊

ရဟန်းတို့ ပွားများစေအပ်သော အကြိမ်များစွာ ပြုအပ်သော တစ်ခုသော တရားသည် စင်စစ် ပဋ္ဌာဆင်းရဲ၌ ငြီးငွေ့ခြင်းငှါ, ကပ်ခြင်း ကင်းခြင်းငှါ, တဏှာ၏ ချုပ်ငြိမ်းခြင်းငှါ, ဝဋ္ဋဆင်းရဲ၏ ငြိမ်းခြင်းငှါ, ထူးမြတ်သော ဉာဏ်ဖြင့် နိဗ္ဗာန်ကို သိခြင်းငှါ, သစ္စာလေးပါးကို မဖေါက်မပြန် ထိုးထွင်း၍ သိခြင်းငှါ, အရဟတ္တဖိုလ် နိဗ္ဗာန်ကို သိခြင်းငှါ ဖြစ်၏။

ထိုတစ်ခုသော တရားဟူသည် အဘယ်နည်း—
ဘုရားဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့ခြင်းတည်း။

ဤသို့လည်း ဘုန်းတော်ကြီးမြတ်လှသော မြတ်စွာဘုရားသည် အထူးထူး အပြားပြားကုန်သော တရားတို့ဖြင့် သီတင်းသည်တို့ကို ဆုံးမတော်မူ၍ သီတင်းသည်တို့ ရှေးအခါ၌လည်း လူတို့သည် ကိုးကွယ်ရာ မဟုတ်သည်ကို ကိုးကွယ်ရာ ဟုတ်၏ဟူ၍ ကြံဆ၍ ယူသောအယူဖြင့် ဆန့်ကျင်စွာသော အယူကို ယူကုန်၍ ဘီလူး သိမ်းဆည်းသော ကန္တာရ၌ ဘီလူးတို့၏ အစာဖြစ်ကုန်၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ဖူးကုန်၏၊ မချွတ်မယွင်း စင်စစ် ကေန်မှန်သော မဆန့် ကျင်သော အယူကို ယူကုန်သော သူတို့သည် ထိုကန္တာရ၌ သာလျှင် ချမ်းသာသော အဖြစ်သို့ ရောက်ဖူးကုန်ပြီ၊ ဤသို့ မိန့်တော်မူ၍ ဆိတ်ဆိတ် နေတော်မူ၏။ ထိုအခါ အနာထပိဏ် သူဌေးသည် နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုးလျက် ချီးမွမ်း၍ ဦးခေါင်းထက်၌ လက်အုပ်တင်၍ ဘုန်းတော်ကြီးသော အရှင်ဘုရား ရှေးဦးစွာ ယခုအခါ၌ ဤသီတင်းသည်တို့၏ မြတ်သော သရဏဂုံကို ဖျက်၍ ချွတ်ယွင်းသော အယူကို ယူခြင်းသည် အကျွန်ုပ်တို့အား ထင်ရှားပါပြီ။ ရှေးကာလ၌ကား ဘီလူးတို့သည် သိမ်းဆည်း အပ်သော ကန္တာရ၌ ချွတ်ယွင်းသော အယူကို ယူကုန်သော သူတို့၏ ပျက်စီးသော အဖြစ်သည် လည်းကောင်း၊ မချွတ်ယွင်းသော အယူကို ယူကုန်သော သူတို့၏ ချမ်းသာသော အဖြစ်သည် လည်းကောင်း အကျွန်ုပ်တို့အား မထင်ရှားပါ။ ဘုန်းတော်ကြီး ကုန်သော အရှင်ဘုရားတို့အားသာ ထင်ရှား ကုန်၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား အကျွန်ုပ်တို့သည် တောင်းပန် ပါကုန်၏၊ အကျွန်ုပ်တို့အား တိမ်မြုပ်စင်သော ကောင်းကင်ပြင်၌ လပြည့်ဝန်းကို ထင်စေဘိ သကဲ့သို့ ဤအကြောင်းကို ဘုန်းတော်ကြီးသော အရှင်ဘုရားသည် ထင်စွာ ပြုတော် မူပါလောဟု လျှောက်၏။ ထိုအခါ ဘုန်းတော်ကြီးသော သဗ္ဗညု ဘုရားရှင်သည် သူကြွယ် ငါသည် တမူကား မနှိုင်းယှဉ်အပ်သော ကာလပတ်လုံး ဆယ်ပါး ကုန်သော ပါရမီတို့ကို ဖြည့်၍ လူ နတ် အပေါင်းတို့၏ ယုံမှားသက်ာကို ပယ်ဖျောက်အံ့သောငှါသာလျှင် သဗ္ဗညုတဉာဏ်ကို ရအပ်၏။ ခြသေ့ဆီဖြင့် ရွှေကြုတ်ကို ပြည့်စေဘိသကဲ့သို့ ရိုသေစွာ သောတပသာဒကို ထား၍ နာလော့ ဟူ၍ အနာထပိဏ်သူဌေးအား သတိကိုဖြစ်စေ၍ ဆီးနှင်းတိမ်တိုက်ကို ခွဲလှစ်၍ လပြည့်ဝန်းကို ဆောင်ဘိသကဲ့သို့ ဘဝတစ်ပါးသည် ဖုံးလွှမ်းအပ်သော အကြောင်းကို ထင်စွာ ပြုတော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ကာသိတိုင်း ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းဖြစ်၏။ ထိုအခါ ဘုရားလောင်းသည် လှည်းကုန်သည်အမျိုး၌ ဖြစ်၍ အစဉ်သဖြင့် အရွယ်ရောက်လတ်သော် လှည်းငါးရာတို့ဖြင့် ကုန်သွယ် အံ့သောငှါ သွား၏။ ထိုလှည်းကုန်သည်သည် ရံခါအရှေ့အရပ်မှ အနောက် အရပ်သို့ သွား၏။ ရံခါ အနောက်အရပ်မှ အရှေ့အရပ်သို့ သွား၏။ ဗာရာဏသီ ပြည်၌ပင်လျှင် တစ်ပါးသော မိုက်သော မလိမ္မာသော အကြောင်းဟုတ်သည် မဟုတ်သည်ကို မသိသော လှည်းကုန်သည်သားသည် ရှိ၏။ ထိုဘုရားလောင်း သည် ဗာရာဏသီပြည်မှ အဖိုးများစွာထိုက်သော ဥစ္စာကိုယူ၍ လှည်းငါးရာတို့ကို ပြည့်စေ၍ သွားအံ့သောငှါ အစီအရင်တို့ကို ပြု၍ထား၏။ ထိုမိုက်သော လှည်းကုန်သည်သားသည်လည်း ထိုအတူပင်လျှင် ငါးရာသော လှည်းတို့ကို ပြည့်စေ၍ သွားအံ့သောငှါ အစီအရင်တို့ကိုပြု၍ ထား၏။ ဘုရားအလောင်းသည် ကြံ၏။ ဤလှည်းကုန်သည်တို့သည် ငါနှင့်တကွသာလျှင် အကယ်၍ သွားသည် ဖြစ်ငြားအံ့ လှည်းသားတစ်ထောင်သည် တကွနက် သွားသည်ရှိသော် ခရီးသည် မလောက်လတ္တံ့။ ထင်း ရေ အစရှိသည်တို့ကိုလည်းကောင်း၊ နွားတို့၏ မြက်တို့ကို လည်းကောင်း ရခဲကုန်သည် ဖြစ်လတ္တံ့။ ထိုလှည်းကုန် သည် သည်လည်းကောင်း ငါသည်လည်းကောင်း ရှေ့မှသွားခြင်းငှါ သင့်၏ဟု ဤသို့ကြံ၏။ ထို ဘုရား လောင်းသည် ထိုလှည်းကုန်သည်ကို ခေါ်စေ၍ ဤအကြောင်းကို ကြား၍ နှစ်ယောက်လည်း ဖြစ်ကုန်သော ငါတို့သည် တကွနက်သွားခြင်းငှါ မတတ် ကောင်း။ သင်သည် ရှေ့မှသွားလတ္တံ့လော၊ ထိုသို့ မဟုတ်မူကား နောက်မှ သွားလတ္တံ့လော။ ဤသို့ ဘုရားအလောင်းဆို၏။ ထိုမိုက်သော လှည်းကုန်သည် သားသည် ကြံ၏။

ငါသည် ရှေ့မှသွားသည်ရှိသော် များစွာကုန်သော အကျိုးတို့သည် ဖြစ်ကုန် ၏။ မပျက်သည်သာလျှင် ဖြစ်သော ခရီးဖြင့် သွားရအံ့။ လမ်းမပျက် နွားတို့ သည်လည်း တခြားသော နွားတို့ မစားကုန်သေးသော မြက်ဦးကို စားရကုန် လတ္တံ့။ လူတို့အား သူ့တပါးတို့သည် မခူးအင်သေးသော ဟင်းရွက်ဦးသည် ဖြစ်လတ္တံ့၊ ရေသည် ကြည်သည်ဖြစ်လတ္တံ့၊ အလိုရှိတိုင်း အဖိုးထား၍ ဥစ္စာကို ရောင်းရလတ္တံ့ဟု ကြံ၏။

ထိုမိုက်သော လှည်းကုန်သည်သည် အဆွေ ငါသည် ရှေ့မှသွားအံ့၊ ဤသို့ ဆို၏။ ဘုရားလောင်းသည်လည်း နောက်မှသွားခြင်း၌ များစွာကုန်သော အကျိုးတို့ကို မြင်၏။ ထိုစကားသည် မှန်၏။ ရှေ့မှသွားကုန်သော သူတို့သည် ခရီး၌ မညီညွတ်ရာအရပ်၌ ညီညွတ်ခြင်းတို့ကို (မြေညှိမြေဖို့) ပြုကုန်လတ္တံ့။

ငါတို့သည် ထိုလှည်းကုန်သည်တို့ သွားသောခရီးဖြင့် သွားရအံ့။ ရှေ့မှသွားသော နွားတို့သည် ဟောင်းကုန် ကြမ်းကုန်သော မြက်တို့ကို စားရကုန်၏။ ငါတို့၏ နွားတို့သည် တဖန်ပေါက်ကုန်သော ချိုသောမြက်နုတို့ကို စားရကုန်လတ္တံ့။ သူတစ်ပါးတို့သည် ခူးအပ်ယူအပ်သော ဟင်းရွက်ရာမှ ပေါက်သော ဟင်းရွက်နုသည် ချိုသည်ဖြစ်လတ္တံ့။ ရေမရှိသော အရပ်၌ တူး၍ ထိုရှေ့သွားသော လှည်းကုန်သည်တို့သည် ရေကိုဖြစ်စေကုန်လတ္တံ့။ ထိုလှည်းကုန်သည်တို့သည် တူးအပ်ကုန်သော ရေတွင်းတို့၌ ငါတို့သည် သောက်ရကုန်အံ့။ အဖိုးထားခြင်း မည်သည်ကား လူတို့၏ ဇီဝိတ်ခြွေ (အသက်)ကို ချခြင်းနှင့်တူ၏။ ငါသည် နောက်မှသွား၍ ထိုရှေ့မှသွားကုန်သော ကုန်သည်တို့သည် ထားအပ်ကုန်သော အဖိုးတို့ဖြင့် ဥစ္စာကို ရောင်းရအံ့။ ဤသို့သော အကြံသည် ဘုရားလောင်းအား ဖြစ်၏။

ဤသို့သော အကျိုးအာနိသင်တို့ကို မြင်၍ အဆွေသည် ရှေ့မှသွားနှင့်လော့ ဟု ဆို၏၊ အဆွေ ကောင်းပြီဟု ဆို၍ လှည်းကုန်သည်မိုက်သည် လှည်းတို့ကို က၍ထွက်သွားလေသည်ရှိသော် အစဉ်သဖြင့် လူတို့၏ နေရာမှလွန်၍ ကန္တာရ၏ အဦးအဝသို့ ရောက်၏။

[ကန္တာရ မည်သည်ကား—

စောရ ကန္တာရ

ဝါဠ ကန္တာရ

နိရုဒကကန္တာရ

အမနုဿကန္တာရ

အပ္ပဘက္ခကန္တာရ—

ဟူ၍ ငါးပါးအပြားရှိ၏။ ထိုငါးပါးသော ကန္တာရတို့တွင် ခိုးသူနေအပ်သော ခရီးသည် စောရကန္တာရ မည်၏။ ခြင်္သေ့အစရှိသော သားရဲတို့ နေအပ်သော ခရီးသည် ဝါဠကန္တာရ မည်၏။ အကြင်အရပ်၌ ချိုးအံ့သောငှါလည်းကောင်း၊ သောက်အံ့သောငှါလည်းကောင်း ရေသည် မရှိ။ ထိုအရပ်သည် နိရုဒက ကန္တာရ မည်၏၊ လူသားစား ဘီလူးတို့ နေအပ်သော အရပ်သည် အမနုဿ ကန္တာရ မည်၏။ အခဖျော်ခဲဖွယ် အစရှိသည်တို့မှ ကင်းသော အရပ်သည် အပ္ပဘက္ခ ကန္တာရမည်၏။ ဤငါးပါးသော ကန္တာရတို့တွင် ထိုလှည်းကုန်သည်တို့ သွားသော

ကန္တာရသည်. ရေမရှိသော ကန္တာရလည်း ဖြစ်၏။ ဘီလူးရှိသော ကန္တာရလည်း ဖြစ်၏။ ထိုကြောင့် ထိုမိုက်သော လှည်းကုန်သည်သည် လှည်းတို့၌ ကြီးကုန် ကြီးကုန်သော အိုးတို့ကိုတင်၍ ရေဖြင့် ပြည့်စေ၍ ယူဇနာခြောက်ဆယ်ရှိသော ကန္တာရကို သွား၏။]

ထိုအခါ လှည်းကုန်သည်မိုက်သည် ကန္တာရ အလယ်သို့ ရောက်သောအခါ၌ ကန္တာရ၌ နေသော ဘီလူးသည် ဤသူတို့သည် ယူအပ်သော ရေကို စွန့်စေ၍ အားနည်းသည်တို့ကိုပြု၍ ခပ်သိမ်းသော လူတို့ကို စားအံ့ဟု ကိုယ်လုံးဖြူသော နွားပျိုတို့ဖြင့် ကသော နှလုံးမွေ့လျော်ဖွယ်ရှိသော ယာဉ်ငယ်ကို ဖန်ဆင်း၍ ရေ, ညွန်တို့ဖြင့်• လိမ်းကျံအပ်ကုန်သော ကာလက်နက်စွဲကုန်သော တစ်ကျိပ် နှစ်ယောက်ကုန်သော ဘီလူးတို့ဖြင့် ခြံရံလျက် ကြာညို, ကြာဖြူ, ကြာနီ ကြာပဒုမ္မာ, ကြာပုဏ္ဍရိတ် စသည်တို့ကို ယူ၍ ကြာစွယ်, ကြာရင်းတို့ကို စားကုန်လျက် ယိုစီးသော ရေပေါက်တို့ဖြင့် လည်းကောင်း, ညွန်တို့ဖြင့် လည်းကောင်း လာကုန်၏။ လှည်းကုန်သည်ဟူ၍မည်သည်ကား အကြင်အခါ၌ ရှေ့မှလေသည်လာအံ့။ထိုအခါ ယာဉ်ငယ်၌နေ၍ အလုပ်အကျွေး ခြံရံကာ မြူကို ပယ်ရှားကုန်လျက် ရှေ့မှ သွားကုန်၏။ အကြင်အခါ၌ နောက်မှ လေလာအံ့။ ထိုအခါ ထိုနည်းဖြင့်လျှင် နောက်မှ သွားကုန်၏။ ထိုအခါ၌ကား ရှေ့မှလေသည် လာသည်ဖြစ်၏၊ ထို့ကြောင့် ထိုလှည်းကုန်သည်သည် ရှေ့မှသွား၏။ ထိုဘီလူးသည် လာလတ်သော လှည်းကုန်သည်ကို မြင်၍ မိမိ၏ ယာဉ်ငယ်ကို ခရီးမှ ဖဲစေ၍ အမောင် အဘယ်မှ လာသနည်း၊ ဤသို့ လှည်းကုန်သည်နှင့် တကွ စကားပြောဆိုခြင်းကို ပြု၏။ လှည်းကုန်သည်လည်း မိမိယာဉ်ငယ်ကို ခရီးမှ ဖဲစေ၍ လှည်းတို့၏ သွားရန် အခွင့်ကို ပေး၍ တင့်အပ်သော အရပ်၌နေလျက် ထိုဘီလူးကို ဆို၏။ အရှင် ရှေးဦးစွာ ငါတို့သည် ဗာရာဏသီပြည်မှ လာခဲ့ကုန်၏။ သင်တို့သည်ကား ကြာညို, ကြာဖြူ, ကြာနီ, ကုမုဒြာကြာတို့ကို ပန်ကုန်၍ ကြာပဒုမ္မာ, ကြာပုဏ္ဍရိက်စသည်တို့ကို ကိုင်ကုန်၍ ကြာစွယ် ကြာရင်းတို့ကို စားကုန်၍ ညွန်ဖြင့် လိမ်းကျံကုန်သည်ဖြစ်၍ ယိုစီးကုန်သော ရေပေါက်တို့ဖြင့် လာကုန်၏။ သင်တို့သည် လာသောခရီး၌ မိုးရွာသလော၊ ကြာညိုအစရှိသည် တို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော အိုင်တို့သည် ရှိကုန်သလောဟု မေး၏။

ဘီလူးသည် ထိုလှည်းကုန်သည်၏ စကားကိုကြား၍ အဆွေ အဘယ်ကြောင့် ဤစကားကို ဆိုဘိသနည်း။ ဤသို့သော တောအရေးသည် ထင်၏၊ ထိုသို့သော တောအရေးမှ စ၍ အလုံးစုံသော တောသည် တစ်စပ်တည်းသော ရေရှိ၏။ မိုးသည် မပြတ်ရွာ၏။ ချောက်တို့သည် ရေဖြင့် ပြည့်ကုန်၏။ ထိုထိုအရပ်၌ ပဒုမ္မာကြာ အစရှိသည်တို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော အိုင်တို့သည် ရှိကုန်၏။

ဤသို့ဆို၍ အစဉ်သဖြင့် သွားကုန်သော လှည်းဘိုတွင် ဤလှည်းတို့ကို ယူ၍ အဘယ်အရပ်သို့ သွားကုန်အံ့နည်းဟု ဘီလူးသည် မေး၏။ ဤမည်သော ဇနပုဒ်သို့ သွားအံ့ဟု လှည်းကုန်သည်တို့က ဆို၏။ ဤမည်သော ဤမည်သော လှည်း၌ အဘယ်မည်သော ဘဏ္ဍာနည်းဟု ဘီလူးသည် မေး၏။ ဤမည်သော ဤမည်သော ဘဏ္ဍာတည်းဟု လှည်းကုန်သည်က ဆို၏။ နောက်မှ လာလတ်သော လှည်းသည် အလွန်လျှင် လေးသည်ဖြစ်၍ လာ၏၊ ထိုလှည်း၌ အဘယ်မည်သော ဘဏ္ဍာနည်းဟု မေး၏။ ထိုလှည်း၌ ရေတည်းဟု လှည်းကုန်သည်က ဆို၏။ ရှေ့က ရေးဦးစွာ ရေကို ဆောင်ခဲ့ကုန်သော သင်တို့သည် နှစ်သက်ဖွယ်ကို ပြုအပ်ပြီ။ ဤကာလမှ စ၍ကား ရေဖြင့် ကိစ္စမရှိ၊ ရှေ့မှာ ရေသည်များ၏။ ရေအိုးတို့ကို ခွဲ၍ ရေကို စွန့်၍ ချမ်းသာသဖြင့် သွားလေကုန်လော့ဟု ဘီလူးသည် ဆို၏။ ဤသို့ဆို၍ သင်တို့သည် သွားကြကုန်လော။ ငါတို့အား ကြာမြင့်၏ဟု ဆိုပြီးလျှင် စဉ်းငယ်သွား၍ ထိုလှည်းကုန်သည်တို့၏ မမြင်ရာအရပ်သို့ ရောက်၍ မိမိ၏ ဘီလူးမြို့သို့သာလျှင် သွားလေ၏။ ထိုမိုက်သော လှည်းကုန်သည်လည်း မိမိ၏ မိုက်သည်၏ အဖြစ်ကြောင့် ဘီလူးစကားကို ယုံ၍ ရေအိုးတို့ကို ခွဲ၍ တစ်လက်ဖက်မျှ ဖြစ်သော ရေကို မကြွင်းစေမူ၍ အလုံးစုံကို စွန့်၍ လှည်းတို့ကို နှင်၏။ ရှေ့၌ အနည်းငယ်မျှ ဖြစ်သော ရေသည်မရှိ၊ လူတို့သောက်ရေကို မရကုန်သည် ဖြစ်၍ ပင်ပန်းကုန်၏၊ ထိုလှည်းကုန်သည်တို့သည် နေဝင်သည် တိုင်အောင် သွားကုန်၍ လှည်းတို့ကို ချွတ်ကုန်၍ လှည့်သဖြင့် ဝေား(လှည်းဝိုင်းပြု) ကုန်၍ နွားတို့ကို လှည်းနံဘေးဘို၌ ချည်ကုန်၏။ နွားတို့အား ရေသည် လည်းမကောင်း၊ လူတို့အား ထမင်း ယာဂုသည်လည်းကောင်း မဖြစ်၊ လူတို့သည် အားနည်းကုန်သည်ဖြစ်၍ ထိုထိုအရပ်၌ လျောင်းကုန်၍ အိပ်ကုန်၏။ ညဉ့်အဖို့၏ အခြားမဲ့၌ ဘီလူးမြို့မှ လာလတ်ကုန်၍ အလုံးစုံသော နွားတို့ကိုလည်းကောင်း၊ လူတို့ကို လည်းကောင်း အသက်ကုန်ခြင်းသို့ ရောက်စေကုန်လျက် အသားကို စားကုန်၍ အရိုးတို့ကို ချန်ခဲ့ကုန်၍ သွားကုန်၏။ ဤသို့ တစ်ယောက်သော လှည်းကုန်သည်မိုက်ကို မှီ၍ အလုံးစုံလည်း ဖြစ်ကုန်သော ထိုလှည်းကုန်သည်တို့သည် ပျက်စီးခြင်းသို့ ရောက်ကုန်၏။ လက်ရိုး အစရှိသည်တို့သည် ထက်ဝန်းကျင်သော အရပ်တို့၌ ဖရိုဖရဲရှိသည် ဖြစ်ကုန်၏။ ငါးရာကုန်သော လှည်းတို့သည် ပြည့်မြဲတိုင်းသော ဝန်ရှိကုန် သည် ဖြစ်ကုန်၍သာလျှင် ကည်ကုန်၏။

ဘုရားလောင်းသည်လည်း လှည်းကုန်သည်မိုက်၏ ထွက်သော နေ့မှ စ၍ လခွဲကို လွန်စေ၍ ငါးရာကုန်သော လှည်းတို့ဖြင့် မြို့မှထွက်၍ အစဉ်သဖြင့် ကန္တာရ အဦးအဝသို့ ရောက်၏။ ထိုဘုရားလောင်းသည် ထိုအရပ်၌ ရေအိုးတို့ကို ပြည့်စေ၍ များစွာသော ရေကိုယူ၍ သစ်ခက်တပ်၌ စည်လည်သဖြင့် လူတို့ကို

စည်းဝေးစေ၍ ဤသို့ဆို၏။ သင်တို့သည် ငါ့ကို မပန်မကြားမူ၍ တစ်လက်ဖက်မျှသော ရေကိုလည်း မသုံးဆောင်ကြကုန်လင့်၊ ကန္တာရ၌ အဆိပ်ပင်တို့မည်သည် ရှိကုန်၏။ သင်တို့သည် ရှေး၌ မစားဖူးသော အရွက်ကိုလည်းကောင်း၊ အပွင့်ကိုလည်းကောင်း၊ အသီးကို လည်းကောင်း ငါ့ကို မပန်ဘဲ မစားကုန်လင့်၊ ဤသို့ လူတို့အား အဆုံးအမကိုပေး၍ လှည်းငါးရာတို့ဖြင့် ကန္တာရကို သွား၏။ ထိုကန္တာရအလယ်သို့ ရောက်သည်ရှိသော် ဘီလူးသည် ရှေးနည်းဖြင့်သာလျှင် ဘုရားလောင်းအား ခရီးရင်ဆိုင်၌ မိမိကိုယ်ကို ပြ၏။

ဘုရားလောင်းသည် ထိုဘီလူးကိုမြင်၍လျှင် ဤကန္တာရ၌ ရေသည် မရှိ၊ ဤကန္တာရသည် နိရုဒက ကန္တာရမည်၏။ ဤလူသည် ကြောက်လည်း မကြောက်၊ မျက်စိလည်းနီ၏။ ဤသူ၏အရိပ်လည်း မထင်၊ မချွတ်လျှင် ဤသူသည် ရှေ့က သွားသော လှည်းကုန်သည် မိုက်ကို အလုံးစုံ ကိုစွန့်၍ ပင်ပန်း လေလျက် ပရိသတ်နှင့်တကွ စားအပ်သည် ဖြစ်လတ္တံ့၊ ငါ့အား ပညာရှိသည်၏ အဖြစ် အကြောင်းဟုတ်သည် မဟုတ်သည်၌ လိမ္မာသူ၏အဖြစ်ကို မသိလေယောင် တကားဟု ကြံအောက်မေ့၏။

ထိုနောင်မှ ဘီလူးကို ဆို၏။ သင်တို့သည် သွားကြကုန်လော၊ ငါတို့ကုန်သည် တို့မည်သည်ကား တစ်ပါးသောရေကို မမြင်မူ၍ ယူခဲ့သောရေကို မစွန့်ကုန်၊ မြင်သောအရပ်၌သာ ထိုရေကိုစွန့်၍ လှည်းတို့ကို ပေါ့သည်တို့ကို ပြု၍သွားကုန်အံ့ဟု ဘုရားလောင်းဆို၏။ ဘီလူးသည် အတန်ငယ်သွား၍ မမြင်ရာအရပ်သို့ ဖဲ၍ မိမိတို့ဘီလူးပြည်သို့သာလျှင် သွားလေ၏။

ဘီလူးသွားပြီးသည်ရှိသော်ကား လူတို့သည် ဘုရားလောင်းကို ဆိုကုန်၏။ အရှင် ဤလူတို့သည် ဤညိုသော တောအရေးသည် တင်၏။ ဤအရပ်မှစ၍ မပြတ်မိုးရွာ၏ဟုဆို၍ ကြာညို ကြာဖြူ ကြာနီ ကုမုဒြာကြာပန်းတို့ကို ပန်ကုန်လျက် ကြာပဒုမာ ကြာပုဏ္ဍရိက်စည်းတို့ကို ယူကုန်၍ ကြာစွယ် ကြာရင်းတုံ့ကို စားကုန်လျက် စိုသောအဝတ် စိုသောဆံ ယိုသော ရေပေါက်ရှိကုန်သည်ဖြစ်၍ လာကုန်၏။ ရေကိုစွန့်၍ ပေါ့သောလှည်းတို့ဖြင့် လျင်စွာ သွားကြကုန်အံ့ဟု ဆို၏။ ဘုရားလောင်းသည် ထိုသူတို့၏ စကားကိုကြား၍ လှည်းတို့ကိုရပ်စေ၍ ခပ်သိမ်းကုန်သောလူတို့ကို စည်းဝေးစေ၍ သင်တို့သည် ဤကန္တာရ၌ အိုင်သည်လည်းကောင်း၊ လေးထောင့်ကန်သည် လည်းကောင်း ရှိ၏ဟု တစ်စုံတစ်ယောက်သောသူ၏စကားကို ကြားဖူးသလောဟု မေး၏။ အရှင် မကြားစဖူးဟု ဆိုကုန်၏။ ဤကန္တာရသည် နိရုဒက ကန္တာရမည်၏ဟု ဆို၏။ အရှင် ယခုပင်လျှင် အချို့ကုန်သောလူတို့သည် ဤညိုသော တောအရေး၏ရှေ့မှ မိုးရွာ၏ဟု ပြောဆိုကုန်သည်တကားဟု ဆိုကုန်သည်ရှိသော်—

မိုးသက်လေသည် အဘယ်မျှသော အရပ်သို့ လာသနည်း၊ အရှင် တစ်ယူဇနာမျှသောအရပ်သို့ လာ၏ဟု ဆိုကုန်၏။ သင်တို့တွင် အမှတ်မဲ့ ဖြစ်သော တစ်ယောက်သောသူ၏လည်း ကိုယ်ကို မိုးသက်လေသည် ခတ်သလောဟုဆို၏။ အရှင် မခတ်ပေဟု ဆိုကုန်၏။

မိုးတိမ်ညွန့်မည်သည်ကား အဘယ်မျှလောက်သော အရပ်၌ ထင်သနည်းဟု မေး၏။ အရှင် သုံးယူဇနာမျှလောက်သော အရပ်၌ ထင်သည်ဟု ဆိုကုန်၏။ သင်တို့တွင် တစ်စုံတစ်ယောက်သော သူသည် တင်ခုသော မိုးတိမ်ကို မြင်သလောဟု မေး၏။ အရှင် မမြင်ဟု ဆိုကုန်လျှင်—

လျှပ်မည်သည်ကား အဘယ်မျှလောက်သောအရပ်၌ ထင်သနည်းဟု မေး၏။ အရှင် လေးယူဇနာ အရပ်၌ထင်၏ဟု ဆိုကုန်၏။သင်တို့တွင် တစ်စုံတစ်ယောက်သောသူသည် လျှပ်ရောင်ကို မြင်သလောဟု မေး၏။ အရှင် မမြင်ဟု ဆိုကုန်၏။

မိုးသံမည်သည်ကို အဘယ်မျှလောက်သော အရပ်က ကြားသနည်းဟု မေး၏။ အရှင် တစ်ယူဇနာမျှလောက်သော အရပ်က ကြား၏ဟု ဆိုကုန်၏။ သင်တို့တွင် တစ်စုံတစ်ယောက်သော သူသည် မိုးသံကို ကြားသလောဟု မေး၏။ အရှင် မကြားဟု ဆိုကုန်၏။

[ကျက်မှတ်ရန်—တိမ် တော၊ လေ ကော်၊ လျှပ်စစ် ပဥ္စော၊ သံ တယော။]

ထိုသူတို့သည် လူမဟုတ်ကုန်။ ဘီလူးတို့တည်း။ ထိုသူတို့သည် ငါတို့ကို ရေကို စွန့်စေကုန်၍ အားနည်းသည်ကို ပြုကုန်၍ စားလိုကုန်ရကား လာကုန်သည် ဖြစ်ကုန်လတ္တံ့။ ရှေ့ကသွားသော လှည်းကုန်သည်မိုက်သည် အကြောင်းဟုတ်သည် မဟုတ်သည်ကို မသိ၍ စင်စစ် ထိုလှည်းကုန်သည်မိုက်ကို ထိုဘီလူးတို့သည် ရေကို စွန့်စေ၍ ပင်ပန်းစေ၍ စားအပ်ပြီးသည် ဖြစ်လတ္တံ့။ လှည်းငါးရာတို့သည်လည်း ပြည့်မြဲတိုင်းသော ဝန်ရှိကုန်သည်ဖြစ်၍ သာလျှင် တည်ကုန်လတ္တံ့။ ယခု ငါတို့သည် လှည်းတို့ကို မြင်ရကုန်အံ့။ တစ်လက်ဖက်မျှသော ရေကိုလည်း မစွန့်မူ၍ လျင်စွာ လျင်စွာ နှင်ကြလောဟု ဆို၍ လှည်းတို့ကို နှင်စေ၏။

ထိုဘုရားလောင်းသည် သွားသည်ရှိသော် ပြည့်မြဲတိုင်းသော ဝန်ဖြင့် ပြည့်သည်သာလျှင် ဖြစ်ကုန်သော လှည်းငါးရာတို့ကိုလည်းကောင်း၊ ထက်ဝန်းကျင်သော အရပ်တို့၌ ဖရိုဖရဲရှိကုန်သော နွားရိုး လူရိုး လက်ရိုး စသည်တို့ကို လည်းကောင်း မြင်၍ လှည်းကိုလှည့် (ဝိုင်းဖွဲ့)သဖြင့် သင်္ကေတဖွဲ့စေ၍ အလုံးစုံ

သာလျှင် ဖြစ်ကုန်သော လူတို့ကိုလည်းကောင်း၊ နွားတို့ကိုလည်းကောင်း ညစာ စားစေကုန်၍ လူတို့ အလယ်၌ နွားတို့ကို အိပ်စေကုန်၏။ မိမိသည် ဗိုလ်ပါတို့၏ အမှူးဖြစ်၍ သန်လျက်ကို လက်စွဲလျက် ညဉ့်သုံးယံပတ်လုံး အစောင့်အရှောက်ကို ယူ၍ ရပ်လျက်သာလျှင် အရုဏ်ကို တက်စေ၏။ နက်ဖြန် နံနက် စောစော ကလျှင် ခပ်သိမ်းသော ကိစ္စတို့ကို ပြီးစေ၍ နွားတို့ကို စားစေ၍ အားနည်း ကုန်သော လှည်းတို့ကို စွန့်ပစ်စေခြင်း ခိုင်ခံ့ကုန်သော လှည်းတို့ကို ယူခဲ့စေခြင်း အဖိုးမထိုက်သော ဘဏ္ဍာကို စွန့်စေခြင်း အဖိုးများစွာထိုက်သော ဘဏ္ဍာကို တင်ခဲ့စေခြင်းတို့ကို ပြု၍ အလိုရှိရာအရပ်သို့ ရောက်၍ နှစ်ဆတက်ဖြစ်သော အဖိုးဖြင့် ဘဏ္ဍာကို ရောင်း၍ အလုံးစုံသော ပရိသတ်ကို ယူ၍ တစ်ဖန် မိမိနေရာ ဗာရာဏသီ ပြည်သို့သာလျှင် ပြန်သွား၏။

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် ဤတရားကို ဟောတော်မူ၍ သူကြွယ် ဤသို့ ရှေးသောအခါ၌ ကြံသဖြင့် ချွတ်ယွင်း (မသေချာ)သော အကြောင်းကို ယူကုန်သော သူတို့ သည် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ကုန်ပြီ။ မချွတ်ယွင်းသော (သေချာပေါက်) အကြောင်းကို ယူကုန်သော သူတို့သည်ကား ဘီလူးတို့၏ လက်မှလွတ်၍ ချမ်းသာသဖြင့် လိုရာအရပ်သို့ ရောက်၍ တစ်ဖန် မိမိတို့၏ နေရာအရပ်သို့သာလျှင် ပြန်လည်ရကုန်ပြီဟု မိန့်တော်မူ၏။

ဤနှစ်ပါးကုန်သော ဝတ္ထုတို့ကို စပ်၍ ဤအပဏ္ဏက ဓမ္မဒေသနာ၌ ဘုရား ဖြစ်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏။

၁။ အ ပဏ္ဏကံ ဌာနမေကေ၊ ဒုတိယံ အာဟု တက္ကိကာ။
တေဒညာယ မေဓာဝီ၊ တံ ဂဏှေယျ အ ပဏ္ဏကံ။

အချို့သော ပညာရှိတို့သည် မလွဲကေန် အမှန်သေချာသော အကျင့် လမ်းစဉ်ကို ဟောကြားတတ်ကုန်၏။ ပညာနည်းပါး ထင်ရာမြင်ရာ ကြံစည် တွေးဆလျက် ရှိသူတို့သည် မသေချာသော အကျင့်လမ်းစဉ်ကို ဟောကြား တတ်ကုန်၏။ ပညာရှိပုဂ္ဂိုလ်တို့သည် ဤအကျင့်လမ်းစဉ် နှစ်ရပ်ကို ပိုင်းခြား ထင်ထင် သိမြင်၍ ထိုမလွဲကေန် အမှန်သေချာသော အကျင့်လမ်းစဉ်ကို ယူရာ၏။

ထိုဂါထာ၌ သရဏဂုံ သုံးပါး၊ ငါးပါးသော သီလ၊ ရှစ်ပါးသော သီလ၊ ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိ သီလ၊ ပစ္စယ ပဋိသေဝန ဟူသော အလုံးစုံသော စတုပါရိသုဒ္ဓိသီလ၊ ဣန္ဒြိယေသု ဂုတ္တ

ဒွါရတာ၊ ဘောဇနေမတ္တညုတာ၊ ဇာဂရိယာနုယောဂ၊ ဈာန်၊ ဝိပဿနာ၊ အဘိညာဉ်၊ သမာပတ်၊ အရိယမဂ်၊ အရိယဖိုလ် ဟူသော ဤအလုံးစုံသည် အပဏ္ဏက ဌာနမည်၏။ ဤအပဏ္ဏက အကျင့်မည်သည်ကား ခပ်သိမ်းကုန်သော ဘုရားပစ္စေကဗုဒ္ဓါ ဘုရားသားတော်တို့၏ အကျင့်တည်း။ ခပ်သိမ်းကုန်သော ဘုရားတို့သည် အပဏ္ဏကအကျင့်ကိုသာလျှင် ကျင့်ကုန်၍ မြဲစွာသော ဝီရိယဖြင့် ပါရမီကို ဖြည့်ကုန်၍ ဗောဓိပင်၏ အရင်း၌ ဘုရားဖြစ်ကုန်၏၊ ပစ္စေကဗုဒ္ဓါတို့သည် ပစ္စေကဗောဓိဉာဏ်တို့ကို ဖြစ်စေကုန်၏။ ဘုရားသားတော်တို့သည်လည်း သာဝကပါရမီဉာဏ်ကို သိကုန်၏။ ထို့ကြောင့် ပညာရှိသည် အပဏ္ဏက အကျင့်ကိုသာလျှင် ယူရာ၏။ ဤသို့ မြတ်စွာဘုရားသည် ထိုသီတင်းသည်တို့အား သုံးပါးသော ကုလသမ္ပတ္တိတို့ကို လည်းကောင်း၊ ကာမာဝစရနတ်ပြည်ခြောက်ထပ် ဗြဟ္မာ့ပြည်နှစ်ဆယ်တို့၌ သမ္ပတ္တိတို့ကိုလည်းကောင်း ပြပြီး၍ အဆုံး၌ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ပေးတတ်သော အကျင့်သည် အပဏ္ဏကအကျင့်မည်၏။ လေးပါးကုန်သော အပါယ်တို့၌လည်းကောင်း၊ ငါးပါးကုန်သော ယုတ်သော အမျိုးတို့၌လည်းကောင်း ဖြစ်ခြင်းကို ပေးတတ်သော အကျင့်သည် ပဏ္ဏကအကျင့်မည်၏ဟု ဤအပဏ္ဏကဓမ္မဒေသနာကို ပြတော်မူပြီး၍ သစ္စာလေးပါးတို့ကို တစ်ဆယ့်ခြောက်ပါးကုန်သော အခြင်းအရာတို့ဖြင့် ပြတော်မူ၏။ ဤသစ္စာလေးပါးကို ပြသည်၏ အဆုံး၌ အလုံးစုံလည်းဖြစ်ကုန်သော ထိုငါးရာကုန်သော ဥပါသကာတို့၏ တပည့်ဖြစ်ဖူးကုန်သော သီတင်းသည်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။

## ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ပြတော်မူပြီး၍ နှစ်ပါးကုန်သော ဝတ္ထုတို့ကိုဟောတော်မူ၍ အနုသန္ဓိကိုစပ်၍ ယခုအခါဒေဝဒတ်သည် ထိုအခါ ထိုမိုက်သော လှည်းကုန်သည်သားဖြစ်လေပြီ၊ ယခုအခါ ဒေဝဒတ်၏ ပရိသတ်သည် ထိုအခါထိုမိုက်သော လှည်းကုန်သည်သား၏ ပရိသတ်ဖြစ်လေပြီ၊ ယခုအခါ ဘုရားပရိသတ်သည် ထိုအခါ ပညာရှိသော လှည်းကုန်သည်သား၏ ပရိသတ် ဖြစ်လေပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိသော လှည်းကုန်သည်သား ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ရှေးဦးစွာသော အပဏ္ဏကဇာတ်သည် ပြီး၏။

## ၂-ဝဏ္ဏုပထဇာတ်

### မပျင်းမရိသော သူသည် စိတ်နှလုံး၏ ငြိမ်းအေးခြင်းကို ရကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လူအပေါင်းကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "အကိလာသုနော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝဏ္ဏုပထဇာတ် ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူလျက် ဟောတော်မူ၏။ အဘယ်သူကို အကြောင်းပြု၍ ဟောတော်မူသနည်းဟူမူကား လျှော့သော ဝီရိယရှိသော တစ်ယောက်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

မြတ်စွာဘုရားတည် သာဝတ္ထိပြည်၌ နေတော်မူစဉ် သာဝတ္ထိပြည်၌ နေသော တစ်ယောက်သော အမျိုးသားသည် ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရား၏ အထံတော်၌ တရားတော်ကို နာရ၍ ကြည်ညိုသော စိတ်ရှိ သည်ဖြစ်၍ ကာမဂုဏ်၌ အပြစ်ကို မြင်၍ ရဟန်းပြု၍ ပဉ္စင်းဖြစ်သည်မှ ငါးနှစ် ရှိသည် ဖြစ်၍ မာတိကာနှစ်စောင်ကို သင်ကြား၍ ဝိပဿနာအကျင့်ကို ကျင့်၍ ဘုရား၏ အထံတော်၌ မိမိအလိုရှိအပ်သော ကမ္မဋ္ဌာန်းကို ယူ၍ တစ်ခုသော တောဘို့ ဝင်၍ ဝါတွင်း သုံးလပတ်လုံး နေ၍ ဝါတွင်း သုံးလပတ်လုံး လုံ့လပြု ငြားသော်လည်း အရိပ်အရောင်မျှကိုလည်းကောင်း, နိမိတ်မျှကိုလည်းကောင်း ဖြစ်စေခြင်းငှါ မတတ်နိုင်။ ထိုအခါ ထိုရဟန်းသည်ကား မြတ်စွာဘုရားသည် လေးပါးကုန်သော ပုဂ္ဂိုလ်တို့ကို ဟောအပ်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့တွင် ငါသည် ပဒပရမ (မဂ်ဖိုလ်ကို ရခြင်းငှါ မထိုက်သော) ပုဂ္ဂိုလ်သည် ဖြစ်ရာ၏။ ငါ့အား ဤကိုယ်၏အဖြစ်၌ မဂ်ကိုလည်းကောင်း, ဖိုလ်ကိုလည်းကောင်း ရခြင်းငှါ မရှိယောင်တကား၊ တော၌ နေသဖြင့် အဘယ်မူအံ့နည်း ဘုရားအထံသို့ သွား၍ အဆင်း၏ တင့်တယ်ခြင်းအစုသို့ ရောက်သော မြတ်စွာဘုရားကိုယ်တော်ကို ဖူးမြော်ကာ သာယာစွာသော တရားတော်ကို နာ၍သာ နေအံ့ဟု ကြံ၍ ဇေတဝန်ကျောင်းတော်သို့သာလျှင် တစ်ဖန် လာပြန်၏။

ထိုအခါ ထိုရဟန်းကို မြင်ဖူးကုန်သော အဆွေခင်ပွန်း မြဲသော အဆွေခင်ပွန်းတို့သည် သိကုန်၏၊ ငါ့ရှင် သင်သည် ဘုရားအထံတော်၌ ကမ္မဋ္ဌာန်းကို ယူ၍ ရဟန်းတရားကို ကျင့်အံ့ဟု သွား၍ ယခုအခါ ၌ကား လာလတ်၍ အခြွေအရံ အပေါင်းအဖော်၌ အလွန်မွေ့လျော်လျက် ကျက်စား၏ သင့်အား ရဟန်းကိစ္စသည် အပြီးသို့ ရောက်ပြီလော၊ ကျင့်စရာ

မရှိပြီလောဟု ဆိုကုန်၏။ ငါ့ရှင်တို့ ငါသည် မဂ်ကိုလည်းကောင်း, ဖိုလ်ကိုလည်းကောင်း မရသော ကြောင့် ငါသည် မကျွတ်ထိုက်သော ပုဂ္ဂိုလ်သည် ဖြစ်ရာ၏ဟု ဝီရိယကို စွန့်၍ လာ၏ဟု ဆို၏။ ငါ့ရှင် သင်သည် မြဲသော ဝီရိယရှိသော မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြု၍ ဝီရိယကို လွှတ်သဖြင့် သင်သည် မသင့်မလျော်သည်ကို ပြုဘိ၏၊ လာလှည့်၊ သင့်ကို မြတ်စွာဘုရားအား ပြကုန်အံ့ဟု ထိုရဟန်းကို ယူ၍ မြတ်စွာဘုရားအထံတော်သို့ သွားကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းကို မြင်လျှင် ဤသို့ မိန့်တော်မူ၏၊ ရဟန်းတို့ သင်တို့သည် အလိုမရှိ (ဘုရားမဖူးလို)သော ရဟန်းကို ယူ၍ လာကုန်၏။ ဤရဟန်းသည် အဘယ်ကို ပြုသနည်းဟု မိန့်တော်မူ၏။ အရှင်ဘုရား ဤရဟန်းသည် ဤသို့စဉ်သဘော ရှိသော ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော သာသနာတော်၌ ရဟန်းပြု၍ ရဟန်းတရားကို ကျင့်လျက် ဝီရိယကို လျှော့၍ လာ၏ဟု လျှောက်ကုန်၏။

ထိုအခါ ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း သင်သည် ဝီရိယကို လျှော့သတတ်ဟူသည် မှန်သလောဟု မေးတော်မူ၏၊ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု လျှောက်၏။ ရဟန်းသင်သည် အဘယ်ကြောင့် ဤသို့ စဉ်သဘောရှိသော ငါဘုရားသာသနာတော်၌ ရဟန်းပြု၍ အလိုနည်း၏ဟူ၍လည်းကောင်း, ရောင့်ရဲလွယ်၏ဟူ၍လည်းကောင်း, ဆိတ်ငြိမ်ခြင်းကို အလိုရှိ၏ဟူ၍လည်းကောင်း, အားထုတ်အပ်သော ဝီရိယရှိ၏ဟူ၍လည်းကောင်း ဤသို့ မိမိကိုယ်ကို မသိစေမူ၍ လျှော့သောဝီရိယရှိသောရဟန်းဟူ၍ သိစေဘိသနည်း။ သင်သည် ရှေး၌လည်း ဝီရိယရှိသည် ဖြစ်ဖူးသည် မဟုတ်လော၊ တစ်ယောက်တည်းသော သင်၏ ဝီရိယကို မှီ၍ သဲကန္တာရ၌ လှည်းငါးရာတို့၌ လူတို့သည်လည်းကောင်း, နွားတို့သည်လည်းကောင်း သောက်ရေကို ရကုန်၍ ချမ်းသာသည် ဖြစ်ဖူးပြီ၊ ယခုအခါ၌ အဘယ့်ကြောင့် ဝီရိယကို လျှော့သနည်းဟု မိန့်တော်မူ၏။

ထိုရဟန်းသည် ဤမျှ အတိုင်းအရှည်ရှိသော စကားတော်ဖြင့် အထောက်အပံ့ကို ရသည် ဖြစ်၏။ ထိုစကားကို ကြားကုန်၍ ရဟန်းတို့သည် မြတ်စွာဘုရားကို တောင်းပန်ကုန်၏၊ အရှင်ဘုရား ယခုအခါ၌ ဤရဟန်းသည် ဝီရိယကို လျှော့သည်၏ အဖြစ်သည် အကျွန်ုပ်တို့အား ထင်ရှား၏၊ ရှေး၌ကား တယောက်တည်းသော ထိုရဟန်း၏ ဝီရိယကိုမှီ၍ သဲကန္တာရ၌ နွားနှင့်လူတို့၏ သောက်ရေကို ရကုန်၍ ချမ်းသာသည်၏ အဖြစ်သည် အကျွန်ုပ်တို့အား မထင်။ အရှင်ဘုရား၏ သဗ္ဗညုတ ဉာဏ်တော်အားသာလျှင် ထင်၏ အကျွန်ုပ်တို့အားလည်း ထို အကြောင်းကို ဟောတော်မူပါ ကုန်လောဟု တောင်းပန်ကုန်၏၊ ရဟန်းတို့ ထိုသို့ဖြစ်ပါမူကား သင်တို့သည် နာကုန်လော့ဟု မြတ်စွာဘုရားသည် ထိုရဟန်း

တို့အား သစ္စာတို့ကို ဖြစ်စေ၍ ဘဝတစ်ပါးဖြင့် ဖုံးလွှမ်းအပ်သော အကြောင်းကို ထင်ရှား ပြတော်မူ၏။

## အတီတဝတ္ထု

လွန်လေပြီးသောအခါ ကာသိတိုင်း ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုလတ်သော် ဘုရားအလောင်းသည် လှည်းမှူးအမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည် ရှိသော် လှည်းငါးရာတို့ဖြင့် ကုန်သွယ်အံ့သောငှါ သွား၏၊ ထိုဘုရားလောင်းသည် ငါးဆယ့် ကိုးယူဇနာရှိသော သဲကန္တာရကို သွား၏။ ထိုကန္တာရ၌ သဲတို့သည် သိမ်မွေ့ကုန်၏။ လက်ဆုပ်ဖြင့် ယူအပ်ကုန်သော သဲတို့သည် လက်၌ မတည်ကုန်။ နေထွက်သော အခါမှ စ၍ မီးကျီးစုကဲ့သို့ ပူ၏၊ နင်းခြင်းငှါ မတတ်ကောင်း။ ထို့ကြောင့် ထိုသဲကန္တာရ၌ သွားကုန်သော သူတို့သည် ထင်း, ရေ, ဆီ, ဆန် အစရှိသည်တို့ကို လှည်းတို့ဖြင့် ယူကုန်၍ ညဉ့်၌သာလျှင် သွားကုန်၍ အရုဏ်တက်သော အခါ၌ လှည်းတို့ကို လှည့်သည် (အဝိုင်းပုံ)တို့ကို ပြုကုန်၍ အထက်၌ မဏ္ဍပ်ဆောက်ကုန်၍ စောစောကလျှင် အာဟာရကိစ္စကို ပြီးစေကုန်၍ အရိပ်၌ နေကုန်လျက် နေ့ကို ကုန်စေ၍ နေဝင်သောအခါ၌ ညစာ စား၍ နေသည် အေးလတ်သော် လှည်းတို့ကို ကကုန်၍ သွားကုန်၏။ သမုဒ္ဒရာ၌ သွားခြင်းနှင့် တူသည်သာလျှင် ဖြစ်သော သွားခြင်းသည် ဖြစ်၏။ ထို့ကြောင့် ကြည်းကုန်းသို့ ပို့ဆောင်တတ်သော သူမည်သည် (လမ်းပြ)ကို ရခြင်းငှါ သင့်၏။ ထိုကြည်းကုန်းသို့ ပို့ဆောင်တတ်သောသူသည် ကြယ်အမှတ်ဖြင့် လှည်းအပေါင်းကို ပို့ဆောင်၏။ ထိုလှည်းမှူးသည်လည်း ထိုကာလ၌ ဤနည်းဖြင့်သာလျှင် ထိုကန္တာရသို့ သွားသည် ရှိသော် ငါးဆယ့် ကိုးယူဇနာရှိသော အရပ်တို့သို့ ရောက်၍ ယခုအခါ၌ တစ်ညဉ့်တည်းဖြင့်လျှင် သဲကန္တာရမှ လွတ်မြောက်သည် ဖြစ်လတ္တံ့ဟု ညစာ စားကုန်၍ အလုံးစုံသော ထင်းရေတို့ကို ကုန်စေ၍ လှည်းတို့ကို ကစေ၍ သွား၏။

ကြည်းကုန်းသို့ ပို့ဆောင်တတ်သော သူ(လမ်းပြ)သည်ကား ရှေးဦးစွာသော လှည်း၌ နေရာခင်း၍ ကောင်းကင်၌ ကြယ်ကို ကြည့်လျက် ဤအရပ်သို့ နှင်ကုန်လော၊ ဤအရပ်သို့ နှင်ကုန်လောဟု ဆို၍ အိပ်၏။ ထိုကြည်းကုန်းသို့ ပို့ဆောင်တတ်သော သူသည် ရှည်စွာသော ကာလပတ်လုံး မအိပ်ရ၍ ပင်ပန်းသည် ဖြစ်သောကြောင့် အိပ်ပျော်လေ၏။

ပြန်လည်၍ လာမြဲတိုင်းသော လမ်းကို နွားတို့ပြန်လှည့်သည်ကို မသိလေပြီ။ နွားတို့သည် တစ်ညဉ့်ပတ်လုံး သွားကုန်၏။ ကြည်းကုန်းသို့ ပို့ဆောင်တတ်သော သူသည် အရုဏ်တက်သောအခါ၌ နိုးလတ်သည် ရှိသော် နက္ခတ်ကို ကြည့်၍ လှည်းတို့ကို ပြန်ကြကုန်လော့၊ ပြန်ကြကုန်လောဟု ဆို၏။ လှည်းတို့ကို အစီ

အစဉ်ကို ပြုကုန်စဉ်သာလျှင် နေထွက်၏။ လူတို့သည် ယမန်နေ့က ငါတို့နေရာ သစ်ခက်တပ် အရပ်လျှင်တည်း။ ငါတို့၏ ထင်း, ရေ သည်လည်း ကုန်၏။ ယခု ငါတို့သည် ပျက်စီးကုန်ပြီဟု လှည်းတို့ကို ချွတ်စေကုန်၍ လှည်(ဝိုင်းဖွဲ့)သဖြင့် ထားကုန်၏။ အထက်၌ မဏ္ဍပ်ကို ဆောက်ကုန်၍ မိမိ,မိမိတို့၏ လှည်းအောက်၌ စိုးရိမ်ကုန်လျက် အိပ်ကုန်၏။

ဘုရားလောင်းသည် ငါသည် ဝီရိယကို လျှော့သည် ရှိသော် ခပ်သိမ်းကုန်သော သူတို့သည် ပျက်စီးကုန်လတ္တံ့ဟု စောစောက ချမ်းအေးသောအခါ ၌လျှင် လှည့်လည်သည်ရှိသော် တစ်ခုသော နေဇာမြက်စုကို မြင်၍ ဤမြက် တို့သည် အောက်၌ ရေစိုသဖြင့် ပေါက်ကုန်သည် ဖြစ်လတ္တံ့ဟု ကြံ၍ ပေါက်တူး ကို ယူစေ၍ ထိုအရပ်ကို တူးစေ၏။ ထိုခဏ၌လျှင် အတောင်ခြောက်ဆယ်ရှိသော အရပ်တိုင်အောင် တူးမိကုန်၏။ ထိုမျှ အတိုင်းအရှည်ရှိသော အရပ်သို့ တူး၍ ခတ်ကုန်သောသူတို့၏ ပေါက်တူးသည် အောက်ကျောက်ဖျာ၌ ခတ်မိ၏။ ခတ်မိ ကာမျှ၌ ခပ်သိမ်းသော သူတို့သည် ဝီရိယကို လျှော့ကုန်၏။ ဘုရားလောင်း သည်ကား ဤကျောက်ဖျာ၏ အောက်ဘက်၌ ရေသည် ဖြစ်ရာ၏ဟု ဆင်းသက်၍ ကျောက်ဖျာ၌ ရပ်လျက် ညွတ်၍ နား‌ထောင်၍ အသံကို ဆင်ခြင်သည် ရှိသော် အောက်၌ ရေစီးသံကို ကြား၍ တက်လတ်ပြီးသော် အလုပ်အကျွေးငယ်ကို ဆို၏။ အမောင် သင်သည် ဝီရိယကို လျှော့သည် ရှိသော် ခပ်သိမ်းကုန်သော ငါတို့သည် ပျက်စီးကြကုန်အံ့။ သင်သည် ဝီရိယကို မလျှော့မူ၍ ဤသံတူကို ယူ၍ တွင်းသို့ ဆင်းသက်၍, ထိုကျောက်ဖျာ၌ ပုတ်ခတ်ခြင်းကို ပေးလောဟု ဆို၏။ ထိုအလုပ်အကျွေးငယ်သည် ထိုဘုရားလောင်း၏စကားကို ဝန်ခံ၍ ခပ်သိမ်းကုန် သော သူတို့သည် လုံ့လကို လျှော့၍ တည်ကုန်သော်လည်း ဝီရိယကို မလျှော့ဘဲ ဆင်းသက်၍ ကျောက်ဖျာ၌ ပုတ်ခတ်ခြင်းကို ပေး၏။ ကျောက်ဖျာအလယ်၌ ကျိုး၍ အောက်သို့ ကျ၍ ဖီလာစီးသော ရေအလျဉ်ကို ချုပ်၍ တည်၏။ ထန်းလုံ ပမာဏရှိသော ရေကြောင်းသည် အထက်သို့ တက်၏။ ခပ်သိမ်းကုန်သော လှည်း ကုန်သည်တို့သည် ရေကို သောက်ကုန်၍ ချိုးကုန်၍ အပိုအလွန်ဖြစ်ကုန်သော ဝင်ရိုးထမ်းပိုးတို့ကို ခွဲကုန်၍ ယာဂုထမင်း ချက်စားကုန်၍ နွားတို့ကိုလည်း ကျွေးမွေးကုန်၍ နေဝင်သည် ရှိသော် ရေရှိသော အချင်း၏ အနီး၌ တံခွန်ဆွဲခဲ့ ကုန်၍ အလိုရှိရာအရပ်သို့ သွားကြကုန်၏။ ထိုလှည်းကုန်သည်တို့သည် မိမိတို့ ဥစ္စာကို ရောင်းကုန်၍ နှစ်ဆသုံးဆသော လာဘ်ကို ရကုန်၍ မိမိတို့ နေရာ အရပ်သို့သာလျှင် ပြန်ခဲ့ကုန်၏။ ထိုလှည်းကုန်သည်တို့သည် အသက်ထက်ဆုံး တည်ကုန်၍ ကံအလျောက် လားကြကုန်၏။ ဘုရားလောင်းသည်လည်း ဒါန အစရှိကုန်သော ကောင်းမှုတို့ကို ပြုကုန်၍ ကံအလျောက်သာလျှင် လား၏။ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဟောတော်မူ၍ ဤဂါထာကို မိန့်တော် မူ၏။

၂။ အကိလာသုနော ဝဏ္ဏုပထေ ခဏန္တာ၊
ဥဒင်္ဂဏေ တတ္ထ ပပံ အဝိန္ဒုံ။
ဧဝံ မုနီ ဝီရိယဗလူပပန္နော၊
အကိလာသု ဝိန္ဒေ ဟဒယဿ သန္တိံ။

ရေမနီးသော သဲကန္တာရခရီး၌ ရေတွင်းကို မပျင်းမရိ တူးကုန်သည် ရှိသော် ထိုသဲကန္တာရ မြေပြင်၌ သောက်ရေကို ရကုန်ပြီ၊ ဤအတူ ဝီရိယ စွမ်းအားနှင့် ပြည့်စုံသော မပျင်းမရိသော ရဟန်းသည် စိတ်၏ ငြိမ်းချမ်းရာ စျာန်မဂ်ဖိုလ် တရားကို ရလေ၏။

[မုနိသည် "အာဂါရိယ မုနိ၊ အနာဂါရိယ မုနိ၊ သေက္ခ မုနိ၊ အသေက္ခ မုနိ၊ ပစ္စေက မုနိ၊ မုနိ မုနိ" ဟူ၍ မုနိအပြား ၆-ပါးတို့တွင် ရအပ်ပြီးသော ဖိုလ် သိအပ်ပြီးသော သာသနာရှိသော လူသည် အာဂါရိယမုနိ မည်၏။ ထိုသို့ သဘောရှိသည်သာလျှင် ဖြစ်သော ရဟန်းသည် အနာဂါရိယ မုနိမည်၏။ သေက္ခ ခုနစ်ယောက်သည် သေက္ခ မုနိ မည်၏၊ ရဟန္တာသည် အသေက္ခ မုနိ မည်၏။ ပစ္စေက ဗုဒ္ဓါသည် ပစ္စေကမုနိ မည်၏။ သဗ္ဗညု မြတ်စွာဘုရားသည် မုနိ မုနိ မည်၏။ ဤအရာ၌ အလုံးစုံသော မုနိကို ယူသည်၏ အစွမ်းအားဖြင့် ပညာနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် မုနိ ဟူ၍ သိအပ်၏။ အဓိပ္ပါယ်ကား—ထိုလှည်းကုန်သည်တို့သည် မပျင်း မရိသည် ဖြစ်၍ ခရီး၌ တူးကုန်လတ်သော် ရေကို ရကုန်၏။ ထိုအတူ ဤသာသနာတော်၌လည်း မပျင်းမရိသည် ဖြစ်၍ လုံ့လပြုသော ပညာ ရှိသော ရဟန်းသည် ဤစျာန် အစရှိသည် အပြားရှိသော စိတ်၏ ငြိမ်းခြင်းကို ပြုတတ်သော တရားကို ရ၏။ ရဟန်း ထိုသင်သည် ရှေး၌ ရေမျှ၏ အကျိုးငှါ လုံ့လကို ပြု၏။ ယခုအခါ၌ ဤသို့ သဘောရှိသော မဂ်ဖိုလ်ကို ပေးတတ်သော ဝဋ်ဆင်းရဲမှ လွတ်မြောက်စေကြောင်း ဖြစ်သော သာသနာ၌ ဝီရိယကို အဘယ့်ကြောင့် လျှော့သနည်း ဟူလိုသော်။]

ဤသို့ ဓမ္မဒေသနာတော်ကို ပြပြီး၍ သစ္စာလေးပါးတို့ကို ပြတော်မူ၏။ သစ္စာ လေးပါးတို့ကို ပြတော်မူသည်၏ အဆုံး၌ လျှော့သော ဝီရိယရှိသော ရဟန်းသည် မြတ်သော အရဟတ္တဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည်လည်း နှစ်ပါးသော ဝတ္ထုတို့ကို ပြပြီး၍ အနုသန္ဓိစပ်၍ ယခုအခါ လျှော့သော ဝီရိယရှိသော ရဟန်းသည် ထိုအခါ ဝီရိယကို မလျှော့မူ၍ ကျောက်ဖျာကို ဖောက်၍ လူများစွာအား ရေကို ပေးတတ်သော ဘုရားလောင်း လှည်းကုန်သည်၏ အလုပ်အကျွေးငယ် ဖြစ်လေပြီ၊ ယခုအခါ ဘုရား ပရိသတ်တို့သည် ထိုအခါ ကြွင်းကုန်သော ပရိသတ် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည် ထိုအခါ လှည်းကုန်သည်မှူး ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၍ ဒေသနာကို ပြီးစေတော်မူ၏။

နှစ်ခုမြောက်သော ဝဏ္ဏုပထဇာတ်သည် ပြီး၏။

(ယောကျ်ားတို့ လုံ့လ သေခါမှ လျှော့ရမည်။)

---

၃-သေရိဝဝါဏိဇဇာတ်

ကောက်ကျစ်သောကြောင့် ရွှေခွက်လက်လွတ်သော ရှိကုန်သည်အကြောင်း

( အကြံတူ နောက်လူ သာစမြဲ )

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည် "ဣဓ စ နံ ဝိရာဓေသိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤသေရိဝဝါဏိဇဇာတ် ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူလျက် တစ်ယောက်သော လျှော့သော ဝီရိယရှိသည်သာလျှင် ဖြစ်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

သဗ္ဗညု မြတ်စွာဘုရားသည် ရှေးနည်းဖြင့် ရဟန်းတို့သည် ဆောင်အပ်သော ထိုရဟန်းကို မြင်တော်မူ၍ မိန့်တော်မူ၏။ ရဟန်း သင်သည် ဤသို့ သဘောရှိသော မဂ်ဖိုလ်ကို ပေးတတ်သော သာသနာ၌ ရဟန်းပြု၍ ဝီရိယကို လျှော့၍ အဖိုးတစ်သိန်းထိုက်သော ရွှေခွက်မှ ယုတ်သော သေရိဝတိုင်းသား ရှိကုန်သည်ကဲ့သို့ ကြာမြင့်စွာ စိုးရိမ်ရလတ္တံ့၊ ဤသို့ မိန့်တော်မူ၏။ ရဟန်းတို့သည် ထိုအကြောင်းကို ထင်စွာ ဖြစ်စေခြင်းငှါ မြတ်စွာဘုရားကို တောင်းပန်ကုန်၏။ မြတ်စွာဘုရားသည် ဘဝတစ်ပါးဖြင့် ဖုံးလွှမ်းအပ်သော အကြောင်းကို ထင်စွာ ပြုတော်မူ၏၊

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဤဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် ငါးကမ္ဘာ ထက်၌ ဘုရားလောင်းသည် သေရိဝတိုင်း၌ သေရိဝမည်သော ရွှဲကုန်သည်သည် ဖြစ်၏။ ထိုဘုရားလောင်း ရွှဲကုန်သည်သည် သေရိဝမည်သော လောဘရမ္မက် ကြီးသော ရွှဲကုန်သည်နှင့်တကွ ရောင်းအံ့သောငှါ သွားကုန်သည် ရှိသော် နီလဝါဟမည်သော မြစ်ကို ကူး၍ အရိဋ္ဌပုရမည်သော ပြည်သို့ ဝင်သည် ရှိသော် မြို့ခရီးတို့ကို ခွဲဝေ၍ မိမိသည် ရအပ်သော ခရီးဖြင့် ဥစ္စာကို ရောင်းလျက် သွား၏။ တစ်ယောက်သော လောဘရမ္မက်ကြီးသော ကုန်သည်သည်လည်း မိမိသည် ရအပ်သော ခရီးကို ယူ၏၊ ထိုအရိဋ္ဌပုရမြို့၌လည်း တစ်ဦးသော သူဌေးအမျိုးသည် ပျက်စီးသည် ဖြစ်၍ ပေသိမ်းကုန်သော သားသမီးညီနှောင် တို့သည် လည်းကောင်း, ဥစ္စာသည် လည်းကောင်း ကုန်ခြင်းသို့ ရောက်ကုန်၏။ တစ်ယောက်သော သူငယ်မသည် အဘွားနှင့်တကွ ကြွင်းသည် ဖြစ်၏။ ထိုမြေး အဘွား နှစ်ယောက်တို့သည်လည်း သူတစ်ပါးတို့၏ အခစားကို ပြု၍ အသက် မွေးရကုန်၏၊ ထိုမြေးအဘွား အိမ်၌သော်ကား သူဌေးကြီးသည် သုံးဆောင် ဖူးသော အိုး၏အကြား၌ ထားအပ်သော ရွှေခွက်သည် ရှည်မြင့်စွာ မသုံးဆောင် အပ်သည် ဖြစ်၍ အညစ်အကြေး တက်သည်ဖြစ်၏၊ ထိုမြေးအဘွား နှစ်ယောက် တို့သည် ထိုခွက်၏ ရွှေခွက်၏ အဖြစ်ကိုလည်း မသိကုန်။

ထိုလောဘရမ္မက်ကြီးသော ကုန်သည်သည် ထိုအခါ၌ ရွှဲတို့ကို ဝယ်ကြ ကုန်လော၊ ရွှဲတို့ကို ဝယ်ကြကုန်လောဟု လှည့်လည်လျက် အိမ်တံခါးသို့ ရောက်လေ၏။ထိုသူငယ်မသည် ထိုရွှဲကုန်သည်ကို မြင်၍ အဘွားကို ဆို၏။အဘွား ငါ့အဖို့ တစ်ခုသော တန်ဆာကို ဝယ်ပါလောဟု ဆို၏။ မြေးငယ် ငါတို့သည် ဆင်းရဲကုန်၏၊ အဘယ်ကို ပေး၍ ဝယ်ကုန်အံ့နည်းဟု ဆို၏၊ ငါတို့အား ဤခွက်သည် ရှိ၏၊ ငါတို့အား ကျေးဇူးမရှိ (အသုံးမဝင်)၊ ဤခွက်ကို ပေး၍ ဝယ်လောဟု ဆို၏၊ ထိုအဘွားသည် ရွှဲကုန်သည်ကို ခေါ်စေ၍ နေရာ၌ နေစေ၍ ထိုခွက်ကို ပေး၍ အရှင် ဤခွက်ကို ယူ၍ သင့်နှမအား တစ်စုံတစ်ခုကို ပေးလောဟု ဆို၏၊ ရွှဲကုန်သည်သည် ခွက်ကို ကိုင်၍ ကြည့်လျှင် ရွှေခွက် ဖြစ်လတ္တံ့ဟု ကြံအောက်မေ့၍ ခွက်၏ကျော၌လျှင် လှည့်လည်၍ အပ်ဖြင့် အရေးကိုငင်(ခြစ်)၍ ရွှေခွက်အဖြစ်ကို သိ၍ ဤသူတို့အား တစ်စုံတစ်ခုကို မပေးမူ၍ ဤရွှေခွက်ကို ယူအံ့ဟု ကြံ၍ ဤခွက်သည် အဘယ် အဖိုးထိုက်အံ့နည်း၊ ထိုခွက်သည် ပဲဝက် မျှသော အဖိုးကိုလည်း မထိုက်ဟူ၍ မြေ၌ ပစ်၍လျှင် နေရာမှ ထ၍ သွားလေ၏၊

တစ်ယောက်သော သူသည် ဝင်၍ ထွက်သော ခရီးကို တစ်ယောက်သော သူသည် ဝင်ခြင်းငှါ ရ၏၊ ထို့ကြောင့် ဘုရားလောင်း ရွှဲကုန်သည်သည် ထိုခရီးသို့

ဝင်၍ ရွှဲတို့ကို ဝယ်ကြကုန်လောဟု ဆို၍ ထိုအိမ်တံခါးသို့လျှင် ရောက်လေ၏၊ တစ်ဖန် ထိုသူငယ်မသည် ထိုရှေးအတူလျှင် အဘွားကို ဆို၏၊ ထိုအခါ ထိုမြေးငယ်မကို အဘွားသည် ရှေးဦးစွာလာသော ကုန်သည်သည့်ခွက်ကို မြေ၌ ပစ်၍ သွားလေပြီ၊ ယခုအခါ အဘယ်ကို ပေး၍ ဝယ်ကုန်အံ့နည်းဟု ဆို၏။ ထိုရှေးကုန်သည်သည် ကြမ်းကြုတ်သော စကားရှိ၏၊ ဤကုန်သည်သည်ကား နှုတ်ချိုဖွယ် ရှိ၏၊ နူးညံ့ပြေပြစ်သော စကား ရှိ၏၊ ထိုခွက်ကို ယူငြားအံ့လည်း မသိဟု ဆို၏၊ မြေးငယ် ထိုသို့ ဖြစ်ပါမူကား ခေါ်လော့ဟု ဆို၏၊ ထိုအခါ အိမ်သို့ ဝင်၍ နေသော ထိုသူငယ်မသည် ထိုရွှဲကုန်သည်ကို ခေါ်၍ ထိုရွှဲကုန်သည်အား ထိုခွက်ကို ပေးကုန်၏၊ ထိုဘုရားလောင်း ကုန်သည်သည် ထိုခွက်၏ ရွှေခွက်၏အဖြစ်ကို သိ၍ အမိ ဤခွက်သည် အဖိုးတစ်သိန်း ထိုက်၏၊ အဖိုးတစ်သိန်းထိုက်သော ဥစ္စာသည် ငါ၏ လက်၌ မရှိဟု ဆို၏၊ အရှင် ရှေးဦးစွာလာသော ကုန်သည်သည် ဤခွက်သည် ပဲဝက်မျှကိုလည်း မထိုက်ဟူ၍ မြေ၌ ပစ်၍ သွား၏၊ ဤခွက်သည်ကား သင်၏ ကောင်းမှုကြောင့် ရွှေခွက်ဖြစ်သည် ဖြစ်လတ္တံ့၊ ငါတို့သည် ဤရွှေခွက်ကို သင်အား ပေးအံ့၊ တစ်စုံတစ်ခု မျှကိုလျှင် ငါတို့အား ပေး၍ ဤရွှေခွက်ကို ယူ၍ သွားလေလော့ဟု ဆို၏၊ ဘုရားလောင်းသည် ထိုခဏ၌ လက်သို့ ရောက်ကုန်သော ငါးရာကုန်သော အသပြာတို့ကို လည်းကောင်း၊ အဖိုးငါးရာထိုက်သော ဥစ္စာတို့ကို လည်းကောင်း ပေး၍ ငါ့အား ဤချိန်ကို လည်းကောင်း၊ ဤအိတ်ကို လည်းကောင်း၊ ရှစ်သပြာတို့ကို လည်းကောင်း ပေးကုန်လောဟု ဤမျှကို တောင်း၍ ယူ၍ သွားလေ၏။

ထိုဘုရားလောင်း ရွှဲကုန်သည်သည် လျင်စွာလျင် မြစ်နားသို့ ရောက်၍ ကူးတို့သည်အား ရှစ်သပြာကို ပေး၍ လှေကို စီးလေ၏၊ ထိုမိုက်သော ရွှဲကုန်သည်လည်း တစ်ဖန် ထိုမြေးအဘွား အိမ်သို့ သွား၍ သင်တို့၏ ခွက်ကို ဆောင်ခဲ့လော၊ သင်တို့အား တစ်စုံတစ်ခုကိုလျှင် ပေးအံ့ဟု ဆို၏၊ ထိုသူငယ်မသည် ထိုရွှဲကုန်သည်ကို ဆဲရေး၍ သင်သည် ငါတို့၏ အဖိုး တစ်သိန်းထိုက်သော ရွှေခွက်ကို ပဲဝက်မျှ အဖိုးကို ပြု၏၊ သင်၏ အရှင်နှင့်တူသော တစ်ယောက်သော တရားစောင့်သော ရွှဲကုန်သည်သည် ငါတို့အား အဖိုးတန်ထောင်ကို ပေး၍ ထိုရွှေခွက်ကို ယူ၍ သွားလေ၏ဟု ဆို၏၊ ထိုရွှဲကုန်သည်မိုက်သည် ထိုစကားကို ကြား၍လျှင် အဖိုးတစ်သိန်းထိုက်သော ထိုရွှေခွက်မှ ယုတ်၍ ဤကုန်သည်သည် ငါ့အား ရှုံးခြင်းကြီးကို ပြုခဲ့ပြီးတကားဟု အလွန်ဖြစ်သော ကြီးစွာသော စိုးရိမ်ခြင်းရှိသည် ဖြစ်၍ သတိကိုထားအံ့သော ငါ မတတ်နိုင်ရကား မိန်းမောသည်ဖြစ်၍ မိမိလက်သို့ ရောက်ကုန်သော အသပြာတို့ကို လည်းကောင်း၊ ဥစ္စာတို့ကို လည်းကောင်း အိမ်တံခါး၌ကြဲ၍ အဝတ်အရုံကိုစွန့်၍ ချိန်ရိုးကို ဆောက်ပုတ်ပြု၍ ဘုရားလောင်း၏ ခြေရာအစဉ် လိုက်သည် ရှိသော် ထိုမြစ်ကမ်းနားသို့ ရောက်၍

ကူးသွားသော ဘုရားလောင်းကို မြင်၍ အို ကူးတို့သည် လှေကို ပြန်စေလောဟု ဆို၏၊ ဘုရားလောင်းသည်ကား အမောင် ကူးတို့သည် မပြန်လင့်ဟု မြစ်၏။ မိုက်သော ရွှဲကုန်သည်လည်း ထိုသို့သွားသော ဘုရားလောင်းကို မြင်စဉ်ပင်လျှင် ကြီးစွာသော စိုးရိမ်ခြင်းသည် ဖြစ်၍ နှလုံးပူသည် ဖြစ်၏၊ ခံတွင်းမှ သွေးအန်၏၊ (အိုင်၌ ညွန်ကဲ့သို့)နှလုံးကွဲ၏၊ ထိုရွှဲကုန်သည်မိုက်သည် ဘုရားလောင်း၌ ရန်ငြိုးဖွဲ့၍ ထိုမြစ်နား၌ပင်လျှင် အသက်ကုန်ခြင်းသို့ ရောက်လေ၏။

ဤကား ဘုရားလောင်း၌ ဒေဝဒတ်၏ ရှေးဦးစွာဖွဲ့သော ရန်ငြိုးတည်း။

ဘုရားလောင်းသည် အလှူအစရှိသော ကောင်းမှုကို ပြု၍ ကံအားလျော်စွာ လားရ၏၊ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဟောတော်မူပြီး၍ ဘုရားဖြစ်တော်မူပြီး၍သာလျှင် ဤဂါထာကို မိန့်တော်မူ၏။

၃။ ဣဓ စေ နံ ဝိရာဓေသိ၊ သဒ္ဓမ္မဿ နိယာမကံ။
စိရံ တွံ အနုတပ္ပေသိ၊ သေရိဝါ'ယံ ဝါဏိဇော။

သေရိဝ အမည်ရှိသော ရွှဲကုန်သည် လူမိုက်သည် လှေကို မမီလိုက်သဖြင့် အဖိုး တစ်သိန်း ထိုက်သော ရွှေခွက် ဆုံးရှုံးရ၍ အဖန်ဖန် ပူပန်ရသကဲ့သို့ ဤသာသနာတော်၌ သူတော်ကောင်း တရားတော်၏ လှေတည်းဟူသော သောတာပတ္တိမဂ်ကို အကယ်၍ မမီ လိုက် ငြားအံ့၊ သင်သည် ကြာမြင့်စွာ အဖန်ဖန် ပူပန်ရလတ္တံ့။

အဓိပ္ပါယ်ကား—ရှေး၌ သေရိဝမည်သော ရွှဲကုန်သည်သည် အဖိုး တစ်သိန်း ထိုက်သော ရွှေခွက်ကို မရ၍ ထိုရွှေခွက်ကို ယူအံ့သောငှါ လုံ့လမပြုမူ၍ ထိုရွှေခွက်မှ ယုတ်သည် ဖြစ်၍ စိုးရိမ်ရသကဲ့သို့ ထိုအတူ သင်သည်လည်း သာသနာတော်၌စပ်သော ရွှေခွက် နှင့်တူသော အရိယ မဂ်ကို လျော့သော ဝီရိယ ရှိသည်၏အဖြစ်ကြောင့် မရ၍ ထိုအရိယမဂ်မှ ယုတ်သည် ဖြစ်၍ အခါလေးမြင့် အစဉ် စိုးရိမ်ရလတ္တံ့၊ ဝီရိယကို အကယ်၍ မလျော့လတ္တံ့၊ ပညာရှိသော ရွှဲကုန်သည်သည် ရွှေခွက်ကို ရသကဲ့သို့ ထိုအတူ ငါဘုရားသာသနာတော်၌ ကိုးပါးအပြားရှိသည် လည်း ဖြစ်သော လောကုတ္တရာ တရားကို ရလတ္တံ့ ဟူလိုသော်။

ဤသို့လျှင် ထိုရဟန်းအား မြတ်စွာဘုရားသည် အရဟတ္တဖိုလ်ဖြင့် ဒေသနာတော်အထွတ်ကို ယူလျက် ဤဓမ္မဒေသနာကို ပြတော်မူပြီး၍ သစ္စာလေးပါးတို့ကို ပြတော်မူ၏။ သစ္စာကို ပြတော်မူသည်၏ အဆုံး၌ လျော့သော ဝီရိယရှိသော ရဟန်းသည် မြတ်သော အရဟတ္တဖိုလ်၌ တည်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် နှစ်ပါးသောဝတ္ထုတို့ကို ဟောတော်မူပြီး၍ အနုသန္ဓေကို စပ်၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ မိုက်သော ရှဲကုန်သည် ဖြစ်ဖူးလေပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိသော ရှဲကုန်သည် ဖြစ်ဖူးလေပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၍ ဒေသနာကို ပြီးစေတော်မူ၏။

သုံးခုမြောက်သော သေရိဝဝါဏိဇဇာတ်သည် ပြီး၏။

(ကမ္ဘာရနိအစ ရှဲကုန်သည်ဘဝမှ)

---

၄ စူဠသေဋ္ဌိဇာတ်

ကြွက်သေတစ်ခု အရင်းပြု

ပစ္စုပ္ပန်ဝတ္ထု

နတ်တို့နှင့် တကွသောလူတို့ကို ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည် "အပ္ပကေနာပိ မေဓာဝီ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဓမ္မဒေသနာကို ရာဇဂြိုဟ်ပြည်ကို အမှီပြု၍ ဇီဝက၏ အမ္ဗဝန်(သရက်ဥယျာဉ်) ကျောင်း၌ နေတော်မူစဉ် စူဠပန်မထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုစကား၌ စူဠပန်၏ အကြောင်းကို လည်းကောင်း၊ ရဟန်း၏ အဖြစ်ကို လည်းကောင်း ဆိုအပ်၏။ ဤဆိုလတ္တံ့သည်ကား အစဉ်ဖြစ်သော စကားတည်း။

ရာဇဂြိုဟ်ပြည်၌ ဓနသေဋ္ဌိမည်သော သူဌေးသမီးသည် မိမိ၏ ကျွန်နှင့်တကွ သာလျှင် သံဝါသကို ပြု၍ တစ်ပါးကုန်သော သူတို့သည်လည်း ဤအမှုကို သိကုန် လတ္တံ့ဟု ကြောက်ကုန်သည် ဖြစ်၍ ငါတို့သည် ဤအရပ်၌ နေခြင်းငှါ မတတ် ကောင်းကုန်၊ ငါ၏ အမိအဘတို့သည် ဤအပြစ်ကို အကယ်၍ သိကုန်ငြားအံ့၊ အပိုင်းအပိုင်းဖြတ်သည်ကို ပြုကုန်လတ္တံ့၊ အရပ်တစ်ပါးသို့ သွား၍ နေကုန်အံ့ဟု လက်ရှိဥစ္စာကို ယူ၍ မြတ်သော တံခါးဖြင့် ထွက်၍ အမှတ်မရှိ မိမိတို့ကို တစ်ပါး ကုန်သော သူတို့ မသိနိုင်ရာအရပ်သို့ သွား၍ နေကုန်အံ့ဟု နှစ်ယောက်ကုန်သော သူတို့သည် သွားကုန်၏။ တစ်ခုသော အရပ်၌ နေကုန်သော ထိုသူတို့၏ သံဝါသကို စွဲ၍ ထိုသူဌေးသမီး၏ ဝမ်း၌ ကိုယ်ဝန်သည် ဖြစ်လေ၏၊ ထိုသူဌေး သမီးသည် ကိုယ်ဝန်၏ ရင့်ခြင်းကို စွဲ၍ လင်နှင့်တကွ တိုင်ပင်၏၊ ငါ့အား ကိုယ်ဝန်သည် ရင့်ခြင်းသို့ ရောက်ပြီ၊ အဆွေအမျိုး အဆွေခင်ပွန်းတို့မှ ကင်းရာ အရပ်၌ သားဖွားခြင်းမည်သည် နှစ်ယောက်ကုန်သော ငါတို့အား ဆင်းရဲသလျှင်

ကတည်း၊ မိဘအိမ်သို့ပင် သွားကြကုန်အံ့ဟု တိုင်ပင်၏၊ ထိုသူဌေးသမီး၏ လင်သည် ငါသည် အကယ်၍ သွားအံ့၊ ငါ၏ အသက်သည် မရှိရာချေပြီဟု ကြံ၍ ယနေ့ သွားအံ့၊ နက်ဖြန်သွားအံ့ဟု နေ့တို့ကို လွန်စေ၏။

ထိုသူဌေးသမီးသည် ကြံ၏၊ ဤယောကျ်ားသည် မိမိ၏ အပြစ်ကြီးသည်၏ အဖြစ်ကြောင့် သွားအံ့သောငှါ မဝံ့၊ မိဘတို့မည်သည် သားသမီး၌ စင်စစ် စီးပွားကိုသာ အလိုရှိကုန်၏။ ဤယောကျ်ားသည် သွားသည်မူလည်း ဖြစ်စေ၊ မသွားသည်မူလည်း ဖြစ်စေ ငါသည် သွားအံ့သောငှါ သင့်၏ဟု ကြံ၏၊ ကြံပြီး၍ ထိုသူဌေးသမီးသည် ထိုအိမ်မှ ထွက်လတ်သော် အိမ်၏ အသုံးအဆောင်တို့ကို သိုမှီး၍ မိမိ မိဘအိမ်သို့ သွားသည်၏ အဖြစ်ကို အိမ်နီးချင်းတို့အား ကြားခဲ့၍ ခရီးသို့ သွားလေ၏၊ ထိုနောင် ယောကျ်ားသည် အိမ်သို့ လာလတ်သည်ရှိသော် ထိုမိန်းမကို မမြင်၍ အိမ်နီးချင်းတို့ကို မေး၍ မိဘအိမ်သို့ သွားလေ၏ဟု ဆိုကုန်၏။ ထိုစကားကို ကြား၍ လျင်စွာ အစဉ်လိုက်၍ ခရီးအကြား၌ မီလေ၏။ ထိုမိန်းမ၏လည်း ထိုခရီးအကြား၌ပင်လျှင် သားဖွားခြင်းသည် ဖြစ်လေ၏၊ ထိုယောကျ်ားသည် ရှင်မ ဤအမှုသည် အဘယ်အမှုနည်းဟု မေး၏၊ အရှင် တစ်ယောက်သော သားသည်ဖွား၏ဟု ဆို၏၊ ယခုအခါ အဘယ်ကို ပြုအံ့နည်းဟု မေး၏၊ အကြင် သားဖွားခြင်း၏ အကျိုးငှါ ငါတို့သည် မိဘအိမ်သို့ သွားကုန်ရာ၏၊ ငါ့အား ထိုသားဖွားခြင်းအမှုသည် ခရီးအကြား၌လျှင် ပြီးလေပြီ၊ ထိုအရပ်သို့ သွား၍ အဘယ်မူကုန်အံ့နည်း၊ ပြန်ကုန်အံ့ဟု နှစ်ယောက်ကုန်သော သူတို့သည် လည်း တူသောစိတ် ရှိကုန်သည် ဖြစ်၍ ပြန်ကုန်၏၊ ထိုသူငယ်အားလည်း ခရီး အကြား၌ ဖွားသည် ဖြစ်သောကြောင့် ပန္ထကဟူသော အမည်ကို မှည့်ကုန်၏။

ထိုသူဌေးသမီးအား မမြင့်မီလျှင် တစ်ပါးလည်း ဖြစ်သော ကိုယ်ဝန်သည် တည်၏၊ အလုံးစုံသောစကားကို ရှေးနည်းဖြင့်သာလျှင် ချဲ့အပ်၏။ ထိုသူငယ် အားလည်း ခရီး၌ ဖွားသည်၏ အဖြစ်ကြောင့် ရှေးဦးစွာဖွားသော သူငယ်ကို မဟာပန္ထက ဟူသော အမည်ကို ပြု၍ နောက်ဖွားသော သူငယ်ကို စူဠပန္ထက ဟူသော အမည်ကို မှည့်ကုန်၏၊ နှစ်ယောက်လည်း ဖြစ်ကုန်သော ထိုသူငယ် တို့ကို ယူ၍ မိမိတို့၏ အိမ်သို့သာလျှင် သွားကုန်၏၊ ထိုအရပ်၌ နေကုန်သော သူငယ်တို့တွင် ဤမဟာပန္ထက သူငယ်သည် တစ်ပါးကုန်သော သူငယ်တို့သည် ဘထွေးဟူ၍လည်းကောင်း, ဘကြီးဟူ၍လည်းကောင်း, အဘိုးဟူ၍လည်းကောင်း အဘွားဟူ၍သည်းကောင်း ဆိုကြကုန်၏၊ ထိုစကားကို ကြား၍ အမိကို မေး၏၊ မိခင် တစ်ပါးကုန်သော သူငယ်တို့သည် ဘထွေးဟူ၍လည်းကောင်း, ဘကြီးဟူ၍ လည်းကောင်း, အဘိုးဟူ၍လည်းကောင်း, အဘွားဟူ၍လည်းကောင်း ဆိုကြ ကုန်၏၊ ငါတို့အား အဆွေအမျိုးဟူသည် မရှိပါကုန်သလောဟု မေး၏၊

အမောင် ဤအရပ်၌ သင်တို့၏ အမျိုးတို့သည် မရှိကုန်၊ ရာဇဂြိုဟ်ပြည်၌ကား ဓနသေဋ္ဌိမည်သော သူဌေးသည် သင်၏ အဘိုးတည်း၊ ထိုရာဇဂြိုဟ်ပြည်၌ မောင်တို့၏ များစွာကုန်သော အဆွေအမျိုးတို့သည် ရှိကုန်၏ဟု ဆို၏၊ မိခင် အဘယ့်ကြောင့် ရာဇဂြိုဟ်ပြည်သို့ မသွားကုန်သနည်း၊ မိခင် ငါတို့သည် သွားကုန်အံ့ဟု ဆို၏။

ထိုသူဌေးသမီးသည် မိမိ၏ မသွားသောအကြောင်းကို သားအား မဆိုမူ၍ သားသည် အဖန်တလဲလဲ ဆိုလတ်သော် လင်ကို ဆို၏၊ အရှင် ဤသူငယ်တို့သည် အလွန်ညှဉ်းဆဲကုန်၏၊ အမိအဘတို့သည် မြင်ကုန်၍ ငါတို့အသားကို စားကုန်လတ္တံ့လော၊ လာလှည့်၊ သူငယ်တို့အား အိမ်ကို ပြကုန်အံ့ဟု ဆို၏၊ ငါသည် မျက်မှောက်သွားခြင်းငှါ မတတ်ကောင်း၊ သင့်ကိုကား ထိုသင်၏ အဘအိမ်သို့ ဆောင်အံ့ဟု ဆို၏၊ အရှင် ကောင်းပြီ၊ တစ်စုံတစ်ခုသော အကြောင်းဖြင့် သူငယ်တို့အား အဘိုးအိမ်ကိုလျှင် ပြခြင်းသည် သင့်၏ဟု ဆို၍ နှစ်ယောက်ကုန်သော သူတို့သည် သူငယ်တို့ကို ယူ၍ အစဉ်သဖြင့် ရာဇဂြိုဟ်ပြည်သို့ ရောက်၍ မြို့တံခါးဝယ် တစ်ခုသော ဇရပ်၌ သူငယ်တို့၏ အမိသည် နှစ်ယောက်ကုန်သော သူငယ်တို့ကို ယူ၍ လာသည်၏ အဖြစ်ကို မိဘတို့အား ကြားစေ၏။ ထိုမိဘတို့သည် ထိုသတင်းစကားကို ကြားကုန်၍ သံသရာ၌ ကျင်လည်ကုန်သော သူတို့အား သားသမီး မဖြစ်ဖူးသော သူမည်သည် မရှိ၊ ငါတို့အား ထိုသူတို့သည် ကြီးသော အပြစ်ကို ပြုကုန်၏၊ ထိုသူတို့သည် ငါတို့၏ မျက်စိမြင်ရာအရပ်၌ တည်ခြင်းငှါ မတတ်ကောင်းကုန်၊ ဤမျှလောက်သော ဥစ္စာကို ယူ၍ နှစ်ယောက်ကုန်သော သူတို့သည် ချမ်းသာရာ အရပ်သို့ သွား၍ အသက်မွေးစေကုန်၊ သူငယ်တို့ကိုကား ဤအိမ်သို့သာလျှင် ပို့လာစေဟု ဆို၏။ သူဌေးသမီးသည် မိဘတို့သည် ပို့လာစေသော ဥစ္စာကို ယူ၍ သူငယ်တို့ကို လာကုန်သော တမန်တို့၏ လက်၌လျှင် ပေးလိုက်၍ ပို့စေလေ၏။

သူငယ်တို့သည် အဘိုးအိမ်၌ ကြီးကုန်၏၊ ထိုနှစ်ယောက်ကုန်သော သူတို့တွင် စူဠပန္ထကသည် အလွန်ငယ်၏၊ မဟာပန္ထကသည် တစ်မူကား အဘိုးနှင့်တကွ မြတ်စွာဘုရား၏ တရားတော်ကို နာအံ့သောငှါ လိုက်၏၊ ထိုမဟာပန္ထက၏ အမြဲ မြတ်စွာဘုရား၏ မျက်မှောက်တော်မှ တရားနာစဉ် ရဟန်းပြုအံ့သောငှါ စိတ်သည် ညွတ်၏။ ထိုမဟာပန္ထကသည် အဘိုးကို ဆို၏၊ အဘိုးသည် အကယ်၍ အခွင့်လွှတ်ငြားအံ့၊ အကျွန်ုပ်သည် ရဟန်းပြုအံ့ဟု ဆို၏၊ ငါ့မြေး အဘယ်သို့ ဆိုသနည်း၊ ငါသည် သင်၏ ရဟန်းပြုခြင်းကိုလျှင် အဘယ့်ကြောင့် မနှစ်သက်တံ့ အံ့နည်း၊ ငါသည် အလုံးစုံသော လူ၏လည်း ရဟန်းပြုခြင်းကို နှစ်သက်သည်လျှင်တည်း၊ ငါ့မြေး အကယ်၍ တတ်နိုင်ငြားအံ့၊ ရဟန်းပြုလေလော့ဟု

ခွင့်လွှတ်၍ မြတ်စွာဘုရား အထံတော်သို့ သွားလေ၏၊ သဗ္ဗညူ မြတ်စွာဘုရားသည် သူဌေးကြီး သင်သည် သူငယ်တို့ကို ရသလောဟု မိန့်တော်မူ၏။ အရှင်ဘုရား ဩဝါဒ ရခဲ့၏၊ ဤသူငယ်သည် အကျွန်ုပ်၏ မြေးတည်း၊ အရှင်ဘုရားတို့ထံ၌ ရဟန်းပြုအံ့ဟု လျှောက်၏။ မြတ်စွာဘုရားသည် တစ်ပါးသော ပိဏ္ဍပါတ်ဓုတင် ဆောက်တည်သော ရဟန်းကို ဤသူငယ်ကို ရဟန်းပြုလေလောဟု စေတော်မူ၏။ မထေရ်သည် ထိုမဟာပန္ထကအား တစပဉ္စက ကမ္မဋ္ဌာန်းကို သင်၍ ရှင်ပြု၏။ ထိုမဟာပန္ထကသည် များစွာသော မြတ်စွာဘုရားပါဠိတော်ကို သင်၍ အနှစ်နှစ်ဆယ်ပြည့်လတ်သော် ပဉ္စင်းအဖြစ်သို့ ရောက်သည်ဖြစ်၍ အသင့်အားဖြင့် နှလုံးသွင်း၍ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းကို ပြုသဖြင့် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ထိုမဟာပန္ထကမထေရ်သည် ဈာန်ချမ်းသာဖြင့်လည်းကောင်း, မဂ်ချမ်းသာဖြင့်လည်းကောင်း, ဖိုလ်ချမ်းသာဖြင့်လည်းကောင်း လွန်စေလျက် ဤချမ်းသာကို စူဠပန္ထကအား ပေးခြင်းငှါ တတ်ကောင်းအံ့လောဟု ကြံ၏။ ထိုနောင်မှ အဘိုးဖြစ်သော သူဌေးကြီးအထံသို့ သွား၍ သူဌေးကြီး သင်တို့သည် အကယ်၍ ခွင့်လွှတ်ကုန်အံ့၊ စူဠပန္ထကကို ရှင်ပြုကုန်အံ့ဟု ဆို၏၊ အရှင်ဘုရား ရှင်ပြုကုန်လောဟု ဆို၏၊ မထေရ်သည် စူဠပန္ထကသူငယ်ကို ရှင်ပြုစေ၍ ဆယ်ပါးကုန်သော သီလတို့၌ တည်စေ၏။ စူဠပန္ထကသာမဏေသည် ရဟန်းပြု၍လျှင် နုံနှေးသော ပညာရှိ၏၊ မဟာပန်သည် စူဠပန်အား ဤဂါထာကို လေးလသင်ပေး၏။

**ပဒ္မံ ယထာ ကောကနဒံ သုဂန္ဓံ၊ ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ။**
**အင်္ဂီရသံ ပဿ ဝိရောစမာနံ၊ တပန္တမာဒိစ္စမိဝန္တလိက္ခေ။**

မကောင်းသောအနံ့ရှိသော ကောင်းသော အနံ့ရှိသော ကောကနဒကြာသည် နံနက်စောစော၌ ပွင့်ထွန်းတင့်တယ်လေသကဲ့သို့လည်းကောင်း, ကောင်းကင်၌ နေမင်းသည် ထွန်းပနေသကဲ့သို့ လည်းကောင်း, ကိုယ်တော်မှ ပြိုးပြိုးပြက် ရောင်ခြည်တော်ထွက်လျက် ထွန်းပတင့်တယ်သော မြတ်စွာဘုရားကို ရှုပါလော့။

ထိုစူဠပန်မထေရ်သည် ကဿပမြတ်စွာဘုရားလက်ထက်၌ ရဟန်းပညာရှိ ဖြစ်၍ နုံနှေးသော ပညာရှိသော ရဟန်းတစ်ပါး၏ ပါဠိတော်ကို သင်သောကာလ၌ ပြက်ရယ်ပြု၍ ကစားဖူးသတတ်၊ ထိုပါဠိတော်ကို သင်ရသော ရဟန်းသည် ပြက်ရယ်ပြုခြင်းကြောင့် ရှက်သည် ဖြစ်၍ ပါဠိသင်ခြင်း သရဇ္ဈာယ်ခြင်းကို မပြု၊ ထိုကံကြောင့် စူဠပန်သည်

ရဟန်းပြု၍လျှင် နူးညံ့သော ပညာရှိသည် ဖြစ်၏၊ သင်တိုင်း သင်တိုင်း သော ပုဒ်သည် အထက်ပုဒ်ကို သင်သော် ပျောက်၏၊ ဤဂါထာကို သင်ခြင်းငှါ လေးလပြုစဉ် လေးလတို့သည် လွန်ကုန်၏။

ထိုအခါ စူဠပန်ကို မဟာပန်သည် သင်သည် ဤသာသနာတော်၌ မထိုက်သော သူတည်း၊ လေးလစဉ် တစ်ဂါထာကိုလည်း သင်ခြင်းငှါ မတတ်နိုင်၊ သင်သည် ရဟန်းကိစ္စကို အဘယ်မှာ အပြီးသို့ ရောက်စေနိုင်အံ့နည်း၊ ဤမှ ထွက်လေလောဟု ဆို၍ ကျောင်းမှ နှင်ထုတ်၏၊ စူဠပန်သည် ဘုရားသာသနာတော်၌ ချစ်သဖြင့် လူ၏အဖြစ်ကို မတောင့်တ။

ထိုအခါ၌လည်း မဟာပန်သည် ဆွမ်းညွှန်ရဟန်းဖြစ်၏၊ အဘယ မင်းသားသည် မွေးမြူအပ်သော ဇီဝကသည် များစွာသော ပန်းနံ့သာကို ယူ၍ မိမိ၏ အမ္ဗဝန် (သရက်ဥယျာဉ်) ကျောင်းတော်သို့ သွား၍ ဘုရားကို ပူဇော်လျက် တရားနာ၍ နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုး၍ မဟာပန်သို့ ကပ်၍ အရှင်ဘုရား မြတ်စွာဘုရား အထံတော်၌ ရဟန်းသည် အဘယ်မျှ ရှိကုန်သနည်းဟု မေးလျှောက်၏၊ သီတင်းသည် ငါးရာ အတိုင်းအရှည်ရှိကုန်၏ဟု ဆို၏၊ အရှင်ဘုရား နက်ဖြန် ဘုရားအမှူးရှိကုန်သော ရဟန်းငါးရာတို့ကို ဆောင်၍ အကျွန်ုပ်အိမ်၌ ဆွမ်းခံတော်မူပါဟု လျှောက်၏၊ သီတင်းသည် စူဠပန်မည်သော ရဟန်းသည် နူးညံ့သော ပညာရှိ၏၊ မသက်သော တရားရှိ၏၊ ထိုစူဠပန်ကို ထား၍ ကြွင်းသော ရဟန်းတို့အား ဖိတ်ခြင်းကို ဝန်ခံ၏ဟု မဟာပန်ထေရ်သည် ဆို၏၊ စူဠပန်သည် ထိုစကားကို ကြား၍ ငါ၏ အစ်ကိုဖြစ်သော မထေရ်သည် ဤမျှ အတိုင်းအရှည် ရှိကုန်သော ရဟန်းတို့အား ဝန်ခံသည် ရှိသော် ငါ့ကို အပပြု၍ ဝန်ခံ၏၊မချွတ်လျှင် ငါ့အစ်ကိုဖြစ်သောမထေရ်သည် ငါ၌ ပျက်သည် ဖြစ်လတ္တံ့၊ ယခု ငါ့အား ဤသာသနာဖြင့် အဘယ်မူအံ့နည်း၊ လူထွက်၍ ဒါနအစရှိသော ကောင်းမှုတို့ကို ပြု၍ အသက်မွေးအံ့ဟု ကြံ၏၊ ထိုစူဠပန်သည် နက်ဖြန် နေ့၌ စောစောကလျှင် လူထွက်အံ့ဟု သွားလေ၏။

မြတ်စွာဘုရားသည် မိုးသောက်ထကာလ၌လျှင် လောကကို ကြည့်သည် ရှိသော် ဤအကြောင်းကို မြင်တော်မူ၍လျှင် ရှေးဦးစွာ သွား၍ စူဠပန်၏ သွားလတ္တံ့သော ခရီးဖြစ်သော မုခ်တံခါး၌ စင်္ကြံသွားလျက် နေတော်မူ၏။ စူဠပန်သည် အိမ်သို့ သွားသည် ရှိသော် ဘုရားကို မြင်၍ ဘုရားအထံတော်သို့ ဆည်းကပ်၍ ရှိခိုး၏။ ထိုအခါ စူဠပန်ကို မြတ်စွာဘုရားသည် စူဠပန် သင်သည် အဘယ်အရပ်သို့လျှင် ယခုအခါ သွားရအံ့နည်းဟု မိန့်တော်မူ၏။ အရှင်ဘုရား အစ်ကိုသည် အကျွန်ုပ်ကို နှင်ထုတ်၏၊ ထို့ကြောင့် အကျွန်ုပ်သည် လူထွက်၍

သွားအံ့ဟု လျှောက်၏။ စူဠပန် သင်၏ ရဟန်းအဖြစ်မည်သည်ကား ငါ၏အထံ၌ ဖြစ်၏။ အစ်ကို နှင်လျက်လည်း အဘယ့်ကြောင့် ငါ့ထံသို့ မလာသနည်း၊ လာလည့်၊ သင့်အား လူ၏အဖြစ်ဖြင့် အဘယ်မူအံ့နည်း၊ ငါ့အထံ၌ နေရလတ္တံ့ဟု စူဠပန်ကို ခေါ်တော်မူ၍ ဂန္ဓကုဋိဦး၌ နေစေ၍ စူဠပန် သင်သည် အရှေ့သို့ မျက်နှာပြု၍ ဤပုဆိုးပိုင်းကို "ရဇောဟရဏံ ရဇောဟရဏံ"ဟု ဆို၍ ဆုပ်နယ်လျက် ဤအရပ်၌ နေရစ်လော့ဟု တန်ခိုးဖြင့် ဖန်ဆင်းအပ်သော ဖြူစင်သော ပုဆိုးပိုင်းကို ပေး၍ ကာလကို ကြားသည် ရှိသော် ရဟန်း သံဃာ ခြံရံလျက် ဇီဝကအိမ်သို့ ကြွတော်မူ၍ ခင်းအပ်သော ဘုရားနေရာ၌ နေတော်မူ၏။

စူဠပန်သည်လည်း နေကို ကြည့်လျက် ထိုပုဆိုးပိုင်းကို "ရဇောဟရဏံ, ရဇောဟရဏံ"ဟု ဆို၍ ဆုပ်နယ်လျက် နေ၏။ စူဠပန်၏ ဆုပ်နယ်စဉ် ထိုပုဆိုးသည် ညစ်နွမ်း၏။ ထိုနောင်မှ စူဠပန်သည် ဤပုဆိုးသည် ရှေး၌ အလွန်လျှင် ဖြူစင်၏။ ဤအတ္တဘောကို မှီ၍ကား ရှေးသဘောကိုစွန့်၍ ဤသို့ညစ်နွမ်းခြင်းသည်ဖြစ်၏ဟု ကြံ၍ သင်္ခါရတရားတို့သည် အမြဲမရှိတကားဟု ကုန်ခြင်း ပျက်ခြင်းကို သိလျက် ဝိပဿနာကို ပွါးစေ၏။ မြတ်စွာဘုရားသည် စူဠပန်၏ စိတ်သည် ဝိပဿနာသို့ တက်၏ဟု သိတော်မူ၍ စူဠပန် သင်သည် ဤပုဆိုးနွမ်းသည်သာလျှင်ညစ်နွမ်း၏။ မြေမှုန့်မြူသည်သာလျှင် မြူဖြစ်၏ဟု မအောင်မှတ်လင့်၊ သင်၏ ကိုယ်တွင်း၌လည်း ရာဂမြူ အစရှိသည်တို့သည် ရှိကုန်၏။ ထိုရာဂမြူ အစရှိသည်တို့ကို ပယ်လော့ဟု မိန့်တော်မူ၍ ရောင်ခြည်တော်ကို လွှတ်လျက် ရှေ့က နေသကဲ့သို့ သိထင်စေသော အဆင်းတော်ရှိသည် ဖြစ်၍ ဤဂါထာတို့ကို ရွတ်ဆိုတော်မူ၏။

> ရာဂေါ ရဇော န စ ပန ရေဏု ဝုစ္စတိ၊
>
> ရာဂဿေတံ အဓိဝစနံ ရဇောတိ။
>
> ဧတံ ရဇံ ဝိပ္ပဇဟိတွာန ဘိက္ခဝေါ၊
>
> ဝိဟရန္တိ တေ ဝိဂတရဇဿ သာသနေ။
>
> ဒေါသော ။ပ။ သာသနေ။
>
> မောဟော ။ပ။ သာသနေ။

မြေမှုန့် ဖုံမှုန့်ကိုသာလျှင် မြူဟူ၍ မဆိုအပ်၊ ရာဂကိုလည်းမြူဟူ၍ ဆိုအပ်၏၊ "ရဇော=မြူ" ဟူသော အမည်သည် ရာဂ၏ အမည်တည်း။ ရဟန်းတို့ သည် ဤရာဂတည်းဟူသော မြူအညစ်အကြေးကို ပယ်စွန့်၍ မြူအညစ်အကြေး ကင်းသော မြတ်စွာဘုရား၏ သာသနာတော်၌ ကျင့်သုံးနေထိုင်ကြကုန်၏။

ဒေါသကိုလည်း မြူဟူ၍ ဆိုအပ်၏ ။ပ။ ကျင့်သုံး နေထိုင်ကြကုန်၏။

မောဟကိုလည်း မြူဟူ၍ ဆိုအပ်၏ ။ပ။ ကျင့်သုံး နေထိုင်ကြကုန်၏။

ဤဂါထာ၏ အဆုံး၌ စူဠပန်သည် ပဋိသမ္ဘိဒါတို့နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်၏။ ထိုစူဠပန်အား ပဋိသမ္ဘိဒါတို့နှင့်တကွသာလျှင် ပိဋကသုံးပုံတို့သည် ထင်ကုန်၏။ ထိုစူဠပန်သည် ရှေး၌ မင်းဖြစ်၍ မြို့ကို လက်ယာရစ် လှည့်စဉ် နဖူးမှ ချွေးထွက်သည် ရှိသော် ပုဆိုးဖြူဖြင့် နဖူးစွန်းကို သုတ်၏။ ပုဆိုးသည် ညစ်နွမ်းသည် ဖြစ်သတတ်။ ထိုမင်းသည် ဤကိုယ်ကို မှီ၍ ဤသို့စဉ် သဘောရှိသော ပုဆိုးဖြူသည် ပင်ကိုသဘောကို စွန့်၍ ညစ်နွမ်းသည် ဖြစ်၏။ သင်္ခါရတရား တို့သည် အမြဲမရှိကုန်တကားဟု အနိစ္စသညာကို ရဖူး၏။ ထိုကြောင့် ထိုစူဠပန် အား "ရဇောဟရဏံ" ဟူသော ကမ္မဋ္ဌာန်းသည်သာလျှင် မဂ်ဖိုလ်ကို ရခြင်း၏ အကြောင်းဖြစ်၏။

အဘယမင်းသည် မွေးမြူအပ်သော ဇီဝကသည်လည်း မြတ်စွာဘုရားအား အလှူရေစက်ကို ချ၏။ မြတ်စွာဘုရားလည်း ဇီဝက ကျောင်း၌ ရဟန်းရှိသည် မဟုတ်လောဟု ဆို၍ လက်ဖြင့် သပိတ်ကို ပိတ်၏။ မဟာပန်သည် ဘုန်းတော် ကြီးသောအရှင်ဘုရား ကျောင်း၌ ရဟန်းမရှိဟု လျှောက်၏။ မြတ်စွာဘုရားသည် ဇီဝက ရဟန်းရှိသေးသည်ဟု မိန့်တော်မူ၏။ ဇီဝကသည် ထိုသို့ဖြစ်ပါမူကား အချင်းယောကျာ်းသွားတည့်ချေ။ ကျောင်း၌ ရဟန်းရှိ မရှိကို စုံစမ်းလေလောဟု ယောကျာ်း တစ်ယောက်ကို စေ၏။ ထိုခဏ၌ စူဠပန်သည် ငါ့အစ်ကိုသည် ကျောင်း၌ ရဟန်းမရှိဟု ဆို၏။ ကျောင်း၌ ရဟန်းရှိသည်၏ အဖြစ်ကို အစ်ကို မဟာပန်အား ထင်ရှားပြအံ့ဟု အလုံးစုံသော အမ္ဗဝန်ကျောင်းကို ရဟန်းဖြင့် သာလျှင် ပြည့်စုံစေ၏။ အချို့ကုန်သော ရဟန်းတို့သည် သင်္ကန်းချုပ်ကုန်၏။ အချို့ကုန်သော ရဟန်းတို့သည် သင်္ကန်းဆိုးကုန်၏။ အချို့ကုန်သော ရဟန်း တို့သည် သရဇ္ဈာယ်ကုန်၏။ ဤသို့ တစ်ပါးသည် တစ်ပါးနှင့် မတူသော ရဟန်း တစ်ထောင်ကို ဖန်ဆင်း၏။ မင်းချင်း ယောကျာ်းသည် များစွာကုန်သော ရဟန်းတို့ကို မြင်၍ ပြန်ခဲ့၍ အရှင် အလုံးစုံသော အမ္ဗဝန်ကျောင်းသည် ရဟန်း တို့ဖြင့် ပြည့်၏ဟု ဇီဝကအား ကြား၏။ စူဠပန်မထေရ်သည်လည်း ထိုအတူ သာလျှင် ကိုယ်တစ်ထောင် ဖန်ဆင်း၍ ဆွမ်းစားသည့် ကာလကို ကြားသည် တိုင်အောင် မွေ့လျော်ဖွယ်သော အမ္ဗာန်ကျောင်း၌ နေ၏။ ထိုအခါ မြတ်စွာ ဘုရားသည် မင်းချင်းယောကျာ်းကို ကျောင်းသို့ သွား၍ စူဠပန် မည်သော ရဟန်းကို ဘုရားခေါ်တော်မူ၏ဟူ၍ ဆိုလေလောဟု မိန့်တော်မူ၏ မင်းချင်း ယောကျာ်းသည် သွား၍ ဘုရား မိန့်တော် မူတိုင်း ဆိုသည် ရှိသော် "ငါ စူဠပန်, ငါ စူဠပန်" ဟု ခံတုံ့င်းတစ်ထောင် မြွက်၏။ မင်းချင်းယောကျာ်း သည် လာလတ်၍ အရှင်ဘုရား အလုံးစုံသော ရဟန်းတို့သည် စူဠပန်ချည်း မည်ကုန်သတတ်ဟု လျှောက်၏။ ထိုသို့ဖြစ်ပါမူကား သွား၍ အကြင်ရဟန်းသည် ရှေးဦးစွာ ငါစူဠပန်ဟု ဆို၏။ ထိုရဟန်း၏ လက်ကို ဆွဲခဲ့လော့၊ ကြွင်းသော

ရဟန်းတို့သည် ကုယ်ကုန်လတ္တံ့ဟု မိန့်တော်မူ၏။ မင်းချင်းယောကျ်ားသည် ဘုရားမိန့်တော်မူတိုင်းပြု၏၊ ထိုခဏ၌လျှင် တစ်ထောင်မျှလောက်ကုန်သော ရဟန်းတို့သည် ကွယ်ကုန်၏။ စူဠပန်မထေရ်သည် မင်းချင်း ယောကျ်ားနှင့်တကွ လာ၏။

မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးလတ်သည်ရှိသော် ဇီဝက စူဠပန်၏ သပိတ်ကိုယူလော။ ဤစူဠပန်သည် သင့်အား တရားအနုမောဒနာပြုလတ္တံ့ဟု မိန့်တော်မူ၏၊ ဇီဝကသည် ဘုရားမိန့်တော်မူတိုင်း ပြု၏။ စူဠပန်မထေရ်သည် ခြင်္သေ့ငယ်ကဲ့သို့ ရဲရင့်သော အသံကိုမြွက်လျက် ပိဋကတ်သုံးပုံကို ချောက်ချားစေ၍ အနုမောဒနာပြု၏၊ မြတ်စွာဘုရားသည် နေရာမှထ၍ ရဟန်းသံဃာ ခြံရံလျက် ကျောင်းသို့ ကြွတော်မူ၍ ရဟန်းတို့သည် ဝတ်ကိုပြုသည်ရှိသော် နေရာမှထ၍ ဂန္ဓကုဋိတိုက်၌ ရပ်လျက် ရဟန်းသံဃာအား ဘုရားတို့၏ အဆုံးအမကိုပေး၍ ကမ္မဋ္ဌာန်းကို ဟော၍ ရဟန်းသံဃာကို လွှတ်လိုက်၍ အမွှေးအကြိုင်ဖြင့် ထုံအပ်သော ဂန္ဓကုဋိသို့ဝင်၍ လက်ျာနံပါးဖြင့် ခြင်္သေ့မင်း၏ အိပ်ခြင်းနှင့်တူသော လျောင်းခြင်းကို ပြုတော်မူ၏။

ထိုနောင်မှ ညချမ်းအခါ တရားတို့သည် ထိုမှ ဤမှ စည်းဝေး၍ နီသော ကမ္ဗလာတင်းတိမ်ဖြင့် ရံဘိသကဲ့သို့ နေကုန်၍ မြတ်စွာဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်းကုန်၏၊ ငါ့ရှင်တို့ မဟာပန်သည်စူဠပန်၏ အလိုကိုမသိသည်ဖြစ်၍ လေးလတို့ဖြင့် တစ်ဂါထာကို သင်ခြင်းငှါမတတ်နိုင်။ ဤစူဠပန်သည် နုန့်နှေး၏ဟု ကျောင်းမှနှင်ထုတ်၏။ မြတ်စွာဘုရားသည် မူကား ကိုယ်တော်၏ အတုမရှိသော တရားမင်း ဖြစ်တော်မူသောကြောင့် စူဠပန်အား တစ်ကြိမ်သာလျှင်ဖြစ်သော ဆွမ်းပြင်သည်၏ အကြား၌ ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်ကို ပေး၏။ ပိဋကတ်သုံးပုံတို့သည် ပဋိသမ္ဘိဒါတို့နှင့်တကွသာ လာကုန်၏။ ဘုရားကိုယ်တော်တို့၏ အားတော်မည်သည် ဩော်-ကြီးမြတ်စွတကားဟု မြတ်စွာဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်းကုန်၏။

ထိုအခါ ဘုန်းတော်ကြီးသှသော မြတ်စွာဘုရားသည် တရားသဘင်၌ ဤစကားဖြစ်ကြောင်းကို သိတော်မူ၍ ယခု ငါသွားခြင်းငှါ သင့်၏ဟု ဘုရားနေရာမှ ထတော်မူ၍ အသွန်နီသော နှစ်ထပ်သော သင်းပိုင်ကို ဝတ်တော်မူ၍ လျှပ်စစ်နွယ်ကဲ့သို့ ခါးပန်းကို ပန်းတော်မူ၍ နီသောကမ္ဗလာနှင့်တူသော ဘုရား သင်္ကန်းတော်ကြီးကို ရုံတော်မူ၍ မွှေးကြိုင်စွာသော ဂန္ဓကုဋိမှ ထွက်၍ အမှန်ယစ်သော ဆင်မြတ်ကဲ့သို့လည်းကောင်း ခြင်္သေ့မင်း၏ တင့်တယ်စွာသောထွက်သွားခြင်းဖြင့်ထွက်သွားသော ခြင်္သေ့မင်းကဲ့သို့လည်းကောင်း အတုမရှိသော ဘုရား၏

တင့်တယ်ခြင်းဖြင့် တရားသဘင်ကဲ့သို့ ကြွတော်မူ၍ တန်ဆာဆင်အပ်သော မဏ္ဍပ်အလယ်၌ ကောင်းစွာ ခင်းအပ်သော မြတ်သော ဘုရားနေရာတော်သို့ တက်၍ ခြောက်သွယ်သော ဘုရားရောင်ခြည်တော်တို့ကို လွှတ်လျက် သမုဒ္ဒရာ တဝန်းလုံးကို ချောက်ချားစေဘိ သကဲ့သို့လည်းကောင်း၊ ယုဂန္ဓိုရ်တောင်ထိပ်၌ တက်သစ်သော နေလုလင်ကဲ့သို့လည်းကောင်း နေရာအလယ်၌ နေတော်မူ၏။

မြတ်စွာဘုရားသည် ကြွတော်မူသည် ရှိသော်ကား ရဟန်းသံဃာသည် စကား ကိုဖြတ်၍ ဆိတ်ဆိတ်နေ၏၊ မြတ်စွာဘုရားသည် နူးညံ့သည်သာလျှင် ဖြစ်သော မေတ္တာစိတ်ဖြင့် ပရိသတ်ကို ကြည့်တော်မူ၍ ဤပရိသတ်သည် အလွန်လျှင် တင့်တယ်၏တစ်ယောက်သောရဟန်း၏လည်းလက်လှုပ်ခြင်းသည်လည်းကောင်း၊ ခြေလှုပ်ခြင်းသည်လည်းကောင်း၊ ချောင်းညှံ့သံသည်လည်းကောင်း၊ ချေဆတ် သော အသံသည်လည်းကောင်း မရှိ၊ အလုံးစုံသော ရဟန်းတို့သည်လည်း ဘုရားအား ရိုသေခြင်းဖြင့် ရိုသေကုန်သည်ဖြစ်၍ ဘုရားတန်ခိုးတော်မှ ကြောက် ကုန်ရကား ငါသည် အာယုကပ်ပတ်လုံးလည်း စကားမဆိုမူ၍ နေကုန်သည်ရှိသော် ရှေးဦးစွာ စကားကိုဖြစ်စေ၍ မဆိုကုန်လတ္တံ့၊ စကားပြောစေခြင်း ဝတ်မည်သည် ကို ငါသည်သာလျှင် သိအပ်၏၊ ငါသည် ရှေးဦးစွာဆိုအံ့ဟု သာယာစွာသော ဗြဟ္မာမင်း၏ အသံနှင့်တူသော အသံတော်ဖြင့် ရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းတို့ ယခုအခါ၌ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်း၊ ကမ္မဋ္ဌာန်းကို စီးဖြန်းသည်၏အကြား၌ ဖြစ်သောအဘယ်မည်သော စကားသည် သင်တို့အား အပြီးသို့ မရောက်သနည်းဟု မေးတော်မူ၏။ အရှင်ဘုရား အကျွန်ုပ် တို့သည် ဤအရပ်၌ နေကုန်လျက် မင်္ဂဖိုလ်၏ ဗီလာ ဖြစ်သော တစ်ပါးသော စကားကို မပြောပါကုန် အရှင်ဘုရားတို့၏ သာလျှင် ကျေးဇူးတော် ကိုကား ချီးမွမ်းကုန်လျက် နေကုန်ပါ၏။ ငါ့ရှင်တို့ မဟာပန်သည် စူဠပန်၏ အလိုကိုမသိ၍ လေးလတို့ဖြင့် တစ်ဂါထာကို သင်ခြင်းငှါ မတတ်နိုင်၊ ဤစူဠပန် သည် နုံနှေး၏ဟု ကျောင်းမှ နှင်ထုတ်၏။ မြတ်စွာဘုရားသည်ကား ကိုယ်တော်၏ အတုမရှိသော တရားမင်း ဖြစ်တော်မူသောကြောင့် တစ်ကြိမ်သာလျှင် ဖြစ်သော ဆွမ်းပြင်သည်၏ အကြား၌ ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်ကို ပေးတော် မူ၏၊ ဘုရားတို့ အားတော်မည်သည်ကား ခြေ-ကြီးမြတ်စွတကားဟု ချီးမွမ်း၍ နေပါကုန်၏ဟူ၍ လျှောက်ကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ စကားကို ကြားတော်မူ၍ ရဟန်းတို့ စူဠပန်သည် ငါ့ကို မှီ၍ ယခုရှေးဦးစွာ တရားတို့၌ တရားတို့၏ များမြတ်သည်၏ အဖြစ်သို့သာ ရောက်သည်သာလျှင် မဟုတ်သေး၊ ရှေး၌လည်း ငါ့ကိုမှီ၍ စည်းစိမ်တို့၌ စည်းစိမ်တို့၏ များမြတ်သည်၏ အဖြစ်သို့ ရောက်ဖူးလေပြီဟု မိန့်တော်မူ၏။ ရဟန်းတို့လည်း ထိုအကြောင်းကို ထင်မှားဖြစ်စိမ့်သောငှါ မြတ်စွာဘုရားကို တောင်းပန်ကုန်၏။ ဘုန်းတော်ကြီးသော

သမ္ဗုဒ္ဓမြတ်စွာဘုရားသည် ဘဝတစ်ပါးဖြင့် ဖုံးလွှမ်းအပ်သော အကြောင်းကို ထင်စွာ ပြုတော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ကာသိတိုင်း ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုလတ်သော် ဘုရားလောင်းသည် သူဌေးမျိုး၌ ဖြစ်၍ စူဠသေဋ္ဌိ ဟူသော အမည် ရှိ၏၊ ထိုစူဠသူဌေးသည် ပညာရှိ၏၊ လိမ္မာ၏၊ ခပ်သိမ်းသော နိမိတ်တို့ကိုလည်း သိ၏။ ထိုစူဠသူဌေးသည် တစ်နေ့သ၌ မင်းအား ခစားအံ့ သောငှါ သွားသည်ရှိသော် ခရီးအကြား၌ ကြွက်သေတစ်ခုကို မြင်၍ ထိုခဏ၌ လျှင် နက္ခတ်ကို တွက်၍ ပညာအမြင်ရှိသော အမျိုးသားသည် ဤကြွက်သေကို ယူ၍ သားမယား မွေးခြင်းငှါလည်းကောင်း, အမှုကိုပြုခြင်းငှါ လည်းကောင်း တတ်နိုင်၏။ ဤသို့သော စကားကို ဆို၏။ ထိုအခါ တစ်ယောက်သော ဆင်းရဲသော အမျိုးသားသည် စူဠသူဌေးစကားကို ကြား၍ သူဌေးသည် မသိဘဲကို မဆိုရာဟု ကြွက်သေကို ယူ၍ ဈေး၌ ကြောင်အလို့ငှါ ရောင်း၍ တစ်ခြင်ရွေးသော အသပြာကို ရ၍ တစ်ခြင်ရွေးဖြင့် တင်လဲကို ဝယ်၍ အိုးတစ်လုံးဖြင့် ရေကို ယူ၏။ ထိုအမျိုးသားသည် တောက လာသော ပန်းသည်တို့ကို မြင်၍ အတန်ငယ် အတန်ငယ်သော တင်လဲစုကို ပေး၍ ရေမှုတ်ဖြင့် သောက်ရေကို ပေး၏၊ ပန်းသည်တို့သည် အမျိုးသားအား ပန်းတစ်ဆုပ် တစ်ဆုပ်စီ ပေးခဲ့ကုန်၏၊ အမျိုးသားသည် ထိုပန်းဖိုးဖြင့် နက်ဖြန်နေ့၌လည်း တင်လဲကိုလည်းကောင်း၊ ရေအိုးကိုလည်းကောင်း ယူ၍ ပန်းအရံသို့သာလျှင် သွားလေ၏၊အမျိုးသားအား ထိုနေ့၌ ပန်းသည်တို့သည် တစ်ဝက်ဆွတ်ကုန်ပြီးသော ပန်းပင်တို့ကိုပေး၍ သွားကုန်၏၊ အမျိုးသားသည် မကြာခင်လျှင် ဤနည်းဖြင့် ရှစ်အသပြာတို့ကို ရ၏၊ တစ်ဖန် မိုးနှင့် တကွသော လေသာသောနေ့၌ မင်း၏ ဥယျာဉ်၌ ခြောက်သော အရိုးအရွက် အခက်အပေါင်းသည် လေကြောင့်ကျ၏၊ ဥယျာဉ် စောင့်သည် စွန့်အပ်သော အကြောင်းကို မမြင်၊ အမျိုးသားသည် ဥယျာဉ်သို့ သွား၍ ငါ့အား ထင်း သစ်ရွက်တို့ကို အကယ်၍ ပေးငြားအံ့၊ ငါသည် သင်၏ ဤထင်း သစ်ရွက်တို့ကို ထုတ်အံ့ဟု ဥယျာဉ်စောင့်ကို ဆို၏၊ ဥယျာဉ်စောင့်သည် အရှင် ယူလော့ဟု ဝန်ခံ၏၊ စူဠသူဌေး၏ တပည့်သည် သူငယ်တို့၏ ကစားရာ အရပ်သို့ သွား၍ တင်လဲကိုပေး၍ ခဏချင်းဖြင့် ထင်းသစ်ရွက်တို့ကို ထုတ်စေ၍ ဥယျာဉ် တံခါး၌ စုစေ၏၊ ထိုအခါ မင်း၏ အိုးတော်လုပ်သည် မင်းအိမ်၌ အိုးဖုတ်အံ့သောငှါ ထင်းရှာသည်ရှိသော် ဥယျာဉ်တံခါးသို့ ရောက်၍ ထိုထင်း သစ်ရွက်တို့ကိုမြင်၍ စူဠန္တေဝါသိ၏ လက်မှ ဝယ်၍ ယူ၏၊ ထိုနေ့၌ စူဠန္တေဝါသိသည် ထင်းရောင်းသဖြင့် တစ်ဆယ့်ခြောက် အသပြာကိုလည်းကောင်း, အိုးစရည်း အစရှိ

ကုန်သော အိုးငါးရာတို့ကိုလည်းကောင်း ရ၍၊ စူဠဒ္ဓေဝါသိသည် နှစ်ဆယ့်လေး အသပြာတို့ကို ရသည်ရှိသော် ငါ့အား ဤဥစ္စာရကြောင်းသည် ရှိ၏ဟု မြို့တံခါး၏ အနီးအရပ်၌ တစ်ခုသော ရေအိုးကို တည်၍ ငါးရာကုန်သော မြက်ရိတ် ယောကျ်ားတို့ကို ရေဖြင့် လုပ်ကျွေး၏၊ မြက်ရိတ် ယောကျ်ားတို့သည် အဆွေ သင်သည် ငါတို့အား ကျေးဇူးများစွာ ပြု၏၊ သင့်အား အဘယ်ကို ပြုရကုန် အံ့နည်းဟု ဆိုကုန်၏၊ စူဠဒ္ဓေဝါသိသည် ငါ့အား ကိစ္စရှိသောအခါ ကျေးဇူးကို ပြုလော့ဟု ဆို၍ ထိုမှ ဤမှ လှည့်လည်သည် ရှိသော် ကြည်းကြောင်းအမှုကို ဆောင်သော သူနှင့်လည်းကောင်း, ရေကြောင်းအမှုကို ဆောင်သောသူနှင့် လည်းကောင်း မိတ်ဖွဲ့၏၊ ထိုအမျိုးသားအား ကြည်းကြောင်း အမှုကို ရှက်ဆောင်သော အဆွေခင်ပွန်းသည် နက်ဖြန် ဤမြို့သို့ မြင်းကုန်သည်သည် မြင်းငါးရာကို ယူ၍လာလတ္တံ့ဟု ကြား၏။ အမျိုးသားသည် ထိုအဆွေခင်ပွန်း၏ စကားကိုကြား၍ မြက်ရိတ်ယောကျ်ားတို့ကို ယနေ့ ငါ့အား မြက်တစ်စည်း တစ်စည်းစီ ပေးကုန်လော့၊ ငါသည် မြက်ကို မရောင်းမီ အစ်ကိုတို့မြက်ကို မရောင်း ကုန်လင့်ဟု ဆို၏။ မြက်ရိတ်ယောကျ်ားတို့သည် ကောင်းပြီဟု ဝန်ခံ၍ မြက်စည်း ငါးရာတို့ကိုယူ၍ အမျိုးသားအိမ်၌ ချကုန်၏။ မြင်းကုန်သည်သည် အလုံးစုံသော မြို့၌ မြင်းစာမရ၍ ထိုအမျိုးသားအား အသပြာတစ်ထောင်ပေး၍ မြက်ကိုဝယ်၏။ ထိုနောင်မှ နှစ်ရက်သုံးရက်လွန်သဖြင့် အမျိုးသားအား ရေကြောင်းအမှုကို ဆောင်သော အဆွေခင်ပွန်းသည် ရေဆိပ်၌ လှေကြီးရောက်၏ဟု ကြား၏။ အမျိုးသားသည် ဤဥစ္စာဖြစ်ခြင်း၏ အကြောင်းသည်ရှိ၏ဟု ကြံ၍ ရှစ်အသပြာ တို့ဖြင့် ခပ်သိမ်းသော သူတို့သည် ခြံရံလျက် အခိုက်အတန့် ငှါးသော ရထားကို ယူ၍ များစွာသော အခြွေအရံဖြင့် လှေဆိပ်သို့သွား၍ သစ္စာပြုဖြစ်သော တစ်ခု သော လက်စွပ်ကို လှေသူကြီးအားပေး၍ အနီးဖြစ်သော အရပ်၌ တင်းတိမ်ဖြင့် ရံစေ၍နေလျက် အချင်းတို့ကို ပြင်ပမှ ကုန်သည်တို့သည် လာလတ်ကုန်သော် သုံးဆင့် ဆင့်သဖြင့် ငါ့ကို ကြားကုန်လော့ဟု စေ၏။ လှေသည်လာ၏ဟု ကြား၍ ဗာရာဏသီပြည်မှ တစ်ရာမျှကုန်သော ကုန်သည်တို့သည် ဥစ္စာကို ဝယ်ကုန်အံ့ဟု လာကြကုန်၏။ သင်တို့သည် ဥစ္စာကို မရကုန်လတ္တံ့။ ဤမည်သော အရပ်၌ ကုန်သည်ကြီးသည် သစ္စာပြုဖြစ်သော လက်စွပ်ကို ပေးအပ်ပြီဟု လှေသူကြီးဆို၏။ ကုန်သည်တို့သည် လှေသူကြီးစကားကို ကြားကုန်၍ အမျိုးသား၏ အထံသို့ လာကုန်၏။ ခြေရင်းစောင့် အချင်းတို့သည် ရှေး ပေးအပ်သော သညာ၏ အစွမ်းအားဖြင့် သုံးဆင့် ဆင့်သဖြင့် ကုန်သည်တို့၏ လာသောအဖြစ်ကို ကြားကုန်၏။ တစ်ရာသော ကုန်သည်တို့သည် တစ်ထောင် တစ်ထောင်စီ ပေး၍ အမျိုးသားနှင့် တကွ လှေ၌ ဝယ်ရသော အဖို့ရှိ ကုန်သည် ဖြစ်၍ တစ်ဖန် တစ်ထောင် တစ်ထောင်စီ ပေးကုန်၍ အမျိုးသား၏ အဖို့ကို လွတ်စေ၍ ဘဏ္ဍာကို မိမိတို့၏ ဥစ္စာပြုကုန်၏။ စူဠဒ္ဓေဝါသိသည်

နှစ်သိန်းကုန်သော အသပြာတို့ကို ယူ၍ ဗာရာဏသီပြည်သို့ သွား၏။ သူကျေးဇူးကို သိတတ်သည်ဖြစ်၍ ကျေးဇူးကြီးလှပေသည်ဟု အသပြာတစ်သိန်းကို ယူခဲ့၍ စူဠသူဌေး၏ အထံသို့ သွား၏။ ထိုအခါ အမျိုးသားကို စူဠသူဌေးသည် ချစ်သား သင်သည် အသို့ပြု၍ ဥစ္စာကို ရသနည်းဟု မေး၏။ အမျိုးသားသည် အရှင်တို့သည် ဆိုအပ်သော အကြောင်း၌ တည်၍ လေးလတွင်းဖြင့်သာလျှင် ရအောင်၏ဟု ကြွက်သေကို အစပြု၍ အလုံးစုံသော အကြောင်းကို ဆို၏၊ စူဠသူဌေးသည် အမျိုးသား၏စကားကို ကြားလျှင် ယခု ဤသို့ သဘောရှိသော သူငယ်ကို ငါ၏ဥစ္စာ ပြုခြင်းငှါ သင့်၏ဟု အရွယ်ရောက်သော သမီးကို ပေး၍ အလုံးစုံသော ဥစ္စာ၏ အရှင်ကို ပြု၏။ အမျိုးသားသည် စူဠသူဌေးလွန်သဖြင့် ထိုမြို့၌ သူဌေး၏ အရာကို ရ၏၊ ဘုရားလောင်းသည်လည်း ကံအားလျော်စွာ လား၏၊ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဟော၍ ဘုရားဖြစ်တော်မူ၍ ဤဂါထာကို ဟောတော်မူ၏—

၄။ အပ္ပကေနပိ မေဓာဝီ၊ ပါဘတေန ဝိစက္ခဏော။
သမုဋ္ဌာပေတိ အတ္တာနံ၊ အဏုံ အဂ္ဂိံဝ သန္ဓမံ။

ပညာရှိသည် သေးငယ်သောမီးကို တဖူးဖူးမှုတ်လျက် မီးပုံကြီးဖြစ်အောင် ပြုလုပ်သကဲ့သို့ ကုန်သွယ်မှုလိမ္မာသော ပညာရှိသည် အနည်းငယ်သော ဥစ္စာ အရင်းအနှီးဖြင့် စည်းစိမ်အခြံအရံ များစွာ ဖြစ်စေ၍ မိမိကိုယ်ကို တိုးတက် မြင့်မားစေ၏။

ဇာတ်ပေါင်း

ဤသို့ မြတ်စွာဘုရားသည် စူဠပန်သည် ငါ့ကိုမှီ၍ ယခုအခါ၌ တရားတို့၌ တသားတို့၏ များမြတ်သည်၏ အဖြစ်သို့ ရောက်သည်သာလျှင် မဟုတ်သေး။ ရှေး၌လည်း စည်းစိမ်တို့၌ စည်းစိမ်တို့၏ များမြတ်သည်၏ အဖြစ်သို့ ရောက်ဖူးပြီ၊ ဤသို့ ဤဒေသနာကို ပြ၍ နှစ်ပါးကုန်သော ဝတ္ထုတို့ကို ဟောတော်မူပြီး၍ အနုသန္ဓေကိုစပ်၍ ယခုအခါ စူဠပန်သည် ထိုအခါ စူဠန္တေဝါသိ ဖြစ်ဖူးပြီ၊ ယခု အခါ ငါဘုရားသည်လျှင် မူကား ထိုအခါ စူဠသူဌေးဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

လေးခုမြောက်သော စူဠသေဋ္ဌိဇာတ်သည် ပြီး၏။

## ၅-တဏ္ဍုလနာဠိဇာတ်

### လောဘရမ္မက်ကြီးသော ဘုရင်နှင့် ရာဖြတ်ယောကျ်ား

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လူကို ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည် ကိမဂ္ဃတိ တဏ္ဍုလနာဠိကာ–အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤတဏ္ဍုလ နာဠိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် လာဠုဒါယီမထေရ် ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါ မလ္လာမင်း၏ သားဖြစ်သော ဒဗ္ဗမထေရ်သည် သံဃာအား ဆွမ်းသွန်သည် ဖြစ်၏၊ ထိုအခါ စောစောကလျှင် စာရေးတံဆွမ်းကို ညွှန်သည် ရှိသော် လာဠုဒါယီမထေရ်အား ရံခါ မြတ်သော ဆွမ်းသည် ရောက်၏၊ ရံခါ ယုတ်သော ဆွမ်းသည် ရောက်၏၊ ထိုလာဠုဒါယီမထေရ်သည် ယုတ်သောဆွမ်းကို ရသောနေ့၌ စာရေးတံ ဝေရာအရပ်၌ နှောင့်ယှက်ခြင်းကိုပြု၏၊ ဒဗ္ဗသာလျှင် စာရေးတံကိုပေးခြင်းငှါ သိသလော၊ ငါတို့သည် မသိကုန်သလောဟု ဆို၏၊ လာဠုဒါယီသည် စာရေးတံဝေရာ အရပ်၌ နှောင့်ယှက်ခြင်းကို ပြုသည်ရှိသော် ယခုအခါ၌ သင်သည်ပင်လျှင် စာရေးတံကို ပေးလောဟု ဆို၍ စာရေးတံ တောင်းကို ပေးလေကုန်၏။

ထိုအခါမှစ၍ ထိုလာဠုဒါယီမထေရ်သည် သံဃာအား စာရေးတံကိုပေး၏၊ ပေးသည် ရှိသော်ကား ဤဆွမ်းသည် မြတ်သောဆွမ်းဟူ၍ လည်းကောင်း, ယုတ်သောဆွမ်းဟူ၍ လည်းကောင်း, ဤမည်သော ဝါစဉ်၌ မြတ်သောဆွမ်း ရောက်၏ဟူ၍ လည်းကောင်း, ဤမည်သော ဝါစဉ်၌ ယုတ်သောဆွမ်း ရောက်၏ ဟူ၍လည်းကောင်း မသိ၊ အစဉ်ကိုသော်လည်း ဤမည်သော ဝါစဉ်၌ တည်၏ ဟူ၍ မမှတ်နိုင်၊ ရဟန်းတို့၏ တည်သောအခါ၌ ဤအရပ်၌ ဤအစဉ်ဟူ၍ မြေ၌ လည်းကောင်း, နံရံ၌လည်းကောင်း အရေးငင်၏၊နက်ဖြန်နေ့စာရေးတံဝေရာ အရပ်၌ ရဟန်းတို့သည် နည်းသည်မူလည်း ဖြစ်ကုန်၏၊ များသည်မူလည်း ဖြစ်ကုန်၏။ ရဟန်းတို့သည် နည်းကုန်လတ်သော် အောက်၌ အရေးကို ငင်၏၊ ရဟန်းတို့သည် များကုန်လတ်သော် အထက်၌ အရေးကို ငင်၏၊ လာဠုဒါယီ မထေရ်သည် ထေရ်စဉ်ကို မသိသည်ဖြစ်၍ အရေးအမှတ်ဖြင့် စာရေးတံကို ပေး၏၊ ထိုအခါ လာဠုဒါယီမထေရ်ကို ရဟန်းတို့သည် ငါ့ရှင်လာဠုဒါယီ အရေးမည်သည်ကား အောက်၌လည်း တည်၏၊ အထက်၌လည်း တည်၏၊ မြတ်သောဆွမ်း မည်သည်ကား ဤမည်သော ဝါစဉ်၌တည်၏၊ ယုတ်သော

ဆွမ်းသည်ကား ဤမည်သော ဝါစဉ်၌ တည်၏ဟု ဆိုကုန်၏။ လာဠုဒါယီမထေရ်သည် ရဟန်းတို့သည် စာဒနာအပ်သည်ရှိသော် မြတ်သော ဆွမ်းသည် ဤမည်သော ဝါစဉ်၌ တည်သည်၊ ယုတ်သောဆွမ်းသည် ဤမည်သော ဝါစဉ်၌ တည်သည် အကယ်၍ဖြစ်ငြားအံ့ ဤသို့ ဖြစ်သည်ရှိသော် ဤအရေးသည် အဘယ့်ကြောင့် ဤသို့တည်သနည်း၊ ငါသည် သင်တို့စကားကို အသို့ယုံရအံ့နည်း၊ ဤအရေးကို ယုံရအံ့ဟု ဆို၏။

ထိုအခါ လာဠုဒါယီကို ပဉ္စင်းငယ်တို့သည်လည်းကောင်း, သာမဏေတို့သည်လည်းကောင်း ငါ့ရှင်လာဠုဒါယီ သင်သည် စာရေးတံ ပေးသည်ရှိသော် ရဟန်းတို့သည် လာဘ်မှယုတ်ကုန်၏၊ သင်သည် စာရေးတံပေးခြင်းငှါ မလျောက်ပတ် ဤအရပ်မှ သွားလော့ဟု စာရေးတံဝေရာမှ နှင်ထုတ်ကုန်၏။ ထိုခဏ၌ စာရေးတံဝေရာ၌ ကြီးစွာသော အုတ်အုတ်ကျက်ကျက်သည် ဖြစ်၏၊ မြတ်စွာဘုရားသည် ထိုအသံကို ကြားတော်မူ၍ အာနန္ဒာမထေရ်ကို အာနန္ဒာ စာရေးတံဝေရာ၌ ကြီးစွာသော အုတ်အုတ်ကျက်ကျက်သည် ဖြစ်၏၊ ဤအသံသည် အဘယ်အသံနည်းဟု မေးတော်မူ၏၊ အာနန္ဒာမထေရ်သည် မြတ်စွာဘုရားအား ထိုအကြောင်းကို ကြားလျှောက်၏၊ အာနန္ဒာ ယခုသာလျှင် လာဠုဒါယီသည် မိမိ၏ မိုက်သည်၏ အဖြစ်ကြောင့် တစ်ပါးကုန်သော သူတို့၏ လာဘ်ယုတ်ခြင်းကို ပြုသည်မဟုတ်သေး၊ ရှေး၌လည်း ပြုသည်သာလျှင်တည်းဟု မိန့်တော်မူ၏၊ အာနန္ဒာမထေရ်သည် ထိုအကြောင်းကို ထင်စွာ ပြစိမ့်သောငှါ မြတ်စွာဘုရားကို တောင်းပန်၏၊ မြတ်စွာဘုရားသည် ဘဝတစ်ပါးသည် ဖုံးလွှမ်းအပ်သော အကြောင်းကို ထင်စွာပြတော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ကာသိတိုင်း ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြု၏၊ ထိုအခါ ဘုရားအလောင်းသည် မင်း၏ အဖိုးဖြတ်သော အမတ်ဖြစ်၏၊ ဆင် မြင်း စသည်တို့ကိုလည်းကောင်း, ပတ္တမြား ရွှေ,ငွေ စသည်တို့ကိုလည်းကောင်း အဖိုးဖြတ်စေ၏၊ အဖိုးဖြတ်စေ၍ ဥစ္စာရှင်တို့အား ဥစ္စာအား လျော်သည်သာလျှင် ဖြစ်သော အဖိုးကို ပေးစေ၏၊ မင်းသည်ကား လောဘကြီး၏၊ ထိုမင်းသည် လောဘကြီးသောကြောင့် ဤ အဖိုးဖြတ်သော သူသည် ဤသို့ အဖိုးဖြတ်သည်ရှိသော် မကြာခင်လျှင် ငါ့အိမ်၌ ဥစ္စာသည် ကုန်ခြင်းသို့ ရောက်လတ္တံ့၊ တပါးသောသူကို အဖိုးဖြတ်စေအံ့ဟု ကြံ၏၊ မင်းသည် ခြသေ့ံခံသောလေသွန် ပြတင်းကိုဖွင့်လှစ်၍ မင်းရင်ပြင်ကို ကြည့်သည်ရှိသော် တစ်ယောက်သော လျှပ်ပေါ် လော်လည်သော မိုက်သောခရီးသွား ယောကျ်ား

ကို မင်းရင်ပြင်ဖြင့် သွားသည်ကို မြင်၍ ဤသူသည် ငါ၏ အဖိုးဖြတ်အမှုကို ပြုခြင်းငှါ တတ်နိုင်လတ္တံ့ဟု ထိုခရီးသွား ယောကျ်ားမိုက်ကို ခေါ်စေ၍ အချင်း သင်သည် ငါ၏ အဖိုးဖြတ်အမှုကို ပြုခြင်းငှါ တတ်နိုင်လတ္တံ့လောဟု မေး၏၊ အရှင်မင်းကြီး တတ်နိုင်လတ္တံ့ဟု ဆို၏။

မင်းသည် မိမိဥစ္စာကို စောင့်ခြင်းအကျိုးငှါ ထိုခရီးသွားသော ယောကျ်ားမိုက်ကို အဖိုးဖြတ်အရာ၌ ထား၏၊ ထိုအခါမှစ၍ ထိုခရီးသွားသော ယောကျ်ားမိုက်သည် ဆင်,မြင်း စသည်တို့ကို အဖိုးဖြတ်သည်ရှိသော် ထိုအဖိုးကို ယုတ်စေ (လျော့)၍ အလိုရှိတိုင်း ဖြတ်၏၊ ထိုယောကျ်ားမိုက်၏ အရာအထူး၌ တည်သည်၏ အဖြစ်ကြောင့် ယောကျ်ားမိုက်သည် အကြင်အဖိုးကို ဖြတ်၏၊ ထိုဖြတ်သော အဖိုးသည်သာလျှင် ဖြစ်၏။

ထိုကာလ၌ ဥတ္တရာပထမှ တစ်ယောက်သော မြင်းကုန်သည်သည် မြင်းငါးရာတို့ကို ဆောင်ခဲ့၏၊ မင်းသည် ထိုအဖိုးဖြတ်သော ယောကျ်ားကို ခေါ်၍ မြင်းတို့ကို အဖိုးဖြတ်စေ၏၊ အဖိုးဖြတ်သော ယောကျ်ားသည် မြင်းငါးရာတို့၏ အဖိုးကို ဆန်တစ်ကွမ်းစား ဖြတ်၏၊ ဖြတ်ပြီး၍ကား မြင်းကုန်သည်အား ဆန်တစ်ကွမ်းစားကို ပေးကုန်လောဟု ဆို၍ မြင်းတို့ကို တင်းကုပ်၌ ထားစေ၏၊ မြင်းကုန်သည်သည် ရှေး၌ဖြတ်သော အဖိုးဖြတ် အမတ် (ရှေးဖြတ်ဟောင်း) အိမ်သို့ သွား၍ ထိုအကြောင်းကို ကြား၍ ယခုအဘယ်သို့ ပြုအပ်သနည်းဟု မေး၏၊ အဖိုးဖြတ်ဟောင်းသည် ထိုအဖိုးဖြတ် ယောကျ်ားမိုက်အား တံစိုးပေး၍ ရှေးဦးစွာ ငါတို့၏မြင်းတို့သည် ဆန်တစ်ကွမ်းစားကို ထိုက်၏ ဟူ၍ သိအပ်ပြီ၊ သင်တို့ကိုကား မှီ၍ ဆန်တစ်ကွမ်းစား၏ အဖိုးကို သိလိုကုန်၏၊ မင်း၏အထံသို့ သွား၍ ဆန်တစ်ကွမ်းစားသည် ဤမည်သော အဖိုးကို ထိုက်၏ဟု ငါတို့အား ဆိုခြင်းငှါ တတ်နိုင်လတ္တံ့လောဟု မေးကုန်လော၊ တတ်နိုင်လတ္တံ့ဟု ဆိုကယ်၍ ဆိုအံ့၊ ထို အဖိုးဖြတ်ငယ် ယောကျ်ားကို ခေါ်၍ မင်း၏အထံသို့ သွားနှင့်ကုန်လော၊ ငါလည်း မင်း၏အထံသို့ လာအံ့ဟုဆို၏၊ မြင်းကုန်သည်သည် ကောင်းပြီဟု ဘုရားအလောင်းကို ဝန်ခံ၍ အဖိုးဖြတ်ယောကျ်ားအား တံစိုးပေး၍ ထိုအကြောင်းကို ကြား၏၊ အဖိုးဖြတ်ယောကျ်ားသည် တံစိုးကိုရလျှင် ဆန်တစ်ကွမ်းစားကို အဖိုးဖြတ်ခြင်းငှါ တတ်နိုင်လတ္တံ့ဟု ဆို၏၊ ထိုသို့ဖြစ်ပါမူကား မင်းအိမ်သို့ သွားကုန်အံ့ဟု ထိုအဖိုးဖြတ်သော ယောကျ်ားကို ခေါ်၍ မင်း၏ အထံသို့သွား၏၊ ဘုရားအလောင်းသည် လည်းကောင်း တစ်ပါးကုန်သော အမတ်တို့သည်လည်းကောင်း လာကုန်၏။

မြင်းကုန်သည်သည် မင်းကိုရှိခိုး၍ အရှင်မင်းကြီး မြင်းငါးရာတို့၏ ဆန်တစ်ကွမ်းစားထိုက်သည်၏အဖြစ်ကို သိရကုန်ပြီ၊ ရှင်မင်းကြီး၏ ဆန်တစ်ကွမ်းစားသည်ကား အဘယ်မျှ ထိုက်သနည်းဟု အဖိုးဖြတ်ကို မေးတော်မူပါဦးလောဟု လျှောက်၏၊ မင်းသည် ထိုအကြောင်းကို မသိသည်ဖြစ်၍ အို အဖိုးဖြတ်– မြင်းငါးရာတို့သည် အဘယ်မျှ ထိုက်ကုန်သနည်းဟု မေး၏၊ အရှင်မင်းကြီး ဆန်တစ်ကွမ်းစား ထိုက်ကုန်၏ဟု ဆို၏၊ အချင်းအဖိုးဖြတ် မြင်းတို့သည် ရှေးဦးစွာ ဆန်တစ်ကွမ်းစား ထိုက်ကုန်သည်ဖြစ်စေ ထိုဆန်တစ်ကွမ်းစားသည်ကား အဘယ်မျှ ထိုက်သနည်းဟု မေး၏၊ ထိုအဖိုးဖြတ်သော ယောကျ်ားမိုက်သည် ဆန်တစ်ကွမ်းစားသည် မြို့တွင်း တစ်ဆယ့်နှစ်ယူဇနာ မြို့ပ ယူဇနာသုံးရာနှင့် တကွသော ဗာရာဏသီပြည်ကြီးကို ထိုက်၏ဟု ဆို၏ အဖိုးဖြတ် ယောကျ်ားမိုက်သည် ရှေး၌ မင်းလိုသို့လိုက်၍ ဆန်တစ်ကွမ်းစားကို မြင်းငါးရာတို့၏ အဖိုးကို ပြု၏၊ တစ်ဖန် ကုန်သည်၏လက်မှ တံစိုးကိုရ၍ ထိုဆန် တစ်ကွမ်းစား၏ အဖိုးကို အတွင်း တစ်ဆယ့်နှစ်ယူဇနာ အပ ယူဇနာသုံးရာနှင့် တကွသော ဗာရာဏသီပြည်ကြီးကို ပြု၏၊ ထိုအခါ၌ကား ဗာရာဏသီပြည်၏ တံတိုင်းအရံသည် တစ်ဆယ့်နှစ်ယူဇနာရှိ၏၊ ဤတစ်ဆယ့်နှစ်ယူဇနာ ရှိသောအရပ်သည် ဗာရာဏသီပြည်၏ အတွင်းအရပ်တည်း၊ အပဖြစ်သော တံတိုင်းသည် မူကား ယူဇနာ သုံးရာ ရှိ၏၊ ဤသို့ အဖိုးဖြတ်သော ယောကျ်ားမိုက်သည် အတွင်းအပနှင့်တကွ ကြီးစွာသော ဗာရာဏသီပြည်ကို ဆန်တစ်ကွမ်း စား၏ အဖိုးကို ပြု၏။

ထိုစကားကိုကြား၍ အမတ်တို့သည် လက်ခုပ်တီး၍ ရယ်ကုန်လျက် ငါတို့သည် ရှေး၌ မြေကို လည်းကောင်း မင်းကို လည်းကောင်း အဖိုးမဖြတ်အပ်ဟု မှတ်ကုန်၏၊ ဤသို့ ကြီးစွာသော မင်းနှင့် တကွသော ဗာရာဏသီပြည်သည် ဆန်တစ်ကွမ်းစားမျှ ထိုက်သတတ်၊ အဖိုးဖြတ်သော ယောကျ်ား၏ ဉာဏ်၏ ပြည့်စုံခြင်းသည် အံ့ဖွယ်သရဲ ရှိပေစွ၊ ဤမျှလောက်သော ကာလပတ်လုံး ဤအဖိုးဖြတ်သော ယောကျ်ားသည် အဘယ်မှာ နေရှာချေသနည်း၊ ငါတို့၏ မင်းအားသာလျှင် လျောက်ပတ်ပေစွဟု ဆိုလိုကုန်၍ ဤဂါထာဖြင့် ပြက်ရယ် ပြုကုန်၏။

> ၅။ ကိမဂ္ဃတိ တဏ္ဍုလနာဠိကာယံ၊
> အဿာန မူလာယ ဝဒေဟိ ရာဇ၊
> ဗာရာဏသိံ သန္တရဗာဟိရတော၊
> အယမဂ္ဃတိ တဏ္ဍုလနာဠိကာ။

မြတ်သောမင်းကြီး မြင်းငါးရာတို့၏ တန်ဖိုးဖြစ်သော ဤဆန်တစ်ကွမ်းစား (တစ်စလယ်)သည် အဘယ်မျှထိုက်တန်သနည်း ဆိုပါဦးလော၊ ဤဆန်တစ်ကွမ်း

စား:သည် အဘွင်းအ:ပနှင့် တကွသော ဗာရာဏသီပြည်ကို တကာယ်ပင် ထိုက်တန်ပါသလော။

ထိုအခါ မင်းသည် ရှက်သည် ဖြစ်၍ ထိုအဖိုးဖြတ်သော ယောကျ်ား မိုက်ကို အဖိုးဖြတ် အရာမှ ချထား၍ ဘုရားလောင်းအားသာလျှင် အဖိုးဖြတ် အရာကို ပေး၏၊ ဘုရားလောင်းသည် ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ နှစ်ပါးကုန်သော ဝတ္ထုတို့ကို ဟောတော်မူ၍ အနုသန္ဓိကို စပ်၍ ယခုအခါ လာဠုဒါယီသည် ထိုအခါ မိုက်သော အဖိုးဖြတ်သော ယောကျ်ား ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်မူကား ထိုအခါ ပညာရှိသော အဖိုးဖြတ်အမတ်သည် ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ငါးခုမြောက်သော တဏ္ဍုလနာဠိဇာတ်သည် ပြီး၏။

---

၆–ဒေဝဓမ္မဇာတ်

အရှက်အကြောက် လောကပါလ တရားနှစ်ပါး

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လူကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဟိရိဩတ္တပ္ပသမ္ပန္နာ" အစရှိသော ဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော ဤဒေဝဓမ္မဇာတ်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် မထင်ရှားသော များသော ဥစ္စာရှိသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏၊

သာဝတ္ထိပြည်၌နေသော သူကြွယ်တစ်ယောက်သည် မယားသေသည်ရှိသော် ရဟန်းပြုသတတ်၊ ထိုသူကြွယ်သည် ရဟန်းပြုသော်လည်း မိမိ၏ အကျိုးငှါ ပရိဝုဏ်ကို လည်းကောင်း, မီးတင်းကုပ်ကို လည်းကောင်း, ဘဏ္ဍာတိုက်ခန်းကို လည်းကောင်း ပြုစေ၍ ဘဏ္ဍာတိုက်ကို ထောပတ်ဆန် စသည်တို့ဖြင့် ဖြည့်စေ၍ ရဟန်းပြု၏၊ ထိုသူကြွယ်သည် ရဟန်းပြုပြီး၍ကား မိမိကျွန်တို့ကို ခေါ်စေ၍ အလိုရှိတိုင်းသော အာဟာရကို ချက်စေ၍ သုံးဆောင်၏၊ များသော ပရိက္ခရာသည်လည်း ဖြစ်၏၊ ညဉ့်၌ တစ်ပါးသော အဝတ်အရုံကို ဝတ်ရုံ၏၊ နေ့၌ တစ်ပါးသော အဝတ်အရုံကို ဝတ်ရုံ၏၊ ကျောင်းစွန်၌ နေ၏။

တစ်နေ့သ၌ ထိုရဟန်း၏ သင်္ကန်းအိပ်ရာလွှမ်း စသည်တို့ကို ထုတ်၍ ပရိဝုဏ်၌ ဖြန့်၍ လှမ်းစဉ် များစွာကုန်သော ဇနပုဒ်၌ နေကုန်သော ရဟန်းတို့သည် ကျောင်းစဉ် လှည့်လည်ကုန်သည် ရှိသော် ပရိဝုဏ်သို့ ရောက်ကုန်၍ သင်္ကန်း စသည်တို့ကို မြင်ကုန်၍ ဤသင်္ကန်း စသည်သည် အဘယ်သူ၏ ဥစ္စာတို့နည်းဟု မေးကုန်၏၊ ငါ့ရှင်တို့ ငါ၏ ဥစ္စာတို့တည်းဟု ဆို၏၊ ငါ့ရှင် ဤသင်္ကန်းသည် လည်းကောင်း, ဤသင်းပိုင်သည် လည်းကောင်း ဤအိပ်ရာလွှမ်းသည် လည်းကောင်း, အလုံးစုံသော ဥစ္စာသည် သင်၏ ဥစ္စာချည်းပင်လော ဟု မေးကုန်၏၊ ငါ့ရှင်တို့ ငါ၏ ဥစ္စာချည်းပင်လျှင်တည်းဟု ဆိုလေ၏၊ ငါ့ရှင် မြတ်စွာဘုရားသည် သင်္ကန်းသုံးထည်တို့ကို ခွင့်ပြုအပ်ကုန်သည် မဟုတ်တုံလော၊ သင်သည် ဤသို့အလိုနည်းသော မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြု၍ ဤသို့များစွာသော ပရိက္ခရာရှိသည် ဖြစ်၏၊ လာလှည့် သင့်ကို မြတ်စွာဘုရားအထံသို့ ဆောင်ကုန်အံ့ဟု ဆို၍ ထိုရဟန်းကိုခေါ်၍ မြတ်စွာဘုရားအထံသို့ သွားကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းကို မြင်တော်မူ၍လျှင် ရဟန်းတို့ အလိုမရှိသည်သာလျှင်ဖြစ်သော ဤရဟန်းကို ခေါ်၍ အဘယ့်ကြောင့် လာကြကုန်သနည်းဟု မိန့်တော်မူ၏။ အရှင်ဘုရား ဤရဟန်းသည် များသော ဘဏ္ဍာ များသော ပရိက္ခရာရှိ၏ဟု လျှောက်ကုန်၏။ ရဟန်း သင်သည် များသော ဥစ္စာရှိသတတ်ဟူသည် မှန်သလောဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား မှန်ပေ၏ဟု လျှောက်၏။ ရဟန်း သင်သည် အဘယ့်ကြောင့်ကား များသော ဥစ္စာရှိသည်ဖြစ်သနည်း ငါဘုရားသည် အလိုနည်းသော အဖြစ်၏ လည်းကောင်း၊ ရောင့်ရဲလွယ်သော အဖြစ်၏ လည်းကောင်း၊ ဆိတ်ငြိမ်သော အဖြစ်၏ လည်းကောင်း၊ လုံ့လကိုအားထုတ်ခြင်း၏ လည်းကောင်း ကျေးဇူးကို ဟောတော်မူသည် မဟုတ် တုံလောဟု မိန့်တော်မူ၏။

ထိုရဟန်းသည် မြတ်စွာဘုရား စကားတော်ကို ကြား၍ အမျက်ထွက်သည် ဖြစ်၍ ယခု ဤအကျင့်ဖြင့် ကျင့်တော့အံ့ဟု ကိုယ်ရုံကိုချ၍ ပရိသတ်အလယ်၌ သင်းပိုင်တစ်ထည်သာရှိသည်ဖြစ်၍ ရပ်၏။

ထိုအခါ ထိုရဟန်းကို မြတ်စွာဘုရားသည် ထောက်ပံ့တော် မူလိုသည်ဖြစ်၍ ရဟန်း သင်သည် ရှေး၌ ဟိရိဩတ္တပ္ပ (အရှက် အကြောက်) ရှာဖူးသည် မဟုတ်တုံလော။ ဒကရက္ခိုသ် (ရေစောင့်ဘီလူး) ဖြစ်သော ကာလ၌လည်း ဟိရိဩတ္တပ္ပကို ရှာလျက် တော၌ တစ်ဆယ့်နှစ်နှစ်ပတ်လုံး နေဖူး၏။ ထိုသို့ ဖြစ်လျက် အဘယ့်ကြောင့် ယခုအခါ၌ ဤသို့စဉ်သဘောရှိသော ဘုရားသာသနာတော်၌ ရဟန်းပြု၍ ပရိသတ်လေးပါးအလယ်၌ ကိုယ်ရုံကိုချ၍ အရှက် အကြောက်ကို ပယ်၍ ရပ်သနည်းဟု မိန့်တော်မူ၏။ ထိုရဟန်းသည် မြတ်စွာ

ဘုရား စကားတော်ကို ကြား၍ ဟိရိသုတ္တပ္ပကို ဖြစ်စေ၍ ထိုသက်န်းကိုရှိ၍ မြတ်စွာဘုရားကို ရှိခိုးလျက် တင့်အပ်သျောက်ပတ်စွာ နေ၏။ ရဟန်းတို့သည် ထိုအကြောင်းကို ထင်စွာပြစိမ့်သောငှါ မြတ်စွာဘုရားကို တောင်းပန်ကုန်၏။ မြတ်စွာဘုရားသည် ဘဝတစ်ပါးသည် ဖုံးလွှမ်းအပ်သော အကြောင်းကို ထင်စွာပြတော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ကာသိတိုင်း ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြု၏။ ထိုအခါ၌ ဘုရားလောင်းသည် ထိုမင်း၏ မိဖုရား၏ ဝမ်း၌ ပဋိသန္ဓေနေ၏။ မိဖုယားကြီးသည် ဆယ်လလွန်သဖြင့် သားကို ဖွား၏။ ထိုသူငယ်အား အမည်မှည့်အံ့သောနေ့၌ မဟိံသ မင်းသားဟူသော အမည်ကို မှည့်ကုန်၏။ ထိုမဟိံသမင်းသား၏ ရွေးရှုပြေး၍ လည်းကောင်း၊ ထက်ဝန်းကျင်ပြေး၍ လည်းကောင်း သွားတတ်သောကာလ၌ သားငယ် တစ်ပါး ဖွားပြန်၏။ ထိုညီငယ်အား စန္ဒကုမာရဟူသော အမည်ကို မှည့်ကြကုန်၏၊ ထိုစန္ဒကုမာရ မင်းသား၏ ရွေးရှုပြေး၍ လည်းကောင်း၊ ထက်ဝန်းကျင်ပြေး၍ လည်းကောင်း သွားတတ်သောကာလ၌ ဘုရားလောင်း၏ မယ်တော်သည် သေ၏။ မင်းသည် တစ်ပါးသော မိန်းမကို မြတ်သော မိဖုရားကြီးအရာ၌ ထား၏။ ထိုမိဖုရားသည် မင်းအား ချစ်နှစ်သက်စေသည် ဖြစ်၏။ ထိုမိန်းမသည် လည်း (သံဝါသ ကိုစွဲ၍) တစ်ယောက်သော သားကိုဖွား၏။ ထိုသူငယ်အား သူရိယ မင်းသားဟူသောအမည် မှည့်ကုန်၏။ မင်းသည် သားကိုမြင်၍ နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ မိဖုရား သင့်အား ဆုပေး၏ဟု ဆို၏။ မိဖုရားသည် ဆုကို လိုအပ်သောကာလ၌ ယူအပ်သည်ကို ပြု၍ထား၏။ မိဖုရားသည် သားအရွယ်သို့ ရောက်သည်ရှိသော် မင်ကြီးကို ရှင်မင်းကြီး အကျွန်ုပ်၏ သားအား ဖွားသောကာလ၌ ဆုကိုပေးအပ်ပြီ။ အကျွန်ုပ် သားအား မင်းအဖြစ်ကို ပေးလော့ဟု ဆို၏။ မင်းသည် ငါ့သားကြီး နှစ်ယောက်တို့သည် မီးပုံကြီးကဲ့သို့ ထွန်းပလျက်သွားကုန်၏။ သင့်သားအား မင်းအဖြစ်ကို ပေးခြင်းငှါ မတတ် ကောင်းဟု ပယ်၏။

အဖန်တလဲလဲ တောင်းသည်သာလျှင်ဖြစ်သော မိဖုရားကို မြင်၍ မိဖုရားသည် ငါ၏သားကြီးတို့၏ မကောင်းသော အမှုကိုလည်း ကြံရာ၏ဟု သားတို့ကို ခေါ်စေ၍ ချစ်သားတို့ သူရိယမင်းသား၏ ဖွားသောကာလ၌ ဆုကိုပေးဖူး၏ ယခုသူရိယမင်းသား၏ အမိသည် မင်းအဖြစ်ကိုတောင်း၏။ ငါသည် သူရိယ မင်းသားအား မပေးလို မိန်းမမည်သည်ကား ယုတ်မာ၏။ ချစ်သားတို့အား ယုတ်မာသော အမှုကိုလည်း ကြံရာ၏။ သင်တို့သည် တောသို့ဝင်၍ ငါလွန်သဖြင့်

အမျိုး၏ ဥစ္စာဖြစ်သော မြို့၌ မင်းပြုရစ်ကြကုန်လောဟု မှာခဲ့၍ မျက်ရည်သို လျက် ငိုကြွေး၍ ဦးခေါင်း၌နမ်း၍ လွှတ်လိုက်၏။ အဖကိုရှိခိုး၍ ပြာသာဒ်မှ ဆင်းသက်ကုန်သော မင်းသားတို့ကို မင်းရင်ပြင်၌ ကစားသော သူရိယ မင်းသားသည် မြင်၍ ထိုအကြောင်းကို သိ၍ ငါလည်း အစ်ကိုတို့နှင့်တကွ လိုက်အံ့ဟု မင်းသားကြီးတို့နှင့် တကွသာလျှင် ထွက်၏။ ထိုမင်းသားတို့သည် ဟိမဝန္တာသို့ဝင်ကုန်၏၊ ဘုရားလောင်းသည် ခရီးမှ ဖဲ၍ သစ်ပင်ရင်း၌နေ၍ သူရိယမင်းသားကို ညီတော်သူရိယမင်းသား အိုင်သို့သွား၍ ရေချိုး၍လည်း ကောင်း၊ သောက်၍လည်းကောင်း၊ ပဒုမ္မာရွက်တို့ဖြင့် ငါတို့ဖို့လည်း ရေကို ဆောင်ချေလောဟု ဆို၏။ ထိုအိုင်ကိုကား ဝေဿဝဏ်နတ်မင်း၏ အထံမှ တစ်ယောက်သော ဒကရက္ခိုသ်သည် ရအပ်၏။ ဝေဿဝဏ် နတ်မင်းသည်လည်း ဒေဝဓမ္မ(နတ်တို့၏ ကိုယ်ကျင့်တရား)ကို သိကုန်သော သူတို့ကိုသာလျှင် ထား၍ တစ်ပါးကုန်သော သူတို့သည် ဤအိုင်သို့ ဆင်းသက်ကုန်၏၊ ထိုသူတို့ကို စားခြင်း ငှါမူ၏။ မဆင်းသက်သော သူတို့ကို မရဟု ဒကရက္ခိုသ်ကို ဆို၏။ ထိုအခါမှစ၍ ဒကရက္ခိုသ်သည် အကြင်သူတို့သည် အိုင်သို့ ဆင်းသက်ကုန်၏၊ ထိုသူတို့ကို ဒေဝဓမ္မကိုမေး၍ အကြင်သူတို့သည် မသိကုန်၊ ထိုသူတို့ကို စား၏။ ထိုအခါ၌ လျှင် သူရိယမင်းသားသည် အိုင်သို့သွား၍ မစုံစမ်း ဆင်းသက်၏။ ထိုအခါ သူရိယ မင်းသားကို ဒကရက္ခိုသ်သည် ဖမ်း၍ ဒေဝဓမ္မကိုသိ၏လောဟု မေး၏။ သူရိယမင်းသားသည် ဒေဝဓမ္မတို့ မည်သည်ကား နေလဘို့တည်းဟု ဆို၏။ ထိုအခါ သူရိယမင်းသားကို သင်သည် ဒေဝဓမ္မကို မသိဟု ရေထဲသို့သွင်း၍ မိမိနေရာ၌ ထား၏။

ဘုရားလောင်းသည်လည်း သူရိယမင်းသားသည် အလွန်ကြာမြင့်သည်ဖြစ်၍ စန္ဒမင်းသားကို စေပြန်၏။ ဒကရက္ခိုသ်လည်း စန္ဒမင်းသားကိုဖမ်း၍ ဒေဝဓမ္မ တို့ကို သိ၏လောဟု မေး၏။ ပြော၁ သိ၏။ ဒေဝဓမ္မတို့မည်သည်ကား အရပ်လေးမျက်နှာတို့တည်းဟု ဆို၏။ ဒကရက္ခိုသ်သည် သင်သည် ဒေဝဓမ္မကို မသိဟု စန္ဒမင်းသားတို့ကိုယူ၍ ထိုအရပ်၌သာလျှင် ထား၏။ ဘုရားလောင်း သည် စန္ဒမင်းသား ကြာပြန်သည်ရှိသော် တစ်ခုခုသော အန္တရာယ်သည် ဖြစ်ရာ ၏ဟု ကြံ၍ ထိုအိုင်သို့ ကိုယ်တိုင်သွား၍ ညီနှစ်ယောက်တို့၏လည်း ဆင်းသက် သော ခြေရာကိုမြင်၍ ဤအိုင်သည် ရက္ခိုသ်စောင့်သော အိုင်ဖြစ်ရာ၏ဟုကြံ၍ လေးကိုကိုင်၍ ရပ်၏။

ဒကရက္ခိုသ်သည် ဘုရားအလောင်းတော် ရေသို့ မဆင်း မသက်သည်ကို မြင်၍ တောသွားယောကျ်ားကဲ့သို့ဖြစ်၍ ဘုရားအလောင်းကို အိုယောကျ်ား သင်သည် ခရီးပန်းလျက် အဘယ့်ကြောင့် ဤအိုင်ကို ဆင်းသက်၍ ချိုး၍

သောက်၍ ကြာစွယ်ကြာရင်းတို့ကို စား၍ ပန်းတို့ကို ပန်၍ ချမ်းသာစွာ မသွားသနည်းဟု မေး၏။ ဘုရားလောင်းသည် ဒကရက္ခိုသ်ကိုမြင်၍ ဤသူသည် ဘီလူးဖြစ်လတ္တံ့ဟုသိ၍ သင်သည် ငါ့ညီတို့ကို ဖမ်းအပ်ကုန်သလောဟု မေး၏။ ဩော်-ငါဖမ်းအပ်ကုန်၏ဟု ဆို၏။ အဘယ့်ကြောင့် ဖမ်းအပ်သနည်းဟု ဆို၏။ ဤအိုင်သို့ ဆင်းသက်ကုန်သော သူတို့ကို ငါရ၏ဟု ဆို၏။ အလုံးစုံသော သူကိုသျှင် ရသလောဟု မေး၏။ အကြင် သူတို့သည် ဒေဝဓမ္မတို့ကို သိကုန်၏။ ထိုသူတို့ကိုထား၍ ကြွင်းသောသူတို့ကို ရကုန်၏ဟု ဆို၏။ သင်သည် ဒေဝဓမ္မတို့ဖြင့်အလိုရှိသလောဟု မေး၏။ ဩော်-အလိုရှိ၏ဟုဆို၏။ အကယ်၍ အလိုရှိသည်ဖြစ်အံ့၊ ဤသို့ အလိုသည်ရှိသော် ငါသည် ဒေဝဓမ္မကို ဟောအံ့ဟု ဆို၏။ ထိုသို့ တပြီးကား ဟောလော ငါသည် ဒေဝဓမ္မတို့ကို နာအံ့ ဟုဆို၏။ ဘုရားလောင်းသည် ငါသည် ဒေဝဓမ္မတို့ကိုဟောအံ့။ ငါသည် ညစ်နွမ်းသော ကိုယ်ရှိ၏ဟု ဆို၏။ ဒကရက္ခိုသ်သည်ဘုရားလောင်းကို ရေချိုးစေ၍ ရေကို သောက်စေ၍ ပန်းတို့ကို ပန်စေ၍ နံ့သာတို့ဖြင့် လိမ်းစေ၍ တန်ဆာဆင်အပ်သော မဏ္ဍပ်အလယ်၌ ပလ္လင်ကိုခင်း၍ ပေး၏။ ဘုရားလောင်းသည် နေရာ၌ နေ၍ ဒကရက္ခိုသ်ကို ခြေရင်း၌နေစေ၍ ထိုသို့တပြီးကား ကောင်းစွာ ထားသော သောတပသာဒ ရှိသည်ကို ဖြစ်စေ၍ ရိုသေစွာ ဒေဝဓမ္မကို နာလော့ဟုဆို၍ ဤဂါထာကို ဆို၏။

၆။ ဟိရိဩတ္တပ္ပသမ္ပန္နာ၊ သုက္ကဓမ္မသမာဟိတာ။
သန္တော သပ္ပုရိသာ လောကေ၊ ဒေဝဓမ္မာတိ ဝုစ္စရေ။

လောက၌ ဟိရီ ဩတ္တပ္ပ အရှက်အကြောက်နှင့် ပြည့်စုံကုန်သော ဖြူစင်သော တရားနှင့် ပြည့်စုံကုန်သော သူတော်ကောင်းတို့ကို ဒေဝဓမ္မဟု ဆိုအပ်ကုန်၏။

[သမ္မုတိနတ် ဥပပတ္တိနတ် ဝိသုဒ္ဓိနတ်တို့၏ အကျင့်တရားတို့သည် ဒေဝဓမ္မတို့ မည်ကုန်၏၊ထိုတရားတို့နှင့် ပြည့်စုံကုန်သော သူတို့သည်လည်း ဒေဝဓမ္မမည်ကုန်သေး၏။ ထို့ကြောင့် ပုဂ္ဂလာဓိဋ္ဌာန်ဒေသနာတော်ဖြင့် ဒေဝဓမ္မတို့ကို ပြတော်မူလိုရကား။ သန္တော သပ္ပုရိသာ လောကေ၊ ဒေဝဓမ္မာတိ ဝုစ္စရေ-ဟူ၍ ဟောတော်မူ၏။]

ရက္ခိုသ်သည် ဤဓမ္မဒေသနာကို နာရ၍ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ဘုရားလောင်းကို ပညာရှိ ငါသည် သင်တို့အား ကြည်ညိုသည်ဖြစ်၍ တစ်ယောက်သော ညီကို ပေး၏၊ အဘယ်သူကို ဆောင်ခဲ့ရအံ့နည်းဟု ဆို၏၊ ညီငယ်ကို

ဆောင်ခဲ့လောဟု ဘုရားလောင်း ဆို၏၊ ပညာရှိ...သင်သည် ဒေဝဓမ္မကို သက်သက်သာလျှင် သိ၏၊ ဒေဝဓမ္မတို့၌ကား မကျင့်ဟု ဆို၏၊ အဘယ့်ကြောင့်နည်းဟု ဘုရားလောင်းဆို၏၊ အကြင်ကြောင့် ညီအကြီးကို ထား၍ ညီအငယ်ကို ပို့လာစေဆိုသော သင်သည်ကြီးသောသူတို့အား ပူဇော်သောအမှုကိုမပြုထိုကြောင့်တည်းဟု ဒကရက္ခိုသ်ဆို၏၊ ဘီလူး....ငါသည် ဒေဝဓမ္မတို့ကိုလည်း သိ၏။ ဒေဝဓမ္မတို့ကိုလည်း ကျင့်၏၊ ထိုစကားသည် မှန်၏၊ ငါတို့သည် ဤတောသို့ ညီငယ်ကို မှီ၍ ဝင်လာရကုန်၏။ ထိုညီငယ်အကျိုးငှါ ငါတို့အဘကို ညီငယ်အမိသည် မင်းအဖြစ်ကို တောင်း၏၊ ငါတို့အဘသည် ထိုသူကို မပေးမူ၍ ငါတို့အား စောင့်ရှောက်အံ့သောငှါ တော၌နေခြင်းကို ခွင့်ပြု၏။ သူရိယမင်းသားသည် လိုက်လာ၍ ငါတို့နှင့်တကွ လာ၏၊ သူရိယမင်းသားကို တော၌ ဘီလူး တစ်ယောက်သည် စားပြီဟု ဆိုသော်လည်း တစ်စုံတစ်ယောက်သောသူသည် မယုံလတ္တံ့၊ ထို့ကြောင့် ငါသည် ကဲ့ရဲ့ခြင်းဘေးမှ ကြောက်သည်ဖြစ်၍ ထိုသူရိယမင်းသားကိုသာလျှင် ပို့လာစေ၏ဟု ဘုရားလောင်း ဆို၏၊ ပညာရှိ... ကောင်းစွ ကောင်းစွ၊ သင်သည် ဒေဝဓမ္မကိုလည်း သိ၏။ ဒေဝဓမ္မ၌လည်း ကျင့်၏ဟု ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ဒကရက္ခိုသ်သည် ဘုရားလောင်းအား ကောင်းချီးပေး၍ ညီနှစ်ယောက်တို့ကို ယူ၍ ပေး၏။

ထိုအခါ ဒကရက္ခိုသ်ကို ဘုရားလောင်းဆို၏၊ အချင်း...သင်သည် ရှေး၌လည်း မိမိပြုအပ်သော မကောင်းမှုကံကြောင့်သူတပါးတို့၏ အသားအသွေးကို စားတတ်သော ဘီလူး၏အဖြစ်ဖြင့် ဖြစ်၏၊ ယခု တစ်ဖန်လည်း မကောင်းမှုကိုသာလျှင် ပြုပြန်၏၊ ဤမကောင်းမှုကံသည် ငရဲအစရှိသည်တို့မှ လွတ်ခြင်းငှါ အခွင့် မပေးလတ္တံ့၊ ထို့ကြောင့် ဤအခါမှစ၍ မကောင်းမှုကိုပယ်၍ ကောင်းမှုကို ပြုလေလော့ဟု ဘုရားလောင်းသည် ဘီလူးကို ဆုံးမ၍ ဘီလူးသည် စီရင်အပ်သော အစောင့်အရှောက်ရှိသည်ဖြစ်၍ ထိုအရပ်၌သာလျှင် နေလျက် တစ်နေ့သ၌ နက္ခတ်ကို ကြည့်၍ အဘ၏ သေသောအဖြစ်ကို သိ၍ ဘီလူးကို ခေါ်၍ ဗာရာဏသီပြည်သို့ သွား၍ မင်းအဖြစ်ကို ယူ၍စန္ဒမင်းသားအား အိမ်ရှေ့အရာကို သူရိယမင်းသားအား စစ်သူကြီးအရာကို ပေး၍ မွေ့လျော်ဖွယ်ရှိသောအရပ်၌ ဘီလူးနေရာကို ပြုစေ၍ ဤသို့သောအခြင်းအရာအားဖြင့် နေရာကို ပြုစေသည်ရှိသော် ဘီလူးသည် ပန်းကုံးဦးကိုလည်းကောင်း, ပန်းပွင့်ဦးကိုလည်းကောင်း, ထမင်းဦးကိုလည်းကောင်း ရ၏၊ ထိုသို့သော အခြင်းအရာအားဖြင့် နေရာကို ပြုစေ၏၊ မဟိံသမင်းသားသည် မင်းပြု၍ ကံအားလျော်စွာ လား၏၊ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာကို ပြတော်မူသည်၏အဆုံး၌ ထိုရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် နှစ်ပါးကုန်သော ဝတ္ထုတို့ကိုဟော၍ အနုသန္ဓေကိုစပ်၍ ယခုအခါ ဥစ္စာများသော ရဟန်းသည် ထိုအခါ ဒကရက္ခိုဘ်ဖြစ်လေပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ သူရိယမင်းသား ဖြစ်လေပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ စန္ဒမင်းသားဖြစ်လေပြီ ယခုအခါ ငါဘုရားသည် လျှင်မူကား ထိုအခါ အစ်ကိုကြီး မဟိံသမင်းသားဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

ခြောက်ခုမြောက်သော ဒေဝဓမ္မဇာတ်သည် ပြီး၏။

---

၇-ကဋ္ဌဝါဟနဇာတ်

သားရင်းကို မစွန့်အပ်ကြောင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လူကို ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည် ပုဗ္ဗာရာမကျောင်း မဟာဒေဇ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ကဋ္ဌဝါဟနဇာတ်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဝါသဘ-ခတ္တိယာကို အကြောင်းပြု၍ ဟောတော်မူ၏။

ဝါသဘခတ္တိယာ၏ ဝတ္ထုသည် ဒွါဒသနိပါတ် ဘဒ္ဒသာလဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့ ။

ဝါသဘခတ္တိယာသည် မဟာနာမ်သာကီဝင်မင်း၏ သမီးဖြစ်သတတ်။ နာဂမုဏ္ဍာအမည်ရှိသော ကျွန်မ၏ဝမ်း၌ဖြစ်၏။ ကောသလမင်းကြီး၏ မိဖုရားကြီး ဖြစ်သတတ်၊ ဝါသဘခတ္တိယာသည် မင်းကိုစွဲ၍ သားကိုဖွား၏။ မင်းသည်ကား ဝါသဘခတ္တိယာ၏ ကျွန်မအဖြစ်ကို နောက်မှသိ၍ မိဖုရားကြီးအရာကို နုတ်၏။ သား ဝိဋဋူဘ၏လည်း အရာကို နုတ်သည်သာလျှင်တည်း။ ထိုသားအမိ နှစ်ယောက်တို့သည်လည်း နန်းတော်တွင်း၌သာလျှင် နေကုန်၏။ မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူ၍ နံနက်အခါ၌ ရဟန်းငါးရာခြံရံလျက် မင်းအိမ်သို့ ကြွတော်မူ၍ ခင်းအပ်သော နေရာ၌ နေတော်မူ၍ မင်းကြီး ဝါသဘခတ္တိယာသည် အဘယ်မှာနည်းဟု မေးတော်မူ၏။ မင်းသည် ထိုအကြောင်းကို ကြားလျှောက်၏၊ မင်းကြီး ဝါသဘခတ္တိယာသည် အဘယ်သူ သမီးနည်းဟု မေးတော်မူ၏။ အရှင်ဘုရား မဟာနာမ် သာကီဝင်မင်း၏ သမီးတည်းဟု လျှောက်၏။ လာလတ်သည်ရှိသော် အဘယ်သူတို့လာသနည်းဟု မိန့်တော်မူ၏။ အရှင်ဘုရား အကျွန်ုပ်တို့သာ၏ဟု လျှောက်၏၊ မင်းကြီး ဤဝါသဘ ခတ္တိယာသည် မင်း၏သမီးတည်း၊ မင်းသို့သာလျှင် လာ၏။ မင်းကိုသာလျှင်စွဲ၍ သားကို

ရ၏။ ဆိုသားသည့် အဘယ့်ကြောင့် အဖဥစ္စာဖြစ်သော တိုင်းနိုင်ငံ၏ အရှင်သည် မဖြစ်ရာသနည်း။ ရှေးမင်းတို့သည် တစ်ခဏမျှ နေသော မယားဖြစ်သော ထင်းခွေမိန်းမဝမ်း၌ သားကိုရ၍ သား အား မင်းအဖြစ်ကို ပေးဖူးကုန်၏ဟု မိန့်တော်မူ၏။ ပသေနဒီကောသလမင်းသည် ထိုအကြောင်းကို ထင်စွာပြစိမ့်သော ငှါ မြတ်စွာဘုရားကို တောင်းပန်၏။ မြတ်စွာဘုရားသည် ဘဝတစ်ပါးသည် ဖုံးလွှမ်းအပ်သောအကြောင်းကို ထင်စွာ ပြတော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် များစွာသော အခြံအရံဖြင့် ဥယျာဉ်သို့သွား၍ ထို ဥယျာဉ်၌ အပွင့် အသီး၌ တပ်မက်မောသဖြင့် လှည့်လည်သည်ရှိသော် ဥယျာဉ်တော‌အုပ်၌ သီချင်းသီ၍ ထင်းခွေသောဆင်းရဲသော မိန်းမတစ်ယောက်ကို မြင်၍ နှစ်သက်ကြသည်ဖြစ်၏။

ထိုခဏ၌လျှင် ဘုရားအလောင်းသည် ထင်းခွေမိန်းမ၏ဝမ်း၌ ပဋိသန္ဓေနေ၏။ ထိုပဋိသန္ဓေနေသောခဏ၌သာလျှင် ထင်းခွေမိန်းမ၏ဝမ်းသည် ဝရဇိန်ဖြင့် ပြည့်သကဲ့သို့ လေးသည်ဖြစ်၏။ ထင်းခွေမိန်းမသည် ကိုယ်ဝန်တည်သော အဖြစ်ကို သိ၍ ရှင်မင်းကြီး အကျွန်ုပ်အားကိုယ်ဝန်တည်၏ဟု လျှောက်၏။

မင်းသည် လက်စွပ်ကိုပေးခဲ့၍ သမီးသည် အကယ်၍ဖြစ်အံ့၊ လက်စွပ်ကို ရောင်း၍ မွေးရစ်လော၊ သားသည် အကယ်၍ဖြစ်အံ့၊ လက်စွပ်နှင့်တကွ ငါ့ အထံသို့ ဆောင်ခဲ့လောဟုဆို၍ သွားလေ၏။ ထင်းခွေမိန်းမသည်လည်း ပြည့်သော ကိုယ်ဝန်ရှိသည်ဖြစ်၍ ဘုရားလောင်းကို ဖွား၏။

ဘုရားလောင်း၏ ရွှေရှုပြေး၍လည်းကောင်း၊ ထက်ဝန်းကျင်ပြေး၍ လည်းကောင်း သွားတတ်သောကာလ၌ ကစားရာအရပ်၌ ငါတို့ကို အဖမရှိသောသူ သည် ပုတ်ခတ်၏ဟု သူငယ်တို့ဆိုကြကုန်၏။ ဘုရားလောင်းသည် ထိုစကားကို ကြား၍ အမိအထံသို့သွား၍ မိခင် ငါ့အဖသည် အဘယ်သူနည်းဟု မေး၏။ ချစ်သား သင်သည် ဗာရာဏသီမင်း၏ သားပေတည်းဟုဆို၏။ မိခင် တစ်စုံတစ်ခုသော သက်သေ ရှိသလောဟုမေး၏။ ချစ်သား မင်းသည် ဤလက်စွပ်ကို ပေး၍ သမီးဖြစ်က လက်စွပ်ကိုရောင်း၍ မွေးရစ်လော၊ သားသည် အကယ်၍ဖြစ်အံ့၊ လက်စွပ်နှင့်တကွ ငါ့အထံသို့ ဆောင်ခဲ့လောဟုဆို၏။ မိခင် ဤသို့ ဖြစ်သည် ရှိသော် အဘယ့်ကြောင့် ငါ့ကိုအဖအထံသို့ မဆောင်သနည်းဟုဆို၏။ ထင်းခွေမိန်းမသည် သား၏အလိုကိုသိ၍ မင်းအိမ်တံခါးသို့သွား၍ မင်းအား ကြားလျှောက်စေ၏။ မင်းလည်းခေါ်စေ၍ ထင်းခွေမိန်းမသည်ဝင်၍ မင်းကိုရှိခိုး၍ ရှင်မင်းကြီး ဤသူငယ်သည် ရှင်မင်းကြီး သားတည်းဟု လျှောက်၏။ မင်းသည်

သိသျက်လည်း ပရိသတ်၏အလယ်၌ ရှက်ခြင်းကြောင့် ငါ့သား မဟုတ်ဟု ဆို၏။ မင်းကြီး ဤလက်စွပ်သည် ရှင်မင်းကြီး၏ လက်စွပ်တည်း။ ဤလက်စွပ်ကို သိတော်မူလောဟု လျှောက်၏၊ ဤ လက်စွပ်သည်လည်း ငါ့လက်စွပ် မဟုတ်ဟုဆို၏၊ရှင်မင်းကြီး သစ္စာပြုခြင်းကိုထား၍ အကျွန်ုပ်အား တစ်ပါးသော သက်သေမရှိ၊ ဤသူငယ်သည် ရှင်မင်းကြီးတို့ကို စွဲ၍ အကယ်၍ ဖြစ်ငြားအံ့ ကောင်းကင်၌ တည်စေ၊ အကယ်၍ မဖြစ်ငြားအံ့ မြေသို့ကျ၍ သေစေဟု ဘုရားလောင်း၏ ခြေ၌ ကိုင်၍ ကောင်းကင်သို့ ပစ်၏။ ဘုရားလောင်းသည် ကောင်းကင်၌ ထက်ဝယ်ဖွဲ့နေ၍ နေလျက် သာယာစွာသောအသံဖြင့် အဖအား တရားဟောလိုရကား ဤဂါထာကို ဆို၏။

၇။ ပုတ္တော တျာဟံ မဟာရာဇ၊ တွံမံ ပေါသ ဇနာဓိပ။
အညေပိ ဒေဝေါ ပေါသေတိ၊ ကစ္စိ ဒေဝေါ သကံပဇံ။

လူတို့ကို အစိုးရသော မင်းကြီး ကျွန်ုပ်သည် သင်၏သားတည်း၊ သင်မင်းကြီးသည် ကျွန်ုပ်ကို မွေးမြူပါလော၊ သင်မင်းကြီးသည်သူတစ်ပါးတို့ကို မွေးမြူမူပြုလျက် မိမိသားကို အဘယ့်ကြောင့် မမွေးမြူသနည်း။

[ သား မည်သည်ကား အတြဇသား၊ ခေတြဇ သား၊ အန္တေဝါသိက သား၊ ဒိန္နကသားဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် မိမိကိုယ်ကိုစွဲ၍ ဖြစ်သော သားသည် အတြဇသားမည်၏။ အိမ်ရာအပြင် ပလ္လင်အစရှိသည်တို့၌ဖြစ်သော သားသည်ခေတြဇသားမည်၏။အထံ၌ အတတ်သင်သောသားသည် အန္တေဝါသိက သားမည်၏။ မွေးစားစိမ့်သောငှါ ပေးအပ်သော သားသည် ဒိန္နကသားမည်၏။ ထိုလေးပါးတို့တွင် ဤအရာ၌ အတြဇသားကို ရည်၍ ပုတ္တောဟု ဆိုသတည်း။]

မင်းသည် ကောင်းကင်၌နေ၍ ဤသို့ တရားဟောသော ဘုရားလောင်း၏ တရားစကားကို နာရ၍ ချစ်သားလာလော၊ ငါသည်လျှင် မွေးအံ့၊ငါသည်လျှင် မွေးအံ့ဟု လက်ဖြန့်၏။ တစ်ပါးသောသူတို့လည်း လက်တစ်ထောင်ကို ဖြန့်လင့်ကြကုန်၏။ ဘုရားလောင်းသည် တစ်ပါးသောသူ၏သက်၌ မသက်မူ၍ မင်း၏လက်၌ သက်၍ ရင်ခွင်၌နေ၏။ မင်းသည် ဘုရားလောင်းအား အိမ်ရှေ့မင်း၏အဖြစ်ကိုပေး၍ အမိကို မိဖုရားကြီးအရာ၌ ထား၏။ဘုရားလောင်းသည် အဖလွန်သဖြင့် ကဋ္ဌဝါဟန မည်သော မင်းဖြစ်၍ တရားသဖြင့် မင်းပြု၍ ကံအားလျော်စွာ လား၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ကောသလမင်းကြီးအား ဤ ဓမ္မဒေသနာကို ဆောင်၍ နှစ်ပါးကုန်သော ဝတ္ထုတို့ကို ပြတော်မူ၍ အနုသန္ဓေကိုစပ်၍ ယခုအခါ မဟာမာယာသည် ထိုအခါ အင်ဖြစ်ပြီ၊ ယခုအခါ သုဒ္ဓေါဒနမင်းကြီးသည် ထိုအခါ အဖဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ကဏှဝါဟန မင်းကြီးဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ခုနစ်ခုမြောက်သော ကဏှပါဟနဇာတ်သည် ပြီး၏၊

---

## ၈။—ဂါမဏိဇာတ်

### ပညာရှိအဆုံးအမ၌ တည်၍ ထီးနန်းရခြင်း

### ပစ္စုပ္ပန် အတိတ်ဝတ္ထု

နတ်နှင့်တကွသော လူကို ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည် အပိအတရမာနာနံ အစရှိသော ဂါထာပုဒ်ဖြင့် ဖန်ဆာဆင်အပ်သော ဤဂါမဏိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် **လျှော့သောဝီရိယရှိသော** ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

[ ဤဂါမဏိဇာတ်၌ကား ပစ္စုပ္ပန်ဝတ္ထုသည် လည်းကောင်း၊ အတိတ်ဝတ္ထုသည်လည်းကောင်း ဧကာဒသကနိပါတ် သံဝရဇာတ်၌ ထင်စွာဖြစ်လတ္တံ့။ ထိုစကားသည် မှန်၏၊ အတိတ်ဝတ္ထုသည် သံဝရဇာတ်၌လည်းကောင်း၊ ဂါမဏိဇာတ်၌လည်းကောင်း၊ တူမျှသည်သာလျှင်တည်း။ ဂါထာသည်ကား ထူး၏။ ]

ဂါမဏိမင်းသားသည် ဘုရားလောင်း၏ အဆုံးအမ၌ တည်၍ အစ်ကိုတစ်ရာတို့၏ ညီ အငယ် ဖြစ်လျက်လည်း အစ်ကိုတစ်ရာခြံရံသည်ဖြစ်၍ ထီးဖြူ၏အောက်၌ ဖြစ်သော ပလ္လင်၌ နေလျက် မိမိ၏စည်းစိမ်အခြံအရံ၏ ပြည့်စုံခြင်းကို ကြည့်၍ ငါ၏ စည်းစိမ်အခြံအရံသည် ငါတို့၏ ဆရာ၏ ဥစ္စာတည်းဟု နှစ်သက်သည်ဖြစ်၍ ဤဥဒါန်းဂါထာကို ကျူးရင့်၏—

**၈။ အပိ အတရမာနာနံ၊ ဖလာသာဝ သမိဇ္ဈတိ။**
**ဝိပက္ကဗြဟ္မစရိယောသ္မိ၊ ဧဝံ ဇာနာဟိ ဂါမဏိ။**

အဆောတလျင် မပြုသော သူတို့အား တောင့်တသော အကျိုးသည် ပြည့်စုံသည်သာတည်း။ အိုဂါမဏိ ငါသည် မြင့်သောအကျင့်၏ ကောင်းကျိုးကို ခံစားရပေပြီ၊ သင်သည် ဤသို့ သိပါလော။

အို-ဂါမဏိ သင်သည် ထိုအကြောင်းကို ဤသို့ သိလော့၊ ဆရာကို မှီ၍ အစ်ကို တစ်ရာကို လွန်၍ ဤကြီးစွာသော မင်းအဖြစ်သို့ သင်သည် ရောက်၏ဟု ဝမ်းမြောက်သော စကားကို ကျူးရင့်၏။ ဂါမဏိမင်းသည် မင်းအဖြစ်သို့ ရောက်သည် ရှိသော် ခုနစ်ရက် ရှစ်ရက် လွန်သဖြင့်လျှင် အလုံးစုံသော အစ်ကိုတို့သည် မိမိ မိမိတို့၏ နေရာအရပ်သို့ သွားကြကုန်၏။ ဂါမဏိမင်းသည် တရားသဖြင့် မင်းပြု၍ ကံအားလျော်စွာ လား၏၊ ဘုရားလောင်းသည်လည်း ကောင်းမှုတို့ကို ပြု၍ ကံအားလျော်စွာ လားရ၏၊ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်ပြ ဟောတော်မူ၍ သစ္စာတို့ကို ပြတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ လျှော့သော ဝီရိယရှိသော ရဟန်းသည် အရဟတ္တဖိုလ်၌ တည်၏။

ဇာတ်ပေါင်း။

မြတ်စွာဘုရားသည် နှစ်ပါးကုန်သော ဝတ္ထုတို့ကို ဟောတော်မူ၍ အနုသန္ဓေကို စပ်၍ ယခုအခါ လျှော့သော ဝီရိယရှိသော ရဟန်းသည် ထိုအခါ ဂါမဏိမင်း ဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိဆရာ ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ရှစ်ခုမြောက်သော ဂါမဏိဇာတ်သည် ပြီး၏။

---

## ၉-မဃဒေဝဇာတ်

### ဆံဖြူတစ်ပင်ကို မြင်၍ တောထွက်ခြင်း အစဉ်အလာ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လူကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဥတ္တမင်္ဂရုဟာမယံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမဃဒေဝဇာတ်ကို ဇေတဝန် ကျောင်းတော်၌ နေတော်မူစဉ် မြတ်သော တောထွက်တော်မူခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုမြတ်သောတောထွက်ခြင်းကို အောက်နိဒါန်းစကား၌ ဆိုအပ်ပြီးသည်သာလျှင်တည်း။

ထိုကာလ၌ကား ရဟန်းတို့သည် မြတ်စွာဘုရား၏ တောထွက်တော်မူခြင်းကို ချီးမွမ်းလျက် နေကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် တရားသဘင်သို့ ကြွတော်မူ၍ မြတ်စွာဘုရားတို့၏ နေရာ၌ နေတော်မူလျက် ရဟန်းတို့ကို

မိန့်တော်မူ၏၊ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ အရှင်ဘုရား တစ်ပါးသော စကားဖြင့် အကျွန်ုပ်တို့သည် မစည်းဝေးကုန်၊ အရှင်ဘုရားတို့၏သာလျှင် တောထွက်တော်မူခြင်းကို ချီးမွမ်းကုန်လျက် နေကုန်၏ဟု လျှောက်ကုန်၏၊ ရဟန်းတို့ ငါဘုရားသည် ယခုသာလျှင် တောထွက်သည် မဟုတ်သေး၊ ရှေး၌သည်း တောထွက်ဖူးသည်သာလျှင်တည်းဟု မိန့်တော်မူ၏၊ ရဟန်းတို့သည် ထိုအကြောင်းကို ထင်စွာပြစိမ့်သောငှါ မြတ်စွာဘုရားကို တောင်းပန်ကုန်၏၊ မြတ်စွာဘုရားသည် ဘဝတစ်ပါးဖြင့် ဖုံးလွှမ်းအပ်သော အကြောင်းကို ထင်စွာပြတော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်၌ မဃဒေဝမင်းသည် မင်းပြု၏။ ထိုမဃဒေဝမင်းသည် တရားစောင့်၏။ တရားသဖြင့် မင်းပြု၏။ ထိုမင်းသည် အနှစ်ရှစ်သောင်းလေးထောင် ကာလပတ်လုံး မင်းသားငယ်တို့၏ ကစားခြင်းကို ပြု၍ အနှစ်ရှစ်သောင်းလေးထောင် ကာလပတ်လုံး အိမ်ရှေ့မင်းအဖြစ်ကို ပြု၍ အနှစ် ရှစ်သောင်းလေးထောင် ကာလပတ်လုံး မြတ်သော မင်း၏ အဖြစ်ကို ပြု၍ ရှည်စွာသော ကာလကို ကုန်စေ၍ တစ်နေ့သ၌ ဆတ္တာသည်ကို အချင်း ဆတ္တာသည် အကြင်အခါ၌ ငါ၏ ဦးခေါင်းဆံဖြူကို မြင်ငြားအံ့၊ ထိုသို့ မြင်သည်ရှိသော် ငါ့အား ကြားလျှောက်လော့ဟုဆို၏။ ဆတ္တာသည်လည်း ရှည်စွာသော ကာလကို ကုန်စေ၍ တနေ့သ၌ မင်း၏မျက်စဉ်းညို အဆင်းနှင့်တူကုန်သော ဆံတို့၏အကြား၌ ဆံဖြူတပင်ကို မြင်၍ [အရှင်မင်းကြီး ရှင်မင်းကြီးအား ဆံဖြူတပင်သည် ထင်၏ဟု ကြားလျှောက်၏။ ထိုသို့ဖြစ်ပါမူကား အချင်းဆတ္တာသည် ငါ၏လက်၌ ထိုဆံဖြူကိုနုတ်၍ တင်လောဟု ဆိုသည်ရှိသော်] ရွှေမွေးညှပ်ဖြင့် နုတ်၍ မင်း၏ လက်၌တင်၏၊ ထိုအခါ မင်းအသက်သည် ရှစ်သောင်း လေးထောင် ကြွင်းသည်ဖြစ်၏။ ထိုသို့ဖြစ်သော်လည်း ဆံဖြူကို မြင်၍ သေမင်းလာ၍ရပ်၍ အနီး၌ တည်ဘိသကဲ့သို့လည်းကောင်း မိမိကိုယ်သည် အလျှံပြောင်ပြောင် တောက်လောင်သော သစ်ရွက်မိုးအိမ်သို့ ဝင်၍ နေရဘိသကဲ့သို့ လည်းကောင်း ထင်မှတ်လျက် ထိတ်လန့်ခြင်းသို့ ရောက်၍ အိုမိုက်စွာသော မဃဒေဝမင်း– သင်သည် ဆံဖြူသည်တိုင်အောင် ဤကိလေသာတို့ကို စွန့်ခြင်းငှါ မတတ်နိုင်တကားဟု ကြံ၏။ မဃဒေဝမင်း၏ ဤဆံဖြူရောက်သည်၏ အဖြစ်ကို ဆင်ခြင်သည့်အတွင်း၌ ပူခြင်းသည်ဖြစ်၍ ကိုယ်မှချွေးတို့သည် ယိုကုန်၏။ ပုဆိုးတို့သည် ညှစ်၍ ပစ်အပ်သော အခြင်းအရာသို့ ရောက်ကုန်၏၊ မဃဒေဝမင်းသည် ယနေ့ပင်လျှင် ငါသည် တောထွက်၍ ရဟန်းပြုသင့်၏ဟု ကြံ၍ ဆတ္တာသည်အား အခွန်တသိန်း ထွက်သောရွာကို ဆုပေး၍ သားကြီးကို ခေါ်စေ၍ ချစ်သား ငါ၏ဦးခေါင်း၌ ဆံဖြူသည် ထင်ရှားဖြစ်၏။ ငါသည်အိုမင်းပြီ

ငါသည် လူ၌ဖြစ်သော ကာမဂုဏ်ဘို့ကို ခံစားအပ်ပြီးသည်သာလျှင်ကတည်း၊ ယခုအခါ နတ်၌ဖြစ်သော ကာမဂုဏ်တို့ကို ရှာအံ့၊ ငါ့အား တောထွက်ခါတန်ပြီ၊ သင်သည် ဤမင်းအဖြစ်ကို ယူလော၊ ငါမူကား ရဟန်းပြု၍ မဃဒေဝဥယျာဉ်၌ နေလျက် တရားကိုကျင့်အံ့ဟု ဆို၏။

ဤသို့ ရဟန်းပြုလိုသော မဃဒေဝမင်းကို အမတ်ဘို့သည် ကပ်၍ အရှင်မင်းကြီး ရှင်မင်းကြီးတို့၏ရဟန်းပြုခြင်းအကြောင်းသည် အဘယ်နည်းဟု လျှောက်ကုန်၏။ မင်းသည် ဆံဖြူကို လက်ဖြင့်ယူ၍ အမတ်တို့အား ဤဂါထာကိုဆို၏။

၉။ ဥတ္တမင်္ဂရုဟာ မယှံ၊ ဣမေ ဇာတာ ဝယောဟရာ၊
ပါတုဘူတာ ဒေဝဒူတာ၊ ပဗ္ဗဇ္ဇာသမယော မမ။

အိုအမတ်တို့ သေမင်းတမာန် နတ်တမာန်နှင့် တူကုန်သော ဤဆံပင်ဖြူတို့သည် ထင်ရှားဖြစ်လာကုန်၏။ အရွယ်ရင့်ရော် အိုမင်းဖြစ်လာပြီ၊ ငါ့အား ရဟန်းပြုချိန်တန်ပြီ။

မဃဒေဝမင်းသည် ဤသို့ဆို၍ ထိုနေ့သာလျှင် မင်းအဖြစ်ကို စွန့်၍ ရသေ့ရဟန်းပြု၍ မဃဒေဝ သရက်ဥယျာဉ်၌ နေလျက် အနှစ် ရှစ်သောင်းလေးထောင်တို့ပတ်လုံး ဗြဟ္မဝိဟာရ လေးပါးတို့ကို ပွါးစေ၍ မယုတ်သောစျာန်၌ တည်လျက် ထိုဘဝမှ စုတေ၍ ဗြဟ္မာ့ပြည်၌ ဖြစ်၍ တစ်ဖန် ဗြဟ္မာ့ပြည်မှ စုတေ၍ မိထိလာပြည်၌လျှင် နေမိမည်သော မင်းဖြစ်၍ ဆုတ်နစ်သော မိမိဒေ၏နွယ်ကို စပ်၍ ထိုသရက်ဥယျာဉ်၌ ရဟန်းပြု၍ ဗြဟ္မဝိဟာရတရားတို့ကို ပွါးစေ၍ တစ်ဖန် ဗြဟ္မာ့ပြည်သို့ လား၏။

သဗ္ဗညူ မြတ်စွာဘုရားသည်လည်း ရဟန်းတို့-ငါဘုရားသည် ယခုသာလျှင် မြတ်သော တောထွက်ခြင်းကို တောထွက်တော်မူသည် မဟုတ်သေး ရှေး၌လည်း တောထွက်ဖူးသည်သာလျှင်တည်းဟု ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာလေးပါးတို့ကို ပြတော်မူသည်၏ အဆုံး၌ အချို့သောရဟန်းတို့သည် သောတာပန် ဖြစ်ကုန်၏။ အချို့ကုန်သော ရဟန်းတို့သည် သကဒါဂါမ် ဖြစ်ကုန်၏။ အချို့ကုန်သော ရဟန်းတို့သည် အနာဂါမ် ဖြစ်ကုန်၏။

ဇာတ်ပေါင်း

ဤသို့ မြတ်စွာဘုရားသည် နှစ်ပါးကုန်သော ဝတ္ထုတို့ကို ဟောတော်မူ၍ အနုသန္ဓေကို စပ်၍ ယခုအခါ အာနန္ဒာသည် ထိုအခါ သေတ္တာသည်ဖြစ်ပြီ၊ ယခုအခါ ရာဟုလာသည် ထိုအခါ သားဖြစ်ပြီ၊ ယခုအခါ ငါဘုရား သည်လျှင် ထိုအခါ မဃဒေဝမင်းဖြစ်ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ကိုးခုမြောက်သော မဃဒေဝဇာတ်သည် ပြီး၏။

## ၁၀-သုခဝိဟာရီဇာတ်

### ရဟန်းဘဝ ချမ်းသာ မင်းစည်းစိမ်ထက်သာ

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသောလူကို ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည် ယဋ္ဌိအညေ နရက္ခဏ်-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤသုခဝိဟာရီ ဇာတ်ကို အနုပိယမြို့ကို မှီ၍ အနုပိယ သရက်ဥယျာဉ်၌ နေတော်မူစဉ် ချမ်းသာစွာ နေလေ့ရှိသော ဘဒ္ဒိယမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။ ခြောက်ယောက်သော မင်းတို့၏ အစည်းအဝေး၌ ဥပါလိလျှင် ခုနစ်ယောက်မြောက်ရှိသော ချမ်းသာစွာနေလေ့ရှိသော ဘဒ္ဒိယမထေရ်သည် ရဟန်းပြု၏။ ထိုခုနစ်ယောက်သော မထေရ်တို့တွင် ဘဒ္ဒိယမထေရ် ကိမိလမထေရ် ဘဂုမထေရ် ဥပါလိမထေရ်တို့သည် အရဟတ္တဖိုလ်သို့ရောက်ကုန်၏။ အာနန္ဒာမထေရ်သည် သောတာပန်ဖြစ်၏။ အနုရုဒ္ဓါမထေရ်သည် ဒိဗ္ဗစက္ခုကို ရ၏။ ဒေဝဒတ်သည် ဈာန်ရ၏။ ခြောက်ယောက်သော မင်းတို့၏အနုပိယမြို့သို့ တိုင်အောင်သော ဝတ္ထုသည် ခဏ္ဍဟာလဇာတ်၌ ထင်စွာပြလတ္တံ့။ အရှင်ဘဒ္ဒိယသည်ကား မင်းဖြစ်သော ကာလ၌မိမိ၏ ရှေးဦးစွာအစောင့်အရှောက်တို့ကို ထားခြင်းသည်လည်းကောင်း များစွာကုန်သော အစောင့်အရှောက်တို့ဖြင့် စောင့်ရှောက်၍ မြတ်သော ပြာသာဒ် အပြင်ထက် မြတ်သောအိပ်ရာ၌ အိပ်လျက်လည်း မိမိအား ကြောင့်ရှိမှု ဖြစ်ခြင်းကိုလည်းကောင်း အရဟတ္တဖိုလ်သို့ရောက်၍ တောအစရှိသည်တို့တွင် အမှတ်မရှိသောအရပ်၌နေလျက်လည်း မိမိ၏ကင်းသော ဘေးရှိသည်၏ အဖြစ်ကို လည်းကောင်း မြင်သည်ဖြစ်၍ သြော် ချမ်းသာစွ သြော် ချမ်းသာစွ ဟုဝမ်းသာသောစကားကို ကျူးရင့်၏ ရဟန်းတို့သည် ထိုစကားကို ကြားကုန်၍ အရှင်ဘဒ္ဒိယမထေရ်သည် အရဟတ္တဖိုလ်ကို ကြား၏ဟု မြတ်စွာဘုရားအား လျှောက်ကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ဘဒ္ဒိယသည် ယခုသာလျှင်ချမ်းသာစွာနေလေ့ရှိသည် မဟုတ်သေး ရှေး၌လည်းချမ်းသာစွာ နေလေ့ရှိသည်သာလျှင်တည်းဟု မိန့်တော်မူ၏။ ရဟန်းတို့သည် ထိုအကြောင်းကို ထင်စွာပြစိမ့်သောငှာ မြတ်စွာဘုရားကို တောင်းပန်ကုန်၏ မြတ်စွာဘုရားသည် ဘဝတပါးသည် ဖုံးလွှမ်းအပ်သော အကြောင်းကို ထင်စွာပြတော်မူ၏။

#### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သည်ရှိသော် ဘုရားလောင်းသည် ဥဒိစ္စပုဏ္ဏား သူကြွယ်ဖြစ်၍ ကာမ

တို့၌ အပြစ်ကိုလည်းကောင်း ရဟန်းအဖြစ်၌ အကျိုး အာနိသင်ကိုလည်းကောင်း မြင်၍ ကာမတို့ကို စွန့်၍ ဟိမဝန္တာသို့ဝင်၍ရသေ့ ရဟန်းပြု၍ ရှစ်ပါးသော သမာပတ်တို့ကို ဖြစ်စေ၏ ဘုရားလောင်း၏ အခြံအရံသည် လည်း များ၏။ ငါးရာကုန်သော ရသေ့တို့သည်ဖြစ်ကုန်၏။ ဘုရားလောင်းသည် မိုးကာလ၌ ဟိမဝန္တာမှ ထွက်ခဲ့၍ ရသေ့အပေါင်း ခြံရံလျက် ရွာနိဂုံးစသည် တို့၌ ဒေသစာရီ သွားသည်ရှိသော် ဗာရာဏသီပြည်သို့ ရောက်၍ မင်းကိုမှီ၍ မင်းဥယျာဉ်၌ နေ၏ မိုးတွင်း လေးလပတ်လုံးနေ၍ မင်းကိုပန်ကြား၏ ထိုအခါ ဘုရားလောင်းကို မင်းကြီးသည် အရှင်ဘုရား အရှင်ဘုရားတို့သည် အိုမင်းကုန်ပြီ၊ အရှင်ဘုရားတို့အား ဟိမဝန္တာ၌ နေသဖြင့်ဘယ်အကျိုးရှိအံ့နည်း တပည့်တို့ကို ဟိမဝန္တာသို့လွှတ်၍ အရှင်ဘုရားတို့သည် ဥယျာဉ်၌လျှင် နေကုန်လောဟု တောင်းပန်၏။ ဘုရားလောင်းသည် တပည့်ကြီးအား ရသေ့ငါးရာကို အပ်နှင်း၏ သင်သည်သွားလေလော့ ဤရသေ့တို့နှင့် တကွ ဟိမဝန္တာ၌ နေလေလော ငါသည် ဤဥယျာဉ်၌သာလျှင် နေရစ်အံ့ဟု တပည့်တို့ကို လွှတ်လိုက်၍မိမိသည်လျှင် ဥယျာဉ်၌သာ နေခြင်းကို ပြု၏ ဘုရားလောင်း၏ တပည့်ကြီးသည်ကား မင်းအဖြစ်မှ ရဟန်းပြု၏။ ကြီးစွာသောမင်း၏ အဖြစ်ကိုစွန့်၍ ကသိုဏ်းပရိကံကို ပြု၍ ရှစ်ပါးသော သမာပတ်ကိုရ၏ ရသေ့တို့နှင့်တကွ ဟိမဝန္တာ၌ နေသော တပည့်ကြီးသည် တနေ့သ၌ ဆရာကို ဖူးမြင်လိုသည်ဖြစ်၍ ရသေ့တို့ကိုခေါ်၍ သင်တို့သည် မြေိးငွေ့သည်ဖြစ်၍ ဟိမဝန္တာ၌သာလျှင် နေနှင့်ကြကုန်လော ငါသည် ဆရာကို ရှိခိုး၍ လာအံ့ဟုဆို၍ဆရာ့ အထံသို့သွား၍ ပျူငှါလောက ဝတ်ကိုပြု၍ တခုသော သပေါ့ အခင်းကိုဖြန့်၍ ဆရာ့အထံ၌ သာလျှင် လျောင်း၏။ ထိုအခါ၌ မင်းသည် ရသေ့ကို ဖူးမြင်အံ့ဟု ဥယျာဉ်သို့သွား၍ ရှိခိုး၍ တင့်အပ်လျောက်ပတ်စွာနေ၏။ တပည့်ကြီးဖြစ်သော ရသေ့သည် မင်းကြီးကိုမြင်၍လည်းမထ လျောင်းလျက်သာလျှင် သြော်ချမ်းသာစွ သြော် ချမ်းသာစွဟု ဝမ်းမြောက်သောစကားကို ကျူးရင့်၏။မင်းသည် ဤရသေ့သည် ငါ့ကို မြင်၍လည်း မထဟု နှလုံးမသာသည်ဖြစ်၍ ဘုရားလောင်းကို အရှင်ဘုရား ဤရသေ့သည် အလိုရှိတိုင်း စားသည် ဖြစ်လတ္တံ့။ ထို့ကြောင့် ဥဒါန်းကျူးရင့်လျက် ချမ်းသာစွာ အိပ်ခြင်းကိုသာ ပြုအံ့ဟု လျှောက်၏။ မင်းကြီး ဤရသေ့သည် ရှေး၌ သင်ကဲ့သို့သော တစ်ယောက်သော မင်းသည် ဖြစ်ဖူး၏။ ထိုရသေ့သည် ငါသည် ရှေးလူဖြစ်သော ကာလ၌ မင်း၏ အသရေကို ခံစားလျက် လက်နက်စွဲကုန်သော များစွာကုန်သော လူတို့သည် စောင့်ရှောက်ငြားသော် လည်း ဤသို့ သဘောရှိသော ချမ်းသာမည်သည်ကို မရစဖူးဟု မိမိ၏ ရဟန်းချမ်းသာကို လည်းကောင်း, ဈာန်ချမ်းသာကို လည်းကောင်း စွဲ၍ ဥဒါန်းကို ကျူးရင့်၏။ ဤသို့ ဆိုပြီးလျှင် ဘုရားလောင်းသည် မင်းအား တရားစကားကို ဟောခြင်းငှါ ဤဂါထာကို ဆို၏—

၁၀။ ယဉ္စ အညေ န ရက္ခန္တိ၊ ယော စ အညေ န ရက္ခတိ။
သ ဝေ ရာဇ သုခံ သေတိ၊ ကာမေသု အနပေက္ခဝါ။

အို မင်းမြတ် ကာမဂုဏ်တို့၌ ငဲ့ကွက်ခြင်း မရှိသောသူသည် တစ်ယောက်ကို တစ်ယောက်က မစောင့်ရှောက်ရ၊ တစ်ယောက်သည် တစ်ယောက်ကို မစောင့်ရှောက်ရ၊ ထိုသူသည် စင်စစ် ချမ်းသာစွာ အိပ်ရ၏။

[ဤ "သုခံ သေတိ" ဟူသော ပုဒ်သည် အဦးအမြတ် ဖြစ်သော ဣရိယာပုထ် တစ်ပါးကိုသာလျှင် ပြသော ပုဒ်တည်း။ စင်စစ်ကား ချမ်းသာစွာ အိပ်ရကာသာလျှင် မဟုတ်သေး။ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်သည်ကား ချမ်းသာစွာ အိပ်ရ၏၊ ချမ်းသာစွာ ထိုင်ရ၏။ ချမ်းသာစွာ လျှောင်းရ၏။ ဤသို့ ခပ်သိမ်းသော ဣရိယာပုထ်တို့၌ ချမ်းသာသည်သာလျှင် ဖြစ်ကုန်၏။]

မင်းသည် တရားဒေသနာကို နာရ၍ နှစ်သက်သော စိတ်ရှိသည် ဖြစ်၍ ရှိခိုး၍ နန်းတော်သို့သာလျှင် သွား၏။ တပည့်ကြီးသည်လည်း ဆရာကို ရှိခိုး၍ ဟိမဝန္တာသို့သာလျှင် သွားလေ၏။ ဘုရားလောင်းသည်ကား ထိုဥယျာဉ်၌ နေလျက် မယုတ်သော ဈာန်ရှိသည် ဖြစ်၍ ဗြဟ္မာ့ပြည်၌ ဖြစ်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်၍ ပြတော်မူ၍ နှစ်ပါးကုန်သော ဝတ္ထုတို့ကို ဟောတော်မူ၍ အနုသန္ဓေကို စပ်၍ ယခုအခါ ဘဒ္ဒိယမထေရ်သည် ထိုအခါ တပည့်ကြီး ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဂိုဏ်းဆရာ ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

ဆယ်ခုမြောက်သော သုခဝိဟာရီဇာတ်သည် ပြီး၏။

## ၂ - သီလဝဂ်

### ၁၁- လက္ခဏဇာတ်

### မလိမ္မာ အခြေအရံမဲ့သည်

### ပစ္စုပ္ပန်ဝတ္ထု

နှတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဟောတိ သီလဝတံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော လက္ခဏဇာတ်ကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

[ ဒေဝဒတ်၏ဝတ္ထု၌ လေးသမားတို့ကို စေလွှတ်သည်တိုင်အောင်သော အခန်းသည် ခဏ္ဍဟာလဇာတ်၌ ထင်စွာဖြစ်လတ္တံ့၊ ဓနပါလဆင်ကို လွှတ်သည်တိုင်အောင် သော အခန်းကား စူဠဟံသဇာတ်၌ ထင်စွာဖြစ်လတ္တံ့၊ မြေမျိုသည်တိုင်အောင်သော အခန်းကား ဒွါဒသကနိပါတ် သမုဒ္ဒဝါဏိဇဇာတ်၌ ထင်စွာဖြစ်လတ္တံ့။]

ထိုစကားကိုချဲ့ဦးအံ့၊ အခါတစ်ပါး၌ ဒေဝဒတ်သည် ငါးပါးသော ဝတ္ထုတို့ကို တောင်းပန်၍ မရသည်ရှိသော် သံဃာကိုခွဲ၍ ငါးရာသော ရဟန်းတို့ကို ယူ၍ ဂယာသီသ၌ နေ၏။ ထိုအခါ ရဟန်းတို့အား ဉာဏ်ရင့်ခြင်းသို့ ရောက်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူ၍ နှစ်ပါးကုန်သော အဂ္ဂသာဝကတို့ကို သာရိပုတ္တရာ မောဂ္ဂလာန်တို့ သင်တို့၏ တပည့်ဖြစ်ကုန်သော ရဟန်းငါးရာတို့သည် ဒေဝဒတ်၏ အယူကို နှစ်သက်ကြကုန်၍ ဒေဝဒတ်နှင့်အတူ သွားကုန်၏။ ယခုတစ်ဖန်ကား သင်ချစ်သားတို့သည် များစွာကုန်သော ရဟန်းတို့နှင့် တကွသွား၍ ထိုရဟန်းတို့အား တရားဟော၍ ထိုရဟန်းတို့ကို အရဟတ္တဖိုလ်ဖြင့် နိုးစေပြီးသော် ယူ၍လာကြကုန်လော့ဟု မိန့်တော်မူ၏။ ထိုရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့သည် ထိုဂယာသီသသို့သွား၍ ထိုငါးရာကုန်သော ရဟန်းတို့အား တရားဟော၍ အရဟတ္တဖိုလ်ဖြင့် နိုးစေပြီးသော် နက်ဖြန် အရုဏ်တက်သောအခါ၌ ထိုငါးရာကုန်သော ရဟန်းတို့ကို ယူ၍ ဝေဠုဝန်ကျောင်းတော်သို့သာလာကုန်၏၊ လာလတ်၍ကား ရှင်သာရိပုတ္တရာမထေရ်၏ မြတ်စွာဘုရားကို ရှိခိုး၍ ရပ်သောကာလ၌ ရဟန်းတို့သည် အရှင်သာရိပုတ္တရာ မထေရ်ကို ချီးမွမ်းကုန်၍ မြတ်စွာဘုရားကို လျှောက်ကုန်၏။ အဘယ်သို့ လျှောက်ကုန်သနည်းဟူမူကား ဘုန်းတော်ကြီးသော အရှင်ဘုရား အကျွန်ုပ်တို့၏ အစ်ကိုကြီးဖြစ်သော

ဓမ္မသေနာပတိမထေရ်သည် ငါးရာကုန်သော ရဟန်းတို့ဖြင့် ခြံရံ၍ လာလျက် အလှန်လျှင် တင့်တယ်ပေစွ၊ ဒေဝဒတ်သည်တစ်မူကား အခြံအရံမရှိသည်ဖြစ်၍၊ ဤသို့ လျှောက်ကုန်၏။ ရဟန်းတို့ သာရိပုတ္တရာသည် ယခုအခါ၌သာလျှင် မိမိဆွေမျိုးအပေါင်း ခြံရံလျက် တင့်တယ်သည် မဟုတ်သေး။ ရှေး၌လည်း တင့်တယ်သည် သာလျှင်တည်း။ ဒေဝဒတ်သည်ကား ယခုအခါ၌လာလျှင် မိမိအမျိုးအပေါင်းမှ ယုတ်သည်မဟုတ်သေး။ ရှေး၌လည်း ယုတ်ဖူးသည်သာလျှင်တည်းဟု သဗ္ဗညုမြတ်စွာဘုရားသည် မိန့်တော်မူ၏။ ရဟန်းတို့သည် ထိုအကြောင်းကို ထင်စွာပြစိမ့်သောငှါ ဘုန်းတော်ကြီးသော မြတ်စွာဘုရားကို တောင်းပန်ကုန်၏။ ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရားသည် ဘဝတစ်ပါးဖြင့် ဖုံးလွှမ်းသော အကြောင်းကို ထင်စွာ ပြတော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ မဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ တစ်ယောက်သော မဂဓမည်သော မင်းသည် မင်းပြု၏။ ထိုအခါ ဘုရားလောင်းသည် သမင်မျိုး၌ ပဋိသန္ဓေကို ယူ၍ ကြီးခြင်းသို့ ရောက်လတ်သော် သမင်တစ်ထောင်ခြံရံလျက် တော၌သာလျှင် နေ၏။ ထိုဘုရားလောင်းအား လက္ခဏမည်သောသား, ကာဠမည်သောသားဟူ၍ နှစ်ခုသောသားတို့သည် ဖြစ်ကုန်၏။ ထိုဘုရားလောင်းသည် မိမိ၏ ကြီးရင့်သော ကာလ၌ အမောင်တို့ ငါသည် ယခုအခါ၌ အိုမင်းပြီ။ သင်တို့သည် ဤအခြွေအရံ အပေါင်းကို ဆောင်ကြလေကုန်လောဟု ငါးရာငါးရာကုန်သော သမင်တို့ကို တစ်ဦးတစ်ဦးသော သားအား အပ်နှင်း၏၊ ထိုအခါမှစ၍ ထိုနှစ်ခုသော သမင်တို့သည် သားအပေါင်းကို ဆောင်ကုန်၏။ မဂဓတိုင်း၌လည်း ကောက်မှည့်သော ကာလ၌ ကောက်ဖြင့် မှည့်သောတော၌ သမင်တို့၏ ဘေးရန်သည်ဖြစ်၏။ လူတို့သည် ကောက်ကိုစားကုန်သောသမင်တို့ကို သတ်အံ့သောငှါ ထိုထိုသောအရပ်၌ တွင်းကို တူးကုန်၏။ တံကျင်တို့ကို စိုက်ကုန်၏။ ကျောက်ယန္တရားတို့ကို လွှတ်ကုန်၏။ စဉ်းလဲသော ကြောင့်ကွင်း အစရှိသည်တို့ကို ထောင်ကုန်၏။ များစွာသော သမင်တို့သည် ပျက်စီးခြင်းသို့ ရောက်ကုန်၏။ ဘုရားလောင်းသည် ကောက်၏ပြည့်စုံသော အခါကိုသိ၍ နှစ်ခုသောသားတို့ကို ခေါ်၍ ဤသို့ ဆို၏။ အမောင်တို့ ဤအခါသည်ကား ကောက်ပြည့်စုံသော အခါတည်း။ များစွာကုန်သော သမင်တို့သည် ပျက်စီးခြင်းသို့ ရောက်ကုန်၏။ အိုကုန်သော ငါတို့သည်ကား တစ်စုံတစ်ခုသော ဥပါယ်တံမျဉ်ဖြင့် တစ်ခုသောအရပ်၌ ကာလကို လွန်စေကုန်အံ့။ သင်တို့သည် သင်တို့၏ သမင်အပေါင်းတို့ကို ယူကုန်၍ တောင်ခြေရင်းသို့ ဝင်ကုန်၍ ကောက်တို့ကို သိမ်းဆည်းပြီးသော ကာလ၌ သင်တို့သည် လာကြကုန်လော၊ ဤသို့ဆို၏။

ထိုသမင်တို့သည် ကောင်းပြီဟု အဖစကားကို နားထောင်ကုန်၍ အခြံအရံတို့နှင့်တကွ ထွက်ကုန်၏၊ လူတို့သည် ဤကာလ၌ သမင်တို့သည် တောင်ကို တက်ကုန်၏။ ဤကာလ၌ တောင်မှဆင်းကုန်၏၊ သမင်တို့သွားသော လမ်းကို သိကုန်၏၊ လူတို့သည် ဖုံးလွှမ်းရာအရပ်၌ ပုန်းအောင်းကုန်လျက် များစွာကုန်သော သမင်တို့ကို ပစ်သတ်ကုန်၏။ ကာဠမည်သော သမင်သည်လည်း မိမိ၏အသိဉာဏ် နုံ့နွေးသည်၏အဖြစ်ကြောင့် ဤအခါ၌ မသွားအပ်ဟူ၍ မသိရကား သမင်းအပေါင်းကိုယူ၍ နံနက်အခါ၌လည်းကောင်း, ညချမ်းအခါ၌ လည်းကောင်း, ညဦးယံအခါ၌လည်းကောင်း, မိုးသောက်ယံအခါ၌လည်း ကောင်း ရွာတံခါးအနီး၌ သွား၏။ လူတို့သည် ထိုထိုအရပ်၌ ပကတိအားဖြင့် တည်ကုန်လျက်လည်းကောင်း ပုန်းအောင်းကုန်လျက်လည်းကောင်း များစွာသော သမင်တို့ကို ပျက်စီးခြင်းသို့ ရောက်စေကုန်၏၊ ဤသို့ ထိုကာဠမည်သော သမင်သည် မိမိနုံ့နွေးသောပညာ ရှိသည်၏အဖြစ်ကြောင့် များစွာကုန်သော သမင်တို့ကို ပျက်စီးခြင်းသို့ ရောက်စေ၍ အနည်းငယ်သာလျှင် ဖြစ်ကုန်သော သမင်တို့ဖြင့် တောသို့ဝင်လာ၏။

လက္ခဏမည်သော သမင်သည်ကား ပညာရှိ၏၊ လိမ္မာ၏၊ အကြောင်းကို သိတတ်၏၊ ထိုအခါ မသွားအပ်ဟူ၍ သိ၏၊ ထိုလက္ခဏသမင်သည် ရွာတံခါး၏ နီးသောအရပ်၌လည်း မသွား၊ နေ့၌လည်းမသွား၊ ညဦးယံအခါ၌လည်း မသွား၊ မိုးသောက်ယံအခါ၌လည်း မသွား၊ သမင်အပေါင်းကိုယူ၍ သန်းခေါင်ယံ၌သာ သွား၏။ ထို့ကြောင့် တစ်ကောင်သော သမင်ကိုလည်း မပျက်စီးစေမူ၍ တောသို့ ဝင်ရ၏။ ထိုသမင်တို့သည် ထိုတော၌ လေးလပတ်လုံး နေကုန်ပြီး၍ ကောက်တို့ကို သိမ်းဆည်းကုန်ပြီးသည်ရှိသော် တောင်မှ သက်ကုန်၏၊ ကာဠမည်သော သမင်သည် ပြန်လာသော်လည်း အကြွင်းမဲ့ သမင်တို့ကို ပျက်စီးခြင်းသို့ ရောက်စေ၍ တစ်ကိုယ်တည်းသာလျှင် ပြန်လာ၏၊ လက္ခဏသမင်သည်ကား တစ်ကောင်သော သမင်ကိုမျှ မပျက်စီးစေမူ၍ ငါးရာကုန်သော သမင်တို့ဖြင့် ခြံရံလျက် မိဘတို့၏အထံသို့ ပြန်လာ၏။ ဘုရားလောင်းသည် လာလတ်ကုန်သော နှစ်ယောက်ကုန်သော သားတို့ကိုလည်းမြင်၍ သမင်အပေါင်းတို့နှင့် တကွ ပြောဆိုလိုလျက်—

**၁၁။ ဟောတိ သီလဝတံ အတ္ထော၊ ပဋိသန္ဓာရ ဝုတ္တိနံ။**
**လက္ခဏံ ပဿ အာယန္တံ၊ ဉာတိသံဃပုရက္ခတံ။**
**အထ ပဿသိ မံ ကာဠံ၊ သုဝိဟီနံဝ ဉာတိဘိ။**

ဤဂါထာ၌ မကောင်းသည်မှ ကြဉ်စေခြင်း အဘိုးအမ၏ အစွမ်း အားဖြင့် ဓမ္မပဋိသန္ဓာရကို သိအပ်၏။ ကျက်စားရာသို့ သွားခြင်း,

နာသူ ဘိုအား လုပ်ကျွေးခြင်း, တရားနှင့်လျော်စွာ စောင့်ရှောက်ခြင်း၏ အစွမ်းအားဖြင့် အာဒိသပဋိသန္ဓာရကို သိအပ်၏။ ဤနှစ်ပါးကုန်သော ပဋိသန္ဓာရတို့၌ တည်ကုန်သော အကျင့်နှင့် ပြည့်စုံကုန်သော ပညာရှိတို့အား အစီးအပွားမည်သည် ဖြစ်၏ဟု ဆိုလိုသည်။ ထိုအစီးအပွား ဖြစ်ခြင်းကို သက်သေပြလိုရကား လက္ခဏပဿ-အစရှိသည်တို့ကို ဆိုသတည်း။

အကျင့်သီလ အာစာရနှင့် ပြည့်စုံသည်ဖြစ်၍ တစ်ကောင်သော သမင်ကိုမျှလည်း မပျက်စီးစေမူ၍ ဆွေမျိုးအပေါင်းသည် ခြံရံလျက် လာလတ်သော လက္ခဏကိုလည်း ကြည့်ပါလော့၊ အကျင့်သီလ ပဋိသန္ဓာရ၏ ပြည့်စုံခြင်းမှ ကင်းသည်ဖြစ်၍ နုံ့နှေးသော ပညာရှိသော တစ်ခုသော အဆွေအမျိုးကို မကြွင်းစေမူ၍ ဆွေမျိုးအပေါင်းတို့မှ အလွန် ကင်းသည် ဖြစ်၍လျှင် တစ်ကိုယ်တည်း လာလတ်သော ကာဠ မည်သော သမင်ကိုလည်း ကြည့်ပါလော–

ဟူလိုသည်။

ဤသို့ သားကို နှစ်သက်စေပြီး၍ကား ဘုရားလောင်းသည် အသက် အပိုင်း အခြား ကာလပတ်လုံး တည်၍ ကံအားလျော်စွာ လား၏။

## ဇာတ်ပေါင်း

သမ္ဗုဒ္ဓ မြတ်စွာဘုရားသည် ရဟန်းတို့ သာရိပုတ္တရာသည် ယခုအခါ၌ သာလျှင် ဆွေမျိုးအပေါင်း ခြံရံလျက် တင့်တယ်သည် မဟုတ်သေး။ ရှေး၌လည်း တင့်တယ်ဖူးသည်သာလျှင်တည်း။ ဒေဝဒတ်သည် ယခုအခါ၌ သာလျှင် ဂိုဏ်းအခြွေအရံမှ ကင်းသည်မဟုတ်သေး။ ရှေး၌လည်း ကင်ဖူးသည် သာလျှင်တည်းဟု မိန့်တော်မူလျက် ဤဓမ္မဒေသနာကို ပြတော်မူ၍ နှစ်ပါးသော ဝတ္ထုတို့ကို ဟောတော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ကာဠမည်သော သမင်ဖြစ်ဖူးပြီ။ ယခုအခါ ဒေဝဒတ်၏ ပရိသတ်တို့သည် ထိုအခါ ကာဠမည်သော သမင်၏ ပရိသတ်တို့သည် ဖြစ်ဖူးကုန်ပြီ။ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ လက္ခဏမည်သော သမင်ဖြစ်ဖူးပြီ၊ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ လက္ခဏသမင်၏ ပရိသတ်တို့သည် ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ရာဟုလာမယ်တော်သည် ထိုအခါ လက္ခဏသမင်, ကာဠသမင်တို့၏ အမိဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ လက္ခဏသမင်, ကာဠသမင်တို့၏ အဖဖြစ်ဖူးပြီဟူ၍ ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ဆယ့်တစ်ခုမြောက်သော လက္ခဏဇာတ်သည် ပြီး၏။

## ၁၂။ နိဂြောဓဇာတ်

### အသက်ပေး၍ ကယ်ဆယ်ခြင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "နိဂြောဓမေဝ သေဝေယျ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော နိဂြောဓဇာတ်ကို သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ နေတော်မူစဉ် **ကုမာရ ကဿပ မထေရ်၏ အမိကို** အကြောင်းပြု၍ ဟောတော်မူ၏။

ထိုမထေရ်၏ အမိသည် ရာဇဂြိုဟ်ပြည်၌ များသော စည်းစိမ်ရှိသော သူဌေး**၏** သမီးဖြစ်သတည်း။ ထိုသူဌေးသမီးသည် များစွာသော ကုသိုလ် မူလရှိ၏။ ဝိပဿနာလက်ဖြင့် သုံးသပ်ဆုတ်နယ်အပ်သော သင်္ခါရတရားရှိ၏။ ပစ္ဆိမဘဝိက သတ္တဝါဖြစ်၏။ အိုး၏ အတွင်း၌ ရှိသော ဆီမီးကဲ့သို့ ထိုသူဌေးသမီး၏ နှလုံး၌လည်း အရဟတ္တဒိုလ်၏ ဥပနိဿယသည် ထွန်းပ၏။ ထိုသူဌေးသမီးသည် ကိုယ်ကို သိသော ကာလမှ စ၍ အိမ်၌ မမွေ့လျော်သည်ဖြစ်၍ ရဟန်းပြုလိုရကား အမိအဖတို့ကို မိခင်ဖခင်တို့ အိမ်၌ အကျွန်ုပ်သည် မမွေ့လျော်၊ အကျွန်ုပ်သည် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်စေတတ်သော ဘုရားသာသနာတော်၌ ရဟန်းပြုလို၏။ အကျွန်ုပ်ကို ရဟန်းပြုကုန်လောဟု ဆို၏။ ချစ်သမီး အသို့ဆိုဘိသနည်း။ ဤ အမျိုးသည် များသောစည်းစိမ်ရှင် ဖြစ်၏။ ချစ်သမီးသည်လည်း ငါတို့၏ တစ်ယောက်တည်းသော ချစ်သမီးဖြစ်ခဲ့၏။ ချစ်သမီးသည် ရဟန်းပြုခြင်းငှါ အခွင့်မရထိုက်တကားဟု မိဘတို့ ဆိုကုန်၏။ ထိုသူဌေးသမီးသည် အကြိမ်ကြိမ် ခွင့်တောင်းသော်လည်း မိဘတို့ထံမှ ရဟန်းပြုခွင့်ကိုမရ၍ မရသည်ပင် ဖြစ်စေဦး လင့် အိမ်ကိုရောက်သောအခါမှ လင်ကိုနှစ်သိမ့်စေ၍ ရဟန်းပြုအံ့ဟု ကြံ၏။ ထိုသူဌေးသမီးသည် အရွယ်ရောက်၍ လင့်အိမ်သို့ ရောက်သည်တွင် လင်ကို နတ်ကဲ့သို့ ရှိသေ၍ သီလနှင့်ပြည့်စုံစွာ ကောင်းသောအကျင့်ရှိလျက် အိမ်၌နေ၏။ ထိုအခါ ထိုသူဌေး၏ သမီးအား သံဝါသကို အစွဲပြု၍ ကိုယ်ဝန် တည်လေ၏။ ထိုသူဌေးသမီးသည် ကိုယ်ဝန်တည်သည်၏ အဖြစ်ကို မသိ။

### ခန္ဓာကိုယ်ပုပ် အသုဘရုပ်

ထိုအခါ ရာဇဂြိုဟ်ပြည်၌ နက္ခတ်သဘင်ကို ကြွေးကြော်ကုန်၏။ အလုံးစုံသော မြို့သူတို့သည် နက္ခတ်သဘင် ကစားကုန်၏။ မြို့သည် နတ်ပြည်ကဲ့သို့ ဆင်ယင်

အပ်သော တန်ဆာနှင့် စပ်၏။ ထိုသူဌေးသမီးသည်ကား မြတ်သော နက္ခတ်သဘင် ကစားခြင်းသည် ဖြစ်ငြားသော်လည်း မိမိကိုယ်ကို မလိမ်းမကျံ မဆင်ယင်ဘဲ ပကတိအသွင်ဖြင့်သာလျှင် သွား၏။ ထိုအခါ လင်သည် ရှင်မ တစ်မြို့လုံးသည် နက္ခတ်သဘင်ကို မှီ၏၊ သင်သည် ဝတ်စုံမူကား ကိုယ်ကို မသုတ်သင် မဆင်ယင်တကားဟု ဆို၏။ အရှင့်သား အကျွန်ုပ်ကိုယ်သည် သုံးဆယ့်နှစ်ပါး ကုန်သော အပုပ်တို့ဖြင့် ပြည့်၏။ ဤသို့သော ကိုယ်ကို တန်ဆာဆင်သဖြင့် အဘယ်မူအံ့နည်း။ ဤကိုယ်ကို နတ်လည်း မဖန်ဆင်း၊ ဗြဟ္မာလည်း မဖန်ဆင်း၊ ဤကိုယ်သည် ရွှေဖြင့်လည်း မပြီး၊ ပတ္တမြားဖြင့်လည်း မပြီး၊ စန္ဒကူးနှံ့သာ ဖြူနီဖြင့်လည်း မပြီး၊ ပုဏ္ဍရိတ်ကြာ, ကုမုဒြာကြာ, ကြာညို, ကြာနီ, ကြာဖြူတို့၏ ပွင့်ချပ်တို့၌လည်း မဖြစ်၊ မသေနေရသည့်လည်း မဟုတ်သေး၊ မသေနေရသော ဆေးဖြင့် ပြည့်သည်လည်း မဟုတ်၊ စင်စစ်သော်ကား မစင်ဖြင့် ပြည့်၏။ အပုပ်အစပ်၌ ဖြစ်၏။ မမြဲသော သဘောရှိ၏။ နန္ဒင်းကသယ် အစရှိသည်တို့ဖြင့် လိမ်းကျံအပ်သော သဘောရှိ၏။ ဆုပ်နယ်အပ်သော သဘောရှိ၏။ ကွဲပြိုတတ်သော သဘောရှိ၏။ ပျက်စီးတတ်သော သဘောရှိ၏။ စက်ဆုပ်ဖွယ်သော အာဟာရကြောင့် ပွါး၍ တဏှာကို ဖြစ်စေ၏။ စိုးရိမ်ခြင်းတို့၏ အကြောင်း ဖြစ်၏။ ငိုကြွေးခြင်းတို့၏ တည်ရာဖြစ်၏။ ခပ်သိမ်းသော ရောဂါတို့၏ တည်ရာဖြစ်၏။ ညှဥ်းဆဲခြင်းတို့ကို ခံယူတတ်၏၊ အတွင်း၌ ပုပ်၏။ အမြဲလျှင် အဝသို့ အပုပ်အစပ်တို့ ယို၏။ ပိုးမျိုးတို့ နေရာဖြစ်၏။ သုသာန်မြေ၌ လျောင်းရလတ္တံ့သည် ဖြစ်၏။ သေခြင်းလျှင် အဆုံးရှိ၏။ လူအပေါင်း၏ မျက်စိမြင်ကောင်းသော အရပ်၌ ဖြစ်ငြားသော်လည်း ဤကိုယ်သည် အရိုးအကြောတို့နှင့် ယှဥ်လျက် အတွင်းရေ အအားတို့သည် လိမ်းကျံလျက် အပရေသည် ဖုံးလွှမ်းအပ်ရကား အဟုတ်အမှန်အားဖြင့် သတ္တဝါအများ ကာမသားတို့အား မထင်၊ အသည်း, စည်ခပေါင်းအိမ်, နှလုံး, အသည်း, အညှိ, အဖျဉ်း, နှပ်, တံထွေး, ချွေး, အဆီခဲ, သွေး, အစေး, သည်းခြေ, ဆီကြည်တို့ဖြင့် အုသိမ် အုမဝမ်းတို့၌ ပြည့်၏။ ထိုမှတစ်ပါးလည်း ဤကိုယ်၏ ဒွါရကိုးပေါက်တို့မှ အစဥ်တစိုက်လျှင် မစင်မကြယ် စက်ဆုပ် ရွံရှာဖွယ်တို့သည် ယိုစီး၏။ မျက်စိမှ မျက်ချေး, နားမှ နဖာချေး, နှာခေါင်းမှ နှပ်, ခံတွင်းမှ ရံခါသလိပ် ရံခါသည်းခြေ, ကိုယ်မှ ချွေးကြီး ချွေးငယ်တို့သည် ယိုစီးကုန်၏။ ထိုမှ့်လည်း ဤကိုယ်၏ အတွင်းသည် အပဖြစ်တုံငြားအံ့၊ နှင်တံကိုင်၍ ကျီးခွေးတို့ကို မြစ်ရရာသည် မဟုတ်လော၊ ဤကိုယ်သည် မကောင်းသော အနံ့ရှိ၏။ မစင်ကြယ်သည်သာ ဖြစ်၏။ ခွေးကောင်ပုပ်သဖွယ် ဖြစ်၏၊ လူနတ်တို့၏ မျက်စိသဖွယ် ဖြစ်ကုန်သော အရိယာ သူတော်ကောင်းတို့သည် ဤကိုယ်ကို ကဲ့ရဲ့ အပ်ကုန်၏။ သူမိုက်တို့သာလျှင် နှစ်သက်အပ်၏။ စိုသော အရေဖြင့် ဖုံးလွှမ်းအပ်၏။ ဤကိုယ်သည် အမာကြီးဟူ၍ ဆိုအပ်သော ကိုးပေါက်သော

ဒွါရရှိ၏။ ဤကိုယ်၏ အလုံးစုံသော ဒွါရကိုးပေါက်တို့မှ ပုပ်သော အနံ့ ရှိကုန်သော မစင်ဘင်ပုပ်တို့သည် ယိုစီးကုန်၏။ အရှင့်သား ဤသို့သဘော ရှိသော ကိုယ်ကို တန်ဆာဆင်သဖြင့် အဘယ်ပြုအံ့နည်း၊ ဤသို့သဘောရှိသော ကိုယ်ကို တန်ဆာဆင်ခြင်းသည် မစင်ဖြင့် ပြည့်သော ဒအိုး၏ အဝ၌ ပန်းချီ ဆေးဝါးရေးသား ဆင်ယင်ဘိသကဲ့သို့ မရှိတုံလောဟု သူဌေးသမီး ဆို၏။

သူဌေးသမီး ဆိုသောစကားကို ကြား၍ ရှင်မ သင်သည် ဤ ကိုယ်၏ အပြစ်ကို သိစဉ်မြင်လျက် အဘယ့်ကြောင့် ရဟန်းမပြုဘဲ နေဘိသနည်းဟု ဆို၏။ အရှင်သား အကျွန်ုပ်သည် ရဟန်းပြုခွင့်ကို ရပါသည်ဖြစ်မူကား ယနေ့ ပင်လျှင် ရဟန်းပြုပါအံ့ဟု သူဌေးသမီး ဆို၏။ သူဌေးသားသည် ကောင်းပြီ အကျွန်ုပ်ရှင်မကို ရဟန်းပြုပ်စေအံ့ဟု ဆို၏။ အလှူကြီးကို ဖြစ်စေ၍ ကြီးစွာသော ပူဇော်သက္ကာရကို ပြုလျက် များစွာသော အခြံအရံဖြင့် ရဟန်းမိန်းမတို့၏ ကျောင်းသို့ပို့၍ ရဟန်းပြုစေသည်ရှိသော် ဒေဝဒတ် အဝင် အပါ ဖြစ်ကုန်သော ရဟန်းမိန်းမတို့၏ အထံ၌ ရဟန်းပြုစေ၏။ ရဟန်း အဖြစ်ကို ရပြီး၍ ပြည့်စုံသော အကြံရှိရကား ဝမ်းမြောက်ဝမ်းသာ ရှိ၏။

ထိုအခါ ရဟန်းမိန်းမ၏ ကိုယ်ဝန်ရင့်လတ်သော် ဂူန္ဒြေတို့၏ ဖောက်ပြန်ခြင်း တို့သည် ဖြစ်၏။ ရဟန်းမိန်းမတို့သည် လက်ဘမိုးထူခြင်း, ဝမ်းရေကြီးခြင်းကို မြင်၍ ရှင်မသင်သည် ကိုယ်ဝန်စွဲယောင်တစ်ကား၊ အဘယ့်ကြောင့် ဤအမှု သည် ဖြစ်တုံဘိသနည်းဟု မေး၏။ ထိုရဟန်းမိန်းမလည်း ရှင်မတို့ ဤမည်သော အကြောင်းကြောင့် ကိုယ်ဝန်စွဲသည်ဟူ၍ကား အကျွန်ုပ် မသိ။ အကျွန်ုပ်အား သီလသည်မူကား ပြည့်စုံပါ၏ဟု ပြော၏။ ထိုအခါ ရဟန်းမိန်းမတို့သည် ထိုကိုယ်ဝန်စွဲသော ရဟန်းမိန်းမကို ဒေဝဒတ်အထံသို့ ဆောင်ကုန်၍ အရှင် ဘုရား ဤအမျိုးသမီးသည် ငြိုငြင်သဖြင့် လင်ကို နှစ်သိမ့်စေ၍ ရဟန်း အဖြစ်ကို ရ၏။ ယခုမူကား ဤရှင်မအား ကိုယ်ဝန်စွဲခြင်းသည် ဖြစ်၏။ အကျွန်ုပ်တို့သည် ဤကိုယ်ဝန်ကို ရဟန်းဖြစ်မှရသည် လည်းကောင်း လူဖြစ် စဉ်က ရလေသည်ကိုလည်းကောင်း မသိနိုင်ကုန်။ ယခုအဘယ်သို့ ပြုရအံ့နည်း ဟု ဒေဝဒတ်ကို မေးလျှောက်ကုန်၏။

ဒေဝဒတ်သည် ပညာမရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, ခန္တီမေတ္တာ ကရုဏာမရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း, ဒေဝဒတ်၏ သြဝါဒခံ ရဟန်းမိန်းမသည် ဝမ်းဖြင့် ကိုယ်ဝန်ကို လွယ်၏။ ဒေဝဒတ်သည်လည်း ထိုရဟန်း မိန်းမကို တစိမ့်စိမ့်ကြည့်၍ဟူ၍ ငါ့အား လူကဲ့ရဲ့ခြင်းသည် ဖြစ်ရာချေ၏။ ငါသည် ဤရဟန်းမိန်းမကို လူထွက်စေသင့်၏ဟု ကြံ၏။ ဤသို့ ကြံပြီး၍ ဒေဝဒတ်သည်

မဆင်ခြင်မူ၍လျှင် ကျောက်ခဲတုံးကို လိမ့်ဘိသကဲ့သို့ ပြေးတည့်၍ သင်တို့ သွားကြကုန်။ ဤရဟန်းမိန်းမကို လူထွက်စေလေကုန်ဟု ဆို၏။ ထိုရဟန်းမိန်းမ တို့သည် ဒေဝဒတ်၏စကားကို ကြားကုန်၍ ရှိခိုးကုန်လျက် ကျောင်းသို့သွားကြ ကုန်၏။ ထိုအခါ ရဟန်းမိန်းမငယ်သည် ရှင်မတို့ ဒေဝဒတ်သည် ဘုရားမဟုတ်။ ကျွန်ုပ်လည်း ဒေဝဒတ်အထံ ရဟန်းမပြု။ ကျွန်ုပ်သည် လောက၌ သဗ္ဗညု မြတ်စွာဘုရား အထံတော်၌သာ ရဟန်းပြု၏။ ထိုရဟန်းပြုခြင်းကိုလည်း လွယ် လင့်တကူ ရသည်မဟုတ်။ ငြိုငြင်သဖြင့်သာလျှင် ရအပ်၏။ အကျွန်ုပ်ကို လူဝတ် မလဲကြပါလင့်ကုန်ဦး။ ကျွန်ုပ်ကို ဘုရားအထံတော် ဇေတဝန်ကျောင်းတော်သို့ ဆောင်ယူသွားကြပါကုန်ဦး ဟူ၍ ဆို၏။

ထိုရဟန်းမိန်းမတို့သည် ထိုရဟန်းမိန်းမငယ်ကို ဆောင်၍ ရာဇဂြိုဟ်ပြည်မှ လေးဆယ့်ငါးယူဇနာခရီးကို လွန်၍ အစဉ်သဖြင့် ဇေတဝန် ကျောင်းတော်သို့ ရောက်၍ မြတ်စွာဘုရားကို ရှိခိုးကုန်၍ ထိုအကြောင်းကို ကြားလျှောက်ကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ဤရဟန်းမိန်းမငယ်အား လူဖြစ်စဉ်ကာလ၌ ကိုယ်ဝန် သည် အကယ်၍တည်၏။ ဤသို့ လူဖြစ်စဉ်ကာလ၌ တည်ငြားသော်လည်း ရဟန်းဝါဝမသည် ရှင်ဒေဝဒတ် စွန့်ပစ်အပ်သော ရဟန်းမိန်းမငယ်ကို ယူ၍ သွားဘိသလောဟု တိတ္ထိတို့၏ ကဲ့ရဲ့ခွင့်သည် ဖြစ်လတ္တံ့။ ထို့ကြောင့် ကဲ့ရဲ့စကား ကို ဖြတ်အံ့သောငှါ မင်းနှင့်တကွသော ပရိသတ်၏အလယ်၌ ဤတရားကို ဆုံးဖြတ်ခြင်းငှါ သင့်၏ဟု ကြံတော်မူ၏။ ကြံပြီး၍ နက်ဖြန်နေ့၌ ပသေနဒီ- ကောသလမင်း မဟာအနာထပိဏ်သူဌေး စူဠအနာထပိဏ်သူဌေး ဝိသာခါ ဒါယိကာမကြီးတို့ကိုလည်းကောင်း, တစ်ပါးကုန်သော ကျော်စော ထင်ရှား ကုန်သော အမျိုးကြီးတို့ကိုလည်းကောင်း, ခေါ်စေတော်မူ၍ ညချမ်းအခါ၌ လေးပါးကုန်သော ပရိသတ်တို့သည် စည်းဝေးကုန်လတ်သော် အရှင်ဥပါလိ မထေရ်ကို ဥပါလိ သင်သည် သွားလေလော၊ လေးပါးသော ပရိသတ်အလယ်၌ ဤရဟန်းမိန်းမငယ်၏အမှုကို သုတ်သင်လောဟု မိန့်တော်မူ၏။

အရှင်ဥပါလိမထေရ်သည် ကောင်းပြီ အရှင်ဘုရားဟု ဝန်ခံလျက် ပရိသတ် အလယ်သို့သွား၍ ခင်းအပ်သော မိမိနေရာ၌ နေပြီးသော် မင်း၏ရှေ့၌ ဝိသာခါ ဤရဟန်း မိန်းမငယ်သည် ဤမည်သောကာလ၌ ဤမည်သောနေ့၌ ရဟန်းပြု၏။ အဟုတ်အမှန်ကိုသိ၍ ဤကိုယ်ဝန်ကို ရှေး၌လည်းကောင်း နောက်၌ လည်း ကောင်း ရသည်၏အဖြစ်ကို သိအောင်ပြုလောဟု ဝိသာခါ ဒါယိကာမအား ဤ အမှုကို အပ်နှင်း၏။ ဝိသာခါ ဒါယိကာမသည် ကောင်းပြီဟု ဝန်ခံ၍ တင်းတိမ် တို့ကို ကာစေပြီးသော် တင်းတိမ်တွင်း၌ ရဟန်းမိန်းမငယ်၏ လက်ခြေ ချက်ဝမ်း အဆုံးရှိကုန်သော အင်္ဂါတို့ကိုကြည့်၍ လ-ရက်တို့ကို တွက်လတ်သော် လူဖြစ်စဉ်

ကာလက သခန္ဓရသည့်အဖြစ်ကို အကုတ်အမှန်အားဖြင့်သိ၍ ထိုအကြောင်းကို ကြားလျှောက်၏။ ထိုအခါ ဥပါလိမထေရ်သည် ပရိသတ်လေးပါးအလယ်၌ ထို ရဟန်းမိန်းမငယ်ကို သန့်ရှင်းစင်ကြယ်သည်ကို ပြု၏။ ရဟန်း မိန်းမငယ်သည် သန့်ရှင်း စင်ကြယ်ပြီးသည်ရှိသော် ရဟန်းသံဃာကိုလည်း ရှိခိုး၍ ရဟန်းမိန်းမ တို့နှင့်တကွ ကျောင်းသို့လျှင် ပြန်သွား၏။

ရဟန်းမိန်းမငယ်သည် ကိုယ်ဝန်၏ ရင့်ခြင်းကိုစွဲ၍ ပဒုမုတ္တရ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ပန်ဆင်အပ်သော ဆုရှိသော ကြီးသော အာနုဘော်ရှိသော သားကိုဖွား၏။ ထိုအခါ တစ်နေ့သ၌ မင်းကြီးသည် ရဟန်းမိန်းမတို့၏ ကျောင်းအနီးဖြင့် သွားလတ်သော် သူငယ်သံကိုကြား၍ အမတ်ဘို့ကို မေး၏။ အမတ်တို့သည် ထိုဒအကြောင်းကိုသိ၍ အရှင်မင်းကြီး ရဟန်းမိန်းမငယ်သည် သားဖွား၏။ ထိုအသံသည် သူငယ်၏အသံတည်းဟု လျှောက်ကုန်၏။ အချင်းတို့ ရဟန်းမိန်းမတို့အား သူငယ်ကို စောင့်ရှောက်ခြင်း မည်သည်ကား ဗလိဗောဓ ဖြစ်၏။ ထိုသူငယ်ကို ငါတို့ လုပ်ကျွေးကုန်အံ့ဟုဆို၍ မင်းသည် ထိုသူငယ်ကို ကချေသည် မိန်းမတို့အား ပေးစေ၍ မင်းသားတို့၏ အခြံအရံအစောင့်အရှောက် ဖြင့် ကြီးစေ၏။ အမည်မှည့်သော နေ့၌လည်း ထိုသူငယ်အား ကဿပဟူသော အမည်ကို မှည့်ကုန်၏။ ထိုအခါ ထိုသူငယ်ကို မင်းသားတို့၏ အခြံအရံ အစောင့် အရှောက်ဖြင့်လျှင် ကြီးသည်၏အဖြစ်ကြောင့် ကုမာရကဿပဟု သိကြကုန်၏။ ကုမာရကဿပသည် ခုနစ်နှစ်ရှိလတ်သော အခါ၌ မြတ်စွာဘုရားအထံတော်ဝယ် သာမဏေ ပြု၍ အသက်နှစ်ဆယ် ပြည့်လတ်သော် ပဉ္စင်းအဖြစ်ကို ရ၍ ကာလရှည်လတ်သော် ဓမ္မကထိက ပုဂ္ဂိုလ်တို့တွင် ဆန်းကြယ်စွာ တရားဟော တတ်သော ဓမ္မကထိက ပုဂ္ဂိုလ်ဖြစ်၏။ ထိုအခါ သဗ္ဗညု မြတ်စွာဘုရားသည် အရှင်ကုမာရ ကဿပ မထေရ်ကို–

'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ စိတ္တကထိကာနံ ယဒိဒံ ကုမာရ ကဿပေါ'–

ဟု ဧတဒဂ် အရာ၌ ထားတော်မူ၏။ ကုမာရကဿပ မထေရ်သည် နောက် ဝမ္မိကသုတ် ကို ဟောတော်မူသောအခါ၌ အရဟတ္တဖိုလ်သို့ ရောက်၏။ ကုမာရ ကဿပ မထေရ်၏ မယ်တော် ရဟန်းမိန်းမသည်လည်း ဝိပဿနာကို ပွားစေ၍ အရဟတ္တဖိုလ်သို့ ရောက်၏။ ကုမာရကဿပ မထေရ်သည် ဘုရား သာသနာ တော်ဝယ် ကောင်းကင်လယ်၌ လပြည့်ဝန်းကဲ့သို့ ထင်ရှား၏။

ထိုအခါ တစ်နေ့သ၌ ဝိပဿီ အစရှိသော ရှေးဘုရားတို့ကဲ့သို့ ကောင်းသော လာခြင်း ရှိတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသည်မှ

နောက်၌ ဆွမ်းခံရွာမှ ဖဲခဲ့တော်မူပြီးသော် ရဟန်းတို့အား အဆုံးအမကို ပေး၍ ဂန္ဓကုဋိတိုက်သို့ ဝင်တော်မူ၏။ ရဟန်းတို့သည် ညဉ့်ဦးယံကို သုံးကုန်၍ မိမိ မိမိတို့၏ ညဉ့်သန့်ရာ နေ့သန့်ရာ ဌာနတို့၌ နေ့အဖို့ကို ကုန်စေ၍ ညချမ်းအခါ တရား သဘင်၌ စည်းဝေးကုန်၍ ငါ့ရှင်တို့ ဒေဝဒတ်သည် မိမိ၏ ပညာမရှိသည်၏ အဖြစ် ခန္တီမေတ္တာ ကရုဏာမရှိသည်၏ အဖြစ်ကြောင့် ကုမာရကဿပ မထေရ်ကို လည်းကောင်း၊ မထေရီ၏ မယ်တော်ထေရီမကို လည်းကောင်း ဖျက်ဆီးအံ့ဟ်၏။ သဗ္ဗညု မြတ်စွာဘုရားသည်ကား ကိုယ်တော် ဓမ္မရာဇ် ဖြစ်တော်မူသည်၏အဖြစ် ကြောင့် လည်းကောင်း၊ ခန္တီမေတ္တာ ကရုဏာတို့နှင့် ပြည့်စုံတော်မူသည်၏အဖြစ် ကြောင့် လည်းကောင်း၊ မထေရီ မိသားနှစ်ပါးတို့၏လည်းကောင်း အထောက် အပံ့ ဖြစ်တော်မူ၏ဟု ဘုရားဂုဏ် ကျေးဇူးတော်ကို ချီးမွမ်းကုန်လျက် နေကြ ကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ဘုရားရှင်တို့၏ တင့်တယ်ခြင်းဖြင့် တရား သဘင်သို့ ကြွတော်မူလာ၍ ခင်းအပ်သော နေရာတော်၌ နေတော်မူပြီးသော် ရဟန်းတို့ ငါလာတော်မူသော အခါ၌ အဘယ်စကားဖြင့် သင်တို့ စည်းဝေး ကုန်သနည်းဟု မေးတော်မူ၏၊ ဘုန်းတော်ကြီးမြတ်သော အရှင်ဘုရား အရှင် ဘုရားတို့၏ ဂုဏ်ကျေးဇူး စကားဖြင့်သာလျှင် အကျွန်ုပ်တို့ စည်းဝေးပါကုန်၏ဟု အလုံးစုံသော စကားကို ကြားလျှောက်ကုန်၏၊ ရဟန်းတို့ ငါဘုရားသည် ယခု အခါ၌သာလျှင် ကျွန်ုပ်ဆောက်ကုန်သော မိသားတို့၏ အထောက်အပံ့ ကိုးကွယ်ရာ ဖြစ်တော်မူသည် မဟုတ်သေး၊ ရှေး၌လည်း ဖြစ်ဖူးသည်သာလျှင် တည်းဟု မိန့်တော်မူ၏၊ ရဟန်းတို့သည် ထိုအကြောင်းကို ထင်စွာ ဖြစ်စိမ့်သောငှါ ဘုန်းတော်ကြီးသော သဗ္ဗညု မြတ်စွာဘုရားကို တောင်းပန်ကုန်၏။ ဘုန်းတော် ကြီးသော သဗ္ဗညု မြတ်စွာဘုရားသည် ဘဝတစ်ပါးဖြင့် ဖုံးလွှမ်းသော အကြောင်းကို ထင်စွာ ပြတော်မူ၏။

## အတိတ် ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုလတ်သော် ဘုရားလောင်းသည် သမင်မျိုး၌ ပဋိသန္ဓေကို ယူ၏။ ထိုဘုရားလောင်းသည် အမိဝမ်းမှ ဖွားသည် ရှိသော် ရွှေအဆင်းနှင့် တူသော အဆင်းရှိ၏။ ဘုရားလောင်း၏ မျက်လုံးတို့သည်ကား ပတ္တမြားလုံးနှင့် တူကုန်၏။ ဦးချိုတို့သည် ငွေပန်းဆိုင်း အဆင်းနှင့် တူကုန်၏။ မျက်နှာသည် နီသော ကမ္ဗလာ အစု၏ အဆင်းနှင့် တူ၏၊ လက်ခြေ အပိုင်းအခြားတို့သည် ချိပ်ရည် တို့ဖြင့် ဆိုးအပ်ကုန်သကဲ့သို့ ရှိကုန်၏။ မြီးဆံသည် စမရီ၏ မြီးဆံကဲ့သို့ ဖြစ်၏။ ထိုဘုရားလောင်း ရွှေသမင်၏ ကိုယ်သည်ကား ကြီး၏။ မြင်းငယ် အတိုင်း အရှည် ရှိ၏။ ဘုရားအလောင်း ရွှေသမင်သည် သမင်ငါးရာ ခြံရံလျက် တော၌

နေ၏။ အမည်အားဖြင့် နိဂြောဓ သမင် မည်၏။ ထိုနိဂြောဓ သမင်၏ အနီး၌ သမင်ငါးရာ အခြံအရံရှိသော သာခမိဂ အမည်ရှိသော တစ်ပါးသော သမင် သည်လည်း နေ၏။ ထိုသာခမိဂ မည်သော သမင်သည်လည်း ရွှေအဆင်းနှင့် တူ၏။

ထိုအခါ ဗာရာဏသီမင်းသည် သမင်သတ်ခြင်း အမှု၌ လေ့လာ၏။ အမဲနှင့် ကင်း၍ ထမင်းမစား၊ လူတို့အမှုကို ဖျက်၍ ခပ်သိမ်းသော ဇနပုဒ် သူတို့ကို စည်းဝေး၍ နေ့တိုင်း နေ့တိုင်း သမင်သတ်အံ့သောငှါ သွား၏။ လူတို့သည် ဤမင်းကြီးကား ငါတို့အမှုကို ဖျက်၏။ ငါတို့သည် ဥယျာဉ်၌ သားတို့၏ အစာကို ထား၍ ရေကို ပြည့်စုံစေ၍ များစွာကုန်သော သားတို့ကို ဥယျာဉ်သို့ သွင်း၍ တံခါးဖွဲ့၍ မင်းကြီးအား အပ်နှင်းရကုန်သော် ကောင်း၏ဟု ကြံကုန်၏။ ကြံကုန်ပြီး၍ ထိုခပ်သိမ်းသော လူတို့ကို ဥယျာဉ်၌ သားတို့၏ အစာ မြက်တို့ကို ပေါက်ရောက်စေ၍ ရေကို ပြည့်စုံစေ၍ တံခါးကို ယှဉ်စေပြီးသော် ပိုက်တန်း, ဆောက်ပုတ် စသည်တို့ကို ယူ၍ လက်စွဲကုန်လျက် တောသို့ ဝင်ကုန်၍ သားတို့ကို ရှာကုန်လတ်သော် အလယ်၌ တည်ကုန်သော သားတို့ကို ယူကုန်အံ့ဟု တစ်ယူဇနာ မျှသော အရပ်ကို ခြံ၍ ခြံရံ ကုန်သည် ရှိသော် နိဂြောဓသမင် သာခသမင်တို့၏ နေရာအရပ်ကို အလယ်ထား၍ ခြံရံကုန်၏။ ထိုအခါ လူတို့သည် သမင်အပေါင်းကို မြင်၍ သစ်ပင်ချုံ အစရှိ သည်တို့ကိုလည်းကောင်း မြေကိုလည်းကောင်း ဆောက်ပုတ်ဘို့ဖြင့် ပုတ်ခတ် ကုန်လျက် သမင်အပေါင်းကို နေရာအရပ်မှ ထုတ်၍ သန်လျက်, လှံ, လေး အစရှိသော လက်နက်တို့ကို ကိုင်ကုန်၍ သည်းစွာသော အသံတို့ကို ဟစ်ကြွေး ကုန်လျက် သမင်အပေါင်းကို ဥယျာဉ်သို့ သွားစေကုန်ပြီးသော် တံခါးကိုပိတ်၍ မင်းအထံသို့ ကပ်လျက် ရှင်မင်းကြီး အရှင်တို့သည် မပြတ် သမင်တောသို့ သွားကုန်လျက် အကျွန်ုပ်တို့၏ အမှုကို ဖျက်ဆီးကုန်၏။ အကျွန်ုပ်တို့သည် တောမှ သမင်တို့ကို ဆောင်ကုန်၍ ရှင်မင်းကြီးတို့၏ ဥယျာဉ်တော်ကို ပြည့်စေ အပ်ပြီ၊ ရှင်မင်းကြီးသည် ယနေ့မှစ၍ ထိုသမင်တို့၏ အသားကို စားတော်မူ လောဟု မင်းကို ပန်၍ ဖဲလေကုန်၏။

မင်းကြီးသည် ထိုသူတို့စကားကို ကြားသဖြင့် ဥယျာဉ်သို့ သွား၍ သမင် တို့ကို ကြည့်လတ်သော် နှစ်ခုကုန်သော ရွှေသမင်တို့ကိုမြင်၍ ထိုရွှေသမင်တို့အား ဘေးမဲ့ကို ပေး၏။ ထိုအခါမှစ၍ကား ရံခါ မင်းသည် မိမိကိုယ်တိုင် သွား၍ တစ်ကောင်သော သမင်ကိုပစ်၍ ဆောင်၏။ ရံခါ စားတော်ချက်သည်သွား၍ တစ်ကောင်သော သမင်ကိုပစ်၍ ဆောင်၏၊ သမင်တို့သည် လေးကိုမြင်ကုန်၍ သေဘေးမှ ကြောက်ကုန်ရကား ပြေးကုန်၏။ နှစ်ကောင်သုံးကောင်ကုန်သော

သမင်တို့သည် ထိခိုက်ခြင်းကို ရကုန်၍ ပင်ပန်းကုန်၏။ ထိုထိခိုက်သော သမင်တို့သည် နာသည်မူလည်း ဖြစ်ကုန်၏၊ သေခြင်းသို့မူလည်း ရောက်ကုန်၏။ သမင်အပေါင်းတို့သည် ထိုအကြောင်းကို ဘုရားလောင်းအား ကြားကုန်၏။ ဘုရားလောင်းသည် သာခသမင်ကို ခေါ်စေ၍ အဆွေ များစွာကုန်သော သမင်တို့သည် ပျက်စီးကုန်၏၊ စင်စစ်အားဖြင့် သေရအံ့သည်ရှိသော် ချမ်းသာကို ရသည်မဖြစ်လတ္တံ့၊ ယနေ့မှစ၍ သမင်တို့ကို မြားဖြင့် မပစ်စေကုန်လင့်၊ စဉ်းတီတုံး၊ ထားရာအရပ်၌ သမင်တို့၏ အလှည့်ဖြစ်စေ တစ်ရက်သည်ကား ငါ့ပရိသတ်၏ အလှည့်ဖြစ်စေ တစ်ရက်သည်ကား သင့်ပရိသတ်၏ အလှည့်ဖြစ်စေ၊ ထိုသို့ အလှည့်ရောက်သော သမင်သည် သွား၍ စဉ်းတီတုံး၌ လည်ကိုထားသဖြင့် အိပ်စေ၊ ဤသို့ဖြစ်မှ သမင်တို့သည် မပင်ပန်းရကုန်လတ္တံ့ဟု ဆို၏။ သာခသမင်သည် ကောင်းပြီဟု ဝန်ခံ၏၊ ထိုအခါမှစ၍ အလှည့်ရောက်သော သမင်သည်သာလျှင် သွား၍ စဉ်းတီတုံး၌ လည်ကိုထား၍ အိပ်၏၊ စားတော်ချက်သည် လာလတ်၍ စဉ်းတီတုံး၌ အိပ်သော သမင်ကိုလျှင် ယူ၍ သွား၏။

ထိုအခါ တစ်နေ့သ၌ သာခသမင်၏ ပရိသတ်ဖြစ်သော သန္ဓေရှိသော တစ်ကောင်သော သမင်မ၏ အလှည့်သည်ဖြစ်၏။ ထိုသမင်မသည် သာခသမင်သို့ကပ်၍ အရှင် အကျွန်ုပ်သည် ကိုယ်ဝန်ရှိ၏၊ သားဖွား၍ မိသားနှစ်ယောက်တို့သည် အလှည့်သို့ ရောက်ပါကုန်လတ္တံ့၊ အကျွန်ုပ်အလှည့်ကို လွန်ပါစေဦးလော့ဟု ဆို၏။ သာခသမင်သည် သင့်အလှည့်ကို တစ်ပါးကုန်သော သမင်တို့အား ရောက်စေခြင်းငှါမတတ်ကောင်း သင်သာလျှင် သင့်အလှည့်ကို သိရလတ္တံ့၊ သွားလေလောဟု ဆို၏၊ ထိုသမင်မသည် သာခမည်သော သမင်မင်း၏ အထံမှ အထောက်အပံ့ကို မရလတ်သော် ဘုရားအလောင်း အထံသို့ ကပ်၍ အကြောင်းကို ကြားလျှောက်၏၊ ဘုရားလောင်းသည် ထိုသမင်မ၏ စကားကို ကြား၍ သမင်မငယ် သင်ဆိုတိုင်းဖြစ်စေ သင်သည်သွားလေ ငါသည် သင့်အလှည့်ကို လွန်စေအံ့ဟု ဆို၍ မိမိသည် စဉ်းတီတုံး၌ ဦးခေါင်းကားချ၍ အိပ်၏။ စားတော်ချက်သည် ဘုရားလောင်းကို မြင်၍ ဘေးမဲ့ကို ရပြီးသော သမင်မင်းသည် စဉ်းတီတုံး၌ အိပ်၏၊ အကြောင်းအဘယ်သို့နည်းဟု လျင်စွာ သွား၍ မင်းကြီးအား လျှောက်၏၊ မင်းသည် ထိုခဏ၌လျှင် ရထားစီး၍ များစွာသော အခြွေအရံဖြင့် လာလတ်၍ ဘုရားလောင်းကို မြင်လတ်သော် ကောင်းမြတ်သော သမင်မင်း အကျွန်ုပ်သည် အသင့်အား ဘေးမဲ့ကို ပေးသည် မဟုတ်တုံလော၊ အဘယ့်ကြောင့် သမင်မင်းသည် ဤစဉ်းတီတုံး၌ အိပ်ဘိသနည်းဟု ဆို၏၊ မြတ်သောမင်းကြီး ကိုယ်ဝန်ရှိသော သမင်မသည် လာ၍ အကျွန်ုပ်၏ အလှည့်ကို တစ်ပါးသော သမင်အား ရောက်ပါစေဟု ဆို၏။

အကျွန်ုပ်သည် တစ်ယောက်သောသူ၏ သေခြင်းဆင်းရဲခြင်းကို တစ်ယောက်သောသူ၏ အထက်၌ တင်ခြင်းငှါ မတတ်ကောင်း၊ ထိုအကျွန်ုပ်သည် ကိုယ့်အသက်ကို ကိုယ်ဝန်ရှိသော သမင်မအား ပေး၍ ကိုယ်ဝန်ရှိသော သမင်မငယ်၏ အနီးသို့ ရောက်သော သေခြင်းကိုယူ၍ ဤစဉ်းတီတုံး၌ အိပ်၏၊ မြတ်သောမင်းကြီး အရှင်တို့သည် ဤစိုးရိမ်ခြင်းကို မနှလုံးမူ၍ ဤစိစစ်ခုကို မနှောင့်ရှား လင့်ကုန်ဟု ဆို၏။

မင်းကြီးသည် အရှင်ရွှေသမင်မင်း အကျွန်ုပ်သည် သမင်မင်းကဲ့သို့ သဘောရှိသောခန္တီမေတ္တာ ကရုဏာနှင့် ပြည့်သောသူကို လူတို့တွင်လည်း မမြင်စဖူး၊ ထိုကြောင့် သမင်မင်းအား အကျွန်ုပ်ကြည်ညို၏။ သမင်မင်းအားလည်းကောင်း ကိုယ်ဝန်ရှိသော သမင်မအားလည်းကောင်း ဘေးမဲ့ကို ပေး၏ဟု ဆို၏၊ မြတ်သော မင်းကြီး နှစ်ခုသော သမင်တို့သည် ဘေးမဲ့ကို ရအပ်ပြီးသည် ရှိသော် ကြွင်းသော သမင်တို့သည် အသို့ပြုရအံ့နည်းဟု ဆို၏၊ အရှင် ရွှေသမင်မင်း ကြွင်းသော သမင်တို့အားလည်း ဘေးမဲ့ကို အကျွန်ုပ်ပေးပါ၏ဟု မင်းကြီး ဆို၏၊ မြတ်သောမင်းကြီး ဤသို့ပေးသော်လည်း ဥယျာဉ်၌ သမင်တို့သည် သာလျှင် ဘေးမဲ့ကိုရကုန်လတ္တံ့၊ ကြွင်းသောသမင်တို့သည် အသို့ပြုရအံ့နည်းဟု ဘုရားလောင်းဆို၏၊ အရှင်သမင်မင်း ထိုသမင်တို့အားလည်း ဘေးမဲ့ကို အကျွန်ုပ်ပေး၏ဟု ဆို၏၊ မြတ်သောမင်းကြီး ရွှေးဦးစွာ သမင်တို့သည် ဘေးမဲ့ကို ရကုန်၏၊ ကြွင်းကုန်သော အခြေလေးချောင်းရှိကုန်သော သားတို့သည် အသို့ပြုကုန်အံ့နည်းဟု ဘုရားလောင်းဆို၏၊ အရှင်သမင်မင်း ထိုကြွင်းသော အခြေလေးချောင်းရှိကုန်သော သားတို့အားလည်း ဘေးမဲ့ကို အကျွန်ုပ်ပေး၏ဟု မင်းကြီးဆို၏၊ မြတ်သောမင်းကြီး ရွှေးဦးစွာ အခြေလေးချောင်း ရှိကုန်သော သားတို့သည် ဘေးမဲ့ကိုရကုန်၏၊ ငှက်အပေါင်းတို့သည် အသို့ပြုရအံ့နည်းဟု ဘုရားလောင်းဆို၏၊ အရှင် ရွှေသမင်မင်း ထိုငှက်တို့အားလည်း ဘေးမဲ့ကို အကျွန်ုပ်ပေး၏ဟု မင်းကြီးဆို၏၊ မြတ်သောမင်းကြီး ရွှေးဦးစွာ ငှက်တို့အား ဘေးမဲ့ကိုရကုန်၏၊ ရေ၌နေကုန်သော ငါး လိပ်တို့သည် အသို့ပြုကုန်အံ့နည်းဟု ဘုရားလောင်းဆို၏။ အရှင်ရွှေသမင်မင်းကို ထိုငါးလိပ်တို့အားဘေးမဲ့ကို အကျွန်ုပ်ပေး၏ဟု မင်းကြီးဆို၏။

ဤသို့ ဘုရားအလောင်းသည် မင်းကို ခပ်သိမ်းကုန်သော သတ္တဝါတို့အား ဘေးမဲ့ပေးခြင်းကို တောင်းပြီးလျှင် ထ၍ ငါးပါးကုန်သော သီလတို့၌ မင်းကို တည်စေ၍ မြတ်သောမင်းကြီး အရှင်မင်းကြီးသည် တရားကိုကျင့်လော့၊ အမိ အဘ သား သမီး ရဟန်း ပုဏ္ဏား နိဂုံးဇနပုဒ်နေ ဖြစ်ကုန်သော အိမ်ရှင်တို့၌ တရားကိုကျင့်သည်ရှိသော် ခန္ဓာပျက်ခြင်းတည်းဟူသော စုတိ၏ နောက်၌ ကောင်းမှုကို ပြုသော သူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ လားရကုန်

လတ္တံ့ဟု မင်းအား ဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် တရားဟော၍ နှစ်ရက် သုံးရက်တို့ပတ်လုံး ဥယျာဉ်၌နေ၍ မင်းကြီးအား ဩဝါဒကို ပေးပြီးလျှင် သမင်အပေါင်း ခြံရံလျက် တောသို့ဝင်၍ ထိုကိုယ်ဝန်ရှိသော သမင်မသည်လည်း ပန်းအချက်နှင့်တူသော သားကို ဖွား၏။ ထိုသမင်ငယ်သည်ကား မြူးရွှင်လျက် သာခသမင်အထံသို့သွား၏၊ ထိုအခါ သားသမင်ငယ်ကို အမိသည် သာခသမင်အထံသို့ သွားလတ်သည်ကိုမြင်၍ ချစ်သား ယနေ့မှစ၍ သင်သည် သာခ သမင်အထံသို့ မသွားနှင့်၊ နိဂြောဓသမင်၏ အထံသို့ သွားလေလော့ဟု ဆုံးမလို၍ ဤဂါထာကိုဆို၏။

၁၂။ နိဂြောဓမေဝ သေဝေယျ၊ န သာခမုပသံဝသေ။
နိဂြောဓသ္မိံ မတံ သေယျော၊ ယဉ္စေ သာခသ္မိ ဇီဝိတံ။

ချစ်သား သမင်ငယ် နိဂြောဓသမင်မင်းကိုသာလျှင် ဆည်းကပ်လေလော၊ သာခသမင်ကို မဆည်းကပ်လင့်၊ နိဂြောဓသမင်ထံ၌ သေရခြင်းသည် မြတ်သေး၏၊ သာခ သမင်ထံ၌ အသက်ရှင်နေရခြင်းထက် နိဂြောဓသမင်ထံ၌ သေရခြင်းက မြတ်သေး၏။

ထိုအခါမှစ၍ကား ဘေးမဲ့ကိုရကုန်သော သမင်တို့သည်လူတို့၏ကောက်တို့ကို စားကုန်၏၊ လူတို့သည် ဤသမင်တို့ကားဘေးမဲ့ကိုရကုန်၏ ဟူ၍ သမင်တို့ကိုပစ်ခြင်းငှါလည်းကောင်း၊ခြောက်လှန့်ခြင်းငှါလည်းကောင်းမဝံ့ကုန်။ ထိုလူတို့သည် မင်းရင်ပြင်၌ စည်းဝေးကုန်လျက် မင်းအား ထိုအကြောင်းကို ကြားကုန်၏၊ မင်းသည်ကား ကြည်ညိုသဖြင့် နိဂြောဓသမင်မင်းအား ဘေးမဲ့ ဒါဖြင့်ကို ပေးအပ်၏။ ငါသည် မင်းအဖြစ်ကိုသော်၎င်းနှင့်အံ့၊ ထိုပဋိညာဉ်ကို မဖျက်၊ ငါ့နိုင်ငံ၌ တစ်စုံတစ်ယောက်သော သူသည် သမင်တို့ကို မပစ်မခတ်ရဟူ၍ ဆို၏၊ နိဂြောဓသမင်မင်းသည် ထိုသတင်းစကားကို ကြားလတ်သော် သမင် အပေါင်း တို့ကို စည်းဝေးစေ၍ သင်တို့သည် ယနေ့မှစ၍သူတစ်ပါးတို့၏ ကောက်ကို မစားကြကုန်လင့်ဟု သမင်တို့ကိုဆုံးမ၍ လူတို့အား ယနေ့မှစ၍ ကောက်လုပ်ကုန်သော သူတို့သည် ကောက်ကို စောင့်ရှောက်ခြင်းငှါ စည်းစောင်ရန်းကို မလုပ်စေသတည်း၊ လယ်ကို ကာရံ၍ သစ်ရွက်အမှတ်ကို ဖွဲ့စေကုန်သတည်းဟု အကြောင်းကိုကြား၏။ ထိုအခါမှစ၍ လယ်တို့၌ သစ်ရွက်ဖွဲ့သော အမှတ်သည် ဖြစ်သတတ်၊ ထိုအခါမှစ၍ သစ်ရွက်အမှတ်ကို လွန်စေသော သမင်မည်သည် မရှိ၊ ဤသစ်ရွက်အမှတ်ကို မလွန်ခြင်းသည် တင်မူကား ထိုသမင်တို့အား ဘုရားလောင်းမှရသော ဩဝါဒဖြစ်သတတ်၊ ဘုရားလောင်းသည် ဤသို့ သမင်အပေါင်းကို ဆုံးမပြီး၍ အသက်အပိုင်းအခြား ကာလပတ်လုံးတည်၍ သမင်တို့နှင့်တကွ ကံအားလျော်စွာ

လား၏၊ မင်းသည်လည်း ဘုရားလောင်း၏ အဆုံးအမဥ္စတည်သဖြင့် ကောင်းမှုတို့ကိုပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်းတို့ ငါကား ယခုသာလျှင် ကုမာရကဿပ၏ အမိဖြစ်သော ရဟန်းမိန်းမ၏လည်းကောင်း ကုမာရကဿပ၏လည်းကောင်း ကိုးကွယ်ရာ ဖြစ်တော်မူသည် မဟုတ်သေး၊ ရှေး၌လည်း ကိုးကွယ်ရာ ဖြစ်ဖူးသည်သာလျှင်တည်းဟု ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာလေးပါးကို ဟောတော်မူ၍ ဝတ္ထုနှစ်ပါးတို့ကိုပြလျက် အနုသန္ဓေကိုစပ်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ သာခသမင် ဖြစ်ဖူးပြီ၊ ယခုအခါ ဒေဝဒတ်၏ ပရိသတ်တို့သည် ထိုအခါ သာခသမင်၏ အခြံအရံဖြစ်ဖူးပြီ၊ ယခုအခါ မထေရ်မသည် ထိုအခါ သားငယ်အမိ သမင်မ ဖြစ်ဖူးပြီ၊ ယခုအခါ ကုမာရကဿပသည် ထိုအခါ သမင်မသား ဖြစ်လေပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးလေပြီ၊ ယခုအခါ ငါဘုရားသည် ထိုအခါ နိဂြောဓသမင် ဖြစ်ဖူးလေပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ဆယ့်နှစ်ခု မြောက်သော နိဂြောဓဇာတ်သည် ပြီး၏။

---

၁၃-ကဏ္ဍိဇာတ်

မိန်းမအုပ်စိုးသည့်မြို့ရွာ ရှက်ဖွယ်ရာ

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် ဓိရတ္ထု ကဏ္ဍိနံ သလ္လံ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကဏ္ဍိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မယားဟောင်းသည် ဖြားယောင်းအပ်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုမယားဟောင်း၏ ဖြားယောင်းခြင်းသည်ကား အဋ္ဌကနိပါတ်ဣန္ဒြိယဇာတ်၌ ထင်စွာဖြစ်လတ္တံ့။

မြတ်စွာဘုရားသည်ကား ရဟန်း သင်သည် ရှေး၌လည်း ထိုမိန်းမကိုမှီ၍ အသက်ကုန်ခြင်းသို့ ရောက်လေ၍ မီးကျီးစု၌ ကျက်ဖူးလေပြီဟု ထိုရဟန်းကို မိန့်တော်မူ၏၊ ရဟန်းတို့သည် ထိုအကြောင်းကို ထင်စွာပြစိမ့်သောငှါ မြတ်စွာဘုရားကို တောင်းပန်ကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ဘဝတစ်ပါးဖြင့် ဖုံးလွှမ်းသောအကြောင်းကို ထင်စွာပြတော်မူ၏။

ဤဇာတ်မှ နောက်၌ကား ရဟန်းတို့၏ တောင်းပန်ခြင်းကိုလည်းကောင်း၊ ဘဝတစ်ပါး ဖုံးလွှမ်းသည်၏ အဖြစ်ကိုလည်းကောင်း မဆိုမူ၍ အတီတံ အာဟရိ မျှကိုသာလျှင် ဆိုပေကုန်အံ့၊ ဤမျှကိုသာလျှင် ဆိုငြားသော်လည်း ရဟန်းတို့၏ တောင်းပန်ခြင်းကိုလည်းကောင်း၊ တိမ်တိုက်တွင်းမှ လမင်းကို ထုတ်ဆောင်သော ဥပမာကိုလည်းကောင်း၊ ဘဝတစ်ပါး ဖုံးလွှမ်းသော အကြောင်း၏ အဖြစ်ကိုလည်းကောင်း ဤအလုံးစုံကို ရှေးဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် ယူ၍ သိအပ်၏။

## အတီတဝတ္ထု

လွန်လေပြီးသောအခါ မဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ မဂဓမင်းသည် မင်းပြု၏။ မဂဓပြည်သူတို့၏ ကောက်မှည့်သောအခါ သမင်တို့အား ကြီးစွာသော ဘေးသည် ဖြစ်၏။ ထိုသမင်တို့သည် တောင်ခြေရင်း၌ နေကုန်၏၊ ထိုသမင်တို့တွင် တောင်ခြေရင်း၌ နေသော တစ်ခုသော သမင်သည် ရပ်စွန်ရွာနား၌ နေသော သမင်မငယ် တစ်ခုနှင့် မိတ်ဖွဲ့ခြင်းကိုပြု၍ ထိုသမင်တို့၏ တောင်ခြေရင်းမှ သက်လတ်၍ တစ်ဖန် ရွာ၏အနီးသို့ သက်သောကာလ၌ သမင်မငယ်၌ တပ်စွန်းခြင်း စိတ်ရှိသည်၏ အဖြစ်ကြောင့် တောတောင်သို့ မပြန်မူ၍ ထိုရွာနီးနေ သမင်တို့နှင့် အတူတကွ သာလျှင် ရွာ၏အနီးသို့ လိုက်၏။ ထိုအခါ သမင်မငယ်သည် အရှင် သင်ကား တောတောင်နေ သမင်ဖြစ်၏။ ရွာနီး အရပ်မည်သည်လည်း ရှုံရှာဖွယ်ရှိ၏။ ဘေးဘျမ်းရှိ၏။ ငါတို့နှင့်အတူ ရွာနီးအရပ်သို့ မလိုက်လင့်ဟု ဆို၏။

ထိုသမင်သည် အဆွေခင်ပွန်း သမင်မ၌ ကြိုက်နှစ်သက်သော စိတ်ရှိသည်၏ အဖြစ်ကြောင့် မပြန်မူ၍ အတူတကွသာလျှင် လိုက်၏။ မဂဓတိုင်းသားတို့သည် ယခုအခါ သမင်တို့၏ တောင်မှ ဆင်းလာသော အခါတည်းဟု သိကုန်၍ ခရီးအနီးအပါး ဖုံးလွှမ်းအပ်သော အုံတို့၌ နေကုန်၍ ထိုသမင်နှစ်ခုတို့၏ လာသောလမ်း၌ တစ်ယောက်သော မုဆိုးသည် ဖုံးလွှမ်းအပ်သော အုံ၌နေ၏။ သမင်မငယ်သည် လူနံ့နံ၍ တစ်ယောက်သော မုဆိုးစောင့်သည် ဖြစ်လတ္တံ့ဟု ထိုသမင်မိုက်ကို ရှေ့ကသွားစေ၍ မိမိကား နောက်ကလိုက်၏။ မုဆိုးသည် မြားတစ်ချက်ပစ်သဖြင့်လျှင် သမင်ကို ထိုအရပ်၌ လဲစေ၏။ သမင်မငယ်သည် သမင်မိုက်အား မြားမှန်သည်၏ အဖြစ်ကိုသိ၍ ခုန်လွှားလျက် လေကဲ့သို့ မြန်သော အဟုန်ဖြင့် ပြေးလေ၏။ မုဆိုးသည် အုံမှထွက်၍ သမင်ကို ဖျက်ယူပြီးလျှင် မီးထည့်၍ မီးကျီးတို့၌ ကောင်းသောအသားကို ကင်လျက် စားပြီးသော် ရေသောက်၍ ကြွင်းသော အသားတို့ကို ယိုစီးကုန်သော သွေးပေါက်တို့ဖြင့် ထမ်းယူ၍ သားမယားတို့ကို ကျွေးမွေးလိုရကား အိမ်သို့သွား၏။

ထိုအခါ ဘုရားလောင်းသည် ထိုတောအုပ်၌ ရုက္ခစိုးနတ်ဖြစ်၍ ရုက္ခစိုးနတ်သည် ထိုအကြောင်းကို မြင်၍ ဤသမင်မိုက်၏ သေခြင်းသည် အမိကို အမှီပြု၍မဖြစ် အဖကို အမှီပြု၍လည်း မဖြစ်၊ စင်စစ်အမှန်ကား ကာမကို အမှီပြု၍ သေခြင်းသည် ဖြစ်၏၊ ထိုစကားသည် မှန်၏။ သတ္တဝါတို့သည် ကာမဂုဏ်ကြောင့် သုဂတိ၌ လက်ဖြတ်ခြင်း အစရှိသော ဆင်းရဲသို့လည်းကောင်း၊ ဒုဂ္ဂတိ၌ ငါးပါးအပြားရှိသော နှောင်ဖွဲ့ခြင်း အစရှိသည်ဖြင့် အထူးထူး အပြားပြားများစွာသော ဆင်းရဲခြင်းသို့ လည်းကောင်း ရောက်ကုန်၏။ သူတစ်ပါးတို့အား သေခြင်းဆင်းရဲကို ဖြစ်စေခြင်း မည်သည်ကိုလည်း ဤလောက၌ ကဲ့ရဲ့အပ်သလျှင်ကတည်း။

အကြင် ဇနပုဒ်ကို မိန်းမသည် စီရင်သုံးမ၏။ မိန်းမအကြီးမှုသော ထိုဇနပုဒ်ကိုလည်း ကဲ့ရဲ့အပ်သလျှင်ကတည်း၊ အကြင်သတ္တဝါတို့သည် မိန်းမ၏အလိုသို့ လိုက်ကုန်၏။ ထိုသူတို့ကိုလည်း ကဲ့ရဲ့အပ်သည် သာလျှင်ကတည်းဟု ဂါထာဖြင့် သုံးပါးသော ဂရဟဝတ္ထုတို့ကို ပြ၍ တောစောင့်နတ်တို့သည် ကောင်းချီးပေးကုန်လျက် နံ့သာပန်း အစရှိသည်တို့ဖြင့် ပူဇော်အပ်ကုန်သည်ရှိသော် ထိုတောအုပ်ကို ပဲ့တင်ထပ်စေ၍ ဤဂါထာဖြင့် တရားဟော၏။

၁၃။ ဓိရတ္ထု ကဏ္ဍိနံ သလ္လံ၊ ပုရိသံ ဂါဠဝေဓိနံ။
ဓိရတ္ထု တံဇနပဒံ၊ ယတ္ထိတ္ထီ ပရိဏာယိကာ။
တေ စာပိ ဓိက္ကိတာ သတ္တာ၊ ယေ ဣတ္ထီနံ ဝသံ ဂတာ။

ပြင်းထန်စွာ ထွင်းဖောက်ပစ်ခတ်ခံရ၍ မြားစူးသော ယောကျ်ားကို ကဲ့ရဲ့အပ်၏။ မိန်းမအုပ်စိုးသော မြို့ရွာ, ဇနပုဒ်ကို ကဲ့ရဲ့ ရှုတ်ချအပ်၏၊ မိန်းမအလိုသို့ လိုက်ပါကုန်သော သတ္တဝါတို့ကိုလည်း ကဲ့ရဲ့ရှုတ်ချအပ်ကုန်၏။

ဤသို့ ဘုရားလောင်းသည် တင်ဂါထာဖြင့် သုံးပါးကုန်သော ဂရဟဝတ္ထုတို့ကို ပြ၍ တောကို ပဲ့တင်ထပ်စေလျက် ဘုရားကဲ့သို့ တင့်တယ်ခြင်းဖြင့် တရားကို ပြလေ၏၊ သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်၍ သစ္စာတို့ကို ပြသည်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် နှစ်ပါးသော ဝတ္ထုတို့ကို ဟောတော်မူ၍ အနုသန္ဓေကို စပ်တော်မူ၍ ယခုအခါ ငြီးငွေ့သော ရဟန်းသည် ထိုအခါ တောင်၌ နေသော သမင်ဖြစ်လေပြီ။ ယခုအခါ ငြီးငွေ့သော ရဟန်း၏ မယားဟောင်း

သည် ထိုအခါ သမင်မငယ် ဖြစ်လေပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ကာမဂုဏ်၌ အပြစ်ကို ပြ၍ တရားဟောတတ်သော ရုက္ခစိုးနတ် ဖြစ်လေပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ဆယ့်သုံးခုမြောက်သော ကဏ္ဍိဇာတ်သည် ပြီး၏။

---

## ၁၄-ဂါတမိဂဇာတ်

### ရသ တဏှာကို အစွဲပြု၍ ရဟန်းဘာဝမှ လျှောကျခြင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် န ကိရတ္ထိ ရသေဟိ ပါပိယော အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဂါတမိဂ ဇာတ်ကို သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် စူဠပိဏ္ဍပါတိကတိဿမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

သဗ္ဗညုမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ များစွာသော စည်းစိမ်ရှိသော သူဌေး၏ သားဖြစ်သော တိဿသူငယ်သည် တစ်နေ့သ၌ ဝေဠုဝန်ကျောင်းတော်သို့ သွား၍ ဘုရားတရားတော်ကို နာရလတ်သော် ရဟန်းပြုလိုရကား ရဟန်းအဖြစ်ကို တောင်းပန်၍ မိဘတို့သည် ခွင့်မပြုအပ်သည်၏ အဖြစ်ကြောင့် ဘုရားပယ်တော်မူ အပ်သည် ရှိသော် ရဋ္ဌပါလမထေရ်ကဲ့သို့ ခုနစ်ရက် အာဟာရကိုဖြတ်သဖြင့် မိဘတို့ကို ခွင့်ပြုစေ၍ ဘုရားအထံ၌ ရဟန်းအဖြစ်ကို တောင်းပန်၏။ မြတ်စွာဘုရားသည် တိဿသူဌေးသားကို ရဟန်းပြု၍ လခွဲခန့်လုံး ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူ၍ ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူ၏။ ဇေတဝန်ကျောင်းတော်၌ အမျိုးသားသည် ဓုတင် တစ်ဆယ့်သုံးပါးကို ဆောက်တည်၍ သာဝတ္ထိပြည်၌ အိမ်စဉ်အတိုင်း ဆွမ်းခံသွားလျက် ကာလကိုလွန်စေ၏။ ထို တိဿ မထေရ်အား စူဠပိဏ္ဍပါတိက တိဿမထေရ်ဟု ကောင်းကင်ပြင်၌ လပြည့်ဝန်းကဲ့သို့ ဘုရားသာသနာတော်၌ ကျော်စောထင်ရှား၏။ ထိုရာဇဂြိုဟ်ပြည်၌ နက္ခတ်သဘင်ပွဲသဘင်သည် ဖြစ်လတ်သော် တိဿမထေရ်၏ မိဘတို့သည် အကြင် ဝတ်စားတန်ဆာကို တိဿမထေရ်သည်လူဖြစ်စဉ်ကာလ ဝတ်စားဆင်ယင်အပ်၏။ ထိုဝတ်စားတန်ဆာကို ရတနာပန်းတောင်း၌ ထည့်၍ ရင်၌ထား၍ တစ်ပါး ကုန်သော နက္ခတ်သဘင်တို့၌ ငါ့သားသည် ဝတ်စားတန်ဆာဖြင့် ဆင်ယင်

လျက် ပွဲသဘင်ကစား၏။ ထိုတစ်ယောက်တည်းသော ငါတို့သားကို ရဟန်းဂေါတမယူ၍ သာဝတ္ထိပြည်သို့သွား၏။ ထိုငါတို့သားသည် ယခုအခါ အဘယ်၌ နေထိုင်လိမ့်မည်နည်း အဘယ်၌ ရလိမ့်နည်းဟုဆို၍ ငိုကြွေးမြည်တမ်းကုန်၏။

ထိုအခါ တစ်ယောက်သော ပြည့်တန်ဆာမသည် ထိုအိမ်သို့သွား၍ ငိုကြွေးမြည်တမ်းသော သူဌေးမကို မြင်လတ်သော် ရှင်မ အဘယ့်ကြောင့်ငိုသနည်းဟု မေး၏။ သူဌေးမသည် ထိုအကြောင်းကို ကြား၏။ ရှင်မ အရှင့်သားသည် အဘယ်ကို ကြိုက်တတ်သနည်းဟု မေး၏။ ဤမည်သော ဤမည်သော အစာအာဟာရကို ကြိုက်တတ်၏ ဟု သူဌေးမဆို၏။ ရှင်မ ဤအိမ်၌ အလုံးစုံသော ဥစ္စာကို ကျွန်ုပ်အား အရှင်တို့သည် ပေးကုန်ငြားအံ့။ အရှင့်သားကို အကျွန်ုပ် ဆောင်ချေအံ့ဟု ပြည့်တန်ဆာမကဆို၏။ ကောင်းပြီဟု ဝန်ခံ၍ ရိက္ခာပေး၍ သူဌေးမသည် များစွာသော အခြံအရံဖြင့် ပြည့်တန်ဆာမကို ရှင်မ သွားပါချေ၊ ရှင်မ အစွမ်းဖြင့် ငါ့သားကို ဆောင်ပါချေဟု စေလိုက်၏။ ပြည့်တန်ဆာမသည် လှည်းပေါင်းချုပ် စီးလျက် သာဝတ္ထိပြည်သို့ သွား၍ မထေရ်၏ ဆွမ်းခံလမ်း၌ နေရာအိမ်ကိုယူ၍ သူဌေးအိမ်မှလာကုန်သောသူတို့ကို မထေရ်အား မမြင်စေဘဲ မိမိအခြံအရံဖြင့်သာ ခြံရံစေလျက် ဆွမ်းခံဝင်သော မထေရ်အား လက်ဦးစွာတစ်ပင်းချိသော ယာဂုကိုလည်းကောင်း၊ အရသာနှင့်ပြည့်စုံသော ဆွမ်းကိုလည်းကောင်း ရသတဏှာဖြင့် နှောင်ဖွဲ့၍ အစဉ်သဖြင့် အိမ်၌နေစေလျက် ဆွမ်းကို လှူလတ်သော် မိမိအလိုသို့ လိုက်သည်၏ အဖြစ်ကို သိ၍ နာဟန်ပြုလျက် အိမ်တွင်း၌ အိပ်၏။ မထေရ်သည်လည်း ဆွမ်းခံသော အခါ အိမ်စဉ်အတိုင်း ဆွမ်းခံလျက် ထိုအိမ်တံခါးဝသို့ ရောက်၏။ ပြည့်တန်ဆာမ၏ အလုပ်အကျွေးဖြစ်သော သူသည် မထေရ်၏ သပိတ်ကိုယူ၍ မထေရ်ကို အိမ်၌ နေစေ၏။ မထေရ်သည် သီတင်းသည်မကား အဘယ်မှာနည်းဟု မေး၏။ အရှင်ဘုရားသီတင်းသည်မသည် မကျန်းမမာ နာသည်ဖြစ်၍ အရှင်ဘုရားတို့ကို ဖူးမြင်လိုပါသတည်းဟု လျှောက်၏။ မထေရ်သည် ရသတဏှာဖြင့် ဖွဲ့အပ်သည်ဖြစ်၍ မိမိဆောက်တည်သော ဝတ်ကိုဖျက်၍ ပြည့်တန်ဆာမ အိပ်ရာအရပ်သို့ ဝင်လေ၏။ ပြည်ဘန်ဆာမသည် မိမိလာသော အကြောင်းကို ပြောဆို၍ မထေရ်အား ဖြားယောင်း၍ ရသတဏှာဖြင့် နှောင်ဖွဲ့လျက် လူထွက်စေ၍ မိမိအလိုသို့ လိုက်စေလျက် များစွာသော အခြွေအရံဖြင့် ရာဇဂြိုဟ်ပြည်သို့သာလျှင် သွား၏။ ထိုအကြောင်းသည် ထင်ရှားစွာဖြစ်၏။

ရဟန်းတို့သည် တရားသဘင် စည်းဝေးကုန်လျက် စူဠပိဏ္ဍပါတိက တိဿမထေရ်ကို တစ်ယောက်သော ပြည့်တန်ဆာမသည် ရသတဏှာဖြင့် နှောင်ဖွဲ့လျက် ယူ၍သွားသတတ်ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည်

တရားသဘင်သို့ ကြွတော်မူ၍ တန်ဆာဆင်အပ်သော တရားဟောပလ္လင်၌ နေတော်မူ၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူ၏။ ရဟန်းတို့သည် ထိုအကြောင်းကို ကြားလျှောက်ကုန်၏။ ရဟန်းတို့ ယခုဘဝ၌သာလျှင် ထိုရဟန်းသည် ရသတဏှာဖြင့် နှောင်ဖွဲ့အပ်သည် ဖြစ်၍ ထိုပြည့်တန်ဆာမ၏ အလိုသို့ လိုက်သည် မဟုတ်သေး၊ ရှေး၌လည်း ထိုပြည့်တန်ဆာမ၏ အလိုသို့ လိုက်ဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် သဉ္စယမည်သော ဥယျာဉ်စောင့်သည် ရှိ၏။ ထိုအခါ တစ်ခုသော ဝါတမိဂ (သမင်ပျံ) သည် ထိုဥယျာဉ်သို့ လာလတ်၍ သဉ္စယကို မြင်လတ်သော် ပြေး၏။ သဉ္စယသည်လည်း ဝါတမိဂ လာသည်ကို ခြိမ်းခြောက်၍ မနှင်၊ ဝါတမိဂသည် အကြိမ်ကြိမ်လာ၍ ဥယျာဉ်၌သျှင် ကျက်စား၏။ ဥယျာဉ်စောင့်သည် ဥယျာဉ်မှ အထူးထူးအပြားပြား များကုန်သော ပန်းသစ်သီးတို့ကိုယူ၍ နေ့တိုင်း နေ့တိုင်း မင်းအားဆက်၏။ ထိုအခါ တစ်နေ့သ၌ ဥယျာဉ်စောင့်ကို အချင်းဥယျာဉ်စောင့် ဥယျာဉ်၌ တစ်စုံတစ်ခုသော အံ့ဖွယ်သရဲကို မြင်ရသလောဟု မင်းသည် မေး၏။ အရှင်မင်းကြီး တစ်ပါးကိုကား မမြင်ရ၊ ဝါတမိဂတစ်ခုသည်တစ်မူကား လာလတ်၍ ကျက်စားသည်ကို မြင်ရ၏ဟု ဥယျာဉ်စောင့်သည် လျှောက်၏။ ထိုဝါတမိဂကို သင်ဖမ်းနိုင်အံ့လောဟု မေး၏။ အရှင်မင်းကြီး အတန်ငယ်သော ပျားကို ရမူကား နန်းတော်တွင်းသို့ သွင်းနိုင်ပါ၏ဟု လျှောက်၏။ မင်းသည် ဥယျာဉ်စောင့်အား ပျားကို ပေးစေ၏။ ဥယျာဉ်စောင့်သည် ပျားကိုယူ၍ ဥယျာဉ်သို့ ရောက်လျှင် ဝါတမိဂ၏ ကျက်စားရာအရပ်၌ မြက်တို့ကို ပျားဖြင့်လူး၍ ပုန်းအောင်းလျက် နေ၏၊ သမင်သည် လာလတ်၍ပျားလူးမြက်တို့ကို စားရသော် ရသတဏှာဖြင့် နှောင်ဖွဲ့အပ်ရကား အရပ်တစ်ပါးသို့ မသွားမူ၍ ဥယျာဉ်သို့သာလျှင် လာ၏။ ဥယျာဉ်စောင့်သည် သမင်၏ ပျားလူးမြက်၌ တပ်မက်သော အဖြစ်ကိုသိ၍ အစဉ်သဖြင့် မိမိကိုယ်ကို ပြ၏။ သမင်သည် ဥယျာဉ်စောင့်ကို မြင်လျှင် နှစ်ကြိမ် သုံးကြိမ် ပြေးလျက် အဖန်တလဲလဲ မြင်ရလတ်သော် အကျွမ်းဝင်ခြင်းသို့ ရောက်၍ အစဉ်သဖြင့် ဥယျာဉ်စောင့်၏ လက်၌ တင်ထားအပ်ကုန်သော မြက်တို့ကို စား၏။ ဥယျာဉ်စောင့်သည် ထိုသမင်၏ အကျွမ်းဝင်ခြင်းသို့ ရောက်သော အဖြစ်ကိုသိ၍ မင်းအိမ်တိုင်အောင် ခရီးကို ဖျာတို့ဖြင့် ကာစေ၍ ထိုထိုအရပ်၌ သစ်ခက်ကိုချိုး၍ ချစေလျက် ပျားဗူးကို ပခုံး၌လွယ်၍ မြက်စည်းတို့ကို လက်ကတီး၌ ထား၍

ပျားလူးမြက်တို့ကို သမင်၏ ရှေ့မှ ကြဲလျက် မင်းအိမ်တွင်းသို့သျှင် ရောက်၏။ သမင်သည် အိမ်တွင်းသို့ ဝင်ပြီးသော် တံခါးကို ပိတ်ကုန်၏။ သမင်သည် လူတို့ကို မြင်၍ တုန်လှုပ်လျက် သေဘေးမှကြောက်၍ နန်းတွင်း မင်းရင်ပြင်၌ ထိုမှဤမှ ပြေး၏၊ မင်းသည် ပြာသာဒ်မှ ဆင်းသက်၍ တုန်လှုပ်သော ထိုသမင်ကို မြင်လတ်သော် ဝါတမိဂသမင်သည်ကား လူတို့ကို မြင်ရာအရပ်သို့ နှစ်ရက်မလာ ထိတ်လန့်ရာ အရပ်သို့ တစ်သက်ပတ်လုံး မလာသည်ဖြစ်၏။ ဤသို့ သဘော ရှိသော တောကိုမှီသော ဝါတမိဂသမင်သည် ရသတဏှာသည် နှောင်ဖွဲ့အပ်သည် ဖြစ်၍ ယခုအခါ သို့စဉ်သဘောရှိသော ဤအရပ်သို့ ရောက်လာ၏၊ အချင်းတို့ လောက၌ ရသတဏှာအောက် အထူးသဖြင့် ယုတ်မာသော သဘောမည်သည် မရှိသကားဟု နှလုံးသွင်း၍ ဤဂါထာဖြင့် တရားဟော၏—

၁၄။ နာဟိရတ္ထိရသေဟိ ပါပိယော အာဝါသေဟိ ဝါ သန္ထဝေဟိ ဝါ
ဝါတမိဂံ ဂဟနနိဿိတံ၊ ဝသမာနေသိ ရသေဟိ သဉ္စယော၊

ဤလောက၌ ရသတဏှာအောက် ယုတ်မာသော သဘောသည် မရှိသတတ်၊ နေရာ၌ တပ်မက်မှု၊ မိတ်ဆွေ၌ ခင်တွယ်မှုတို့အောက် ပို၍ယုတ်မာသတတ်၊ တောခြုံကို အမှီပြုနေတတ်သော ဝါတမိဂသမင်ပျိုကို သဉ္စယအမည်ရှိသော ဥယျာဉ်စောင့်သည် ရသတဏှာဖြင့် မိမိအလိုသို့ ဆောင်ခဲ့ပြီ။

ဤသို့ မင်းသည် ရသတဏှာ၏ အပြစ်ကို ဟော၏။ ဟောပြီး၍ကား ထိုသမင်ကို တောသို့သျှင် ပို့စေ၏။

## ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်းတို့ ထိုပြည့်တန်ဆာမကား ယခုဘဝ၌ သာလျှင် တိဿကို ရသတဏှာဖြင့် နှောင်ဖွဲ့၍ မိမိအလိုသို့ လိုက်စေသည် မဟုတ်သေး၊ ရှေးဘဝ၌လည်း လိုက်စေဖူးသည် သာလျှင်တည်းဟု ဓမ္မဒေသနာကို ဆောင်၍ အနုသန္ဓေကိုစပ်၍ ယခုအခါ ပြည့်တန်ဆာမသည် ထိုအခါ သဉ္စယ မည်သော ဥယျာဉ်စောင့် ဖြစ်ဖူးပြီ၊ ယခုအခါ စူဠပိဏ္ဍပါတိက မထေရ်သည် ထိုအခါ ဝါတမိဂသမင် ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ဆယ့်လေးခုမြောက်သော ဝါတမိဂဇာတ် သည် ပြီး၏။

## ၁၅-ခရာဒိယဇာတ်

### (ပညာရှိတို့၏ အဆုံးအမကို မခံသောကြောင့် အသက်ဆုံးခြင်း)

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လူကို ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အဋ္ဌကွ ရုံခရာဒိမယ– အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤခရာဒိယဇာတ်ကို ဆိုနိုင်ခက်သော မထင်ရှားသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုဆုံးမခက်သော ရဟန်းသည် ဆုံးမခြင်းကို မယူသတတ်၊ ထိုအခါ ထို ရဟန်းကို သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်း- သင်သည်ကား ဆုံးမခက်သော ဟူသည် ဆုံးမခြင်းကို မခံမယူတတ်ဟူသည် မှန်သလောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပါပေ၏ဟု နားတော်လျှောက်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်း သင်ကား ရှေး၌လည်း ဆုံးမခက်သည်၏ အဖြစ် ကြောင့် ပညာရှိတို့ ဆုံးမခြင်းကို မနာယူ၍ ကျော့ကွင်း၌ မိနေရကား အသက် ကုန်ခြင်းသို့ ရောက်ဖူးပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ် သော် ဘုရားလောင်းသည် သမင်ဖြစ်၍ သမင်အပေါင်းခြံရံလျက် တော၌ နေ၏။ ထိုအခါ ဘုရားလောင်း၏ နှမတော်သမင်မ သားကိုပြ၍ မောင်ကြီး ဤသမင်ကား မောင်ကြီးတူတည်း။ ဤတူသမင်ကိုလည်း မိဂမာယာကို မောင်ကြီး သင်ပါလောဟု အပ်၏။ ဘုရားလောင်းသည် ထိုသူကို ဤမည်သော အချိန်၌ လာ၍ မောင်သည် သင်လှည့်လောဟု ဆို၏။ ထိုသမင်သည် မှာသော အချိန်၌မလာ ထိုနေ့၌ကဲ့သို့ ခုနစ်ရက် ခုနစ်ကြိမ် ဘို ကို လွန်စေ၏။ ထိုသမင်သည် မိဂမာယာကို မသင်ဘဲလျက် ကျက်စားလတ်သော် ကျော့ကွင်း၌ မိ၏။ ထိုသမင်၏ အမိသည် မောင့်အထံသို့ ကပ်၍ ငါ့မောင်ကြီး တူကို မောင်ကြီး သည် မိဂမာယာကို သင်ပါစေ၏လောဟု မေး၏။ ဘုရာ လောင်းသည် သည်း ဆုံးမသည်ကို နားမထောင်သော သမင်အား သင်မစိုးရိမ်လင့်၊ သင့်သားသည် မိဂမာယာကို မသင်ဟုဆို၍ ယခုလည်း ထိုသမင်ကို မဆုံးမလိုသည်သာ ဖြစ်၍ ဤဂါထာကို ဆို၏။

၁၅။ အင္ဃက္ခရံ ခရာဒိယေ၊ မိဂံ ဝင်္ကာတိဝင်္ကိနံ။
သတ္တဟိ ကာလာတိက္ကန္တံ၊ န နံ ဩဝဒိတုဿဟေ။

ခရာဒိယအမည်ရှိသော နှမ ခွါရှစ်ခုရှိသော ဦးချိုအလွန်ကောက်သော သင်၏သားသည် ခုနစ်ရက် ခုနစ်ကြိမ်တိုင်တိုင် ဆုံးမမခံ အချိန်ကုန်ခဲ့ပြီ သင်၏သားကို ငါဆုံးမခြင်းငှါ မစွမ်းနိုင်။

ဤစကားဖြင့် သင့်သား သမင်ကို ဆုံးမခြင်းငှါ ငါ့အားစိတ်မျှလည်း မဖြစ်ဟူသော အနက်ကိုပြ၏။

ထိုအခါ၌ ကျော့ကွင်းမိသော ထိုဆုံးမခက်သော သမင်ကို မုဆိုးသတ်၍ အသားကို ယူ၍ သွားလေ၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်ဘုရားသည်လည်း ရဟန်း သင်ကား ယခုသာလျှင် ဆုံးမခက်သည် မဟုတ်သေး၊ ရှေး၌လည်း ဆုံးမခက်သည်သာလျှင်တည်းဟု ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ အနုသန္ဓေကိုစပ်၍ ယခုအခါ ဆုံးမခက်သော ရဟန်းသည် ထိုအခါ သမင်ဖြစ်ဖူးပြီ ယခုအခါ ဥပ္ပလဝဏ်သည် ထိုအခါ နှမဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ အဆုံးအမကို ပေးတတ်သော သမင်ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ဆယ့်ငါးခုမြောက်သော ခရာဒိယဇာတ်သည် ပြီး၏။

(ပညာရှိထံ နည်းမခံ ဂုဏ်မာန်တတင်းတင်း)

၁၆-တိပလ္လတ္ထမိဂဇာတ်

ဆိုဆုံးမလွယ်ခြင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "မိဂံတိပလ္လတ္ထ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤတိပလ္လတ္ထဇာတ်ကို ကောသမ္ဗီပြည် ဗဒရိကာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အကျင့်သိက္ခာပုဒ်ကို အလိုရှိသော ရာဟုလမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုစကားကိုချဲ့ဦးအံ့၊ တစ်ရံရောအခါ သဗ္ဗညုမြတ်စွာဘုရားသည် အာဠဝီပြည် အဂ္ဂါဠဝစေတီ၌ သီတင်းသုံးနေတော်မူသည် ရှိသော် များစွာကုန်သော သီတင်းသည်ယောကျ်ား၊ သီတင်းသည်မိန်းမ၊ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့သည် တရားနာအံ့သောငှါ ကျောင်းတော်သို့ လာကုန်၏၊ နေ့အခါ တရားနာခြင်းသည် ဖြစ်၏၊ ညကာလ ရောက်လတ်သည်ရှိသော်ကား သီတင်းသည်မိန်းမ ရဟန်းမိန်းမတို့သည် ပြန်သွားကုန်၏၊ ထိုအခါမှစ၍ ညဥ့်၌ တရားနာခြင်းသည် ဖြစ်၏၊ တရားနာသည်၏ အဆုံး၌ မထေရ်ဖြစ်ကုန်သော ရဟန်းတို့သည် မိမိတို့၏ နေရာသို့ သွားကုန်၏၊ ပဉ္စင်းငယ် သာမဏေတို့သည်ကား သီတင်းသည်တို့နှင့် တကွ အထူးဆည်းကပ်ရာ ဇရပ်၌ အိပ်ကုန်၏၊ ထိုပဉ္စင်းငယ် သာမဏေတို့သည် အိပ်ပျော်လတ်သော် အချို့သောသူတို့သည် ဃရုတ်ဃရက် မြည်သော ထွက်သက် ဝင်သက် ရှိကုန်သည်ဖြစ်၍ ကျီးသံကဲ့သို့ မြည်ကုန်သည်ဖြစ်၍ သွားတို့ကိုကြိတ်ကုန်လျက် အိပ်ကုန်၏၊ အချို့သောသူတို့သည် အတန်ငယ်အိပ်၍ ထကုန်၏၊ ထိုရဟန်းတို့၏ ဖောက်ပြန်သော အခြင်းအရာကို မြင်ကုန်၍ မြတ်စွာဘုရားအား လျှောက်ကုန်၏၊ ဘုန်းတော်ကြီးသော သဗ္ဗညုမြတ်စွာဘုရားသည် အကြင် ရဟန်းသည်ကား လူသာမဏေနှင့် တစ်မိုးဘစ်ရံတည်းသော ကျောင်းအိပ်ရာ နေရာ၌ အတူတကွ အိပ်ငြားအံ့၊ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏ဟု သိက္ခာပုဒ်ကို ပညတ်တော်မူပြီး၍ ကောသမ္ဗီပြည်သို့ ကြွတော်မူ၏။

ထိုကောသမ္ဗီပြည်၌ ရဟန်းတို့သည် အရှင်ရာဟုလာကို ငါ့ရှင် ရာဟုလာ မြတ်စွာဘုရားသည် သိက္ခာပုဒ်ကို ပညတ်တော်မူအပ်ပြီ၊ ယခု ငါ့ရှင် အိပ်ရာ နေရာကို ငါ့ရှင် သိလောဟု ဆိုကုန်၏။ ရှေး၌တမူကား ထိုရဟန်းတို့သည် မြတ်စွာဘုရား၌ ရိုသေသဖြင့် လည်းကောင်း, ထိုရှင်ရာဟုလာ၏ သိက္ခာပုဒ်ကို အလိုရှိသည်၏ အဖြစ်ကို စွဲ၍ လည်းကောင်း, မိမိနေရာအရပ်သို့ လာသော အရှင်ရာဟုလာကို အလွန်ချီးမြှောက်ကုန်၏။ ညောင်စောင်းငယ်ကို ခင်း၍ ခေါင်းအုံး စီမံ့သောငှါ သင်္ကန်းကို ပေးကြကုန်၏။ ထိုနေ့၌တမူကား သိက္ခာပုဒ်မှ ကြောက်ခြင်းကြောင့် နေရာအရပ်ကိုလည်း မပေးကုန်၊ ရာဟုလာ အရှင်မြတ်သည်လည်း ငါ၏ အဘဟူ၍ မြတ်စွာဘုရားအထံတော်သို့ လည်းကောင်း၊ ငါ၏ ဥပဇ္ဈာယ်ဟူ၍ အရှင်သာရိပုတ္တရာ အထံသို့ လည်းကောင်း၊ ငါ၏ သရဏဂုံဆရာဟူ၍ အရှင် မောဂ္ဂလာန် အထံသို့ လည်းကောင်း၊ ငါ၏ ဘထွေးဟူ၍ အရှင်အာနန္ဒာမထေရ်၏ အထံသို့ လည်းကောင်း၊ မသွားမူ၍ ဗြဟ္မာ့ဗိမာန်သို့ဝင်သော ဗြဟ္မာကဲ့သို့ ဘုရား သုံးဆောင်တော်မူသော ဝစ္စကုဋီတော်သို့ဝင်၍ အိပ်နေခြင်းကို ပြု၏၊ ထိုစကားသည် သင့်၏၊ မြတ်စွာဘုရားတို့၏ အသုံးအဆောင် ကုဋိသည် ကောင်းစွာ ပိတ်အပ်သော တံခါးရှိ၏။ နံ့သာအမွှေးအကြိုင်တို့ဖြင့် အပြေအပြစ် ပွတ်အပ်သော မြေရှိ၏။ နံ့သာပန်းဆိုင်းတို့ကို ထက်ဝန်းကျင် ဆွဲအပ်၏။ ခပ်သိမ်းသော

ညဉ့်ပတ်လုံး ထွန်းအပ်သော ဆီမီးရှိ၏။ ရာဟုလာအရှင်မြတ်သည် တမူကား ထိုဝစ္စကုဋိ၏ ဤသို့အပ်ပြီးသော ပြည့်စုံခြင်းကို စွဲ၍ ထိုဝစ္စကုဋိတော်၌ အိပ်နေခြင်းကို ပြုသည်မဟုတ် ရဟန်းတို့သည်ကား အိပ်ရာနေရာ အရပ်ကို **သိလေလော**ဟု ဆိုအပ်သည်၏ အဖြစ်ကြောင့် အဆုံးအမတော်၌ ရိုသေသဖြင့် သိက္ခာပုဒ်ကို အလိုရှိသည်၏ အဖြစ်ကြောင့် ထိုဝစ္စကုဋိတော်၌ အိပ်နေခြင်းကို ပြု၏။

**အကြား** အကြား၌လည်း ရဟန်းတို့သည် အဝေးမှလာလတ်သော အရှင်ရာဟုလာကို မြင်ကုန်၍ အရှင်ရာဟုလာကို စုံစမ်းအံ့သောငှါ တံမြက်ဆုပ် တံမြက်ချေးစွန့်သော တောင်းတို့ကို အပသို့ ပစ်ကုန်၍ အရှင်ရာဟုလာ ရောက်သည်ရှိသော် ငါ့ရှင်တို့ ဤတံမြက်ဆုပ် တံမြက်ချေး စွန့်အပ်သော တောင်းများကို အဘယ်သူသည် စွန့်ပစ်သနည်းဟု ဆိုကုန်၏။ အချို့သော ရဟန်းတို့သည် အရှင်ရာဟုလာသည် ဤခရီးဖြင့် သွားသတည်းဟု ဆိုကုန်လတ်သော် အရှင်ရာဟုလာသည်လည်း အရှင်ဘုရားတို့ အကျွန်ုပ်သည် ဤအမှုကို မသိပါ မဆိုမူ၍လျှင် တံမြက်ဆုပ် တံမြက်ချေး စွန့်သော တောင်းများကို သိမ်းဆည်း၍ အရှင်ဘုရားတို့ အကျွန်ုပ်အား သည်းခံတော်မူပါကုန်ဟု ကန်တော့၍ သွား၏။ ဤသို့လျှင် အရှင်ရာဟုလာ သိက္ခာပုဒ်ကို အလိုရှိ၏။ ထိုအရှင်ရာဟုလာသည် ဤသို့ သိက္ခာပုဒ်ကို အလိုရှိသည်၏ အဖြစ်ကိုသာလျှင် စွဲ၍ ထိုဝစ္စကုဋိတော်၌ အိပ်ခြင်းကို ပြု၏။

ထိုအခါ သဗ္ဗညူ မြတ်စွာဘုရားသည် အရုဏ်မတက်မီလျှင် ဝစ္စကုဋိတံခါး၌ ရပ်၍ ချောင်းဆိုး၏။ ရှင်ရာဟုလာသည်လည်း ချောင်းဆိုး၏၊ ဤသူကား အဘယ်နည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား အကျွန်ုပ် ရာဟုလာပါတည်းဟု ထွက်၍ ရှိခိုး၏။ ရာဟုလာ သင်သည် ဤ၌ အဘယ့်ကြောင့် အိပ်သနည်းဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား အိပ်ရာအရပ် မရှိသောကြောင့် အိပ်ရသည်ဖြစ်၏၊ ရှေး၌ ရဟန်းတို့သည် အကျွန်ုပ်အား ထောက်ပံ့ကုန်၏။ ယခုအခါ မိမိတို့၏ အာပတ်သင့်ခြင်းမှ ကြောက်ခြင်းကြောင့် အကျွန်ုပ်အား နေရာအရပ်ကို မပေးကုန် အကျွန်ုပ်သည် ဤအရပ်ကား သူတစ်ပါးတို့နှင့် မစပ်သော အရပ်တည်းဟု ဤအိမ်၌ အိပ်၏ဟု အရှင်ရာဟုလာသည် နားတော်လျှောက်၏။ ထိုအခါ မြတ်စွာဘုရားအား ရာဟုလာကို စဉ်လျက် ရဟန်းတို့သည် ဤသို့စွန့်သေး၏၊ တစ်ပါးသော အမျိုးသားတို့ကို ရှင်ပြုကုန်၍ အသို့ပြုကုန်လတ္တံ့နည်းဟု ဓမ္မသံဝေဂသည် ဖြစ်တော်မူ၏။

ထိုအခါ သဗ္ဗညူ မြတ်စွာဘုရားသည် စောစောကလျှင် ရဟန်းတို့ကို စည်းဝေးစေ၍ သာရိပုတ္တရာ ယနေ့အဘယ်မှာ ရာဟုလာ အိပ်၏ဟူ၍ ရာဟုလာ၏ အိပ်ရာအရပ်ကို သိ၏လောဟု အရှင်သာရိပုတ္တရာ မထေရ်ကို မေးတော်မူ၏။

ဘုန်းတော်ကြီးသော အရှင်ဘုရား မသိပေဟု နားတော်လျှောက်၏။ သာရိပုတ္တရာ ယနေ့ ရာဟုလာသည် ဝစ္စကုဋိ၌ အိပ်၏။ သာရိပုတ္တရာ ရာဟုလာကို သင်တို့သည် ဤသို့စွန့်ကုန်လတ်သော် တစ်ပါးကုန်သော အမျိုးသားတို့ကို ရှင်ပြုကုန်၍ အဘယ်သို့ပြုကုန်လတ္တံ့နည်း။ ဤသို့ စွန့်အပ်သည်ရှိသော် ဤသာသနာတော်၌ ရှင်ပြုကုန်၍ တည်ရာမရကုန်သည် ဖြစ်ကုန်လတ္တံ့၊ ယခုနေ့မှစ၍ လူသာမဏေတို့ကို တစ်ရက် နှစ်ရက် မိမိအထံ၌ အိပ်စေ၍ သုံးရက်မြောက်၌ လူသာမဏေတို့၏ အိပ်ရာ နေရာ အရပ်ကိုသိ၍ အပ၌ အိပ်စေကြကုန်လော၊ ဤသို့ အနုပညတ်ကို ပြုတော်မူ၍ တဖန် သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကုန်လျက် အရှင်ရာဟုလာ၏ ကျေးဇူးစကားကို ပြောဆိုကြကုန်၏။ အဘယ်သို့ ပြောဆိုကြကုန်သနည်းဟူမူကား ငါ့ရှင်တို့ အရှင်ရာဟုလာသည် သင်၏ နေရာကို သိလေလောဟု ဆိုအပ်သည်ရှိသော် ငါဘုရားသားတည်း သင်တို့သည်သာလျှင် ငါတို့ကျောင်းမှ ထွက်ကြကုန်လောဟု တစ်ယောက်သော ရဟန်းကိုလည်း မဆိုမူ၍ ဝစ္စကုဋိ၌ အိပ်နေခြင်းကို ပြု၏၊ ဤ အရှင် ရာဟုလာသည် စင်စစ်သဖြင့် သိက္ခာပုဒ်ကို အလွန်လျှင် အလိုရှိ၏။ ဤအရှင် ရာဟုလာကို ကြည့်ကြပါကုန်လောဟု ကျေးဇူးကို ပြောပြကုန်၏။ ဤသို့ ထိုရဟန်းတို့သည် အရှင်ရာဟုလာ၏ ဂုဏ်ကျေးဇူးကို ပြောဆိုလတ်ကုန်သော် သဗ္ဗညု မြတ်စွာဘုရားသည် တရားသဘင်သို့ ကြွတော်မူလာ၍ ခင်းထားခင်းအပ်သော တရားဟောပလ္လင်၌ နေတော်မူ၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မိန့်တော်မူ၏၊ ဘုန်းတော်ကြီးသော အရှင်ဘုရား အရှင်ရာဟုလာ၏ သိက္ခာကို အလိုရှိသော စကားဖြင့် စည်းဝေးပါကုန်၏။ တစ်ပါးသော စကားဖြင့် မစည်းဝေးပါကုန်ဟု လျှောက်ကုန်၏။ သဗ္ဗညုမြတ်စွာ ဘုရားသည် ရဟန်းတို့ ရာဟုလာကား ယခုအခါ၌သာလျှင် သိက္ခာကို အလိုရှိသည် မဟုတ်သေး၊ ရှေးတိရစ္ဆာန်အမျိုး၌ ဖြစ်သောအခါ၌လည်း သိက္ခာကို အလိုရှိသည် သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ရာဇဂြိုဟ်ပြည်၌ တစ်ယောက်သော မဂဓမင်းသည် မင်းပြု၏။ ထိုအခါ ဘုရားလောင်းသည် သမင်မျိုး၌ ဖြစ်၍ သမင်အပေါင်း ခြံရံလျက် တော၌နေ၏။ ထိုအခါ ဘုရားလောင်း၏ နှမသည် မိမိသားငယ်ကို ဆောင်ခဲ့၍ မောင်ကြီး ဤသမင်ကား မောင်ကြီး၏ တူတည်း၊ ဤသမင်အား မိဂမာယာကို မောင်ကြီးသင်ပါလောဟု ဆို၏၊ ဘုရားအလောင်းသည် ကောင်းပြီဟု ဝန်ခံ၍ တူချစ် သင်သွားလေဦး ဤမည်သောအခါမှ လာ၍

သင်လှည့်လောဟု ဆို၏။ ထိုသမင်သည် ဦးရိုး မှာသောအခါကို မလွန်စေမူ၍ ဦးရိုးအထံသို့ ဆည်းကပ်၍ မိဂမာယာကို သင်၏။ မိဂမာယာကို သင်ပြီးသော် ထိုသမင်သည် တစ်နေ့သ၌ တောဝယ် ကျက်စားလတ်သော် ကြော့ကွင်းမိ၍ မိသောအသံကို မြည်၏။ သမင်အပေါင်းသည် ပြေး၍ သင့်သားကို ကြော့ကွင်း မိ၏ဟု အမိသမင်မကို ပြော၏။ ထိုသမင်မသည် မောင့်အထံသို့ သွား၍ မောင်ကြီးတူကို မောင်ကြီးသည် မိဂမာယာကို သင်ပါ၏လောဟု မေး၏။ ဘုရားလောင်းသည် နှမ သင့်သည် သား၏ တစ်စုံတစ်ခုသော ဘေးဘျမ်းကို မစိုးရိမ်လင့်၊ သင့်သားသည် မိဂမာယာကို ကောင်းစွာ သင်အပ်လေပြီ၊ ယခုပင် သင့်ကို ရွှင်စေလျက် လာလတ္တံ့ဟုဆိုလို၍ ဤဂါထာကို ဆို၏။

၁၆။ မိဂံ တိပလ္လတ္ထ မနေကမာယံ၊
အဋ္ဌက္ခုရံ အဍ္ဎရတ္တာပပါယိံ။
ဧကေန သောတေန ဆမာ'ဿသန္တော၊
ဆဟိ ကလာဟိတိဘောတိ ဘာဂိနေယျော။

အို နှမငယ် ငါသည် ခွာရှစ်ခုရှိသော သင့်သားငယ် သမင်ကို သန်းခေါင်ယံ၌ ရေသောက်ခြင်း, မြေပေါ်၌ နှာခေါင်းတစ်ဖက်ဖြင့် အသက်ရှူခြင်းကို လည်း ကောင်း, ခြေလေးဖက်ကို ဆန့်၍ ဘေးစောင်းအိပ်ခြင်း, မြေကို ခွါတို့ဖြင့် ယက်ခြင်း, လျှာကို တွဲလျားကျစေခြင်း, ဝမ်းကို ဖူးဖူးရောင်စေခြင်း, ကျင်ကြီး ကျင်ငယ် သွတ်ခြင်း, ထွက်သက်ဝင်သက်လေကို ထိန်းချုပ်ခြင်း ဤ ခြောက်ပါးသော အစိတ်အပိုင်းတို့ဖြင့် များစွာသော မိဂမာယာကို သင်ကြား ပေးအပ်လေပြီ။ ငါ၏တူသည် မုဆိုးကို လှမ်းမိုးနိုင်၏။

ထိုသမင်ငယ်သည်လည်း ကြော့ကွင်းမိလတ်သော် မတုန်မလှုပ်မူ၍လျှင် လက်ယာနံပါးဖြင့် လက်ခြေတို့ကို ဆန့်လျက် အိပ်၏၊ ခြေတို့၏ အနီးအရပ်၌ ခွါတို့ဖြင့် ကန်၍ မြက်တို့ကို ကွာကျွတ်စေ၍ ကျင်ကြီး ကျင်ငယ်ကို စွန့်၍ ဦးခေါင်းကို ကျစေ၍ လျှာကို ထွက်စေ၍ ကိုယ်ကို တံတွေးလိမ်းကျံသည်ကို ပြု၍ လေကို ယူသဖြင့် ဝမ်းကို ဖူးဖူးရောင်အောင်ပြု၍ မျက်စိတို့ကိုလည်စေ၍ အောက် နား နှာခေါင်းဖြင့် ထွက်သက် ဝင်သက်လေကို သွားလာစေလျက် အထက် နား နှာခေါင်းက ထွက်သက် ဝင်သက်လေကို ချုပ်စေ၍ ကိုယ် အလုံးကို တောင့်မာစွာပြု၍ သေဟန်ကို ပြ၏၊ ယင်ညိုတို့သည်လည်း ထိုသမင်ကို အုံကုန်၏၊ ထိုထို အရပ်၌ ကျီးတို့သည် နားကုန်၏၊ မုဆိုးသည် လာလတ်၍ ဝမ်းကို လက်ဖြင့် ခတ်၍ စောစောကလျှင် မိသည် ဖြစ်လတ္တံ့၊ ထို့ကြောင့်

ယခုပုပ်လေပြီဟု ထိုသမင်၌ မိသော ကြိုးတို့ကို ဖြေ၍ ယခုဤ၌ပင်လျှင် ဤသမင်ကို ဖျက်၍ သားကို ယူ၍ သွားအံ့ဟု သက်သေ့ကင်း၍ သစ်ခက်သစ်ရွက်တို့ကို ယူအံ့သောငှါ အားထုတ်၏၊ သမင်ငယ်သည် အခြေလေးဘက်တို့ဖြင့် ရပ်၍ ကိုယ်ကို ခါလျက် လည်ကိုဆန့်လျက် ကြီးစွာသော လေကြောင့် ဖြစ်သော တိမ်ကဲ့သို့ မြန်လှစွာသော အဟုန်ဖြင့် အမိထံသို့ ပြေး၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည်လည်း ရဟန်းတို့.... ရာဟုလာသည် ယခုသာလျှင် သိက္ခာကို အလိုရှိသည် မဟုတ်သေး၊ ရှေး၌လည်း သိက္ခာကို အလိုရှိသည်သာလျှင်တည်းဟု မေ့ဒေသနာကို ဆောင်၍ အနုသန္ဓေကို စပ်၍ ယခုအခါ ရာဟုလာသည် ထိုအခါ တူသမင်ငယ် ဖြစ်ဖူးပြီ ယခုအခါ ဥပ္ပလဝဏ်သည် ထိုအခါ အမိသမင်မ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဦးရီးသမင် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ဆယ့်ခြောက်ခုမြောက်သော တိပလ္လတ္ထမိဂဇာတ်သည် ပြီး၏။

---

## ၁၇—မာလုတဇာတ်

### လေတိုက်လျှင် ချမ်းအေး

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ကာလေ၀ါယဒိ၀ါဇုဏှေ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော မာလုတဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တောထွက်ရဟန်းကြီးနှစ်ယောက်တို့ကို အကြောင်းပြု၍ ဟောတော်မူ၏၊

ထိုရဟန်းတို့သည် ကောသလဇနပုဒ်၌ တစ်ခုသော တောကျောင်း၌ နေကုန်သတတ်၊ တစ်ပါးသည် ကာဠမထေရ် မည်၏၊ တစ်ပါးသည်ကား ဇုဏှမထေရ်မည်၏၊ ထိုအခါ တစ်နေ့သ၌ ဇုဏှမထေရ်သည် ကာဠမထေရ်ကို အရှင်ကာဠ.... အဘယ်ကာလ၌ ချမ်းခြင်းမည်သည် ဖြစ်သနည်းဟု မေး၏ ကာဠမထေရ်သည် အရှင် ဇုဏှ.... ချမ်းခြင်းမည်သည်ကား လဆုတ်အခါ၌ဖြစ်၏ဟု ဆို၏၊ ထို့နောက်မှ တနေ့သ၌ ကာဠမထေရ်သည် ဇုဏှမထေရ်ကို

အရှင်ဇုံကျ....အဘယ်ကာလ၌ ချမ်းခြင်းမည်သည် ဖြစ်သနည်းဟု မေး၏၊ ထိုဇုကျမထေရ်သည် အရှင်ကာဠ....ချမ်းခြင်းမည်သည် လဆန်း၌ ဖြစ်၏ဟုဆို၏၊ ထိုနှစ်ပါးကုန်သော ရဟန်းတို့သည်လည်း မိမိတို့၏ ယုံမှားခြင်းကို ဖြတ်အံ့သောငှါ မတတ်နိုင်ကုန်ရကား မြတ်စွာဘုရားအထံတော်သို့ သွားကုန်၍မြတ်စွာဘုရားကို ရှိခိုးကုန်၍ ဘုန်းတော်ကြီးသော အရှင်ဘုရား....အဘယ်ကာလ၌ ချမ်းခြင်းမည်သည် ဖြစ်သနည်းဟု လျှောက်ကုန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် ထိုရဟန်းတော်တို့၏ စကားကို ကြားတော်မူ၍ ရဟန်းတို့ ... ရှေး၌လည်း သင်တို့ ပြဿနာကို ငါဖြေဖူးပြီ၊ ဘဝဖုံးလွှမ်းအပ်သည်၏ ဖြစ်ကြောင့်ကား သင်တို့ မမှတ်မိနိုင်ကုန်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့....လွန်လေပြီးသောအခါ တစ်ခုသော တောင်ခြေရင်း၌ အဆွေခင်ပွန်းဖြစ်ကုန်သော ခြသေ့်နှင့်ကျားနှစ်ခုတို့သည် တစ်ခုသော လိုဏ်၌ နေကုန်၏၊ ထိုအခါ ဘုရားလောင်းသည်လည်း ရသေ့ရဟန်းပြု၍ ထိုတောင်ခြေရင်း၌လျှင် နေ၏၊ ထိုအခါ တစ်နေ့သ၌ အဆွေခင်ပွန်းဖြစ်ကုန်သော ခြသေ့်ကျား တို့အား ချမ်းခြင်းကို အမှီပြု၍ ငြင်းခုံသည်ဖြစ်၏။ ကျားသည် လဆုတ်၌သာလျှင် ချမ်း၏ဟုဆို၏။ ခြသေ့်သည် လဆန်း၌သာလျှင် ချမ်း၏ဟုဆို၏။ ထိုကျားခြသေ့်တို့သည်လည်း မိမိတို့၏ယုံမှားခြင်းကို ဖြတ်အံ့သောငှါ မတတ်နိုင်ကုန်ရကား ဘုရားလောင်း အရှင်ရသေ့ကို မေးကုန်၏။ ဘုရားလောင်းရှင်ရသေ့သည် ဤဂါထာကိုဆို၏။

၁၇။ ကာဠေဝါ ယဒိဝါ ဇုဏှေ၊ ယဒါ ဝါယတိ မာလုတော။
ဝါတဇာနိ ဟိ သီတာနိ၊ ဥဘော’တ္ထ မပရာဇိတာ။

အို ခြသေ့်နှင့် ကျားတို့ လဆန်းဖြစ်စေ, လဆုတ်ဖြစ်စေ, အချမ်းဟူသည် လေကြောင့် ဖြစ်၏၊ လေလာသည့်အခါ ချမ်း၏။ ထို့ကြောင့် သင်တို့နှစ်ဦးစလုံး ဤပြဿနာ၌ အရှုံးအနိုင်မရှိကုန်။

ဤသို့ ဘုရားလောင်းသည် ထိုနှစ်ယောက်ကုန်သော အဆွေခင်ပွန်းတို့ကို မှတ်စေ၏။ သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်းတို့ကို ရှေး၌လည်း ငါသည် သင်တို့၏ ပြဿနာကို ဖြေဖူးပြီဟု ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာလေးပါးကို ပြတော်မူသည့်အဆုံး၌ နှစ်ပါးကုန်သောမထေရ်တို့သည်လည်း သောတာပတ္တိဖိုလ်၌တည်ကုန်၏။

### ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် အနုသန္ဓေကို စပ်တော်မူ၍ ယခုအခါ ကာဠ မထေရ်သည် ထိုအခါ ကျွဲဖြစ်ဖူးလေပြီ။ ယခုအခါ ဥဏ္ဏမထေရ်သည် ထိုအခါ ခြင်္သေ့ဖြစ်ဖူးလေပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုပြဿနာကို ဖြေသော ရသေ့ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ဆယ့်နှစ်ခုမြောက်သော မာလုတဇာတ်သည် ပြီး၏။

---

## ၁၈-မတကဘတ္တဇာတ်

### ဆိတ်တို့ကိုသတ်၍ သေသူတို့အား ရည်မှတ်သဖြင့် လှူဒါန်းခြင်းအကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မတကဘတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။ ဤမတကဘတ္တဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မတကဘတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုကာလ၌ လူတို့သည် များစွာကုန်သော ဆိတ်မြန်မာ ဆိတ်ကုလားစသည် တို့ကို သတ်ကုန်၍ သေကုန်သော ဆွေမျိုးတို့ရည်၍ မတကဘတ် မည်သည် ကို လှူကုန်၏။ ရဟန်းတို့သည် ထိုသို့လှူကုန်သော လူတို့ကို မြင်ကုန်၍ ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ယခုလူတို့သည် များစွာကုန်သော သတ္တဝါတို့ ကိုသတ်ကုန်၍ မတကဘတ်မည်သည်ကို လှူကုန်၏။ ဘုန်းတော်ကြီးသော အရှင် ဘုရား၊ ဤသို့ မတကဘတ်ကို လှူကုန်အံ့ဟု ပါဏာတိပါတကံ ပြုရာ၌ အကျိုး စီးပွားသည် ရှိသလောဟု မြတ်စွာဘုရားကို မေးလျှောက်ကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်းတို့ မတကဘတ်ကို လှူအံ့ဟု ပြုအပ်သော ပါဏာတိ ပါတ၌လည်း တစ်စုံတစ်ခုသော အစီးအပွားမည်သည် မရှိ။ ရှေး၌လည်း ပညာ ရှိတို့သည် ကောင်းကင်ပြင်ဝယ် နေကုန်လျက် တရားဟောကုန်၍ ဤ မတက ဘတ်ကိုလှူအံ့ဟု ပါဏာတိပါတကို ပြုသောအရာ၌ အပြစ်ကို ဟောကုန်၍ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းသူတို့ကို ထိုအယူကို စွန့်စေကုန်ပြီ။ ယခုအခါ၌ ကား ဘဝဖုံးလွှမ်းသည်၏ အဖြစ်ကြောင့် တစ်ဖန် ပေါ်ထင်လာသတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည်မင်းပြုလတ်သော် ဗေဒင်သုံးပုံတို့၏ ကမ်းတစ်ဘက်သို့ ရောက်သော ဒိသာပါမောက္ခဖြစ်သောတစ်ယောက်သော ဆရာပုဏ္ဏားသည်မတကဘတ်ကို လှူအံ့ဟုတစ်ခုသော ဆိတ်ကုလားကိုယူခဲ့စေ၍ တပည့်တို့ကို အမောင်တို့ ဤဆိတ်ကုလားကိုမြစ်သို့ဆောင်၍ ရေချိုး၍ လည်၌ ပန်းကုံးစွပ်၍ နံ့သာလက် ငါးချောင်းရာကို ပေး၍ ဆောင်ခဲ့ကြကုန်ဟု ဆို၏၊ ထိုတပည့်တို့သည် ကောင်းပြီဟု ဝန်ခံကုန်၍ ထိုဆိတ်ကုလားကို ယူကုန်လျက် မြစ်သို့ သွားကုန်၍ ရေချိုးကုန်ပြီးသော် လည်၌ ပန်းကုံးကို စွပ်ကုန်၍ မြစ်နား၌ ထားကုန်၏၊ ထိုဆိတ်ကုလားသည် မိမိ၏ ရှေးဘဝကို မြင်၍ ငါသည် ယနေ့ ဤသို့သဘောရှိကုန်သော ဆင်းရဲမှ လွတ်ပေအံ့ဟု ဝမ်းမြောက်သည်ဖြစ်၍ မြေအိုးကို ခွဲဘိသကဲ့သို့ သည်းစွာသော ရယ်ခြင်းကို ရယ်၍ တစ်ဖန် ပုဏ္ဏားသည် ငါ့ကိုသတ်၍ ငါခံရသော ဆင်းရဲကို ရလတ္တံ့ဟု ပုဏ္ဏား၌ သနားခြင်းကို ဖြစ်စေ၍ သည်းစွာသော အသံဖြင့် ငို၏။

ထိုအခါ ထိုဆိတ်ကို ထိုလုလင်တို့သည် အချင်းဆိတ် သင်သည် သည်းစွာသော အသံဖြင့် ရယ်လည်း ရယ်၏၊ ငိုလည်း ငို၏၊ အဘယ့်ကြောင့်လျှင် ရယ်ဘိသနည်း၊ အဘယ့်ကြောင့်ကား ငိုဘိသနည်းဟု မေးကုန်၏၊ သင်တို့သည် ဤအကြောင်းကို ငါတို့၏ ဆရာ့အထံ၌ မေးကြကုန်လောဟု ဆိတ်ကဆိုလျှင် ထိုလုလင်တို့သည် ထိုဆိတ်ကို ယူကုန်လျက် သွားကုန်၍ ဤအကြောင်းကို ဆရာအား ကြားကုန်၏၊ ဆရာသည် ထိုလုလင်တို့၏ စကားကို ကြား၍ ဆိတ်ကို အချင်းဆိတ် သင်သည် အဘယ့်ကြောင့် ရယ်သနည်း အဘယ့်ကြောင့် ငိုသနည်းဟု မေး၏၊ ဆိတ်သည် မိမိပြုသော အမှုကို [၁]ဇာတိဿရဉာဏ်ဖြင့် အောက်မေ့၍ ပုဏ္ဏားအား ပြောဆို၏၊ ပုဏ္ဏား ငါသည် ရှေး၌ သင်ကဲ့သို့ ဗေဒင်ရွတ်ဖတ် သရဇ္ဈာယ်တတ်သော ပုဏ္ဏားဖြစ်၍ မတကဘတ်လှူအံ့ဟု တစ်ခုသော ဆိတ်ကုလားကို သတ်၍ မတကဘတ်ကို လှူဖူး၏၊ ထိုငါသည် တစ်ခုသော ဆိတ်ကုလားကို သတ်ဖူးသည်၏ အဖြစ်ကြောင့် လေးရာ့ကိုးဆယ့်ကိုးဘဝတို့၌ ခေါင်းပြတ်ခြင်းသို့ ရောက်လေပြီ၊ ဤဘဝသည်ကား အဆုံးစွန်၌တည်သော ငါးရာတို့၏ ပြည့်ကြောင်း ဖြစ်သော ဘဝတည်း၊ ထိုငါသည် ယနေ့ ဤသို့သဘောရှိသော ဆင်းရဲမှ လွတ်ရအံ့ဟု ဝမ်းမြောက်၏၊ ထို့ကြောင့် ရယ်သတည်း၊ ငိုသော ငါသည်တမူကား ရှေးဦးစွာ တစ်ခုသော ဆိတ်ကို သတ်၍ ဘဝငါးရာပတ်လုံး ဦးခေါင်းပြတ်ခြင်း ဆင်းရဲသို့ ရောက်၏၊ ယနေ့

---

၁။ မိမိဖြစ်ခဲ့သော ဘဝကို ပြန်လည်အောက်မေ့လျက် သိသောဉာဏ်။

ထိုဆင်းရဲမှ လွတ်ရအံ့၊ ပုဏ္ဏားသည် တမူကား ငါ့ကိုသတ်၍ ငါကဲ့သို့ ဘဝငါးရာပတ်လုံး ဦးခေါင်းပြတ်ခြင်း၏ ဆင်းရဲကို ခံရရှာလတ္တံ့ဟု သင်၌ သနားခြင်းကြောင့် ငို၏ဟု ဆိတ်ဆို၏။

အချင်းဆိတ် မကြောက်လင့် သင့်ကို ငါမသတ်ဟု ပုဏ္ဏားဆို၏၊ ပုဏ္ဏား သင်အသို့ ဆိုသနည်း၊ သင်သတ်သော် လည်းကောင်း၊ မသတ်သော် လည်းကောင်း ယနေ့ ငါသည် သေခြင်းမှ မလွတ်နိုင်ဟု ထိုဆိတ်က ဆို၏၊ အချင်းဆိတ် သင်သည် မကြောက်လင့်၊ သင့်ကို အစောင့်အရှောက်ကို ယူ၍ သင်နှင့် တကွသာလျှင် ငါလိုက်အံ့ဟု ပုဏ္ဏားဆို၏၊ ပုဏ္ဏား သင်၏ အစောင့်အရှောက်ကား အနည်းငယ်သာလျှင် ဖြစ်၏၊ ငါပြုသော မကောင်းမှုသည်ကား ကြီး၏၊ အားရှိ၏ဟု ဆိတ်က ဆိုပြန်၏၊ ပုဏ္ဏားသည် ဆိတ်ကို လွှတ်၍ ဤဆိတ်ကို တစ်ယောက်သော သူအား သတ်စိမ့်သောငှါ မပေးအံ့ဟု တပည့်တို့ကိုခေါ်၍ ဆိတ်နှင့်တကွသာလှည့်သွား၏၊ ဆိတ်သည် လွှတ်လျှင်ပင် တစ်ခုသော ကျောက်ဖျာကြီးကို အမှီပြု၍ ရောက်သောချုံ၌ လည်ကိုမော့၍ အရွက်တို့ကို စားအံ့သောငှါ အားထုတ်၏၊ ထိုခဏ၌လှုင် ထိုကျောက်ဖျာ၌ မိုးကြိုးကျ၏၊ တစ်ခုသော ကျောက်လွှာသည် ပြတ်၍ ဆိတ်၏ ဆန့်သော လည်၌ ကျ၍ ဦးခေါင်းသည် ပြတ်လေ၏၊ လူများသည် စည်းဝေးလာ၏၊ ထိုအခါ ဘုရားလောင်းသည် ထိုအရပ်၌ ရုက္ခစိုးနတ် ဖြစ်၏၊ ထိုဘုရားလောင်းသည် ထိုလူများ မြင်စဉ်လျှင် နတ်၏ အာနုဘော်ဖြင့် ကောင်းကင်ပြင်ဝယ် ထက်ဝယ် ဖွဲ့ခွေလျက်နေ၍ သတ္တဝါတို့သည် ဤသို့ မကောင်းမှု၏ အကျိုးကို အကယ်၍ သိကုန်ငြားအံ့၊ ပါဏာတိပါတကို မပြုလေကုန်ရာဟု သာယာသော အသံဖြင့် တရားဟောလိုရကား ဤဂါထာကို ဆို၏—

၁၈။ ဧဝံ စေ သတ္တာ ဇာနေယျုံ၊ ဒုက္ခာ’ ယံ ဇာတိသမ္ဘဝေါ။
နပါဏော ပါဏိနံ ဟညေ၊ ပါဏဃာတီ ဟိ သောစတိ။

သတ္တဝါကို သတ်သောသူသည် စိုးရိမ်ရ၏၊ ဤပဋိသန္ဓေ နေရခြင်းသဘော ဆက်လက်ကြီးပြင်း အိုမင်းခြင်း သဘောသည် ဆင်းရဲလေစွ၊ ဤသို့ သတ္တဝါတို့သည် အကယ်၍ သိကုန်ငြားအံ့၊ သတ္တဝါသည် အခြားသတ္တဝါကို မသတ်ပေရာ။

ဤသို့ ဘုရားလောင်းသည်လည်း ငရဲဘေးဖြင့်ခြိမ်းခြောက်၍ တရားဟောတော်မူ၏၊ လူတို့သည် ထိုတရားကို နာရကုန်၍ ငရဲဘေးမှ ကြောက်ကုန်သဖြင့် ပါဏာတိပါတမှ ကြဉ်ကြကုန်၏။ ဘုရားလောင်းသည်လည်း တရားဟော၍

လူများကို သီလ၌ တည်စေ၍ ကံအားလျော်စွာ လားရလေ၏။ လူများသည်လည်း ဘုရားလောင်း၏ အဆုံးအမ၌ တည်၍ ဒါနအစရှိသော ကောင်းမှုတို့ကို ပြု၍ နတ်ပြည်ကို ပြည့်စေ၏။

**ဇာတ်ပေါင်း**

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်၍ အနုသန္ဓေကို စပ်၍ ယခုအခါ ငါဘုရားသည် ထိုအခါ ရုက္ခစိုးနတ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ဆယ့်ရှစ်ခုမြောက် မတကဘတ္တဇာတ်သည် ပြီး၏။

---

**၁၉-အာယာစိတဘတ္တဇာတ်**

**သတ္တဝါတို့ကို သတ်၍ ယဇ်ပူဇော်ခြင်း၌ အကျိုးမရှိ**

**ပစ္စုပ္ပန်ဝတ္ထု**

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် သစေမုစ္စေ ပေစ္စမုစ္စေ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအာယာစိတဘတ္တ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် နတ်တို့အား တောင်းပန်ခြင်း ရှိခိုးပူဇော်ခြင်းအမှုကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါ လူတို့သည် ကုန်သွယ်အံ့သောငှါ သွားကုန်လတ်သည်ရှိသော် သတ္တဝါတို့ကို သတ်ကုန်၍ နတ်တို့အား ပူဇော်ခြင်းအမှုကို ပြုကုန်၍ အကျွန်ုပ်တို့သည် အန္တရာယ်မရှိသဖြင့် အကျိုး၏ ပြီးခြင်းသို့ ရောက်ကုန်သည်ရှိသော် လာကုန်၍ တဖန် ရှင်နတ်မင်းတို့အား ပူဇော်ပါကုန်အံ့ဟု တောင်းပန်ကုန်၍ သွားကြကုန်၏။ ထိုကုန်သွယ်ခြင်းအမှု၌ အန္တရာယ်မရှိသဖြင့် အကျိုး၏ပြီးခြင်းသို့ ရောက်လတ်သော် လာလတ်ကုန်၍ နတ်တို့၏ အာနုဘော်ကြောင့် ဤအကျိုးပြီးခြင်းသည် ဖြစ်၏ဟု ထင်မှတ်ရကား များစွာသော သတ္တဝါတို့ကို သတ်ကုန်၍ တောင်းပန်ခြင်းမှ လွတ်စိမ့်သောငှါ ပူဇော်ခြင်းအမှုကို ပြုကုန်၏။ ရဟန်းတို့သည် ထိုအမှုကို မြင်ကုန်၍ ဘုန်းတော်ကြီးသော အရှင်ဘုရား— ဤသတ္တဝါတို့ကို သတ်၍ နတ်အားပူဇော်ခြင်းအမှုကို ပြုရာ၌ အကျိုးရှိသလောဟု မြတ်စွာဘုရားအား လျှောက်ကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ကာသိတိုင်း တစ်ခုသော ရွာငယ်၏ တံခါး၌နေသော သူကြွယ်သည် ပဉ္စေကပင်စောင့်နတ်အား ပူဇော်ခြင်းအမှုကို ဝန်ခံ၍ အန္တရာယ်မရှိသဖြင့် လာလတ်၍ များစွာကုန်သော သတ္တဝါတို့ကို သတ်၍ ဝန်ခံခြင်းမှ လွတ်စေအံ့ဟု ပညောင်ပင်ရင်းသို့ လာ၏။ ရုက္ခစိုးနတ်သည် ပညောင်ပင်ခွ၌ ရပ်၍ ဤဂါထာကို ဆို၏။

**၁၉။ သစေ မုစ္စေ ပေစ္စ မုစ္စေ၊ မုစ္စမာနော ဟိ ဗဇ္ဈတိ။**
**နဟေဝံ ဓီရာ မုစ္စန္တိ၊ မုတ္တိ ဗာလဿ ဗန္ဓနံ။**

အို အချင်းယောကျာ်း သင်သည် ယင်ပူဇော်ပါမည်ဟု ဝန်ခံပြီးမှ လွတ်လိုပါလျှင် တမလွန်ဘဝ၌ လွတ်အောင်ပြုရ၏၊ ဝန်ခံရာမှ လွတ်လိုသော သူသည် မကောင်းမှုဖြင့် နှောင်ဖွဲ့မိ၏။ ပညာရှိတို့သည် ဤနည်းအားဖြင့် ဝန်ခံခြင်းကို လွတ်အောင် မပြုကုန်၊ လူမိုက်၏ လွတ်အောင်ပြုခြင်းသည် မကောင်းမှုဖြင့် နှောင်ဖွဲ့မိလေ၏။

ဘုရားလောင်း ရုက္ခစိုးနတ်သည် ဤသို့ ဟော၏၊ ထိုအခါမှစ၍ လူတို့သည် ပါဏာတိပါတမှ ကြဉ်ကုန်လျက် တရားကို ကျင့်ကုန်၍ နတ်ပြည်ကို ပြည့်စေကုန်၏။

## ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ အနုသန္ဓေကိုစပ်၍ ယခုအခါ ငါဘုရားသည် ထိုအခါ ရုက္ခစိုးနတ် ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

တစ်ဆယ့်ကိုးခုမြောက်သော အာယာစိတ ဘတ္တဇာတ်သည်ပြီး၏။

## ၂၀. နဋ္ဌပါနဇာတ်

### ကျူရိုးများတောက်လျှောက် ဒေါင်းပေါက်ခြင်း

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ဒိသွာ ပဒ မနုတ္တိဏ္ဏံ-အစရှိသော ဂါထာပုဒ်ဖြင့် ဝန်ဆာဆင်အပ်သော နဋ္ဌပါန ဇာတ်ကို ကောသလတိုင်းတို့၌ ဒေသစာရီ ကြွတော်မူလတ်သော် နဋ္ဌက

ပါနရွာသို့ရောက်၍ နဠပါန ရေကန်နား ဆပ်သွားတော်၌ သီတင်းသုံးနေတော်မူစဉ် ကျူးရိုးတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါရဟန်းတို့သည် နဠပါန ရေကန်၌ ရေချိုးကုန်၍ အပ်ကျည်တို့သာမဏေတို့ကို ကျူရိုးယူစေ၍ အလုံးစုံ၌လျှင် တောက်လျှောက် အပေါက်ရှိကုန်သော ထိုကျူးရိုးတို့ကို မြင်ကုန်၍ ဘုရားအထံတော်သို့ ကပ်ကုန်၍ ဘုန်းတော်ကြီးသော အရှင်ဘုရား အကျွန်ုပ် တို့သည် အပ်ကျည်တို့ ကျူရိုးတို့ကို ယူစေကုန်၏၊ ထိုကျူရိုးတို့သည် အရင်းမှ အဖျားတိုင်အောင် အလုံးစုံလျှင် ပေါက်ကုန်၏၊ ထိုအကြောင်းကား အသို့ တုံနည်းဟု မေးလျှောက်ကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်းတို့ ဤကျူရိုးတို့၏ ပေါက်ခြင်းသည်ကား ငါ၏ ရှေးအဓိဋ္ဌာန် ပေတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ထိုကျူတောသည် လူမနေသော တောအရပ်ဖြစ်သတတ် ထိုရေကန်၌လည်း တစ်ယောက်သော ဒကရက္ခိုသ်သည် ရေသို့သက်တိုင်းသက်တိုင်း ကုန်သော သတ္တဝါတို့ကိုစား၏၊ ထိုအခါ ဘုရားလောင်းသည် သမင်ပါးငယ် ပမာဏရှိသော မျောက်မင်းဖြစ်၍ မျောက်ရှစ်သောင်း ခြံရံလျက်မျောက်အပေါင်းကိုဆောင်၍ ထိုတော၌နေ၏၊ ဘုရားလောင်း မျောက်မင်းသည်မျောက်အပေါင်းအား အမောင်တို့ ဤတော၌ အဆိပ်ပင်တို့သည်လည်းရှိကုန်၏၊ ဘီလူးသိမ်းဆည်းသော ရေကန်တို့သည်လည်း ရှိကုန်၏၊ သင်တို့သည် မစားဘူးသော သစ်သီးကြီးငယ်တို့ကို စားလိုကုန်သော်လည်းကောင်း၊ မသောက်ဘူးသောရေကို သောက်လိုကုန်သော်လည်းကောင်း၊ ငါ့ကို ပန်ကြားကုန်ဟု ဩဝါဒပေး၏၊ ထိုမျောက်တို့သည် ကောင်းပြီဟု ဝန်ခံကုန်၍ တစ်နေ့သ၌ မရောက်ဖူးသောအရပ်သို့ ရောက်ကုန်လတ်သော် ထိုအခါ၌ များစွာသော နေ့ပတ်လုံး ကျက်စားကုန်၍ရေကိုရှာကြကုန်လတ်သော် တစ်ခုသော ရေကန်ကို မြင်ကုန်၍ ရေကို မသောက်ကုန်ဦးဘဲ ဘုရားလောင်း၏ လာခြင်းကို မျှော်ကုန်လျက် နေကြကုန်၏၊ ဘုရားလောင်းသည် လာလတ်၍ အမောင်တို့ အဘယ့်ကြောင့်ရေကိုမသောက်ကုန်သနည်းဟု ဆို၏၊ အရှင်တို့၏လာခြင်းကို မျှော်ကုန်လျက် နေပါကုန်သည်ဟု မျောက်တို့ ဆိုကုန်၏၊ အမောင်တို့ ကောင်းပြီဟု ဘုရားလောင်းသည် ရေကန်ကို ဆင်ခြင်၍ ခြေရာကို ပိုင်းခြားကြည့်ရှုလတ်သော် သက်သောခြေရာကိုသာလျှင် မြင်၏၊တက်သောခြေရာကိုမမြင် ထိုဘုရားလောင်းသည် ယုံမှားမရှိ ဤရေကန်ကို ဘီလူးစောင့်၏ဟုသိ၍ အမောင်တို့ ရေကိုမသောက်ကုန်သော သင်တို့သည် ကောင်းသော အမှုကိုပြုအပ်၏၊ ဤရေကန်ကို ဘီလူးစောင့်၏ဟု ဆိုလေ၏၊

ဒကရက္ခိုသ် သည်လည်း ထိုမျောက်တို့၏ မသက်မဆင်းသော အဖြစ်ကိုသိ၍ ညိုသောဝမ်းဖြူသောမျက်နှာ နီသောလက်ခြေ ဖောက်ပြန်သောအဆင်းရှိသည်ဖြစ်၍ ရေကိုနှစ်ဖြာခွဲလျက် ထွက်လာ၏၊ သင်တို့အဘယ့်ကြောင့် ဆိုင်းငံ့၍ နေကြကုန်သနည်း ဆင်း၍ ရေကို သောက်ကြကုန်လော ဟု ဆို၏၊ ထိုအခါ ဒကရက္ခိုသ်ကို ဘုရားလောင်းသည် သင်ကား ဤရေကန်၌ဖြစ်သော ဒကရက္ခိုသ်လောဟု မေး၏၊ ဟုတ်၏ဟု ဒကရက္ခိုသ် ဆို၏၊ သင်ကား ရေကန်သို့ဆင်းသက်သော သတ္တဝါတို့ကို ရသလောဟုမေး၏၊ ရသည်မှန်၏ ငါကား ဤရေကန်သို့ သက်လတ်သော် အယုတ်သဖြင့် ငှက်ကိုအစပြု၍ တစ်စုံတစ်ခုသော သတ္တဝါကို မလွှတ် အလုံးစုံသောသင် တို့ကိုလည်း စားအံ့ဟု ဆို၏။ ငါတို့သည် ကိုယ်ကို သင့်အား စားစိမ့်သောငှါ မပေးကုန်ဟု ဘုရားလောင်း ဆို၏။ သင်တို့သည် ရေကို သောက်ကုန်အံ့လောဟုဒကရက္ခိုသ် မေး၏။ ငါတို့သည် ရေကို သောက်ကုန်အံ့၊ ထိုသို့ သောက်ကုန် သော်လည်း သင့်နိုင်ငံသို့ မရောက်ကုန်လတ္တံ့ဟု ဘုရားလောင်း ဆို၏။ ငါ့ နိုင်ငံသို့ မရောက်ကုန်သည် ရှိသော် အသို့လျှင် ရေကို သင်တို့ သောက်ကုန်လတ္တံ့နည်းဟု ဒကရက္ခိုသ် ဆို၏။ ရေကန်သို့ သက်၍ ရေသောက်ကုန်လတ္တံ့ဟု အောက်မေ့ မှတ်ထင်သလော၊ ရှစ်သောင်းကုန်သော ငါတို့သည်လည်း ရေကန်သို့ မသက်ကုန်မူ၍ တစ်ချောင်း တစ်ချောင်းစီသော ကျူရိုးကို ယူကုန်၍ ကြာရိုးဖြင့် ရေကို သောက်ကုန်သကဲ့သို့ သင့်ရေကန်မှ ရေကို သောက်ကုန်အံ့၊ ဤသို့ သောက်လတ်ကုန်သော ငါတို့ကို သင်သည် စားခြင်းငှါ မတတ်နိုင်လတ္တံ့ဟု ဘုရားလောင်း ဆို၏။ ဤအနက်ကို သိစေတော်မူ၍ သဗ္ဗညု မြတ်စွာဘုရားသည် ဘုရား ဖြစ်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏။

၂၀။ ဒိသွာ ပဒမနုတ္တိဏ္ဏံ၊ ဒိသွာနောတရိတံ ပဒံ။
နဠေန ဝါရိံ ပိဿာမ၊ နေဝ မံ တွံ ဝဓိဿသိ။

ထိုရေကန်၌ တတ်သော ခြေရာကို မမြင်ရ၍ သက်သော ခြေရာကိုသာ မြင်ရ၍ ကျူရိုးဖြင့် ရေကို သောက်ကုန်အံ့၊ သင်သည် ငါ့ကို သတ်ခွင့် မရလတ္တံ့ဟူ၍ မျောက်မင်းက ပြောဆို၏။

ဘုရားလောင်းသည် ဤသို့ဆိုပြီး၍ တစ်ခုသော ကျူရိုးကို ယူစေ၍ ပါရမီတို့ကို ဆင်ခြင်၍ သစ္စာပြု၍ နှုတ်သီးဖြင့်မှုတ်၏။ ကျူရိုးသည် အတွင်း၌ တစ်စုံတစ်ခုသော အဆစ်ကို မကြွင်းစေမူ၍ အလုံးစုံသာလျှင် အခေါင်းရှိသည် ဖြစ်၏။ ဤအမှတ်ဖြင့် တစ်ပါးလည်းဖြစ်သောကျူကို ဆောင်စေ၍ နှုတ်သီးဖြင့် မှုတ်၍ မျောက်အပေါင်းအား ပေး၏။ ဤသို့မှုတ်ရသည် ရှိသော် ပြီးစေခြင်းငှါ မတတ်ကောင်း၊ ထို့ကြောင့် ဤသို့ မယူလေအပ်၊ စင်စစ်သဖြင့် ဘုရားလောင်း

သည် ဤရေကန်ကို ရ၍ ရောက်ကုန်သော အလုံးစုံသော ကျူတို့သည်လည်း တစ်ပေါက်ထည်း ဖြစ်စေကုန်သတည်းဟု အဓိဋ္ဌာန်၏။ ထိုစကားသည် မှန်၏။ အစီးအပွားကို ဆောင်ရွက်သော ကျေးဇူး၏ များသည်၏ အဖြစ်ကြောင့် ဘုရားလောင်းတို့အား အဓိဋ္ဌာန်သည် ပြည့်စုံ၏။ ထိုအခါမှစ၍ ထိုရေကန်ကို ရ၍ ရောက်ကုန်သော အလုံးစုံသော ကျူရိုးတို့သည်လည်း တစ်ပေါက်တည်းသာ ရှိသည် ဖြစ်ကုန်၏။

[ထိုစကားသည် မှန်၏။ ဤဘဒ္ဒကပ် ကမ္ဘာ၌ တစ်ကမ္ဘာပတ်လုံး တည်ကုန်သော လေးပါးကုန်သော တန်ခိုးတို့သည် ရှိကုန်၏။ ထိုလေးပါးကုန်သော တန်ခိုးတို့သည် အဘယ်ကို့နည်း ဟူမူကား လ၌ ယုန်ရေးသည် အလုံးစုံသော ဘဒ္ဒကပ် ကမ္ဘာပတ်လုံး တည်လတ္တံ့၊ ဝဋ္ဋက ဇာတ်၌ မီးငြိမ်းရာ အရပ်ကို အလုံးစုံသော ဤဘဒ္ဒကပ် ကမ္ဘာပတ်လုံးလည်း မီးတို့သည် မလောင်ကုန်လတ္တံ့၊ ဃဋိကာရ၏ နေရာအရပ်သည် ဤအလုံးစုံသော ဘဒ္ဒကပ် ကမ္ဘာပတ်လုံးလည်း မိုးမစွတ်သည် ဖြစ်၍ တည်လတ္တံ့၊ ဤရေကန်ကို ရ၍ ရောက်ကုန်သော ကျူတို့သည်လည်း အလုံးစုံသော ဘဒ္ဒကပ် ကမ္ဘာပတ်လုံးလည်း တစ်ခုသော အပေါက်ရှိသည် ဖြစ်ကုန်လတ္တံ့၊ ဤလေးပါးတို့တည်း။]

ဘုရားလောင်းသည် ဤသို့ အဓိဋ္ဌာန်ပြီး၍ တစ်ခုသော ကျူကိုယူ၍ နေ၏။ ထိုရှစ်သောင်းကုန်သော မျောက်တို့သည်လည်း တစ်ခု တစ်ခုစီသော ကျူကို ယူကုန်၍ ရေကန်ကို ဝန်းရံ၍ နေကုန်၏၊ ဘုရားလောင်းသည် ကျူရိုးဖြင့် ငင်၍ ရေကို သောက်သော ကာလ၌ ထိုအလုံးစုံသော မျောက်တို့သည်လည်း ကမ်းနား၌ နေကုန်လျက် ရေကို သောက်ကုန်၏။ ထိုသို့ မျောက်တို့သည် ရေကို သောက်ကုန်ပြီးသော် ဒကရက္ခိုသ်သည် တစ်စုံတစ်ခုသော မျောက်ကို မရ၍ နှလုံးမသာ၍ မိမိနေရာသို့သာလျှင် ပြန်သွားလေ၏။ ဘုရားလောင်းသည်လည်း ပရိသတ်တို့နှင့် တကွ တောသို့ ဝင်လေ၏။

**ဇာတ်ပေါင်း**

သမ္ဗုဒ္ဓမြတ်စွာဘုရားသည်ကား ရဟန်းတို့ ဤကျူရိုးတို့၏ တစ်ခုတည်းသော အပေါက်ရှိသည်၏ အဖြစ်သည် ငါ၏သာလျှင် ရှေးအဓိဋ္ဌာန်ကြောင့် ဖြစ်သတည်းဟု ဓမ္မဒေသနာကို ဆောင်တော်မူ၍ အနုသန္ဓေကို စပ်၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ဒကရက္ခိုသ်ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရား၏ ပရိသတ်သည် ထိုအခါ မျောက်မင်း ပရိသတ်တို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည် မျောက်မင်းဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

**နှစ်ဆယ်ခုမြောက်သော နဠပါနဇာတ်သည် ပြီး၏။**

# ၃-ကုရုင်္ဂဝဂ်

## ၂၁-ကုရုင်္ဂမိဂဇာတ်

### [အောက်တည့်တည့် မကြွေသည့် ယမနေသီးမစားလို

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ဉာတမေတ်ကုရုင်္ဂဿ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကုရုင်္ဂမိဂဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ နေတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုစကားကို ချဲ့ဦးအံ့၊ တစ်ပါးသောအခါ တရားသဘင်၌ စည်းဝေးကုန်၍ ရဟန်းတို့သည် ငါ့ရှင်တို့ ဒေဝဒတ်သည် မြတ်စွာဘုရားအား သတ်ခြင်းအလို့ငှါ လေးသမားတို့ကို စေလွှတ်၏။ ကျောက်ကို လှိမ့်၏။ နဠာဂီရိဆင်ကို လွှတ်၏။ ခပ်သိမ်းသော အခြင်းအရာအားဖြင့် မြတ်စွာဘုရားအား သတ်ခြင်းငှါ လုံ့လပြု၏ဟု ဒေဝဒတ်၏ ကျေးဇူးမဲ့ကို ပြောဆိုလျက် နေကုန်၏။

မြတ်စွာဘုရားသည် ကြွတော်မူ၍ ခင်းအပ်သော နေရာ၌ နေတော်မူလျက် ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မိန့်တော်မူ၏။ အရှင်ဘုရား ဒေဝဒတ်သည် အရှင်ဘုရားတို့အား သတ်ခြင်းငှါ လုံ့လပြု၏ဟု ဒေဝဒတ်၏ ကျေးဇူးမဲ့စကားဖြင့် စည်းဝေးကုန်၏ဟု လျှောက်ကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ ဒေဝဒတ်သည် ယခုသာလျှင် ငါ့အား သတ်ခြင်းငှါ လုံ့လပြုသည် မဟုတ်သေး။ ရှေး၌လည်း လုံ့လပြုဖူးသည်သာလျှင်တည်း၊ ထိုသို့ လုံ့လပြု၍သော်လည်း ငါ့ကို သတ်ခြင်းငှါ မတတ်နိုင်ဟု မိန့်တော်မူ၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

#### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုလတ်သော် ဘုရားလောင်းသည် ဆတ်မည်သော သားဖြစ်၍ တစ်ခုသော တောနေရာ၌ သစ်သီးကြီးငယ်ကိုကို စား၍နေ၏။ ဘုရားလောင်းသည် တစ်ပါးသောကာလ၌ အသီးနှင့်ပြည့်စုံသော ယမနေပင်၌ ယမနေသီးတို့ကို စားလျက် သွား၏။ ထိုအခါ တစ်ယောက်သော ရွာ၌နေသော လင့်စောင့်မုဆိုးသည် အသီးသီးသော သစ်ပင်ရင်းတို့၌ သားတို့၏ ခြေရာတို့ကို စုံစမ်း၍

သစ်ပင်ထက်၌ လင့်ဆောက်၍ နေလျက် သစ်သီးစားအံ့သောငှါ လာကုန်သော သားတို့ကို လှံဖြင့်ထိုး၍ ရကုန်သော အသားဘို့ကို ရောင်းလျက် အသက်မွေး၏၊ ထိုမုဆိုးသည် တစ်နေ့သ၌ ထိုယမနေပင်ရင်း၌ ဘုရားလောင်း၏ ခြေရာကိုမြင်၍ ထိုယမနေပင်၌ လင့်ဆောက်၍ စောစောကလျှင် ထမင်းစား၍ လှံကိုယူ၍ တောသို့ဝင်၍ ထိုယမနေပင်သို့ တက်၍ လင့်၌နေ၏။ ဘုရားလောင်းသည်လည်း စောစောကလျှင် နေရာအရပ်မှထွက်၍ ယမနေသီးတို့ကို စားအံ့ဟု လာလတ်၍ ထိုယမနေပင်ရင်းသို့ အဆောတလျင် မဝင်မူ၍ ရံခါ လင့်၌ နေသော မုဆိုးသည် သစ်ပင်တို့၌ လင့်ဆောက်၏။ ဤသို့သဘောရှိသော ဥပဒ္ဒဝေါ(ဘေးရန်)သည် ရှိသလေဟု စုံစမ်းလျက် အပ၌သာလျှင် ရပ်၏။ မုဆိုးလည်း ဘုရားလောင်း မလာသည်၏အဖြစ်ကို သိ၍ လင့်၌နေ၍လျှင် ယမနေသီးတို့ကို ပစ်၍ ပစ်၍ ဘုရားလောင်း၏ရှေ့၌ ကျစေ၏။ ဘုရားလောင်းဆတ်သည် ဤယမနေသီးတို့သည် လာ၍ ရှေ့၌ကျကုန်၏။ အထက်၌ မုဆိုးရှိသလောဟု အဖန်တလဲလဲ ကြည့်သည်ရှိသော် မုဆိုးကိုမြင်၍ မမြင်သကဲ့သို့ ပြု၍ အိုယမနေပင် ရှေး၌ သင်သည် အောက်သို့ တွဲလဲဆွဲလျက် ဆောင်သကဲ့သို့ ဖြောင့်တန်းစွာလျှင် သစ်သီးတို့ကို ကျစေ၏။ ယခုကား သင်သည် သစ်ပင်၏ တရားကို စွန့်၏။ ဤသို့ သင်သည် သစ်ပင်တရားကို စွန့်သည်ရှိသော် ငါလည်း တစ်ပါးသစ်ပင်ရင်းသို့ ကပ်၍ ငါ၏အာဟာရကို ရှာအံ့ဟု ဆို၍ ဂါထာကိုဆို၏။

၂၁။ ဉာတမေတံ ကုရင်္ဂဿ၊ ယံ တွံ သေပဏ္ဏိ သိယျသိ။
အညံ သေပဏ္ဏိ ဂစ္ဆာမိ၊ န မေ တေ ရုစ္စတေ ဖလံ။

အို ယမနေပင် သင်သည် ငါ၏ရှေ့သို့ သစ်သီးများ ကျစေ၏။ ဤအကြောင်းသည် ဆတ်အား ထင်ရှား၏။ ငါသည် သင်၏အသီးကို မနှစ်သက်၊ အခြား ယမနေပင်သို့ သွားအံ့။

ထိုအခါ မုဆိုးသည် လင့်၌နေလျက် လှံကိုလွှတ်၍ သင်သည် သွားလေလော၊ ယခု သင့်ကို မထိုးမိ ချွတ်ယွင်း၏ဟု ဆို၏။ ဘုရားလောင်းသည် ပြန်၍ရပ်လျက် အိုယောကျ်ား ယခု ငါ့ကို အကယ်၍ကား ချွတ်ယွင်း၏။ ဤသို့ချွတ်ယွင်းငြားသော်လည်း ငရဲကြီး ရှစ်ဆပ်ဘို့ကို လည်းကောင်း, တစ်ဆယ့်ရှစ်ရပ်သော ဥဿဒရက် ငရဲတို့ကို လည်းကောင်း, ငါးပါးအပြားရှိသော အနှောင်အဖွဲ့ အစရှိသည်တို့ ကို လည်းကောင်း, ညှဉ်းဆဲခြင်းတို့ကို လည်းကောင်း မချွတ်ယွင်းသည်သာလျှင်တည်းဟု ဆို၏။ ဤသို့ဆိုလျက် ပြေး၍ အလိုအားလျော်စွာ သွား၏။ မုဆိုးလည်း ဆင်း၍ အလိုအားလျော်စွာ သွား၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည်လည်း ရဟန်းတို့ ဒေဝဒတ်သည် ယခုသာလျှင် ငါ့အား သတ်ခြင်းငှါ လုံ့လပြုသည် မဟုတ်သေး။ ရှေး၌လည်း ငါ့အား သတ်ခြင်းငှါ လုံ့လပြုသည် သာလျှင်တည်း။ ထိုသို့ လုံ့လ ပြုငြားသော်လည်း ငါ့ကို သတ်ခြင်းငှါ မတတ်နိုင်ဟု မိန့်တော်မူ၍ ဤဓမ္မဒေသနာကို ဆောင်၍ အနုသန္ဓေ ကိုစပ်၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ လင့်၌နေသော မုဆိုးဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည် ထိုအခါ သတ်မည်သော သားဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ဆယ့်တစ်ခုမြောက်သော ကုရုင်္ဂမိဂဇာတ်သည် ပြီး၏။

## ၂၂-ကုက္ကုရဇာတ်

### ခွေးမင်း၏ အဆုံးအမ အနှစ် (၁၂၀၀၀)တည်

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် ယေ ကုက္ကုရာ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကုက္ကုရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အဆွေအမျိုးတို့၏ အကျိုးကို ကျင့်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုအကျင့်သည် ဒွါဒသနိပါတ် ဘဒ္ဒသာလဇာတ်၌ ထင်စွာဖြစ်လတ္တံ့။ ဤဝတ္ထုကိုကား ဖြစ်စေ၍လျှင် လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

#### အတီတဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ထိုသို့သဘောရှိသော ကံကိုစွဲ၍ ခွေးအမျိုး၌ ဖြစ်၍ များစွာသော ခွေးအပေါင်း ခြံရံလျက် သုသာန်မ၌ နေ၏။ ထိုအခါ တစ်နေ့သ၌ မင်းသည် ကိုယ်လုံးဖြူသော သိန္ဓောမြင်းတို့ဖြင့် ကအပ်သော ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော ရထားကိုစီး၍ ဥယျာဉ်သို့ သွား၍ ဥယျာဉ်၌ နေ့အဖို့ပတ်လုံး ကစား၍ နေဝင်သည်ရှိသော် မြို့သို့ ဝင်၏။ မင်း၏ ရထားမြတ်ကို ထားမြဲတိုင်းသာလျှင်မင်းရင်ပြင်၌ ထားကုန်၏။ ရထားသည် ညဉ့်၌ မိုးရွာသည်ရှိသော် စွတ်၏။ နန်းပြာသာဒ်ထက်မှ မင်းမျိုးတို့သည်

မွေးစားသော ခွေးတို့သည် ဆင်းသက်ကုန်၍ ရထား၏ ကာသော သားရေကို လည်းကောင်း, ဖွဲ့သော သားရေကို လည်းကောင်း စားကုန်၏။ နက်ဖြန်နေ့၌ မင်းအား ရှင်မင်းကြီး ပြွန်ပေါက်မှ ခွေးတို့ဝင်ကုန်၍ ရထား၏ ကာသော သားရေကို လည်းကောင်း,ဖွဲ့သော သားရေလွန်ကို လည်းကောင်း စားကုန်၏ဟု လျှောက်ကုန်၏။

မင်းသည် ခွေးတို့အား အမျက်ထွက်၍ မြင်တိုင်း မြင်တိုင်းသော အရပ်၌ ခွေးတို့ကို သတ်လေကုန်ဟု ဆို၏။ ထိုအခါမှစ၍ ခွေးတို့အား ကြီးစွာသော ပျက်စီးခြင်းသည် ဖြစ်၏။ မြင်တိုင်း မြင်တိုင်းသော အရပ်၌ သတ်အပ်ကုန်သော ခွေးတို့သည် ပြေးကုန်၍ သုသာန်မသို့ သွား၍ ဘုရားလောင်း၏ အထံသို့ လာကုန်၏။ ဘုရားလောင်းသည် များစွာကုန်သော သင်တို့သည် အဘယ် အကြောင်းကြောင့် စည်းဝေးကုန်သနည်းဟု မေး၏။ ခွေးတို့သည် နန်းတွင်း၌ ရထား၏ ကာသော သားရေကိုလည်းကောင်း၊ ဖွဲ့သောသားရေလွန်ကို လည်းကောင်း ခွေးတို့သည် စားကုန်သတတ်ဟု အမျက်ထွက်၍ မင်းသည် ခွေးတို့ကို သတ်စိမ့်သောငှါစေ၏။ များစွာကုန်သော ခွေးတို့သည် ပျက်စီးကုန်၏၊ကြီးစွာသော ဘေးဖြစ်၏ဟု ဆိုကုန်၏၊ ဘုရားလောင်းသည် မင်းစောင့်ရှောက်သော အရပ်၌ များစွာကုန်သော ခွေးတို့အား စားခွင့်သည်မရှိ၊ထိုသားရေကို စားသော အမှုသည်ကား နန်းတော်တွင်း၌ မင်းမျိုးတို့သည် မွေးစားအပ်သော ခွေးတို့၏ အမှုသည် ဖြစ်လတ္တံ့၊ ယခုအခါ ခိုးစားကုန်သော ခွေးတို့အား တစ်စုံတစ်ခုသော ဘေးသည်မရှိ၊ မခိုးစားကုန်သော ခွေးတို့သာ သေရကုန်၏၊ ငါသည် ခွေးသူခိုးတို့ကို မင်းအားပြ၍ ဆွေမျိုးအပေါင်းတို့အား အသက်အလှူကို လှူရမှုကား ကောင်း၏ဟု ကြံ၍ ဘုရားလောင်းသည် အဆွေအမျိုးတို့ကို သက်သာရာ ရစေခြင်းငှါ သင်တို့သည် မကြောက်ကုန်လင့်၊ ငါသည် သင်တို့အား ဘေးမဲ့ကို ဆောင်အံ့၊ အကြင်မျှလောက်သော ကာလပတ်လုံး ငါသည် မင်းကို ဖူးမြင်အံ့၊ ထိုမျှလောက်သော ကာလပတ်လုံး သင်တို့သည် ဤအရပ်၌လျှင် နေနှင့်ကြကုန်လောဟု ဆို၍ ပါရမီတို့ကို ဆင်ခြင်၍ မေတ္တာဘာဝနာကို ရှေ့သွားပြု၍ ငါ၏ ကိုယ်ပေါ်၌ ခဲကိုလည်းကောင်း၊ ဆောက်ပုတ်ကို လည်းကောင်း တစ်စုံတစ်ယောက်သောသူသည် ပစ်ခြင်းငှါ မဝံ့စေသတည်းဟု အဓိဋ္ဌာန်၍ တစ်ကောင်တည်းလျှင် မြို့တွင်းသို့ ဝင်၏။

ထိုအခါ ဘုရားလောင်းခွေးကို မြင်၍ တစ်ကောင်သော သတ္တဝါသည် အမျက်ထွက်၍ ကြည့်သောမည်သည် မရှိ၊ မင်းသည်လည်း ခွေးတို့ကို သတ်ခြင်းငှါစေ၍ မိမိသည် ဆုံးဖြတ်ရာအရပ်၌ နေ၏၊ဘုရားလောင်းသည် ထိုအရပ်သို့ ပြေးသွား၍ မင်း၏နေရာအောက်သို့ ဝင်၏။ ထိုအခါ ဘုရားလောင်းခွေးကို

မင်းချင်းတို့သည် ထုတ်အံ့သောငှါ အားထုတ်ကုန်၏၊ မင်းသည် မြစ်၏၊ ဘုရားလောင်းခွေးသည် အတန်ငယ် အပင်ဒ‌ပန်းဖြေ၍ နေရာအောက်မှ ထွက်ပြီးသော် မင်းကို ရှိခိုး၍ ရှင်မင်းကြီးတို့သည် ခွေးကို သတ်စေကုန်သလောဟု မေး၏၊ ငါသည် သတ်စေ၏ဟု ဆို၏။ မင်းကြီး ခွေးတို့၏ အပြစ်ကား အဘယ်နည်းဟု မေး၏၊ ရထားကို ကာရံသော သားရေကို လည်းကောင်း၊ ဖွဲ့သော သားရေလွန်ကို လည်းကောင်း စားကုန်၏ဟုဆို၏၊ အကြင် ခွေးတို့သည် စားကုန်၏။ ထိုခွေးတို့ကို သိပါသလောဟု မေး၏၊ မသိကုန်ဟု ဆို၏၊ မင်းကြီး ဤမည်သော ခွေးတို့သည် သားရေကို စားသော ခွေးသူခိုးတည်းဟု မှန်သောအားဖြင့် မသိမူ၍ မြင်တိုင်း မြင်တိုင်းသော အချပ်၌သာလျှင် သတ်စေခြင်းသည် မသင့်ဟု ဆို၏၊ ရထား၏ သားရေကို ခွေးတို့သည် စားကုန်သောကြောင့် မြင်တိုင်းမြင်တိုင်းသော အလုံးစုံသော ခွေးတို့ကို သတ်ကုန်လောဟု ခွေးတို့ကို သတ်စေခြင်းငှါ စေ၏၊ လူတို့သည် အလုံးစုံသော ခွေးတို့ကိုလျှင် သတ်ကုန်သလော ထိုသို့မဟုတ်မူ၍ မသေရကုန်သော ခွေးတို့သည် ရှိကုန်သလောဟု မေး၏၊ ရှိ၏၊ ငါတို့အိမ်၌ မင်းမျိုးတို့သည် မွေးစားအပ်သော ခွေးတို့သည် မသေရကုန်ဟုဆို၏၊မင်းကြီး ယခုပင်လျှင် ရှင်မင်းကြီးတို့သည် ရထား၏ သားရေကို ခွေးတို့သည် စားကုန်သောကြောင့် မြင်တိုင်း မြင်တိုင်း ကုန်သော ခပ်သိမ်းကုန်သော ခွေးတို့ကို သတ်ကုန်သောဟု ခွေးတို့ကို သတ်စိမ့်သောငှါ စေ၏ဟူ၍ ဆိုကုန်၏၊ ယခုပင်လျှင် ရှင်မင်းကြီးတို့၏အိမ်၌ မင်းမျိုးတို့သည် မွေးအပ်သော ခွေးတို့ကား မသေရကုန်ဟု ဆို၏၊ ဤသို့ ဖြစ်ကုန်သည် ရှိသော် ရှင်မင်းကြီးတို့သည် ဆန္ဒ အစရှိသည်တို့၏ အစွမ်းအားဖြင့် အဂတိသို့ လိုက်ခြင်းသို့ရောက်သည် မဟုတ်တုံလော၊ အဂတိသို့ လိုက်ခြင်းမည်သည်ကား မသင့်၊ မင်းကျင့်တရား မဟုတ်၊ မင်းမည်သည်ကား အကြောင်းဟုတ်သည် မဟုတ်သည်ကို ရှာတပ်သည့်ချိန်နှင့်တူသည် ဖြစ်သင့်၏၊ ယခုအခါ၌ မင်းမျိုးတို့သည် မွေးစားအပ်သော ခွေးတို့ကား မသေရကုန်၊အားနည်းသော ခွေးတို့သာ သေရကုန်၏၊ ဤသို့ ဖြစ်သည်ရှိသော် ဤခွေးသတ်ခြင်းသည်ကား အလုံးစုံသော ခွေးကို သတ်ခြင်းမဟုတ်၊ဤခွေးသတ်ခြင်းသည် အားနည်းသော ခွေးတို့ကို သတ်ခြင်းမည်၏။

ဤသို့ ဆိုပြီး၍လည်း ဘုရားလောင်းသည် သာယာစွာသော အသံကို မြွက်၍ ရှင်မင်းကြီး ရှင်မင်းကြီးတို့သည် အကြင်အမှုကို ပြုကုန်၏၊ ထိုအမှုကား တရားမဟုတ်ဟု မင်းအား တရားဟောသည်ရကား ဤဂါထာကို ဆို၏—

၂၂။ ယေ ကုက္ကုရာ ရာဇကုလမှိ ဝဍ္ဎါ။
ကောလေယျကာ ဝဏ္ဏဗလူပပန္နာ။
တေ'မေ န ဝဇ္ဈာ မယ'မသ္မ ဝဇ္ဈာ။
နာယံ သဃစ္စာ ဒုဗ္ဗလဃာတိကာ'ယံ။

အရှင်မင်းကြီး မင်းအိမ်၌ဖြစ်ကုန်သော မှုန်အားအဆင်းနှင့် ပြည့်စုံကုန်သော ထိုခွေးတို့ကား မသတ်အပ်သော ခွေးတို့တည်း။ ငါတို့ ခွေးလေ ခွေးလွင့် များသာလျှင် သတ်ထိုက်သည် ဖြစ်ကုန်၏၊ ဤခွေးသတ်ခြင်းသည် ခွေးအားလုံးကို သတ်ခြင်းမဟုတ်၊အားနည်းသော ခွေးတို့ကိုသာ သတ်ခြင်းမည်၏။

မင်းတို့ မည်သည်ကား ခိုးသူတို့ကို နှိပ်စက်အပ်ကုန်၏။ ခိုးသူမဟုတ်သော သူတို့ကို မနှိပ်စက်အပ်ကုန်၊ ဤအရာ၌ကား ခိုးစားကုန်သော ခွေးတို့အား တစ်စုံတစ်ခုသော ဘေးသည် မရှိ၊ မခိုးစားကုန်သော ခွေးတို့သာ သေရကုန်၏။ အံ့ဖွယ်ရှိစွ၊ ဤလောက၌ မသင့်မလျော်ခြင်းသည် ဖြစ်ခဲ့၏။ အံ့ဖွယ်ရှိစွ၊ ဤလောက၌ အဓမ္မသည် ဖြစ်ခဲ့၏ဟု ဘုရားလောင်း ဆို၏။

မင်းသည် ဘုရားလောင်း စကားကို နာရ၍ ပညာရှိ သင်သည် ဤမည်သော ခွေးတို့သည် ရထား၏ သားရေကို စားကုန်၏ဟု သိသလောဟု မေး၏။ သိ၏ဟု ဆို၏၊ အဘယ်ခွေးတို့သည် စားသနည်းဟု မေး၏။ ရှင်မင်းကြီး တို့၏ နန်းတော်၌ နေကုန်သော မင်းမျိုးတို့သည် မွေးစားအပ်ကုန်သော ခွေးတို့သည် စားကုန်၏ဟု ဆို၏။ ထိုခွေးတို့သည် စားသော အဖြစ်ကို အဘယ် အကြောင်းဖြင့် သိသနည်းဟု မေး၏။ ငါသည် ထိုခွေးတို့စားသော အဖြစ်ကို ပြအံ့ဟု ဆို၏၊ ပညာရှိ ပြလောဟု ဆို၏။ ရှင်မင်းကြီးတို့အိမ်၌ မင်းမျိုးတို့သည် မွေးစားအပ်သော ခွေးတို့ကို ခေါ်စေ၍ အတန်ငယ်သော ယက်တက်ကို လည်းကောင်း, နေဇာမျက်တို့ကို လည်းကောင်း ဆောင်စေကုန်လောဟု ဆို၏။ မင်းသည် ဘုရားလောင်းဆိုတိုင်း ပြု၏။ ထိုအခါ မင်းကို ဘုရားလောင်းသည် ဤမြက်တို့ကို ဆုံ၌ထောင်း၍ ယက်တက်ရည်ဖြင့် ဖျော်၍ ထိုခွေးတို့ကို တိုက်ကုန်လောဟု ဆို၏။ မင်းသည် ဘုရားလောင်းဆိုတိုင်း တိုက်၏။ သောက်တိုင်း သောက်တိုင်း ကုန်သော ခွေးတို့သည် သားရေတို့နှင့်တကွ အန်ကုန်၏။ မင်းသည် သဗ္ဗညုမြတ်စွာဘုရား၏ ဖြေခြင်းသည် ဖြစ်ပေ၏ဟု နှစ်သက်သည် ဖြစ်၍ ဘုရားလောင်းအား ထီးဖြူဖြင့် ပူဇော်၏။

ဘုရားလောင်းသည်လည်း "ဓမ္မံစရ မဟာရာဇ၊ မာတာပိတူသု ခတ္တိယ" အစရှိသော **တေသကုဏဇာတ်**[၁] ၌ လာကုန်သော မင်းကျင့်တရားကို ပြတတ်ကုန်သော ဆယ်ဂါထာတို့ဖြင့် မင်းအား တရားဟော၍ မင်းကြီး ဤအခါမှစ၍ မမေ့မလျော့ ဖြစ်လောဟု ဆို၍ မင်းကို ငါးပါးကုန်သော သီလတို့၌ တည်စေ၍ ထီးဖြူကို မင်းအားသာလျှင် အပ်နှင်း၏၊ မင်းသည် ဘုရားလောင်း၏ တရားစကားကို နာရ၍ ခပ်သိမ်းသော သတ္တဝါတို့အား ဘေးမဲ့ပေး၍ ဘုရားလောင်းကို အစပြု၍ ခပ်သိမ်းသော ခွေးတို့အား မိမိ၏ ဘောဇဉ်နှင့် တူသည်သာလျှင် ဖြစ်သော နိစ္စဘတ်ကို ဖြစ်စေ၍ ဘုရားလောင်း၏ အဆုံးအမ၌ တည်လျက် အသက်ထက်ဆုံးတည်၍ ဒါနအစရှိသော ကောင်းမှုတို့ကို ပြု၍ စုတေသော် နတ်ပြည်၌သာ ဖြစ်၏။ ဘုရားလောင်း ခွေးမင်း၏ အဆုံးအမတော်သည် အနှစ်တစ်သောင်းနှစ်ထောင်တိုင်အောင် တည်၏။ ဘုရားလောင်း ခွေးမင်းသည်လည်း အသက်ထက်ဆုံး တည်၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ရဟန်းတို့ ငါဘုရားသည် ယခုသာလျှင် ဆွေမျိုးတို့၏ အကျိုးစီးပွားကို ကျင့်သည် မဟုတ်သေး၊ ရှေး၌လည်း ကျင့်ဖူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အနုသန္ဓေကို စပ်၍ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရား ပရိတ်သတ်တို့သည် ထိုအခါ ကြွင်းသော ပရိသတ် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ခွေးပညာရှိ ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ဆယ့်နှစ်ခုမြောက်သော ကုက္ကုရဇာတ်သည် ပြီး၏။

## ၂၃- ဂေါဇာနိယသိန္ဓဝဇာတ်

### သေလုနီးပါး ဒဏ်ရာရလျက် ဝီရိယကို မလျော့ခြင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် အပိ ပဿေန သေမာနော-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဂေါဇာနိယ သိန္ဓဝ ဇာတ်ကို ဇေတဝန် ကျောင်းတော်၌ နေတော်မူစဉ် လျော့သော ဝီရိယ ရှိသော တစ်ယောက်သော ရဟန်းကို

---

၁။ စတ္တာလီသနိပါတ်မှ

အကြောင်းပြု၍ ဟောတော်မူ၏။ ထိုစကားကို ချဲ့ဦးအံ့။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းကို ခေါ်တော်မူ၍ ရဟန်း-ရှေး၌လည်း ပညာရှိတို့သည် မိမိသည် တည်ရာကို မရအပ်သော အမှု၌ ဝီရိယကို ပြုရာ၏။ မြားမှန်ကုန်လျက်လည်း ဝီရိယကို မလျှော့ကုန်သည်သာလျှင်တည်းဟု မိန့်တော်မူ၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သည်ရှိသော် ဘုရားလောင်းသည် ဂေါဇာနိယသိန္ဓောမျိုး၌ ဖြစ်၍ ခပ်သိမ်းသော တန်ဆာတို့ဖြင့် ပြည့်စုံသော ဗာရာဏသီမင်း၏ မင်္ဂလာမြင်းတော် ဖြစ်၏။ ထိုမြင်းသည် အဖိုးတစ်သိန်းထိုက်သော ရွှေခွက်၌လျှင် အယူးထူးသော အရသာတို့ဖြင့် ပြည့်စုံသော သုံးနှစ်ပတ်လုံး နံ့သာတို့ဖြင့် ထုံအပ်သော မွှေးသော သလေးဘောဇဉ်ကို စားရ၏။ နံ့သာမျိုးလေးပါးတို့ဖြင့် လိမ်းကျံအပ်သည်သာလျှင် ဖြစ်သော မြေ၌ နေရ၏။ ထိုအရပ်ကို ကမ္ဗလာတင်းတိမ်တို့ဖြင့် ကာရံစေ၏။ အထက်၌ ရွှေကြယ်စီသော ပုဆိုးဗိတာန်ကို ကြက်၏။ ထက်ဝန်းကျင်မှ ဆွဲအပ်သော နံ့သာဆိုင်း ပန်းဆိုင်းလည်း ရှိ၏။ မငြိမ်းစေအပ်သော ဆီမီးလည်း ဖြစ်၏။ ဗာရာဏသီမင်း အဖြစ်ကိုကား မတောင့်တသောသူမည်သည် မရှိ၊ တစ်ပါးသောအခါ၌ ခုနစ်ပြည်ထောင်သော မင်းတို့သည် ဗာရာဏသီပြည်ကို ရံ၍ ငါတို့အား မင်းအဖြစ်ကိုတည်း ပေးအံ့လော စစ်ထိုးခြင်းကိုတည်းပြုအံ့လောဟု ဗာရာဏသီမင်းအား မှာစာ ပေးကုန်၏။ မင်းသည် အမတ်တို့ကို စည်းဝေးစေ၍ ထိုအကြောင်းကို ကြား၍ အမောင်တို့-ယခု အသို့ပြုကြကုန်အံ့နည်းဟု မေး၏။

ရှင်မင်းကြီး-ရှင်မင်းကြီးတို့သည် လက်ဦးစွာ အစ၌လျှင် စစ်ထိုးခြင်းငှါ မသွားအပ်၊ ဤအမည်ရှိသော မြင်းစီးသူရဲကို စေ၍ စစ်ထိုးခြင်းကို ပြုစေကုန်လော၊ ထိုမြင်းစီးသူရဲ မတတ်နိုင်သည်ရှိသော် နောက်မှ သိရကုန်လတ္တံ့ဟု လျှောက်ကုန်၏။ မင်းသည် ထိုမြင်းစီးသူရဲကို ခေါ်စေ၍ အမောင်-ခုနစ်ပြည်ထောင်သော မင်းတို့နှင့်တကွ စစ်ထိုးခြင်းငှါ တတ်နိုင်လတ္တံ့လောဟု ဆို၏။ ရှင်မင်းကြီး- ဂေါဇာနိယသိန္ဓောမြင်းကို အကယ်၍ ရသည် ဖြစ်အံ့၊ ခုနစ်ပြည်ထောင်သောမင်းကို ထားဘိဦး၊ အလုံးစုံသော ဇမ္ဗူဒိပ်မင်း တို့နှင့်လည်း စစ်ထိုးခြင်းငှါ တတ်နိုင်ပါလတ္တံ့ဟု ဆို၏။ အမောင် မြင်းစီးသူရဲ-ဂေါဇာနိယသိန္ဓောမြင်းသည်မူလည်းဖြစ်စေ၊ တစ်ပါးသောမြင်းသည်မူလည်းဖြစ်စေ အကြင်မြင်းကို အလိုရှိသည် ဖြစ်၏။ ထိုမြင်းကို ယူ၍ စစ်ထိုးခြင်းကို ပြုလောဟု ဆို၏။ ထိုမြင်းစီးသူရဲသည် ရှင်မင်းကြီး-ကောင်းပြီဟု မင်းကို ရှိခိုး၍ ပြာသာဒ်မှ

သက်၍ ဂေါဓာနိယသိန္ဓောမြင်းကို ဆောင်၍ ကောင်းစွာ ချပ်ကို ဖွဲ့၍ မိမိသည်လည်း ချပ်ဖြင့် ကောင်းစွာ ဖွဲ့သျှက် သန်လျက်ကို လွယ်၍ သိန္ဓောမြင်းမြတ်၏ ခကျောက်ကုန်းထက် စီးလျက် မြို့မှ ထွက်၍ လျှပ်စစ်နွယ်ကဲ့သို့ ပြိုးပြိုးပြက် သွားလျက် ရှေးဦးစွာသော ဗိုလ်စုကို ဖျက်၍ တစ်ယောက်သော မင်းကို အရှင်ဖမ်း၍ လျင်စွာ လာလတ်၍ မြို့သို့ ဗိုလ်ပါအား အပ်နှင်း၏။

တစ်ဖန်သွား၍ နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဗိုလ်စုကို ဖျက်၍ နှစ်ယောက်မြောက်သော မင်းကို အရှင်ဖမ်း၍ ထိုအတူ သုံးယောက်မြောက်သော မင်းကို အရှင်ဖမ်း၍ ဤနည်းဖြင့်သာလျှင် ငါးယောက်ကုန်သော မင်းတို့ကို အရှင်ဖမ်း၍ ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဗိုလ်စုကို ဖျက်၍ ခြောက်ယောက်မြောက်သော မင်းကို ဖမ်းသောကာလ၌ ဂေါဓာနိယသိန္ဓောမြင်းသည် ဒဏ်ချက်ကို ရ၏။ သွေးသည် ယို၏။ အားကြီးကုန်သော ဝေဒနာတို့သည် ဖြစ်ကုန်၏။ မြင်းစီးသူရဲသည် ထိုဂေါဓာနိယ သိန္ဓောမြင်းအား မြားမှန်သည်၏ အဖြစ်ကိုသိ၍ ဂေါဓာနိယ သိန္ဓောမြင်းကို မင်းအိမ်တံခါး၌ အိပ်စေ၏။ အနှောင်အဖွဲ့ကို လျှော့သည်ကိုပြု၍ တစ်ပါးသော မြင်းကို ချပ်တန်ဆာဖြင့် ဖွဲ့ခြင်းငှါ အားထုတ်၏။ ဘုရားလောင်းသည် မြတ်သော နံပါးဖြင့် လျောင်းလျက်လျှင် မျက်စိတို့ကို ဖွင့်၍ မြင်းစီးသူရဲကို ကြည့်၍ ဤမြင်းစီးသူရဲသည် တစ်ပါးသောမြင်းကို ဖွဲ့၏။ ဤမြင်းသည်လည်း ခုနစ်ခုမြောက်သော ဗိုလ်စုကို ဖျက်၍ ခုနစ်ယောက်မြောက်သော မင်းကို ဖမ်းခြင်းငှါ မတတ်နိုင်လတ္တံ့၊ ငါသည် ပြုအပ်သော အမှုသည်လည်း ပျက်လတ္တံ့၊ အတုမရှိသော မြင်းစီးသူရဲသည်လည်း ပျက်စီးလတ္တံ့၊ မင်းသည်လည်း သူလက်သို့ ရောက်လတ္တံ့၊ ငါ့ကို ထား၍ တစ်ပါးသော မြင်းသည် ခုနစ်ခုမြောက်ဖြစ်သော ဗိုလ်စုကို ဖျက်၍ ခုနစ်ယောက်မြောက်သော မင်းကို ဖမ်းခြင်းငှါ တတ်နိုင်သော မြင်းမည်သည်မရှိဟု လျောင်းလျက်လျှင် မြင်းစီးသူရဲကို ခေါ်၍ အချင်း မြင်းစီးသူရဲ ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဗိုလ်စုကို ဖျက်၍ ခုနစ်ယောက်မြောက်သော မင်းကို ဖမ်းခြင်းငှါ စွမ်းနိုင်သော မြင်းမည်သည် ငါ့ကိုထား၍ တစ်ပါးမရှိ၊ သင်ပြုအပ်သော အမှုကို ငါသည် မပျက်စေအံ့၊ ငါ့ကိုထစေ၍ ဖွဲ့လော့ဟု ဆို၍ ဤဂါထာကို ဆို၏—

၂၃။ အပိ ပဿေန သေမာနော၊ သလ္လေဘိ သလ္လလိကတော။
သေယျောဝ ဝဠဝါ ဂေါဓော၊ ယုဉ္ဇ မညေဝ သာရထိ။

အိုမြင်းစီးသူရဲ မြားမှန်သည်ဖြစ်၍ လက်ယာနံပါးဖြင့် လဲလျောင်းနေရသော်လည်း ဂေါဓာနိယ သိန္ဓောမြင်းသည်သာလျှင် မြည်းမထက် သာလွန်မြင့်မြတ်၏။ ထို့ကြောင့် ငါ့ကိုသာလျှင် ကကြိုးတန်ဆာဆင်လော့၊

မြင်းစီးသူရဲသည် ဘုရားလောင်းကို ထစေ၍ မြားမှန်ရာကို ဖွဲ့စည်း၍ ကောင်းစွာ ချုပ်တန်ဆာတို့ဖြင့် ဖွဲ့၍ မြင်း၏ကျောက်ကုန်း၌ စီး၍ ခုနစ်ခုမြောက်သော ဗိုလ်စုကို ဖျက်၍ ခုနစ်ယောက်မြောက် မင်းကို အရှင်ဖမ်း၍ ဗိုလ်ပါအား ပေးအပ်၏။ ဘုရားလောင်းကိုလည်း မင်းအိမ်တံခါးသို့ ဆောင်ကုန်၏။ မင်းသည် ဘုရားလောင်းကို ရှုအံ့သောငှါ ထွက်၏။ ဘုရားလောင်းသည် မင်းကို မင်းကြီး ခုနစ်ပြည်ထောင်သော မင်းတို့ကို မသတ်ပါကုန်လင့်၊ သစ္စာရေတိုက်၍ လွှတ်တော်မူကုန်လော၊ အကျွန်ုပ်အားလည်းကောင်း မြင်းစီးသူရဲအားလည်းကောင်း ပေးအပ်သော အခြံအရံကို မြင်းစီးသူရဲအားသာ ပေးကုန်လော၊ ခုနစ်ပြည်ထောင်သော မင်းတို့ကို ဖမ်း၍ပေးသော သူမည်သည်ကို ဖျက်ခြင်းငှါမသင့် သင်မင်းကြီးတို့သည်လည်း အလှူပေးကုန်လော၊ သီလစောင့်ကုန်လော၊ တရားသဖြင့် မင်းပြုကုန်လောဟု ဆို၏၊ ဤသို့ ဘုရားလောင်းသည် မင်းအား အဆုံးအမ ပေးပြီးသည်ရှိသော် ဘုရားလောင်းအား ဖွဲ့အပ်သော ချုပ်တန်ဆာကို ဖြေကုန်၏။ ဘုရားလောင်းသည် ချုပ်တန်ဆာကို ဖြေစဉ်လျှင် စုတိချုပ်၏။ မင်းသည် ဘုရားလောင်း၏အလောင်းကို သင်္ဂြိုဟ်၍ မြင်းစီးသူရဲအား များစွာသော စည်းစိမ်ကို ပေး၍ ခုနစ်ပြည်ထောင်သော မင်းတို့ကို တစ်ဖန် မိမိအား မပြစ်မှားစိမ့်သောငှါ သစ္စာဆိုစေ၍ မိမိ မိမိတို့၏ နေရာအရပ်တို့သို့ ပို့စေ၍ တရားနှင့် ညီစွာ မင်းပြု၍ အသက်၏ အဆုံး၌ ကံအားလျော်စွာ လား၏။

မြတ်စွာဘုရားသည် ရဟန်း ရှေး၌လည်း ပညာရှိတို့သည် မိမိသည် တည်ရာကို မရအပ်သော အမှု၌လည်း ဝီရိယကိုပြုကုန်၏။ ဤသို့ သဘောရှိသော မြားမှန်ချက်ကို ရကုန်၍လည်း ဝီရိယကို မလျှော့ကုန်။ သင်သည်ကား ဤသို့သဘောရှိသော ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော သာသနာတော်၌ ရဟန်းပြု၍ အဘယ့်ကြောင့် ဝီရိယကို လျှော့ဘိသနည်းဟု မိန့်တော်မူ၍ သစ္စာလေးပါးတို့ကို ပြတော်မူ၏။ သစ္စာလေးပါးတို့ကို ပြတော်မူသည်၏အဆုံး၌ လျှော့သော ဝီရိယရှိသော ရဟန်းသည် အရဟတ္တဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည်လည်း ဤဓမ္မဒေသနာကို ဆောင်၍ အနုသန္ဓေကိုစပ်၍ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်၏။ ယခုအခါ ရှင်သာရိပုတ္တရာသည် ထိုအခါ မြင်းစီးသူရဲဖြစ်၏။ ယခုအခါ ငါဘုရားသည် ထိုအခါ ဂေါဇာနီယ သိန္ဓောမြင်း ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ဆယ့်သုံးခုမြောက်သော ဂေါဇာနီယ သိန္ဓဝဇာတ်သည် ပြီး၏။

## ၂၄-အာဇညဇာတ်

### ဒဏ်ရာပြင်းလျက် ဝီရိယမလျှော့သော သိန္ဓောမြင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လူကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် ယဒါယဒါ·အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအာဇညဇာတ်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် **လျှော့သော ဝီရိယရှိသော ရဟန်း** ကိုလျှင် အကြောင်းပြု၍ ဟောတော်မူ၏။ ထိုရဟန်းကို သဗ္ဗညူမြတ်စွာဘုရားသည် ခေါ်တော်မူ၍ ရဟန်း—ရှေး၌ ပညာရှိတို့သည် မိမိသည် တည်ရာကို မရအပ်သော အမှု၌လည်း ရအပ်သော ဒဏ်ချက် ရှိကုန်လျက်လည်း ဝီရိယကို ပြုကုန်၏ဟု မိန့်တော်မူ၏၊ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သည် ရှိသော် ရှေးနည်းဖြင့်လျှင် ခုနစ်ပြည်ထောင်သော မင်းတို့သည် ရံကုန်၏။ ထိုအခါ တစ်ယောက်သော ရထားစီးသူရဲသည် ညီနောင်ဖြစ်ကုန်သော သိန္ဓောမြင်းနှစ်စီးတို့ကို ရထား၌ က၍ မြို့မှ ထွက်၍ ခြောက်ခုသော ဗိုလ်စုကို ဖျက်ဆီး၍ ခြောက်ယောက်သော မင်းတို့ကို ဖမ်း၏။ ထိုခဏ၌ အစ်ကို မြင်းကြီးသည် ဒဏ်ချက်ကို ရ၏။ ရထားထိန်းသည် ရထားကို နှင်လျက် မင်းအိမ်တံခါးသို့ လာ၍ မြင်းကြီးကို ရထားမှ ချွတ်၍ ဖွဲ့သော ချပ်တန်ဆာကို လျှော့၍ နံပါး တစ်ဖက်ဖြင့် လျောင်းစေ၍ တစ်ပါးသော မြင်းကို ဖွဲ့ခြင်းငှါ အားထုတ်၏။ ဘုရားလောင်းသည် ရထားထိန်းကို မြင်၍ ရှေးနည်းဖြင့်လျှင် ကြံ၍ ရထားထိန်းကို ခေါ်၍ လျောင်းလျက်သာလျှင် ဤဂါထာကို ဆို၏—

**၂၄။ ယဒါ ယဒါ ယတ္ထ ယဒါ၊ ယတ္ထ ယတ္ထ ယဒါ ယဒါ။**
**အာဇညော ကုရုတေ ဝေဂံ၊ ဟာယန္တိ တတ္ထ ဝါဠဝါ။**

အချိန်အခါမရွေး, နေရာမရွေး စစ်မြေပြင်အရပ်မျိုး၌ ဒဏ်ရာရနေသော အခါ၌ပင်လျှင် အာဇာနည် သိန္ဓောမြင်းသည်သာလျှင် အရှိန်အဟုန်ကို ပြုနိုင်၏။ မြည်းမှ ဖြစ်သော မြင်းယုတ်တို့သည် ထိုကဲ့သို့ လုံ့လပြုရာ၌ ယုတ်လျော့ကုန်၏။

ရထားထိန်းသည် ဘုရားလောင်းကို ထစေ၍ ရထား၌ ကပြီး၍ ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဗိုလ်ထုကို ဖျက်၍ ခုနစ်ယောက်မြောက် မင်းကို ရယူ၍ ရထားကို နှင်လျက် မင်းအိမ်တံခါးသို့ သွား၍ သိန္ဓောမြင်းကို ချွတ်၏။

ဘုရားလောင်းသည် နံပါးတစ်ဘက်ဖြင့် လျောင်းသျက် ရှေးနည်းဖြင့်သာလျှင် မင်းအား အသုံးအမကို ပေး၍ စုတိချုပ်၏။ မင်းသည် ဘုရားလောင်း၏ အလောင်းကို သဂြိုဟ်၍ ရထားစီးသူရဲအား ဆုလာဘ်ကို ပေး၍ တရားနှင့် ညီစွာ မင်းပြု၍ ကံအားလျော်စွာ လားး၏။ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ထိုရဟန်းသည် အရဟတ္တဖိုလ်၌ တည်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သျှင် ထိုအခါ သိန္ဓောမြင်း ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ဆယ့်လေးခုမြောက်သော အာဇညဇာတ်သည် ပြီး၏။

---

## ၂၅-တိတ္ထဇာတ်

### သူတစ်ပါး၏ အလိုကို သိသဖြင့် မိမိအလိုသို့ ရောက်လွယ်သည် အကြောင်း

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လူအပေါင်းကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည်“အညမညေဟိ တိတ္ထေဟိ” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤတိတ္ထဇာတ်ကို ဇေတဝန် ကျောင်းတော်၌ နေတော်မူစဉ် တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာ၏ အတူနေတပည့် ဖြစ်သော တစ်ယောက်သော ရွှေပန်းထိမ်သည်သား ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

အာသယာနုသယဉာဏ်သည် အကြောင်း အကြောင်းကြောင့် ဘုရားတို့အားသာလျှင် ဖြစ်၏။ တစ်ပါးကုန်သော သူတို့အားကား မဖြစ်၊ ထိုကြောင့် တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတ္တရာမထေရ်သည် မိမိအား အာသယာနုသယဉာဏ်၏ မရှိသည်၏ အဖြစ်ကြောင့် အတူနေတပည့်ရဟန်း၏ အလိုအာသယကို မသိသည်ဖြစ်၍ အသုဘကမ္မဋ္ဌာန်းကိုသာလျှင် ဟော၏၊ ထိုအသုဘကမ္မဋ္ဌာန်းသည် အတူနေတပည့် ရဟန်းအား မလျောက်ပတ်၊ အဘယ့်ကြောင့် မလျောက်ပတ်သနည်းဟူမူကား ထိုရဟန်းသည် အစဉ်သဖြင့် ၅၀၀ ငါးရာတို့ပတ်လုံး ရွှေပန်းထိမ်သည် အိမ်၌သာလျှင် ပဋိသန္ဓေကို ယူ၏။ ထိုသို့ အစဉ်သဖြင့် ၅၀၀ငါးရာ

တို့ပတ်လုံး ရွှေပန်းထိမ်သည် အိမ်၌ ဖြစ်ရကား ထိုရဟန်း၏ အခါလေးမြင့် စင်ကြယ်စွာသောရွှေကို မြင်ခြင်းကိုသာလျှင် လေ့လာဖူးသည်၏ အဖြစ်ကြောင့် အသုဘ ကမ္မဋ္ဌာန်းသည် မလျော်ကပတ်၊ ထိုရဟန်းသည် အသုဘကမ္မဋ္ဌာန်း၌ နိမိတ်မျှကိုလည်း ဖြစ်စေခြင်းငှါ မတတ်နိုင်သည် ဖြစ်၍ လေးလတို့ကို လွန်စေ၏။ ရှင်သာရိပုတ္တရာ မထေရ်သည် မိမိ၏ အတူနေ တပည့်ရဟန်းအား အရဟတ္တဖိုလ်ကို ရခြင်းငှါ မတတ်နိုင်သည် ဖြစ်၍ ဤရဟန်းသည် မချွတ် ဘုရား ဆုံးမအပ်သော ရဟန်းဖြစ်လတ္တံ့ဟု မြတ်စွာဘုရား အထံတော်သို့ ဆောင်အံ့ဟု ကြံ၍ စောစောကလျှင် ထိုရဟန်းကို ခေါ်၍ ဘုရား အထံတော်သို့ သွား၏။ မြတ်စွာဘုရားသည်လည်း သာရိပုတ္တရာအဘယ့်ကြောင့် ထိုရဟန်းကို ခေါ်၍လာသနည်းဟု မေးတော်မူ၏။ အရှင်ဘုရားအကျွန်ုပ်သည် ဤရဟန်းအား ကမ္မဋ္ဌာန်း ပေး၏။ ဤရဟန်းသည် လေးလတို့ဖြင့် နိမိတ်မျှကိုလည်း မဖြစ်စေနိုင်။ အကျွန်ုပ်သည် ဤရဟန်းကား ဘုရားဆုံးမတော်မူအပ်သော ရဟန်းသည် ဖြစ်လတ္တံ့ဟု ကြံ၍ အရှင်ဘုရားတို့၏ အထံတော်သို့ ခေါ်၍လာ၏ဟု လျှောက်၏။ သာရိပုတ္တရာ သင်သည် အတူနေ တပည့်ရဟန်းအား အဘယ် ကမ္မဋ္ဌာန်းကို ပေးသနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးမြတ်သော အရှင်ဘုရား အသုဘကမ္မဋ္ဌာန်းကို ပေး၏ဟု လျှောက်၏၊ သာရိပုတ္တရာ-သင်၏ သန္တာန်၌ အာသယာနုသယဉာဏ်သည်မရှိ။ သင်သည် သွားလေ။ ညချမ်းအခါမှလာ၍ သင်၏ အတူနေ တပည့်ရဟန်းကိုခေါ်၍ သွားလောဟု မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာမထေရ်ကို လွှတ်လိုက်၍ ထိုရဟန်းအား နှစ်သက်ဖွယ်သော သင်္ကန်းကိုလည်းကောင်း, သင်းပိုင်ကိုလည်းကောင်း ပေးစေ၍ ဤရဟန်းကိုခေါ်၍ ဆွမ်းအလို့ငှါ ဝင်၍ မြတ်သော ခဲဖွယ် ဘောဇဉ်ကိုပေး၍ များစွာသော ရဟန်းအပေါင်း ခြံရံလျက် တစ်ဖန် ကျောင်းသို့လာ၍ ဂန္ဓကုဋိ၌ နေ့အဖို့ကို ကုန်စေ၍ ညချမ်းအခါ၌ ထိုရဟန်းကိုခေါ်၍ ကျောင်းစဉ်လှည့်လည်လျက် သရက်ဥယျာဉ်၌ တစ်ခုသော လေးထောင့်ကန်ကို ဖန်ဆင်း၍ ထိုလေးထောင့်ကန်၌ ကြီးစွာသော ပဒုမ္မာကြာရုံကို ဖန်ဆင်း၍ ထိုပဒုမ္မာကြာရုံ၌လည်း ကြီးစွာသော တစ်ခုသော ပဒုမ္မာကြာပွင့်ကို ဖန်ဆင်း၍ ပဒုမ္မာကြာပွင့်ကို ကြည့်လျက်နေလောဟု နေစေ၍ ဂန္ဓကုဋိသို့ဝင်တော်မူ၏။ ထိုရဟန်းသည် ပဒုမ္မာပွင့်ကို အဖန်တလဲလဲကြည့်၏။ ပဒုမ္မာကြာပွင့်သည် ထိုရဟန်း၏ ရှုစဉ်လျှင် အိုခြင်းသို့ ရောက်၍ အဆင်းပျက်သည် ဖြစ်၏။ ထိုပဒုမ္မာကြာပွင့်၏ အစွန်းမှစ၍ပွင့်ချပ်တို့သည် ကျကုန်လျက် ခဏချင်းဖြင့် အလုံးစုံသော ပွင့်ချပ်တို့သည် ကြွေကုန်၏။ ထိုနောင်မှ ဝတ်မှုံသည် ကြွေ၏။ အချက်မျှသည်သာလျှင် ကြွင်း၏။ ရဟန်းသည် ပဒုမာပွင့်ကို ကြည့်လျက် ပဒုမ္မာကြာပွင့်သည် ယခုပင်လျှင် လှသော အဆင်းရှိ၏။ ရှုဖွယ်ရှိ၏။ ထိုသို့ဖြစ်လျက် ပဒုမ္မာကြာ၏ အဆင်းသည် ဖောက်ပြန်၏။ ပွင့်ချပ်တို့သည်လည်းကောင်း, ဝတ်မှုံတို့သည်လည်းကောင်း ကြွေ၏။ အချက်မျှသည်

သာလျှင် ကြွင်း၏။ ဤသို့သဘောရှိသော ပဒုမ္မာစဉ်လျက် အိုခြင်းသည် ရောက်ဘုံသေး၏။ ငါ၏ ကိုယ်အားသော်ကား အဘယ့်ကြောင့် အိုခြင်းသည် မရောက်လတ္တံ့နည်း။ ခပ်သိမ်းကုန်သော သင်္ခါရတို့သည် အမြဲမရှိကုန်ဟု ဝိပဿနာကို ဖြစ်စေ၏။ မြတ်စွာဘုရားသည် ထိုရဟန်း၏စိတ်သည် ဝိပဿနာသို့ တက်ပြီဟု သိတော်မူလျှင် အရောင်အဝါကို နှံ့စေ၍ ဤဂါထာကို ဟောတော်မူ၏ —

ဥစ္ဆိန္ဒ သိနေဟမတ္တနော၊ ကုမုဒံ သာရဒိကံဝ ပါဏိနာ။
သန္တိ မဂ္ဂမေဝ ဗြူဟယ၊ နိဗ္ဗာနံ သုဂတေန ဒေသိတံ။

ရဟန်း တန်ဆောင်မုန်းလ၌ပွင့်သော ကုမုဒြာကြာကို လက်ဖြင့် ဖြတ်သကဲ့သို့ သင်သည် မိမိ၏ချစ်ခြင်းကို ဖြတ်လော၊ မြတ်စွာဘုရားသည် နိဗ္ဗာန်ကို ဟောကြားအပ်၏၊ သင်သည် နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂသစ္စာကို ပွားလော။

ထိုရဟန်းသည် ဂါထာ၏အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်၍ ငါသည် စင်စစ်ခပ်သိမ်းသော ဘဝမှ လွတ်၏ဟုကြံ၍ ဤဂါထာတို့ဖြင့် ဥဒါန်းကျူး၏။

သော တုဋ္ဌဟဋ္ဌော ပရိပုဏ္ဏမာနသော၊
ခီဏာသဝေါ အန္တိမဒေဟဓာရီ။
ဝိသုဒ္ဓသီလော သုသမာဟိတိန္ဒြိယော၊
စန္ဒောယထာ ရာဟုမုခါ ပမုတ္တော။
သမ္မောဟတံ မောဟမဟန္ဓကာရံ၊
ဝိနောဒယိံ သဗ္ဗမလံ အသေသံ။
အာလောကပဇ္ဇောတကရော ပဘင်္ကရော၊
သဟဿရံသီဝိယ ဘာဏုမာ နဘေ။

ရာဟုခံတွင်းမှ လွတ်သော လကဲ့သို့ နှစ်သက်ရွှင်လန်း ပြည့်စုံသော စိတ်ရှိသော အာသဝေါကုန်ပြီးသော အဆုံးစွန်သော ကိုယ်ကိုဆောင်သော သီလ အထူးစင်ကြယ်သော ကောင်းစွာတည်ကြည်သော ဣန္ဒြေရှိသော ထိုရဟန်းသည် မောဟတည်းဟူသော အမိုက်တိုက်ကြီးကို ကောင်းစွာပယ်၍ အညစ်အကြေး အားလုံးကို အကြွင်းမဲ့ ပယ်ဖျောက်လေပြီ၊ ရောင်ခြည်တစ်ထောင် အလင်း ဆောင်သော နေမင်းသည် ကောင်းကင်၌ ထွန်းလင်းသကဲ့သို့ ထိုရဟန်းသည် လည်း အရောင်အလင်းကို ပြု၏။

ဥဒါန်းကျူးပြီးလျှင် သွား၍ မြတ်စွာဘုရားကို ရှိခိုး၏။ ရှင်သာရိပုတ္တရာမထေရ်သည်လည်း လာ၍ မြတ်စွာဘုရားကို ရှိခိုး၍ မိမိ၏အတူနေတပည့်ရဟန်းကို ခေါ်၍ သွား၏။ ဤအကြောင်းသည် ရဟန်းတို့၏အတွင်း၌ ထင်ရှားဖြစ်၏။ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ရှင်သာရိပုတ္တရာမထေရ်သည် အာသယာနုသယဉာဏ်၏ မရှိခြင်းကြောင့် မိမိ၏အတူနေ တပည့်ရဟန်း၏ အလိုကို မသိနိုင်။ မြတ်စွာဘုရားသည်ကား သိတော်မူ၍ တစ်နေ့ခြင်းဖြင့်လျှင် ထိုရဟန်းအား ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်ကို ပေးတော်မူ၏။ ဘုရားတို့မည်သည်ကား ကြီးသော အာနုဘော်ရှိကုန်၏ဟု မြတ်စွာဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်းကုန်လျက် နေကုန်၏။ မြတ်စွာဘုရားသည် ကြွတော်မူ၍ ခင်းအပ်သောနေရာ၌ နေတော်မူ၍ ရဟန်းတို့ ယခုအခါ၌ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးမားသော အရှင်ဘုရား တပါးသောစကားဖြင့် မစည်းဝေးပါကုန်၊ အရှင်ဘုရားတို့၏သာလျှင် တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာ၏ အတူနေတပည့် ရဟန်း၏ အလိုအာသယကို သိသော ဉာဏ်၏စကားဖြင့် စည်းဝေးကြကုန်၏ဟု လျှောက်ကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ ငါသည် ဘုရားဖြစ်တော်မူ၍ ထိုရဟန်း၏ အလိုအာသယ အကြောင်း အခြင်းအရာကိုသိတော်မူ၏။ထိုသ်ခြင်းသည် အံ့ဖွယ်မရှိသေး၊ ရှေး၌လည်း ငါဘုရားသည် ထိုရဟန်း၏အလိုကို သိသည်သာတည်းဟု မိန့်တော်မူ၍ လွန်လေပြီးသောအကြောင်းကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သောမင်းသည်မင်းပြု၏။ ထိုအခါ ဘုရားအလောင်းသည် မင်းအား အကျိုးကို လည်းကောင်း၊ အကြောင်းကိုလည်းကောင်း ဆုံးမ၏။ ထိုအခါ မင်း၏မင်္ဂလာမြင်း၏ ရေချိုးဆိပ်၌ တစ်ပါးသောမြည်းတို့၏ အမျိုးဖြစ်သော မြင်းယုတ်ကို ရေချိုးစေကုန်၏။ မင်္ဂလာမြင်းသည် မြင်းယုတ်ကို ရေချိုးသောဆိပ်သို့ သက်ခြင်းကို စက်ဆုပ်သည်ဖြစ်၍ သက်ခြင်းကို အလိုမရှိ။ မြင်းထိန်းသည် သွား၍ အရှင်မင်းကြီး မင်္ဂလာမြင်းသည် ရေဆိပ်သို့သက်ခြင်းငှါ အလိုမရှိဟု မင်းအားလျှောက်၏။ မင်းသည် ပညာရှိသွားချေ၊ မင်္ဂလာမြင်းသည် ရေဆိပ်သို့ချသည်ရှိသော် အဘယ့်ကြောင့် မသက်သနည်းဟု စုံစမ်းချေလောဟု ဘုရားလောင်းကို ဆို၏။ ဘုရားလောင်းသည် ရှင်မင်းကြီး ကောင်းပြီဟု မြစ်နားသို့သွား၍ မြင်းကိုကြည့်၍ မြင်း၏ ရောဂါမရှိသည်ကိုသိ၍ အဘယ့်ကြောင့် ဤမြင်းသည် ရေဆိပ်သို့ မသက်သနည်းဟု စုံစမ်းလျက် ဤရေဆိပ်၌ ရှေးဦးစွာ တစ်ပါးသောမြင်းကို ရေချိုးသည် ဖြစ်လတ္တံ့၊ ထို့ကြောင့် ဤမြင်းသည် စက်ဆုပ်သည်ဖြစ်၍ ရေဆိပ်သို့ မသက်ယောင်တကားဟု ကြံ၍ အချင်းတို့၊ ဤရေဆိပ်၌ ရှေးဦးအဘယ်မြင်း

ကို ရေချိုးကုန်သနည်းဟု မြင်းထိန်းတို့ကို မေး၏။ အရှင် မထင်ရှားသော မြင်း ယုတ်တို့ကို ရေချိုးကုန်၏ဟု ဆို၏။ ဘုရားလောင်းသည် ဤမင်္ဂလာမြင်းသည် မိမိ၏သိန္ဓောမျိုး၌ ဖြစ်သည်၏အဖြစ်ကြောင့် စက်ဆုပ်သည်ဖြစ်၍ ဤဆိပ်၌ ရေချိုးခြင်းငှါ အလိုမရှိ၊ မင်္ဂလာမြင်းကို တစ်ပါးသောဆိပ်၌ ရေချိုးခြင်းငှါ သင့်၏ဟု ထိုမြင်း၏အလိုကိုသိ၍ အချင်းမြင်းထိန်း ရှေးဦးစွာ တစ်ပါးသော ဆိပ်သို့ချ၍ လည်း ရေချိုးစေကုန်လော၊ သောက်လည်း သောက်စေကုန်လော ဟု ဆိုလို၍ ဤဂါထာကိုဆို၏။

၂၅။ အညမညေဟိ တိတ္ထေဟိ၊ အဿံ ပါယေဟိ သာရထိ။
အစ္စာသနဿ ပုရိသော၊ ပါယာသဿပိ တပ္ပတိ။

အို မြင်းထိန်း၊ အလွန်စားအပ်သော နို့ဃနာထမင်းဖြင့် ဝသည်ဖြစ်၍ ရောင့်ရဲ၏၊ အခြားသောရေဆိပ်ဖြင့် မင်္ဂလာမြင်းကို ချိုးစေ သောက်စေလော။

မြင်းထိန်းတို့သည် ဘုရားလောင်း၏စကားကို ကြားကုန်၍ မင်္ဂလာမြင်းကို တစ်ပါးသောဆိပ်သို့ ချ၏။ သောက်လည်းသောက်စေကုန်၏။ ချိုးလည်းချိုးစေကုန်၏။ ဘုရားအလောင်းသည် မင်္ဂလာမြင်းသည် ရေသောက်ပြီး၍ ရေချိုး သောက်သောလဉ် မင်း၏အထံသို့သွား၏။ အမောင် ဇာသို့နည်း၊ မင်္ဂလာမြင်းသည် ချိုးလည်းချိုး၏။ သောက်လည်းသောက်၏လောဟုမေး၏။ ရှင်မင်းကြီး ချိုး လည်း ချိုး၏၊ သောက်လည်း သောက်၏ဟု လျှောက်၏။ ရှေးဦးစွာ အဘယ့် ကြောင့် ချိုးခြင်းသောက်ခြင်းငှါ အလိုမရှိသနည်းဟု မေးလေ၏၊ ဤမည် သော အကြောင်းကြောင့်ပါတည်းဟု အလုံးစုံကိုလျှောက်၏။ မင်းသည် ဤသို့ သဘောရှိသော တိရစ္ဆာန်၏အလိုကို စဉ်လျက်လည်း သိနိုင်၏။ ပညာရှိစွတကား ဟု ဘုရားလောင်းအား ကြီးစွာသောစည်းစိမ်တို့ကို ပေး၍ အသက်၏အဆုံး၌ ကံအားလျော်စွာလား၏၊ ဘုရားလောင်းသည်လည်း ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ရဟန်းတို့၊ ငါသည် ယခုသာလျှင် ဤရဟန်း၏အလိုကို သိသည် မဟုတ်သေး။ ရှေး၌လည်း သိသည်သာလျှင်တည်းဟု မိန့်တော်မူ၍ ဤ ဓမ္မဒေသနာကို ဆောင်၍ အနုသန္ဓေကို စပ်၍ ယခုအခါ ဤရဟန်းသည် ထိုအခါ မင်္ဂလာမြင်းဖြစ်ဖူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိအမတ်ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်း တော်မူ၏။

နှစ်ဆယ့်ငါးခုမြောက်သော တိတ္ထဇာတ်သည် ပြီး၏။

## ၂၆-မဟိဠာမုခဇာတ်

### တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး

ပစ္စုပ္ပန်ဝတ္ထု

နှုတ်နှင့်တကွသော လူအပေါင်းကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ပုရာဏ စောရာန ဝစော နိသမ္မ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမဟိဠာမုခဇာတ်ကို ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဒေဝဒတ်သည် အဇာတသတ်မင်းသားကို ကြည်ညိုစေ၍ လာဘ်ပူဇော်သက္ကာကို ဖြစ်စေ၏။ အဇာတသတ်မင်းသားသည် ဒေဝဒတ်အား ဂယာသီသ၌ ကျောင်းဆောက်၍ အထူးထူးသော မြတ်သော အရသာတို့ဖြင့် သုံးနှစ်ပတ်လုံး ထုံအပ်သော မွှေးကြိုင်သော သလေးဘောဇဉ်၏ ဆွမ်းအိုးငါးရာတို့ကို နေ့တိုင်းနေ့တိုင်း ပို့စေ၏၊ လာဘ်ပူဇော်သက္ကာကို မှီ၍ ဒေဝဒတ်အား အခြံအရံများ၏။ ဒေဝဒတ်သည် အခြံအရံနှင့်တကွ ကျောင်း၌သာလျှင် နေ၏။

ထိုအခါ ရာဇဂြိုဟ်ပြည်၌ နေကုန်သော အဆွေခင်ပွန်းနှစ်ယောက်တို့သည် ရှိကုန်၏။ ထိုနှစ်ယောက်တို့တွင် တစ်ယောက်သော အဆွေခင်ပွန်းသည် မြတ်စွာဘုရားအထံ၌ ရဟန်းပြု၏။ တစ်ယောက်သော အဆွေခင်ပွန်းသည် ဒေဝဒတ်၏အထံ၌ ရဟန်းပြု၏၊ ထိုနှစ်ယောက်သော ရဟန်းတို့သည် အချင်းချင်း ထိုအရပ်၌လည်း မြင်ကုန်၏၊ ကျောင်းသို့ သွားကုန်၍လည်း မြင်ကုန်သလျှင်ကတည်း။ ထိုအခါ တစ်နေ့သ၌ ဒေဝဒတ်၏ တပည့်သည် ဘုရားတပည့်ကို ဆို၏၊ ငါ့ရှင်သည် နေ့တိုင်းနေ့တိုင်း ချွေးကို ထွက်ယိုစေလျက် ဆွမ်းအလို့ငှါ အဘယ့်ကြောင့် သွားသနည်း၊ ဂယာသီသ၌ နေ၍လျှင် အထူးထူးသော အရသာတို့ဖြင့် ကောင်းသော ဘောဇဉ်ကို စားလော၊ ဤသို့ သဘောရှိသော ဂဏာဆွမ်းသည် မရှိ၊ သင်သည် အဘယ့်ကြောင့် ဆင်းရဲကို ခံဘိသနည်း၊ သင်သည် စောစောကလျှင် ဂယာသီသသို့သွား၍ ဟင်းလျာနှင့်တကွသော ယာဂုကိုသောက်၍ တစ်ဆယ့်ရှစ်ပါးအပြားရှိသော ဘောဇဉ်ကို စား၍ အထူးထူးသော အရသာတို့ဖြင့် ကောင်းသော ဘောဇဉ်ကို စားခြင်းငှါ မသင့်လောဟု ဆို၏။

ထိုရဟန်းသည် အဖန်တလဲလဲ ဆိုလတ်သည်ရှိသော် သွားလိုသည်ဖြစ်၍ ထိုနေ့မှစ၍ ဂယာသီသသို့ သွား၍ စားပြီးသော် စောစောကလျှင် ဝေဠုဝန်ကျောင်းသို့ လာ၏။

ထိုရဟန်းသည် ခပ်သိမ်းသောကာလ၌ ဖုံးလွှမ်းအုံ့သော်ငါ မတတ်နိုင်၊ ဂယာသီသသို့ သွား၍ ဒေဝဒတ်အား တည်သော ဆွမ်းကို စား၏ဟု မကြာမြင့်မီလျှင် ထင်ရှား၏၊ ထိုအခါ ထိုရဟန်းကို အဆွေခင်ပွန်း ရဟန်းတို့သည် ငါ့ရှင် သင်သည် ဒေဝဒတ်အား တည်သောဆွမ်းကို စားသတတ်ဟူသည် မှန်သလောဟု မေးကုန်၏၊ အဘယ်သူသည် ဤသို့ဆိုသနည်းဟု ဆို၏၊ ဤမည်သောသူလည်း ဆို၏၊ ဤမည်သောသူလည်း ဆို၏ဟု ဆိုကုန်၏၊ ငါ့ရှင်တို့ မှန်ပေ၏၊ ငါသည် ဂယာသီသသို့ သွား၍ စား၏၊ ငါ့အား ဒေဝဒတ်သည် ဆွမ်းကိုမပေး၊ တစ်ပါးကုန်သော သူတို့သည် ပေးကုန်၏ဟု ဆိုကုန်၏၊ ငါ့ရှင် ဒေဝဒတ်သည် ဘုရားတို့၏ ဆန့်ကျင်ဘက် ဆူးငြောင့်ဖြစ်၏။ သီလမရှိ၊ အဓာတသ တ်မင်းကို ကြည်ညိုစေ၍ အဓမ္မဖြင့် မိမိအား လာဘ်ပူဇော်သက္ကာကို ဖြစ်စေ၏။ သင်သည် ဤသို့ သဘောရှိသော ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော သာသနာတော်၌ ရဟန်းပြု၍ ဒေဝဒတ်၏ အဓမ္မဖြင့်ဖြစ်သော ဘောဇဉ်ကို အဘယ့်ကြောင့် စားဘိသနည်း၊ လာလော့ သင့်ကို ဘုရားအထံသို့ ဆောင်ကုန်အံ့ဟု ထိုရဟန်းကို ခေါ်၍ တရားသဘင်သို့ သွားကုန်၏။ မြတ်စွာဘုရားသည် မြင်တော်မူ၍လျှင် ရဟန်းတို့အား အဘယ့်ကြောင့် အလိုမရှိသည်သာလျှင်ဖြစ်သော ထိုရဟန်းကို ခေါ်၍လာကြကုန်သနည်းဟု မိန့်တော်မူ၏။ အရှင်ဘုရား ဟုတ်၏။ ဟုတ်၏၊ ဤရဟန်းသည် အရှင်ဘုရားတို့၏ အထံ၌ ရဟန်းပြု၍ ဒေဝဒတ်၏ အဓမ္မဖြင့်ဖြစ်သော ဘောဇဉ်ကို စား၏ဟု လျှောက်ကုန်၏၊ ရဟန်း သင်သည် ဒေဝဒတ်၏ အဓမ္မဖြစ်သော ဆွမ်းကို စားသတတ်ဟူသည် မှန်သလောဟု မိန့်တော်မူ၏၊ အရှင်ဘုရား ဒေဝဒတ်သည် အကျွန်ုပ်အား မပေး၊ တစ်ပါးကုန်သော သူတို့သည် ပေးကုန်၏၊ ထိုဆွမ်းကို အကျွန်ုပ်သည် စား၏ဟု လျှောက်၏၊ မြတ်စွာဘုရားသည် ရဟန်း သင်သည် ဤဒေဝဒတ်၏ ဆွမ်းကို စားရာ၌ ရှောင်လွှဲခြင်းကို မပြုလင့်၊ ဒေဝဒတ်သည် အကျင့်မရှိ သီလမရှိ၊ အသို့မူ၍လျှင် သင်သည် ရဟန်းပြု၍ ငါဘုရားသာသနာတော်သို့ ဝင်လျက်လျှင် ဒေဝဒတ်၏ ဆွမ်းကို စားဘိသနည်း၊ အခါခပ်သိမ်းလည်း သင်သည် မြင်တိုင်း မြင်းတိုင်းလျှင် ဖြစ်ကုန်သော သူတို့ကို ဆည်းကပ်ဖူး၏ဟု မိန့်တော်မူ၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုမင်း၏ အမတ်ဖြစ်၏။ ထိုအခါ မင်းအား မဟိဠာမုခမည်သော မင်္ဂလာဆင်သည် ရှိ၏။ သီလရှိ၏။ အကျင့်နှင့် ပြည့်စုံ၏။ တစ်စုံတစ်ယောက်သော သူကို မညှဉ်းဆဲ၊ ထိုအခါ တစ်နေ့သ၌ ထိုဆင်၏

တင်းကုပ်အနီး ညဥ့်အတွင်း၌ ခိုးသူတို့သည် လာကုန်၍ ထိုဆင်၏အနီး၌ နေကုန်လျက် ခိုးသူတို့၏ တိုင်ပင်ခြင်းကို တိုင်ပင်ကြကုန်၏။ ဤသို့ ဥမင်ကို တူးအပ်၏။ ဤသို့ ခြံစပ်ဖြတ်ခြင်းအမှုကို ပြုအပ်၏။ ဥမင်ကို လည်းကောင်း, ခြံစပ်ဖြတ်ရာကို လည်းကောင်း, ခရီးနှင့်တူစွာ ရေဆိပ်နှင့်တူစွာ အမှိုက်မရှိ ချုံမရှိ သည်ကို ပြု၍ ဥစ္စာကို ခိုးခြင်းငှါ သင့်၏။ ခိုးသောသူသည် သတ်၍သာလျှင် ခိုးအပ်၏။ ဤသို့ ခိုးသည်ရှိသော် တားခြင်းငှါ စွမ်းနိုင်သောသူ မည်သည် မဖြစ်လတ္တံ့၊ ခိုးသောသူ မည်သည်ကို မသိလတ္တံ့၊ အကျင့်နှင့်ယှဉ်သည် မဖြစ်ရာ၊ ရုန့်ရင်းသည်လည်းကောင်း,ကြမ်းကြုတ်သည်လည်းကောင်း, နှိပ်စက်မှုတတ်သည် လည်းကောင်း, ဖြစ်ရာ၏။ ဤသို့ ခိုးသူတို့၏ တိုင်ပင်ခြင်းကို တိုင်ပင်ကုန်၏၊ ဤသို့ တိုင်ပင်၍ အချင်းချင်း သင်၍ သွားကြကုန်၏။

ဤသို့သော နည်းဖြင့်လျှင် နက်ဖြန် နေ့၌လည်းကောင်း, တိုင်ပင်ကုန်၏။ ဤသို့များသောနေ့တို့၌ ထိုအရပ်သို့လာ၍ တိုင်ပင်ကုန်၏။ ထိုမင်္ဂလာဆင်သည် ထိုခိုးသူတို့၏ စကားကို ကြား၍ ငါ့ကို ထိုသူတို့သည် သင်ကုန်၏ ဟူသော အမှတ်ဖြင့် ယခုငါသည် ရုန့်ရင်းကြမ်းကြုတ်စွာ နှိပ်စက်တတ်သည် ဖြစ်ရာ၏။ ဤသို့နှလုံးသွင်းခြင်းကို ပြု၍ ထိုသို့ သဘောရှိသည် ဖြစ်၏။ စောစောကလျှင် လာသော ဆင်ထိန်းကို နှာမောင်းဖြင့် ယူ၍ မြေ၌ပုတ်သတ်၏။ တစ်ယောက်သော ဆင်ထိန်းကိုလည်း ထိုအတူ သတ်၏။ ဤသို့ လာတိုင်း လာတိုင်းကုန်သော ဆင်ထိန်းတို့ကို သတ်လေသလျှင်ကတည်း။ မဟိဠာမုခဆင်သည် ရူးသည်ဖြစ်၏။ မြင်တိုင်း မြင်တိုင်းသောသူကို သတ်၏ဟု မင်းကြီးအား ကြားကုန်၏။ မင်းသည် ဘုရားလောင်းကို ပညာရှိ သွားချေ အဘယ်အကြောင်းကြောင့် ထိုဆင်သည် ပျက်စီးလေသနည်းဟု စုံစမ်းချေလော့ဟူ၍ စေ၏။ ဘုရားလောင်းသည် သွား၍ ထိုဆင်၏ ကိုယ်၌ ရောဂါမရှိသည်၏ အဖြစ်ကို သိ၍ အဘယ်အကြောင်း ကြောင့်လျှင် ဤဆင်သည် ပျက်စီးသနည်းဟု စုံစမ်းသည်ရှိသော် စင်စစ် အနီး၌ တစ်စုံတစ်ယောက်သော သူတို့၏ စကားကိုကြား၍ ငါ့ကို ထိုသူတို့သည် သင်ကုန်၏ဟူသော အမှတ်ဖြင့် ပျက်စီးဘိ၏ဟု ဆုံးဖြတ်ခြင်းကို ပြု၍ ဆင်ထိန်း တို့ကို ဆင်တင်းကုပ်၏ အနီး၌ ညဥ့်အဖို့၌ တစ်စုံတစ်ယောက်သော သူတို့သည် တစ်စုံတစ်ခုသော စကားကို ဆိုဖူးကုန်သလောဟု မေး၏၊ အရှင် ဆိုဖူး၏။ ခိုးသူ တို့သည် လာကုန်၍ ဆိုကုန်၏ဟု ဆို၏၊ ဘုရားလောင်းသည် သွား၍ ရှင်မင်းကြီး ဆင်၏ကိုယ်၌ တစ်စုံတစ်ခုသော ဖောက်ပြန်ခြင်းသည် မရှိ။ ခိုးသူတို့၏ စကား ကို ကြား၍ ပျက်စီး၏ဟု မင်းအား ကြားလျှောက်၏။ ယခုအသို့ ပြုအံ့သောငှါ သင့်သနည်းဟု ဆို၏။ သီလရှိသော ရဟန်းပုဏ္ဏားတို့ကို ဆင်တင်းကုပ်၌ နေစေ၍ သီလအကျင့်စကားကို ပြောဆိုခြင်းငှါ သင့်၏ဟု ဆို၏။ အမောင် ဤသို့ ပြုလော့ဟု ဆို၏။ ဘုရားအလောင်းသည် သီလရှိသော ရဟန်းပုဏ္ဏား

တို့ကို ဆင်တင်းကုပ်၌ နေစေ၍ အရှင်ဘုရားတို့ သီလအကျင့်စကားကို ပြောဆို ကြကုန်လောဟု ဆို၏။ ထိုရဟန်း ပုဏ္ဏားတို့သည် ဆင်တင်းကုပ်၏ အနီး၌ နေကုန်လျက် တစ်စုံတစ်ယောက်သော သူတို့ကို မှုဘးသောအားဖြင့် မသုံး သပ်အပ် သီလအကျင့်နှင့် ပြည့်စုံသည့် ခန္တီ မေတ္တာ ကရုဏာနှင့် ယှဉ်သည် ဖြစ်ခြင်းငှါ သင့်၏ဟု သီလစကားကို ပြောဆိုကုန်၏၊ ထိုမင်္ဂလာဆင်သည် ထို စကားကို ကြား၍ ငါ့ကို ထိုသူတို့သည် သင်ကုန်၏။ ယနေ့မှ စ၍ ငါသည် သီလရှိသည် ဖြစ်ရာ၏ဟု နှလုံးသွင်း၍ သီလရှိသည် ဖြစ်၏။ မင်းသည် ဘုရားလောင်းကို အမောင် ဆင်သည် သီလရှိသည် ဖြစ်ပြီလောဟု မေး၏၊ ဘုရားလောင်းသည် ရှင်မင်းကြီး သီလရှိသည် ဖြစ်ပြီ။ ဤသို့ သဘောရှိသော ပျက်စီးပြီးသော ဆင်သည် ပညာရှိတို့ကို မှီ၍ ရှေးဖြစ် သော အကျင့်တရား၌သာလျှင် တည်၏ဟုဆိုလို၍ ဤဂါထာကိုဆို၏။

၂၆။ ပုရာဏ စောရာန ဝ စော နိသမ္မ၊ မဟိဠာမုခေါ ပေါထယမန္ဒစာရီ။
သုသညတာနံ ဟိ ဝစော နိသမ္မ၊ ဂဇုတ္တမော သဗ္ဗဂုဏေသု အဋ္ဌာ။

မဟိဠာမုခ မည်သော ဆင်သည် ရှေးဦးစွာ ခိုးသူတို့၏ စကားကို ကြား၍ အတုလိုက်၍ ကျင့်၏။ ဆင်ထိန်းကို ပုတ်သတ်၏။ မြတ်သော ဆင်သည် ကိုယ်, နှုတ်, နှလုံး စောင့်ထိန်းသော ရဟန်း, ပုဏ္ဏားတို့၏ စကားကို ကြား၍ ခပ်သိမ်း သော ကျေးဇူး၌ တည်၏။

မင်းသည် တိရစ္ဆာန်၏ အလိုကိုလည်း သိပေ၏ဟု ဘုရားလောင်းအား ကြီးစွာသော စည်းစိမ်ကို ပေး၏၊ ထိုမင်းသည် အသက်ထက်ဆုံး တည်၍ ဘုရားလောင်းနှင့် တကွ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ရဟန်း ရှေး၌လည်း သင်သည် မြင်တိုင်း မြင်တိုင်း ကုန်သော သူတို့ကိုသာလျှင် ဆည်းကပ်တတ်၏။ ခိုးသူတို့၏ စကားကို ကြား၍ ခိုးသူတို့သို့ ဆည်းကပ်၏။ တရားကို စောင့်ကုန်သော သူတို့၏ စကားကို ကြား၍ တရားစောင့်သော သူတို့ကို ဆည်းကပ်ဖူး၏ဟု ဤဓမ္မဒေသနာကို ဆောင်၍ အနုသန္ဓေကို စပ်၍ ယခုအခါ ဆန့်ကျင်ဘက် အပေါင်းအဖော်ကို မှီဝဲသော ရဟန်းသည် ထိုအခါ မဟိဠာမုခဆင် ဖြစ်ဖူးပြီ။ ယခုအခါ အာနန္ဒာ သည် ထိုအခါ မင်းဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ အမတ် ပညာရှိ ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ဆယ့်ခြောက်ခုမြောက်သော မဟိဠာမုခဇာတ်သည် ပြီး၏။

## ၂၇-အဘိဏှဇာတ်

### လွန်စွာ အကျွမ်းဝင်ကြသော ဆင်နှင့် ခွေး

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လူကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရား သည် နာလံ ကဗဋ္ဋံ ပဒါတဝေ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအဘိဏှဇာတ်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် တစ်ယောက်သော သီတင်းသည်ကိုလည်းကောင်း မထေရ်ကြီးကိုလည်းကောင်း အကြောင်းပြု၍ ဟောတော်မူ၏။ သာဝတ္ထိပြည်၌ နှစ်ယောက်ကုန်သော အဆွေခင်ပွန်းတို့သည် ရှိကုန်သတတ်။ ထိုနှစ်ယောက်ကုန်သော အဆွေ ခင်ပွန်းတို့တွင် တစ်ယောက် သော အဆွေ ခင်ပွန်းသည် ရဟန်းပြု၍ တစ်ယောက်သော အဆွေ ခင်ပွန်း၏ လူ၏ အိမ်သို့ နေ့တိုင်း နေ့တိုင်း သွား၏။ အဆွေခင်ပွန်းဖြစ်သော သီတင်းသည် သည် အဆွေခင်ပွန်း ရဟန်းအား ဆွမ်းကို လှူ၍ မိမိလည်း စား၍ ထိုရဟန်းနှင့် တကွ ကျောင်းသို့ သွား၍ နေဝင်သည်တိုင်အောင် ရှေးဦးစွာ ပြောခြင်း အတွံ့ ပြောခြင်းဖြင့် နေ၍ မြို့သို့ ဝင်၏။ အဆွေခင်ပွန်း ရဟန်းသည်လည်း ထိုအဆွေ ခင်ပွန်း သီတင်းသည်ကို မြို့တံခါးတိုင်အောင် ပို့လိုက်၍ ပြန်ခဲ့၏။ ရဟန်း လူတို့၏ ထိုအကျွမ်းဝင်ခြင်းသည် ရဟန်းတို့ အတွင်း၌ ထင်ရှား၏။ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် ထိုရဟန်း လူတို့၏ အကျွမ်းဝင်ခြင်းကို ပြောဆိုကုန်လျက် တရား သဘင်၌ နေကုန်၏။ မြတ်စွာဘုရားသည် ကြွတော်မူ၍ ရဟန်းတို့ ယခုအခါ သင်တို့သည် အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၏။ ထိုရဟန်းတို့သည် အရှင်ဘုရား–ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်ကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ ဤရဟန်း လူတို့သည် ယခုသာလျှင် အကျွမ်းဝင်သည် မဟုတ်သေး။ ရှေး၌လည်း အကျွမ်းဝင်ဖူး ကုန်သည် သာလျှင်တည်းဟု မိန့်တော်မူ၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

#### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုလတ်သော် ဘုရားလောင်းသည် ထိုမင်း၏ အမတ်ဖြစ်၏။ ထိုအခါ တစ်ခုသော ခွေးသည် ဆင်တင်းကုပ်သို့သွား၍ မင်္ဂလာဆင်၏ စားရာအရပ်၌ ကျကုန်သော ထမင်းလုံးတို့ကို စား၏။ ထိုခွေးသည် အစာကြောင့် အဆွေ ခင်ပွန်း ဖွဲ့လျက် မင်္ဂလာဆင်အား အကျွမ်းဝင်သည်ဖြစ်၍ ဆင်၏ အထံ၌ သာလျှင် စား၏။ နှစ်ခုကုန်သော သတ္တဝါတို့သည် ကင်း၍ နေခြင်းငှါ မတတ်

နိုင်ကုန်။ မင်္ဂလာဆင်သည် ခွေးကို နှာမောင်းဖြင့် ယူ၍ တစ်ပြောင်းပြန်ပြန် ကစားစေ၏။ မြှောက်၍ ဦးကင်း၌ တင်၏။ ထိုအခါ တစ်နေ့သ၌ တစ်ယောက် သော ရွာ၌ နေသော သူသည် ဆင်ထိန်းအား အဖိုး ပေး၍ ထိုခွေးကို ယူ၍ မိမိရွာသို့ သွား၏။ ထိုအခါမှစ၍ မင်္ဂလာဆင်သည် ခွေးကို မမြင်သည် ဖြစ်၍ စားလည်း မစား၊ သောက်လည်းမသောက်၊ ရေလည်း မချိုး။ ထိုအကြောင်းကို မင်းအား ကြားလျှောက်ကုန်၏။ မင်းသည် ဘုရားလောင်းကို ပညာရှိ-သွားချေ အဘယ့်ကြောင့် ဆင်သည် ဤသို့ ပြုသနည်းဟု စုံစမ်းချေလောဟု စေ၏။

ဘုရားလောင်းသည် ဆင်တင်းကုပ်သို့သွား၍ ဆင်၏ နှလုံးမသာသည်၏ အဖြစ်ကို သိ၍ ဤဆင်၏ကိုယ်၌ ရောဂါသည် မထင်၊ ထိုဆင်အား တစ်စုံတစ်ခု သော သတ္တဝါနှင့် တကွ မိတ်ဖွဲ့သည် ဖြစ်ရာ၏။ ဤမင်္ဂလာ ဆင်သည် အကျွမ်း ဝင်သော သတ္တဝါကို မမြင်ရ၍ စိုးရိမ်ခြင်း နှိပ်စက်သလေယောင် တကားဟု နှလုံးသွင်း၍ ဆင်ထိန်းတို့ကို ဤဆင်အား တစ်စုံတစ်ခုသော သတ္တဝါနှင့် အကျွမ်းဝင်သည် ရှိသလောဟု မေး၏။ အရှင် ရှိ၏၊ တစ်ခုသော ခွေးနှင့်တကွ အားကြီးစွာသော ချစ်ခြင်းသည် ဖြစ်၏ဟု ဆို၏။ ထိုခွေးသည် ယခု အဘယ်မှာ နည်းဟု မေး၏။ တစ်ယောက်သော သူသည် ဆောင်အပ်၏ဟု ဆို၏။ ထိုသူ၏ နေရာအရပ်ကို သိကြကုန်၏လောဟု မေး၏။ အရှင် အကျွန်ုပ်တို့ မသိကုန်ဟု ဆို၏။ ဘုရားလောင်းသည် မင်းအထံသို့ သွား၍ ရှင်မင်းကြီး မင်္ဂလာဆင်အား တစ်စုံတစ်ခုသော အနာသည် မရှိ၊ တစ်ခုသော ခွေးနှင့်တကွ အားကြီးစွာသော အကျွမ်းဝင်ခြင်းသည်ကား ဖြစ်၏။ ထိုခွေးကို မမြင်သည်ဖြစ်၍ မစားမသောက် တကားဟု ဆိုလို၍ ဤဂါထာကို ဆို၏။

> ၂၇။ နာလံ ကဗဠံ ပဒါတဝေ၊
> န စ ပိဏ္ဍံ န ကုသေ န ဃံသိတုံ။
> မညာမိ အဘိဏှဒဿနာ၊
> နာဂေါ သ္နေဟမကာသိ ကုက္ကုရေ။

ဤမင်္ဂလာဆင်သည် ထမင်းဆုပ်ကို ယူခြင်းငှါ မစွမ်းနိုင်၊ ထမင်းဆုပ်ကို လည်းကောင်း၊ မြက်တို့ကိုလည်းကောင်း ယူခြင်းငှါ မစွမ်းနိုင်၊ ကိုယ်ကိုပွတ်တိုက် ခြင်းငှါ မစွမ်းနိုင်၊ ဆင်သည် ခွေးကို အမြဲမပြတ် တွေ့မြင်နေရခြင်းကြောင့် ချစ်ခင်မှု သံယောဇဉ်ကို ပြုသည် ထင်၏။

မင်းသည် ဘုရားလောင်း၏ စကားကိုကြား၍ ပညာရှိ ယခု အသို့ပြုအပ် သနည်းဟု မေး၏။ မြတ်သောမင်းကြီး ငါတို့မင်္ဂလာဆင်၏ အဖော်ဖြစ်သော ခွေးကို တစ်ယောက်သော သူသည် ယူ၍ သွားသတတ်၊ အကြင်သူ၏ အိမ်၌ ထိုခွေးကိုမြင်၏။ ထိုသူအား ဤမည်သော ဒဏ်ပေးအံ့ဟု စည်ကို လည်စေ

လော့ဟုဆို၍ မင်းသည် ဘုရားလောင်းဆိုတိုင်း ပြုစေ၏။ ထိုစကားကိုကြား၍ ထိုယောကျ်ားသည် ခွေးကိုလွှတ်၏။ ခွေးသည် လျင်မြန်စွာပြေး၍ ဆင်၏ အထံသို့သာလျှင် သွား၏။ ဆင်သည် ထိုခွေးကို နှာမောင်းဖြင့်ယူ၍ ဦးကင်း၌ ထား၍ မျက်ရည် ယိုလျက် ငို၍ ဦးကင်းမှချ၍ ခွေးသည် စားပြီးသည်ရှိသော် နောက်မှ မိမိသည် စား၏။ ထိုတိရစ္ဆာန်၏ အလိုကိုလည်း သိနိုင်၏ဟု မင်းသည် ဘုရားလောင်းအား ကြီးသော စည်းစိမ်ကို ပေး၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ရဟန်းတို့ ဤအဆွေ ခင်ပွန်းဖြစ်ကုန်သော လူ ရဟန်း တို့သည် ယခုသာလျှင် အကျွမ်းဝင်ကုန်လေသည် မဟုတ်သေး၊ ရှေး၌လည်း အကျွမ်းဝင်ဖူးကုန်သည် သာလျှင်တည်းဟု မိန့်တော်မူ၍ ဤမေ့ဒေသနာကို ဆောင်၍ လေးပါးသော သစ္စာစကားဖြင့် လည်စေ၍ အနုသန္ဓေကို စပ်၍ ယခုအခါ သီဘင်းသည်သည် ထိုအခါ ခွေးဖြစ်ဖူးပြီ၊ ယခုအခါ မထေရ်သည် ထိုအခါ မင်္ဂလာဆင် ဖြစ်ဖူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ အမတ်ပညာရှိ ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ဆယ့်ခုနစ်ခုမြောက်သော အဘိဏှဇာတ်သည် ပြီး၏။

---

## ၂၈-နန္ဒိဝိသာလဇာတ်

### နွားတ်ချီ လျှီတစ်ပါး

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လူတို့ကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် မနုညမေဝ ဘာသေယျ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤနန္ဒိဝိသာလဇာတ်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့၏ ဆဲရေးခြင်းကိုအကြောင်းပြု၍ ဟောတော်မူ၏။ ထိုစကားကို ချဲ့ဦးအံ့၊ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခိုက်ရန်ကိုပြုကုန်လျက် သီလကိုချစ်ကုန် သောရဟန်းတို့ကို ဆဲရေး ရှုတ်ချကုန်၏၊ နှုတ်လှံထိုးကုန်၏၊ ဆယ်ပါးသော အကြောသဝတ္ထုတို့ဖြင့် ဆဲရေးကုန်၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ကြား လျှောက်ကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို ခေါ်စေ၍ရဟန်း တို့၊ သင်တို့သည် ခိုက်ရန်ပြုကုန်သတတ် ဟူသည်ကား မှန်သလောဟု မေးတော် မူ၏။ အရှင်ဘုရား မှန်ပေ၏ဟု နားတော် လျှောက်ကုန်သည်ရှိသော် ကဲ့ရဲ့ တော်မူ၍ ရဟန်းတို့၊ ရှန့်ရင်းကြမ်းတမ်းသော စကားမည်သည်ကို တိရစ္ဆာန်တို့

သည်လည်း မနှစ်သက်ကုန်၊ ရေး၌လည်း ဟာစ်ခုသော တိရစ္ဆာန်ဖြစ်သော နွားသည် မိမိကို ကြမ်းကြုတ်သောစကားဖြင့် ဆိုသော ပုဏ္ဏားကို အသပြာ တစ်ထောင် ရှုံးစေ၏ဟု မိန့်တော်မူ၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ ဂန္ဓာရမင်းသည် မင်းပြု၏၊ ထိုအခါ ဘုရားအလောင်းသည် နွားအမျိုး၌ ဖြစ်၏၊ ထိုအခါ ဘုရားလောင်းကို ငယ်သောကာလ၌လျှင် ပုဏ္ဏားတစ်ယောက်သည် နွားလှူ တတ်သော ဒါယကာတို့၏ အထံမှ ရ၍ နန္ဒိဝိသာလဟူသော အမည်ကိုမှည့်၍ သား၏အရာ၌ ထား၍ ချစ်မြတ်နိုးသည်ဖြစ်၍ ယာဂုထမင်း အစရှိသည်တို့ကို ပေး၍ မွေး၏။ ဘုရားလောင်းသည် အရွယ်သို့ ရောက်သည်ရှိသော် ဤပုဏ္ဏားသည် ငြိုငြင်သဖြင့် ငါ့ကို လုပ်ကျွေး၏၊ အလုံးစုံသော ဇမ္ဗူဒိပ်၌ ငါနှင့်တကွ ထပ်တူမျှသော တစ်ပါးသော နွားမည်သည် မရှိ၊ ငါသည် မိမိ၏ အားကိုပြ၍ ပုဏ္ဏားအား မွေးကျေးဇူးကို ဆပ်ရမူကား ကောင်း၏ ဟုကြံ၏၊ နန္ဒိဝိသာလသည် တစ်နေ့သ၌ ပုဏ္ဏားကို ပုဏ္ဏား သွားချေ၊ ဂေါဝိတ္တကသူဌေးသို့ကပ်၍ ငါ၏နွားသည် တစ်စပ်ထည်း ဖွဲ့အပ်သော လှည်းတစ်ရာကို လိမ့်စေနိုင်၏ဟုဆို၍ အသပြာတစ်ထောင်ဖြင့် လောင်းခြင်းကို ပြုလော့ဟု ဆို၏။ ပုဏ္ဏားသည် သူဌေးအထံသို့သွား၍ ဤမြို့၌ အဘယ်သူ၏ နွားသည် စွမ်းအားနှင့် ပြည့်စုံသနည်းဟု စကားကို ဖြစ်စေ၏။ ထိုအခါ ပုဏ္ဏားကို ဂေါဝိတ္တက သူဌေးသည် ဤမည်သောသူ၏ နွားသည်လည်း စွမ်းအားနှင့် ပြည့်စုံ၏။ ဤမည်သောသူ၏ နွားသည်လည်း စွမ်းအားနှင့်ပြည့်စုံ၏ဟုဆို၍ အလုံးစုံသောမြို့၌ကား ငါတို့နွားနှင့် တူသော နွားသည် မရှိဟု ဆို၏။ ပုဏ္ဏားသည် ငါ့အား တစ်စပ်တည်း ဖွဲ့အပ်သောလှည်းတစ်ရာကို လိမ့်စေခြင်းငှါ စွမ်းနိုင်သော တစ်ခုသော နွားသည် ရှိ၏ဟုဆို၏၊ ဂေါဝိတ္တကသူဌေးသည် ဤသို့ သဘောရှိသောနွားသည် အဘယ်မှာရှိသနည်းဟု ဆို၏၊ ပုဏ္ဏားသည် ငါ့အိမ်၌ ရှိ၏ဟုဆို၏၊ ထိုသို့ဖြစ်မူကား အသပြာတစ်ထောင်ဖြင့် လောင်းခြင်းကို ပြုလော့ဟုသူဌေးကဆို၏ ပုဏ္ဏားသည် ကောင်းပြီ ပြုအံ့ဟုအသပြာတစ်ထောင်ဖြင့် လောင်းခြင်းကိုပြု၏၊ ပုဏ္ဏားသည် လှည်းတစ်ရာကို သဲကျောက်မရစ်တို့ဖြင့်သာလျှင် ပြည့်စေ၍ အစဉ်သဖြင့် ထား၍ အလုံးစုံသောလှည်းတို့ကို ဝင်ရိုး၌ဖွဲ့သော လွန်ဖြင့် တစ်ပေါင်းတည်းဖွဲ့၍ နန္ဒိဝိသာလကို ရေချိုး၍ နံ့သာလက်ငါးချောင်းရာကိုပေး၍ လည်၌ ပန်းကုံးစွပ်၍ ရှေးဦးစွာသော လှည်းဦး၌ တစ်ကောင်တည်းကိုသာလျှင် က၍ မိမိသည်လည်း လှည်းဦး၌ ထိုင်၍ နှင်တံကို မြှောက်၍ ကောက်ကျစ်သောနွား သွားလော့၊ ကောက်ကျစ်သောနွား ဝန်ကိုဆောင်လော့

ဟု ဆို၏၊ ဘုရားလောင်းသည် မကောက်ကျစ်သော ငါ့ကို ကောက်ကျစ်၏ ဟူသောစကားဖြင့် ဆိုအင်၏ ဟူ၍ ခြေလေးဘက်တို့ကို တိုင်တို့ကဲ့သို့မလှုပ်သည်တို့ကို ပြု၍ ရပ်၏။

ထိုခဏ၌လျှင် ဂေါဝိတ္တကသူဌေးသည် ပုဏ္ဏားကို အသပြာ တစ်ထောင်ကို လျော်စေ၏။ ပုဏ္ဏားသည် အသပြာတစ်ထောင်မှ ရှုံးသည်ဖြစ်၍ နွားကို ချွတ်၍ အိမ်သို့သွား၍ စိုးရိမ်ခြင်း နှိပ်စက်ရကား လျောင်း၏၊ နန္ဒိဝိသာလသည် ကျက်စား၍လာပြီးသည်ရှိသော် စိုးရိမ်ခြင်းဖြင့် နှိပ်စက်သော ပုဏ္ဏားကိုမြင်၍ ကပ်လျက် ပုဏ္ဏား အဘယ့်ကြောင့် အိပ်သနည်းဟု မေး၏။ အသပြာ တစ်ထောင်မှ ရှုံးသော ငါ့အား အဘယ်မှာ အိပ်ပျော်အံ့နည်းဟု ဆို၏။ ပုဏ္ဏား ငါသည် ဤမျှလောက်သော ကာလပတ်လုံး သင့်အိမ်၌ နေသဖြင့် တစ်စုံတစ်ခုသော ခွဲဖူးသော အိုးသည်လည်း ရှိသလော၊ နင်းနယ်ဖူးသော တစ်စုံတစ်ခုသော ဥစ္စာသည်လည်း ရှိသလော၊ အရာမဟုတ်သည်၌ စွန့်ဖူးသော ကျင်ကြီး ကျင်ငယ်သည်မူလည်း ရှိသလောဟု မေး၏။ ချစ်သား မရှိပေဟု ဆို၏။ ထိုသို့လျက် ငါ့ကို အဘယ်ကြောင့် ကောက်ကျစ်၏ ဟူသော စကားဖြင့် ဆိုဘိသနည်း၊ ဤအပြစ်သည် သင်၏အပြစ်သာလျှင်တည်း၊ ငါ့အားကား အပြစ်မရှိ၊ သွားချေ ဂေါဝိတ္တကသူဌေးနှင့်တကွ အသပြာ နှစ်ထောင်တို့ဖြင့် လောင်းခြင်းကို ပြုချေဦးလော၊ မကောက်ကျစ်သော ငါ့ကို သက်သက် ကောက်ကျစ်၏ ဟူသော စကားဖြင့် မခေါ်ဝေါ်လင့်ဟု ဆို၏။

ပုဏ္ဏားသည် ဘုရားလောင်း စကားကို ကြား၍ အသပြာ နှစ်ထောင်တို့ဖြင့် လောင်းခြင်းကို ပြု၍ ရှေးနည်းဖြင့်သာလျှင် လှည်းတစ်ရာကို တစပ်ထည်းဖွဲ့၍ နန္ဒိဝိသာလကို တန်ဆာဆင်၍ ရှေးဦးစွာသော လှည်းဦး၌ က,၏။ အဘယ်သို့ကသနည်းဟူမူကား ထမ်းပိုးဦး၌ မလှုပ်အောင်ဖွဲ့၍ တစ်ခုသော အစွန်းဖြင့် နန္ဒိဝိသာလကို က,၍ တစ်ခုသော အစွန်းကို လွန်ဖြင့် ရစ်၍ ထမ်းပိုးစွန်းကိုလည်းကောင်း, ဝင်ရိုးကို လည်းကောင်း, လှည်းအိမ်ထုပ်ကို လည်းကောင်း မှီ၍ ဦးပြည်းသစ်သားကို ထောက်၍ လွန်ဖြင့် မလှုပ်အောင် ဖွဲ့၍ ထား၏။ ထိုစကားသည် မှန်၏။ ဤသို့ ပြုသည်ရှိသော် ထမ်းပိုးသည် ထိုသို့ လည်းကောင်း ဤသို့ လည်းကောင်းမရွေ့ တစ်ကောင်တည်းသော နွားသည်သာလျှင် ငင်ခြင်းငှါ တတ်နိုင်၏။ ထိုအခါ ပုဏ္ဏားသည် လှည်းဦး၌ ထိုင်၍ နန္ဒိဝိသာလ၏ ကျောက်ကုန်းကို သုံးသပ်၍ ကောင်းသောနွား သွားပါလော၊ ကောင်းသောနွားဝန်ကို ဆောင်ပါလောဟု ဆို၏။ ဘုရားလောင်းသည် အလွန်ဖွဲ့အင်သော လှည်းတစ်ရာကို တစ်ဟုန်တည်းချင်း ငင်၍ နောက်၌ တည်သော လှည်းကို ရှေ၌ တည်သော လှည်း၏ နေရာ၌သာလျှင် တည်စေ၏။ ဂေါဝိတ္တကသူဌေးသည် ရှုံးသည် ဖြစ်၍ ပုဏ္ဏားအား အသပြာ နှစ်ထောင်တို့ကို ပေး၍

တစ်ပါးကုန်သော သူတို့သည်လည်း ဘုရားလောင်းအား များစွာသော ဥစ္စာကို ပေးကုန်၏။ အလုံးစုံသော ဥစ္စာသည် ပုဏ္ဏားအားသာလျှင် ဖြစ်၏။ ထိုသို့ ဘုရားလောင်းကို မှီ၍ များစွာသော ဥစ္စာကို ရ၏ဟု မိန့်တော်မူ၍ မြတ်စွာ ဘုရားသည် ရဟန်းတို့ ကြမ်းကြုတ်သော စကားမည်သည်ကို တစ်စုံ တစ်ယောက်သော သူသည် မနှစ်သက်ဟု ဟောကော်မူ၍ ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို ကဲ့ရဲ့တော် မူပြီးသော် သိက္ခာပုဒ်ကို ပညတ်တော်မူ၍ ဘုရားဖြစ်၍ ဤဂါထာကို ဟောတော်မူ၏။

၂၈။ မနုညမေဝ ဘာသေယျ၊ နာမနုညံ ကုဒါစနံ။
မနုညံ ဘာသမာနဿ၊ ဂရုံ ဘာရံ ဥဒဒ္ဓရိ။
ဓနဉ္စ နံ အလာဘေသိ၊ တေန စ'တ္တမနော အဟု။

နှစ်သက်ဖွယ်သော စကားကို သာလျှင် ဆိုရာ၏၊ မနှစ်သက်ဖွယ်သော စကားကို တစ်ရံ တစ်ဆစ်မျှ မဆိုရာ၊ နှစ်သက်ဖွယ်သော စကားကို ဆိုသော ပုဏ္ဏား၏ လေးလံသော လှည်းတစ်ရာကို ရုန်း၍ ဆွဲထုတ်လေပြီ၊ ထိုပုဏ္ဏားကို ဥစ္စာလည်း ရစေပြီ၊ ထို့ကြောင့် ပုဏ္ဏားသည် ဝမ်းမြောက် ဝမ်းသာ စိတ်ချမ်းသာ ဖြစ်ရလေ၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် မနုညမေဝ ဘာသေယျ အစရှိသော ဤဓမ္မ ဒေသနာ တော်ကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ပုဏ္ဏား ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ နန္ဒိဝိသာလနွား ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ဆယ့်ရှစ်ခုမြောက်သော နန္ဒိဝိသာလဇာတ်သည် ပြီး၏။

---

၂၉-ကဏှဇာတ်

လှည်းငါးရာ ဆွဲတင်နိုင်သော နွားလား

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လူကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရား သည် ယတော ယတော ဂရုဓုရံ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အင်သော ဤကဏှဇာတ်ကို ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ယမိုက်ပြာဋိဟာကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုယမိုက်ပြာဋိဟာသည် တာဝတိံသာ နတ်ပြည်မှ ဆင်းသက်တော်မူသော စကားနှင့်တကွ တေရသကနိပါတ် သရဘင် ဇာတ်၌ ထင်စွာဖြစ်လတ္တံ့။

မြတ်စွာဘုရားသည်ကား ယမိုက်ပြာဋိဟာကို ပြတော်မူ၍ နတ်ပြည်၌ သုံးလပတ်လုံး ဝါဆို၍ မဟာပဝါရဏာနေ့၌ သင်္ကဿမြို့တံခါး၌ သက်၍ များစွာသော အခြံအရံဖြင့် ဇေတဝန်ကျောင်းတော်သို့ ဝင်တော်မူပြီးသည် ရှိသော် ရဟန်းတို့သည် တရားသဘင်၌ စည်းဝေး၍ ငါ့ရှင်တို့ ဘုရားမည်သည်ကား အတုမရှိ ရွက်ဆောင်နိုင်၏။ မြတ်စွာဘုရားသည် ရွက်ဆောင်အပ်သော ဝန်ကို တစ်ပါးသော ရွက်ဆောင်ခြင်းငှါ စွမ်းနိုင်သော်သူ မည်သည် မရှိ။ ဆရာခြောက်ယောက်တို့သည်သာလျှင် ယမိုက်ပြာဋိဟာကို ပြကုန်အံ့ဟု ဆိုကုန်၍ တစ်ခုသော ပြာဋိဟာကိုလည်း မပြနိုင်ကုန်။ မြတ်စွာဘုရားသည် အံ့ဖွယ်ရှိစွ။ အတုမရှိ ရွက်ဆောင်နိုင်၏ဟု ဘုရားကျေးဇူးကို ချီးမွမ်းကုန်လျက် နေကုန်၏။ မြတ်စွာဘုရားသည် ကြွတော်မူလာ၍ ရဟန်းတို့ ယခုအခါ၌ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၏။ အရှင်ဘုရား တစ်ပါးသောစကားဖြင့် မစည်းဝေးပါကုန်။ ဤသို့သဘောရှိသော အရှင်ဘုရားတို့၏ကျေးဇူးစကားဖြင့်သာလျှင် စည်းဝေးပါကုန်၏ဟု လျှောက်ကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ ယခုအခါ ငါဘုရားသည် ရွက်ဆောင်အပ်သော ဝန်ကို အဘယ်သူသည် ရွက်ဆောင်နိုင်လတ္တံ့နည်း။ ရှေး၌ တိရစ္ဆာန်အမျိုး၌ ဖြစ်လျက်လည်း ငါသည် မိမိနှင့်ထပ်တူ ရွက်ဆောင်နိုင်သော တစ်စုံတစ်ယောက်သောသူကို မရစဖူးဟု မိန့်တော်မူ၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် နွားအမျိုး၌ ဖြစ်၏။ ထိုအခါ ဘုရားလောင်းကို အရှင်တို့သည် နွားငယ်ဖြစ်စဉ် ကာလ၌လျှင် တစ်ယောက်သော သက်ကြီးမ၏အိမ်၌ နေ၍ ထိုသက်ကြီးမအား အိမ်၌နေရသော အခတည်းဟု ပိုင်းခြား၍ ပေးကုန်၏။ ထိုသက်ကြီးမသည် ထိုနွားငယ်ကို ယာဂုထမင်း အစရှိသည်တို့ဖြင့် လုပ်ကျွေးလျက် သားအရာ၌ထား၍ မွေး၏။ ထိုနွားသည် အယျိကာကာဠကဟူ၍ သာလျှင် အမည်တွင်၏။ အရွယ်သို့ ရောက်သည်ရှိသော်လည်း မျက်စဉ်းညို အဆင်းရှိသည်ဖြစ်၍ ရွာ၌ နွားတို့နှင့် တကွ ကျက်စား၏။ သီလအကျင့်နှင့် ပြည့်စုံ၏။ ရွာသူသားငယ်တို့သည် ချိုတို့၌လည်းကောင်း, နားတို့၌လည်းကောင်း ကိုင်၍ တွဲလွဲဆွဲကုန်၏။ အမြီး၌ကိုင်၍ ကစားကုန်၏။ ကျောက်ကုန်း၌လည်း စီးကုန်၏။ ထိုဘုရားလောင်းနွားသည် တစ်နေ့သ၌ ငါ့အမိသည် ဆင်းရဲ၏။ ငါ့ကို သားအရာ၌ထား၍ ဆင်းရဲသဖြင့် မွေး၏။ ငါသည် အခစားကိုပြု၍ အမိကို ဆင်းရဲမှ လွတ်စေရမူကား ကောင်း၏ဟု ကြံ၍ ထိုဘုရားလောင်း နွားသည် ထိုနေ့မှစ၍ အခကို စုံစမ်းလျက် သွား၏။

တစ်နေ့သ၌ တစ်ယောက်သော လှည်းကုန်သည်သားသည် လှည်းငါးရာတို့ဖြင့် မညီမညွတ်သော ဆိပ်သို့ ရောက်လေ၏။ ထိုလှည်းကုန်သည်၏ နွားတို့သည် လှည်းတို့ကို တက်စေအံ့သောငှါ မတတ်နိုင်ကုန်။ ငါးရာကုန်သော လှည်းတို့၌ ထမ်းပိုး အဆင့်ဆင့်ဖြင့် ကအပ်ကုန်သော နွားတို့သည် တစ်စီးသော လှည်းကိုလည်း ထုတ်အံ့သောငှါ မတတ်နိုင်ကုန်။ ဘုရားလောင်းသည်လည်း နွားတို့နှင့်တကွ ဆိတ်၏အနီး၌ သွား၏။ လှည်းကုန်သည်သားလည်း နွားတို့၏ လက္ခဏာကို ပြသောကျွမ်းကို တတ်၏။ လှည်းကုန်သည်သားသည် ထိုနွားတို့၏ အတွင်း၌ ဤလှည်းတို့ကို ထုတ်ခြင်းငှါ စွမ်းနိုင်သော နွားဥသဘ အာဇာနည်ကို စုံစမ်းသည်ရှိသော် ဘုရားလောင်းကိုမြင်၍ ဤအာဇာနည် နွားသည် ငါ၏ လှည်းကို ထုတ်ခြင်းငှါ စွမ်းနိုင်လတ္တံ့။ အဘယ်သူသည်လျှင် ထိုနွား၏ အရှင်နည်းဟု နွားကျောင်းသားတို့ကို မေး၏။ မေးပြီး၍ ငါသည် နွားကို လှည်းတို့၌ကပ်၍ လှည်းတို့ကို ထုတ်ပြီးသည်ရှိသော် အခကို ပေးအံ့ဟု ဆို၏။ ထိုနွားကျောင်းသားတို့သည် ယူ၍ကလော။ ဤနွား၏ အရှင်သည် ဤအရပ်၌ မရှိဟု ဆိုကုန်၏။ လှည်းကုန်သည်သားသည် နွားကို နှာခေါင်း၌ ကြိုးငယ်ဖြင့် ဖွဲ့၍ ငင်သည်ရှိသော် လှုပ်စိမ့်သောငှါလည်း မတတ်နိုင်။ ဘုရားလောင်းသည် အခကိုဆိုမှ လိုက်ဦးအံ့ဟု နှလုံးသွင်း၍ မလိုက်သတတ်။

လှည်းကုန်သည်သားသည် ဘုရားလောင်း၏အလိုကိုသိ၍ အရှင် သင်သည် လှည်းငါးရာတို့ကို ထုတ်အပ်ကုန်သည်ရှိသော် တစ်ခုသောလှည်း၏နှစ်သပြာတို့ကို အခပြု၍ တစ်ထောင်ကိုပေးအံ့ဟု ဆို၏။ ထိုအခါ ဘုရားလောင်းသည် မိမိအလိုလို သွား၏။ ထိုအခါ ထိုနွားကို ယောကျ်ားတို့သည် လှည်းတို့၌ ကကုန်၏။ ထိုအခါ လှည်းတို့ကို တစ်ဟုန်တည်းဖြင့်သာလျှင် ငင်၍ ကြည်း၌ တည်စေ၏။ ဤသို့သော နည်းဖြင့် လှည်းငါးရာတို့ကို တင်၏။ လှည်းကုန်သည်သားသည် တစ်စီးတစ်စီးသော လှည်း၏ တစ်သပြာ တစ်သပြာကို ပြု၍ ငါးရာကုန်သော ဥစ္စာတို့ကို ထုပ်၍ ဘုရားလောင်း၏ လည်၌ ဆွဲ၏။ ဘုရားလောင်းသည် ငါ့အား ဤသူသည် ပိုင်းခြားတိုင်းသော အခကို မပေး၊ ယခု ထိုသူအား သွားစိမ့်သောငှါ မပေးအံ့ဟု သွား၍ အလုံးစုံသော လှည်း၏ ရှေ့မှ ခရီးကို မြစ်၍ ရပ်၏။ ဖဲစိမ့်သောငှါ လှုံ့လပြုကုန်သော်လည်း ဘုရားလောင်းကို ဖဲစိမ့်သောငှါ မတတ်နိုင်ကုန်၊ လှည်းကုန်သည်သားသည် ဤနွားသည် မိမိအခ၏ ယုတ်သည်၏ အဖြစ်ကို သိယောင်တကားဟု တစ်ခုသော လှည်း၌ နှစ်သပြာ နှစ်သပြာတို့ကို ပြု၍ တစ်ထောင်ထုပ်ကိုဖွဲ့၍ ဤဥစ္စာထုပ်သည် သင်၏ လှည်းကို ထုတ်သော အခတည်းဟု လည်၌ဆွဲ၏။ ဘုရားလောင်းသည် တစ်ထောင်သော ဥစ္စာကို ယူ၍ အမိ၏ အထံသို့ သွား၏။ ရွာသူသားငယ်တို့သည် အဘယ် မည်သော ဤအထုပ်ကို အယျိကာဠက၏ လည်၌ ဆွဲသနည်းဟု ဘုရား

လောင်း၏ အထံသို့ လာကုန်၏။ ဘုရားလောင်းသည် သူငယ်တို့ကို ချောက် လိုက်၏။ အဝေးမှလျှင် ပြေးစေလျက် အမိအထံသို့ သွား၏။ လှည်းငါးရာတို့ကို ထုတ်အပ်သည်၏ အဖြစ်ကြောင့် နီသော မျက်စိတို့ဖြင့် ပင်ပန်းခြင်းသည် ထင်၏။ အဘွားမသည် ဘုရားလောင်း၏ လည်၌ ဥစ္စာတစ်ထောင်ထုပ်ကိုမြင်၍ ချစ်သား ဤဥစ္စာကို သင်သည် အဘယ်မှာ ရသနည်းဟု မေးပြီးလျှင် နွားကျောင်းသားတို့ကိုလည်း မေး၍ ထိုအကြောင်းတို့ကို ကြား၍ ချစ်သား သင်သည် ရအပ်သောအခဖြင့် ငါ့အသက်ကို မွေးလိုသလော၊ အဘယ့်ကြောင့် ဤသို့သဘောရှိသော ဆင်းရဲကို ခံဘိသနည်းဟု ဆို၍ ဘုရားလောင်းကို ရေနွေးဖြင့် ရေချိုး၍ ကိုယ်အလုံးကို ဆီဖြင့် လိမ်း၍ ရေကို သောက်စေ၍ လျောက်ပတ်သော ဘောဇဉ်ကို ကျွေး၍ အသက်၏ အဆုံး၌ ဘုရားလောင်းနှင့်တကွ ကံအားလျော်စွာ လား၏။ မြတ်စွာဘုရားသည်လည်း ရဟန်းတို့ ငါဘုရားသည် ယခုအခါ၌သာလျှင် အတုမဲ့ဖြစ်အောင် ဆောင်ရွက်နိုင်သည် မဟုတ်သေး၊ ရှေး၌လည်း အတုမဲ့ဖြစ်အောင် ဆောင်ရွက်နိုင်သည်သာလျှင် တည်းဟု မိန့်တော်မူ၍ ဤဓမ္မဒေသနာကို ဆောင်၍ ဘုရားဖြစ်တော်မူ၍ ဤဂါထာကို ဟောတော်မူ၏—

**၂၉။ ယတော ယတော ဂရုဓုရံ၊ ယတော ဂမ္ဘီရဝတ္တနီ။**
**တဒါဿု ကဏှံ ယုဉ္ဇန္တိ၊ သွာဿု တံ ဝဟတေ ဓုရံ။**

လေးလံသော ဝန်ရှိသောအရပ်၌ လှည်းလမ်းကြောင်းသည် နက်ရှိုင်းသည် ဖြစ်အံ့၊ ထိုအခါ ကဏှမည်သော နွားလားကို ကကုန်လျက် ထိုဝန်ကို ထုတ်ဆောင် ရှန်းလေပြီ။

ဇာတ်ပေါင်း

ဤသို့ မြတ်စွာဘုရားသည် ရဟန်းတို့ ထိုအခါ ကဏှသည်သာလျှင် ထိုဝန်ကို ရွက်ဆောင်၏ဟု ပြတော်မူ၍ အနုသန္ဓေကို စပ်တော်မူ၍ ယခုအခါ ဥပ္ပလဝဏ်သည် ထိုအခါ သက်ကြီးမ ဖြစ်ဖူးလေပြီ။ ယခုအခါ ငါဘုရားသည် လျှင် ထိုအခါ အယျိကကာဠက မည်သော နွားဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ဆယ့်ကိုးခုမြောက်သော ကဏှဇာတ်သည် ပြီး၏။

## ၃၀-မုနိကဇာတ်

### ဝက်စာကို နွားမစားချင်နဲ့

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လူကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "မာ မုနိကဿ ပိဟယိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမုနိကဇာတ်ကို ဇေတဝန် ကျောင်းတော်၌ နေတော်မူစဉ် အပျိုကြီး ဖြားယောင်းသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုအပျိုကြီး ဖြားယောင်းခြင်းသည် တေရသကနိပါတ် စူဠနာရဒကဿပဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။

မြတ်စွာဘုရားသည်ကား ထိုရဟန်းကို ရဟန်း သင်သည် ငြီးငွေ့သတတ် ဟူသည် မှန်သလောဟု မိန့်တော်မူ၏။ အရှင်ဘုရား မှန်ပေ၏ဟု လျှောက်၏။ အဘယ်သူကို မှီ၍ ငြီးငွေ့ပါသနည်းဟု မိန့်တော်မူ၏။ အရှင်ဘုရား ထိုအပျိုကြီး၏ ဖြားယောင်းခြင်းကို မှီ၍ ငြီးငွေ့ပါသတည်းဟု လျှောက်၏။ မြတ်စွာဘုရားသည် ရဟန်း-ယခုသာလျှင် ဤအပျိုဟိုင်းမသည် သင်၏အကျိုးမဲ့ကို ပြုသည်မဟုတ်သေး၊ ရှေး၌လည်း သင်သည် ဤအပျိုကြီး၏ ထိမ်းမြားသောနေ့၌ အသက်ကုန်ခြင်းသို့ ရောက်၍ လူအများ၏ လက်သုပ်ဟင်းလျာ၏ အဖြစ်သို့ ရောက်ဖူး၏ဟု မိန့်တော်မူ၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တစ်ခုသောရွာငယ်၌ တစ်ယောက်သော သူကြွယ်၏ အိမ်၌ နွား၏အမျိုး၌ မဟာလောဟိတ ဟူသော အမည်ဖြင့် ဖြစ်၏။ ဘုရားလောင်း၏ ညီငယ်သည် စူဠလောဟိတမည်၏။ထိုနှစ်ခုကုန်သော ညီနောင်တို့ကိုမှီ၍ ထိုအိမ်၌ အမှုကို ရွက်ဆောင်ခြင်းသည် ဖြစ်၏။ ထိုအိမ်၌ကား တစ်ယောက်သော သူငယ်မသည် ရှိ၏၊ ထိုသူငယ်မကို တစ်ယောက်သောမြို့၌ နေသော အမျိုးသားသည် မိမိ၏သားဖို့ တောင်းဆို၏။ ထိုသူငယ်မ၏ မိဘတို့သည်လည်း သူငယ်မကို ထိမ်းမြားသောကာလ၌ လာကုန်သော ဧည့်သည်တို့၏ လက်သုပ်ဟင်းလျာ ဖြစ်လတ္တံ့ဟု နှလုံးသွင်း၍ ယာဂုထမင်းကို ပေး၍ မုနိကမည်သော ဝက်ကို မွေးကုန်၏။ ထိုမုနိကဝက်ကို မြင်၍ စူဠလောဟိတသည် အစ်ကို-ဤအိမ်၌ အမှုကို ရွက်ဆောင်ခြင်းသည် ဖြစ်လတ်သော် နှစ်ခုကုန်သော ညီနောင်ဖြစ်ကုန်သော ငါတို့ကို မှီ၍ဖြစ်၏၊ဤသူတို့သည်ကား ငါတို့အား မြက် သစ်ရွက်စသည်တို့ကို ပေးကုန်၏၊ ဝက်ကို ယာဂုထမင်းဖြင့် မွေးကုန်၏၊

အဘယ့်ကြောင့်လျှင် ထိုဝက်သည် ဤယာဂုထမင်းကို ရသနည်းဟု မေး၏။ ထိုအခါ စူဠလောဟိတအမည်ရှိ အစ်ကိုသည် ညီထွေးစူဠလောဟိတ-သင်သည် ဝက်၏ အစာကို မချစ်လင့်၊ ဤဝက်သည် သေအံ့သော ထမင်းကို စား၏။ ဤသူငယ်မ၏ ထိမ်းမြားသောအခါ၌ လာကုန်သော ဧည့်သည်တို့၏ လက်သုပ်ဟင်းလျာသည် ဖြစ်လတ္တံ့ဟု နှလုံးသွင်းကုန်၍ ဤသူတို့သည် ဝက်ကို မွေးကုန်၏။ ဤနေ့မှ နှစ်ရက်သုံးရက် လွန်သဖြင့် ထိုသူတို့သည် လာကုန်လတ္တံ့၊ ထိုအခါ ထိုဝက်ကို ခြေတို့၌ ငင်ကုန်လျက် ညောင်စောင်းအောက်မှ ထုတ်၍ အသက်ကုန်ခြင်းသို့ ရောက်စေ၍ ဧည့်သည်တို့၏ လက်သုပ်ဟင်းလျာ ပြုသည်ကို မြင်ရလတ္တံ့ဟုဆို၏။

၃၀။ မာ မုနိကဿ ပိဟယိ၊ အာတုရန္နာနိ ဘုဥ္ဇတိ။
အပ္ပေါဿုက္ကော ဘုသံ ခါဒ၊ ဧတံ ဒီဃာယုလက္ခဏံ။

အိုနွားငယ် မုနိက ဝက်၏အစာကို မနှစ်သက်လင့်၊ မုနိကသည် သေရမည့် ထမင်းကို စား၏။ သင်သည် ကြောင့်ကြမဲ့ဖြစ်၍ ဖွဲကို စားလော၊ ထိုဖွဲကို စားခြင်းသည် အသက်ရှည်ခြင်း လက္ခဏာတည်း။

ထိုနောင် မကြာမြင့်မီလျှင် ထိုလူတို့သည် လာကုန်၏။ မုနိကကို သတ်၍ အထူးထူး အပြားပြားကုန်သော အဆောက်အဦတို့ဖြင့် ချက်ကုန်၏။ ဘုရားလောင်းသည် စူဠလောဟိတကို ညီထွေး-သင်သည် မုနိကကို မြင်ပြီလောဟု ဆို၏။ အစ်ကို-ငါသည် မုနိက၏ အစာ၏ အကျိုးကို မြင်ပြီ၊ ထိုအစာကို စားရသောထက် ငါတို့၏ မြက် သစ်ရွက် ဖွဲသည်သာလျှင် အဆအရာ အဆအထောင် မြတ်လည်းမြတ်၏၊ အပြစ်လည်းကင်း၏။ အသက်ရှည်ခြင်း၏ လက္ခဏာလည်း ဖြစ်၏ဟု ဆို၏။ မြတ်စွာဘုရားသည် ရဟန်း ဤသို့လျှင် သင်သည် ရှေး၌လည်း သူငယ်မကို မှီ၍ အသက်ကုန်ခြင်းသို့ ရောက်၍ လက်သုပ်ဟင်းလျာ၏အဖြစ်သို့ ရောက်ဖူးပြီဟု မိန့်တော်မူ၍ ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် အနုသန္ဓိကို စပ်၍ ယခုအခါ ငြီးငွေ့သော ရဟန်းသည် ထိုအခါ မုနိကဝက် ဖြစ်ဖူးပြီ၊ ယခုအခါ အပျိုကြီးသည် ထိုအခါ သူငယ်မ ဖြစ်ဖူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ စူဠလောဟိတ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မဟာလောဟိတ ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးဆယ်ခုမြောက်သော မုနိကဇာတ်သည် ပြီး၏။

# ၄-ကုလာဝကဝဂ်

## ၃၁-ကုလာဝကဇာတ်

### သူတစ်ပါးအတွက် မိမိအသက် အသေခံ

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လူကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် ကုလာဝကာ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကုလာဝကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် မစစ်မူ၍ ရေကိုသောက်သော ရဟန်း ကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်မှ နှစ်ယောက် ကုန်သော အဆွေခင်ပွန်း ဖြစ်ကုန်သော ပဉ္စင်းငယ်တို့သည် ဇနပုဒ်သို့သွား၍ တစ်ခုသော ချမ်းသာသော အရပ်၌ အလိုအားလျော်စွာ နေကုန်၍ မြတ်စွာဘုရားကို ဖူးမြင်ကုန်အံ့ဟု တစ်ဖန် ထိုဇနပုဒ်မှ ထွက်ခဲ့၍ ဇေတဝန်ကျောင်းတော်သို့ ရွှေရှုလာကုန်၏။ တစ်ယောက်သော ပဉ္စင်းငယ်အား လက်၌ ရေစစ်သည် ရှိ၏။ တစ်ယောက်သော ပဉ္စင်းငယ်အားကား မရှိ၊ နှစ်ယောက်ကုန်သော ပဉ္စင်းငယ် တို့သည်လည်း တစ်ပေါင်းတည်း ရေကို စစ်၍ သောက်ကုန်၏။ ထိုရဟန်းနှစ်ယောက်တို့သည် တစ်နေ့သ၌ ခိုက်ရန်ဖြစ်ကြကုန်၏။ ရေစစ်ရှင် ဖြစ်သော ရဟန်းသည် ရေစစ်မရှိသော ရဟန်းအား ရေစစ်ကို မပေးမူ၍ မိမိသည်သာလျှင် ရေကို စစ်၍သောက်၏။ ထိုနှစ်ယောက်ကုန်သော ရဟန်းတို့သည်လည်း အစဉ်သဖြင့် ဇေတဝန်ကျောင်းတော်သို့ ရောက်ကုန်၍ မြတ်စွာဘုရားကို ရှိခိုး၍ နေကုန်၏။

မြတ်စွာဘုရားသည် ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော စကားကို ဆိုတော်မူ၍ သင်တို့သည် အဘယ်အရပ်မှ လာကြကုန်သနည်းဟု မေးတော်မူ၏။ အရှင်ဘုရား အကျွန်ုပ်တို့သည် ကောသလဇနပုဒ်ဝယ် တစ်ခုသောရွာငယ်၌ နေကုန်၍ ထိုရွာမှ ထွက်ခဲ့၍ အရှင်ဘုရားတို့ကို ဖူးမြင်ခြင်းငှါ လာကုန်၏ဟု လျှောက်ကုန်၏။ သင်တို့သည် ညီညွတ်ကုန်သည်ဖြစ်၍ လာကြကုန်သလောဟု မိန့်တော်မူ၏။ ရေစစ်မရှိသော ရဟန်းသည် အရှင်ဘုရား ဤရဟန်းသည် ခရီးအကြား၌ အကျွန်ုပ်နှင့် ခိုက်ရန်ဖြစ်၍ ရေစစ်ကို မပေးဟု လျှောက်၏။ တစ်ယောက်သော ရဟန်းသည်လည်း အရှင်ဘုရား ဤရဟန်းသည် ရေကိုမစစ်မူ၍ သိလျက် ပိုးနှင့်တကွသော ရေကို သောက်၏ဟု လျှောက်၏။ ရဟန်း သင်သည် သိလျက် ပိုးနှင့်တကွသော ရေကို သောက်သတတ်ဟူသည် မှန်သလောဟု မေးတော်မူ၏။ အကျွန်ုပ်သည် မစစ်သောရေကို သောက်မိ၏ဟု လျှောက်၏။

မြတ်စွာဘုရားသည် ရဟန်း ရှေး၌ ပညာရှိတို့သည် နတ်ပြည်၌ မင်းပြုကုန်လျက် စစ်ရှုံး၍ သမုဒ္ဒရာအပြင်ဖြင့် ပြေးကုန်သည်ရှိသော် အစိုးရခြင်းကို မှီ၍ အသက်သတ်ခြင်းကို မပြုကုန်အံ့ဟု ရှေးဦးစွာ ကြီးသောစည်းစိမ်ကို စွန့်၍ ဂဠုန်ငယ်တို့အား အသက်ကိုပေး၍ ရထားကို ပြန်စေဖူးကုန်သည်ဟု မိန့်တော်မူ၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ မဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ တစ်ယောက်သော မာဃမင်းသည် မင်းပြု၏။ ထိုအခါ ဘုရားလောင်းသည် ယခုလက်ထက် သိကြားမင်းသည် ရှေးဘဝဝယ် မဂဓတိုင်း မစလရွာငယ်၌ ဖြစ်သကဲ့သို့ ထိုအတူ ထိုမစလရွာငယ်၌လျှင် မြတ်သောအမျိုးသား၏ အဖြစ်ဖြင့် ဖြစ်၏။ ထိုဘုရားလောင်းကို အမည်မှည့်သော နေ့၌ မာဃ သတို့သားဟူ၍ သာလျှင် အမည် မှည့်ကုန်၏။ ဘုရားလောင်းသည် အရွယ်သို့ ရောက်သည်ရှိသော် မာဃလုလင်ဟူ၍ ထင်ရှား၏၊ ထိုအခါ ဘုရားလောင်း၏ အမိအဘတို့သည် တူသော အမျိုးအိမ်မှ သတို့သမီးငယ်ကို ဆောင်ကုန်၏၊ ဘုရားလောင်းသည် သားသမီးတို့ ဖြစ်ပွားလျက် အလှူ၏ အရှင်ဖြစ်၏၊ ငါးပါးကုန်သော သီလတို့ကို စောင့်၏၊ ထိုရွာငယ်၌လည်း သုံးကျိပ် သုံးယောက်ကုန်သော အမျိုးတို့သည် ရှိကုန်၏၊ ထိုသုံးကျိပ် သုံးယောက်ကုန်သော အမျိုးဖြစ်ကုန်သော သူတို့သည် ရွာလယ်၌ တည်၍ ရွာမှုကိုပြုကုန်၏၊ ဘုရားလောင်းသည် တည်ရာအရပ်၌ ခြေဘဝါဖြင့် မြေမှုန့်ကို ယက်၍ အရပ်ကို မွေ့လျော်ဖွယ်ရှိသည်ကို ပြု၍ နေ၏၊ သို့အခါ တစ်ယောက်သော သူသည် လာလတ်၍ ထိုမွေ့လျော်ဖွယ်ရှိသော အရပ်၌ နေ၏၊ ဘုရားလောင်းသည် တစ်ပါးသောအရပ်ကို မွေ့လျော်ဖွယ် ရှိသည်ကို ပြု၍ နေပြန်၏၊ ထိုအရပ်၌လည်း တစ်ယောက်သောသူသည် လာ၍ နေပြန်၏၊ ဘုရားလောင်းသည် တစ်ပါးသော အရပ်ကိုသည်းကောင်း တစ်ပါးသော အရပ်ကို လည်းကောင်း ဤသို့ နေလေတိုင်းသော အရပ်ကို မွေ့လျော်ဖွယ်ရှိသည်ကို ပြု၍နေ၏၊ နောက်အခါ ထိုအရပ်၌ မဏ္ဍပ်ကို ပြုစေ၏၊ မဏ္ဍပ်ကိုလည်း ပယ်၍ ဇရပ်ကို ဆောက်၏။ ထိုဇရပ်၌ ပျဉ်အခင်းတို့ကို ခင်း၊ သောက်ရေအိုးတို့ကို တည်စေ၏။

နောင်အခါ၌ ထိုသုံးကျိပ် သုံးယောက် ကုန်သော သူတို့သည် ဘုရားလောင်းနှင့် တူသော ဆန္ဒရှိကုန်၏။ ထိုသုံးကျိပ် သုံးယောက်ကုန်သော သူတို့ကို ဘုရားလောင်းသည် ပဉ္စသီလတို့၌ တည်စေ၏။ ထိုအခါမှစ၍ သုံးကျိပ် သုံးယောက်သော သူတို့နှင့်တကွ ကောင်းမှုတို့ကို ပွားစေကုန်၏။ ထိုသုံးကျိပ် သုံးယောက်ကုန်သော သူတို့သည် ဘုရားလောင်းနှင့်သာလျှင် အတူတကွ

ကောင်းမှုတို့ကို ပြုကုန်လျက် စောစောကလျှင် ထ၍ ပဲခွပ်၊ ပုဆိန်၊ ကျည်ပွေ့ လက်စွဲကုန်လျက် ခရီးလမ်းဆုံ အစရှိသည်တို့၌ ကျည်ပွေ့ဖြင့် ကျောက်တို့ကို ကော်၍ လှိမ့်ကုန်၏။ လှည်းတို့၏ ဝင်ရိုးကို ထိကုန်သော သစ်ပင်တို့ကို ပယ်ကုန်၍ မညီမညွတ်သည်တို့ကို ညီညွတ်စွာ ပြုကုန်၏။ တံတား ခင်းကုန်၏။ လေးထောင့် ကန်ဘို့ကို တူးကုန်၏။ ဇရပ် ဆောက်ကုန်၏။ အလှူအစရှိသည်တို့ကို ပေးကုန်၏။ သီလစောင့်ကုန်၏။ ဤသို့များသောအားဖြင့် အလုံးစုံသော ရွာသားတို့သည် ဘုရားလောင်း၏ အဆုံးအမ၌ တည်ကုန်၍ သီလတို့ကို စောင့်ကုန်၏။ ထိုအခါ ထိုသူတို့၏ ရွာစားသည် ငါသည် ရှေး၌ ထိုသူတို့သည် သေသောက်ကုန်သော် ပါဏာတိပါတ အစရှိသည်တို့ကို ပြုကုန်သည်ရှိသော် အသပြာ အစရှိသည်တို့၏ အစွမ်းအားဖြင့် ဥစ္စာစည်းစိမ်ကို ရ၏။

ယခုအခါ၌ကား မာဃလုလင်သည် သီလကို စောင့်စေ၏။ ထိုသူတို့အား ပါဏာတိပါတ အစရှိသည်တို့ကို ပြုခြင်းငှါ မပေး၊ ယခုအခါ၌ကား ထိုသူတို့ကို မစောင့်စေအံ့ဟု ကြံ၍ အမျက်ထွက်သည် ဖြစ်၍ မင်းသို့ ကပ်၍ ရှင်မင်းကြီး များစွာကုန်သော ခိုးသူတို့သည် ရွာဖျက်ခြင်း အစရှိသည်တို့ကို ပြုကုန်လျက် သွားကုန်၏ဟု လျှောက်၏။ မင်းသည် ကြား၍ အချင်း သွားလေ ဆောင်ခဲ့လော့ဟု ဆို၏။ ထိုရွာစားသည် သွား၍ အလုံးစုံသောသူတို့ကို နှောင်ဖွဲ့ ဆောင်ခဲ့၍ ရှင်မင်းကြီး ခိုးသူတို့ကို ဆောင်အပ်ကုန်ပြီဟု မင်းအား ကြားလျှောက်၏။ မင်းသည် ထိုသူတို့၏ အမှုကို မသုတ်သင်မူ၍ ထိုသူတို့ကို ဆင်ဖြင့် နင်းစေကုန်လောဟု ဆို၏။ ထိုနောက်မှ အလုံးစုံသော သူတို့ကို မင်း ရင်ပြင်၌ အိပ်စေ၍ ဆင်ကို ဆောင်ခဲ့ကုန်၏။ ဘုရားလောင်းသည် ထိုသူတို့အား အဆုံးအမကိုပေး၏။ သင်တို့သည် သီလတို့ကို ဆင်ခြင်ကြကုန်လော့၊ ကုန်းတိုက်သော ရွာစား၌ လည်းကောင်း၊ မင်း၌လည်းကောင်း၊ ဆင်၌လည်းကောင်း၊ မိမိ၏ ကိုယ်၌ လည်းကောင်း အတူအမျှသာလျှင် ဖြစ်သော မေတ္တာကို ပွါးစေကြ ကုန်လောဟု အဆုံးအမကို ပေး၏။ သုံးကျိပ် သုံးယောက်ကုန်သော သူတို့သည် ဘုရားလောင်းဆိုတိုင်း ပြုကုန်၏။ ထိုအခါ ထိုသူတို့အား နင်းစိမ့်သောငှါ ဆင်ကို ဆောင်ကုန်၏။ ထိုဆင်သည် ဆောင်အပ်ကုန်သော်လည်း အနီးသို့ ကပ်ခြင်းငှါ မဝံ့၊ သည်းစွာသော အသံကို ပြု၍သာလျှင် ပြေး၏။ တစ်ပါးသော ဆင်ကို ဆောင်ကုန်၏။ ထိုဆင်တို့သည်လည်း ထိုအတူသာလျှင် ပြေးကုန်၏။ မင်းသည် ထိုသူတို့၏ လက်၌ တစ်စုံတစ်ခုသော ဆေးသည် ဖြစ်လတ္တံ့။ စိစစ်ကြကုန်လော ဟု ဆို၏။ စိစစ်ကြကုန်သည်ရှိသော် မမြင်ကုန်၍ ရှင်မင်းကြီး မရှိဟု လျှောက် ကုန်၏။ ထိုသို့ ဆေးမရှိမူကား တစ်စုံတစ်ခုသော မန္တရားတို့ကို သရဇ္ဈာယ် ကုန်လတ္တံ့။ ထိုသူတို့ကို သင်တို့အား သရဇ္ဈာယ်အပ်သော မန္တရားသည် ရှိသလောဟု မေးကြကုန်ဦးလောဟု ဆို၏။ မင်းချင်းတို့သည် မေးကုန်၏။

ဘုရားလောင်းသည် ရှိ၏ဟု ဆို၏၊ မင်းချင်းတို့သည် အရှင်မင်းကြီး ရှိသတတ်ဟု လျှောက်ကုန်၏။ မင်းသည် အလုံးစုံလည်း ဖြစ်ကုန်သော ထို သူတို့ကို ခေါ်စေ၍ သင်တို့ တတ်သော မန္တရားကို ဆိုလေဟု ဆို၏။ ဘုရား လောင်းသည် ရှင်မင်းကြီး အကျွန်ုပ်တို့အား တပါးသော မန္တရားသည် မရှိ။ သုံးကျိပ်သုံးယောက်ရှိသော လူဖြစ်ကုန်သော အကျွန်ုပ်တို့သည်ကား သူ့အသက် ကို မသတ်ကုန်။ သူတပါးဥစ္စာကို မခိုးကုန်၊ မှားသောအကျင့်ကို မကျင့်ကုန်။ မုသာဝါဒ မဆိုကုန်။ သေမသောက်ကုန်။ မေတ္တာကို ပွားစေကုန်၏။ အလှူပေးကုန်၏။ ခရီးကို သီသွတ်စွာ ပြုကုန်၏။ လေးထောင့်ကန်တို့ကို တူး ကုန်၏။ ဇရပ်ဆောက်ကုန်၏။ ဤသည်ကား အကျွန်ုပ်တို့၏ မန္တရားလည်း မည်၏။ ပရိတ်လည်းဖြစ်၏။ အစီးအပွားလည်း ဖြစ်၏ဟု ဆို၏။ မင်းသည် ထို သူတို့အား ကြည်ညိုသည်ဖြစ်၍ ကုန်းတိုက်ခြင်းကို ပြုတတ်သော ရွာစား၏ အလုံးစုံသော အိမ်၌ဖြစ်သော စည်းစိမ်ကိုလည်းကောင်း ထိုရွာစားကို လည်း ကောင်း ထိုသူတို့အားသာလျှင် ကျွန်ပြု၍ပေး၏။ ထိုဆင်ကိုလည်း ထိုသူတို့ အားသာလျှင် ပေး၏။ ထိုသူတို့သည် ထိုနေ့မှစ၍ အလိုအားလျော်စွာ ကောင်းမှုတို့ကို ပြုကုန်လျက် ခရီးမလေးဆုံတွင် ကြီးစွာသော ဇရပ်ကို ဆောက်ကုန်အံ့ဟု လက်သမားတို့ကို ခေါ်၍ ဇရပ်ကို ဆောက်ကုန်၏။

မိန်းမတို့၌ကား ကင်းသော ဆန္ဒရာဂ ရှိသည်၏ အဖြစ်ကြောင့် ထိုဇရပ်၌ မာတုဂါမတို့အား ကုသိုလ်၏ အဖို့ကို မပေးကုန်။ ထိုအခါ၌လည်း ဘုရားလောင်း၏ အိမ်၌ သုဓမ္မာလည်း တစ်ယောက်၊ သုစိတ္တာလည်း တစ်ယောက်၊ သုနန္ဒာလည်း တစ်ယောက်၊ သုဇာတာလည်း တစ်ယောက် ဤလေးယောက်ကုန်သော မိန်းမ တို့သည် ဖြစ်ကုန်၏။ ထိုလေးယောက်ကုန်သော မိန်းမတို့တွင် သုဓမ္မာသည် လက်သမားနှင့်အတူ တစ်ပေါင်းတည်းဖြစ်၍ မောင်ကြီး ဤဇရပ်၌ ငါ့ကို အကြီး ပြုလောဟု ဆို၍ တံစိုးပေး၍ လက်သမားသည် ကောင်းပြီဟု ဝန်ခံ၍ ရှေးဦး ကလျှင် ထုပိကာ သစ်ကို ခြောက်စေ၍ ရွေ၍ ထွင်း၍ ထုပိကာကို ပြီးစေ၍ အဝတ်ဖြင့် ရစ်၍ ထား၏။ ထိုအခါ ဇရပ်ကို ပြီးစေ၍ ထုပိကာတင်သော ကာလ၌ တင်ခုသော အဆောက်အဦကို ငါတို့သည် မအောက်မေ့မိကုန်ဟု ဆို၏။ အချင်း အဘယ်မည်သော အဆောက်အဦနည်းဟု မေး၏။ ထုပိကာကို ရခြင်းငှါ သင့်၏ဟု ဆို၏။ ထိုထုပိကာကို ရသင့်သည်ဖြစ်စေ ငါတို့ ဆောင်ချေ ကုန်အံ့ဟု ဆိုကုန်၏။ ယခု ခုတ်သော သစ်ဖြင့် ပြုခြင်းငှါ မတတ်ကောင်း၊ ရှေး၌သာလျှင် ခုတ်၍ ရွေ၍ ထွင်း၍ထားသော ထုပိကာကို ရခြင်းငှါ သင့်၏ဟု ဆို၏၊ ယခု အသို့ပြုအံ့နည်းဟု ဆိုကုန်၏။ တစ်စုံတစ်ယောက်သော သူ၏ အိမ်၌ ပြီးစေ၍ ထားအပ်သော ဟောင်းသော ထုပိကာသည် ရှိအံ့၊ ထိုထုပိကာကို ရှာအပ်၏ဟု ဆို၏၊ ထိုသူတို့သည် ရှာအပ်ကုန်သည် ရှိသော် သုဓမ္မာ၏ အိမ်၌

မြင်၍ အဖိုးဖြင့် မရကုန်။ ငါ့ကို ဇရပ်၌ ကုသိုလ်အဖို့ရှိသည်ကို အကယ်၍ ပြုကုန်သည် ဖြစ်အံ့၊ ပေးအံ့ဟု ဆိုသည်ရှိသော် ငါတို့သည် မာတုဂါမတို့အား ကုသိုလ်အဖို့ကို မပေးကုန်ဟု ဆိုကုန်၏။ ထိုအခါ ထိုသူတို့ကို လက်သမားသည် ဆို၏။ အရှင်တို့ သင်တို့သည် အဘယ်သို့ ဆိုသနည်း ဗြဟ္မာ့ပြည်ကို ထား၍ တစ်ပါးသော မာတုဂါမ ကင်းရာအရပ် မည်သည် မရှိ။ ထုပ်ကာကို ယူကုန်လော့။ ဤသို့ ဖြစ်သည်ရှိသော် ငါတို့၏ အမှုသည် အပြီးသို့ ရောက်လတ္တံ့ဟု ဆို၏။ ထိုသူတို့သည် ကောင်းပြီဟု ထုပ်ကာကို ယူ၍ ဇရပ်ကို ပြီးစေ၍ ပျဉ်အခင်းတို့ကို ခင်းစေ၍ သောက်ရေအိုးတို့ကို တည်စေ၍ ယာဂုထမင်း စသည်တို့ကို အမြဲ ဖြစ်စေကုန်၏။ ဇရပ်ကို တံတိုင်းဖြင့် ခြံရံ၍ တံခါးကို ယှဉ်စေ၍ တံတိုင်းတွင်း၌ သဲဖြူး၍ တံတိုင်း၏ အပ၌ ထန်းပင် စသည်တို့ကို စိုက်ကုန်၏။

သုစိတ္တာသည်လည်း ထိုအရပ်၌ ဥယျာဉ်ကို ပြု၏။ ဤမည်သော အသီး အပွင့်နှင့် ပြည့်စုံသော သစ်ပင်မည်သည် ထိုဥယျာဉ်၌ မရှိဟူ၍ မဆိုအပ်၊

သုနန္ဒာသည်လည်း ထိုအရပ်၌လျှင် ငါးပါးသော အဆင်းရှိကုန်သော ပဒုမ္မာတို့ဖြင့် ဖုံးလွှမ်းအပ်သော မွေ့လျော်ဖွယ်ရှိသော ရေကန်ကို တူးစေ၏။ သုဇာတာသည် တစ်စုံတစ်ခုသော ကောင်းမှုကို မပြု။ ဘုရားလောင်းသည် အမိအား လုပ်ကျွေးခြင်း၊ အဖအား လုပ်ကျွေးခြင်း၊ အမျိုး၌ ကြီးသော သူတို့အား ပူဇော်သော အမှုကို ပြုခြင်း၊ မှန်သော စကားကို ဆိုခြင်း၊ ကြမ်းကြုတ်သော စကားကို မဆိုခြင်း၊ ကုန်းတိုက်သော စကားကို မဆိုခြင်း၊ ဝန်တိုခြင်းကို ဖျောက်ခြင်း ဤ ကျင့်ဝတ်တရား ခုနစ်ပါးတို့ကို ဖြည့်၍ ဤဂါထာတို့ဖြင့် ချီးမွမ်းအပ်၏။

**မတာပေတ္တိဘရံ ဇန္တုံ၊ ကုလေ ဇေဋ္ဌာပစာယိနံ။**
**သဏှံ သခိလသမ္ဘာသံ၊ ပေသုဏေယျပ္ပဟာယိနံ။**
**မစ္ဆေရဝိနယေ ယုတ္တံ၊ သစ္စံ ကောဓာဘိဘုံနရံ။**
**တံ ဝေ ဒေဝါ တာဝတိံသာ၊ အာဟု သပ္ပုရိသော ဣတိ။**

မိဘတို့ကို မွေးမြူသူ၊ အမျိုး၌ ကြီးသူတို့အား ပူဇော်လေ့ရှိသူ၊ သိမ်မွေ့သော စကားကို ဆိုတတ်သူ၊ ပြေပြစ်သော စကားကို ဆိုတတ်သူ၊ ကုန်းတိုက် စကားကို ပယ်ပြီးသူ၊ ဝန်တိုခြင်းကို ပယ်ဖျောက်ခြင်း၌ အားထုတ်သူ၊ မှန်သော စကား ဆိုတတ်သူ၊ ဒေါသကို ပယ်တတ်သူ၊ ဤပုဂ္ဂိုလ်မျိုးကို သူတော်ကောင်းဟူ၍ **တာဝတိံသာ** နတ်တို့က ဆိုကုန်၏။

မာဃ လုလင်သည် အသက်၏ အဆုံး၌ သိကြားမင်း ဖြစ်လေ၏။ ထိုမာဃ လုလင်၏ ထိုအဆွေ ခင်ပွန်း တို့သည်လည်း တာဝတိံသာ နတ်ပြည်၌လျှင် ဖြစ်ကုန်၏။ ထိုကာလ တာဝတိံသာ နတ်ပြည်၌ အသုရာ

တို့သည် နေကုန်၏။ သိကြားနတ်မင်းသည် ငါတို့အား သုဝဏ်ပါးတို့နှင့်ဆက်ဆံသော မင်းအဖြစ်ဖြင့် အဘယ်မှအံ့နည်းဟု အသုရာတို့ကို နတ်ပြည်၌ဖြစ်သောအဖျော်ကို သောက်စေ၍ မြင့်မိုရ်မတောင်ခြေရင်းသို့ ပစ်ချစေ၏။ ထိုအသုရာတို့သည် အသုရာပြည်သို့သာလျှင် ရောက်ကုန်၏။

အသုရာပြည်မည်သည်ကား မြင့်မိုရ်တောင်၏ အောက်အပြင်၌ တာဝတိံသာနတ်ပြည် ပမာဏရှိသည်သာလျှင်ဖြစ်သော အရပ်တည်း။ ထိုအရပ်၌ နတ်တို့၏ ပင်လယ်ကသစ်ပင်ကဲ့သို့ ဆန်းကြယ်သော သခွတ်မည်သော ကမ္ဘာပတ်လုံးတည်သော သစ်ပင်သည်ဖြစ်၏၊ အသုရာတို့သည် ဆန်းကြယ်စွာသော သခွတ်ပွင့်သည် ပွင့်လတ်သည်ရှိသော် ဤပြည်သည် ငါတို့၏ နတ်ပြည်မဟုတ်၊ ထိုစကားသည် မှန်၏။ နတ်ပြည်၌ကား ပင်လယ်ကသစ်ပင် ပွင့်၏။ ထိုအခါ သိကြားအိုသည် ငါတို့ကို ယစ်အောင်ပြု၍ ခြေ၌ကိုင်၍ မဟာသမုဒ္ဒရာအပြင်၌ ပစ်ချ၍ ငါတို့နတ်ပြည်ကို ယူ၏၊ ငါတို့သည် သိကြားနှင့်တကွ စစ်ထိုးကုန်၍ ငါတို့၏နတ်ပြည်ကိုသာ ယူကုန်အံ့ဟု နှလုံးသွင်း၍ တိုင်ကို ပုံးရွတို့တက်ကုန်သကဲ့သို့ မြင့်မိုရ်တောင်ကို သျှောက်၍ တက်ကုန်၏။ သိကြားမင်းသည် အသုရာတို့သည် တက်ကုန်သတတ်ဟုကြား၍ သမုဒ္ဒရာအပြင်သို့သာလျှင်သက်၍ စစ်ထိုးလေသည်ရှိသော် ထိုအသုရာတို့မှ ရှုံးသည်ဖြစ်၍ ယူဇနာတစ်ရာ့ငါးဆယ်ရှိသော ဝေဇယန္တာရထားဖြင့် တောင်သမုဒ္ဒရာအထက်၌ ပြေးခြင်းငှါ အားထုတ်၏။ ထိုအခါ သိကြားမင်း၏ရထားသည် သမုဒ္ဒရာအပြင်၌ လျင်စွာသွားသည်ရှိသော် လက်ပံတောသို့ရောက်၏။ ရထား၏သွားရာခရီး၌ လက်ပံတောသည် ကျူတောကဲ့သို့ပြတ်၍ သမုဒ္ဒရာအပြင်၌ ကျ၏။ ဂဠုန်ငယ်တို့သည် သမုဒ္ဒရာအပြင်၌ ကျကုန်သည်ဖြစ်၍ သည်းစွာသောမြည်ခြင်းကို မြည်ကုန်၏။ သိကြားမင်းသည် အမောင် မာတလိ၊ ဤအသံသည် အဘယ်မည်သော အသံနည်း၊ အလွန်လျှင် သနားဖွယ်ရှိသော အသံသည်ဖြစ်၏ဟု မေး၏။ အရှင်မင်းကြီး၊ ရှင်မင်းကြီးတို့၏ ရထားအဟုန်ကြောင့် လက်ပံတောသည် ကျေသည်ရှိသော် ကျကုန်သော ဂဠုန်ငယ်တို့သည် သေဘေးမှ ကြောက်ကုန်ရကား တစ်ပြိုင်နက် သည်းစွာ မြည်ခြင်းကို မြည်ကုန်၏ဟု လျှောက်၏၊ အမောင် မာတလိ၊ ငါတို့ကိုမှီ၍ ဂဠုန်ငယ်တို့သည် မပင်ပန်းစေကုန်လင့်၊ ငါတို့သည် အစိုးရခြင်းကိုမှီ၍ အသက်သတ်ခြင်းကိုမပြုကုန်အံ့ ဟု ဂဠုန်ငယ်တို့၏အကျိုးငှါ ငါတို့သည် အသက်ကို စွန့်ကုန်၍ အသုရာတို့အား ပေးကုန်အံ့၊ ရထားကိုနစ်စေလောဟုဆို၍ ဤဂါထာကို ဆို၏။

**၁၁။ ကုလာဝကာ မာတလိ သိမ္ဗလိသ္မိံ။**

**ဤသာမုခေန ပရိဝဇ္ဇယဿု။**

**ကာမံ စဇာမ အသုရေသု ပါဏံ၊**

**မာ ဧမေ ဒိဇာ ဝိကုလာဝကာ အဟေသုံ။**

အို မာတလိ၊ လက်ပံတောဌ် ဂဠုန်ငယ်တို့ရှိကုန်၏၊ ရထားဦးဖြင့် ရှောင်ကြဉ်ပါလော့၊ ငါတို့သည် အသုရာတို့ထံ၌ အသက်စွန့်ကုန်အံ့၊ ဤဂဠုန်ငယ်တို့၏ အသိုက်ကို မပျက်စီးပါစေကုန်လင့်။

ထောက်ပံ့သဂြိုဟ်တတ်သော မာတလိနတ်သားသည် သိကြားမင်း၏စကားကို ကြား၍ ရထားကိုနစ်စေ၍ တစ်ပါးသောခရီးဖြင့် နတ်ပြည်သို့ရှေ့ရှု ရထားကို ပြု၏၊ အသုရာတို့သည်ကား နစ်လာသည် သာဖြစ်သော ထိုရထားကိုမြင်ကုန်၍ မချွတ်တစ်ပါးကုန်သော စကြဝဠာတို့မှ သိကြားတို့သည် လာကုန်၏။ ဗိုလ်ပါတို့ကိုရ၍ ရထားနစ်လာသည် ဖြစ်လတ္တံ့ဟု သေဘေးမှ ကြောက်ကုန်ရကား ပြေးကုန်၍ အသုရာပြည်သို့သာလျှင် ဝင်ကုန်၏၊ သိကြားမင်းသည်လည်း နတ်ပြည်သို့ ဝင်၍ နှစ်ထပ်ကုန်သော နတ်ပြည်တို့၌ နတ်အပေါင်း တို့ဖြင့် ခြံရံလျက် မြို့လည်၌တည်၏၊ ထိုကာ၌မြေကိုဖောက်၍ ယူဇနာတစ်ထောင်မြင့်သော ဝေဇယန္တာပြာသာဒ်ပေါက်၏ရန်ကို အောင်သည်၏ အဆုံး၌ပေါက်သောကြောင့် ဝေဇယန္တာဟူသောအမည်ကိုမှည့်ကုန်၏၊ ထိုအခါ သိကြားမင်းသည်ကား အသုရာတို့ကို မလာစိမ့်သောငှါ ငါးပါးကုန်သော အရပ်တို့၌ အစောင့်အရှောက်ကိုထား၏၊ ငါးပါးကုန်သော အစောင့်အရှောက်ထားခြင်းကို ရည်၍ ဤဂါထာကို ဆို၏။

**အန္တရာ ဒွိန္နံ အယုဇ္ဈပုရာနံ၊**
**ပဉ္စဝိဓာ ထပိတာ အာရက္ခာ။**
**ဥရဂေါ ကရောဋိ ပယဿဟာရီ၊**
**မဒနယုတ္တာ စတုရော စ မဟန္တာ။**

နှစ်ပါးကုန်သော စစ်တိုက်ခြင်းငှါ မတတ်ကောင်းကုန်သော တာဝတိံသာနတ်ပြည် အသုရာပြည်တို့၏ အကြား၌ နဂါးသည်လည်းကောင်း၊ ဂဠုန်သည်လည်းကောင်းကုမ္ဘဏ်သည်လည်းကောင်း၊ဘီလူးသည်လည်းကောင်း၊မဟာရာဇ်နတ်မင်း လေးယောက်တို့လည်းကောင်း ဤသို့ငါးပါးကုန်သော အစောင့်အရှောက်တို့ကို သိကြားမင်းသည်ထားအပ်ကုန်၏။

နှစ်ပါးကုန်သော တာဝတိံသာနတ်ပြည် အသုရာနတ်ပြည်တို့ကိုလည်း စစ်ထိုးသဖြင့် ယူခြင်းငှါ မတတ်နိုင်သည်၏ အဖြစ်ကြောင့် တာဝတိံသာနတ်ပြည် အသုရာပြည်တို့သည် အယုဇ္ဈပုရ မည်ကုန်၏။ ထိုစကားသည် မှန်၏။ အကြင်အခါ၌ အသုရာတို့သည် အားရှိကုန်၏။ ထိုအခါ နတ်တို့သည် ပြေးကုန်၍

နတ်ပြည်သို့ ဝင်ကုန်၍ တံခါးကို ပိတ်သည်ရှိသော် အသုရာတို့၏ အသိန်းတို့သည်လည်း တစ်စုံတစ်ခုကို ပြုခြင်းငှါ မတတ်နိုင်ကုန်။ အကြင်အခါ၌ နတ်တို့သည် အားရှိကုန်၏။ ထိုအခါ အသုရာတို့သည် ပြေးကုန်၍ အသုရာပြည်သို့ ဝင်ကုန်၍ တံခါးကို ပိတ်သည်ရှိသော် သိကြားတို့၏ အသိန်းတို့သည်လည်း တစ်စုံတစ်ခုကို ပြုခြင်းငှါ မတတ်နိုင်ကုန်။ ထို့ကြောင့် ဤနှစ်ပါးကုန်သော တာဝတိံသာနတ်ပြည် အသုရာပြည်တို့သည် အယုဇ္ဈပုရမည်ကုန်၏၊ ထိုအယုဇ္ဈပုရပြည်တို့၏ အကြား၌ နဂါး အစရှိသည်တို့၏ နေရာဖြစ်ကုန်သော ထိုငါးပါးကုန်သော အရပ်တို့၌ သိကြားမင်းသည် အစောင့်အရှောက်ကို ထားကုန်၏။ [ကရောဋိ သဒ္ဒါဖြင့်ဂဠုန်ကို ယူအပ်၏။ ဂဠုန်တို့အားကား ကရောဋိမည်သော အဖျော်ဘောဇဉ်သည် ရှိသတတ်၊ ထို့ကြောင့် ကရောဋိဟူသော အမည်ကို ရကုန်၏။] ထိုဂဠုန်တို့ကို ဒုတိယအာလိန်၌ အစောင့်အရှောက် ထားအပ်ကုန်၏။ [ပယဿဟာရိသဒ္ဒါဖြင့် ကုမ္ဘဏ်တို့ကို ယူအပ်ကုန်၏။ ထိုကုမ္ဘဏ်တို့သည် ဒါနဝရက္ခိုသ် ဖြစ်သတတ်။] ထိုကုမ္ဘဏ်တို့ကို တတိယအာလိန်၌ အစောင့်အရှောက် ထားအပ်ကုန်၏။ [မဒနယုတ္တသဒ္ဒါဖြင့်ဘီလူးတို့ကိုယူအပ်ကုန်၏။] ထိုဘီလူးတို့သည် မညီမညွတ် ကျင့်လေ့ရှိကုန်သတတ်။ ထိုဘီလူးတို့ကို စတုတ္ထအာလိန်၌ အစောင့်အရှောက် ထားအပ်ကုန်၏။ [စတုရောမဟာရာဇာဟူသော မ သဒ္ဒါဖြင့် လေးယောက်ကုန်သော မဟာရာဇ်နတ်မင်းကြီးတို့ကို ယူအပ်ကုန်၏။] ထိုနတ်မင်းကြီးတို့ကို ပဉ္စမအာလိန်၌ အစောင့်အရှောက် ထားအပ်ကုန်၏။ ထို့ကြောင့် အကြင်အခါ၌ အသုရာတို့သည် အမျက်ထွက်ကုန်၍ စိတ်နောက်ကုန်သည်ရှိသော် နတ်ပြည်သို့ ကပ်ကုန်၏။ ငါးပါးအပြားရှိကုန်သော စစ်ထိုးရာ အရပ်တို့၌ [မြင့်မိုရ်တောင်၏ အကြင် ပဌမအာလိန်သည် ရှိ၏။ ထိုပဌမအာလိန်ကို နဂါးတို့သည် ရံလျက်တည်ကုန်၏။ ဤသို့ ကြွင်းကုန်သော အာလိန်တို့၌ ကြွင်းကုန်သော အစောင့်အရှောက်တို့သည် တည်ကုန်၏။] ဤငါးပါးကုန်သော အရပ်တို့၌ကား အစောင့်အရှောက်ကို ထားခဲ့၍ သိကြားနတ်မင်းသည် နတ်စည်းစိမ်ကို ခံစား၏။

ဇနီးသုဓမ္မာသည် စုတေခဲ့၍ သိကြားမင်း၏ ခြေရင်း၌လျှင် အလုပ်အကျွေး၏ အဖြစ်ဖြင့် ဖြစ်၏၊ ထိုသုဓမ္မာအား ထုပ်ကာလျှသော ကုသိုလ်အကျိုးဆက်ဖြင့် ယူဇနာငါးရာရှိသော သုဓမ္မာနတ်သဘင်သည် ဖြစ်၏။ အကြင်နတ်သဘင်၌ နတ်ဖြစ်သော ထီးဖြူ၏အောက်၌ ခုနစ်ယူဇနာ အတိုင်းအရှည်ရှိသော ရွှေပလ္လင်၌နေလျက် သိကြားနတ်မင်းသည် နတ်တို့၏ ပြုအပ်သော ကိစ္စကို ပြု၏။

သုစိတ္တာသည်လည်း စုတေခဲ့၍ ထိုသိကြားမင်း၏သာလျှင် ခြေရင်း၌ အလုပ်အကျွေး၏ အဖြစ်ဖြင့် ဖြစ်၏။ ထိုသုစိတ္တာအား ဥယျာဉ်ကို ပြုသော အကျိုးဖြင့် စိတ္တလတာမည်သော ဥယျာဉ်သည် ဖြစ်၏။

သုနန္ဒာသည်လည်း စုတေခဲ့၍ သိကြားမင်း၏သာလျှင် ခြေရင်း၌ အလုပ်အကျွေး၏ အဖြစ်ဖြင့် ဖြစ်၏။ ထိုသုနန္ဒာအား လေးထောင့်ကန် တူးသော ကုသိုလ်၏ အကျိုးဖြင့် နန္ဒာမည်သော လေးထောင့်ကန်သည် ဖြစ်၏။

သုဇာတာမူကား ကောင်းမှုကို မပြုသောကြောင့် တစ်ခုသော တော၌ဝယ် ချောက်၌ ဗျိုင်းငှက်မ အဖြစ်ဖြင့် ဖြစ်၏။ သိကြားမင်းသည် သုဇာတာသည် မထင်၊ ထိုသုဇာတာသည် အဘယ်မှာလျှင် ဖြစ်လေသနည်းဟု ဆင်ခြင်သည်ရှိသော် ဗျိုင်းမဖြစ်သည်ကိုမြင်၍ ထိုအရပ်သို့ သွား၍ သုဇာတာကို ဆောင်၍ နတ်ပြည်သို့ သွား၍ သုဇာတာအား မေ့လျော်ဖွယ်ရှိသော နတ်ပြည်ကို လည်းကောင်း၊ သုဓမ္မာနတ်သဘင်ကို လည်းကောင်း၊ စိတ္တလတာဥယျာဉ်ကို လည်းကောင်း နန္ဒာကန်ကိုလည်းကောင်း ပြ၍ ထိုနတ်သမီးတို့သည် ကုသိုလ်ကံ အဟုန်ဖြင့် ငါ၏ ခြေရင်း၌ အလုပ်အကျွေး၏ အဖြစ်ဖြင့် ဖြစ်လာကုန်၏။ သင်သည်ကား ကုသိုလ်ကို မပြုသောကြောင့် တိရစ္ဆာန်အမျိုး၌ ဖြစ်၏။ ယနေ့မှ စ၍ သီလကို စောင့်လော့ဟု ဗျိုင်းမကို ဆုံးမ၍ ပဉ္စသီလ၌တည်စေ၍ထိုချောက်ကြားသို့ သာလျှင် ဆောင်၍ လွှတ်၏။ ဗျိုင်းမသည်လည်း ထိုနေ့မှစ၍ သီလ စောင့်၏ သိကြားမင်းသည် နှစ်ရက်လွန်သဖြင့် သီလကိုစောင့်ခြင်းငှါ တတ်နိုင်၏ လောဟု သွား၍ ငါး၏အသွင်ဖြင့် ပက်လက်ဖြစ်၍ ရှေ့မှအိပ်၏။ ဗျိုင်းမသည် ငါးသေဟူသော အမှတ်ဖြင့် ဦးခေါင်း၌ ဖမ်း၏ ငါးသည် အမြီးကို လှုပ်၏။ ထိုအခါ ငါးကို အသက်ရှင်သေးငါးဟု လွှတ်၏။ သိကြားမင်းသည် ကောင်းစွ ကောင်းစွ သီလကိုစောင့်ခြင်းငှါ တတ်နိုင်လတ္တံ့ဟု နှလုံးသွင်း၍ သွား၏။

ဗျိုင်းမသည် ထိုဘဝမှ စုတေခဲ့၍ ဗာရာဏသီပြည်၌ အိုးထိန်းသည် အိမ်၌ ဖြစ်ပြန်လေ၏။ သိကြားမင်းသည် အဘယ်မှာ ဖြစ်သနည်းဟု ဆင်ခြင်ပြန်သည်ရှိသော် ထိုအိုးထိန်းသည် အိမ်၌ ဖြစ်သည်၏ အဖြစ်ကို သိ၍ ရွှေသခွါးသီးတို့ဖြင့် လှည်းငယ်ကို ပြည့်စေ၍ ရွာလယ်၌ သက်ကြီးအို၏ အသွင်ဖြင့် ရထား၌ စီး၍ သခွါးသီးတို့ကို ဝယ်ကြကုန်၊ သခွါးသီးတို့ကို ဝယ်ကြကုန်ဟု ဟစ်ကြော်၏။ လူတို့သည် လာကုန်၍ အဖိုးပေးလော့ဟု ဆိုကုန်၏။ ငါသည် သီလစောင့်သော သူတို့အား ပေးအံ့၊ သင်တို့သည် သီလစောင့်ကြကုန်သလောဟု မေး၏။ ငါတို့သည် သီလမည်သည်ကို မသိကုန်၊ အဖိုးဖြင့် ပေးလော့ဟု ဆို၏၊ ငါ့အား အဖိုးဖြင့် အလိုမရှိ၊ သီလစောင့်ကုန်သော သူတို့အား သာလျှင် ပေးအံ့ဟု ဆို၏။

လူကိုသည် ဤသည်ကား တစ်စုံတစ်ခုသော သခွါးသီးမဟုတ်ဟု ဆို၍ သွားကုန်၏။ သုဇာတာသည် ထိုအကြောင်းကို ကြား၍ ငါ၏အကျိုးငှါ ဆောင်အပ်သည်ဖြစ်သတတ်ဟု သွား၍ အဘိုး သခွါးသီးကို ပေးလော့ဟု ဆို၏။ အမိ သီလစောင့်၏လောဟု မေး၏၊ စောင့်၏ဟု ဆို၏၊ ဤသခွါးသီးကိုလည်း ငါသည် သင်၏အကျိုးငှါ သာလျှင် ဆောင်အပ်၏ဟု လည်းငယ်နှင့်တကွ အိမ်တံခါး၌ ထား၍ သွား၏။

ထိုအိုးထိန်းသည် သမီးသည်လည်း ထိုသခွါးသီကို အသက်ထက်ဆုံး သုံးဆောင်၍ သီလစောင့်၍ ထိုဘဝမှ စုတေသည်ရှိသော် ဝေပစိတ္တိ အသုရာမင်း၏ သမီး အဖြစ်ဖြင့် ဖြစ်လေ၏။ ထိုသီလ၏ အကျိုးဆက်ဖြင့် အလွန်အဆင်းလှ၏။ ရွှေအဆင်းနှင့် တူသောအဆင်း ရှိ၏။ သူ့ဘပါးတို့နှင့် မဆက်ဆံသော အဆင်း ရှိသော ကိုယ်နှင့်ပြည့်စုံ၏။ ထို (ဝေပစိတ္တိ) အသူရာသည် သုဇာတာ၏ အရွယ် ရောက်သော ကာလ၌ ငါ၏ သမီးသည် မိမိ စိတ်နှစ်သက်သော လင်ကို ယူစေသတည်းဟု အသုရာတို့ကို စည်းဝေးစေ၏။

သိကြားမင်းသည် သုဇာတာသည် အဘယ်မှာ ဖြစ်သနည်းဟု ကြည့်သည် ရှိသော် အသုရာပြည်၌ ဖြစ်သည်၏ အဖြစ်ကို သိ၍ သုဇာတာသည် စိတ်နှစ်သက်သော လင်ကို ယူသည်ရှိသော် ငါ့ကို ယူလတ္တံ့ဟု သူအိုအသွင် ဖန်ဆင်း၍ ထို အရပ်သို့ သွား၏၊ သုဇာတာကို တန်ဆာဆင်၍ လျောက်ပတ်သော လင်ကို ယူလောဟု သုဇာတာ၏ လက်၌ ပန်းကုံးကိုပေး၍ စည်းဝေးရာ အရပ်သို့ ဆောင်၍ မိမိစိတ်နှစ်သက်သော လင်ကို ယူလောဟု ဆို၏။ သုဇာတာသည် ကြည့်သည်ရှိသော် သိကြားကိုမြင်၍ ရှေး၌ ချစ်ဖူးသည်၏ အစွမ်းဖြင့် ကြီးစွာသော ရေလျှဉ်သဖွယ် ဖြစ်သော ချစ်ခြင်းသည် လွှမ်းအပ်သော နှလုံးရှိသည် ဖြစ်၍ ဤသူသည်သျှင် ငါ၏လင်တည်းဟုဆို၍ သိကြားမင်း၏ အထက်၌ ပန်းကုံးကို ပစ်၍ယူ၏၊ အသုရာတို့သည် ဆိုကုန်၏။ ငါတို့မင်းသည် ဤမျှလောက်သော ကာလပတ်လုံး သမီး အား လျောက်ပတ်သော သမက်ကိုမရ၊ ဤသက်ကြီး အိုသည် ငါ့သမီးနှင့်တော်လျော်စွာဟု ယခုပင် သက်ကြီးအို သမက်ကို ရလေ၏ဟု ဆို၍ ဖဲကြလေကုန်၏၊ သိကြားမင်းသည် သုဇာတာကို နတ်ပြည်သို့ဆောင်၍ နှစ်ကုဋေ ငါးသန်းကုန်သော ကချေသည်တို့၏ အကြီးပြု၍ အသက်ထက်ဆုံး တည်၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ဤသို့ ရှေးပညာရှိတို့သည် နတ်ပြည်ကို မင်းပြုရကုန်သော်လည်း မိမိတို့၏ အသက်ကို စွန့်ကုန်လျက် ပါဏာတိပါတကို မပြုကုန်၊ သင်သည် အဘယ်မူ၍လျှင် ဤသို့

သဘောရှိသော ဝဋ်ဆင်းရဲမှ ထွက်စေတတ်သော သာသနာတော်၌ ရဟန်းပြု၍ မစင်သော ပိုးနှင့်တကွသော ရေကို သောက်ဘိသနည်းဟု ထိုရဟန်းကို ကဲ့ရဲ့တော်မူ၍ ယခုအခါအာနန္ဒာသည် ထိုအခါမာတ လိပြဖြစ်ဖူးပြီ ယခုအခါ ငါဘုရားသည် လျှင် ထိုအခါ သိကြားဖြစ်ပြီ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

သုံးဆယ်တစ်ခုမြောက်သော ကုလာဝကဇာတ်သည် ပြီး၏။

---

## ၃၂-နစ္စဇာတ်

### ငှက်သက်လုံးဖုံးသမျှ ကုန်းခါမှုပေါ်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လူကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရား သည်"ရှိမနည်း" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤနစ္စ ဇာတ်ကို ဇေတဝန်ကျောင်း၌ နေတော်မူစဉ် များစွာသော ဘဏ္ဍာရှိသော တစ်ယောက်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏ ဤဝတ္ထုသည် အောက် ဒေဝဓမ္မဇာတ်၌ ဝတ္ထုနှင့်တူသည် သာလျှင်တည်း။

သဗ္ဗညုမြတ်စွာဘုရားသည် ထိုရဟန်းကို ရဟန်း သင်သည် များသော ဘဏ္ဍာရှိသတတ်ဟူသည်မှန်သလောဟု မေးတော်မူ၏။ အရှင်ဘုရား-မှန်ပေ၏ဟု လျှောက်၏၊ ရဟန်း-သင်သည် အဘယ့်ကြောင့်များသော ဥစ္စာရှိသနည်းဟု မေးတော်မူ၏။ ဤသို့သော စကားကို ကြား၍လျှင် အမျက်ထွက်၍ သင်းပိုင် ကိုယ်ရုံကိုနှု၍ ဤနည်းဖြင့် ကျင့်ရအံ့လောဟု မြတ်စွာဘုရား ရှေ့တော်၌ ကိုယ်ချည်းသက်သက် ရပ်၏။ လူတို့သည် စက်ဆုပ်ဖွယ်ရှိစွဟု ဆိုကုန်၏။ ထို ရဟန်းသည် ထိုအရပ်မှလျှင် ပြေး၍လူထွက်၏။ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကုန်လျက် မြတ်စွာဘုရားရှေ့တော်၌ စဉ်လျက်ဤသို့ သဘောရှိသည်ကို ပြု၏ဟု ထိုရဟန်း၏ ကျေးဇူးမဲ့စကားကို ဆိုကုန်၏ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုငါလာတော်မူသောအခါ၌ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မိန့်တော်မူ၏ အရှင်ဘုရား ထိုရဟန်း သည် အရှင်ဘုရားတို့၏ ရှေ့တော်၌စဉ်လျက် ပရိသတ်လေးပါးတို့၏ အလယ်၌ အရှက်အကြောက်ကို စွန့်၍ လူတို့သည် စက်ဆုပ်အပ်သည် ဖြစ်၍ လူထွက်၍ သာသနာတော်မှ ယုတ်၏ဟု ထိုရဟန်း၏ ကျေးဇူးမဲ့သော စကားကိုဆိုလျက် စည်းဝေးပါကုန်၏ဟုလျှောက်ကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတို့-ယခုအခါ၌ သာလျှင် ထိုရဟန်းသည် အရှက် အကြောက်မရှိသည်ဖြစ်၍ သာသနာတော်မှ

တည်းဟူသော ရတနာမှ ယုတ်သည်မဟုတ်သေး ရှေး၌လည်း မိန်းမရတနာကို ရခြင်းမှ ယုတ်ဖူး သည်သာလျှင်တည်းဟု မိန့်တော်မူ၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ကမ္ဘာဦး၌ ခြေလေးချောင်းရှိကုန်သော သတ္တဝါတို့၌ ခြင်္သေ့ကို မင်းပြုကုန်၏။ အာနန္ဒငါးကို ငါးတို့၏မင်းပြုကုန်၏။ ရွှေဟင်္သာကို ငှက်တို့၏ မင်းပြုကုန်၏။ ထိုရွှေဟင်္သာမင်း၏သမီးဖြစ်သော ဟင်္သာမငယ်သည် အလွန် အဆင်းလှ၏ ထိုဟင်္သာမင်းသည် သမီးအား ဆုကိုပေး၏ ဟင်္သာမငယ်သည် မိမိစိတ်နှစ်သက်သော လင်ကိုစုံမက်စေ၏ ဟင်္သာမင်းသည် ထိုဟင်္သာမငယ်အား ဆုပေး၍ ဟိမဝန္တာ၌ အလုံးစုံသော ငှက်တို့ကို စည်းဝေးစေ၏။ အထူးထူးအပြားပြားရှိကုန်သော ဟင်္သာဥဒေါင်းအစရှိကုန်သော ငှက်အပေါင်းတို့သည် တပေါင်းတည်းလာကုန်၍ တစ်ခုသော ကြီးစွာသော ကျောက်ဖျာအပြင်၌ စည်းဝေးကုန်၏ ဟင်္သာမင်းသည် မိမိနှစ်သက်သော လင်ကိုလာ၍ ယူစေသတည်းဟု သမီးကိုခေါ်စေ၏ ထိုဟင်္သာမငယ်သည် ငှက်အပေါင်းကို ကြည့်သည်ရှိသော် ပတ္တမြားအဆင်းနှင့် တူသောလည်ရှိသော ဆန်းကြယ်သော အတောင်ရှိသော ဥဒေါင်းကိုမြင်၍ ဤဥဒေါင်းသည် ငါ၏လင်ဖြစ်စေသတည်းဟု ကြား၏။ ငှက်အပေါင်းသည် ဥဒေါင်းသို့ကပ်၍ အချင်းဥဒေါင်း ဤမင်းသမီးသည် ဤမျှကုန်သော ငှက်အပေါင်းတို့၏အလယ်၌ လင်ကိုကြားသည်ရှိသော် သင်၌ ကြိုက်ခြင်းကိုဖြစ်စေ၏ဟု ဆိုကြကုန်၏၊ ဥဒေါင်းသည် ငှက်အပေါင်းသည် ယနေ့ထက်တိုင်လည်းငါ၏ အစွမ်းကို မမြင်ကုန်သေး ယခုပြအံ့ဟု အလွန် ဝမ်းမြောက်သည်ဖြစ်၍ အရှက်အကြောက်ကိုဖျက်၍ များစွာသော ငှက်အပေါင်းတို့၏အလယ်၌အတောင်ဖြန့်၍ ကခြင်းငှာ အားထုတ်၏၊ ကသည်ရှိသော် မဖုံးလွှမ်းအပ်သည်ဖြစ်၍ ရွှေဟင်္သာမင်းသည် ဤဥဒေါင်းအတွင်း၌ ဖြစ်သော အရှက်သည် မရှိသလျှင်ကတည်း၊ အပဋ်ဖြစ်သော ကြောက်ခြင်းသည် မရှိသလျှင် ကတည်း။ ပျက်သော အရှက်အကြောက် ရှိသော ထိုဥဒေါင်းအား ငါ့သမီးကို မပေးဟု ငှက်အပေါင်းတို့၏ အလယ်၌ ဆိုလို၍ ဤဂါထာကို ဆို၏။

> ၃၂။ ရုဒံ မနုညံ ရုစိယာ စ ပိဋ္ဌိ၊ ဝေဠုရိယ ဝဏ္ဏူပနိဘာ စ ဂီဝါ၊
> ဗျာမမတ္တာနိ စ ပေခုဏာနိ၊ နစ္စေန တေ ဓီတရံ နော ဒဒါမိ။

အို–ဥဒေါင်း သင်၏ တွန်သံသည် သာယာ၏။ ကျောက်ကုန်းသည်လည်း နှစ်သက်ဖွယ်ရှိ၏။ လည်သည်လည်း ကြောင်မျက်ရွဲမြည့်သို့ အဆင်းနှင့် တူလေ၏။ မြီးဆံတို့သည်လည်း တစ်လံမျှ ရှိကုန်၏။ ကခြင်းကြောင့် သင့်အား ငါ၏ သမီးကို မပေး။

ဤသို့ဆို၍ ဟသ်ာမင်းသည် ပရိသတ်၏ အလယ်၌လျှင် မိမိ၏ တူဖြစ်သော ဟသ်ာငယ်အား သမီးကို ပေး၏၊ ဥဒေါင်းသည် ဟသ်ာမကို မရခြင်းကြောင့် ရှက်၍ ထိုအရပ်မှ ပျံ၍ ပြေး၏။ ဟသ်ာမင်းသည်လည်း မိမိ၏ နေရာအရပ်သို့ သွား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ရဟန်းဘို-ယခုသာလျှင် ထိုရဟန်းသည် အရှက် အကြောက်ကို ဖျက်၍ သာသနာတည်းဟူသော ရတနာ့ ယုတ်သည် မဟုတ်သေး။ ရှေး၌လည်း မိန်းမရတနာကို ရခြင်းမှ ယုတ်ဖူးသည်သာလျှင် တည်းဟု ဤတရားဒေသနာကို ဆောင်တော်မူ၍ အနုသန္ဓေကို စပ်တော်မူ၍ ယခုအခါ များသော ဘဏ္ဍာရှိသော ရဟန်းသည် ထိုအခါ ဥဒေါင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဟသ်ာမင်း ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးဆယ့်နှစ်ခု မြောက်သော နစ္စဇာတ်သည် ပြီး၏။

## ၃၃-သမ္မောဒမာနဇာတ်

### ညီညွတ်ခြင်းသည် အင်အား

### ပစ္စုပ္ပန်ဝတ္ထု

နက်နှင့်တကွသော လူကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "သမ္မောဒမာနာ ဂစ္ဆန္တိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသမ္မောဒမာန ဇာတ်ကို ကပိလဝတ်ပြည်ကို မှီ၍ နိဂြောဓာရုံကျောင်း၌ နေတော်မူစဉ် ခေါင်းခုပုဆိုးကို စွဲ၍ဖြစ်သော ခိုက်ရန်ကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုခိုက်ရန် ဖြစ်ခြင်းသည် အဿဂိန္နပါတ် ကုဏာလဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။

ထိုအခါ၌ကား မြတ်စွာဘုရားသည် ဆွေတော် မျိုးတော်ကိုကို ခေါ်တော်မူ၍ မြတ်သောမင်းကြီး-အဆွေအမျိုးတို့၏ အချင်းချင်း ခိုက်ရန် ဖြစ်ခြင်းသည် မသင့်။ ထိုစကားသည် မှန်၏။ တိရစ္ဆာန်တို့သည်လည်း ရှေးညီညွတ်သော အခါ၌ ရန်သူတို့ကို လွှမ်းမိုး၍ ချမ်းသာခြင်းသို့ ရောက်ကုန်၏။ အကြင် အခါ၌ ခိုက်ရန်ဖြစ်ခြင်းသို့ ရောက်ကုန်၏။ ထိုအခါ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ကုန်၏ဟု မိန့်တော်မူ၍ ဆိတ်ဆိတ်နေတော်မူ၏။ အဆွေအမျိုး ဖြစ်ကုန်သော မင်းတို့သည် တောင်းပန်အပ်ကုန်သည် ဖြစ်၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ငုံးအမျိုး၌ဖြစ်၍ အထောင်မက များစွာကုန်သော ငုံးအပေါင်းတို့ဖြင့် ခြံရံကုန်လျက် တော၌သာလျှင် နေကုန်၏။ ထိုအခါ တစ်ယောက်သော မုဆိုးသည် ထိုငုံးတို့၏ နေရာအရပ်သို့ ရောက်၍ ငုံးသံကို မြည်၍ ထိုငုံးတို့၏ စည်းဝေးသောအဖြစ်ကို သိ၍ ထိုငုံးတို့၏ အထက်၌ ကွန်ကိုပစ်၍ အစွန်းတို့၌ ငင်လျက် အလုံးစုံသော ငုံးတို့ကို တစ်ပေါင်းတည်းပြု၍ တောင်းကို ပြည့်စေ၍ အိမ်သို့သွား၍ ငုံးတို့ကိုရောင်း၍ ထိုအဖိုးဖြင့် အသက်မွေး၏။ ထိုအခါ တစ်နေ့သ၌ ဘုရားလောင်းသည် ငုံးတို့ကို ဆို၏။

ဤမုဆိုးသည် ငါတို့၏ ဆွေမျိုးတို့ကို ပျက်စီးခြင်းသို့ ရောက်စေ၏၊ အကြင် အကြောင်းဖြင့် မုဆိုးတို့သည် ငါတို့ကို ယူခြင်းငှါ မတတ်နိုင်လတ္တံ့၊ ငါသည် တစ်ခုသော ထိုအကြောင်းကို သိ၏၊ ဤနေ့မှ စ၍ မုဆိုးသည် သင်တို့၏ အထက်၌ ကွန်ကို ပစ်လတ်သည်ရှိသော် တစ်ကောင် တစ်ကောင်စီ တစ်ခု တစ်ခုသော ကွန်ပေါက်၌ ဦးခေါင်းကို ထား၍ ကွန်ကို ချီ၍ အလိုရှိရာအရပ်သို့ ဆောင်၍ ဆူးရှိသော ချုံ၌ ပစ်ကုန်လော့၊ ဤသို့ ပစ်ပြီးသည်ရှိသော် အောက်မှ ထိုထိုအရပ်သို့ ပြေးကြကုန်အံ့ဟု ဆို၏၊ ခပ်သိမ်းကုန်သော ငုံးတို့သည် ကောင်းပြီဟု ဝန်ခံကုန်၏၊ နှစ်ရက်မြောက်သောနေ့၌ အထက်၌ ကွန်ကို ပစ်သည်ရှိသော် ထိုငုံးတို့သည် ဘုရားလောင်း ပေးသောနည်းဖြင့် ကွန်ကို ချီ၍ တစ်ခုသော ဆူးရှိသော ချုံ၌ပစ်၍ မိမိတို့သည် အောက်အဖို့ဖြင့် ထိုထို အရပ်သို့ ပြေးလေကုန်၏၊ ငုံးမုဆိုးအား ချုံမှ ကွန်ကို ဖြေစဉ်လျှင် အချိန် လွန်လေသည် ဖြစ်၏၊ ငုံးမုဆိုးလည်း လက်ချည်းစည်းသာလျှင် သွားလေ၏၊ နက်ဖြန်နေ့မှ စ၍လည်း ငုံးတို့သည် ထိုအတူသာလျှင် ပြုကုန်၏။

ထိုမုဆိုးသည်လည်း နေဝင်သည်တိုင်အောင် ကွန်ကို ဖြေ၍သာလျှင် တစ်စုံတစ်ခုကို မရ၍ လက်ချည်းစည်းသာလျှင် အိမ်သို့ သွားရ၏၊ ထိုအခါ မုဆိုး၏ မယားသည် အမျက်ထွက်၍ သင်သည် နေ့တိုင်း နေ့တိုင်း လက်ချည်း စည်းသာလျှင် လာ၏။ သင့်အား တစ်ပါးဖြစ်သောအပ၌ ကျွေးမွေးအပ်သော မယားသည် ရှိယောင်တစ်ကားဟု ဆို၏၊ ငုံးမုဆိုးသည် ရှင်မ ငါ့အား တစ်ပါး သော မွေးကျွေးအပ်သော မယားမရှိ၊ စင်စစ်သော်ကား ထိုငုံးတို့သည် ညီညွတ်ကုန်သည် ဖြစ်၍ သွားကုန်၏၊ ငါသည် ပစ်ကာမျှသော ကွန်ကို ယူ၍ ဆူးရှိသောချုံ၌ ပစ်၍ သွားကုန်၏၊ ထိုငုံးတို့သည် အခါခပ်သိမ်းလျှင် ညီညွတ်ကုန်သည်ဖြစ်၍ မနေကုန်လတ္တံ့၊ သင်သည်မစိုးရိမ်လင့်၊ အကြင်အခါ ထိုငုံး

တို့သည် ခိုက်ရန်ဖြစ်ခြင်းသို့ ရောက်ကုန်လတ္တံ့၊ ထိုအခါ အလုံးစုံသော ငုံးတို့ကို သာလျှင် ယူ၍ သင်၏ မျက်နှာကို ရွှင်စေလျက် လာအံ့ဟု မယားအား ဆိုလို၍ ဤဂါထာကို ရွတ်ဆို၏—

၃၃။ သမ္မောဒမာနာ ဂစ္ဆန္တိ၊ ဇာလမာဒါယ ပက္ခိနော။
ယဒါ တေ ဝိဝဒိဿန္တိ၊ တဒါ ဧဟိန္တိ မေ ဝသံ။

ရှင်မ စည်းလုံးညီညွတ်မှု ရှိကုန်သော ငုံးတို့သည် ကွန်ရက်ကို ယူ၍ သွားကြကုန်၏၊ ထိုငုံးတို့ ခိုက်ရန်ဖြစ်၍ မညီညွတ်သောအခါ၌ ထိုငုံးတို့သည် ငါမုဆိုး၏ အလိုသို့ ရောက်လာလိမ့်မည်။

ထိုသို့ ရောက်သည်ရှိသော် ငါသည် ထိုငုံးတို့ကို ယူ၍ သင်၏ မျက်နှာကို ရွှင်လန်းစေလျက် လာအံ့ဟု မယားကို နှစ်သိမ့်စေ၏၊ နှစ်ရက် သုံးရက် လွန်သဖြင့် ငုံးတစ်ကောင်သည် ကျက်စားရာ အရပ်သို့ သက်သည်ရှိသော် အမှတ်မဲ့ဖြစ်၍ ငုံးတစ်ကောင်၏ ဦးခေါင်းကို နင်းမိ၏၊ နင်းမိသော ငုံးသည် အဘယ်သူသည် ငါ့ဦးခေါင်းကို နင်းသနည်းဟု အမျက်ထွက်၏၊ ငါသည် အမှတ်မဲ့ဖြစ်၍ နင်းမိ၏၊ သင်သည် အမျက်မထွက်လင့်ဟု ဆိုသော်လည်း အမျက်ထွက်သည်သာလျှင်တည်း၊ ထိုငုံးနှစ်ကောင်တို့သည် အဖန်တလဲလဲ ဆိုကုန်သည်ရှိသော် သင်သည်သာလျှင် ကွန်ကို ချီသလောဟု အချင်းချင်း ခိုက်ရန်ပြုကုန်၏၊ ထိုငုံးတို့သည် ခိုက်ရန်ပြုကုန်သည်ရှိသော် ဘုရားလောင်းသည် ခိုက်ရန်ပြုရာ၌ ချမ်းသာသည့် အဖြစ်မည်သည် မရှိ၊ ယခုပင်လျှင် ထိုငုံးတို့သည် ကွန်ကို မချီကုန်လတ္တံ့၊ ထို့ကြောင့် ကြီးစွာသောပျက်စီးခြင်းသို့ ရောက်ကုန်လတ္တံ့၊ ငုံးမုဆိုးသည်လည်း အခွင့်ရလတ္တံ့၊ ငါသည် ဤအရပ်၌ နေခြင်းငှါ မတတ်ကောင်းဟု ကြံ၏၊ ကြံပြီး၍ ဘုရားလောင်းသည် မိမိပရိသတ်ကို ယူ၍ တစ်ပါးသော အရပ်သို့ သွား၏။

ငုံးမုဆိုးသည်လည်း နှစ်ရက် သုံးရက် လွန်သဖြင့် လာလတ်၍ ငုံးမြည်သံကို မြည်၍ စည်းဝေးလာကုန်သော ငုံးတို့၏ အထက်၌ ကွန်ကို ပစ်၏၊ ထိုအခါ ငုံးတစ်ကောင်သည် ကွန်ကို ချီသည့်သာလျှင်ဖြစ်သော ငုံး၏ အမွေးတို့သည် သင်၏ ဦးခေါင်းထက်၌ ကျကုန်သတတ်၊ ယခု သင်သာလျှင် ချီလောဟု ဆို၏၊ ငုံးတစ်ကောင်သည် ကွန်ကို ချီသည်သာလျှင်ဖြစ်သော ငုံး၏ အတောင် တို့သည်လည်း သင်၏အတောင် နှစ်ဘက်တို့၌ ကျကုန်သတတ်၊ ယခုသင်သည်

သာလျှင် ချီလောဟု ဆို၏၊ ဤသို့ ငုံးတို့၏ သင်ချီလော သင်ချီလောဟု ဆိုကုန်စဉ်လျှင် မုဆိုးသည် ကွန်ကိုရှုံ့၍ ခပ်သိမ်းသော ငုံးတို့ကို တစ်ပေါင်းစည်း ပြုရွဲ၍ တောင်းကို ပြည့်စေ၍ မယားကို ရှင်စေလျက် အိမ်သို့လာ၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် မင်းကြီး-ထိုဆွေမျိုးတို့၏ ခိုက်ရန်ဖြစ်ခြင်း မည်သည် ကား မသင့်၊ ခိုက်ရန်ဖြစ်ခြင်းသည် ပျက်စီးခြင်း၏ အခြေအမြစ်သာလျှင် ဖြစ်၏ဟု ဤတရားဒေသနာကို ဆောင်၍ အနုသန္ဓေကို စပ်၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ မလိမ္မာသော ငုံးဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည် လျှင် ထိုအခါ ပညာရှိငုံးဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးဆယ်သုံးခုမြောက်သော သမ္မောဒမာန ဇာတ်သည် ပြီး၏။

---

## ၃၄-မစ္ဆဇာတ်

### မယားအပူက မီးခဲသက်ပူခြင်း

#### ပစ္စုပ္ပန်ဝတ္ထု

နှတ်နှင့်တကွသောလူကို ဆုံးမတော်မူတတ်သော သဗ္ဗညုဘုရား မြတ်စွာဘုရား သည် နမ်းသီတံနမ်ဉဏ္ဏံ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ မစ္ဆဇာတ်ကို ဇေတဝန် ကျောင်းတော်၌ နေတော်မူစဉ် မယားဟောင်းဖြား ယောင်းသောရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းကို ရဟန်း-သင်သည် ငြီးငွေ့သတတ် ဟူသည်မှန်သလောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား

မှန်ပေ၏ဟု လျှောက်၏။ အဘယ်သူသည် ငြီးငွေ့စေအပ်သနည်းဟု မိန့်တော်မူ၏။ အရှင်ဘုရားအကျွန်ုပ်၏ မယားဟောင်းသည် ငြီးငွေ့စေအပ်၏။ အကျွန်ုပ်သည် နူးညံ့သော လက်အရသာရှိသည်၏ အဖြစ်ကြောင့် ထိုမယားဟောင်းကို စွန့်ခြင်းငှါ မဟုတ်နိုင်ဟု လျှောက်၏။ ထိုအခါ ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း ဤမိန်းမသည် ယခုသာလျှင် သင်၏ အကျိုးမဲ့ကို ပြုသည် မဟုတ်သေး။ ရှေး၌လည်း ပြုဖူးသည်သာလျှင်တည်း။ သင်သည် ထိုမိန်းမကို မှီ၍ သေခြင်းသို့ ရောက်လုသည်ရှိသော် ငါ့ကိုစွဲ၍ သေခြင်းမှ လွတ်ဖူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုမင်း၏ ပုရောဟိတ် ဖြစ်၏။ ထိုအခါ တံငါတို့သည် မြစ်၌ ကွန်ပစ်ကုန်၏၊ ထိုအခါ တစ်ခုသော ငါးကြီးသည် ကာမဂုဏ်၌ မွေ့လျော်သည် အစွမ်းဖြင့် မိမိ၏ ငါးမနှင့်တကွ ကျက်စားလျက် လာ၏။ ထိုငါးကြီး၏ ငါးမသည် ရှေ့၌ သွားသည်ရှိသော ကွန်နံ့နံ့လာ၍ ကွန်ကိုရှောင်လွှဲ၍သွား၏။ ကာမဂုဏ်၌ မက်မောသော လျှပ်ပေါ်သော ငါးကြီးသည်ကား ကွန်တွင်းသို့သာ ဝင်၏။ တံငါတို့သည် ငါးကြီး၏ ကွန်တွင်းသို့ ဝင်သည်၏အဖြစ်ကို သိ၍ ကွန်ကိုချီ၍ ငါးကို ယူ၍ မသတ်မူ၍လျှင် သဲပြင်၌ ပစ်ချ၍ ဤငါးကို မီးကျီး၌ကင်၍ စားကုန်အံ့ဟု မီးကျီးကိုပြုကုန်၏။ တံကျင်ကို ရွေကုန်၏။ ငါးသည်မီးကျီး၌ ကင်သော ဆင်းရဲသည်လည်းကောင်း တံကျင်လှိုသော ဆင်းရဲသည်လည်းကောင်း၊ တစ်ပါးသော ဆင်းရဲသည်လည်းကောင်း ငါ့ကိုမနှိပ်စက်နိုင်။ ထိုငါးသည် ကာမဂုဏ်၌ မွေ့လျော်သဖြင့် တစ်ပါးသော ငါးမသို့ လိုက်ယောင်တကားဟု ထိုငါးမအား ငါ၌ အကြင် နှလုံးမသာခြင်းသို့ ရောက်လတ္တံ့။ ထိုငါးမအား ဖြစ်လတ္တံ့သော နှလုံးမသာယာခြင်းသည်သာလျှင် ငါ့ကိုနှိပ်စက်၏ဟု ဤဂါထာကို ရွတ်ဆိုငိုကြွေးလေ၏—

**၂၄။ န မံ သီတံ န မံ ဥဏှံ၊ န မံ ဇာလသ္မိ ဗာဓနံ။**
**ယဉ္စ မံ မညတေ မစ္ဆီ၊ အညံ သော ရတိယာ ဂတော။**

ငါ့ကို အအေးကလည်း မနှိပ်စက်၊ အပူကလည်း မနှိပ်စက်၊ ပိုက်ကွန်တွင်း၌ နှောင်ဖွဲ့ကျင်ခြင်းကလည်း မနှိပ်စက်၊ "ငါးဖိုသည် ကာမဂုဏ်၌ ပျော်မွေ့လိုသဖြင့်

အခြားငါးမနောက်သို့ လိုက်သွားလေပြီ”ဟု ငါးမ အထင်မှားခံရမည်ကို တွေးတောပူပန်ခြင်းသည်သာလျှင် ငါ့ကို နှိပ်စက်၏။

ထိုအခါ ပုရောဟိတ်သည် ကျွန်အပေါင်းခြံရံလျက် ရေချိုးအံ့သောငှာ မြစ်ဆိပ်သို့လာ၏။ ပုရောဟိတ်သည်ကား ခပ်သိမ်းသော သတ္တဝါတို့၏ အသံကို သိ၏။ ထို့ကြောင့် ပုရောဟိတ်အား ငါး၏ ငိုကြွေးသံကို ကြား၍ ဤသို့သော အကြံသည်ဖြစ်၏။ ဤငါးသည် ကိလေသာ၏ အစွမ်းဖြင့် ငိုကြွေး၏။ ဤသို့ ထိုငါးသည် ကိလေသာနှိပ်စက်သော စိတ်ရှိသည် ဖြစ်၍လျှင် သေသည်ရှိသော် ငရဲ၌သာလျှင် ဖြစ်လတ္တံ့။ ငါကား ဤငါး၏ ကိုးကွယ်ရာဖြစ်လတ္တံ့ဟု တံငါတို့၏ အထံသို့သွား၍ အိုတံငါတို့ သင်တို့သည် ငါတို့အား တစ်နေ့မျှလည်း ဟင်းလျာတို့ ငါးကိုမပေးကုန်ဟု ဆို၏။ တံငါတို့သည် အရှင် အရှင်တို့သည် အသို့ဆိုကုန်သနည်း၊ အရှင်တို့သည် ကြိုက်လေသောငါးကိုယူ၍ သွားကုန်လော ဟု ဆို၏။ ငါတို့အား တစ်ပါးသော ငါးဖြင့်အလိုမရှိ ဤငါးကိုသာလျှင် ပေးကုန်လောဟု ဆို၏။ အရှင် အရှင်တို့သည် ယူကုန်လော့ဟုဆို၏။ ဘုရားလောင်းသည် ထိုငါးကို လက်နှစ်ဘက်ဖြင့် ယူ၍ မြစ်နား၌နေ၍ အိုငါး ငါသည် ယနေ့သင့်ကို အကယ်၍ မမြင်အံ့၊ သင်သည် အသက်ကုန်ခြင်းသို့ ရောက်ရာ၏၊ ယနေ့မှစ၍ သင်သည် ကိလေသာအလိုသို့ လိုက်သည်မဖြစ်လင့်ဟုဆုံးမ၍ ရေ၌လွှတ်၍ ရေချိုး၍ မြို့သို့ဝင်၏။ မြတ်စွာဘုရားသည် ဤတရားဒေသနာကိုဆောင်၍ သစ္စာတို့ကို ပြဟော်မူ၏။ သစ္စာကို ပြဟော်မူသည်၏အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည်လည်း အနုသန္ဓိကိုစပ်၍ ယခုအခါ မယားဟောင်းသည် ထိုအခါ ငါးမဖြစ်ပြီ။ ယခုအခါ ငြီးငွေ့သော ရဟန်းသည် ထိုအခါ ငါကြီးဖြစ်ပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပုရောဟိတ်ဖြစ်ပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

သုံးဆယ့်လေးခုမြောက်သော မစ္ဆဇာတ်သည်ပြီး၏။

## ၃၅-ဝဋ္ဋကဇာတ်

### မီးကင်းဂါထာ

**သစ္စာနှုတ်သီး မန္တန်ကြီး၊ တောမီးကင်းနိုင်သည်။**

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လူကို ဆုံးမတော်မူတတ်သော သဗ္ဗညူမြတ်စွာဘုရားသည် သန္တိပ ဘွာ- အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝဋ္ဋကဇာတ်ကို မာဓတိုင်းတို့၌ ဒေသစာရီ ကြွတော်မူစဉ် တောမီး၏ငြိမ်းခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏၊

အခါတစ်ပါး၌ မြတ်စွာဘုရားသည် မဂဓတိုင်း၌ ဒေသစာရီကြွတော်မူသည် ရှိသော် မဆင်ရွားသော မာဓရွာငယ်၌ ဆွမ်းအလို့ငှါ ကြွတော်မူ၍ ဆွမ်းဘုဉ်းပေးပြီးသည်မှ နောက်၌ ဆွမ်းခံရွာမှ ဖဲခွဲ၍ ရဟန်းအပေါင်းခြံရံလျက် ခရီးကို ကြွတော်မူ၏။ ထိုအခါ ကြီးစွာသောတောမီးသည် ထလေ၏။ ရှေ့မှလည်းကောင်း နောက်မှလည်းကောင်း များစွာကုန်သော ရဟန်းတို့သည် ဖြစ်ကုန်၏။ ထိုတောမီးသည်သည် တစ်သုံးတည်းသော အခိုးအလျှံရှိ၍ လွှမ်းလျက်လာ၏။ ထိုရဟန်းအပေါင်း၌ အချို့ကုန်သော ပုထုဇဉ် ရဟန်းတို့သည် သေအံ့သောဘေးမှ ကြောက်ကုန်သည်ဖြစ်၍ မီးကြိုကို ပေးကုန်အံ့၊ ထိုမီးကြိုလောင်ရာအရပ်ကို တောမီးသည် မလွှမ်းသတ်္တံ့ဟု ပွတ်ကျည်ပွတ်ခုံတို့ကို လုပ်၍ မီးတို့ကိုပြုကုန်၏။ တစ်ပါးကုန်သော ရဟန်းတို့သည် ငါရှင်တို့ သင်တို့သည် အဘယ်မည်သော အမှုကို ပြုကြကုန်သနည်း ကောင်းကင်လယ်၌ တည်သောလဝန်းကို မမြင်ကုန်သကဲ့သို့လည်းကောင်း အရှေ့လောကဓာတ်မှတက်သော အသောင်မကသော ရောင်ခြည်ဘုံဖြင့် တန်ဆာဆင်အပ်သော နေဝန်းကို မမြင်ကုန်သကဲ့သို့လည်းကောင်း၊ ကမ်းနား၌ ရပ်ကုန်လျက် သမုဒ္ဒရာကို မမြင်ကုန်သကဲ့သို့လည်းကောင်း၊ မြင့်မိုရ်တောင်ကို မှီကုန်သောသူတို့သည် မြင့်မိုရ်တောင်ကို မမြင်ကုန်သကဲ့သို့လည်းကောင်း၊ နတ်နှင့်တကွသော လောက၌ မြတ်သော ပုဂ္ဂိုလ်ဖြစ်သော မိမိနှင့်တကွ သွားသည်သာလျှင် ဖြစ်သော မြတ်စွာဘုရားကို မကြည့်ကုန်မူ၍ မီးကြိုကိုပေးကုန်အံ့ဟု သင်တို့သည် ပြုကုန်၏။ မြတ်စွာဘုရား၏ အစွမ်းမည်သည်ကို သင်တို့သည် မသိကုန်၊ လာကုန်လော့ မြတ်စွာဘုရားအထံသို့ သွားကုန်အံ့ဟု ဆိုကုန်၏။ ဆိုပြီး၍ ရှေ့မှလည်းကောင်း နောက်မှလည်းကောင်း သွားကုန်

သော ခပ်သိမ်းကုန်သော ထိုရဟန်းတို့သည် တစ်ပေါင်းတည်း ဖြစ်ကုန်၍ မြတ်စွာဘုရားအထံသို့ သွားကုန်၏၊ မြတ်စွာဘုရားသည် များစွာသော ရဟန်းအပေါင်းခြံရံလျက် မထင်ရှားသော အရပ်၌ ရပ်၏၊ တောမီးသည် လွှမ်းတိသကဲ့သို့ မြည်လျက်လာ၏၊ လာပြီး၍ မြတ်စွာဘုရား၏ ရပ်ရာအရပ်သို့ရောက်၍ ထိုအရပ်၏ ထက်ဝန်းကျင်မှ တစ်ဆယ့်ခြောက်ပယ်မျှသော အရပ်သို့ ရောက်၍ ရေ၌ ပက်အပ်သော မြက်မီးရှူးကဲ့သို့ ငြိမ်း၏၊ထက်ဂန်းကျင်မှ သုံးဆယ့်နှစ်ပယ်မျှသော အရပ်ကို လွှမ်းခြင်းငှါ မတတ်နိုင်၊ ရဟန်းတို့သည် မြတ်စွာဘုရား၏ ကျေးဇူးစကားကို အားထုတ်ကုန်၏၊ 'ဘုရားတို့၏ ကျေးဇူးတော်မည်သည်ကား အံ့ဖွယ်ရှိစွ၊ ထိုစကားသည် မှန်၏၊ စိတ်မရှိသော ဤတောမီးစဉ် ဖြစ်ပါလျက် ဘုရားတို့၏ တည်ရာအရပ်ကို လွှမ်းခြင်းငှါ မတတ်နိုင်၊ ရေ၌ နှစ်အပ်သော မြက်မီးရှူးကဲ့သို့ငြိမ်း၏၊ ဘုရားတို့၏ အာနုဘော်မည်သည်ကား အံ့ဖွယ်ရှိစွဟု မြတ်စွာဘုရား၏ ကျေးဇူးစကားကို အားထုတ်ကုန်၏။

မြတ်စွာဘုရားသည်လည်း ရဟန်းတို့၏ စကားကို ကြားတော်မူ၍ ရဟန်းတို့ ဤအရပ်သို့ရောက်၍ ဤတောမီးသည် ငြိမ်း၏၊ ဤတောမီး၏ ငြိမ်းခြင်းသည် ယခုအခါ ငါဘုရား၏အစွမ်းမဟုတ်၊ ဤအစွမ်းသည်ကား ငါ၏ ရှေး၌ ဖြစ်သော သစ္စာ၏အစွမ်းတည်း၊ ထိုစကားသည် မှန်၏၊ ဤအရပ်၌ ဘဒ္ဒကပ်ကမ္ဘာပတ်လုံးလည်း မီးမလောင်။ ဤမီးမလောင်ခြင်းသည် ကမ္ဘာပတ်လုံးတည်သော ကန်ခိုးမည်၏ဟု မိန့်တော်မူ၏၊ ထိုအခါ အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားအား ထိုင်တော်မူစိမ့်သောငှါ ဒုကုဋ်ကို လေးထပ်ပြု၍ ခင်း၏၊ မြတ်စွာဘုရားသည် ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၏၊ ရဟန်းသံဃာသည်လည်း မြတ်စွာဘုရားကို ခြံရံ၍နေ၏၊ ထိုအခါ ရဟန်းအပေါင်းတို့သည် အရှင်ဘုရား ရှေးဦးစွာ ဤမီးငြိမ်းခြင်းသည် အကျွန်ုပ်တို့အား ထင်ရှား၏၊ လွန်လေပြီးသော မီးငြိမ်းခြင်းသည် မထင်၊ ထိုလွန်လေပြီးသော မီးငြိမ်းခြင်းကို ထင်စွာ ပြုတော်မူကုန်လောဟု ရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍အတိတ်ကိုဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ မဂဓတိုင်းဝယ် ထိုအရပ်၌ပင်လျှင် ဘုရားလောင်းသည် ငုံးမျိုး၌ဖြစ်၏၊ အမိဝမ်းမှ ဖွား၍ ဥခွံကို ခွဲသောကာလ၌ ကြီးစွာသော အိမ်ဂျင်ပမာဏရှိသော ငုံးဖြစ်၏၊ ထိုအခါ ဘုရားလောင်းကို မိဘတို့သည် အသိုက်၌ အိပ်စေ၍ နှုတ်သီးဖြင့် အစာကိုဆောင်၍ မွေးကျွေးကုန်၏၊ ဘုရားလောင်းအား အတောင်တို့ကိုဖြန့်၍ ကောင်းကင်၌ ပျံနိုင်သော အစွမ်းသည် လည်းကောင်း၊ ခြေတို့ကို ကြွ၍ ကြည်း၌ သွားနိုင်သော အစွမ်းသည် လည်းကောင်း မရှိ။ ထိုအရပ်ကိုလည်း နှစ်တိုင်းနှစ်တိုင်း တောမီးလောင်၏၊ ထို

တောမီးသည် ထိုအခါ၌ သည်းစွာမြည်ဟည်းလျက် ထိုအရပ်ကိုလောင်၏၊ ငှက်အပေါင်းတို့သည် မိမိမိမိတို့၏ အသိုက်မှ ထွက်ကုန်၍ သေဘေးမှကြောက်ကုန်ရကား မြည်လျှက်ပြေးကုန်၏၊ ဘုရားလောင်း၏ မိဘတို့သည်လည်းသေဘေးမှကြောက်ကုန်ရကား ဘုရားလောင်းကို စွန့်၍ ပြေးကုန်၏၊ ဘုရားလောင်းသည် အသိုက်၌ဝပ်လျက် လည်ကိုချီ၍ လွှမ်း၍လာသော တောမီးကိုမြင်၍ ငါ့အား အတောင်တို့ကို ဖြန့်၍ ကောင်းကင်သို့ ပျံနိုင်သော အစွမ်းသည် အကယ်၍ ရှိအံ့၊ ပျံ၍ တစ်ပါးအရပ်သို့သွားရာ၏၊ ခြေတို့ကို ကြွ၍ ကြည်း၌ သွားနိုင်သော အစွမ်းသည် အကယ်၍ရှိအံ့၊ ခြေကိုကြွသဖြင့် တစ်ပါးသောအရပ်သို့ သွားလေရာ၏။

ငါ၏ မိဘတို့သည်လည်း သေဘေးမှ ကြောက်ကုန်သည်ဖြစ်၍ တစ်ထောင်သော ငါ့ကို စွန့်၍ ကိုယ်ကိုစောင့်ရှောက်လိုရကား ပြေးကုန်၏၊ ယခု ငါ့အား တစ်ပါးသော ကိုးကွယ်ရာသည်မရှိ၊ မှီခိုရာမရှိ၊ လဲလျောင်းရာမရှိ၊ ယခု ငါသည် အဘယ်သို့လျှင် ပြုခြင်းငှါ သင့်လေနည်းဟု ကြံ၏၊ ထိုအခါ ဘုရားအလောင်းအား ဤသို့သောအကြံဖြစ်၏၊ ဤလောက၌ သီလကျေးဇူးမည်သည် ရှိ၏၊ လွန်လေပြီးသောအခါ၌ ပါရမီတို့ကို ဖြည့်၍ ဗောဓိအပြင်၌ နေ၍ သစ္စာလေးပါးတို့ကို သိတော်မူကုန်သော သီလ သမာဓိ ပညာဝိမုတ္တိ အရဟတ္တဖိုလ်ပစ္စဝေက္ခဏာ ဉာဏ်ဖြင့် ပြည့်စုံကုန်သော မှန်ကန်ခြင်း ချစ်ခြင်း သနားခြင်း သည်းခံခြင်းနှင့် ပြည့် စုံ ကုန် သော အ လုံး စုံ ကုန် သော သတ္တဝါ တို့၌ အမျှဖြစ်သော မေတ္တာ ပွားခြင်း ရှိ ကုန် သော သ ဗ္ဗ ညု ဘုရားရှင်တို့ မည်သည် ရှိကုန်၏၊ ထို ဘု ရား ရှင် တို့သည် သိ အပ် ကုန် သော တရား ကျေးဇူးတို့ မည်သည် ရှိကုန်၏၊ ငါ၌လည်း တစ်ခုသော သစ္စာသည် ရှိ၏၊ ထင်ရှားသော တစ်ခုသော သဘောတရားသည် ထင်၏။ ထို့ကြောင့် လွန်ကုန်ပြီးသော ဘုရားရှင်တို့ကိုလည်းကောင်း, ထိုဘုရားရှင်တို့သည် ထိုးထွင်း၍ သိအပ်ကုန်သော ဂုဏ်ကျေးဇူးတို့ကိုလည်းကောင်း ဆင်ခြင်၍ ငါ၌ ထင်ရှားရှိသော သစ္စာသဘောတရားကို ယူ၍ သစ္စာဆိုခြင်းကို ပြု၍ တောမီးကို ဖဲစေ၍ ယခုငါသည် မိမိ၏လည်းကောင်း ကြွင်းသောငှက်တို့၏လည်းကောင်း ချမ်းသာသည်၏အဖြစ်ကို ပြုခြင်းငှါ သင့်၏ဟု အကြံဖြစ်၍ ဤဂါထာကို ရွတ်ဆိုလေ၏—

အတ္ထိ လောကေ သီလဂုဏော၊ သစ္စံ သောစေယျနုဒ္ဒယာ။
တေန သစ္စေန ကာဟာမိ၊ သစ္စကိရိယ မနုတ္တရံ။
အာဝဇ္ဇေတွာ ဓမ္မဗလံ၊ သရိတွာ ပုဗ္ဗကေ ဇိနေ။
သစ္စဗလမဝဿာယ၊ သစ္စကိရိယမကာသဟံ၊

လောက၌ သီလကျေးဇူး, သစ္စာကျေးဇူးသည် ရှိ၏၊ သီလ, ဝေမတ္တာ, ကရုဏာ တရားတို့သည် ရှိကုန်၏။ ထိုသစ္စာဖြင့် အတုမရှိ မြတ်သော သစ္စာပြုခြင်းကို ငါပြုအံ့၊ ငါသည် တရားတော်၏ အစွမ်းကို ဆင်ခြင်၍ ရှေး၌ပွင့်တော်မူကုန်သော ဘုရားရှင်တို့ကို အောက်မေ့၍ သစ္စာ၏အစွမ်းကို မှီလျက် သစ္စာပြုဖူးပြီ။

ထိုအခါ ဘုရားအလောင်းသည် လွန်လေပြီးသောအခါ၌ ပရိနိဗ္ဗာန်ပြုတော်မူကုန်ပြီးသော ဘုရားရှင်တို့၏ ကျေးဇူးတော်ကို ဆင်ခြင်၍ မိမိ၌ထင်ရှားရှိသော သစ္စာသဘောကို အာရုံပြု၍ သစ္စာပြုလိုရကား ဤဂါထာကို ဆို၏—

**၃၅။ သန္တိ ပက္ခာ အပတနာ၊ သန္တိ ပါဒါ အဝဉ္စနာ။**
**မာတာပိတာ စ နိက္ခန္တာ၊ ဇာတဝေဒ ပဋိက္ကမ။**

အို တောမီး ငါ့အား အတောင်တို့သည် ရှိကုန်၏၊ ထိုအတောင်တို့ဖြင့် ကောင်းကင်သို့ ပျံခြင်းငှါ မတတ်နိုင်ကုန်၊ ငါ့အား ခြေတို့သည် ရှိကုန်၏။ ထိုခြေတို့ဖြင့် မြေ၌သွားခြင်းငှါ မတတ်နိုင်ကုန်၊ ငါ၏ မိဘတို့သည်လည်း ထွက်ပြေးခဲ့ကုန်ပြီ သင်သည် ဖဲလေလော့။

ဤသို့ ဘုရားလောင်းသည် ငါ့အား အတောင်တို့၏ ရှိသောအဖြစ်သည်လည်းကောင်း, ထိုအတောင်ကိုဖြန့်၍ ကောင်းကင်သို့ မပျံနိုင်သည်၏အဖြစ်သည်လည်းကောင်း, ခြေတို့၏ ရှိသောအဖြစ်သည်လည်းကောင်း, ထိုခြေတို့ကို ကြွ၍ မသွားနိုင်သော အဖြစ်သည်လည်းကောင်း, မိဘတို့၏ ငါ့ကို အသိုက်၌ စွန့်၍ ပြေးသောအဖြစ်သည်လည်းကောင်း မဖောက်မပြန် မှန်သည်သာလျှင် အကယ်၍ ဖြစ်အံ့၊ တောမီး ထိုသစ္စာဖြင့် သင်သည် ဤအရပ်မှ ဖဲလေလောဟု အသိုက်၌ အိပ်လျက်လျှင် သစ္စာဆိုခြင်းကို ပြု၏။ ဘုရားလောင်း၏ သစ္စာဆိုခြင်းနှင့်တကွ တစ်ဆယ့်ခြောက်ပယ်မျှသော အရပ်၌ တောမီးသည် ဖဲ၏၊ ဖဲသော တောမီးသည်လည်း လောင်လျက်လျှင် တစ်ပါးသော အရပ်သို့ သွားသည်မဟုတ်၊ စင်စစ်သော်ကား ရေ၌နှစ်အပ်သော မြက်မီးရှူးကဲ့သို့ ထိုအရပ်၌လျှင် ငြိမ်း၏။ ထို့ကြောင့် ဤသို့ ဟောတော်မူ၏—

**သဟ သစ္စေ ကတေ မယှံ၊ မဟာပဇ္ဇလိတော သိခီ။**
**ဝဇ္ဇေသိ သောဠသကရီသာနိ၊ ဥဒကံ ပတွာ ယထာ သိခီ။**

ထိုအရပ်သည်ကား အလုံးစုံသော ဤဘဒ္ဒကပ်ကမ္ဘာပတ်လုံး မီးမလောင်သည်၏အဖြစ်ကြောင့် ကမ္ဘာပတ်လုံးတည်သော တန်ခိုးရှိသော အရပ်မည်သည် ဖြစ်၏။ ထိုသို့ ဘုရားလောင်းသည် သစ္စာဆိုခြင်းကို ပြု၍ အသက်၏ အဆုံး၌

ကံအားလျော်စွာ လား၏။ မြတ်စွာဘုရားသည် ရဟန်းတို့ ဤအရပ်၌ မီး၏ မလွှမ်းခြင်းသည် ယခု ငါဘုရား၏ အစွမ်းမဟုတ်၊ ထိုအစွမ်းသည်ကား ရှေး ငုံးငယ်ဖြစ်သော ကာလ၌ ငါဘုရားလောင်း၏ သာလျှင် သစ္စာအစွမ်းတည်းဟု ဤတရားဒေသနာကို ဆောင်၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာတို့ကို ပြတော် မူသည်၏အဆုံး၌ အချို့ကုန်သော ရဟန်းတို့သည် သောတာပန်, အချို့ကုန်သော ရဟန်းတို့သည် သကဒါဂါမ်, အချို့ကုန်သော ရဟန်းတို့သည် အနာဂါမ်, အချို့ ကုန်သော ရဟန်းတို့သည် ရဟန္တာ ဖြစ်ကုန်၏ဟု သိအပ်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် အနုသန္ဓေကိုစပ်၍ ယခုအခါ မိဘတို့သည် ထိုအခါ မိဘ တို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ငုံးဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးဆယ့်ငါးခုမြောက်သော ဝဋ္ဋကဇာတ်သည် ပြီး၏။

## ၃၆–သကုဏဇာတ်

### လျောက်ပတ်သောအရပ်ကို သိရသောအကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသောလူကို ဆုံးမတော်မူတတ်သော သဗ္ဗညူမြတ်စွာဘုရားသည် "ယံ နိဿိတာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသကုဏ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌နေတော်မူစဉ် ထိုမီးလောင်ခံရသောရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ရဟန်းတစ်ပါးသည် ဘုရားအထံ၌ ကမ္မဋ္ဌာန်းကို ယူ၍ ဇေတဝန်ကျောင်း တော်မှ ထွက်၍ ကောသလတိုင်း၌ တစ်ခုသော ပစ္စန္တရစ်ရွာကို အမှီပြု၍ တစ်စုံ သော တောကျောင်း၌ နေသတတ်၊ ထိုအခါ ထိုရဟန်း၏ ရှေးဦးစွာသောလ၌ လျှင် ကျောင်းကို မီးလောင်၏၊ ထိုရဟန်းသည် ငါ၏ ကျောင်းကို မီးလောင်သည် ဖြစ်၍ ငါသည် ဆင်းရဲစွာ နေရ၏ဟု လူတို့အား ကြား၏၊ လူတို့သည် ယခု အကျွန်ုပ်တို့လယ်သည် ခြောက်၏၊ လယ်၌ ရေသွင်းပြီး၍ ကျောင်းဆောက် ကုန်အံ့၊ ထိုလယ်၌ ရေသွင်းပြီးသော် မျိုးကြဲပြီး၍ ကျောင်းဆောက်ကုန်အံ့၊ မျိုးကြဲပြီးသော် စောင်ရန်းပြုလုပ်ပြီး၍ ကျောင်းဆောက်ကုန်အံ့၊ စောင်ရန်း

ပြုပြီးသော် ပေါင်းမြက် သုတ်သင်ပြီး၍ ကျောင်းဆောက်ကုန်အံ့၊ ရိတ်ပြီး၍ ကျောင်းဆောက်ကုန်အံ့၊ နယ်ပြီး၍ ကျောင်းဆောက်ကုန်အံ့၊ ဤသို့ ထိုထိုအမှုကို အဆုံးမရှိသည်ကို ပြု၍လျှင် ဝါတွင်းသုံးလကို လွန်စေကုန်၏။

ထိုရဟန်းသည် ဝါတွင်းသုံးလပတ်လုံး လွင်တီးခေါင်၌ ဆင်းရဲစွာ နေရသည် ဖြစ်၍ ကမ္မဋ္ဌာန်းစီးဖြန်း၍ တရားအထူးကို ဖြစ်စိမ့်သောငှါ မတတ်နိုင်၊ ပဝါရဏာ ပြုပြီး၍ကား မြတ်စွာဘုရားအထံသို့ သွား၍ ရှိခိုး၍ တင့်အပ် လျောက်ပတ်သော အရပ်၌ နေ၏။ မြတ်စွာဘုရားသည် ထိုရဟန်းနှင့်တကွ စကားပြောဟော၍ ရဟန်း သင်သည် ချမ်းသာသဖြင့် ဝါတွင်းသုံးလပတ်လုံး နေရ၏လော၊ သင့်အား ကမ္မဋ္ဌာန်းသည် အပြီးသို့ ရောက်၏လောဟု မေးတော်မူ၏၊ ရဟန်းသည် ထိုအကြောင်းကို ကြားလျှောက်၍ အကျွန်ုပ်အား လျောက်ပတ်သော ကျောင်းကို မရသောကြောင့် ကမ္မဋ္ဌာန်းသည် အပြီးသို့ မရောက်ဟု လျှောက်၏၊ မြတ်စွာဘုရားသည် ရဟန်း ရှေး၌ တိရစ္ဆာန်တို့သည်လည်း မိမိအား လျောက်ပတ်သည် မလျောက်ပတ်သည် အရပ်ကို သိ၏၊ သင်သည် အဘယ့်ကြောင့် မသိသနည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ငှက်မျိုး၌ဖြစ်၍ ငှက်အပေါင်းခြံရံလျက် တောအရပ်၌ အခက်အခွနှင့် ပြည့်စုံသော သစ်ပင်ကြီးကို မှီ၍ နေ၏။ ထိုအခါ တစ်နေ့သည်၌ ထိုသစ်ပင်၏ အခက်တို့သည် အချင်းချင်း ထိခိုက်ကုန်သည်ရှိသော် အမှုန့်သည် ကျ၏။ အခိုးထ၏၊ အမှုန့်အခိုးကို မြင်၍ ဘုရားလောင်းသည် ဤ သစ်ခက် နှစ်ခုတို့သည် ဤသို့ ထိခိုက်သည် ရှိသော် မီးတို့သည် တွက်ကုန် လတ္တံ့၊ ထိုမီးသည် ကျ၍ သစ်ရွက်ဟောင်းတို့ကို လောင်လတ္တံ့၊ ထိုသစ်ရွက်မီးမှ စ၍ ဤ သစ်ပင်ကိုလည်း လောင်လတ္တံ့၊ ဤ အရပ်၌ ငါတို့ နေခြင်းငှါ မတတ်ကောင်း ဤအရပ်မှ ပြောင်း၍ တစ်ပါးအရပ်၌ နေခြင်းငှါ သင့်၏ဟု ကြံ၏၊ ကြံပြီး၍ ဘုရားလောင်းသည် ငှက်အပေါင်းအား ဤဂါထာကို ရွတ်ဆို၏—

၃၆။ ယံ နိဿိတာ ဇဂတိရုဟံ ဝိဟင်္ဂမာ၊ သွာယံ အဂ္ဂိံ ပမုဉ္စတိ။
ဒိသာ ဘဇထ ဝက္ကင်္ဂါ၊ ဇာတံ သရဏတော ဘယံ။

ငှက်အပေါင်းတို့ ငှက်တို့ မှီနေကုန်သော သစ်ပင်ကြီးသည် မီးကိုလွှတ်၏။ ငါတို့အား ကိုးကွယ်ရာဖြစ်သော သစ်ပင်မှ ဘေးဖြစ်ခြင်းကြောင့် သင်တို့သည် အရပ်လေးမျက်နှာတို့ကို သွားကြကုန်လော့။

ဘုရားလောင်း စကားကို နားထောင်ကုန်သော ငှက် ပညာရှိတို့သည် ဘုရားလောင်းနှင့်တကွ တစ်ပြိုင်နက်သာလျှင် ပျံကုန်၍ တစ်ပါးသောအရပ်သို့ သွားကုန်၏။ အကြွင်ငှက်တို့သည် ပညာမရှိကုန်။ ထိုငှက်တို့သည် ဤငှက်ကား တစ်ပေါက်မျှသော ရေ၌ မိကျောင်းတို့ကို မြင်၏ဟု ဆိုကုန်၏၊ ဘုရားလောင်း၏ စကားကို မယူမူ၍ ထိုသစ်ပင်၌သာလျှင် နေကုန်၏။ ထိုနေ့ခင်းမှ မကြာမြင့်မီလျှင် ဘုရားလောင်းသည် ကြံအပ်သော အခြင်းအရာဖြင့် သာလျှင် မီးဖြစ်၍ ထိုသစ်ပင်ကို လောင်၏၊ အခိုးအလျှံ ထကုန်သည်ရှိသော် အခိုးသင့်သော ငှက်တို့သည် တစ်ပါးအရပ်သို့ သွားခြင်းငှါ မတတ်နိုင်ကုန်၊ မီး၌ ကျ၍လျှင် သေကုန်၏၊ မြတ်စွာဘုရားသည် ရှေး၌ တိရစ္ဆာန်တို့သည်လည်း သစ်ပင်ဖျား၌ နေကုန်လျက် မိမိအား လျောက်ပတ်သည် မလျောက်ပတ်သည် အရပ်ကို သိကြကုန်၏၊ သင်သည် အဘယ့်ကြောင့် မသိသနည်းဟု ဤတရားဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ထိုရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည်လည်း အနုသန္ဓေကို စပ်၍ ယခုအခါ ငါဘုရား ပရိသတ်သည် ထိုအခါ ဘုရားလောင်း စကားကို နားထောင်ကုန်သော ငှက်တို့သည် ဖြစ်ကုန်ပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိငှက် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးဆယ့်ခြောက်ခုမြောက်သော သကုဏဇာတ်သည် ပြီး၏။

---

## ၃၇–တိတ္တိရဇာတ်
## ဆင်, မျောက်, ခါ သတ္တဝါ သုံးဦးတို့အကြောင်း
## အသက်ကြီးတော့ တစ်နည်းသာ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လူကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ယေဝုစုမပစာယန္တိ- အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤတိတ္တိရ ဇာတ်ကို သာဝတ္ထိပြည်သို့ သွား၍ အရှင်သာရိပုတ္တရာအား အိပ်ရာ နေရာကို ပြစ်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

အနာထပိဏ်သူဌေးသည် ကျောင်းဆောက် ပြီး၍ တမန်စေသည်ရှိသော် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှ ထွက်ခဲ့၍ ဝေသာလီပြည်သို့ ရောက်သည်ရှိသော် ထိုဝေသာလီပြည်၌ မွေ့လျော်တော်မူတိုင်းနေ၍ သာဝတ္ထိပြည်သို့ သွားအံ့ဟု ခရီးကို သွား၏၊ ထိုအခါ၌လည်း ဆဗ္ဗဂ္ဂီရဟန်းတို့၏ တပည့်တို့သည် ရှေ့မှ သွားကုန်၍ မထေရ်တို့သည် အိပ်ရာ နေရာကို မယူကုန်မီလျှင် ဤအိပ်ရာ နေရာသည် ငါတို့၏ ဥပဇ္ဈာယ်ဖို့ ဤအိပ်ရာ နေရာသည် ငါတို့ ကမ္မဝါဆရာဖို့ ဤအိပ်ရာ နေရာသည် ငါတို့ဖို့သာလျှင် ဖြစ်လတ္တံ့ဟု အိပ်ရာနေရာတို့ကို မြစ်ကုန်၏၊ နောက်မှ လာကုန်သော မထေရ်တို့သည် အိပ်ရာနေရာတို့ကို မရကုန်၍ သာရိပုတ္တရာ မထေရ်၏ တပည့်တို့သည် သာရိပုတ္တရာမထေရ်ဖို့ အိပ်ရာ နေရာကို ရှာကုန်သော်လည်း မရကုန်။ အရှင်သာရိပုတ္တရာ မထေရ်သည် အိပ်ရာ နေရာကို မရသည်ဖြစ်၍ မြတ်စွာဘုရား ကျောင်းတော်၏ အနီးဖြစ်သော တစ်ခုသော သစ်ပင်ရင်း၌ ထိုင်သဖြင့်လည်းကောင်း စင်္ကြံသွားသဖြင့်လည်းကောင်း ညဉ့်ကို လွန်စေ၏။

မြတ်စွာဘုရားသည် မိုးသောက်က အခါ၌ ထွက်၍ ချောင်းဆိုး၏ သာရိပုတ္တရာမထေရ်သည်လည်း ချောင်းဆိုး၏၊ ဤသူကား အဘယ်သူနည်းဟု မေးတော်မူ၏၊ အရှင်ဘုရား အကျွန်ုပ်....သာရိပုတ္တရာတည်းဟု လျှောက်၏၊ သာရိပုတ္တရာ....ဤအခါ ဤအရပ်၌ အဘယ်သို့ပြုသနည်းဟု မိန့်တော်မူ၏။ ရှင်သာရိပုတ္တရာမထေရ်သည် ထိုအကြောင်းကို ကြားလျှောက်၏။ မြတ်စွာဘုရားသည် မထေရ်၏ စကားကို ကြား၍ ရှေးဦးစွာ ယခု ငါဘုရား ထင်ရှားရှိစဉ်ပင်လျှင် ရဟန်းတို့သည် တစ်ပါးသည်တစ်ပါးအား ရိုသေတုံ့ဝပ်ခြင်းမရှိကုန်၊ ငါပရိနိဗ္ဗာန်ပြုသည်ရှိသော် အသို့လျှင် ပြုကုန်လတ္တံ့နည်းဟု ဆင်ခြင်တော်မူ၏၊ ဆင်ခြင်တော်မူသော မြတ်စွာဘုရား အားဓမ္မသံဝေဂသည် ဖြစ်၏။

မြတ်စွာဘုရားသည် ညဉ့်သည် လင်းသည်ရှိသော် ရဟန်း သံဃာကို စည်းဝေးစေ၍ ထိုရဟန်းတို့ကို ရဟန်းတို့.... အဘယ်သူသည်လျှင် နေရာဦး ရေဦး ဆွမ်းဦးကို ထိုက်သနည်းဟု မေးတော်မူ၏။ အချို့ကုန်သော ရဟန်း တို့သည် မင်းမျိုးမှ ရဟန်းပြုသော သူသည် ထိုက်၏ဟု လျှောက်ကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် ပုဏ္ဏားမျိုးမှ ရဟန်းပြုသော သူသည် ထိုက်၏ဟု လျှောက်ကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် သူကြွယ်မျိုးမှ ရဟန်းပြုသော သူသည် ထိုက်၏ ဟု လျှောက်ကုန်၏၊ တစ်ပါးကုန်သော ရဟန်းတို့သည် ဝိနည်းဓိုရ် ဓမ္မကထိက ပဌမစျာန်ကိုရသော ရဟန်း, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်ကို ရသော ရဟန်းသည် ထိုက်၏ဟု လျှောက်ကုန်၏၊ တစ်ပါး

ကုန်သော ရဟန်းတို့လည်း သောတာပန်သည်၊ သကဒါဂါမ်သည်၊ အနာဂါမ်သည်၊ ရဟန္တာသည် ဝိဇ္ဇာသုံးပါးရှိသော ရဟန်းသည် ခြောက်ပါးသော အဘိညာဉ်နှင့် ပြည့်စုံသော ရဟန်းသည် ထိုက်၏ဟု လျှောက်ကုန်၏။

ဤသို့ ထိုရဟန်းတို့သည် မိမိ မိမိတို့၏ အလို၏အစွမ်းအားဖြင့် နေရာဦး အစရှိသည်ကို ထိုက်ကုန်သော ရဟန်းတို့ကို ဆိုသော ကာလ၌ မြတ်စွာဘုရားသည် ရဟန်းတို့...ငါသည် သာသနာတော်၌ နေရာဦး အစရှိသည်တို့သို့ရောက်၍ မင်းမျိုးမှ ရဟန်းပြုသော သူသည် ပမာဏမဟုတ်၊ ပုဏ္ဏားမျိုးမှ ရဟန်းပြုသော သူသည် ပမာဏမဟုတ်၊ သူကြွယ်မျိုးမှ ရဟန်းပြုသော သူသည် ပမာဏမဟုတ်၊ ဝိနည်းဓိုရ်သည် ပမာဏမဟုတ်၊ သုတ္တန်ကို ဆောင်သော ရဟန်းသည် ပမာဏမဟုတ်၊ အဘိဓမ္မာကိုဆောင်သော ရဟန်းသည် ပမာဏမဟုတ်၊ ပထမဈာန် အစရှိသည်ကို ရကုန်သော ရဟန်းတို့သည်လည်း ပမာဏမဟုတ်၊ သောတာပန် အစရှိသည်တို့သည်လည်းပမာဏမဟုတ်၊ ရဟန်းတို့စင်စစ်အားဖြင့် ဤ ငါဘုရားသာသနာတော်၌ သီတင်းကြီးစဉ်ကို မလွန်မူ၍ ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီသော အမှု အရိုအသေအမှုကို ပြုအပ်၏၊ နေရာဦး ရေဦးကို ရအပ်၏၊ နေရာဦးအစရှိသည်ကို ရခြင်း၌ ဤသီတင်းကြီးသည် သာလျှင် ပမာဏတည်း။

ထို့ကြောင့် သီတင်းကြီးသော ရဟန်းသည် ထိုနေရာဦး အစရှိသည်တို့အား လျှောက်ပတ်၏၊ ရဟန်းတို့ ယခုအခါ၌ကား သာရိပုတ္တရာသည် ငါ၏ အဂ္ဂသာဝကတည်း၊ ငါ၏ အတုတရားဓမ္မစကြာကို ဟောတတ်၏၊ ငါ၏အခြားမဲ့၌ အိပ်ရာနေရာကို ရခြင်းငှါထိုက်၏၊ ထိုသာရိပုတ္တရာသည် ဤညဉ့်၌ အိပ်ရာနေရာကို မရသည်ဖြစ်၍ သစ်ပင်ရင်း၌ ညဉ့်ကို လွန်စေ၏၊ သင်တို့သည် ယခုကာပင်လျှင် ဤသို့ရိုသေတုံ့ဝပ်ခြင်းမရှိကုန်၊ ကာလသည် လွန်သော် အသို့ပြု၍လျှင် နေကြကုန်လတ္တံ့ဟု မိန့်တော်မူ၏။ ထိုအခါ ရဟန်းတို့ကို ဆုံးမအံ့သောငှါ ရဟန်းတို့...ရှေး၌ တိရစ္ဆာန်တို့သည်လည်း ငါတို့သည် အချင်းချင်း ရိုသေတုပ်ဝပ်ခြင်းမရှိဘဲ သဘောမတူသော အသက်မွေးခြင်းရှိကုန်သည် ဖြစ်၍ အကြင်နေရခြင်းကို ပြုကုန်အံ့၊ ထိုနေရခြင်းသည် မလျှောက်ပတ် ငါတို့တွင် ကြီးမြတ်သောသူကို ကြည့်ကုန်၍ ထိုသူအား ရှိခိုးခြင်း အစရှိသည်တို့ကို ငါတို့သည် ပြုကုန်အံ့ဟု ကြံကုန်၏၊ ကြံကြကုန်ပြီး၍ ကောင်းစွာ စုံစမ်း၍ ဤသူသည် ငါတို့ထက် ကြီးမြတ်၏ဟု သိ၍ ထိုသူအား ရှိခိုးခြင်း အစရှိသည်တို့ကို ပြု၍ နတ်ပြည်ကို ပြည့်စေကုန်ဖူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဟိမဝန္တာအရပ်၌ တစ်ခုသော ပညောင်ပင်ကြီးကို မှီကုန်၍ ခါ, မျောက်, ဆင် ဟူကုန်သောသုံးယောက်ကုန်သော အဆွေခင်ပွန်းတို့သည် နေကုန်၏၊ အဆွေခင်ပွန်းတို့သည် အချင်းချင်း ရိုသေတုံ့ဝပ်ခြင်း မရှိကုန်၊ သဘောမတူသော အသက်မွေးခြင်းရှိသည် ဖြစ်၏။ ထိုအခါ သုံးယောက်ကုန်သော အဆွေခင်ပွန်းတို့သည် ငါတို့အား ဤသို့နေခြင်းသည် မသင့်၊ ငါတို့၌ အကြင်သူသည် ကြီးမြတ်၏၊ ထိုသူအား ရှိခိုးခြင်း အစရှိသည်တို့ကို ပြုကုန်လျက် နေရမှုကား ကောင်း၏ဟုအကြံဖြစ်၏၊ ကြံ၍ ငါတို့တွင် အဘယ်သူသည် ကြီးသနည်းဟု ကြံကုန်လတ်သော် တစ်နေ့သ၌ တစ်ခုသော အကြောင်းသည်ရှိ၏ဟု ကြံ၍ သုံးယောက်ကုန်သော အဆွေခင်ပွန်းတို့သည်လည်း ပညောင်ပင်၌ နေကုန်၏၊ နေပြီး၍ ခါသည် လည်းကောင်း မျောက်သည်လည်းကောင်း ဆင်ကို အဆွေဆင် သင်သည် ဤပညောင်ပင်ကို အဘယ်မျှလျှင် ပမာဏရှိသော ကာလမှစ၍ သိသနည်းဟု မေးကုန်၏၊ ထိုဆင်သည် အဆွေတို့-ငါသည် ဆင်ငယ်ဖြစ်သောကာလ၌ ဤပညောင်ပင်ငယ်ကို ပေါင်းကြားတို့၌ ထား၍သွား၏၊ လွှမ်း၍တည်သောကာလ၌ ဤပညောင်ပင်၏ အခက်ဖျားသည် ငါ၏ချက်ရှိ၏၊ ငါသည် ဤပညောင်ပင်ကို ငယ်သောကာလမှစ၍ သိ၏ဟုဆို၏၊ တစ်ဖန်နှစ်ယောက်ကုန်သော အဆွေခင်ပွန်းတို့သည် မျောက်ကို မေးကုန်၏၊ မျောက်သည်အဆွေတို့ ငါသည် ရှေး၌မျောက်ငယ်ဖြစ်စဉ် မြေ၌ ထိုင်၍ လည်ကိုမမော့မူ၍ ဤပင်ညောင်ပင်၏ အညွန့်အဖျားတို့ကို စား၏၊ ဤသို့ငါသည် ဤပညောင်ပင်ကို ငယ်သောကာလမှစ၍ သိ၏ဟု ဆို၏၊

ထိုအခါ တပါးကုန်သော နှစ်ယောက်ကုန်သောအဆွေခင်ပွန်းတို့သည်လည်း ရှေးနည်းဖြင့်သာလျှင်ခါကို မေးကုန်၏၊ ခါသည် အဆွေတို့-ရှေး၌ ဤမည်သော အရပ်၌ ပညောင်ပင်ကြီးသည်ရှိ၏၊ ထိုညောင်ပင်ကြီး၏ အသီးတို့ကို စား၍ ဤအရပ်၌ ကျင်ကြီးကို စွန့်၏၊ ထိုကျင်ကြီးမှ ဤပညောင်ပင် ပေါက်၏ ဤသို့ ငါသည် ဤပညောင်ပင်ကို မဖြစ်မီကာလမှ စ၍သိ၏၊ ထိုကြောင့်ငါသည် သင်တို့ထက်ပဋိသန္ဓေအားဖြင့် ကြီးမြတ်၏၊ ဤသို့ဆိုသည်ရှိသော် မျောက်သည် လည်းကောင်း၊ ဆင်သည်လည်းကောင်း အဆွေခါ ပညာရှိ-သင်သည် ငါတို့ထက် ကြီးမြတ်၏၊ ဤနေ့မှစ၍ ငါတို့သည် သင့်အား ကောင်းစွာပြုခြင်း အလေးပြုခြင်း မြတ်နိုးခြင်း ရှိခိုးခြင်းပူဇော်ခြင်းတို့ကိုလည်းကောင်း၊ ရှိခိုးခြင်း ခရီးဦးကြိုခြင်း လက်အုပ်ချီသော အမှု အရိုအသေပြုသော အမှုကိုလည်းကောင်း ပြုကုန်အံ့၊ သင်၏အဆုံးအမ၌ ငါတို့သည် တည်ကုန်အံ့၊ သင်သည်ကား ငါတို့အား ဆုံးမကာံမြစ်ခြင်းကို ပြုလော့ဟု ဆိုကုန်၏၊ ထိုနေ့မှစ၍ ခါသည်

အဆွေခင်ပွန်း နှစ်ယောက်တို့အား အဆုံးအမကို ပေး၏၊ သီလ၌ တည်စေ၏၊ မိမိသည်လည်း သီလကို ဆောက်တည်၏။

ထိုသုံးယောက်ကုန်သော အဆွေခင်ပွန်းတို့သည်လည်း ပဉ္စသီလ၌တည်ကုန်၍ အချင်းချင်းတို့ဝပ်ကုန်သည် သတောတူသော အသက်မွေးခြင်း ရှိကုန်သည် ဖြစ်၍ အသက်အဆုံး၌ နတ်ပြည်သို့ လားကုန်၏၊ ထိုသုံးယောက် ကုန်သော အဆွေခင်ပွန်းတို့၏ ပဉ္စသီ သီတင်းသည် တိတ္တိရပြဟ္မစရိယမည်၏။ ရဟန်းတို့-ထိုတိရစ္ဆာန်တို့ စဉ်လျက်လည်း အချင်းချင်း ရိုသေတို့ဝပ်ခြင်း ရှိကုန်သည် ဖြစ်၍ နေကြကုန်သေး၏၊ သင်တို့သည် ဤသို့ကောင်းစွာ ဟောတော်မူအပ်သော သာသနာတော်၌ရဟန်းပြုကုန်၍ အဘယ့်ကြောင့် အချင်းချင်းမရိုသေမတို့ဝပ်ကုန်ဘဲ နေကြကုန်ဘိသနည်း၊ ရဟန်းတို့-ယခုနေ့မှစ၍သင်တို့အား သီတင်းကြီးစဉ်ကို မလွန်မူ၍ ရှိခိုးခြင်း ခရီးဦးကြိုခြင်း လက်အုပ်ချီသောအမှု အရိုအသေပြုသောအမှုကိုလည်းကောင်း သီတင်းကြီးစဉ်ကို မလွန်မူ၍ နေရာဦး ရေဦးကိုလည်းကောင်း ငါဘုရားခွင့်ပြုတော်မူ၏၊ ယနေ့မှစ၍ သီတင်းငယ်သည် သီတင်းကြီးကို အိပ်ရာ နေရာဖြင့် မမြစ်အပ် အကြင်ရဟန်းသည် မြစ်ငြားအံ့၊ ထိုရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏ဟု မိန့်တော်မူပြီး၍ မြတ်စွာဘုရားသည် ဤတရား ဒေသနာကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူ၍ ဤဂါထာကို ဟောတော်မူ၏—

၃၇။ ယေ ဝုဍ္ဍမပစာယန္တိ၊ နရာ ဓမ္မဿ ကောဝိဒါ။
ဒိဋ္ဌေဝ ဓမ္မေ ပါသံသာ၊ သမ္ပရာယေ စ သုဂ္ဂတိ ံ။

ရဟန်းတို့ ကြီးသောသူတို့အား ပူဇော်သောအရာ၌ လိမ္မာသောသူတို့သည် ကြီးသောသူကို ပူဇော်ကြကုန်၏၊ ထိုသူတို့သည် ယခုဘဝ၌ ချီးမွမ်းခံရ၏၊ နောင်ဘဝ၌ကောင်းသော ဘဝသို့ ရောက်ရကုန်၏။

ရဟန်းတို့ မင်းတို့သည်မူလည်း ဖြစ်စေကုန် ပုဏ္ဏားတို့သည်မူလည်း ဖြစ်စေကုန် ကုန်သည်တို့သည်မူလည်း ဖြစ်စေကုန် သူဆင်းရဲတို့သည် မူလည်း ဖြစ်စေကုန် လူတို့သည်မူလည်း ဖြစ်စေကုန် ရဟန်းတို့သည်မူလည်း ဖြစ်စေကုန် တိရစ္ဆာန်တို့သည် မူလည်းဖြစ်စေကုန် အကြင်အမှတ်မရှိကုန်သော သတ္တဝါတို့သည် ကြီးကုန်သော သူတို့အား ပူဇော်သော အမှု၌ လိမ္မာကုန်၏၊ ကျေးဇူးနှင့် ပြည့်စုံကုန်သော အရွယ်အားဖြင့်ကြီးကုန်သောသူတို့အား ပူဇော်ခြင်းကို ပြုကုန်၏။ ထိုအမှတ်ရှိကုန်သော သူတို့သည် ဤအတ္တဘော၌လည်း ကြီးသော သူတို့အား ပူဇော်ခြင်းကို ပြုတတ်သော သူတို့ဟူ၍ ချီးမွမ်းထောမနာကို ခံရကုန်၏ ခန္ဓာကိုယ်၏ ပျက်သည်မှ နောက်၌လည်း နတ်ပြည်၌ ဖြစ်ကုန်၏။

ဇာတ်ပေါင်း

ဤသို့ မြတ်စွာဘုရားသည် ကြီးသော သူတို့အား ပူဇော်သော တရား၏ ကျေးဇူးကို ဟောတော်မူ၍ အနုသန္ဓေကို စပ်၍ ယခုအခါ မောဂ္ဂလာန်သည် ထိုအခါ ဆင်ဖြစ်ဖူးပြီ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ မျောက်ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ခါပညာရှိ ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးဆယ့်ခုနစ်ခုမြောက်သော တိတ္တိရဇာတ်သည် ပြီး၏။

---

၃၈—ဗကဇာတ်

ပုစွန်ကြံတတ် ဗျိုင်းလည်ပြတ်

လူပါး ပုလင်းကွဲ ရှု

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လူကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် ''နာစ္စန္တံ'' နိကတိပ္ပညော-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဗကဇာတ်ကိုဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ်သင်္ကန်းစီးပွားပြုသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ဇေတဝန်ကျောင်းတော်၌နေသော တစ်ယောက်သော ရဟန်းသည် အလုံးစုံသောသင်္ကန်းကို ပြုအပ်သော ဖြတ်ခြင်း စပ်ခြင်း စီရင်ခြင်း ချုပ်ခြင်း အစရှိသော အမှုသည်ရှိ၏။ ထိုအမှု၌ အလွန်လိမ္မာ၏။ ထိုရဟန်းသည် ထိုအမှု၌ လိမ္မာသည်၏အဖြစ်ကြောင့် သင်္ကန်းကို ပွါးစေ၏။ ထို့ကြောင့် သင်္ကန်းစီးပွား ပြုတတ်သော ရဟန်းဟူ၍ သာလျှင် ထင်ရှား၏။ ဤရဟန်းသည် အဘယ်သို့ ပြုသနည်းဟူမူကား ဆွေးမြေ့သော ပုဆိုးနွမ်းတို့၌ လက်အမှုကိုပြု၍ ကောင်းသောအတွေ့ရှိသော နှစ်သက်ဖွယ်သော သင်္ကန်းကိုပြု၍ ဆိုးသည်၏အဆုံး၌ မုန့်ညက်ရေဖြင့်ဆိုး၍ ခရုသင်းဖြင့်ပွတ်၍ အရောင်ရှိသည်ကို နှစ်သက်ဖွယ် ရှိသည်ကိုပြု၍ ထား၏။ သင်္ကန်းအမှုကိုပြုခြင်းငှါ မသိကုန်သော ရဟန်းတို့သည် အစာ မချေသေးသော သင်္ကန်းလျာပုဆိုးတို့ကို ယူကုန်၍ ထိုရဟန်း၏ အထံသို့ လာကုန်၍ ငါတို့သည် သင်္ကန်းအမှုကို ပြုခြင်းငှါ မသိကုန်၊ ငါတို့အား သင်္ကန်းကို ပြုကုန်လောဟု ဆိုကုန်၏။

ထိုရဟန်းသည် ငါ့ရှင်တို့ သက်န်းကို ပြုအပ်သည်ရှိသော် ကြာမြင့်မှုပြီး၏။ ငါပြုအပ်ပြီးသော သင်္ကန်းသည်သာလျှင်ရှိ၏၊ ဤသင်္ကန်းလျှော် ပုဆိုးတို့ကို ထားခဲ့၍ ထိုသင်္ကန်းကိုယူ၍ သွားကုန်လော့ဟု ထုတ်၍ပြ၏၊ ထိုရဟန်းတို့သည် ထိုသင်္ကန်း၏အဆင်း၏ ပြည့်စုံခြင်းကိုမြင်လျှင် အကြောင်းကိုမသိကုန်၍ ခိုင်၏ဟူသော အမှတ်ဖြင့် အစာမချေသေးကုန်သော ပုဆိုးတို့ကို သင်္ကန်းစီးပွားပြုသောရဟန်းအားပေး၍ ထိုသင်္ကန်းနှမ်းကိုယူ၍ သွားကြကုန်၏။ ထိုသင်္ကန်းကို ရဟန်းတို့သည် အတန်ငယ် ညစ်နွမ်းသောကာလ၌ ရေနွေးဖြင့် ဖွပ်လျှော်သည်ရှိသော် ထိုသင်္ကန်းသည် မိမိ၏သဘောကို ပြ၏။ ထိုထိုအရပ်၌ ဆွေးသောအရာသည် ထင်၏။ ထိုရဟန်းတို့သည် နှလုံးမသာမယာ ဖြစ်ကြကုန်၏။ ဤသို့ လာတိုင်း လာတိုင်းကုန်သော ရဟန်းတို့ကို သင်္ကန်းနွမ်းတို့ဖြင့် လှည့်ပတ်၏။ ထိုရဟန်းသည် အလုံးစုံသောအရပ်၌ ထင်ရှားသည်ဖြစ်၏။ ဇေတဝန်ကျောင်းတော်၌ ထိုရဟန်းကဲ့သို့ တစ်ခုသောရွာငယ်၌လည်း တစ်ယောက်သော သင်္ကန်းစီးပွားပြုသော ရဟန်းသည် ပုဆိုးနွမ်းဖြင့်လှည့်စား၏။ ထိုရဟန်းအား အတူတကွဆည်းကပ်ဖူးသော အဆွေခင်ပွန်း ဖြစ်ကုန်သော အဆွေခင်ပွန်း ဖြစ်ကုန်သော ရဟန်းတို့သည် အရှင်ဘုရား၊ဇေတဝန် ကျောင်းတော်၌ သင်္ကန်း စီးပွားပြုသော တစ်ယောက်သောရဟန်းသည် ဤသို့ပုဆိုးနွမ်းဖြင့် လှည့်စား၏ဟု ကြားကုန်၏။

ထိုအခါ ထိုရဟန်းအား ဤသို့အကြံသည်ဖြစ်၏၊ ယခု ငါသည်မြို့၌နေသော ရဟန်းကို လှည့်စားအံ့ဟု ညစ်နွမ်းသော သင်္ကန်းကို အလှန်နှစ်သက်ဖွယ်ရှိသည်ကိုပြု၍ ကောင်းစွာဆိုး၍ထိုသင်္ကန်းကိုရုံ၍ဇေတဝန်ကျောင်းသို့သွား၏။ဇေတဝန်ကျောင်း၌နေသော လှည့်စားသောရဟန်းသည် ထိုသင်္ကန်းကိုမြင်လျှင်လောဘကို ဖြစ်စေ၍ အရှင်ဘုရား ဤသင်္ကန်းကို အရှင်ဘုရားတို့သည် ပြုအပ်သလော ဟု မေး၏၊ ငါ့ရှင် ဟုတ်၏ဟု ဆို၏၊ အရှင်ဘုရား ဤသင်္ကန်းကို အကျွန်ုပ်အား ပေးလော့၊ အရှင်ဘုရားတို့သည် တစ်ပါးသော သင်္ကန်းကို ရကုန်လတ္တံ့ဟု ဆို၏၊ ငါ့ရှင် ရွာငယ်၌နေသော ငါတို့သည် ရခဲသောပစ္စည်း ရှိကုန်၏။ ဤသင်္ကန်းကို ငါသည် သင့်အားပေး၍ မိမိသည် အဘယ်သင်္ကန်းကို ရုံခြုံအံ့နည်းဟု ဆို၏။ အရှင်ဘုရား အကျွန်ုပ်၏အထံ၌ အစာမချေကုန်သေးသော သင်္ကန်းလျှော် ပုဆိုးတို့သည် ရှိကုန်၏၊ ထိုသင်္ကန်းလျှော် ပုဆိုးတို့ကိုယူ၍ အရှင်ဘုရားတို့ အား သင်္ကန်းကို ပြုကုန်လောဟု ဆို၏၊ ငါ့ရှင် ငါသည် ဤသင်္ကန်း၌ လက်မှုဖြင့် ဖြစ်စေအပ်၏။ သင်သည်ကား ဤသို့ဆိုသည်ရှိသော် ငါသည် အသို့ပြုခြင်းငှါ တတ်ကောင်းအံ့နည်း။ထိုသင်္ကန်းကိုယူကုန်လော့ဟု ဇေတဝန်ကျောင်းတော်၌နေသော ရဟန်းအား နွမ်းသောသင်္ကန်းကိုပေး၍ အစာမချေကုန်သေးသော သင်္ကန်းလျှော

ပုဆိုးတို့ကိုယူ၍ ဇေတဝန်ကျောင်းတော်၌ နေသော ရဟန်းကို လှည့်စား၍ ဖဲလေ၏။

ဇေတဝန်ကျောင်း၌နေသော ရဟန်းသည်လည်း ထိုသင်္ကန်းကိုရ၍ နှစ်ရက် သုံးရက်လွန်သဖြင့် ရေနွေးနှင့် ဖွပ်လျှော်သည်ရှိသော် ဆွေးမြေ့သော ပုဆိုး နွမ်း၏ အဖြစ်ကိုသိ၍ ရှက်၏၊ ရွာ၌နေသော သင်္ကန်းစီးပွားပြုသော ရဟန်း သည် ဇေတဝန်ကျောင်း၌နေသော ရဟန်းကို လှည့်စားသတတ်ဟု ထိုရွာ၌ နေသော ရဟန်း၏ လှည့်စားသည်၏အဖြစ်သည် သံဃာ၏အလယ်၌ ထင်ရှား ဖြစ်၏။ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ထိုစကားကို ပြောဟောကုန်လျက် မြတ်စွာဘုရားသည် ကြွတော်မူလာ၍ ရဟန်းတို့ ယခု အခါ၌ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၏။ ထိုရဟန်း တို့သည် ထိုအကြောင်းကို ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ ဇေတဝန်ကျောင်း၌နေသော သင်္ကန်းစီးပွားပြုသော ရဟန်းသည် ယခုသာလျှင် သူတစ်ပါးကို လှည့်စားသည် မဟုတ်သေး၊ ရှေး၌လည်း လှည့်စားဖူးသည် သာလျှင်တည်း။ ရွာ၌နေသော ရဟန်းသည်လည်း ယခုသာလျှင် ဇေတဝန် ကျောင်း၌ နေသော သင်္ကန်းစီးပွားပြုသော ရဟန်းကို လှည့်စားသည် မဟုတ် သေး၊ ရှေး၌လည်း လှည့်စားဖူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ် ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ တောအရပ်၌ ဘုရားလောင်းသည် မထင်ရှားသော ပဒုမ္မာပေါက်သော အိုင်ကိုမှီ၍ဖြစ်သော ရေခံတက်ပင်၌ ရုက္ခစိုးနတ် ဖြစ်၏။ ထိုအခါ တစ်ပါးသော မကြီးလွန်းသော အိုင်ငယ်ဝယ် နွေအခါ ရေနည်း၏၊ ထိုအိုင်၌ ငါးများစွာတို့သည်လည်း ရှိကုန်၏၊ ထိုအခါ ဗျိုင်းတစ်ကောင်သည် ငါးတို့ကိုမြင်၍ အကြောင်းတစ်ခုဖြင့် ဤငါးတို့ကို လှည့်စား၍ ငါစားအံ့ဟု သွား၍ ရေနား၌ ကြံ၍လျက်နေ၏၊ ထိုအခါ ဗျိုင်းကို ငါးတို့သည် မြင်ကုန်၍ အရှင်သည် အဘယ်ကို ကြံ၍ နေသနည်းဟု မေးကြကုန်၏၊ ငါသည် သင်တို့ကို ကြံ၍နေ၏ဟု ဆို၏၊ အရှင် ငါတို့ကို အသို့ကြံသနည်းဟု မေးကုန်၏၊ ဤအိုင်၌ ရေနည်း၏၊ ဒုစာနည်း၏၊ နွေသည်ကား များ၏၊ ယခု ဤငါးတို့ကို အသို့ ပြုကုန်လတ္တံ့နည်းဟု ငါသည် သင်တို့ကို ကြံ၍လျက်နေ၏၊ ငါ့စကားကို သင်တို့ အကယ်၍ လိုက်နာကုန်အံ့၊ ငါသည် သင်တို့ကို တစ်ကောင်တစ်ကောင်ကို နှုတ်သီးဖြင့်ယူ၍ ငါးပါးသော အဆင်းရှိသော ကြာတို့ဖြင့် ဖုံးလွှမ်းသော အိုင်ကြီးတစ်အိုင်သို့ ဆောင်၍ လွှတ်အံ့ဟုဆို၏၊ အရှင် ကမ္ဘာဦးမှစ၍ ငါးတို့ကို ကြံသော ဗျိုင်းမည်သည်မရှိ၊ သင်သည် ငါတို့တွင် တစ်ကောင်တစ်ကောင်ကို

စားလိုသလောဟု မေးကြကုန်၏၊ ငါသည် သင်တို့ကို မစားအံ့၊ အိုင်ရှိ မရှိ အဖြစ်ကို ငါ့အား သင်တို့သည် မယုံကြည်ကြကုန်ငြားအံ့ ငါးတစ်ကောင်ကို ငါနှင့်တကွ အိုင်ကို ကြည့်စိမ့်သောငှါ လိုက်စေကုန်လောဟု ဆို၏။

ငါးတို့သည် ဗျိုင်းစကားကို ယုံကုန်၍ ဤငါးသည် ရေ၌လည်းကောင်း, ကြည်း၌လည်းကောင်း စွမ်းနိုင်သော ငါးတည်း၊ ဤငါးကို ဆောင်၍သွားလော ဟု မည်းနက်သော ငါးကြီးတစ်ကောင်ကို ပေးကုန်၏၊ ဗျိုင်းသည် ထိုငါးကြီးကို ယူဆောင်၍ အိုင်၌ လွှတ်၍ အလုံးစုံသောအိုင်ကိုပြ၍ တစ်ဖန်ဆောင်ခဲ့၍ ထိုငါး တို့၏အထံ၌လွှတ်၏၊ ထိုငါးကြီးသည် ငါးတို့အား အိုင်၏ပြည့်စုံခြင်းကို ချီးမွမ်း၏၊ ငါးတို့သည် ငါးကြီးစကားကို ကြားကုန်၍ သွားလိုကုန်သည်ဖြစ်၍ အရှင် ကောင်းပေစွ၊ ငါတို့ကိုယူ၍ သွားပါလောဟု ဆိုကုန်၏၊ ဗျိုင်းသည် ရှေးဦးစွာ မည်းနက်သော ငါးကြီးကိုလျှင်ယူ၍ အိုင်နားသို့ဆောင်၍ အိုင်ကိုပြ၍ အိုင်နား၌ ပေါက်သော ရေခံတက်ပင်တစ်ပင်၌ နား၍ ထိုငါးကြီးကို သစ်ခွကြား၌ ထား၍ နှုတ်သီးဖြင့်ပေါက်လျက် သေစေ၍ အသားကိုစား၍ အရိုးတို့ကို သစ်ပင်ရင်း၌ ချခဲ့၏။ တစ်ဖန် လာ၍ ငါသည် ထိုငါးကို အိုင်၌ လွှတ်ခဲ့ပြီ။ တစ်ပါးသော ငါးသည် လာစေသတည်းဟု ဆို၏။

ဤနည်းဖြင့် ဗျိုင် တစ်ကောင်တစ်ကောင်ကို ယူ၍ အလုံးစုံသော ငါးတို့ကို စား၍ တစ်ဖန် လာပြန်သည်ရှိသော် ငါးတစ်ကောင်ကိုမျှလည်း မမြင်၊ ဤအိုင်၌ ပုစွန်တစ်ကောင် ပသာ ကျန်သေး၏။ ဗျိုင်းသည် ထိုပုစွန်ကိုလည်း စားလို သည်ဖြစ်ပြီ အိုပုစွန် ငါသည် ငါးအားလုံးတို့ကို ဆောင်၍ ပဒုမ္မာ ကြာအိုင်၌ လွှတ်အပ်ကုန်ပြီ၊ လာလော့။ သင့်ကိုလည်း ဆောင်အံ့ဟု ဆို၏၊ သင်သည် ငါ့ကိုဆောင်၍ သွားသည်ရှိသော် အသို့ယူလတ္တံ့နည်းဟု မေး၏၊ ကိုက်၍ယူအံ့ ဟု ဆိုလေ၏၊ သင်သည် ဤသို့ယူ၍ သွားသည်ရှိသော် ငါ့ကိုချလိမ့်မည်။ ငါသည် သင်နှင့်တကွ မလိုက်ဝံ့ဟု ဆို၏၊ မကြောက်လင့် ငါသည် သင့်ကို ကောင်းမွန်စွာ ယူ၍ သွားအံ့ဟု ဆို၏၊ ထိုအခါ ပုစွန်သည် ဤဗျိုင်းအား ငါးကိုဆောင်၍ အိုင်နား၌ လွှတ်ခြင်းမည်သည် မရှိ၊ ငါ့ကို အကယ်၍ လွှတ်မူကား ကောင်း၏၊ အကယ်၍ မလွှတ်မူကား ဗျိုင်း၏လည်ကိုဖြတ်၍ သတ်အံ့ဟု ကြံ၏။

ထိုအခါ ဗျိုင်းကို အဆွေဗျိုင်း သင်၏ယူခြင်းသည် ကောင်းသော ယူခြင်း မဟုတ်၊ ငါတို့၏ ကိုင်ဆွဲခြင်းမူကား ကောင်းသော ကိုင်ဆွဲခြင်းတည်း၊ ငါသည် လက်မဖြင့် လည်ကို အကယ်၍ ကိုင်ဆွဲရအံ့၊ သင့်လည်၌ ကောင်းစွာ ကိုင်ဆွဲ၍ သင်နှင့်တကွ လိုက်အံ့ဟု ဆို၏၊ ဗျိုင်းသည် "ပုစွန်သည် ငါ့ကို လှည့်စားလို၏" ဟု မသိသည်ဖြစ်၍ ကောင်းပြီဟု ဝန်ခံ၏၊ ပုစွန်သည် မိမိလက်မဖြင့် ပန်းဘဲ

တို့၏ ညှပ်ဖြင့် ညှပ်ဘိသကဲ့သို့ ညှပ်၏။ ဗျိုင်းသည် ပုစွန်ကိုဆောင်ပြီးသော် အိုင်ကိုပြ၍ ရေခံတက်ပင်သို့ ရှေ့ရှုသွား၏၊ ပုစွန်သည် ဦးရီး ဤအိုင်ကား ထိုမှာတည်း။ ဦးရီးကား ဤအရပ်သို့ အဘယ့်ကြောင့် ဆောင်သနည်းဟု ဆို၏။ ဗျိုင်းသည်လည်း ပုစွန်အား ငါသည် အဘယ်မှာ သင့်ဦးရီး ဟုတ်သနည်း။ သင်သည် ငါ၏နှမသား မဟုတ်ဟု ဆိုလေ၏။ ဆိုပြီး၍ ငါ့ကို ချီသွားသော ဤဗျိုင်းသည် ငါ၏ ကျွန်တည်းဟူသော အမှတ်ကို သင်ပြုသောင်တကား၊ ရေခံတက်ပင်ရင်း၌ ထိုငါးရိုးစုကို ရှုလော့။ ငါသည် ထိုငါး လုံးစုံသော ငါးတို့ကို စားအပ်ကုန်သကဲ့သို့ ထို့အတူသာလျှင် သင့်ကိုလည်း ငါစားအံ့ဟုဆို၏၊ ပုစွန်သည် ထိုငါးတို့ကို မိမိတို့၏ မိုက်သည်၏အဖြစ်ကြောင့် သင်သည် စားရကုန်၏။ ငါသည်ကား သင့်အား စားစိမ့်သောငှါ မပေးအံ့၊ သင့်ကိုပင်လျှင် ပျက်စီးခြင်းသို့ ရောက်စေအံ့။ ထိုစကားသည် မှန်၏။ သင်သည် မိုက်သောကြောင့် ငါလှည့်စားသည်ကို မသိ။ သေရကုန်သော် နှစ်ယောက် ကုန်သော် ငါတို့သည်လည်း သေရကုန်အံ့။ ငါသည် သင့်ဦးခေါင်းကို ဖြတ်၍ မြေ၌ကျစေအံ့ဟုဆို၍ ညှပ်ဖြင့် ညှပ်ဘိသကဲ့သို့ လက်မတို့ဖြင့် လည်ကိုနှိပ်၏။ ဗျိုင်းသည် ခံတွင်းကိုဖွင့်လျက် မျက်စိတို့မှ မျက်ရေယိုလျက် သေဘေးမှ ကြောက်သည်ဖြစ်၍ အရှင် သင့်ကို မစားပါအံ့။ သင်သည် ငါ့အား အသက်ကို ပေးလော့ဟု ဆို၏။ အကယ်၍ မစားသည် ဖြစ်အံ့။ ဤသို့ မစားသည်ရှိသော် အိုင်သို့သက်၍ ငါ့ကို အိုင်၌လျှင် လွှတ်လော့ဟု ဆို၏။ ဗျိုင်းသည် ပြန်၍ အိုင်သို့သာလျှင် သက်၍ ပုစွန်ကို အိုင်နားဝယ် ညွန်အပြင်၌ ထား၏။ ပုစွန်သည် ကတ်ကျေးဖြင့် ကြာရိုးကို ဖြတ်သကဲ့သို့ ဗျိုင်း၏ လည်ကိုဖြတ်၍ ရေသို့ဝင်၏။ ထိုအံ့ဖွယ်သချဲကိုမြင်၍ ရေခံတက်ပင်၌ စောင့်သော နတ်သည် ကောင်းချီးကိုပေးလျက် တောကို ပဲ့တင်ထပ်စေလျက် သာယာသော အသံဖြင့် ဤဂါထာကို ရွတ်ဆို၏—

၃၈။ နာစ္စန္တံ နိကတိပ္ပညော၊ နိကတျာ သုခမေဓတိ။
အာရာဓေတိ နိကတိပ္ပညော၊ ဗကော ကက္ကဋကာမိဝ။

အချင်းတို့ လှည့်ပတ်ကတ်သော ပညာရှိပုဂ္ဂိုလ်သည် လှည့်ပတ်သဖြင့် စင်စစ် ချမ်းသာရာမရနိုင်၊ ပုဇွန်မှဗျိုင်းသည် လည်ပြတ်ခြင်းသို့ ရောက်သကဲ့သို့ ထို့ အတူ လှည့်ပတ်တတ်သော ပညာရှိပုဂ္ဂိုလ်သည် မိမိပြုအပ်သော မကောင်းမှု၏ အကျိုးကို ရ၏။

ဤသို့ ဘုရားလောင်းသည် တောအလုံး ပဲ့တင်ထပ်စေလျက် တရားကို ဟော၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ရဟန်းတို့ ယခုသာလျှင် ရှာ၍ နေသော သက်န်းစီးပွား ပြုသော ထိုရဟန်းသည် ဇေတဝန်ကျောင်း၌ နေသော ရဟန်းကို လှည့်စားသည် မဟုတ်သေး၊ လွန်လေပြီးသော အခါ၌လည်း လှည့်စားဖူးသည်သာလျှင် တည်းဟု ဤတရားဒေသနာကို ဆောင်၍ စကားစပ်၍ ယခုအခါ ဇေတဝန် ကျောင်း၌ နေသော သက်န်းစီးပွားပြုသော ရဟန်းသည် ထိုအခါ ဗျိုင်းဖြစ်ဖူးပြီ၊ ယခုအခါ ရှာ၍ နေသော သက်န်းစီးပွားပြုသော ရဟန်းသည် ထိုအခါ ပုစွန် ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရုက္ခစိုးနတ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးဆယ့်ရှစ်ခုမြောက်သော ဗကဇာတ်သည် ပြီး၏။

---

၃၉-နန္ဒဇာတ်

ဥစ္စာစနေမာန် ငယ်ကျွန်ကာပြန်

ပစ္စုပ္ပန်ဝတ္ထု

နတ်လူတို့ကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "မညေ သောဝဏ္ဏယော ရာသိ"အစရှိသော ဂါထာပုဒ်ဖြင့်တန်ဆာဆင်အပ်သော ဤနန္ဒ ဇာတ်ကို ဇေတဝန်ကျောင်းဘော်၌ နေတော်မူစဉ် အရှင်သာရိပုတ္တရာ၏မထေရ်၏ အတူနေ တပည့်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းသည် ဆုံးမလွယ်သော စကားရှိ၏။ ဆုံးမခြင်းငှါ ခံ၏။ ရှင်သာရိပုတ္တရာ မထေရ်အား ကြီးစွာသော အားထုတ်ခြင်းဖြင့် ကျေးဇူးကို ပြု၏။ နောက်မှ တစ်ပါးသော အခါ၌ အရှင်သာရိပုတ္တရာ မထေရ်သည် မြတ်စွာ ဘုရားကို ခွင့်ပန်၍ ဒေသစာရီ သွားသည် ရှိသော် ဒက္ခိဏာဂိရိဇနပုဒ်သို့ ရောက်၏။ ထိုရဟန်းသည် ဒက္ခိဏာဂိရိဇနပုဒ်သို့ ရောက်သောအခါ၌ မာနဖြင့် ခိုင်မာသည်ဖြစ်၍ အရှင်သာရိပုတ္တရာ မထေရ်၏ စကားကို မလိုက်နာ၊ ငါ့ရှင် သင်သည် ဤမည်သောအမှုကို ပြုပါလောဟု ဆိုသည် ရှိသော်ကား အရှင်သာရိ ပုတ္တရာ၏ ဆန့်ကျင်ဘက်သည် ဖြစ်၏၊ အရှင်သာရိပုတ္တရာသည် ထိုရဟန်း၏ အလို ကို မသိ၍ ရှင်သာရိပုတ္တရာ မထေရ်သည် ထိုအရပ်၌ ဒေသစာရီသွား၍ တစ်ဖန် ဇေတဝန်ကျောင်းသို့ ပြန်ခဲ့၏၊ ထိုရဟန်းသည်လည်း အရှင်သာရိပုတ္တရာ မထေရ် ၏ ဇေတဝန်ကျောင်းသို့ လာသောအခါမှ စ၍ တစ်ဖန် ထိုသို့ယဘောရှိသည် သာလျှင် ဖြစ်၏၊ အရှင်သာရိပုတ္တရာ မထေရ်သည် မြတ်စွာဘုရားအား အရှင် ဘုရား ... ကျွန်ုပ်၏ တက်ယောက်သောတပည့်သည် တစ်ခုသောအရပ်၌ တစ်ရားဖြင့်

ဝယ်သော ကျွန်ကဲ့သို့ ဖြစ်၏။ တစ်ခုသော အရပ်၌ကား ဤတပည့် ရဟန်းသည် မာနဖြင့် ခိုင်မာသည် ဖြစ်၏။ ဤမည်သောအမှုကို ပြုလောဟု ဆိုသည်ရှိသော် ဆန့်ကျင်ဘက်ဖြစ်၏ဟု ကြားလျှောက်၏။ မြတ်စွာဘုရားသည် သာရိပုတ္တရာ ဤရဟန်းသည် ယခုသာလျှင် ဤသို့ သဘောရှိသည် မဟုတ်သေး၊ ရှေး၌လည်း ဤရဟန်းသည် တစ်ခုသော အရပ်သို့ ရောက်သည်ရှိသော် တစ်ရာသော ဥစ္စာဖြင့် ဝယ်သော ကျွန်ကဲ့သို့ ဖြစ်၏။ တစ်ခုသော အရပ်သို့ ရောက်သည် ရှိသော် ဆန့်ကျင်ဘက် ရန်သူဖြစ်ဖူး၏ဟု မိန့်တော်မူ၍ အရှင်သာရိပုတ္တရာသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တစ်ယောက်သော သူကြွယ်မျိုး၌ဖြစ်၏။ ဘုရားလောင်း၏ အဆွေခင်ပွန်း သူကြွယ် တစ်ယောက်သည် မိမိသည် အသက်ကြီး၏။ ထိုသူကြွယ်၏ မယားကား ပျိုသေး၏။ ထိုသူကြွယ်ကို မှီ၍ သားကို ရ၏၊ ထိုသူကြွယ် အိုသည် ဤမိန်းမသည် ပျို၏။ ငါလွန်သဖြင့် တစ်စုံတစ်ယောက်သော ယောကျ်ားကိုယူ၍ ဤဥစ္စာကို ဖျက်ဆီးရာ၏။ ငါ့သားအား မပေးရာ၊ ငါသည် ဥစ္စာကို မြေ၌ မြှုပ်ရမူကား ကောင်း၏ဟု ကြံ၏၊ ကြံပြီး၍ အိမ်၌ နန္ဒမည်သော ကျွန်ကို ခေါ်၍ တောသို့သွား၍ တစ်ခုသော အရပ်၌ ဥစ္စာကို မြှုပ်၍ နန္ဒအား အမောင် နန္ဒ ဤဥစ္စာကို ငါလွန်သဖြင့် ငါ့သားအား ကြားရစ်လော၊ ထိုငါ့သားအား မစွန့်ရစ်လင့်ဟု ကြား၍ ဆုံးမ၍ သေ၏။

ထိုသူကြွယ်၏ သားသည်လည်း အစဉ်သဖြင့် အရွယ်ရောက်သည် ဖြစ်၏။ ထိုအခါ သူကြွယ်သား၏ အမိသည် ချစ်သား သင်၏ အဘသည် နန္ဒကျွန်ကို ခေါ်၍ ဥစ္စာကို မြှုပ်၏။ ထိုဥစ္စာကို ဖြစ်စေလောဟု ဆို၏။ ထိုသူကြွယ်သားသည် တစ်နေ့သ၌ နန္ဒကျွန်ကို ဦးရီး ငါ၏ အဘသည် မြှုပ်ထားအပ်သော တစ်စုံတစ်ခု ဥစ္စာသည် ရှိသလောဟု မေး၏၊ အရှင် ရှိ၏ဟု ဆို၏၊ အဘယ်မှာ မြှုပ်ထားသနည်းဟု မေး၏၊ အရှင် တော၌ မြှုပ်ထားအပ်သည်ဟု ဆို၏။ ထိုသို့ ဖြစ်လျှင် ငါတို့သွားကုန်အံ့ဟု ပေါက်တူး တောင်းကို ယူ၍ ဥစ္စာမြှုပ်ရာ အရပ်သို့ သွားကုန်၍ ဦးရီး ဥစ္စာ အဘယ်မှာနည်းဟု ဆို၏။ နန္ဒသည် တက်၍ ဥစ္စာထက်၌ ရပ်၍ ဥစ္စာကိုမှီ၍ မာန်ကိုဖြစ်စေ၍ ဟယ် ကျွန်မသား အစေအပါး ဤအရပ်၌ သင်၏ ဥစ္စာသည် အဘယ်မှာရှိသနည်းဟု သခင့်သားကို ဆဲရေး၏။ သခင့်သားသည် နန္ဒ၏ ကြမ်းကြုတ်သောစကားကို မကြားသကဲ့သို့ ပြု၍ ထိုသို့ဖြစ်လျှင် ငါတို့သည် သွားကြကုန်အံ့ဟု နန္ဒကိုခေါ်၍ ပြန်ခဲ့၏။ တစ်ဖန် နှစ်ရက်သုံးရက်တို့ကို လွန်စေ၍ သွားပြန်၏။ နန္ဒသည် ထိုအတူသာလျှင် ဆဲရေး၏။ သခင့်

သားသည် နန္ဒနှင့်တကွ ကြမ်းကြုတ်သော စကားကို မဆိုမူ၍လျှင် ပြန်ခဲ့၍ ဤကျွန်သည် ဤအရပ်မှစ၍ ဥစ္စာကို ကြားအံ့ဟုဆို၍ သွား၏၊ သွားပြီး၍ကား ငါ့ကို ဆဲရေး၏။ ထိုဆဲရေးရာ၌ အကြောင်းကို ငါမသိ-ငါ့အဖ၏ အဆွေခင်ပွန်း သူကြွယ်သည် ရှိ၏။ ထိုသူကြွယ်ကို မေး၍ ငါသိအံ့ဟု နှလုံးသွင်း၍ ဘုရားလောင်း၏ အထံသို့သွား၍ အလုံးစုံသော အကြောင်းကိုကြား၍ ဖခင်အကြောင်း အသို့နည်းဟု မေး၏။ ဘုရားလောင်းသည် ချစ်သား၊ အကြင်အရပ်၌ တည်လျက် နန္ဒသည် သင့်ကို ဆဲရေး၏။ ထိုအရပ်၌လျှင် သင့်အဖ၏ ဥစ္စာသည် ရှိ၏။ ထို့ကြောင့် အကြင်အခါ၌ နန္ဒသည် သင့်အား ဆဲရေး၏။ ထိုအခါ၌ ဟယ် ကျွန် လာလောဟု နန္ဒကိုငင်၍ ပေါက်တူးကို ယူ၍ ထိုအရပ်ကိုတူး၍ အမျိုး၏ ဥစ္စာကိုထုတ်၍ ကျွန်ကို ချီရွက်စေ၍ ဥစ္စာကို ဆောင်ခဲ့လော့ဟု ဆိုလို၍ ဂါထာကို ဆို၏-

၃၉။ မညေ သောဝဏ္ဏယော ရာသိ၊ သောဝဏ္ဏမာလာ စ နန္ဒကော။
ယတ္ထ ဒါသော အာမဇာတော၊ ဋိတော ထုလ္လာနိ ဂဇ္ဇတိ။

ချစ်သား-အိမ်ကျွန်မ သားဖြစ်သော နန္ဒကျွန်သည် ရပ်လျက် ကြမ်းတမ်းသော စကားတို့ကို ဆိုသော အရပ်၌သာလျှင် ရတနာတို့၏ အစုသည်လည်းကောင်း၊ ရွှေပန်းသည် လည်းကောင်း ရှိ၏ဟု ငါထင်၏။

ဤသို့ ဘုရားလောင်းသည် သတို့သားအား ဥစ္စာဆောင်ခြင်း၏ အကြောင်းကို ပြောကြား၏။ သတို့သားသည် ဘုရားလောင်းကို ရှိခိုး၍ အိမ်သို့ သွားပြီးလျှင် နန္ဒကိုခေါ်ကာ ဥစ္စာမြှုပ်ရာ အရပ်သို့သွားလျက် ဘုရားလောင်း ဆုံးမတိုင်းကျင့်၍ ထိုဥစ္စာကို ဆောင်၏။ ဘုရားအလောင်း၏ အဆုံးအမ၌ တည်၍ ဒါနအစရှိသော ကောင်းမှုကိုပြုလျက် အသက်၏ အဆုံး၌ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤရဟန်းသည် ရှေး၌လည်း ဤသို့ သဘောရှိသည်သာလျှင်တည်းဟု မိန့်တော်မူ၍ ဤတရားဒေသနာကို ဆောင်တော်မူ၍ စကားစပ်၍ ယခုအခါ သာရိပုတ္တရာ၏ အတူနေ တပည့်သည် ထိုအခါ နန္ဒဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိသော သူကြွယ်ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးဆယ့်ကိုးခုမြောက်သော နန္ဒဇာတ်သည် ပြီး၏။

## ၄၀-ခဒိရင်္ဂါရဇာတ်

### ရှားမီးကျီးခဲ ရဲရဲဇာတ်

### မတုန်မလှုပ် နောက်မဆုတ်သည့်သဒ္ဓါတရား

### ပစ္စုပ္ပန်ဝတ္ထု

နတ်လူတို့ကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် ကာမံ-ပတာမိ နိရယံ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤခဒိရင်္ဂါရဇာတ်ကို ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အနာထပိဏ်သူဌေး၏ အလှူကို အကြောင်းပြု၍ ဟောတော်မူ၏။

အနာထပိဏ်သူဌေးသည် ကျောင်းကိုသာ လျှင်စွဲ၍ ငါးဆယ့်လေးကုဋေသော ဥစ္စာတို့ကို သဗ္ဗညူ မြတ်စွာဘုရား၏ သာသနာတော်၌ လှူဒါန်း၏၊ ရတနာသုံးပါးတို့ကို ထား၍ သာသနာတော်မှအပ၌ ရတနာဟူသော အမှတ်ကိုလျှင် မဖြစ်။ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူသည်ရှိသော် နေ့တိုင်း နေ့တိုင်းသုံးကြိမ်ကုန်သောဆည်းကပ်ခြင်းကြီးတို့ကို ဆည်းကပ်လေ၏၊ စောစောကလျှင် တစ်ကြိမ် ဆည်းကပ်၏၊ နံနက်စာ စားပြီးသော်တစ်ကြိမ် ဆည်းကပ်၏။ ညချမ်းအခါ၌ တစ်ကြိမ် ဆည်းကပ်၏။ ယင်ပါးလည်း ဖြစ်ကုန်သော အကြား အကြား၌ဖြစ်သော ဆည်းကပ်ငယ်တို့သည် ဖြစ်သည်သာလျှင်တည်း၊ သွားသည်ရှိသော်လည်း အဘယ်ကိုလျှင်ယူ၍ သွားသနည်းဟူမူကား သာမဏေတို့သည်လည်းကောင်း၊ ပဉ္စင်းငယ်တို့သည်လည်းကောင်း ငါ၏ လက်ကိုလည်း ကြည့်ကုန်ရာ၏ဟု လက်ချည်းမည်သည် မသွားစဖူး၊ စောစောကလျှင် ဆည်းကပ်သည်ရှိသော် ယာဂုကို ယူခဲ့စေ၍ ဆည်းကပ်၏၊ နံနက်စာ စားပြီးသည်ရှိသော် ထောပတ်, ဆီ, ပျား, တင်လဲ အစရှိသည်တို့ကို ယူခဲ့စေ၍ ဆည်းကပ်၏။ ညချမ်းအခါ နံ့သာ ပန်း အဝတ် အစရှိသည်တို့ကို လက်စွဲလျက် ဆည်းကပ်၏။ ဤသို့လျှင် နေ့တိုင်းနေ့တိုင်း စွန့်ကြဲသော အနာထပိဏ်သူဌေး၏ အလှူ၌ ပမာဏမရှိ။ များစွာကုန်သော ကုန်သွယ်၍ အသက်မွေးကုန်သော သူတို့သည်လည်း အနာထပိဏ်သူဌေး၏လက်မှ စာရင်း တင်၍ တစ်ဆယ့်ရှစ်ကုဋေ အရေအတွက်ရှိသော ဥစ္စာကို အကြွေးပြု၍ ယူကုန်၏။

သူဌေးကြီးသည် ထိုကုန်သည်တို့ကို ဥစ္စာကို မဆောင်စေ။ သူဌေးကြီးသည် မြစ်နား၌ မြှုပ်၍ထားအပ်ကုန်သော အကြွေးပေးသော ဥစ္စာမှ တစ်ပါးကုန်သော အမျိုးဥစ္စာဖြစ်ကုန်သော တစ်ဆယ့်ရှစ်ကုဋေကုန်သော ဥစ္စာတို့သည် အစိရဝတီ မြစ်ရေသည် မြစ်ကမ်းကို ဖြိုသည်ရှိသော် မဟာသမုဒ္ဒရာသို့ဝင်၍ တည်ကုန်၏။ ပိတ်တိုင်းသာလျှင် ဖြင်ကုန်သော ကြေးအိုးတို့သည် သမုဒ္ဒရာ

ဝမ်း၌ လိမ့်လျက် သွားကုန်၏။ သူဌေး၏ အိမ်၌ကား ရဟန်းငါးရာတို့အား ဆွမ်းဝတ် အမြဲပြု၏။ ထိုစကားသည် မှန်၏။ သူဌေးကြီး၏ အိမ်သည် ရဟန်း သံဃာတို့၏ ခရီးလေးဆုံ၌ တူးအပ်သော ရေကန်နှင့် တူ၏။ ခပ်သိမ်းသော ရဟန်းတို့၏ မိဘအရာ၌ တည်၏။ ထို့ကြောင့် အနာထပိဏ် သူဌေးအိမ်သို့ မြတ်စွာဘုရားသည်လည်း ကြွတော်မူ၏။ ရှစ်ကျိပ်ကုန်သော မထေရ်တို့သည်လည်း ကြွတော်မူ၏။ အိမ်သို့ ကြွကုန် အိမ်မှလာကုန်သော ရဟန်းတို့၏ကား ပမာဏ သည် မရှိ၊ ထိုအိမ်သည်ကား ဘုံခုနစ်ဆင့် ရှိ၏။ တံခါးမုခ် ခုနစ်ဆင့်တို့ဖြင့် တန်ဆာဆင်အပ်၏။ ထိုအိမ်၏ လေးခုမြောက်သော တံခါးမုခ်၌ တစ်ယောက် သော မိစ္ဆာဒိဋ္ဌိနတ်သည် နေ၏။ မြတ်စွာဘုရားသည် အိမ်သို့ ဝင်သည်ရှိသော် မိမိ၏ဗိမာန်၌ တည်ခြင်းငှါ မတတ်ကောင်း၊ သူငယ်တို့ကိုယူ၍ မြေ၌တည်၏။ မထေရ်ရှစ်ကျိပ်တို့သည် လည်းကောင်း၊ ကြွင်းကုန်သော မထေရ်တို့သည် လည်းကောင်း ဝင်ကုန်သည်ရှိသော်လည်းကောင်း၊ ထွက်ကုန်သည် ရှိသော် လည်းကောင်း ထိုအတူသာလျှင် ပြုရ၏။

ထိုနတ်သည် ရဟန်းဂေါတမသည်လည်းကောင်း၊ ရဟန်းဂေါတမ၏တပည့် တို့သည်လည်းကောင်း ဤအိမ်သို့ ဝင်ကုန်သည်ရှိသော် ငါ့အား ချမ်းသာခြင်း မည်သည် မရှိ၊ အခါခပ်သိမ်း သက်၍ မြေ၌ တည်ခြင်းငှါ မတတ်နိုင်။ အကြင် သို့သော အခြင်းအရာအားဖြင့် ဤ ရဟန်းတို့သည် အိမ်သို့ မဝင်ကုန်၊ ထိုသို့သော အခြင်းအရာအားဖြင့် ငါသည် ပြုခြင်းငှါ သင့်၏ဟု ကြံ၏။ ထိုမှ နောက်တစ်နေ့ည၌ အိပ်ရာသို့ကပ်သော အမှုဆောင် ကိုယ်စားလှယ်ကြီး၏ အထံသို့သွား၍ အရောင်ကို နှံ့စေလျက်တည်၏၊ ဤအရပ်၌ အဘယ်သူနည်းဟု မေးသည်ရှိသော် ငါသည် လေးခုမြောက်သော တံခါးမုခ်၌ နေသော နတ်တည်းဟု ဆို၏။ အဘယ့်ကြောင့် လာသနည်းဟုဆို၏၊ သင်တို့သည် သူဌေး၏ အမှုအရာကိုမြင်ကုန်သည် မဟုတ်လော။ မိမိ၏ နောင်ကာလကို မကြည့်မူ၍ ဥစ္စာကိုထုတ်၍ ရဟန်းဂေါတမအားသာလျှင် ပေး၏။ ကုန်သွယ် ခြင်းကိုကား မယှဉ်စေ၊ အမှုတို့ကို မဖြစ်စေ၊ သူဌေးကြီးသည် အကြင်သို့သော အခြင်းအရာဖြင့် မိမိ၏ အမှုကိုပြု၏။ ထိုသို့သော အခြင်းအရာအားဖြင့် သင် တို့သည် သူဌေးကြီးကို ဆုံးမကုန်လော။ အကြင်သို့သော အခြင်းအရာအားဖြင့် လည်း တပည့်နှင့်တကွသော ရဟန်းဂေါတမသည် ဤအိမ်သို့မဝင်၊ ထိုသို့သော အခြင်းအရာအားဖြင့် သင်တို့သည် ပြုကုန်လောဟု ဆို၏။

ထိုအခါ ထိုနတ်ကို အမှုဆောင် ကိုယ်စားလှယ်ကြီးသည် နတ်မိုက် သူဌေး ကြီးသည် ဥစ္စာကိုစွန့်သည်ရှိသော် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော ဘုရားသာသနာတော်၌ စွန့်၏။ ထိုသူဌေးကြီးသည် ဦးသျှောင်ကိုကိုင်၍ ငါ့ကို

ရောင်းစားသော်လည်း ငါသည် ထိုသူဌေးကြီးအား တစ်စုံတစ်ခုသော စကားကို မဆို၊ သင်သည် သွားလေလောဟု ဆို၏။

နတ်သည် တစ်ဖန် တနေ့သ၌ သူဌေးကြီး၏ သားကြီးသို့ ကပ်၍ ထိုအတူသာ လျှင် ဆိုးမ၏။ သားကြီးသည်လည်း နတ်ကို ရှေးနည်းဖြင့်သာလျှင် ခြိမ်းခြောက် ၏။ သူဌေးနှင့်ကားတကွ စကားဆိုခြင်းငှါ မတတ်နိုင်။ မပြတ်အလှူကိုသာ ပေး၍ ကုန်သွယ်ခြင်းကို မပြုသော သူဌေးကြီး၏ ဥစ္စာသည် အတိုးအပွါး နည်းပါးလေသော် ကုန်ခြင်းသို့ ရောက်၏။

ထိုအခါ အစဉ်သဖြင့် ဆင်းရဲသော အဖြစ်သို့ရောက်သော သူဌေးကြီး၏ အဝတ်ပုဆိုး အိပ်ရာ နေရာ ဘောဇဉ်တို့သည်လည်း ရှေးနည်းနှင့် မတူကုန်။ ဤသို့ဖြစ်လျက်လည်း ရဟန်းသံဃာအား အလှူပေး၏။ မွန်မြတ်သည်ကိုကား ပြု၍ ပေးခြင်းငှါ မတတ်နိုင်။ ထိုအခါ တစ်နေ့သ၌ ဘုရားကို ရှိခိုး၍နေသော အနာထပိဏ်သူဌေးကို မြတ်စွာဘုရားသည် သူကြွယ် သင်၏ အိမ်၌ အလှူကို ပေးရ၏လောဟု မေးတော်မူ၏။ ထိုသူဌေးကြီးသည် အရှင်ဘုရား-အလှူကို ပေးရ၏။ ထိုအလှူသည်ကား ရှန့်ရင်း၏။ ပအုံးရည်လျှင် အဖော်ရှိသော ဆန်ကွဲ ဆွမ်းတည်းဟု လျှောက်၏။ ထိုအခါ သူဌေးကြီးကို မြတ်စွာဘုရားသည် သူကြွယ် ရှန့်ရင်းသောအလှူကို ပေးရ၏ဟု စိတ်ကို မတွန့်တိုစေလင့်။ ထိုစကား သည် မှန်၏၊ စိတ်သည် မွန်မြတ်သည်ရှိသော် ဘုရား ပစ္စေကဗုဒ္ဓါ ဘုရား တပည့်တော်တို့အား လှူအပ်သော အလှူသည်ကား ရှန့်ရင်းသောမည်သည် မရှိ၊ အဘယ့်ကြောင့်နည်းဟူမူကား အကျိုးကြီးသည်၏ အဖြစ်ကြောင့်တည်း ဟု မိန့်တော်မူ၏။ ထိုစကားသည် မှန်၏။ စိတ်ကို မွန်မြတ်သည်ကို ပြုခြင်းငှါ တတ်နိုင်သော သူ၏အလှူသည် ရှန့်ရင်းခြင်း မည်သည် မရှိ၊ ထိုအကြောင်းကို လည်း ဤသို့ ဆိုလတ္တံ့သော ဂါထာဖြင့် သိအပ်၏။

နတ္ထိ စိတ္တေ ပသန္နမှိ၊ အပ္ပကာနာမ ဒက္ခိဏာ။
တထာဂတေ ဝါ သမ္ဗုဒ္ဓေ၊ အထ ဝါ တဿ သာဝကေ။
န ကိရတ္ထိ အနောမဒဿိသု၊
ပါရိစရိယာ ဗုဒ္ဓေသု အပ္ပကာ။
သုက္ခာယ အလောဏိကာယ စ၊
ပဿထ ဖလံ ကုမ္မာသပိဏ္ဍိယာ။

စိတ်ထားကြည်ညိုသော် ရှေးဘုရားဘို့ကဲ့သို့ ကောင်းသောလာခြင်းရှိတော် မူသော မြတ်စွာဘုရား၌ လည်းကောင်း၊ ထို့ပြင် ထိုမြတ်စွာဘုရား၏ တပည့် သာဝက၌လည်းကောင်း နည်းသောအလှူ မည်သည် မရှိ။

မြတ်သောမြင်ခြင်းရှိသော ဘုရားရှင်တို့၌ လုပ်ကျွေးခြင်းသည် နည်းသည် မရှိ၊ ခြောက်သွေ့၍ ဆားမခတ်သော မုယောဆွမ်း၏ အကျိုးကို ရှုကုန်လော။

မြတ်စွာဘုရားသည် တစ်ပါးသော စကားကိုလည်း ဟောတော်မူ၏။ သူကြွယ် သင်သည် ရှေးဦးစွာ ရှန့်ရင်းသောအလှူကို လှူသည်ရှိသော် ရှစ်ယောက်ကုန်သော အရိယာပုဂ္ဂိုလ်တို့အား လှူရ၏။ ငါသည် ဝေလာမပုဏ္ဏားဖြစ်သော ကာလ၌ ဇမ္ဗူဒိပ်ကျွန်းအလုံး ထွန်တုံးပြတ်သည်ကို ပြု၍ ရတနာခုနစ်ပါးတို့ကို လှူသည်ရှိသော် မြစ်ကြီးငါးသွယ်တို့ကို တစ်ခုတည်းသောအလျဉ်ဖြင့် ပြည့်သည်ကို ပြုဘိသကဲ့သို့လည်း အလှူကြီးကို ဖြစ်စေလျက် သရဏဂုံသုံးပါး ဆောက်တည်သည်လည်း ဖြစ်သော ပဉ္စသီ ဆောက်တည်သည်လည်း ဖြစ်သော တစ်စုံတစ်ယောက်သော အလှူခံပုဂ္ဂိုက်ကို မရ၊ အလှူခံပုဂ္ဂိုလ်တို့မည်သည်ကို ဤသို့ ရခဲကုန်၏။ ထို့ကြောင့် ငါ၏အလှူသည် ရှန့်ရင်း၏ဟု စိတ်ကို မတွန့်တိုစေလင့်ဟု မိန့်တော်မူ၏။ ဤသို့ မိန့်တော်မူပြီး၍ကား ဝေလာမသုတ်ကို ဟောတော်မူ၏။ ထိုအခါ နတ်သည် သူဌေးကြီး၏ စည်းစိမ်ဥစ္စာ ပြည့်စုံသောကာလ၌ သူဌေးကြီးနှင့် စကားဆိုခြင်းငှါ မတတ်နိုင်၊ သူဌေးကြီးသည် ယခုအခါ၌ ဆင်းရဲသည်၏အဖြစ်ကြောင့် ငါ၏စကားကို ယူလတ္တံ့ဟု ထင်မှတ်၍ ညဉ့်အခါ၌ ကျက်သရေတိုက်သို့ ဝင်၍ အရောင်ကို နှံ့စေ၍ ကောင်းကင်၌ရပ်၏။

သူဌေးကြီးသည် ထိုနတ်ကို မြင်၍ ဤသူကား အဘယ်သူနည်းဟု မေး၏။ သူဌေးကြီး အကျွန်ုပ်သည် လေးခုမြောက်သော တံခါးမုခ်စောင့် နတ်တည်းဟု ဆို၏။ သင်သည် အဘယ်အကျိုးငှါ လာသနည်းဟု မေး၏။ သင့်အား ဆုံးမလိုသည်ဖြစ်၍ လာ၏ဟု ဆို၏။ ထိုသို့ ဖြစ်လျှင် ဆိုလောဟု ဆို၏။ သူဌေးကြီး သင်သည် နောက်ကာလကို မကြံ၊ သားသမီးကို မကြည့်၊ ရဟန်းဂေါတမ၏ သာသနာ၌ များစွာသောဥစ္စာကို စွန့်၏၊ ထိုသင်သည် အခါလေးမြင့် ဥစ္စာကိုစွန့်သဖြင့် ကုန်သွယ်ခြင်းအမှုကို မပြုခြင်းကြောင့် ရဟန်းဂေါတမကိုမှီ၍ ဆင်းရဲခြင်းဖြစ်၏၊ ဤသို့ဖြစ်သော်လည်း ရဟန်းဂေါတမကို မလွှတ်၊ ယခုလည်း ရဟန်းတို့သည် သင်၏ အိမ်သို့ ဝင်ကုန်သည် သာလျှင်တည်း၊ ရှေးဦးစွာ ထိုရဟန်းတို့သည် အကြွင်းဥစ္စာကို ဆောင်အပ်၏၊ ထိုဥစ္စာကို တစ်ဖန်ဆောင်စေခြင်းငှါ မတတ်ကောင်း၊ ယူအပ်သော ဥစ္စာသည် ယူမြဲတိုင်းသာလျှင်ဖြစ်စေ၊ ယနေ့မှစ၍ကား ကိုယ်တိုင် ရဟန်းဂေါတမ၏ အထံသို့ မသွားလေနှင့်၊ ထိုရဟန်းဂေါတမ၏ တပည့်တို့အားလည်း ဤအိမ်သို့ဝင်ခြင်းငှါ မပေးလင့်၊ ရဟန်းဂေါတမကို ပြန်၍လည်း မကြည့်ဘဲ မိမိ၏ ရောင်းခြင်း ဝယ်ခြင်း အမှုကို ပြု၍ ဥစ္စာကို ဖြစ်စေလောဟု ဆို၏။

ထိုအခါ ထိုနတ်ကို အနာထပိဏ်သူဌေးသည် ဤသို့ဆို၏။ ဤစကားသည် ကား သင်သည် ငါ့အား ပေးအပ်သော အဆုံးအမလောဟု မေး၏၊ အရှင် ဟုတ်၏ဟုဆို၏၊ မြတ်စွာဘုရားသည် အရိယာ၏အဖြစ်ကို ပြုအပ်သောငါ့ကို သင် ကဲ့သို့သော နတ်တို့၏အရာသည်လည်းကောင်း၊ အထောင်သည်လည်းကောင်း၊ အသိန်း သည်လည်းကောင်း တုန်လှုပ်စေခြင်းငှါ မတတ်နိုင်ရာ၊ ငါ၏ သဒ္ဓါခြင်း သည် မြင်းမိုရ်တောင်ကဲ့သို့ မတုန်မလှုပ် ကောင်းစွာတည်၏၊ ငါသည် ဝဋ္ဋ ဆင်းရဲမှ ထွက်မြောက်စေတတ်သော ရတနာတည်းဟူသော သာသနာတော်၌ ဥစ္စာကိုစွန့်၏။ သင်သည် မသင့်သောစကားကို ဆို၏။ မြတ်စွာဘုရားသာသနာ တော်၌ ဒဏ်ကိုပေးအပ်၏။ ဤသို့သဘောရှိသော အကျင့်သီလမရှိသော သူ ယုတ်တို့နှင့်တကွ ငါ့အား တစ်အိမ်တည်း၌ နေခြင်းကိစ္စသည် မရှိ၊ လျင်စွာ ငါ့အိမ်မှထွက်၍ တစ်ပါးအရပ်သို့ သွားလောဟုဆို၏။

နတ်သည် သောတာပန်ဖြစ်သော ဘုရားတပည့်စကားကိုကြား၍ ရပ်ခြင်း ငှါ မတတ်နိုင်သည်ဖြစ်၍ မိမိနေရာအရပ်သို့သွား၍ သူငယ်တို့ကို လက်ဖြင့် ကိုင်၍ထွက်၏၊ ထွက်ပြီး၍ တစ်ပါးသောအရပ်၌ နေရာကိုမရသည်ဖြစ်၍ သူဌေး ကြီးကို ကန်တော့၍ ထိုအရပ်၌ပင်လျှင် နေအံ့ဟု ကြံ၍ မြို့စောင့်နတ်၏အထံသို့ သွား၍ မြို့စောင့်နတ်ကို ရှိခိုး၍ရပ်၏၊ အဘယ်ဒေါကြောင်းကြောင့် လာသနည်း ဟု မေးသည်ရှိသော် အရှင် ငါသည် မိုက်သည်၏ အဖြစ်ကြောင့် မစုံစမ်းဘဲ အနာထပိဏ်သူဌေးနှင့်တကွ စကားဆိုမိ၏၊ အနာထပိဏ်သူဌေးသည် ငါ့ကို အမျက်ထွက်၍ နေရာမှနှင်ထုတ်၏၊ ငါ့ကို သူဌေးကြီးအထံသို့ ဆောင်၍ သည်းခံ စေ၍ နေရာကို ငါ့အားပေးလောဟု ဆို၏၊ သင်သည် သူဌေးကြီးကို အသို့ဆို သနည်းဟု မေး၏၊ အရှင် ဤယနေ့မှစ၍ ဘုရားအား ဆည်းကပ်ခြင်း၊ သံဃာ အား ဆည်းကပ်ခြင်းကို မပြုလင့်၊ ရဟန်းဂေါတမအား အိမ်သို့ဝင်ခြင်းကို မပေးလင့်၊ ဤသို့ ငါသည် ဆိုမိ၏ဟုဆို၏၊ သင်သည် မသင့်သောစကားကို ဆို အပ်၏၊ သာသနာတော်၌ ဒဏ်ကိုပေးအပ်၏၊ ငါသည် သင့်ကိုယူ၍ သူဌေး ထံသို့ မသွားဝံ့ဟုဆို၏။

ထိုတံခါးမုခ်စောင့်နတ်သည် မြို့စောင့်နတ်၏အထံမှ တောင်းပန်ခြင်းကို မရ၍ နတ်မင်းကြီး လေးယောက်တို့၏ အထံသို့ သွားလေ၏၊ ထိုနတ်မင်းကြီးတို့သည် လည်း ထိုအတူသာလျှင် ပယ်အပ်သည်ရှိသော် သိကြားနတ်မင်းသို့ ကပ်၍ ထို အကြောင်းကို ကြား၍ အရှင်မင်းကြီး အကျွန်ုပ်သည် နေရာအရပ်ကို မရသည် ဖြစ်၍ သူငယ်တို့ကို လက်ဖြင့်ကိုင်၍ ကိုးကွယ်ရာမဲ့ သွားရ၏၊ အရှင်မင်းကြီးတို့ကို မှီ၍ အကျွန်ုပ်အား နေရာအရပ်ကို ပေးကုန်လောဟု မြဲမြံစွာ တောင်း၏။ သိကြား မင်းသည်လည်း ထိုနတ်ကို သင်သည် မသင့်သောစကားကို ဆို၏။ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်စေတတ်သော သာသနာတော်၌ ဒဏ်ကိုပေးအပ်၏၊ ငါသည်လည်း

သင့်ကိုမှီ၍ သူဌေးနှင့်ဆိုခြင်းငှါ မတတ်နိုင်၊ သင့်အား သူဌေးကြီး၏ တစ်ခု သော သည်းခံခြင်း၏အကြောင်းကို ငါဆိုအံ့ဟုဆို၏။ အရှင်မင်းကြီး ကောင်းပြီ ဆိုလောဟုဆို၏။ သူဌေးကြီးလက်မှ လူတို့သည် ကမ္ပည်းတင်၍ တစ်ဆယ့်ရှစ် ကုဋေ အရေအတွက်ရှိသော ယူအပ်သောဥစ္စာသည် ရှိ၏။

သင်သည် ထိုသူဌေးကြီး၏ အမှတ်အသွင်ကို ယူ၍ တစ်စုံတစ်ယောက်သော သူကို မသိစေမူ၍ ထိုကမ္ပည်းတို့ကိုယူ၍ နှစ်ယောက် သုံးယောက်ကုန်သော နတ် လုလင်တို့ဖြင့် ခြံရံလျက် လက်ဝဲဖက်ဖြင့် ထန်းရွက်ကို လက်ယာဖက်ဖြင့် ကညစ်ကိုယူ၍ ထိုသူတို့၏အိမ်သို့သွား၍ အိမ်၏အလယ်၌ ရပ်၍ မိမိနတ်၏အာနု ဘော်ဖြင့် ထိုသူတို့ကို ခြိမ်းခြောက်၍ ဤကမ္ပည်းသည် သင်တို့၏ကြွေးမြီ ယူသော ကမ္ပည်းတည်း၊ ငါ၏သူဌေးသည် မိမိ၏ စည်းစိမ်နှင့် ပြည့်စုံ သော ကာလ၌ သင်တို့ကို တစ်စုံတစ်ခုသော စကားကို မဆို၊ ယခု ဆင်းရဲသည် ဖြစ်၍ သင်တို့သည် ယူအပ်သော အသပြာတို့ကို ပေး ကုန်လောဟု မိမိနတ်၏ အာနုဘော်ကိုပြ၍ ခပ်သိမ်းသော ထိုတစ်ဆယ့် ရှစ်ကုဋေသော ဥစ္စာတို့ကို ဆောင်၍ သူဌေး၏ အချည်းနှီးသော ကျီတို့ကို ပြည့်စေ၍ အစိရဝတီမြစ်နား၌ မြှုပ်ထားအပ်သော မြစ်ကမ်းပြိုသည် ရှိသော် သမုဒ္ဒရာသို့ဝင်၍ တည်သော ဥစ္စာသည် ရှိ၏။ ထိုဥစ္စာကိုလည်း မိမိ၏ အာနုဘော်ဖြင့် ဆောင်၍ ကျီတို့ကိုပြည့်စေ၍ ဤမည်သော အရပ်၌ တစ်ပါးလည်း ဖြစ်သော အရှင်မဲ့၊ တစ်ဆယ့်ရှစ်ကုဋေ အတိုင်းအရှည် ရှိကုန်သည်သာလျှင် ဖြစ်သော ဥစ္စာသည် ရှိ၏။ ထိုဥစ္စာကိုလည်း ဆောင်၍ အချည်းနှီးသော ကျီတို့ကို ပြည့်စေလော့၊ ဤငါးဆယ့်လေးကုဋေ ကုန်သော ဥစ္စာတို့ဖြင့် အချည်း နှီးသော ကျီတို့ကို ပြည့်စေခြင်းတည်း ဟူသော ဤဒဏ်အမှုကို ပြု၍ သူဌေး ကြီးကို ကန်တော့လောဟု ဆို၏၊

ထိုနတ်သည် အရှင်မင်းကြီး ကောင်းပြီဟု သိကြားမင်းစကားကို ဝန်ခံ၍ ဆိုအပ်ပြီးသော နည်းဖြင့်လျှင် အလုံးစုံသော ဥစ္စာကိုဆောင်၍ အချည်းနှီးသော ကျီတို့ကိုပြည့်စေ၍ သန်းခေါင်အခါ၌ သူဌေးကြီး၏ ကျက်သရေတိုက်သို့ ဝင်၍ အချောင်ကိုနှိမ့်လျက် ကောင်းကင်၌ တည်၏။ ဤသူသည် အဘယ်သူနည်းဟု မေးသည်ရှိသော် သူဌေးကြီးအကျွန်ုပ်သည် သင်၏ လေးခုမြောက်သော တံခါး မုခ်၌ စောင့်သော အလွန်မိုက်သော နတ်တည်း။ အကျွန်ုပ်သည် ကြီးစွာသော မောဟဖြင့် မိုက်မဲတွေဝေခြင်းကြောင့် ဘုရားကျေးဇူးတော်ကို မသိ၍ ရှေး ဖြစ်ကုန်သော နေ့တို့၌ သင်တို့နှင့်တကွ ဆိုအပ်သော တစ်စုံတစ်ခုသော စကား သည် ရှိ၏။ အကျွန်ုပ်၏ အပြစ်ကို သင်တို့သည် သည်းခံပါကုန်လော၊ အကျွန်ုပ် သည် သိကြားနတ်မင်း၏ စကားဖြင့် အရှင်တို့၏ ကြွေးမြီကို တောင်း၍ တစ်ဆယ့်ရှစ်ကုဋေသော ဥစ္စာတို့ကိုလည်းကောင်း, သမုဒ္ဒရာသို့ ရောက်ကုန်သော

တစ်ဆယ့်ရှစ်ကုဋေသော ဥစ္စာတို့ကိုလည်းကောင်း, ထိုထိုအရပ်၌ အရှင်မရှိသော ဥစ္စာတို့၏ တစ်ဆယ့်ရှစ်ကုဋေ တို့ကိုလည်းကောင်း ဤသို့ ငါးဆယ့်လေးကုဋေ ကုန်သော ဥစ္စာတို့ကို ဆောင်၍ အချည်းနှီးသော ကျီတို့ကို ပြည့်စေသဖြင့် ဒဏ်အမှုကို ပြုအပ်ပြီ၊ ဇေတဝန်ကျောင်းတော်ကို စွဲ၍ ကုန်ခြင်းသို့ ရောက်သော အလုံးစုံသော ဥစ္စာကို အကျွန်ုပ်သည် ပေါင်းစုအပ်ပြီ။ အကျွန်ုပ်သည် နေရာ အရပ်ကို မရသည်ဖြစ်၍ ပင်ပန်း၏။ အကျွန်ုပ်သည် မိုက်သည်၏ အဖြစ်ကြောင့် ဆိုအပ်သောစကားကို နှလုံး၌ မထားမူ၍ သူဌေးကြီး အရှင်တို့သည် သည်းခံပါ ကုန်လောဟု ဆို၏။

အနာထပိဏ် သူဌေးသည် နတ်၏ စကားကိုကြား၍ ဤနတ်သည် အကျွန်ုပ်သည် ဒဏ်ကိုပြုအပ်ပြီဟု ဆို၏၊ မိမိအပြစ်ကိုလည်း ဝန်ခံ၏။ ငါသည် မြတ်စွာ ဘုရားအထံသို့ ဤနတ်ကို ဆောင်၍ မိမိ၏ ကျေးဇူးကို သိစေလတ္တံ့။ မြတ်စွာ ဘုရားအား ထိုနတ်ကိုပြအံ့ဟု ကြံ၏။ ထိုနောက်မှ ထိုနတ်ကို အချင်းနတ် ငါ့ကို အကယ်၍ ကန်တော့လိုသည် ဖြစ်အံ့၊ မြတ်စွာဘုရားအထံ၌ ငါ့ကို ကန်တော့လောဟု ဆို၏။ ထိုနတ်သည် ကောင်းပြီ ဤသို့ပြုအံ့၊ ငါ့ကို မြတ်စွာ ဘုရား အထံသို့ ဆောင်၍ သွားလောဟု ဆို၏။ အနာထပိဏ် သူဌေးသည် ကောင်းပြီဟု ဆို၍ ညဉ့်သည် လင်းသည်ရှိသော် စောစောကလျှင် နတ်ကိုခေါ်၍ ဘုရားအထံသို့ သွား၍ နတ်သည် ပြုအပ်သော အလုံးစုံသောအမှုကို မြတ်စွာ ဘုရားအား ကြားလျှောက်၏။ မြတ်စွာဘုရားသည် အနာထပိဏ် သူဌေး၏ စကားကို ကြား၍ သူကြွယ် ဤလောက၌ မကောင်းမှုကို ပြုသော ပုဂ္ဂိုလ်သည် အကြင်ရွေ့လောက် မကောင်းမှုသည် အကျိုးမပေးသေး။ ထိုရွေ့ လောက်သော ကာလပတ်လုံး ကောင်းကျိုးကို မြင်ရ၏။ ထိုမကောင်းမှုကို ပြုသောသူအား အကြင်အခါ၌ကား မကောင်းမှုသည် အကျိုးပေး၏။ ထိုအခါ၌ မကောင်းကျိုးကိုသာလျှင် မြင်ရ၏။ ကောင်းမှုကိုပြုသော ပုဂ္ဂိုလ်သည်လည်း အကြင်ရွေ့လောက် ကောင်းမှုသည် အကျိုးမပေးသေး။ ထိုရွေ့လောက်သော ကာလပတ်လုံး မကောင်းကျိုးတို့ကို မြင်ရ၏။ ကောင်းမှုကိုပြုသော သူတို့အား အကြင် အခါ၌ကား ကောင်းမှုသည် အကျိုးပေး၏၊ ထိုအခါ၌ ကောင်းကျိုး ကိုသာ မြင်ရ၏ဟု ဟောတော်မူလို၍ ဤနှစ်ဂါထာကို ဟောတော်မူ၏—

ပါပေါပိ ပဿတိ ဘဒြံ၊ ယာဝ ပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊ ပါပေါ ပါပါနိ ပဿတိ။
ဘဒြောပိ ပဿတိ ပါပံ၊ ယာဝ ဘဒြံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ဘဒြံ၊ အထ ဘဒြော ဘဒြာနိ ပဿတိ။

မကောင်းမှုကို ပြုသောသူသည်လည်း အကြင်မျှလောက် မကောင်းမှုသည် အကျိုးမပေးသေး၊ ထိုမျှလောက်သော ကာလပတ်လုံး ကောင်းကျိုးကိုမြင်ရ၏။ အကြင်အခါ၌လည်း မကောင်းမှုသည် အကျိုးပေး၏၊ ထိုအခါ၌ မကောင်းမှုကို ပြုသောသူသည် မကောင်းကျိုးတို့ကို မြင်ရ၏။

ကောင်းမှုကို ပြုသောသူသည်လည်း အကြင်မျှလောက် ကောင်းကျိုးသည် အကျိုးမပေးသေး၊ ထိုမျှလောက် ကာလပတ်လုံး မကောင်းကျိုးကို မြင်ရ၏၊ အကြင်အခါ၌လည်း ကောင်းမှုသည် အကျိုးပေး၏၊ ထိုအခါ၌ ကောင်းမှုကို ပြုသောသူသည် ကောင်းကျိုးတို့ကို မြင်ရ၏။

ဤဂါထာတို့၏ အဆုံး၌ကား နတ်သည် သောတာပတ္တိဖိုလ်၌ တည်၏၊ ထိုနတ်သည် စက်တို့ဖြင့် မှတ်အပ်ကုန်သော မြတ်စွာဘုရား ခြေတော်တို့၌ ဝပ်၍ အရှင်ဘုရား အကျွန်ုပ်သည် ရာဂဖြင့် တပ်စွန်းသည်၏ အဖြစ်ကြောင့်လည်းကောင်း, ဒေါသဖြင့် ပြစ်မှားသည်၏ အဖြစ်ကြောင့်လည်းကောင်း, မောဟဖြင့် မိုက်မဲတွေဝေသည်၏ အဖြစ်ကြောင့်လည်းကောင်း, အဝိဇ္ဇာသည် မြှေးရှက်သည်၏ အဖြစ်ကြောင့် လည်းကောင်း အရှင်ဘုရားတို့၏ ကျေးဇူးတော်တို့ကို မသိခြင်းကြောင့် ယုတ်မာညံ့သော အကြင်စကားကို ဆိုမိ၏။ အကျွန်ုပ်၏ ထိုစကားကို သည်းခံတော်မူပါကုန်လောဟု မြတ်စွာဘုရားကို ကန်တော့၍ သူဌေးကြီးကိုလည်း ကန်တော့၏။ ထိုအခါ အနာထပိဏ် သူဌေးသည် မြတ်စွာဘုရားရှေ့တော်မှ ဝမ်းမြောက်သည်ဖြစ်၍ မိမိကျေးဇူးကို လျှောက်၏၊ အရှင်ဘုရား ဘုရားအား ဆည်းကပ်ခြင်း အစရှိသည်တို့ကို မပြုလင့်ဟု မြစ်သော်လည်း အကျွန်ုပ်ကို ဤနတ်သည် မြစ်ခြင်းငှါ မတတ်နိုင်။ အလှူကို မပေးအပ်ဟု ဤနတ်သည် မြစ်သော်သည်း အကျွန်ုပ်သည် လှူအပ်သည် သာလျှင်တည်း။ အရှင်ဘုရား ဤကျေးဇူးသည် အကျွန်ုပ်ကျေးဇူး မဟုတ်လောဟု လျှောက်၏။ မြတ်စွာဘုရားသည် သူကြွယ် သင်သည် သောတာပန်တည်း၊ ဘုရားတပည့်တည်း။ မတုန် မလှုပ်သော သဒ္ဓါခြင်းရှိ၏။ အထူးသဖြင့် စင်ကြယ်သော နိဗ္ဗာန်ကို မြင်တတ်သော ဉာဏ်နှင့်ပြည့်စုံ၏။ သင့်ကို ဤတန်ခိုးနည်းသော နတ်သည် မြစ်သည်ရှိသော် မမြစ်နိုင်သော အဖြစ်သည် အံ့ဖွယ်သရဲ မရှိသေး။ ရှေးပညာရှိတို့သည် ဘုရားမဖြစ်မီ မရင့်သေးသော ဉာဏ်၌ တည်ကုန်လျက် ကာမာဝစရ နတ်ဘုံကို အစိုးရသော မာရ်နတ်သားသည် ကောင်းကင်၌ ရပ်၍ သင်သည် အကယ်၍ အလှူပေးအံ့။ ဤမီးကျီးတွင်း ငရဲ၌ ကျက်ရလတ္တံ့ဟု အတောင်ရှစ်ဆယ် နက်သော မီးကျီးတွင်းကို ပြ၍ အလှူခံကို မပေးလင့်ဟု မြစ်ငြားသော်သည်း ပဒုမ္မာအချက်၏ အလယ်၌ ရပ်ကုန်၍ အကြင် အကြောင်း ကြောင့် အလှူပေးဖူးကုန်၏။ ဤအလှူပေးခြင်းသည်သာ အံ့ဖွယ်သရဲ ရှိ၏ဟု

မိန့်တော်မူ၏။ အနာထပိဏ် သူဌေးသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗာရာဏသီပြည်၌ သူဌေးမျိုး၌ဖြစ်၍ အထူးထူးအပြားပြား သိမ်မွေ့ကုန်သော အဆောက်အဦတို့ဖြင့် နတ်သားငယ်ကဲ့သို့ ကြီးပွားလျက် အစဉ်သဖြင့် လိမ္မာသည်၏ အဖြစ်သို့ရောက်၍ တစ်ဆယ့်ခြောက်နှစ်ရှိသော ကာလ၌လျှင် ငယ်သိမ်းသော အတတ်၌ အပြီးသို့ရောက်၏။ ဘုရားလောင်းသည် အဘလွန်သဖြင့် သူဌေးအရာ၌တည်၍ မြို့တံခါးလေးမျက်နှာတို့၌ အလှူတင်းကုပ် လေးခု၊ မြို့လယ်၌ တစ်ခု၊ အိမ်တံခါး၌၊ တစ်ခု ဤသို့ ခြောက်ခုကုန်သော အလှူတင်းကုပ်တို့ကို ဆောက်စေ၍ အလှူကြီးကိုပေး၏။ သီလကို ဆောက်တည်၏။ ဥပုသ်သုံးသောအမှုကို ပြု၏။

ထိုအခါ တစ်နေ့သ၌ နံနက်စာ စားသော အခါ၌ ဘုရားလောင်းအား အထူးထူးသော မြတ်သော အရသာရှိသော နှစ်သက်ဖွယ်သော ဘောဇဉ်ကို တည်သည်ရှိသော် တစ်ယောက်သော ပစ္စေကဗုဒ္ဓါသည် ခုနစ်ရက်လွန်သဖြင့် နိရောဓသမာပတ်မှထ၍ ဆွမ်းခံအံ့သောငှါ အခါကိုမှတ်၍ ယခု ငါသည် ဗာရာဏသီ သူဌေးအိမ်တံခါးသို့ သွားခြင်းငှါ သင့်၏ဟု ကွမ်းရိုးဒန်ပူကို စား၍ အနဝတတ် အိုင်၌ မျက်နှာသစ်တော်မူ၍ ဆေးဒန်းမြင်းသီလာဖြင့် ပြီးသော ကျောက်ဖျာအပြင်၌ သင်းပိုင်ကိုဝတ်၍ လျှပ်စစ်နွယ်ကဲ့သို့သော ခါးပန်းကို ပန်းတော်မူ၍ သင်္ကန်းကိုရုံ၍ တန်ခိုးဖြင့်ပြီးသော မြေသပိတ်ကိုယူ၍ ကောင်းကင်ဖြင့် ကြွလာ၍ ဘုရားလောင်းအား ထမင်းကို တည်လတ်သည်ရှိသော် အိမ်တံခါး၌ ရပ်၏။ ဘုရားလောင်းသည် ပစ္စေကဗုဒ္ဓါကို မြင်၍ နေရာမှထ၍ ရိုသေသော အခြင်းအရာကို ပြု၍ အမှုကိုပြုတတ်သော အချင်းကိုကြည့်၏။ အရှင် အသို့ ပြုအံ့နည်းဟု မေးသည်ရှိသော် အရှင်၏ သပိတ်ကို ဆောင်ခဲ့ကုန်လော ဟုဆို၏။

ထိုခဏ၌သျှင် ယုတ်မာသော သူ့ဘိုဒအာ က် အထူးသဖြင့် ယုတ်မာသော မာရ်နတ်သည် တန်ခိုးဖန်ဆင်းလျက် ထ၍ ဤပစ္စေကဗုဒ္ဓါသည် ယနေ့ထက်တိုင် ခုနစ်ရက်ဘို့ပတ်လုံး အာဟာရကို မရ၊ ယနေ့မရသည်ရှိသော် ပျက်စီးလတ္တံ့၊ ဤပစ္စေကဗုဒ္ဓါကိုလည်း ဖျက်ဆီးအံ့၊ သူဌေး၏ အလှူအန္တရာယ် ကိုလည်း ပြုအံ့ဟုကြံ၍ ထိုခဏ၌ပင်လျှင် လာလတ်၍ အပြင်၏အတွင်း အတောင် ရှစ်ဆယ်မျှသော မီးကျီးတွင်းကို ဖန်ဆင်း၏၊ ထိုမီးကျီးတွင်းသည် ရှားမီးကျီး

တို့ဖြင့် ပြည့်၏၊ အရောင်နှင့်တကွဖြစ်၏။ အဝိစိငရဲကြီးကဲ့သို့ ထင်၏။ ထိုမီးကျီးတွင်းကိုကား ဖန်ဆင်းပြီး၍ မိမိသည် ကောင်းကင်၌ ရပ်၏။ သပိတ်ကို ဆောင်အံ့ သောငှါ သွားသော ယောကျ်ားသည် မီးကျီးတွင်းကိုမြင်၍ ကြီးသော ကြောက်ခြင်းသို့ ရောက်၍ပြန်၏။ ဘုရားလောင်းသည် ချစ်သား အဘယ့် ကြောင့် ပြန်သနည်းဟု မေး၏။ အရှင် အပြင်၏အတွင်း၌ ကြီးစွာသော မီးကျီးတွင်းသည် အလျှံရှိ၏၊ အရောင်နှင့်တကွ ဖြစ်၏ဟုဆို၏။ ထိုနောက်မှ တစ်ပါးသောသူသည်လည်း ပြန်၏။ ဤသို့ လာတိုင်းလာတိုင်းကုန်သော ခပ်သိမ်း ကုန်သော သူတို့သည်လည်း ကြောက်ခြင်းသို့ ရောက်ကုန်သည်ဖြစ်၍ လျင်စွာ ပြေးကုန်၏။

ဘုရားလောင်းလည်း ယခု ငါ၏ အလှူ၏ အန္တရာယ်ကို ပြုလိုသည်ဖြစ်၍ ဝသဝတ္တီနတ်ပြည်၌နေသော မာရ်နတ်သားသည် စစ်ပြုသည်ဖြစ်လတ္တံ့၊ ထိုသို့ သဘောရှိသော မာရ်နတ်အထောင် မာရ်နတ် အသိန်းသည်လည်း ငါ၏ မတုန်မလှုပ်သည်၏အဖြစ်ကို မသိသလျှင်ကတည်း။ ယခု ငါ၏လည်းကောင်း၊ မာရ်နတ်သား၏ လည်းကောင်း အားကြီးမြတ်သည်၏ အဖြစ်ကို သိရအံ့ဟု စီရင်တိုင်းသာလျှင်ဖြစ်သော ယို့ဆွမ်းခွက်ကိုယူ၍ အိမ်မှထွက်ခဲ့၍ မီးကျီးတွင်း နား၌ ရပ်၍ ကောင်းကင်သို့ မျှော်၍ မာရ်နတ်သားကိုမြင်၍ သင်သည် အဘယ် သူနည်းဟု မေး၏၊ ငါကား မာရ်နတ်တည်းဟု ဆို၏၊ ဤ မီးကျီးတွင်းကို သင်သည် ဖန်ဆင်းအပ်သလောဟု မေး၏။ ငါဖန်ဆင်းသည် မှန်၏ဟုဆို၏။ အဘယ်အကျိုးငှါ ဖန်ဆင်းသနည်းဟုမေး၏။ သင်၏အလှူအန္တရာယ်ကို ပြုခြင်း အကျိုးငှါလည်းကောင်း၊ ပစ္စေကဗုဒ္ဓါ၏ အသက်ကို ဖျက်ဆီးအံ့သောငှါ လည်းကောင်း ဖန်ဆင်း၏ဟုဆို၏။

ဘုရားလောင်းသည် ငါသည် မိမိ၏အလှူ၏ အန္တရာယ်ကို ပြုခြင်းငှါ သင့်အားမပေးအံ့။ ပစ္စေကဗုဒ္ဓါ၏ အသက်အန္တရာယ်ကို ပြုခြင်းငှါ သင့်အား မပေးအံ့၊ ယခု ငါ၏လည်းကောင်း၊ သင်၏လည်းကောင်း အားကြီးမြတ် သည်၏အဖြစ်ကို သိရအံ့ဟု မီးကျီးတွင်း၏ ကမ်းနား၌ရပ်၍ အရှင်ပစ္စေကဗုဒ္ဓါ အား အရှင်ဘုရား၊ အကျွန်ုပ်သည် ဤမီးကျီးတွင်း၌ ဦးစောက်ကျသော်လည်း မပြန်အံ့၊ စင်စစ် အရှင်ဘုရားတို့သည် အကျွန်ုပ်လှူသော ဘောဇဉ်ကို ခံတော် မူပါလောဟု ဆိုလို၍ ဤဂါထာကိုရွတ်ဆို၏ —

၄၀။ ကာမံ ပတာမိ နိရယံ၊ ဥဒ္ဓံ ပါဒေါ အဝံသိရော။
နာနရိယံ ကရိဿာမိ၊ ဟန္ဒ ပိဏ္ဍံ ပဋိဂ္ဂဟ။

အရှင်ဘုရား အကျွန်ုပ်သည် ဆွမ်းကို လှူသည်ရှိသော် စင်စစ် သဖြင့်လျှင် ဤမီးကျီးတွင်းငရဲသို့ အထက်၌ခြေရှိသည်ဖြစ်၍ ဦးစောက်

အကယ်၍ ကျဉ်ဦးအံ့။ ထိုသို့ပင် ကျဦးသော်လည်း အကြင် ဒါနကို မပေးခြင်းကိုလည်းကောင်း သီလ မစောင့်ခြင်းကို လည်းကောင်း၊ သူတော်ကောင်းတို့သည် မပြုအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ မသူတော်တို့သည် ပြုအပ်သည်၏အဖြစ်ကြောင့်လည်းကောင်း အနရိယဟူ၍ ဆိုအပ်၏။ ထိုအနရိယဟူ၍ ဆိုအပ်သော အလှူမပေးခြင်း၊ သီလမစောင့်ခြင်းကို အကျွန်ုပ်သည် မပြုအံ့။ အရှင်ဘုရား တို့သည် လွတ်လွတ် အကျွန်ုပ် လှူအပ်သောဆွမ်းကို ခံတော်မူပါကုန်လောဟု ဆိုသည်။

ဤသို့ဆိုပြီး၍ ဘုရားလောင်းသည် မြဲမြံစွာသော ဆောက်တည်ခြင်းဖြင့် ဆွမ်းခွက်ကို ကိုင်၍ မီးကျီးတွင်း၏ အထက်ဖြင့် သွားသည်ရှိသော် ထိုခဏ၌လျှင် အတောင် ရှစ်ဆယ်ရှိသော မီးကျီးတွင်း၏ အပြင်မှ အဆင့်ဆင့်ရောက်သော ပွင့်ချပ်တစ်ရာတို့ဖြင့် တန်ဆာဆင်အပ်သော အပွင့်ရှိသော တစ်ခုသော ပဒုမ္မာကြာပင်သည် ပေါက်၍ ဘုရားလောင်း၏ ခြေတို့ကိုခံ၏။ ထိုပဒုမ္မာကြာပွင့်မှ ပြည်တောင်းကြီး အတိုင်းအရှည်ရှိသော ဝင်းမှုန်သည်တက်၍ ဘုရားလောင်း၏ ထိပ်ထက်၌ဘည်၍ အလုံးစုံသော ကိုယ်ကို ရွှေမှုန်ဖြင့် သွန်းကြဲဘိသကဲ့သို့ ပြု၏။ ဘုရားလောင်းသည် ပဒုမ္မာကြာ၏အချက်၌ ရပ်၍ အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ်ကို အရှင် ပစ္စေကဗုဒ္ဓါ၏ သပိတ်၌ တည်စေ၏။ အရှင်ပစ္စေကဗုဒ္ဓါသည် ထိုဆွမ်းကိုခံ၍ အနုမောဒနာပြု၍ သပိတ်ကို ကောင်းကင်သို့ ပစ်၍ လူများ၏ မြင်စဉ်လျှင် မိမိသည်လည်း ကောင်းကင်သို့တက်၍ အထူးထူးအပြားပြားရှိသော တိမ်လွှာ အစဉ်ကို နင်းဘိသကဲ့သို့ဖြစ်၍ ဟိမဝန္တာသို့သာလျှင် ကြွတော်မူ၏။ မာရ်နတ်သားသည် စစ်ရှုံး၍ နှလုံးမသာယာခြင်းသို့ ရောက်၍ မိမိနေရာသို့သာလျှင် သွားလေ၏။ ဘုရားလောင်းသည်လည်း ပဒုမ္မာကြာ၏ အချက်၌ ရပ်လျက်လျှင် လူများအား ဒါနသီလကို ချီးမွမ်းသဖြင့် တရားဟော၍ လူများလည်း ခြံရံလျက် မိမိ အိမ်သို့သာလျှင် ဝင်၍ အသက်ထက်ဆုံး ဒါနအစရှိသော ကောင်းမှုတို့ကိုပြု၍ ကံအားလျော်စွာ လား၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် သင်သည် ဤသို့သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ယခုအခါ နတ်သည် အကြင်မတုန်မလှုပ်စေနိုင်။ ဤမတုန်မလှုပ်ခြင်းသည် အံ့ဖွယ်မရှိသေး။ ရှေးပညာရှိတို့သည် ပြုအပ်သော မတုန်မလှုပ်ခြင်းသည်သာလျှင် အံ့ဖွယ်သရဲရှိ၏ဟု ဤတရားဒေသနာကို ဆောင်တော်မူ၍ အနုသန္ဓေကိုစပ်၍ ထိုအခါ ပစ္စေကဗုဒ္ဓါသည် ထိုဘဝ၌ ပင်လျှင် ပရိနိဗ္ဗာန်ပြုလေပြီ။

ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မာရ်နတ်သားကို ရှုံးစေ၍ ပဒုမ္မာကြာ၏ အချက်၌ ရပ်၍ ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူသော ဗာရာဏသီသူဌေးဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

လေးဆယ်ခုမြောက် ခဒိရင်္ဂါရဇာတ်သည် ပြီး၏။

---

## ၅-အတ္ထကာမဝဂ်

## ၄၁-လောသကဇာတ်

### တစ်သံသရာလုံး ငတ်ရသော လောသက တိဿ

### ပစ္စုပ္ပန်ဝတ္ထု

နတ် လူတို့ကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် ယောအပ္ပကာမယာ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ လောသကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် လောသကတိဿ မထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ဤလောသက တိဿမည်သော မထေရ်သည် အဘယ်သူနည်းဟူမူကား ကောသလတိုင်း၌ တစ်ယောက်သော မိမိအမျိုးကို ဖျက်ဆီးတတ်သော တံငါ မျိုး၌ဖြစ်သော နည်းသောလာဘ်ရှိသော ရဟန်းတို့၌ ရဟန်းပြုသောသူတည်း။ ထိုလောသက တိဿမထေရ်သည် ဖြစ်ရာအရပ်မှ စုတေ၍ ကောသလတိုင်း တစ်ခုသော အမျိုးတစ်ထောင်တို့၏ နေရာဖြစ်သော တံငါရွာ၌ တစ်ယောက် သော တံငါမ၏ ဝမ်း၌ ပဋိသန္ဓေကို ယူသတတ်။ ထိုလောသက တိဿ၏ ပဋိသန္ဓေယူသော နေ့၌ ထိုအမျိုးတစ်ထောင်သည် ကွန်လက်စွဲလျက် မြစ်၌လည်း ကောင်း တစ်ဖက်ဆည်ကန် အစရှိသည်တို့၌လည်းကောင်း ငါးတို့ကို ရှာသည် ရှိသော် တစ်ခုသော ငါးကို မျှလည်းမရ ထိုအခါမှစ၍ ထိုတံငါတို့သည် ယုတ်ကုန် သည် သာလျှင်တည်း။ ထိုစကားသည် မှန်၏။ လောသကတိဿသည် ပဋိသန္ဓေ နေသည်ရှိသော် သာလျှင် ထိုတံငါ၏ရွာကို ခုနစ်ကြိမ် မီးလောင်၏၊ ခုနစ်ကြိမ် မင်းဒဏ်သင့်၏။ ဤသို့အစဉ်သဖြင့် ဆင်းရဲကုန်သည်ဖြစ်၍ ထိုသူတို့သည် ရှေး၌ ငါတို့အား ဤသို့သဘောရှိသော ဆုတ်ယုတ်ခြင်းသည် မရှိ။ ယခုအခါ၌ကား ငါတို့သည် ဆုတ်ယုတ်ကုန်၏။ ငါတို့၏အတွင်း၌ တစ်ယောက်သော သူယုတ် ရှိသည်ဖြစ်ရာ၏။ ငါတို့ နှစ်စုခွဲဝေအံ့ဟု ကြံကုန်၏။ ကြံကုန်ပြီး၍ ငါးရာ ငါးရာ ကုန်သောအမျိုးတို့သည် တပေါင်းတည်း ဖြစ်ကုန်၏။

ထိုအခါမှ စ၍ အကြင်အစု၌ ထိုလောသက တိဿ၏ မိဘတို့သည် ရှိကုန်၏။ ထိုအစုသည် ဆုတ်ယုတ်၏။ တစ်ပါးသော အစုသည် ပွား၏။ ထိုသူတို့သည်လည်း ထိုအစုကိုလည်း နှစ်စုခွဲဝေကုန်၏။ ဤသို့ အကြင်မျှလောက်

တစ်ခုတည်းသော ထိုအမျိုးသည်သာလျှင် ဖြစ်၏။ ထိုမျှလောက် ခွဲဝေ၍ ထိုသူတို့၏ သူယုတ်၏ အဖြစ်ကို သိ၍ ပုတ်ခတ်ကုန်၍ နှင်ထုတ်ကုန်၏။ ထိုအခါ လောသကတိဿ၏ အမိသည် ငြိုငြင်သဖြင့် အသက်မွေးလျက် ကိုယ်ဝန်ရင့်သည် ရှိသော် တစ်ခုသော အရပ်၌ ဖွား၏၊ ပစ္ဆိမဘဝိက ဖြစ်သော သတ္တဝါကို ဖျက်ဆီးအံ့သောငှါ မတတ်ကောင်း။ လောသကတိဿ၏ နှလုံး၌ အိုးတွင်း၌ ဆီမီးကဲ့သို့ အရဟတ္တဖိုလ်၏ ဥပနိဿယသည် ထွန်းပ၏။ ထိုလောသကတိဿ၏ အမိသည် သူငယ်ကိုလုပ်ကျွေး၍ ရေးရှု ပြေး၍လည်းကောင်း၊ ထက်ဝန်းကျင် ပြေး၍လည်းကောင်း သွားဝံ့တတ်သော ကာလ၌ တိဿအား တစ်ခုသောခွက်ကို လက်၌ ပေး၍ ချစ်သား တစ်ခုသော အိမ်သို့ ဝင်လေလောဟု စေ၍ ပြေး၏။ လောသကတိဿသည် ထိုနေ့မှ စ၍ တစ်ယောက်တည်း ဖြစ်၍လျှင် ထိုထို အရပ်၌ ထမင်းကို ရှာ၍လျှင် တစ်ခုသော အရပ်၌ အိပ်၏။ ရေလည်း မချိုး၊ ကိုယ်ကိုလည်း မသုတ်သင် မြေဘုတ်ဘီလူးကဲ့သို့ ငြိုငြင်သဖြင့် အသက်ကို မွေး၏။ လောသကတိဿသည် အစဉ်သဖြင့် ခုနစ်နှစ် ရှိသည်ဖြစ်၍ တစ်ခုသော အိမ်တံခါး၌ ထမင်းအိုး ဆေးရေကို သွန်ရာအရပ်၌ ကျီးကဲ့သို့ တစ်လုံး တစ်လုံး စီသော ထမင်းလုံးကို ရွေး၍ စား၏။

ထိုအခါ လောသကတိဿကို အရှင်သာရိပုတ္တရာမထေရ်သည် သာဝတ္ထိပြည်၌ ဆွမ်းခံသွားသည်ရှိသော် မြင်၍ ဤသတ္တဝါသည် အလွန်သနားဖွယ် ရှိသည်၏ အဖြစ်သို့ ရောက်၏။ အဘယ် ရွာသားနည်းဟု ထိုလောသကတိဿ၌ မေတ္တာစိတ်ကို ဖြစ်စေ၍ အချင်း လာလောဟု မိန့်တော်မူ၏၊ လောသကတိဿသည် လာ၍ မထေရ်ကို ရှိခိုး၍ ရပ်၏။ ထိုအခါ လောသကတိဿကို အရှင်သာရိပုတ္တရာသည် သင်သည် အဘယ် ရွာသားနည်း။ သင်၏ မိဘတို့သည် အဘယ်မှာ ရှိကုန်သနည်းဟု မေးတော်မူ၏။ အရှင်ဘုရား အကျွန်ုပ်သည် အထောက်အပံ့ မရှိ။ အကျွန်ုပ်၏ မိဘတို့သည် အကျွန်ုပ်ကို မှီ၍ ပင်ပန်းကုန်၏ဟု အကျွန်ုပ်ကို စွန့်၍ ပြေးကုန်၏ဟု လျှောက်၏။ သင်သည် ရဟန်း ပြုလတ္တံ့လောဟု မေးတော်မူ၏။ အရှင်ဘုရား— အကျွန်ုပ်သည် ရဟန်း ပြုလိုပါ၏။ အကျွန်ုပ်နှင့် တူသော အထီးကျန်သူကို အဘယ်သူ ရဟန်းပြုလတ္တံ့နည်းဟု လျှောက်၏။ ငါသည် သင့်ကို ရဟန်းပြုအံ့ဟု ဆို၏။ အရှင်ဘုရား ကောင်းပြီ၊ ရဟန်းပြုပါကုန်လောဟု လျှောက်၏။ အရှင်သာရိပုတ္တရာ မထေရ်သည် လောသကတိဿအား ခဲဖွယ်ဘောဇဉ်ကို ပေး၍ လောသကတိဿအား ကျောင်းသို့ ဆောင်၍ မိမိလက်ဖြင့်လျှင် ရေချိုး၍ ရှင်ပြု၍ အနှစ်နှစ်ဆယ် ပြည့်လေသော် ပဉ္စင်းခံ၏။ ထိုမထေရ်သည် ကြီးသော ကာလ၌ လောသကတိဿ မထေရ်ဟူ၍ ထင်ရှား၏။ ဘုန်းမရှိ၊ နည်းသော လာဘ်ရှိ၏။ ထို့ကြောင့် အသဒိသ အလှူပေးသောစကာလ၌လည်း ဝမ်းပြည့်အောင် အာဟာရကို မစားရစဖူး။ အသက်ရှင်ရုံမျှ

သော အာဟာရကိုသာလျှင် ရသတတ်။ ထိုစကားမှန်၏၊ ထိုလောသကတိဿ၏ သပိတ်၌ တစ်ဟင်းချိုသော ယာဂုကို လောင်းသည် ရှိသော် သပိတ်သည် အနားရေးနှင့် မျှသကဲ့သို့ ထင်၏။

ထိုအခါ လူတို့သည် ဤရဟန်း၏ သပိတ်သည် ပြည့်၏ဟု အောက်၌သာ ယာဂုကို လှူကုန်၏။ ထိုလောသကတိဿ ရဟန်း၏ သပိတ်၌ ယာဂုကို လောင်းသော ကာလ လူတို့၏ ခွက်၌ ယာဂုသည် ကွယ်၏ဟူ၍လည်း ဆိုကုန်၏။ ခဲဖွယ် အစရှိသည်တို့၌လည်း ဤသို့ သဘောရှိ၏။ ထိုလောသကတိဿ မထေရ်သည် နောက်အခါ၌ ဝိပဿနာကို ပွါးစေ၍ မြတ်သော ဖိုလ်ဟု ဆိုအပ်သော အရဟတ္တ ဖိုလ်၌ တည်ငြားသော်လည်း နည်းသော လာဘ်ရှိသည်သာလျှင် ဖြစ်၏။ ထိုအခါ ထိုလောသကတိဿမထေရ်၏ အစဉ်သဖြင့် အာယုသင်္ခါရတို့သည် ယုတ်ကုန်သည်ရှိသော် ပရိနိဗ္ဗာန်ပြုသောနေ့သည် ရောက်၏။ အရှင်သာရိပုတ္တရာ မထေရ်သည် ဆင်ခြင်သည် ရှိသော် လောသကတိဿမထေရ်၏ ပရိနိဗ္ဗာန် ပြုအံ့သော အဖြစ်ကို သိ၍ ဤလောသကတိဿမထေရ်သည် ယနေ့ ပရိနိဗ္ဗာန် ပြုလတ္တံ့၊ ယနေ့ ငါသည် ထိုလောသကတိဿအား အလိုပြည့်အောင် အာဟာရကို ပေးခြင်းငှါ သင့်၏ဟု ထိုလောသကတိဿကို ခေါ်၍ သာဝတ္ထိမြို့သို့ ဝင်၏။ အရှင်သာရိပုတ္တရာ မထေရ်သည် ထိုလောသကတိဿ ရဟန်းကို မှီ၍ ရှေးဦးစွာ သာဝတ္ထိပြည်၌ များစွာကုန်သော လူတို့၏ လက်ကို ဖြန့်၍ ရှိခိုးခြင်းမျှကိုလည်း မရ၊ ထိုအခါ ထိုလောသကတိဿ ရဟန်းကို အရှင်သာရိပုတ္တရာ မထေရ်သည် ငါ့ရှင် သွားလင့်။ ဆွမ်းစားဇရပ်၌ နေလောဟု လွှတ်လိုက်၍ သွားလေ၏။ ထိုလောသကတိဿ မထေရ် သွားကာမျှ၌လျှင် လူဘို့သည် အရှင်ကောင်း ကြွလာ၏ဟု နေရာ၌ နေစေ၍ ဆွမ်းကျွေးကုန်၏။ အရှင်သာရိပုတ္တရာမထေရ် သည်လည်း ဤဆွမ်းကို လောသကတိဿအား ပေးကုန်လောဟု ရအပ်သော အာဟာရကို ပို့စေ၏။ ထိုအာဟာရကိုယူ၍ လာကုန်သော သူတို့သည် လော သကတိဿမထေရ်ကို မမြင်ကုန်၍ မိမိတို့သာလျှင် စားကြကုန်၏။

ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်သည် ထ၍ကျောင်းသို့ သွားသော ကာလ၌ လောသကတိဿမထေရ်သည် လာ၍ အရှင်သာရိပုတ္တရာကို ရှိခိုး၏။ အရှင်သာရိပုတ္တရာမထေရ်သည် ပြန်၍ ငါ့ရှင် သင်သည် ဆွမ်းကို ရပြီလောဟု မေးတော်မူ၏၊ အရှင်ဘုရား မရဟု လျှောက်၏။ အရှင်သာရိ ပုတ္တရာမထေရ် သည် သံဝေဂသို့ ရောက်သည်ဖြစ်၍ အချိန်ကိုကြည့်၏။ အချိန်သည် လွန်၏။ အရှင်သာရိပုတ္တရာမထေရ်သည် ငါ့ရှင်၊ ထိုသို့မူလည်း ဖြစ်စေ၊ ဤအရပ်၌လျှင် နေလင့်လောဟု လောသကတိဿမထေရ်ကို ဆွမ်းစားဇရပ်၌နေစေ၍ ကောသလမင်းကြီး၏အိမ်သို့ ကြွတော်မူ၏။ မင်းသည် အရှင်သာရိပုတ္တရာ မထေရ်၏

သပိတ်ကို ယူစေ၍ ဆွမ်း၏အခါမဟုတ်ဟု သပိတ်ကိုပြည့်အောင် စတုမဓုကို လှူစေ၏။ အရှင်သာရိပုတ္တရာမထေရ်သည် ထိုစတုမဓုကို ယူပြီးလာလတ်၍ ငါ့ရှင် လာလော့ သင်သည် ဤစတုမဓုကို ဘုဉ်းပေးလောဟု ဆို၍ သပိတ်ကို ကိုင်၍ ရပ်၏။ ထို လောသကတိဿသည် အရှင်သာရိပုတ္တရာမထေရ်၌ ရှိသေသဖြင့် မဘုဉ်းပေး။ ထိုအခါ လောသကတိဿကို အရှင်သာရိပုတ္တရာမထေရ်သည် ငါ့ရှင် လာလော ငါသည် ဤသပိတ်ကို ကိုင်၍လျှင် ရပ်အံ့ သင်သည် ထိုင်၍ ဘုဉ်းပေးလော၊ ငါသည် သပိတ်ကို အကယ်၍ လက်မှ လွှတ်အံ့၊ တစ်စုံတစ်ခုသော အာဟာရသည် မရှိသည်ဖြစ်ရာ၏ဟု ဆို၏၊ ထို အခါ လောသကတိဿ မထေရ်သည် အဂ္ဂသာဝကဖြစ်သော အရှင်သာရိပုတ္တရာ မထေရ်သည် သပိတ်ကို ကိုင်၍ တည်စဉ် စတုမဓုကို ဘုဉ်းပေး၏။ ထို စတုမဓုသည် အရှင်သာရိပုတ္တရာမထေရ်၏ မြတ်သော တန်ခိုး၏ အစွမ်းအားဖြင့် ကုန်ခြင်းသို့ မရောက်။ ထိုအခါ လောသကတိဿ မထေရ်သည် အလိုရှိတိုင်း ဝမ်းပြည့်သည် ကို ပြု၍စား၏၊ ထိုနေ့၌ပင်လျှင် ဝိပါက် နာမက္ခန္ဓာ ကဋတ္တာရုပ် အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြု၏။

သဗ္ဗညု မြတ်စွာဘုရားသည် လောသကတိဿ မထေရ်၏ အလောင်း အနီး၌ ရပ်တော်မူ၍ အလောင်းသင်္ဂြိုဟ်ခြင်းကို ပြုစေ၍ ဓာတ်တော်တို့ကို ယူစေ၍ စေတီ တည်စေကုန်၏။ ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကုန်၍ ငါ့ရှင်တို့ လောသကတိဿမထေရ်သည် အံ့ဖွယ်ရှိစွ၊ နည်းသော ဘုန်းရှိ၏၊ နည်းသောလာဘ်ရှိ၏၊ ဤသို့ သဘောရှိသော နည်းသော ဘုန်းရှိ သော နည်းသော လာဘ်ရှိသော ပုဂ္ဂိုလ်စဉ်သျှက်လည်း အဘယ်မှု၍ အရိယာ တို့၏ တရားကို ရလေသနည်းဟု ပြောဆိုကုန်လျက် နေကုန်၏၊ မြတ်စွာဘုရား သည် တရားသဘင်သို့ ကြွတော်မူလာ၍ ရဟန်းတို့ ယခုအခါ၌ အဘယ်စကား ဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၏၊ ရဟန်းတို့သည် အရှင်ဘုရား ဤမည်သောစကားဖြင့် စည်းဝေးကြကုန်၏ဟု လျှောက်ကုန်၏။ မြတ်စွာဘုရား သည် ရဟန်းတို့ ဤရဟန်းသည် မိမိ၏နည်းသော လာဘ်ရှိသည်၏ အဖြစ်ကို လည်းကောင်း၊ အရိယာတို့၏တရားကို ရသည်၏ အဖြစ်ကိုလည်းကောင်း၊ မိမိ သည်ပင်ပြု၏။ ထိုစကားသည် မှန်၏၊ ဤရဟန်းသည် ရှေး၌ သူတစ်ပါးတို့၏ လာဘ်အန္တရာယ်ကို ပြု၍ နည်းသော လာဘ်ရှိသည်ဖြစ်၏။ အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ ဝိပဿနာ ရှုခြင်း၌ အားထုတ်သော ကုသိုလ်၏ အာနုဘော် အားဖြင့် အရိယာတို့၏တရားကို ရသည်ဖြစ်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသော အခါ ကဿပမြတ်စွာဘုရား ပွင့်တော်မူသော ကာလ၌ ရဟန်းတစ်ပါးသည် သူကြွယ်တစ်ဦးကိုမှီ၍ ရွာငယ်ကျောင်း၌ နေ၏၊ ထိုရဟန်းသည် ရဟန်းတို့၏သဘောနှင့် ပြည့်စုံ၏၊ သီလရှိ၏၊ အနိစ္စ,ဒုက္ခ, အနတ္တဟူ၍ ဝိပဿနာရှုခြင်း၌ အလွန်အားထုတ်၏၊ ထိုအခါ ရဟန္တာမထေရ် တစ်ပါးသည် ညီညွတ်သောနေခြင်းကိုနေလျက် အစဉ်သဖြင့် ထိုရဟန်း၏ အလုပ်အကျွေး ဖြစ်သော သူကြွယ်အိမ်သို့ ရောက်လာ၏၊ သူကြွယ်သည် ရဟန္တာမထေရ်၏ ဣရိယာပုထ်ကို ကြည်ညို၍ သပိတ်ကိုယူပြီး အိမ်သို့ရှိသေစွာ ဆွမ်းကျွေးပြီး နောက် အတန်ငယ်တရားနာလျက် မထေရ်ကိုရှိခိုး၍ အရှင်ဘုရား အကျွန်ုပ် တို့၏ ကုသိုလ်ကောင်းမှု ပြုရာဖြစ်သော ကျောင်းသို့သာလျှင် အရှင်ဘုရားတို့ သည် ကြွလင့်ကုန်သော၊ အကျွန်ုပ်တို့သည် ညချမ်းအခါ၌လာ၍ ဖူးမြင်ကြကုန် အံ့ဟု ဆို၏၊ ရဟန္တာမထေရ်သည် ကျောင်းသို့သွားကာ ကျောင်းနေမထေရ်ကို ရှိခိုး၍ ခွင့်ပန်ပြီး တင့်အပ် လျောက်ပတ်စွာ နေ၏။ ကျောင်းနေ မထေရ် သည်လည်း အာဂန္တုကမထေရ်နှင့် စကားပြောဟော၍ ငါ့ရှင် သင်သည် ဆွမ်း အာဟာရကို ရပြီလောဟု မေး၏။ ရပြီဟု ဆို၏။ အဘယ်မှာ ရသနည်းဟု မေး၏။ အရှင်ဘုရားတို့၏ အမှုကိစ္စတို့ကို ဆောင်ရွက်သောရွာ၌ သူကြွယ်အိမ်၌ ရ၏ဟု ဆို၏၊ ဤသို့ဆိုပြီးလျှင် မိမိကျောင်းကို ပန်ကြားသုတ်သင်၍ သပိတ် သင်္ကန်းကို သိမ်းပြီးနောက် ဈာန်ချမ်းသာဖြင့်လည်းကောင်း, ဖိုလ်ချမ်းသာဖြင့် လည်းကောင်း ကာလကိုလွန်စေလျက် နေ၏။ ထိုသူကြွယ်သည်လည်း ညချမ်း အခါ၌ နံ့သာပန်းကိုလည်းကောင်း, ဆီမီးထွန်းစရာ ဆီကိုလည်းကောင်း ယူ၍ ကျောင်းသို့သွား၍ ကျောင်းနေမထေရ်ကို ရှိခိုး၍ အရှင်ဘုရား တစ်ပါးသော အာဂန္တုကမထေရ်သည် လာသလောဟု မေး၏။ လာ၏ဟု ဆို၏။ ယခု အဘယ် မှာနည်းဟု မေး၏။ ဤမည်သော ကျောင်း၌ နေ၏ဟု ဆို၏။ သူကြွယ်သည် ထိုအာဂန္တုကမထေရ်၏ အထံသို့သွား၍ ရှိခိုး၍ တင့်အပ်လျောက်ပတ်စွာ နေ၍ တရားနာ၍ ညချမ်းသောအခါ၌ စေတီကိုလည်းကောင်း, ဗောဓိပင်ကိုလည်း ကောင်း ပူဇော်၍ ဆီမီးထွန်း၍ နှစ်ပါးကုန်သော မထေရ်တို့ကိုလည်းကောင်း ပင့်ဖိတ်၍ သွားလေ၏။

ကျောင်းနေ မထေရ်သည်လည်း ဤသူကြွယ်သည် ပျက်ပြီ၊ ဤအာဂန္တုက ရဟန်းသည် ဤကျောင်း၌ အကယ်၍ နေလတ္တံ့၊ ဤသူကြွယ်သည် ငါ့ကို တစ်စုံတစ်ခုသောအရာ၌ မရေတွက်နိုင်လတ္တံ့ဟု နှလုံးသွင်း၍ အာဂန္တုက မထေရ်၌ နှလုံးမသာသည်၏အဖြစ်သို့ ရောက်၍ ဤကျောင်း၌ ထိုအာဂန္တုက ရဟန်း၏ မနေခွင့်ကို ငါပြုခြင်းငှါ သင့်၏ဟု ကြံ၍ မထေရ်ကြီးတို့အား ဆည်း ကပ် ခစားသောအခါ၌ လာသော ထိုအာဂန္တုကမထေရ်နှင့်တကွ တစ်စုံတစ်ခု

သော စကားကိုမဆို၊ ရဟန္တာမထေရ်သည် ကျောင်းနေမထေရ်၏ စိတ်အလိုကို သိ၍ ဤကျောင်းနေ မထေရ်သည် ငါ၏ အလုပ်အကျွေး ဒါယကာ၌လည်းကောင်း, ဂိုဏ်းအခြွေအရံ၌လည်းကောင်း မတပ်စွန်းသည်၏အဖြစ်ကို မသိလေဟု နှလုံးသွင်း၍ မိမိနေရာ အရပ်သို့သွား၍ ဈာန်ချမ်းသာဖြင့်လည်းကောင်း, ဖိုလ်ချမ်းသာဖြင့်လည်းကောင်း ကာလကို လွန်စေ၏။ ကျောင်းနေရဟန်းသည်လည်း နက်ဖြန်နေ့၌ လက်သည်းအပြင်ဖြင့် ကျောက်စည်ကို ခတ်၍ လက်သည်းဖြင့် တံခါးကိုခေါက်၍ သူကြွယ်အိမ်သို့ သွား၏။ သူကြွယ်သည် ထိုမထေရ်၏ သပိတ်ကိုယူ၍ ခင်းအပ်သောနေရာ၌ နေစေ၍ အရှင်ဘုရား အာဂန္တုကမထေရ်သည် အဘယ်မှာ နေသနည်းဟု မေး၏။ ငါသည် သင့်ဆရာ၏ အကြောင်းကို မသိ။ ကျောက်စည်ကို ထိုးပါလျက်လည်း တံခါးကို ခေါက်ပါလျက်လည်း နိုးစိမ့်သောငှါ မတတ်နိုင်။ ယမန်နေ့ကပင် ဤအိမ်၌ မွန်မြတ်သော ဆွမ်းကို စား၍ အစာကြေစိမ့်သောငှါ မတတ်နိုင်ရကား ယခု အိပ်ပျော်သည်သာလျှင် ဖြစ်လတ္တံ့။ သင်သည် ကြည်ညိုသည်ရှိသော် ဤသို့ သဘော ရှိသည်သာလျှင် ဖြစ်ကုန်သောအရာတို့၌ ကြည်ညို၏ဟု ဆို၏။

ရဟန္တာမထေရ်သည်လည်း မိမိ၏ ဆွမ်းခံအချိန်ကိုမှတ်၍ ကိုယ်ကိုသုတ်သင်ကာ သပိတ်သင်္ကန်းကိုယူပြီး ကောင်းကင်သို့ပျံ၍ တပါးအရပ်သို့ သွားလေ၏။ ထိုသူကြွယ်သည် ကျောင်းနေမထေရ်ကို ထောပတ် ပျားသကာတို့ဖြင့် ဇီရင်အပ်သော ဃနာကို သောက်စေ၍ သပိတ်ကို နံ့သာမှုန့်တို့ဖြင့် ပွတ်၍ တဖန်ပြည့်စေ၍ အရှင်ဘုရား အာဂန္တုက မထေရ်သည် ခရီးပန်းသည်ဖြစ်လတ္တံ့။ ဤဃနာကို အာဂန္တုက မထေရ်ဖို့ အရှင်ဘုရားတို့သည် ဆောင်ကုန်လောဟု ဆို၍ ပေး၏။ ကျောင်းနေမထေရ်သည် မပယ်မူ၍ သွားသည်ရှိသော် အာဂန္တုကရဟန်းသည် ဤဃနာကို အကယ်၍ သောက်ရအံ့၊ လည်ကိုကိုင်၍ နှင်ထုတ်သော်လည်း မသွားလတ္တံ့။ ဤဃနာကို လူတို့အား အကယ်၍ပေးအံ့၊ ငါ့အမှုသည် ထင်ရှားဖြစ်လတ္တံ့၊ ရေ၌ အကယ်၍ လောင်းအံ့၊ ရေအပြင်၌ ထောပတ်သည် ထင်ရှားလတ္တံ့၊ မြေ၌ အကယ်၍ စွန့်အံ့၊ ကျီးကျသဖြင့် ထင်ရှားလတ္တံ့၊ ဤဃနာကို အဘယ်မှာလျှင် စွန့်ရအံ့နည်းဟု စုံစမ်းသည်ရှိသော် တစ်ခုသော မီးလောင်သောယာကို မြင်၍ မီးကျီးစု၌ကည့်၍ အထက်၌ မီးကျီးတို့ဖြင့် ဖုံးလွှမ်း၍ ကျောင်းသို့ သွားသည်ရှိသော် အာဂန္တုကရဟန်းကို မမြင်၍လျှင် မချွတ် ထိုရဟန်းသည် ရဟန္တာဖြစ်လတ္တံ့၊ ငါ့အလိုကိုသိ၍ အရပ်တစ်ပါးသို့ သွားသည်ဖြစ်လတ္တံ့၊ အံ့ဖွယ်ရှုံ့စွ။ ငါသည် ဝမ်းဟူသော အကြောင်းကြောင့် မသင့်သောအရာကို ပြုမိ၏ဟု ကြံ၏။ ကြံပြီး၍ ထိုခဏ၌ပင်လျှင် ထိုရဟန်းအား ကြီးစွာသော နှလုံးမသာခြင်းသည် ဖြစ်၏။ ထိုအခါမှစ၍လျှင် ပြင်းစွာစိုးရိမ်ခြင်း ဖြစ်၍ မကြာမြင့်မီပင်လျှင် သေ၍ ငရဲ၌ ဖြစ်လေ၏။

ထိုလောသကတိဿသည် များစွာကုန်သော နှစ်အသိန်းတို့ပတ်လုံး ငရဲခံရ၍ ဝိပါက်အကြွင်းအားဖြင့် ဘဝငါးရာတို့၌ ဘီလူးဖြစ်၍ တစ်နေ့မျှလည်း ဝမ်းပြည့်အောင် အာဟာရကို မရစဖူး။ တစ်နေ့သ၌ကား ကိုယ်ဝန် အညစ်အကြေးကို ဝမ်းပြည့်အောင် ရဖူး၏။ တဖန် ဘဝငါးရာပတ်လုံး ခွေးဖြစ်၏။ ထိုခွေးဖြစ်သော အခါ၌လည်း တစ်နေ့သ၌ အန်သော ထမင်းကို ဝမ်းပြည့်အောင် စားဖူး၏။ ကြွင်းသော ကာလ၌ကား ထိုလောသကတိဿသည် ဝမ်းပြည့်အောင်သော အာဟာရကို မရစဖူး။ ခွေးအဖြစ်မှ စုတေ၍ ကာသိတိုင်း တစ်ခုသောအရပ်၌ တည်သော ရွာဝယ် သူဆင်းရဲအမျိုး၌ ဖြစ်၏။ ထိုလောသကတိဿ၏ ဖြစ်သော ကာလမှ စ၍ ထိုအမျိုးသည် အလွန် ဆင်းရဲသည် ဖြစ်၏။ ချက်မှ အထက်၌ ဝမ်းပြည့်အောင် ပအုံးရည်မျှကိုလည်း မရစဖူး၊ ထိုသူငယ်အား မိတ္တဝိန္ဒက ဟူသော အမည်သည် ဖြစ်၏။ မိဘတို့သည် ငတ်မွတ်သော ဆင်းရဲကို သည်းခံ အံ့သောငှါ မတတ်နိုင်ကုန်သည် ဖြစ်၍ သူယုတ် သွားလေလောဟု မိတ္တဝိန္ဒကကို ပုတ်ခတ်၍ နှင်ထုတ်ကုန်၏။ မိတ္တဝိန္ဒကသည် ကိုးကွယ်ရာ မရသည်ဖြစ်၍ သွားသည်ရှိသော် ဗာရာဏသီပြည်သို့ ရောက်လေ၏။

ထိုအခါ ဘုရားလောင်းသည် ဗာရာဏသီပြည်၌ ဒိသာပါမောက္ခဆရာဖြစ်၍ လုလင်ငါးရာတို့ကို အတတ်သင်၏။ ထိုအခါ ဗာရာဏသီပြည်၌ နေကုန်သော သူတို့သည် ရိက္ခာပေး၍ အတတ်သင်စေကုန်၏။ မိတ္တဝိန္ဒကသည်လည်း ဘုရားလောင်း အထံ၌ အတတ်သင်၏။ ထိုမိတ္တဝိန္ဒကသည် ကြမ်းကြုတ်၏။ ဆုံးမခြင်းငှါ မခံ့။ ထိုထိုလူတို့ကို ပုတ်ခတ်၍ သွားတတ်၏။ ဘုရားလောင်းသည် ဆုံးမသော်လည်း အဆုံးအမကို မယူ။ မိတ္တဝိန္ဒကကို မှီ၍ မိတ္တဝိန္ဒက၏ ဆရာသည်လည်း လာဘ်နည်း၏။ ထိုအခါ မိတ္တဝိန္ဒကသည် လုလင်ငယ်တို့နှင့်တကွ ခိုက်ရန်ဖြစ်၍ အဆုံးအမကို မယူဘဲ ထိုအရပ်မှ ပြေး၍ လှည့်လည်သည် ရှိသော် တစ်ခုသော ပစ္စန္တရစ်သို့ ရောက်၍ ထိုပစ္စန္တရစ်ရွာ၌ ဆင်းရဲသော မိန်းမတစ်ယောက်နှင့်တကွ သံဝါသပြု၏၊ ထိုဆင်းရဲသော မိန်းမသည် မိတ္တဝိန္ဒကကို မှီ၍ သားငယ်နှစ်ယောက်တို့ကို ဖွား၏။ ရွာသားတို့သည် ငါတို့အား ကောင်းသော သတင်း, မကောင်းသော သတင်းကို ကြားလောဟု မိတ္တဝိန္ဒကကို အခပေး၍ ရွာတံခါး၌ ကုဋိဝယ် နေစေကုန်၏။ ထိုမိတ္တဝိန္ဒကကို မှီ၍ ပစ္စန္တရစ် ရွာသားတို့သည် ခုနစ်ကြိမ် ရာဇဒဏ် သင့်ကုန်၏။ ခုနစ်ကြိမ် ထိုသူတို့၏ အိမ်တို့ကို မီးလောင်ကုန်၏။ ခုနစ်ကြိမ် တစ်ဖက်ဆည်ကန်သည် ပေါက်ယေ၏။ ပစ္စန္တရစ် ရွာသားတို့သည် ငါတို့အား မိတ္တဝိန္ဒက၏ မလာမီ ရှေးကာလ၌ ဤသို့ သဘောရှိသော ဘေးဘျမ်းသည် မရှိ။ ယခု မိတ္တဝိန္ဒက၏ လာသော ကာလမှ စ၍ ငါတို့သည် ဆုတ်ယုတ်၏ဟု ကြံကုန်၏။ ကြံပြီး၍ ထိုမိတ္တဝိန္ဒကကို ပုတ်ခတ်ကုန်၍ နှင်ထုတ်ကုန်၏။

မိတ္တဝိန္ဒကသည် မိမိသားငယ်တို့ကို ခေါ်၍ အရပ်တစ်ပါးသို့ သွားသည်ရှိသော် ဘီလူး သိမ်းဆည်းသော တောအုပ်တစ်ခုသို့ ဝင်လေ၏။ ထိုတောအရပ်၌ ဘီလူးတို့သည် မိတ္တဝိန္ဒက၏ သားငယ်တို့ကိုလည်းကောင်း, မယားကိုလည်းကောင်း ဖမ်းယူ သတ်စားကုန်၏။ မိတ္တဝိန္ဒကသည် ထိုတောအုပ်မှ ပြေးခဲ့၍ ထိုထိုအရပ်သို့ လှည့်လည်သည်ရှိသော် ဂမ္ဘီရမည်သော သင်္ဘောဆိပ်ရွာတစ်ရွာသို့ သင်္ဘောလွှင့်သောနေ့၌ပင်လျှင် ရောက်၍ အမှုလုပ်ပြု၍ သင်္ဘောကို စီး၏။ သင်္ဘောသည် သမုဒ္ဒရာအပြင်သို့ ခုနစ်ရက်ပတ်လုံး သွား၍ ခုနစ်ရက်မြောက်သော နေ့၌ သမုဒ္ဒရာအလယ်၌ သံနှက်၍ တားဘိသကဲ့သို့ တည်၏။ သင်္ဘောသားတို့သည် သူယုတ်စာရေးတံကို စီရင်ကုန်၏။ ခုနစ်ကြိမ် မိတ္တဝိန္ဒကအားသာလျှင်ရောက်၏။ သင်္ဘောသားတို့သည် မိတ္တဝိန္ဒကအား ဝါးစည်းတစ်ခုကို ပေး၍ လက်၌ ကိုင်စေ၍ သမုဒ္ဒရာအပြင်၌ ပစ်ကုန်၏။ မိတ္တဝိန္ဒကကို ပစ်ထည့်လျှင်ပင် သင်္ဘောသည် သွား၏။ မိတ္တဝိန္ဒကလည်း ဝါးစည်း၌ အိပ်၍ သမုဒ္ဒရာအပြင်၌ သွားသည်ရှိသော် ကဿပဘုရား ပွင့်သောအခါ၌ စောင့်အပ်သော သီလ၏ အကျိုးအားဖြင့် သမုဒ္ဒရာအပြင်ဝယ် တစ်ခုသော ဖလ်ဗိမာန်၌ လေးယောက်သော နတ်သမီးတို့ကို ရ၍ ထိုနတ်သမီးတို့ အထံ၌ ချမ်းသာကို ခံစားလျက် ခုနစ်ရက်ပတ်လုံး နေ၏၊ ထိုဗိမာန်ရှင် ဖြစ်ကုန်သော ပြိတ္တာနတ်သမီးတို့သည်ကား ခုနစ်ရက်ပတ်လုံး ချမ်းသာကို ခံစားရကုန်၏။ ခုနစ်ရက်ပတ်လုံး ဆင်းရဲကို ခံစားရကုန်၏။

ထိုအခါ နတ်သမီးတို့သည် ခုနစ်ရက်ပတ်လုံး ဆင်းရဲခံစားအံ့သောငှါ သွားကုန်သည်ရှိသော် အကြင်ရွှေလောက်ငါတို့သည် မလာကုန်သေး၊ ထိုငွေလောက်ဤဗိမာန်၌ သင်သည် နေရစ်လောဟု ဆို၍ သွားကုန်၏။ မိတ္တဝိန္ဒကသည် ထိုနတ်သမီးတို့၏ သွားသော ကာလ၌ ဝါးစည်း၌ အိပ်၍ ရှေ့သို့ သွားသည်ရှိသော် ငွေဗိမာန်၌ ရှစ်ယောက်ကုန်သော နတ်သမီးတို့ကို ရ၏။ ထိုအရပ်မှလည်း တစ်ပါးအရပ်သို့ သွားသည်ရှိသော် ပတ္တမြားဗိမာန်၌ တစ်ဆယ့်ခြောက်ယောက်ကုန်သော နတ်သမီးတို့ကို ရ၏။ ရွှေဗိမာန်၌ သုံးဆယ့်နှစ်ယောက်ကုန်သော နတ်သမီးတို့ကို ရ၏၊ ထိုနတ်သမီးတို့၏ စကားကိုလည်း နားမထောင်မူ၍ ရှေ့သို့ သွားသည်ရှိသော် သမုဒ္ဒရာ၏ အလယ်ကျွန်း၌ ဘီလူးမတစ်ကောင်သည် ဘီလူးတို့၏ အာနုဘော်ဖြင့် မြို့ကိုပြု၍ နေ၏။ ထိုဘီလူးမြို့၌ ဘီလူးမတစ်ယောက်သည် ဆိတ်မ၏ အသွင်ဖြင့် သွား၏။ မိတ္တဝိန္ဒကသည် ဆိတ်မ၏ ဘီလူးမ၏ အဖြစ်ကို မသိသည် ဖြစ်၍ ဆိတ်သားကို စားအံ့ဟု ဆိတ်မကို ခြေ၌ ကိုင်၏။ ဘီလူးမသည် ဘီလူးတို့၏ အာနုဘော်ဖြင့် မိတ္တဝိန္ဒကကို ချီ၍ ပစ်၏၊ မိတ္တဝိန္ဒကသည် ဘီလူးသည် ပစ်အပ်သည်ရှိသော် သမုဒ္ဒရာအထက်၌ သွား၍ ဗာရာဏသီမြို့ ကျုံးအပြင်၌ တစ်ခုသော ဆူးရှိသော ချုံထက်၌ ကျ၍ လိမ့်လျက် မြေ၌ တည်၏။

ထိုအခါ၌လည်း ထိုကျုံးအပြင်၌ ကျက်စားကုန်သော မင်း၏ ဆိတ်မတို့ကို ခိုးသူတို့သည် သတ်ကြကုန်၏။ ထို့ကြောင့် ဆိတ်ကျောင်းသားတို့သည် ခိုးသူတို့ကို ဖမ်းကုန်အံ့ဟု လျှောက်ပတ်သောအရပ်၌ ပုန်း၍ နေကုန်၏။

မိတ္တဝိန္ဒကသည် လိမ့်၍ မြေသို့ ကျသည်ရှိသော် ဆိတ်မတို့ကို မြင်၍ ငါသည် သမုဒ္ဒရာ အလယ် ကျွန်းတစ်ခု၌ ဆိတ်မကို ခြေ၌ ကိုင်သည်ရှိသော် ထိုဆိတ်မသည် ပစ်အပ်သည်ဖြစ်၍ ဤကျုံးအပြင်၌ ကျလာ၏။ ယခုလည်း ဆိတ်မကို ခြေ၌ အကယ်၍ ကိုင်အံ့။ ဆိတ်မသည် ငါ့ကို ရေး၌ သမုဒ္ဒရာအပြင် ဗိမာန်ရှင်ဖြစ်ကုန်သော နတ်သမီးတို့၏ အထံသို့ ပစ်လတ္တံ့ဟု ကြံပြီး၍ မိတ္တဝိန္ဒကသည် ဤသို့ မသင့်သောအားဖြင့် နှလုံးသွင်း၍ ဆိတ်မကို ခြေ၌ ကိုင်၏။ ဆိတ်မသည် ကိုင်ကာမှ၌ပင်လျှင် မြည်၏။ ဆိတ်ကျောင်းသားတို့သည် ထိုမှ ဤမှ လာကုန်၍ မိတ္တဝိန္ဒကကို ဖမ်းကုန်၍ ဤမျှလောက်သော ကာလပတ်လုံး မင်းအိမ်၌ ဆိတ်တို့ကို စားသော သူခိုးတည်းဟု မိတ္တဝိန္ဒကကို ထောင်းသတ် ချည်နှောင်၍ မင်းအထံသို့ ဆောင်ကုန်၏။ ထိုကာ၌ ဘုရားလောင်းသည် ငါးရာကုန်သော လုလင်တို့ဖြင့် ခြံရံလျက် မြို့မှ ထွက်၍ ရေချိုးအံ့သောငှါ သွားသည် ရှိသော် မိတ္တဝိန္ဒကကို မြင်၍ သိ၍ ထိုဆိတ်ကျောင်းသားတို့ကို အမောင်တို့ ဤသူသည် ငါ၏ တပည့်တည်း။ သင်တို့သည် အဘယ့်ကြောင့် ထိုသူကို ဖမ်းကုန်သနည်းဟု ဆို၏။ အရှင် ဤသူသည် ဆိတ်မကို ခြေ၌ ကိုင်၏။ ထို့ကြောင့် အကျွန်ုပ်တို့သည် ဖမ်း၏ဟု ဆိုကုန်၏။ ထိုသို့ ဖြစ်ပါမူကား မိတ္တဝိန္ဒကကို ငါ့အား ကျွန်ပြု၍ ပေးကုန်လော။ ငါတို့ကို မှီ၍ အသက်မွေးလတ္တံ့ဟု ဆို၏။ ဆိတ်ကျောင်းသားတို့သည် အရှင်-ကောင်းပြီဟု ဆိုကုန်၍ မိတ္တဝိန္ဒကကို လွှတ်၍ သွားကုန်၏။ ထိုအခါ မိတ္တဝိန္ဒကကို ဘုရားလောင်းသည် မိတ္တဝိန္ဒက ဤမျှလောက်သော ကာလပတ်လုံး အဘယ်သို့ သင်သွားသနည်းဟု မေး၏။ မိတ္တဝိန္ဒကသည် အလုံးစုံသော မိမိပြုအပ်သော အမှုကို ကြား၏။ ဘုရားလောင်းသည် အကျိုးစီးပွားကို အလိုရှိကုန်သော သူတို့၏ စကားကို နားမထောင်သော သူသည် ဤသို့ သဘောရှိသော ဆင်းရဲသို့ ရောက်၏ဟု ဆိုလို၍ ဤဂါထာကို ဆို၏—

၄၁။ ယော အတ္ထကာမဿ ဟိတာနုကမ္ပိနော၊
ဩဝဇ္ဇမာနော န ကရောတိ သာသနံ။
အဇိယာ ပါဒမောလမ္ဗ၊
မိတ္တကော ဝိယ သောစတိ။

မိတ္တဝိန္ဒကသည် ဆိတ်မ၏ ခြေကို ဆွဲ၍ စိုးရိမ်ရသကဲ့သို့ ထိုအတူ နူးညံ့သော အကျိုးစီးပွားကို အပိုင်းသော စိတ်ဖြင့် ဆုံးမအပ်လျက် အကျိုးစီးပွားကို

အလိုရှိသော, အကျိုးစီးပွားဖြင့် အစဉ်စောင့်ရှောက်သော သူ၏စကားကို နားမထောင်သူသည် အချိန်ပြည့် စိုးရိမ်ရ၏။

ဤဂါထာဖြင့် ဘုရားလောင်းသည် တရားဟော၏။ ဤသို့ ထိုလောသကတိဿသည် ရဟန္တာမထေရ်၌ ပြစ်မှား၍ ဤမျှလောက်သော ကာလ သုံးကြိမ်သော အတ္တဘောတို့၌သာလျှင် ဝမ်းပြည့်အောင်သော အာဟာရကို ရဖူး၏။ ဘိလူးဖြစ်၍ တစ်နေ့သ၌ ကိုယ်ဝန်အညစ်အကြေးကို ရဖူး၏၊ ခွေးဖြစ်၍ တစ်နေ့သ၌ အန်သော ထမင်းကို ရဖူး၏။ ပရိနိဗ္ဗာန်ပြုသောနေ့၌ ဓမ္မသေနာပတိ ရှင်သာရိပုတ္တရာမထေရ်၏ အာနုဘော်ဖြင့် စတုမဓုကို ရ၏။ ဤသို့ သူတစ်ပါး၏ လာဘ်အန္တရာယ်ကို ပြုခြင်းမည်သည်ကား ကြီးသော အပြစ်ရှိ၏ဟု သိအပ်၏။ ထိုကာလ၌ကား ထိုဆရာသည်လည်းကောင်း, မိတ္တဝိန္ဒကသည်လည်းကောင်း ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ရဟန်းတို့ ဤသို့ လောသကတိဿ မထေရ်သည် မိမိ၏ လာဘ်မရသည်၏ အဖြစ်ကိုလည်းကောင်း၊ အရိယာတို့၏ တရားကို ရသည်၏ အဖြစ်ကို လည်းကောင်း မိမိသည်ပင်လျှင် ပြု၏ဟု ဤတရားဒေသနာကို ဆောင်တော်မူလျက်အနုသန္ဓေကို စပ်၍ ယခုအခါ လောသကတိဿမထေရ်သည် ထိုအခါ မိတ္တဝိန္ဒက ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဒိသာပါမောက္ခဆရာ ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

လေးဆယ့်တစ်ခုမြောက်သော လောသကဇာတ်သည် ပြီး၏။

---

## ၄၂-ကပေါတဇာတ်

### အစားတစ်လုတ်ကြောင့် ဒုက္ခရောက်ရ

### ပစ္စုပ္ပန်ဝတ္ထု

နှတ်နှင့်တကွသော လူကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ယော အတ္ထကာမဿ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကပေါတဇာတ်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် တစ်ယောက်သော လျှပ်ပေါ်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုရဟန်း၏ လျှပ်ပေါ်သော အဖြစ်သည် နဝကနိပါတကာကဇာတ်၌ ထင်စွာဖြစ်လတ္တံ့။

ထိုအခါ၌ကား ရဟန်းတို့သည် ထိုရဟန်းကို မြတ်စွာဘုရားရှေ့တော်သို့ ဆောင်၍ အရှင်ဘုရား ဤရဟန်းသည် လျှပ်ပေါ်၏ဟု မြတ်စွာဘုရားအား လျှောက်ကုန်၏၊ ထိုအခါ ရဟန်းကို မြတ်စွာဘုရားသည် ရဟန်း သင်သည် လျှပ်ပေါ်သည် မှန်သလောဟု မေးတော်မူ၏။ အရှင်ဘုရား မှန်ပေ၏ဟု လျှောက်၏။ မြတ်စွာဘုရားသည် သင်သည် ရှေး၌လည်း လျှပ်ပေါ်ခြင်းဟူသော အကြောင်းကြောင့် အသက်ကုန်ခြင်းသို့ ရောက်ဖူးပြီ၊ ပညာရှိတို့သည်လည်း သင့်ကို မှီ၍ မိမိနေရာမှ ယုတ်ဖူးကုန်ပြီဟု မိန့်တော်မူ၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုလတ်သည် ရှိသော် ဘုရားလောင်းသည် ခိုအမျိုး၌ ဖြစ်၏။ ထိုအခါ ဗာရာဏသီပြည်၌ နေကုန်သောသူတို့သည် ကောင်းမှုကို အလိုရှိသည်၏ အဖြစ်ကြောင့် ထိုထိုအရပ်၌ ငှက်တို့အား ချမ်းသာစွာ နေစိမ့်သောငှါ တောင်းကြီးတို့ကို ဆွဲကုန်၏။ ဗာရာဏသီသူဌေး၏လည်း ထမင်းချက်သည် မိမိစားဖိုအိမ်၌ တစ်ခုသော တောင်းကြီးကို ဆွဲ၍ ထား၏။ ဘုရားလောင်းသည် ထိုတောင်း၌ နေ၏။ ထိုဘုရားလောင်းသည် စောစောကလျှင် ထွက်၍ ကျက်စားရာအရပ်၌ ကျက်စား၍ ညအခါ လာ၍ ထိုတောင်း၌ နေလျက် ကာလကို ကုန်စေ၏။ ထိုအခါ တစ်နေ့သ၌ တင်ကောင်သော ကျီးသည် စားဖိုအိမ်၏ အထက်ဖြင့် သွားသည်ရှိသော် အချဉ် အချို ငါး အမဲတို့၏ အမွှေးအကြိုင် အဆောက်အဦတို့ဖြင့် ထိုအပ်သော အနံ့သည် နံ၍ လောဘကို ဖြစ်စေ၍ အဘယ်သူကို မှီ၍လျှင် ဤအမဲတို့ကို ရအံ့နည်းဟု အနီး၌ နေ၍ စုံစမ်းသည် ရှိသော် ညအခါ၌ ဘုရားလောင်းလာ၍ စားဖိုအိမ်သို့ ဝင်သည်ကို မြင်၍ ဤခိုကိုမှီ၍ ငါး အမဲကို ရအံ့ဟု နှလုံးသွင်း၍ နက်ဖြန်နေ့၌ စောစောကလျှင် လာလတ်၍ ဘုရားလောင်း၏ ထွက်၍ ကျက်စားအံ့သောငှါ သွားသောကာလ၌ နောက်မှ လိုက်၏။

ထိုအခါ ကျီးကို ဘုရားအလောင်းသည် အဆွေ-သင်သည် အဘယ့်ကြောင့် ငါတို့နှင့်ဂကွ ကျက်စားသနည်းဟု ဆို၏။ အရှင် အရှင်တို့၏ အမူအရာကို အကျွန်ုပ်သည် နှစ်သက်၏။ ဤနေ့မှစ၍ အရှင်တို့ကို အကျွန်ုပ်သည် စောင့်အံ့ဟု ဆို၏။ အဆွေ-သင်တို့သည် တစ်ပါးသောအစာ ရှိကုန်၏။ ငါတို့သည် တစ်ပါးသောအစာရှိကုန်၏။ သင်တို့သည် ငါတို့အား ခစားခြင်းသည် ခဲခက်၏ဟု ဆို၏။ အရှင် အရှင်တို့၏ အစာယူသောကာလ၌ အကျွန်ုပ်သည်လည်း အစာကို ယူ၍ အရှင်တို့နှင့်တကွလျှင် လိုက်အံ့ဟုဆို၏။ ဘုရားလောင်းသည် ကောင်းပြီ စင်စစ် သင်သည် မမေ့မလျော့သည် ဖြင်ရာ၏။ ဤသို့ ဘုရားလောင်းသည် ကျီးကို

ဆုံးမ၍ အစာကို ရှာ၍ မြက်စေ့ အစရှိသည်တို့ကို စား၏။ ဘုရားလောင်း၏ကား အစာကို ယူသော ကာလ၌ ကြီးသည် လာ၍ နွားချေးဆိုင်ကို ပယ်၍ ပိုးတို့ကို စား၍ ဝမ်းကို ပြည့်စေ၏။ ဘုရားလောင်း၏ အထံသို့ လာ၍ အရှင် အရှင်တို့သည် အခါလေးမြင့် ကျက်စားကုန်၏။ အလွန် အစားကြူးသည် ဖြစ်ခြင်းငှါမသင့်ဟု ဆို၍ ဘုရားလောင်းသည် အစာကိုယူ၍ ညအခါလာသည်ရှိသော် ဘုရားလောင်း နှင့် တကွသာလျှင် စားဖိုအိမ်သို့ ဝင်၏။ ထမင်းချက်သည် ငါတို့၏ ခိုသည် တစ်ပါးသော အဖော်ကိုလည်း ယူ၍လာ၏ဟု ကြီးဖို့လည်း တောင်းကို ထား၏။ ထိုနေ့မှစ၍ သတ္တဝါနှစ်မျိုးတို့သည် နေကြကုန်၏။

ထိုအခါ တစ်နေ့သ၌ သူဌေးအား များစွာသော ငါး အမဲတို့ကို ဆောင် ကုန်၏။ ထိုငါး အမဲကို ယူ၍ ထမင်းချက်သည် စားဖိုအိမ်၌ ထိုထိုအရပ်၌ ဆွဲ၏။ ကြီးသည် ထိုငါးအမဲကိုမြင်၍ လောဘကို ဖြစ်စေ၏၊ ထိုကြီးသည် ကျက်စားရာ အရပ်သို့ မသွားမူ၍ ဤငါး အမဲကိုလျှင် ငါသည် စားအပ်၏ဟု နှလုံးသွင်း၍ ညဉ့်၌ ညည်းညူလျက် အိပ်၏။ နက်ဖြန်နေ့၌ ဘုရားလောင်းသည် ကျက်စား အံ့သောငှါ သွားသည်ရှိသော် အဆွေကြီးလာလေဟု ဆို၏။ အရှင် အရှင်တို့ သည် သွားကုန်လော့ဟု အကျွန်ုပ်အား ဝမ်းအနာသည် ရှိ၏ဟုဆို၏။ အဆွေ ကြီး တို့အား ဝမ်းအနာမည်သည် တစ်ရံတစ်ဆစ်မျှ မဖြစ်စဖူး၊ ညဉ့်သုံးယာမ်တို့တွင် တစ်ပါးပါးသောယာမ်၌ အစာကြေသည်ဖြစ်ကုန်၏။ ဆီမီးစာကို မျိုသောကာလ ၌ကား ကြီးတို့အား တစ်ခဏမျှ ရေငံ့ရခြင်းသည်ဖြစ်၏။ သင်သည် ဤငါးအမဲ တို့ကို စားလိုသည် ဖြစ်လတ္တံ့။ လာလော လူတို့၏ အသုံးအဆောင်မည်သည်ကို သင်တို့သည် သုံးဆောင်ခြင်းငှါ ခဲယဉ်း၏။ သင်သည် ဤသို့သဘောရှိသောအမှုကို မပြုလင့်၊ ငါနှင့်တကွသာ ကျက်စားခြင်းငှါ သွားလော့ဟုဆို၏။ အရှင် ငါသည် မတတ်နိုင်ဟူ၍ ကြီးကဆို၏၊ ထိုသို့ဖြစ်လျှင် မိမိအမှုဖြင့်ထင်လတ္တံ့။ လောဘ၏ အလိုသို့ မလိုက်မူ၍ မမေ့မလျော့ ဖြစ်ရစ်လော့ဟု ဆုံးမ၍ ဘုရားလောင်းသည် ကျက်စားအံ့သောငှါ သွား၏။ ထမင်းချက်သည် အထူးထူးအပြားပြားသော ငါးအမဲတို့ကို ပြည့်စုံစေ၍ အငွေ့ထွက်စိမ့်သောငှါ အိုးတို့ကို အတန်ငယ် ဖွင့်၍ စားဖိုအိမ်ပျဉ်ထက်၌ထား၍ အပသို့ ထွက်၍ ချွေးသုတ်လျက် ရပ်၏။

ထိုခဏ၌ ကြီးသည် တောင်းမှ ဦးခေါင်းမော်၍ စားဖိုအိမ်ကို ကြည့်သည် ရှိသော် ထမင်းချက်၏ ထွက်သည်၏ အဖြစ်ကိုသိ၍ ယခု ဤအခါကား ငါ၏ နှလုံးအလိုကို ပြည့်စေ၍ အမဲကိုစားအံ့သော အခါတည်း။ အမဲဘုံးကြီးကိုတည်း စားရအံ့လော၊ ထိုသို့မဟုတ်မူ အမဲတုံးငယ်ကိုတည်း စားရအံ့လောဟု ကြံ၍ အမဲတုံးငယ်တို့မည်သည်ကား ဝမ်းကို လျင်စွာပြည့်စေခြင်းငှါ မတတ်နိုင်။ အမဲ

တုံးကြီးကိုဆောင်၍ တောင်း၌ထား၍ စားလျက် အိပ်အံ့ဟုကြံ၍ တောင်းမှပုံ၍ စားဖို့အိမ်၌ နား၏။ ထိုကျီးသည် စားဖိုအိမ်၌ ကိရိယာသော အသံကို ပြု၏။ ထမင်းချက်သည် ထိုအသံကိုကြား၍ ဤအသံကား အဘယ်နည်းဟု နှလုံးသွင်း၍ ဝင်သည်ရှိသော် ကျီးကိုမြင်၍ ဤကျီးပျက်သည် သူဌေးကြီးဖို့ ချက်သော အမဲကိုစားလို၏၊ ငါသည်ဝ မူကား သူဌေးကိုမှီ၍ အသက်မွေး၏။ ဤကျီးမိုက်ကို မှီ၍ အသက်မမွေး။ ငါ့အား ဤကျီးမိုက်ဖြင့် အဘယ်မူရအံ့နည်း။ တံခါးကို ပိတ်၍ ကျီးကိုဖမ်း၍ ကိုယ်အလုံး၌ အတောင်တို့ကို နုတ်၍ ချင်းစိမ်း ဆား ဇီယာ အစရှိသည်ကို ထောင်း၍ ချဉ်သော ရက်တက်ဖြင့် မွေ၍ ထိုရက်တက်ဖြင့် ထိုကျီး၏ ကိုယ်အလုံးကို လိမ်း၍ ကျီးကို တောင်း၌ထား၏။ ကျီးသည် ယည်းစွာ သော ဝေဒနာ နှိပ်စက်သည် ဖြစ်၍ ညည်းညူလျက် အိပ်၏။ ဘုရားလောင်း သည် ညအခါ၌ လာလတ်၍ ပျက်စီးခြင်းသို့ ရောက်သော ကျီးကို မြင်၍ လျှပ်ပေါ်သောကျီး ငါ့စကားကို နားမထောင်၍ သင်သည် လောဘကို မှီ၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်၏ဟု ဆိုလို၍ ဤဂါထာကိုဆို၏—

၄၂။ ယော အတ္ထကာမဿ ဟိတာနုကမ္ပိနော၊
ဩဝဇ္ဇမာနော န ကရောတိ သာသနံ။
ကပေါတကဿ ဝစနံ အကတွာ၊
အမိတ္တဟတ္ထတ္ထံ့ဂတောဝ သေတိ။

နူးညံ့သော အကျိုးစီးပွါးကို အလိုရှိသော စိတ်ဖြင့် ဆုံးမပါလျက် အကျိုး စီးပွားကို အလိုရှိသော အကျိုးစီးပွားဖြင့် အစဉ် စောင့်ရှောက်ဝတ်သော သူ၏ အဆုံးအမကို နားမထောင်သော သူသည် ခို၏ စကားကို နားမထောင် သောကြောင့် ရန်သူ၏ လက်သို့ ရောက်သော ကျီးကဲ့သို့ စိုးရိမ်စွာ အိပ်ရ တတ်၏။

ဘုရားလောင်းသည် ဤဂါထာကို ဆို၍ ယခုအခါ ငါသည်လည်း ဤအရပ်၌ နေခြင်းငှါ မတတ်ကောင်းဟု နှလုံးသွင်း၍ တစ်ပါးသော အရပ်သို့ သွားလေ၏။ ကျီးသည်လည်း ထိုတောင်း၌လျှင် အသက်ကုန်ခြင်းသို့ ရောက်၏။ ထိုအခါ ကျီးကို ထမင်းချက်သည် တောင်းနှင့်တကွ ယူ၍ တံမြက်ချေး စွန့်ရာအရပ်၌ စွန့်၏။ မြတ်စွာဘုရားသည်လည်း ရဟန်း သင်သည် ယခုသာလျှင် လျှပ်ပေါ်သည် မဟုတ်သေး။ ရှေး၌သည်း လျှပ်ပေါ်သည်သာလျှင်တည်း။ သင်၏ လျှပ်ပေါ် ခြင်းကိုလည်း မှီ၍ ပညာရှိတို့သည်လည်း မိမိနေရာမှ ဖဲသွားဖူးကုန်ပြီဟု ဤတရားဒေသနာတော်ကို ဆောင်ဘော်မူ၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ လျှပ်ပေါ်သော ရဟန်းသည် အနာဂါမိဖိုလ်ကို ရလေ၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် အနုသန္ဓေကိုစပ်၍ ယခုအခါ လျှင်ပေါ်သော ရဟန်းသည် ထိုအခါ ကျီးဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဒိုဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

လေးဆယ့်နှစ်ခုမြောက်သော ကပေါတဇာတ် သည် ပြီး၏။

---

## ၄၃- ဝေဠုကဇာတ်

### ငါမွေးသည့်မြွေက ငါ့ပြန်ခြောက်သို့

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ယော အတ္တကာမဿ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤဝေဠုကဇာတ်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ယောက်သော ဆိုနိုင်ခက်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

မြတ်စွာဘုရားသည် ထိုဆိုနိုင်ခက်သော ရဟန်းကို ရဟန်း သင်သည် ဆိုနိုင်ခက်သတတ်ဟူသည် မှန်သလောဟု မေးတော်မူ၏၊ အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်း သင်သည် ယခုအခါ၌ သာလျှင် ဆိုနိုင်ခက်သည် မဟုတ်သေး။ ရှေး၌လည်း ဆိုနိုင်ခက်သည်သာလျှင် တည်း၊ ဆိုနိုင်ခက်သည်၏ အဖြစ်ကြောင့်သာလျှင် ပညာရှိတို့၏ စကားကို မလိုက်နာမူ၍ မြွေ၏ ခံတွင်း၌ အသက်ကုန်ခြင်းသို့ ရောက်ဖူးပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

#### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ကာသိတိုင်း၌ များစွာသော စည်းစိမ်ရှိသော အမျိုး၌ ဖြစ်၏။ လိမ္မာသော အဖြစ်သို့ ရောက်၍ ကာမဂုဏ်တို့၌ အပြစ်ကိုလည်းကောင်း, ရဟန်းအဖြစ်၌ အကျိုးအကျိုးကိုလည်းကောင်း မြင်၍ ကာမတို့ကို ပယ်၍ ဟိမဝန္တာသို့ ဝင်၍ ရသေ့ရဟန်းပြု၏။ ကသိုဏ်းပရိကံကို စီးဖြန်း၍ ငါးပါးသော အဘိညာဉ်တို့ကိုလည်းကောင်း, ရှစ်ပါးသော သမာပတ်တို့ကိုလည်းကောင်း ဖြစ်စေ၍ ဈာန်ချမ်းသာဖြင့် လွန်စေလျက် နောက်အဖို့၌ များသော အခြံအရံရှိသော ငါးရာသော ရသေ့တို့ဖြင့် ခြံရံအပ်သော ဂိုဏ်းဆရာ

ဖြစ်၍ နေ၏။ ထိုအခါ တစ်ခုသော မြွေဟောက်ငယ်သည် မိမိ ဓမ္မတာအားဖြင့် သွားသည် ရှိသော် ရသေ့တစ်ပါး၏ ကျောင်းသို့ ရောက်၏။ ရသေ့သည် ထိုမြွေ၌ သားဟူသော ချစ်ခြင်းကို ဖြစ်စေ၍ ထိုမြွေကို ဝါးလုံးခေါင်း တစ်ခု၌ အိပ်စေသည်၏ အဖြစ်ကြောင့် ဝေဠုကဟူသော အမည်ကိုသာ မှည့်ကုန်၏။ ထိုမြွေကို သားမှူသော ချစ်ခြင်းဖြင့် မွေးစားသော ကာလမှစ၍ ထိုရသေ့အား ဝေဠုက ပိတာဟူသော အမည်ကိုသာလျှင် မှည့်ကုန်၏။ ဘုရားလောင်းသည် ရသေ့တစ်ပါးသည် မြွေဟောက်ကို မွေးစား၏ဟု ကြား၍ ထိုရသေ့ကို ခေါ်စေ၍ ရသေ့သင်သည် မြွေဟောက်ကို မွေးစားသတတ်ဟူသည် မှန်သလောဟုမေး၏။ မှန်ပေ၏ဟု လျှောက်သည် ရှိသော် မြွေဟောက်နှင့် အကျွမ်းဝင်ခြင်းမည်သည် မရှိ။ ထိုမြွေဟောက်ကို မမွေးစားလင့်ဟု ဘုရားလောင်း ဆို၏။ ရသေ့သည် ဘုရားလောင်းစကားကို မယူ၊ မြွေဟောက်ကို စွန့်ခြင်းငှါ မတတ်နိုင်။ ထိုဘုရားလောင်း ဆုံးမသော နေ့မှ နှစ်ရက်, သုံးရက်လွန်သဖြင့်လျှင် ခပ်သိမ်းကုန်သော ရသေ့သည် သစ်သီးကြီးငယ် အလို့ငှါ သွားကုန်၏၊ ရောက်ရာအရပ်၌ သစ်သီးကြီးငယ် ရလွယ်သော အဖြစ်ကို မြင်၍ နှစ်ရက်,သုံးရက် ထိုအရပ်၌သာလျှင် နေကုန်၏။ ဝေဠုက အဘသည်လည်း ထိုရသေ့တို့နှင့်တကွ သွားသည် ရှိသော် မြွေဟောက်ကို ဝါးလုံး၌သာလျှင် အိပ်စေ၍ ပိတ်လျက် သွား၏။ ထိုဝေဠုက အဘသည် တစ်ဖန်ရသေ့တို့နှင့်တကွ နှစ်ရက်,သုံးရက် လွန်သဖြင့် ပြန်လာ၍ ဝေဠုကအား အစာပေးအံ့ဟု ဝါးလုံးခေါင်းကို ဖွင့်၍ ချစ်သား လာလော့ ဆာမွတ်သလောဟု လက်ကိုဖြန့်၏။ မြွေဟောက်သည် နှစ်ရက်,သုံးရက် အာဟာရ ပြတ်သည်၏ အဖြစ်ကြောင့် ထိုရသေ့အား အမျက်ထွက်၍ ဖြန့်သော လက်၌ ကိုက်၏။ ရသေ့ကို ထိုအရပ်၌ အသက် ကုန်ခြင်းသို့ ရောက်စေ၍ တောသို့ဝင်၏။ ရသေ့တို့သည် ထိုဝေဠုက အဘကို မြင်ကုန်၍ ဘုရားလောင်းအား ကြားကုန်၏။ ဘုရားလောင်းသည် ထိုဝေဠုက အဘလောင်းကို သင်္ဂြိုဟ်ခြင်းကိစ္စကို ပြုစေ၍ ရသေ့အပေါင်းတို့ အလယ်၌ နေ၍ ရသေ့တို့အား ဆုံးမလိုသည် ဖြစ်၍ ဤဂါထာကို ရွတ်ဆို၏—

၄၃။ ယော အတ္ထကာမဿ ဟိတာနုကမ္ပိနော၊
ဩဝဇ္ဇမာနော န ကရောတိ သာသနံ။
ဧဝံ သော နိဟတော သေတိ၊
ဝေဠုကဿ ယထာ ပိတာ။

အကျိုးကို အလိုရှိသော အစီးအပွားကို စောင့်ရှောက်လေ့ရှိသော သူသည် ဆုံးမပါလျက် အဆုံးအမကို နားမထောင် မလိုက်နာသူသည် "ဝေဠုက၏ အဘသည် သေလျက် အိပ်ရသကဲ့သို့" ထိုအတူ သေလျက် အိပ်ရတတ်၏။

ဤသို့ ဘုရားလောင်းသည် ရသေ့အပေါင်းတို့ကို ဆုံးမ၍ လေးပါးကုန်သော ဗြဟ္မဝိဟာရကို ပွားစေလျက် အသက်၏ အဆုံး၌ ဗြဟ္မာ့ပြည်၌ ဖြစ်၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ရဟန်း သင်သည် ယခုအခါ၌သာလျှင် ဆိုနိုင်ခက်သည် မဟုတ်သေး၊ ရှေး၌လည်း ဆိုနိုင်ခက်သည်သာတည်း။ ဆိုနိုင်ခက်သည်၏ အဖြစ်ကြောင့် မြွေဟောက်ခံတွင်း၌ ပုပ်သော အဖြစ်သို့ ရောက်ဖူးပြီဟု ဤတရားဒေသနာကို ဆောင်တော်မူ၍ အနုသန္ဓေကို စပ်၍ ယခုအခါ ဆိုနိုင်ခက်သော ရဟန်းသည် ထိုအခါ ဝေဠုက အဘဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားပရိသတ်တို့သည် ထိုအခါ ကြွင်းသောပရိသတ်တို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဂိုဏ်းဆရာ ဖြစ်ဖူးပြီဟု ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

လေးဆယ့်သုံးခုမြောက်သော ဝေဠုကဇာတ်သည် ပြီး၏။

---

## ၄၄-မကသဇာတ်

### ဘနှဖူး ခြင်ကို ရဲတင်းဖြင့်ခုတ်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "သေယျော အမိတ္တော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမကသ ဇာတ်ကို မဂဓတိုင်း၌ ဒေသစာရီ ကြွတော်မူသည်ရှိသော် တစ်ခုသော ရွာငယ်၌ မိုက်ကုန်သော ရွာသားတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

မြတ်စွာဘုရားသည် အခါတစ်ပါး၌ သာဝတ္ထိပြည်မှ မဂဓတိုင်းသို့ကြွတော်မူ၍ ထိုမဂဓတိုင်း၌ ဒေသစာရီ ကြွတော်မူသည်ရှိသော် တစ်ခုသော ရွာငယ်သို့ ရောက်တော်မူသတတ်။ ထိုရွာငယ်သည်လည်း များသောအားဖြင့် အလွန်မိုက်သော သူတို့ဖြင့်သာလျှင် ပြည့်ပြော၏။ ထိုရွာငယ်ဝယ် တစ်နေ့သ၌ အလွန်မိုက်ကုန်သော သူတို့သည် စည်းဝေးကုန်၍ အချင်းတို့ တောသို့ ဝင်ကုန်၍ အမှုကို ပြုကုန်သော ငါတို့ကို မှက်တို့သည် ကိုက်ကုန်၏။ ထိုမှက်တို့၏ ကိုက်ခြင်းဟူသော အကြောင်းကြောင့် ငါတို့အား အမှုပျက်ခြင်းသည် ဖြစ်၏။ အလုံးစုံသော ငါတို့သည်လျှင် လေးတို့ကိုလည်းကောင်း, တစ်ပါးသော လက်နက်တို့ကိုလည်းကောင်း ယူ၍ သွားကုန်၍ မှက်တို့နှင့်တကွ စစ်ထိုးကုန်၍ အလုံးစုံသော

မှက်တို့ကို ထိုးကုန်၍လည်းကောင်း, ဖြတ်ကုန်၍လည်းကောင်း သတ်ကုန်အံ့ဟု တိုင်ပင်ကုန်၍ တောသို့ဝင်ကုန်၍ မှက်တို့ကို ထိုးကုန်အံ့ဟု အချင်းချင်း စစ်ထိုးကုန်၍ လည်းကောင်း, ပုတ်ခတ်ကုန်၍ လည်းကောင်း, ဆင်းရဲခြင်းသို့ ရောက်ကုန်၍ လာလတ်သည် ရှိသော် ရွာတွင်း၌လည်းကောင်း, ရွာလယ်၌ လည်းကောင်း, ရွာတံခါး၌လည်းကောင်း အိပ်ကုန်၏။ မြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံလျက် ရွာငယ်သို့ ဆွမ်းအလို့ငှါ ဝင်တော်မူ၏။ ကြွင်းကုန်သော ပညာရှိကုန်သော လူတို့သည် မြတ်စွာဘုရားကို မြင်ကုန်၍ ရွာတံခါး၌ မဏ္ဍပ်ကိုပြုကုန်၍ ဘုရားအမှူးရှိကုန်သော သံဃာအား ကြီးစွာသော အလှူကို ပေးကုန်၍ မြတ်စွာဘုရားကို ရှိခိုး၍ နေကြကုန်၏။ မြတ်စွာဘုရားသည် ထိုထို အရပ်၌ ပညာမရှိကုန်သော လူတို့ကို မြင်တော်မူ၍ သီတင်းသည်တို့ကို သီတင်းသည်တို့ များစွာကုန်သော ဤလူတို့သည် နာကုန်၏။ ထိုလူတို့သည် အဘယ် အမှုကို ပြုကုန်သနည်းဟု မေးတော်မူသည်ရှိသော် အရှင်ဘုရား ထိုလူတို့သည် မှက်နှင့် စစ်ထိုးခြင်းကို ပြုကုန်အံ့ဟု သွားကုန်၍ အချင်းချင်း ထိုးကြကုန်၍ မိမိတို့သာ နာသည် ဖြစ်ကုန်၏ဟု လျှောက်ကုန်၏။ မြတ်စွာဘုရားသည် သီတင်းသည်တို့ ယခုသာလျှင် အလွန် မိုက်ကုန်သော ထိုလူတို့သည် မှက်တို့ကို ပုတ်ခတ်ကုန်အံ့ဟု မိမိတို့ကိုယ်ကို ပုတ်ခတ်ကုန်သည် မဟုတ်သေး၊ ရှေး၌လည်း မှက်တို့ကို ပုတ်ခတ်ကုန်အံ့ဟု အချင်းချင်း ပုတ်ခတ်ကုန်သော လူတို့သည် ဖြစ်ဖူးကုန်သလျှင်တည်းဟု မိန့်တော်မူ၍ ဆိတ်ဆိတ် နေတော်မူ၏။ ထိုလူတို့သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## ပတ်ဘ်ဝတ္ထု

သီတင်းသည်တို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုလတ်သည်ရှိသော် ဘုရားလောင်းသည် ကုန်သွယ်ခြင်းဖြင့် အသက်မွေးခြင်းကို ပြု၏။ ထိုအခါ ကာသိတိုင်း၌ တစ်ခုသော ပစ္စန္တရစ်ရွာ၌ များစွာကုန်သော လက်သမားတို့သည် နေကုန်၏။ ထိုရွာ၌ တစ်ယောက်သော သစ်ရွေသော လက်သမားသည် သစ်ကိုရွေ၏။ ထိုအခါ တစ်ခုသော မှက်သည် ထိုလက်သမား၏ ကြေးနီခွက် ကျောက်ကုန်းနှင့်တူသော ဦးခေါင်း၌ နား၍ လှံဖြင့် ထိုးဘိသကဲ့သို့ ဦးခေါင်း၌ နှုတ်သီးဖျားဖြင့် ထိုး၏။ ထိုလက်သမားသည် မိမိအထံ၌ နေသော သားကို ချစ်သား ငါ၏ ဦးခေါင်း၌ မှက်သည် လှံဖြင့် ထွင်းဘိသကဲ့သို့ ထိုး၏။ ထိုမှက်ကို မြစ်လောဟု ဆို၏။ ဖခင် သည်းခံဦးလော၊ တစ်ချက်တည်းဖြင့် သာလျှင် ထိုမှက်ကို သတ်အံ့ဟု ဆို၏။

ထိုအခါ ဘုရားလောင်းသည်လည်း မိမိ၏ ဘဏ္ဍာကို ရှာသည်ရှိသော် ထိုရွာသို့ ရောက်၍ ထိုလက်သမားတို့၏ ဇရပ်၌ နေ၏။ ထိုအခါ၌လျှင် ထိုလှက်

သမားသည် သားကို ချစ်သား ဤမှက်ကို မြင်လောဟု ဆို၏။ ထိုသားသည် ဖခင် မြစ်အံ့ဟု ထက်လှစွာသော ပုဆိန်ကြီးကိုချီ၍ အဘ၏ အနား၌ ရပ်လျက် မှက်ကို ခုတ်အံ့ဟု အဘဦးခေါင်းကို နှစ်ဖြာခွဲ၏။ လက်သမားသည် ထိုအရပ်၌ပင်လျှင် အသက်ကုန်ခြင်းသို့ ရောက်၏။ ဘုရားလောင်းသည် ထိုလက်သမား သား၏အမှုကို မြင်၍ ရန်သူဖြစ်သော်လည်း ပညာရှိသည် သာလျှင် မြတ်၏၊ ထိုစကားသည် မှန်၏။ ရန်သူ ပညာရှိသည် ဒဏ်မှ ကြောက်သောကြောင့်လည်း လူကို မသတ်လတ္တံ့ဟု ကြံ၍ ဤဂါထာကို ဆို၏–

၄၄။ သေယျော အမိတ္တော မတိယာ ဥပေတော၊
န တွေဝ မိတ္တော မတိဝိပ္ပဟီနော။
“မကသံ ဝဓိဿ”န္တိ ဟိ ဧဠမူဂေါ၊
ပုတ္တော ပိတု အဗ္ဘိဒါ ဥတ္တမင်္ဂံ။

ပညာရှိသော ရန်သူသည် မြတ်၏၊ ပညာမရှိသော မိတ်ဆွေသည် မမြတ်သည်သာ၊ လူအ လူမိုက်သည် သားဖြစ်လျက်လည်း မှက်ကို သတ်အံ့ဟု နှလုံးသွင်း၍ အဘ၏ ဦးခေါင်းကို နှစ်စိပ်ခွဲလေ၏။

ဤဂါထာကို ဆိုပြီး၍ ဘုရားလောင်းသည် နေရာမှ ထ၍ အမှုအလျောက် သွား၏၊ လက်သမား၏ အဆွေအမျိုးတို့သည် အလောင်းကောင်ကို သင်္ဂြိုဟ်ခြင်းကို ပြုကုန်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် သီတင်းသည်တို့ ဤသို့ ရှေး၌လည်း မှက်ကို သတ်ကုန်အံ့ဟု အဘကို သတ်ကုန်သော လူဟူသည် ဖြစ်ဖူးကုန်ပြီးသလျှင်ကတည်းဟု ဤတရားဒေသနာကို ဆောင်တော်မူလျက် အနုသန္ဓေကို စပ်၍ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဂါထာကို ဆိုပြီး၍ ဖဲသွားသော ပညာရှိ ကုန်သည် ဖြစ်ဖူးပြီဟု ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(လူမိုက် မိတ်ဆွေထက် ပညာရှိ ရန်သူက မြတ်သေး၏။)

လေးဆယ့်လေးခုမြောက်သော မကသဇာတ်သည် ပြီး၏။

## ၄၅-ရောဟိဏီဇာတ်

### မိုက်တွင်းနက်သူ

### မိခင် ယင်ဆိုးသည်ကို ကျည်ပွေ့ဖြင့် ရိုက်သည့်သမီး

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "သေယျော အမိတ္တော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤရောဟဏီဇာတ်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အနာထပိဏ်သူဌေး၏ တစ်ယောက်သော ကျွန်မကို အကြောင်းပြု၍ ဟောတော်မူ၏။

အနာထပိဏ်သူဌေးအား တစ်ယောက်သော ရောဟိဏီမည်သော ကျွန်မသည် ဖြစ်သတတ်။ ထိုရောဟိဏီမည်သော ကျွန်မ၏ ကောက်နယ်ရာ အရပ်၌ လာလတ်၍ အမိသည် အိပ်၏။ ထိုအမိအိုကို ယင်တို့သည် ခြံရံကုန်လျက် အပ်ဖြင့် ထိုးဘိသကဲ့သို့ ကိုက်ကုန်၍ ထိုအမိအိုသည် သမီးကို ချစ်သမီး ငါ့ကို ယင်တို့သည် ကိုက်ကုန်၏။ ထိုယင်တို့ကို မြစ်သောဟု ဆို၏။ ထိုရောဟိဏီမည်သော သမီးသည် မြစ်အံ့ဟု ကျည်ပွေ့ကို ချီ၍ အမိ၏ ကိုယ်၌ ယင်တို့ကို သတ်၍ ပျက်စီးခြင်းသို့ ရောက်စေအံ့၊ ဤသို့ နှလုံးသွင်း၍ အမိကို ကျည်ပွေ့ဖြင့် ခတ်၍ အသက်ကုန်ခြင်းသို့ ရောက်စေ၏။ ထိုအမိကို မြင်၍ ငါ၏ အမိသည် သေပြီဟု ငိုအံ့သော်ငါ အားထုတ်၏၊ ထိုအကြောင်းကို သူဌေးအား ကြားကုန်၏။ သူဌေးသည် ထိုကျွန်မ၏ အလောင်းကောင်ကို သင်္ဂြိုဟ်ခြင်းကိစ္စကို ပြုစေ၍ ကျောင်းသို့ သွား၍ အလုံးစုံသော ထိုအကြောင်းကို မြတ်စွာဘုရားအား ကြားလျှောက်၏၊ မြတ်စွာဘုရားလည်း သူကြွယ် ဤရောဟိဏီ မည်သော ကျွန်မသည် အမိ၏ ထိုကိုယ်၌ ယင်တို့ကို မြစ်အံ့ဟု ယခုအခါ၌သာလျှင် ကျည်ပွေ့ဖြင့် အမိကို သတ်သည် မဟုတ်သေး၊ ရှေး၌လည်း သတ်ဖူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ ထိုသူကြွယ်သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

သူကြွယ် လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုလတ်သည် ရှိသော် ဘုရားလောင်းသည် သူဌေးမျိုး၌ ဖြစ်၍ အဘလွန်သဖြင့် သူဌေးအရာသို့ ရောက်၏။ ထိုသူဌေးအားလည်း ရောဟိဏီ မည်သည်သာလျှင် ဖြစ်သော ကျွန်မသည် ဖြစ်၏။ ထိုကျွန်မသည်လည်း မိမိ၏

ကောက်နယ်ရာ အရပ်သို့ လာလတ်၍ အိပ်သော အမိကို ယင်တို့သည် အုံကုန်သည်ဖြစ်၍ ချစ်သမီး–ယင်တို့ကို မြင်လော၊ ဤသို့ ဆိုအပ်သည်ဖြစ်၍ ဤအတူ လျှင် ကျည်ပွေ့ဖြင့်ခတ်၍ အသက်ကုန်ခြင်းသို့ ရောက်စေပြီး၍ ငိုအံ့သောငှါ အားထုတ်၏။ ဘုရားလောင်းသည် ထိုအကြောင်းကို ကြား၍ ဤလောက၌ ရန်သူဖြစ်ငြားသော်လည်း ပညာရှိသည်သာလျှင် မြတ်၏ဟု ကြံ၍ ဤဂါထာကို ရွတ်ဆို၏—

၄၅။ သေယျော အမိတ္တော မေဓာဝီ၊ ယဉ္စေ ဗာလာ'နုကမ္ပကော။
ပဿ ရောဟိဏိကံ ဇမ္မိံ၊ မာတရံ ဟန္တ္ဝာန သောစတိ။

မိတ်ဆွေ သူမိုက်ထက် ပညာရှိသည် ရန်သူဖြစ်ငြားသော်လည်း အဆအရာ အထောင် အသိန်းမက မြတ်၏၊ မိတ်ဆွေဖြစ်သော သူမိုက်သည် မမြတ်သည်သာ၊ ရက်စက်ယုတ်မာသော ရောဟိဏီကို ရှုလော၊ ရောဟိဏီသည် အမိကို သတ်၍ စိုးရိမ်ပူပန်နေရ၏။

ဘုရားလောင်းသည် ပညာရှိကို ချီးမွမ်းလျက် ဤဂါထာဖြင့် တရားဟော၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် သူကြွယ်၊ ဤရောဟိဏီသည် ယခုအခါ၌ သာလျှင် ယင်တို့ကို သတ်အံ့ဟူ၍ အမိကို သတ်သည်မဟုတ်သေး၊ ရှေး၌လည်း သတ်ဖူးသည် သာလျှင်တည်းဟု ဤတရားဒေသနာကို ဆောင်တော်မူ၍ အနုသန္ဓေကို စပ်၍ ယခုအခါ ရောဟိဏီ၏အမိသည် ထိုအခါ ရောဟိဏီ၏အမိ ဖြစ်ဖူးပြီ ။ ယခုအခါ ရောဟိဏီသည် ထိုအခါ ရောဟိဏီဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သူဌေးကြီးဖြစ်ဖူးပြီဟု ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

လေးဆယ့်ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော ရောဟိဏီဇာတ်သည် ပြီး၏။

---

## ၄၆-အာရာမဒူသကဇာတ်

### မျောက်ကို ဥယျာဉ်မှူးခန့်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာ ဘုရားသည် နဝေ အနုတ္တကုသလေန အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤ အာရာမဒူသကဇာတ်ကို တစ်ခုသော ကောသလ ရွာငယ်၌ သီတင်းသုံးနေတော်မူစဉ် ဥယျာဉ်ဖျက် သူငယ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

မြတ်စွာဘုရားသည် ကောသလတိုင်းတို့၌ ဒေသစာရီ ကြွတော်မူသည်ရှိသော် တစ်ခုသောရွာငယ်သို့ ရောက်တော်မူသတတ်။ ထိုရွာငယ်၌ တစ်ယောက်သော သူကြွယ်သည် မြတ်စွာဘုရားကို ဖိတ်၍ မိမိဥယျာဉ်၌နေစေ၍ ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူကိုပေး၍ အရှင်ဘုရားတို့ အလိုတော်ရှိတိုင်း ဤဥယျာဉ်၌ နေတော်မူပါကုန်လောဟု လျှောက်၏၊ ရဟန်းတို့သည် ထကုန်၍ ဥယျာဉ်စောင့်ကို ခေါ်ကုန်၍ ဥယျာဉ်၌လှည့်လည်ကုန်သည်ရှိသော် တစ်ခုသော မြေပြင်အရပ်ကို မြင်၍ ဥယျာဉ်စောင့်ကို သီယင်းသည် ဥယျာဉ်သည် တစ်ပါးသောအရပ်၌ ပြည့်စုံသော အရိပ်ရှိ၏၊ ဤအရပ်၌ကား တစ်စုံ တစ်ခုသော သစ်ပင်ကြီးသည် လည်းကောင်း၊ သစ်ပင်ငယ်သည် လည်းကောင်း မရှိ။ အကြောင်းကား အဘယ်နည်း ဤသို့မေးကုန်၏။ အရှင်ဘုရားတို့ ဥယျာဉ်ကို ပျိုးသောကာလ၌ တစ်ယောက်သောရွာသားသူငယ်သည် ရေကိုလောင်းသည်ရှိသော် ဤအရပ်၌ သစ်ပင်တို့ကို အမြစ်ကို နုတ်သည်ကိုပြု၍ အမြစ်ပမာဏဖြင့် ရေကိုလောင်း၏။ ထို့ကြောင့် သစ်ပင်ငယ်တို့သည် ညှိုးကုန်၍ သေကုန်၏။ ဤအကြောင်းကြောင့် ဤအရပ်၌ မြေအပြင်သာရှိ၏ဟု ဥယျာဉ်စောင့်လျှောက်၏။ ရဟန်းတို့သည် မြတ်စွာဘုရားသို့ ကပ်၍ ထိုအကြောင်းကို လျှောက်ကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ ယခုအခါ၌သာလျှင် ထိုရွာသား သူငယ်သည် အာရမ်ကို ဖျက်ဆီးတတ်သည် မဟုတ်သေး၊ ရှေး၌လည်း အာရမ်ကို ဖျက်ဆီးဖူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုလတ်သည်ရှိသော် ဗာရာဏသီပြည်၌ နက္ခတ်သဘင်ကို ကြွေးကြော်ကုန်၏။ နက္ခတ်သဘင် စည်သံကိုကြားသောကာလမှစ၍ အလုံးစုံသော မြို့နေလူတို့သည် နက္ခတ်သဘင်ကို မှီကုန်သည်ဖြစ်၍ လှည့်လည်ကုန်၏။ ထိုအခါ မင်းဥယျာဉ်၌ များစွာကုန်သော မျောက်တို့သည် နေကုန်၏။ ဥယျာဉ်စောင့်သည် မြို့၌ နက္ခတ်သဘင်ကို ကြွေးကြော်ကုန်၏။ အကြင်မျှလောက် ငါသည် မလာအံ့၊ ထိုမျှလောက် မျောက်တို့ကို ရေလောင်းကြကုန်လောဟု ဆို၍ပြီး၍ ငါသည် နက္ခတ်သဘင်ကစားအံ့၊ ဤသို့ကြံ၏။ ကြံပြီး၍ မျောက်အကြီးသို့ ကပ်၍ အချင်းမျောက်ကြီး၊ ဤဥယျာဉ်သည် သင်တို့အား ကျေးဇူးများ၏၊ သင်တို့သည် ဤဥယျာဉ်၌ အပွင့်၊ အသီး၊ အရွက်တို့ကို စားရကုန်၏။ မြို့၌ နက္ခတ်သဘင်ကို ကြွေးကြော်၏။ ငါသည် နက္ခတ်သဘင်ကို ကစားအံ့၊ အကြင်မျှလောက် ငါသည် မလာအံ့၊ ထိုမျှလောက် ဥယျာဉ်၌ သစ်ပင်ငယ်တို့၌ ရေကိုလောင်းအံ့သောငှါ တတ်နိုင်ကုန်လတ္တံ့လောဟု ဥယျာဉ်စောင့်သည် မေး၏။ မျောက်ကြီး

သည့် ကောင်းပြီ လောင်းအံ့ဟု ဆို၏။ ထိုသို့ဖြစ်လျှင် မမေ့မလျော့ကုန်သည် ဖြစ်ကုန်လောဟု ရေလောင်းစိမ့်သောငှါ ထိုမျောက်တို့အား သားရေအိတ်တို့ကို လည်းကောင်း, သစ်သားအိုးတို့ကိုလည်းကောင်း ပေး၍သွား၏။

မျောက်တို့သည် သားရေအိတ်တို့ကို လည်းကောင်း, သစ်သားအိုးတို့ကို လည်းကောင်း ယူကုန်၍ သစ်ပင်ငယ်တို့၌ ရေလောင်းကုန်၏။ ထိုအခါ မျောက်ငယ်တို့ကို မျောက်အကြီးသည် အိ မျောက်တို့ ရေမည်သည်ကို စောင့်အပ်၏။ သင်တို့သည် သစ်ပင်ငယ်တို့၌ လောင်းကုန်သည် ရှိသော် နုတ်၍ အမြစ်ကိုကြည့်ကုန်၍ နက်သော အမြစ်၌ရှိသော သစ်ပင်ငယ် တို့၌ ရေများစွာ လောင်းကြကုန်လော၊ တိမ်သောအမြစ်ရှိကုန်သော သစ်ပင်ငယ်တို့၌ ရေအနည်းငယ် လောင်းကြကုန်လော၊ နောက်၌ ငါတို့အား ရေရခဲသည် ဖြစ်လတ္တံ့ ဤသို့ဆို၏။ ထိုမျောက်ငယ်တို့သည် ကောင်းပြီဟု ဝန်ခံကုန်၍ ထို မျောက်ကြီးဆိုတိုင်း ပြုကုန်၏။ ထိုအခါ ပစ်ယောက်သော ပညာရှိယောကျ်ား သည် မင်းဉယျာဉ်၌ ကိုမျောက်တို့ကို မျောက်ကြီးဆိုတိုင်း ပြုကုန်သည်တို့ကို မြင်၍ အိုမျောက်တို့၊ အဘယ့်ကြောင့် သင်တို့သည် သစ်ပင်ငယ်တို့ကို နုတ်၍ အမြစ်ပမာဏဖြင့် ရေလောင်းကြကုန်သနည်းဟု မေး၏။ ထိုမျောက်တို့သည် ဤသို့ ငါတို့အား မျောက်ကြီးသည် ဆုံးမ၏ဟု ဆိုကုန်၏။ ထိုပညာရှိသော ယောကျ်ားသည် ထိုမျောက်တို့၏ စကားကို ကြား၍ အို သူမိုက်တို့၊ ပညာမရှိ ကုန်သောသူတို့သည် အကျိုးစီးပွါး ပြုကုန်အံ့ဟု အကျိုးမဲ့ကိုသာ ပြုကုန်၏။ စင်စစ် အံ့ဖွယ်ရှိစွဟု ကြံ၍ ဤဂါထာကို ဆို၏။

၄၆။ န ဝေ အနတ္ထကုသလေန၊ အတ္ထစရိယာ သုခါဝဟာ။
ဟာပေတိ အတ္ထံ ဒုမ္မေဓော၊ ကပိ အာရာမိကော ယထာ။

ပညာမရှိသူသည် အကျိုးစီးပွားကို ပြုသော်လည်း အကျိုးယုတ် စေတတ်သောကြောင့် အကျိုးရှိသည်, မရှိသည်၌ မကျွမ်းကျင်သူသည် ချမ်းသာနစ်ပါး ဟူသော အကျိုးစီးပွားကို ပြုကျင့်သော်လည်း ချမ်းသာကို ရွက်ဆောင်ခြင်းငှါ မတတ်နိုင်။ ဉယျာဉ်စောင့် မျောက်သည် အကျိုးစီးပွားကို ပြုသော်လည်း အကျိုးမဲ့သာလျှင်ပြုလေသကဲ့သို့ ထိုအတူ အကျိုးရှိ မရှိ၌ မကျွမ်းကျင်သူသည် အကျိုးစီးပွားကို ကျင့်ဆောင်ခြင်းငှါ မတတ်နိုင်။

ဤသို့ ပညာရှိသောယောကျ်ားသည် ဤဂါထာဖြင့် မျောက်ကြီးကို ကဲ့ရဲ့၍ မိမိ၏ ပရိသတ်ကို ယူ၍ ဉယျာဉ်မှ ထွက်ခဲ့၏။

### ဇာတ်ပေါင်း

မြတ်စွာဘုရားသည်လည်း ရဟန်းတို့ ဤရွာသူသားငယ်သည် ယခုအခါ၌သာလျှင် ဥယျာဉ်ကို ဖျက်ဆီးတတ်သည် မဟုတ်သေး၊ ရှေး၌လည်း ဥယျာဉ်ကို ဖျက်ဆီးဖူးသလျှင်ကတည်းဟု ဤတရားဒေသနာကို ဆောင်တော်မူ၍ အနုသန္ဓေကို စပ်၍ ယခုအခါ ဥယျာဉ်တို့ကို ဖျက်ဆီးတတ်သော ရွာသားသူငယ်သည် ထိုအခါ မျောက်ကြီးဖြစ်ဖူးပြီ၊ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိသောယောကျ်ားဖြစ်ဖူးပြီဟု ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးအတွက်လေး)

လေးဆယ့်ခြောက်ခုမြောက်သော အာရ မဒူသကဇာတ်သည် ပြီး၏။

---

### ၄၇-ဝါရုဏိဒူသကဇာတ်

#### အရက်၌ ဆားခတ်ခြင်း

(သူမျှားယောင်လို့ယောင် အမောင် တောင်မှန်း မြောက်မှန်းမသိ)

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "န ဝေ အနုတ္တကုသလေန" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝါရုဏိဒူသကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သေကို ဖျက်ဆီးတတ်သောသူကို အကြောင်းပြု၍ ဟောတော်မူ၏။

အနာထပိဏ်သူဌေး၏ အဆွေခင်ပွန်းဖြစ်သော တစ်ယောက်သော သေကုန်သည်သည် ထက်စွာသောသေကိုဖော်စပ်၍ ရွှေငွေ အစရှိကုန်သောသေဖိုးအရက်ဖိုးတို့ကို ယူ၍ ရောင်းနေစဉ် သေအရက်သမား လူအများစည်းဝေး ရောက်လာသည်ရှိသော် အမောင် သင်သည် အဖိုးကိုယူ၍ သေကိုပေးလော၊ ဤသို့ တပည့်ကိုစေ၍ မိမိသည်ရေချိုးအံ့သောငှါ သွား၏။တပည့်သည် လူအများအား သေကို ပေးလျက် သေသောက်သည်၏အကြား၌ အိမ်ဈေးအတွင်း၌ ဆားကို ဆောင်စေ၍ခဲလျက်ကုန်သော ထိုလူတို့ကိုမြင်၍ ဤအသုရာသည် ဆားမရှိသည် ဖြစ်လတ္တံ့၊ ဤအသုရာ၌ ဆားကို ခတ်အံ့၊ ဤသို့နှလုံးသွင်း၍ သေအိုး၌ တစ်ကုမ်းစားမျှသော ဆားကို ခတ်၍ ထိုလူတို့အား သေကို ပေး၏၊ ထိုလူတို့သည် ခံတွင်း၌ ပြည့်စေ၍ စွန့်ကုန်၍ သင်သည် အသို့ပြုအပ်သနည်းဟု မေးကုန်၏၊ သေကို သောက်၍ ဆားကို ဆောင်စေကုန်သော သင်တို့ကို မြင်၍ ဆားနှင့် ယှဉ်စေပြီ ဤသို့ ဆို၏၊ သူမိုက် ဤသို့ အဘောရှိသည် မည်သော နှစ်သက်ဖွယ်သော သေကို ဖျက်ဆီး၏ဟု ကဲ့ရဲ့၍ ထ၍ ဖဲကြကုန်၏၊ သေကုန်

သည်သည် လာလတ်၍ တစ်ယောက်သော သူကိုလည်း မမြင်၍ သေသောက်ကုန်သော သူတို့သည် အဘယ်အရပ်သို့ သွားကုန်သနည်းဟု မေး၏၊ တပည့်သည် ထိုအကြောင်းကို ကြား၏၊ ထိုအခါ တပည့်ကို ဆရာသည် သူမိုက် ဤသို့ သဘောရှိသည် မည်သော သုရာကို သင်သည် ဖျက်ဆီးအင်၏ဟု ကဲ့ရဲ့၍ ဤအကြောင်းကို အနာထပိဏ် သူဌေးအား ကြား၏၊ အနာထပိဏ်သူဌေးသည် ယခုအခါ ငါ့အား စကားလက်ဆောင်သည် ရှိ၏ဟု နှလုံးသွင်း၍ ဇေတဝန်ကျောင်းတော်သို့ သွားပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ ထိုအကြောင်းကို လျှောက်၏၊ မြတ်စွာဘုရားသည် သူကြွယ် ဤသူသည် ယခုအခါ၌ သာလျှင် သေကို ဖျက်ဆီးတတ်သည် မဟုတ်သေး၊ ရှေး၌လည်း သေကို ဖျက်ဆီးဖူးသလျှင်ကတည်းဟု မိန့်တော်မူလျှင် အနာထပိဏ် သူဌေးသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ် ဝတ္ထု

သူဌေး လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုလတ်သည် ရှိသော် ဘုရားလောင်းသည် ဗာရာဏသီပြည်၌ သူဌေး ဖြစ်၏၊ ထိုသူဌေးကို မှီ၍ တစ်ယောက်သော သေကုန်သည်သည် အသက်မွေး၏၊ ထိုသေကုန်သည်သည် ထက်စွာသော သေကို ဖော်၍ ဤသေကို ရောင်းလော့၊ ဤသို့ တပည့်ကို ဆိုပြီးလျှင် မိမိသည် ရေချိုးအံ့သောငှါ သွား၏၊ တပည့်သည် ဆရာ ရေချိုးသွားကာမျှ၌လျှင် သေ၌ ဆားကို ခတ်၍ ဤနည်းဖြင့် သာလျှင် သေကို ဖျက်ဆီး၏၊ ထိုအခါ၌ ထိုတပည့်၏ ဆရာသည် လာလတ်၍ ထိုအကြောင်းကို သူဌေးအား ကြား၏၊ သူဌေးသည် အကျိုးရှိသည်၌ မလိမ္မာကုန်သော သူမိုက်တို့ မည်သည်ကား အကျိုးစီးပွားကို ပြုအံ့ဟု အကျိုးမဲ့ကို သာလျှင် ပြုကုန်၏ဟု ဤဂါထာကို ဆို၏—

၄၇။ န ဝေ အနတ္ထကုသလေန၊ အတ္ထစရိယာ သုခါဝဟာ။
ဟာပေတိ အတ္ထံ ဒုမ္မေဓော၊ ကောဏ္ဍညော ဝါရုဏိံ ယထာ။

ပညာမရှိသူသည် အကျိုးစီးပွားကို ပြုလုပ်သော်လည်း အကျိုးစီးပွားကို ယုတ်စေတတ်သောကြောင့် အကျိုးရှိသည်၌ မကျွမ်းကျင်သော သူသည် ချမ်းသာ နှစ်ပါးဟူသော အကျိုးကို ကျင့်ပါသော်လည်း ချမ်းသာကို ဆောင်ခြင်းငှါ မတတ်နိုင်၊ ကောဏ္ဍည အမည်ရှိသော တပည့်သည် အကျိုးစီးပွားကို ပြုလုပ်အံ့ဟု ဆားကို ခတ်၍ သေရည်ကို ဖျက်ဆီးသကဲ့သို့ ထို့အတူ အလုံးစုံသည်းဖြစ်သော အကျိုးရှိသည်၌ မကျွမ်းကျင်သော သူသည် စင်စင် အကျိုးစီးပွားကို ယုတ်စေ၏။ ဘုရားလောင်းသည် ဤဂါထာဖြင့် တရားဟော၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် သူကြွယ် ဤသူသည် ယခုဒ ခါ၌သာလျှင် သေကို ဖျက်ဆီးတတ်သည် မဟုတ်သေး၊ ရှေး၌လည်း ဖျက်ဆီးဖူးသာလျှင် ကတည်းဟု မိန့်တော်မူ၍ အနုသန္ဓေကို စပ်၍ ယခုအခါ သေကို ဖျက်ဆီးတတ်သော သူသည်လျှင် ထိုအခါ သေကို ဖျက်ဆီးတတ်သောသူ ဖြစ်ဖူးပြီ၊ အခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဗာရာဏသီ သူဌေး ဖြစ်ဖူးပြီဟု ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

( စေတနာ ဝေဒနာဖြစ်ရသည့် )

လေးဆယ့်ခုနစ်ခုမြောက်သော ဝါရုဏိဒူသကဇာတ်သည် ပြီး၏။

---

## ၄၈ ဝေဒဗ္ဗဇာတ်

### ကိုယ့်သေတွင်း ကိုယ်တူး၊ လူမိုက်နှင့်ငွေ အတူမနေ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် အနုပါယေန ယော အတ္ထံ အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝေဒဗ္ဗဇာတ်ကို ဇေတဝန်ကျောင်း၌တော်၌ သီတင်းသုံး နေတော်မူစဉ် ဆိုနိုင်ခက်သောရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း သင်သည် ဆိုနိုင်ခက်သတတ် ဟူသည် မှန်သလောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု လျှောက်သည်ရှိသော် ရဟန်း သင်သည် ယခုအခါ၌ သာလျှင် ဆိုနိုင်ခက်သည် မဟုတ်သေး။ ရှေး၌လည်း ဆိုနိုင်ခက်သည်သာလျှင်တည်း။ ထိုသို့သော အကြောင်းကြောင့်သာလျှင် ပညာရှိတို့၏စကားကို မလိုက်နာမူ၍ ထက်စွာသော သန်လျက်ဖြင့် နှစ်ပိုင်းဖြတ်အပ်သည်ဖြစ်၍ ခရီး၌ အိပ်ရဖူးလေပြီ။ တစ်ယောက်သော သင့်ကို အမှီပြု၍ ယောကျ်ား တစ်ထောင်သည် အသက်ကုန်ခြင်းသို့ ရောက်ဖူးလေပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် တစ်ခုသောရွာငယ်၌ တစ်ယောက်သော ပုဏ္ဏားသည် ဝေဒဗ္ဗမည်သော မန္တရားကို တတ်၏။ ထိုမန္တရားသည် အဖိုးအဘိုင်မသိထိုက်၏။

မြတ်သောသူတို့အားသာ ထိုက်၏။ နက္ခတ်၏ ယှဉ်ခြင်းကို ရသည်ရှိသော် ထိုမန္တရားကို မန်း၍ ကောင်းကင်သို့ကြည့်သည်ရှိသော် ကောင်းကင်မှ ရတနာ ခုနစ်ပါးဟူသော မိုးကိုရွာစေသတတ်။ ထိုအခါ ဘုရားလောင်းသည် ပုဏ္ဏား၏ အထံ၌ အတတ်ကို သင်၏။ ထိုအခါ တစ်နေ့သ၌ပုဏ္ဏားသည် ဘုရားလောင်းကို ယူ၍ တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စကြောင့် မိမိရွာမှထွက်၍ စေတဘိုင်းသို့ သွား၏။ ခရီးအကြား၌ တစ်ခုသောတောအရပ်ဝယ် ငါးရာကုန်သော ပေသနက မည်သော ခိုးသူတို့သည် ခရီးသွားတို့ကို သတ်ဖြတ်ညှဉ်းဆဲခြင်းကို ပြုကုန်၏။ ထိုခိုးသူတို့သည် ဘုရားလောင်းကိုလည်းကောင်း၊ ဝေဒဗ္ဗပုဏ္ဏားကို လည်းကောင်း ဖမ်းကုန်၏။ (အဘယ့်ကြောင့်လျှင် ထိုခိုးသူတို့ကို ပေသနက စောရ ဟူ၍ ဆိုအပ်ကုန်သနည်းဟူမူကား ထိုခိုးသူတို့သည်နှစ်ယောက်ကုန်သောသူတို့ကို ဖမ်းကုန်၍ တစ်ယောက်သောသူကို ဥစ္စာယူစိမ့်သောငှါ စေကုန်သတတ်။) ထိုကြောင့် ပေသနကစောရဟူ၍ ဆိုအပ်ကုန်၏။ ထိုခိုးသူတို့ သည်လည်း အဖနှင့်သားတို့ကို ဖမ်းကုန်၍ အဖကို သင်သည် ငါတို့အား ဥစ္စာကို ဆောင်ပြီးလျှင် သားကိုယူ၍ သွားလေဟုဆို၏။ ဤသို့သောနည်းဖြင့် အမိနှင့် သမီးတို့ကို ဖမ်းကုန်၍ အမိကို လွှတ်ကုန်၏။ အစ်ကိုနှင့် ညီတို့ကို ဖမ်းကုန်၍ အစ်ကိုကြီးကို လွှတ်ကုန်၏ ဆရာနှင့် တပည့်တို့ကို ဖမ်းကုန်၍ တပည့်ကို လွှတ်ကုန်၏။ ထိုခိုးသူတို့သည် ထိုကာလ၌လည်း ဝေဒဗ္ဗပုဏ္ဏားကို ဖမ်းကုန်၍ ဘုရားလောင်းကို လွှတ်ကုန်၏။ ဘုရားလောင်းသည် ဆရာကိုရှိခိုး၍ ငါသည် တစ်ရက်နှစ်ရက်သွန်သဖြင့် လာအံ့၊ သင်တို့သည် မကြောက်ကုန်လင့် စင်စစ်သော်ကား ငါ့စကားကို လိုက်နာကုန်လော့။ ယနေ့ ဥစ္စာမိုးကို ရွာစေတတ်သော နက္ခတ်နှင့်ယှဉ်ခြင်းသည် ဖြစ်လတ္တံ့။ သင်တို့သည် ဆင်းရဲခြင်းကို သည်းမခံနိုင်ကုန်သည်ဖြစ်၍ မန္တရားကို မန်း၍ ဥစ္စာမိုးကို မရွာစေကုန်လင့်။ အကယ်၍ ရွာစေကုန်သည်ဖြစ်ငြားအံ့ သင်တို့သည် ပျက်စီးခြင်းသို့ရောက်ကုန်လတ္တံ့။ ငါးရာကုန်သော ဤသူခိုးတို့သည်လည်း ပျက်စီးခြင်းသို့ ရောက်ကုန်လတ္တံ့။ ဤသို့ပေ့ျာင် ဆရာကို ဆုံးမ၍ ဥစ္စာဆောင်ခြင်း အကျိုးငှါ သွား၏။ ခိုးသူတို့သည်လည်း နေဝင်သည်ရှိသော် ပုဏ္ဏားကို နှောင်ဖွဲ့၍ အိပ်စေကုန်၏။

ထိုခဏ၌လျှင် အရှေ့လောကဓာတ်မှ ပြည့်သော လဝန်းသည် ပေါ်၏။ ပုဏ္ဏားသည် နက္ခတ်ကိုကြည့်သည် ရှိသော် ဥစ္စာမိုးရွာစေတတ်သော နက္ခတ်၏ ယှဉ်ခြင်းကိုရအပ်ပြီ၊ ခံစားအပ်သော ဆင်းရဲဖြင့် ငါ့အား အဘယ်အကျိုး ရှိအံ့နည်း၊ မန္တရားကိုမန်း၍ ရတနာမိုးရွာစေ၍ ခိုးသူတို့အား ဥစ္စာကိုပေး၍ ချမ်းသာစွာ သွားအံ့ဟု ကြံ၍ ခိုးသူတို့ကို အိုခိုးသူတို့ သင်တို့သည် ငါ့ကို အဘယ် အကျိုးငှါ ဖမ်းကုန်သနည်းဟု မေးသည်ရှိသော် အရှင် ဥစ္စာအလို့ငှါ ဖမ်းကုန်၏ ဟု ဆိုကုန်၏။ အချင်းခိုးသူတို့ ဥစ္စာဖြင့် အလိုရှိသည် အကယ်၍ဖြစ်ငြားအံ့၊

လျှင်စွာ ငါ့ကို အနှောင်အဖွဲ့မှ လွှတ်စေ၍ ဦးခေါင်းဆေးပြီးလျှင် အသစ်သော အဝတ်ကို ဝတ်စေ၍ နံ့သာတို့ဖြင့် လိမ်ကျံစေ၍ ပန်းတို့ကို ပန်စေ၍ ထားကုန်လော့ဟု ဆို၏။ခိုးသူတို့သည် ပုဏ္ဏားစကားကို ကြား၍ ပုဏ္ဏားဆိုတိုင်း ပြုကုန်၏။ ပုဏ္ဏားသည် နက္ခတ်ယှဉ်ခြင်းကို သိ၍ မန္တရားကို မန်းပြီးလျှင် ကောင်းကင်သို့ ကြည့်၏။ ထိုခဏ၌လျှင် ကောင်းကင်မှ ရတနာတို့သည် ကျကုန်၏။ ခိုးသူတို့သည် ထိုဥစ္စာကို စုရုံး၍ အပေါ်ရုံပုဆိုးတို့၌ အထုပ်ကို ပြု၍ သွားကုန်၏၊ ပုဏ္ဏားသည်လည်း ထိုခိုးသူတို့၏ နောက်မှသာလျှင် သွား၏။

ထိုအခါ ထိုငါးရာကုန်သော ခိုးသူတို့ကို တစ်ပါးကုန်သော ငါးရာကုန်သော ခိုးသူတို့သည် ဖမ်းကုန်၏။ သင်တို့သည် အဘယ်အကျိုးငှါ ဖမ်းကြကုန်သနည်းဟု ဆိုကုန်သည်ရှိသော် ဥစ္စာအလို့ငှါ ဖမ်းကုန်၏ဟု ဆိုကုန်၏။ သင်တို့အား ဥစ္စာဖြင့် အကယ်၍ အလိုရှိငြားအံ့၊ ဤပုဏ္ဏားကို ဖမ်းကြကုန်လော့။ ဤပုဏ္ဏားသည် ကောင်းကင်ကို ကြည့်၍ ဥစ္စာမိုးကို ရွာစေ၏။ ငါတို့အားလည်း ထိုဥစ္စာကို ပုဏ္ဏားသည်လျှင် ပေးအပ်၏ဟု ဆိုကုန်၏။ ထိုခိုးသူတို့သည် ခိုးသူတို့ကို လွှတ်ကုန်၏။ ငါတို့အားလည်း ဥစ္စာကို ပေးလော့ဟု ဆို၍ ပုဏ္ဏားကို ဖမ်းကုန်၏။ ပုဏ္ဏားသည် ငါသည် သင်တို့အား ဥစ္စာကို ပေးငြားအံ့၊ဥစ္စာမိုးကို ရွာစေတတ်သော နက္ခတ်နှင့် ယှဉ်ခြင်းသည်ကား ဤနေ့မှ တစ်နှစ်ထက်၌ ဖြစ်လတ္တံ့။ သင်တို့အား ဥစ္စာဖြင့် အကယ်၍ အလိုရှိငြားအံ့ သည်းခံကြကုန်လော၊ ထိုအခါ ဥစ္စာမိုးကို ရွာစေအံ့ဟု ဆို၏။ ခိုးသူတို့သည် အမျက်ထွက်ကုန်၍ ထိုပုဏ္ဏားကို အိုပုဏ္ဏားယုတ်, တစ်ပါးကုန်သော ခိုးသူတို့အား ယခုအခါ၌ပင်လျှင် ဥစ္စာမိုးရွာစေ၏။ ငါတို့ကို တစ်ပါးသော တစ်နှစ်ပတ်လုံး သည်းခံစေ၏၊ဤသို့ ဆိုကုန်၍ ထက်စွာသော သန်လျက်ဖြင့် ပုဏ္ဏားကို နှစ်ပိုင်းဖြတ်ပြီးလျှင် ခရီး၌ စွန့်၍ လျင်စွာလိုက်ပြီးလျှင် ထိုခိုးသူတို့နှင့် တကွလျှင် စစ်ထိုး၍ ထိုအလုံးစုံကုန်သော သူတို့ကိုလည်း သတ်ပြီးလျှင် ဥစ္စာကို ယူ၍ တစ်ဖန် နှစ်စုတို့သည် ဖြစ်ကုန်၍ အချင်းချင်း စစ်ထိုးကြပြန်၍ နှစ်ရာ့ငါးဆယ်ကုန်သော ယောကျ်ားတို့ကို သတ်ကုန်၍ ဤနည်းဖြင့်လျှင် အကြင်မျှလောက် နှစ်ယောက်သော သူတို့သည် ကြွင်းကုန်သည် ဖြစ်၏။ ထိုမျှလောက် အချင်းချင်း သတ်ကုန်၏။

ဤသို့ ယောကျ်ားတစ်ထောင်သည် ပျက်စီးခြင်းသို့ ရောက်၏။ ထိုကြွင်းကုန်သော နှစ်ယောက်ကုန်သော သူတို့သည် ဥပါယ်ဖြင့် ထိုဥစ္စာကို ဆောင်၍ တစ်ခုသော ရွာ၏ အနီးဖြစ်သော တောချုံရှိရာ အရပ်၌ ဥစ္စာကို ဖုံးလွှမ်း၍ တစ်ယောက်သောသူသည် သန်လျက်ကို ကိုင်လျက် စောင့်၍ နေ၏။တစ်ယောက်သောသူသည် ဆန်ကို ယူ၍ ထမင်းချက်အံ့သောငှါ ရွာသို့ ဝင်၏။ ဤလောဘမည်သည်လည်း ပျက်စီးခြင်း၏ အကြောင်းလျှင်တည်း။ ထို့ကြောင့် ဥစ္စာ၏

အထက်၌ နေသောသူသည် ထိုထမင်းချက်သောသူ လာသည်ရှိသော် ဥစ္စာသည် နှစ်စုတို့သည် ဖြစ်ကုန်လတ္တံ့။ အကယ်၍ကား ငါသည် ထိုထမင်းချက်သော သူသည် လာကာမျှ၌ပင်လျှင် သန်လျက်ဖြင့် ခုတ်၍ သတ်ရမှုကား ကောင်း၏။ ဤသို့ကြံပြီး၍ဥစ္စာစောင့်သောသူသည် သန်လျက်ကိုလွယ်၍ ထိုထမင်းချက်သော သူ၏ လာခြင်းကိုမျှော်လျက် နေ၏။ ထမင်းချက်သော သူသည်လည်း ထိုဥစ္စာသည် နှစ်စုတို့သည် ဖြစ်ကုန်လတ္တံ့။ အကယ်၍ကား ငါသည် ထိုဥစ္စာစောင့်သော သူကို ထမင်း၌ အဆိပ်ခပ်၍ ထိုယောကျ်ားကို စားစေပြီးလျှင် အသက်ကုန်ခြင်းသို့ ရောက်စေ၍ ငါတစ်ယောက်ချင်းသာလျှင် ဥစ္စာကိုယူရမှုကား ကောင်း၏။ ဤသို့ ကြံ၏။ ကြံပြီး၍ ထိုထမင်းချက်သော သူသည် ထမင်းချက်ပြီးသည်ရှိသော် မိမိသည် စား၍ အကြွင်း၌ အဆိပ်ခတ်ပြီးလျှင် ထိုထမင်းကိုယူ၍ ဥစ္စာစောင့်ရာ အရပ်သို့ သွား၏။ထိုသူသည် ထမင်းခွက်ကို ချ၍ ရပ်ကာမျှပင်လျှင် ဥစ္စာစောင့်သော သူသည် သန်လျက်ဖြင့် နှစ်ပိုင်းဖြတ်ပြီးလျှင် ဖုံးလွှမ်းရာအရပ်၌ စွန့်၍ ထိုထမင်းကိုလည်း စား၍ မိမိသည်လည်း ထိုအရပ်၌ပင်လျှင် အသက်ကုန်ခြင်းသို့ ရောက်၏။ ဤသို့လျှင် ထိုဥစ္စာကို မှီ၍ အလုံးစုံသာလျှင် ဖြစ်ကုန်သော သူတို့သည် ပျက်စီးခြင်းသို့ ရောက်ကုန်၏။

ဘုရားလောင်းသည်လည်း တစ်ရက် နှစ်ရက် လွန်သဖြင့် ဥစ္စာကို ယူ၍ လာလတ်သည်ရှိသော် ထိုရပ်၌ ဆရာကို မမြင် ဖရိုဖရဲရှိသော ဥစ္စာကိုကား မြင်၍ ဆရာသည် ငါ့စကားကို မလိုက်နာမူ၍ ဥစ္စာမိုးကို ရွာစေသည် ဖြစ်လတ္တံ့။ အလုံးစုံကုန်သော သူတို့သည် ပျက်စီးခြင်းသို့ ရောက်ကုန်ရာသည် ဖြစ်ရာ၏ဟု ကြံ၍ ခရီးမ၌ နှစ်ပိုင်းပြတ်သည်ကို မြင်၍ ငါ့စကားကို မလိုက်နာသောကြောင့် သေလေပြီဟု ထင်းတို့ကို ထုပ်ပြီးလျှင် ထင်းပုံကို ပြု၍ ဆရာကို သင်္ဂြိုဟ်၍ တောပန်းတို့ဖြင့် ပူဇော်၍ ရှေ့သို့ သွားသည်ရှိသော် အသက်ကုန်ခြင်းသို့ ရောက်ကုန်သော ငါးရာကုန်သော ခိုးသူတို့ကိုလည်းကောင်း, ရှေ့မှ နှစ်ရာ့ ငါးဆယ်ကုန်သော ခိုးသူတို့ကိုလည်းကောင်း ဤသို့ အစဉ်သဖြင့် အဆုံး၌ နှစ်ယောက်ကုန်သော ခိုးသူတို့ကိုလည်းကောင်း အသက်ကုန်ခြင်းသို့ ရောက်ကုန်သည်တို့ကို မြင်၍ နှစ်ယောက်ဘို့ဖြင့် ယုတ်သော ဤယောကျ်ား တစ်ထောင်သည် ပျက်စီးခြင်းသို့ရောက်ပြီ၊ တစ်ပါးကုန်သော ခိုးသူတို့သည် သာလျှင် ဖြစ်ရာ၏။ ဤသို့ကြံ၏။ ဤသို့ကြံပြီး၍ ထိုနှစ်ယောက်ကုန်သော ခိုးသူတို့ သည်လည်း တည်တံ့အံ့သောငှါ မတတ်နိုင်လတ္တံ့။ ထိုခိုးသူတို့သည် အဘယ်သို့ သွားကုန်သနည်း၊ ဤသို့ ကြံ၍ သွားသည်ရှိသော် ထိုခိုးသူတို့၏ ဥစ္စာကိုယူ၍ တောချုံ အရပ်သို့ဝင်ရာ ခရီးကိုမြင်၍ သွားသည်ရှိသော် အထုပ်ဖြင့် ထုပ်အပ်သော ဥစ္စာအစုကို မြင်၍ တစ်ယောက်သောသူကို ထမင်းခွက်ကိုဖိ၍ သေသည် ကို မြင်လေ၏။ ထိုနောက်မှ ဤမည်သော အမှုကို ထိုသူတို့သည်ပြုသည်

ဖြစ်လတ္တံ့။ ဤသို့သိ၍ အဘယ်သို့သျှင် ထိုတစ်ယောက်သော ယောကျ်ားသည် သွားသနည်း ဤသို့ စုံစမ်းသည်ရှိသော် တစ်ယောက်သော ယောကျ်ား၏လည်း ဖုံးလွှမ်းရာ အရပ်၌ ပစ်ထားသော အသေကောင်ကို မြင်၍ ငါတို့၏ဆရာသည် ငါ့စကားကို မလိုက်နာမူ၍ မိမိ၏ ဆိုနိုင်ခက်သည်၏ အဖြစ်ကြောင့် မိမိ သည်လည်း ဖျက်စီးခြင်းသို့ ရောက်ပြီ၊ ထိုဆရာသည် တပါးလည်းဖြစ်သော ယောကျ်ား တစ်ထောင်ကိုသည်း ဖျက်ဆီးအပ်ပြီ၊ စင်စစ်ကား အကြောင်း မဟုတ်သဖြင့် မိမိ၏ စီးပွားခြင်းကို ကောင်းစွာသော သူသည် ငါတို့၏ ဆရာကဲ့သို့ ကြီးစွာသော ပျက်စီးခြင်းသို့သာလျှင် ရောက်လတ္တံ့ဟု ကြံ၍ ဤဂါထာကို ဆို၏—

၄၈။ အနုပါယေန ယော အတ္ထံ၊ ဣစ္ဆတိ သော ဝိဟညတိ။
စေတာ ဟနိံသု ဝေဒဗ္ဗံ၊ သဗ္ဗေ တေ ဗျသနမဇ္ဈဂူ။

အကြောင်းမဟုတ်သဖြင့် စီးပွားချမ်းသာကို အလိုရှိသောသူသည် ပျက်စီး ခြင်းသို့ ရောက်၏၊ စေတတိုင်းသား ခိုးသူတို့သည် ဝေဒဗ္ဗပုဏ္ဏားကို သတ်ကုန်ပြီ၊ ခိုးသူအားလုံးတို့လည်း ပျက်စီးကြကုန်ပြီ။

ဤသို့ ဘုရားလောင်းသည် ငါတို့ဆရာသည် အကြောင်းမဟုတ်သဖြင့် အရာမဟုတ်ရာ၌ လုံ့လကိုပြုလျက် ဥစ္စာမိုးကို ရွာစေ၍ မိမိသည်လည်း အသက် ကုန်ခြင်းသို့ ရောက်၏။ တပါးကုန်သော သူတို့၏လည်း ပျက်စီးခြင်း၏ အကြောင်းသည် ဖြစ်သကဲ့သို့ ဤအတူ တပါးလည်းဖြစ်သော အကြင်သူသည် အယုတ်သဖြင့် မိမိ၏ စီးပွားချမ်းသာကို အလိုရှိသည်ဖြစ်၍ လုံ့လကိုပြုလတ္တံ့၊ ခပ်သိမ်းသော သူတို့၏လည်း ပျက်စီးခြင်း၏ အကြောင်းသည်ဖြစ်လတ္တံ့ဟု တောကိုပဲ့တင်ထပ်စေ၍ နတ်တို့သည် ကောင်းချီးကိုပေးကုန်လျက် ဤဂါထာဖြင့် တရားကို ဟောလျက် ထိုဥစ္စာကို အကြောင်း ဥပါယ်ဖြင့် မိမိအိမ်သို့ ဆောင်၍ အလှူအစရှိကုန်သော ကောင်းမှုတို့ကို ပြုလျက် အသက်၏ အဆုံး၌ နတ်ပြည်ကို ပြည့်စေလျက်လာ၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည်လည်း-ရဟန်း သင်သည် ယခုအခါ၌သာ ဘလျှင် ဆိုနိုင်ခက်သည် မဟုတ်သေး ရှေး၌လည်း ဆိုနိုင်ခက်သည်သာလျှင်တည်း၊ဆိုနိုင်ခက်သည်၏ အဖြစ်ကြောင့်ကား ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ဖူးပြီဟု ဤတရားဒေသနာကို ဆောင်တော်မူ၍ အနုသန္ဓေကို စပ်၍ ယခုအခါ၌ ဆိုနိုင်ခက်သော ရဟန်းသည် ထိုအခါ ဝေဒဗ္ဗပုဏ္ဏား ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ တပည့်ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

လေးဆယ့်ရှစ်ခုမြောက်သော ဝေဒဗ္ဗဇာတ်သည် ပြီး၏။

---

## ၄၉-နက္ခတ္တဇာတ်

### မင်းတို့ထွက် ရက်ရာဇာ

### (ကောင်းကင်နက္ခတ်က လူ့အကျိုးစီးပွားကို ဘာလုပ်နိုင်မှာလဲ)

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လူကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် နက္ခတ္တံ ပဋိမာနေန္တံ-အစရှိသော ဂါထာပုဒ်ဖြင့် ဟန်ဆာဆင်အပ်သော ဤနက္ခတ္တဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော အာဇီဝကကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ အမျိုးသမီး တစ်ယောက်ကို ဇနပုဒ်၌ နေသော အမျိုးသား တစ်ယောက်သည် မိမိ၏ သားဖို့ တောင်း၍ နေ့ရက်ကို မှတ်ပြီးလျှင် ထိုနေ့ ရောက်လတ်သည်ရှိသော် မိမိ၏ ဆရာဖြစ်သော အာဇီဝကကို အရှင်ဘုရား၊ ယနေ့ အကျွန်ုပ်ဘို့သည် မင်္ဂလာတစ်ခုကို ပြုပါကုန်အံ့၊ နက္ခတ်သည် ကောင်းပါ အံ့လောဟု မေးသတတ်၊ ထိုအာဇီဝကသည် ဤဒကာကား ငါ့ကို ရှေးဦးစွာ မမေးမူ၍ နေ့ရက်ကို မှတ်သားပြီး ယခုမှ မေးပြန်၏၊ ဘာပဲဖြစ်ဖြစ် ထိုဒကာ၏ မင်္ဂလာကိုဖျက်အံ့၊ ဤသို့ အမျက်ထွက်၍ ယနေ့နက္ခတ် မကောင်း၊ ယနေ့ မင်္ဂလာကို မပြုလင့်၊ မင်္ဂလာကို အကယ်၍ ပြုကုန်အံ့၊ မင်္ဂလာကို ပြုသော သူအား ကြီးစွာသော ပျက်စီးခြင်းသည် ဖြစ်လတ္တံ့ဟု ဆို၏။ အမျိုးဖြစ်ကုန်သော လူတို့သည် ထိုအာဇီဝက၏ စကားကို ယုံကြည်၍ ထိုနေ့ မသွားကုန်၊ သာဝတ္ထိပြည်၌ နေကုန်သော သူတို့သည် အလုံးစုံသော မင်္ဂလာကိစ္စကို ပြု၍ ဇနပုဒ်သားကူ မလာသည်ကို သိ၍ ထိုဇနပုဒ်သားတို့သည် ယနေ့လာမည်ဟု နေ့ရက်ကို မှတ်သားကုန်၏။ လာကား မလာကုန်၊ ငါတို့သည်လည်း များစွာ

ကုန်သော ရိက္ခာအမှုကို ပြုအပ်ကုန်ပြီ၊ ထိုဇနပုဒ်သားတို့ဖြင့် ငါတို့အား အဘယ် အကျိုးရှိအံ့နည်း၊ ငါတို့၏ သမီးကို တစ်ပါးသောသူတို့အား ပေးကုန်အံ့ဟု စီရင်ပြီးတိုင်းသော မင်္ဂလာဖြင့် သမီးကို တစ်ပါးသော အမျိုးသားအား ပေးကုန်၏။

ဇနပုဒ်သားတို့သည် နက်ဖြန် နေ့၌ လာလတ်၍ ငါတို့အား သတို့သမီးကို ပေးကုန်လောဟု ဆိုကုန်၏၊ ထိုအခါ ဇနပုဒ်သားတို့ကို သာဝတ္ထိမြို့သားတို့သည် ဇနပုဒ်၌ နေကုန်သော အိမ်ရှင်ဖြစ်ကုန်သော သင်တို့ မည်သည်ကား လူယုတ်မာ တို့တည်း၊ နေ့ရက်ကို ချိန်းပြီး မထေမဲ့မြင်ပြုသဖြင့် မလာကုန်၊ လာမြဲတိုင်း သော ခရီးဖြင့်သာလျှင် ပြန်ကြကုန်လော၊ ငါတို့သည် တစ်ပါးကုန်သော သူတို့အား သတို့သမီးကို ပေးအပ်ပြီ။ ဤသို့ ရေရွတ်ကုန်၏၊ ထိုဇနပုဒ်သား တို့သည် သာဝတ္ထိ မြို့သားတို့နှင့်တကွ ခိုက်ရန်ကို ပြုကုန်၏၊ သတို့သမီးကို မရမူ၍ နေရာကြောင်းသို့ ပြန်ရကုန်၏၊ ထိုအာဇီဝကသည်လည်း မင်္ဂလာကို ဖျက်သောအဖြစ်သည် ရဟန်းတို့၏ အတွင်း၌ ထင်ရှားသည် ဖြစ်၏၊ ထို ရဟန်းတို့သည်လည်း တရားသဘင်၌ စည်းဝေးကုန်လျက် ငါ့ရှင်တို့ အာဇီဝက သည် အမျိုး၏ မင်္ဂလာအန္တရာယ်ကို ပြုအပ်၏ဟု ပြောဆိုလျက် နေကုန်၏။

မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ် စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၏၊ ထိုရဟန်းတို့သည် ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု လျှောက်ကုန်၏၊ ရဟန်းတို့ ယခုအခါ၌သာလျှင် ထိုအာဇီဝကသည် အမျိုး၏ မင်္ဂလာ အန္တရာယ်ကို ပြုတတ်သည် မဟုတ်သေး၊ ရှေး၌လည်း ဤအာဇီဝကသည် ထိုလူတို့အား အမျက်ထွက်၍ မင်္ဂလာ၏ အန္တရာယ်ကို ပြုဖူးသည်သာလျှင်တည်းဟု မိန့်တော် မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဗာရာဏသီမြို့၌ နေကုန်သော သူတို့သည် ဇနပုဒ်၌ နေကုန်သောသူတို့၏ သမီးကို တောင်း၍ နေ့ရက်ချိန်းပြီးမှ မိမိ၏ဆရာဖြစ်သော အာဇီဝကကို အရှင်ဘုရား ယနေ့ အကျွန်ုပ်တို့အား မင်္ဂလာကိစ္စတစ်ခုသည် ရှိ၏၊ နက္ခတ်သည် ကောင်းပါ၏လောဟု မေးကုန်၏၊ ထိုဆရာဖြစ်သော အာဇီဝကသည် ဒါယကာ တို့သည် မိမိတို့၏ အလိုအားဖြင့် နေ့ရက်ကို မှတ်သားပြီးလျှင် ယခုမှ ငါ့ကို မေးကုန်၏၊ ဤသို့ အမျက်ထွက်၍ ယနေ့ ထိုမင်္ဂလာကို ဖျက်အံ့ဟု ကြံ၍ ယနေ့သည် နက္ခတ်မကောင်း၊ အကယ်၍ မင်္ဂလာကို ပြုကုန်ငြားအံ့၊ ကြီးစွာ

သော ပျက်စီးခြင်းသို့ ရောက်ကုန်လတ္တံ့ဟု ဆို၏၊ ထိုမြို့သားတို့သည် ဆရာ အာဇီဝက၏ စကားကို ယုံကြည်၍ မလာကုန်၊ ဇနပုဒ်သားတို့သည် မြို့သား တို့၏ မလာခြင်းကို သိကုန်၍ ထိုမြို့သားတို့သည် ယခနေ့ နေ့ရက်ကို မှတ်သား ပြီး၍လည်း မလာကုန်၊ ထိုမြို့သားတို့ဖြင့် ငါတို့အား အဘယ်အကျိုးရှိအံ့နည်း၊ တစ်ပါးကုန်သော သူတို့အား သမီးကို ပေးကုန်အံ့ဟု တစ်ပါးကုန်သော သူတို့ အား သမီးကို ပေးကုန်၏၊ မြို့သားတို့သည် နက်ဖြန် နေ့၌ လာလတ်ကုန်၍ သတို့သမီးကို တောင်းကုန်၏၊ ဇနပုဒ်သားတို့သည် မြို့၌ နေကုန်သော သင်တို့ မည်သည်ကား အရှက်အကြောက် မရှိကုန်သော အိမ်ရှင်သာလျှင် ဖြစ်ကုန်၏၊ နေ့ရက်ကို မှတ်သားပြီးမှ သမီးကို မယူလာကုန်၊ ငါတို့သည် သင်တို့မလာသည်၏ အဖြစ်ကြောင့် တစ်ပါးသောသူတို့အား ပေးကုန်ပြီဟု ဆိုကုန်၏၊ငါတို့သည် ဆရာ အာဇီဝကကိုမေး၍ နက္ခတ်မကောင်း၊ ဤသို့သော စကားကို ကြား၍မလာကုန်၊ ငါတို့အား သမီးကို ပေးကုန်လောဟု ဆိုကုန်၏။ ငါတို့သည် သင်တို့မလာခြင်း ကြောင့် သူတစ်ပါးတို့အား ပေးကုန်ပြီ။ ယခုမှ ပေးအပ်ပြီးသော သတို့သမီးကို အသို့ ပြန်ဆောင်ရကုန်အံ့နည်းဟု ဆိုကုန်၏။ ဤသို့လျှင် ထိုမြို့သား ဇနပုဒ်သား တို့သည် အချင်းချင်း ခိုက်ရန်ကို ပြုကုန်စဉ် တစ်ခုသော အကြောင်းကြောင့် ဇနပုဒ်သို့ သွားသော မြို့နေပညာရှိ ယောကျ်ား တစ်ယောက်သည် ငါတို့သည် ဆရာ အာဇီဝကကို မေးကုန်၍ နက္ခတ် မကောင်းသည်၏ အဖြစ်ကြောင့် မလာကုန်၊ ဤသို့ ဆိုကုန်သော ထိုမြို့သားတို့၏ စကားကို ကြား၍ နက္ခတ်သည် အဘယ်အကျိုး ရှိအံ့နည်း၊ သတို့သမီးကို ရသည်၏အဖြစ်သည်သာလျှင် နက္ခတ် မဟုတ်သလော၊ ဤသို့ ဆိုလို၍ ဤဂါထာကို ဆို၏။

၄၉။ နက္ခတ္တံ ပဋိမာနေန္တံ၊ အတ္ထော ဗာလံ ဥပစ္စဂါ။
အတ္ထော အတ္ထဿ နက္ခတ္တံ၊ ကိံ ကရိဿန္တိ တာရကာ။

နက္ခတ်ကို ငံ့လင့်အားကိုးသော လူမိုက်အား သတို့သမီး ရခြင်းအကျိုး ဆုတ်ယုတ်၏။ လိုအပ်သော အကျိုးပြီးလျှင် အကျိုးလိုသူ၏ နက္ခတ်တည်း။ ကောင်းကင်ရှိ ကြယ်တာရာတို့က အဘယ်အကျိုးကို ဖန်တည်းပြုပြင်နိုင်အံ့နည်း။ ထိုသူတို့သည် အမျိုးသမီးကို မရရှိဘဲ ခိုက်ရန်ဖြစ်ကာ ပြန်လာခဲ့ရကုန်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ရဟန်းတို့ ဤအာဇီဝကသည် ယခုအခါ၌သာလျှင် ထို အမျိုး၏ မင်္ဂလာအန္တရာယ်ကို ပြုတတ်သည် မဟုတ်သေး။ ရှေး၌လည်း ပြုဖူး သည်သာလျှင်တည်းဟု ဤတရားဒေသနာကို ဆောင်တော်မူ၍ အနုသန္ဓေကို

စပ်ကာ ယခုအခါ အာဇီဝကသည် ထိုအခါ ဆရာအာဇီဝက ဖြစ်ဖူးပြီ။ ယခုအခါ ထိုအမျိုးသားတို့သည် ထိုအခါ ထိုအမျိုးသားတို့သည် ဖြစ်ဖူးကုန်၏။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဂါထာကို ရွတ်၍ ရပ်သော ပညာရှိသော ယောက်ျား ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

လေးဆယ့်ကိုးခုမြောက်သော နက္ခတ္တဇာတ်သည် ပြီး၏။

## ၅၀—ဒုမ္မေဓဇာတ်

## သီလမရှိသူကို သတ်၍ ယဇ်နတ်ပူဇော်

## ပစ္စုပ္ပန်ဝတ္ထု

နဘ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဒုမ္မေဓာနံ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒုမ္မေဓဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် လောက၏ အကျိုးစီးပွား ကျင့်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုလောက၏ အကျိုးစီးပွားကို ကျင့်ခြင်းသည် ဒွါဒသကနိပါတ် မဟာကဏှဇာတ် ၌ ထင်စွာ ပြုလတ္တံ့။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဗာရာဏသီမင်း၏ မိဖုရားကြီး၌ ပဋိသန္ဓေယူ၏၊ အမိဝမ်းမှ ဖွားသော ထိုဘုရားလောင်းအား အမည်ကိုမှည့်သောနေ့၌ ဗြဟ္မဒတ်သတို့သားဟူသော အမည်ကို မှည့်ကုန်၏။ ဘုရားလောင်းသည် တစ်ဆယ့်ခြောက်နှစ်အရွယ် ရှိလတ်သော် တက္ကသိုလ်ပြည်၌ အတတ်ကိုသင်၍ ဗေဒင်သုံးပုံ၏ ကမ်းတစ်ဘက်သို့ ရောက်၍ တစ်ဆယ့်ရှစ်ပါးကုန်သော အတတ်တို့၏ အပြီးသို့ ရောက်၏။ ထိုအခါ ဘုရားလောင်းအား အဖသည် အိမ်ရှေ့မင်း အဖြစ်ကို ပေး၏။ ထိုအခါ ဗာရာဏသီမြို့၌ နေကုန်သော လူတို့သည် နတ်တို့ကို ကိုးကွယ်ကုန်၏၊ နတ်တို့ကို ရှိခိုးကုန်၏။ များစွာသော လူတို့သည် ဆိတ်မြန်မာ ဆိတ်ကုလား ကြက်ဝက် အစရှိသည်တို့ကို သတ်ကုန်၍ အထူးထူး အပြားပြားကုန်သော ပန်းနံ့သာတို့ဖြင့်လည်းကောင်း၊ အသားအသွေးတို့ဖြင့် လည်းကောင်း နတ်အား ပူဇော်သောအမှုကို ပြုကုန်၏။ ဘုရားလောင်းသည် ယခုအခါ သတ္တဝါတို့သည် နတ်ကို ကိုးကွယ်ကုန်၏။ များစွာကုန်သော လူတို့သည် သတ္တဝါတို့အား သတ်ခြင်းကို ပြုကုန်၏။ လူများသည် များသောအားဖြင့် အဓမ္မ၌

သာလျှင် တည်၏။ ငါသည် အဖ လွန်သဖြင့် မင်းအဖြစ်ကိုရမှုကား တစ်ယောက်သော သူကိုလည်း မပင်ပန်းစေမူ၍ ဥပါယ်ဖြင့်သာလျှင် သတ္တဝါ သတ်ခြင်းကို ပြုအံ့သောငှါ မပေးအံ့၊ ဤသို့ ကြံ၏။ ကြံပြီး၍ ထိုဘုရားလောင်းသည် တစ်နေ့သ၌ ရထား စီး၍ မြို့မှ ထွက်သည်ရှိသော် တစ်ခုသော ကြီးစွာသော ပညောင်ပင်၌ လူများတို့သည် စည်းဝေးသည်ကို မြင်၍ ထို ပညောင်ပင်၌ ဖြစ်သော နတ်အထံ၌ သားသမီးစည်းစိမ် အခြံအရံ ဥစ္စာအစရှိသည်တို့တွင် အကြင် အကြင်ဆုကို အလိုရှိကုန်၏။ ထိုထိုသုကို တောင်းကုန်၏။

ထိုအခါ ဘုရားလောင်းသည် ရထားမှသက်၍ ပညောင်ပင်ရင်းသို့ ကပ်ပြီးလျှင် နံ့သာပန်းတို့ဖြင့် ပူဇော်၍ ရေဖြင့် သွန်းခြင်းကိုပြု၍ ပညောင်ပင်ကို လက်ယာရစ် လှည့်၍ နတ်ကို ကိုးကွယ်သူကဲ့သို့သာလျှင် ဝင်လေ၏။ ထိုအခါမှစ၍ ဤသို့သော နည်းဖြင့်လျှင် ရံခါရံခါ ဖြစ်သော ကာလ၌ ထိုပညောင်ပင်သို့ သွား၍ နတ်ကို ကိုးကွယ်သော သူကဲ့သို့ ပူဇော်ခြင်းကို ပြု၏၊ ထိုဘုရားလောင်းသည် နောက်အခါ၌ အဖလွန်သဖြင့် မင်းအဖြစ်၌ တည်၍ လေးပါးသော အဂတိကို ကြဉ်၍ ဆယ်ပါးသော မင်းကျင့်တရားတို့ကို မပျက်စေမူ၍ တရားသဖြင့် မင်းပြုလတ်သော် ငါ၏နှလုံးအလိုသည် အပြီးသို့ ရောက်ပြီ၊ မင်းအဖြစ်၌ တည်သည်ဖြစ်ပြီ၊ ငါသည်ကား ရှေး၌ တစ်ခုသော အကြင်ကိစ္စကို ကြံပြီ၊ ယခုအခါ ထိုကိစ္စကို အပြီးသို့ ရောက်စေအံ့ဟု ကြံ၏။ ကြံပြီး၍ အမတ်, ပုဏ္ဏား, သူကြွယ် အစရှိသည်တို့ကို စည်းဝေးစေ၍ အချင်းတို့ ငါသည် အဘယ် အကြောင်းဖြင့် မင်းအဖြစ်သို့ ရောက်သည်ကို သိကြကုန်သနည်းဟု မေး၏။ အရှင်မင်းကြီး မသိပါဟု လျှောက်ကုန်၏။ ဤအမည်ရှိသော တစ်ခုသော ပညောင်ပင်ကို နံ့သာအစရှိသည်တို့ဖြင့် ပူဇော်၍ လက်အုပ်ချီ၍ရှိခိုးသော ငါ့ကို မြင်ဖူးကုန်၏လောဟု မေး၏။ အရှင်မင်းကြီး မြင်ဖူးပါကုန်၏ဟု လျှောက်ကုန်၏။

ထိုအခါ ငါသည် မင်းအဖြစ်သို့ အကယ်၍ ရောက်အံ့။ သင်နတ်အား ပူဇော်သော အမှုကို ပြုအံ့ဟု ဆုတောင်းခြင်းကို ပြု၏။ ငါသည် ထိုနတ်တို့၏ အာနုဘော်ဖြင့် မင်းအဖြစ်ကို ရအပ်ပြီ။ ယခုအခါ နတ်အား ပူဇော်ခြင်း အမှုကို ပြုအံ့၊ သင်တို့သည် ကြာမြင့်ခြင်းကို မပြုမူ၍ လျင်စွာ နတ်အား ပူဇော်ခြင်း အမှုကို စီရင်ကြကုန်လော, ဤသို့ ဆို၏။ အရှင်မင်းကြီး အဘယ်ကို ယူရကုန်အံ့နည်းဟု လျှောက်ကုန်၏။ အချင်းတို့ ငါသည် နတ်အား တောင်းပန်သည်ရှိသော် ငါ၏ တိုင်းနိုင်ငံ၌ အကြင်သူတို့သည် ပါဏာတိပါတ အစရှိကုန်သော ငါးပါးကုန်သော သီလ မရှိကုန်သော သူတို့၏ အမှုတို့ကိုလည်းကောင်း၊ ဆယ်ပါးကုန်သော အကုသလ ကမ္မပထတို့ကို

လည်းကောင်း ယူ၍ ကျင့်ကုန်လတ္တံ့။ ထိုသူတို့ကို သတ်၍ အသွီမ် အသား အသွေးတို့ဖြင့် နတ်ပူဇော်သော အမှုကို ပြုအံ့ဟု တောင်းပန်ဖူးပြီ။ ထိုကြောင့် သင်တို့သည် ငါတို့၏မင်းသည် အိမ်ရှေ့မင်းဖြစ်သော ကာလ၌လျှင် ငါသည် မင်းအဖြစ်သို့ အကယ်၍ ရောက်အံ့၊ ငါ၏ တိုင်းနိုင်ငံ၌ အကြင်သူတို့သည် သီလ မရှိသည် ဖြစ်လတ္တံ့။ ထိုအလုံးစုံသော သူတို့ကို သတ်စေ၍ နတ်ပူဇော်သော အမှုကို ပြုအံ့ဟု တောင်းပန်ခဲ့မိ၏။ ထိုငါတို့မင်းသည် ယခုပင်လျှင် ငါးပါးသော သီလမရှိသော သူတို့၏ အမှု ဆယ်ပါးသော အကုသိုလ်အမှုတို့ကို ဆောက်တည်၍ ပြုကျင့်ကုန်သော သူတို့၏ လူအပေါင်း အထောင်ကို သတ်၍ ထိုသူတို့၏ နှလုံးသား အစရှိသည်ကို ယူ၍ နတ်အားပူဇော်သော အမှုကို ပြုလို၏။ ဤသို့ မြို့၌ နေကုန်သော သူတို့သည် သိစေကုန်သတည်းဟု စည်လည်စေကုန်လော့၊ ဤသို့ဆို၍ ယခုအခါ၌ အကြင်သူတို့သည် ဤနေ့မှစ၍ သီလ မရှိကုန်သော သူတို့၏အမှုတို့ကို ကျင့်ကုန်လတ္တံ့။ထိုသူတို့၏ လူပေါင်းအထောင်ကို သတ်၍ ယစ်ပူဇော်၍ တောင်းပန်ခြင်းမှ လွတ်စေအံ့ဟု ဤသို့သောအနက်ကို ထင်ရှားပြလိုရကား ဤဂါထာကို ဆို၏။

၅၀။ ဒုမ္မေဓာနံ သဟဿေန၊ ယညော မေ ဥပယာစိတော။
ဣဒါနိ ခေါဟံ ယဇိဿာမိ၊ ဗဟု အဓမ္မိကော ဇနော။

ပညာမရှိကုန်သော သူတို့၏ အထောင်ဖြင့် ယဇ်ကို ငါသည် ပူဇော်အံ့ဟု ပညောင်စောင့်နတ်သို့ ကပ်၍ တောင်းပန်၏။ ယခုအခါ၌သာလျှင် ငါသည် ပူဇော်အံ့၊ များစွာသော လူအပေါင်းသည် တရားမစောင့်။

အမတ်တို့သည် ဘုရားလောင်း၏ စကားကို ကြားကုန်၍ ရှင်မင်းကြီး ကောင်းပြီဟု တစ်ဆယ့်နှစ်ယူဇနာ ရှိသော ဗာရာဏသီမြို့၌ စည်လည်စေကုန်၏။ စည်သံကို ကြား၍ တစ်ပါးလည်း ဖြစ်သော သီလ မရှိကုန်သော သူတို့၏ အမှုကို ယူ၍တည်သော တစ်ယောက်သော ယောကျာ်း သည်လည်း မဖြစ်၊ ဤသို့လျှင် အကြင်မျှလောက် ဘုရားလောင်းသည် မင်းပြု၏။ ထိုမျှလောက် တစ်ယောက်သော ပုဂ္ဂိုလ်သည်လည်း ငါးပါးလည်း ဖြစ်ကုန်သော ဆယ်ပါးလည်း ဖြစ်ကုန်သော သီလ မရှိကုန်သော သူတို့၏ အမှုတို့တွင် တစ်ခုသော အမှုကို မျှလည်း ပြုခြင်းမည်သည် မထင်၊ ဤသို့ ဘုရားအလောင်းသည် တစ်ယောက်သော သူကိုလည်း မပင်ပန်းစေမူ၍ အလုံးစုံသော တိုင်းနိုင်ငံ၌ နေကုန်သော သူတို့ကို သီလစောင့်စေ၍ မိမိ သည်လည်း ဒါနအစရှိသော ကောင်းမှုတို့ကို ပြု၍ အသက်၏အဆုံး၌ မိမိ ပရိသတ်ကိုယူ၍ နတ်ပြည်၌ ပြည့်စေလျက် လား၏။

**ဇာတ်ပေါင်း**

မြတ်စွာဘုရားသည် ရဟန်းတို့ ငါဘုရားသည် ယခုအခါ၌သာလျှင် လောက၏ အကျိုးစီးပွားကို ကျင့်သည် မဟုတ်သေး ရှေး၌လည်း ကျင့်ဖူးသလျှင် ကတည်းဟု တရားဒေသနာကို ဆောင်တော်မူ၍ အနုသန္ဓေကို စပ်၍ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ ဗာရာဏသီမင်း ပရိသတ်ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီဟု ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ငါးဆယ်ခုမြောက်သော ဒုမ္မေဓဇာတ်သည် ပြီး၏။

---

# ၆-အာသီသဝဂ်

## ၅၁-မဟာသီလဝဇာတ်

### ယောကျ်ားတို့ လုံ့လ သေခါမှ လျှော့ရမည်

**ပစ္စုပ္ပန်ဝတ္ထု**

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "အာသီသေထေဝ ပုရိသော" အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမဟာသီလဝဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် လျှော့သော ဝီရိယရှိသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုစကားကို ချဲ့ဦးအံ့။ မြတ်စွာဘုရားသည် လျှော့သော ဝီရိယရှိသော ရဟန်းကို ရဟန်း သင်သည် လျှော့သော ဝီရိယရှိသတတ်ဟူသည် မှန်သလောဟု မေးတော်မူ၏။ အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်း သင်သည် အဘယ့်ကြောင့် ဤသို့ သဘောရှိသော ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော သာသနာတော်၌ ရဟန်းပြု၍ ဝီရိယကို လျှော့သနည်း။ ရှေး၌ ပညာရှိတို့သည် မင်းအဖြစ်မှ ယုတ်ကုန်၍လည်း မိမိဝီရိယ၌ တည်၍ ပျက်စီးပြီးသော စည်းစိမ် အရံကိုလည်း ဖြစ်စေဖူးကုန်ပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

**အတိတ်ဝတ္ထု**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဗာရာဏသီမင်း၏ မိဖုရားကြီးဝမ်း၌ ဖြစ်၏။ ထိုဘုရားလောင်းအား အမည်မှည့်သောနေ့၌ သီလဝသတို့သားဟူသော အမည်ကို မှည့်ကုန်၏။ ထိုဘုရားလောင်းသည် တစ်ဆယ့်ခြောက်နှစ်အရွယ် ရှိလတ်သော်

အလုံးစုံသော အတတ်၌ အပြီးသို့ ရောက်၍ နောက်အဖို့၌ အဘလွန်သဖြင့် မင်းအဖြစ်၌ တည်သည် ဖြစ်၍ မဟာသီလဝ အမည်ရှိသော မင်းသည် ဖြစ်၏။ တရားကို စောင့်၏။ တရားသဖြင့် မင်းပြု၏။ ထိုမဟာသီလဝမင်းသည် ဗာရာဏသီမြို့ဝယ် တံခါးလေးမျက်နှာတို့၌ လေးဆောင်၊ မြို့လယ်၌ တစ်ဆောင်၊ နန်းတော်တံခါး၌ တစ်ဆောင် ဤသို့ ခြောက်ဆောင်ကုန်သော အလှူတင်းကုပ်တို့ကို အမြဲဆောက်လုပ်စေ၍ အထီးကျန်သသူ ခရီးသွားသော သူတို့အား အလှူပေး၏၊ သီလစောင့်၏။ ဥပုသ်ဆောက်တည်ခြင်းကို ပြု၏။ ခန္တီမေတ္တာ ကရုဏာနှင့်ပြည့်စုံ၏။ ရင်ခွင်၌ နေသော သားကို နှစ်သိမ့်စေဘိသကဲ့သို့ ခပ်သိမ်းကုန်သော သတ္တဝါတို့ကို နှစ်သိမ့်စေလျက် တရားသဖြင့် မင်းပြု၏။

ထိုမဟာသီလဝမင်း၏ တစ်ယောက်သော အမတ်သည် နန်းတော်တွင်း၌ ပြစ်မှား၍ နောက်အဖို့၌ ထင်ရှားသည် ဖြစ်၍ အမတ်တို့သည် မင်းအား ကြားလျှောက်ကုန်၏။ မင်းသည် စုံစမ်းသည် ရှိသော် မိမိမျက်မှောက်အားဖြင့် သိ၍ ထိုအမည်ကို ခေါ်စေ၍ အလွန်မိုက်သောသူ သင်သည် မသင့်သည်ကို ပြု၏။ သင်သည် ငါ၏ တိုင်းနိုင်ငံ၌ နေခြင်းငှါ မထိုက်။ သင်၏ ဥစ္စာ သားမယားတို့ကို ယူ၍ တစ်ပါးသော အရပ်သို့ သွားလေလောဟု တိုင်းနိုင်ငံမှ နှင်ထုတ်လိုက်၏။ ထိုအမတ်သည် ကာသိတိုင်းကို လွန်၍ ကောသလဇနပုဒ်သို့ သွားပြီးလျှင် ကောသလမင်းကို ခစားသည် ရှိသော် အစဉ်သဖြင့် ကောသလမင်း၏ အတွင်းသား အကျွမ်းဝင်သူသည် ဖြစ်၏။ ထိုအမတ်သည် တစ်နေ့သ၌ ကောသလမင်းကို အရှင်မင်းကြီး ဗာရာဏသီပြည် မည်သည်ကား ပျားကောင်မရှိသော ပျားလဘို့နှင့် တူ၏။ မင်းသည်လည်း အလွန်နူးညံ့၏။ အနည်းငယ်သာလျှင် ဖြစ်သော ဗိုလ်ပါ ဆင် မြင်းဖြင့် ဗာရာဏသီပြည်ကို ယူခြင်းငှါ တတ်နိုင်၏ဟု လျှောက်၏၊ မင်းသည် ထိုအမတ်၏ စကားကို ကြား၍ ဗာရာဏသီပြည်သည်ကား အလွန်ကြီး၏၊ ဤအမတ်သည်လည်း ဗိုလ်ပါ ဆင် မြင်းဖြင့် ယူခြင်းငှါ တတ်နိုင်၏ဟု ဆို၏၊ သူလျှိုခိုးသူသည် ဖြစ်ရာ၏၊ ဤသို့ ကြံ၍ သင်သည် သူလျှိုယောင်တကားဟု ဆို၏၊ အရှင်မင်းကြီး အကျွန်ုပ်သည် သူလျှို မဟုတ်မှန်သည်ကိုသာလျှင် ဆိုပါ၏၊ အကျွန်ုပ်၏ စကားကို အကယ်၍ ယုံကြည်တော်မမူအံ့၊ လူတို့ကို စေ၍ ပစ္စန္တရစ်ကို ဖျက်ဆီးစေကုန်လော၊ ထိုလူတို့ကို ဖမ်း၍ မိမိအထံသို့ ဆောင်သည် ရှိသော် ထိုသူတို့ကို ဥစ္စာပေး၍ လွှတ်လိုက်လတ္တံ့၊ ဤသို့ ဆိုသည် ရှိသော် ကောသလမင်းသည် ဤအမတ်သည်ကား အလွန်ရဲရင့်သည် ဖြစ်၍ ဆို၏၊ ထိုဗာရာဏသီ မင်းကို ရှေးဦးစွာ စုံစမ်းအံ့ဟု မိမိ၏ မင်းချင်း ယောကျ်ားတို့ကို စေ၍ ပစ္စန္တရစ်ရွာကို ဖျက်ဆီးစေ၏၊ ထိုပစ္စန္တရစ် ရွာသားတို့သည် ထိုခိုးသူတို့ကို ဖမ်း၍ ဗာရာဏသီ မင်းအား ပြကုန်၏၊ မင်းသည် ခိုးသူတို့ကို မြင်၍ အမောင်တို့ အဘယ့်ကြောင့် ရွာကို

ဖျက်ဆီးကုန်သနည်းဟု မေးသည် ရှိသော် ရှင်မင်းကြီး အသက်မွေးခြင်းငှါ မတတ်နိုင်သောကြောင့် ဖျက်ဆီးကုန်၏ဟု လျှောက်ကုန်၏၊ မင်းသည် ထိုသို့ အသက် မမွေးနိုင်သော်လည်း အဘယ့်ကြောင့် ငါ့အထံသို့ မလာကြကုန် သနည်း၊ ယနေ့မှ စ၍ ဤသို့ သဘောရှိသော အမှုကို မပြုကုန်လင့်ဟု ဆို၍ ထိုခိုးသူတို့အား ဥစ္စာကို ပေး၍ လွှတ်လိုက်၏။

ထိုမင်းချင်း ယောကျ်ားတို့သည် သွားကုန်၍ ကောသလ မင်းအား ထိုအကြောင်းကို လျှောက်ကုန်၏၊ ကောသလ မင်းသည် ဤမျှဖြင့်လည်း သွားခြင်းငှါ မဝံ့သည် ဖြစ်၍ ဟင်ဖန်စေ၍ တိုင်းလယ်၌ ဖြစ်သော ဇနပုဒ်ကို ဖျက်ဆီးစေ၏၊ ထိုမင်းချင်းတို့ကို မဟာသီလဝ မင်းသည် ထိုရှေးအတူသာလျှင် ဥစ္စာပေး၍ လွှတ်လိုက်၏၊ ထိုကောသလ မင်းသည် ဤမျှဖြင့်လည်း မသွားမူ၍ တစ်ဖန်စေ၍ မြို့လယ်ခရီးကို ဖျက်ဆီးစေ၏၊ မဟာသီလဝမင်းသည် ထိုမင်းချင်း ခိုးသူတို့အားလည်း ဥစ္စာပေး၍ လွှတ်လိုက်သည်သာလျှင်တည်း၊ ထိုအခါ ကောသလမင်းသည် ဗာရာဏသီမင်းကား အလွန်လျှင် တရားစောင့်၏၊ တရား သဖြင့် မင်းဖြစ်၏ဟု သိ၍ ဗာရာဏသီပြည်ကို မင်းပြုအံ့ဟု ဗိုလ်ပါ ဆင်မြင်းကို ယူ၍ ထွက်၏၊ ထိုအခါကား ဗာရာဏသီမင်းအား အမှန်ယုံစ်သော ဆင်ကဲ့သို့ ရှေးရှုလာကုန်သော်သည်း မဆုတ်မနစ်သော သဘောရှိကုန်သော မိုးကြိုး တို့သည် ဦးခေါင်း၌ ကျကုန်သော်လည်း မထိတ်မလန့်သော မဟာသီလဝ မင်းသည် အလိုရှိသည် ရှိသော် အလုံးစုံသော ဇမ္ဗူဒိပ်၌ မင်းအဖြစ်ကို ယူခြင်းငှါ စွမ်းနိုင်ကုန်သော တစ်ထောင် အတိုင်းအရှည် ရှိကုန်သော မပျက်သော လုံ့လ ရဲရင့်ခြင်း ရှိကြကုန်သော သူရဲကြီးတို့သည် ရှိသည် ဖြစ်ကုန်၏၊ ထိုသူရဲကြီးတို့သည် ကောသလ မင်း လာပြီဟု ကြားလျှင် မင်းသို့ ကပ်ကုန်၍ ရှင်မင်းကြီး ကောသလမင်းသည် ဗာရာဏသီပြည်ကို ယူအံ့သောငှါ လာသတတ်၊ အကျွန်ုပ်တို့သည် သွားကုန်အံ့၊ ထိုကောသလမင်းကို အကျွန်ုပ်တို့၏ နိုင်ငံ အပိုင်းအခြားသို့ မဝင်မီ သတ်၍ ယူအံ့ဟု လျှောက်ကုန်၏၊ မင်းသည် အမောင်တို့ ငါ့ကို မှီ၍ ဝစ်ပါးကုန်သော လူတို့အား ပင်ပန်းခြင်း ကိစ္စသည် မရှိ၊ တိုင်းပြည်ကို အလိုရှိကုန်သော သူတို့သည် တိုင်းပြည်ကို ယူစေကုန်၊ မသွားကြကုန်လင့်ဟု တားမြစ်၏၊ ကောသလမင်းသည် နိုင်ငံ အပိုင်းအခြားကို လွန်၍ ဇနပုဒ် အလယ်သို့ ဝင်၏၊ အမတ်တို့သည် တစ်ဖန်လည်း မင်းသို့ ကပ်၍ ရှေးအတူသာလျှင် လျှောက်ကုန်၏၊ မင်းသည် ရှေးနည်းဖြင့်သာလျှင် မြစ်၏။

ကောသလမင်းသည် မြို့ပြင်၌ ရပ်၍ ပြည်ကိုတည်း ပေးမည်လော၊ စစ်ထိုး ခြင်းကိုတည်း ပြုမည်လောဟု မဟာသီလဝမင်းအား စေလိုက်၏၊ မဟာသီလဝ မင်းသည် ထိုသတင်း စကားကို ကြား၍ ငါ၌ စစ်ထိုးခြင်းသည် မရှိ၊ တိုင်းပြည်ကို

ယူလေဟု စကားတို့ဆိုလိုက်၏၊ တစ်ဖန်လည်း အမတ်တို့သည် မင်းသို့ ကပ်ကုန်၍ အရှင်မင်းကြီး အကျွန်ုပ်တို့သည် ကောသလမင်းအား မြို့သို့ ဝင်စိမ့်သောငှါ မပေးကုန်အံ့၊ မြို့ပ၌သာလျှင် ထိုကောသလမင်းကို သတ်၍ ယူကုန်အံ့ဟု လျှောက်ကုန်၏၊ မင်းသည် ရှေးနည်းဖြင့်သာလျှင် တားမြစ်၍ မြို့တံခါးကို ဖွင့်စေ၍ အမတ် တစ်ထောင်နှင့်တကွ မြတ်သော အပြင်ရှိသော ပလ္လင်၌ နေ၏၊ ကောသလမင်းသည် များစွာသော ဆင် မြင်း ဗိုလ်ပါဖြင့် ဗာရာဏသီမြို့ကို ဝင်၏၊ ထိုကောသလ မင်းသည် တစ်ယောက်သော ရန်သူကိုသည်း မမြင်သည် ဖြစ်၍ မဟာသီလဝ မင်း၏ နန်းတော်တံခါးသို့ သွား၍ အမတ်အပေါင်း ခြံရံလျက် မပိတ်သော တံခါးရှိသော နန်းတော်၌ တန်ဆာဆင်ခြင်းနှင့် စပ်သော မြတ်သော အပြင်ထက်၌ နေသော အပြစ်မရှိသော မဟာသီလဝမင်းကို အမတ်တစ်ထောင်နှင့်တကွ လက်ပြန်မြဲစွာ ဖွဲ့ခြင်းကို ဖွဲ့၍ အစိမ်းပစ်ရာ သုသာန်သို့ ဆောင်၍ လည်ပမာဏ ရှိကုန်သော တွင်းတို့ကို တူး၍ အကြင်အခြင်းဖြင့် ပုံသည် ရှိသော် တစ်ယောက်သော သူသည်လည်း လက်ကို ချီခြင်းငှါ မတတ်နိုင်၊ ဤသို့သော အခြင်းအရာဖြင့် မြေဖို့၍ မြှုပ်ကုန်လော၊ ညဉ့်၌ မြေခွေးတို့သည် လာကုန်၍ ထိုသူတို့အား ပြုအပ်သည်နှင့် ယှဉ်သည်ကို ပြုကုန်လတ္တံ့၊ ဤသို့ ကောသလမင်း ဆို၏။ လူတို့သည် ခိုးသူမင်း၏ အာဏာကို ကြားကုန်၍ မဟာသီလဝမင်းကို အမတ်တို့နှင့်တကွ လက်ပြန်မြဲစွာ ဖွဲ့၍ ထွက်ကုန်၏။ ထိုကာလ၌လည်း မဟာသီလဝမင်းကြီးသည် ခိုးသူမင်းအား ရန်ငြိုးဖွဲ့ခြင်းမျှကိုလည်း မပြု။ ဤသို့ ဖွဲ့၍ ဆောင်အပ်ကုန်သော ထိုအမတ်တို့တွင်သည်း တစ်ယောက်သော အမတ်သည်သည်း မဟာသီလဝမင်း၏ စကားကို ဖျက်ဆီးအံ့သောငှါ စွမ်းနိုင်သော မည်သည် မဖြစ်။ ထိုမဟာသီလဝမင်း၏ ပရိသတ်တို့သည် ကောင်းစွာ ဆုံးမ အပ်ပြီးသော ပရိသတ်တို့သည် ဖြစ်ကုန်သတတ်။

ထိုအခါ မင်းချင်းယောကျ်ားတို့သည် အမတ်နှင့်တကွသော မဟာသီလဝ မင်းကို အစိမ်းပစ်ရာ သုသာန်သို့ ဆောင်ကုန်၍ လည်ပမာဏရှိကုန်သော တွင်းတို့ကို တူးကုန်၍ မဟာသီလဝမင်းကို အလယ်၌ ကြွင်းသော အမတ်တို့ကို နံပါးနှစ်ဖက်တို့၌ ဤအလုံးစုံသော သူတို့ကို တွင်း၌ ချကုန်၍ မြေကို လောင်း၍ ခိုင်ခံ့စွာသိပ်၍သွားကုန်၏။ မဟာသီလဝမင်းသည်အမတ်တို့ကို ခေါ်၍အမောင်တို့ သင်တို့သည် ခိုးသူမင်း၏ အထက်၌ အမျက်ကို မပြုကုန်မူ၍ မေတ္တာကိုသာလျှင် ပွားစေကုန်လောဟု ဆုံးမ၏။ သန်းခေါင်အခါ၌ လူသားကို စားကုန်အံ့ဟု မြေခွေးတို့သည် လာကုန်၏။ ထိုမြေခွေးတို့ကို မြင်ကုန်၍ မင်းသည်လည်းကောင်း၊ အမတ်တို့သည်လည်းကောင်း တစ်ပြိုင်နက်လျှင် အသံပြုကုန်၏။ မြေခွေးတို့သည် ကြောက်ကုန်သည် ဖြစ်၍ ပြေးကုန်၏။ ထိုမြေခွေးတို့သည် ပြန်၍ ကြည့်ကုန် လတ်သော် နောက်မှ တစ်စုံတစ်ယောက်သော သူ၏ မလာသောအဖြစ်ကို သိ၍

တစ်ဖန် လာပြန်ကုန်၏။ မင်းအမတ်တို့သည်လည်း ထိုရေးအတူသာလျှင် အသံကို ပြုကုန်၏။ ဤသို့သုံးကြိမ်မြောက်အောင် လာကုန်၍ တစ်ဖန်ကြည့်ကုန်လတ်သည် ရှိသော် ထိုသူတို့တွင် တစ်ယောက်သော သူ၏လည်း မလာသည့်အဖြစ်ကို သိ၍ ထိုသူတို့သည် သတ်အပ်သော အဖြစ်သို့ ရောက်ကုန်သော သူတို့သည် ဖြစ်ကုန်လတ္တံ့ဟု ရဲရင့်ကုန်သည် ဖြစ်၍ ပြန်၍ တစ်ဖန် ထိုသူတို့သည် အသံပြုကုန်သော်လည်း မပြေးကုန်။ မြေခွေးကြီးသည် မင်းကြီးသို့ ကပ်၏။ ကြွင်းကုန်သော မြေခွေးတို့သည် ကြွင်းကုန်သော အမတ်တို့၏ အထံသို့ ကပ်ကုန်၏။ မဟာသီလဝမင်းသည် ဥပါယ်၌ လိမ္မာ၏။ ထိုမြေခွေးကြီး၏ မိမိ၏အထံသို့ လာသောအဖြစ်ကို သိ၍ ကိုက်စိမ့်သောငှါ အခွင့်ပေးသကဲ့သို့ လည်ကို မော့၍ လယ်၌ ကိုက်သော ထိုမြေခွေးကြီးကို မေးရိုးဖြင့် ငင်၍ ယန္တရား၌ ထည့်ဘိသကဲ့သို့ မြဲစွာကိုင်ညှပ်၏။ ဆင်ပြောင်အားနှင့်တူသော အားရှိသော မဟာသီလဝမင်းသည် မေးရိုးဖြင့် ငင်၍ လည်၌ မြဲစွာ ကိုင်ညှပ်သည် ရှိသော် မြေခွေးသည် မိမိကိုယ်ကို လွတ်စိမ့်သောငှါ မတတ်နိုင်ရကား သေဘေးမှ ကြောက်သည် ဖြစ်၍ သည်းစွာသော အသံကို မြည်၏။ ကြွင်းကုန်သော မြေခွေးတို့သည် ထိုမြေခွေးကြီး၏ အသံကို ကြားကုန်၍ တစ်ယောက်သော ယောကျာ်းသည် ဖမ်းအပ်သည် ဖြစ်လတ္တံ့ဟု အမတ်တို့ကို ကပ်အံ့သောငှါ မတတ်နိုင်ကုန်ရကား သေဘေးမှကြောက်ကုန်သည် ဖြစ်၍ အလုံးစုံသောမြေခွေးတို့သည် ပြေးကုန်၏။ မဟာသီလဝမင်းသည် မေးရိုးဖြင့် မြဲမြံစွာ ပူ၍ ဖမ်းအပ်သောမြေခွေးသည် ထိုမှ ဤမှ ရုန်းလတ်သည်ရှိသော် မြေသည် လျော့၏။ ထိုမြေခွေးသည်လည်း သေဘေးမှ ကြောက်သောကြောင့် ခြေလေးဘက်တို့ဖြင့် မင်း၏ အထက်အဖို့၌ မြေကို ယက်၏။ မင်းသည် မြေ၏ လျော့သောအဖြစ်ကို သိ၍ မြေခွေးကို လွတ်လိုက်၍ ဆင်ပြောင်အားနှင့်တူသော အားရှိသော အစွမ်းနှင့်ပြည့်စုံသော မဟာသီလဝမင်းသည် ထိုမှ ဤမှ လှုန့်လှုပ်လက်နှစ်ဖက်တို့ကို ချီ၍ တွင်းဝအနားရေး၌ ထောက်၍ လေကြောင့် ပြတ်သော တိမ်ကဲ့သို့ ထွက်၍ တည်လျက် အမတ်တို့ကို နှစ်သိမ့်စေ၍ မြေကို ယက်၍ အလုံးစုံသော သူတို့ကို ထုတ်ပြီးလျှင် အမတ်ပေါင်း ခြံရံလျက် အစိမ်းပစ်ရာ သုသာန်၌ တည်၏။

ထိုအခါ လူတို့သည် တစ်ယောက်သော လူသေကို အစိမ်းပစ်ရာ သုသာန်၌ စွန့်ကုန်သည် ရှိသော် နှစ်ယောက်ကုန်သော ဘီလူးတို့၏ နယ်စပ်၌ စွန့်ကုန်၏။ ထိုဘီလူးတို့သည် ထိုလူသေကို ဝေဖန်အံ့သောငှါ မတတ်နိုင်ကုန်သည် ဖြစ်၍ ငါတို့သည် ဤလူသေကို ဝေဖန်အံ့သောငှါ မတတ်နိုင်ကုန်။ ဤ မဟာသီလဝမင်းသည် တရားစောင့်၏။ ဤ မဟာသီလဝမင်းသည် ငါတို့အား ဝေဖန်၍ ပေးလတ္တံ့။ ထိုမဟာသီလဝ မင်း၏ အထံသို့ သွားကုန်အံ့ဟု ထိုလူသေကို ခြေ၌ ကိုင်၍ ငင်ကုန်လျက် မဟာသီလဝမင်း၏

အထံသို့ သွား၍ အရှင်မင်းကြီး အကျွန်ုပ်တို့အား ဝေ၍ ပေးကုန်လော့ဟု ဆိုကုန်၏။ အချင်းဘီလူးတို့ ငါသည် ဤလူသေကို သင်တို့အား ဝေ၍ ပေးလို၏။ ထိုသို့ ပေးလိုငြားသော်လည်း ငါသည် မစင်ကြယ်သောကိုယ် ရှိသည်ဖြစ်၏။ ရှေးဦးစွာ ရေချိုးအံ့ဟု ဆို၏။ ထိုဘီလူးတို့သည် ခိုးသူမင်းဖို့ ထားအပ်သော အမွှေးအကြိုင်တို့ဖြင့် ထုံအပ်သော ရေကို မိမိတို့၏ အာနုဘော်ဖြင့် ဆောင်၏၊ မဟာသီလဝမင်းအား ရေချိုးစိမ့်သောငှါ ပေးကုန်၏။ ရေချိုးပြီးလျှင် တည်သော မဟာသီလဝမင်းအား ခေါက်၍ ထားအပ်ကုန်သော ခိုးသူမင်း၏ ပုဆိုးကို ဆောင်၍ ပေးကုန်၏။ ထိုပုဆိုးတို့ကို ဝတ်၍ တည်သော မဟာသီလဝမင်းအား နံ့သာမျိုး လေးပါး ထည့်သော ကြုတ်ကို ဆောင်၍ ပေးကုန်၏။ နံ့သာတို့ကို လိမ်းကျံ၍ တည်သော မဟာသီလဝမင်းအား ရွှေကြုတ်တို့၌လည်းကောင်း, ပတ္တမြားယပ်ဝန်းတို့၌ လည်းကောင်း ထားအပ်ကုန်သော အထူးထူးသော ပန်းတို့ကိုလည်း ဆောင်၍ ပေးကုန်၏။ ပန်းတို့ကို ပန်၍ တည်သော ကာလ၌ တစ်ပါးသော အဘယ်အမှုကို ပြုရကုန်အံ့နည်းဟု မေးကုန်၏၊ မဟာသီလဝမင်းသည် မိမိအား အရသာမွတ်သော အခြင်းအရာကို ပြ၏။ ထိုဘီလူးတို့သည် သွားကုန်၍ ခိုးသူမင်းတို့ ကောင်းစွာ စီရင်အပ်သော အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ်ကို ဆောင်၍ ပေးကုန်၏။ မဟာသီလဝမင်းသည် ရေချိုးပြီး နံ့သာလိမ်းကျံပြီးသော် ကောင်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သည်ဖြစ်၍ အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ်ကို စားရ၏။ ဘီလူးတို့သည် ခိုးသူမင်းဖို့ ထားအပ်သော အမွှေးအကြိုင်တို့ဖြင့် ထုံအပ်သော သောက်ရေကို ရွှေကရားနှင့်သာလျှင် လည်းကောင်း, ရွှေခွက်ငယ်နှင့်လည်းကောင်း တကွဆောင်ကုန်၏။

ထိုအခါ၌ မဟာသီလဝမင်း၏ သောက်ရေကို သောက်၍ ခံတွင်းဆေး၍ လက်တို့ကို ဆေး၍ တည်သောကာလ၌ ခိုးသူမင်းဖို့ ကောင်းစွာ စီရင်အပ်သော ငါးပါးသော နံ့သာမျိုးတို့ဖြင့် ကောင်းစွာ ထုံအပ်သော ကွမ်းကို ဆောင်၍ ပေးကုန်၏။ ထိုကွမ်းကို စား၍ တည်သော ကာလ၌ တစ်ပါးသောအဘယ်အမှုကို ပြုကုန်အံ့နည်းဟု မေးကုန်၏။ သင်တို့သည် သွား၍ ခိုးသူမင်း ဦးခေါင်းရင်း၌ ထားအပ်သော မင်္ဂလာသန်လျက်ကို ဆောင်ခဲ့ကြကုန်လော့ဟု ဆို၏၊ ထိုသန်လျက်ကိုလည်း သွား၍ ဆောင်ကုန်၏။ မဟာသီလဝမင်းသည် သန်လျက်ကို ကိုင်၍ ထိုလူသေကို ဖြောင့်စွာထားစေပြီးလျှင် ဦးခေါင်းလယ်၌ သန်လျက်ဖြင့် ခြမ်း၍ နှစ်ခုတို့ကို ပြု၍ နှစ်ယောက်ကုန်သော ဘီလူးတို့အား အညီအမျှ ဝေ၍ ပေး၏။ ပေးပြီးလျှင် သန်လျက်ကို ဆေး၍ ဖွဲ့၍ တည်၏။ ထိုအခါ ထိုဘီလူးတို့သည် လူသားကို စား၍ ဝကုန်သည် ရှိသော် နှစ်သက်သောစိတ် ရှိကုန်သည် ဖြစ်၍ မြတ်သော မင်းကြီး ရှင်မင်းကြီးအား တစ်ပါးသော အဘယ်ကို ပြုရအံ့

နည်းဟု မေးကုန်၏။ ထိုသို့ဖြစ်လျှင် သင်တို့သည် မိမိ၏ အာနုဘော်အားဖြင့် ငါ့ကို ကျက်သရေတိုက်၌ ထားကြကုန်လော့။ အမတ်တို့ကိုလည်း မိမိ မိမိတို့၏ အိမ်တို့၌ တည်စေကုန်လောဟု ဆို၏။ ထိုဘီလူးတို့သည် အရှင်မင်းကြီး ကောင်းပြီဟု ဝန်ခံကုန်၍ မင်းကြီးဆိုတိုင်း ပြုကုန်၏။ ထိုအခါ ခိုးသူမင်းသည် တန်ဆာဆင်သော ကျက်သရေတိုက်၌ ကျက်သရေရှိသော အိပ်ရာအပြင်ဝယ် လျောင်းလျက် အိပ်၏။ မဟာသီလဝမင်းသည် ခိုးသူမင်း၏ မေ့လျော့စဉ် အိပ်ပျော်စဉ် သန်လျက်ဖျားဖြင့် ဝမ်းကို ခတ်၏။ ထိုခိုးသူမင်းသည် ကြောက်သည်ဖြစ်၍ နိုးလတ်သော် ဆီမီးရောင်ဖြင့် မဟာသီလဝမင်းကြီးကို သိ၍ အိပ်ရာမှ ထပြီးလျှင် သတိကို ဖြစ်စေ၍ ရပ်လျက် မဟာသီလဝမင်းကြီးကို မြတ်သော မင်းကြီး ဤသို့သဘောရှိသော ညဉ့်၌ ယူအပ်သော အစောင့်အရှောက်ရှိသော ပိတ်အပ်သော တံခါးရှိသော နန်းတော်၌ အစောင့်အရှောက် လူတို့ဖြင့် ဝင်နိုင်ခွင့် မရှိရာအရပ်၌ သန်လျက်ကို လွယ်၍ တန်ဆာဆင်ခြင်းနှင့် စပ်သည် ဖြစ်၍ အသို့ မူ၍လျှင် မင်းကြီးသည် ဤအိပ်ရာအပြင်သို့ လာသနည်းဟု ဆို၏။

မဟာသီလဝ မင်းကြီးသည် မိမိ၏ အလုံးစုံသော အကြောင်းကို အကျယ် အားဖြင့် ဆို၏။ ထိုစကားကို ကြား၍ ခိုးသူမင်းသည် ထိတ်လန့်သော နှလုံး ရှိသည်ဖြစ်၍ မြတ်သောမင်းကြီး အကျွန်ုပ်သည် လူစင်စစ် ဖြစ်ငြားသော်လည်း အရှင်မင်းကြီးတို့၏ ကျေးဇူးကို မသိ။ တစ်ပါးကုန်သော သူတို့၏ အသွေး အသားကို စားကုန်သော ရုန့်ရင်းကြမ်းကြုတ်ကုန်သော ဘီလူးတို့သည်ကား အရှင်မင်းကြီး၏ ကျေးဇူးတို့ကို သိအပ်ကုန်၏။ မြတ်သော မင်းကြီး ယခုအခါ၌ အကျွန်ုပ်သည် ဤသို့ သဘောရှိသော သီလနှင့် ပြည့်စုံသော အရှင်မင်းကြီး၌ မပြစ်မှားအံ့ဟု သန်လျက်ကို ယူ၍ ကျိန်ခြင်းကို ပြုပြီးလျှင် မဟာသီလဝ မင်းကြီးကို ကန်တော့၍ မြတ်သောအိပ်ရာ၌ အိပ်စေ၍ မိမိသည် ညောင်စောင်း ငယ်၌ အိပ်၍ ညဉ့်သည် လင်း၍ နေထွက်သော် စည်လည်စေ၍ အလုံးစုံသော စစ်သည်တို့ကို လည်းကောင်း, အမတ် ပုဏ္ဏား သူကြွယ်တို့ကို လည်းကောင်း စည်းဝေးစေ၍ ထိုသူတို့ ရှေ့မှ ကောင်းကင်၌ လပြည့်ဝန်းကို ချီသကဲ့သို့ မဟာ သီလဝမင်း၏ ကျေးဇူးတို့ကို ဆိုပြီးလျှင် ပရိသတ်၏ အလယ်၌သာလျှင် တစ်ဖန် မဟာသီလဝမင်းကြီးကို ကန်တော့၍ မင်းအဖြစ်ကို ဆောက်နှင်း၍ ယနေ့မှစ၍ အရှင်မင်းကြီးတို့အား ဖြစ်သော ခိုးသူ ဥပဒ္ဒဝေါသည် အကျွန်ုပ်တို့ ဝန်တည်း၊ အရှင်မင်းကြီးတို့သည် အကျွန်ုပ်သည် ယူအပ်သော အစောင့်အရှောက် ရှိသည်ဖြစ်၍ မင်းပြုကုန်လော့၊ ဤသို့ဆို၍ ကုန်းတိုက်ခြင်းကို ပြုသော အမတ်အား အာဏာကို ပြု၍ မိမိဗိုလ်ပါ ဆင်မြင်းကို ယူ၍ မိမိတိုင်းပြည်သို့သာလျှင် သွား၏။ မဟာသီလဝမင်းကြီးသည်လည်း ဝန်ဆာဆင်ခြင်းနှင့် စပ်သည် ဖြစ်၍ ထီးဖြူ အောက်၌ သမင် ဆီးဆောက် အခြေအပ်သော ရွှေပလ္လင်၌ နေလျက် မိမိစည်းစိမ်

သည်လည်းကောင်း, အမတ်တစ်ထောင် အသက်ကို ရခြင်းသည် လည်းကောင်း ငါသည် တစ်စုံတစ်ခုသော ဝီရိယကို မပြုသည် ရှိသော် မဖြစ်လတ္တံ့။ ဝီရိယ၏ အစွမ်းဖြင့်ကား ငါသည် တိုင်းပြည်ကိုလည်းကောင်း, ဤစည်းစိမ် အခြံအရံကို လည်းကောင်း ရအပ်ပြီ။ အမတ်တစ်ထောင်အား အသက်အလှူကိုလည်း ပေးပြီ။ စင်စစ်ကား အာသာပြတ်ခြင်းကို မပြုမူ၍ ဝီရိယကိုသာလျှင် ပြုအပ်၏။ ထိုစကားသည် မှန်၏၊ ပြုအပ်သော ဝီရိယရှိသော သူအား အကျိုးမည်သည် ပြည့်စုံ၏ဟု ကြံလျက် ဥဒါန်းကျူးရင့်သည်၏ အစွမ်းအားဖြင့်—

၅၁။ အာသီသေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါဟံ အတ္တာနံ၊ ယထာ ဣစ္ဆိံ တထာ အဟု—

ဟူသော ဂါထာကို ဆို၏။

ယောကျ်ားသည် တောင့်တမှု အာသာကို ပြုရာ၏။ ပညာရှိသည် အာသာ ပြုခြင်း၌ မငြီးငွေ့ရာ။ အလိုရှိသော စည်းစိမ်ကို ရပြီးသော မိမိကိုယ်ကို ယနေ့ ငါမြင်ရ၏။

ဤသို့လျှင် ဘုရားလောင်းသည် အချင်းတို့ စင်စစ် အံ့ဖွယ်ရှိစွ၊ သီလနှင့် ပြည့်စုံသောသူတို့အား ဝီရိယ၏အကျိုးမည်သည်ကား ပြည့်စုံ၏ဟု ဤဂါထာဖြင့် ဥဒါန်းကျူး၍ အသက်ထက်ဆုံး ကောင်းမှုတို့ကို ပြု၍ ကံအားလျော်စွာ လား၏။ မြတ်စွာဘုရားသည်လည်း ဤတရားဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ လျှော့သော ဝီရိယ ရှိသော ရဟန်းသည် အရဟတ္တဖိုလ်၌ တည်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် အနုသန္ဓေကို စပ်၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ပြစ်မှားသော အမတ် ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရား ပရိသတ်တို့သည် ထိုအခါ အမတ် တစ်ထောင်တို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ မဟာသီလဝမင်း ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

ငါးဆယ့်တစ်ခုမြောက်သော မဟာသီလဝဇာတ်သည် ပြီး၏။

## ၅၂- စူဠဇနကဇာတ်

### ဝီရိယအကျိုးကျေးဇူး

### ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဝါယမေထေဝ ပုရိသော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤစူဠဇနကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် လျှော့သော ဝီရိယရှိသော ရဟန်း ကို ပင်လျှင် အကြောင်းပြု၍ ဟောတော်မူ၏။

ထိုစူဠဇနကဇာတ်၌ အကြွင်စကားကို ဆိုအပ်၏။ အလုံးစုံသော ထိုစကားသည် မဟာဇနကဇာတ်၌ ထင်စွာဖြစ်လတ္တံ့။ အထူးသဖြင့်ကား စူဠဇနကမင်းသည် ထီးဖြူအောက်၌ နေလျက် ဂါထာကို ဆို၏—

၅၂။ ဝါယမေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါဟံ အတ္တာနံ၊ ဥဒကာ ထလမုဗ္ဘတံ။

ယောကျာ်းသည် လုံ့လကို ပြုရာသလျှင်ကတည်း။ ပညာရှိသည် လုံ့လကို ပြုခြင်း၌ မငြီးငွေ့ရာ၊ ရေမှ ကြည်း၌ တည်သော မိမိကိုယ်ကို ငါသည် မြင်၏။ ဤစူဠဇနကဇာတ်၌လည်း လျှော့သော ဝီရိယရှိသော ရဟန်းသည် အရဟတ္တဖိုလ်သို့ ရောက်၏။

### ဇာတ်ပေါင်း

ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ စူဠဇနကမင်း ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ငါးဆယ့်နှစ်ခုမြောက်သော စူဠဇနကဇာတ်သည် ပြီး၏။

---

## ၅၃-ပုဏ္ဏပါတိဇာတ်

### သေသောက်ကြူးတို့ လှည့်ပတ်သည့်အကြောင်း

### အကြံကုန် ဂဠုန်ဆားချက်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "တထေဝ ပုဏ္ဏာ ပါတိယော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ

ဆင်အပ်သော ဤပုဏ္ဏပါတိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အဆိပ်ခတ်သော သေ ကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်ပါးသောအခါ သာဝတ္ထိပြည်၌ သေသောက်ကြူးတို့သည် စည်းဝေးကုန်၍ ငါတို့အား သေရည်ဖိုးသည် ကုန်ပြီ၊ အသို့ပြု၍လျှင် ရအံ့နည်းဟု ဆိုကြကုန်၏။ ထိုအခါ တစ်ယောက်သော ကြမ်းကြုတ်သော သေရည်သောက်ကြူးသည်မကြံ ကြကုန်လင့်၊ တစ်ခုသော ဥပါယ်သည် ရှိ၏ဟု ဆို၏၊ အချင်း သေသောက်ကြူး အဘယ်မည်သော ဥပါယ်နည်းဟု ဆိုကြကုန်သည် ရှိသော် အနာထပိဏ်သူဌေးသည် လက်စွပ်တို့ကို ဝတ်၍ ပြေပြစ်သော ပုဆိုးကို ဝတ်လျက် မင်းခစား အံ့သောငှါ သွား၏၊ ငါသည် သေရည်ခွက်၌ မိန်းမောခြင်းတို့ကို ပြုတတ်သော ဆေးကို ခတ်၍ နေပူ၌ သေရည်ကို စီရင်၍ ထိုင်ကုန်လျက် အနာထပိဏ်သူဌေး၏ လာသော ကာလ၌ သူဌေးကြီး ဤအရပ်သို့ လာတော်မူလောဟု ခေါ်၍ ထိုသုရာကို သောက်စေ၍ မိန်းမောသည် ဖြစ်သော အနာထပိဏ်သူဌေး၏ လက်စွပ်ကိုလည်းကောင်း, ပုဆိုးကိုလည်းကောင်း ယူ၍ သေရည်ဖိုးပြုကုန်အံ့ဟု ဆို၏။ ထိုသေသောက်ကြူးတို့သည် ကောင်းပြီဟု ဝန်ခံကုန်၍ ထိုသေသောက်ကြူး ဆိုတိုင်းပြုကုန်၍ အနာထပိဏ်သူဌေး၏ လာသော အခါ၌ ခရီးဦးသို့ သွား၍ ရှိခိုးပြီးလျှင် အရှင် ဤအရပ်သို့သာလျှင် လာတော်မူကုန်လော၊ အကျွန်ုပ်တို့၏ အထံ၌ အလွန်နှစ်သက်ဖွယ်ရှိသော ဤသေရည်ကို အတန်ငယ် သောက်၍ သွားကုန်လောဟု ဆိုကုန်၏။

သောတာပန်ဖြစ်သော ဘုရား၏ ပည့်သည် သူရာကို အဘယ်မှာ သောက် လတ္တံ့နည်း၊ အလိုမရှိသည် ဖြစ်ငြားသော်လည်း ဤသေသောက်ကြူးတို့ကို စုံစမ်းအံ့ဟု ထိုသေသောက်ကြူးတို့၏ အထံသို့ သွား၍ ထိုသေသောက်ကြူး တို့၏ အမူအရာကို ကြည့်၍ ဤသေရည်ကို ဤသေသောက်ကြူးတို့သည် ဤမည်သော အကြောင်းကြောင့် ဖော်အပ်၏ဟု သိ၍ ယခုအခါ၌ ဤနေ့မှစ၍ ဤသေသောက်ကြူးတို့ကို ဤအရပ်မှ ပြေးစေအံ့ဟု ကြံ၍ ဟယ် ပျက်ကုန်သော သေသောက်ကြူးတို့ သင်တို့သည် သေရည်ခွက်၌ ဆေးခတ်၍ လာတိုင်း လာတိုင်းကုန်သော သူတို့ကို သောက်စေပြီးလျှင် မိန်းမောစေခြင်းကို ပြု၍ လုယက်ကုန်အံ့ဟု သေတင်းကုပ်ကို စီရင်၍ နေကုန်၏၊ စင်စစ် ဤသုရာကို ချီးမွမ်းကုန်၏၊ တစ်ယောက်သော သူသည်လည်း ထိုသေရည်ကို ချီ၍ သောက် ခြင်းငှါ မဝံ့၊ ဤသေရည်သည် အကယ်၍ အဆိပ်မခတ်အပ်သည် ဖြစ်အံ့၊ သင်တို့သည်လျှင်လည်း သောက်ကုန်ရာ၏ဟု ဆို၏၊ ဆိုပြီး၍ ထိုသေသောက် ကြူးတို့ကို ခြိမ်းခြောက်၍ ထိုအရပ်မှ ပြေးစေ၍ မိမိအိမ်သို့ သွားပြီးလျှင် သေသောက်ကြူးတို့သည် ပြုအပ်သော အကြောင်းကို မြတ်စွာဘုရားအား

လျှောက်အံ့ဟု ဇေတဝန်ကျောင်းတော်သို့ သွား၍ ကြားလျှောက်၏၊ မြတ်စွာဘုရားသည် သူကြွယ် ရှေးဦးစွာ ယခုအခါ၌သာလျှင် ထိုသေသောက်ကြူးတို့သည် သင့်ကို လှည့်ပတ်လိုကုန်သည် မဟုတ်သေး၊ ရှေး၌လည်း ပညာရှိတို့ကို လှည့်ပတ်လိုကုန်သည် ဖြစ်ကုန်ပြီဟု မိန့်တော်မူ၍ အနာထပိဏ်သူဌေးသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

သူဌေး လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဗာရာဏသီသူဌေး ဖြစ်၏၊ ထိုအခါ၌လည်း ထိုသေသောက်ကြူးတို့သည် ဤအတူသာလျှင် တိုင်ပင်ကုန်၍ ဗာရာဏသီ သူဌေး၏ လာသော အခါ၌ ခရီးဦးသို့သွား၍ ဤအတူသာလျှင် ဆိုကုန်၏။ သူဌေးသည် အလိုမရှိသည်ဖြစ်သော်လည်း သေသောက်ကြူးတို့ကို စုံစမ်းလိုသည် ဖြစ်၍ ထိုသေသောက်ကြူးတို့၏ အမှုအရာကို ကြည့်၍ ဤမည်သော အမှုကို ပြု၍ ထိုသေသောက်ကြူးဘို့သည် လှည့်ပတ်လိုကုန်၏။ ထိုသေသောက်ကြူးတို့ကို ဤအရပ်မှ ပြေးစေအံ့ဟု ကြံ၍ အိုသေသောက်ကြူးတို့ သုရာကို သောက်၍ မင်းအိမ်သို့ သွားခြင်းမည်သည် မသင့်။ မင်းကို ဖူးမြင်၍ တစ်ဖန်ပြန်လာသော ငါသည် သိလတ္တံ့၊ သင်တို့သည် ဤအရပ်၌သာလျှင် နေနှင့်ကြကုန်လောဟု ဆို၏။ ဆိုပြီး၍ မင်းခစားအံ့သော ငါ သွား၍ တစ်ဖန်ပြန်လာ၏။ သေသောက်ကြူးတို့သည် အရှင် ဤအရပ်သို့ လာကုန်လောဟု ဆိုကုန်၏။ ဗာရာဏသီသူဌေးသည် ထိုအရပ်သို့သွား၍ ဆေးနှင့် ယှဉ်ကုန်သော သုရာခွက်တို့ကို ကြည့်၍ အို သေသောက်ကြူးတို့ သင်တို့၏ အမှုအရာကို ငါသည် မနှစ်သက်။ သင်တို့၏ သုရာခွက်တို့သည် ပြည့်မြဲတိုင်းသာလျှင် တည်ကုန်၏၊ သင်တို့သည် စင်စစ်လျှင် သုရာကို ချီးမွမ်းကုန်၏။ ထိုသို့ ချီးမွမ်းသော်လည်း မသောက်ကြကုန်။ ဤသုရာသည် နှစ်သက်ဖွယ်ရှိသည် အကယ်ဖြစ်ငြားအံ့။ သင်တို့သည်လည်း သောက်ကုန်ရာ၏။ ဤသည်ကား အဆိပ်နှင့် ယှဉ်သည်ဖြင့်ရာ၏ဟု ဆိုပြီး၍ ထိုသေသောက်ကြူးတို့၏ နှလုံးအလိုကို ဖျက်ဆီးလိုသည် ဖြစ်၍ ဤဂါထာကို ရွတ်ဆို၏—

၅၃။ တထေဝ ပုဏ္ဏာ ပါတိယော၊ အညာ'ယံ ဝတ္တတေ ကထာ။
အာကာရကေန ဇာနာမိ၊ န စာယံ ဘဒ္ဒိကာ သုရာ။

သေခွက်တို့သည် ထိုရှေးအတူသာလျှင် ပြည့်ကုန်၏။ ဤသုရာ ကောင်း၏ဟူသော စကားသည် မဟုတ်မမှန်သည် ဖြစ်၏။ ဤသို့သောအကြောင်းကြောင့် စင်စစ်သဖြင့် ဤသုရာကို မကောင်းဟူ၍ သိ၏။

ဤသို့လျှင် သေသောက်ကြူးတို့ကို နှိပ်စက်၍ အကြင်အခြင်းအရာဖြင့် ခြိမ်းခြောက်သည် ရှိသော် တစ်ဖန် ဤသို့ သဘောရှိသော အမှုကို မပြုကုန်။ ထိုသို့သော အခြင်းအရာအားဖြင့် သေသောက်ကြူးတို့ကို ခြိမ်းခြောက်၍ လွှတ်လိုက်၏။ ဗာရာဏသီ သူဌေးသည် အသက်ထက်ဆုံး ဒါန အစရှိကုန်သော ကောင်းမှုတို့ကို ပြုကုန်၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူ၍ ယခုအခါ သေသောက်ကြူးတို့သည် ထိုအခါ သေသောက်ကြူးတို့သည် ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဗာရာဏသီသူဌေး ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ငါးဆယ့်သုံးခုမြောက်သော ပုဏ္ဏပါတိဇာတ်သည် ပြီး၏။

---

## ၅၄-ကိံဖလဇာတ်

### ဘာသီးလဲ၊ အဆိပ်သီး

ပစ္စုပ္ပန်ဝတ္ထု

နက်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "နာယံ ရုက္ခော ဒုရာရုဟော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကိံဖလဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော သစ်သီး၌ လိမ္မာသော သီတင်းသည်ကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်ယောက်သော သာဝတ္ထိပြည်၌ နေသော သူကြွယ်သည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပင့်ဖိတ်၍ မိမိအာရာမ်၌ နေစေ၍ ယာဂုခဲဖွယ်ကို လှူ၍ ဥယျာဉ်စောင့်ကို ရဟန်းတို့နှင့်တကွ ဥယျာဉ်၌ လှည့်လည်၍ သရက် အစရှိကုန်သော အထူးထူးသော သစ်သီးတို့ကို လှူလော့ဟု စေလိုက်သတတ်၊ ထိုဥယျာဉ်စောင့်သည် ကောင်းပြီဟု ဝန်ခံ၍ ရဟန်းသံဃာကိုယူ၍ လှည့်လည်လျက် သစ်ပင်ကို ကြည့်၍သာလျှင် ဤအသီးကား စိမ်း၏။ ဤအသီးကား ကောင်းစွာမမှည့်သေး၊ ဤအသီးကား ကောင်းစွာ မှည့်၏ဟု သိ၏။ အကြင်စကားကို ဥယျာဉ်စောင့်သည် ဆို၏၊ ထိုစကားသည် ဆိုတိုင်းမှန်သည်သာလျှင် ဖြစ်၏။ ရဟန်းတို့သည် သွားကုန်၍ မြတ်စွာဘုရားအား အရှင်ဘုရား ဤဥယျာဉ်စောင့်သည် သစ်သီး၌ ကျွမ်းကျင်၏၊ မြေ၌ရပ်လျက် သစ်သီးကိုကြည့်၍သာလျှင် ဤအသီးကား စိမ်း၏၊

ဤအသီးကား ကောင်းစွာမှည့်၏ဟု သိ၏၊ အကြင်စကားကို ဥယျာဉ်စောင့်သည် ဆို၏။ ထိုစကားသည်ဆိုတိုင်းမှန်သည်သာလျှင်ဖြစ်၏ဟုလျှောက်ကုန်၏။မြတ်စွာဘုရားသည် ရဟန်းတို့ ဥယျာဉ်စောင့်သည်သာလျှင် သစ်သီး၌ ကျွမ်းကျင်သည် မဟုတ်သေး။ ရှေး၌ ပညာရှိတို့သည်လည်း သစ်သီး၌ ကျွမ်းကျင်ကုန်သည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် လှည်းကုန်သည် အမျိုး၌ ဖြစ်၍ အရှယ်သို့ ရောက်လတ်သော် လှည်းငါးရာတို့ဖြင့် ကုန်သွယ်ခြင်းကို ပြုသည် ရှိသော် တစ်ပါးသောအခါ၌ တောအုပ်ကြီးသို့ ရောက်၍ တောအုပ်၏ အဝ၌ ရပ်၍ အလုံးစုံသောသူတို့ကို စည်းဝေးစေ၍ ဤတောအုပ်၌ အဆိပ်ပင် မည်သည်တို့သည် ရှိကုန်၏။ အဆိပ်ရွက်တို့သည်လည်းကောင်း, အဆိပ်ပွင့်တို့သည်လည်း ကောင်း, အဆိပ်သီးတို့သည်လည်းကောင်း, အဆိပ်ပျားတို့သည်လည်းကောင်း ဖြစ်ကုန်သည်သာလျှင်တည်း။ သင်တို့သည် ရှေး၌ မသုံးဆောင်ဖူးသော အမှတ်မရှိသော အရွက်ကိုလည်းကောင်း, အသီးကိုလည်းကောင်း, အပွင့်ကိုလည်း ကောင်း ငါ့ကို မပန်ကြားမူ၍ မစားကြကုန်လင့်ဟု ဆို၏။ ထိုလှည်းကုန်သည်တို့သည် ကောင်းပြီဟု ဝန်ခံကုန်၍ တောအုပ်ကြီးသို့ သက်ကုန်၏။ တောအုပ်ကြီး၏ အဝ၌လည်း တစ်ခုသော ရွာတံခါး၌ ကိံဖလမည်သော သစ်ပင်ရှိ၏။ ထိုကိံဖလသစ်ပင်၏ ပင်စည်အခက်တို့သည်လည်းကောင်း, အရွက်အပွင့် အသီးတို့သည်လည်းကောင်း အလုံးစုံတို့သည် သရက်နှင့် တူသည်သာလျှင် ဖြစ်ကုန်၏။ သက်သက် အဆင်းသဏ္ဌာန်အားဖြင့်သာလျှင် သရက်နှင့် တူသည် မဟုတ်၊ အနံ့အရသာအားဖြင့်လည်း ထိုကိံဖလ သစ်ပင်၏ အစိမ်းအမှည့်ဖြစ်ကုန်သော အသီးတို့သည်ကား သရက်နှင့် တူသည်သာတည်း။ စားအပ်သည် ရှိသော်ကား လတ်တလော သေစေတတ်သော အဆိပ်ကဲ့သို့ ထိုခဏ၌လျှင် အသက်ကုန်ခြင်းသို့ ရောက်စေ၏။ ရှေ့မှသွားကုန်သော အချို့ကုန်သော လျှပ်ပေါ်သော ယောကျ်ားတို့သည် ဤသစ်ပင်ကား သရက်ပင်တည်း။ ဤသို့သော အမှတ်ဖြင့် အသီးကို စားကုန်၏။ အချို့သောသူတို့သည် လှည်းကုန်သည်မှူးကို မေးကုန်၍သာလျှင် စားကုန်အံ့ဟု ထိုသစ်သီးကို လက်ဖြင့် ကိုင်၍ ရပ်ကုန်၏။ ထိုလှည်းကုန်သည်တို့သည် လှည်းကုန်သည်မှူး လာသည် ရှိသော် ဤသရက်သီးတို့ကို စားကုန်အံ့ဟု ပန်ကြားကုန်၏။

ဘုရားလောင်းသည် ဤအသီးသည် သရက်သီး မဟုတ်ဟု သိ၏။ ဤသစ်ပင်သည် ကိံဖလသစ်ပင် မည်၏။ ဤသစ်ပင်သည် သရက်ပင် မဟုတ်၊ မစားကြ

ကုန်လင့်ဟု မြစ်၍ အကြင်သူတို့သည် စားကြကုန်၏။ ထိုသူတို့ကိုလည်း အန်စေ ပြီးလျှင် စတုမဓုကို တိုက်၍ အနာမရှိသည်တို့ကို ပြု၏။ ရှေး၌ကား ဤသစ်ပင် ရင်း၌ လူတို့သည် တဲနေခြင်းကို ပြုကုန်၍ သရက်သီးဟူသော အမှတ်ဖြင့် ဤ အဆိပ်သီးတို့ကို စားကုန်၍ အသက်ကုန်ခြင်းသို့ ရောက်ကုန်၏။ နက်ဖြန်နေ့၌ ရွာ၌ နေကုန်သောသူတို့သည် ထွက်လာကုန်၍ လူသေတို့ကို မြင်၍ ခြေ၌ ကိုင်ပြီး လျှင် ဖုံးကွယ်ရာအရပ်၌ စွန့်ကုန်၍ လှည်းငါးရာတို့နှင့်တကွသာလျှင် ထိုသူတို့၏ အလုံးစုံသော ဥစ္စာတို့ကို ယူ၍ သွားကုန်၏။ ထိုရွာသားတို့သည် ထိုနေ့၌လည်း အရုဏ်တက်သေ ာအခါ နွားသည် ငါ့ဖို့ ဖြစ်လတ္တံ့။ လှည်းသည် ငါ့ဖို့ ဖြစ်လတ္တံ့။ ဥစ္စာတည် ငါ့ဖို့ ဖြစ်လတ္တံ့ဟု လျင်စွာ ထိုသစ်ပင်သို့ သွားကုန်၍ လူတို့ကို အနာ မရှိသည်ကို မြင်၍ သင်တို့သည် အဘယ်သို့သော အကြောင်းဖြင့် ဤသစ်ပင်ကို ဤသစ်ပင်သည် သရက်ပင် မဟုတ်ဟု သိကြပါကုန်သနည်းဟု ဤသို့ မေးကုန်၏။ ထိုလှည်းကုန်သည်တို့သည် ငါတို့ မသိကုန်။ ငါတို့၏ လှည်းကုန်သည်မှူး အကြီးသည် သိ၏ဟု ဆိုကုန်၏။ လူတို့သည် ဘုရားလောင်းကို ပညာရှိ အဘယ် ့ကြောင့် သင်သည် ဤသစ်ပင်၏ သရက်ပင် မဟုတ်သည်၏အဖြစ်ကို သိသနည်းဟု ခမေးကုန်၏။ ထိုဘုရားအလောင်းသည် နှစ်ပါးကုန်သော အကြောင်းတို့ဖြင့် သိ၏ဟု ဆိုလို၍ ဤဂါထာကို ရွတ်ဆို၏—

၅၄။ နာယံ ရုက္ခော ဒုရာရုဟော၊ နပိ ဂါမတော အာရကာ။
အာကာရကေန ဇာနာမိ၊ နာယံ သာဒုဖလော ဒုမော။

ဤသစ်ပင်သည် ငြိုငြင်သဖြင့် တက်အပ်သည်မဟုတ်။ ရွာမှ ဝေးလည်း မဝေး၊ ဤနှစ်ပါးသော အကြောင်းကြောင့် ဤသစ်ပင်သည် ချိုသော အသီး ရှိသော သစ်ပင်သည် မဟုတ်။ ဤသို့ ငါသည် သိ၏။

ဤသို့ လူအများအား တရားဟော၍ ချမ်းသာစွာ သွားခြင်းဖြင့် သွား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည်လည်း ရဟန်းတို့ ဤသို့ ရှေး၌ ပညာရှိတို့သည်လည်း သစ်သီး၌ ကျွမ်းကျင်ကုန်သည် ဖြစ်ကုန်ပြီဟု ဤတရားဒေသနာကို ဆောင် တော်မူ၍ အနုသန္ဓေကို စပ်၍ ယခုအခါ ငါဘုရားပရိသတ်တို့သည် ထိုအခါ လှည်းကုန်သည်မှူး ပရိသတ်တို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ လှည်းကုန်သည်မှူး ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

ငါးဆယ့်လေးခုမြောက်သော ကိံဖလဇာတ်သည် ပြီး၏။

## ၅၅-ပဉ္စာဝုဓဇာတ်

### အနိုင်မခံ အရှုံးမပေး

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ယော အလီနေန စိတ္တေန" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပဉ္စာဝုဓဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော လျှော့သော ဝီရိယရှိသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းကို မြတ်စွာဘုရားသည်ခေါ်တော်မူ၍ ရဟန်း သင်သည် လျှော့သော ဝီရိယရှိသတတ်ဟူသည် မှန်သလောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု လျှောက်သည် ရှိသော် ရဟန်း ရှေးအခါ၌ ပညာရှိတို့သည်လည်း ဝီရိယကို ပြုခြင်းငှါ သင့်သော အရာ၌ ဝီရိယကို ပြု၍ မင်းစည်းစိမ်သို့ ရောက်ဖူးကုန်ပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်း၌ ဖြစ်၏။ ထိုဘုရားလောင်းအား အမည်မှည့်သော နေ့၌ တစ်ရာ့ရှစ်ယောက်သော ပုဏ္ဏားတို့ကို အလုံးစုံသော လိုလားဖွယ်ဝတ္ထုတို့ဖြင့် ရောင့်ရဲစေ၍ လက္ခဏာတို့ကို မေးကုန်၏။ လက္ခဏာ၌ ကျွမ်းကျင်ကုန်သော ပုဏ္ဏားတို့သည် လက္ခဏာ၏ပြည့်စုံခြင်းကို မြင်၍ အရှင်မင်းကြီး မင်းသားသည် ဘုန်းကံနှင့် ပြည့်စုံ၏။ အရှင်မင်းကြီးတို့၏ လွန်သဖြင့် မင်းအဖြစ်သို့ ရောက်လတ္တံ့။ ငါးပါးသော လက်နက်အမှုဖြင့် ထင်ရှားသည် ဖြစ်လတ္တံ့။ အလုံးစုံသော ဇမ္ဗူဒိပ်၌ မြတ်သောယောကျ်ား ဖြစ်လတ္တံ့ဟု ဟောကုန်၏။ မင်းကြီးသည် ပုဏ္ဏားတို့၏ စကားကို ကြား၍ မင်းသားအား အမည်ကို မှည့်သည်ရှိသော် ပဉ္စာဝုဓမင်းသားဟူသော အမည်ကို မှည့်၏။ ထိုအခါ သိကြားလိမ္မာသော အဖြစ်သို့ ရောက်သည်ဖြစ်၍ တစ်ဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်သော ထိုပဉ္စာဝုဓမင်းသားကို မင်းကြီးသည် ခေါ်၍ အမောင် အတတ် သင်ချေလောဟု ဆို၏။ အရှင်မင်းကြီး အဘယ်သူ၏ အထံ၌ သင်ရအံ့နည်းဟု လျှောက်၏။ အမောင် သွားချေ။ ဂန္ဓာရတိုင်း

တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာထံ၌ သင်ချေလော့။ ဤဆရာ၏ အဖိုး ကိုလည်း ပေးလေလော့ဟု ဆို၍ ထိုပဉ္စာဝုဓ မင်းသားအား တစ်ထောင်သော အသပြာကို ပေး၍ လွှတ်လိုက်၏။

ထိုပဉ္စာဝုဓ မင်းသားသည် ထိုတက္ကသိုလ်ပြည်သို့ သွား၍ အတတ်သင်၍ ဆရာပေးအပ်သော ငါးပါးသော လက်နက်တို့ကို ယူ၍ ဆရာကို ရှိခိုးပြီးလျှင် တက္ကသိုလ်ပြည်မှ ထွက်ခဲ့၍ ဖွဲ့အပ်သော ငါးပါးသော လက်နက်ရှိသည် ဖြစ်၍ ဗာရာဏသီ ခရီးသို့ သွား၏။ ထိုပဉ္စာဝုဓ မင်းသားသည် ခရီးအကြား၌ စေးသော အမွေးရောက်သော ဘီလူးသည် စောင့်အပ်သော တစ်ခုသော တောအုပ်သို့ ရောက်၏။ ထိုအခါ ပဉ္စာဝုဓမင်းသားကို တောအုပ်၏အဝ၌ လူတို့ကို မြင်ကုန်၍ အိုသူလင် ဤတောအုပ်သို့ မဝင်လင့်။ ဤတောအုပ်၌ စေးသော အမွေး ရောက်သောဘီလူးသည် မြင်တိုင်းမြင်တိုင်းကုန်သောလူတို့ကို အသက်ကုန်ခြင်းသို့ ရောက်စေ၏ဟု တားမြစ်ကုန်၏။ ဘုရားလောင်းသည် ကိုယ်ကို ကြံလျက် တုန်လှုပ်ခြင်း မရှိသော ကေသရာဇာခြင်္သေ့မင်းကဲ့သို့ တောအုပ်သို့ ဝင်သည် သာလျှင်တည်း။ ထိုဘုရားလောင်းသည် တောအုပ်အလယ်သို့ ရောက်သည် ရှိသော် ထိုဘီလူးသည် ထန်းပင်ပမာဏ ရှိသည် ဖြစ်၍ စုလစ်မွမ်းချွန်တပ်သော အိမ်ပမာဏရှိသော ဦးခေါင်းကိုလည်းကောင်း, သပိတ်ပမာဏရှိသော မျက်စိကို လည်းကောင်း, ငှက်ပျောဖူးပမာဏ ရှိကုန်သော အစွယ်နှစ်ချောင်းတို့ကို လည်းကောင်း ဖန်ဆင်း၍ ဖြူသော မျက်နှာရှိသည်, ပြောက်ကျားသော ဝမ်း ရှိသည်, ညိုသော လက်ခြေရှိသည် ဖြစ်၍ ဘုရားအလောင်းအား ကိုယ်ကို ပြ၍ အဘယ်သို့ သွားမည်နည်း၊ ရပ်လော့။ ငါ့အစာ ဖြစ်ပြီဟု ဆို၏။ ထိုအခါ ဘီလူးကို ဘုရားလောင်းသည် ဘီလူး ငါသည် ကိုယ်ကို ကြံ၍ တောအုပ်သို့ ဝင်၏။ သင်သည် မမေ့မလျော့ ငါ့အထံသို့ ချဉ်းကပ်လော့၊ အဆိပ်လူးသော မြားဖြင့် သင့်ကို ပစ်၍ ဤအရပ်၌ပင် သတ်အံ့ဟု ခြိမ်းခြောက်၍ လတ်ဘလော သေစေတတ်သော အဆိပ်လူးသော မြားကို ဖွဲ့၍ လွှတ်၏။ ထိုမြားသည်လည်း ဘီလူး၏ အမွေး၌သာလျှင် ကပ်ငြိ၏၊ ထို့နောက် တစ်စင်းသော မြားကို လွှတ်၏။

ဤသို့သော နည်းဖြင့် ငါးဆယ်သော မြားကို လွှတ်၏။ အလုံးစုံသော မြားတို့သည် ဘီလူး၏ အမွေး၌သာ ကပ်ငြိကုန်၏။ ဘီလူးသည် အလုံးစုံသော မြားတို့ကို ခါ၍ မိမိ၏ ခြေရင်း၌သာ ကျစေ၍ ဘုရားအလောင်း အထံသို့ ကပ်၏။ ဘုရားလောင်းသည် တစ်ဖန်လည်း ထိုဘီလူးကို ခြိမ်းခြောက်၍ သန်လျက်ကို ငင်၍ ခုတ်၏။ သုံးဆယ့်သုံးလက်သစ် သံတွေဖြင့် လုပ်အပ်သော သန်လျက်သည် ဘီလူးအမွေး၌သာလျှင် ကပ်ငြိ၏။ ထိုအခါ ဘီလူးကို တောင့်ဖြင့်

ခတ်ပြန်၏။ ထိုတောင့်သည်လည်း ဒူ မွေးတို့၌သာလျှင် ကပ်ငြိပြန်၏။ ထိုတောင့် ကပ်ငြိသည်အဖြစ်ကို သိ၍ ဆောက်ပုတ်ဖြင့် ခတ်ပြန်၏။ ထိုဆောက်ပုတ်သည်လည်း အမွေးတို့၌သာလျှင် ကပ်ငြိ၏။ ဆောက်ပုတ်ကပ်ငြိသော အဖြစ်ကို သိ၍ အိုဘီလူး သင်သည် ငါ့ကို ပဉ္စာဝုဓမင်းသားဟူ၍ မကြားဖူးသလော၊ သင်သည် စောင့်အပ်သော တောအုပ်သို့ဝင်သော ငါသည် လေးအစ ရှိသည်တို့ကို ကြံ၍မဝင်၊ စင်စစ်သော်ကား ကိုယ်ကိုသာလျှင် ကြံ၍ ဝင်၏။ ယနေ့ သင့်ကို သတ်၍ မှုန့်မှုန့်ညက်ညက်ကြေသည်ကို ပြုအံ့ဟု ကြုံးဝါးလျက် အသံကို ပြုပြီးလျှင် ပဲ့တင်ထပ်စေ၍ လက်ယာလက်ဖြင့် ဘီလူးကို သတ်၏။ လက်သည် ဒူ မွေးတို့၌ ကပ်ငြိ၏။ လက်ဝဲလက်ဖြင့် သတ်ပြန်၍ ထိုလက်ဝဲ လက်သည်လည်း အမွေး၌သာလျှင် ကပ်ငြိ၏၊ လက်ယာခြေဖြင့် ခတ်ပြန်၏။ ထိုလက်ယာခြေသည်လည်း ကပ်ငြိ၏၊ လက်ဝဲခြေဖြင့် ခတ်ပြန်၏၊ ထိုလက်ဝဲ ခြေသည်လည်း ကပ်ငြိ၏၊ ဦးခေါင်းဖြင့် သင့်ကို ဝှေ၍ မှုန့်မှုန့်ညက်ညက် ကြေသည်ကို ပြုအံ့ဟု ဦးခေါင်းဖြင့် ဝှေ့ပြန်၏၊ ထိုဦးခေါင်းသည်လည်း အမွေး တို့၌သာ ကပ်ငြိ၏။

ထိုပဉ္စာဝုဓ မင်းသားသည် ငါးပါးသောဌာနတို့ဖြင့် ဆောင်အပ်သည်ဖြစ်၍ ငါးပါးသော ဌာနတို့၌ ဖွဲ့မိ၍ တွဲလျားရှိသော်လည်း ကြောက်ခြင်း မရှိသည် သာလျှင် ရှုံရှာခြင်းမရှိသည်သာလျှင် ဖြစ်၏။ ဘီလူးသည် ဤယောကျ်ားကား တစ်ယောက်သော ယောကျ်ားခြင်္သေ့တည်း၊ ယောကျ်ား အာဇာနည်တည်း၊ ယောကျ်ားမည်ကာမျှ သာမညသူ မဟုတ်ပေ၊ ငါကဲ့သို့ သဘောရှိသော ဘီလူး မည်သည် ဖမ်းအပ်သောသူ ဖြစ်လျက် ထိတ်လန့် တုန်လှုပ်ခြင်းမျှသည်း မဖြစ်၊ ဤတောအုပ်၌ နေသော ငါသည် တစ်ယောက်တည်းဖြစ်သော ဤသို့ သဘောရှိသော ယောကျ်ားကို ရှေး၌လည်း မမြင်ဖူး၊ အဘယ့်ကြောင့်လျှင် ဤယောကျ်ား မကြောက်သနည်းဟု ကြံ၏၊ ကြံပြီး၍ ထိုဘီလူးသည် ပဉ္စာဝုဓ မင်းသားကို စားအံ့သောငှါ မဝံ့သည် ဖြစ်၍ လုလင် အဘယ့်ကြောင့်လျှင် သင်သည် သေခြင်းကို မကြောက်သနည်းဟု မေး၏။ ဘီလူး အဘယ့်ကြောင့် ကြောက်ရအံ့နည်း၊ ထိုစကားသည် မှန်၏။ တစ်ခုသော အတ္တဘော၌ တစ်ကြိမ် သော သေခြင်းသည် မြဲသည်သာလျှင်တည်း၊ အကြောင်းတစ်ပါးလည်း ငါ၏ ဝမ်း၌ ဝရဇိန်လက်နက်သည် ရှိ၏။ ငါ့ကို အကယ်၍ စားငြားအံ့၊ ထိုဝရဇိန် လက်နက်ကို ကြေစိမ့်သောငှါ မတတ်နိုင်လတ္တံ့၊ ထိုဝရဇိန်လက်နက်သည် သင်၏ အူသွံ့ကို အပိုင်းပိုင်း ဖြတ်၍ အသက်ကုန်ခြင်းသို့ ရောက်စေလတ္တံ့။ ဤသို့ သင်သည် သေခြင်းသို့ ရောက်သည် ရှိသော် နှစ်ယောက်ကုန်သော ငါတို့သည် ပျက်စီးကုန်လတ္တံ့။ ဤသို့မှသော အကြောင်းကြောင့် ငါသည် မကြောက်ဟု ဘုရားလောင်း ဆို၏။

[ဤစကားကို ဘုရားလောင်းသည် မိမိကိုယ်တွင်း၌ ဉာဏ်လက်နက်ကို ရည်၍ ဆို၏။]

ထိုစကားကို ကြား၍ ဘီလူးသည် ဤလုလင်သည် မှန်သော စကားကို သာလျှင် ဆို၏။ ဤယောကျ်ားခြင်္သေ့၏ ကိုယ်မှ ပဲနောက်မျှလည်း ဖြစ်သော အသားကို ငါ၏ ဝမ်း၌ ကြေစေခြင်းငှါ မတတ်နိုင်လတ္တံ့၊ ထိုလုလင်ကို လွှတ်အံ့ဟု ကြံ၏။ ကြံပြီးလျှင် သေဘေးမှကြောက်သည်ဖြစ်၍ ဘုရားလောင်းကို လွှတ်၍ လုလင် ယောကျ်ားခြင်္သေ့ သင့်အသားကို ငါသည် မစားအံ့၊ သင်သည် ယနေ့ ရာဟုခံတွင်းမှ လွတ်သောလကဲ့သို့ ငါ့လက်မှလွတ်၍ အဆွေခင်ပွန်း အပေါင်းတို့ကို နှစ်သိမ့်စေလျက် သွားလေလောဟု ဆို၏၊ ထိုအခါ ဘီလူးကို ဘုရားလောင်းသည် ဘီလူး ငါသည် သွားအံ့၊ သို့သော် သင်သည် ရှေး၌လည်း အကုသိုလ်အမှုကို ပြု၍ ကြမ်းကြုတ်သော သွေးအလိမ်းလိမ်းကပ်သော သူ တစ်ပါး၏အသားကို စားတတ်သော ဘီလူး၏အဖြစ်ဖြင့်ဖြစ်၏၊ ဤဘဝ၌လည်း တည်၍ အကုသိုလ်ကိုသာလျှင် အကယ်၍ ပြုအံ့၊ ဒုမိုက်မှအမိုက်သို့ လားရ လတ္တံ့၊ ငါ့ကို မြင်သောအခါမှ စ၍ကား သင်သည် အကုသိုလ်ကိုပြုခြင်းငှါ မသင့်၊ ပါဏာတိပါတကံ မည်သည်ကား ငရဲ၌လည်းကောင်း၊ တိရစ္ဆာန်အမျိုး၌ လည်းကောင်း၊ ပြိတ္တာဘုံ၌လည်းကောင်း ဖြစ်စေတတ်၏၊ လူတို့၌ ဖြစ်ရာအရင်၌ အသက် တိုစေတတ်၏၊ ဤသို့ အစရှိသော နည်းဖြင့် ငါးပါးသောသီလ မရှိကုန် သောသူတို့၏ အပြစ်ဟု ဆိုအပ်သော အမှုတို့၏ အပြစ်ကိုလည်းကောင်း၊ သီလ ငါးပါးတို့၏ အကျိုးတို့ကိုလည်းကောင်း ဟော၍ အထူးထူးသော အကြောင်း တို့ဖြင့် ဘီလူးကို ခြိမ်းခြောက်လျက် တရားဟောပြီးလျှင် ဆုံးမ၍ မာန မရှိ သည်ကို ပြု၍ သီလငါးပါးတို့၌ တည်စေ၍ ထိုဘီလူးကို ထိုတောအုပ်၌သာလျှင် ပူဇော်သက္ကာရကို ခံတတ်သော နတ်ကိုပြု၍ အပ္ပမာဒတရားနှင့် ဆုံးမ၍ တော အုပ်မှထွက်လျက် တောအုပ်၌ လူတို့အား ကြားခဲ့ပြီးလျှင် ဖွဲ့အပ်သော ငါးပါး သောလက်နက်ရှိလျက် ဗာရာဏသီသို့သွား၍ မိဘတို့ကို ဖူးမြင်၍ နောက်အဖို့၌ မင်းအဖြစ်၌ တည်၍ တရားသဖြင့် မင်းပြုလျက် ဒါန အစရှိကုန်သော ကောင်းမှုတို့ကို ပြု၍ ကံအားလျော်စွာ လား၏၊ မြတ်စွာဘုရားသည်လည်း ဤတရားဒေသနာကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏။

၅၅။ ယော အလီနေန စိတ္တေန၊ အလီနမနသော နရော။
ဘာဝေတိ ကုသလံ ဓမ္မံ၊ ယောဂက္ခေမဿ ပတ္တိယာ။
ပါပုဏေ အနုပုဗ္ဗေန၊ သဗ္ဗသံယောဇနက္ခယံ။

တွန့်တိုခြင်းမရှိသောစိတ်ဖြင့် ပကတိအားဖြင့်လည်း မတွန့်တိုသော အလိုရှိသည်ဖြစ်၍ ယောဂတို့ဖြင့် ဘေးမရှိသော နိဗ္ဗာန်သို့ရောက်ခြင်းငှါ အပြစ်မရှိသော သုံးဆယ့်ခုနစ်ပါး အပြားရှိသော ဗောဓိပက္ခိယတရားကို ပွားစေသော ယောကျ်ားသည် အစဉ်သဖြင့် အလုံးစုံသော သံယောဇဉ်တို့၏ ကုန်ခြင်းကို ပြုတတ်သော အရဟတ္တမဂ်၏ အဆုံး၌ ဖြစ်သည်၏ အဖြစ်ကြောင့် သဗ္ဗသံယောဇနက္ခယဟု ရေတွက်အပ်သောအဖြစ်သို့ ရောက်သော အရဟတ္တဖိုလ်သို့ ရောက်၏။

ဤသို့ မြတ်စွာဘုရားသည် အရဟတ္တဖိုလ်ဖြင့် ဒေသနာတော်၏အထွတ်ကို ယူ၍ အဆုံး၌ လေးပါးသော သစ္စာတို့ကို ပြတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ လျော့သောဝီရိယရှိသော ရဟန်းသည် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် အနုသန္ဓေကိုစပ်၍ ယခုအခါ အင်္ဂုလိမာလသည် ထိုအခါ ဘီလူး ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပဉ္စာဝုဓမင်းသား ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏၊

ငါးဆယ့်ငါးခုမြောက်သော ပဉ္စာဝုဓဇာတ်သည် ပြီး၏။

---

## ၅၆-ကဥ္စနက္ခန္ဓဇာတ်

### စိတ်သာရှင်စေ ဘုရားဟော

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် "ယော ပဟဋ္ဌေန စိတ္တေန" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤကဥ္စနက္ခန္ဓဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မထင်ရှားသောရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏၊

သာဝတ္ထိပြည်၌နေသော အမျိုးသားတစ်ယောက်သည် မြတ်စွာဘုရား၏ တရား ဒေသနာတော်ကို နာရ၍ ရတနာသုံးပါးဟူသော သာသနာတော်၌ ဝမ်းရေးကို မငဲ့ဘဲ ရဟန်းပြုသတတ်၊ ထိုအခါ ထိုရဟန်းအား ဆရာ ဥပဇ္ဈာယ် တို့သည် ငါးရှင်- သီလမည်သည်ကား တစ်ပါးအပြား ရှိ၏။ သီလမည်သည်ကား နှစ်ပါးအပြားရှိ၏။ သုံးပါးအပြားရှိ၏၊ လေးပါးအပြားရှိ၏။ ငါးပါးအပြားရှိ၏၊

ခြောက်ပါးအပြားရှိ၏။ ခုနစ်ပါးအပြားရှိ၏။ ရှစ်ပါးအပြားရှိ၏။ ကိုးပါးအပြားရှိ၏။ ဆယ်ပါးအပြားရှိ၏။ သီလမည်သည်ကား များစွာသောအပြားရှိ၏။ ဤသီလသည်ကား စူဠသီလမည်၏။ ဤသီလသည်ကား မဇ္ဈိမသီလ မည်၏။ ဤသီလသည်ကား မဟာသီလမည်၏။ ဤသီလသည်ကား ပါတိမောက္ခ သံဝရသီလ မည်၏။ ဤသီလသည်ကား ဣန္ဒြိယသံဝရသီလ မည်၏။ ဤသီလသည်ကား အာဇီဝပါရိသုဒ္ဓိသီလ မည်၏။ ဤသီလသည်ကား ပစ္စယပစ္စဝေက္ခဏသီလ မည်၏ ဟု သီလကို ဟောကြားကုန်၏။

ထိုရဟန်းသည် ဤသီလ မည်သည်ကား အလွန်များ၏။ ငါသည် ဤမျှလောက်သော သီလကို ဆောက်တည်၍ ကျင့်ခြင်းငှါ မတတ်နိုင်လတ္တံ့၊ သီလကို ဖြည့်ခြင်းငှါ မတတ်နိုင်သော သူအားလည်း ရဟန်းအဖြစ်ဖြင့် အဘယ်အကျိုး ရှိအံ့နည်း ငါသည် လူထွက်၍ ဒါနအစရှိကုန်သော ကောင်းမှုတို့ကိုလည်း ပြုအံ့ သားမယားတို့ကိုလည်း မွေးအံ့ ဟုကြံ၏၊ ဤသို့ကြံပြီး၍ အရှင်ဘုရားတို့-အကျွန်ုပ်သည် သီလကို စောင့်ခြင်းငှါ မတတ်နိုင်လတ္တံ့၊ မတတ်နိုင်သော သူအားလည်း ရဟန်းအဖြစ်ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ အကျွန်ုပ်သည် လူထွက်အံ့၊ အရှင်ဘုရားတို့၏ သပိတ်သင်္ကန်းကို အရှင်ဘုရားတို့ ယူကြကုန်လောဟု ဆို၏။ ထိုအခါ ထိုရဟန်းကို ငါ့ရှင်-ဤသို့ မတတ်နိုင်သည်ရှိသော် မြတ်စွာဘုရားကို ရှိခိုး၍သာလျှင် သွားလေလောဟု ဆိုကုန်၍ ဆရာဥပဇ္ဈာယ်တို့သည် ထိုရဟန်းကို ယူ၍ မြတ်စွာဘုရား အထံတော်သို့ ဆောင်အပ်သည်ရှိသော် မြတ်စွာဘုရားသည် မြင်တော်မူ၍ ရဟန်းတို့-အလို မရှိသော ရဟန်းကိုယူ၍ အဘယ့်ကြောင့် လာကြကုန်သနည်းဟု မိန့်တော်မူ၏။ အရှင်ဘုရား- ဤရဟန်းသည် ငါသည် သီလကို စောင့်ခြင်းငှါ မတတ်နိုင်လတ္တံ့ဟု သပိတ်သင်္ကန်းကို ဥပဇ္ဈာယ်အား ဆောက်နှင်း၏။ ထိုအခါ ထိုရဟန်းကို အကျွန်ုပ်တို့သည်ယူ၍ လာကုန်၏ဟု လျှောက်ကုန်၏။

ရဟန်းတို့- သင်တို့သည် ဤရဟန်းအား အဘယ့်ကြောင့် များစွာသော သီလတို့ကို ဟောကြားကြကုန်သနည်း၊ အကြင်မျှလောက်သော သီလကို ဤရဟန်းသည် စောင့်ခြင်းငှါ တတ်နိုင်၏။ ထိုမျှလောက်သော သီလကို သာလျှင် ဟောကြားအပ်၏၊ ဤနေ့မှစ၍ သင်တို့သည် ဤရဟန်းကို တစ်စုံတစ်ခုသောစကားကို မဆိုကြကုန်လင့်၊ ငါသည် ဤသီလ၌ပြုအပ်သည်ကို သိအံ့ဟု မိန့်တော်မူ၍ ရဟန်း- သင်သည် လာလှည့် သင့်အား များစွာသော သီလဖြင့် အဘယ်အကျိုးရှိအံ့နည်း သုံးပါးသော သီလတို့ကိုသာလျှင် စောင့်ခြင်းငှါ တတ်နိုင်လတ္တံ့လောဟု မေးတော်မူ၏။ အရှင်ဘုရား- စောင့်ခြင်းငှါ တတ်နိုင်ပါ၏ ဟု နားတော် လျှောက်၏။ ရဟန်း ထိုသို့ ဖြစ်လျှင် သင်သည် ဤနေ့မှစ၍ ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ ဤဒွါရသုံးပါးတို့ကို စောင့်လော့၊ ကိုယ်ဖြင့် မကောင်းမှုကို မပြုလင့်၊ နှုတ်ဖြင့် မကောင်းမှုကို မပြုလင့်၊ စိတ်ဖြင့် မကောင်းမှုကို

မပြုလင့် သွားလော့-လူမထွက်လင့် ဤသီလ သုံးပါးတို့ကိုသာ ရှောင် စောင့်လော့ဟု မိန့်တော်မူ၏။ ဤမျှအတိုင်းအရှည်ဖြင့် ထိုရဟန်းသည် နှစ်သက်သော စိတ်ရှိသည် ဖြစ်၍ အရှင်ဘုရား ကောင်းပြီ စောင့်အံ့ဟု မြတ်စွာဘုရားကို ရှိခိုး၍ ဆရာဥပဇ္ဈာယ်တို့နှင့် အတူ သွားလျှင် သွား၏။

ထိုရဟန်းသည် ထိုသုံးပါးသောသီလကို ပြည့်စုံစေလျက်လျှင် ငါ၏ဆရာ ဥပဇ္ဈာယ်တို့သည် ဟောကြားအပ်သော သီလသည်လည်း ဤမျှသာလျှင်တည်း ထိုဆရာဥပဇ္ဈာယ်တို့သည်ကား မိမိတို့၏ ဘုရားမဟုတ်သည်၏ အဖြစ်ကြောင့် ငါ့ကိုသိစေခြင်းငှါမတတ်နိုင်ကုန် မြတ်စွာဘုရားသည်ကား ကိုယ်တော်၏သဗ္ဗညုတ ဉာဏ်ကိုကောင်းစွာသိတော်မူသည်၏ အဖြစ်ကြောင့် အဟုမရှိသော တရားမင်း ဖြစ်တော်မူသည်၏အဖြစ်ကြောင့် ဤမျှသောသီလကို သုံးပါးကုန်သော ဒွါရတို့၌ သာလျှင် တည်၍ ငါ့ကိုမှတ်စေ၏။ စင်စစ် မြတ်စွာဘုရားသည် ငါ၏ကိုးကွယ်ရာ ဖြစ်တော်မူ၏ဟုသိ၏။ သိပြီး၍ ဝိပဿနာကို ပွားစေ၍ နှစ်ရက် သုံးရက်ဖြင့် အရဟတ္တဖိုလ်၌ တည်၏၊ ထိုအကြောင်းကိုသိ၍ တရားသဘင်၌ စည်းဝေးကုန်သော ရဟန်းတို့သည် ငါ့ င်တို့-များစွာကုန်သော သီလတို့ကိုစောင့်ခြင်းငှါ မတတ်နိုင် လဘ်ဟု လူထွက်လိုသော ထိုရဟန်းကို အသုံးစုံသော သီလတို့ကို သုံးစုတို့ဖြင့် ချုံး၍ မှတ်စေပြီးလျှင် မြတ်စွာဘုရားသည် အရဟတ္တဖိုလ်သို့ ရောက်စေတော် မူသတတ်။ မြတ်စွာဘုရားတို့၏ အာနုဘော်မည်သည်ကား အံ့ဖွယ်ရှိစွဟု မြတ်စွာဘုရား၏ ကျေးဇူးတို့ကို ပြောဟောကုန်လျက် နေကြကုန်၏။ မြတ်စွာ ဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ငါလာတော်မူသောအခါ၌ အဘယ် စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သောစကားဖြင့် စည်းဝေးကြကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌ သာလျှင် အလွန်လေးသည်လည်း ဖြစ်သောဝန်သည် အစု၏အစွမ်းအားဖြင့် ဝေဖန်၍ ပေးအပ်သည်ရှိသော် ပေါ့သကဲ့သို့ ဖြစ်သည်မဟုတ်သေး၊ ရှေး၌လည်း ပညာရှိတို့သည် ကြီးစွာသော ရွှေဘုံးကိုရ၍ ချီအံ့သောငှါ မတတ်နိုင်သည် ရှိသော် ဝေဖန်ခြင်းကို ပြု၍ သွားဖူးကုန်ပြီဟု မိန့်တော်မူ၍ အတိတ်ကိုဆောင် တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တစ်ခုသော ရွာ၌ လယ်ထွန်သော ယောကျ်ားသည် ဖြစ်၍ ထွန်အပ်သော ဂါမခေတ်(ရွာပျက်ကုန်း)၌ ထွန်၏။ ရှေး၌လည်း ထိုရွာဝယ် တစ်ယောက်သော ဥစ္စာစည်းစိမ်နှင့် ပြည့်စုံသော သူဌေးသည် လုံးပတ် ပေါင်ပမာဏရှိသော အလျားလေးတောင် ပမာဏရှိသော ရွှေတုံးကို

မြုပ်၍ သေ၏။ ထိုရွှေတုံး၌ ဘုရားလောင်း၏ ထွန်သွားသည် ငြိ၍ တည်၏။ ဘုရားလောင်းသည် သစ်မြစ်အစဉ်သည် ဖြစ်လတ္တံ့ဟု မြေကိုယက်သည်ရှိသော် ထိုရွှေတုံးကို မြင်၍ မြေဖြင့်ဖုံးလွှမ်း၍ နေဝင်သည်ရှိသော် ထမ်းပိုးထွန်တုံး အစရှိသည်တို့ကို တင့်အပ်သော အရပ်၌ ထား၍ ရွှေတုံးကို ယူ၍သွားအံ့ဟု ရွှေတုံးကို ချီ၏။ ချီခြင်းငှာ မတတ်နိုင်၊ မတတ်နိုင်သည်ရှိသော် ထိုင်၍ ဤမျှသည် ဝမ်းကိုမွေးခြင်းငှါဖြစ်လတ္တံ့။ ဤမျှကို မြှုပ်၍ ထားအံ့၊ ဤမျှကိုအမှု၌ယှဉ်စေအံ့၊ ဤမျှကို ဒါနအစရှိသော ပုညကိရိယအကျိုးငှါ ဖြစ်လတ္တံ့။ ဤသို့ လေးစုတို့ကို ပြု၏၊ ဤသို့လျှင် ဘုရားလောင်း၏ ဝေဖန်သောကာလ၌ ထိုရွှေတုံးသည် ပေါ့သကဲ့သို့ ဖြစ်၏၊ ဘုရားလောင်းသည် ထိုရွှေကျိုးကို ဆောင်ပြီးလျှင် လေးစု ဝေဖန်၍ ဒါန အစရှိသော ကောင်းမှုတို့ကို ပြု၍ ကံအားလျော်စွာ လား၏၊ ဤသို့လျှင် မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဘုရား ဖြစ်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

၅၆။ ယော ပဟဋ္ဌေန စိတ္တေန၊ ပဟဋ္ဌမနသော နရော။
ဘာဝေတိ ကုသလံ ဓမ္မံ၊ ယောဂက္ခေမဿ ပတ္တိယာ။
ပါပုဏေ အနုပုဗ္ဗေန၊ သဗ္ဗသံယောဇနက္ခယံ။

နီဝရဏ ကင်းသဖြင့် ရွှင်လန်းသောစိတ်ဖြင့် ရွှင်လန်းသော စိတ်ရှိသည် ဖြစ်၍ ယောဂလေးပါးတို့ဖြင့် ဘေးမရှိရာ နိဗ္ဗာန်သို့ ရောက်ခြင်းငှါ အပြစ်မရှိသော သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရားကို ပွားစေသောသူသည် အစဉ်သဖြင့် သံယောဇဉ်အားလုံးတို့ ကုန်ခြင်းကို ပြုတတ်သော အရဟတ္တဖိုလ်သို့ ရောက်၏။

ဇာတ်ပေါင်း

ဤသို့ မြတ်စွာဘုရားသည် အရဟတ္တဖိုလ်ကို အထွတ်ပြုသဖြင့် ဒေသနာကို ပြီးစေ၍ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရွှေတုံးကိုရသော ယောကျ်ားဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

ငါးဆယ့်ခြောက်ခုမြောက်သော ကဉ္စနက္ခန္ဓဇာတ်သည် ပြီး၏။

———

၅၇-ဝါနရိန္ဒဇာတ်

ရန်အောင်မြင်မှု ကြောင်းလေးခု

ဉာဏ်ကလေး တစ်ထွာ တစ်မိုက်နှံ့

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာ ဘုရားသည် ယဿေတေ စတုရော ဓမ္မာ–အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ

ဆင်အပ်သော ဤဝါနရိန္ဒဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်၏ သတ်အံ့သောငှါ လုံ့လပြုခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဒေဝဒတ်သည် သတ်အံ့သောငှါ လုံ့လပြု၏ဟူသော စကားကို ကြားတော်မူ၍ ရဟန်းတို့ ယခုအခါ၌သာလျှင် ငါ့ကို သတ်အံ့သောငှါ လုံ့လပြုသည်မဟုတ်သေး။ ရှေး၌လည်း လုံ့လပြုဖူးသည်သာလျှင်တည်း။ ထိုသို့ လုံ့လပြုငြားသော်လည်း ထိတ်လန့်ခြင်းကိုမျှ ပြုခြင်းငှါ မတတ်နိုင်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် မျောက်အမျိုး၌ ဖြစ်၍ ကြီးခြင်းကို စွဲ၍ မြင်းငယ်ပမာဏရှိသော အားအစွမ်းနှင့် ပြည့်စုံသော တစ်ကောင်တည်းသာလျှင် ကျက်စားသော မျောက်ဖြစ်၍ မြစ်ကမ်းနား၌ နေ၏၊ ထိုမြစ်၏ အလယ်၌ တစ်ခုသော ကျွန်းသည် အထူးထူးအပြားပြားရှိကုန်သော သရက်, ပိန္နဲ အစရှိကုန်သော သစ်ပင်တို့နှင့် ပြည့်စုံ၏။ ဘုရားလောင်းသည် ဆင်ပြောင်အားနှင့်တူသော ဗလရှိ၏။ အစွမ်းနှင့် ပြည့်စုံ၏။ မြစ်၏ ဤမှာဘက်ကမ်းမှ ခုန်၍ ကျွန်းငယ်၏ ဤမှာဘက်ကမ်းမှ မြစ်လယ်၌ တစ်ခုသော ကျောက်ဖျာသည် ရှိ၏။ ထိုကျောက်ဖျာ၌ ကျ၏။ ထိုကျောက်ဖျာမှ ခုန်၍ ထိုကျွန်းငယ်၌ ကျ၏။ ထိုကျွန်းငယ်၌ အထူးထူးအပြားပြားရှိကုန်သော သစ်သီးတို့ကို စား၍ ညချမ်းအခါ၌ ထိုနည်းဖြင့်လျှင် တစ်ဖန်ပြန်လာ၍ မိမိ၏ နေရာအရပ်၌ နေ၍ နက်ဖြန်နေ့၌လည်း ထိုရှေးအတူသာလျှင် ပြု၏။ ဤနည်းဖြင့် ထိုအရပ်၌ နေခြင်းကို ပြု၏။ ထိုကာလ၌ကား တစ်ခုသော မိကျောင်းသည် မယားနှင့်တကွ ထိုမြစ်နား၌ နေ၏။ မိကျောင်း၏ မယားသည် ထိုမှ ဤမှ သွားသော ဘုရားလောင်းကို မြင်၍ ဘုရားလောင်း၏ နှလုံးသား၌ ချင်ခြင်းကို ဖြစ်စေ၍ မိကျောင်းဖိုကို အရှင် ဤမျောက်မင်း၏ နှလုံးသား၌ ချင်ခြင်းသည် ငါ့အား ဖြစ်၏ဟု ဆို၏။ မိကျောင်းသည် ရှင်မ ကောင်းပြီ၊ ရလတ္တံ့ဟု ဆို၍ ယနေ့ ညချမ်းအခါ၌ ကျွန်းငယ်မှ လာသည်သာလျှင် ဖြစ်သော မျောက်မင်းကို ဖမ်းအံ့ဟု သွား၍ ကျောက်ဖျာ၌ ဝပ်၏။

ဘုရားလောင်းသည် တစ်နေ့ပတ်လုံး ကျက်စား၍ ညချမ်းအခါ ကျွန်းငယ်၌ ရပ်လျက်လျှင် ကျောက်ဖျာကို ကြည့်၍ ဤကျောက်ဖျာသည် ယခုအခါ၌ မြင့်သည် ဖြစ်၍ထင်၏။ အကြောင်းကား အသို့နည်းဟု ကြံ၏။ ဘုရားလောင်းသည် ရေပမာဏကိုလည်းကောင်း ကျောက်ဖျာပမာဏကိုလည်းကောင်း ကောင်းစွာ

မှတ်အပ်သည်သာ ဖြစ်၏။ ထို့ကြောင့် ဘုရားလောင်းအား ယနေ့ ဤမြစ်၌ ရေသည် လျော့လည်း မလျော့၊ တိုးလည်း မတိုး၊ ထိုသို့ ဖြစ်လျက်လည်း ဤကျောက်ဖျာသည် ကြီးသကဲ့သို့ ဖြစ်၍ထင်၏။ အသို့နည်း ဤကျောက်ဖျာ၌ ငါ့ကို ဖမ်းအံ့သောငှါ မိကျောင်းသည် ဝပ်၍ နေသလော၊ ဤသို့သော အကြံ သည် ဖြစ်၏၊ ဘုရားလောင်းသည် ထိုကျောက်ဖျာကို ရှေးဦးစွာ စုံစမ်းအံ့ဟု ထိုကျွန်းငယ်၌ပင်လျှင် ရပ်လျက် ကျောက်ဖျာနှင့် စကားပြောသကဲ့သို့ ဖြစ်၍ အိုကျောက်ဖျာဟု ခေါ်သည် ရှိသော် စကားတုံ့ကို မရ၍ သုံးကြိမ်မြောက် အောင် အိုကျောက်ဖျာ အိုကျောက်ဖျာဟု ဆို၏။ ကျောက်ဖျာသည် အသို့ စကားတုံ့ကို ပေးလတ္တံ့နည်း။ တဖန်လည်း ထိုကျောက်ဖျာကို မျောက်မင်း သည် အိုကျောက်ဖျာ အဘယ့်ကြောင့် ယနေ့ ငါ့ကို စကားတုံ့ မပေးသနည်း ဟု ဆို၏။ မိကျောင်းသည် မျောက်မင်းစကားကို ကြား၍ မချွတ်လျှင် တစ်ပါးသော နေ့တို့၌ ကျောက်ဖျာသည် မျောက်မင်းအား စကားတုံ့ ပေး၏၊ ယခုအခါ မျောက်မင်းအား စကားတုံ့ကို ပေးအံ့ဟု ကြံ၍ အိုမျောက်မင်း အသို့နည်းဟု ဆို၏၊ အဆွေ အသင်ကား အသူဖြစ်သနည်းဟု ဆိုသည် ရှိသော် ငါကား မိကျောင်းဟု ဆို၏။ အဘယ်အကျိုးငှါ ဤကျောက်ဖျာ၌ ဝပ်သနည်းဟု ဆိုသည် ရှိသော် သင်၏ နှလုံးသားကို တောင့်တသည် ဖြစ်၍ နေသည်ဟုဆို၏။

ဘုရားလောင်းသည် ငါ့အား သွားရာခရီးသည် မရှိ၊ ယနေ့ငါသည် ဤမိကျောင်း ကို လှည့်စားအပ်၏ဟု ကြံ၏။ ကြံပြီး၍ ထိုအခါ မိကျောင်းကို အဆွေမိကျောင်း ငါသည် ကိုယ်ကို သင့်အား စွန့်အံ့၊ သင်သည် ခံတွင်းကို ဖွင့်၍ ငါ့ကို သင့်အထံသို့ လာသောကာလ၌ ဖမ်းလော့ဟုဆို၏။ ထိုစကားသည်မှန်၏။ မိကျောင်းတို့အား ခံတွင်းကို ဖွင့်သည် ရှိသော် မျက်စိတို့သည် မှိတ်ကုန်၏။ မိကျောင်းသည် ထိုအကြောင်းကို မမှတ်မူ၍ ခံတွင်းကို ဖွင့်၏။ မျက်စိတို့သည် မှိတ်ကုန်၏။ မိကျောင်းသည် ခံတွင်းကို ဖွင့်၍ မျက်စိတို့ကို မှိတ်၍ဝပ်၏။ ဘုရားလောင်းသည် ထိုသို့ မျက်စိမှိတ်သောအဖြစ်ကို သိ၍ ကျွန်းငယ်မှ ခုန်လျက် သွား၍ မိကျောင်း ၏ ထိပ်၌ နင်း၍ မိကျောင်းထိပ်မှ ခုန်၍ လျှပ်စစ်နွယ်ကဲ့သို့ ထွန်းပလျက် ထိုမှာ ဘက်ကမ်း၌ တည်၏၊ မိကျောင်းသည် အံ့ဖွယ်သရဲကိုမြင်၍ ဤမျောက်မင်းသည် အလွန်သော အံ့ဖွယ်ကို ပြုအပ်၏ဟု ကြံ၍ အိုမျောက်မင်း ဤလောက၌ လေးပါးကုန်သော ကျေးဇူးတို့နှင့် ပြည့်စုံသောသူသည် ရန်သူတို့ကို လွှမ်းမိုး နိုင်၏၊ ထိုအလုံးစုံသော ကျေးဇူးတို့သည်လည်း သင်၏ကိုယ်တွင်း၌ ရှိယောင် တကားဟု ဆိုလို၍ ဤဂါထာကို ဆို၏—

၅၇။ ယဿေတေ စတုရော ဓမ္မာ၊ ဝါနရိန္ဒ ယထာ တဝ။
သစ္စံ ဓမ္မော ဓိတိ စာဂေါ၊ ဒိဋ္ဌံ သော အတိဝတ္တတိ။

မျောက်မင်း သင်၏ကိုယ်တွင်း၌ သစ္စာ,ပညာ,လုံ့လ စွန့်ကြဲခြင်း ဟူသော ဤလေးပါးသော ကျေးဇူးတရား ရှိကုန်သကဲ့သို့ ထို့အတူ ကိုယ်တွင်း၌ ထို ကျေးဇူးတရား လေးပါးတို့ ရှိကုန်သော သူတို့သည် ရန်သူကို လွန်မြောက် အောင်နိုင်၏။

ဤသို့ မိကျောင်းသည် ဘုရားလောင်းကို ချီးမွမ်း၍ မိမိနေရာအရပ်သို့ သွား၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ရဟန်းတို့ ယခုအခါ၌သာလျှင် ဒေဝဒတ်သည် ငါ့ကို သတ်အံ့သောငှါ လုံ့လပြုသည် မဟုတ်သေး။ ရှေး၌လည်း လုံ့လ ပြုဖူးသည် သာလျှင်တည်းဟု ဓမ္မဒေသနာကို ဆောင်တော်မူ၍ အနုသန္ဓေကိုပေ၍ ယခု အခါ ဒေဝဒတ်သည် ထိုအခါ မိကျောင်းဖြစ်ဖူးပြီ၊ ယခုအခါ စိဉ္စမာနသည် ထိုအခါ မိကျောင်း၏ မယားဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မျောက်မင်းဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

ငါးဆယ့်ခုနစ်ခုမြောက်သော ဝါနရိန္ဒဇာတ်သည် ပြီး၏။

---

## ၅၈-တယောဓမ္မဇာတ်

### သူတစ်ပါးမကောင်းကြံ ကိုယ်ဘေးဒဏ်ထိ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် "ယဿ ဧတေ တယော ဓမ္မာ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤတယောဓမ္မဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ဒေဝဒတ်၏ သတ်အံ့သောငှါ လုံ့လပြုခြင်း**ကို အကြောင်းပြု၍ ဟောတော်မူ၏။

### အတီတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် **ဒေဝဒတ်သည်** မျောက်အမျိုး၌ဖြစ်၍ ဟိမဝန္တာအရပ်၌ မျောက်အပေါင်းကို ဆောင်သည်ရှိသော် မိမိကိုစွဲ၍ မွေးဖွားကုန်သော မျောက်ငယ်တို့ကို ဤမျောက်ငယ်တို့သည် ကြီးပွားခြင်းသို့ ရောက်ကုန်သော်

မျောက်အပေါင်းကို ဆောင်ကုန်ရာ၏ဟု ကြောက်ခြင်းကြောင့် သွားတို့ဖြင့် ကိုက်၍ မျောက်ငယ်တို့၏ ဝှေးစေ့တို့ကို ထုတ်၏။ ထိုအခါ ဘုရားလောင်းသည်လည်း ထိုဒေဝဒတ်အလောင်း မျောက်မင်းကိုစွဲ၍ တစ်ခုသော မျောက်မဝမ်း၌ ပဋိသန္ဓေကို ယူ၏။ ထိုအခါ မျောက်မသည် ကိုယ်ဝန်တည်သောအဖြစ်ကို သိ၍ မိမိ၏ ကိုယ်ဝန်ကို စောင့်လိုသည်ဖြစ်၍ တစ်ပါးသော တောင်ခြေရင်းသို့ သွား၏။ ထိုမျောက်မသည် ရင့်သောကိုယ်ဝန်ရှိသည် ဖြစ်၍ ဘုရားလောင်းကို ဖွား၏။ ထိုဘုရားလောင်းသည် ကြီးခြင်းကိုစွဲ၍ လိမ္မာသောအဖြစ်သို့ ရောက်ရှိသည် ရှိသော် အစွမ်းနှင့် ပြည့်စုံ၏။

ထိုဘုရားလောင်းသည် တစ်နေ့သ၌ အမိကို မိခင် ငါ၏ အဘကား အဘယ်မှာနည်းဟု မေး၏။ အမောင် ဤမည်သောတောင်ခြေရင်း၌ မျောက်အပေါင်းကို ဆောင်လျက်နေ၏ဟုဆို၏။ မိခင် အဘထံသို့ ငါ့ကိုဆောင်လေ ာဟုဆို၏။ အမောင်သင်သည် အဘထံသို့သွားခြင်းငှါ မသင့်။ ထိုစကားသည်မှန်၏။ သင့်အဘသည် မိမိကိုစွဲ၍ဖြစ်ကုန်သော မျောက်ငယ်တို့ကို ဤမျောက်ငယ်တို့သည် မျောက်အပေါင်းကိုဆောင်ကုန်လတ္တံ့ဟု ဆောင်အံ့သည်မှ ကြောက်သောကြောင့် သွားတို့ဖြင့်ကိုက်၍ ဝှေးစေ့တို့ကို ထုတ်၏ဟု ဆို၏။ မိခင် ထိုအဘထံသို့ ငါ့ကို ဆောင်လော့ ငါသည် သိအံ့ဟု ဆို၏။ ထိုမျောက်မသည် သားကို ယူ၍ အဘထံသို့ သွား၏။ ထိုဒေဝဒတ်အလောင်းမျောက်သည် မိမိသားကို မြင်၍ ဤမျောက်သည် ကြီးသည်ရှိသော် ငါ့အား မျောက်အပေါင်းကို ဆောင်ခြင်းငှါ မပေးလတ္တံ့။ ယခုပင်လျှင် သတ်အံ့ဟု ထိုဘုရားလောင်းကို လည်၌ ဖက်သကဲ့သို့ ပြု၍ ညှစ်နှိပ်၍ အသက်ကုန်ခြင်းသို့ ရောက်စေအံ့ဟု ကြံ၍ အမောင် လာလော့ ဤမျှလောက်သော ကာလပတ်လုံး အဘယ်သို့သွားသနည်းဟု ဘုရားလောင်းကို လည်၌ ဖက်သကဲ့သို့ ပြု၍ နှိပ်၏။ ဘုရားလောင်းသည်ကား ဆင်ပြောင်အားနှင့် တူသော အားရှိ၍၊ အစွမ်းနှင့် ပြည့်စုံ၏၊ ဘုရားလောင်းသည် မျောက်မင်းကို နှိပ်၏။ ထိုအခါ မျောက်မင်း၏ အရိုးတို့သည် ကွဲအံ့သကဲ့သို့ ဖြစ်ကုန်၏။ ထိုအခါ မျောက်မင်းအား ဤမျောက်ငယ်သည် ကြီးသည်ရှိသော် ငါ့ကို သတ်လတ္တံ့။ အဘယ် ဥပါယ်ဖြင့် ရှေးဦးစွာလျှင် သတ်ရအံ့နည်း ဤသို့သော အကြံသည် ဖြစ်၏၊ ထိုနောက်မှ အနီး၌ ရက္ခိုသ်စောင့်သော ရေကန်သည် ရှိ၏၊ ထိုရေကန်၌ ထိုမျောက်ငယ်ကို ရက္ခိုသ်စားစေအံ့ဟု ကြံ၏။

ထိုအခါ ဘုရားလောင်းကို မျောက်မင်းသည် အမောင် ငါအိုပြီ၊ ဤမျောက်အပေါင်းကို သင့်အား ဆောက်နှင်းအံ့၊ ယနေ့ပင်လျှင် သင့်ကို မင်းပြုစေအံ့၊ ဤမည်သော အရပ်၌ ကန်သည် ရှိ၏။ ထိုကန်၌ ကုမုဒြာကြာနှစ်ပွင့် ဥပ္ပလကြာ သုံးပွင့် ပဒုမ္မာကြာ ငါးပွင့် ဤကြာပန်းတို့ကို ဆောင်ချေလောဟု ဆို၏။

ထိုဘုရားလောင်းသည် ဖခင် ကောင်းပြီ။ ဆောင်အံ့ဟု သွား၍ အဆောတလျှင် ရေကန်သို့ မသက်မူ၍ ထက်ဝန်းကျင်မှ ခြေရာကို စုံစမ်းသည်ရှိသော် သက်သော ခြေရာကို သာလျှင် မြင်၍ ဤရေကန်သည် ရက္ခိုသ်စောင့်သော ရေကန်သည် ဖြစ်ရာ၏။ ငါ့အဘသည် ငါ့ကို သတ်ခြင်းငှါ မတတ်နိုင်၍ ငါ့ကို ရက္ခိုသ် စားစေ လိုသည် ဖြစ်လတ္တံ့၊ ငါသည် ရေကန်သို့ မသက်ဘဲ ကြာပန်းတို့ကိုလည်း ယူအံ့ဟု ရေမရှိရာ အရပ်သို့ သွား၍ အဟုန်ကို ယူ၍ ခုန်သည်ရှိသော် ရွှေသို့ သွားလတ်က် ရေမရှိသော ကောင်းကင်၌ ရပ်လျက်သာလျှင် နှစ်ပွင့်သော ကြာပန်းတို့ကို ယူ၍ ထိုမှာ ဘက်ကမ်း၌ ကျ၏။ ထိုမှာ ဘက်ကမ်းမှလည်း ဤမှာ ဘက်ကမ်းသို့ သွား၍ ထိုနည်းဖြင့်သာလျှင် နှစ်ပွင့်သော ကြာပန်းတို့ကို ယူ၍ ဤသို့ကမ်းနား နှစ်ဘက်တို့၌ အစုကို ပြုလျက် ကြာပန်းတို့ကို ယူ၏။ ရေစောင့် ရက္ခိုသ်၏ အာဏာတည်ရာ အရပ်သို့ မသက်။ ထိုအခါ ဘုရားလောင်းသည် ဤကြာပန်း တို့ထက် အလွန် ရွက်ဆောင်ခြင်းငှါ မတတ်နိုင်လတ္တံ့ဟု ထိုကြာပန်းတို့ကို တစ်ခုသော အရပ်၌ အစုကို ပြုစဉ် ထိုရေစောင့် ရက္ခိုသ်သည် ငါသည် ဤမျှ လောက်သော ကာလပတ်လုံး ဤသို့ သဘောရှိသော အံ့ဖွယ်သရဲဖြစ်သော ယောကျ်ားကို မမြင်စဖူး၊ ကြာပန်းတို့ကိုလည်း အလိုရှိတိုင်း ယူအပ်ကုန်၏။ ငါ၏ အာဏာတည်ရာ အရပ်သို့လည်း မသက်ဟု ရေကို နှစ်ဖြာခွဲ၍ ရေမှတက်ပြီး၍ ဘုရားလောင်းသို့ ကပ်၍ မျောက်မင်း ဤလောက၌ အကြင်သူ၏ ကိုယ်တွင်း၌ သုံးပါးကုန်သော ကျေးဇူးတို့သည် ရှိကုန်၏။ ထိုသူသည် ရန်သူကို လွှန်နိုင်၏။ ထိုအလုံးစုံသော ကျေးဇူးတို့သည်လည်း သင့်၏ ကိုယ်တွင်း၌ ရှိယောင်တကားဟု ဆိုလို၍ ဤဂါထာကို ဆို၏—

**၅၈။ ယဿ ဧတေ တယော ဓမ္မာ၊ ဝါနရိန္ဒ ယထာ တဝ။**
**ဒက္ခိယံ သူရိယံ ပညာ၊ ဒိဋ္ဌံ သော အတိဝတ္တတိ။**

မျောက်မင်း သင်၏ ကိုယ်တွင်း၌ လိမ္မာကျွမ်းကျင်သော လုံ့လ, ရဲရင့်ခြင်း, ပညာ ဟူသော ဤသုံးပါးသော ကျေးဇူးတရားတို့ ရှိကုန်သော သူသည် ရန်သူကို လွှန်မြောက် အောင်နိုင်၏။

ဤသို့ ရေစောင့်ရက္ခိုသ်သည် ဤဂါထာဖြင့် ဘုရားလောင်းအား ချီးမွမ်းခြင်းကို ပြု၍ ဤကြာပန်းတို့ကို အဘယ်အကျိုးငှါ ရွက်ဆောင် သနည်းဟု မေး၏။ ငါ့ကို အဘသည်မင်းပြုလို၏။ ထိုအကြောင်းကြောင့် ဆောင်၏ဟု ဆို၏။ ထိုသို့ သဘော ရှိသော ယောကျ်ားမြတ်သည် ကြာပန်းတို့ကို ကိုယ်တိုင်ရွက်ဆောင်ခြင်းငှါမသင့်။ ငါသည် ရွက်ဆောင်အံ့ဟု ကြာပန်းကို ချီ၍ ဘုရားလောင်း၏ နောက်မှ လိုက်၏။ ထိုအခါ ဘုရားလောင်း၏ အဘသည် အဝေးမှလျှင် ဘုရားလောင်းကို

မြင်၍ ငါသည် ဤမျောက်ငယ်ကို ရေစောင့်ရက္ခိုသ်၏ အစာ ဖြစ်လတ္တံ့ဟု ငေး၏။ ထိုမျောက်ငယ်သည် ယခုအခါ၌ ရက္ခိုသ်ကို ကြာပန်းတို့ကို ထမ်းစေ၍ လာ၏။ ငါ ယခု ပျက်စီးပြီဟု ကြံလတ်သော် နှလုံးခုနစ်စိတ်ကွဲခြင်းသို့ ရောက်၍ ထိုအရပ်၌ပင်လျှင် အသက်ကုန်ခြင်းသို့ ရောက်၏။ ကြွင်းကုန်သော မျောက်တို့သည် စည်းဝေးကုန်၍ ဘုရားလောင်းကို မင်းမြှောက်ကုန်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ အနုသန္ဓေကို စပ်၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ မျောက်မင်းဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မျောက်မင်း၏ သားဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

ငါးဆယ့်ရှစ်ခုမြောက်သော တယောဓမ္မဇာတ်သည် ပြီး၏။

---

၅၉—ဘေရိဝါဒကဇာတ်

ဆိုဆုံးမခက်သောသား စည်တီးသမား

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာ ဘုရားသည် ဓမေ ဓမေ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဘေရိဝါဒကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော ဆိုနိုင်ခက်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း သင်သည် ဆိုနိုင်ခက်သည်မှာ ဟုတ်သည် မှန်သလောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု လျှောက်သည်ရှိသော် ရဟန်း သင်သည် ယခုအခါ၌သာ ဆိုနိုင်ခက်သည် မဟုတ်သေး။ ရှေး၌လည်း ဆိုနိုင်ခက်သည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် စည်တီးအမျိုး၌ ဖြစ်၍ တစ်ခုသော ရွာငယ်၌နေ၏။ထိုဘုရားလောင်းသည် ဗာရာဏသီမြို့၌ နက္ခတ်သဘင်ကြွေးကြော်

၏ဟုကြား၍ သင်္ဘောအလယ်၌ စည်တီး၍ ဥစ္စာကို ဆောင်အံ့ဟု သားကိုခေါ်၍ ဗာရာဏသီမြို့သို့ သွားပြီးလျှင် စည်တီး၍ များစွာသောဥစ္စာကိုရ၍ ထိုဘုရားလောင်းသည် ရသော ဥစ္စာကိုယူ၍ မိမိရွာသို့ သွားသည်ရှိသော် ခိုးသူတို့နေသော တောသို့ရောက်၍ မပြတ်စည်တီးသောသားကို အမောင် မပြတ်မတီးမူ၍ ခရီးသွားသောမင်း၏ စည်ကဲ့သို့ ရံခါရံခါ တီးလောဟု သားကို မြစ်၏။ ထိုသားသည် အဘမြစ်ငြားသော်လည်း စည်တီးသဖြင့်သာလျှင် ခိုးသူတို့ကို ပြေးစေအံ့ဟု ဆို၍ မပြတ်သာလျှင် တီး၏။ ခိုးသူတို့သည် ရှေးဦးစွာလျှင် စည်သံကိုကြား၍ မင်း၏ စည်သံသည် ဖြစ်လတ္တံ့ဟု ပြေးပြီးမှ အလွန်လျှင် တစ်စပ်တည်းသော စည်သံကို ကြား၍ ဤစည်သည် မင်း၏ စည်သည် မဖြစ်လတ္တံ့ဟု လာလတ်ကုန်၍ စုံစမ်းသည်ရှိသော် နှစ်ယောက်ကုန်သောသူတို့ကို လျှင်မြင်၍ ပုတ်ခတ်၍ လုယက်ကုန်၏။ ဘုရားလောင်းသည် စင်စစ် ငါတို့သည် ငြိုငြင်သဖြင့် ရအပ်သော ဥစ္စာကို တစ်စပ်တည်းသော အသံကိုပြု၍ တီးလျက် ဖျက်ဆီး၏ဟု ဆိုလို၍ ဤဂါထာကို ရွတ်ဆို၏—

၅၉။ ဓမေ ဓမေ နာတိ ဓမေ၊ အတိဓန္တံ ဟိ ပါပကံ၊
ဓန္တေန ဟိ သတံ လဒ္ဓံ၊ အတိဓန္တေန နာသိတံ။

ရံခါ ရံခါမှသာလျှင် တီးခတ်ရာ၏၊ မပြတ်တီးခတ်ခြင်းသည် မကောင်း၊ ထို့ကြောင့် အဆက်မပြတ် မတီးခတ်ရာ၊ ပွဲသဘင် အလယ်၌ စည်တီးခတ်၍ ရအပ်သော အသပြာ တစ်ရာကို အဆက်မပြတ် တီးခတ်သဖြင့် ပျက်စီးရ၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ အနုသန္ဓေကိုစပ်၍ ယခုအခါ ဆုံးမနိုင်ခက်သော ရဟန်းသည် ထိုအခါ သားဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ အဘဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

ငါးဆယ့်ကိုးခုမြောက်သော ဘေရိဝါဒကဇာတ်သည် ပြီး၏။

---

၆၀-သင်္ခဓမဇာတ်

ပြောရဆိုရခက်သော ခရုသင်းမှုတ်သမား

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် ဓမေ ဓမေ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော

ဤသခ်ဳမဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆိုနိုင်ခက်သော ရဟန်း ကိုပင်လျှင် အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းကိုလည်း မြတ်စွာဘုရားသည် ရဟန်း သင်သည် ဆိုနိုင်ခက်သတတ် ဟူသည် မှန်သလောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်း သင်သည် ယခုအခါ၌သာလျှင် ဆိုနိုင်ခက်သည် မဟုတ်သေး ရှေး၌လည်း ဆိုနိုင်ခက်သည် သာလျှင် တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ခရုသင်းမှုတ်သော အမျိုး၌ ဖြစ်၏။ ဗာရာဏသီပြည်၌ နက္ခတ်သဘင်ကို ကြွေးကြော်သည်ရှိသော် အဘကိုခေါ်၍ ခရုသင်းမှုတ်သော အမှုဖြင့် ဥစ္စာကိုရ၍ လာသောအခါ ခိုးသူရှိသော တော၌ မပြတ် ခရုသင်းမှုတ်သော အဘကို တားမြစ်၏။ ထိုအဘသည် ခရုသင်းသံဖြင့် ခိုးသူတို့ကို ပြေးစေအံ့ဟု မပြတ်သာလျှင် မှုတ်၏။ ခိုးသူတို့သည် ရှေးနည်းဖြင့် သာလျှင် လာလတ်ကုန်၍ လုယက်ကုန်၏။ ဘုရားလောင်းသည် ရှေးနည်းဖြင့် သာလျှင် ဆိုလို၍ ဤဂါထာကို ဆို၏—

၆၀။ ဓမေ ဓမေ နာတိဓမေ၊ အတိဓန္တံ ဟိ ပါပကံ။
ဓန္တေနာဓိဂတာ ဘောဂါ၊ တေ တာတော ဝိဓမိ ဓမံ။

ရံခါရံခါမှသာ ခရုသင်းမှုတ်ရာ၏၊ အဆက်မပြတ် ခရုသင်းမှုတ်ခြင်းသည် မကောင်း။ ထို့ကြောင့် အဆက်မပြတ် ခရုသင်း မမှုတ်ရာ၊ ပွဲလမ်းသဘင်၌ ခရုသင်းမှုတ်၍ ရသော စည်းစိမ်တို့ကို ဖခင်သည် ခရုသင်း အဆက်မပြတ် မှုတ်လျက် ဖျက်ဆီး၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ အနုသန္ဓေကိုစပ်၍ ယခုအခါ ဆိုနိုင်ခက်သော ရဟန်းသည် ထိုအခါ အဘ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သား ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ခြောက်ဆယ်ခုမြောက်သော သခ်ဳမဇာတ်သည် ပြီး၏။

## ၆၁-အသာတမန္တဇာတ်

### လူသာအို၍ ကိလေသာမအို

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် အာသာ လောကိတ္ထိယော နာမ–ဒေစရိသောဂါထာပုဒ်ဖြင့် ဥန်ဆာဆင်အပ်သော ဤအသာတမန္တဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် သာသနာတော်၌ ငြီးငွေ့သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုရဟန်း၏ဝတ္ထုသည် ဥမ္မာဒန္တီဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။

ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း မိန်းမတို့သည်ကား ဆင်းရဲကို ပေးတတ်ကုန်၏။ ယုတ်မာကုန်၏။ သင်သည် ဤသို့ သဘောရှိသော ယုတ်မာသော မိန်းမကြောင့် အဘယ့်ကြောင့် သာသနာတော်မှ ငြီးငွေ့သနည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

#### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်ဝယ် တစ်ဦးသော ပုဏ္ဏားမျိုး၌ဖြစ်၍ လိမ္မာသော အဖြစ်သို့ ရောက်သည်ရှိသော် ဗေဒင်သုံးပုံတို့၌ လည်းကောင်း, အလုံးစုံသော အတတ်တို့၌လည်းကောင်း အပြီးသို့ ရောက်သည်ဖြစ်၍ ဒိသာပါမောက္ခ ဆရာဖြစ်၏၊ ထိုအခါ ဗာရာဏသီပြည်ဝယ် တစ်ဦးသော ပုဏ္ဏားမျိုး၌ သားဖွားသော နေ့၌ မီးကိုယူ၍ မငြိမ်းစေမူ၍ ထားကုန်၏။ ထိုအခါ ပုဏ္ဏား သတို့သားကို တစ်ဆယ့်ခြောက်နှစ်ရှိသော အခါ၌ မိဘတို့သည် ချစ်သား ငါတို့သည် သင်ဖွားသော နေ့၌ မီး ကို ယူ၍ ထားအပ်ကုန်ပြီ၊ ဗြဟ္မာ့ပြည်သို့ အကယ်၍ လားလိုငြားအံ့၊ သင်သည် မီးကို ယူ၍ တောသို့ ဝင်ပြီးလျှင် မီးကို လုပ်ကျွေး၍ ရှိခိုးလျက် ဗြဟ္မာ့ပြည်သို့ လားသည်ဖြစ်လော၊ အိမ်၌ အကယ်၍ နေလိုသည် ဖြစ်အံ့၊ တက္ကသိုလ်ပြည်သို့ သွား၍ ဒိသာပါမောက္ခ ဆရာ့အထံ၌ အတတ်ကို သင်၍ ဥစ္စာကို ဖြစ်စေလောဟု ဆိုကုန်၏။ ပုဏ္ဏား လုလင်သည် ငါသည် တော၌ မီးကို လုပ်ကျွေးခြင်းငှါ မတတ်နိုင်လတ္တံ့၊ ဥစ္စာကိုသာ ဖြစ်စေအံ့ဟု မိဘတို့ကို ရှိခိုး၍ ဆရာ့အဖိုးဖြစ်သော တစ်ထောင်သော အသပြာကို ယူ၍ တက္ကသိုလ်ပြည်သို့ သွား၍ အတတ်ကို သင်ပြီးလျှင် တစ်ဖန် ပြန်ခဲ့၏။

ထိုပုဏ္ဏားလုလင်၏ မိဘတို့သည် အိမ်၌ နေသဖြင့် အလိုမရှိကုန်၊ တော၌ မီးကို လုပ်ကျွေးစေလိုကုန်၏။ ထိုအခါ လုလင်ကို အမိသည် မိန်းမတို့ အပြစ်ကို သိစေ၍ တောသို့ ဝင်စေလို၏၊ တက္ကသိုလ် ဆရာသည် ပညာရှိ၏၊ လိမ္မာ၏၊

ငါ့သားအား မိန်းမတို့၏ အပြစ်ကို ပြောဆိုခြင်းငါ တတ်နိုင်လတ္တံ့ဟု ကြံ၍ ချစ်သား အတတ်ကို သင်အပ်ပြီလောဟု မေး၏။ မိခင် သင်အပ်ပြီဟု ဆိုအပ် သည်ရှိသော် သင်သည် အသာတမန္တန်ကိုလည်း သင်အပ်ပြီလောဟု မေး၏။ မိခင် မသင်အပ်ဟု ဆို၏။ ချစ်သားသည် အသာတမန္တန်ကို အကယ်၍ မသင် အပ်သည် ဖြစ်အံ့၊ အတတ်သင်သည် မမည်၊ သွားချေ၊ သင်၍လာလောဟု ဆို၏။ ထိုလုလင်သည် ကောင်းပြီဟု တစ်ဖန် တက္ကသိုလ်ပြည်သို့ ရှေးရှုသွား၏။ ထိုဆရာ၏လည်း အမိသည် အသက်ကြီးသည်ဖြစ်၍ တစ်ရာ့နှစ်ဆယ် ရှိ၏။ ထိုဆရာသည် အမိအိုကို မိမိလက်ဖြင့် ရေချိုးလျက် စားစေလျက် သောက်စေ လျက် လုပ်ကျွေး၏။ တစ်ပါးကုန်သောလူတို့သည် ထိုသို့ပြုသော ဆရာကိုမြင်၍ စက်ဆုပ်ကုန်၏၊

ထိုဆရာသည် ငါသည် တောသို့ဝင်၍ ထိုတော၌ အမိအိုကို လုပ်ကျွေးလျက် အကယ်၍ နေရမူကား ကောင်း၏ဟုကြံ၏။ ထိုအခါ တစ်ခုသော ဆိတ်ငြိမ်သော တောသယ် ရေရလွယ်ရာအရပ်၌ သစ်ရွက်မိုးသော အိမ်ကို ပြုစေ၍ ထောပတ် ဆန် အစရှိသည်တို့ကို ဆောင်စေ၍ အမိအိုကို ထမ်း၍ ထိုတောသို့ သွားပြီးလျှင် အမိကို လုပ်ကျွေးလျက် နေခြင်းကို ပြု၏။ ထိုပုဏ္ဏားလုလင်သည်လည်း တက္ကသိုလ် ပြည်သို့သွား၍ ဆရာကို မမြင်သည်ရှိသော် ဆရာသည် အဘယ်မှာရှိသနည်းဟု မေး၍ ထိုအကြောင်းကို ကြား၍ တောကိုသွားပြီးလျှင် ဆရာကိုရှိခိုး၍ ရပ်၏။ ထိုအခါ လုလင်ကို ဆရာသည် အမောင် အဘယ့်ကြောင့်လျှင် အလွန်လျင်စွာ လာသနည်းဟု မေး၏။ အကျွန်ုပ်ကို ဆရာတို့သည် အသာတမည်သော မန္တရားကို မသင်အပ်သည် မဟုတ်လောဟု ဆို၏။ သင့်အား အသာတမည်သော မန္တရားကို သင်ရမည်၊ သင်ချေဟူ၍ အဘယ်သူသည် ဆိုသနည်းဟု မေး၏။ ဆရာ အကျွန်ုပ်၏ အမိသည် ဆိုအပ်၏ဟု ဆို၏။

ဘုရားလောင်းသည် တစ်စုံတစ်ခုသော အသာတမန္တရားမည်သည် မရှိ၊ ဤလုလင်၏ အမိသည် ဤလုလင်ကို မိန်းမတို့၏ အပြစ်ကို သိစေသည် ဖြစ်လတ္တံ့ဟု ကြံ၏၊ ကြံပြီး၍ ထိုအခါ လုလင်ကို အမောင် ကောင်းပြီ သင်အံ့၊ သင့်အား အသာတမည်သော မန္တရားကို ပေးအံ့။ ယနေ့ကို အစပြု၍ ငါ၏အရာ၌ တည်၍ ငါ့အမိကို မိမိလက်ဖြင့် ရေချိုးလျက် စားစေလျက် သောက်စေလျက် လုပ်ကျွေးလော၊ ငါ့အမိအိုအား လက် ခြေ ဦးခေါင်း ကျောက်တို့ကို ဆုပ်နယ်ခြင်း အစရှိသည်တို့ကိုလည်း ပြုလျက် ရှင်မ—ရှေးဦးစွာ အဲ့ခြင်းသို့ ရောက်သော ကာလ၌လည်း ရှင်မ၏ကိုယ်သည် ဤသို့သဘောရှိသေး၏။ ပျိုစဉ်ကာလ၌ကား အဘယ်ဆိုဖွယ် ရှိအံ့နည်းဟု ဆိုလော၊ လက်ခြေတို့ကို ဆုပ်နယ်ခြင်း အစရှိသည် တို့ကို ပြုသောကာလ၌ လက်ခြေအစရှိသည်တို့၏ ကျေးဇူးကို ဆိုလေလော၊

သင့်အား ငါ့အမိအိုသည် အကြင်စကားကိုလည်း ဆိုလတ္တံ့၊ ထိုစကားကို ရှက်ခြင်းမရှိသည်ဖြစ်၍ မလျှို့ဝှက်မူ၍ ငါ့အားကြားလော့။ ဤသို့ ပြုသည်ရှိသော် ရလတ္တံ့ဟု ဆို၏။

ထိုလုလင်သည် ဆရာ ကောင်းပြီဟု ဆရာ့စကားကို ဝန်ခံပြီးလျှင် ထိုနေ့မှ စ၍ အလုံးစုံသော ဆရာဆိုတိုင်းသော အစီအရင်ကို ပြု၏။ ထိုအခါ လုလင်သည် အဖန်တလဲလဲ ချီးမွမ်းသည်ရှိသော် ဤလုလင်သည် ငါနှင့်တကွ မေ့လျော် လိုသည် ဖြစ်လတ္တံ့ဟု ကန်းသော အိုသော ထိုမိန်းမ၏ ကိုယ်တွင်း၌ ကိလေသာ သည်ဖြစ်၍ ချီးမွမ်းသော လုလင်ကို ငါနှင့်တကွ မေ့လျော်ခြင်းငှါ အလိုရှိ သလောဟု ဆိုသည်ရှိသော် ရှင်မ—ရှေးဦးစွာ ငါသည် အလိုရှိ၏။ ဆရာကိုကား ခံ့ငြား၏ဟု ဆို၏။ ငါ့ကို အကယ်၍ အလိုရှိငြားအံ့၊ ငါ့သားကို သတ်လောဟု ဆို၏။ ငါသည် ဆရာ့အထံ၌ ဤမျှလောက်သော ဒတတ်တို့ကိုသင်၍ ကိလေသာမျက်မှိုလျက် အဘယ်အကြောင်းဖြင့် သတ်ရအံ့နည်းဟု ဆို၏။ ထိုသို့ ဖြစ်လျှင် အကယ်၍ ငါ့ကို သင်မစွန့်သည်ဖြစ်အံ့ ငါသည်ပင်လျှင် ငါ့သားကို သတ်အံ့ဟု ဆို၏။

[ဤသို့လျှင် မိန်းမတို့ မည်သည်ကား ဆင်းရဲကို ပေးတတ်ကုန်၏။ ယုတ်မာကုန်၏။ ထိုသို့သဘောရှိသည် မည်သော အရွယ်၌တည်ကုန် လျက် ရာဂစိတ်ကိုဖြစ်စေ၍ ကိလေသာသို့ အစဉ်လိုက်ကုန်၏။ ဤသို့ ကျေးဇူးပြုတတ်သော သားကို သတ်လိုကုန်သည် ဖြစ်ကုန်၏။]

လုလင်သည် အလုံးစုံသော ထိုစကားကို ဘုရားလောင်းအား ကြား၏။ ဘုရားလောင်းသည် လုလင် သင်သည် ငါ့အားကြားသဖြင့် ကောင်းစွာ ပြုအပ် ၏ဟု ဆို၏။ အမိအို၏ အသက် အပိုင်းအခြားကို ကြည့်သည်ရှိသော် ယနေ့ ပင်လျှင် သေလတ္တံ့ဟုသိ၍ လုလင် လာလှည့်, ထိုအမိအိုကို စုံစမ်းအံ့ဟု တစ်ခုသော ရေသဖန်းပင်ကို ဖြတ်၍ မိမိ၏ ပမာဏဖြင့် သစ်သားရုပ်ကို ပြုပြီးလျှင် ဦးခေါင်းနှင့်တကွ ခြုံ၍ မိမိ၏ အိပ်ရာ၌ ပက်လက်အိပ်စေ၍ ကြိုးငယ် ဖြင့် ဖွဲ့ပြီးလျှင် တပည့်ကို အမောင် ပုဆိန်ကိုယူပြီးလျှင် ငါ့အမိအား အမှတ်ကို ပေးလောဟုဆို၏။

လုလင်သည် သွား၍ ရှင်မ—ဆရာသည် သစ်ရွက်မိုးသောအိမ်၌ မိမိအိပ်ရာ ဝယ် အိပ်၏။ ငါသည် ကြိုးအမှတ်ကို ဖွဲ့အပ်ပြီ၊ ဤပုဆိန်ကို ယူ၍သွားပြီးလျှင် အကယ်၍ တတ်နိုင်ငြားအံ့၊ ထိုဆရာကိုသတ်လော ဆို၏။ သင်သည် ငါ့ကို စွန့်လတ္တံ့လောဟု မေး၏။ အဘယ်အကြောင်းကြောင့် စွန့်အံ့နည်းဟုဆိုသည်

ရှိသော် ထိုအမိအိုသည် ပုဆိန်ကိုယူ၍ တုန်တုန်လှုပ်လှုပ် ထလျက် ကြိုးအမှတ်ဖြင့် သွားပြီးလျှင် လက်ဖြင့်စမ်း၍ ဤသူသည် ငါ့သားတည်းဟူသော အမှတ်ဖြင့် သစ်သားရုပ်၏ မျက်နှာ၌ ပုဆိုးကိုပယ်လျက် တစ်ချက်တည်းဖြင့် သေစေအံ့ဟု လည်ပင်း၌ပေါက်၍ ဒုန်းဒုန်းဟူသော အသံဖြစ်သည်ရှိသော် သစ်သားအဖြစ်ကို သိ၏။ ထိုအခါ အမိအိုကို ဘုရားလောင်းသည် အမိ အဘယ်ကို ပြုသနည်းဟု ဆိုသည်ရှိသော် ငါ့ကို လှည့်စားအပ်သည် ဖြစ်ပြီဟု ထိုအရပ်၌ပင်လျှင် သေ၍ လည်း၏၊ (ထိုအမိအိုသည် မိမိ၏ သစ်ရွက်မိုးသော အိမ်၌ အိပ်ငြားသော်လည်း ထိုခဏ၌သာလျှင် သေရာသည် သာလျှင်တည်း၊) ဘုရားလောင်းသည် အမိအို၏ သေသောအဖြစ်ကို သိလျှင် သင်္ဂြိုဟ်ခြင်းကိစ္စကို ပြု၍ သင်္ဂြိုဟ်ခြင်းမီးကို ငြိမ်းစေ၍ တောပန်းတို့ဖြင့် ပူဇော်ပြီးလျှင် လုလင်ကိုခေါ်၍ သစ်ရွက်မိုးသော အိမ်တံခါး၌နေ၍ အသာတမန္တရားမည်သည် အသီးအခြားမရှိ။ မိန်းမတို့ မည်သည် အသာတ မည်ကုန်၏၊ အသာတမန္တရားကို သင်ချေလောဟု ငါ့အထံ သို့ စေသော သင့်အမိသည် မိန်းမတို့၏ အပြစ်ကို သိစိမ့်သောငှါ စေ၏။

ယခုအခါ၌ကား သင်သည် မျက်မှောက်လျှင် အမိအို၏ အပြစ်ကို မြင်ရပြီ။ ဤသို့သောအကြောင်းကြောင့် မိန်းမတို့မည်သည် ဆင်းရဲကို ပေးတတ်ကုန်၏။ ယုတ်မာကုန်၏။ ဤသို့ သိလေလောဟု ဆို၏။ ထိုလုလင်သည် ဆရာကိုရှိခိုး၍ မိဘတို့၏အထံသို့ သွား၏။ ထိုအခါ လုလင်ကို အမိသည် အမောင် သင်သည် အသာတမည်သော မန္တရားကို သင်အပ်ပြီလောဟု မေး၏။ မိခင်—သင်အပ်ပြီဟု ဆို၏၊ အမောင်—ယခုအခါ ဘယ်ကိုပြုလတ္တံ့နည်း။ ရဟန်းပြု၍ မီးကိုလည်း လုပ်ကျွေးအံ့လော အိမ်ရာထောင်သောလူ၏ ဘောင်၌လည်း နေအံ့လောဟု မေး၏။ လုလင်သည် မိခင် ငါသည် မျက်မှောက်အားဖြင့် မိန်းမတို့၏ အပြစ် တို့ကို မြင်ရပြီ၊ အိမ်၌နေခြင်းဖြင့် ငါ့အားကိစ္စမရှိ။ ငါသည် ရဟန်းပြုအံ့ဟု မိမိ အလိုကို ပြလိုရသား ဤဂါထာကို ဆို၏—

၆၁။ အသာ လောကိတ္ထိယောနာမ၊ ဝေလာတာသံ န ဝိဇ္ဇတိ။

သာရတ္တာ စ ပဂဗ္ဘာစ၊ သိခီ သဗ္ဗဃသော ယထာ။

တာ ဟိတွာ ပဗ္ဗဇိဿာမိ၊ ဝိဝေက မနုဗြူဟယံ။

လောက၌ မိန်းမတို့မည်သည်ကား ယုတ်မာ၍ ဆင်းရဲကို ပေးတတ်ကုန်၏။ ထိုမိန်းမတို့အား အပိုင်းအခြား စည်းကမ်းကလနားမရှိ၊ ကာမဂုဏ်ငါးပါး တို့၌ တပ်စွန်းတတ်ကုန်၏။ ကိုယ်နှုတ်နှလုံးတို့ဖြင့် လွန်ကျူးတတ်ကုန်၏၊ မီးသည် ကောင်း, မကောင်း အလုံးစုံကို လောင်းကျွမ်းတတ်သကဲ့သို့ ထိုအတူ မိန်းမ

တို့သည် ရတိုင်း ရတိုင်းသော သူကို မှီဝဲတတ်ကုန်၏။ ထိုမိန်းမတို့ကို စွန့်၍ ရဟန်းပြုအံ့၊ ကာယဝိဝေကကို စိတ္တဝိဝေကကို ပွားစေလျက် ဗြဟ္မာ့ပြည်သို့ သွားတော့အံ့။

ဤသို့လျှင် မိန်းမတို့ကို ကဲ့ရဲ့၍ မိဘတို့ကို ရှိခိုး၍ ရဟန်းပြုပြီးလျှင် ဆိုအပ်ပြီးသော အပြားရှိသော ကာယဝိဝေက စိတ္တဝိဝေကကို ပွားစေလျက် ဗြဟ္မာ့ပြည်သို့ လား၏။ မြတ်စွာဘုရားသည်လည်း ဤသို့လျှင် မိန်းမတို့ မည်သည်ကား ယုတ်မာကုန်၏။ ဆင်းရဲကို ပေးတတ်ကုန်၏။ ဆင်းရဲခြင်း၏ အကြောင်းဖြစ်၍ ဖြစ်ကုန်၏ဟု မိန်းမတို့၏ ကျေးဇူးမဲ့ကို ဟောတော်မူ၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ထိုငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် အနုသန္ဓေကိုစပ်၍ ယခုအခါ ဘဒ္ဒကာပိလာနီသည် ထိုအခါ လုလင်အမိ ဖြစ်ဖူးပြီ၊ ယခုအခါ မဟာကဿပသည် ထိုအခါ လုလင်အဖ ဖြစ်ဖူးပြီ။ ယခုအခါ အာနန္ဒာသည် ထိုအခါ တပည့်လုလင် ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဒိသာပါမောက္ခဆရာ ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏၊

ခြောက်ဆယ့်တစ်ခုမြောက်သော အသာတမန္တဇာတ်သည် ပြီး၏။

## ၆၂-အဏ္ဍဘူတဇာတ်

### မိန်းမဟူသည် လုံအောင်အမြဲ စောင့်နိုင်ခဲ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် ယံမြာဟ္မဏောအဝါဒေသိ–အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအဏ္ဍဘူတ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာသနာတော်၌ ငြီးငွေ့သော ရဟန်းကို ပင်လျှင် အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း သင်သည် သာသနာတော်၌ ငြီးငွေ့သတတ် ဟူသည် မှန်သလောဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်း မိန်းမတို့

သည်ကား စောင့်ရှောက်ခြင်းငှါ မတတ်နိုင်ကုန် ရှေးပညာရှိတို့သည် ၊ မိန်းမကို အမိဝမ်းခေါင်း အောင်းသောအခါမှ စ၍ စောင့်ရှောက်သော်လည်း စောင့်ရှောက်ခြင်းငှါ မတတ်နိုင်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်ခဲ့တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် မိဖုရားကြီးဝမ်း၌ ဖြစ်၍ အရွယ်သို့ ရောက်၍ အလုံးစုံ အတတ်တို့၌ အပြီးသို့ရောက်၍ အဖ လွန်သဖြင့် မင်းအဖြစ်သို့ရောက်၍ တရားနှင့်အညီ မင်းပြု၏။ ထိုဘုရားလောင်း ဗြဟ္မဒတ်မင်းသည် ပုရောဟိတ်နှင့်အတူ ကြွေအန်ကစား၏။ ကစားသောအခါ၌လည်း—

သဗ္ဗာနဒီ ဝင်္ကနဒီ၊ သဗ္ဗေ ကဋ္ဌမယာ ဝနာ။
သဗ္ဗိတ္ထိယော ကရေ ပါပံ၊ လဘမာနေ နိဝါတကေ။

မြစ်မှန်သမျှ ကွေ့ကောက်ကုန်၏၊ တောမှန်သမျှ ထင်းအတိသာ ဖြစ်ကုန်၏၊ ဆိတ်ကွယ်ရာအရပ်ကို ရလာလျှင် မိန်းမမှန်သမျှ မကောင်းမှုကို ပြုကုန်၏။

ဤကြွေအန် သီချင်းကို သီလျက် ငွေပျဉ်၌ ရွှေဖြင့် ပြုအပ်သော အန်လက်တို့ကို ပစ်၏၊ ဤသို့ ကစားသည်ရှိသော် မင်းသည်ကား အမြဲနိုင်၏။ ပုရောဟိတ်သည် ရှုံး၏။ ထိုပုရောဟိတ်သည် အစဉ်သဖြင့် အိမ်၌ စည်းစိမ်ဥစ္စာ ကုန်လတ်သည်ရှိသော် ကြံ၏။ အဘယ်သို့ ကြံသနည်းဟူမူကား ဤသို့ဖြစ်သည်ရှိသော် ဤအိမ်၌ အလုံးစုံသော ဥစ္စာသည် ကုန်လတ္တံ့။ ယောကျ်ားတစ်ပါး မရောက်ဖူးသော မိန်းမကိုရှာ၍ အိမ်သူပြုအံ့ဟု ကြံ၏။ ထိုနောက်မှ ပုရောဟိတ်အား ဤသို့သော အကြံသည် ဖြစ်ပြန်၏။ တစ်ပါးသောယောကျ်ားကို မြင်ဖူးသော မိန်းမကို စောင့်ရှောက်ခြင်းငှါ မတတ်နိုင်လတ္တံ့။ အမိဝမ်းခေါင်းအောင်းသောအခါမှစ၍ မိန်းမကို စောင့်ရှောက်၍ အရွယ်သို့ ရောက်သော ထိုမိန်းမကို မိမိအလိုသို့ တည်စေ၍ တစ်ယောက်ထည်းသော ယောကျ်ားရှိသည်ကို ပြု၍ မြဲစွာ အစောင့်အရှောက်ကို စီရင်၍မင်းအိမ်မှ ဥစ္စာကို ဆောင်အံ့ ဤသို့သော အကြံသည်ဖြစ်၏။ ထိုပုရောဟိတ် ပုဏ္ဏားသည်လည်း ဂုဏ္ဌိပုရိသ လက္ခဏာ ကျွမ်း၌ လိမ္မာ၏။ ထိုအခါ တယောက်သော ကိုယ်ဝန်ဆောင်သော ဆင်းရဲသော မိန်းမကိုမြင်၍ သားမိန်းမ ဖွားလတ္တံ့သည်ကိုသိ၍ ထိုမိန်းမကို ခေါ်စေပြီးလျှင် ရိက္ခာပေး၍ အိမ်၌သာလျှင် နေစေလျက် ဖွားသောကာလ၌ဥစ္စာကို ပေး၍ လွှတ်လိုက်၏။ ထိုသတို့သမီးကို တပါးကုန်သော ယောကျ်ားတို့အား မြင်ခြင်းကို မပေးမူ၍ မိန်းမတို့၏လက်၌သာပေး၍ မွေးစေ၏။

အရွယ်သို့ရောက်သောကာလ၌ ထိုသတို့သမီးကို မိမိအလို၌တည်စေ၍အကြင် မျှလောက် ထိုသတို့သမီးသည် မကြီးသေး ထိုမျှလောက်မင်းနှင့် ကြွေအန်ကို မကစား ထိုသတို့သမီးကိုကား မိမိအလို၌ တည်စေ၍ မြတ်သောမင်းကြီး ကြွေအန်ကစားကုန်အံ့ဟုဆို၏။ မင်းကြီးသည် ကောင်းပြီဟု ရေးနည်းဖြင့်သာ ကစား၏။ မင်းကြီးသည် ကြွေအန်သီချင်းကိုသီ၍ အန်လက်ကို ပစ်သော ကာလ၌ ပုရောဟိတ်သည် ထပေတွာ မမ မာဏဝိကံ-ဟုဆို၏။ ထိုအခါမှစ၍ ပုရောဟိတ်သည် နိုင်၏။ မင်းကြီးသည်ရှုံး၏။ ဘုရားလောင်းသည် ဤပုဏ္ဏား၏ အိမ်၌ တယောက်ထည်းသော ယောကျ်ားရှိသော တယောက်သော မိန်းမ ရှိသည်ဖြစ်ရာ၏ ဘုစုံစမ်းသည်ရှိသော် ရှိသော အဖြစ်ကိုသိ၍ မိန်းမ၏ သီလကို ဖျက်ဆီးစေအံ့ဟုတယောက်သော သေသောက်ကျူးကို ခေါ်စေ၍ ပုရောဟိတ် မိန်းမ၏ သီလကို ဖျက်ဆီးအံ့သောငှါ တတ်နိုင်လတ္တံ့လောဟု မေး၏။ ရှင် မင်းကြီး တတ်နိုင်ပါ၏ဟုလျှောက်၏။ ထိုအခါသေသောက်ကျူးအား မင်းသည် ဥစ္စာပေး၍ ထိုသို့ဖြစ်လျှင် လျင်စွာပြီးစေလောဟု ထိုသေသောက်ကျူးကိုစေ၏။ ထိုသေသောက်ကျူးသည် မင်းအထံမှ ဥစ္စာကိုယူ၍ နံ့သာအခိုးအထုံ နံ့သာမှုန့် ပရုပ် အစရှိသည်တို့ကို ယူ၍ ထိုပုရောဟိတ်အိမ်မှ အနီး၌ အလုံးစုံသော နံ့သာ ဈေးကို ကျင်း၏။

ပုရောဟိတ်၏ အိမ်သည်လည်း ဘုံခုနစ်ဆင့်ရှိ၏။ အလုံးစုံတံခါးမုခ်တို့၌လည်း မိန်းမ အစောင့် အရှောက်ကိုသာထား၍ ပုရောဟိတ် ပုဏ္ဏားအိမ်သို့ ဝင်ခြင်းငှါ ရသော တပါးသော ယောကျ်ားမည်သည်မရှိ အမှိုက်စွန့်သောတောင်းကိုလည်း သုတ်သင်၍လျှင် သွားရ၏။ ထိုလုလင်မကို ပုဏ္ဏားသာလျှင် မြင်ခြင်းငှါရ၏။ ထိုလုလင်မအားလည်း ဝယောက်သော အလုပ်အကျွေးမိန်းမသည် ရှိ၏။ ထို အခါ လုလင်မ၏ အလုပ်အကျွေး မိန်းမသည် နံ့သာဘိုးပန်းဘိုးကိုယူ၍ သွား သည်ရှိသော် ထိုသေသောက်ကျူး၏ ဈေးအနီးဖြင့်သွား၏။ ထိုသေသောက် ကျူးသည် ဤမိန်းမသည်ကားထိုလုလင်မ၏အလုပ်အကျွေးတည်းဟု ကောင်းစွာ သိ၍ တနေ့သ၌ လာလတ်သော အလုပ်အကျွေးမိန်းမကို မြင်၍လျှင် ဈေးမှ ထ၍ သွားပြီးလျှင် ထိုအလုပ်အကျွေးမိန်းမ၏ ခြေရင်း၌လည်း၍လက်နှစ်ဘက် တို့ဖြင့် ခြေ၌မြဲစွာကိုင်၍ မိခင်-ဤမျှလောက်သော ကာလပတ်လုံး အဘယ် အရပ်သို့သွားသနည်းဟုဆို၍ ငိုကြွေး၏။ ကြွင်းကုန်သောအဖော် ဖြစ်ကုန်သော သေသောက်ကျူးတို့သည်လည်း တင့်တယ်အပ်သော အရပ်၌ရပ်၍ သာလျှင် လက်, ခြေ, မျက်နှာ သဏ္ဍာန်တို့ဖြင့်လည်းကောင်း အသွင်အပြင် တို့ဖြင့်လည်း ကောင်း အမိသားတို့သည် တပ်မျှတူကုန်သည်သာလျှင် တည်းဟု ဆိုကုန်၏။

ထိုအလုပ် အကျွေးမိန်းမသည် သေသောက်ကျူးတို့ ဆိုကုန်သည်ရှိသော် မိမိသည် ကောင်းစွာယုံကြည်၍လည်း ဤသူသည် ငါ့သား ဖြစ်လတ္တံ့ဟု မိမိ

သည်လည်း ငိုခြင်းငှါ အားထုတ်၏။ ထိုနှစ်ယောက်ကုန်သော သူတို့သည်လည်း ငိုကုန်၍ မျက်ရည်ယိုကုန်လျက် အချင်းချင်း လည်ဘက်၍တည်ကုန်၏။ ထိုအခါ သေသောက်ကျူးသည် မိခင်-အဘယ်အရပ်၌ နေသနည်းဟုမေး၏။ ချစ်သား-ငါသည် ကိန္နရီမ၏ တင့်တယ်ခြင်း စမ္ပယ်ခြင်းနှင့်တူသော အဆင်း၏ တင့်တယ်ခြင်း အစုသို့ရောက်သော ပုရောဟိတ်၏ ငယ်စွာသော မိန်းမအား လုပ်ကျွေးခြင်းကိုပြု၍ နေရ၏ဟုဆို၏။ မိခင် ယခုအခါ အဘယ်သို့ သွားအံ့နည်းဟု မေး၏။ ထိုလုလင်မတို့နှံ့သာပန်း အစရှိသည်တို့၏ အကျိုးငှါ သွားအံ့ဟုဆို၏။ မိခင်သင်အား တပါးသောအရပ်သို့သွား၍ အဘယ်အကျိုးရှိအံ့နည်း ဤနေ့မှစ၍ ငါ၏ အထံမှသာလျှင် ဆောင်လောဟု ဆို၍ အဖိုးမယူဘဲ များစွာကုန်သော ပန်းသုံ့ကရဝေး အစရှိသည်တို့ကိုလည်းကောင်း အထူးထူး အပြားပြားသော ပန်းတို့ကိုလည်းကောင်းပေး၏။ လုလင်မသည် များစွာသော နံ့သာပန်းတို့ကို မြင်၍ မိခင်-ယနေ့ ငါတို့အား ပုဏ္ဏားသည် ကြည်ညိုသလောဟု ဆို၏။ ချစ်သမီး အဘယ့်ကြောင့် ဤသို့ဆိုသနည်းဟု ဆိုသည်ရှိသော် ဤနံ့သာ ပန်းတို့၏များသည်၏ အဖြစ်ကို မြင်၍ ဆို၏ဟု လုလင်မငယ်က ဆို၏။ ပုဏ္ဏားသည် များစွာ အဖိုးကိုမပေး၊ ငါသည်ကား ထိုနံ့သာပန်းတို့ကို ငါ့သား အထံမှ ဆောင်ခဲ့၏ဟု ဆို၏။

ထိုနေ့မှစ၍ အလုပ်အကျွေး မိန်းမသည် ပုဏ္ဏားပေးသော နံ့သာဖိုးကို မိမိယူ၍ သေသောက်ကြူးထံမှ နံ့သာပန်း အစရှိသည်တို့ကို ဆောင်၏။

သေသောက်ကြူးသည် နှစ်ရက် သုံးရက်လွန်သဖြင့် နာဟန်ကို ပြု၍အိပ်၏။ ထိုအလုပ်အကျွေး မိန်းမသည် သေသောက်ကြူး၏ ဈေးတံခါးသို့ သွား၍ ထိုသေသောက်ကြူးကို မမြင်သည်ရှိသော် ငါ့သားကား အဘယ်မှာနည်းဟု မေး၏။ သင့်သားအား မချမ်းသာခြင်းသည် ဖြစ်၏ဟု ဆိုကုန်၏။ ထိုအလုပ် အကျွေး မိန်းမသည် သေသောက်ကြူး၏ အိမ်ရာသို့ သွား၍ ထိုင်ပြီးလျှင် ကျောက်ကုန်းကို ဆုပ်နယ်လျက် ချစ်သား-သင့်အား အဘယ်မချမ်းသာ ခြင်းသည် ဖြစ်သနည်းဟု မေး၏။ ထိုသေသောက်ကြူးသည် ဆိတ်ဆိတ်နေ၏၊ ချစ်သား အဘယ်ကြောင့် မဆိုသနည်းဟု မေး၏။ မိခင် သေသော်လည်း မိခင်အား ဆိုခြင်းငှါ မတတ်ကောင်းဟု ဆိုသည်ရှိသော် ချစ်သား-ငါ့အား မဆိုမူ အဘယ်သူအား ဆိုအံ့နည်း၊ ချစ်သား ဆိုလောဟု ဆို၏။ မိခင်-ငါ့အား တစ်ပါးသော မချမ်းသာခြင်းမည်သည် မရှိ။ ထိုလုလင်မ၏ကား ကျေးဇူးကို ကြား၍ တပ်စွန်းသော စိတ်ရှိသည်ဖြစ်၏။ ထိုလုလင်မကို ရသည် ရှိသော် အသက်ရှင်အံ့။ မရသည်ရှိသော် ဤအရပ်၌ပင်လျှင် သေအံ့ဟုဆို၏။ ချစ်သား-ဤဝန်သည် ငါ၏ဝန်တည်း။ သင်သည် ထိုလုလင်မကိုမှီ၍ မကြံလင့်ဟု သေသောက်ကြူးကို နှစ်သိမ့်စေ၍ များစွာကုန်သော ပန်းနံ့သာ အစရှိသည်

တို့ကို ယူ၍ လုလင်မ၏ အထံသို့သွား၍ ချစ်သမီး–ငါ၏သားသည် ငါ့အထံမှ ချစ်သမီး၏ ကျေးဇူးစကားကို ကြား၍ တပ်စွန်းသော စိတ်ရှိသည်ဖြစ်၏။ အဘယ်ကို ပြုရအံ့နည်းဟု ဆို၏။ မိခင်–သင့်သားကို ဆောင်ခြင်းငှါ တတ်နိုင်အံ့။ ငါသည် အခွင့်ပေးအပ်သလျှင်ကတည်းဟု ဆို၏။

ထိုအလုပ်အကျွေး မိန်းမသည် လုလင်မ၏ စကားကို ကြားသည်ရှိသော် ထိုနေ့မှစ၍ လုလင်မ၏ အိမ်အဆောင်တို့မှ များစွာကုန်သော အမှိုက်တို့ကို ရှိုး၍ အစောင့်အရှောက် မိန်းမအပေါ်၌ စွန့်၏။ ထိုအစောင့်အရှောက် မိန်းမသည် ထိုအမှိုက်စွန့်ခြင်းဖြင့် နိုပ်စက်အပ်သည်ဖြစ်၍ ဖဲ၏။ အလုပ်အကျွေး မိန်းမသည် ထိုနည်းဖြင့်လျှင် အကြင်မိန်းမသည် တစ်စုံတစ်ခုသော စကားကို ဆို၏။ ထိုမိန်းမအပေါ်၌ အမှိုက်ကို စွန့်၏။ ထိုအခါမှစ၍ အလုပ်အကျွေး မိန်းမသည် အကြင်ဝတ္ထုကို ဆောင်လည်း ဆောင်၏။ ထုတ်လည်း ထုတ်၏။ ထိုဝတ္ထုကို တစ်စုံတစ်ယောက်သောသူသည် သုတ်သင်ခြင်းငှါ မဝံ့။ ထိုအခါ၌ အလုပ်အကျွေး မိန်းမသည် သေသောက်ကြူးကို ပန်းတောင်း၌ အိပ်စေ၍ လုလင်မ၏ အထံသို့ ဆောင်၏။ သေသောက်ကြူးသည် လုလင်မ၏ သီလကို ဖျက်ဆီး၍ တစ်ရက်၊ နှစ်ရက် ပြာသာဒ်ထက်၌သာလျှင် နေ၏။ ပုရောဟိတ် အပသို့ ထွက်သည်ရှိသော် နှစ်ယောက်သော သူတို့သည် မွေ့လျော်ကုန်၏။ ပုရောဟိတ်သည် လာလတ်သည်ရှိသော် သေသောက်ကြူးသည် ပုန်းနေ၏။ ထိုအခါ သေသောက်ကြူးကို လုလင်မသည် တစ်ရက် နှစ်ရက် လွန်သဖြင့် အရှင်–ယခုအခါ သင်သည် သွားခြင်းငှါ သင့်ပြီဟု ဆိုသည်ရှိသော် ငါသည် ပုဏ္ဏားကို ထောင်း၍ သွားလို၏ဟု ဆို၏။

ထိုလုလင်မသည် ဤသို့ ဆောင်းလိုသည်ရှိသော် ထောင်းစေအံ့ဟု ဆို၍ သေသောက်ကြူးကို ပုန်း၍ နေစေပြီးလျှင် အရှင်–ငါသည် သင်တို့ စောင်း တီးသည်ရှိသော် က,ခြင်းငှါ အလိုရှိ၏ဟု ဆို၏၊ ရှင်မ–ကောင်းပြီ၊ က,လောဟု ဆို၍ စောင်းတီး၏၊ သင်တို့ ကြည့်ကုန်သည်ရှိသော် ရှက်၏။ သင့်မျက်နှာကို ပုဆိုးဖြင့်ဖွဲ့၍ ကအံ့ဟု ဆို၏။ ငါ့ကို အကယ်၍ ရှက်သည်ဖြစ်အံ့။ ဤသို့ပြုလောဟု ဆို၏။ လုလင်မသည် တစ်ခဲနက်သော ထူသော ပုဆိုးကို ယူ၍ ထိုပုဏ္ဏား၏ မျက်စိတို့ကို ပိတ်စေလျက် မျက်နှာကို ဖွဲ့၏။ ပုဏ္ဏားသည် မျက်နှာကို ဖွဲ့စေ ပြီးသော် စောင်းကို တီး၏။

ထိုလုလင်မသည် တစ်ခဏမျှ က၍ အရှင်–ငါသည် သင့်ဦးခေါင်း၌ တစ်ကြိမ် ထောင်းလို၏ဟု ဆို၏။ မိန်းမ၌ တပ်စွန်းခြင်းကြီးသော ပုဏ္ဏားသည် တစ်စုံတစ်ခု သော အကြောင်းကို မသိသည်ဖြစ်၍ ထောင်းလောဟု ဆို၏။ လုလင်မသည် သေသောက်ကြူးအား အမှတ်ပေး၏။ သေသောက်ကြူးသည် အသာအယာ

လာလတ်၍ ပုဏ္ဏား၏ ကျောက်ကုန်း၌ ရပ်လျက် ဦးခေါင်း၌ တံတောင်ဖြင့် ထောင်း၏။ ပုဏ္ဏား၏ မျက်စိတို့သည် ထွက်အံ့သကဲ့သို့ ဖြစ်ကုန်၏။ ဦးခေါင်း၌ ဖူးဖူးယောင်ခြင်းသည် ဖြစ်၏။ ပုဏ္ဏားသည် ဝေဒနာသို့ ရောက်သည်ဖြစ်၍ သင်၏လက်မဟုတ်ဟု လုလင်မကို ဆို၏။ လုလင်မသည် မိမိလက်ကို မြှောက်၍ ပုဏ္ဏားလက်၌ ထား၏။ လက်သည်ကား နူးညံ့၏။ ထောင်းသည်ကား ပြင်းထန်လှ၏ဟု ပုဏ္ဏားဆို၏။ သေသောက်ကြူးသည် ပုဏ္ဏားကို ထောင်းပြီးလျှင် ပုန်း၍နေ၏။ လုလင်မသည် သေသောက်ကြူး ပုန်းသည်ရှိသော် ပုဏ္ဏား၏ မျက်နှာမှ ပုဆိုးကိုဖြေ၍ ဆီကို ယူပြီးလျှင် ဦးခေါင်း၌ ထောင်းရာကို ဆုတ်နယ်၏။ ပုဏ္ဏားသည် အပသို့ ထွက်သည် ရှိသော် တစ်ဖန် အလုပ်အကျွေး မိန်းမသည် သေသောက်ကြူးကို တောင်း၌ အိပ်စေ၍ ထုတ်၏။ ထိုသေသောက်ကြူးသည် မင်းအထံသို့သွား၍ အလုံးစုံသော ထိုအကြောင်းကို လျှောက်၏။

မင်းကြီးသည် မိမိအား ခစားအံ့သောငှါ လာသော ပုဏ္ဏားကို ပုဏ္ဏား ယနေ့ ကြွေအံကစားကုန်အံ့ဟု ဆို၏။ အရှင်မင်းကြီး ကောင်းပြီဟု ပုဏ္ဏားဆို၏။ မင်းသည် ကြွေအန်ကစားရာ အိမ်ကို တန်ဆာဆင်စေ၍ ရှေးနည်းဖြင့်သာလျှင် ကြွေအန်သီချင်းကို သီ၍ ကြွေအန်လက်တို့ကို ပစ်၏။ ပုဏ္ဏားသည် လုလင်ငယ်မ၏ သီလပျက်သော အဖြစ်ကို မသိ၍ ထပေတွာ မမ မာဏဝိကံ ဟူ၍ ဆို၏။ ဤသို့ ဆိုငြားသော်လည်း ရှုံးသည်သာလျှင်တည်း။ မင်းကြီးသည် နိုင်၍ ပုဏ္ဏား အသို့ဆိုသနည်း။ သင်၏ လုလင်ငယ်မ၏ သီလသည် ပျက်ပြီ။ သင်သည် မာတုဂါမကို အမိဝမ်းခေါင်း အောင်းသည်မှစ၍ စောင့်သည် ရှိသော် ခုနစ်ဌာန တို့၌ အစောင့်အရှောက်ကို ပြုသည် ရှိသော် စောင့်ရှောက်ခြင်းငှါ တတ်နိုင်၏ဟု အောက်မေ့၏။ မာတုဂါမ မည်သည်ကို ဝမ်း၌ ထည့်၍ သွားသော သူသည်လည်း စောင့်အံ့သောငှါ မတတ်နိုင်၊ တစ်ယောက်သော ယောကျ်ားရှိသော မိန်းမ မည်သည် မရှိ။ သင်၏ လုလင်ငယ်မသည် က-လို၏ဟု ဆို၏။ စောင်းကို တီးသော သင်၏ မျက်နှာကို ပုဆိုးဖြင့် ဖွဲ့၍ မိမိ၏ သယောက်လင်ကို သင်၏ ဦးခေါင်း၌ တံတောင်ဖြင့် ထောင်းစေ၍ လွှတ်လိုက်၏။ ယခုအခါ အသို့ ထားတုံအံ့နည်းဟု ဆိုလို၍ ဤဂါထာကို ဆို၏-

၆၂။ ယံ ဗြာဟ္မဏော အဝါဒေသိ၊ ဝီဏံ သမုခဝေဌိတော။
အဏ္ဍဘူတဘတာ ဘရိယာ၊ တာသု ကော ဇာတု ဝိဿသေ။

ပုဏ္ဏားသည် မျက်နှာတစ်ခုလုံးကို ထူထဲသော ပုဆိုးဖြင့် ရစ်ပတ်ဖုံးလွှမ်းလျက် စောင်းကို တီးခိုင်းသည့် အကြောင်းမှန်ကို မသိ၊ အမိဝမ်းမှ မမွေးဖွားမီကပင် ဆောင်ယူ မွေးမြူအပ်သော မယားတို့၌လည်း အဘယ်သူသည် ယုံကြည်ရာအံ့နည်း။

ဤသို့ ဘုရားလောင်းသည် ပုဏ္ဏားအား တရားဟော၏။ ပုဏ္ဏားသည် ဘုရားလောင်း၏ တရားကို နာရ၍ အိမ်သို့ သွားပြီးလျှင် လုလင်ငယ်မကို သင်သည် ဤသို့သဘောရှိသောအမှုကို ပြုသတတ်ဟု ဆို၏။ အရှင် အဘယ်သူ ဤသို့ဆိုသနည်း၊ ငါမပြု ငါသည်ပင်လျှင် သင့်ကို ထောင်း၏။ တစ်ပါးသောသူ မထောင်း၊ အကယ်၍ မယုံကြည်သည် ဖြစ်အံ့၊ ငါသည် သင့်ကို ထား၍ တစ်ပါးသော ယောကျ်ား၏ လက်အတွေ့ကို မသိဟု သစ္စာပြုခြင်းကို ပြု၍ မီးသို့ ဝင်ပြီးလျှင် သင်တို့ကို ယုံကြည်စေအံ့ဟု ဆို၏။ပုဏ္ဏားသည် ဤသို့ ဖြစ်စေဟု ကြီးစွာသော ထင်းကို ပုံစုစေ၍ မီးကို ညှိပြီးလျှင် ထိုလုလင်ငယ်မကို ခေါ်စေ၍ အကယ်၍ မိမိအား ယုံကြည်စေလိုသည် ဖြစ်အံ့၊ မီးသို့ ဝင်လောဟု ဆို၏။ လုလင်ငယ်မသည်လည်း မိမိ၏ အလုပ်အကျွေး မိန်းမကို မိခင် သင့်သားကို ထိုအရပ်သို့ သွား၍ ငါမီးသို့ ဝင်အံ့သော ကာလ၌ လက်ကို ကိုင်ခြင်းကို ပြုစိမ့်သောငှါ ဆိုချေလောဟု ရှေးဦးစွာကလျှင် သင်စေ၏။

ထိုအလုပ်အကျွေး မိန်းမသည် သွား၍ လုလင်ငယ်မ မှာတိုင်း ပြောဆို၏။ သေသောက်ကြူးသည် လာလတ်၍ ပရိသတ်အလယ်၌ ရပ်၍ နေ၏။ ထိုလုလင်ငယ်မသည် ပုဏ္ဏားကို လှည့်စားလိုသည် ဖြစ်၍ လူများအလယ်၌ ရပ်ပြီးလျှင် ပုဏ္ဏား သင့်ကို ထား၍ တစ်ပါးသော ယောကျ်ား၏ လက်အတွေ့ မည်သည်ကို မသိစဖူး ဤသစ္စာကြောင့် ဤမီးသည် ငါ့ကို မလောင်စေသတည်းဟု ဆို၍ မီးသို့ ဝင်အံ့သောငှါ အားထုတ်၏။ ထိုသို့ အားထုတ်သော ခဏ၌လျှင် သေသောက်ကြူးသည် အိုအချင်းတို့ ပုရောဟိတ် ပုဏ္ဏား၏ အမှုကို ရှုပါကုန်လော၊ ဤသို့သဘောရှိသော မိန်းမကို မီးသို့ ဝင်စေ၏ဟု ဆိုလျက် လုလင်ငယ်မ၏ လက်ကို ကိုင်၏။ လုလင်ငယ်မသည် လက်ကို လွှတ်စေ၍ အရှင် ငါ၏ သစ္စာ ပြုခြင်းမည်သည် ပျက်ပြီ၊ မီးသို့ ဝင်ခြင်းငှါ မတတ်ကောင်းဟု ပုရောဟိတ်ကို ဆို၏။ အဘယ့်ကြောင့် မတတ်ကောင်းသနည်းဟု ဆိုသော် ယနေ့ ငါသည် သင့်၏ လက်ကို ထား၍ တစ်ပါးသော ယောကျ်ား၏ လက်အတွေ့ကို မသိစဘူး။ ဤသို့ သဘောရှိသော သစ္စာပြုခြင်းကို ပြုအပ်၏။ ယခုအခါ၌လည်း ဤ ယောကျ်ားသည် လက်ကို ကိုင်အပ်သည် ဖြစ်၏။ ထို့ကြောင့် မီးသို့ ဝင်ခြင်းငှါ မတတ်ကောင်းဟု ဆိုသည်ရှိသော် ပုဏ္ဏားသည် ဤမိန်းမကား ငါ့ကို လှည့်စား အပ်ပြီဟု သိ၍ ထိုမိန်းမကို ပုတ်ခတ်နှင်ထုတ်စေ၏။

ဤသို့လျှင် မိန်းမတို့သည် သူယုတ်တို့၏ အကျင့်နှင့် ပြည့်စုံကုန်သတတ်၊ ကြီးစွာသော မကောင်းမှုကို ပြု၍ မိမိလင်ကို လှည့်စားအံ့သောငှါ ငါသည် ဤသို့သဘော ရှိသော အမှုကို မပြုဟု တစ်နေ့ပတ်လုံးလည်း ကျိန်ခြင်းကို ပြုကုန်လျက် အထူးထူးသော လှည့်စားခြင်း ရှိသည်သာလျှင် ဖြစ်ကုန်၏။

မြတ်စွာဘုရားသည် မာတုဂါမကို စောင့်ရှောက်ခြင်းငှါ မတတ်နိုင်ဟု ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သာသနာတော်၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် အနုသန္ဓေကို စပ်၍ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဗာရာဏသီ မင်းဖြစ်ဖူးပြီ။ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

ခြောက်ဆယ့်နှစ်ခုမြောက်သော အဏ္ဍဘူတဇာတ်သည် ပြီး၏။

---

၆၃။ တက္ကပဏ္ဍိတဇာတ်

သာပေါင်းညာစား ကျေးဇူးကန်းသော မိန်းမ

လင်ငယ်ကို ချဉ်းကပ် လင်ကြီးကို သတ်ခြင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် ကောဓနာ အကဘညူစ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤတက္ကပဏ္ဍိတဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာသနာတော်၌ ငြီးငွေ့သော ရဟန်းကို ပင်လျှင် အကြောင်းပြု၍ ဟောတော်မူ၏။

မြတ်စွာဘုရားသည် ရဟန်း သင်သည် သာသနာတော်၌ ငြီးငွေ့သတတ်ဟူသည် မှန်သလောဟု မေးတော်မူ၍ အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်း မိန်းမတို့ မည်သည်ကား သူ့ကျေးဇူးကို မသိတတ်ကုန်။ အဆွေခင်ပွန်းကို ပြစ်မှားတတ်ကုန်၏၊ အဘယ့်ကြောင့် ထိုမိန်းမကို မှီ၍ ငြီးငွေ့သနည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ရသေ့ရဟန်းပြု၍ ဂင်္ဂါမြစ်နားဝယ် ရသေ့တို့၏ နေရာကျောင်းကို ဖန်ဆင်း၍ သမာပတ်ကိုလည်းကောင်း၊ အဘိညာဉ်ကိုလည်းကောင်း ဖြစ်စေ၍ ချမ်းသာဖြင့် နေ၏၊ ထိုအခါ ဗာရာဏသီ

သူဌေးသမီးသည် ဖျက်ဆီးတတ်၍ ဒုဋ္ဌကုမာရီ အမည်ရှိ၏။ ကြမ်းကြုတ်သည် ဖြစ်၏။ ကျွန်အမှုလုပ်တို့ကို ဆဲရေးတတ်၏။ ထိုနောင်မှ သူဌေးသမီးကို တစ်နေ့သ၌ လူတို့သည် ယူကုန်၍ ဂင်္ဂါမြစ်နား၌ ကစားကုန်အံ့ဟု သွားကုန်၏။ ထိုသူတို့၏ ကစားစဉ်၌လျှင် နေဝင်သောအခါသည် ဖြစ်၏။ မိုးသည် တက်၏။ လူတို့သည် မိုးတက်သည်ကို မြင်ကုန်၍ ထိုမှ ဤမှလည်း လျင်မြန်သဖြင့် ပြေးကုန်၏။ သူဌေးသမီး၏ ကျွန်အမှုလုပ်တို့သည် ငါတို့သည် ဤယခု သူဌေးသမီး၏ ပျက်စီးခြင်းကို မြင်ခြင်းငှါ သင့်၏ဟု ထိုသူဌေးသမီးကို ရေ၏ အတွင်း၌သာလျှင် စွန့်၍ တက်ခဲ့ကုန်၏။ မိုးသည်လည်း ရွာ၏။ နေသည်လည်း ဝင်၏။ အမိုက်သည် ဖြစ်၏။ ထိုသူတို့သည် သူဌေးသမီးနှင့် ကင်း၍သာလျှင် အိမ်သို့ သွားကုန်၍ ထိုသူဌေးသမီးသည် အဘယ်မှာနည်းဟု ဆိုသည်ရှိသော် ရှေးဦးစွာ ဂင်္ဂါမှ ကူးခဲ့ကုန်၏။ ထိုအခါ သတို့သမီးကို အဘယ်သို့ သွား၏ဟု ငါတို့ မသိကုန်ဟု ဆို၏။ ဆွေမျိုးတို့သည် စုံစမ်း၍လည်း မမြင်ကုန်။ ထိုသတို့သမီးသည် ကြီးစွာသော ဟစ်ကြွေးခြင်းကို ဟစ်ကြွေးလျက် ရေ၌ မျောသည်ရှိသော် သန်းခေါင်အခါ၌ ဘုရားလောင်း၏ သစ်ရွက်မိုးသော ကျောင်းအနီးသို့ ရောက်၏။

ဘုရားလောင်းသည် ထိုသူဌေးသမီး၏ အသံကို ကြား၍ ဤအသံသည်ကား မာတုဂါမ၏ အသံတည်း။ ထိုမာတုဂါမအား ငါသည် အသက်ဘေးမှ ကယ်အံ့ဟု အရုံအတား မျက်မီးရှူးကို ယူ၍ မြစ်ကမ်းနားသို့ သွား၍ ထိုသတို့သမီးကို မြင်လျှင် မကြောက်နှင့်ဟု နှစ်သိမ့်စေ၍ ဆင်ပြောင်အားနှင့် တူသော အားရှိသော အစွမ်းနှင့် ပြည့်စုံသော ဘုရားလောင်းသည် မြစ်ကို ကူးသွားပြီးလျှင် ထိုသတို့သမီးကို ချီမ၍ ကျောင်းသို့ ဆောင်ပြီးလျှင် မီးသွေး၍ ပေး၏။ အချမ်းပျောက်ပြီးသည်ရှိသော် ချိုကုန်သော သစ်သီးကြီးငယ်တို့ကို ပေး၏။ ထိုသစ်သီးတို့ကို စားပြီးသော် သူဌေးသမီးကို အဘယ်အရပ်၌ နေသနည်း။ အဘယ့်ကြောင့် ဂင်္ဂါမြစ်၌ ကျသနည်းဟု ဘုရားလောင်း ရသေ့က မေး၏။ သူဌေးသမီးသည် ထိုအကြောင်းကို ကြားလျှောက်၏။ ထိုနောင်မှ သူဌေးသမီးကို သင်သည် ဤအရပ်၌သာလျှင် နေလော့ဟု ဆို၍ သစ်ရွက်မိုးသော ကျောင်း၌ နေစေလျက် နှစ်ရက်, သုံးရက် မိမိသည် လွင်တီးခေါင်၌သာ နေ၍ ယခုအခါ သွားလောဟု ဆို၏။ သူဌေးသမီးသည် ဤရသေ့ကို သီလ၏ ပျက်စီးခြင်းသို့ ရောက်စေပြီးလျှင် ယူ၍ သွားအံ့ဟု နှလုံးထား၍ မသွားဘဲ နေ၏။

ထိုအခါ ရသေ့ကို ကာလအတန်ကြာသော် မိန်းမတို့၏ အမူအရာ မိန်းမတို့၏ တင့်တယ် စမ္ပယ်ခြင်းကို ပြုပြီးလျှင် ထိုရသေ့၏ သီလပျက်ခြင်းကို ပြု၍ ဈာန်ကို ကွယ်စေ၏။ ထိုရသေ့သည် သူဌေးသမီးကို ယူ၍ တစ်ခုသော ပစ္စန္တရစ်ရွာသို့

သွား၍ ယက်တက်ကို ရောင်းသဖြင့် အသက်မွေးခြင်းကို ပြု၍ ထိုသူဌေးသမီးကို မွေး၏။ ထိုဘုရားလောင်းအား ယက်တက်ကို ရောင်း၍ အသက်မွေးသည်၏ အဖြစ်ကြောင့် တက္ကပဏ္ဍိတ ဟူသော အမည် မှည့်ကုန်၏။ ထိုအခါ တက္ကပဏ္ဍိတ အား ထိုရွာ၌ နေသော သူတို့သည် ရိက္ခာပေး၍ ငါတို့အား ကောင်းသော သတင်းစကားကိုလည်းကောင်း, မကောင်းသော သတင်းစကားကို လည်း ကောင်း ကြားလျက် ဤအရပ်၌ နေလောဟု ရွာတံခါး ကုဋီ၌ နေစေကုန်၏။ ထိုအခါ၌လည်း ခိုးသူတို့သည် တောင်မှ သက်ကုန်၍ ရွာကို လုယက်ကုန်၏။ ထိုခိုးသူတို့သည် တစ်နေ့သ၌ ထိုရွာကို လုယက်ကုန်၍ ရွာသားတို့ကို သာလျှင် ဥစ္စာထုပ်တို့ကို ထမ်းရွက်စေ၍ သွားကုန်သည်ရှိသော် ထိုသူဌေးသမီးကိုလည်း ယူ၍ မိမိတို့ နေရာအရပ်သို့ သွား၍ သူဌေးသမီးမှ ကြွင်းသော သူတို့ကို လွှတ်ကုန်၏။

ခိုးသူတို့၏ အကြီးသည်ကား သူဌေးသမီး၏ အဆင်း၌ တပ်စွန်း၍ သူဌေး သမီးကို မိမိမယားပြု၏။ ဘုရားလောင်းသည် ငါ့မိန်းမကား အဘယ်မှာနည်းဟု မေး၏၊ ခိုးသူကြီးသည် ယူ၍ မိမိမယားပြု၏။ ဤသို့သော စကားကို ကြား သော်လည်း ထိုသူဌေးသမီးသည် ခိုးသူကြီး အထံ၌ ငါနှင့် ကင်း၍ မနေလတ္တံ့။ ပြေးလာလတ္တံ့ဟု သူဌေးသမီး၏ လာခြင်းကို မြော်လျက် ရွာတံခါး ကုဋီ၌ သာလျှင် နေ၏။ သူဌေးသမီးသည်လည်း ငါသည် ဤခိုးသူကြီး အထံ၌ ချမ်းသာစွာ နေရ၏။ တစ်ရံတစ်ခါ ငါ့ကို တက္ကပဏ္ဍိတသည် တစ်စုံတစ်ယောက် သော သူကို မှီ၍ လာလတ်လျက် ခိုးသူကြီး၏ အထံမှ ယူ၍ သွားငြားအံ့။ ထိုသို့ ခိုးသူကြီး အထံမှ ယူ၍ သွားသည် ရှိသော် ထိုချမ်းသာမှ ယုတ်လတ္တံ့။ အကယ်၍ ကား ငါသည် ချစ်သကဲ့သို့ ပြု၍ ထိုတက္ကပဏ္ဍိတကို ခေါ်စေပြီးလျှင် သတ်ရ မှုကား ကောင်း၏။ ဤသို့ ကြံ၏။ ကြံပြီး၍ သူဌေးသမီးသည် တစ်ယောက်သော လူကို ခေါ်၍ ငါသည် ခိုးသူကြီး အထံ၌ ဆင်းရဲစွာ အသက်မွေးရ၏။ တက္ကပဏ္ဍိတ သည် ငါ့ကို လာ၍ ယူစေသတည်းဟု သတင်းစကားကို စေလိုက်၏။

ထို တက္ကပဏ္ဍိတသည် ထိုသတင်းစကားကို ကြားလျှင် ယုံကြည်၍ ထိုအရပ်သို့ သွားပြီးလျှင် ရွာတံခါး၌ ရပ်၍ သတင်းစကားကို စေလိုက်၏။ သူဌေးသမီးသည် ထွက်လာပြီးလျှင် ထိုတက္ကပဏ္ဍိတကို မြင်၍ အရှင် ငါတို့သည် ယခုအခါ၌ အကယ်၍ သွားကုန်အံ့ ခိုးသူကြီးသည် လိုက်၍ နှစ်ယောက်လည်း ဖြစ်ကုန်သော ငါတို့ကို သတ်လတ္တံ့။ ညဉ့်အဖို့၌ သွားကုန်အံ့ဟု တက္ကပဏ္ဍိတကို ခေါ်၍ စားသောက်စေပြီးလျှင် အုံ၌ နေစေ၍ ညချမ်းသော အခါ၌ လာလတ်၍ သေကို သောက်၍ ခိုးသူကြီး၏ ယစ်သော ကာလ၌ အရှင် ဤအခါ၌ သင်၏ ရန်သူကို အကယ်၍ မြင်ငြားအံ့ ထိုရန်သူကို အသို့ ပြုကုန်အံ့နည်းဟု ဆို၏။ ဤမည်သော အမှုကို ပြုအံ့ဟု ဆို၏။ ထိုရန်သူကား ဝေးသလော အုံ၌ နေသည် မဟုတ်လောဟု

ဆို၏။ ခိုးသူကြီးသည် မီးရှူးကို ယူ၍ ထိုအုံသို့ သွားပြီးလျှင် တက္ကပဏ္ဍိတကို မြင်၍ ယူပြီးလျှင် အိမ်၏ အလယ်၌ ပုတ်ခတ်၍ တစ်တောင် အစရှိသည်တို့ဖြင့် အလိုရှိတိုင်း ထောင်းသတ်၏။ ထိုတက္ကပဏ္ဍိတသည် ထောင်းသတ်ငြားသော်လည်း တစ်ပါးသော တစ်စုံတစ်ခုသော စကားကို မဆိုမူ၍—

အမျက်လည်း ထွက်တတ်ကုန်၏။
သူ့ကျေးဇူးကိုလည်း မသိတတ်ကုန်။
ချောပစ်ခြင်းကိုလည်း ပြုတတ်ကုန်၏။
အဆွေ ခင်ပွန်းကို ပစ်မှားတတ်ကုန်၏။

ဤလေးခွန်းသော စကားကိုသာလျှင် ဆို၏။ ခိုးသူကြီးသည် တက္ကပဏ္ဍိတကို ထောင်းသတ်ပြီးလျှင် နှောင်ဖွဲ့၍ အိပ်စေ၏။ ညစာ စားပြီးလျှင် အိပ်၍ နိုးလတ်သော် သူရာအယစ်ပြေ၍ ထိုတက္ကပဏ္ဍိတကို ထောင်းသတ်အံ့သောငှါ အားထုတ်၏။

ထိုတက္ကပဏ္ဍိတသည် ထိုဆိုအပ်ခဲ့ပြီးသော လေးခွန်းသော စကားကိုသာလျှင် ဆို၏။ ဤသူသည် ဤသို့ ထောင်း သတ်ငြားသော်လည်း တစ်စုံတစ်ခုသော စကားကို မဆိုမူ၍ ဆိုအပ်ခဲ့ပြီးသော လေးခွန်းစကားကိုသာလျှင် ဆို၏။ ထိုသူကိုမေးအံ့ဟု ကြံ၏။ ကြံပြီး၍ ထိုတက္ကပဏ္ဍိတကို အချင်း သင်သည် ဤသို့ ထောင်းသတ်သော်လည်း အဘယ့်ကြောင့် ဤ လေးခွန်းသော စကားကို သာလျှင် ဆိုသနည်းဟု မေး၏။ တက္ကပဏ္ဍိတသည် ထိုသို့ တပြီးကား နာလောဟု ထိုအကြောင်းကို အစမှ စ၍ ဆို၏။ ငါသည် ရှေး၌ တောဝယ် တစ်ယောက်သော ဈာန်ရသော ရသေ့တည်း။ ထိုငါသည် ဂင်္ဂါ၌ မျောသော ဤမိန်းမကို ဆယ်တင်၍ မွေးမြူ၏။ ထိုအခါ ငါ့ကို ဤမိန်းမသည် ဖြားယောင်း၍ ဈာန်မှ ယုတ်စေ၍ ထိုငါသည် တောကို စွန့်၍ ထိုမိန်းမကို မွေးမြူလျက် ပစ္စန္တရစ် ရွာငယ်၌ နေ၏။ ထိုအခါ ခိုးသူတို့သည် ဤအရပ်သို့ ဆောင်အပ်သော ဤမိန်းမသည် ငါသည် ဆင်းရဲစွာ နေရ၏။ လာ၍ ငါ့ကို ဆောင်စေသတည်းဟု ငါ့အား သတင်းစကားကို စေ၍ ယခုအခါ၌ သင်၏လက်သို့ ရောက်စေ၏။ ဤအကြောင်း ကြောင့် ငါသည် ဤသို့ ဆိုသတည်းဟု ဆို၏။

ခိုးသူကြီးသည် ဤမိန်းမကား ဤသို့ သဘောရှိသော ကျေးဇူးနှင့် ပြည့်စုံ သော ကျေးဇူးကို ပြုတတ်သော သူ၌ ဤသို့ ပြစ်မှားဘိ၏။ ထိုမိန်းမသည် ငါ့အား အဘယ်အမည်ရှိသော ဥပဒ္ဒဝေါကို မပြုလတ္တံ့နည်း ဤမိန်းမကို သတ်အပ်၏ဟု ကြံ၏။ ထိုခိုးသူကြီးသည် တက္ကပဏ္ဍိတကို နှစ်သိမ့်စေ၍ ထိုမိန်းမကို

နိုးစေပြီးလျှင် သန်လျက်ကို ယူ၍ ထွက်လျက် ထိုယောကျ်ားကို ရှာတံခါး၌ သတ်အံ့ဟု ဆို၍ ထိုမိန်းမနှင့် တကွ ရှာပသို့ သွား၍ ထိုယောကျ်ားကို လက်၌ ကိုင်လော့ဟု ထိုမိန်းမကို တက္ကပဏ္ဍိတ၏ လက်၌ ကိုင်စေ၍ သန်လျက်ကို ကိုင်ပြီးလျှင် တက္ကပဏ္ဍိတကို ခုတ်သကဲ့သို့ ပြု၍ ထိုမိန်းမကို နှစ်ပိုင်း ပိုင်းဖြတ်ပြီးလျှင် ဦးခေါင်းဆေး၍ တက္ကပဏ္ဍိတကို နှစ်ရက်, သုံးရက် မြတ်သော ဘောဇဉ်ဖြင့် ရောင့်ရဲစေ၏။ ယခုအခါ အဘယ်အရပ်သို့ သွားအံ့နည်းဟု ခိုးသူကြီး ဆို၏။ တက္ကပဏ္ဍိတသည် ငါ့အား အိမ်၌ နေခြင်းဖြင့် ကိစ္စမရှိ၊ ရသေ့ရဟန်းပြု၍ ထိုတောင်သာလျှင် နေအံ့ဟု ဆို၏။ ထိုသို့ ဖြစ်လျှင် ငါသည်လည်း ရဟန်း ပြုအံ့ဟု နှစ်ယောက်လည်း ဖြစ်ကုန်သော သူတို့သည် ရဟန်း ပြုပြီးလျှင် ထိုတောကျောင်းသို့ သွား၍ ငါးပါးသော အဘိညာဉ်တို့ကိုလည်းကောင်း ရှစ်ပါးသော သမာပတ်တို့ကိုလည်းကောင်း ဖြစ်စေ၍ အသက်၏ အဆုံး၌ ဗြဟ္မာ့ပြည်သို့ လားရသည် ဖြစ်ကုန်၏။ မြတ်စွာဘုရားသည် ဤနှစ်ပါးကုန်သော ဝတ္ထုတို့ကို ဟောတော်မူလျက် အနုသန္ဓေကို စပ်ကာ ဘုရားဖြစ်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

ဖြေ။ ကောဓနာ အကတညူစ၊ ပိသုဏာ မိတ္တဘေဒိကာ။
ဗြဟ္မစရိယံ စရ ဘိက္ခု၊ သော သုခံ န ဝိဟာယသိ။

ရဟန်းတို့ မိန်းမတို့မည်သည် အမျက်လည်း ထွက်တတ်ကုန်၏။ သူကျေးဇူးလည်း မသိတတ်ကုန်။ ချောပစ် ကုန်းတိုက်တတ်ကုန်၏။ အဆွေခင်ပွန်းတို့ကိုလည်း ဖျက်ဆီးတတ်ကုန်၏။ သင်သည် မြတ်သော အကျင့်ကို ကျင့်လော့။ ထိုသို့ ကျင့်သော သင်သည် ဈာန်ချမ်းသာ, မဂ်ချမ်းသာ, ဖိုလ်ချမ်းသာကို မစွန့်ရလတ္တံ့။

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သာသနာတော်၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည်လည်း ယခုအခါ အာနန္ဒာသည် ထိုအခါ ခိုးသူကြီး ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သျှင် ထိုအခါ တက္ကပဏ္ဍိတ ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ခြောက်ဆယ့်သုံးခုမြောက်သော တက္ကပဏ္ဍိတဇာတ်သည် ပြီး၏။

## ၆၄။ ဒုရာဇာနဇာတ်

### မိန်းမ အလို သိနိုင်ခဲစွ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် မာသုနန္ဒိက္ကစ္စတိမံ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤဒုရာဇာန ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ယောက်သော သီတင်းသည်ကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိမြို့၌ နေသော သီတင်းသည် တစ်ယောက်သည် သရဏဂုံသုံးပါးတို့၌လည်းကောင်း, ငါးပါးကုန်သော သီလတို့၌လည်းကောင်း တည်သတတ်။ ဘုရားကို မြတ်နိုးသတတ်၊ တရားကို မြတ်နိုးသတတ်၊ သံဃာကို မြတ်နိုးသတတ်။ ထိုသီတင်းသည်၏ မယားသည် သီလမရှိ ယုတ်မာသော အကျင့်ရှိ၏။ အကြင်နေ့၌ မှားသော အကျင့်ကို ကျင့်၏။ ထိုနေ့၌ သပြာတစ်ရာဖြင့် ဝယ်သော ကျွန်မကဲ့သို့ ဖြစ်၏။ မှားသော အကျင့်ကို မကျင့်သော နေ့၌ကား သခင်မကဲ့သို့ ဖြစ်၏။ ကြမ်းကြုတ်၏။ ထိုသီတင်းသည်သည် မယား၏ အလိုကို သိခြင်းငှါ မတတ်နိုင်။ ထိုအခါ မယားသည် နှိပ်စက်အပ်သည် ဖြစ်၍ ဘုရားအား ခစားအံ့သောငှါ မသွား။ ထိုအခါ တစ်နေ့သ၌ နံ့သာပန်း အစရှိသည်တို့ကို ယူလျက် လာလတ်၍ ရှိခိုး၍ နေသော ထိုသီတင်းသည်ကို မြတ်စွာဘုရားသည် သီတင်းသည် သင်သည် အဘယ့်ကြောင့်လျှင် ခုနစ်ရက်, ရှစ်ရက်တို့ပတ်လုံး ငါဘုရားကို ခစားအံ့သောငှါ မလာသနည်းဟု မိန့်တော်မူ၍ အရှင်ဘုရား အကျွန်ုပ်၏ မယားသည် တစ်နေ့သောနေ့၌ သပြာတစ်ရာဖြင့် ဝယ်သော ကျွန်မကဲ့သို့ ဖြစ်၏။ တစ်နေ့သော နေ့၌ သခင်မကဲ့သို့ ဖြစ်၏။ ကြမ်းကြုတ်၏။ အကျွန်ုပ်သည် ထိုမယား၏ အလိုကို သိအံ့သောငှါ မတတ်နိုင်။ ထိုမယားသည် နှိပ်စက်သည် ဖြစ်၍ အကျွန်ုပ်သည် အရှင်ဘုရားတို့အား ခစားအံ့သောငှါ မလာဟု လျှောက်၏။ ထိုအခါ သီတင်းသည်၏ စကားကို ကြားတော်မူ၍ မြတ်စွာဘုရားသည် သီတင်းသည် မာတုဂါမ၏ အလိုမည်သည်ကို သိနိုင်ခဲ၏။ သင့်အား ရှေး၌လည်း ပညာရှိတို့သည် ပြောဆိုဖူးကုန်ပြီ။ သင်သည် ဘဝ ဖုံးလွှမ်းသည်၏ အဖြစ်ကြောင့် ထိုစကားကို မှတ်အံ့သောငှါ မတတ်နိုင်ဟု မိန့်တော်မူ၏။ ထိုသီတင်းသည်သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဒိသာပါမောက္ခဆရာဖြစ်၍ ငါးရာကုန်သော လုလင်တို့ကို အတတ်သင်စေ၏။ ထိုအခါ တစ်ယောက်သော တိုင်းတစ်ပါး၌နေသော ပုဏ္ဏားလုလင်သည် လာလတ်၍ ထိုဒိသာပါမောက္ခဆရာအထံ၌ အတတ်သင်သည် ရှိသော် တစ်ယောက်သော မိန်းမ၌ တပ်စွန်းသော စိတ်ရှိသည် ဖြစ်၍ ထိုမိန်းမကို မယားပြု၍ ထိုဗာရာဏသီမြို့၌သာလျှင် နေလျက် နှစ်ကြိမ်, သုံးကြိမ် ဆရာအား ခစားအံ့သောငှါ လာ၏။ ထိုပုဏ္ဏားလုလင်၏ မယားသည်ကား သီလမရှိ၊ ယုတ်မာသော အကျင့်ရှိ၏။ မှားသော အကျင့်ကို ကျင့်သော နေ့၌ ကျွန်မကဲ့သို့ ဖြစ်၏။ မှားသော အကျင့်ကို မကျင့်သောနေ့၌ သခင်မကဲ့သို့ ဖြစ်၏။ ကြမ်းကြုတ်၏။ ပုဏ္ဏားလုလင်သည် ထိုအခါ ခုနစ်ရက်, ရှစ်ရက်တို့ကို လွန်လေ၍ လာလတ်သော တပည့်ပုဏ္ဏားလုလင်ကို လုလင် အဘယ့်ကြောင့် မထင်သနည်းဟု ဆရာသည် မေး၏။

ထိုပုဏ္ဏားလုလင်သည် ဆရာ အကျွန်ုပ်၏ မယားသည် တစ်နေ့သော နေ့၌ အလိုရှိသည် ဖြစ်၍ တောင့်တ၏။ ကျွန်မကဲ့သို့ နှိမ့်ချသော မာနရှိ၏။ တစ်နေ့သည်၌ သခင်မကဲ့သို့ ခိုင်မာ၏။ ကြမ်းကြုတ်၏။ အကျွန်ုပ်သည် ထိုမိန်းမ၏ အလိုကို သိခြင်းငှါ မတတ်နိုင်။ ထိုမိန်းမသည် နှိပ်စက်အပ်သည် ဖြစ်၍ နှောက်ရှက်သော စိတ်ရှိသည် ဖြစ်၍ ဆရာတို့အား ခစားအံ့သောငှါ မလာသည် ဖြစ်၏ဟု ဆို၏။ ဆရာသည် လုလင် သင်ဆိုသော စကားသည် သင်ဆိုတိုင်းသာလျှင် မှန်၏။ မိန်းမတို့သည်လည်း ယုတ်မာသော အကျင့်ကို ကျင့်သည့်နေ့၌ လင်၏ အလိုသို့ လိုက်ကုန်၏။ ကျွန်မကဲ့သို့ နှိမ့်ချသော မာန်ရှိသည် ဖြစ်၏။ ယုတ်မာသော အကျင့်ကို မကျင့်သော နေ့၌ကား မာနဖြင့် ခိုင်မာသည် ဖြစ်၍ လင်ကို မခံ့ညား၊ ဤသို့ ထိုမိန်းမတို့ မည်သည်ကား ယုတ်မာသော အကျင့်ရှိကုန်၏။ သီလမရှိကုန်။ ထိုမိန်းမတို့၏ အလိုမည်သည်ကို သိနိုင်ခဲ၏။ ထိုမိန်းမတို့သည် အလိုရှိကုန်သော်လည်းကောင်း, အလိုမရှိကုန်သော်လည်းကောင်း လျစ်လျူရှုကုန်သည်သာလျှင် ဖြစ်ရာ၏ဟု ဆိုပြီး၍ ထိုတပည့်လုလင် ပုဏ္ဏားအား ဆုံးမသည်၏ အစွမ်းအားဖြင့် ဤဂါထာကို ဆို၏—

၆၄။ မာ သုနန္ဒီ ဣစ္ဆတိ၊ မာ သု သောစိ န မိစ္ဆတိ။
ထီနံ ဘာဝေါ ဒုရာဇာနော၊ မစ္ဆဿေဝေါဒကေ ဂတံ။

လုလင် ငါ့ကို အလိုရှိ၏ဟူ၍ မနှစ်သက်လင့်။ ငါ့ကို အလိုမရှိဟူ၍ မစိုးရိမ်လင့်။ ရေ၌ ငါး၏ သွားရာလမ်းခရီးကို မသိမြင်နိုင်သကဲ့သို့ ထို့အတူ မိန်းမတို့၏ အလိုကို သိမြင်နိုင်ခဲ၏။

ဤသို့ ဘုရားလောင်းသည် တပည့်လုလင်အား အဆုံးအမကို ပေး၏။ ထိုအခါမှ စ၍ တပည့်လုလင်သည် ထိုမယားၨ၌ လျစ်လျူရှုသည် ဖြစ်၏၊ ထိုတပည့်၏ မယားသည်လည်း ဆရာသည် ငါ သီလ မရှိသော အဖြစ်ကို သိသတတ်ဟု ထိုအခါမှ စ၍ ယုတ်မာသော အကျင့်ကို မကျင့်။ ထိုသီတင်းသည်၏ မယားသည်လည်း မြတ်စွာဘုရားသည် ငါ ယုတ်မာသော အကျင့်ကို ကျင့်သော အဖြစ်ကို သိတော်မူသတတ်ဟု ထိုအခါမှ စ၍ ယုတ်မာသော အကျင့်ကို မကျင့်။ မကောင်းမှု မည်သည်ကို မပြု။ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာတိုကို ပြတော်မူသည်၏ အဆုံး၌ ထိုသီတင်းသည်သည် သောတာပတ္တိဖိုလ်၌ တည်၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် အနုသန္ဓေကို စပ်၍ ယခုအခါ လင်မယားတို့သည်လျှင် ထိုအခါ လင်မယားတို့သည် ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဒိသာပါမောက္ခဆရာ ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

ခြောက်ဆယ့်လေးခုမြောက်သော ဒုရာဇာနဇာတ်သည် ပြီး၏။

---

## ၆၅-အနဘိရတိဇာတ်

### မိန်းမကို ဘုံဆိုင်ဟု သဘောထား

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် ယထာနုဒိစ ပန္ထေ၁စ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤအနဘိရတိ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ထိုအခြားမဲ့သော ဇာတ်၌ ဆိုအပ်ခဲ့ပြီးသော သီတင်းသည်နှင့် တူသည် သာလျှင် ဖြစ်သော သီတင်းသည်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုသီတင်းသည်သည်ကား စုံစမ်းသည်ရှိသော် ထိုမယား၏ သီလမရှိသော အဖြစ်ကို သိ၏။ ပြင်းစွာ အမျက်ထွက်သော အဖြစ်ဖြင့် နှောင့်ရှက်သည်၏ အဖြစ်ကြောင့် ခုနစ်ရက်, ရှစ်ရက်ပတ်လုံး ဘုရားအား ခစားအံ့သောငှါ မလာ။ ထိုသီတင်းသည်သည် တစ်နေ့သော နေ့၌ ကျောင်းသို့ သွား၍ မြတ်စွာဘုရားကို ရှိခိုးလျက်နေသည်ရှိသော် အဘယ့်ကြောင့် ခုနစ်ရက်, ရှစ်ရက်တို့ပတ်လုံး မလာသနည်းဟု မိန့်တော်မူသည်ရှိသော် အရှင်ဘုရား အကျွန်ုပ်၏ မယားသည် သီလမရှိ။ ထိုမိန်းမအပေါ်၌ နှောင့်ရှက်သော စိတ်ရှိသည်၏ အဖြစ်ကြောင့်

၁။ ရာ။ ဆယ် (ပ)၁၇-ပ-မ-သ-စ

မလာဟု လျှောက်၏။ မြတ်စွာဘုရားသည် သီတင်းသည် ထိုမိန်းမတို့ မည်သည် ကား ယုတ်မာသော အကျင့်ရှိကုန်၏။ ဤသို့ နှလုံးသွင်း၍ ထိုမိန်းမတို့၌ အမျက်ထွက်ခြင်းကို မပြုမူ၍ လျစ်လျူသောလျှင် ဖြစ်ခြင်းငှါ သင့်၏။ ရှေး၌လည်း သင့်အား ပညာရှိတို့သည် ဆုံးဖူးကုန်ပြီ။ သင်သည်ကား ဘဝတစ်ပါး ဖုံးလွှမ်း အပ်သည်၏ အဖြစ်ကြောင့် ထိုအကြောင်းကို မမှတ်မိနိုင်ဟု မိန့်တော်မူ၍ ထိုသီတင်းသည်သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသော်အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ရှေးနည်းဖြင့်သာလျှင် ဒိသာပါမောက္ခ ဆရာဖြစ်၏။ ထိုအခါ ထိုဒိသာပါမောက္ခ ဆရာ၏ တပည့်သည်လည်း မယား၏ အပြစ်ကို မြင်၍ နှောင့်ရှက်သော စိတ်ရှိသည်၏ အဖြစ်ကြောင့် နှစ်ရက်, သုံးရက် မလာမူ၍ တစ်နေ့သောနေ့၌ ဆရာသည် မေးအပ်သည် ဖြစ်၍ ထိုအကြောင်းကို ကြား၏။ ထိုအခါ တပည့်အား ဆရာသည် အမောင် မိန်းမတို့ မည်သည်ကား သူခပ်သိမ်းတို့နှင့် ဆက်ဆံတတ်ကုန်၏။ ထိုမိန်းမတို့သည် သီလ မရှိကုန်။ ဤသို့ နှလုံးသွင်း၍ ထိုမိန်းမတို့၌ ပညာရှိတို့သည် အမျက်ထွက်ခြင်းကို မပြုကြကုန်ဟု ဆို၍ ဆုံးမလိုသည်၏ အစွမ်းအားဖြင့် ဤဂါထာကို ဆို၏—

**၆၂။ ယထာ နဒီ စ ပန္ထော စ၊ ပါနာဂါရံ သဘာ ပပါ။**
**ဧဝံ လောကိတ္ထိယော နာမ၊ နာ'သံ ကုဇ္ဈန္တိ ပဏ္ဍိတာ။**

မြစ်သည် လူအားလုံးနှင့် ဆက်ဆံသကဲ့သို့လည်းကောင်း, ခရီးလမ်းသည် လူအားလုံးတို့နှင့် သက်ဆိုင်သကဲ့သို့ လည်းကောင်း, သေတင်းကုပ်သည် လူ အားလုံးတို့နှင့် ရောပြွမ်းသကဲ့သို့လည်းကောင်း, ဇရပ်သည် လူအားလုံးတို့အား လက်ခံသကဲ့သို့လည်းကောင်း, ရေအိုးစဉ်သည် လူအားလုံးတို့အား သောက်ခွင့် ပေးသကဲ့သို့လည်းကောင်း ထို့အတူ လောက၌ မိန်းမတို့မည်သည် လူအားလုံး တို့နှင့် ဆက်ဆံကုန်၏။ ထိုမိန်းမတို့အား ပညာရှိတို့သည် အမျက်မထွက်ကုန်ရာ။

ဤသို့ ဘုရားလောင်းသည် တပည့်အား အဆုံးအမကို ပေး၏။ တပည့်သည် အဆုံးအမကိုကြား၍ လျစ်လျူရှုသည် ဖြစ်၏။ တပည့်၏ မယားသည်လည်း ဆရာသည် သိသည်ဖြစ်သတတ်ဟု ထိုအခါမှစ၍ မကောင်းမှုကို မပြု။ သီတင်း သည်၏ မယားသည်လည်း မြတ်စွာဘုရားသည် သိတော်မူသည် ဖြစ်သတတ်ဟု ထိုအခါမှစ၍ မကောင်းမှုကို မပြု။ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ သီတင်းသည်သည် သောတာပတ္တိဖိုလ်၌ တည်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည်လည်း အနုသန္ဓိကိုစပ်၍ ယခုအခါ လင်မယားတို့သည် ထိုအခါ လင်မယား ဘိုသည် ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဒိသာပါမောက္ခဆရာ ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

ခြောက်ဆယ့်ငါးခုမြောက်သော အနဘိရတိဇာတ်သည် ပြီး၏။

## ၆၆–မုဒုလက္ခဏဇာတ်

### တံလျှပ်ကိုရေထင် ရွှေသမင် အလိုက်မှား

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဧကာ ဣစ္ဆာ ပုရေ အာသိ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမုဒုလက္ခဏဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော အမျိုးသားကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိမြို့၌နေသော အမျိုးသားတစ်ယောက်သည် မြတ်စွာဘုရား တရားတော်ကိုနာရ၍ ရတနာတည်းဟူသော သာသနာ၌ ဝမ်းရေးကိုမငဲ့ဘဲ ရဟန်းပြုပြီးလျှင် အဖန်တလဲလဲ ကမ္မဋ္ဌာန်း၌ လုံ့လပြုသည်၊ ကမ္မဋ္ဌာန်း၌ အမြဲယှဉ်သည်၊ မလွတ်သော ကမ္မဋ္ဌာန်းရှိသည်ဖြစ်၍ တစ်နေ့သ၌ သာဝတ္ထိမြို့သို့ ဆွမ်းအလို့ငှါ သွားသည်ရှိသော် တစ်ယောက်သော တန်ဆာဆင်အပ်သောမိန်းမကို မြင်၍ တင့်တယ်၏ဟု နှလုံးသွင်းသည်၏ အစွမ်းအားဖြင့် ဣန္ဒြေတို့ကိုဖျက်၍ ကြည့်သတတ်။ ထိုရဟန်း၏ ကိုယ်တွင်း၌ ကိလေသာသည် လှုပ်၏။ ပဲကွပ်ဖြင့်ခုတ်အပ်သော အစေးရှိသော သစ်ပင်ကဲ့သို့ ဖြစ်၏။ ထိုရဟန်းသည် ထိုနေ့မှစ၍ ကိလေသာ၏ အလိုသို့ လိုက်သည်ဖြစ်၍ ကိုယ်၏ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်းကို မရသလျှင်ကဘည်း။ တုန်လှုပ်သော သမင်နှင့်တူသည်ဖြစ်၍ သာသနာတော်၌ မမွေ့လျော်သည် ရှည်သောဆံ အမွေး ခြေသည်း လက်သည်းရှိသည်၊ ညစ်နွမ်းသော သင်္ကန်းရှိသည်ဖြစ်၏။ ထိုအခါ ထိုရဟန်း၏ ဣန္ဒြေ ဖောက်ပြန်ခြင်းကို မြင်၍ အဆွေခင်ပွန်း ဖြစ်ကုန်သော ရဟန်းတို့သည် ငါ့ရှင် သင့်အား ယခုဣန္ဒြေတို့သည် အဘယ့်ကြောင့် ရှေးကဣန္ဒြေတို့ကဲ့သို့ မဖြစ်ကုန်သနည်းဟု မေးကုန်၏။ ငါ့ရှင်တို့ ငါသည် မမွေ့လျော်သည်ဖြစ်၏ဟု ဆို၏။ ထိုအခါ ထိုရဟန်းကို အဆွေခင်ပွန်း ရဟန်းဘို့သည် မြတ်စွာဘုရား အထံတော်သို့ ဆောင်ကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ အလိုမရှိသော ရဟန်းကိုယူ၍ အဘယ့်ကြောင့် လာကြကုန်သနည်းဟု မေးတော်မူ၏။ အရှင်ဘုရား ဤရဟန်းသည် မမွေ့မလျော် ဟု လျှောက်ကြကုန်၏။ မြတ်စွာဘုရားသည် ရဟန်း မမွေ့မလျော်သည် မှန် သလောဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်၏။ ရဟန်း သင့်ကို အဘယ်သူသည် ငြီးငွေ့စေသနည်းဟု မိန့်တော်မူ၏။ အရှင်ဘုရား အကျွန်ုပ်သည် ဆွမ်းအလို့ငှါ သွားသည်ရှိသော် တစ်ယောက်သော မိန်းမကိုမြင်၍ ဣန္ဒြေတို့ကို ဖျက်၍ကြည့်၏။ ထိုအခါ ကျွန်ုပ်၏ ကိလေသာသည် လှုပ်၏၊ ထို့ကြောင့် ငြီးငွေ့သည် ဖြစ်၏ဟု လျှောက်၏။ ထိုအခါ ရဟန်းကို မြတ်စွာဘုရားသည် ရဟန်း ဣန္ဒြေကို ဖျက်၍ ဝိသဘာဂ အာရုံကို တင့်တယ်၏ဟု နှလုံး သွင်းသည်၏ အစွမ်း အားဖြင့် ကြည့်သော သင့်ကို ကိလေသာတို့သည် တုန်လှုပ်စေခြင်းသည် ရှိ၏။ ထိုတုန်လှုပ်စေခြင်းသည် အံ့ဖွယ်မရှိ၊ ရှေး၌ အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါး ကို ရကုန်သော ဈာန်၏ အာနုဘော်ဖြင့် ကိလေသာတို့ကိုခွါ၍ စင်ကြယ်စွာ သောစိတ် ရှိကုန်သော ကောင်းကင်ပြင်၌ သွားကုန်သော ဘုရားလောင်း တို့သည် ဣန္ဒြေတို့ကို ဖျက်၍ ဝိသဘာဂအာရုံကို ကြည့်သည်ရှိသော် ဈာန်မှ ယုတ်ကုန်၍ ကိလေသာတို့သည် တုန်လှုပ်စေအပ်သည် ဖြစ်၍ ကြီးစွာသော ဆင်းရဲကို ခံရဖူးကုန်ပြီ။

မြင့်မိုရ်တောင်ကို ကျွတ်စေတတ်သော လေသည် ဆင်ပမာဏရှိသောတောင် ဦးပြည်းငယ်ကို တောင်ဟူ၍ မရေတွက်။ သပြေပင်ကြီးကို ကျွတ်စေတတ်သော လေသည် မြစ်ကမ်းပါး၌ ပေါက်သော သစ်ပင်ငယ်ကို သစ်ပင်ဟူ၍ မရေတွက် မဟာသမုဒ္ဒရာကို ပူစေတတ် ခြောက်ခန်းစေတတ်သော နေသည် တစ်စုံတစ်ခု သာလျှင် ဖြစ်သော တစ်ဖက်ဆည်ကန်ကို ကန်ဟူ၍ မရေတွက်။ ဤသို့လျှင် စင်ကြယ်သော စိတ်ရှိကုန်သော ဘုရားလောင်း ဖြစ်ကုန်သော ပညာရှိတို့အား စင်ကြယ်လျက်လည်း ဉာဏ်ကင်းခြင်းကို ပြုတတ်ကုန်သော ကိလေသာတို့သည် သင်၌ အဘယ့်ကြောင့် ရှက်ကုန်လတ္တံ့နည်း။ စင်ကြယ်သော သတ္တဝါတို့သည် လည်း ညစ်ညူးကုန်၏။ မြတ်သော အကျော်အစောနှင့် ပြည့်စုံသော သူတို့သည် လည်း အကျော်အစော မရှိသော အဖြစ်သို့ ရောက်ကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိတိုင်း၌ တစ်ယောက်သော များစွာသော ဥစ္စာစည်းစိမ်ရှိသော ပုဏ္ဏား၏အိမ်၌ဖြစ်၍ လိမ္မာသော အဖြစ်သို့

ရောက်သည်ရှိသော် ခပ်သိမ်းသော အတတ်တို့၏ ကမ်းတစ်ဖက်သို့ ရောက်၍ ကာမတို့ကို စွန့်ပြီးလျှင် ရသေ့ရဟန်းပြု၍ ကသိုဏ်းပရိကံကိုပြုလျက် အဘိညာဉ်တို့ကိုလည်းကောင်း, သမာပတ်တို့ကိုလည်းကောင်း ဖြစ်စေ၍ ဈာန်ချမ်းသာဖြင့် လွန်စေလျက် ဟိမဝန္တာအရပ်၌ နေ၏။ ထိုဘုရားလောင်းသည် တစ်ရံရော အခါ၌ ချဉ်ဆားမှီဝဲအံ့သောငှါ ဟိမဝန္တာမှ သက်ခဲ့၍ ဗာရာဏသီပြည်သို့ ရောက်လျှင် မင်း၏ ဥယျာဉ်၌ နေ၍ နက်ဖြန်နေ့၌ ပြုအပ်ပြီးသော ကိုယ်လက် သုတ်သင်ခြင်း ရှိသည်ဖြစ်၍ နီသော ကျောက်တေဖြင့် ပြီးသော အဝတ်အရုံကို ပြုပြင်၍ သစ်နက်ရေကို ပခုံးတစ်ဖက်၌ စံပယ်တင်၍ ဆံကျစ်ဝန်းကို ဖွဲ့၍ ဆွမ်းခံသပိတ်ကို ယူ၍ ဗာရာဏသီမြို့သို့ ဆွမ်းအလို့ငှါ ဝင်သည်ရှိသော် မင်းအိမ်တံခါးသို့ ရောက်၏။

မင်းသည် ထိုရသေ့၏ ဣရိယာပုတ်၌ ကြည်ညို၍ ပင့်စေ ပြီးလျှင် မြတ်သော သူ့ဘုံအားသာလျှင် ထိုက်သောနေရာ၌ နေစေ၍ မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ဖြင့် ရောင့်ရဲစေ၍ ဆွမ်းအနုမောဒနာကို ပြုပြီးလျှင် ဥယျာဉ်၌ နေစိမ့်သောငှါ တောင်းပန်၏။ ထိုရသေ့သည် ဝန်ခံ၍ မင်းအိမ်၌ ဆွမ်းစား၍ မင်းမျိုးကို ဆုံးမလျက် ထိုဥယျာဉ်၌ တစ်ဆယ့်ခြောက်နှစ် ပတ်လုံး နေ၏။ ထိုအခါ တစ်နေ့သ၌ မင်းသည် ပုန်ကန်သော ပစ္စန္တရစ်ကို ငြိမ်းစိမ့်သောငှါ သွားသည်ရှိသော် မုဒုလက္ခဏာ မည်သော မိဖုရားကြီးကို အရှင်မြတ်အား လုပ်ကျွေးခြင်းကို မမေ့မလျော့ ပြုလောဟု ဆို၍ သွားလေ၏။ ဘုရားလောင်းသည် မင်းကြီးသွားသောအခါမှ စ၍ မိမိသည် နှစ်သက်သောအခါ၌ မင်းအိမ်သို့ သွား၏။ ထိုအခါ တစ်နေ့သ၌ မုဒုလက္ခဏာ မိဖုရားကြီးသည် ဘုရားလောင်းဖို့ အာဟာရကို ပြည့်စုံစေ၍ ယနေ့ အရှင်မြတ်သည် ကြာမြင့်၏ဟု နံ့သာရေဖြင့် ချိုးပြီးလျှင် ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် မြတ်သော အပြင်၌ အိပ်ရာယာကို ခင်းစေ၍ ဘုရားလောင်း၏ လာခြင်းကို မျှော်လျက် အိပ်နေ၏။

ဘုရားလောင်းသည်လည်း မိမိ၏ အခါကို မှတ်၍ ဈာန်မှထပြီးလျှင် ကောင်းကင်ခရီးဖြင့်သာလျှင် မင်းအိမ်သို့သွား၏။ မုဒုလက္ခဏာ မိဖုရားကြီးသည် လျှော်တေသက်န်းသံကို ကြား၍သာလျှင် အရှင်မြတ် လာပြီဟု လျင်စွာထ၏။ လျင်မြန်သဖြင့် ထသော မိဖုရား၏ ပြေပြစ်သော အဝတ်သည် လျောကျ၏။ ရသေ့သည် ခြသေ့ံခံသော လေသာပြတင်းဖြင့် ဝင်သည်ရှိသော် မိဖုရား၏ ဝိသဘာဂအာရုံကို မြင်၍ ဣန္ဒြေတို့ကို ဖျက်၍ တင့်တယ်၏ဟု နှလုံးသွင်းသည်၏ အစွမ်းဖြင့် ကြည့်၏။ ထိုအခါ ဘုရားလောင်း၏ ကိုယ်တွင်း၌ ကိလေသာသည် လှုပ်၏။ ပဲကွပ်ဖြင့် ခတ်အပ်သော အစေးရှိသော သစ်ပင်ကဲ့သို့ ဖြစ်၏။ ထိုခဏ၌

ပင်လျှင် ရသေ့၏ ဈာန်သည် ကွယ်၏။ အတောင်ပြတ်သော ကျီးကဲ့သို့ ဖြစ်၏။ ထိုရသေ့သည် ရပ်လျက်သာလျှင် အာဟာရကို ယူ၍ မစားမူ၍သာလျှင် ကိလေသာသည် တုန်လှုပ်စေအပ်သည် ဖြစ်၍ ပြာသာဒ်မှ သက်ခဲ့ပြီးလျှင် ဥယျာဉ်သို့ သွား၍ သစ်ရွက်မိုးသော ကျောင်းသို့ဝင်၍ ပျဉ်ခင်းသော နေရာ၏ အောက်၌ အာဟာရကို ထား၍ ဝိသဘာဂအာရုံဖြင့် ဖွဲ့အပ်သည်ဖြစ်၍ ဤကိလေသာမီးသည် လောင်သည်ရှိသော် အာဟာရကင်းသည်၏ အဖြစ်ကြောင့် ခြောက်ကပ်လျက် ခုနစ်ရက်တိုင်အောင် ပျဉ်အခင်း၌ အိပ်၏။

ခုနစ်ရက်မြောက်သောနေ့၌ မင်းကြီးသည် ပစ္စန္တရစ်ကို ငြိမ်းစေပြီး၍ လာသည်ရှိသော် မြို့ကို လက်ယာရစ် လှည့်သည်ကို ပြု၍ နန်းတော်သို့ မဝင်ဘဲ အရှင်မြတ်ကို ဖူးမြင်အံ့ဟု ဥယျာဉ်သို့ သွားပြီးလျှင် သစ်ရွက်မိုးသော ကျောင်းသို့ ဝင်၍ လျောင်းသော ရှင်ရသေ့ကို မြင်သည်ရှိသော် တစ်ခုသော မချမ်းသာခြင်းသည် ဖြစ်ယောင်တကားဟု သစ်ရွက်မိုးသော ကျောင်းကို သုတ်သင်စေ၍ ခြေကို ဆုပ်နယ်လျက် အရှင်ဘုရားအား အဘယ် မချမ်းသာခြင်းသည် ဖြစ်သနည်းဟု မေး၏၊ မြတ်သောမင်းကြီး ငါ့အား တစ်ပါးသော မချမ်းသာခြင်းသည် မရှိ၊ ကိလေသာ၏ အစွမ်းဖြင့် တပ်စွန်းသောစိတ် ဖြစ်၏ဟု ဆို၏။ အရှင်ဘုရား အရှင်ဘုရား၏စိတ်သည် အဘယ်၌ တပ်စွန်းသနည်းဟု မေး၏။ မြတ်သောမင်းကြီး မုဒုလက္ခဏာ မိဖုရား၌ တပ်စွန်း၏ဟု ဆို၏။ အရှင်ဘုရား ကောင်းပြီ အကျွန်ုပ်သည် မုဒုလက္ခဏာကို ပေးအံ့ဟု ဆိုပြီးလျှင် ရသေ့ကို ယူပြီး၍ နန်းတော်သို့ ဝင်၍ မုဒုလက္ခဏာ မိဖုရားကို အလုံးစုံသော တန်ဆာတို့ဖြင့် ဆင်ယင်၍ ရသေ့အား ပေး၏။ ပေးစဉ်၌လည်း မုဒုလက္ခဏာအား အမှတ်ကို ပေး၏၊ အဘယ်သို့ ပေးသနည်း ဟူမူကား သင်သည် မိမိ၏ အစွမ်းအားဖြင့် အရှင်မြတ်ကို စောင့်ခြင်းငှါ လုံ့လပြုအပ်၏ဟု အမှတ်ပေး၏။ အရှင်မင်းကြီး ကောင်းပြီ စောင့်ရှောက်အံ့ဟု ဆို၏။ ရသေ့သည် မိဖုရားကိုယူ၍ မင်းအိမ်မှ သက်၏။

ထိုအခါ တံခါးမှ ထွက်သောကာလ၌ အရှင် ငါတို့အား တစ်ခုသောအိမ်ကို ရခြင်းငှါ သင့်၏၊ သွားချေ မင်းကြီးကို အိမ်တောင်းချေလောဟု ဆို၏။ ရသေ့သည် သွား၍ အိမ်တောင်း၏။ မင်းကြီးသည် လူတို့၏ ဝစ္စကုဋိ ကိစ္စကို ပြုစေသော တစ်ခုသော စွန့်ပစ်အပ်သော အိမ်ကို ပေး၏။ ထိုရသေ့သည် မိဖုရားကို ယူ၍သွား၏၊ ထိုမိဖုရားသည် အိမ်သို့ဝင်ခြင်းငှါ အလိုမရှိ၊ အဘယ့်ကြောင့် မဝင်သနည်းဟု မေး၏။ မစင်ကြယ်သည်၏ အဖြစ်ကြောင့် မဝင်ဟု ဆိုသည်ရှိသော် ယခု အဘယ်ကို ပြုအံ့နည်းဟု ဆို၏။ ထိုအိမ်ကို သုတ်သင်လောဟူ ဆိုပြီး၍ မင်းကြီးအထံသို့ စေ၍ သွားချေ ပေါက်တူးကို ဆောင်ချေလော၊

တောင်းကိုလည်း ဆောင်ချေလော့ဟူ ဆို၍ ဆောင်စေပြီးလျှင် မစင်ကိုလည်းကောင်း, အမှိုက်စုကိုလည်းကောင်း စွန့်ပစ်စေ၍ နွားချေးကို ဆောင်စေပြီးလျှင် လိမ်းကျံ၍ တစ်ဖန်လည်း သွားချေ ညောင်စောင်းကို ဆောင်ချေလော၊ အင်းပျဉ်ကို ဆောင်ချေလော၊ အခင်းကို ဆောင်ချေလော၊ သောက်ရေအိုးကို ဆောင်ချေလော၊ ရေခပ် အိုးကို ဆောင်ချေလော တစ်ခုတစ်ခုစီကို ဆောင်စေ၍ တစ်ဖန်ရေခပ်ခြင်း အစရှိသည်တို့၏ အကျိုးငှါ ထိုရသေ့ကို စေ၏။ ရသေ့သည် အိုးကိုယူပြီးလျှင် ရေကိုဆောင်လျက် သောက်ရေအိုးကို ပြည့်စေပြီးလျှင် ချိုးရေကို စီရင်၍ အိပ်ရာခင်း၏။

ထိုအခါ အိပ်ရာ၌ အတူထိုင်သော ရသေ့ကို ကြင်စွယ် မုတ်ဆိတ်တို့၌ ကိုင်၍ သင်၏ ရဟန်းအဖြစ်ကိုလည်းကောင်း, မကောင်းမှုကို အပပြုတတ်သောသူ၏ အဖြစ်ကိုလည်းကောင်း မသိဟု ဆို၍ ညွတ်စေ၍ မိမိသို့ ရှေးရှုငင်၏။ ရသေ့သည် ထိုအခါ သတိရ၍ ဤမျှလောက်သော ကာလပတ်လုံး မိုက်မဲခြင်းသည် ဖြစ်၏။ ဤသို့လျှင် ကိလေသာတို့မည်သည်ကား မိုက်မဲခြင်းကို ပြုတတ်ကုန်၏။ ရဟန်းတို့ ကာမစ္ဆန္ဒနီဝရဏသည် ကန်းခြင်းကို ပြုတတ်ကုန်၏။ မိုက်မဲခြင်းကို ပြုတတ်ကုန်၏။ ဤသို့ အစရှိသော ပါဠိကို ဤအရာ၌ ဆိုအပ်၏။ ထိုရသေ့သည် သတိရ၍ တဏှာသည် ပွားသည်ရှိသော် ငါ့အား လေးပါးကုန်သော အပါယ်တို့မှ ဦးခေါင်းကို ချီခြင်းငှါ မပေးလတ္တံ့ ယနေ့ပင်လျှင် ငါသည် ဤမုဒုလက္ခဏာကို မင်းကြီးအား အပ်နှင်း၍ ဟိမဝန္တာသို့ ဝင်ခြင်းငှါ သင့်၏ဟု ကြံ၏။ ကြံပြီး၍ ထိုရသေ့သည် မုဒုလက္ခဏာကို ယူ၍ မင်းကြီးသို့ အပ်ပြီးလျှင် မြတ်သောမင်းကြီး သင်၏ မိဖုရားဖြင့် ငါ့အား အလိုမရှိ၊ စင်စစ်သော်ကား ငါ့အား ဤမုဒုလက္ခဏာကို မှီ၍ တဏှာသည် ပွား၏ဟု ဆိုလို၍ ဤဂါထာကို ဆို၏—

၆၆။ ဧကာ ဣစ္ဆာ ပုရေ အာသိ၊ အလဒ္ဓါ မုဒုလက္ခဏံ။
ယတော လဒ္ဓါ အဠာရက္ခီ၊ ဣစ္ဆာ ဣစ္ဆံ ဝိဇာယထ။

မြတ်သောမင်းကြီး မုဒုလက္ခဏာကို မရမီ ရှေးအခါက မုဒုလက္ခဏာကို လိုချင်မှုတဏှာသည် ဖြစ်၏၊ တင့်တယ်၍ ကျယ်သော မျက်စိရှိသော မုဒုလက္ခဏာကို ရသောအခါ၌ မုဒုလက္ခဏာသည် ကြီးကြီးငယ်ငယ် တဏှာအသွယ်သွယ် ဖြစ်စေ၏။

ထိုခဏ၌လျှင် ကွယ်သောစျာန်ကို ဖြစ်စေ၍ ကောင်းကင်၌ နေလျက် တရားဟော၍ မင်းအားလည်း အဆုံးအမကို ပေးပြီးလျှင် ကောင်းကင်ဖြင့် သာလျှင် ဟိမဝန္တာသို့ သွား၍ တစ်ဖန် လူ့ပြည်သို့ မလာပြီ၊ ထိုဟိမဝန္တာ၌

သာလျှင် ပြဟ္မဝိဟာရတို့ကို ပွားစေလျက် မယုတ်သော ဈာန်ရှိသည်ဖြစ်၍ ပြဟ္မာ့ပြည်၌ ဖြစ်၏။ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သာသနာတော်၌ မမွေ့လျော်သော ရဟန်းသည် အရဟတ္တဖိုလ်၌ တည်၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် အနုသန္ဓေကို စပ်၍ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ။ ယခုအခါ ဥပ္ပလဝဏ်သည် ထိုအခါ မုဒုလက္ခဏာမိဖုရား ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရသေ့ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကိုပေါင်းတော်မူ၏။

ခြောက်ဆယ့်ခြောက်ခုမြောက်သော မုဒုလက္ခဏဇာတ်သည် ပြီး၏။

---

## ၆၇-ဥစ္ဆင်္ဂဇာတ်

### တစ်ချက်ခုတ် သုံးချက်ပြတ်

### လင်မရှိက မောင်ဆယ်ယောက် ရှိသော်လည်း မတင့်တယ်

### လင်သားကို အစားရ၏၊ မောင်ရင်းကို အစားရှာ၍ မရနိုင်

## ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဥစ္ဆင်္ဂေ ဒေဝ မေ ပုတ္တော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဥစ္ဆင်္ဂဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော ဇနပုဒ်၌ နေသော မိန်းမကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်ပါးသောအခါ ကောသလတိုင်း၌ သုံးယောက်ကုန်သော သူတို့သည် တစ်ခုသော တောအုပ်၏ အဝ၌ လယ်ထွန်ကုန်၏။ ထိုအခါ တောအုပ်၏ အတွင်း၌ ခိုးသူတို့သည် လူတို့ကို လုယက်ကုန်၍ ပြေးကုန်၏။ ထိုခိုးသူတို့ကို ရှာကုန်၍ မမြင်ကုန်သည်ရှိသော် ထိုလယ်ထွန်ရာ အရပ်သို့ လာလတ်၍ သင်တို့သည် တောအုပ်၌ လုယက်ကုန်ပြီး၍ ယခုအခါ လယ်ထွန်သော သူကဲ့သို့ ဖြစ်ကုန်၏ဟု ဆို၍ ထိုသုံးယောက်သော သူတို့ကို ခိုးသူတို့တည်းဟု နှောင်ဖွဲ့ပြီးလျှင် ဆောင်၍ ကောသလမင်းကြီးအား ဆက်ကုန်၏၊ ထိုအခါ မိန်းမ

တစ်ယောက်သည် လာလင်၍ အရှင်မင်းကြီး အကျွန်ုပ်အား အဝတ်ကို ပေးတော်မူပါကုန်လော၊ အကျွန်ုပ်အား အဝတ်ကို ပေးတော်မူပါကုန်လောဟု ငိုကြွေးလျက် အဖန်တလဲလဲ မင်းအိမ်သို့ လှည့်လည်၏၊ မင်းကြီးသည် ထိုမိန်းမအသံကို ကြား၍ ထိုမိန်းမအား အဝတ်ပေးလောဟု ဆို၏၊ မင်းချင်းတို့သည် အဝတ်ကို ယူ၍ ပေးကုန်၏၊ ထိုမိန်းမသည် အဝတ်ကိုမြင်၍ အကျွန်ုပ်သည် ဤအဝတ်ကို မတောင်း၊ လင်ဟူသော အဝတ်ကိုသာ တောင်း၏ဟု ဆို၏၊ ထိုသူတို့သည် သွားကုန်၍ မင်းကြီးအား ဤမိန်းမသည် ဤအဝတ်ကို မတောင်း၊ လင်ဟူသော အဝတ်ကိုသာ တောင်း၏ဟု လျှောက်ကုန်၏၊ ထိုအခါ မင်းကြီးသည် ထိုမိန်းမကို ခေါ်၍ သင်သည် လင်ဟူသော အဝတ်ကို တောင်းသလောဟု မေး၏၊ အရှင်မင်းကြီး တောင်းသည်မှန်ပေ၏၊ ထိုစကားသည် မှန်၏၊ လင်သည် မိန်းမ၏ အဝတ်မည်၏၊ လင်မရှိသော် အဖိုးတစ်ထောင် ထိုက်သော အဝတ်ကို ဝတ်ရငြားသော်လည်း လင်မှကင်းသော မိန်းမသည် အချည်းနှီးသာလျှင် မည်၏ဟု ပြောကြားလို၍ ဤဂါထာကို ဆို၏—

> နဂ္ဂါ နဒီ အနုဒကာ၊ နဂ္ဂံ ရဋ္ဌံ အရာဇိကံ။
> ဣတ္ထီပိ ဝိဓဝါ နဂ္ဂါ၊ ယဿာပိ ဒသဘာတရော။

ရေမရှိသော မြစ်, မင်းမရှိသော တိုင်းနိုင်ငံသည် အချည်းနှီး အကျိုးမရှိချေ၊ မောင်ကြီး, မောင်ငယ် ဆယ်ယောက်ပင် ရှိသော်လည်း လင်တစ်ယောက် မရှိသော မိန်းမသည် အကျိုးမရှိ အချည်းနှီးဖြစ်၏။

မင်းသည် ထိုမိန်းမအား ကြည်ညိုသည်ဖြစ်၍ ဤသုံးယောက်သော သူတို့သည် သင့်အား အဘယ်သို့ တော်ကုန်သနည်းဟု မေး၏၊ အရှင်မင်းကြီး တစ်ယောက်သည် အကျွန်ုပ် လင်တည်း၊ တစ်ယောက်သည် မောင်၊ တစ်ယောက်သည် သားတည်းဟု လျှောက်၏၊ မင်းကြီးသည် ငါသည် သင့်အား နှစ်သက်၏။ ဤသုံးယောက်ကုန်သော သူတို့တွင် တစ်ယောက်သော သူကို သင့်အားပေးအံ့၊ အဘယ်သူကို အလိုရှိသနည်းဟု မေး၏။ ထိုမိန်းမသည် ရှင်မင်းကြီး-အကျွန်ုပ်သည် အသက်ရှင်သည်ရှိသော် တစ်ယောက်သော လင်ကို ရပါလတ္တံ့၊ သားကိုလည်း ရပါလတ္တံ့၊ အကျွန်ုပ်၏ အမိအဘတို့ကား သေသည်၏ အဖြစ်ကြောင့် မောင်ကို သာလျှင် ရခဲ၏။ ရှင်မင်းကြီး အကျွန်ုပ်အား မောင်ကိုပေးပါလောဟု လျှောက်၏၊ မင်းကြီးသည် နှစ်သက်၍ သုံးယောက်ကုန်သော သူတို့ကိုလည်း လွှတ်၏။

ဤသို့လျှင် တစ်ယောက်တည်းသော မိန်းမကိုမှီ၍ သုံးယောက်ကုန်သော သူတို့သည် ဆင်းရဲမှ လွတ်ကုန်၏။ ထိုအကြောင်းသည် ရဟန်းသံဃာအား ထင်ရှားသည်ဖြစ်၏၊ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌

စည်းဝေးကုန်၍ ငါ့ရှင်တို့-တစ်ယောက်တည်းသော မိန်းမကိုမှီ၍ သုံးယောက်ကုန် သောသူတို့သည် ဆင်းရဲမှ လွတ်ကုန်၏ဟု ထိုမိန်းမ၏ ကျေးဇူးစကားဖြင့်ပြော၍ နေကြကုန်၏၊ မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ရဟန်းတို့-ယခု ငါလာ တော်မူသောအခါ၌ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော် မူ၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့-ဤမိန်းမသည် ယခုအခါ၌သာလျှင် ထိုသုံးယောက်သောသူ တို့ကို ဆင်းရဲမှလွတ်စေသည် မဟုတ်သေး၊ ရှေး၌လည်း လွတ်စေဖူးသည်သာ လျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် သုံးယောက်ကုန်သော သူတို့သည် တောအုပ်ဝ၌ လယ်ထွန် ကုန်၏။ ဤသို့အစရှိသော အလုံးစုံသောစကားသည် ရှေ့စကားနှင့်တူသည် သာလျှင်တည်း၊ ထိုအခါကား မင်းသည် သုံးယောက်ကုန်သော သူတို့တွင် အဘယ် သူကို အလိုရှိသနည်းဟု မေးသည်ရှိသော် ရှင်မင်းကြီး သုံးယောက်ကုန်သော သူတို့ကို ပေးခြင်းငှါ မတတ်နိုင်ပါကုန်သလောဟု လျှောက်၏။ မတတ်နိုင်သည် မှန်၏ဟု မင်းကြီးဆို၏၊ ရှင်မင်းကြီး-သုံးယောက်ကုန်သော သူတို့ကို ပေးခြင်းငှါ အကယ်၍ မတတ်နိုင်ကုန်အံ့၊ အကျွန်ုပ်အား မောင်ကိုသာ ပေးပါကုန်လော့ဟု ဆိုသည်ရှိသော် သားကိုလည်းကောင်း၊ လင်ကိုလည်းကောင်း မယူ၊မောင်ဖြင့် သင့်အား အဘယ်ပြုအံ့နည်းဟု ဆိုသည်ရှိသော် ရှင်မင်းကြီး-ထိုသားလင်တို့ သည်ကား ရလွယ်ပါကုန်၏၊ မောင်ကိုကား ရခဲ၏ဟုဆိုလို၍ ဤဂါထာကိုဆို၏။

၆၇။ ဥစ္ဆင်္ဂေ ဒေဝ မေ ပုတ္တော၊ ပထေ ဓာဝန္တိယာ ပတိ။
တဉ္စ ဒေသံ န ပဿာမိ၊ ယတော သောဒရိယံ မာနယေ။

မင်းကြီး ဟင်းမျှက်ကန်စွန်း ရလွယ်သည်နှင့်တူသကဲ့သို့သာလျှင် အကျွန်ုပ် သည် ခါးပိုက်၌သားကို ရလွယ်၏၊ ခရီး၌ သွားလာကာမျှဖြင့်လည်း လင်ကို ရလွယ်၏၊ တမိတည်းပေါက် ဖြစ်သော မောင်ကို ရဖို့ရန် အရပ်နေရာကိုကား မမြင်ရတော့ပါ။

မင်းကြီးသည် ဤမိန်းမကား မှန်သောစကားကိုသာ ဆို၏ဟု နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ သုံးယောက်ကုန်သော သူတို့ကို နှောင်အိမ်မှ ဆောင်၍ပေး၏။ ထိုမိန်းမသည် သုံးယောက်ကုန်သော သူတို့ကို ယူ၍ သွား၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည်လည်း''ရဟန်းတို့-ယခုအခါ၌သာလျှင် ဤမိန်းမသည် ဤသုံးယောက်သော သူတို့ကို ဆင်းရဲမှ လွတ်စေသည် မဟုတ်သေး၊ရှေး၌လည်း လွတ်စေဖူးသည်သာလျှင်တည်းဟု ဤ တရားဒေသနာကို ဆောင်တော်မူ၍ အနုသန္ဓေကိုစပ်၍ ယခုအခါ လေးယောက်ကုန်သော သူတို့သည် ထိုအခါ လေးယောက်ကုန်သော သူတို့သည်သာလျှင် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီ၊ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

ခြောက်ဆယ့်ခုနစ်ခုမြောက်သော ဥစ္ဆင်္ဂဇာတ်သည် ပြီး၏။

---

## ၆၈-သာကေတဇာတ်

### ၁၀ အဆက်ဆက် မိဟောင်း ဖဟောင်းများ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် ယသို့ မနော နိဝိသတ်–အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤသာကေတ ဇာတ်ကို သာကေတမြို့ကို အမှီပြု၍ အဉ္ဇန အမည် ရှိသော ဥယျာဉ်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူ၏။

မြတ်စွာဘုရားသည် ရဟန်း သံဃာအပေါင်း ခြံရံလျက် သာကေတ မြို့သို့ ဆွမ်းအလို့ငှါ ဝင်တော်မူသောအခါ၌ တစ်ယောက်သော သာကေတမြို့၌နေသော အိုမင်းသော ပုဏ္ဏားသည် မြို့မှ အပသို့ သွားသည်ရှိသော် မြို့တံခါး အတွင်း၌ မြတ်စွာဘုရားကို မြင်၍ ခြေတော်ရင်း၌ ဝပ်ပြီးလျှင် ဖမျက်တို့၌ မြဲစွာကိုင်၍ ချစ်သား သားတို့ မည်သည်ကား အမိ အဖတို့ အိုမင်းသော ကာလ၌ လုပ်ကျွေး အပ်ကုန်သည် မဟုတ်လော၊အဘယ့်ကြောင့် ဤမျှလောက်သော ကာလပတ်လုံး ငါတို့အား ကိုယ်ကိုမျှ မပြသနည်း၊ ငါသည် ရှေးဦးစွာ မြင်ရသည်ဖြစ်၏။ သင်၏ အမိကို မြင်စိမ့်သောငှါ လာသည့်ဟု မြတ်စွာဘုရားကို ပင့်၍ မိမိအိမ်သို့ သွား၏။ မြတ်စွာဘုရားသည် ထိုပုဏ္ဏား အိမ်သို့ ကြွတော်မူ၍ ခင်းအပ်သော နေရာ၌ သံဃာနှင့်တကွ နေတော်မူ၏။ ပုဏ္ဏေးမသည်လည်း လာလတ်၍ မြတ်စွာဘုရား ခြေတော်ရင်း၌ ဝပ်၍ ချစ်သား ဤမျှလောက်သော ကာလပတ်လုံး အဘယ် အရပ်၌ နေသနည်း သားတို့မည်သည်ကား မိဘကို အိုမင်းသော ကာလ၌ လုပ်ကျွေး အပ်ကုန်သည် မဟုတ်လောဟု ငိုကြွေး၏။ သား သမီးတို့ကိုလည်း

လာလှည့်ကြကုန်၊အစ်ကိုကြီးကို ရှိခိုးကြကုန်လောဟု ဆို၍ ရှိခိုးစေ၍ နှစ်ယောက်ကုန်သော ပုဏ္ဏား ပုဏ္ဏေးမတို့သည် နှစ်သက်သော စိတ်ရှိကုန်သည် ဖြစ်၍ ကြီးစွာသော အလှူကို ပေးကုန်၏။

မြတ်စွာဘုရား သည်လည်း ဆွမ်းဘုဉ်းပေးခြင်း ကိစ္စကို ပြီးစေ၍ နှစ်ယောက်လည်း ဖြစ်ကုန်သော သူတို့အား ဇရာသုတ်ကို ဟောတော်မူ၏။ ထိုသုတ်ကို ဟောတော်မူသည်၏ အဆုံး၌ နှစ်ယောက်လည်းဖြစ်ကုန်သော ပုဏ္ဏား ပုဏ္ဏေးမတို့သည် အနာဂါမိဖိုလ်၌ တည်ကုန်၏။ မြတ်စွာဘုရားသည် နေရာမှ ထတော်မူ၍ အဥ္စနမည်သော ဥယျာဉ်သို့သာလျှင် ကြွတော်မူ၏။ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကုန်၍ ငါ့ရှင်တို့ ပုဏ္ဏားသည် မြတ်စွာဘုရား၏ အဖသည် သုဒ္ဓေါဒန မင်းကြီးတည်း၊ အမိသည် မဟာမာယာတည်းဟု သိ၏။ သိလျက်လျှင် ပုဏ္ဏေးမနှင့် တကွ မြတ်စွာဘုရားကို ငါ့တို့ သားဟူ၍ ဆို၏။ မြတ်စွာဘုရားသည်လည်း သည်းခံတော်မူ၏၊ အကြောင်းကား အသို့နည်းဟု စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ စကားကို ကြားတော်မူ၍ ရဟန်းတို့ နှစ်ယောက်လည်း ဖြင်ကုန်သော ပုဏ္ဏား ပုဏ္ဏေးမတို့သည် မိမိတို့၏ သားကို သာလျှင် သားဟူ၍ ဆိုကုန်၏၊ဤသို့ မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏၊

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဤပုဏ္ဏားသည် မပြတ်လျှင် ဘဝငါးရာတို့ ပတ်လုံး ငါ၏ အဖ ဖြစ်ဖူးပြီ၊ ဘဝ ငါးရာဘို့ပတ်လုံး ငါ၏ ဘထွေး ဖြစ်ဖူးပြီ။ ဘဝ ငါးရာဘို့ပတ်လုံး ငါ၏ ဘကြီး ဖြစ်ဖူးပြီ၊ ထိုပုဏ္ဏေးမသည်လည်း မပြတ်လျှင် ဘဝ ငါးရာဘို့ပတ်လုံး ငါ၏ အမိ ဖြစ်ဖူးပြီ။ ဘဝ ငါးရာတို့ပတ်လုံး ငါ၏ မိထွေး ဖြစ်ဖူးပြီ။ ဘဝ ငါးရာတို့ပတ်လုံး ငါ၏ မိကြီး ဖြစ်ဖူးပြီ။ဤသို့လျှင် ငါဘုရားသည် ဘဝ တစ်ထောင့်ငါးရာတို့ ပတ်လုံး ပုဏ္ဏား၏ လက်၌ ကြီး၏။ ဘဝ တစ်ထောင့် ငါးရာတို့ပတ်လုံး ပုဏ္ဏေးမ၏ လက်၌ ကြီး၏ဟု ဘဝ သုံးထောင်တို့ကို ဟောတော်မူလို၍ ဤဂါထာကို ဟောတော်မူ၏–

**၆၈။ ယသ္မိံ မနော နိဝိသတိ၊ စိတ္တဉ္စာပိ ပသီဒတိ။**
**အဒိဋ္ဌ ပုဗ္ဗကေ ပေါသေ၊ ကာမံ တသ္မိံပိ ဝိဿသေ၊**

ယခု ဘဝဘွင် ရှေးက မမြင်ဖူးသော ပုဂ္ဂိုလ်အပေါ်၌ စိတ်သည် ကောင်းစွာ တည်လျက် ကြည်ညိုစိတ် ဖြစ်ပေါ်ခြင်းသည် ရှေးဘဝက ဖြစ်ခဲ့ဖူးသော ချစ်ခင်မှုကြောင့် သာလျှင် ဖြစ်၏၊

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူ၍ ဒ.နုသန္ဓေကို စပ်၍ ယခုအခါ ပုဏ္ဏားသည်လည်းကောင်း၊ ပုဏ္ဏေးမသည်လည်းကောင်း ထိုအခါ ထိုသူနှစ်ယောက်တို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သားဖြစ်ဖူးပြီ၊ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

ခြောက်ဆယ့်ရှစ်ခုမြောက်သော သာကေတဇာတ်သည် ပြီး၏။

---

# ၆၉-ဝိသဝန္တဇာတ်

## ထွေးပြီးတံတွေး ပြန်ပြီးမမျို

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဓိရတ္ထု တံ ဝိသံဝန္တံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤဝိသဝန္တ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဓမ္မသေနာပတိဖြစ်သော အရှင်သာရိပုတ္တရာ မထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

အရှင်သာရိပုတ္တရာမထေရ်သည်မုန့်ခဲဖွယ်ကို ဘုဉ်းပေးတော်မူသောကာလ၌ လူတို့သည် သံဃာဖို့ များစွာသော မုန့်ခဲဖွယ်ကို ယူခဲ့ကုန်၍ ကျောင်းသို့ လာကုန်၏။ သံဃာသည် ယူပြီးသော မုန့်ကြွင်းသည် အကြွင်းများ၏။ လူတို့သည် အရှင်ဘုရားတို့ ရွာတွင်း၌ရှိသော ရဟန်းတို့ဖို့ ယူပါကုန်လောဟုလျှောက်ကုန်၏။ ထိုခဏ၌ အရှင်သာရိပုတ္တရာ၏ အတူနေ တပည့်ဖြစ်သော ပဉ္စင်းငယ်သည် ရွာတွင်း၌ နေသည်ဖြစ်၏။ ထိုပဉ္စင်းငယ်၏ အစုကိုယူ၍ ထိုပဉ္စင်းငယ် မလာမီ အလွန်နေမြင့်သည်ဖြစ်၏ဟု အရှင်သာရိပုတ္တရာမထေရ်အား လှူကုန်၏။ အရှင်သာရိပုတ္တရာမထေရ်သည် ထိုမုန့်ကို ဘုဉ်းပေးပြီးသည်ရှိသော် ပဉ္စင်းငယ်ရောက်လာ၏။ ထိုအခါ ပဉ္စင်းငယ်ကို အရှင်သာရိပုတ္တရာမထေရ်သည် ငါ့ရှင် ငါတို့သည် သင့်အဖို့ထားသော မုန့်ခဲဖွယ်ကို စားကုန်ပြီဟုဆို၏။ ထိုပဉ္စင်းငယ်သည် အရှင်ဘုရား အဘယ်သူသည် ကောင်းမြတ်သော ခဲဖွယ်ဘောဇဉ်ကို မနှစ်သက်ဘဲ ရှိပါအံ့နည်းဟု ဆို၏။ အရှင်သာရိပုတ္တရာမထေရ်အား သံဝေဂဖြစ်၏။ ထိုအရှင်သာရိပုတ္တရာမထေရ်သည် ဤနေ့မှစ၍ မုန့်ခဲဖွယ်ကို မစားအံ့ဟု ဓိဋ္ဌာန်တော်မူ၏။ ထိုအခါမှစ၍ အရှင်သာရိပုတ္တရာမထေရ်သည် မုန့်ခဲဖွယ်ကို မစားဖူးသတတ်၊ ထိုအရှင်သာရိပုတ္တရာမထေရ်သည် မုန့်ခဲဖွယ်ကို မစားသော အဖြစ်

သည် ရဟန်းသံဃာ၌ ထင်ရှားသည်ဖြစ်၏၊ ရဟန်းတို့သည် ထိုစကားဖြင့် ပြောဆိုကုန်လျက် ပ.ရားသဘင်၌ စည်းဝေးကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ရဟန်းတို့ ယခု ငါလာတော်မူသောအခါ၌ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၏။ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ သာရိပုတ္တရာသည် တစ်ကြိမ်စွန့်ပြီးသော ဝတ္ထုကို အသက်စွန့်ငြားသော်လည်း တစ်ဖန်မယူသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် အဆိပ်ကို ဖြေတတ်သော အမျိုး၌ ဖြစ်၍ ဆေးကုသောအမှုဖြင့် အသက်မွေး၏။ ထိုအခါ ဇနပုဒ်၌နေသော လူတစ်ယောက်ကို မြွေသည် ကိုက်၏။ ထိုလူ၏ ဆွေမျိုးတို့သည် မနှေးလျှော့ခြင်းကို မပြုမူ၍ လျင်စွာ ဆေးသမားကို ပင့်၏။ ဆေးသမားသည်လည်း ရှေးဦးစွာ ဆေးဖြင့် လိမ်းကျံခြင်း ထုံခြင်းကိုပြု၍ အဆိပ်ကို ပျောက်ရအံ့လော၊ ထိုသို့ မဟုတ်မူကား ကိုက်သော မြွေကိုခေါ်၍ ကိုက်ရာအရပ်မှ ထိုမြွေကိုပင်လျှင် အဆိပ်ကို စုပ်ရစေအံ့လောဟု ဆို၏။ ကိုက်သောမြွေကိုခေါ်၍ အဆိပ်ကို စုပ်စေလောဟုဆို၏။ ထိုဆေးသမားသည် မြွေကိုခေါ်၍ သင်သည် ဤသူကို ကိုက်အပ်သည် မဟုတ်လောဟုမေး၏။ ငါသည် ကိုက်အပ်သည်မှန်၏ဟု ဆို၏။ သင်သည် ကိုက်ရာအရပ်မှ သင်သည်ပင်လျှင် ခံတွင်းဖြင့် အဆိပ်ကို စုပ်လောဟု ဆို၏။ ငါသည် တစ်ကြိမ်စွန့်အပ်သော ဝတ္ထုကို တစ်ဖန်မယူစဖူး၊ ငါသည် စွန့်အပ်ပြီးသော အဆိပ်ကို မစုပ်ဟု ဆို၏။ ထို ဆေးသမားသည် ထင်းတုံးကို ဆောင်စေ၍ မီးကို ယူပြီးလျှင် မိမိ၏ အဆိပ်ကို အကယ်၍ မစုပ်အံ့၊ မီးသို့ဝင်လောဟု ဆို၏၊ မြွေသည်လည်း မီး၌သာလျှင် ဝင်အံ့။ ငါသည် တစ်ကြိမ်စွန့်အပ်ပြီးသော အဆိပ်ကို မစုပ်အံ့ဟု ဆိုလို၍ ထိုဂါထာကိုဆို၏—

၆၉။ ဓိရတ္ထု တံ ဝိသံ ဝန္တံ၊ ယမဟံ ဇီဝိတကာရဏာ။
ဝန္တံ ပစ္စာဝမိဿာမိ၊ မတံ မေ ဇီဝိတာ ဝရံ။

ငါသည် အသက်ဟူသော အကြောင်းကြောင့် အန်ပြီးသော အဆိပ်ကို ပြန်မမျို၊ အန်ပြီးသော အဆိပ်ကို ပြန်မျိုခြင်းသည် စက်ဆုပ် ရွံရှာဖွယ်ဖြစ်၏၊ ငါ့အား အဆိပ်ကိုပြန်မျို၍ အသက်ရှင်ရသည်ထက် သေရသည်က မြတ်သေး၏။

ဤသို့ ဆိုပြီး၍ မီးသို့ဝင်အံ့သောငှါ သွား၏။ ထိုအခါ မြွေကို ဆေးသမား သည် တားမြစ်၍ ထိုမြွေကိုက်သောလူကို ဆေးတို့ဖြင့် လည်းကောင်း၊ မန္တရား တို့ဖြင့်လည်းကောင်း အဆိပ်မရှိသည်ကိုပြု၍ အနာမရှိသည်ကို ပြု၍ မြွေအား သီလတို့ကိုလည်း ပေး၍ ဤနေ့မှစ၍ တစ်စုံတစ်ယောက်သောသူတို့ကို မညှဉ်းဆဲ လင့်ဟု ဆုံးမ၍ လွှတ်လိုက်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည်လည်း ရဟန်းတို့ သာရိပုတ္တရာသည် တစ်ကြိမ် စွန့်အပ် ပြီးသော ဝတ္ထုကို အသက်စွန့်ရငြားသော်လည်း တစ်ဖန် မယူပြီဟု ဤဓမ္မဒေသ နာကို ဆောင်တော်မူ၍ အနုသန္ဓေကိုစပ်၍ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ မြွေဖြစ်ခဲ့ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဆေးသမား ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏၊

ခြောက်ဆယ့်ကိုးခုမြောက်သော ဝိသဝန္တဇာတ်သည် ပြီး၏။

---

၇၀-ကုဒါလပဏ္ဍိတဇာတ်

ခြောက်ကြိမ် ရဟန်းပြုတုံ လူထွက်တုံ

ပြန်၍ မရှုံးနိုင် အဆုံးတိုင် အောင်မြင်ခြင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာ ဘုရားသည် န တံ ဇိတံ သာဓု ဇိတံ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤကုဒါလဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော် မူစဉ် ဆင်ထိန်းသားဖြစ်သော စိတ္တဟတ္ထမထေရ်ကို အကြောင်းပြု၍ ဟောတော် မူ၏။

ထိုစိတ္တဟတ္ထမထေရ်သည် သာဝတ္ထိပြည်၌ တစ်ယောက်သော အမျိုးသား ဖြစ်သတတ်။ ထိုအခါ တစ်နေ့သ၌ စိတ္တဟတ္ထသည် လယ်ထွန်လာလတ်သည် ရှိသော် ကျောင်းသို့ ဝင်၍ တစ်ဦးသောမထေရ်၏ သပိတ်မှ သိမ်မွေ့သော ကောင်းသော အရသာရှိသော မွန်မြတ်သော ဘောဇဉ်ကိုရ၍ ငါတို့သည် နေ့ညဉ့်ပတ်လုံး မိမိလက်ဖြင့် အထူးထူးသော အမှုတို့ကို ပြုကုန်သော်လည်း ဤသို့သဘောရှိသော ကောင်းမြတ်သော အာဟာရကို မရကုန်၊ ငါသည်လည်း ရဟန်းဖြစ်ရာ၏ဟုကြံ၏။ကြံပြီး၍ ထိုစိတ္တဟတ္ထသည် ရဟန်းပြု၍ တစ်လ, လခွဲ

လွန်သဖြင့် မသင့်သော နှလုံးသွင်းခြင်းကိုပြုလျက် ကိလေသာ၏ အလိုသို့ လိုက်သည်ဖြစ်၍ လူထွက်ပြီးလျှင် တစ်ဖန် ထမင်းဖြင့် ပင်ပန်းသည်ရှိသော် ကျောင်းသို့ လာလတ်၍ အဘိဓမ္မာကိုသင်၏။ ဤသို့သောနည်းအားဖြင့် ခြောက်ကြိမ်တိုင်အောင် အဖန်ဖန် လူထွက်၍ ရဟန်းပြု၏၊ အဘိဓမ္မာ ခုနစ်ကျမ်းကို ဆောင်သည်ဖြစ်၍ များစွာသော ရဟန်းတို့ကို အဘိဓမ္မာကို သင်စေလျက် ဝိပဿနာကို ပွါးစေ၍ အရဟတ္တဖိုလ်သို့ရောက်၏၊ ထိုအခါ စိတ္တဟတ္ထမထေရ်၏ အဆွေခင်ပွန်းဖြစ်ကုန်သော ရဟန်းတို့သည် ငါ့ရှင် စိတ္တဟတ္ထ ရှေးကကဲ့သို့ သင့်အား ယခုအခါ ကိလေသာတို့သည် မပွါးကုန်သလောဟု ပြက်ရယ် ပြုကုန်၏။ ငါ့ရှင်တို့ ယခုအခါမှစ၍ ငါသည် လူထွက်ခြင်းငှါ မထိုက်ဟုဆို၏။

ဤသို့လျှင် စိတ္တဟတ္ထမထေရ်သည် အရဟတ္တဖိုလ်သို့ ရောက်သည်ရှိသော် တရားသဘင်၌ စကားဖြစ်၏။ အဘယ်သို့ ဖြစ်သနည်းဟူမူကား ငါ့ရှင်တို့' ဤသို့ သဘောရှိသည် မည်သော အရဟတ္တဖိုလ်၏ ဥပနိဿယသည် ရှိပါသော်လည်း ဆင်ထိန်းသားဖြစ်သော အရှင်စိတ္တဟတ္ထသည် ခြောက်ကြိမ် တိုင်အောင် လူထွက်၏။ အံ့ဖွယ်ရှိစွ၊ ပုထုဇဉ်၏အဖြစ်သည် ကြီးသောအပြစ်ရှိ၏၊ ဤသို့သောစကားသည်ထင်ရှားသည်ဖြစ်၏။ မြတ်စွာဘုရားသည် ကြွတော်မူလတ်၍ ရဟန်းတို့ ယခုအခါငါလာတော်မူသောအခါ၌ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မိန့်တော်မူ၏။ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ပုထုဇဉ်တို့၏ စိတ်မည်သည်ကား လျှင်မြန်သဖြင့် ဖြစ်စေတတ်၏၊နှိပ်နင်းခြင်းငှါ ခဲ၏၊အာရုံအစွမ်းအားဖြင့် သွား၍ ကပ်ငြိတတ်၏၊ တစ်ကြိမ်ကပ်ငြိသောစိတ်ကို လျင်စွာဖြေခြင်းငှါ မတတ်နိုင်သည်ဖြစ်၏၊ ဤသို့ သဘောရှိသော စိတ်ကို အရိယမဂ်ဖြင့် ဆုံးမခြင်းသည်လျှင် ကောင်း၏၊ ထိုစကားသည် မှန်၏၊ အရိယမဂ်ဖြင့် ယဉ်ကျေးစေပြီးသည်သာလျှင် ဖြစ်သော ထိုစိတ်သည် မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို ဆောင်တတ်၏၊ ဤသို့သော အနက်ကို ပြတော်မူလိုရကား ဤဂါထာကို ဟောတော်မူ၏—

**ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထကာမနိပါတိနော။**
**စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။**

နှိပ်နင်းနိုင်ခဲသော, လျှင်မြန်စွာဖြစ်သော, အလိုရှိတိုင်းသော အာရုံ၌ ကျတတ်သော စိတ်ကို အရိယမဂ်ဖြင့် ဆုံးမခြင်းသည် ကောင်း၏၊ အရိယမဂ်ဖြင့် ယဉ်ကျေးပြီးသော စိတ်သည် မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို ဆောင်တတ်၏။

ဤသို့ မေ့ပဒ၌လာသော ဂါထာကို ဟောတော်မူ၍ ထိုစိတ်ကို နှိပ်စက်ခြင်းငှါ ခဲသည်၏အဖြစ်ကြောင့် ရှေး၌ ပညာရှိတို့သည် တစ်ခုသော ပေါက်တူးကို မှီ၍ ထိုပေါက်တူးကို စွန့်ခြင်းငှါ မတတ်နိုင်ကုန်သည် ဖြစ်၍ လောဘ၏ အစွမ်းအားဖြင့် ခြောက်ကြိမ်တိုင်အောင် လူထွက်၍ ခုနစ်ကြိမ်မြောက်သော ရဟန်းအဖြစ်၌ ဈာန်ကို ဖြစ်စေ၍ ထိုလောဘကို နှိပ်စက်ဖူးကုန်ပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟင်းရွက်ကို ရောင်းသောအမျိုး၌ဖြစ်၍ သိကြားလိမ္မာသော အဖြစ်သို့ ရောက်၏၊ ထိုဘုရားလောင်းအား ကုဒ္ဒါလပဏ္ဍိတဟူသော အမည်သည်ဖြစ်၏။ ထိုကုဒ္ဒါလပဏ္ဍိတသည် ပေါက်တူးဖြင့် မြေ၌ တူးဆွခြင်းအမှုကို ပြု၍ ဟင်းရွက်မျိုးနွယ်ကိုလည်းကောင်း, ဘူး,ဖရုံ,သခွါး အစရှိသော ဟင်းသီးမျိုးတို့ကိုလည်းကောင်း စိုက်ပျိုး၍ ထိုဟင်းရွက် ဟင်းသီးတို့ကို ရောင်း၍ ဆင်းရဲသော သူတို့၏ အသက်မွေးခြင်းကို ပြု၏။ ထိုစကားသည် မှန်၏။ ထိုကုဒ္ဒါလပဏ္ဍိတအား တစ်ခုသော ထိုပေါက်တူးကိုထား၍ တစ်ပါးသော ဥစ္စာမည်သည် မရှိ၊ ထိုကုဒ္ဒါလပဏ္ဍိတသည် တစ်နေ့သ၌ ငါ့အား အိမ်၌နေသဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ တောထွက်၍ ရဟန်းပြုအံ့ဟု ကြံ၏။ ကြံပြီး၍ ထိုအခါ တစ်ခုသော ပေါက်တူးကို ဖုံးလွှမ်းရာအရပ်၌ ထားပြီးလျှင် ရသေ့ ရဟန်းပြု၍ ထိုပေါက်တူးကို အောက်မေ့၍ လောဘကို ဖြတ်အံ့သောငှါ မတတ်နိုင်သည်ရှိသော် တုံးသောပေါက်တူးကို အမှီပြု၍ လူထွက်၏။ ဤအတူသာလျှင် နှစ်ကြိမ်မြောက်လည်း လူထွက်၏။ သုံးကြိမ်မြောက်လည်း လူထွက်၏။ ဤသို့ ခြောက်ကြိမ်တိုင်အောင် ပေါက်တူးကို ဖုံးလွှမ်းရာအရပ်၌ ပစ်ချ၍ ရဟန်းလည်း ပြု၏။ လူလည်းထွက်၏၊ ခုနစ်ကြိမ်မြောက်၌ကား ငါသည် ဤတုံးစွာသော ပေါက်တူးကို အမှီပြု၍ အဖန်တလဲလဲ လူထွက်၏။ ယခုအခါ၌ ထိုပေါက်တူးကို မြစ်ကြီး၌ ပစ်ချ၍ ရဟန်းပြုအံ့ဟု ကြံ၏။ ကြံပြီးလျှင်မြစ်သို့သွား၍ ထိုပေါက်တူး၏ ကျရာအရပ်ကို အကယ်၍ မြင်အံ့၊ တဖန်သွား၍ ဆယ်လိုသည်ဖြစ်ရာ၏ဟု ပေါက်တူးကို အရိုး၌ကိုင်၍ ဆင်ပြောင်အားနှင့်တူသော အားရှိသောအစွမ်းနှင့် ပြည့်စုံသော ကုဒ္ဒါလပဏ္ဍိတသည် ဦးခေါင်း၏ အထက်အဖို့၌ သုံးကြိမ် လှည့်လည်လျက် မျက်စိတို့ကိုမှိတ်၍ မြစ်လယ်၌ ပစ်ပြီးလျှင် ငါသည် အောင်အပ်ပြီ၊ ငါသည် အောင်အပ်ပြီဟု သုံးကြိမ် ဟစ်ကြွေး၏။

ထိုဟစ်ကြွေးသော ခဏ၌ ဗာရာဏသီ မင်းသည် ပစ္စန္တရစ်ကို ငြိမ်းစေ၍ လာလတ်သည်ရှိသော် မြစ်နား၌ ဦးခေါင်းဆေးပြီးလျှင် ခပ်သိမ်းသော တန်ဆာ

တို့ဖြင့် တန်ဆာဆင်၍ ဆင်ကျောက်ကုန်း၌ စီးလျက်သွားသည်ရှိသော် ဘုရားလောင်း၏ ထိုအသံကိုကြား၍ ဤယောကျ်ားသည် အောင်အပ်ပြီဟု ဆို၏။ ထိုယောကျ်ားသည် အဘယ်ကို အောင်အပ်သနည်း။ ထိုယောကျ်ားကို ခေါ်ကုန်လောဟု ဆို၍ ခေါ်စေပြီးလျှင် အချင်းယောကျ်ား ငါသည် ရှေးဦးစွာ အောင်အပ်ပြီးသော စစ်မြေရှိ၏။ ယခုအခါ အောင်ခြင်းကိုပြု၍ လာ၏။ သင်သည် အဘယ်ကို အောင်သနည်းဟု မေး၏။ မြတ်သောမင်းကြီး သင်မင်းကြီးသည် စစ်မြေ၏ အရာကို လည်းကောင်း၊ အထောင်ကို လည်းကောင်း၊ အသိန်းကို လည်းကောင်း အောင်သဖြင့် ကိလေသာတို့ကို မအောင်သည်၏ အဖြစ်ကြောင့် မကောင်းသဖြင့် အောင်အပ်သည်သာဖြစ်၏။ ငါသည်ကား ငါ၏ ကိုယ်တွင်း၌ လောဘကို နှိပ်နင်းလျက် ကိလေသာတို့ကို အောင်ပြီဟု ဘုရားလောင်းဆို၏။ ဤသို့ ဆိုလျက်သာလျှင် မြစ်ကြီးကိုကြည့်၍ အာပေါကသိုဏ်းလျှင် အာရုံရှိသော စျာန်ကိုဖြစ်စေ၍ ဆောက်သော အာနုဘော်ရှိသည် ဖြစ်၍ ကောင်းကင်၌ နေပြီးလျှင် မင်းအား တရားဟောလိုရကား ဤဂါထာကိုဆို၏။

၇၀။ န တံ ဇိတံ သာဓု ဇိတံ၊ ယံ ဇိတံ အဝဇီယတိ။
တံ ခေါ ဇိတံ သာဓု ဇိတံ၊ ယံ ဇိတံ နာဝဇီယတိ။

မိမိ၏ အောင်ခြင်းကို ရန်သူတို့သည် တစ်ဖန် အောင်အပ်သည်ဖြစ်၍ ထိုအောင်ခြင်းမျိုးသည် မှန်ကန်ကောင်းမြတ်သော အောင်ခြင်းမမည်၊ တစ်ဖက်ရန်သူက ပြန်၍ မအောင်နိုင်သော အောင်ခြင်းသည်သာ မှန်ကန်ကောင်းမြတ်သော အောင်ခြင်းမည်၏။

မင်းအား တရားကို နာစဉ်လျှင် တဒင်္ဂပဟာန် အစရှိသည်တို့၏ အစွမ်းအားဖြင့် ကိလေသာတို့သည် ပျောက်ကုန်၏။ ရဟန်းပြုခြင်း၌ စိတ်သည် ညွတ်၏၊ မင်း၏ ဗိုလ်ပါတို့အားလည်း ထိုအတူသာလျှင် ကိလေသာတို့သည် ပျောက်ကုန်၏။ မင်းသည် ယခုအခါ သင်တို့သည် အဘယ်သို့ သွားကုန်အံ့နည်းဟု ဘုရားလောင်းကို မေး၏။ မြတ်သောမင်းကြီး ဟိမဝန္တာသို့ဝင်ပြီးလျှင် ရသေ့ရဟန်းပြုအံ့ဟု ဆို၏၊ ထိုသို့ဖြစ်ခါမူကား ငါသည်လည်း ရဟန်းပြုအံ့ဟု ဘုရားလောင်းနှင့် တကွသာလျှင်လိုက်၏။ ဗိုလ်ပါတို့လည်းကောင်း ပုဏ္ဏားလည်းကောင်း သူကြွယ်လည်းကောင်း အလုံးစုံသော စစ်သည်တို့သည်လည်းကောင်း ဤသို့လျှင် ထိုခဏ၌ စည်းဝေးသော အလုံးစုံသော လူအပေါင်းသည် မင်းနှင့် တကွ ထွက်၏။ ဗာရာဏသီပြည်၌ နေကုန်သော သူတို့သည် ငါတို့မင်းကြီးသည် ကုဒါလပဏ္ဍိတ၏ ဓမ္မ ဒေသနာကို နာရ၍ ရဟန်းအဖြစ်သို့ ရှေးရှုသည်ဖြစ်၍ ဗိုလ်ပါနှင့်တကွ တောထွက်ပြီ၊ ငါတို့သည် ဤအရပ်၌ အဘယ်ပြုအံ့နည်းဟု

တစ်ဆယ့်နှစ်ယူဇနာ ရှိသော သူတို့သည် ထွက်ကုန်၏။ တစ်ဆယ့်နှစ်ယူဇနာ ရှိသော ပရိသတ်သည် ဖြစ်၏။ ထိုပရိသတ်တို့ကိုယူ၍ ဘုရားလောင်းသည် ဟိမဝန္တာသို့ ဝင်၏။

ထိုခဏ၌ သိကြားနတ်မင်း၏နေရာ ပဏ္ဍုကမ္ဗလာသည် ပူသောအခြင်းအရာကို ပြ၏။ ထိုအခါ သိကြားသည် ဆင်ခြင်လတ်သည်ရှိသော် ကုဒါလပဏ္ဍိတသည် မြတ်သော တောထွက်ခြင်းကို ထွက်၏ဟု မြင်၍ များစွာသော အစည်းအဝေးသည် ဖြစ်လတ္တံ့ နေရာအရပ်ကို ရခြင်းငှါ သင့်၏ဟု နှလုံးသွင်း၍ ဝိသကြုံနတ်သားကို ခေါ်ပြီးလျှင် အမောင် ဝိသကြုံနတ်သား ကုဒါလပဏ္ဍိတသည် မြတ်သော တောထွက်ခြင်းကို ထွက်၏။ နေရာအရပ်ကို ရခြင်းငှါ သင့်၏။ သင်သည် ဟိမဝန္တာသို့သွား၍ ညီညွတ်သော မြေအဖို့၌ အလျားယူဇနာ သုံးဆယ် အနံတစ်ဆယ့်ငါးယူဇနာ ရှိသော ရသေ့တို့၏ နေရာအရပ်ကို ဖန်ဆင်းချေလောဟု ဆို၏။ ထိုဝိသကြုံနတ်သားသည် အရှင်မင်းကြီး ကောင်းပြီဟု ဝန်ခံ၍ သွားပြီးလျှင် သိကြားမင်းဆိုတိုင်းပြု၏။

[ဤသို့ ဆိုအပ်ခဲ့ပြီးသော စကားသည် ဤ ကုဒါလပဏ္ဍိတဇာတ်၌ အကျဉ်းသာတည်း။ အကျယ်သည်ကား ဝိသတိနိပါတ ဟတ္ထိပါလဇာတ်၌ ထင်စွာဖြစ်လတ္တံ့၊ ထိုစကားသည် မှန်၏။ ဤကုဒါလပဏ္ဍိတဇာတ်၌ ရသေ့တို့၏ နေရာအရပ်သည်လည်းကောင်း ထိုဟတ္ထိပါလဇာတ်၌ ရသေ့တို့၏ နေရာအရပ်သည် လည်းကောင်း တူမျှသော အပိုင်းအခြား ရှိသည်သာလျှင် ဖြစ်၏။]

ထိုဝိသကြုံနတ်သားသည်လည်း ရသေ့တို့၏ နေရာအရပ်၌ သစ်ရွက်မိုးသော ကျောင်းကို ဖန်ဆင်းပြီးလျှင် မကောင်းသော အသံရှိကုန်သော သားတို့ကို လည်းကောင်း၊ ငှက်တို့ကို လည်းကောင်း၊ ဘီလူးတို့ကို လည်းကောင်း ဖဲစေ၍ ထိုကုဒါလပဏ္ဍိတသည် လာအံ့သောအရပ်မျက်နှာ အဖို့ဖြင့် တစ်ယောက် သွားသာရုံ လမ်းခရီးကို သွယ်၍ မိမိနေရာအရပ်သို့သာလျှင် သွား၏။ ထိုကုဒါလ-ပဏ္ဍိတသည်လည်း ထိုပရိသတ်တို့ကိုယူ၍ ဟိမဝန္တာသို့ ဝင်ပြီးလျှင် သိကြားပေးအပ်သော ရသေ့တို့ နေရာအရပ်သို့သွား၍ ဝိသကြုံနတ်သားသည် ဖန်ဆင်းအပ်သော ရသေ့တို့ ပရိက္ခရာကိုယူ၍ ရှေးဦးစွာ မိမိသည် ရဟန်းပြု၍ နောက်မှ ပရိသတ်တို့ကို ရဟန်းပြုစေ၍ ရသေ့တို့အား နေရာအရပ်ကို ဝေ၍ပေး၏။

ဤနည်းဖြင့် ခုနစ်ပြည်ထောင်သော မင်းတို့သည် ခုနစ်ပြည်ထောင်ကို စွန့်ကုန်၏၊ ယူဇနာ သုံးဆယ်ရှိသော ရသေ့တို့၏ နေရာအရပ်သည် ပြည့်၏၊ ကုဒါလပဏ္ဍိတသည် အာပေါကသိုဏ်းမှ ကြွင်းသောကသိုဏ်းတို့၌ ကသိုဏ်းပရိကံကိုပြု၍ ဗြဟ္မဝိဟာရတို့ကို ပွားစေ၍ ပရိသတ်တို့အား ကမ္မဋ္ဌာန်းကို ကြား၏၊ ခပ်သိမ်း

ကုန်သော ရသေ့တို့သည် သမာပတ်ကို ရကုန်သည်ဖြစ်၍ ဗြဟ္မဝိဟာရတို့ကို ပွားစေ၍ ဗြဟ္မာ့ပြည်သို့ လားကုန်၏၊ အကြွင်းသူတို့သည်ကား ထိုရသေ့တို့ကို လုပ်ကျွေးပူဇော်ခြင်းကို ပြုကုန်၏၊ ထိုသူတို့သည် နတ်ပြည်သို့ လားကုန်၏၊ မြတ်စွာဘုရားသည် ရဟန်းတို့ ဤသို့လျှင် ကိလေသာတို့၏ အစွမ်းဖြင့် ငပ်ငြိတတ်သော ဤစိတ်ကို ဖြေနိုင်ခဲ့၏၊ ဖြစ်ကုန်သော လောဘတရားတို့ကို စွန့်နိုင်ခဲ့ကုန်၏၊ ဤသို့ သဘောရှိသော ပညာရှိတို့ကို သော်လည်း မိုက်မဲခြင်းတို့ကို ပြုတတ်ကုန်၏ဟု ဤ ရေးဒေသနာကို ဆောင်၍ သစ္စာတို့ကို ပြတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ အချို့ကုန်သော ရဟန်းတို့သည် သောတာပန် ဖြစ်ကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် သကဒါဂါမ် ဖြစ်ကုန်၏။ အချို့ကုန်သော ရဟန်းတို့သည် အနာဂါမ် ဖြစ်ကုန်၏၊ အချို့ကုန်သောရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည်လည်း အနုသန္ဓိကို စပ်၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားပရိသတ်တို့သည် ထိုအခါ ကုဒ္ဒါလပဏ္ဍိတ ရသေ့၏ ပရိသတ်တို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ကုဒ္ဒါလပဏ္ဍိတ ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ခုနစ်ဆယ်ခုမြောက်သော ကုဒ္ဒါလပဏ္ဍိတဇာတ်သည် ပြီး၏။

---

## ၈-ဝရုဏဝဂ်

### ၇၁-ဝရုဏဇာတ်

### အချိန်ဆွဲတော့ အကျိုးနဲ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ယော ပုဗ္ဗေ ကရဏီယာနိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝရုဏဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကုဋုမ္ဗိယပုတ္တတိဿမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

အခါတစ်ပါးသောနေ့၌ သာဝတ္ထိမြို့၌ နေကုန်သော အချင်းချင်း အဆွေခင်ပွန်း ဖြစ်ကုန်သော သုံးကျိပ် အတိုင်းအရှည်ရှိကုန်သော အမျိုးကောင်းသားတို့သည် နံ့သာပန်း အဝတ် စသည်တို့ကို ယူကုန်၍ မြတ်စွာဘုရား၏တရားတော်ကို နာကုန်အံ့ဟု များစွာသောလူတို့ဖြင့် ခြံရံကုန်လျက် ဇေတဝန်ကျောင်းတော်သို့

သွားကုန်၍ ကံ့ကော်သားဖြင့် ပြုအပ်သော မဏ္ဍပ်, အင်ကြင်းသားဖြင့် ပြုအပ်သော မဏ္ဍပ် အဲစရှိသည်တို့၌ အတန်ငယ် နားနေကုန်ပြီး၍ ညချမ်းသော အခါ၌ မြတ်စွာဘုရားသည် ပန်းနံ့သာတို့ဖြင့် ထုံအပ်သော ဂန္ဓကုဋိမှ ထွက်တော်မူ၍ တရားသဘင်သို့ ကြွတော်မူပြီးလျှင် တန်ဆာဆင်သော ဘုရားနေရာ၌ နေတော်မူသည်ရှိသော် အခြံအရံနှင့်တကွ တရားသဘင်သို့သွားကုန်၍ မြတ်စွာဘုရားကို နံ့သာပန်းတို့ဖြင့် ပူဇော်၍ စက်ဖြင့် မှတ်အပ်သော အပြင်တို့၌ ပွင့်သော ပဒုမ္မာကြာကဲ့သို့ တင့်တယ်ကုန်သော ခြေတော်တို့၌ ရှိခိုးကုန်လျက် တင့်အပ် လျောက်ပတ်စွာ နေကုန်လျက် တရားတော်ကို နာကုန်၏။

ထိုအခါ ထိုအမျိုးကောင်းသားတို့အား အကြင်အကြင်သို့သော အခြင်းအရာဖြင့် ငါတို့သည် မြတ်စွာဘုရား ဟောတော်မူအပ်သော တရားတော်ကို သိရှိကုန်၏၊ ရဟန်းပြုကုန်အံ့၊ ဤသို့သော အကြံသည် ဖြစ်၏၊ ထိုအမျိုးသားတို့သည် မြတ်စွာဘုရားသည် တရားဟောပလ္လင်မှ ထွက်တော်မူသောကာလ၌ မြတ်စွာဘုရားသို့ ကပ်ကုန်၍ ရဟန်းအဖြစ်ကို တောင်းပန်ကုန်၏၊ မြတ်စွာဘုရားသည် ထိုအမျိုးကောင်းသားတို့အား ရဟန်း၏အဖြစ်ကို ပေးတော်မူ၏၊ ထိုအမျိုးကောင်းသား ရဟန်းတို့သည် ဆရာဥပဇ္ဈာယ်တို့ကို နှစ်သက်စေ၍ ရဟန်းအဖြစ်ကိုရကုန်၍ ငါးနှစ်တို့ပတ်လုံး ဆရာဥပဇ္ဈာယ်တို့၏အထံ၌ နေကုန်၍ မာတိကာနှစ်စောင်တို့ကို လေ့လာသည်ကို ပြုကုန်၍ သုံးပါးကုန်သော မင်္ဂလာ အနုမောဒနာ၊ အမင်္ဂလာအနုမောဒနာ၊ ဆွမ်းအနုမောဒနာတို့ကို သင်ပြီးလျှင် သင်္ကန်းတို့ကို ချုပ်၍ ဆိုး၍ ရဟန်းတရားကို ပြုကုန်အံ့ဟု ဥပဇ္ဈာယ်ဆရာတို့ကို ပန်ကြားပြီးလျှင် မြတ်စွာဘုရားသို့ကပ်ကုန်၍ရှိခိုးလျက် တင့်အပ်လျောက်ပတ်စွာ နေကုန်၏။ အရှင်ဘုရား အကျွန်ုပ်တို့သည် ဘဝတို့၌ ငြီးငွေ့ကုန်၏။ ပဋိသန္ဓေ နေခြင်း,အိုခြင်း,ဖျားနာခြင်း,သေခြင်းဘေးမှ ကြောက်ကုန်၏။ အကျွန်ုပ်တို့အား သံသရာမှ ထွက်မြောက်စိမ့်သောငှါ ကမ္မဋ္ဌာန်းကို ဟောတော်မူပါကုန်လောဟု တောင်းပန်ကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ အလိုကိုမှီ၍ အာလောက ကသိုဏ်း အာကာသကသိုဏ်းသည်ကြဉ်အပ်ကုန်သော သုံးဆယ့်ရှစ်ပါးကုန်သော ကမ္မဋ္ဌာန်းတို့တွင် လျောက်ပတ်သော ကမ္မဋ္ဌာန်းကို ရွေး၍ ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား အထံတော်၌ ကမ္မဋ္ဌာန်းကို ယူကုန်၍ မြတ်စွာ ဘုရားကို ရှိခိုး၍ လက်ယာရစ် လှည့်သည်ကိုပြု၍ ပရိဝုဏ်သို့သွားပြီးလျှင် ဆရာဥပဇ္ဈာယ်တို့ကို ဖူးမြင်၍ သပိတ်သင်္ကန်းကိုယူ၍ ရဟန်းတရားကို ပြုအံ့ဟု ထွက်ကုန်၏။

ထိုအခါ ထိုရဟန်းတို့တွင် တစ်ယောက်သော အမည်အားဖြင့် ကုဋုမ္ဗိယပုတ္တတိဿ မထေရ်မည်သော ရဟန်းသည် ပျင်း၏။ ယုတ်မာသော ဝီရိယ ရှိ၏။

ရသာရုံ၌ တပ်စွန်းတတ်၏။ ထိုကုဍ္ဍမိဗ္ဗယပုတ္တတိဿ မထေရ်သည် ငါသည် တော၌နေခြင်းငှါ မတတ်နိုင်။ ကမ္မဋ္ဌာန်းကို အားထုတ်ခြင်းငှါ မတတ်နိုင်။ ဆွမ်းခံသဖြင့် မျှခြင်းငှါ မတတ်နိုင်၊ ငါ့အားသွားသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ပြန်အံ့ဟုကြံ၏။ ကြံပြီး၍ ထိုကုဍ္ဍမိဗ္ဗယပုတ္တတိဿ မထေရ်သည် ဝီရိယကို လွှတ်၍ ထိုရဟန်းတို့ကို ပို့လိုက်၍ ပြန်ခဲ့၏။ ထိုရဟန်းတို့သည်လည်း ကောသလတိုင်းတို့၌ ဒေသစာရီ ကြွကုန်သည်ရှိသော် တစ်ခုသော ပစ္စန္တရစ်သို့ ရောက်၍ ထိုရွာကိုမှီ၍ တစ်ခုသောကျောင်း၌ ဝါသို့ကပ်ကုန်၍ ဝါတွင်းသုံးလပတ်လုံး စေ့ဆော်ကုန်လျက် လုံ့လပြုကုန်လျက် ဝိပဿနာတို့ကို ဖြစ်စေကုန်၍ မြေကြီးကို ပဲ့တင်ထပ်စေကုန်လျက် အရဟတ္တဖိုလ်သို့ ရောက်ကုန်၍ ရအင်သောကျေးဇူးကို မြတ်စွာဘုရားအား ကြားလျှောက်ကုန်အံ့ဟု ထိုရွာမှ ထွက်ခဲ့ကုန်၍ အစဉ်သဖြင့် ဇေတဝန်ကျောင်းတော်သို့ ရောက်ကုန်၍ သပိတ်သင်္ကန်းကို သိမ်းပြီးလျှင် ဆရာဥပဇ္ဈာယ်တို့ကို ဖူးမြင်လိုကုန်သည်ဖြစ်၍ မြတ်စွာဘုရားအထံသို့ သွားကုန်၍ ရှိခိုး၍ နေကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့နှင့်တကွ သာယာစွာသော နှုတ်ခွန်းဆက်ခြင်းကို ပြုတော်မူ၏။ ထိုရဟန်းတို့သည် ပြုအပ်ပြီးသော နှုတ်ခွန်းဆက်ခြင်း ရှိကုန်သည် ဖြစ်၍ မိမိတို့သည် ရအပ်သော ကျေးဇူးကို မြတ်စွာဘုရားအား လျှောက်ကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို ချီးမွမ်းတော်မူ၏။

ကုဍ္ဍမိဗ္ဗယပုတ္တတိဿ မထေရ်သည် ထိုရဟန်းတို့၏ ကျေးဇူးကိုဆိုတော်မူသော မြတ်စွာဘုရားကို မြင်၍ မိမိသည်လည်း ရဟန်းတရားကို ပြုလိုသည်ဖြစ်၏၊ ထိုရဟန်းတို့သည် အကျွန်ုပ်သည် ထိုတောကျောင်းသို့သာလျှင် သွား၍နေပါကုန်အံ့ဟု မြတ်စွာဘုရားကို ပန်ကုန်၏။ မြတ်စွာဘုရားသည်လည်း ကောင်းပြီဟု ခွင့်ပြုတော်မူ၏။ ထိုရဟန်းတို့သည် ရှိခိုးပြီးလျှင် ပရိဝုဏ်သို့ ပြန်ခဲ့ကုန်၏။ ထိုကုဍ္ဍမိဗ္ဗယပုတ္တတိဿ မထေရ်သည် ညဉ့်အဖို့အတွင်း၌ အလွန်သော အားထုတ်ခြင်း ရှိသည်ဖြစ်၍ အလွန်လျင်မြန်သဖြင့် ရဟန်းတရားကို ပြုသည်ရှိသော် မဇ္ဈိမယာမ်၏ အခြားမဲ့၌ တံကဲပျဉ်ကိုမှီ၍ ရပ်လျက်သာလျှင် ငိုက်မျဉ်းသည်ရှိသော် လည်၍လဲ၏။ ထိုကုဍ္ဍမိဗ္ဗယပုတ္တတိဿ မထေရ်၏ ပေါင်ရိုးသည် ကျိုး၏။ ကြီးစွာသောဝေဒနာသည် ဖြစ်၏။ ထိုကုဍ္ဍမိဗ္ဗယပုတ္တတိဿ မထေရ်ကို လုပ်ကျွေးကုန်သော ရဟန်းတို့၏ သွားခြင်းသည် မပြည့်စုံ။ ထိုအခါ မြတ်စွာဘုရားကို ခစားသောအခါ၌ လာကုန်သော ရဟန်းတို့ကို မြတ်စွာဘုရားသည် ရဟန်းတို့ သင်တို့သည် နက်ဖြန်သွားကုန်အံ့ဟု ယမန်နေ့ကပင် ပန်ကြားကုန်သည် မဟုတ်လောဟု မေးတော်မူ၏။ အရှင်ဘုရား ပန်ကြားကုန်သည် မှန်ပါ၏။ ထိုသို့ ပန်ကြားသော်လည်း အကျွန်ုပ်တို့၏ အဆွေခင်ပွန်းဖြစ်သော ကုဍ္ဍမိဗ္ဗယ-ပုတ္တတိဿ မထေရ်သည် အခါမဟုတ်သည်၌ အလွန်လျင်မြန်သဖြင့် ရဟန်း

တရားကို ပြုသည်ရှိသော် ငိုက်မျဉ်းခြင်း နိုင်စက်အပ်သည်ဖြစ်၍ လည်၍လဲ၏။ ထိုကုဋုမ္ဗိယပုတ္တတိဿ မထေရ်၏ ပေါင်ရိုးသည် ကျိုး၏။ ထိုမထေရ်ကို မှီ၍ အကျွန်ုပ်တို့အား သွားခြင်းသည် မပြည့်စုံဟု ကြားလျှောက်ကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ယခုအခါ၌သာလျှင် ဤကုဋုမ္ဗိယပုတ္တတိဿ မထေရ်သည် မိမိ၏ ယုတ်သော ဝီရိယရှိသည်၏ အဖြစ်ကြောင့် အခါမဟုတ်သည်၌ အလွန်လျင်မြန်သဖြင့် ရဟန်းတရားကို ပြုသည်ရှိသော် သင်တို့၏ သွားခြင်းအန္တရာယ်ကို ပြုသည် မဟုတ်သေး။ ရှေး၌လည်း ဤကုဋုမ္ဗိယပုတ္တတိဿ မထေရ်သည် သင်တို့၏ သွားခြင်းအန္တရာယ်ကို ပြုဖူးသည်သာလျှင် တည်းဟု မိန့်တော်မူ၍ ထိုရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ ဘုရားလောင်းသည် ဒိသာပါမောက္ခဆရာ ဖြစ်၏။ ငါးရာသော တပည့်တို့ကို အတတ်သင်စေ၏။ ထိုအခါ ဒိသာပါမောက္ခဆရာ၏ တပည့်လုလင်တို့သည် တစ်နေ့သ၌ ထင်းခွေအံ့သောငှါ တောသို့ သွားကုန်၍ ထင်းတို့ကို ထုတ်ကုန်၏။ ထိုလုလင်တို့၏ အတွင်း၌ ပျင်းရိသော လုလင်တစ်ယောက်သည် ခံတက်ပင်ကြီးကို မြင်၍ ဤသစ်ပင်သည်ကား ခြောက်သော သစ်ပင်ဟုမှတ်ကာ ရှေးဦးစွာ ခဏမျှအိပ်ပြီး နောက်မှ သစ်ပင်ကိုတက်ပြီးလျှင် ထင်းတို့ကို ချိုး၍သွားအံ့ဟု အပေါ်လွှမ်း ပုဆိုးကိုခင်း၍ လျောင်းသည်ရှိသော် ကျီးသံကဲ့သို့ ဟောက်လျက် အိပ်ပျော်ခြင်းသို့ရောက်၏။ အခြားလုလင်တို့သည် ထင်းစည်းတို့ကို ဖွဲ့ကုန်၍ ယူသွားကုန်သည်ရှိသော် ထိုအိပ်ပျော်သောလုလင်ကို ခြေဖြင့်ကျောက်၍နှိုးပြီးလျှင်သွား၏။ ပျင်းရိသောလုလင်သည် ထလတ်၍ မျက်စိတို့ကိုပွတ်သတ်ပြီးလျှင် အိပ်ချင်ခြင်း မပြေဘဲ ခံတက်ပင်သို့ တက်ပြီးလျှင် သင်ခက်တို့ကိုကိုင်၍ မိမိသို့ ရွှေ့မျှင်၍ ချိုးသည်ရှိသော် ကျိုး၍ထွက်ပေါ်သော အဖျားမ်ဖြင့် မိမိ၏မျက်စိကို ဖောက်မိလေ၏။ လက်တစ်ဖက်ဖြင့် မျက်စိကိုပိတ်၍ လက်တစ်ဖက်ဖြင့် စိုသော ထင်းတို့ကို ချိုး၍ သစ်ပင်မှ သက်ပြီးလျှင် ထင်းစည်းကိုထမ်း၍ လျင်စွာ သွားပြီးလျှင် ထိုလုလင်တို့ ချအပ်သော ထင်းတို့၏ အထက်၌ ချ၏။

ထိုနေ့၌လည်း ဇနပုဒ်ရွာမှ တစ်ဦးသော အမျိုးသည် နက်ဖြန် ပုဏ္ဏားတို့အား ဗေဒင်ရွတ်ဖတ် သရဇ္ဈာယ်ခြင်းကို ပြုစေအံ့ဟု ဆရာကို ဖိတ်၏။ ဆရာသည် တပည့်လုလင်တို့ကို အမောင်တို့ နက်ဖြန်ခါ ရွာတစ်ရွာသို့ သွားအပ်၏။ သင်တို့သည်ကား အာဟာရမရှိကုန်ဘဲ သွားအံ့သောငှါ မတတ်နိုင်လတ္တံ့။

စောစောကလျှင် ယာဂုကို ကြို၍ ထိုရွာသို့သွား၍ မိမိသည် ရအပ်သော အစုကိုလည်းကောင်း၊ ငါတို့သည် ရအပ်သောအစုကိုလည်းကောင်း အလုံးစုံကို ယူ၍ လာကြကုန်လော့ဟု ဆို၏။ ထိုလုလင်တို့သည် စောစောကလျှင် ထ၍ ယာဂုကို ကြိုစိမ့်သောငှါ ကျွန်မကိုထစေ၍ ငါတို့ဖို့ ယာဂုကိုအမြန်ကြိုလော့ဟု ဆိုကုန်၏။ ထိုကျွန်မသည် ထင်းတို့ကိုယူသည်ရှိသော် ဒေထက်၌ တည်သော ခံတက်သားထင်း အစိုတို့ကိုယူ၍ အဖန်တလဲလဲ လေဖြင့်မှုတ်ငြားသော်လည်း မီးကိုတောက်စိမ့်သောငှါ မတတ်နိုင်သည်ဖြစ်၍ နေသည် ထွက်လတ်၏။

လုလင်တို့သည် အလွန်နေမြင့်ခြင်းသည် ဖြစ်၏။ ယခုအခါ သွားခြင်းငှါ မတတ်နိုင်ဟု ဆရာ့အထံသို့လာကုန်၏။ ဆရာသည် အမောင်တို့ မသွားကြကုန်သလောဟု မေး၏။ ဆရာ မသွားကြကုန်သည်မှန်၏ဟု ဆိုကုန်၏။ အဘယ် အကြောင်းကြောင့် မသွားကြကုန်သနည်းဟု မေး၏။ ဤအမည်ရှိသော ပျင်းရိသော လုလင်သည် အကျွန်ုပ်တို့နှင့်တကွ ထင်းခွေအံ့သောငှါ တောသို့ သွားပြီးလျှင် ခံတက်ပင်ရင်း၌ အိပ်၍ နောက်မှ လုလင်မြန်သဖြင့် တက်ကာ မျက်စိကို ပျက်စေပြီး ခံတက်ထင်းအစိုတို့ကို ဆောင်ခဲ့၍ အကျွန်ုပ်တို့သည် ဆောင်ခဲ့သော ထင်းတို့၏ အထက်၌ချ၏၊ ယာဂုကိုကြိုသော ကျွန်မသည် ထိုထင်းတို့ကို ခြောက်သောထင်းအမှတ်ဖြင့် ယူ၍ နေထွက်သည် တိုင်အောင် တောက်စိမ့်သောငှါ မတတ်နိုင်၊ ဤသို့သောအကြောင်းကြောင့် အကျွန်ုပ်တို့၏ သွားခြင်းအန္တရာယ်သည် ဖြစ်၏ဟု ဆိုကုန်၏။ ဆရာသည် လုလင်ပြုသော အမှုကို ကြား၍ အလွန်မိုက်သော သူတို့၏ အမှုကိုမှီပြီး ဤသို့ သဘောရှိသော ယုတ်ခြင်းသည် ဖြစ်၏ဟု ဆိုလိုသဖြင့် ဤဂါထာကိုဆို၏—

၇၁။ ယော ပုဗ္ဗေကရဏီယာနိ၊ ပစ္ဆာ သော ကာတုမိစ္ဆတိ။
ဝရုဏကဋ္ဌဘဉ္ဇောဝ၊ သ ပစ္ဆာ မနုတပ္ပတိ။

ရှေး၌ပြုရမည့် အမှုကိစ္စကို နောက်မှ ပြုလိုမှုသည် ခံတက်ထင်းကိုချိုးသော လုလင်ပမာ နောက်၌ စိုးရိမ်ပူပန်ရလေ၏။

ဤသို့ဘုရားလောင်းသည် တပည့်တို့အား အကြောင်းကိုဆို၍ ဒါန အစရှိကုန်သော ကောင်းမှုတို့ကိုပြု၍ အသက်၏အဆုံး၌ ကံအားလျော်စွာလား၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ရဟန်းတို့ ဤကုဋုမ္ဗိယပုတ္တတိဿ မထေရ်သည် ယခုအခါ၌သာလျှင် သင်တို့၏ သွားခြင်းအန္တရာယ်ကို ပြုသည်မဟုတ်သေး၊ ဤသို့လျှင် ရှေး၌လည်း ပြုဖူးသည်သာလျှင်တည်းဟု ဤတရားဒေသနာကို ဆောင်တော်မူ၍

အနုသန္ဓေကိုစပ်ကဲ့သော ယခုအခါ ပေါင်ကျိုးသော ရဟန်းသည် ထိုအခါ မျက်စိပျက်သော လုလင်ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရား ပရိသတ်တို့သည် ထိုအခါ ကြွင်းသော လုလင်တို့ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်ပင်လျှင် ထိုအခါ ဆရာပုဏ္ဏား ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ခုနစ်ဆယ့်တစ်ခုမြောက်သော ဝရုဏဇာတ်သည် ပြီး၏။

---

## ၇၂-သီလဝဟတ္ထိဇာတ်

### ကျေးဇူးရှိမှ ကျေးစွပ်သည်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "အကတညုဿ ပေါသဿ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသီလဝဟတ္ထိဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုစကားကို ချဲ့ဦးအံ့၊ တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့-ဒေဝဒတ်သည် ကျေးဇူးကို မသိတတ်၊ မြတ်စွာဘုရား၏ ကျေးဇူးတော်တို့ကို မသိဟု ပြောဆိုကုန်လျက် နေကြကုန်၏၊ မြတ်စွာဘုရားသည် လာတော်မူ၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့-ယခုအခါ၌သာလျှင် ဒေဝဒတ်သည် ကျေးဇူးကို မသိတတ်သည် မဟုတ်သေး၊ ရှေး၌လည်း ကျေးဇူးကို မသိတတ်သည်သာလျှင်တည်း၊ တစ်ရံတစ်ဆစ်မျှ ငါ၏ကျေးဇူးကို မသိတတ်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာ အရပ်ဝယ် ဆင်မျိုး၌ ဖြစ်၏၊ ထိုဘုရားလောင်းသည် အမိဝမ်းမှ ဖွားသည်ရှိသော် အလုံးစုံ ဖြူ၏၊ ငွေစုနှင့် တူ၏။ ထိုဘုရားလောင်း ဆင်မင်း၏ မျက်စိတို့သည်ကား ပတ္တမြားလုံးနှင့် တူကုန်သည်ဖြစ်၍ ထင်ကုန်လျက် ငါးပါးသောကြည်ခြင်း ရှိကုန်သည် ဖြစ်ကုန်၏၊ မျက်နှာသည်ကား နီသော ကမ္ဗလာနှင့် တူ၏၊ နှာမောင်းသည် နီသော ရွှေဇာပေါက်ဖြင့် တန်ဆာဆင်အပ်သော ငွေပန်းဆိုင်းကဲ့သို့ ဖြစ်၏၊ အခြေလေးဘက်တို့သည် ချိပ်ရည်ဖြင့် ဆိုးဘိသကဲ့သို့ ဖြစ်ကုန်၏။ ဤသို့လျှင် ဘုရားလောင်း၏ ဆယ်ပါးသော ပါရမီတို့ဖြင့် တန်ဆာဆင်အပ်သည် ဖြစ်၍ အဆင်း၏

တင့်တယ်ခြင်း တင့်တယ်သော ကိုယ်အဖြစ်သည် ရှိ၏။ ထိုအခါ လိမ္မာသော အဖြစ်သို့ ရောက်သော ဘုရားလောင်းကို အလုံးစုံသော ဟိမဝန္တာ၌ ဆင်အပေါင်းတို့သည် စည်းဝေးကုန်၍ လုပ်ကျွေးကုန်လျက် သွားကုန်၏၊ ဤသို့ ဘုရားလောင်းသည် ရှစ်သောင်းသော ဆင်အပေါင်းတို့သည် ခြံရံအပ်သည် ဖြစ်၍ ဟိမဝန္တာ အရပ်၌ နေ၏။ နောက်အဖို့မှ အပေါင်းအဖော်၌ အပြစ်ကို မြင်၍ ကိုယ်၏ ငြိမ်းခြင်းအကျိုးငှါ အပေါင်းအဖော်မှ တစ်စီးတည်း ထွက်၍ တော၌ နေခြင်းကို ပြု၏။ ထိုဘုရားလောင်း ဆင်မင်းအား သီလရှိသည်၏ အဖြစ်ကြောင့်ကား သီလဝဟတ္ထိ ဟူသော အမည်သည် ဖြစ်၏။

ထိုအခါ ဗာရာဏသီပြည်၌ နေသော မုဆိုးတစ်ယောက်သည် ဟိမဝန္တာသို့ ဝင်၍ မိမိ အသက်မွေးရာ ဘဏ္ဍာကို ရှာသည်ရှိသော် အရပ်မျက်နှာတို့ကို မှတ်ခြင်းငှါ မတတ်နိုင် ရကား မျက်စိလည်သည်ဖြစ်၍ သေဘေးမှ ကြောက်သောကြောင့် လက်နှစ်ဘက်တို့ကို မြှောက်၍ ငိုကြွေးလျက် သွား၏၊ ဘုရားလောင်း ဆင်မင်းသည် ထိုမုဆိုး၏ သည်းစွာသော ငိုကြွေးသံကို ကြား၍ ဤယောကျ်ားကို ဆင်းရဲမှ လွတ်စေအံ့ဟု ကရုဏာသည် တိုက်တွန်းအပ်သည် ဖြစ်၍ ထိုမုဆိုး၏ အထံသို့ သွား၏၊ ထိုမုဆိုးသည် ဘုရားလောင်း ဆင်မင်းကို မြင်၍သာလျှင် ကြောက်သည်ဖြစ်၍ ပြေး၏၊ ဘုရားလောင်း ဆင်မင်းသည် ပြေးသော မုဆိုးကို မြင်၍ ထိုအရပ်၌သာလျှင် ရပ်၏၊ ထိုယောကျ်ားသည် ရပ်သော ဘုရားလောင်းဆင်မင်းကို မြင်၍ ရပ်၏၊ ဘုရားလောင်းသည် တစ်ဖန် သွားပြန်၏၊ ထိုမုဆိုးသည် တစ်ဖန် ပြေးပြန်၍ ဘုရားလောင်း ဆင်မင်း ရပ်သောကာလ၌ ရပ်၍ ကြံ၏၊ အဘယ်သို့ ကြံသနည်း ဟူမူကား ဤဆင်မင်းသည် ငါပြေးသော ကာလ၌ ရပ်၏၊ ငါရပ်သောကာလ၌ လာ၏။ ဤဆင်မင်းသည် ငါ့အား အကျိုးမဲ့ကို အလိုရှိသည် မဖြစ်ရာ၊ ဤဆင်းရဲမှကား ငါ့ကို လွတ်စေလိုသည် ဖြစ်လတ္တံ့ဟု စိတ်ကို ဝင်း၍ ရပ်၏။ ဘုရားလောင်း ဆင်မင်းသည် ထိုမုဆိုးသို့ ကပ်၍ အိုယောကျ်ား-သင်သည် အဘယ့်ကြောင့် ငိုကြွေးလျက်သွားသနည်းဟု မေး၏။ အရှင်-အရပ်မျက်နှာတို့ကို မှတ်ခြင်းငှါ မတတ်နိုင်ရကား မျက်စိလည်သည်ဖြစ်၍ သေဘေးမှ ကြောက်သဖြင့် ငိုကြွေးလျက်သွား၏ဟု ဆို၏။ ထိုအခါ မုဆိုးကို ဘုရားလောင်း ဆင်မင်းသည် မိမိ၏ နေရာအရပ်သို့ ဆောင်၍ နှစ်ရက် သုံးရက် သစ်သီး ကြီးငယ်တို့ဖြင့် ရောင့်ရဲစေပြီး အိုယောကျ်ား မကြောက်လင့် ငါသည် သင့်ကို လူတို့လမ်းခရီးသို့ ဆောင်အံ့ဟု မိမိကျောက်ကုန်း၌ နေစေ၍ လူတို့လမ်းခရီးသို့ ပို့လိုက်၏။

ထိုအခါ အဆွေခင်ပွန်းကို ပြစ်မှားတတ်သော ယောကျ်ားသည် တစ်စုံတစ်ယောက်သောသူသည် အကယ်၍ ငါ့ကို မေးလတ္တံ့၊ ကြားအပ်သည် ဖြစ်ရာ၏ဟု ဘုရားလောင်း၏ ကျောက်ကုန်း၌ နေလျက်သာလျှင် သစ်ပင်နိမိတ်ကိုလည်း

ကောင်း တောနိမိတ်ကိုလည်းကောင်း မှတ်လျက်သာလျှင် သွား၏။ ထိုအခါ မုဆိုးကို ဘုရားလောင်းသည် တောမှ ထုတ်၍ ဗာရာဏသီသို့ သွားသော ခရီးမဉ္ဇ ထားလျက် အိုယောကျ်ား ဤခရီးဖြင့် သွားလော ငါ၏ နေရာအရပ်ကိုကား မေးသော်လည်းကောင်း, မမေးသော်လည်းကောင်း တစ်စုံတစ်ယောက်သော သူအား မကြားလင့်ဟု ဆိုကာ ထိုမုဆိုးကို လွှတ်လိုက်ပြီးလျှင် မိမိနေရာအရပ်သို့သာလျှင်သွား၏။ ထိုအခါမုဆိုးသည် ဗာရာဏသီသို့ သွား၍ လှည့်လည်သည် ရှိသော် ဆင်စွယ်ပွတ်သမားတို့၏ အရပ်လမ်းသို့ ရောက်၍ အမျိုးမျိုး ဆင်စွယ်ပွတ် သမားတို့ကိုမြင်သော် အချင်းတို့ အသက်ရှင်သော ဆင်၏ အစွယ်ကိုလည်း ရသော် ယူကုန်အံ့လောဟု မေး၏။ အချင်း ယောကျ်ား သင်သည် အသို့ဆိုသနည်း အသက်ရှင်သော ဆင်၏ အစွယ် မည်သည်ကား သေသောဆင်၏ အစွယ်ထက် အဖိုးများစွာထိုက်၏ ဟုဆိုကုန်၏။ ထိုသို့ ဖြစ်မူကား ငါသည် သင်တို့ကို အသက်ရှင်သော ဆင်၏ အစွယ်ကို ဆောင်အံ့ဟု ဆိုပြီးလျှင် ရိက္ခာကို ပြင်ပြီး ထက်စွာသော လွှကိုယူ၍ ဘုရားလောင်းဆင်မင်း၏ နေရာအရပ်သို့သွား၏။

ဘုရားလောင်းသည် ထိုမုဆိုးကို မြင်၍ အဘယ်အကျိုးငှါ လာသနည်းဟု မေး၏။ အရှင် အကျွန်ုပ်သည် ဆင်းရဲ၏။ အထီးကျန်၏။ အသက်မွေးခြင်းငှါ မတတ်နိုင်သည်ဖြစ်၍ အရှင့်ထံမှ ဆင်စွယ်ပိုင်းကို တောင်းပါ၏။ အကယ်၍ ပေးကုန်ငြားအံ့၊ ထိုဆင်စွယ်ကို ယူ၍ ရောင်းပြီးလျှင် ထိုအဖိုးဖြင့် အသက်မွေးပါအံ့၊ ဤသို့သော အကြောင်းကြောင့် လာ၏ဟုဆို၏။ အချင်းယောကျ်ား ထိုသို့လာခြင်းသည် ကောင်းသောလာခြင်းဖြစ်စေ ဆင်စွယ်ဖြတ်စရာ ကိရိယာ အကယ်၍ရှိငြားအံ့ သင့်အား အစွယ်ကိုလှူအံ့ဟု ဆို၏။ အရှင် အကျွန်ုပ်သည် လွှကို ယူ၍လာသည်ဖြစ်၏ဟု ဆို၏။ ထိုသို့ဖြစ်လျှင်ကား အစွယ်တို့ကို လွှဖြင့် ဖြတ်၍ ယူပြီးလျှင် သွားလောဟု ဆို၍ ဘုရားလောင်းသည် ခြေတို့ကို ခွေ၍ ငွေတောင်ထွတ်နှင့်တူသော ဦးကင်းကို ညွတ်ပြီးလျှင် နွားထိုင် ထိုင်၏။ ထိုမုဆိုးသည် ငွေတောင်ထွတ်နှင့်တူသော ဦးကင်းသို့တက်၍ နှစ်ချောင်းသော ဆင်စွယ် အဖျားကိုဖြတ်၏။ ဘုရားလောင်းသည် ထိုဖြတ်ပြီးသောဆင်စွယ်ကို နှာမောင်းဖြင့် ယူ၍ အချင်းယောကျ်ား-ငါသည် ထိုအစွယ်တို့ကို မချစ်မနှစ်သက်ဟူ၍ သင့်အား မပေး၊ ဤအစွယ်တို့ထက်အဆအရာအားဖြင့် လည်းကောင်း အဆအထောင်အားဖြင့်လည်းကောင်း အဆအသိန်းအားလည်းကောင်း အလုံးစုံသော တရားတို့ကိုသိခြင်းငှါ စွမ်းနိုင်သော သဗ္ဗညုတဉာဏ်ဟူသော အစွယ်ကိုသာလျှင် အလွန်ချစ်၏။ ထို့ကြောင့်အား ဤအစွယ်ဟူသော အလှူသည် သဗ္ဗညုတဉာဏ်ကို သိခြင်းရခြင်းအကျိုးငှါ ဖြစ်စေသောဟု သဗ္ဗညုတဉာဏ်ကို ဆုတောင်း၍ အစုံဖြစ်သော အစွယ်ကို လှူ၏။

ထိုမုဆိုးသည် ဆင်စွယ်ကို ယူ၍ သွားပြီးလျှင် ရောင်းစား၍ ထိုငွေကုန်သည် ရှိသော် တစ်ဖန်ဘုရားလောင်းအထံသို့ လာလတ်၍ အရှင်-အရှင်တို့၏ အစွယ်ကို ရောင်း၍ ရသောအဖိုးသည် အကျွန်ုပ်အား ကြွေးမြီဆပ်၍ ပြေရုံမျှသာလျှင် ဖြစ်၏။ ကြွင်းသော အစွယ်တို့ကို အကျွန်ုပ်အား ပေးပါကုန် ဦးလောဟု ဆို၏။ ဘုရားလောင်းသည် ကောင်းပြီဟု ဝန်ခံ၏။ ရှေးနည်းဖြင့်သာလျှင် ဖြတ်၍ ကြွင်းသော အစွယ်တို့ကိုလှူ၏။ ထိုမုဆိုးသည် ထိုအစွယ် တို့ကိုလည်း ရောင်း၍တစ်ဖန်လာပြီးလျှင် အရှင် အကျွန်ုပ်သည်အသက်မွေးခြင်းငှါ မတတ်နိုင်။ အစွယ်ရင်းတို့ကို အကျွန်ုပ်အားပေးပါကုန်လောဟု ဆိုရာ ဘုရားလောင်းသည် ကောင်းပြီဟု ဝန်ခံ၍ ရှေးနည်းဖြင့်သာလျှင် ထိုင်၍ နေ၏။ ထိုယုတ်မာစွာသော ယောကျ်ားသည် ဘုရားလောင်း၏ ငွေပန်းဆိုင်းနှင့် တူသော နှာမောင်းကို နင်းလျက် ငွေတောင်ထွတ်နှင့်တူသောဦးကင်းပေါ် သို့တက်ပြီးလျှင် နှစ်ဖက်သော နှုတ်သီးစွန်းတို့ကို ဖနောင့်ဖြင့် ဖွင့်၍ အသားကို ယူပြီးလျှင် ဦးကင်းပေါ်သို့ တက်၍ လွှဖြင့် အစွယ်ရင်းကို ဖြတ်၍ သွား၏။

ထိုယုတ်မာစွာသော ယောကျ်ားသည် ဘုရားလောင်း၏ မြင်ကောင်းရာ အရပ်ကို လွန်စဉ်၌ပင် နှစ်သိန်း လေးသောင်း အထုရှိသော တစ်ခဲနက်သော မြေကြီးသည် မြင်းမိုရ် ယုဂန္ဓိုရ်အစရှိသော ကြီးစွာသောဝန်တို့ကိုလည်းကောင်း မကောင်းသော အနံ့ရှိသော စက်ဆုပ် ရွံရှာဖွယ်ရှိသော ကျင်ကြီး ကျင်ငယ် တို့ကိုလည်းကောင်း ဆောင်ခြင်းငှါ စွမ်းနိုင်ငြားသော်လည်း ထိုယောကျ်ား ယုတ်၏ ကျေးဇူးမဲ့ အစုကို ဆောင်ခြင်းငှါ မတတ်နိုင် သကဲ့သို့ နှစ်ဖြာကွဲ၍ ဟင်းလင်းအပြင်ကို ပေး၏။ ထိုခဏ၌သာလျှင် အဝီစိ ငရဲမီးလျှံတို့သည် ထွက်လတ်ကုန်၍ ထိုအဆွေခင်ပွန်း ပြစ်မှားတတ်သော ယောကျ်ားယုတ်ကို ကမ္ဗလာ ဖြင့် ရုံသကဲ့သို့ ရစ်ပတ်၍ယူ၏။ ဤသို့လျှင် ယောကျ်ားယုတ်ကို မြေမျိုသော ကာလ၌ ထိုတောအုပ်၌ စောင့်သော ရုက္ခစိုးနတ်သည် ကျေးဇူးကို မသိတတ်သော အဆွေခင်ပွန်းကို ပြစ်မှားတတ်သော ယောကျ်ားယုတ်သည် စကြဝတေးမင်း၏ အဖြစ်ကို ပေးသော်လည်း ရောင့်ရဲစိမ့်သောငှါ မတတ်နိုင်ရာဟု တောကို ပဲ့တင်ထပ်စေလျက် တရားဟောလိုသည် ဖြစ်၍ ဤဂါထာကိုဆို၏။

၇၂။ အကတညုဿ ပေါသဿ၊ နိစ္စံ ဝိဝရဒဿိနော၊
သဗ္ဗဉ္စေ ပထဝိံ ဒဇ္ဇာ၊ နေဝ နံ အဘိရာဓယေ။

သူ့ကျေးဇူးကို မသိဘဲ ဆိတ်ကဲ့သို့ အပေါက်ကိုသာ အမြဲ ရှုလေ့ရှိသော ယောကျ်ားအား မြေအပြင်ကိုအစိုးရသော စကြဝတေးမင်းအဖြစ်ကို ပေးသော် ငြားလည်း အလိုမပြီး မနှစ်သက်စေနိုင်ရာ။

ဤသို့လျှင် ရုက္ခစိုဝ်းနတ်သည် တော၌ ပွဲတင် ထပ်၍ တရားဟော၏။ ဘုရားလောင်းသည် အသက်ထက်ဆုံး တည်၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည်ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ကျေးဇူးကို မသိတတ်သည် မဟုတ်သေး၊ ရှေး၌လည်း ကျေးဇူးကို မသိတတ်သည်သာလျှင် တည်းဟု ဤတရားဒေသနာကို ဆောင်တော်မူ၍ အနုသန္ဓိကို စပ်၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ အဆွေခင်ပွန်း ပြစ်မှားတတ်သော ယောကျ်ားယုတ် ဖြစ်ဖူးပြီ။ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ရုက္ခစိုဝ်းနတ် ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သီလဝဟတ္ထိဆင်မင်း ဖြစ်ဘူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ခုနစ်ဆယ့်နှစ်ခုမြောက်သော သီလဝဟတ္ထိဇာတ်သည် ပြီး၏။

---

## ၇၃-သစ္စံကိရဇာတ်

### ခြေနှစ်ချောင်း မကယ်ကောင်း

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "သစ္စံ ကိရေဝမာဟံသု"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသစ္စံကိရဇာတ်ကို ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဒေဝဒတ်၏ ဘုရားကို သတ်ခြင်းငှာ လုံ့လပြုခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ရဟန်းသံဃာသည် တရားသဘင်၌နေ၍ ငါ့ရှင်တို့ ဒေဝဒတ်သည် မြတ်စွာဘုရား၏ ကျေးဇူးတော်ကို မသိ၊ မြတ်စွာဘုရားကို သတ်ခြင်းငှါ သာလျှင် လုံ့လပြုပြီဟု ဒေဝဒတ်၏ ကျေးဇူးမဲ့ကို ပြောဆိုလတ်သည်ရှိသော် မြတ်စွာ ဘုရားသည် ကြွတော်မူလာ၍ ရဟန်းတို့-ယခုအခါ အဘယ်စကားဖြင့် စည်းဝေး ကြကုန်သနည်းဟု မေးတော်မူ၏။ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့-ယခုအခါ၌ သာလျှင် ဒေဝဒတ် သည် ငါဘုရားအား သတ်ခြင်းငှါ လုံ့လပြုသည်မဟုတ်သေး။ ရှေး၌လည်း လုံ့လပြုဖူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ထိုဗြဟ္မဒတ်မင်းအား ဒုဋ္ဌကုမာရမည်သော သားသည် ဖြစ်၏။ ရှန့်ရင်းကြမ်းကြုတ်၏။ လှံ့ဘ်ဖြင့် ခတ်အပ်သော မြွေဟောက်နှင့် တူ၏။ မဆဲရေးဘဲလည်းကောင်း မပုတ်ခတ်ဘဲလည်းကောင်း တစ်စုံတစ်ယောက်သောသူနှင့် တကွ စကားမဆို။ ထိုဒုဋ္ဌကုမာရ မင်းသားကို အတွင်းအပ၌ နေသော သူအပေါင်းသည် မျက်စိ၌ကျသော မှုန့်ကဲ့သို့လည်းကောင်း, စားအံ့သောငှါ လာသော ဘီလူးကဲ့သို့လည်းကောင်း မနှစ်သက်သည် ဖြစ်၏။ ထိတ်လန့်ခြင်းကို ဖြစ်စေ၏။

ထိုဒုဋ္ဌကုမာရမင်းသားသည် တစ်နေ့သောအခါ၌ မြစ်၌ ကစားခြင်းကို ကစားလိုသည်ဖြစ်၍ အခြံအရံများစွာဖြင့် မြစ်နားသို့ သွား၏။ ထိုခဏ၌ မိုးကြီးသည် တက်လတ်၍ အရပ်မျက်နှာတို့သည် အမိုက်အတိသာ ဖြစ်ကုန်၏။ ထိုဒုဋ္ဌကုမာရ မင်းသားသည် ကျွန်အစေအပါးတို့ကို ဟယ်အချင်းတို့-လာကြကုန် ငါ့ကိုယူ၍ မြစ်လယ်သို့ ဆောင်ပြီးလျှင် ရေချိုး၍ ဆောင်ကြကုန်လော့ဟု ဆို၏။ ထိုကျွန်အစေအပါးတို့သည် မင်းသားကို မြစ်လယ်သို့ ဆောင်၍ ငါတို့အား မင်းကြီးသည် အသို့ပြုလတ္တံ့နည်း၊ ဤယုတ်မာသောသူကို မြစ်လယ်၌သာလျှင် သေစေအံ့ဟု တိုင်ပင်ကုန်၍ သူယုတ်-ဤအရပ်သို့ သွားလေလောဟု ရေဖြင့် မျောစေ၍ မိမိတို့သည် ရေမှတက်ကုန်၍ ကမ်းနားး၌တည်ကုန်၏။ မင်းသားသည် အဘယ်မှာနည်းဟု မေးကုန်သည်ရှိသော် ငါတို့သည် မင်းသားကို မမြင်ကုန်။ မိုးတက်လတ်သည်ကို မြင်၍ ရေ၌ ငုပ်သဖြင့် ကမ်းသို့သွား၍ ရှေ့မှလာသည် ဖြစ်လတ္တံ့၊ ဤသို့ ပြောဆိုကြအံ့ဟု တိုင်ပင်၍ အမတ်တို့သည် မင်းကြီးအထံသို့ သွားကုန်၏။ မင်းကြီးသည် ငါ့သား အဘယ်မှာနည်းဟု မေးသည်ရှိသော် ရှေ့မှ လာသည် ဖြစ်လတ္တံ့ ဟူသောအမှတ်ဖြင့် လာကုန်၏ဟု လျှောက်ကုန်၏။ မင်းကြီးသည် တံခါးကို ဖွင့်စေ၍ မြစ်နားသို့ သွားပြီးလျှင် စုံစမ်းကြည့်ရှုကုန်လော့ဟု ထိုထိုအရပ်၌ စုံစမ်းကြည့်ရှုစေ၏။ တစ်စုံတစ်ယောက်သော သူသည် မင်းသားကိုမမြင်။ တိမ်အမိုက်ဖြင့် လွှမ်းလျက် မိုးရွာလတ်သည်ရှိသော် မြစ်၌ မျောသော ဒုဋ္ဌကုမာရမင်းသားသည် ထင်းတုံးတစ်ခုကိုစီး၍ သေဘေးမှ ကြောက်သည်ဖြစ်၍ ငိုကြွေးလျက် သွား၏။

ထိုကာလ၌ကား ဗာရာဏသီပြည်၌ နေသော သူဌေး တစ်ယောက်သည် မြစ်နား၌ ကုဋေလေးဆယ်သော ဥစ္စာကို မြှုပ်၍ သေသည်ရှိသော် တပ်စွန်းခြင်းကြောင့် ဥစ္စာ၌ မြွေ၏အဖြစ်ဖြင့် ဖြစ်၏။ သူဌေးတစ်ယောက်သည်လည်း ထိုအရပ်၌သာလျှင် ကုဋေသုံးဆယ်သော ဥစ္စာကို မြှုပ်၍ ဥစ္စာ၌ တပ်စွန်းခြင်းကြောင့် ထိုအရပ်၌သာလျှင် ကြွက်၏ အဖြစ်ဖြင့် ဖြစ်၏။ ထိုမြွေ ကြွက်တို့၏

နေရာအရပ်ကို ရေသည် ဝင်၏။ ထိုမြွေ ကြွက်တို့သည် ရေဝင်သော ခရီးဖြင့်သာလျှင် ထွက်ခဲ့ကုန်၍ ရေအလျဉ်ကို ဖြတ်လျက် သွားကုန်၏။ မင်းသားစီးသော ထင်းတုံးသို့ ရောက်သော် မြွေသည် အစွန်းတစ်ခုထက်သို့ လည်းကောင်း၊ ကြွက်သည် အစွန်းတစ်ခုထက်သို့ လည်းကောင်း တက်၍ ထိုထင်းတုံးအပြင်၌သာလျှင် နေကုန်၏။ ထိုမြစ်၏ ကမ်းနား၌ လက်ပံပင် တစ်ပင်သည် ရှိ၏။ ထိုလက်ပံပင်၌ ကျေးသားငယ်တစ်ကောင်သည် နေ၏။ ထိုလက်ပံပင်သည်လည်း အမြစ်ကို ရေတိုက်စားသည် ဖြစ်၍ မြစ်၏အပြင်သို့ လဲ၏။ ကျေးသားငယ်သည် မိုးကြီးရွာလတ်သည် ရှိသော် ပျံသွားခြင်းငှါ မတတ်နိုင်သည်ဖြစ်၍ ထိုထင်းတုံး၏ တစ်ခုသော နံပါး၌ နား၏။ ဤသို့လျှင် ထိုလေးဦးကုန်သော သူတို့သည် တစ်ပေါင်းတည်း မျောလျက် သွားကုန်၏။

ဘုရားလောင်းသည်လည်း ထိုကာလ၌ ကာသိတိုင်းငယ် ဥဒိစ္စ ပုဏ္ဏားမျိုး၌ ဖြစ်၍ ကြီးခြင်းသို့ ရောက်သည်ရှိသော် ရသေ့ရဟန်းပြု၍ မြစ်ကွေ့တစ်ခု၌ သစ်ရွက်မိုးသော ကျောင်းကို ဖန်ဆင်း၍ နေ၏။ ထိုဘုရားလောင်း ရသေ့သည် သန်းခေါင်အခါ၌ စကြံသွားသည် ရှိသော် ထိုဒုဋ္ဌကုမာရမင်းသား၏ သည်းစွာသော ငိုကြွေးသံကို ကြား၍ ငါကဲ့သို့သော မေတ္တာကရုဏာနှင့် ပြည့်စုံသော ရသေ့သည် မြင်ပါလျက် ဤယောကျ်ား၏ သေခြင်းသည် မသင့်။ ရေမှ ထုတ်ဆယ်၍ ထိုယောကျ်ားအား အသက်အသျှကို ပေးအံ့ဟု ကြံ၏။ ကြံပြီး၍ ဘုရားလောင်း ရသေ့သည် ထိုယောကျ်ားကို သင်သည် မကြောက်လင့်ဟု နှစ်သိမ့်စေပြီး ရေအလျဉ်ကို ဖြတ်၍ သွားပြီးလျှင် ထိုထင်းတုံးကို အစွန်းတစ်ခု၌ ကိုင်၍ ငင်သည်ရှိသော် ဆင်ပြောင်အားအစွမ်းနှင့် ပြည့်စုံသော ဘုရားလောင်းသည် တစ်ဟုန်တည်းဖြင့် ကမ်းနားသို့ ရောက်၍ မင်းသားကို ချီပြီးလျှင် ကမ်းနား၌ နေစေ၏။ မြွေအစရှိသည်တို့ကိုလည်း မြင်၍ ချီပြီးလျှင် ကျောင်းသို့ ဆောင်၍ ထိုသူတို့ဘွင်လည်း အလွန်အားနည်းကုန်သော မြွေအစရှိသည်တို့၏ ကိုယ်ကို ရှေးဦးစွာ မီးလှုံစေ၍ နောက်မှ မင်းသားကို မီးလှုံစေ၏၊ ကျန်းမာစေ၍ အာဟာရကို ပေးလျှင်လည်း မြွေအစရှိသည်တို့အားသာလျှင် ပေးပြီး၍ နောက်မှ မင်းသားအား သစ်သီးကြီးငယ်ကို ပေး၏။

မင်းသားသည် ဤရသေ့ကောက်သည် ငါ၏ မင်းသားအဖြစ်ကို မရေတွက်မူ၍ တိရစ္ဆာန်တို့အားသာလျှင် မြတ်နိုးခြင်းကို ပြု၏ဟု ဘုရားလောင်း၌ ရန်ငြိုးဖွဲ့၏၊ ထိုနေ့မှ နှစ်ရက်သုံးရက်လွန်သဖြင့် အလုံးစုံသော သူတို့သည် အစွမ်းကို ရကြကုန်၍ မြစ်၌လည်း ရေအလျဉ်ပြတ်သည် ရှိသော် မြွေသည် ရှင်ရသေ့ကို ရှိခိုး၍ အရှင်ဘုရား အရှင်ဘုရားတို့သည် အကျွန်ုပ်အား ကျေးဇူးပြုပေ၏၊ အကျွန်ုပ်သည် မဆင်းရဲ၊ ဤမည်သော အရပ်၌ ကုဋေလေးဆယ်သော ရွှေအိုးတို့ကို

မြှုပ်၍ ထားအပ်ကုန်၏၊ အရှင်ဘုရားတို့အား ဥစ္စာဖြင့် ကိစ္စရှိသော် အလုံးစုံသော ဤဥစ္စာကို အရှင်ဘုရားတို့အား ပေးခြင်းငှါ စွမ်းနိုင်ပါ၏၊ ထိုအရပ်သို့ လာလတ်၍ မြွေဟု ခေါ်တော်မူကုန်လောဟု ဆိုပြီး ဖဲခဲ့၏၊ ကြွက်သည်လည်း ထိုမှတူ သာလျှင်ပင် ပင့်ဖိတ်၍ ဤမည်သော အရပ်၌ ရပ်ပြီးလျှင် ကြွက်ဟု ခေါ်တော်မူကုန်လောဟု ဆို၍ ဖဲခဲ့၏။ ကျေးသားသည်လည်း ရသေ့ကို ရှိခိုး၍ အရှင်ဘုရား အကျွန်ုပ်အား ဥစ္စာမရှိပါ၊ နီစွာသော သလေးတို့ဖြင့် အရှင်ဘုရားအား အလိုရှိသည် ရှိသော် အကျွန်ုပ်၏ ဤအမည်ရှိသော နေရာသို့ လာလတ်၍ ကျေးသားဟု ခေါ်တော်မူပါကုန်လော၊ အကျွန်ုပ်သည် ဒေဆွေအမျိုးတို့အား ကြား၍ အရာမကသော လှည်းကို ပြည့်စေနိုင်သော ပမာဏရှိသော နီစွာသော သလေးကို ပေးခြင်းငှါ စွမ်းနိုင်ပါ၏ဟု ဆိုပြီးလျှင် ဖဲခဲ့၏။

အဆွေခင်ပွန်း ပြစ်မှားတတ်သော မင်းသားသည် ကျင့်ဝတ်တို့၌ စမ္ပတာအားဖြင့် တစ်စုံတစ်ခုသော စကားကို မဆိုမူ၍ သွားခြင်းသည် မသင့်၊ ဤသို့ ပင့်ဖိတ်သဖြင့် မိမိအထံသို့ လာသော ရသေ့ကို သတ်အံ့ဟု ကြံပြီးလျှင် အရှင်ဘုရား အကျွန်ုပ် မင်းဖြစ်သည်ရှိသော် လာတော်မူလော၊ ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးပါအံ့ဟု ဆို၍ ဖဲခဲ့၏၊ ထိုမင်းသားသည် သွား၍ မကြာမြင့်မီလျှင် မင်းဖြစ်၏၊ ဘုရားလောင်းသည် ရှေးဦးစွာ ထိုသူတို့ကို စုံစမ်းအံ့ဟု ရှေးဦးစွာ မြွေ၏အထံသို့ သွား၍ အနီး၌ရပ်လျက် မြွေဟူ၍ ခေါ်၏။ ထိုမြွေသည် တစ်ခွန်းတည်းသော စကားဖြင့်သာ ထွက်၍ ဘုရားလောင်းကို ရှိခိုး၍ အရှင်ဘုရား ဤအရပ်၌ ကုဋေလေးဆယ်ကုန်သော ရွှေတို့သည် ရှိကုန်၏၊ အလုံးစုံသော ထိုရွှေတို့ကို ဖော်၍ ယူကုန်လောဟု ဆို၏၊ ဘုရားလောင်းသည် ကောင်းပြီ၊ ငါ့အား အလိုရှိသောကိစ္စ ဖြစ်လတ်သော် သိအံ့ဟုဆို၍ ထိုမြွေကို ပြန်စေပြီးလျှင် ကြွက်အထံသို့ သွား၍ အသံကိုပြု၏၊ ထိုကြွက်သည်လည်း ထိုမြွေအတူသာလျှင် ကျင့်၏၊ ဘုရားလောင်းသည် ထိုကြွက်ကိုလည်း ပြန်စေပြီးလျှင် ကျေးသား အထံသို့ သွား၍ ကျေးသားဟု ခေါ်၏၊ ထိုကျေးသားသည်လည်း တစ်ခွန်းတည်းသော စကားဖြင့်သာလျှင် သစ်ပင်မှ သက်လတ်၍ ဘုရားလောင်းကို ရှိခိုးလျက် အရှင်ဘုရား အကျွန်ုပ်၏ အဆွေအမျိုးတို့၏ အထံသို့သွား၍ ဟိမဝန္တာအရပ်မှ အရှင်ဘုရားပို့၏ အကျိုးငှါ အလိုလိုသာလျှင် ဖြစ်သော သလေးကို ဆောင်ရအံ့လောဟု မေး၏၊ ဘုရားလောင်းသည် အလိုရှိသည် ရှိသော် သိရအံ့ဟု ဆို၍ ထိုကျေးသားကိုလည်း ပြန်စေပြီးလျှင် ယခုအခါ မင်းကို စုံစမ်းအံ့ဟု သွား၍ မင်းဥယျာဉ်၌ နေပြီးလျှင် နက်ဖြန်နေ့၌ ရသေ့တို့ အသွင်အပြင်နှင့် ပြည့်စုံခြင်းကို ပြု၍ ဆွမ်းခံဝတ်ဖြင့် ဗာရာဏသီမြို့သို့ ဝင်၏။

ထိုခဏ၌ အဆွေခင်ပွန်း ပြစ်မှားတတ်သော ထိုမင်းသည် တန်ဆာဆင်အပ်သော မြတ်သော ဆင်ကျောက်ကုန်းထက်၌ စီးလျက် များပြားစွာသော

အခြံအရံဖြင့် မြို့ကို လက်ယာရစ် လှည့်၏၊ ထိုမင်းသည် ဘုရားလောင်းကို အဝေးမှလျှင် မြင်၍ ရသေ့ကောက် ငါ၏အထံ၌ စားသောက်နေလိုသည် ဖြစ်၍ လာ၏၊ အကြင်မျှလောက် ပရိသတ်အလယ်၌ မိမိသည် ငါ့အား ပြုဖူးသော ကျေးဇူးကို မပြသေး၊ ထိုသို့ မပြမီလျှင် ထိုရသေ့၏ ဦးခေါင်းကို ပြတ်စေအံ့ဟု မင်းချင်းယောကျ်ားတို့ကို ကြည့်၏၊ အရှင်မင်းကြီး အဘယ်ကို ပြုအံ့နည်းဟု လျှောက်သည် ရှိသော် ဤရသေ့ကောက်သည် ငါ့ကို တစ်စုံတစ်ခုကို တောင်းလိုသည်ဖြစ်၍ လာယောင်ဘကား၊ ဤရသေ့ယုတ်အား ငါ့ကို တွေ့မ ပေးမှု၍ သာလျှင် ယခု ရသေ့ယုတ်ကို ဖမ်း၍ လက်ပြန်ဖွဲ့ပြီးလျှင် ခရီးလေးဆုံ ခရီးလေးဆုံဘိုင်း ပုတ်ခတ်ကုန်လျက် မြို့မှ ထွက်ကုန်၍ သုသာန်တို့၌ ရသေ့၏ ဦးခေါင်းကို ဖြတ်ပြီးလျှင် ကိုယ်ကို တံကျင်လျှိုလေကုန်လောဟု ဆို၏၊ ထိုမင်းချင်းယောကျ်ာ-တို့သည် ကောင်းပြီဟု ဝန်ခံပြီး သွားကုန်၍ အပြစ်မရှိသော ဘုရားလောင်းကို နှောင်ဖွဲ့၍ ခရီးလေးဆုံတိုင်း ပုတ်ခတ်ကုန်လျက် သုသာန်သို့ ဆောင်အံ့သောငှါ အားထုတ်ကုန်၏၊ ဘုရားလောင်းသည် ပုတ်ခတ်တိုင်း ပုတ်ခတ်တိုင်းသော အရပ်၌ အံ့မိခင် ဖခင်တို့ဟု မငိုမမြည်တမ်းမူ၍ ဖောက်ပြန်ခြင်း မရှိသည်ဖြစ်၍ ဤဂါထာကို ဆို၏—

၇၃။ သစ္စံ ကိရေဝမာဟံသု၊ နရာ ဧကစ္စိယာ ဣဓ။
ကဋ္ဌံ နိပ္လဝိတံ သေယျော၊ န တွေဝေ'ကစ္စိယော နရော။

ရေမြောထင်းတုံးကို ဆယ်တင်ခြင်းသည် မြတ်၏၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်သော ယောကျ်ားယုတ်ကို ဆယ်တင်မိခြင်းကား မမြတ်ပေ။ လောက၌ ပညာရှိတို့ ပြောစကားသည် မှန်လှပေစွတကား။

ဤသို့လျှင် ပုတ်ခတ်တိုင်း ပုတ်ခတ်တိုင်းသော အရပ်၌ ဤဂါထာကိုသာလျှင် ဆို၏၊ ထိုသို့သော စကားကို ကြား၍ ထိုသူအပေါင်းတို့တွင် အကြင် ပညာရှိသော ယောကျ်ားတို့သည် ရှိကုန်၏။ ထိုပညာရှိသော ယောကျ်ားတို့သည် အို ရဟန်း သင်သည် ငါတို့မင်းကြီးအား ပြုအပ်သော ကျေးဇူးတစ်စုံတစ်ရာသည် ရှိသလောဟု ဆိုကုန်၏။ ဘုရားလောင်းသည် ထိုအကြောင်းကို ကြား၍ ဤသို့လည်း ဤမင်းကို ကြီးစွာသော မြစ်ရေအလျဉ်မှ ဆယ်တင်သော ငါသည်လျှင် မိမိဆင်းရဲကို ပြု၏။ စင်စစ်သော်ကား ငါသည် ရှေးပညာရှိတို့၏ စကားကို မကျင့်မိဟု အောက်မေ့၍ ဤသို့ဆို၏ဟု ဆို၏။ ထိုစကားကို ကြားကုန်၍ မင်းပုဏ္ဏား အစရှိကုန်သော မြို့၌နေကုန်သော သူတို့သည် အဆွေခင်ပွန်းပြစ်မှားတတ်သော ထိုမင်းသည် ဤသို့သော ကျေးဇူးနှင့် ပြည့်စုံသော မိမိ၏ အသက်ကို ပေးတတ်သော သူ၏ ကျေးဇူးမျှကိုလည်း မသိ။ ထိုမင်းယုတ်ကို

မို၍ အဘယ်မှာလျှင် ငါတို့အား စီးပွားချမ်းသာ ဖြစ်နိုင်အံ့နည်း။ ထိုမင်းယုတ်ကို ဖမ်းကုန်လော့ဟု အမျက်ထွက်ကုန်သည်သာလျှင် ဖြစ်၍ မြား လှံ ကျောက် ဆောက်ပုတ် အစရှိကုန်သော လက်နက်တို့ဖြင့် ဆင်ကျောက်ကုန်းထက်၌ စီးသော ထိုမင်းယုတ်ကို သတ်ကုန်၍ ခြေ၌ ကိုင်ပြီးလျှင် ကျုံးအပြင်၌ စွန့်ပစ်၍ ဘုရားလောင်းကို ဘိသိက်သွန်း၍ မင်းပြုစေကုန်၏။

ထိုမင်းသည် တရားသဖြင့် မင်းပြုလျက် တစ်နေ့သ၌ မြွေအစရှိသည်တို့ကို စုံစမ်းလိုသည်ဖြစ်၍ များစွာသော အခြံအရံဖြင့် မြွေနေရာအရပ်သို့ သွား၍ မြွေဟုခေါ်၏။ မြွေသည် လာလတ်၍ ရှိခိုးပြီးလျှင် အရှင် ဤဥစ္စာသည် သင့်ဖို့တည်း ယူလော့ဟု ဆို၏၊ မင်းသည် ကုဋေလေးဆယ်သော ရွှေစွာကို အမတ်တို့အား အပ်နှံပြီးလျှင် ကြွက်အထံသို့ သွား၍ ကြွက်ဟုခေါ်၏။ ထိုကြွက်သည်လည်းလာလတ်၍ ရှိခိုးပြီးလျှင် ကုဋေသုံးဆယ်သော ဥစ္စာကို ဆောက်နှင်း၏။ မင်းသည် ထိုကုဋေသုံးဆယ်သော ဥစ္စာကိုလည်း အမတ်တို့အား အပ်နှံပြီးလျှင် ကျေးသားနေရာ အရပ်သို့ သွား၍ ကျေးသားဟု ခေါ်၏။ ထိုကျေးသားသည်လည်း ခြေ၌ ရှိခိုးပြီးလျှင် အရှင် သလေးကို ဆောင်ရအံ့လောဟု ဆို၏၊ မင်းသည် အလိုရှိသည်ရှိသော် ဆောင်ရလတ္တံ့ လာလှည့် သွားကြကုန်အံ့ဟု ဆို၍ ကုဋေခုနစ်ဆယ်ကုန်သော ရွှေငွေတို့နှင့်တကွ သုံးယောက်ကုန်သော သူတို့ကို ခေါ်၍ မြို့သို့ သွားပြီးလျှင် မြတ်သော ပြာသာဒ်အပြင်သို့ တက်၍ ဥစ္စာတို့ကို ကောင်းစွာ လုံခြုံစေပြီးလျှင် မြွေ၏နေရာ အကျိုးငှါ ရွှေကြုငကို လည်းကောင်း၊ ကြွက်၏နေရာ အကျိုးငှါ ဖလ်လိုဏ်ကိုလည်းကောင်း၊ ကျေးသား၏ နေရာ အကျိုးငှါ ရွှေချိုင့်ကိုလည်းကောင်း ပြုစေ၍ မြွေနှင့် ကျေးသားအား အစာအကျိုးငှါ နေ့တိုင်း နေ့တိုင်း ရွှေခွက်ယ်၌ ပျားရေ ပေါက်ပေါက်တို့ကို ပေး၏။ ကြွက်အား မွှေးလှစွာသော သလေးဆန်ကို ပေး၏။ ဒါနအစရှိသော ကောင်းမှုတို့ကို ပြု၏။ ဤသို့လျှင် ထိုလေးယောက်ကုန်သော သူတို့သည် အသက်ထက်ဆုံး ညီညွတ်၍ ဝမ်းမြောက်ကုန်သည် ဖြစ်၍ နေကုန်လျက် အသက်ကုန်သဖြင့် ကံအားလျော်စွာ လားကြရကုန်၏။

ဝေဝတ်ပေါင်း

မြတ်စွာဘုရားသည် ရဟန်းတို့ ယခုအခါ၌သာလျှင် ဒေဝဒတ်မိုက်သည် ငါ့အား သတ်ခြင်းငှါ လုံ့လပြုသည် မဟုတ်သေး၊ ရှေး၌လည်း လုံ့လပြုဖူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ ဤတရားဒေသနာကို ဆောင်တော်မူပြီးလျှင် အနုသန္ဓေကို စင်၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ အဆွေခင်ပွန်းကို ပြစ်မှားတတ်သော မင်းဖြစ်ဖူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ မြွေဖြစ်ဖူးပြီ။

ယခုအခါ မောဂ္ဂလာန်သည် ထိုအခါ ကြွက်ဖြစ်ဖူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ ကျေးသားဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ နောက်မှ မင်းအဖြစ်သို့ ရောက်သော တရားမင်းဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ခုနစ်ဆယ့်သုံးခုမြောက်သော သစ္စံကိရဇာတ်သည် ပြီး၏။

---

## ၇၄–ရုက္ခဓမ္မဇာတ်

## ညီညွတ်ခြင်းသည် အင်အား

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "သာဓူ သမ္ဗဟုလာ ဉာတီ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤရုက္ခဓမ္မဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရေ၏ အကြောင်းကြောင့် ခိုက်ရန်ဖြစ်သော အခါ၌ ကိုယ်တော်၏ ဆွေတော် မျိုးတော်တို့အား ဖြစ်လတ္တံ့သော ကြီးစွာသော ပျက်စီးခြင်းကို သိတော်မူ၍ ကောင်းကင်သို့ ပျံ၍ ထက်ဝယ် ဖွဲ့ခွေသဖြင့် နေတော်မူပြီးလျှင် ညိုသော ရောင်ခြည်ကို လွှတ်တော်မူပြီး ဆွေတော် မျိုးတော်တို့ကို ထိတ်လန့်စေ၍ ကောင်းကင်မှ သက်တော်မူပြီးလျှင် မြစ်နား၌ နေတော်မူလျက် ထို ခိုက်ရန်ဖြစ်ခြင်းကို အကြောင်းပြုကာ ဟောတော်မူ၏။ ထိုသို့ ဆိုအပ်ခဲ့ပြီးသော **စကားသည်** ဤ ရုက္ခဓမ္မဇာတ်၌ အကျဉ်းသာလျှင်တည်း။ အကျယ်သည်ကား **ကုဏာလဇာတ်၌** ထင်စွာ ဖြစ်လတ္တံ့။

ထိုအခါ၌ကား မြတ်စွာဘုရားသည် ဆွေမျိုးမည်ကုန်သော သင်တို့သည် ညီညွတ် ဝမ်းမြောက်ကုန်သည် ဖြစ်ခြင်းငှါ သင့်၏။ ထိုစကားသည် မှန်၏။ ဆွေမျိုးတို့၏ ညီညွတ်ခြင်းသည် ရှိခဲ့သော် ရန်သူတို့သည် အခွင့်မရကုန်။ ရှေးဦးစွာ လူဖြစ်သော သူတို့ကို ထားဘိကုန်ဦးလော၊ စိတ်စေတနာ မရှိကုန်သော သစ်ပင်တို့အားလည်း ညီညွတ်ခြင်းကို ရခြင်းငှါ သင့်၏။ ထိုစကားသည် မှန်၏။ လွန်လေပြီးသော အခါ ဟိမဝန္တာ တောအရပ်၌ လေကြီးသည် အင်ကြင်းတောကို တိုက်၏။ ထိုအင်ကြင်းတော၏ သစ်ပင်ကြီး သစ်ပင်ငယ် ချုံနွယ်တို့ဖြင့် စပ်သည်၏ အဖြစ်ကြောင့် သစ်ပင် တစ်ပင်ကိုလည်း လဲစိမ့်သောငှါ မတတ်နိုင်၊ သစ်ပင်တကာတို့၏ ထိပ်ဖျားဖြင့်သာလျှင် သွားရ၏။ လွင်ပြင်သို့ ရောက်သော အခက်အခွနှင့် ပြည့်စုံသော တစ်ခုသော သစ်ပင်ကြီးကို တစ်ပါးသော သစ်ပင်နှင့် မစပ်သည်၏ အဖြစ်ကြောင့် အမြစ်ကို နုတ်၍ မြေ၌ လဲစေ၏။ ဤအကြောင်းကြောင့် သင်တို့သည် ညီညွတ်ကုန်သည်

ဝမ်းမြောက်ကုန်သည် ဖြစ်ခြင်းငှါ သင့်၏ဘုမိန့်တော်မူ၍ ထိုဆွေတော် မျိုးတော်တို့သည် တောင်းပန်အပ်ကုန်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ရှေးဦးစွာဖြစ်သော ဝေဿဝဏ် နတ်မင်းကြီးသည် စုတေ၍ သိကြားမင်းသည် တစ်ဦးသော ဝေဿဝဏ်ကို လဲရာ နောက်မှ ဖြစ်သော ဝေဿဝဏ်သည် သစ်ပင်ကြီး သစ်ပင်ငယ် ချုံနွယ်တို့၌ ဗိမာန်ကို မိမိ မိမိတို့၏ နှစ်သက်ရာ အရပ်၌ ယူစေကုန်လော့ဟု သဘင်းစကားကို စေလိုက်၏။ ထိုအခါ ဘုရားလောင်းသည် ဟိမဝန္တာအရပ်၌ အင်ကြင်းတော တစ်ခု၌ ရုက္ခစိုးနတ်၏ အဖြစ်ဖြင့် ဖြစ်၏၊ ထိုဘုရားလောင်းသည် ဆွေမျိုးတို့ကို သင်တို့သည် ဗိမာန်တို့ကို ယူကုန်သည်ရှိသော် လွင်ပြင်၌ ရောက်သော သစ်ပင်တို့ကို မယူကြကုန်လင့်၊ ဤအင်ကြင်းတော၌ ငါသည် ယူအပ်သော ဗိမာန်ကို ခြံရံ၍ တည်သော ဗိမာန်တို့ကို ယူကုန်လော့ဟု ဆို၏။ ထိုနတ်အပေါင်းတို့တွင် ဘုရားလောင်း စကားကို နားထောင်ကုန်သော ပညာရှိနတ်တို့သည် ဘုရားလောင်း ဗိမာန်ကို ခြံရံ၍ ရောက်သော ဗိမာန်ကို ယူကုန်၏။ ပညာမရှိသော နတ်တို့သည်ကား တောဗိမာန်ဖြင့် ငါတို့အား အဘယ် အကျိုးရှိအံ့နည်း၊ ငါတို့သည် လူ့ပြည်၌ သာလျှင် ရွာနိဂုံး မင်းနေပြည်တံခါး၌ ဗိမာန်တို့ကို ယူကုန်အံ့၊ ထိုစကားသည် မှန်၏၊ လူ့ရွာ အစရှိသည်တို့ကို မှီ၍ နေကုန်သော နတ်တို့သည် လာဘ်လာဘ အစု အခြံအရံ အစုကို ရကုန်သည် ဖြစ်ကုန်၏ဟု လူ့ပြည် လွင်ပြင်အရပ်၌ ဖြစ်သော သစ်ပင်ကြီးတို့၌ ဗိမာန်တို့ကို ယူကုန်၏။

ထိုအခါ တစ်နေ့သည်၌ ကြီးစွာသော လေနှင့်တကွသော မိုးရွာခြင်းသည် ဖြစ်၏။ ထိုလေ၏ အလွန် အားရှိသည်၏ အဖြစ်ကြောင့်လျှင် မြဲစွာသော အမြစ်ရှိသော တောသစ်ပင်ကြီးတို့သည်လည်း ကျိုးသော အခက်အခွ ရှိကုန်သည်ဖြစ်၍ အမြစ်နှင့်တကွ လဲကုန်၏။ အချင်းချင်း စပ်ကြသဖြင့် တည်သော ထိုအင်ကြင်းတောသို့ကား ရောက်၍ ထိုမှဤမှ တိုက်သည် ရှိသော် တစ်ခုသော သစ်ပင်ကိုသော်လည်း လှဲစေခြင်းငှါ မတတ်နိုင်၊ ပျက်စီးသော ဗိမာန်ရှိသော နတ်တို့သည် ကိုးကွယ်ရာမရှိကုန်သည် ဖြစ်၍ သူငယ်တို့ကို လက်ဆွဲကုန်လျက် ဟိမဝန္တာသို့ သွား၍ ထိုအကြောင်းကို အင်ကြင်းတော နတ်တို့အား ပြောဆိုကုန်၏။ ထိုအင်ကြင်းတော နတ်တို့သည် နတ်တို့၏ လာသောအဖြစ်ကို ဘုရားလောင်း ရုက္ခစိုးနတ်အား ကြားကုန်၏။ ထိုဘုရားလောင်း နတ်မင်းသည် ပညာရှိတို့၏ စကားကို မယူမူ၍ အထောက်အပံ့ မရှိသော အရပ်သို့ သွားကုန်

သော သူတို့မည်သည်ကား ဤသို့သဘောရှိသည် ဖြစ်ကုန်၏ဟု ဆို၍ တရား ဟောလိုရကား ဂါထာကို ရွတ်ဆို၏။

**၇၄။ သာခူ သမ္ဘဟုလာ ဉာတီ၊ အပိ ရုက္ခာ အရညဇာ။**
**ဝါတော ဝဟတိ ဧကဋ္ဌံ၊ ဗြဟန္တမ္ပိ ဝနပ္ပတိံ။**

အဆွေအမျိုးတို့သည် များကုန်မူကား ကောင်းကုန်၏၊ တော၌ ဖြစ်ကုန် သော သစ်ပင်တို့သည်လည်း များကုန်မူကား ကောင်းကုန်၏။ တစ်ပင်တည်းသာ တည်သော ကြီးစွာသော တောစိုးသစ်ပင်ကိုလည်း လေသည် လှဲနိုင်၏။

ဘုရားလောင်း ရုက္ခစိုးနတ်မင်းသည် ဤအကြောင်းကို ဆိုပြီး၍ အသက်၏ အဆုံး၌ ကံအားလျော်စွာ လား၏။

**ဇာတ်ပေါင်း**

မြတ်စွာဘုရားသည်လည်း မင်းကြီးတို့ ဤသို့လျှင် ရှေးဦးစွာ ဆွေမျိုးတို့၏ ညီညွတ်ခြင်းကို သာလျှင် ရခြင်းငှါ သင့်၏။ ညီညွတ်ကုန်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာကုန်သည် ဖြစ်၍ ချမ်းသာစွာ နေခြင်းဖြင့်သာလျှင် နေကြကုန်လောဟု မိန့်တော်မူ၍ ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူရှဲ အနုသန္ဓေကို စပ်၍ ယခုအခါ ငါဘုရား ပရိသတ်တို့သည် ထိုအခါ နတ်တို့သည် ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိသော နတ်ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ခုနစ်ဆယ့်လေးခုမြောက်သော ရုက္ခဓမ္မဇာတ်သည် ပြီး၏။

---

၇၅-မစ္ဆဇာတ်

**သစ္စာတန်ခိုး မိုးမင်း မနေနိုင်**

**ငရံ့မင်း ပရိတ်**

**ပစ္စုပ္ပန်ဝတ္ထု**

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် အဘိဏ္ဍနယ ပဇ္ဇုန္န-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမစ္ဆဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ကိုယ်တော်သည် ရွာစေအပ်သော မိုးကို အကြောင်းပြု၍ ဟောတော်မူ၏။

အခါတစ်ပါး၌ ကောသလတိုင်းဝယ် မိုးသည် မရွာသတတ်။ ကောက်တို့သည် ညှိုးကုန်၏၊ ထိုထိုအရပ်၌ တစ်ဘက်ဆည်ကန် လေးထောင့် အိုင်တို့သည် ခြောက်ကုန်၏၊ ဇေတဝန်ကျောင်းတော် တံခါးမုခ်အနီး ဇေတဝန်ရေကန်၌လည်း ရေသည် ပြတ်၏၊ ညွန်ပျောင်းသို့ဝင်၍ ဝပ်အပ်ကုန်သော ငါးလိပ်တို့ကို ကျီးစွန် အစရှိသည်တို့သည် သံတံကျင်နှင့် တူကုန်သော နှုတ်သီးတို့ဖြင့် ထိုးကုန်ထုတ်ကုန်၍ တုန်လှုပ်ကုန်စဉ် စားကုန်၏။ မြတ်စွာဘုရားသည် ငါးလိပ်တို့၏ ထိုသို့ ပျက်စီးခြင်းကို မြင်တော်မူ၍ မဟာကရုဏာတော်သည် တိုက်တွန်းအပ်သော နှလုံးတော် ရှိတော်မူသည် ဖြစ်၍ ယနေ့ငါသည် မိုးကို ရွာစေခြင်းငှါ သင့်၏ဟု ညဉ့်သည် လင်းလတ်သည် ရှိသော် ကိုယ်လက် သုတ်သင်ခြင်းကို ပြုတော်မူ၍ ဆွမ်းခံအခါကို မှတ်၍ များစွာသော ရဟန်းသံဃာအပေါင်း ခြံရံလျက် ဘုရားတို့၏ တင့်တယ်စံပယ်ခြင်းဖြင့် သာဝတ္ထိမြို့သို့ ဆွမ်းအလို့ငှါ ဝင်တော်မူ၍ ဆွမ်းဘုဉ်းပေးပြီးသည်မှ နောက်အဖို့၌ ဆွမ်းခံရွာမှ ဖဲတော်မူ၍ သာဝတ္ထိမြို့မှ ကျောင်းတော်သို့ ကြွတော်မူသည် ရှိသော် ဇေတဝန် ရေကန်စောင်းတန်း၌ ရပ်တော်မူ၍ အရှင်အာနန္ဒာမထေရ်ကို အာနန္ဒာ-ရေသနုပ်ကို ယူခဲ့လော့၊ ဇေတဝန်ရေကန်၌ ရေချိုးအံ့ဟု မိန့်တော်မူ၏။

အရှင်ဘုရား ဇေတဝန်ရေကန်၌ ရေပြတ်၏။ ညွန်မျှသာလျှင် ကြွင်းသည် မဟုတ်လောဟု နားတော်လျှောက်၏။ အာနန္ဒာ ဘုရားတို့၏ အစွမ်းမည်သည်ကား အလွန်ကြီး၏။ သင်သည် ရေသနုပ်ကို ယူခဲ့လောဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာမထေရ်သည် ရေသနုပ်ကို ယူ၍ ကပ်၏။ မြတ်စွာဘုရားသည် တစ်ခုသော အစွန်းဖြင့် ရေသနုပ်ကို ဝတ်တော်မူ၍ တစ်ခုသော အစွန်းဖြင့် ကိုယ်တော်ကိုခြုံတော်မူ၍ ဇေတဝန်ရေကန်၌ ရေချိုးအံ့ဟု မိန့်တော်မူပြီးလျှင် စောင်းတန်း၌ ရပ်တော်မူ၏။

ထိုခဏ၌သာလျှင် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ ကျောက်နေရာသည် ပူသောအခြင်းအရာကို ပြ၏၊ ထိုသိကြားမင်းသည် အကြောင်းကား အဘယ်နည်းဟု ဆင်ခြင်လတ်သည်ရှိသော် ထိုအကြောင်းကို သိ၍ မိုးနတ်သားကို ခေါ်စေပြီးလျှင် အမောင် မိုးနတ်သား မြတ်စွာဘုရားသည် ဇေတဝန်ရေကန်၌ ရေချိုးအံ့ဟု စောင်းတန်းဦး၌ ရပ်တော်မူ၏။ လျင်စွာ အလုံးစုံသော ကောသလတိုင်းကို တစ်စပ်တည်းပြု၍ မိုးကို ရွာစေလောဟု ဆို၏။ ထိုမိုးနတ်သားသည် ကောင်းပြီဟု ဝန်ခံပြီးလျှင် တစ်ထည်သော တိမ်ပုဆိုးကိုဝတ်၍ တစ်ထည်သော တိမ်ပုဆိုးကိုခြုံ၍ မိုးသီချင်းကို သီလျက် အရှေ့လောကဓာတ်သို့ ရှေးရှုပြေး၏။ အရှေ့ဘက်နှာအဖို့၌ ကောက်နယ် တလင်းခန့်မျှ လောက်သော တစ်ခုသော တိမ်အဝန်းသည် ထလတ်၍ အထပ်တစ်ရာအထပ်တစ်ထောင်ဖြစ်၍ ထစ်ကြိုးလျက်

လျှပ်စစ်ပြက်လျက် အောက်သို့ မျက်နှာပြု၍ ထားအပ်သော ရေအိုးအသွင်ဖြင့် ရွာစေလျက် အလုံးစုံသော ကောသလတိုင်းကို ကြီးစွာသော ရေအလျဉ်ဖြင့် လွှမ်းဘိသကဲ့သို့ မိုးသည် အလျဉ်မပြတ်ရွာလျက် တစ်ခဏချင်းဖြင့်သာလျှင် ဇေတဝန်ရေကန်ကို ပြည့်စေ၏။ စောင်းတန်းဦးကို ဆိုက်၍ ရေသည် တည်၏။ မြတ်စွာဘုရားသည် ရေကန်၌ ရေချိုးပြီးလျှင် အသွန်နီသော နှစ်ထပ်သော သင်းပိုင်တော်ကို ဝတ်၍ ခါးပန်းတော်ကိုဖွဲ့၍ မြတ်စွာဘုရားသကန်းတော်ကြီးကို ပခုံးဝစ်ဖက်၌ စံပယ်တင်တော်မူ၍ ရဟန်းသံဃာအပေါင်း ခြံရံလျက် ဂန္ဓကုဋိ ပရိဝုဏ်၌ ခင်းအပ်သော မြတ်သော ဘုရားနေရာတော်၌ နေတော်မူ၏ ရဟန်းသံဃာသည် ဝတ်ပြုအပ်သည်ရှိသော် ထတော်မူ၍ ပတ္တမြား စောင်းတန်း၏ အပြင်၌ ရပ်တော်မူလျက် ရဟန်းသံဃာအား အဆုံးအမကို ပေးတော်မူ၍ လွှတ်လိုက်၍ မွှေးလှစွာသော ပန်းတို့ဖြင့် ထုံအပ်သော ဂန္ဓကုဋိသို့ ဝင်တော်မူ၍ လက်ယျာနံပါးဖြင့် ကေသရာဇာ ခြင်္သေ့မင်း၏ အိပ်ခြင်းနှင့်တူသော ကျိန်းတော်မူခြင်းကို ပြု၍ ညချမ်းသောအခါ တရားသဘင်၌ စည်းဝေးကုန်သော ရဟန်းတို့သည် ငါ့ရှင်တို့ မြတ်စွာဘုရား၏ ခန္တီ မေတ္တာ ကရုဏာနှင့် ပြည့်စုံခြင်းကို ရှုကြကုန်လော့။ အထူးထူး အပြားပြားသော ကောက်တို့သည် ညှိုးကုန်သည်ရှိသော် အထူးထူးသော ရေကန်, ရေအိုင်တို့သည် ခြောက်ကုန်သည်ရှိသော် ငါးလိပ်တို့သည် ကြီးစွာသော ဆင်းရဲသို့ ရောက်ကုန်သည် ရှိသော် ကရုဏာတော်ကို ဖြစ်စေ၍ များစွာသော သတ္တဝါအပေါင်းကို ဆင်းရဲမှ လွတ်စေအံ့ဟု ရေသနုပ်တော်ကို ဝတ်တော်မူ၍ ဇေတဝန်ရေကန်၏ စောင်းတန်းဦး၌ ရပ်တော်မူ၍တစ်ခဏချင်းဖြင့် အလုံးစုံသော ကောသလတိုင်းကို များစွာသော ရေအလျဉ်ဖြင့် မျောစေဘိသကဲ့သို့ မိုးကိုရွာစေ၍ များစွာသော သတ္တဝါကို ကာယိကဒုက္ခ စေတသိကဒုက္ခမှ လွတ်စေ၍ ကျောင်းတော်သို့ ဝင်တော်မူ၏။ ဤစကားဖြစ်လတ်သည်ရှိသော် ဂန္ဓကုဋိမှထွက်တော်မူ၍ တရားသဘင်သို့ကြွတော်မူပြီးလျှင် ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ငါဘုရားသည် ယခုအခါ၌သာ များစွာကုန်သော သတ္တဝါအပေါင်းသည် ငြိုပန်းသည်ရှိသော် မိုးကို ရွာစေသည် မဟုတ်သေး။ ရှေး၌လည်း တိရစ္ဆာန်မျိုး၌ ဖြစ်၍ ငါးမင်းဖြစ်သော ကာလ၌လည်း မိုးကို ရွာစေဖူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဤကောသလတိုင်း သာဝတ္ထိပြည် ဇေတဝန်ရေကန် အရပ်၌ ခြုံနွယ်တို့ဖြင့် ခြံရံအပ်သော ရေအိုင် တစ်အိုင်သည် ဖြစ်၏။ ထိုအခါ

ဘုရားလောင်းသည် ငါးမျိုး၌ဖြစ်၍ ငါးအပေါင်းခြံရံလျက် ထိုရေအိုင်၌ နေ၏။ ယခုအခါ၌ကဲ့သို့လျှင် ထိုအခါ၌လည်း ဤကောသလတိုင်း၌ မိုးသည် မရွာ၊ လူတို့၏ကောက်တို့သည် ညှိုးကုန်၏။ ထုံးအိုင် အစရှိသည်တို့၌ ရေပြတ်၏။ ငါးလိပ်တို့သည် ညွန်ပြောင်းသို့ ဝင်ကုန်၏၊ ဤအိုင်၌လည်း ငါးလိပ်တို့သည် ညွန်ပျောင်းသို့ ဝင်၍ ထိုထိုအရပ်၌ နေကုန်၏။ ကျီးအစရှိသည်တို့သည် နှုတ်သီးဖြင့် ထိုး၍ ထုတ်ကုန်သျှက် စားကုန်၏။ ဘုရားလောင်း ငါးမင်းသည် ဆွေမျိုးအပေါင်း၏ ပျက်စီးခြင်းကို မြင်၍ ထိုဆွေမျိုးတို့၏ ဤဆင်းရဲကို ငါ့ကို ထား၍ တစ်ပါးသော လွတ်စေခြင်းငှါ စွမ်းနိုင်သော သူမည်သည် မရှိ။ သစ္စာပြုခြင်းကိုပြု၍ မိုးကိုရွာစေပြီးလျှင် ဆွေမျိုးတို့ကို သေခြင်းဆင်းရဲမှ လွတ်စေအံ့ဟု မည်းသော အဆင်းရှိသောညွန်ကို နှစ်ဖြာယက်၍ ထွက်ပြီးလျှင် ညိုသော သစ်သားနှစ် တံကျင် အဆင်းနှင့် တူသော အဆင်းရှိသော ငါးကြီးသည် ကောင်းစွာ သွေးအင်ပြီးသော နီသော ပတ္တမြားလုံးနှင့် တူကုန်သော မျက်စိတို့ကိုဖွင့်၍ ကောင်းကင်သို့ကြည့်၍ ပဇ္ဇုန်နတ်မင်းအား အသံကိုပေး၍ အိုပဇ္ဇုန်နတ်မင်း ငါသည် ဆွေမျိုးအပေါင်းကိုမှီ၍ ဆင်းရဲ၏။ သင်သည် သီလရှိသော ငါသည် ပင်ပန်းသျှက် အဘယ့်ကြောင့် မိုးကို မရွာစေသနည်း။ ငါသည် ဇာတ်ဘူဖြစ်သော သဘ္ဘဝါဘ့ုကို စားတတ်သော အမျိုး၌ ဖြစ်ပါလျက် ဆန်လုံးပမာဏရှိသော ငါးကို အစပြု၍ စားဖူးသောမည်သည်မရှိ။ ငါသည် တစ်ပါးသော သတ္တဝါကိုလည်း ဇီဝိတ်ခြွေမှ မချဖူး။ ဤသို့လျှင် ငါ၏ သစ္စာကြောင့် မိုးကိုရွာစေ၍ ငါ၏ ဆွေမျိုးအပေါင်းကို လည်းကောင်း၊ ငါ့ကို လည်းကောင်း ဆင်းရဲမှ လွှတ်စေလော့ဟု ဆို၍ အလုပ်အကျွေး အစေအပါး ဖြစ်သော သူကို စေဘိသကဲ့သို့ မိုးနတ်မင်းကို ခေါ်လိုရကား ဤဂါထာကို ရွတ်ဆို၏—

၇၅။ အဘိတ္ထနယ ပဇ္ဇုန္န၊ နိဓိံ ကာကဿ နာသယ။
ကာကံ သောကာယ ရန္ဓေဟိ၊ မဉ္စ သောကာ ပမောစယ။

ပဇ္ဇုန်နတ်မင်း ထစ်ကြိုးလော၊ ကျီး၏ ဥစ္စာအိုးကို ဖျက်ဆီးလော၊ ကျီးကို စိုးရိမ်ခြင်းငှါ ပြုလော၊ ငါ့ကိုလည်း စိုးရိမ်ခြင်းမှ လွတ်စေလော။

ဤသို့ ဘုရားလောင်းသည် အလုပ်အကျွေး အစေအပါးဖြစ်သူကို စေဘိသကဲ့သို့ မိုးနတ်မင်းကို စေ၍ အလုံးစုံသော ကောသလတိုင်း၌ မိုးကြီးစွာ ရွာစေ၍ များစွာသော သတ္တဝါအပေါင်းကို သေခြင်းဆင်းရဲမှ လွတ်စေ၍ အသက်၏ အဆုံး၌ ကံအားလျော်စွာ လား၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ရဟန်းတို့ ယခုအခါ၌သာလျှင် ငါဘုရားသည် မိုးကို ရွာစေသည် မဟုတ်သေး။ ရှေး၌ ငါးအမျိုး၌လည်း ရွာစေဖူးသည်သာလျှင် တည်းဟု မိန့်တော်မူ၍ ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ အနုသန္ဓေကို စပ်တော်မူ၍ ယခုအခါ ငါဘုရား ပရိသတ်တို့သည် ထိုအခါ ငါးအပေါင်းဖြစ်ဖူး ကုန်ပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ ပဇ္ဇုန်နတ်မင်း ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ငါးမင်း ဖြစ်ဖူးပြီ၊ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

ခုနစ်ဆယ့်ငါးခုမြောက်သော မစ္ဆဇာတ်သည် ပြီး၏။

---

## ၇၆-အသင်္ကိယဇာတ်

### သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်း ခိုနိုင်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် "အသင်္ကိယောမှိ ဂါမမှိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် သော ဤအသင်္ကိယဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော် မူစဉ် သာဝတ္ထိမြို့၌ နေသော သီတင်းသည် တစ်ယောက်ကို အကြောင်းပြု၍ ဟောတော်မူ၏။

[ထိုသီတင်းသည်သည် သောတာပန်ဖြစ်သော ဘုရားတပည့် ဖြစ်သတတ်။]

ထိုသီတင်းသည်သည် ပြုဖွယ်ကိစ္စ တစ်စုံတစ်ခုကြောင့် လှည်းကုန်သည် အပေါင်းနှင့်တကွ ခရီးသွားသည်ရှိသော် တစ်ခုသောတောအရပ်၌ လှည်းတို့ကို ချွတ်၍ သစ်ခက်တပ်ဖွဲ့ခြင်းကို ပြုသည်ရှိသော် လှည်းကုန်သည် အပေါင်း၏ အနီး၌ မိမိသည် ကာလကို မှတ်၍ တစ်ခုသော သစ်ပင်ရင်း၌ စင်္ကြံသွား၏။ ခိုးသူ ငါးရာတို့သည် သစ်ခက်တပ်ကို လုယက်ကုန်အံ့ဟု လာလတ် ကုန်၍ လေးဆောက်ပုတ် အစရှိသည့် လက်စွဲကုန်လျက် ထိုထို အရပ်ကို ခြံရံကုန်၏။ သီတင်းသည်လည်း စင်္ကြံသွားသလျှင်ကတည်း။ ထိုခိုးသူ တို့သည် သီတင်းသည်ကို မြင်ကုန်၍ စင်စစ် ဤသူသည် သစ်ခက်တပ်ကို စောင့်သူတစ်ယောက်သည် ဖြစ်လတ္တံ့၊ ဤသူအိပ်ပျော်ခြင်းသို့ ရောက်သော အခါ၌ လုယက်ကုန်အံ့ဟု လွှမ်းမိုးခြင်းငှါ မတတ်နိုင်ကုန်သည်ဖြစ်၍ ထိုထိုအရပ် ၌သာလျှင် တည်ကုန်၏ ထိုသီတင်းသည်လည်း ပဌမယာမ်၌ လည်းကောင်း၊

မဇ္ဈိမယာမ်၌ လည်းကောင်း၊ ပစ္ဆိမယာမ်၌လည်းကောင်း စကြံသွားလျက် သာလျှင် တည်၏၊ မိုးသောက်သည်ရှိသော် ခိုးသူတို့သည် အခွင့်မရကုန်သည် ဖြစ်၍ ယူအပ်သော ကျောက်ဆောက်ပုတ် အစရှိသည်တို့ကိုစွန့်၍ ပြေးကုန်၏။ သီတင်းသည် သည်လည်း မိမိ၏ အမှုကိုပြီးစေ၍ တစ်ဖန် သာဝတ္ထိမြို့သို့ လာခဲ့၍ မြတ်စွာဘုရားသို့ ချဉ်းကပ်ပြီးလျှင် အရှင်ဘုရား ကိုယ်ကို စောင့်ကုန်သော သူတို့သည် သူတစ်ပါးကို စောင့်ကုန်သလောဟု မေးလျှောက်၏။ သီတင်းသည် စောင့်သည် မှန်၏။ ကိုယ်ကိုစောင့်သော သူသည် သူတစ်ပါးကို စောင့်၏။ သူတစ်ပါးကို စောင့်သော သူသည် ကိုယ်ကိုစောင့်၏ဟု မိန့်တော်မူ၏။ ထိုသီတင်း သည်သည် အရှင်ဘုရား အလွန်လျှင် ဤစကားကို ကောင်းစွာ ဆိုအပ်၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား အကျွန်ုပ်သည် လှည်းကုန်သည် အပေါင်း နှင့်တကွ ခရီးသွားသည်ရှိသော် သစ်ပင်ရင်း၌ စကြံသွားလျက် အကျွန်ုပ်၏ ကိုယ်ကို စောင့်အံ့ဟု လှည်းကုန်သည်အပေါင်းတို့ကို စောင့်၏ဟု လျှောက်၏။ မြတ်စွာဘုရားသည် သီတင်းသည် ရှေး၌လည်း ပညာရှိတို့သည် ကိုယ်ကိုစောင့် ကုန်လျက် သူတစ်ပါးကို စောင့်ဖူးကုန်၏ဟု မိန့်တော်မူ၍ ထိုသီတင်းသည်သည် တောင်းပန်အပ်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သောမင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ကာမတို့၌ အပြစ်ကိုမြင်၍ ရသေ့ရဟန်းပြု၍ ဟိမဝန္တာ၌ နေသည်ရှိသော် ချဉ်ဆားမှီဝဲအံ့သောငှါ ဇနပုဒ်သို့ ဒေသစာရီ သွားသည်ရှိသော် လှည်းကုန်သည်အပေါင်းနှင့်တကွ ခရီးသွား၍ တစ်ခုသောတောအုပ်၌ လှည်းစခန်း တည်သည်ရှိသော် လှည်းအနီး၌ ဈာန်ချမ်းသာဖြင့် လွန်စေလျက် တစ်ခုသော သစ်ပင်ရင်း၌ စကြံသွားခြင်းကို ဆောက်တည်၏။ ထိုအခါ ခိုးသူငါးရာတို့သည် ညစာသမင်း စားသောအခါ၌ ထိုလှည်းကုန်သည်အပေါင်းကို လုယက်ကုန်အံ့ဟု လာလတ်၍ ခြံရံကုန်၏။ ထိုခိုးသူတို့သည် ထိုရသေ့ကိုမြင်၍ ရသေ့သူမြတ်ငါတို့ကို အကယ်၍မြင်အံ့၊ လှည်းကုန်သည်တို့အား ကြားလတ္တံ့၊ ထိုရသေ့၏ အိပ်ပျော်ခြင်းသို့ ရောက်သောအခါ လုယက်ကုန်အံ့ဟု ထိုအရပ်၌သာလျှင် တည်ကုန်၏။ ရသေ့သည်လည်း တစ်ညဉ့်ပတ်လုံး စကြံသွားသလျှင်ကတည်း။ ခိုးသူတို့သည် အခွင့်မရကုန်၍ ယူအပ်သော ဆောက်ပုတ် ကျောက်တို့ကို စွန့်ကုန်၍ လှည်းကုန်သည်တို့အား အသံပေး၏။ အို လှည်းကုန်သည်တို့ သစ်ပင်ရင်း၌ စကြံသွားသော ရသေ့သည် ယနေ့ အကယ်၍ မရှိအံ့၊ အလုံးစုံသော သင်တို့သည် လုယက်သဖြင့် ကြီးစွာသောပျက်စီးခြင်းသို့ ရောက်သည်ဖြစ်ကုန်လတ္တံ့၏။ နက်ဖြန် ရသေ့အား ကြီးစွာသော ပူဇော်သက္ကာရကို ပြုကုန်လော့ဟုဆို၍ ဖဲကုန်၏။

ထိုလည်းကုန်သည်တို့သည် မိုးသောက်သည်ရှိသော် ခိုးသူတို့သည် စွန့်အပ်သော ဆောက်ပုတ် ကျောက် အစရှိသည်တို့ကိုမြင်၍ ကြောက်ကုန်သည်ဖြစ်၍ ဘုရားလောင်းထံသို့ လာသတ်ကုန်၍ ရှိခိုးပြီးလျှင် အရှင်ဘုရား အရှင်ဘုရားတို့သည် ထိုခိုးသူတို့ကို မြင်ကုန်သလောဟု မေးလျှောက်ကုန်၏။ ဒါယကာတို့ မြင်အပ်ကုန်သည် မှန်၏ဟု ဆိုသည်ရှိသော် အရှင်ဘုရား ဤမျှလောက်သော ခိုးသတို့ကိုမြင်၍ ကြောက်ခြင်းသည်လည်းကောင်း၊ ရွံ့ရှာခြင်းသည်လည်းကောင်း မဖြစ်သလောဟု မေးလျှောက်ကုန်၏၊ ဘုရားလောင်းသည် ဒါယကာတို့ခိုးသူတို့ကိုမြင်၍ ကြောက်ခြင်းမည်သည်ကား ဥစ္စာရှိသော သူအားသာ ဖြစ်၏၊ ငါသည်ကား ဥစ္စာမရှိ၊ ထိုငါသည် အဘယ်ကြောင့် ကြောက်အံ့နည်း၊ ထိုစကားသည် မှန်၏။ ရွာ၌လည်းကောင်း၊ တော၌လည်းကောင်း နေသောငါ့အား ကြောက်ခြင်းသည်လည်းကောင်း၊ ရွံ့ရှာခြင်းသည်လည်းကောင်း မရှိဟုဆို၍ လှည်းကုန်သည်တို့အား တရားဟောလိုရကား ဂါထာကို ရွတ်ဆို၏-

၇၆။ အသင်္ကိယောမှိ ဂါမမှိ၊ အရညေ နတ္ထိ မေ ဘယံ။
ဥဇုံ မဂ္ဂံ သမာရူဠှော၊ မေတ္တာယ ကရုဏာယ စ။

အို လှည်းကုန်သည်တို့ ငါသည် ရွာ၌ ရွံ့ရှာခြင်း မရှိသည် ဖြစ်ပေ၏။ငါ့အား တော၌ ကြောက်ခြင်းသည် မရှိ။ မေတ္တာဖြင့် လည်းကောင်း၊ ကရုဏာဖြင့်လည်းကောင်း ဖြောင့်စွာ ဗြဟ္မာ့ပြည် ခရီးသို့ ကောင်းစွာ တက်၏။

ဤသို့လျှင် ဘုရားလောင်းသည် ဤဂါထာဖြင့် တရားဟော၍ နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ လူတို့သည် အရိုအသေ ပြုအပ်သည် ဖြစ်၍ ပူဇော်အပ်သည် ဖြစ်၍ အသက်ထက်ဆုံး လေးပါးကုန်သော ဗြဟ္မဝိဟာရတို့ကို ပွါးစေ၍ ဗြဟ္မာ့ပြည်၌ ဖြစ်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူ၍ အနုသန္ဓေကို စပ်၍ ယခုအခါ ငါဘုရားပရိသတ်တို့သည် ထိုအခါ လှည်းကုန်သည် အပေါင်း ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့ ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ခုနစ်ဆယ့်ခြောက်ခုမြောက်သော အသင်္ကိယဇာတ်သည် ပြီး၏။

## ၇၇-မဟာသုပိနဇာတ်

### ကောသလအိပ်မက် ၁၆-ချက်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူဘက်သော သဗ္ဗညူ မြတ်စွာဘုရားသည် လာဗူ နိသီဒန္တိ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမဟာသုပိနဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **တစ်ဆယ့်ခြောက်ချက်သော အိပ်မက်ကြီးတို့ ကို အကြောင်းပြု၍ ဟောတော်မူ၏။**

တစ်နေ့သ၌ ကောသလမင်းကြီးသည် ညဉ့်အခါ၌ မျောက်မျဉ်း အိပ်ပျော်လျက် ပစ္ဆိမယာမ်၌ တစ်ဆယ့်ခြောက်ချက်သော အိပ်မက်ကြီးတို့ကို မြင်မက်၏။ ညဉ့်အခါ၌ ဖြစ်၍ ကြောက်လန့်လျက် နိုး၍ အိပ်မက်တို့ကို မြင်အပ်သည်၏ အဖြစ်ကြောင့် ငါ့အား အသို့ဖြစ်လတ္တံ့နည်းဟု သေဘေးမှ ကြောက်သည်ဖြစ်၍ အိပ်ရာအပြင်၌ ထိုင်လျက်သာလျှင် ညဉ့်ကို လွန်စေသတတ်။ ထိုအခါ မိုးသောက်သည်ရှိသော် ထိုမင်းကြီးသို့ ပုဏ္ဏားပုရောဟိတ်တို့သည် ကပ်ကုန်၍ မြတ်သော မင်းကြီး ရှင်မင်းကြီးတို့သည် ချမ်းသာစွာ အိပ်ရပါ၏လောဟု မေးလျှောက်ကုန်၏။ ဆရာတို့ ငါ့အား အဘယ်မှာ ချမ်းသာအံ့နည်း။ ယနေ့ ငါသည် မိုးသောက်သောအခါ တစ်ဆယ့်ခြောက်ချက်သော အိပ်မက်ကြီးတို့ကို မြင်ပြီး၍ ထိုငါသည် ထိုအိပ်မက်ကို မြင်သောအခါမှ စ၍ ကြောက်ခြင်းသို့ ရောက်သည် ဖြစ်၏ဟု ဆို၏။ မြတ်သော မင်းကြီး ဆိုတော်မူလော၊ ထိုအိပ်မက်ကို ကြား၍ သိရကုန်အံ့ဟု လျှောက်သည်ရှိသော် ပုဏ္ဏားတို့အား မြင်သော အိပ်မက်တို့ကို ဆို၍ ဤအိပ်မက်တို့ကို မြင်၏။ အကြောင်းသည် အသို့ဖြစ်လတ္တံ့နည်းဟု မေး၏၊ ပုဏ္ဏားတို့သည် လက်တို့ကို ခါကုန်၏။ အဘယ့်ကြောင့် လက်တို့ကို ခါကုန်သနည်းဟု ဆိုသည်ရှိသော် မြတ်သော မင်းကြီး အိပ်မက်တို့သည် ကြမ်းကုန်၏ဟု လျှောက်ကုန်၏၊ ထိုအိပ်မက်တို့၏ အကျိုးသည် အသို့ဖြစ်လတ္တံ့နည်းဟု မေး၏ မြတ်သော မင်းကြီး တိုင်းပြည်အန္တရာယ်လည်းကောင်း, မိဖုရားအန္တရာယ်လည်းကောင်း, အသက်အန္တရာယ်လည်းကောင်း ဤသုံးပါးသော အန္တရာယ်တို့တွင် တစ်ပါးပါးသော အန္တရာယ်သည် ဖြစ်လတ္တံ့ဟု လျှောက်ကုန်၏။ ဆရာတို့ ကုစားအပ်သော အိပ်မက်တို့လော၊ မကုစားအပ်သော အိပ်မက်တို့လောဟု မေး၏။ မြတ်သော မင်းကြီး ထိုအိပ်မက်တို့သည် အလွန်ကြမ်းသည်၏ အဖြစ်ကြောင့် မကုစားအပ်။ အကယ်၍ မကုစားအပ်ကုန်သော်လည်း အကျွန်ုပ်တို့သည် ထိုအိပ်မက်တို့ကို ကုစားအပ်သည်တို့ကို ပြုပါကုန်အံ့ ထိုအိပ်မက်တို့ကို ကုစားအံ့သော်ငါ မတတ်နိုင်ကုန်သည် ရှိသော် အကျွန်ုပ်တို့အား အပတတ်သင်

သော အဖြစ် မည်သည် အဘယ်အကျိုး ရှိတော့အံ့နည်းဟု လျှောက်ကုန်၏။ ဆရာတို့ အသို့ပြုလျက် ကုစားကုန်အံ့နည်းဟု မေး၏။ မြတ်သော မင်းကြီး အလုံးစုံ လေးခုအပေါင်းဖြင့် ယဇ်ကို ပူဇော်ပါကုန်ဟု လျှောက်ကုန်၏။ ထိုစကား ကို ကြား၍ မင်းကြီးသည် ကြောက်လန့်သည် ဖြစ်၍ ဆရာတို့ ထိုသို့ ဖြစ်လျှင် ငါ၏ အသက်သည် သင်တို့၏ လက်၌ ဖြစ်စေ လျင်စွာလျှင် ချမ်းသာခြင်းကို ပြုကုန်လောဟု ဆို၏။ ပုဏ္ဏားတို့သည် များစွာသော ဥစ္စာတို့ကို ရကုန်လတ္တံ့ များစွာသော ခဲဖွယ် ဘောဇဉ်တို့ကို ရကုန်လတ္တံ့ဟု နှစ်သက် ရွှင်လန်းသော စိတ်ရှိကုန်သည် ဖြစ်၍ မြတ်သော မင်းကြီး ကြံတော် မမူပါလင့်ဟု မင်းကြီးအား သက်သာရာ ရစေ၍ မင်းအိမ်မှ ထွက်ပြီးလျှင် မြို့အပ၌ ယဇ်တွင်းကို ပြု၍ များစွာသော အခြေလေးချောင်း ရှိကုန်သော သတ္တဝါတို့ကို ယဇ်တွင်း၏ အနီးသို့ ဆောင်၍ အလုံးစုံသော ငှက်အပေါင်းတို့ကို ပေါင်းစု၍ ဤမည်သော ဤမည်သော ဝတ္ထုကို ရခြင်းငှါ သင့်၏ဟု အဖန်တလဲလဲ သွားကုန်၏။

ထိုအခါ မလ္လိကာမိဖုရားသည် ထိုအကြောင်းကို သိ၍ မင်းကြီးသို့ ကပ်ပြီး လျှင် မြတ်သော မင်းကြီး ပုဏ္ဏားတို့သည် အဖန်တလဲလဲ အဘယ့်ကြောင့် သွားကုန်သနည်းဟု မေး၏။ ရှင်မိဖုရား သင်သည်ကား ချမ်းသာပေ၏၊ ငါတို့၏ နားရင်း၌ သွားသော မြွေဟောက်ကို မသိသလောဟု မေး၏။ ရှင်မင်းကြီး ထိုသို့ သွားသော မြွေဟောက်ဟူသည် အဘယ်နည်းဟု မေး၏။ ငါသည် ဤသို့သဘောရှိကုန်သော မကောင်းသော အိပ်မက်တို့ကို မြင်အပ် ကုန်၏။ ပုဏ္ဏားတို့သည် သုံးပါးကုန်သော အန္တရာယ်တို့တွင် တစ်ပါးပါးသော အန္တရာယ်သည် ထင်၏ဟု ဆို၍ ထို အန္တရာယ်တို့ကို ဖျောက်ခြင်းငှါ ယဇ်ပူဇော် ကုန်အံ့ဟူ၍ အဖန်တလဲလဲ သွားကုန်၏ဟု ဆို၏။ ရှင်မင်းကြီး နတ်နှင့်တကွ သော လောက၌ မြတ်သော ပုဏ္ဏားကို အိပ်မက် ကုစားခြင်းငှါ ရှင်မင်းကြီးသည် မေးတော်မူပြီလောဟု လျှောက်၏။ ရှင်မိဖုရား နတ်နှင့် တကွသော လောက၌ မြတ်သော ပုဏ္ဏားဟူသည် အဘယ်နည်းဟု မေး၏။ ရှင်မင်းကြီး နတ်နှင့် တကွသော လောက၌ မြတ်သောပုဂ္ဂိုလ် ဖြစ်တော်မူသော ခပ်သိမ်းသော တရား တို့ကို သိတော်မူသော အထူးသဖြင့် ကိလေသာတို့မှ စင်ကြယ်သော ကိလေသာ ရှိသော ကောင်းသော လာခြင်း ရှိတော်မူသော ဂေါတမအနွယ် ဖြစ်တော် မူသော ပုဏ္ဏားကို မသိသလော၊ ထိုစကားသည် မှန်၏၊ ထိုမြတ်စွာဘုရားသည် အိပ်မက်အကျိုးကို သိရာ၏။ ရှင်မင်းကြီး ကြွတော်မူချေ၊ ရှင်မင်းကြီးသည် ထိုမြတ်သော ပုဏ္ဏားကို မေးတော်မူလေဟု လျှောက်၏။ ရှင်မိဖုရား ကောင်းပြီဟု မင်းကြီးသည် စောစောကလျှင် ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားကို ရှိခိုးလျက်နေ၏၊

မြတ်စွာဘုရားသည် သာယာစွာသော အသံကို မြွက်တော်မူ၍ မြတ်သော မင်းကြီး အဘယ့်ကြောင့် စောစောကလျှင် လာသနည်းဟု မေးတော်မူ၏။ အရှင်ဘုရား အကျွန်ုပ်သည် မိုးသောက်ထ အခါ၌ တစ်ဆယ့်ခြောက်ချက်သော အိပ်မက်ကြီးတို့ကို မြင်မက်၍ ကြောက်သောကြောင့် ပုဏ္ဏားတို့အား ကြား၏။ ပုဏ္ဏားတို့သည် မြတ်သောမင်းကြီး အိပ်မက်တို့သည် ကြမ်းကြုတ်ကုန်၏။ ထို အိပ်မက်တို့ကို ဖျောက်အံ့သောငှါ အလုံးစုံ လေးခုအပေါင်းဖြင့် ယဇ်ပူဇော်အံ့ဟု ယဇ်ကိုစီရင်ကုန်၏၊ များစွာသော သတ္တဝါတို့သည် သေဘေးမှ ကြောက်ကုန်၏။ အရှင်ဘုရားတို့သည်လည်း နတ်နှင့် တကွသော လောက၌ မြတ်သောပုဂ္ဂိုလ် ဖြစ်တော်မူ၏။ အတိတ် အနာဂတ် ပစ္စုပ္ပန်ကို စွဲ၍ အကြင် သိအပ်သော တရား သည် အရှင်ဘုရားတို့၏ ဉာဏ်တော်၌ ထင်ခြင်းသို့ မရောက်။ ထိုထင်ခြင်းသို့ မရောက်သော တရားမရှိ။ ဘုန်းတော်ကြီးသော အရှင်ဘုရား အကျွန်ုပ်၏ ဤ အိပ်မက်တို့၏ အကျိုးကို ဟောတော်မူပါကုန်လော့ဟု လျှောက်၏။ မြတ်သော မင်းကြီး သို့သင်မင်းကြီးဆိုသော စကားသည် မင်းကြီးဆိုဘိုင်းသာလျှင်မှန်၏။ နတ်နှင့်တကွသော လောက၌ ငါဘုရားကိုထား၍ တစ်ပါးသော အိပ်မက် တို့၏ အကျိုးကို လည်းကောင်း,ဖြစ်ခြင်းကို လည်းကောင်း သိခြင်းငှါ စွမ်းနိုင် သောသူ မည်သည်မရှိ။ ငါသည် သင်မင်းကြီးအား ဟောအံ့။ စင်စစ်သော်ကား သင်မင်းကြီးသည် မြင်တိုင်း မြင်တိုင်းသော အမှတ်ဖြင့်သာလျှင် အိပ်မက်တို့ကို ဆိုလော့ဟု မိန့်တော်မူ၏။ အရှင်ဘုရား ကောင်းပြီဟု မင်းကြီးသည် မြင်တိုင်း မြင်ဘိုင်းသော အမှတ်ဖြင့်သာလျှင် ဆိုအံ့သောငှါ အားထုတ်လို၍ မာတိကာကို ထား၍ လျှောက်၏။

၇၇။ ဥသဘာ ရုက္ခာ ဂါဝိယော ဂဝါ စ၊
အဿော ကံသော သိင်္ဂါလီ စ ကုမ္ဘော။
ပေါက္ခရဏီ စ အပါကစန္ဒနံ၊
လာဗူနိ သီဒန္တိ သိလာ ပ္လဝန္တိ။

မဏ္ဍူကိယော ကဏှသပ္ပေ ဂိလန္တိ၊
ကာကံ သုပဏ္ဏာ ပရိဝါရယန္တိ။
တသာ ဝကာ ဧဠကာနံ ဘယာ ဟိ၊
ဝိပရိယာသော ဝတ္တတိ နယိဓ မတ္ထိ။

နွားနက်ဥသဘလေးခုတို့သည် ငြှေအံ့သော အခြင်းအရာကို ပြ၍ ဖဲကုန်၏။ ငယ်စွာကုန်သော သစ်ပင်ချုံတို့သည် ပွင့်ကုန် သီးကုန်၏၊ နွားမကြီးတို့သည်

ယနေ့မွေးသော နွားမငယ်၏ နို့ကို စို့ကုန်၏။ လည်း၌ ကအပ်ကုန်သော နို့စို့ နို့ခွါ နွားငယ်တို့သည် ငန်ကို မရှက်ဆောင်နိုင်ကုန်။ နှစ်ဖက်မျက်နှာရှိသော မြင်းသည် နှစ်ဖက်သော ခံတွင်းဖြင့် အစာကို စား၏။ အပ်ပုံးတစ်သိန်းထိုက်သော ရွှေလင်ပန်းကို ဤ၌ ကျင်ငယ် စွန့်လော့ဟု မြေခွေးအားဆောက်နှင်း၏၊ အထက်၌ ကျစ်ဒပ်သော လွန်ကို အောက်က မြေခွေးမ စား၏။ အချည်းနှီးသော အိုးတို့ဖြင့် ငြံရံအပ်သော ရေပြည့်အိုး၌သာ ရေလောင်း၏၊ ရေကန်အလယ်၌ ရေတို့သည် နောက်ကုန်၍ အနား၌ ရေတို့သည် ကြည်ကုန်၏။ တစ်လုံးတည်းသော အိုးဖြင့် ချက်အပ်သော ထမင်းသည် သုံးစုအားဖြင့် ကျက်၏။ အဖိုး တစ်သိန်းထိုက်သော စန္ဒကူးနံ့သာကို ယက်တက်ရည်ပုတ်ဖြင့် ရောင်းစား၏၊ ဗူးတောင်းတို့သည် ရေ၌ နစ်ကုန်၏။ ကျောက်ဖျာကြီးတို့သည် ရေ၌ ပေါ်ကုန်၏။ ဖားမငယ်တို့သည် မြွေဟောက်တို့ကို မျိုကုန်၏။ ကျီးကို ရွှေဟင်္သာတို့သည် ငြံရံကုန်၏။ ထိတ်လန့်ခြင်းကို ဖြစ်စေတတ်ကုန်သော သစ်တို့သည် ဆိတ်တို့အား ကြောက်ကုန်၏။

၁။ အရှင်ဘုရား အကျွန်ုပ်သည် ရှေးဦးစွာသော တစ်ခုသော အိပ်မက်ကို ဤသို့ မြင်၏၊ မျက်စဉ်းညို အဆင်းနှင့်တူကုန်သော နွားနက် ဥသဘတို့သည် တွေ့ကုန်အံ့ဟု အရပ်လေးမျက်နှာတို့မှ မင်းရင်ပြင်သို့ လာလတ်ကုန်၍ နွားဥသဘ တွေ့ခြင်းကို ကြည့်ကုန်အံ့ဟု လူများသည် မင်းရင်ပြင်၌ စည်းဝေးသည်ရှိသော် တွေ့အံ့သော အခြင်းအရာကို ပြု၍ တွန်၍ ကြုံးဝါး၍ မတွေ့ကုန်မူ၍ သာလျှင် ဖဲသွား၏၊ ရှေးဦးစွာ ဤအိပ်မက်ကို မြင်မက်၏၊ ဤအိပ်မက်၏ အကျိုးသည် အသို့နည်းဟု လျှောက်၏၊ မြတ်သော မင်းကြီး ဤအိပ်မက်၏ အကျိုးသည် သင်၏ လက်ထက်၌ မဖြစ်လတ္တံ့တည်း၊ ငါဘုရား လက်ထက်တော်၌ မဖြစ်လတ္တံ့တည်း၊ နောင်သော အခါ၌ကား တရား မစောင့်ကုန်သော မင်းဆင်းရဲတို့၏ လည်းကောင်း၊ တရား မစောင့်ကုန်သော သူတို့၏ လည်းကောင်း လက်ထက်၌ လူတို့သည် ပြောင်းပြန် ဖြစ်ကုန်သည်ရှိသော်၊ ကုသိုလ်သည် ဆုတ်ယုတ်သည်ရှိသော် အကုသိုလ်သည် ပြန့်ပြောသည်ရှိသော် လူတို့၏ ယုတ်သော လောက၌ မိုးသည် ကောင်းစွာ မရွာ၊ မိုးရွာခြင်းတို့သည် ပြတ်ကုန်လတ္တံ့၊ ကောက်တို့သည် ညှိုးကုန်လတ္တံ့၊ ငတ်မွတ်ခြင်းဘေးသည် ဖြစ်ကုန်လတ္တံ့၊ ရွာအံ့ဘိသကဲ့သို့ အရပ်လေးမျက်နှာတို့မှ မိုးတို့သည် တက်လတ်ကုန်၍ မိန်းမတို့သည် နေပူ၌ ဖြန့်၍ လှမ်းအင်ကုန်သော ကောက် အစရှိသည်တို့ကို မိုးစွတ်အံ့သည်မှ ကြောက်သောကြောင့် အိမ်တွင်းသို့ သွင်းသော ကာလ၌ ယောကျ်ားတို့သည် ပေါက်တူး တောင်း လက်စွဲကုန်လျက် လယ်ကန်သင်း တည်အံ့သောငှါ ထွက်ကုန်သည်ရှိသော် ရွာအံ့သော အခြင်းအရာကို ပြ၍ ထစ်ကြိုး၍ လျှပ်စစ်နွယ်တို့ဖြင့် ပြက်လျက် ထိုနွားဥသဘတို့သည် မတွေ့ကုန်မူ၍ ဖဲကုန်သကဲ့သို့ မရွာမူ၍

ပြေးကုန်လတ္တံ့။ ဤသို့ ဆိုအပ်ပြီးသည်ကား ရှေးဦးစွာ ထိုအိပ်မက်၏ အကျိုးတည်း၊ သင်မင်းကြီးအား ထိုအိပ်မက်ဟူသော အကြောင်းကြောင့် တစ်စုံ တစ်ခုသော အန္တရာယ် မရှိ၊ အနာဂတ်ကို စွဲ၍ ဤအိပ်မက်ကို မြင်မက်၏၊ ပုဏ္ဏားတို့သည်ကား မိမိ၏ အသက်မွေးခြင်းကို မှီ၍ ဆိုကုန်၏ဟု မိန့်တော်မူ၏။

၂။ ဤသို့လျှင် မြတ်စွာဘုရားသည် ပထမ အိပ်မက်၏ အကြောင်းကို ဟောတော်မူ၍ မြတ်သောမင်းကြီး နှစ်ခုမြောက်သော အိပ်မက်ကို ဆိုလော့ဟု မိန့်တော်မူ၏၊ အရှင်ဘုရား အကျွန်ုပ်သည် နှစ်ခုမြောက်သော အိပ်မက်ကို ဤသို့ မြင်မက်၏၊ အသွင် ငယ်စွာကုန်သော သစ်ပင်တို့သည် လည်းကောင်း ငယ်စွာ ကုန်သော ချုံတို့သည် လည်းကောင်း မြေကို ဖေါက်ကုန်၍ တစ်ထွာမျှ လည်းကောင်း၊ တစ်တောင်မျှ လည်းကောင်း တက်ကုန်၍ ပွင့်လည်း ပွင့်ကုန်၏၊ သီးလည်း သီးကုန်၏၊ နှစ်ခုမြောက်သော ဤအိပ်မက်ကို မြင်မက်၏၊ အကျိုးသည်ကား အသို့နည်းဟု လျှောက်၏၊ မြတ်သော မင်းကြီး ဤအိပ်မက်၏ အကျိုးသည်လည်း လောက၏ ဆုတ်ယုတ်သော အခါ၌ အသက်တိုသော ကာလ၌ ဖြစ်လတ္တံ့။ ထိုစကားသည် မှန်၏၊ နောင်အခါ သတ္တဝါတို့သည် ထက်သော ရာဂ ရှိကုန်သည် ဖြစ်လတ္တံ့။ အရွယ်မရောက်သေးကုန်သော သတို့ သမီးငယ်တို့သည် ယောကျ်ားတစ်ပါးသို့ ရောက်ကုန်၍ ဥတုလာ ကုန်သည် လည်းကောင်း၊ ကိုယ်ဝန်ဆောင်ကုန်သည် လည်းကောင်း ဖြစ်ကုန်၍ သားသမီး တို့ကို ဖွားကုန်လတ္တံ့။ ထိုစကားသည် မှန်၏၊ ငယ်စွာကုန်သော သစ်ပင်ချုံတို့၏ အပွင့်တို့ကဲ့သို့ ထိုသတို့သမီးတို့အား ဥတုလာသော အဖြစ်သည် ဖြစ်လတ္တံ့။ အသီးကဲ့သို့ သားသမီးတို့သည် ဖြစ်ကုန် လတ္တံ့။ ဤအိပ်မက် ဟူသော အကြောင်းကြောင့်လည်း သင်မင်းကြီးအား ဘေးမရှိ။

၃။ သုံးခုမြောက်သော အိပ်မက်ကိုလည်း ဆိုလောဟု မိန့်တော်မူ၏။ အရှင်ဘုရား၊ နွားခကြီးတို့သည် ထိုနေ့မွေးကုန်သော နွားမငယ်တို့၏နို့ကို စို့ကုန် သည်တို့ကို မြင်မက်၏။ အကျွန်ုပ်၏ သုံးခုမြောက်သော အိပ်မက်သည်ကား ဤ အိပ်မက်တည်း။ ဤအိပ်မက်၏ အကျိုးသည်ကား အသို့နည်းဟု လျှောက်၏။ မြတ်သော မင်းကြီး၊ ဤအိပ်မက်၏ အကျိုးသည်လည်း နောင်အခါ၌သာ လူ တို့၏ ကြီးသူတို့ကို အရိုအသေပြုသော အမှု၏ ပျောက်ကွယ်သော အခါ၌ ဖြစ်လတ္တံ့။ ထိုစကားသည် မှန်၏၊ နောင်အခါ၌ သတ္တဝါတို့သည် အမိအဖ တို့၌လည်းကောင်း၊ ယောက္ခမ မိန်းမ ယောက္ခမယောကျ်ားတို့၌လည်းကောင်း၊ အရှက်ကို မဖြစ်စေမူ၍ မိမိတို့သည်သာလျှင် ဥစ္စာကို စီရင်ကုန်၍ စားရုံဝတ်ရုံ မျှကို ကြီးသူတို့အား ပေးလိုကုန်သော သူတို့သည် ပေးကုန်လတ္တံ့။ မပေးလို ကုန်သောသူတို့သည် မပေးကုန်လတ္တံ့။ ထိုနေ့၌ ဖွားကုန်သော နွားမငယ်တို့၏ နို့ကို စို့ကုန်သော နွားမကြီးကဲ့တို့သို့ ကြီးသူတို့သည် ကိုးကွယ်ရာ မရှိကုန်သည်

ဖြစ်၍ မိမိတို့မှ ဖြင်သော သူငယ်တို့ကို နှစ်သက်စေ၍ အသက်မွေးရကုန်လတ္တံ့။ ဤအိပ်မက်ဟူသောအကြောင်းကြောင့်လည်း သင်မင်းကြီးအား ဘေးမရှိ။

၄။ မြတ်သော မင်းကြီး လေးခုမြောက်သော အိပ်မက်ကို ဆိုလေဟု မိန့်တော်မူ၏၊ အရှင်ဘုရား ဝန်ကို ရွက်ဆောင်နိုင်သော အလုံးအရပ်နှင့် ပြည့်စုံသော နွားကြီးတို့ကို ထမ်းပိုးအဆင့်ဆင့်တို့ဖြင့် မကကုန်မူ၍ နို့စို့ နို့ခွါဖြစ်ကုန်သော နွားငယ်တို့ကို လှည်း၌ ကကုန်သည်တို့ကို မြင်မက်၏။ ထိုနို့စို့ နို့ခွါဖြစ်သော နွားငယ်တို့သည် ဝန်ကို ရွက်ဆောင်ခြင်းငှါ မတတ်နိုင်သည် ဖြစ်၍ ဝန်ကို စွန့်၍ နေကုန်၏။ လှည်းတို့သည်လည်း မလည်ကုန်၊ အကျွန်ုပ်၏ လေးခုမြောက်သော အိပ်မက်သည်ကား ဤအိပ်မက်တည်း၊ ဤအိပ်မက်၏ အကျိုးကား အသို့နည်းဟု လျှောက်၏။ မြတ်သော မင်းကြီး ဤအိပ်မက်၏ အကျိုးသည်လည်း နောင် အခါ၌သာလျှင် တရားမစောင့်သော မင်းတို့၏ လက်ထက်၌ ဖြစ်ကုန်လတ္တံ့၊ ထိုစကားသည် မှန်၏။ နောင်အခါ၌ တရားမစောင့်ကုန်သော မင်းဆင်းရဲတို့သည် ပညာရှိကုန်သော အစဉ်အဆက်၌ လိမ္မာကုန်သော မင်းမှုကို ဆောင်ရွက်ခြင်းငှါ စွမ်းနိုင်ကုန်သော အမတ်ကြီးတို့အား စည်းစိမ်ကို မပေးကုန်လတ္တံ့၊ တရားသဘင်၌ တရားဆုံးဖြတ်သော အရာ၌လည်း ပညာရှိကုန်သော တရားဆုံးဖြတ်ခြင်း၌ လိမ္မာကုန်သော အမတ်တို့ကို မထားကုန်လတ္တံ့၊ ထိုအမတ်ကြီးတို့မှ ပြန်ကုန်သော အလွန်ငယ်ကုန်သော သူတို့အားကား စည်းစိမ်ကို ပေးကုန်လတ္တံ့၊ ဤသို့ သဘောရှိသည်သာလျှင် ဖြစ်သောသူတို့ကို တရားဆုံးဖြတ်ရာ အရပ်၌ ထားကုန်လတ္တံ့၊ ထိုငယ်ကုန်သောသူတို့သည် မင်းမှုတို့ကိုလည်းကောင်း, သင့် မသင့်တို့ကိုလည်းကောင်း မသိကုန်သည်ဖြစ်၍ ထိုစည်းစိမ်ကို ရွက်ဆောင် အံ့သောငှါ မတတ်နိုင်လတ္တံ့၊ မင်းမှုတို့ကိုလည်း ရွက်ဆောင်ခြင်းငှါ မတတ်နိုင် လတ္တံ့၊ ထိုအလွန်ငယ်ကုန်သော သူတို့သည် မတတ်နိုင်ကုန်သည် ဖြစ်၍ မင်းမှု ဝန်ကို စွန့်ကုန်လတ္တံ့၊ ကြီးသည်လည်း ဖြစ်ကုန်သော ပညာရှိအမတ်တို့သည် စည်းစိမ်ကို မရကုန်သည် ဖြစ်၍ မင်းမှုကိစ္စတို့ကို ရွက်ဆောင်အံ့သောငှါ တတ်နိုင် ကုန်သော်လည်း ငါတို့အား ထိုမင်းမှုတို့ဖြင့် အဘယ်မူအံ့နည်း၊ ငါတို့သည် ပြင်ပသာ ဖြစ်ကုန်၏။ အတွင်းသားဖြစ်ကုန်သော ငယ်ကုန် အလွန်ငယ်ကုန်သော သူတို့သည် သိကုန်လတ္တံ့ဟု ဖြစ်ကုန်သော မင်းမှုတို့ကို မစောင့်ကုန်လတ္တံ့၊ ဤသို့ ဖြစ်သည် ရှိသော် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ထိုတရားမစောင့် ကုန်သော မင်းတို့အား ဆုတ်ယုတ်သည်သာလျှင် ဖြစ်ကုန်လတ္တံ့၊ ဝန်ကို ရွက်ဆောင်ခြင်းငှါ မတတ်နိုင်ကုန်သော နို့စို့ နို့ခွါဖြစ်ကုန်သော နွားတို့ကို လှည်း၌ ကသော အခါကဲ့သို့ ဝန်ကို ရွက်ဆောင်နိုင်ကုန်သော နွားကြီးတို့ကို ထမ်းပိုး အဆင့်ဆင့်ဖြင့် မကသော အခါကဲ့သို့ ဖြစ်လတ္တံ့၊ ဤ အိပ်မက် ဟူသော အကြောင်းကြောင့်လည်း သင်မင်းကြီးအား ဘေးမရှိ။

၅။ မြတ်သော မင်းကြီး ငါးခုမြောက်သော အိပ်မက်ကိုဆိုလော့ဟု မိန့်တော်မူ၏။ အရှင်ဘုရား အကျွန်ုပ်သည် တစ်ခုသော နှစ်ဖက်သော မျက်နှာရှိသော မြင်းကို မြင်မက်၏၊ ထိုမြင်း၏ နှစ်ဖက်သော နံပါးတို့၌ မုယောနှမ်းကို ပေးကုန်၏။ ထိုမြင်းသည် နှစ်ဖက်သောခံတွင်းဖြင့် စား၏။ အကျွန်ုပ်၏ ငါးခုမြောက်သောအိပ်မက်သည် ဤအိပ်မက်တည်း၊ ဤအိပ်မက်၏ အကျိုးသည် အသို့နည်းဟု လျှောက်၏၊ မြတ်သော မင်းကြီး ဤအိပ်မက်၏ အကျိုးသည်လည်း နောင်သော အခါ တရားမစောင့်သော မင်းသို့၏လက်ထက်၌သာလျှင် ဖြစ်လတ္တံ့၊ ထိုစကားသည်မှန်၏။ နောင်သော အခါ တရား မစောင့်ကုန်သော မင်းမိုက်တို့သည် တရား မစောင့်ကုန်သော လျှပ်ပေါ်လော်လည်ကုန်သော သူတို့ကို တရားဆုံးဖြတ်သော အရာ၌ ထားကုန်လတ္တံ့၊ ကောင်းမှု မကောင်းမှုတို့၌ မရှုသော ထိုသူမိုက်သည် တရားသဘင်၌ နေ၍ အဆုံးအဖြတ်ကို ပေးကုန်သည် ရှိသော် မြင်းသည် နှစ်ဖက်သော ခံတွင်းတို့ဖြင့် မုယောနှမ်းကို စားသကဲ့သို့ နှစ်ဖက်လည်း ဖြစ်ကုန်သော တရားသကတို့၏ လက်မှ တံစိုးကို ယူ၍ စားကုန်လတ္တံ့၊ ဤအိပ်မက်ဟူသော အကြောင်းကြောင့်လည်း သင်မင်းကြီး၌ အပြစ်မရှိ။

၆။ မြတ်သော မင်းကြီး ခြောက်ခုမြောက်သော အိပ်မက်ကို ဆိုလော့ဟု မိန့်တော်မူ၏။ အရှင်ဘုရား လူအများသည် အဖိုးတစ်သိန်း ထိုက်သော ရွှေခွက်ကို သုတ်သင်၍ ဤရွှေခွက်၌ ကျင်ငယ်စွန့်လော့ဟု တစ်ခုသော မြေခွေးဖိုအား ထား၏။ ဤရွှေခွက်၌ ကျင်ငယ်စွန့်ခြင်းကို ပြုသော ထိုမြေခွေးဖိုကို မြင်မက်၏။ အကျွန်ုပ်၏ ခြောက်ခုမြောက်သော အိပ်မက်သည် ဤအိပ်မက်တည်း၊ ဤအိပ်မက်၏ အကျိုးသည် အသို့နည်းဟု လျှောက်၏။ မြတ်သော မင်းကြီး ဤအိပ်မက်၏ အကျိုးသည်လည်း နောင်အခါ၌သာလျှင် ဖြစ်လတ္တံ့၊ ထိုစကားသည် မှန်၏။ နောင်အခါ တရားမစောင့်ကုန်သော မင်းတို့သည် အမျိုးနှင့် ပြည့်စုံကုန်သော သူကောင်းသားတို့အား ရွံရှာခြင်းကြောင့် စည်းစိမ်ကို မပေးကုန်လတ္တံ့။ အမျိုးမြတ်သော သူတို့ကို စွန့်ကုန်လတ္တံ့။ အမျိုးယုတ်သော သူတို့အားသာလျှင် စည်းစိမ်ကို ပေးကုန်လတ္တံ့။ ဤသို့ ဖြစ်သည် ရှိသော် အမျိုးမြတ်ကုန်သော သူတို့သည် ဆင်းရဲကုန်သည် ဖြစ်ကုန်လတ္တံ့၊ အမျိုးယုတ်သော သူတို့သည် အစိုးရသည် ဖြစ်ကုန်လတ္တံ့၊ အမျိုးမြတ်သော ယောကျ်ားတို့သည်လည်း အသက်မွေးခြင်းငှါ မတတ်နိုင်ကုန်သည် ဖြစ်၍ ဤသူယုတ်တို့ကို မှီ၍ အသက်မွေးကုန်အံ့ဟု အမျိုးယုတ်ကုန်သော သူတို့အား သမီးကို ပေးကုန်လတ္တံ့၊ ဤသို့လျှင် မြေခွေးဖိုအား ရွှေခွက်၌ ကျင်ငယ်စွန့်ခြင်းနှင့်တူသော ထိုအံမျိုးကောင်းသမီးတို့၏ အမျိုးယုတ်ကုန်သော သူတို့နှင့် တကွ ပေါင်းဖော်ခြင်းသည် ဖြစ်လတ္တံ့၊ ဤအိပ်မက် ဟူသော အကြောင်းကြောင့်လည်း သင်မင်းကြီးအား ဘေးမရှိ။

၇။ မြတ်သော မင်းကြီး ခုနစ်ခုမြောက်သော အိပ်မက်ကို ဆိုလောဟု မိန့်တော်မူ၏။ အရှင်ဘုရား ယောကျ်ား တစ်ယောက်သည် လွန်ကို ကျစ်၍ ခြေရင်း၌ ထား၏၊ ထိုယောကျ်ားသည် ထိုင်အပ်သော အင်းပျဉ်အောက်၌ အိပ်သော ဆာမွတ်သော မြေခွေးမတစ်ကောင်သည် ထိုယောကျ်ား၏ မသိစဉ် ထိုလွန်ကို စား၏၊ ဤသို့ အကျွန်ုပ်သည် မြင်ရ၏။ အကျွန်ုပ်၏ ခုနစ်ခုမြောက်သော အိပ်မက်သည် ဤအိပ်မက်တည်း။ ဤအိပ်မက်၏ အကျိုးသည် အသို့နည်းဟု လျှောက်၏။ မြတ်သော မင်းကြီး ဤအိပ်မက်၏ အကျိုးသည်လည်း နောင်အခါ၌သာလျှင် ဖြစ်လတ္တံ့။ ထိုစကားသည် မှန်၏။ နောင်အခါ၌ မိန်းမတို့သည် ယောကျ်ား၌ လော်လည်ကုန်သည်, သေသောက်ခြင်း၌ လော်လည်ကုန်သည်, တန်ဆာဆင်ခြင်း၌ လော်လည်ကုန်သည်၊ လှည့်ပတ်ခြင်း၌ လော်လည်ကုန်သည်, အာမိသ၌ လော်လည်ကုန်သည် ဖြစ်ကုန်လတ္တံ့။ သီလ မရှိကုန်သည် ဖြစ်ကုန်လတ္တံ့။ ယုတ်မာသော အကျင့်ရှိကုန်သည် ဖြစ်ကုန်လတ္တံ့။ ထိုမိန်းမတို့သည် လင်တို့သည် လယ်ထွန်ခြင်း၊ နွားကျောင်းခြင်း အစရှိသော အမှုတို့ကို ပြုကုန်၍ ငြိုငြင်သဖြင့် ဆည်းပူးအပ်သော ဥစ္စာကို သယောက်လင်တို့နှင့် တကွ သေကို သောက်ကုန်လျက် ပန်းနံ့သာ နံ့သာပျောင်းတို့ကို ဆင်ယင်ကုန်လျက် အိမ်၌ အဆောတလျင် ပြုအပ်သော အမှုကိစ္စကို မကြည့်မူ၍ အိမ်နံရံ၏ အထက် အဖို့တို့ဖြင့် လည်းကောင်း၊ အပေါက်ရှိရာ အရပ်တို့ဖြင့် လည်းကောင်း သယောက်လင်ကို စုံစမ်းကြည့်ရှုကုန်လျက် နက်ဖြန် မျိုးကြဲအပ်သည်နှင့် ယှဉ်သော မျိုးစပါးကိုလည်း ထောင်း၍ ယာဂု, ထမင်း, ခဲဖွယ် အစရှိသည်တို့ကို ပြည့်စုံစေ၍ ခဲကုန်လျက် ခိုးစားကုန်လတ္တံ့။ အဘယ်သို့ ခိုးစားကုန်လတ္တံ့နည်းဟူမူကား အင်းပျဉ်အောက်၌ ဝင်၍ နေသော ဆာမွတ်သော မြေခွေးမသည် ကျစ်၍ ကျစ်၍ ခြေရင်း၌ ထားသော လွန်ကို ခိုးစားသကဲ့သို့ ခိုးစားကုန်လတ္တံ့။ ဤအိပ်မက်ဟူသော အကြောင်းကြောင့်လည်း သင်မင်းကြီးအား ဘေးမရှိ။

၈။ မြတ်သော မင်းကြီး ရှစ်ခုမြောက်သော အိပ်မက်ကို ဆိုလောဟု မိန့်တော်မူ၏။ အရှင်ဘုရား မင်းအိမ်တံခါး၌ များစွာကုန်သော အချည်းနှီးသော ရေအိုးတို့ဖြင့် ခြံရံ၍ ထားအပ်သော တစ်ခုသော ကြီးစွာသော ရေပြည့်အိုးကို မြင်ရ၏၊ အမျိုးလေးပါးတို့သည် တူရူဖြစ်သော အရပ်လေးမျက်နှာတို့မှလည်းကောင်း၊ အထောင့်ဖြစ်သော အရပ်လေးမျက်နှာတို့မှ လည်းကောင်း အိုးတို့ဖြင့် ရေကို ဆောင်ကုန် ဆောင်ကုန်၍ ရေပြည့်သော အိုးကို လောင်းကုန်၏။ လောင်းတိုင်း လောင်းတိုင်းသော ရေသည် အထက်သို့ လျှံတက်၍ စီးသွား၏။ ထိုသူတို့သည်လည်း အဖန်တလဲလဲ ထိုပြည့်သော အိုး၌သာလျှင် ရေကို လောင်းကုန်၏၊ အချည်းနှီးသော အိုးတို့ကို ကြည့်သော သူလည်း မရှိ၊ အကျွန်ုပ်၏ ရှစ်ခုမြောက်သော အိပ်မက်သည်ကား

ဤအိပ်မက်တည်း၊ ဤအိပ်မက်၏ အကျိုးသည် အသို့နည်းဟု လျှောက်၏။ မြတ်သော မင်းကြီး ဤအိပ်မက်၏ အကျိုးသည်လည်း နောင်အခါ၌သာလျှင် ဖြစ်လတ္တံ့၊ ထိုစကားသည် မှန်၏၊ နောင်အခါ၌ လူတို့သည် ယုတ်ကုန်လတ္တံ့၊ တိုင်းနိုင်ငံသည် ဩဇာ မရှိသည် ဖြစ်လတ္တံ့၊ မင်းတို့သည် ဆင်းရဲသည် ဖြစ်ကုန်လတ္တံ့၊ အကြင်သူတို့သည် အစိုးရသော မင်းတို့သည် ဖြစ်ကုန်လတ္တံ့၊ ထိုမင်းတို့၏ ဘဏ္ဍာတိုက်၌ တစ်သိန်းမျှသော အသပြာတို့သည် ဖြစ်ကုန်လတ္တံ့၊ ထိုမင်းတို့သည် ဤသို့ ဆင်းရဲကုန်သည်ရှိသော် ပေသီမ်းကုန်သော ဇနပုဒ်သားတို့ကို မိမိအမှုကိုသာလျှင် ပြုစေကုန်လတ္တံ့၊ လူတို့သည်လည်း မင်းတို့ နှိပ်စက်အပ်ကုန်သည် ဖြစ်၍ မိမိတို့၏ အမှုကို စွန့်ကုန်၍ မင်းတို့၏ အကျိုးငှါသာလျှင် ကောက်ပဲတို့ကို ကြဲကုန်လျက် စောင့်ရှောက်ကုန်လျက် ရိတ်ကုန်လျက် နယ်ကုန်လျက် သွင်းကုန်လျက် ကြံခင်းတို့ကို ပြုကုန်လျက် ယန္တရားတို့ကို ရွက်ဆောင်ကုန်လျက် တင်လဲအစရှိသည်တို့ကို ချက်ကုန်လျက် ပန်းအရံတို့ကို ပြုကုန်လျက် သစ်သီးအရံတို့ကို ပြုကုန်လျက် ထိုထိုအရပ်၌ ဖြစ်ကုန်သော ကောက်ပဲ အစရှိသည်တို့ကို ဆောင်ကုန်၍ မင်း၏ ကျီကိုသာလျှင် ဖြစ်စေကုန်လတ္တံ့၊ မိမိတို့၏ အိမ်တို့၌ အချည်းနှီးသော ကျီတို့ကို ကြည့်ကုန်သော သူတို့ မည်သည် မရှိကုန်လတ္တံ့၊ အချည်းနှီးသော အိုးတို့ကို မကြည့်မူ၍ ပြည့်သော အိုးကို လောင်းသည်နှင့်တူစွာသာလျှင် ဖြစ်ကုန်လတ္တံ့၊ ဤအိပ်မက်ဟူသောအကြောင်းကြောင့်လည်း သင်မင်းကြီးအား ဘေးမရှိ။

၉။ မြတ်သော မင်းကြီး ကိုးခုမြောက်သော အိပ်မက်ကို ဆိုလေဟု မိန့်တော်မူ၏၊ အရှင်ဘုရား ငါးပါးသော အဆင်းရှိသော ကြာပဒုမ္မာတို့ဖြင့် ဖုံးလွှမ်းသော နက်စွာသော ထက်ဝန်းကျင် ဆိပ်ရှိသော ရေကန် တစ်ခုကို မြင်မက်၏၊ ထက်ဝန်းကျင်မှ အခြေနှစ်ချောင်း အခြေလေးချောင်း ရှိကုန်သော သားငှက်တို့သည် သက်ကုန်၍ ထိုရေကန်၌ ရေကို သောက်ကုန်၏၊ ထိုရေကန်၏ အလယ်ဖြစ်သော နက်ရာ အရပ်၌ ရေသည် နောက်၏၊ ကမ်းနားအရပ်တို့၌ အခြေနှစ်ချောင်း အခြေလေးချောင်းရှိ ကုန်သော သားငှက်တို့၏ နင်းရာအရပ်၌ ရေသည် မနောက်၊ ကြည်လင်၏။ ဤသို့ အကျွန်ုပ်သည် မြင်မက်၏၊ အကျွန်ုပ်၏ ကိုးခုမြောက်သော အိပ်မက်သည် ဤအိပ်မက်တည်း၊ ဤအိပ်မက်၏ အကျိုးသည် အသို့နည်းဟု လျှောက်၏၊ မြတ်သော မင်းကြီး ဤအိပ်မက်၏ အကျိုးသည်လည်း နောင်အခါ၌သာ ဖြစ်လတ္တံ့၊ ထိုစကားသည် မှန်၏၊ နောင်အခါ၌ မင်းတို့သည် တရားမစောင့်သည် ဖြစ်ကုန်လတ္တံ့၊ ဆန္ဒာဂတိ အစရှိသည်တို့၏ အစွမ်းအားဖြင့် အဂတိသို့ လားကုန်လျက် မင်းပြုကုန်လတ္တံ့၊ တရားသဖြင့်

ဆုံးဖြတ်ခြင်း မည်သည်ကို မပေးကုန်လတ္တံ့၊ တံစိုးစားသည် ဖြစ်ကုန်လတ္တံ့၊ ဥစ္စာ၌ လော်လည်ကုန်သည် ဖြစ်၍ တိုင်းနိုင်ငံ၌ နေကုန်သော သူတို့၌ ခန္တီ မေတ္တာ ကရုဏာမည်သည် မဖြစ်ကုန်လတ္တံ့၊ ကြမ်းကြုတ်ကုန်သည် ဖြစ်လတ္တံ့၊ ကြံညှာစ်ယန္တရား၌ ကြံချောင်းကိုကဲ့သို့ လူတို့ကို နှိပ်စက်ကုန်လျက် အထူးထူး အပြားပြားသော အခြင်းအရာဖြင့် အခွန်အတုတ်ကို ဖြစ်စေ၍ ဥစ္စာကို ယူကုန်လတ္တံ့၊ လူတို့သည် အခွန်အတုတ်တို့ဖြင့် နှိပ်စက်အပ်သည် ဖြစ်၍ တစ်စုံတစ်ခုကို ပေးအံ့သောငှါ မတတ်နိုင်သည် ဖြစ်၍ ရွာနိဂုံး အစရှိသည်တို့ကို စွန့်ကုန်၍ ရပ်စွန်ပြည်နားသို့ သွား၍ နေကုန်လတ္တံ့၊ ရေကန်၏ အလယ်၌ ရေသည် နောက်သကဲ့သို့ လည်းကောင်း၊ ကမ်းနားအရပ်၌ ရေသည် ကြည်သကဲ့သို့ လည်းကောင်း၊ အလယ်ဖြစ်သော ဇနပုဒ်သည် ဆိတ်သည် ဖြစ်လတ္တံ့၊ ရပ်စွန်ပြည်နားသည် တစ်ခဲနက်သော လူနေရှိသည် ဖြစ်လတ္တံ့၊ ဤအိပ်မက်ဟူသော အကြောင်းကြောင့်လည်း သင်မင်းကြီးအား ဘေးမရှိ။

၁၀၊ မြတ်သော မင်းကြီး ဆယ်ခုမြောက်သော အိပ်မက်ကို ဆိုဦးလောဟု မိန့်တော်မူ၏၊ အရှင်ဘုရား တစ်လုံးတည်းသော အိုးဖြင့် ချက်သော ထမင်းသည် ထမင်းအိုး၏ တစ်ခုသော နံပါး၌ အလွန်ပျော့၏၊ တစ်ခုသော နံပါး၌ မနပ်၊ တစ်ခုသော နံပါး၌ ကောင်းစွာ ကျက်၏၊ ဤသို့ သုံးစုအားဖြင့် ကျက်သည်ကို မြင်မက်၏၊ အကျွန်ုပ်၏ ဆယ်ခုမြောက်သော အိပ်မက်သည်ကား ဤအိပ်မက် တည်း၊ ဤအိပ်မက်၏ အကျိုးသည်ကား အသို့နည်းဟု လျှောက်၏၊ မြတ်သော မင်းကြီး ဤအိပ်မက် အကျိုးသည်လည်း နောင်အခါ၌သာ ဖြစ်လတ္တံ့၊ ထိုစကားသည် မှန်၏၊ နောင်အခါ၌ မင်းတို့သည် တရားမစောင့်သည် ဖြစ်ကုန်လတ္တံ့၊ ထိုသို့ တရားမစောင့်သောကြောင့် ထိုသူတို့၏ အစောင့်အရှောက် နတ်ပူဇော် သက္ကာရကို ခံသောနတ်, ရုက္ခစိုးနတ်, အာကာသစိုး နတ်တို့သည် တရား မစောင့်သည် ဖြစ်ကုန်လတ္တံ့။ တရား မစောင့်ကုန်သော မင်းတို့၏ တိုင်းနိုင်ငံ၌ လေတို့သည် မညီညွတ်ကုန်သည် ဖြစ်၍ ပြင်းထန်ကုန်သည် ဖြစ်၍ လာကုန်လတ္တံ့။ ထိုလေတို့သည် ကောင်းကင်၌ တည်ကုန်သော ဗိမာန်တို့ကို တုန်လှုပ်စေကုန်၏။ ထိုလေတို့သည် တုန်လှုပ်စေသည် ရှိသော် နတ်တို့သည် အမျက်ထွက်ကုန်သည် ဖြစ်၍ မိုးရွာစိမ့်သောငှါ မပေးကုန်လတ္တံ့။ ရွာသော်လည်း အလုံးစုံသော တိုင်း၌ တစ်ပြိုင်နက်ဖြင့် မရွာစေလတ္တံ့။ အလုံးစုံသော တိုင်း၌ လယ်ထွန်ခြင်း အမှုအားဖြင့်လည်းကောင်း, စိုက်ပျိုးသော အမှုအားဖြင့် လည်းကောင်း ကျေးဇူးရှိသည် ဖြစ်၍ မရွာလတ္တံ့။ တိုင်း၌ကဲ့သို့ ထိုအတူ ဇနပုဒ်၌လည်းကောင်း, ရွာ၌လည်းကောင်း, တစ်ခုသော တစ်ဖက်ဆည်ကန်၌ လည်းကောင်း, တစ်ခုသော အိုင်၌ လည်းကောင်း တစ်ပြိုင်နက် မရွာလတ္တံ့။ တစ်ဖက်ဆည်ကန်၏ အထက်အဖို့၌ ရွာသော မိုးသည် အောက်အဖို့၌ မရွာ

လတ္တံ့။ အောက်အဖို့၌ ရှာသောမိုးသည် အထက်အဖို့၌ မရွာလတ္တံ့၊ တစ်ခုသော အရပ်အဖို့၌ ကောက်တို့သည် အလွန် မိုးရွာသဖြင့် ပျက်စီးလတ္တံ့။ တစ်ခုသော အရပ်အဖို့၌ မိုးမရွာသည် ဖြစ်၍ ကောက်တို့သည် ညှိုးကုန်လတ္တံ့။ တစ်ခုသော အရပ်၌လည်း ကောင်းစွာ မိုးရွာသည် ဖြစ်၍ ပြည့်စုံကုန်လတ္တံ့။ ဤသို့လျှင် တစ်သုံးတည်းသော ထမင်းအိုး၌ ထမင်းကဲ့သို့ တစ်ယောက်သော မင်း၏ တိုင်းနိုင်ငံ၌ စိုက်ပျိုးသော ကောက်တို့သည်လည်း သုံးထွေပြားသည် ဖြစ်လတ္တံ့။ ဤအိပ်မက်ဟူသော အကြောင်းကြောင့်လည်း သင်မင်းကြီးအား ဘေးမရှိ။

၁၁။ မြတ်သော မင်းကြီး တစ်ဆယ့်တစ်ခု မြောက်သော အိပ်မက်ကို ဆိုဦးလောဟု မိန့်တော်မူ၏။ အရှင်ဘုရား အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနှစ်ကို ရက်တက်ပုပ်ဖြင့် ရောင်းစားသည်ကို မြင်မက်၏။ အကျွန်ုပ်၏ တစ်ဆယ့်တစ်ခု မြောက်သော အိပ်မက်သည် ဤအိပ်မက်တည်း။ ဤအိပ်မက်၏ အကျိုးသည် အသို့နည်းဟု လျှောက်၏။ မြတ်သော မင်းကြီး ဤအိပ်မက်၏ အကျိုးသည်လည်း နောင်အခါ၌သာလျှင် ငါ၏ သာသနာတော် ဆုတ်ယုတ်သည် ရှိသော် ဖြစ်လတ္တံ့။ ထိုစကားသည် မှန်၏။ နောင်အခါ ပစ္စည်း၌ လော်လည်ကုန်သော အလဇ္ဇီရဟန်းတို့သည် များကုန်လတ္တံ့။ ထိုအလဇ္ဇီ ရဟန်းတို့သည် ပစ္စည်း၌ လော်လည်ကုန်သည် ဖြစ်၍ ငါဘုရားသည် ပစ္စည်း၌ လော်လည်ခြင်းကို ဖျက်ဆီး၍ ဟောတော်မူအပ်သော တရားတော်ကို သက်နိုးအစရှိသော လေးပါးသော ပစ္စည်းဟူသော အကြောင်းကြောင့် သူတစ်ပါးတို့အား ဟောကုန်လတ္တံ့။ ထိုစကားသည် မှန်၏၊ ပစ္စည်းလေးပါး၌ မက်မောကုန်၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော အဖို့၌ တည်ကုန်လျက် နိဗ္ဗာန်သို့ ရှေးရှုပြု၍ တရားကို မဟောကုန်လတ္တံ့။ စင်စစ်သော်ကား ပုဒ်အက္ခရာတို့၏ ပြည့်စုံခြင်းမျှကိုလည်းကောင်း, သာယာသောအသံမျှကိုလည်းကောင်း နာရ၍ အဖိုးများစွာထိုက်ကုန်သော သင်္ကန်းအစရှိသည်တို့ကို လှူလိမ့်မည်။ လှူချင်စိတ် ဖြစ်လိမ့်မည်ဟု ဟောကုန်လတ္တံ့။ အသပြာမက် ရဟန်းပျက် အချို့တို့သည်လည်း ခရီးလမ်းမ လမ်းလေးခွနား မင်းအိမ်တံခါး အစရှိသည်တို့၌ နေကုန်၍ ကျပ်ပြားမူးမတ် မအပ်သော အကပ္ပိယပစ္စည်းတို့ကို မှီ၍ အလီလီ အလာလာ အသပြာ လိုလားတော်မူကြ၍ တရားဟောကုန်လတ္တံ့၊ ဤသို့လျှင် ငါဘုရားသည် နိဗ္ဗာန် တရား အဖိုးထားဖြင့် ဟောကြားအပ်သော တရားမြတ် ဒေသနာကြီးကို ပစ္စည်းလေးပါး၌ ကျပ်ပြားမူးပဲအတွက် လက်ကား လက်လီ တရားကုန်သည် မထေရ်ကြီး မထေရ်ငယ်ဘို့သည် အဖိုး တစ်သိန်းထိုက်သော စန္ဒကူးနှစ်ကို ရက်တက်ပုပ်ဖြင့် ရောင်းသကဲ့သို့ ဒါယကာ ဒါယိကာမ အပေါင်းတို့အား ရောင်းစား ကုန်လတ္တံ့။ ဤအိပ်မက်ဟူသော အကြောင်းကြောင့်လည်း သင်မင်းကြီးအား ဘေးမရှိ။

၁၂။ မြတ်သော မင်းကြီး တစ်ဆယ့် နှစ်ခုမြောက်သော အိပ်မက်ကို ဆိုဦးလောဟု မိန့်တော်မူ၏။ အရှင်ဘုရား အချည်းနှီးသော ဗူးတောင်းတို့သည် ရေ၌ နစ်သည်တို့ကို မြင်မက်၏။ ဤအိပ်မက်၏ အကျိုးသည် အသို့နည်းဟုလျှောက်၏။ မြတ်သော မင်းကြီး ဤအိပ်မက်၏ အကျိုးသည်လည်း နောင်အခါ တရားမစောင့်သော မင်းတို့၏လက်ထက် လူတို့ဖောက်ပြန်သော အခါ၌သာလျှင် ဖြစ်လတ္တံ့။ ထိုစကားသည် မှန်၏၊ ထိုအခါ တရားမစောင့်သော မင်းတို့သည် အသိုးနှင့်ပြည်စုံကုန်သော သူတော်ကောင်းတို့အား စည်းစိမ်ကို မပေးကုန်လတ္တံ့။ အမျိုးယုတ်ကုန်သော သူတို့အားသာလျှင် စည်းစိမ်ကို ပေးကုန်လတ္တံ့။ အမျိုးယုတ်ကုန်သောသူတို့သည် အစိုးရသည်ဖြစ်ကုန်လတ္တံ့။ အမျိုးမြတ်ကုန်သောသူတို့သည် ဆင်းရဲကုန်လတ္တံ့။ မင်းပွဲသဘင်၌လည်းကောင်း၊ မင်းအိမ်တံခါး၌လည်းကောင်း၊ အမတ်တို့၏ ပွဲသဘင်၌လည်းကောင်း၊ တရားဆုံးဖြတ်ရာအရပ်၌ လည်းကောင်း အချည်းနှီးသော ဗူးတောင်းနှင့် တူကုန်သော အမျိုးယုတ်ကုန်သော သူတို့၏ စကားသည်သာလျှင် နစ်၍ တည်ဘိသကဲ့သို့ မတုန်မလှုပ် ကောင်းစွာ တည်သည်သာ ဖြစ်လတ္တံ့။ သံဃာ့အစည်းအဝေး၌လည်းကောင်း၊ သံဃာ့ကံကို ဆောင်ရွက်ရာ၌လည်းကောင်း၊ သီလမရှိသော ယုတ်မာကုန်သော ရဟန်းတို့၏ စကားသည်လျှင် မတုန်မလှုပ် ကောင်းစွာ တည်သည် ဖြစ်လတ္တံ့။ သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့၏စကားသည် မတုန်မလှုပ် ကောင်းစွာ မတည်လတ္တံ့။ ဤသို့လျှင် ခပ်သိမ်းသော အခြင်းအရာအားဖြင့် အချည်းနှီးသော ဗူးတောင်း၏ ရေ၌ နစ်သော အခါကဲ့သို့ ဖြစ်လတ္တံ့။ ဤအိပ်မက်ဟူသော အကြောင်းကြောင့်လည်း သင်မင်းကြီးအား ဘေးမရှိ။

၁၃။ မြတ်သော မင်းကြီး တစ်ဆယ့်သုံးခုမြောက်သော အိပ်မက်ကို ဆိုဦးလော့ဟု မိန့်တော်မူ၏၊ အရှင်ဘုရား ကြီးကုန် အလွန်ကြီးကုန်သော စုလစ်မွမ်းချွန်တပ်သော အိမ်ပမာဏရှိသော တစ်ခဲနက်သော ကျောက်ဖျာကြီးသည် လှေကဲ့သို့ ရေ၌ ပေါ်သည်တို့ကို မြင်မက်၏။ ဤအိပ်မက်၏အကျိုးသည်လည်း အသို့နည်းဟု မေးလျှောက်၏။ မြတ်သော မင်းကြီး ဤအိပ်မက်၏ အကျိုးသည်လည်း ဆိုအပ်ခဲ့ပြီးသော ထိုသို့ သဘောရှိသော အခါ၌သာလျှင် ဖြစ်လတ္တံ့။ထိုစကားသည် မှန်၏။ထိုအခါ တရားမစောင့်သောမင်းတို့သည် အမျိုးယုတ် ကုန်သော သူတို့အား စည်းစိမ်ကို ပေးကုန်လတ္တံ့။ အမျိုးယုတ်ကုန်သော သူတို့သည် အစိုးရသည် ဖြစ်ကုန်လတ္တံ့။ အမျိုးမြတ်သောသူတို့သည် ဆင်းရဲကုန်လတ္တံ့။ အမျိုးမြတ်ကုန်သော သူတို့၌ တစ်စုံတစ်ယောက်ကုန်သော သူတို့သည် ရိုသေခြင်းကို မပြုကုန်လတ္တံ့။ အမျိုးယုတ်သော သူတို့၌သာလျှင် ရိုသေခြင်းကို ပြုကုန်လတ္တံ့။ မင်းပွဲသဘင်၌လည်းကောင်း၊ အမတ်တို့၏ပွဲသဘင်၌လည်းကောင်း၊ တရားဆုံးဖြတ်ရာအရပ်၌လည်းကောင်း၊ တရားဆုံးဖြတ်ခြင်း၌

လိမ္မာကုန်သော တစ်ခဲနက်သော ကျောက်ဖျာကြီးနှင့် တူကုန်သော အမျိုးကောင်းသားတို့၏ စကားသည် သက်ဝင်၍ မတည်လတ္တံ့။ ထိုအမျိုးသားတို့သည် စကားပြောဆိုကုန်သည် ရှိသော် ဤသူတို့သည် အဘယ်စကားကို ပြောဆိုကုန်သနည်းဟု အမျိုးယုတ်ကုန်သော သူတို့သည် ပြက်ရယ်ကိုသာလျှင် ပြုကုန်လတ္တံ့။ ဆိုအပ်ပြီးသော အပြားရှိကုန်သော ဆရာဖြစ်ကုန်သော ရဟန်းတို့၏ အစည်းအဝေး၌လည်း သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့ကို အရိုအသေ အလေးအမြတ် ပြုအပ်သည်ဟူ၍ မအောက်မေ့ကုန်လတ္တံ့။ ထိုသီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့၏ စကားသည် သက်ဝင်၍ မတည်လတ္တံ့၊ ကျောက်ဖျာတို့၏ ပေါ်သော အခါကဲ့သို့ ဖြစ်လတ္တံ့၊ ဤအိပ်မက်ဟူသော အကြောင်းကြောင့်လည်း သင်မင်းကြီးအား ဘေးမရှိ။

၁၄။ မြတ်သော မင်းကြီး တစ်ဆယ့်လေးခုမြောက်သော အိပ်မက်ကို ဆိုဦးလောဟု မိန့်တော်မူ၏။ အရှင်ဘုရား သစ်မည်စည်ပွင့်ငယ် ပမာဏရှိကုန်သော ဖားငယ်တို့သည် ကြီးကုန် အလွန်ကြီးကုန်သော မြွေဟောက်တို့ကို လျင်သော အဟုန်ဖြင့် ကိုက်လတ်၍ ကြာရိုးကြာငယ်ကိုကဲ့သို့ ဖြတ်၍ ဖြတ်၍ အသားကို စား၍ မျိုကုန်သည်တို့ကို မြင်မက်၏၊ ဤအိပ်မက်၏ အကျိုးသည်လည်း အသို့နည်းဟုလျှောက်၏၊ မြတ်သောမင်းကြီး ဤအိပ်မက်၏ အကျိုးသည်လည်း နောင်အခါ လူတို့သည် ဆုတ်ယုတ်ကုန်သော အခါ၌ ဖြစ်ကုန်လတ္တံ့၊ ထိုစကားသည် မှန်၏။ ထိုအခါ လူတို့သည် ပြင်းထန်သော ရာဂရှိကုန်သည် ဖြစ်၍ ယုတ်သောသဘောရှိကုန်သော ကိလေသာတို့၏ အလိုသို့ လိုက်ကုန်သည် ဖြစ်၍ ငယ်ကုန် အလွန်ငယ်ကုန်သော မိမိ၏ မယားတို့၏ အလိုသို့ လိုက်လတ္တံ့။ အိမ်၌ ကျွန်အမှုလုပ် အစရှိသည်တို့သည်လည်းကောင်း, နွား ကျွဲ အစရှိသည်တို့သည်လည်းကောင်း သုံးဆောင်ပြီးသောရွှေ မသုံးဆောင်သေးသောရွှေ အစရှိသည်တို့သည်လည်းကောင်း အလုံးစုံလျှင် ထိုမိန်းမငယ်တို့နှင့်သာလျှင် စပ်သည် ဖြစ်လတ္တံ့၊ ဤမည်သော သုံးဆောင်ပြီးသောရွှေ မသုံးဆောင်သေးသော ရွှေတို့သည်လည်းကောင်း ဤမည်သော အခြံအရံ အစရှိသော အမျိုးသည်လည်းကောင်း အဘယ်မှာနည်းဟု မေးသည် ရှိသော် ရှိလိုရာအရပ်၌ ရှိသည် ဖြစ်စေ သင့်အား ဤကြောင့်ကြခြင်းဖြင့် အဘယ်မူအံ့နည်း၊ သင်သည် ငါ၏ အိမ်၌ ရှိသည်ကိုလည်းကောင်း,မရှိသည်ကိုလည်းကောင်း အဘယ့်ကြောင့် သိလိုသနည်းဟု ဆို၍ အထူးထူးသော စကားတို့ဖြင့် ဆဲရေး၍ နှုတ်လုံတို့ဖြင့် ထိုး၍ ကျွန်အစေအပါးကိုကဲ့သို့ အလိုသို့ လိုက်စေ၍ မိမိ၏ အစိုးရခြင်းကို ဖြစ်စေကုန်လတ္တံ့၊ ဤသို့လျှင် သစ်မည်စည်ပွင့်ငယ်မျှ ပမာဏရှိသော ဖားငယ်တို့၏ လျင်သောအဆိပ်ရှိသော မြွေဟောက်ကို မျိုသော အခါကဲ့သို့ ဖြစ်လတ္တံ့၊ ဤအိပ်မက်ဟူသော အကြောင်းကြောင့်လည်း သင်မင်းကြီးအား ဘေးမရှိ။

၁၅။ မြတ်သော မင်းကြီး တစ်ဆယ့်ငါးခုမြောက်သော အိပ်မက်ကို ဆိုဦးလောဟု မိန့်တော်မူ၏။ အရှင်ဘုရား ဆယ်ပါးကုန်သော သူယုတ်မာတို့၏ အကျင့်တို့နှင့် ပြည့်စုံသော ရွာ၌ ကျက်စားသော ကျီးကို ရွှေအဆင်းနှင့် တူသော အဆင်းရှိသည့်၏ အဖြစ်ကြောင့် သုဝဏ္ဏဟူ၍ ရအပ်သော အမည်ရှိကုန်သော ရွှေဟသ်ာတို့သည် ခြံရံသည်တို့ကို မြင်မက်၏။ ဤအိပ်မက်၏ အကျိုးသည်လည်း အသို့နည်းဟု လျှောက်၏။ မြတ်သော မင်းကြီး ဤအိပ်မက်၏ အကျိုးသည်လည်း နောင်အခါ အားနည်းသော မင်းတို့ လက်ထက်၌သာလျှင် ဖြစ်လတ္တံ့။ ထိုစကားသည် မှန်၏။ နောင်သောအခါ အားနည်းကုန်သော မင်းတို့သည် ဆင်အတတ် အစရှိသည်တို့၌ မလိမ္မာကုန်သည် ဖြစ်လတ္တံ့။ စစ်ထိုးခြင်း၌ မရဲရင့်သည် ဖြစ်ကုန်လတ္တံ့။ ထိုအားနည်းကုန်သော မင်းတို့သည် မိမိတို့၏ ပြည်စည်းစိမ် ပျက်စီးခြင်းကို ရွံ့ရှာကုန်သည်ဖြစ်၍ တူသောဇာတ်ရှိကုန်သော သူတော်ကောင်းသားတို့အား အစိုးရခြင်းကို မပေးမူ၍ မိမိ၏ ခြေရင်း၌ ခစားကုန်သော ဆေတ္တာသည် အစရှိသော သူတို့အား စည်းစိမ်ကို ပေးကုန်လတ္တံ့။ အမျိုးအနွယ်နှင့် ပြည့်စုံကုန်သော သူတော်ကောင်းသားတို့သည် မင်းအိမ်၌ ကိုးကွယ်ရာကို မရကုန်သည် ဖြစ်၍ အသက်မွေးခြင်းငှါ မတတ်နိုင်ကုန်သည် ဖြစ်၍ အစိုးရခြင်း၌ တည်ကုန်သော အမျိုးအနွယ် ယုတ်ကုန်သော မမြတ်ကုန်သော သူတို့၌ ခစားကုန်သည် ဖြစ်လတ္တံ့။ ရွှေဟသ်ာတို့သည် ကျီးကို ခြံရံသော အခါကဲ့သို့ ဖြစ်ကုန်လတ္တံ့။ ဤအိပ်မက်ဟူသော အကြောင်းကြောင့်လည်း သင်မင်းကြီးအား ဘေးမရှိ။

၁၆။ မြတ်သော မင်းကြီး တစ်ဆယ့်ခြောက်ခု မြောက်သော အိပ်မက်ကို ဆိုဦးလောဟု မိန့်တော်မူ၏။ အရှင်ဘုရား ရှေး၌ သစ်တို့သည် ဆိတ်တို့ကို စားကုန်၏။ အကျွန်ုပ်သည်ကား ဆိတ်တို့သည် သစ်တို့ကို လိုက်ကုန်၍ ကြွပ်ကြွပ်မြည်စေကုန်၍ စားကုန်သည်တို့ကို မြင်မက်၏။ ထိုနောက်မှ တစ်ပါးကုန်သော ထိတ်လန့်ခြင်းကို ဖြစ်စေတတ်ကုန်သော သစ်တို့သည် ဆိတ်တို့ကို အဝေးမှသာလျှင် မြင်၍ ကြောက်ခြင်းသို့ ရောက်ကုန်သည် ဖြစ်၍ ဆိတ်တို့မှ ကြောက်ခြင်းကြောင့် ပြေးကုန်၍ တောချုံတို့သို့ ဝင်၍ ပုန်းကုန်၏။ ဤအိပ်မက်၏ အကျိုးသည်လည်း အသို့နည်းဟု လျှောက်၏။ မြတ်သော မင်းကြီး ဤအိပ်မက်၏ အကျိုးသည်လည်း နောင်အခါ တရားမစောင့်သော မင်းတို့၏ လက်ထက်၌သာလျှင် ဖြစ်လတ္တံ့။ ထိုစကားသည် မှန်၏၊ ထိုအခါ အမျိုးယုတ်ကုန်သော မင်းကျွမ်းဝင် ဖြစ်ကုန်သော သူတို့သည် အစိုးရသည် ဖြစ်ကုန်လတ္တံ့။ အမျိုးမြတ်ကုန်သော သူတို့သည် မထင်ရှားသည် ဖြစ်၍ ဆင်းရဲသည် ဖြစ်ကုန်လတ္တံ့။ ထိုမင်းကျွမ်းဝင် ဖြစ်ကုန်သော သူတို့သည် မင်းကို မိမိတို့၏ စကားကို ယူစေ၍ တရားဆုံးဖြတ်ရာအရပ် အစရှိသည်တို့၌ အားရှိကုန်သည်

ဖြစ်၍ အမျိုးမြတ်ကုန်သော သူဘော်ကောင်း အပေါင်းတို့၏ အစဉ်အဆက်မှ လာကုန်သော လယ်ယာ အစရှိသည်တို့ကို ထိုလယ်ယာ အစရှိသည်တို့သည် ငါတို့၏ ဥစ္စာတည်းဟု တရားကို တွေ့ကုန်၍ ထိုသို့ တရားတွေ့ခြင်းကြောင့် သင်တို့၏ ဥစ္စာတည်း, ငါတို့၏ ဥစ္စာတည်းဟု လာလတ်ကုန်၍ တရားဆုံးဖြတ်ရာ အရပ် အစရှိသည်တို့၌ ငြင်းခုံကြသည် ရှိသော် ကြိမ်နှယ် အစရှိသည်တို့ဖြင့် ပုတ်ခတ်စေ၍ လည်၌ ကိုင်၍ ငင်စေပြီးလျှင် မိမိ၏ ပမာဏကို မသိကြကုန်။ ငါတို့နှင့်တကွ ငြင်းခုန်ကြဘိကုန်၏။ ယခုအခါ မင်းအား လျှောက်ထား၍ လက်ခြေတို့ကို ဖြတ်ခြင်း အစရှိသည်တို့ကို ပြုကုန်အံ့ဟု ခြိမ်းခြောက်ကုန်လတ္တံ့။ ထိုအမျိုးမြက်သော သူတို့သည် မင်းကျွမ်းဝင် ဖြစ်သော သူတို့မှ ကြောက်သောကြောင့် မိမိတို့၏ ဥစ္စာဖြစ်ကုန်သော လယ်ယာ အစရှိသည်တို့ကို ဤလယ်ယာ အစရှိကုန်သော ဝတ္ထုတို့သည် သင်တို့၏ ဥစ္စာသာလျှင်တည်း။ ထိုဥစ္စာတို့ကို ယူကုန်သောဟု ပေးအပ်၍ မိမိတို့၏ အိမ်တို့သို့ ဝင်၍ ကြောက်ကုန်သည်ဖြစ်၍ အိပ်ကုန်လတ္တံ့။ အကျင့်ယုတ်မာကုန်သော ရဟန်းတို့သည်လည်း သီလ၌ ချစ်မြတ်နိုးကုန်သော ရဟန်းတို့ကို အလိုရှိတိုင်း ညှဉ်းဆဲကုန်လတ္တံ့။ သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့သည် ကိုးကွယ်ရာကို မရသည် ဖြစ်၍ တောသို့ ဝင်ပြီးလျှင် ချုံတို့၌ ပုန်းကုန်လတ္တံ့။ ဤသို့လျှင် ယုတ်သော ဇာတ်ရှိကုန်သော သူတို့သည် လည်းကောင်း, အကျင့်ယုတ်သော ရဟန်းတို့သည် လည်းကောင်း နှိပ်စက်အပ်ကုန်သည် ဖြစ်၍ ဇာတ်နှင့် ပြည့်စုံကုန်သော အမျိုးကောင်းသားတို့၏ လည်းကောင်း, သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့၏ လည်းကောင်း ဆိတ်တို့မှ ကြောက်ခြင်းကြောင့် ထိတ်လန့်ခြင်းတို့ကို ဖြစ်စေတတ်ကုန်သော သစ်တို့၏ ပြေးသော အခါကဲ့သို့ ဖြစ်လတ္တံ့၊ ဤအိပ်မက်ဟူသော် အကြောင်းကြောင့်လည်း သင်မင်းကြီးအား ဘေးမရှိ။ ဤအိပ်မက်ကိုလည်း အနာဂတ်ကိုလျှင် စွဲ၍ မြင်မက်၏၊ ပုဏ္ဏားတို့သည်ကား များစွာသော ဥစ္စာကို ရကုန်လတ္တံ့ဟု အာမိသကို ငဲ့သဖြင့် အသက်မွေးခြင်းကို မှီ၍ ပြောဆိုကုန်၏ဟု မိန့်တော်မူ၏။

ဤသို့လျှင် မြတ်စွာဘုရားသည် တစ်ဆယ့်ခြောက်ချက်သော အိပ်မက်ကြီးတို့၏ အကျိုးကို ဟောတော်မူ၍ မြတ်သော မင်းကြီး ယခုအခါ၌ သင်မင်းကြီးသည်သာလျှင် တစ်ဆယ့်ခြောက်ချက်သော အိပ်မက်ကြီးတို့ကို မြင်မက်သည် မဟုတ်သေး။ ရှေးမင်းတို့သည်လည်း မြင်မက်ဖူးကုန်ပြီ၊ ပုဏ္ဏားတို့သည်လည်း ရှေးမင်းတို့အား ဤအဘူသာလျှင် အိပ်မက်ကို ယူ၍ ယဇ်ထက်၌ ချဖူးကုန်ပြီ၊ ထိုနောင်မှ ပညာရှိတို့သည် ပေးအပ်သောနည်းဖြင့် သွား၍ ဘုရားလောင်းကို မေးကုန်၏။ ရှေးပညာရှိတို့လည်းလည်း ထိုရှေးမင်းတို့အား ဤအိပ်မက်တို့ကို ဟောကုန်သည် ရှိသော် ဤယခုအခါ၌ ငါဘုရားဟောတော်မူသော နည်းဖြင့်

သာလျှင် ဟောဖူးကုန်ပြီဟု မိန့်တော်မူ၍ ထို ကောသလမင်းကြီးသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဥဒိစ္စပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ရသေ့ရဟန်းပြု၍ ငါးပါးသောအဘိညာဉ်တို့ကိုလည်းကောင်း၊ ရှစ်ပါးသော သမာပတ်တို့ကိုလည်းကောင်း ဖြစ်စေ၍ ဟိမဝန္တာအရပ်၌ ဈာန်ကစားခြင်းကို ကစားလျက် နေ၏။ ထိုအခါ ဗာရာဏသီမြို့၌ ဗြဟ္မဒတ်မင်းကြီးသည် ဤနည်းဖြင့်လျှင် ဤတစ်ဆယ့်ခြောက်ချက်သော အိပ်မက်ကြီးတို့ကို မြင်မက်၍ ပုဏ္ဏားတို့ကို မေး၏။ ပုဏ္ဏားတို့သည် ဤအတူသာလျှင် ယဇ်ပူဇော်အံ့သောငှါ အားထုတ်ကုန်၏။ ထိုပုဏ္ဏားတို့တွင် ပုရောဟိတ်၏ ပညာရှိသော လိမ္မာသော တပည့် လုလင်သည် ဆရာကို ဆရာ သင်တို့သည် အကျွန်ုပ်ကို ဗေဒင်တို့ကို သင်စေ၏။ ထိုဗေဒင်တို့၌ တစ်ယောက်သော သူကို သတ်၍ တစ်ယောက်သော သူ၏ ချမ်းသာခြင်းအမှုကို ပြုခြင်းမည်သည် မရှိသည် မဟုတ်လောဟု ဆို၏။ အမောင်လုလင် ဤဥပါယ်ဖြင့် ငါတို့အား များစွာသော ဥစ္စာသည် ဖြစ်လတ္တံ့၊ သင်သည်ကား မင်းဥစ္စာကို စောင့်လိုယောင်တကားဟု ဆို၏။ လုလင်သည် ဆရာ ထိုသို့ဖြစ်လျှင် သင်တို့သည်သာလျှင် သင်တို့အမှုကို ပြုကြကုန်လော၊ ငါသည်ကား သင်တို့ထံ၌ မပြုအံ့ဟု ဆို၍ သွားသည် ရှိသော် မင်း၏ ဥယျာဉ်သို့ ရောက်၏။ ထိုနေ့၌သာလျှင် ဘုရားလောင်းသည်လည်း ထိုအကြောင်းကို သိ၍ ယနေ့ ငါသည် လူ့ပြည်သို့ သွားသည် ရှိသော် များစွာသော သတ္တဝါတို့၏ အနှောင်အဖွဲ့မှ လွတ်ခြင်းသည် ဖြစ်လတ္တံ့ဟု နှလုံးသွင်း၍ ကောင်းကင်ခရီးဖြင့် လာလတ်ပြီးလျှင် မင်း၏ ဥယျာဉ်၌ သက်၍ ရွှေဆင်းတုကဲ့သို့ မင်္ဂလာကျောက်ဖျာအပြင်၌ နေ၏။ လုလင်သည် ဘုရားလောင်းသို့ ကပ်၍ ရှိခိုးလျက် တင့်အပ်လျောက်ပတ်စွာ နေ၍ နှုတ်ခွန်းဆက်ခြင်းကို ပြု၏။

ဘုရားလောင်းသည်သည်း ထိုလုလင်နှင့်တကွ သာယာစွာသော နှုတ်ခွန်းဆက်ခြင်းကို ပြု၍ လုလင် မင်းကြီးသည် တရားသဖြင့် မင်းပြု၏လောဟု မေး၏။ အရှင်ဘုရား မင်းသည်ကား တရားစောင့်၏။ ထိုသို့ စောင့်သော်လည်း ပုဏ္ဏားတို့သည် မင်းကြီးကို ဆိပ် မဟုတ်ရာ၌ ပြေးသွားစေကုန်၏။ မင်းကြီးသည် တစ်ဆယ့်ခြောက်ချက်သော အိပ်မက်ကြီးတို့ကို မြင်မက်၍ ပုဏ္ဏားတို့အား ပြောကြား၏။ ပုဏ္ဏားတို့သည် ယဇ်ပူဇော်အံ့ဟု အားထုတ်ကုန်၏။ အရှင်ဘုရား ဤအိပ်မက်တို့၏ ဤမည်သော အကျိုးသည် ဖြစ်လတ္တံ့ဟု မင်းကို သိစေ၍ အရှင်ဘုရားတို့အား များစွာသော သတ္တဝါအပေါင်းကို ဘေးမှ လွတ်စေခြင်းငှါ

မအပ်ပါလောဟု လျှောက်၏။ လုလင် ငါတို့သည် မင်းကို မသိကုန်၊ မင်းသည်လည်း ငါ့ကိုကို မသိ၊ ဤအရပ်သို့ လာလတ်၍ အကာသ်၍ မေးမြန်းအံ့၊ ငါတို့သည် ထိုမင်းအား ပြောဆိုကုန်အံ့ဟု ဆို၏။ လုလင်သည် အရှင်ဘုရား အကျွန်ုပ်သည် ထိုမင်းကို ဆောင်ပါအံ့၊ အရှင်ဘုရားတို့သည် အကျွန်ုပ်၏ လာခြင်းကို ငံ့လင့်ကုန်လျက် အတန်ငယ် နေတော်မူပါကုန်လောဟု ဘုရားလောင်းကို ဝန်ခံစေ၍ မင်းအထံသို့ သွား၍ မြတ်သောမင်းကြီး ကောင်းကင်ပျံ ရှင်ရသေ့တစ်ပါးသည် ရှင်မင်းကြီးတို့သည် မြင်အပ်သော အိပ်မက်ဘို့၏ အကျိုးကို ဟောအံ့ဟု ရှင်မင်းကြီးတို့ကို ခေါ်စေ၏ဟု လျှောက်၏။

မင်းကြီးသည် ထိုလုလင်၏စကားကို ကြား၍ ထိုခဏ၌သာလျှင် များစွာသော အခြံအရံဖြင့် ဥယျာဉ်သို့ သွား၍ ရှင်ရသေ့ကို ရှိခိုးလျက် တင့်အပ်လျောက်ပတ်စွာ နေ၍ မေး၏။ အရှင်ဘုရား အရှင်ဘုရားတို့သည် အကျွန်ုပ်သည် မြင်အပ်သော အိပ်မက်ဘို့၏ အကျိုးကို သိတော်မူသလောဟု လျှောက်၏။ မြတ်သော မင်းကြီး သိသည် မှန်၏ဟု ဆို၏၊ အရှင်ဘုရား ထိုသို့ ဖြစ်လျှင် ဟောတော်မူကုန်လောဟု လျှောက်၏၊ မြတ်သော မင်းကြီး ဟောအံ့၊ ရှေးဦးစွာ မြင်တိုင်းသော အိပ်မက်တို့ကို ဆိုလောဟု ဆို၏၊ အရှင်ဘုရား ကောင်းပြီဟု မင်းကြီးသည် ဂါထာကို ရွတ်ဆို၏—

၇၇။ ဥသဘာ ရုက္ခာ ဂါဝိယော ဂဝါ စ၊
အဿော ကံသော သိင်္ဂါလီ စ ကုမ္ဘော။
ပေါက္ခရဏီ စ အပါကစန္ဒနံ၊
လာဗူနိ သီဒန္တိ သိလာ ပ္လဝန္တိ။

မဏ္ဍူကိယော ကဏှသပ္ပေ ဂိလန္တိ၊
ကာကံ သုပဏ္ဏာ ပရိဝါရယန္တိ။
တသာ ဝကာ ဠေကာနံ ဘယာ ဟိ၊
ဝိပရိယာသော ဝတ္တတိ နယိဓ မတ္ထိ။

နွားနက် လေးခုတို့သည် ဝှေ့အံ့သော အခြင်းအရာကို ပြ၍ ဖဲကုန်၏၊ ငယ်စွာကုန်သော သစ်ပင်ချုံတို့သည် ပွင့်ကုန် သီးကုန်၏။ နွားမကြီးတို့သည် ယနေ့ မွေးသော နွားမငယ်၏ နို့ကို စို့ကုန်၏၊ လှည်း၌ ကအပ်ကုန်သော နို့စို့နို့ခါ နွားငယ်တို့သည် ဝန်ကို မရွက်ဆောင်နိုင်ကုန်။ နှစ်ဖက်မျက်နှာ ရှိသော မြင်းသည် နှစ်ဖက်သော ခံတွင်းဖြင့် အစာကို စား၏။ အဖိုးတစ်သိန်းထိုက်သော ရွှေသင်ပန်းကို ညှိ၍ ကျင်ငယ်စွန့်လော့ဟု မြေခွေးအား ဆောက်နှင်း၏။

အထက်၌ ကျစ်အပ်သောလွန်ကို အောက်က မြေခွေးမ စား၏။ အချည်းနှီးသော အိုးတို့ဖြင့် ခြံရံအပ်သော ရေပြည့်အိုး၌သာ ရေလောင်း၏။ ရေကန်အလယ်၌ ရေတို့သည် နောက်ကုန်၍ အနား၌ ရေတို့သည် ကြည်ကုန်၏။ တစ်လုံးတည်းသော အိုးဖြင့် ချက်အပ်သော ထမင်းသည် သုံးစုအားဖြင့် ကျက်၏။ အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနံ့သာကို ရက်တက်ရည်ပုပ်ဖြင့် ရောင်းစား၏။ ဗူးတောင်းတို့သည် ရေ၌ နစ်ကုန်၏။ ကျောက်ဖျာကြီးတို့သည် ရေ၌ ပေါ်ကုန်၏။ ဖားမငယ်တို့သည် မြွေဟောက်တို့ကို မျိုကုန်၏။ ကျီးကို ရွှေဟင်္သာတို့သည် ခြံရံကုန်၏။ ထိတ်လန့်ခြင်းကို ဖြစ်စေတတ်ကုန်သော သစ်တို့သည် ဆိတ်တို့အား ကြောက်ကုန်၏။

မြတ်သော မင်းကြီး ထိုအိပ်မက်၏ အကျိုးကို ဖျောက်ခြင်းငှါ အကြောင်ယဇ်အမှုသည် ဖြစ်၏၊ ထိုယဇ်အမှုသည် ဖောက်ပြန်သောအားဖြင့် ဖြစ်၏။ ဤမင်းကြီးလက်ထက် ငါ့လက်ထက် ဖြစ်သောကာလ၌ ထိုအိပ်မက်တို့၏ အကျိုးသည် မရှိ။

ဘုရားလောင်းသည်လည်း ထိုအိပ်မက်တို့၏ အကျိုးကို ယခုအခါ မြတ်စွာဘုရား ဟောတော်မူအပ်သော နည်းဖြင့်သာလျှင် အကျယ်အားဖြင့် ဟောပြီး မြတ်သောမင်းကြီး ဤအိပ်မက်ဟူသော အကြောင်းကြောင့် သင်မင်းကြီးအား ဘေးသည်လည်းကောင်း၊ ကိုယ်လက်ခက်ထရော် ဖြစ်ဖွယ်သည်လည်းကောင်း မရှိဟု သိစေ၍ များစွာသော သတ္တဝါအပေါင်းကို အနှောင်အဖွဲ့မှ လွတ်စေ၍ တစ်ဖန် ကောင်းကင်၌ ရပ်လျက် မင်းကြီးအား အဆုံးအမကိုပေး၍ ငါးပါးသော သီလတို့၌ တည်စေ၏၊ မြတ်သောမင်းကြီး ဤနေ့မှစ၍ ပုဏ္ဏားတို့နှင့် တစ်ပေါင်းတည်းဖြစ်၍ သားတို့ကို သတ်ခြင်းငှါ ယဇ်မည်သည်ကို မပူဇော်လင့်ဟု ဆို၍ တရားဟောပြီးလျှင် ကောင်းကင်ဖြင့်သာလျှင် မိမိနေရာ အရပ်သို့ သွား၏၊ မင်းကြီးသည်လည်း ဘုရားလောင်း၏ အဆုံးအမ၌ တည်လျက် ဒါနအစရှိသော ကောင်းမှုတို့ကို ပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူ၍ မြတ်သော မင်းကြီး ဤအိပ်မက်ဟူသော အကြောင်းကြောင့် သင်မင်းကြီးအား ဘေးမရှိ၊ ယဇ်ပူဇော်ခြင်းကို ပယ်လောဟု ယဇ်ကို ပယ်စေ၍ များစွာသော သတ္တဝါ အပေါင်းအား ဇီဝိတဒါနကို ပေးတော်မူ၍ အနုသန္ဓေကို စပ်၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ လုလင် ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့ ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ခုနစ်ဆယ့်ခုနစ်ခုမြောက်သော မဟာသုပိနဇာတ်သည် ပြီး၏။

## ၇၈-ဣလ္လိသဇာတ်

### မစားရက် လောက်တက်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဥဘော ခဉ္ဇာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဣလ္လိသဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **မစ္ဆရိယ သူဌေး**ကို အကြောင်းပြု၍ ဟောခဲ့တော်မူ၏။

ရာဇဂြိုဟ်မြို့ အနီး၌ သက္ကာရမည်သော နိဂုံးသည် ရှိ၏။ ထိုသက္ကာရ နိဂုံး၌ ကုဋေရှစ်ဆယ် ကြွယ်ဝသော မစ္ဆရိယ သူဌေး တစ်ယောက်သည် နေ၏။ ထိုသူဌေးသည် မြက်ဖျားဖြင့် ဆီပေါက်ကိုလည်း သူတစ်ပါးအား မပေး။ ဤသို့လျှင် ထိုသူဌေး၏ စည်းစိမ်သည် သားမယား အစရှိသည်တို့၏ အကျိုးကို မပြီးစေ။ ရဟန်း ပုဏ္ဏားတို့၏ အကျိုးကို မပြီးစေ။ ရက္ခိုသ်စောင့်သော ရေကန်ကဲ့သို့ မသုံး မဆောင်ရသည် ဖြစ်၍ တည်၏။ မြတ်စွာဘုရားသည် တစ်နေ့သ၌ မိုးသောက်ထ အခါဝယ် မဟာကရုဏာ သမာပတ်မှ ထတော်မူ၍ အလုံးစုံသော လောကဓာတ်၌ သစ္စာလေးပါး တရားတို့ကို သိခြင်းငှါ ထိုက်ကုန်သော အဆွေခင်ပွန်းတို့ကို ကြည့်ကုန်သည် ရှိသော် လေးဆယ့်ငါး ယူဇနာထက်၌ နေသော မယားနှင့် တကွသော မစ္ဆရိယ သူဌေး၏ သောတာပတ္တိဖိုလ်၏ ဥပနိဿယကို မြင်တော်မူ၏။ ထိုမြတ်စွာဘုရားသည် မြင်တော်မူသည်မှ ရှေးဖြစ်သော နေ့၌ကား မင်းကို ခစားအံ့သောငှါ မင်းအိမ်သို့ သွား၍ မင်းအား ခစားခြင်းကို ပြု၍ လာသော မစ္ဆရိယ သူဌေးသည် တစ်ယောက်သော ထမင်းဆာမွတ်သော ဇနပုဒ်သား လူကို မုယောမုန့်ကို လည်းကောင်း, အိုးခင်းဖြင့် ကြော်သော မုန့်ကို လည်းကောင်း စားသည်ကို မြင်၍ ထိုမုန့်၌ စားချင်ခြင်းကို ဖြစ်စေ၍ မိမိအိမ်သို့ သွား၍ ငါသည် အိုးခင်းဖြင့် ကြော်သော မုန့်ကို စားလိုသည် ဖြစ်၏ဟု အကယ်၍ ဆိုအံ့။ များစွာကုန်သော လူတို့သည် ငါနှင့်တကွ စားလိုကုန်သည် ဖြစ်လတ္တံ့။ ဤသို့ ဖြစ်သည် ရှိသော် ငါ၏ များစွာကုန်သော ဆန်ထောပတ် ပျား တင်လဲ အစရှိသည်တို့သည် ကုန်ခြင်းသို့ ရောက်ကုန်လတ္တံ့။ တစ်စုံတစ်ယောက်သော သူအား မပြောဆိုအံ့ဟု ကြံ၏။ ကြံပြီး၍ စားချင်ခြင်းကို သည်းခံလျက် သွား၏၊ ထိုမစ္ဆရိယ သူဌေးသည် ရှည်မြင့်ခြင်းသို့ ရောက်သည် ရှိသော် ဖက်ရွက်ဟော်ကဲ့သို့သော အဆင်းရှိသည် ဖြစ်၏။ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိသည် ဖြစ်၏။ ထိုနောင်မှ စားချင်ခြင်းကို သည်းခံအံ့သောငှါ မတတ်နိုင်သည် ဖြစ်၍ တိုက်ခန်းသို့ ဝင်ပြီးလျှင် ညောင်စောင်း

ယ်ကို ဖက်၍ လျှောင်း၏။ ဤသို့ ဖြစ်သော်လည်း ဥစ္စာ ကုန်အံ့သည်မှ ကြောက်သောကြောင့် တစ်စုံတစ်ယောက်သော သူအား တစ်စုံတစ်ခုသော စကားကို မဆို။

ထိုအခါ မစ္ဆရိယသူဌေးကို မယားသည် ကပ်၍ ကျောက်ကုန်းကို ဆုပ်နယ်၍ အရှင် သင့်အား အဘယ် မချမ်းသာခြင်း ရှိသနည်းဟု မေး၏။ ငါ့အား တစ်စုံတစ်ခုသော မချမ်းသာခြင်းသည် မရှိဟု ဆို၏။ သင့်အား မင်းသည် အမျက် ထွက်သလောဟု မေး၏။ ငါ့အား မင်းသည်လည်း အမျက် မထွက်ဟု ဆို၏။ ထိုသို့ မင်းအမျက် မထွက်သည် ရှိသော် သင့်အား သား သမီးတို့သည် လည်းကောင်း, ကျွန်အမှုလုပ် အစရှိသည်တို့သည် လည်းကောင်း ပြုအပ်သော တစ်စုံတစ်ခုသော မနှစ်သက်ဖွယ်သည် ရှိသလောဟု မေး၏။ မရှိဟု ဆို၏။ ထိုသို့ မရှိသည် ရှိသော် သင့်အား တစ်စုံတစ်ခုသော ဝတ္ထု၌ တောင့်တခြင်းသည် ရှိသလောဟု မေး၏။ ဤသို့ မေးသော်လည်း ဥစ္စာ ကုန်အံ့သည်မှ ကြောက်သောကြောင့် တစ်စုံတစ်ခုသော စကားကို မဆို အသံ မရှိသည် ဖြစ်၍ သာလျှင် အိပ်၏။ ထိုအခါ ထိုမစ္ဆရိယ သူဌေးကို မယားသည် အရှင် ဆိုလော၊ သင့်အား တစ်စုံတစ်ခုသော ဝတ္ထု၌ တောင့်တခြင်းသည် ရှိသလောဟု ဆို၏။ ထိုမစ္ဆရိယသူဌေးသည် မယားစကားကို ပြက်ရယ်ပြုသကဲ့သို့ ငါ့အား တစ်ခုသော တောင့်တခြင်းသည် ရှိ၏ဟု ဆို၏။ အဘယ်တောင့်တခြင်းနည်းဟု မေး၏၊ ငါသည် အိုးခင်းဖြင့် ကြော်သော မုန့်ကို စားလို၏ဟု ဆို၏။ ထိုသို့ စားလိုလျက် အဘယ် အကျိုးငှါ မဆိုသနည်း။ သင်သည် ဆင်းရဲသလော၊ ယခုပင် အလုံးစုံသော သက္ကာရနိဂုံး၌ နေကုန်သောသူတို့အား စားလောက်သည်တို့ကို ပြု၍ ကြော်အံ့ ဟု ဆို၏။

ထိုအလုံးစုံသော သူတို့ဖြင့် သင့်အား အဘယ်အကျိုး ရှိအံ့နည်း။ ထိုသူတို့သည် မိမိတို့ အမှုကို ပြု၍ စားကုန်လတ္တံ့ ဟု ဆို၏။ ထိုသို့ဖြစ်လျှင် တစ်လမ်းတည်း၌ နေသော သူတို့အား စားလောက်သည်ကိုပြု၍ ကြော်အံ့ဟု ဆို၏။ ငါသည် သင်၏ များသော ဥစ္စာရှိသည်၏ အဖြစ်ကို သိ၏ဟု ဆို၏။ ထိုသို့ တပြီးကား ဤအိမ်၏ အနီး၌ အလုံးစုံသော သူတို့အား စားလောက်သည်ကိုပြု၍ ကြော်အံ့ဟု ဆို၏။ ငါသည် သင်၏ အလိုကြီးသော အဖြစ်ကို သိ၏ဟု ဆို၏။ ထိုသို့ဖြစ်လျှင် သင်၏ သား မယားအားသာလျှင် စားလောက်သည်ကို ပြု၍ ကြော်အံ့ဟု ဆို၏။ ထိုသားမယားတို့ဖြင့် သင့်အား အဘယ်အကျိုးရှိအံ့နည်းဟု ဆို၏။ ထိုသို့ ဖြစ်လျှင် သင့်အား လည်းကောင်း, ငါ့အား လည်းကောင်း, စား လောက်သည်ကို ပြု၍ ကြော်အံ့ဟု ဆို၏။ သင်သည် အဘယ်သို့ ပြုအံ့နည်းဟု ဆို၏။ ထိုသို့ဖြစ်လျှင် သင်တစ်ယောက်တည်းသာလျှင် စားလောက်သည်ကို ပြု၍

ကြော်အံ့ဟု ဆို၏။ ဤအရပ်၌ ကြော်သောမုန့်ကို များစွာကုန်သော လူတို့သည် တောင့်တကုန်လတ္တံ့။ မကျိုးသော ဆန်တို့ကို ထားခဲ့၍ ကျိုးသော ဆန်တို့ကို လည်းကောင်း, ခုံလောက်တို့ကိုလည်းကောင်း, အိုးခင်းတို့ကိုလည်းကောင်း ယူခဲ့စေ၍ အတန်ငယ်သော နို့,ရည်, ထောပတ်, ပျား, တင်လဲ တို့ကို ယူခဲ့၍ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏ အထက်ဖြစ်သော အပြင်သို့တက်၍ ကြော်လော့၊ ထိုအရပ်၌ ငါတစ်ယောက်တည်းသာလျှင် ထိုင်၍ စားအံ့ဟု ဆို၏။

ထိုသူဌေးမသည် ကောင်းပြီဟု ဝန်ခံ၍ ယူအပ်သည်တို့ကို ယူခဲ့စေ၍ ပြာသာဒ် ထက်သို့ တက်ပြီး ကျွန်မတို့ကို လွှတ်လိုက်၍ သူဌေးကိုခေါ်စေပြီး ထိုမစ္ဆရိယ သူဌေးသည် အစမှစ၍ တံခါးကို ပိတ်လျက် အလုံးစုံသော တံခါးတို့၌ ကျည်မ, ကျည်ငယ်တို့ကို လျှို၍ ခုနစ်ဆင့်မြောက်သော ပြာသာဒ်ထက်သို့ တက်ပြီးလျှင် ထိုပြာသာဒ်၌လည်း တံခါးပိတ်၍ နေ၏။ ထိုမစ္ဆရိယသူဌေး၏ မယားသည်လည်း ခုံလောက်၌ မီးကိုညှိ၍ အိုးခင်းကိုတင်၍ မုန့်ကိုကြော်အံ့သောငှါ အားထုတ်၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်စောစောကလျှင် မဟာမောဂ္ဂလာန်ကို မောဂ္ဂလာန် ရာဇဂြိုဟ်မြို့၏ အနီး၌ သက္ကာရမည်သော နိဂုံး၌ မစ္ဆရိယသူဌေး သည် အိုးခင်းဖြင့် ကြော်သော မုန့်ကို စားအံ့ဟု တစ်ပါးကုန်သော သူတို့၏ မြင်ခြင်းမှ ကြောက်သောကြောင့် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ထက်၌ မုန့်တို့ကို ကြော်စေ၏။ သင်သည် ထိုအရပ်သို့ သွား၍ ထိုသူဌေးကို ဆုံးမ၍ မာနမရှိသည်ကို ပြု၍ သူဌေး လင်မယား နှစ်ယောက်တို့ကိုလည်းကောင်း, နို့,ရည် ထောပတ်, ပျားတင်လဲတို့ကိုလည်းကောင်း ယူခဲ့၍ သင်၏ အစွမ်းဖြင့် ဇေတဝန်ကျောင်း တော်သို့ ဆောင်ခဲ့လော၊ ယနေ့ ငါဘုရားသည် ငါးရာကုန်သော ရဟန်းတို့နှင့် တကွ ကျောင်း၌သာလျှင် နေ၍ မုန့်တို့ဖြင့်သာလျှင် ဆွမ်းစားခြင်းကိစ္စကိုပြုအံ့ဟု မိန့်တော်မူ၏။

မဟာမောဂ္ဂလာန်မထေရ်သည် အရှင်ဘုရား ကောင်းပြီဟု မြတ်စွာဘုရား စကားတော်ကို ဝန်ခံ၍ ထိုခဏ၌သာလျှင် တန်ခိုးအစွမ်းဖြင့် ထိုသက္ကာရနိဂုံးသို့ သွား၍ ထိုပြာသာဒ်၏ ခြသေ့ံခံသော လေသာတံခါးဝ၌ ကောင်းစွာ ဝတ်လျက် ကောင်းစွာ ရုံလျက် ကောင်းကင်၌သာလျှင် ပတ္တမြားရုပ် ဆင်းတုကဲ့သို့ ရပ်၏။ မဟာမောဂ္ဂလာန်မထေရ်ကို မြင်၍သာလျှင် သူဌေးကြီး၏ နှလုံးသည် တုန်လှုပ် ၏။ ငါသည် ဤသို့ သဘောရှိသော သူတို့မှ ကြောက်သောကြောင့်သာလျှင် ဤအရပ်သို့ လာ၏။ ဤရဟန်းသည်လည်း လာလတ်၍ လေသာတံခါး၌ ရပ်၏ဟု စွဲလမ်းအပ်သော စွဲလမ်းဖွယ်ကို မမြင်သည်ဖြစ်၍ မီး၌ ထည့်အပ်သောဆားကဲ့သို့ ဖျစ်ဖျစ်မြည်လျက် ရဟန်း ကောင်းကင်၌ ရပ်သော်လည်း သင်သည် အဘယ်ကို ရလတ္တံ့နည်း၊ ကောင်းကင်၌ ထိုမှ ဤမှ ခြေရာကို ပြု၍ စင်္ကြံ သွားငြား

သော်လည်း မရလတ္တံ့သာလျှင် ကတည်းဟု ဆို၏၊ မောဂ္ဂလာန်မထေရ်သည် ထိုအရပ်၌သာလျှင် ထိုမှ ဤမှ စင်္ကြံသွားတော်မူ၏။ သူဌေးသည် စင်္ကြံသွားသော်လည်း အဘယ်ကို ရလတ္တံ့နည်း၊ ကောင်းကင်၌ ထက်ဝယ်ဖွဲ့သဖြင့် နေသော်လည်း မရလတ္တံ့လလျှင်ကတည်းဟု ဆို၏။

မဟာမောဂ္ဂလာန်မထေရ်သည် ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၏၊ ထိုအခါ မဟာမောဂ္ဂလာန်မထေရ်ကို ထက်ဝယ် ဖွဲ့ခွေနေငြားသော်လည်း အဘယ်ကို ရလတ္တံ့နည်း၊ လာလတ်၍ လေသာတံခါးခုံ၌ ရပ်သော်လည်း မရလတ္တံ့ဟု ဆို၏။ မဟာမောဂ္ဂလာန်မထေရ်သည် လေသာတံခါးခုံ၌ ရပ်၏။ လေသာတံခါး၌ ရပ်သော်လည်း အဘယ်ကို ရလတ္တံ့နည်း၊ အခိုးလွှတ်ငြားသော်လည်း မရလတ္တံ့သလျှင်ကတည်းဟု ဆို၏။ မဟာမောဂ္ဂလာန်မထေရ်သည် အခိုးလွှတ်တော်မူ၏။အလုံးစုံသော ပြာသာဒ်သည် တစ်စပ်တည်းသော အခိုးရှိသည်ဖြစ်၍ သူဌေး၏ မျက်စိတို့သည် အပ်ဖြင့် ထိုးသကဲ့သို့ဖြစ်၍ အိမ်ကို မီးလောင်အံ့သည်မှ ကြောက်ခြင်းကြောင့်ကား အလျှံလွှတ်ငြားသော်လည်း မရလတ္တံ့ဟု မဆိုမူ၍ ဤရဟန်းသည် အလွန်တပ်စွန်း၏။ မရဘဲကို မသွားလတ္တံ့၊ ထိုရဟန်းအား တစ်ယှက်သောမုန့်ကို လှူအံ့ဟု ကြံ၏။ ကြံပြီး၍ မယားကို ရှင်မ ငယ်စွာသော တစ်ယှက်သော မုန့်ကို ကြော်၍ ရဟန်းအား လှူ၍ ထိုရဟန်းကို လွှတ်လိုက်လော့ဟု ဆို၏။ သူဌေးမသည် အတန်ငယ်သာလျှင် မုန့်ညက်ကို အိုးကင်း၌ ထည့်၏။ မုန့်ကြီးဖြစ်၍ အလုံးစုံသော အိုးကင်းကို ပြည့်စေ၍ အထက်သို့ တက်လျက် တည်၏။ သူဌေးကြီးသည် မုန့်ကို မြင်၍ သင်သည် များစွာသော မုန့်ညက်ကို ထည့်သည်ဖြစ်လတ္တံ့ဟု ဆို၍ မိမိကိုယ်တိုင်သာလျှင် ယောက်မစွန်းဖြင့် အတန်ငယ် မုန့်ညက်ကိုယူ၍ ထည့်၏။ မုန့်ညက်သည် ရှေးကမုန့်ထက် အလွန်ကြီးသည် ဖြစ်၏။

ဤသို့လျှင် အကြင် အကြင်မုန့်ကို ကြော်၏။ ထိုထိုမုန့်သည် ကြီးသည်သာလျှင် ဖြစ်၏။ ထိုသူဌေးကြီးသည် ငြီးငွေ့သည်ဖြစ်၍ မယားကို ရှင်မ ရဟန်းအား တစ်ယှက်သော မုန့်ကို လှူလောဟု ဆို၏။ ထိုသူဌေးမသည် တောင်းမှ မုန့်ကို ယူသည်ရှိသော် အလုံးစုံသော မုန့်တို့သည် တစ်စပ်တည်း ဖြစ်၍ ကပ်ငြိကုန်၏။ ထိုသူဌေးမသည် သူဌေးကြီးကို အရှင် အလုံးစုံသော မုန့်တို့သည် တစ်စပ်တည်း ကပ်ငြိကုန်သည် ဖြစ်၍ ခွဲအံ့သောငှါ မတတ်နိုင်ဟု ဆို၏၊ ငါပြုအံ့ဟု ဆို၍ ထိုသူဌေးသည်လည်း ပြုခြင်းငှါ မတတ်နိုင်။ နှစ်ယောက်ကုန်သော သူတို့သည် အစွန်းကို ကိုင်၍ ငင်သော်လည်း ခွဲအံ့သောငှါ မတတ်နိုင်ကုန်သည်သာလျှင်တည်း။ ထိုအခါ မုန့်တို့နှင့်တကွ လုံ့လပြုစဉ်၌သာလျှင် သူဌေးကြီးကိုယ်မှ ချွေးတို့သည် ထွက်ကုန်၏။ စားချင်ခြင်းသည် ပြတ်၏။

ထိုနေ့ခင်မှ သူဌေးမကို ရှာ်မ ငါ့အား သင်၏မုန့်တို့ဖြင့် အလိုမရှိ။ တောင်းနှင့်တကွသာလျှင် ရဟန်းအား လှူလောဟု ဆို၏။

ထိုသူဌေးမသည် တောင်းကိုယူ၍ မဟာမောဂ္ဂလာန်မထေရ်သို့ ကပ်ပြီးလျှင် အလုံးစုံသော မုန့်ကို မထေရ်အား လှူ၏။ မဟာမောဂ္ဂလာန် မထေရ်သည် နှစ်ယောက်သော သူတို့အားလည်း တရားဟောတော်မူ၏။ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကို ဟောတော်မူ၏၊ အလှူ၏ အကျိုးသည် ရှိ၏။ ပူဇော်ခြင်း၏ အကျိုးသည်ရှိ၏ဟု ဒါနအစရှိသည့်တို့၏ အကျိုးကို ကောင်းကင်၌ လပြည့်ဝန်းကဲ့သို့ ပြတော်မူ၏။ ထိုတရားကို နာရလျှင် ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ သူဌေးကြီးသည် အရှင်ဘုရား ကြွတော်မူ၍ ဤပလ္လင်၌နေ၍ မုန့်တို့ကို ဘုဉ်းပေးတော်မူကုန် လောဟု လျှောက်၏။ မဟာမောဂ္ဂလာန် မထေရ်သည် သူဌေးကြီး မြတ်စွာဘုရားသည် မုန့်တို့ကို ဘုဉ်းပေးအံ့ဟု ငါးရာကုန်သော ရဟန်းတို့နှင့် တကွ ကျောင်း၌ နေတော်မူ၏။ သင်တို့ အလိုရှိသည်ရှိသော် သူဌေးမကို မုန့်တို့ကိုလည်းကောင်း၊ နို့ရည် အစရှိသည်တို့ကို လည်းကောင်း ယူခဲ့စေကုန်လော။ မြတ်စွာဘုရား အထံသို့ သွားကုန်အံ့ဟု မိန့်တော်မူ၏။

အရှင်ဘုရား ယခုအခါ၌ မြတ်စွာဘုရားသည် အဘယ်မှာနည်းဟု လျှောက်၏။ သူဌေးကြီး မြတ်စွာဘုရားသည် ဤသက္ကာရနိဂုံးမှ လေးဆယ့်ငါး ယူဇနာထက်၌ ဇေတဝန်ကျောင်းတော်၌ နေတော်မူသည်ဟု မိန့်တော်မူ၏။ အရှင်ဘုရား ကာလကို မလွန်မူ၍ ဤမျှသောခရီးကို အသို့သွားရကုန်အံ့နည်းဟု လျှောက်၏။ သူဌေးကြီး သင်တို့အလိုရှိသည်ရှိသော် ငါသည် သင်တို့ကို ငါ၏တန်ခိုး အစွမ်းအားဖြင့် ဆောင်အံ့။ သင်တို့ပြာသာဒ်၌ စောင်းတန်းဦးသည် တည်မြဲတိုင်းသော အရပ်၌သာဖြစ်လတ္တံ့။ စောင်းတန်းခြေရင်းသည်ကား ဇေတဝန်ကျောင်းတော်တံခါးမုခ်၌ ဖြစ်လတ္တံ့။ ပြာသာဒ်ထက်မှ အောက်သို့သက်ကာမျှဖြင့် ဇေတဝန်ကျောင်းတော်သို့ ဆောင်အံ့ဟု မိန့်တော်မူ၏။ ထိုသူဌေးကြီးသည် အရှင်ဘုရား ကောင်းပြီဟု ဝန်ခံ၏။ မောဂ္ဂလာန်မထေရ်သည် စောင်းတန်းဦးကို ထိုတည်မြဲတိုင်းသော အရပ်၌သာလျှင် ပြု၍ စောင်းတန်းခြေရင်းသည် ဇေတဝန်ကျောင်းတော် တံခါးမုခ်၌ ဖြစ်စေဟု အဓိဋ္ဌာန်တော်မူ၏။ ထိုသို့ အဓိဋ္ဌာန်တော်မူတိုင်းသာလျှင် ဖြစ်၏။

ဤသို့လျှင် မဟာမောဂ္ဂလာန်မထေရ်သည် သူဌေးကြီးကို လည်းကောင်း၊ သူဌေးမကိုလည်းကောင်း ပြာသာဒ်ထက်မှ အောက်သို့ ဆင်းသက်သော ကာလထက် အလွန်လျင်စွာ ဇေတဝန်ကျောင်းတော်သို့ ရောက်စေ၏။ ထိုသူဌေးလင်မယား နှစ်ယောက်တို့သည်လည်း မြတ်စွာဘုရားသို့ ဆည်းကပ်ပြီးလျှင်

ရှိခိုး၍ အခါကို ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားသည် ဆွမ်းစားဇရပ်သို့ ဝင်တော်မူ၍ ခင်းအပ်သော မြတ်သောဘုရား နေရာတော်၌ ရဟန်းသံဃာနှင့် တကွ နေတော်မူ၏။ သူဌေးကြီးသည် ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူရေစက်ကို သွန်း၏၊ သူဌေးကြီးမယားသည်လည်း မြတ်စွာဘုရား သပိတ်တော်၌ မုန့်ကို ထည့်၏။ မြတ်စွာဘုရားသည် ကိုယ်တော်မြတ် လောက်ရုံသော မုန့်ကို ခံတော်မူ၏၊ ငါးရာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရား အတူ သာလျှင် ခံကုန်၏၊ သူဌေးကြီးသည် လှူအပ်ကုန်သော နို့ရည်, ထောပတ်, ပျား, တင်လဲ, သကာ အစရှိသည်တို့သည် ကုန်ခြင်းသို့ မရောက်ကုန်၊ မြတ်စွာ ဘုရားသည် ငါးရာကုန်သော ရဟန်းတို့နှင့်တကွ ဆွမ်းစားခြင်းကို ပြီးစေတော် မူ၏။

သူဌေးကြီးသည်လည်း သူဌေးမနှင့်တကွ အလိုရှိတိုင်း စား၏၊ မုန့်တို့၏ ကုန်ခြင်းသည် မထင်သည်သာလျှင်တည်း၊ အလုံးစုံသော ကျောင်း၌ ရဟန်း တို့အား လည်းကောင်း၊ စားကြွင်းစားတို့အား လည်းကောင်း ပေးသော်လည်း ကုန်ဆုံးခြင်းသည် မထင်၊ အရှင်ဘုရား မုန့်တို့သည် ကုန်ခြင်းသို့ မရောက်နိုင် ကုန်ပြီဟု မြတ်စွာဘုရားအား ကြားလျှောက်ကုန်၏၊ ထိုသို့ဖြစ်မူကား ဇေတဝန် ကျောင်းတော် တံခါးမုခ်၌ စွန့်ကုန်လော့ဟု မိန့်တော်မူ၏၊ ထိုအခါ မုန့်တို့ကို တံခါးမုခ်၏အနီး ချိုင့်ဝှမ်းရာ အရပ်၌ စွန့်ကုန်၏၊ ယနေ့ထက်တိုင်လည်း ထိုအရပ်သည် အိုးကင်းကြော်မုန့်တို့ကို စွန့်ရာကျင်း ဟူ၍သာလျှင် ထင်ရှား၏။ သူဌေးကြီးသည် မယားနှင့်တကွ မြတ်စွာဘုရားသို့ ဆည်းကပ်၍ တင့်အပ်သော အရပ်၌ တည်၏၊ မြတ်စွာဘုရားသည် တရားဟောတော်မူ၏၊ တရားတော်၏ အဆုံး၌ သူဌေးလင်မယား နှစ်ယောက်တို့သည်လည်း သောတာပတ္တိဖိုလ်၌ တည်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တံခါးမုခ်အနီး စောင်းတန်းသို့ တက်၍ မိမိတို့၏ ပြာသာဒ်၌သာလျှင် တည်ကုန်၏။

ထိုအခါမှ စ၍ မစ္ဆရိယသူဌေးကြီးသည် ကုဋေရှစ်ဆယ်သော ဥစ္စာကို မြတ်စွာဘုရား သာသနာတော်၌သာလျှင် လှူဒါန်း ပူဇော်၏။ နက်ဖြန်နေ့၌ မြတ်စွာဘုရားသည် သာဝတ္ထိမြို့၌ ဆွမ်းခံတော်မူပြီးလျှင် ဇေတဝန်ကျောင်း တော်သို့ လာတော်မူလတ်၍ ရဟန်းတို့အား ဘုရားတို့၏ အဆုံးအမကို ပေးတော်မူပြီးလျှင် ဂန္ဓကုဋိသို့ ဝင်တော်မူ၍ ဖလသမာပတ်ကို ဝင်စားတော် မူသည်ရှိသော် ညချမ်းအခါ တရားသဘင်၌ စည်းဝေးကုန်သော ရဟန်းတို့သည် ငါ့ရှင်တို့ မဟာမောဂ္ဂလာန်၏ တန်ခိုးကို ကြည့်ကြပါကုန်လော၊ မစ္ဆရိယ သူဌေးကြီးကို တစ်ခဏချင်းဖြင့် ဆုံးမပြီးလျှင် မာန်မရှိသည်ကို ပြု၍ မုန့်တို့ကို ယူခဲ့စေပြီးလျှင် ဇေတဝန် ကျောင်းတော်သို့ ဆောင်ခဲ့၍ မြတ်စွာဘုရား

မျက်မှောက်တော်၌ တည့်သည်ကိုပြု၍ သောတာပတ္တိဖိုလ်၌ တည်စေ၏။ မထေရ်သည် အာနုဘော်ကြီးစွ၊ မဟာမောဂ္ဂလာန်မထေရ်၏ ကျေးဇူးစကားကို ပြောဆိုလျက် နေကြကုန်၏၊ မြတ်စွာဘုရားသည် ကြွတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ဒါယကာတို့ကို ဆုံးမသော ရဟန်းမည်သည်ကား ဒါယကာ တို့ကို မညှဉ်းဆဲမူ၍ မပင်ပန်းစေမူ၍ ပန်းပွင့်မှ ပန်းရက်ယူသော ပျားပိတုံး ကဲ့သို့ ဒါယကာတို့ကို ကပ်ပြီးလျှင် ဘုရားဂုဏ်ကျေးဇူးကို သိစေအပ်၏ဟု မဟာမောဂ္ဂလာန် မထေရ်ကို ချီးမွမ်းတော်မူလိုရကား ဓမ္မပဒ၌ လာသော ဤဂါထာကို ဟောတော်မူ၏—

**ယထာပိ ဘမရော ပုပ္ဖံ၊ ဝဏ္ဏဂန္ဓံ မဟေဌယံ။**
**ပလေတိ ရသမာဒါယ၊ ဧဝံ ဂါမေ မုနီ စရေ။**

ပျားပိတုံးသည် ပန်းပွင့်၏ အဆင်းအနံ့ကို မပျက်စီးစေမူ၍ ပန်းရက်ကို ယူ၍ ပျံသကဲ့သို့လည်း ထိုအတူ ရွာ၌ ရဟန်းသည် ကျင့်ရာ၏။

ဤသို့ ဟောတော်မူပြီး၍ အလွန်လည်း မဟာမောဂ္ဂလာန် မထေရ်၏ ဂုဏ်ကျေးဇူးကို ပြတော်မူအံ့သောငှါ ရဟန်းတို့ ယခုအခါ၌သာလျှင် မဟာ မောဂ္ဂလာန်သည် ဤမစ္ဆရိယသူဌေးကြီးကို ဆုံးမသည်မဟုတ်သေး၊ ရှေး၌လည်း ထိုမစ္ဆရိယသူဌေးကြီးကို ဆုံးမ၍ ကံ, ကံ၏ အကျိုးနှင့် စပ်သည်ကို သိစေ ဖူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ရာဇဂြိုဟ်ပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဣလ္လိသမည်သော ကုဋေရှစ်ဆယ် ကြွယ်သော သူဌေးသည် ဖြစ်၏။ ထိုဣလ္လိသသူဌေးသည် ယောကျ်ားယုတ်တို့၏ အပြစ်နှင့် ပြည့်စုံ၏။ ခွင်သောခြေ ရှိ၏၊ ကောက်သော လက်ရှိ၏၊ စွေသောမျက်စိ ရှိ၏၊ သဒ္ဓါခြင်း မရှိ၊ ကြည်ညိုခြင်းမရှိ၊ ဝန်တို၏၊ သူတစ်ပါးတို့အား မပေးသလျှင်ကတည်း၊ မိမိသည်လည်း မသုံးဆောင်သလျှင်ကတည်း။ ရက္ခိုသ်စောင့်သော ရေကန်ကဲ့သို့ ထိုဣလ္လိသသူဌေး၏ အိမ်သည် ဖြစ်၏။ ထိုဣလ္လိသသူဌေး၏ အမိအဘတို့သည် ကား အမျိုး ခုနစ်ဆက်တိုင်အောင် အလှူပေးတတ်သော အလှူရှင်တို့သည်

ဖြစ်ကုန်၏။ ထိုဣလ္လိသသည် သူဌေးအရာကို ရ၍သာလျှင် အမျိုး၏အနွယ်ကို ဖျက်ဆီး၍ အလှူတင်းကုပ်ကို မီးတိုက်၍ အလှူခံတို့ကို ပုတ်ခတ်၍ နှင်ထုတ်၍ ဥစ္စာကိုသာလျှင် တည်စေ၏။ ထိုဣလ္လိသသူဌေးသည် တစ်နေ့သ၌ မင်းခစားအံ့သောငှါ သွား၍ မိမိအိမ်သို့ လာခဲ့သည်ရှိသော် တစ်ယောက်သော ခရီးပင်ပန်းသော လူသည် တစ်ခုသော သုရာခွက်ကိုယူ၍ အင်းပျဉ်၌ ထိုင်၍ ချဉ်သော သုရာခွက်ကိုပြည့်စေ၍ ငါးပုပ်ခတ်သော ဟင်းလျာဖြင့် သောက်သည်ကိုမြင်၍ သုရာ သောက်လိုသည်ဖြစ်၍ ငါသည် သုရာကို အကယ်၍ သောက်အံ့၊ ငါသောက်သည် ရှိသော် များစွာသောသူတို့သည် သောက်လိုသည် ဖြစ်ကုန်ီ လတ္တံ့။ ဤသို့ သောက်သည်ရှိသော် ငါ့အား ဥစ္စာကုန်ခြင်းသည် ဖြစ်လတ္တံ့ဟု ကြံ၏။ ကြံပြီး၍ ထိုဣလ္လိသသူဌေးသည် သေသောက်ခြင်းကို သည်းခံလျက် သွား၏၊ ရှည်မြင့်သောကာလ ရောက်လတ်သော် သည်းခံအံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ ကြိတ်အပ်သော ဝါဂွမ်းကဲ့သို့ ဖျော့တော့သော ကိုယ်ရှိသည်ဖြစ်၏။ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိသည် ဖြစ်၏။

ထိုအခါ တစ်နေ့သ၌ တိုက်ခန်းသို့ ဝင်ပြီးလျှင် ညောင်စောင်းငယ်ကို ဖက်၍ လျောင်း၏။ ထိုဣလ္လိသသူဌေးကို မယားသည် ချဉ်းကပ်၍ ကျောကို ဆုပ်နယ်လျက် အရှင် သင်အား အဘယ် မချမ်းသာသနည်းဟု မေး၏။ အလုံးစုံသော စကားကို အောက်၌ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် သိအပ်၏၊ ထိုသို့ဖြစ်မူကား သင်တစ်ယောက်တည်းအားသာလျှင် သောက်လောက်သော သေကို ပေးအံ့ဟု ဆိုသည်ရှိသော် အိမ်၌ သုရာကို စီရင်သဖြင့် များစွာကုန်သော သူတို့သည် တောင့်တကုန်လတ္တံ့။ အိမ်ဈေးမှ ဆောင်စေ၍လည်း အိမ်၌နေ၍ သောက်အံ့သောငှါ မတတ်နိုင်ဟုကြံ၍ တစ်ပဲမျှသော ဥစ္စာကိုပေး၍ အိမ်ဈေးမှ သေကို ဆောင်စေ၍ အစေအပါးကို ယူခဲ့စေပြီးလျှင် မြို့မှထွက်ခဲ့၍ မြစ်ကမ်းနားသို့ သွား၍ ခရီးမ၏ အနီး၌ တစ်ခုသော ချုံသို့ဝင်၍ သေခွက်ကို ထားခဲ့ပြီးလျှင် သင်သည် သွားလေလောဟု အစေအပါးကို အဝေး၌ နေစေ၍ သေခွက်ကို ပြည့်စေလျက် သေကို သောက်အံ့သောငှါ အားထုတ်၏။ဣလ္လိသသူဌေး၏ အဘသည်ကား ဒါနအစရှိသော ကောင်းမှုတို့ကို ပြုသည်၏အဖြစ်ကြောင့် နတ်ပြည်၌ သိကြားမင်း၏အဖြစ်ဖြင့် ဖြစ်၏။ ထိုသိကြားမင်းသည် ထိုခဏ၌ပင် ငါ၏ အလှူတင်းကုပ်သည် ရှိသေးသလော မရှိပြီလောဟု ဆင်ခြင်သည်ရှိသော် ထိုအလှူတင်းကုပ် မရှိသောအဖြစ်ကိုသိ၍ သား၏ အမျိုးအနွယ် ဖျက်ဆီး၍ အလှူတင်းကုပ်ကို မီးတိုက်၍ အလှူခံတို့ကို နှင်ထုတ်၍ ဝန်တိုသောအဖြစ်၌ တည်၍ ယခုလည်း တစ်ပါးသောသူတို့အား ပေးအပ်လတ္တံ့ဟု ပေးရအံ့သည်မှ ကြောက်သောကြောင့် ချုံသို့ဝင်၍ တစ်ယောက်တည်းသာလျှင် သေသောက်သည်၏ အဖြစ်ကိုလည်း မြင်၍ သွားချေအံ့၊ ထိုဣလ္လိသကို ချောက်ချားစေ၍ ဆုံးမ၍

ကံ၏ အကျိုးနှင့်စပ်သည်ကို သိစေ၍ အလှူပေးပြီးလျှင် နတ်ပြည်၌ဖြစ်ခြင်းငှါ ထိုက်သည်ကို ပြုအံ့ဟု လူ့ပြည်သို့သက်၍ ဣလ္လိသသူဌေးနှင့်တူစွာ ခွင်သောခြေ ရှိသော, ကောက်သော လက်ရှိသော, စွေသော မျက်စိရှိသော အတ္တဘောကို ဖန်ဆင်းပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ဝင်၍ မင်း၏ နန်းတော်တံခါး၌ ရပ်ပြီးလျှင် မိမိလာသောအဖြစ်ကို မင်းအားကြားစေလျက် ဝင်စေလောဟု ဆိုသည်ရှိသော် နန်းတော်သို့ဝင်၍ မင်းကို ရှိခိုးလျက် တည်၏။

မင်းကြီးသည် သူဌေးကြီး အခါမဟုတ်သည်၌ အဘယ်ကြောင့်လာသနည်း ဟု မေး၏။ အရှင်မင်းကြီး အခါမဟုတ်သည်၌ လာသည်မှန်၏။ အကျွန်ုပ်၏အိမ်၌ ကုဋေရှစ်ဆယ် ပမာဏရှိသော ဥစ္စာသည်ရှိ၏။ ထိုဥစ္စာကို အရှင်မင်းကြီးသည် ဆောင်စေ၍ အရှင်မင်းကြီး၏ ဘဏ္ဍာတိုက်ကို ပြည့်စေလောဟု ဆိုသည် ရှိသော် သူဌေးကြီး ငါသည် အလိုမရှိ။ သင်၏ဥစ္စာထက် ငါတို့၏အိမ်၌ ဥစ္စာသည် အလွန် များ၏ဟု ဆို၏။

အရှင်မင်းကြီး ရှင်မင်းကြီးတို့အား ကိစ္စသည် အကယ်၍ မရှိအံ့။ အကျွန်ုပ် သည် အလိုရှိတိုင်း ဥစ္စာကိုယူ၍ အလှူပေးအံ့ဟု ဆို၏။ သူဌေးကြီးပေးလောဟု ဆို၏။ ထိုသိကြားမင်းသည် ရှင်မင်းကြီးကောင်းပြီဟု မင်းကြီး ကိုရှိခိုး၍ ထွက်ခဲ့ ပြီးလျှင် ဣလ္လိသသူဌေးအိမ်သို့ သွား၏။ အလုံးစုံသော အလုပ်အကျွေး လူတို့ သည် ခြံရံကုန်၍ တစ်ယောက်သောသူမျှလည်း ဤသူသည် ဣလ္လိသသူဌေးမဟုတ် ဟူ၍သိခြင်းငှါ စွမ်းနိုင်သောသူမည်သည်မရှိ။ ထိုသိကြားသည် အိမ်သို့ဝင်၍ တံခါး ခုံအတွင်း၌ရပ်လျက် တံခါးစောင့်ကိုခေါ်၍ ငါမှ တစ်ပါးသော ငါနှင့်တူသော သဏ္ဌာန်ရှိသော အကြင်သူသည် လာလတ်၍ ဤအိမ်သည် ငါ့အိမ်တည်းဟု ဝင်အံ့သောငှါ လာအံ့။ ထိုသူကို ကျောက်၌ ကြိမ်ဖြင့်ရိုက်၍ နှင်ထုတ်ကုန်လော ဟု ဆိုပြီး၍ ပြာသာဒ်ထက်သို့တက်ပြီးလျှင် မြတ်သော သူတို့အားသာ ထိုက်သော နေရာ၌နေ၍ သူဌေးမကို ခေါ်စေ၍ ပြုံးသော အခြင်းအရာကိုပြ၍ ရှင်မ၊ အလှူပေးကြကုန်အံ့ဟု ဆို၏။ ထိုသိကြားစကားကို ကြား၍သောလျှင် သူဌေးမယားသည်လည်းကောင်း, သားသမီးတို့သည်လည်းကောင်း, ကျွန်အမှု လုပ်အစရှိသောသူတို့သည်လည်းကောင်း၊ ဤမျှသော ကာလတိုင်အောင်အလှူ ပေးအံ့သောငှါ စိတ်မျှသည်ပင်လျှင် မရှိ၊ ယနေ့မူကား သေကိုသောက်၍ နူးညံ့ သောစိတ်ရှိသည်ဖြစ်၍ လှူလိုသော သဘောရှိသည် ဖြစ်လတ္တံ့ဟု ဆိုကုန်၏။ ထိုအခါ သိကြားကို သူဌေးမသည် အရှင် အလိုရှိတိုင်းပေးကုန်လောဟု ဆို၏။ ထိုသို့ဖြစ်မူကား စည်တီးတတ်သောသူကို ခေါ်၍ ရွှေငွေပတ္တမြားပုလဲ အစရှိ သည်တို့ဖြင့် အလိုရှိကုန်သော သူတို့သည် ဣလ္လိသသူဌေးအိမ်သို့ သွားစေကုန် သတည်းဟု အလုံးစုံသောမြို့၌ စည်လည်စေလောဟု ဆို၏။

ထိုသူဌေးမယားသည်လည်း သိကြား ဆိုတိုင်းသာလျှင် ပြုစေ၍ လူအများသည် တောင်း,အိတ် အစရှိသည်တို့ကို ယူ၍ အိမ်တံခါး၌ စည်းဝေး၏။ သိကြားသည် ရတနာ ခုနစ်ပါးတို့ဖြင့် ပြည့်ကုန်သော တိုက်တို့ကို ဖွင့်စေ၍ သင်တို့အား ငါပေး၏။ အလိုရှိတိုင်းယူ၍ သွားကုန်လော့ဟု ဆို၏။ လူများသည် ဥစ္စာကို ထုတ်၍ ကျယ်သောအပြင်၌ အစုကိုပြု၍ ဆောင်ခဲ့သော တောင်း, အိတ်အစရှိသည်တို့ကို ပြည့်စေ၍ သွား၏။ တစ်ယောက်သောဇနပုဒ်သားသည် ဣလ္လိသ သူဌေး၏ နွားတို့ကို သူဌေး၏ရထား၌သာလျှင်က၍ ရတနာခုနစ်ပါးတို့ဖြင့် ပြည့်စေ၍ မြို့မှထွက်လတ်ပြီးလျှင် ခရီးမဖြင့်သွား၍ ထိုချုံ၏အနီးဖြင့် တို့ရထားကို နှင်လျက် အရှင်ဣလ္လိသသူဌေး သင့်ကိုမှီ၍ ယခုအခါ ငါသည် အသက်ထက်ဆုံး အမှုကို မပြုမူ၍ အသက်မွေးအံ့သည် ဖြစ်၏။ သင်၏ရထားသာလျှင်တည်း။ သင်၏နွားတို့တည်း။ သင်၏ရတနာ ခုနစ်ပါးတို့တည်း။ ငါ၏အမိသည် မပေးအပ်သလျှင်ကတည်း။ ငါ၏အဘသည် မပေးအပ်သလျှင်ကတည်း။ သင့်ကိုသာလျှင် မှီ၍ ရအပ်ကုန်၏။

အရှင်သူဌေးကြီး သင်သည် အနှစ်တစ်ရာ အသက်ရှည်ပါစေသတည်းဟု သူဌေးကြီး၏ ကျေးဇူးစကားကို ဆိုလျက် သွား၏။ ထိုဣလ္လိသသူဌေးသည် အသံကြား၍ ကြောက်လန့်သည်ဖြစ်၍ ဤသူသည် ငါ၏ နှစ်သက်ဖွယ်ကိုယူ၍ ဤမည်သောစကားကို ဤမည်သောစကားကို ဆို၏။ ငါ၏ဥစ္စာကို မင်းကြီးသည် လူများအား ပေးလေသလော့ဟု ကြံ၏။ ကြံပြီးလျှင် ချုံမှထွက်၍ နွားတို့ကိုလည်းကောင်း, ရထားတို့ကိုလည်းကောင်း သိ၍ ဟယ် ကျွန်ယုတ် ငါ၏နွားတို့တည်း ငါ၏ရထားတည်းဟုဆို၍ နဖားကြိုး၌ ကိုင်၏၊ ဇနပုဒ်သားသည် ရထားမှ သက်လတ်၍ ဟယ် ကျွန်ယုတ် ဣလ္လိသသူဌေးကြီးသည် အလုံးစုံသော မြို့သူမြို့သားများအား အလှူပေး၏။ သင်သည် အသို့ ဖြစ်သနည်းဟု ပြေးလာ၍ မိုးကြိုးကျသကဲ့သို့ လည်၌ ရိုက်ခတ်ပြီးလျှင် ရထားကို ယူ၍သွား၏။

ထိုဣလ္လိသသူဌေးသည် တစ်ဖန် တုန်တုန်လှုပ်လှုပ်ထ၍ မြေမှုန့်ကိုသုတ်၍ လျင်မြန်သဖြင့်သွား၍ ရထားကို ကိုင်၏။ ဇနပုဒ်သားသည် ရထားမှသက်၍ ဆံတို့၌ကိုင်၍ ညွတ်စေပြီးလျှင် တံတောင်တို့ဖြင့် ထောင်း၍ လည်၌ ကိုင်ပြီးလျှင် လာရာခရီးသို့ ရှေးရှုပစ်လိုက်၍ သွား၏။ ဤသို့ထောင်းသတ်ကာမျှဖြင့် ဣလ္လိသ သူဌေး၏ သုရာယစ်ခြင်းသည် ပြေ၏။ ထိုဣလ္လိသသူဌေးသည် တုန်လှုပ်လျက် လျင်မြန်သဖြင့် အိမ်တံခါးသို့သွားလျက် ဥစ္စာတို့ကိုယူ၍ သွားကုန်သောလူတို့ကို မြင်၍ အချင်းတို့ ဤအမှုသည် အဘယ်မည်သော အမှုနည်း၊ မင်းကြီးသည် ငါ၏ဥစ္စာကို လုယက်စေသလောဟုဆို၍ ထိုထိုသူကို သွား၍ ကိုင်၏၊ ကိုင်တိုင်း

ကိုင်တိုင်းသော သူတို့သည် ပုတ်ခတ်ကုန်၍ ခြေရင်း၌သာလျှင် တည်စေကုန်၏။ ထိုဂုလ္လိသသူဌေးသည် ဝေဒနာသို့ ရောက်သည်ဖြစ်၍ အိမ်သို့ ဝင်အံ့သောငှါ အားထုတ်၏။ တံခါးစောင့်တို့သည် ဟယ်သူယုတ် အဘယ်သို့ဝင်အံ့နည်းဟု ဆို၍ ဝါးခြမ်းစိတ်ဘို့ဖြင့် ရိုက်ခတ်ပြီးလျှင် လည်၌ကိုင်၍ ငင်ထုတ်ကုန်၏။

ထိုဂုလ္လိသသူဌေးသည် ယခုအခါ မင်းကိုထား၍ မင်းမှတစ်ပါးသော တစ်စုံတစ်ယောက်သော ကိုးကွယ်ရာ ဖြစ်သောသူ မရှိဟု မင်း၏ အထံသို့ သွား၍ ရှင်မင်းကြီး အကျွန်ုပ်၏ အိမ်ကို ရှင်မင်းကြီးတို့သည် လုယက်စေကုန်သလောဟု လျှောက်၏၊ သူဌေးကြီး ငါမလုယက်စေ၊ သင်သည်ပင်လျှင် လာ၍ မင်းကြီးတို့သည် အကယ်၍ မယူကုန်အံ့၊ အကျွန်ုပ်၏ ဥစ္စာကို အကျွန်ုပ်သည်ပင်လျှင် အလှူပေးပါကုန်အံ့ဟု မြို့၌ စည်ကိုလည်စေ၍ အလှူကို ပေးသည် မဟုတ်လောဟု ဆို၏။ အရှင်မင်းကြီး အကျွန်ုပ်သည် အရှင်မင်းကြီး၏ အထံသို့ မလာရပါ၊ အရှင်မင်းကြီးတို့သည် အကျွန်ုပ်၏ ဝန်တိုသော အဖြစ်ကို မသိကုန်သလော အကျွန်ုပ်သည် မြက်ဖျားဖြင့် ဆီပေါက်ကိုလည်း တစ်စုံတစ်ယောက်သောသူအား မပေး၊ အရှင်မင်းကြီး၊ အကြင်သူသည် အလှူပေး၏၊ ထိုသူကို ခေါ်စေ၍ စုံစမ်းတော်မူကုန်လောဟု လျှောက်၏၊ မင်းကြီးသည် သိကြားကို ခေါ်စေ၍ နှစ်ယောက်ကုန်သောသူတို့၏ အထူးကို မသိသလျှင်ကတည်း၊ အမတ်တို့သည်လည်း မသိကုန်သလျှင်ကတည်း၊ ဂုလ္လိသသူဌေးသည် ရှင်မင်းကြီးအသို့နည်း၊ အကျွန်ုပ်သည် ဂုလ္လိသသူဌေး တည်းဟု ဆို၏၊ ငါတို့သည် မသိကုန်၊ သင့်အားသိသောသူ ရှိသလောဟုဆို၏၊ ရှင်မင်းကြီး အကျွန်ုပ်၏ မယားသည် သိပါ၏ဟု ဆိုသည် ရှိသော် မယားကို ခေါ်စေ၍ သင်၏လင်သည် အဘယ်သူနည်းဟု မေး၏၊ ထိုမယားသည် ဤသူသည် အကျွန်ုပ်၏ လင်တည်းဟု ဆို၍ သိကြား၏ အထံ၌သာလျှင် တည်၏၊ သားတို့ကို လည်းကောင်း ကျွန်အမှုလုပ်တို့ကို လည်းကောင်း ခေါ်စေ၍ မေးကုန်၏၊ အလုံးစုံသော သူတို့သည် သိကြား၏ အထံ၌သာ တည်ကုန်၏၊ တစ်ဖန် ဂုလ္လိသသူဌေးသည် ငါ၏ဦးခေါင်း၌ ဆံတို့ဖြင့် ဖုံးလွှမ်းသော မှဲ့သည် ရှိ၏၊ ထိုမှဲ့ကို ကား ဆတ္တာသည်သာလျှင် သိ၏၊ ထိုဆတ္တာသည်ကို ခေါ်စေအံ့ဟု ကြံ၏၊ ကြံပြီးလျှင် ထိုဂုလ္လိသသူဌေးသည် အရှင်မင်းကြီး အကျွန်ုပ်ကို ဆတ္တာသည် သိ၏၊ ထိုဆတ္တာသည်ကို ခေါ်တော်မူပါစေကုန်လောဟု လျှောက်၏။

[ထိုအခါ၌ကား ဘုရားလောင်းသည် ထိုဂုလ္လိသ သူဌေး၏ ဆတ္တာသည်ဖြစ်၏။]

မင်းကြီးသည် ထိုဆေတ္တာသည်ကို ခေါ်စေ၍ ဣလ္လိသသူဌေးကို သင်သိ၏လောဟု မေး၏၊ အရှင်မင်းကြီး ဦးခေါင်းကို ကြည့်ရမူကား သိပါ၏ဟု လျှောက်၏၊ ထိုသို့ဖြစ်မူကား နှစ်ယောက်ကုန်သော သူတို့၏ ဦးခေါင်းကို ကြည့်လောဟု ဆို၏၊ ထိုခဏ၌ သိကြားသည် ဦးခေါင်း၌မှဲ့ကို ဖန်ဆင်း၏၊ ဘုရားလောင်းသည် နှစ်ယောက်ကုန်သော သူတို့၏ ဦးခေါင်းကို ကြည့်သည် ရှိသော် မှဲ့ကိုမြင်၍ မြတ်သောမင်းကြီး နှစ်ယောက်ကုန်သော သူတို့၏ ဦးခေါင်း၌ မှဲ့သည် ရှိသည်သာလျှင်ကတည်း၊ အကျွန်ုပ်သည် ထိုသူနှစ်ယောက်တို့တွင် တစ်ယောက်သောသူ၏ ဣလ္လိသသူဌေး၏ အဖြစ်ကို သိအံ့သောငှါ မတတ်နိုင်ပါ ဟု ဆိုလို၍ ဤဂါထာကို ဆို၏—

**၇၈ ဥဘော ခဉ္ဇာ ဥဘော ကုဏီ၊ ဥဘော ဝိသမစက္ခုကာ။**

**ဥဘိန္နံ ပိဠကာ ဇာတာ၊ နာဟံ ပဿာမိ ဣလ္လိသံ။**

မြတ်သောမင်းကြီး နှစ်ယောက်လုံး ခြေခွင်ကုန်၏၊ နှစ်ယောက်လုံး လက်ကောက်ကုန်၏။ နှစ်ယောက်လုံး မျက်စိစွေကုန်၏၊ နှစ်ယောက်လုံး၏ ခေါင်း၌ မှဲ့ရှိကုန်၏။ ထို့ကြောင့် အကျွန်ုပ်သည် ဣလ္လိသအစစ်ကို မသိနိုင်။

ဘုရားလောင်း၏ စကားကို ကြား၍ ဤဣလ္လိသသူဌေးသည် တုန်လှုပ်လျက် ဥစ္စာ၌ စိုးရိမ်ခြင်းကြောင့် သတိကို ဖြစ်စိမ့်သောငှါ မတတ်နိုင်သည်ဖြစ်၍ ထိုအရပ်၌သာလျှင် လဲ၏၊ ထိုခဏ၌ သိကြားသည် မြတ်သောမင်းကြီး-ငါသည် ဣလ္လိသသူဌေးမဟုတ်၊ သိကြားဖြစ်၏ဟု ဆို၍ ကြီးစွာသော တင့်တယ် စံပယ်ခြင်းဖြင့် ကောင်းကင်၌ ရပ်၏၊ ထိုဣလ္လိသသူဌေး၏ မျက်နှာကို သုတ်သင်၍ ရေဖြင့် လောင်း၏။ ထိုဣလ္လိသသူဌေးသည် ထလတ်၍ သိကြားနတ်မင်းကို ရှိခိုးလျက် ရပ်၏၊ ထိုအခါ ဣလ္လိသကို သိကြားမင်းသည် ဣလ္လိသ ဤဥစ္စာသည် ငါ၏ဥစ္စာတည်း၊ သင်၏ဥစ္စာမဟုတ်၊ ထိုစကားသည် မှန်၏၊ ငါသည် သင်၏ အဘတည်း၊ သင်သည် ငါ၏ သားတည်း၊ ငါသည် ဒါန အစရှိသော ကောင်းမှုတို့ကို ပြု၍ သိကြားအဖြစ်သို့ ရောက်၏၊ သင်သည်ကား ငါ၏အမျိုးအနွယ်ကို ဖြတ်ပြီးလျှင် မလှူလိုသော အလေ့ရှိသည် ဖြစ်၍ ဝန်တိုခြင်း၌ တည်၍ အလှူတင်းကုပ်တို့ကို မီးတိုက်၍ အလှူခံတို့ကို နှင်ထုတ်ပြီးလျှင် ဥစ္စာကိုသာလျှင် တည်စေ၏၊ ထိုဥစ္စာကို သင်သည်လည်း မသုံးဆောင်၊ တစ်ပါးသောသူတို့အား လည်းမပေး၊ ရက္ခိုသ်စောင့်သော ရေကန်ကဲ့သို့ တည်၏၊ ငါ၏ အလှူတင်းကုပ်ကို ပကတိပြု၍ အလှူကို အကယ်၍ လှူအံ့၊ ထိုသို့ လှူမူကား ကောင်း၏၊ အကယ်၍မလှူအံ့၊ အလုံးစုံသော သင်၏ဥစ္စာကို ကွယ်စေ၍ ဝဇိရ်လက်နက်ဖြင့်

ဦးခေါင်းကို ခွဲ၍ အသက်ကုန်ခြင်းသို့ ရောက်စေအံ့ဟု ဆို၏။ ထိုဠလ္လိသသူဌေး သည် သေဘေးမှ ကြောက်လန့်ရကား ဤနေ့မှ စ၍ အလှူပေးပါအံ့ဟု ဝန်ခံခြင်းကို ပေး၏။ သိကြား နတ်မင်းသည် ထိုဠလ္လိသ၏ ဝန်ခံခြင်းကိုယူ၍ ကောင်းကင်၌ နေလျက် တရားဟော၍ သီလတို့၌ တည်စေပြီးလျှင် မိမိနေရာ တာဝတိံသာ နတ်ဘုံရွာသို့သာလျှင် သွား၏။ ဠလ္လိသသူဌေးသည်လည်း ဒါနအစရှိသော ကောင်းမှုတို့ကို ပြု၍ နတ်ပြည်သို့ လား၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ရဟန်းတို့ ယခုအခါ၌သာလျှင် မောဂ္ဂလာန်သည် မစ္ဆရိယသူဌေးကို ဆုံးမသည် မဟုတ်သေး။ ရှေး၌လည်း ဤမောဂ္ဂလာန်သည် ဤမစ္ဆရိယသူဌေးကို ဆုံးမဖူးသည်သာလျှင်တည်းဟု ဤဓမ္မဒေသနာကို ဆောင် တော်မူ၍ အနုသန္ဓေကိုစပ်၍ ယခုအခါ မစ္ဆရိယသူဌေးသည် ထိုအခါ ဠလ္လိသ သူဌေး ဖြစ်ဖူးပြီ။ ယခုအခါ မောဂ္ဂလာန်သည် ထိုအခါ သိကြားနတ်မင်း ဖြစ်ဖူးပြီ။ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဆတ္တ သည် ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကိုပေါင်း တော်မူ၏။

ခုနစ်ဆယ့်ရှစ်ခုမြောက်သော ဠလ္လိသဇာတ်သည် ပြီး၏။

---

## ၇၉-ခရဿရဇာတ်

### သူခိုးလက်က သူဝှက်လု

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာ ဘုရားသည် "ယတော ဝိလုတ္တာ စ ဟတာ စ ဂါဝေါ" အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤခရဿရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော အမတ်ကို အကြောင်းပြု၍ ဟော တော်မူ၏၊ ကောသလမင်း၏ တစ်ယောက်သော အမတ်သည် မင်းကို နှစ်သက် စေ၍ ပစ္စန္တရစ်ရွာ၌ မင်း၏ ဗိုလ်ပါကို ရ၍ ခိုးသူတို့နှင့် တစ်ပေါင်းတည်း ဖြစ်၍ ငါသည် သူတို့ကိုယူ၍ တောသို့ဝင်အံ့။ သင်တို့သည် ရွာကို လုယက်ကုန်၍ ထက်ဝက်သော ဥစ္စာကို ငါ့အား ပေးကုန်လောဟုဆို၍ ရှေးဦးကလျှင် လူတို့ကို စည်းဝေးစေ၍ တောသို့ သွား၍ ခိုးသူသည် လာလတ်ကုန်၍ နွားတို့ကို

သတ်ကုန်၍ အသားကိုစားကုန်၍ ရွာကိုလုယက်ကုန်၍ သွားကုန်သည်ရှိသော် ညချမ်းအခါ၌ လူများခြံရံလျက် လာ၏။ ထိုရွာစား အမှုသည် မကြာမြင့်မီလျှင် ထင်ရှားသည်ဖြစ်၏။ လူတို့သည် ကောသလမင်းကြီးအား ကြားလျှောက်ကုန်၏။ ကောသလမင်းကြီးသည် ထိုရွာစားကို ခေါ်၍ အပြစ်ကို ဝန်ခံစေပြီးလျှင် ကောင်းစွာနှိပ်ခြင်းကို နှိပ်၍ တစ်ပါးသော ရွာစားကို သွားစေပြီးလျှင် ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားအား ထိုအကြောင်းကို ကြားလျှောက်၏။ မြတ်စွာဘုရားသည် မြတ်သော မင်းကြီး ဤရွာစားသည် ယခုအခါ၌သာလျှင် ဤသို့ သဘောရှိသည် မဟုတ်သေး။ ရှေး၌လည်း ဤသို့ သဘောရှိသည် သာလျှင်တည်းဟု မိန့်တော်မူ၍ ထိုကောသလမင်းကြီးသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် တစ်ယောက်သော အမတ်အား ပစ္စန္တရစ်ရွာကို ပေး၏။ အလုံးစုံသော စကားသည် ရှေးစကားနှင့် တူသည်သာလျှင်တည်း။ ထိုအခါ ဘုရားလောင်းသည် ကုန်သွယ်အံ့သောငှါ ပစ္စန္တရစ်ရွာ၌ လှည့်လည်သည်ရှိသော် ထိုရွာ၌ နေခြင်းကို ပြု၏။ ထိုဘုရားလောင်းသည် ထိုရွာစားသည် ညချမ်းအခါ၌ လူများ ခြံရံသဖြင့် စည်ကြီးကိုတီးလျက် လာလတ်သည် ရှိသော် ဤရွာစား ယုတ်မာသော ခိုးသူနှင့် တစ်ပေါင်းတည်းပြု၍ ရွာကို လုယက်စေပြီးလျှင် ခိုးသူတို့သည် ပြေးကုန်၍ တောအုပ်သို့ဝင်ကုန်သည်ရှိသော် ယခုအခါ၌ အလွန်ငြိမ်သက်သကဲ့သို့ စည်ကြီးကို တီးလျက် လာကုန်၏ဟု ဆိုလို၍ ဤဂါထာကို ဆို၏—

၇၉။ ယတော ဝိလုတ္တာ စ ဟတာ စ ဂါဝေါ။
ဒဍ္ဍာနိ ဂေဟာနိ ဇနော စ နီတော။
အထာဂမာ ပုတ္တဟတာယ ပုတ္တော၊
ခရဿရံ ဍိဏ္ဍိမံ ဝါဒယန္တော။

အိုအချင်းတို့ လုယက်အပ်ကုန်ပြီးသော နွားတို့ကို အသားကို စားခြင်းငှါ သတ်အပ်ကုန်၏။ အိမ်တို့ကိုလည်း မီးတိုက်ကုန်၏ လူကိုဖမ်းဆောင်အပ်၏ ထိုအခါ တရားသတ်၍ သေပြီးသော သားရှိသော မိန်းမ၏ အရှက်မရှိသော ရွာစားပျက်သားသည် ကြမ်းသော အသံရှိသော စည်ကြီးကို တီးလျက် လာ၏။

ဤသို့ ဘုရားလောင်းသည် ဤဂါထာဖြင့် ထိုရှာစားကို ဆဲရေး၏။ မကြာမြင့်မီပင်လျှင် ထိုရှာစား၏ အမှုသည် ထင်ရှား၏။ ထိုအခါ ထိုရှာစားအား မင်းသည် အပြစ်အားလျော်စွာ နှိပ်ခြင်းကို ပြု၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် မြတ်သောမင်းကြီး ဤရှာစားသည် ယခုအခါ၌သာလျှင် ဤသို့သဘောရှိသည် မဟုတ်သေး၊ ရှေး၌လည်း ဤသို့သဘော ရှိသည်သာလျှင် တည်းဟု မိန့်တော်မူ၍ ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် အနုသန္ဓေကို စပ်၍ ယခုအခါ အမတ်သည်လျှင် ထိုအခါ အမတ်ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဂါထာကိုဆိုသော ပညာရှိ ယောကျ်ားဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

ခုနစ်ဆယ့် ကိုးခုမြောက်သော ခရဿရဇာတ်သည် ပြီး၏။

---

## ၈၀-ဘီမသေနဇာတ်

### အပြောတစ်မျိုး အလုပ်တစ်မျိုး

### ဟန် ကိုယ့်ဖို

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ယံ တေ ပဝိကတ္ထိတံ ပုရေ"အစရှိသော ထိုဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဘီမသေနဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မထင်ရှားသော သူတစ်ပါးတို့အား ရှုတ်ချတတ်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်ယောက်သော ရဟန်းသည် ငါ့ရှင်တို့၏ အမျိုးအနွယ်တို့ဖြင့် တူသော မည်သည်မရှိကုန် ငါတို့သည် ဤသို့ သဘောရှိသည် မည်သော မင်းမျိုး၌ ဖြစ်ကုန်၏။ အနွယ်အားဖြင့်လည်းကောင်း ဥစ္စာအားဖြင့်လည်းကောင်း အမျိုးအစဉ်အဆက်အားဖြင့် လည်းကောင်း ငါတို့နှင့်တူသောသူ မည်သည်မရှိ၊ ငါတို့၏ ရွှေငွေအစရှိသည်တို့၏ အဆုံးသည် မရှိ၊ ငါတို့၏ ကျွန်အမှု လုပ်သည်လည်း သလေးသားပြွမ်းထမင်းကို စားရကုန်၏။ ကာသိတိုင်း၌ ဖြစ်သော အဝတ်ကို ဝတ်ရကုန်၏။ ကာသိတိုင်း၌ ဖြစ်သော နံ့သာပျောင်းကို လိမ်းရကုန်၏၊ ငါတို့

သည် ရဟန်းဖြစ်သဖြင့် ယခုအခါ၌ ဤသို့သဘောရှိကုန်သော ရှုန့်ရင်းကုန်သော အစာတို့ကို စားရကုန်၏။ ရှုန့်ရင်းကုန်သော သင်္ကန်းတို့ကို ဆောင်ရကုန်၏ဟု သီတင်းကြီး ဒုတိယသီတင်းငယ် သီတင်းလတ် ဖြစ်ကုန်သော ရဟန်းတို့၏ အတွင်း၌ သူတစ်ပါးတို့အား ရှုတ်ချလျက်အမျိုးအစရှိသည်တို့၏အစွမ်းအားဖြင့်သူတစ်ပါး တို့အားကဲ့ရဲ့၍ သွားသတတ်။ ထိုအခါ တစ်ယောက်သောရဟန်းသည်ထိုရဟန်း၏ အမျိုးစဉ်ဆက်ကို စုံစမ်း၍ သူတစ်ပါးတို့အားရှုတ်ချတတ်သည်အဖြစ်ကို ရဟန်း တို့အား ပြောဆို၏။ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကုန်လျက် ငါ့ရှင်တို့ ဤမည်သော ရဟန်းသည် ဤသို့ သဘောရှိသော ဝဋ်ဆင်းရဲမှ ထွက်မြောက် ကြောင်းဖြစ်သော သာသနာတော်၌ ရဟန်းပြု၍ သူတစ်ပါးတို့အား ရှုတ်ချလျက် သွား၏ဟု ထိုရဟန်း၏ ကျေးဇူးမဲ့ကို ပြောဆိုကုန်၏။ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန် သနည်းဟု မေးတော်မူ၏။ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်သည်ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ထိုရဟန်းသည် ယခုအခါ၌သာလျှင် သူတပါးတို့အား ရှုတ်ချလျက် ကဲ့ရဲ့လျက်သွားသည် မဟုတ်သေး၊ ရှေး၌လည်း သူတပါးတို့အား ရှုတ်ချကဲ့ရဲ့လျက် သွားဖူးသည်သာလျှင်တည်းဟု မိန့်တော် မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သောမင်းသည် မင်းပြု သည်ရှိသော် ဘုရားလောင်းသည် တစ်ခုသောနိဂုံးရွာ၌ ဥဒိစ္စပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်သည် ရှိသော် တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခ ဆရာ့အထံ၌ ဗေဒင်သုံးပုံတို့ကို လည်းကောင်း၊ တစ်ဆယ့်ရှစ်ပါးသော အတတ်တို့ကို လည်း ကောင်း သင်၍ ခပ်သိမ်းသော အတတ်တို့၌ အပြီးသို့ရောက်၍ စူဠဓနုဂ္ဂဟပဏ္ဍိတ မည်သည်ဖြစ်၏၊ ထိုဘုရားလောင်းသည် တက္ကသိုလ်ပြည်မှ ထွက်ခဲ့၍ အလုံးစုံ သော အတတ်ကို ရှာလျက် မဟိံသကတိုင်းသို့ သွား၏။

[ဤစူဠဓနုဂ္ဂဟဇာတ်၌ကား ဘုရားလောင်းသည် အတန်ငယ် ပု၏ ကုန်းသောကိုယ်ရှိ၏။]

ထိုဘုရားလောင်းသည် တစ်စုံတစ်ယောက်သော မင်းသို့ အကယ်၍ ဆည်းကပ်ငြားအံ့၊ ဤသို့ ဆည်းကပ်သည်ရှိသော် ပုသောကိုယ် ရှိသော သင်သည် ငါတို့၏အမှုကို အသို့ပြုနိုင်လတ္တံ့နည်းဟု ဆိုလတ္တံ့၊ ငါသည် အလုံး အရပ်နှင့်ပြည့်စုံသော အဆင်းလှသော ယောကျ်ားကို ကာပြု၍ ထိုယောကျ်ား၏ ကျောက်ရိပ်ဖြင့် အသက်မွေးခြင်းကို အကယ်၍ ပြုရမူကား ကောင်း၏ဟု ကြံ၏၊

ကြံပြီး၍ ဘုရားလောင်းသည် ထိုသို့သဘောရှိသော ယောက်ျားကို ရှာသည်ရှိသော် တစ်ယောက်သော ဘီမသေနမည်သော ရက်ကန်းသည်၏ ရက်ကန်းရက်ရာ အရပ်သို့သွားပြီးလျှင် ထိုဘီမသေနနှင့်တကွ နှုတ်ခွန်းဆက်ခြင်းကိုပြု၍ အဆွေ သင်သည် အဘယ်အမည်ရှိသနည်းဟု မေး၏၊ ဘီမသေနမည်၏ဟု ဆို၏၊ သင်သည် ဤသို့သဘောရှိသော ကိုယ်နှင့် ပြည့်စုံသည်ဖြစ်၍ ဤယုတ်သော အမှုကို အဘယ့်ကြောင့် ပြုသနည်းဟု မေး၏၊ အသက်မွေးခြင်းငှါ မတတ်နိုင်သည်ဖြစ်၍ ပြု၏ဟုဆို၏၊ အဆွေ ဤအမှုကို မပြုလင့်၊ အလုံးစုံသော ဇမ္ဗူဒိပ်၌ ငါနှင့်တူသော လေးသမားမည်သည်မရှိ၊ ငါသည် တစ်စုံတစ်ယောက်သော မင်းကို အကယ်၍ မြင်ငြားအံ့၊ ဤသို့ မြင်သည်ရှိသော် ထိုမင်းသည် ငါ့ကို ဤလူပုသည် ငါ၏ အမှုကို အသို့ ပြုနိုင်လတ္တံ့နည်းဟု ပြက်ရယ်ပြုရာ၏။

သင်သည် မင်းကို ဖူးမြင်၍ အရှင်မင်းကြီး အကျွန်ုပ်သည် လေးသမားတည်း၊ အရှင်မင်းကြီးသည် ထောက်ပံ့ခြင်းကို ပြုတော်မူပါလောဟု သင်ဆိုအံ့၊ မင်းသည် သင့်အား ရိက္ခာကိုပေး၍ အသက်မွေးခြင်းသည် ဖြစ်လတ္တံ့၊ ငါသည် သင့်အားဖြစ်သောအမှုကိုပြုလျက် သင့်ကျောက်ရိပ်ဖြင့် အသက်မွေးအံ့၊ ဤသို့လျှင် နှစ်ယောက်ကုန်သော ငါတို့သည်လည်း ချမ်းသာသည် ဖြစ်ကုန်အံ့၊ ငါ၏စကားကို လိုက်နာလော့ဟု ဆို၏၊ ထိုဘီမသေနသည် ကောင်းပြီဟုဝန်ခံ၏။

ထိုအခါ ဘီမသေနကိုယူ၍ ဗာရာဏသီသို့သွားပြီးလျှင် မိမိသည် အလုပ်အကျွေးငယ်ဖြစ်၍ ထိုဘီမသေနကို ရှေ့ကထားလျက် မင်းအိမ်တံခါး၌ရပ်၍ မင်းအား ကြားစေ၏၊ ဝင်စေလောဟုဆိုသည်ရှိသော် နှစ်ယောက်ကုန်သော သူတို့သည် မင်းကို ရှိခိုးလျက်နေ၏၊ အဘယ်အကြောင်းကြောင့် လာကုန်သနည်းဟု မေးသည်ရှိသော် ဘီမသေနသည် အရှင်မင်းကြီး အကျွန်ုပ်သည် လေးသမားတည်း၊ အလုံးစုံသော ဇမ္ဗူဒိပ်၌ အကျွန်ုပ်နှင့်တူသော လေးသမားသည် မရှိဟု လျှောက်၏၊ အဘယ်မျှသောဥစ္စာကို ရသည်ရှိသော် ငါ့ကို ခစားလတ္တံ့နည်းဟုမေး၏၊ အရှင်မင်းကြီး လခွဲ၌ အသပြာ တစ်ထောင်ကို ရသည်ရှိသော် ခစားပါအံ့ဟု လျှောက်၏၊ ဤယောကျ်ားသည် သင်နှင့်အသို့တော်သနည်းဟု မင်းကြီးမေး၏၊ အရှင်မင်းကြီး အကျွန်ုပ်၏ အလုပ်အကျွေးငယ်တည်းဟု လျှောက်၏၊ ကောင်းပြီ ခစားလောဟု မင်းကြီးဆို၏၊ ထိုအခါမှစ၍ ဘီမသေနသည် မင်းကို ခစား၏၊ ထိုဘီမသေနအားဖြစ်သော အမှုကိစ္စကို ဘုရားလောင်းသည်သာလျှင် ပြီးစေ၏။

ထိုအခါ ကာသိတိုင်းဝယ် တစ်ခုသော တော၌ များစွာကုန်သော လူတို့၏ သွားရာလမ်းခရီးကို ကျားသည် ပြတ်စေ၏၊များစွာသောလူတို့ကို ဖမ်း၍စား၏၊ ထိုအကြောင်းကို မင်းအား ကြားလျှောက်၏၊ မင်းကြီးသည် ဘီမသေနကို

ခေါ်၍ အမောင် ကျားကိုဖမ်းအံ့သောငှါ တတ်နိုင်လတ္တံ့လောဟု မိန့်ဆို၏၊ အရှင်မင်းကြီး ကျားကိုဖမ်းအံ့သောငှါ မတတ်နိုင်ပါအံ့၊ အဘယ်မှာ လေး သမားမည်အံ့နည်းဟု လျှောက်၏၊ မင်းကြီးသည် ဘီမသေနအား ရိက္ခာကို ပေး၍ လွှတ်လိုက်၏၊ ထိုဘီမသေနသည် အိမ်သို့သွား၍ ဘုရားလောင်းအား ပြောဆို၏၊ ဘုရားလောင်းသည် အဆွေ ကောင်းပြီ သွားလေလော့ဟုဆို၏၊ သင် သည်ကား မလိုက်လေလောဟုဆို၏၊ ငါသည် မလိုက်အံ့၊ ဥပါယ်ကိုကား သင့်အား ကြားအံ့ဟုဆို၏၊ အဆွေ ကြားလောဟုဆို၏၊ သင်သည် ကျားရှိရာအရပ်သို့ အဆောတလျင် တစ်ယောက်တည်းသာလျှင် မသွားလေလင့်၊ ဇနပုဒ်သား တို့ကို စည်းဝေးပြီးလျှင် တစ်ထောင် နှစ်ထောင်သော လေးသမားတို့ကို ခေါ်စေ၍ ထိုကျားရှိရာအရပ်သို့ သွားပြီးလျှင် ကျားထသောအဖြစ်ကို သိလျှင် ပြေး၍ တစ်ခုသော ချုံသို့ဝင်၍ ရင်ဖြင့်ဝပ်လေလော့၊ ဇနပုဒ်သားတို့သည်သာ လျှင် ကျားကိုပုတ်ခတ်၍ ဖမ်းလတ္တံ့။

လူတို့သည် ကျားကိုဖမ်းသည်ရှိသော် သွားတို့ဖြင့် တစ်ခုသော နွယ်ကို ဖြတ်၍ နွယ်စွန်းဦးကိုင်၍ ကျားသေ၏အထံသို့ သွားပြီးလျှင် အချင်းတို့ အဘယ်သူသည် ဤကျားကို သတ်သနည်း၊ ငါသည် ဤကျားကို နွားကဲ့သို့ နွယ်ဖြင့်ဖွဲ့၍ မင်းကြီးအထံသို့ ဆောင်အံ့ဟု နွယ်အလို့ငှါ ချုံသို့ဝင်သည်ရှိသော် ငါယူအပ်သော နွယ်သည် မပျောက်မီသာလျှင် အဘယ်သူသည် သတ်အပ် သနည်း၊ ဤသို့ဆိုလေလော့။ ထိုအခါ ဇနပုဒ်သားတို့သည် ကြောက်လန့် ကုန်သည်ဖြစ်၍ အရှင်ဘီမသေန မင်းအားမကြားပါလင့်ဟု များစွာသော ဥစ္စာကို ပေးကုန်လတ္တံ့။ သင်သည်သာလျှင် ကျားကိုဖမ်းအပ်သည် ဖြစ်လတ္တံ့၊ မင်း၏အထံမှလည်း များစွာသောဥစ္စာကို ရလတ္တံ့ဟု ဘုရားလောင်းဆို၏။ ထိုဘီမသေနသည် ကောင်းပြီဟု ဝန်ခံပြီးလျှင် သွား၍ ဘုရားလောင်းသည် ဆိုအပ်သောနည်းဖြင့်သာလျှင် ကျားကိုဖမ်း၍ တောကိုဘေးမရှိခြင်းကို ပြု၍ လူများခြံရံလျက် ဗာရာဏသီသို့လာလတ်၍ မင်းကိုဖူးမြင်လျက် အရှင်မင်းကြီး အကျွန်ုပ်သည် ကျားကိုဖမ်းအပ်၏။ တောကို ဘေးမရှိခြင်းကို ပြုအပ်ပြီဟု လျှောက်၏။ မင်းသည် နှစ်သက်သည်ဖြစ်၍ များစွာသော ဥစ္စာကိုပေး၏။

တစ်နေ့သ၌ တစ်ခုသော လမ်းခရီးကို တစ်ခုသော ကျွဲသည် ပြတ်စေ၏ဟု ကြားလျှောက်၏။ မင်းသည် ထိုရှေးအတူသာလျှင် ဘီမသေနကို စေ၏။ ထို ဘီမသေနသည်လည်း ဘုရားလောင်း ပေးအပ်သောနည်းဖြင့် ကျားကိုကဲ့သို့ ထိုကျွဲကိုလည်း ဖမ်း၍လာ၏။ မင်းသည် တစ်ဖန်များစွာသော ဥစ္စာကို ပေး၏။ ကြီးစွာသော စည်းစိမ်သည်ဖြစ်၏။

ထိုဘီမသေနသည် စည်းစိမ်ယစ်ခြင်းဖြင့် ယစ်သည်ဖြစ်၍ ဘုရားလောင်း၌ မထိမဲ့မြင်ပြု၍ ဘုရားလောင်းစကားကိုမယူ။ ငါသည် သင့်ကိုမှီ၍ အသက်မမွေး၊ သင်သည်သာလျှင် ယောကျ်ားလော ဤသို့ အစရှိသော ကြမ်းကြုတ်သော စကားကို ဆို၏။ ထိုအခါ နှစ်ရက်သုံးရက်လွန်သဖြင့် တစ်ယောက်သော ပြည်နီးချင်းမင်းသည် လာလတ်၍ ဗာရာဏသီကို ဝန်းရံပြီးလျှင် ပြည်ကိုတည်း ပေးအံ့လော။ စစ်တိုက်ခြင်းကိုတည်း ပြုအံ့လောဟု ဗာရာဏသီမင်းအား သတင်းစကားကို စေလိုက်၏။ ဗာရာဏသီမင်းသည် စစ်ထိုးလောဟု ဘီမသေနကို စေလိုက်၏။ ထိုဘီမသေနသည် အလုံးစုံသော ချပ်တန်ဆာတို့ဖြင့် ဖွဲ့အပ်သည်ဖြစ်၍ ခင်း၏ အသွင်ကိုယူ၍ ကောင်းစွာဖွဲ့အပ်သော တန်ဆာရှိသော ဆင်ကျောက်ကုန်း၌ နေ၏။ ဘုရားလောင်းသည် ထိုဘီမသေန၏ သေဘေးမှ ကြောက်သောကြောင့် အလုံးစုံသော ချပ်တန်ဆာတို့ဖြင့် ဖွဲ့လျက် ဘီမသေန၏ နောက်ဖြစ်သော နေရာ၌ နေ၏၊ ဆင်သည် များစွာသော လူများဖြင့် ခြံရံလျက် မြို့တံခါးမှ ထွက်စေ၍ စစ်မြေဦးသို့ ရောက်၏၊ ဘီမသေနသည် စစ်ထိုးသော စည်သံကို ကြား၍ တုန်လှုပ်ခြင်းငှါ အားထုတ်၏။ ဘုရားလောင်းသည် ယခုအခါ၌ ဤဘီမသေနသည် ဆင်ကျောက်ကုန်းမှကျ၍ သေလတ္တံ့ဟု ဆင်ကျောက်ကုန်းမှ မကျစိမ့်သောငှါ ဘီမသေနကို ကြိုးဖြင့်ကိုင်၏။ ဘီမသေနသည် စစ်ထိုးရာအရပ်ကိုမြင်၍ သေဘေးမှကြောက်သောကြောင့် ကျင်ကြီးကျင်ငယ်တို့ဖြင့် ဆင်ကျောက်ကုန်းကို ဖျက်ဆီး၏။ ဘုရားလောင်းလည်း ဘီမသေန သင်၏ရှေးစကားနှင့် ယခုဖြစ်သော အမူအရာသည် မညီသလျှင်ကတည်း။ သင်သည် ရှေး၌ စစ်သူရဲကဲ့သို့ ဖြစ်၏။ ယခုအခါ၌ကား ဆင်ကျောက်ကုန်းကို ဖျက်ဆီး၏ဟု ဆိုလို၍ ဤဂါထာကိုဆို၏—

၈၀။ ယံ တေ ပဝိကတ္ထိတံ ပုရေ၊
အထ တေ ပူတိသရာ သဇန္တိ ပစ္ဆာ။
ဥဘယံ န သမေတိ ဘီမသေန၊
ယုဒ္ဓကထာ စ ဣဒဉ္စ တေ ဝိဟညံ။

ဘီမသေန အကြောင်းမျိုးစုံဖြင့် သင်သည် ရှေးအခါ၌ သူတစ်ပါးတို့အား ရှုတ်ချသော စကားကို ဆိုလျက် ယခုအခါ၌ သင့်အား ကြောက်သေးပန်း၍ ကြောက်ချေးပါကုန်၏။ သင်၏ စကားစစ်ထိုးခြင်း, ပင်ပန်းခြင်း အမူအရာ နှစ်မျိုးတို့သည် ရှေ့နောက်မညီချေ။

ဤသို့ ဘုရားအလောင်းသည် ထိုဘီမသေနကို ကဲ့ရဲ့၍ အဆွေ မကြောက်လင့်၊ အဘယ့်ကြောင့် ငါသည် ထင်ရှားရှိလျက် ပင်ပန်းဘိသနည်းဟု ဘီမသေနကို ဆင်ကျောက်ကုန်းမှ ချပြီးလျှင် ရေချိုး၍ အိမ်သို့သာလျှင်

သွား၊လေလော့ဟု လွှတ်လိုက်၍ ယနေ့ ငါသည် ထင်ရှားသောသူ ဖြစ်ခြင်းငှါ သင့်၏ဟု ဆို၍ ထိုဘုရားလောင်းသည် စစ်မြေပြင်သို့ ကပ်၍ ကြော်ငြာပြီးလျှင် ဗိုလ်ထုကို ဖျက်၍ ရန်သူမင်းကို အရှင်ဖမ်းခြင်းကို ဖမ်း၍ ဗာရာဏသီမင်း၏ အထံသို့ သွား၏။ မင်းသည် နှစ်သက်သည် ဖြစ်၍ ဘုရားလောင်းအား ကြီးစွာသော စည်းစိမ်ကို ပေး၏။ ထိုအခါမှ စ၍ စူဠဓနုဂ္ဂဟ ပဏ္ဍိတ ဟူ၍ သာလျှင် အလုံးစုံသော ဇမ္ဗူဒိပ်၌ ထင်ရှားသည် ဖြစ်၏။ ထိုဘုရားလောင်းသည် ဒီဃဘာဏကို ရိက္ခာပေး၍ မိမိနေရာ အရပ်သို့သာလျှင် သွားစေ၍ ဒါန အစ ရှိသော ကောင်းမှုတို့ကို ပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ရဟန်းတို့ ဤရဟန်းသည် ယခုအခါ၌သာလျှင် သူတစ်ပါးတို့အား ရှုတ်ချသော စကားကို ဆိုတတ်သည် မဟုတ်သေး။ ရှေး၌လည်း ဆိုဖူးသည်သာလျှင် တည်းဟု မိန့်တော်မူ၍ အနုသန္ဓိကို စပ်၍ ယခုအခါ ရှုတ်ချသော ရဟန်းသည် ထိုအခါ ဒီဃဘာဏ ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ စူဠဓနုဂ္ဂဟပဏ္ဍိတ ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ရှစ်ဆယ်ပြည့်မြောက်သော ဒီဃဘာဏဇာတ်သည် ပြီး၏။

---

## ၉-အပါယိမ္ဘ ဝဂ်

### ၈၁-သုရာပါနဇာတ်

### လူကိုဖျက် အရက်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အပါယိမ္ဘ အနစ္စိမ္ဘ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤသုရာပါနဇာတ်ကို ကောသမ္ဗီပြည်ကို အမှီပြု၍ ဃောသိတာရုံ ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **သာဂတ မထေရ်** ကို အကြောင်း ပြု၍ ဟောတော်မူ၏။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ ဝါဆိုတော်မူပြီးလျှင် ဒေသစာရီ ကြွချီတော်မူ၍ ဘဒ္ဒဝတီ အမည်ရှိသော နိဂုံးသို့ ရောက်တော်မူသည် ရှိသော် နွားကျောင်းသား တို့သည် လည်းကောင်း၊ ဆိတ်ကျောင်းသား တို့သည် လည်းကောင်း၊ လယ်ထွန် ယောကျ်ားတို့သည် လည်းကောင်း၊ ခရီးသွားသော

သူတို့သည် လည်းကောင်း မြတ်စွာဘုရားကို မြင်လျှင် ရှိခိုးကုန်၍ ဘုန်းတော်ကြီးသော အရှင်ဘုရား အမ္ဗတိတ္ထသို့ ကြွတော်မမူပါလင့်၊ အမ္ဗတိတ္ထ ရသေ့ကျောင်း၌ အမ္ဗတိတ္ထမည်သော ကြမ်းသော အဆိပ်ရှိသော နဂါးသည် နေ၏။ ထိုနဂါးသည် အရှင်ဘုရားကို ညှဉ်းဆဲရာ၏ဟု တားမြစ်ကုန်၏။ မြတ်စွာဘုရားသည် နွားကျောင်းသား အစရှိသည်တို့၏ စကားကို မကြားသကဲ့သို့ ထိုနွားကျောင်းသား အစရှိသော သူတို့သည် သုံးကြိမ် တိုင်အောင် တားမြစ်ကုန်သော်လည်း မြတ်စွာဘုရားသည် ဘဒ္ဒဝတီနိဂုံး၏ အနီးဖြစ်သော တစ်ခုသော တောအုပ်၌ နေတော်မူသည်ရှိသော် ထိုအခါ မြတ်စွာဘုရား၏ အလုပ်အကျွေးတော်ဖြစ်သော သာဂတမည်သော မထေရ်သည် ပုထုဇဉ်တို့၏ တန်ခိုးနှင့် ပြည့်စုံ၏။ ထိုသာဂတမထေရ်ကို နဂါးမင်းအား ဆုံးမစိမ့်သောငှါ ခွင့်ပြုတော်မူ၏။

သာဂတ မထေရ်သည် ထိုရသေ့ကျောင်းသို့ ကပ်၍ ထိုနဂါးမင်း၏ နေရာအရပ်၌ မြက်အခင်းကို ခင်း၍ ထက်ဝယ် ဖွဲ့သဖြင့် နေ၏။ နဂါးမင်းသည် ထိုသို့ နေခြင်းကို သည်းမခံနိုင်သည် ဖြစ်၍ အခိုး လွှတ်၏။ သာဂတ မထေရ်သည်သည်း အခိုး လွှတ်၏။ နဂါးမင်းသည် အလျှံကို လွှတ်၏။ သာဂတ မထေရ်သည်လည်း အလျှံကို လွှတ်၏။ နဂါးမင်း၏ တန်ခိုးသည် မထေရ်ကို မနှိပ်စက်နိုင်၊ မထေရ်၏ တန်ခိုးသည် နဂါးမင်းကို နှိပ်စက်၏။ ဤသို့လျှင် သာဂတ မထေရ်သည် တစ်ခဏချင်းဖြင့် ထိုနဂါးကို ဆုံးမ၍ သရဏဂုံတို့၌လည်းကောင်း၊ သီလတို့၌ လည်းကောင်း တည်စေပြီးလျှင် မြတ်စွာဘုရားအထံတော်သို့ သွား၍ မြတ်စွာဘုရားသည်လည်း ဘဒ္ဒဝတီနိဂုံး၌ မွေ့လျော်တော်မူသရွေ့ နေတော်မူပြီးလျှင် ကောသမ္ဗီပြည်သို့ ကြွတော်မူ၏၊ သာဂတ မထေရ်သည် နဂါးကို ဆုံးမသော အဖြစ်သည် အလုံးစုံသော ဇနပုဒ်တို့ကို ပျံ့နှံ့၏၊ ကောသမ္ဗီပြည်၌ နေကုန်သော သူတို့သည် မြတ်စွာဘုရားအား ခရီးဦးကြိုဆိုကုန်၍ မြတ်စွာဘုရားကို ရှိခိုး၍ သာဂတ မထေရ်၏ အထံသို့ သွား၍ ရှိခိုးကုန်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ နေကုန်လျက် အရှင်ဘုရားတို့ အရှင်ဘုရားတို့အား အကြင် အကြင် ဝတ္ထုကို ရခဲ၏။ ထိုထိုဝတ္ထုကို ဆိုတော်မူကုန်လော။ ထိုထို ရခဲသော ဝတ္ထုကိုသာလျှင် အကျွန်ုပ်တို့သည် စီရင်ပါကုန်အံ့၊ ဤသို့ လျှောက်ကုန်၏။ သာဂတ မထေရ်သည် ဆိတ်ဆိတ် နေ၏။

ဆဗ္ဗဂ္ဂီရဟန်းတို့သည်ကား ဒါယကာတို့ ရဟန်းတို့အား ခိုခြေအဆင်းနှင့်တူသော သုရာကိုလည်း ရခဲ၏။ နှစ်လည်း နှစ်သက်၏။ သင် ဒါယကာတို့သည် အရှင်သာဂတမထေရ်အား အကယ်၍ ကြည်ညိုကုန်အံ့၊ ခိုခြေအဆင်းနှင့်တူသော သုရာကို စီရင်ကုန်လောဟု ဆို၏။ ကောသမ္ဗီမြို့သူတို့သည် ကောင်းပြီဟု ဝန်ခံ၍

မြတ်စွာဘုရားကို နက်ဖြန်အလို့ငှါ ဆွမ်းဖိတ်ပြီးလျှင် မြို့သို့ဝင်၍ မိမိတို့၏အိမ်၌ မထေရ်အား လှူကုန်အံ့ဟု ခိုခြေအဆင်းနှင့်တူသော ကြည်လှစွာသောသုရာကို စီရင်ပြီးလျှင် မထေရ်ကိုဖိတ်၍ အိမ်တိုင်း အိမ်တိုင်း ကြည်လှစွာသော သုရာကို လှူကုန်၏။ သာဂတမထေရ်လည်း သောက်၍ သုရာယစ်ခြင်းဖြင့် ယစ်၍ မြို့မှ ထွက်သည်ရှိသော် တံခါးကြား၌လဲ၍ ယောင်ယမ်းလျက် အိပ်၏၊ မြတ်စွာဘုရားသည် ပွဲအပ်ပြီးသော ဆွမ်းစားခြင်းကိစ္စ ရှိသည်ဖြစ်၍ မြို့မှထွက်တော်မူသည်ရှိသော် တံခါးကြား၌ ထိုထိုသော အခြင်းအရာဖြင့်သာလျှင် အိပ်သော သာဂတမထေရ်ကို မြင်တော်မူ၍ ရဟန်းတို့ သာဂတမထေရ်ကို ယူခဲ့ကုန်လောဟု ယူခဲ့စေ၍ ကျောင်းတော်သို့ သွားတော်မူ၏။ ရဟန်းတို့သည် သာဂတမထေရ်၏ ဦးခေါင်းကို မြတ်စွာဘုရား၏ ခြေတော်ရင်း၌ထား၍ အိပ်စေကုန်၏။ ထို သာဂတမထေရ်သည် လည်၍ ခြေတို့ကို မြတ်စွာဘုရားသို့ ရှေ့ရှုပြု၍ အိပ်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ရှေး၌ သာဂတမထေရ်အား ငါဘုရား၌ အကြင် ရိုသေခြင်းသည် ရှိ၏။ ထိုရိုသေခြင်းသည် ယခုအခါ ရှိသလောဟု မေးတော်မူ၏။ အရှင်ဘုရား မရှိပါဟု လျှောက်၏။ ရဟန်းတို့ အမ္ဗတိတ္ထမည်သော နဂါးမင်းကို အဘယ်သူ ဆုံးမသနည်းဟု မေးတော်မူ၏။ အရှင်ဘုရား သာဂတမထေရ် ဆုံးမ၏ဟု လျှောက်ကုန်၏။ ယခုအခါ သာဂတမထေရ်သည် ရေမြွေမျှကိုလည်း ဆုံးမခြင်းငှါ စွမ်းနိုင်အံ့လောဟု မေးတော်မူ၏။ အရှင်ဘုရား စွမ်းနိုင်ခြင်းသည် မရှိဟု လျှောက်ကုန်၏။ ရဟန်းတို့ အကြင်သုရာကို သောက်လျှင် ဤသညာ ကင်းခြင်းသည် ဖြစ်၏၊ ဤသို့ သဘောရှိသော သုရာကို သောက်ခြင်းငှါ သင့်မည်လောဟု မေးတော်မူ၏။ အရှင်ဘုရား မသင့်ဟု လျှောက်ကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် သာဂတမထေရ်အား ကဲ့ရဲ့တော်မူပြီးလျှင် ရဟန်းတို့ကို ခေါ်တော်မူ၍ သုရာမေရယကို သောက်ခြင်းကြောင့် ပါစိတ်အာပတ်သင့်၏ဟု သိက္ခာပုဒ် ပညတ်တော်မူပြီးလျှင် နေရာမှထ၍ ဂန္ဓကုဋိသို့ ဝင်တော်မူ၏။ တရားသဘင်၌ စည်းဝေးကုန်သော ရဟန်းတို့သည် ငါ့ရှင်တို့ အကြင် သုရာသောက်ခြင်း မည်သည် ပညာတန်ခိုးနှင့် ပြည့်စုံသော သာဂတမထေရ်ကို စဉ်လျက် မြတ်စွာဘုရား၏ ကျေးဇူးတော်မျှကိုလည်း မသိနိုင်အောင် ပြုသေး၏။ ထိုသုရာသောက်ခြင်း မည်သည်လျှင် အပြစ်ကြီး၏ဟု သုရာသောက်ခြင်း၏ ကျေးဇူးမဲ့ကို ပြောဆိုကုန်၏၊ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန် သနည်းဟု မေးတော်မူ၏။ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် သုရာကို သောက်၍ ရဟန်းတို့သည် သညာကင်းကုန်သည် မဟုတ်သေး၊ ရှေး၌လည်း ကင်းဖူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိတိုင်း၌ ဥဒိစ္စပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ရောက်သည်ရှိသော် ရသေ့ရဟန်းပြု၍ အဘိညာဉ်တို့ကိုလည်းကောင်း၊ သမာပတ်တို့ကိုလည်းကောင်း ဖြစ်စေ၍ ဈာန်ကစားခြင်းကို ကစားလျက် ဟိမဝန္တာအရပ်၌ ငါးရာကုန်သော တပည့်ရသေ့အပေါင်း ခြံရံလျက် နေ၏။ ထိုအခါ ဘုရားလောင်းရသေ့ကို မိုးကာလ ရောက်သည်ရှိသော် တပည့်တို့သည် ဆရာ အကျွန်ုပ်တို့သည် လူ့ပြည်သို့သွား၍ ချဉ်ဆား မှီဝဲ၍ လာကြကုန်အံ့ဟု လျှောက်ကုန်၏၊ ငါ့ရှင်တို့ ငါတို့သည် ဟိမဝန္တာ၌ နေအံ့၊ သင်တို့သည်ကား သွား၍ ကိုယ်ကို ရောင့်ရဲစေ၍ မိုးလလွန်စေ၍ လာခဲ့ကုန်လောဟု ဆို၏။

ထိုတပည့်ငါးရာတို့သည် ကောင်းပြီဟု ဆရာကို ရှိခိုး၍ ဗာရာဏသီပြည်သို့ ရောက်၍ ဆရာကိုရှိခိုး၍ မင်း၏ ဥယျာဉ်၌သာလျှင် နေကုန်၍ နက်ဖြန်နေ့၌ မြို့တံခါး၏ အပဖြစ်သော ရွာ၌သာလျှင် ဆွမ်းခံဝင်ကုန်သည်ဖြစ်၍ နက်ဖြန်နေ့၌ မြို့သို့ဝင်ကုန်၏။ လူတို့သည် ချစ်မြတ်နိုးကုန်သည် ဖြစ်၍ ဆွမ်းကို လှူဒါန်းကုန်၏။ နှစ်ရက်သုံးရက် လွန်သဖြင့်လည်း မင်းအား အရှင်မင်းကြီး ဟိမဝန္တာမှ ပြင်းထန်သော အကျင့် ရှိကုန်သော မြတ်သော အောင်အပ်သော ဣန္ဒြေရှိကုန်သော သီလရှိကုန်သော ငါးရာကုန်သော ရသေ့တို့သည် လာလတ်ကုန်၍ ဥယျာဉ်တော်၌ နေကုန်၏ဟု ကြားလျှောက်ကုန်၏။ မင်းသည် ထိုရသေ့တို့၏ ကျေးဇူးကို ကြား၍ ဥယျာဉ်သို့ သွားပြီးလျှင် ရှိခိုးလျက် ပြုအပ်သော နှုတ်ခွန်းဆက်ခြင်း ရှိသည်ဖြစ်၍ မိုးလေးလပတ်လုံး ထိုဥယျာဉ်၌သာ နေခြင်းကို ပြုစေ၍ ပင့်ဖိတ်ကုန်၏။ ထိုရသေ့တို့သည် ထိုအခါမှစ၍ မင်းအိမ်၌သာလျှင် ဆွမ်းစား၍ ဥယျာဉ်၌ နေကုန်၏။

ထိုအခါ တစ်နေ့သ၌ မြို့၌ သုရာသောက်သော ပွဲသဘင်မည်သည် ဖြစ်၏၊ မင်းသည် ရဟန်းတို့အား သုရာကို ရခဲ၏ဟု များစွာသော သုရာကို လှူစေ၏။ ရသေ့တို့သည် သုရာကိုသောက်ကုန်ပြီးလျှင် ဥယျာဉ်သို့သွား၍ သုရာယစ်ခြင်းဖြင့် ယစ်ကုန်သည်ဖြစ်၍ အချို့ကုန်သော ရသေ့တို့သည် ထ၍ ကကုန်၏၊ အချို့ကုန်သော ရသေ့တို့သည် သီချင်းသီကုန်၏၊ ကကုန်သီကုန်၍ ခဲဖွယ် အစ ရှိသည်တို့ကို ဖို၍အိပ်ကုန်၏။ သုရာယစ်ခြင်း ပြေသည်ရှိသော် နိုးလတ်ကုန်၍ မိမိတို့၏ ထိုဖောက်ပြန်သော အခြင်းအရာကို မြင်ကုန်၍ ငါတို့သည် ရဟန်းတို့အား မလျော်ပတ်သည်ကို ပြုကုန်၏ဟု မျက်ရည်ထွက်သဖြင့် ငိုကုန်၍ ဟစ်ကြွေးသဖြင့် ငိုကုန်၍ ဆရာနှင့် ကင်းသည်၏အဖြစ်ကြောင့် ဤသို့ သဘော ရှိသော မကောင်းမှုကို ပြုမိကုန်၏ဟု ထိုခဏ၌သာလျှင် မင်း၏ဥယျာဉ်ကိုစွန့်၍

ဟိမဝန္တာသို့ သွား၍ ပရိက္ခာရကို သိမ်းပြီးလျှင် ဆရာကို ရှိခိုး၍ နေကုန်၏။ ဆရာသည် အမောင်တို့ လူ့ပြည်၌ ဆွမ်းဖြင့် မပင်ပန်းကုန်သည်ဖြစ်၍ ချမ်းသာစွာ နေရပါကုန်၏လော ညီညွတ်သဖြင့် နေရခြင်းကိုလည်း နေရပါကုန်၏လောဟု မေး၏၊ ဆရာ- ချမ်းသာစွာ နေရပါကုန်၏၊ ထိုသို့ ချမ်းသာစွာ နေရကုန်သော်လည်း မသောက်အပ်သော သုရာကို သောက်မိသောကြောင့် သညာကင်းကုန်သည်ဖြစ်၍ သတိဖြစ်စိမ့်သောငှါ မတတ်နိုင်သည် ဖြစ်၍ သီလည်း သီခဲ့ကုန်ပြီ။ ကလည်း ကခဲ့ကုန်ပြီဟု ဤအကြောင်းကို ကြားလျှောက်လိုရကား ဤဂါထာကို ရွတ်ဆိုလျှောက်ကြားကုန်၏။

၇၁။ အပါယိမှ အနစ္စိမှ၊ အဂါယိမှ ရုဒိမှ စ။
ဝိသညိကရဏိံ ပိတွာ၊ ဒိဋ္ဌာ နာဟုမှ ဝါနရာ။

ဆရာ သောက်လည်း သောက်ကုန်ပြီ၊ ကလည်း ကကုန်ပြီ၊ သီဆိုလည်း သီဆိုကုန်ပြီ၊ ငိုသည်း ငိုကုန်ပြီ၊ သတိမေ့ခြင်းကို ပြုတတ်သော သေရည်ကို သောက်ခြင်းကြောင့် မျက်မှောက်ထင်ထင် မြင်အပ်ကုန်သော မျောက်ဖြစ်မသွားခြင်းသည်သာလျှင် တော်သင့်လှပါသေး၏။

ဘုရားလောင်းသည် ဆရာတို့နှင့် အတူတကွနေခြင်းမှ ကင်းခြင်း မည်သည်ကား ဤသို့ သဘောရှိသည်သာလျှင်တည်းဟု ထိုရသေ့တို့ကို ကဲ့ရဲ့၏။ တစ်ဖန် ဤသို့ သဘောရှိသော မကောင်းမှုတို့ကို မပြုကြကုန်လင့်ဟု ထိုရသေ့တို့အား အဆုံးအမကိုပေး၍ မယုတ်သော ဈာန်ရှိသည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။

[ထိုစကားသည် သင့်၏။ ဤဇာတ်မှ စ၍ အနုသန္ဓေကို စပ်၍ ဟူသော ဤစကားမျှကိုသည်း ဆိုကုန်၏။]

အဘယ်သို့ ဇာတ်ကို ပေါင်းသနည်း ဟူမူကား ယခုအခါ ငါဘုရား ပရိသတ်တို့သည် ထိုအခါ တပည့် ရသေ့အပေါင်း ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့အပေါင်းတို့၏ ဆရာဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကိုပေါင်းတော်မူ၏။

ရှစ်ဆယ့်တစ်ခုမြောက်သော သုရာပါနဇာတ်သည် ပြီး၏။

## ၈၂-မိတ္တဝိန္ဒကဇာတ်

### ရေပန်း ရွှေပန်းထင်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် အတိက္ကမ္မ ရမဏကံ- အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမိတ္တဝိန္ဒကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော ဆိုနိုင်ခက်သောရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

[ဤမိတ္တဝိန္ဒက ဝတ္ထုသည် ကဿပ မြတ်စွာဘုရား၏ လက်ထက်တော်၌ ဖြစ်၏၊ ထိုဝတ္ထုသည် ဒသကနိပါတ် စတုဒွါရဇာတ်၌ ထင်စွာဖြစ်လတ္တံ့ ။]

### အတိတ်ဝတ္ထု

ထိုအခါ၌ကား ဘုရားလောင်းသည် ဤဂါထာကို ဆို၏—

၈၂။ အတိက္ကမ္မရမဏကံ၊ သဒါ မတ္တဥ္စ ဒူဘကံ။
သွာသိ ပါသာဏမာသီနော၊ ယသ္မာ ဇီဝံ န မောက္ခသိ။

မိတ္တဝိန္ဒက သင်သည် ဖန်ပြာသာဒ်ကိုလည်းကောင်း၊ ငွေပြာသာဒ်ကိုလည်းကောင်း၊ ပတ္တမြားပြာသာဒ် ကိုလည်းကောင်း လွန်ခဲ့၍ သင်တုန်းစက်သို့ ရောက်၍ တည်၏၊ သင်၏ မကောင်းမှု မကုန်သေးသရွေ့ အသက်ရှင်လျက် သင်တုန်းစက်မှ မလွတ်ရလတ္တံ့။

ဘုရားလောင်းသည် ဤဂါထာကိုဆို၍ မိမိနေရာ နတ်ရွာအရပ်သို့သာလျှင် သွား၏။ မိတ္တဝိန္ဒကသည်လည်း သင်တုန်းစက်ကို ရွက်၍ ပြင်းစွာသောဆင်းရဲကို ခံလျက် မကောင်းမှု ကုန်သည်ရှိသော် ကံအားလျော်စွာ လား၏။

### ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆောင်တော်မူ၍ ယခုအခါ ဆိုနိုင်ခက်သော ရဟန်းသည် ထိုအခါ မိတ္တဝိန္ဒကဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ နတ်မင်းဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ရှစ်ဆယ့်နှစ်ခုမြောက်သော မိတ္တဝိန္ဒကဇာတ်သည် ပြီး၏။

## ၇၃-ကာဠကဏ္ဏိဇာတ်

## မိတ်ဆွေစစ် မိတ်မှေဆွန်ရွေးနည်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသောလောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "မိတ္တော ဟဝေ သတ္တပဒေန ဟောတိ" ဤစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကာဠကဏ္ဏိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အနာထပိဏ်သူဌေး၏ တစ်ယောက်သော အဆွေခင်ပွန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုအဆွေခင်ပွန်းသည် အနာထပိဏ်သူဌေးနှင့်အတူတကွ မြေမှုန့်ကစားဘက် ဖြစ်၏။ တစ်ယောက်သော ဆရာ၏အထံ၌ အတတ်သင်ဘက်ဖြစ်၏။ အမည်အားဖြင့် ကာဠကဏ္ဏိ မည်သတတ်။ ထိုကာဠကဏ္ဏိသည် ရှည်မြင့်သောကာလသို့ ရောက်လတ်သော် ဆင်းရဲသည်ဖြစ်၍ အသက်မွေးအံ့သောငှါ မတတ်နိုင်ရကား အနာထပိဏ်သူဌေးအထံသို့ လာ၏၊ ထို အနာထပိဏ် သူဌေးသည် ကာဠကဏ္ဏိကို နှစ်သိမ့်စေ၍ ရိက္ခာပေး၍ မိမိဥစ္စာကို စောင့်စေ၏။ ထိုကာဠကဏ္ဏိသည် အနာထပိဏ် သူဌေးအား ကျေးဇူး ပြုသည်ဖြစ်၍ အလုံးစုံသောကိစ္စတို့ကို ပြု၏။ ထိုကာဠကဏ္ဏိကို အနာထပိဏ်သူဌေးအထံသို့ လာသောကာလ၌ ကာဠကဏ္ဏိ ရပ်လော၊ ကာဠကဏ္ဏိ ထိုင်လော။ ကာဠကဏ္ဏိ စားလောဟု ဆိုကုန်၏၊

ထိုအခါ တစ်နေ့သ၌ အနာထပိဏ်သူဌေး၏ အဆွေခင်ပွန်းတို့သည် သူဌေးသို့ ကပ်ကုန်၍ သူဌေးကြီး ဤသူယုတ်ကို သင်၏ အထံ၌ မနေစေလင့်၊ ကာဠကဏ္ဏိရပ်လော၊ ကာဠကဏ္ဏိ ထိုင်လော၊ ကာဠကဏ္ဏိ စားလော ဤသို့သော အသံကြောင့် ဘီလူးပင်သော်လည်း ပြေးရာ၏။ ဤကာဠကဏ္ဏိသည် သင်နှင့် မတူ ဆင်းရဲ၏။ မကောင်းခြင်းနှင့် ပြည့်စုံ၏။ သင့်အား ဤကာဠကဏ္ဏိဖြင့် အဘယ် အကျိုး ရှိအံ့နည်း၊ ဤသို့ ဆိုကုန်၏။ အနာထပိဏ်သူဌေးသည် အမည် မှည့်သည်ကား ခေါ်ဝေါ်ရုံမျှ သာတည်း။ ထိုအမည်ကို ပညာရှိတို့သည် ပမာဏ မပြုကုန်။ သုတမင်္ဂလာကို အလိုရှိသောသူ မည်သည် မဖြစ်သင့်။ ငါသည် အမည်မျှကိုမှီ၍ မြေမှုန့်ကစားဘက် ဖြစ်သော အဆွေ ခင်ပွန်းကို စွန့်ခြင်းငှါ မတတ်နိုင်ဟု ထိုအဆွေအမျိုးတို့ စကားကို မယူမူ၍ တစ်နေ့သ၌ မိမိစားသောရွာသို့ သွားသည် ရှိသော် ထိုကာဠကဏ္ဏိကို အိမ်၌ စောင့်စေ၍ သွား၏။

ခိုးသူတို့သည် အနာထပိဏ်သူဌေးသည် မိမိစားသောရွာသို့ သွားသတတ်၊ ထိုသူဌေး၏ လုယက်ကုန်အံ့ဟု အထူးထူးသော လက်နက်စွဲကုန်လျက် ညဉ့်အဖို့၌

လာ၍ အိမ်ကို ဝန်းရံကုန်၏၊ ကာဠကဏ္ဏိသည်လည်း ခိုးသူတို့၏ လာခြင်းကို ရှုရှာသည်ဖြစ်၍ မအိပ်ဘဲသာလျှင် နေ၏၊ ထိုကာဠကဏ္ဏိသည် ခိုးသူတို့၏ လာသောအဖြစ်ကို သိ၍ လူတို့ကို နှိုးစိမ့်သောငှါ သင်သည် ခရုသင်းမှုတ်လော၊ သင်သည် မုရိုးစည်တီးလောဟု ကြီးစွာသော အသံကို ပြုသကဲ့သို့ အလုံးစုံသော အိမ်ကို တစ်စပ်တည်းသော အသံကို ပြုစေ၏၊ ထိုခိုးသူတို့သည် အိမ်ဆိတ်ညံ၏ဟု ငါတို့သည် မကောင်းသဖြင့် ကြားအပ်၏၊ ဤအိမ်၌သာလျှင် သူဌေးကြီးရှိ၏ဟု ကျောက်, ဆောက်ပုတ် အစရှိသည်တို့ကို ထိုအရပ်၌သာလျှင် စွန့်၍ ပြေးကုန်၏၊ နက်ဖြန်နေ့၌ လူတို့သည် ထိုထိုအရပ်၌ စွန့်အပ်သော ကျောက်, ဆောက်ပုတ် အစရှိသည်တို့ကို မြင်၍ ထိတ်လန့်ခြင်းသို့ ရောက်သည် ဖြစ်၍ ယနေ့ ဤသို့သဘောရှိသော သတိပညာနှင့် ပြည့်စုံသော အိမ်၌ စီရင်တတ်သော သူသည် အိမ်၌မရှိငြားအံ့၊ ခိုးသူတို့သည် အလိုရှိတိုင်း ဝင်၍ အလုံးစုံသော အိမ်ကို လုယက်သည် ဖြစ်ရာ၏၊ ဤမြဲမြံသော အဆွေခင်ပွန်းကို မှီ၍ သူဌေးကြီးသည် အစီးအပွား ဖြစ်၏ဟု ထိုကာဠကဏ္ဏိကို ချီးမွမ်း၍ သူဌေးကြီးအား စားသော ရွာမှ လာသော ကာလ၌ အလုံးစုံသော ထိုအကြောင်းကို ကြားကုန်၏။

ထိုအခါ ထိုအဆွေအမျိုးတို့ကို သူဌေးကြီးသည် သင်တို့သည် ဤသို့ သဘောရှိသော ငါ၏အိမ်စောင့် အဆွေခင်ပွန်းကို နှင်ထုတ်စေကုန်၏၊ သင်တို့၏ စကားဖြင့် ငါသည် ဤအဆွေခင်ပွန်းကို နှင်ထုတ်စေအပ်သည် အကယ်၍ ဖြစ်ငြားအံ့၊ ယနေ့ ငါ့အား တစ်စုံတစ်ခုသော ဥစ္စာသည် မဖြစ်ရာ၊ အမည်သည်ကား ပမာဏမဟုတ်၊ အစီးအပွားကို အလိုရှိသော စိတ်သည်သာလျှင် ပမာဏတည်းဟု ဆို၏။ ဤသို့ ဆိုပြီး၍ ထိုကာဠကဏ္ဏိအား အတိုင်းထက်အလွန် ရိက္ခာပေးပြီးလျှင် ယခုအခါ ငါ့အား ဤစကားလက်ဆောင်သည်ရှိ၏ဟု မြတ်စွာဘုရား အထံတော်သို့ သွား၍ အစဉ်စ၍ ထိုအကြောင်းကို ကြားလျှောက်၏၊ မြတ်စွာဘုရားသည် သူကြွယ် ယခုအခါ၌သာလျှင် ကာဠကဏ္ဏိ အဆွေခင်ပွန်းသည် မိမိ၏ အဆွေခင်ပွန်းအိမ်၌ ဥစ္စာကို စောင့်ရှောက်သည် မဟုတ်သေး၊ ရှေး၌လည်း စောင့်ရှောက်ဖူးသည် သာလျှင်တည်းဟု မိန့်တော်မူ၍ အနာထပိဏ် သူဌေးသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် များသော စည်းစိမ်ရှိသော သူဌေး သည် ဖြစ်၏၊ ထိုဘုရားလောင်း၏ အဆွေခင်ပွန်းသည် ကာဠကဏ္ဏိ မည်၏။ ဤသို့ သဘောရှိသော အလုံးစုံသော စကားသည် ပစ္စုပ္ပန်ဝတ္ထုနှင့် တူသလျှင်

ဂ-တည်း။ ဘုရားလောင်းသည် မိမိစားသော ရွာမှ လာသည်ရှိသော် ထိုအကြောင်းကို ကြား၍ ငါသည် သင်တို့၏ စကားဖြင့် ဤသို့သဘောရှိသော အဆွေခင်ပွန်းကို နှင်ထုတ်အပ်သည် အကယ်၍ ဖြစ်ငြားအံ့၊ ယနေ့ ငါ့အား တစ်စုံတစ်ခုသော ဥစ္စာသည် မဖြစ်ရာဟု ဆိုလို၍ ဤဂါထာကို ဆို၏–

၇၃။ မိတ္တော ဟဝေ သတ္တပဒေန ဟောတိ၊
သဟာယော ပန ဒ္ဓါဒသကေန ဟောတိ။
မာသစ္စမာသေန စ ဉာတိ ဟောတိ၊
တတုတ္တရိံ အတ္တသမောပိ ဟောတိ။
သောဟံ ကထံ အတ္တသုခဿ ဟေတု၊
စိရသန္ထုတံ ကာဠကဏ္ဏိံ ဇဟေယျံ။

ခြေခုနစ်ဖဝါး လှမ်း၍ အတူသွားဖူးလျှင် မိတ်ဆွေဖြစ်၏၊ ခြေ တစ်ဆယ့်နှစ်ဖဝါး လှမ်း၍ အတူသွားဖူးလျှင် အပေါင်းအဖော် သူငယ်ချင်း ဖြစ်၏၊ တစ်လ, လခွဲ အတူပေါင်းဖော် နေဖူးလျှင် ဆွေမျိုးမည်၏၊ ထိုတစ်လ, ဂ ခွဲထက် အလွန် အတူနေဖူးလျှင်ကား မိမိကိုယ်နှင့် တူသည် မည်၏၊ ငါသည် စီးပွား ချမ်းသာ၏ အကြောင်းကြောင့် ရှည်မြင့်စွာ ပေါင်းဖက်ဖူးသော ကာဠကဏ္ဏိကို အဘယ်သို့လျှင် စွန့်ရအံ့နည်း။

ထိုအခါမှစ၍ တစ်ဖန် တစ်စုံဘစ်ယောက်သော သူသည် သူဌေး၏အတွင်း၌ ဆိုဝံ့သော မည်သည် မရှိ။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာ သည် ထိုအခါ ကာဠကဏ္ဏိ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဗာရာဏသီသူဌေး ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ရှစ်ဆယ့်သုံးခုမြောက်သော ကာဠကဏ္ဏိဇာတ်သည် ပြီး၏။

## ၈၄-အတ္ထဿဒွါရဇာတ်

### ကောင်းကျိုးချမ်းသာ တိုးပွားစေကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အာရောဂျမိစ္ဆေ ပရမဉ္စ လာဘံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအတ္ထဿဒွါရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော အကျိုးစီးပွား၌ လိမ္မာသော အမျိုးသားကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ တစ်ယောက်သော များသော စည်းစိမ်ရှိသော သူဌေး၏သားသည် ဖွားသည်မှ ခုနစ်နှစ်ကာလကပင် ပညာရှိ၏။ အကျိုးစီးပွား၌ လိမ္မာ၏။ ထိုသူဌေးသားသည် တစ်နေ့သ၌ အဖကို ကပ်၍ အကျိုးစီးပွား၏ အကြောင်းဖြစ်သော ပြဿနာမည်သည်ကို မေး၏။ ထိုသူဌေးသည် ပြဿနာကို မသိ။ ထိုသူဌေးအား ဤပြဿနာသည် အလွန်သိမ်မွေ့၏၊ သဗ္ဗညူ မြတ်စွာဘုရားကိုထား၍ တစ်ပါးသော အထက်ဘဝဂ် အောက်အဝီစိဖြင့် ပိုင်းခြားအပ်သော သတ္တဝါအပေါင်း၌ ထိုပြဿနာကို ဖြေခြင်းငှါ စွမ်းနိုင်သောသူ မည်သည်မရှိ။ ဤသို့သော အကြံသည် ဖြစ်၏။ ထိုသူဌေးသည် သားကိုယူ၍ များစွာသော ပန်းနံ့သာပျောင်းတို့ကို ယူစေပြီးလျှင် ဇေတဝန်ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားကို ပူဇော်ရှိခိုး၍ တင့်အပ်လျောက်ပတ်သော အရပ်၌နေလျက် မြတ်စွာဘုရားကို အရှင်ဘုရား ဤသငယ်သည် ပညာရှိ၏ အကျိုးစီးပွား၌ လိမ္မာ၏။အကျွန်ုပ်ကို အကျိုးစီးပွား၏ အကြောင်းဖြစ်သောပြဿနာကို မေး၏။ အကျွန်ုပ်သည် ထိုပြဿနာကို မသိသည်ဖြစ်၍ အရှင်ဘုရားတို့၏ အထံတော်သို့ လာ၏။ အရှင်ဘုရား တောင်းပန်ပါ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရားသည် ထိုပြဿနာကို အကျွန်ုပ်အား ဟောတော်မူပါလောဟု လျှောက်၏။ မြတ်စွာဘုရားသည် ဒါယကာ ရှေး၌ ငါ့ကို ဤသူငယ်သည် ထိုပြဿနာကို မေးအပ်ပြီ။ ငါသည်လည်း ထိုသူငယ်ကို ပြောအပ်ပြီ။ ထိုအခါ ထိုပြဿနာကို ဤသူငယ်သည် သိ၏။ ယခုအခါ၌ကား ဘဝဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့် မမှတ်နိုင်ဟု မိန့်တော်မူ၍ ထိုသူဌေးသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် များစွာသောစည်းစိမ်ရှိသော သူဌေး

သည်ဖြစ်၏။ ထိုအခါ သူဌေး၏သားတော် ဖွားသည်မှ ခုနစ်နှစ်ကာလကပင် ပညာရှိ၏။ အကျိုးစီးပွါး၌ လိမ္မာ၏၊ ထိုသူဌေးသားသည် တစ်နေ့သ၌ အဘကို ကပ်၍ ဖခင်-အကျိုးစီးပွါး၏ အကြောင်းသည် အဘယ်နည်းဟု အကျိုးစီးပွါး၏ အကြောင်းဖြစ်သော ပြဿနာကို မေး၏။ ထိုအခါ သားအား အဖသည် ထိုပြဿနာကို ဖြေလိုရကား ဤဂါထာကို ဆို၏။

၈၄။ အာရောဂျမိစ္ဆေ ပရမဥ္စ လာဘံ၊
သီလဉ္စ ဝုဒ္ဓါနုမတံ သုတဥ္စ။
ဓမ္မာနုဝတ္တီ စ အလီနတာ စ။
အတ္ထဿ ဒွါရာ ပမုခါ ဆဠေတေ။

အမောင် အပြစ်ကင်းသော မြတ်သော လာဘ်ရခြင်းကိုလည်းကောင်း, အကျင့်သီလကိုလည်းကောင်း, ပညာရှိတို့၏ သြဝါဒကိုလည်းကောင်း, အကြား အမြင်များခြင်းကိုလည်းကောင်း, သုစရိုက်တရား သုံးပါးကို အစဉ်ကျင့်ခြင်းကို လည်းကောင်း, မပျင်းရိခြင်းကို လည်းကောင်း အလိုရှိရာ၏၊ ဤတရား ခြောက်ပါးတို့သည် အကျိုးစီးပွား၏ မြတ်ကုန်သော အကြောင်းတို့တည်း။

ဤသို့လျှင် ဘုရားလောင်းသည် သားအား အကျိုးစီးပွား၏ အကြောင်း ဖြစ်သော ပြဿနာကို ဖြေ၏။ ထိုသူဌေးသားသည် ထိုအခါမှစ၍ ထိုခြောက်ပါး ကုန်သော တရားတို့၌ ကျင့်၏။ ဘုရားလောင်းသည်လည်း ဒါနအစရှိသော ကောင်းမှုတို့ကိုပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူ၍ ယခုအခါ သူဌေးသားသည် ထိုအခါ သူဌေးသားဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဗာရာဏသီသူဌေး ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ရှစ်ဆယ့်လေးခုမြောက်သော အတ္ထဿဒွါရဇာတ်သည် ပြီး၏။

---

၇၅-ကိံပက္ကဇာတ်

အဆိပ်သီးနှင့်တူသော ကာမဂုဏ်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာ ဘုရားသည် "အာယတိံ ဒေါသံ နာညာယ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ

ဆင်အပ်သော ဤကိံပက္ကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အစ်ယောက်သော သာသနာတော်၌ ငြီးငွေ့သောရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

အမျိုးသားတစ်ယောက်သည် မြတ်စွာဘုရား သာသနာတော်၌ ဒယသက်ကို စွန့်၍ ရဟန်းပြု၍ တစ်နေ့သ၌ သာဝတ္ထိမြို့သို့ ဆွမ်းခံသွားသည် ရှိသော် တစ်ယောက်သော ဝန်ဆာဆင်သော မိန်းမကိုမြင်၍ ငြီးငွေ့၏။ ထိုအခါ ထိုရဟန်းကို ဆရာဥပဇ္ဈာယ်တို့သည် မြတ်စွာဘုရားအထံသို့ ဆောင်သတတ်။ မြတ်စွာဘုရားသည် ရဟန်း -သင်သည် သာသနာတော်၌ ငြီးငွေ့သတတ်ဟူသည် မှန်သလောဟု မေးတော်မူ၏။ အရှင်ဘုရား–ငြီးငွေ့သည် မှန်ပေ၏ဟု နားတော် လျှောက်သည် ရှိသော် ရဟန်း ထိုငါးပါးသော ကာမဂုဏ်တို့ မည်သည်ကား ခံစားသော ကာလ၌ မွေ့လျော်ခြင်းကို ဖြစ်စေတတ်ကုန်သော်လည်း ထိုငါးပါးသော ကာမဂုဏ်တို့ကို ခံစားခြင်းသည် ငရဲအစရှိသည်တို့၌ ပဋိသန္ဓေကို ပေးတတ်၏။ အဆိပ်သီးကို စားသည်နှင့်သလျှင် တူသည်ဖြစ်၏။ စားအပ်သော အဆင်း အနံ့ အရသာနှင့်ပြည့်စုံသော အဆိပ်သီးမည်သည်ကား အအူတို့ကို ဖြတ်၍ အသက်ကုန်ခြင်းသို့ ရောက်စေတတ်၏။ ရှေး၌ များစွာသော သူမိုက် တို့သည် အဆိပ်သီး၏ အပြစ်ကို မမြင်၍ အဆင်း အနံ့ အရသာတို့၌ တပ်စွန်း၍ ထိုအဆိပ်သီးကိုစား၍ အသက်ကုန်ခြင်းသို့ ရောက်ဖူးကုန်ပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် လှည်းကုန်သည်မှူးဖြစ်၍ ငါးရာကုန် သော လှည်းတို့ဖြင့် အရှေ့အရပ်မှ အနောက်အရပ်သို့ သွားသည်ရှိသော် တောအုပ်ဝသို့ရောက်၍ လူတို့ကို စည်းဝေးစေပြီးလျှင် ဤတောအုပ်၌ အဆိပ်ပင် တို့မည်သည် ရှိကုန်၏ ငါ့ကိုမပန်မူ၍ ရှေး၌ မစားဖူးသော သစ်သီး ကြီးငယ် တို့ကို မစားကုန်လင့်ဟု ဆိုးမ၏။ လူတို့သည် တောအုပ်ကိုလွန်၍ တောအုပ်ဝ၌ အသီးကို ဆောင်ခြင်းကြောင့် ညွတ်သောအခက်ရှိသော တစ်ခုသော အဆိပ်ပင် ကို မြင်ကုန်၏၊ ထိုအဆိပ်ပင်၏ ပင်စည် အခက် အရွက် အသီးတို့သည် သဗ္ဗာန် အဆင်းအနံ့ အရသာတို့ဖြင့် သရက်နှင့် တူကုန်သလျှင်ကကာည်း။ ထိုကုန်သည် အပေါင်းတို့တွင် အချို့ကုန်သော သူတို့သည် အဆင်းအနံ့အရသာတို့၌ တပ်စွန်း ၍ သရက်သီးဟူသော အမှတ်ဖြင့် အဆိပ်သီးကို စားကုန်၏။ အချို့ကုန်သော သူတို့သည် လှည်းကုန်သည်မှူးကို မေး၍ စားကုန်အံ့ဟုယူ၍ တည်ကုန်၏။

ဘုရားလောင်းသည် ထိုအရပ်သို့ ရောက်၍ အဆိပ်သီးကို ကိုင်၍ တည်ကုန် သော သူတို့ကို အဆိပ်သီးတို့ကို စွန့်စေ၍ အကြင်သူတို့သည် စားကုန်လျက်

တည်ကုန်၏။ ထိုသူတို့ကို အန်စေ၍ ထိုသူတို့အား ဆေးကိုပေး၏။ ထိုသူတို့တွင် အချို့ကုန်သော သူတို့သည် ရောဂါမရှိသည် ဖြစ်ကုန်၏။ အကြွင်းသူတို့သည် ရှေးဦးစွာစား၍ တည်ကုန်၏။ ထိုသူတို့သည် အသက်ကုန်ခြင်းသို့ ရောက်ကုန်၏။ ဘုရားလောင်းသည် အလိုရှိရာအရပ်သို့ သွား၍ လာဘ်ကိုရလျှင် တစ်ဖန် မိမိနေရာအရပ်သို့ လာလတ်၍ ဒါနအစရှိသော ကောင်းမှုတို့ကို ပြု၍ ကံအားလျော်စွာ လား၏။ မြတ်စွာဘုရားသည် ထိုဝတ္ထုကို ဟောတော်မူ၍ ဘုရားဖြစ်တော်မူ၍ ဤဂါထာကို ဟောတော်မူ၏—

၈၅။ အာယတိံ ဒေါသံ နာညာယ၊ ယော ကာမေ ပဋိသေဝတိ။
ဝိပါကန္တေ ဟနန္တိ နံ၊ ကိံ ပက္ကမိဝ ဘက္ခိတံ။

နောက်၌ဖြစ်ပေါ်မည့် အပြစ်ကိုမသိဘဲ ကာမဂုဏ်တို့ကို မှီဝဲသူကို အဆိပ်ကို စားသူကဲ့သို့ ထိုကာမဂုဏ်တို့သည် ခံစားပြီးနောက်ဆုံး၌ သတ်ဘတ်ကုန်၏။

မြတ်စွာဘုရားသည် ဤဒေသနာတော်ကို အနုသန္ဓေအားလျော်စွာ စပ်၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်သို့ ရောက်၏။ ကြွင်းသော ပရိသတ်တို့သည်လည်း အချို့သော ရဟန်းတို့သည် သကဒါဂါမိ ဖြစ်ကုန်၏။ အချို့သော ရဟန်းတို့သည် အနာဂါမ်ဖြစ်ကုန်၏၊ အချို့သော ရဟန်းတို့သည် ရဟန္တာဖြစ်ကုန်၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရား ပရိသတ်တို့သည် ထိုအခါ လှည်းကုန်သည်မှူး ပရိသတ်တို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ လှည်းကုန်သည်မှူး ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကိုပေါင်းတော်မူ၏။

ရှစ်ဆယ့်ငါးခုမြောက်သော ကိံပက္ကဇာတ်သည် ပြီး၏။

— —

## ၈၆-သီလဝီမံသဇာတ်

### သီလစုံစမ်းခြင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူမြတ်စွာ ဘုရားသည် "သီလံ ကိရေဝ ကလျာဏံ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ

ဆင်အပ်သော ဤသီလဝီမံသဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် သီလကို စုံစမ်းတတ်သော တစ်ယောက်သော ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုပုဏ္ဏားသည် ကောသလမင်းကို အမှီပြု၍ အသက်မွေးသတတ်၊ ရတနာ သုံးပါးတို့ကို ကိုးကွယ်၏။ မကျိုးမပျက်သော သီလရှိ၏။ ဗေဒင်သုံးပုံတို့၏ ကမ်းတစ်ဖက်သို့ ရောက်၏။ မင်းကြီးသည် ပုဏ္ဏားသည်ကား သီလရှိ၏ဟု ပုဏ္ဏားအား အတိုင်းထက်အလွန် မြတ်နိုးခြင်းကို ပြု၏။ ထိုပုဏ္ဏားသည် ဤမင်းကြီးသည် ငါ့အား တစ်ပါးသော ပုဏ္ဏားတို့ထက် အလွန်လျှင် မြတ်နိုး ခြင်းကိုပြု၏၊ အလွန်လျှင် အလေးအမြတ်ပြု၍ ရှု၏။ ဤမင်းသည် ငါ၏ အမျိုးစဉ်ဆက် အတတ်ပညာ၏ ပြည့်စုံခြင်းကို မှီ၍ ဤမြတ်နိုးခြင်းကို ပြုသလော၊ ထိုသို့မဟုတ်မူကား သီလ၏ ပြည့်စုံခြင်းကို မှီ၍ မြတ်နိုးခြင်းကို ပြုသလောဟု ရှေးဦးစွာ စုံစမ်းအံ့ဟု ကြံ၏။ ထိုပုဏ္ဏားသည် ထစ်နေ့သ၌ မင်းအား ခစားခြင်းကိုပြု၍ အိမ်သို့ပြန်လာသည်ရှိသော် ရွှေပန်းထိမ်သည်၏ ပျဉ်မှ မပန်ကြားမူ၍သာလျှင် တစ်သပြာကိုယူ၍ သွားလေ၏၊ ရွှေပန်းထိမ် သည်သည် ပုဏ္ဏား၌ ရိုသေသည်၏အဖြစ်ဖြင့် တစ်စုံတစ်ခုသော စကားကို မဆိုမူ၍နေ၏၊ နက်ဖြန်နေ့လည်း နှစ်သပြာတို့ကို ယူပြန်၏၊ ရွှေပန်းထိမ်သည် သည် ရှေးအတူသာလျှင် သည်းခံ၏၊ သုံးရက်မြောက်သောနေ့၌ တစ်ဆုပ် သော အသပြာတို့ကို ယူ၏။ ထိုအခါ ထိုပုဏ္ဏားကို ရွှေပန်းထိမ်သည်သည် ယနေ့ မင်း၏ဥစ္စာကို သင်ယူသည် သုံးရက်ရှိပြီဟု ဆို၍ မင်း၏ဥစ္စာကို ခိုးသော ခိုးသူကို ငါသည် ဖမ်းအပ်၏ဟု သုံးကြိမ်ဟစ်အော်၏။

ထိုအခါ လူတို့သည် ထိုမှဤမှ လာကုန်၍ သင်သည် ကြာမြင့်စွာ သီလ ရှိယောင်ဆောင်လျက် သွား၏ဟု ဆို၍ နှစ်ချက်သုံးချက်သော ပုတ်ခတ်ခြင်း တို့ကို ပေးပြီးလျှင် နှောင်ဖွဲ့၍ မင်းအားပြကုန်၏။ မင်းသည် နှလုံးမသာယာ ဖြစ်၍ ပုဏ္ဏားအား အဘယ့်ကြောင့် ဤသို့ သဘောရှိသော သီလမရှိသော သူတို့၏ အမှုကိုပြုသနည်းဟု ဆို၍ ထိုပုဏ္ဏားအား မင်း၏ အာဏာကို ပြုကုန် လောဟု ဆို၏။ ပုဏ္ဏားသည် အရှင်မင်းကြီး....အကျွန်ုပ်သည် ခိုးသူမဟုတ်ဟု ဆို၏။ ခိုးသူမဟုတ်သည်ရှိသော် အဘယ့်ကြောင့် မင်း၏ ဥစ္စာ အသပြာတို့ကို ပျဉ်မှ ယူသနည်းဟု ဆိုသော် အရှင်မင်းကြီးသည် အကျွန်ုပ်အား မြတ်နိုး ခြင်းကို ပြုသည်ရှိသော် မင်းကြီးသည် ငါ့အား အမျိုးအစရှိသည်တို့ကို မှီ၍ မြတ်နိုးခြင်းကို ပြုသလော၊ ထိုသို့ မဟုတ်မူကား သီလကို မှီ၍ မြတ်နိုး ခြင်းကို ပြုသလောဟု စုံစမ်းအံ့သောငှါ အကျွန်ုပ်သည် ပြုအပ်၏၊ ယခုအခါ ကား အကျွန်ုပ်သည် စင်စစ်သဖြင့် သီလကိုသာလျှင် မှီ၍ အရှင်မင်းကြီး

သည် အကျွန်ုပ်အား မြတ်နိုးခြင်းကို ပြုအပ်၏။ အမျိုးအစရှိသည်တို့ကို မှီ၍ မပြုအပ်။

ထို့ကြောင့်ရကား အကျွန်ုပ်အား ယခုအခါ မင်း၏ အာဏာကို ပြုစေ၏။ ဤသို့လျှင် အကြင်အကြောင်းကြောင့် သိအပ်၏။ ထိုအကျွန်ုပ်သည် ဤအကြောင်းကြောင့် ဤလောက၌ သီလသည်သာလျှင် မြတ်၏။ သီလသည်သာလျှင် အကြီးအမှူး ဖြစ်၏ဟု ဆုံးဖြတ်ခြင်းသို့ ရောက်၏၊ ငါသည် ဤသီလအား လျောက်ပတ်ခြင်းကိုပြုသည်ရှိသော် အိမ်၌ တည်လျက် ကိလေသာတို့ကို ခံစားလျက် ပြုခြင်းငှါ မတတ်နိုင်လတ္တံ့၊ ယနေ့ပင်လျှင် ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားအထံတော်၌ ရဟန်းပြုအံ့။ အရှင်မင်းကြီး.... အကျွန်ုပ်အား ရဟန်းပြုခွင့်ကို ပေးတော်မူပါလော့ဟု မင်းကြီးကို ခွင့်ပြုစေ၍ ဇေတဝန်ကျောင်းတော်သို့ ရှေးရှုသွား၏။

ထိုအခါ ထိုပုဏ္ဏားကို အဆွေအမျိုး ချစ်ကျွမ်းဝင်ကုန်သော အဆွေခင်ပွန်းတို့သည် စည်းဝေးကုန်၍ မြစ်အံ့သောငှါ မတတ်နိုင်ကုန်သည် ဖြစ်၏။ ထိုပုဏ္ဏားသည် မြတ်စွာဘုရားအထံတော်သို့ သွား၍ ရဟန်းအဖြစ်ကို တောင်းပန်လျှင် သာမဏေအဖြစ်ကိုလည်းကောင်း၊ ပဉ္စင်းအဖြစ်ကိုလည်းကောင်း ရ၍ မလွှတ်သော ကမ္မဋ္ဌာန်းရှိသည်ဖြစ်၍ ဝိပဿနာကို ပွါးစေ၍ အရဟတ္တဖိုလ်သို့ ရောက်လျှင် မြတ်စွာဘုရားသို့ ကပ်၍ အရှင်ဘုရား....အကျွန်ုပ်အား ရဟန်းအဖြစ်သည် အပြီးသို့ ရောက်၏ဟု အရဟတ္တဖိုလ်ကို ကြား၏။ ထိုရဟန်း၏ ထိုအရဟတ္တဖိုလ်ကို ကြားခြင်းသည် ရဟန်းသံဃာ၌ ထင်ရှား ဖြစ်၏။ ထိုအခါ တစ်နေ့သ၌ တရားသဘင်ဝယ် စည်းဝေးကုန်သော ရဟန်းတို့သည် ငါ့ရှင်တို့.... ဤအမည်ရှိသော မင်း၏ အလုပ်အကျွေး ပုဏ္ဏားသည် မိမိသီလကို စုံစမ်း၍ မင်းကို ပန်ကြားပြီးလျှင် ရဟန်းပြု၍ အရဟတ္တဖိုလ်၌ တည်၏။ ထိုရဟန်း၏ ကျေးဇူးစကားကို ပြောဆိုလျက် နေကြကုန်၏။ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့....ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၏၊ ဤမည်သော စကားဖြင့် ...စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့....ယခုအခါ၌ ဤပုဏ္ဏားသည်သာလျှင် မိမိ၏ သီလကို စုံစမ်း၍ ရဟန်းပြု၍ မိမိ၏ ကိုးကွယ်ရာကို ပြုသည်မဟုတ်သေး၊ ရှေး၌လည်း ပညာရှိတို့သည် မိမိ၏ သီလကို စုံစမ်း၍ ရဟန်းပြု၍ မိမိ၏ ကိုးကွယ်ရာကို ပြုဖူးကုန်ပြီဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ပုဏ္ဏား

ဖြစ်၏။ အလှူ အစရှိသည်တို့၌ ညွတ်သော စိတ်ရှိ၏။ သီလကို အလိုရှိ၏။ မကျိုးမပျက်သော ပဉ္စသီလရှိ၏။ မင်းသည် ကြွင်းသော ပုဏ္ဏားတို့ထက် အလွန်လျှင် ထိုပုဏ္ဏားအား မြတ်နိုးခြင်းကို ပြု၏။

[ဤသို့အစရှိသော အလုံးစုံသော စကားသည် ရှေးစကားနှင့်တူ သလျှင်တည်း]

ဘုရားအလောင်းကိုကား နှောင်ဖွဲ့၍ မင်း၏အထံသို့ ဆောင်သည်ရှိသော် အလမ္ပာယ်သမားတို့သည် ခရီးအလယ်၌ မြွေကစားကုန်သည်ရှိသော် မြီးတူး၌ ကိုင်ကုန်၏၊ လည်၌ ကိုင်ကုန်၏၊ လည်၌လည်း ရစ်ကုန်၏။ ဘုရားလောင်းသည် ထိုအလမ္ပာယ်သမားတို့ကို မြင်၍ အမောင်တို့...ဤမြွေကို မြီးတူး၍ မကိုင်ကြကုန်လင့်။ လည်၌ မရစ်ကြကုန်လင့်၊ ထိုစကားသည် မှန်၏။ ဤမြွေသည် သင်တို့ကို ကိုက်၍ အသက်သေခြင်းသို့ ရောက်ကုန်ရာ၏ဟုဆို၏။ အလမ္ပာယ်သမားတို့သည် ပုဏ္ဏား ဤမြွေသည် သီလရှိ၏၊ အကျင့်နှင့် ပြည့်စုံ၏။ သင်ကဲ့သို့ သီလမရှိသည် မဟုတ်။ သင်ကား မိမိ၏ သီလမရှိသည်၏ အဖြစ်ကြောင့် ယုတ်မာသော အကျင့်ဖြင့် မင်း၏ ဥစ္စာကို ခိုးသောခိုးသူဟု နှောင်ဖွဲ့၍ ဆောင်အပ်၏ဟုဆိုကုန်၏။ ဘုရားလောင်းသည် မကိုက်သည်ရှိသော် မညှဉ်းဆဲသည်ရှိသော် မြွေစင်လျက်လည်း သီလရှိ၏ဟူသောအမည်ရသေး၏၊ လူဖြစ်သောသူသည် အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ဤလောက၌ သီလသည် သာလျှင် မြတ်၏။ ထိုသီလထက် လွန်မြတ်သောတရား မရှိဟုကြံ၏။

ထိုအခါ ပုဏ္ဏားကိုဆောင်၍ မင်းအားပြကုန်၏။ မင်းသည် အမောင်တို့ ဤအမှုသည် အသို့နည်းဟုမေး၏။ အရှင်မင်းကြီး မင်းဥစ္စာကို ခိုးသောသူတည်းဟု လျှောက်ကုန်၏။ ထိုသို့ဖြစ်မူကား ထိုပုဏ္ဏားအား မင်း၏အာဏာကို ပြုကုန်လောဟု ဆို၏။ ပုဏ္ဏားသည် အရှင်မင်းကြီး၊ အကျွန်ုပ်သည် ခိုးသူမဟုတ်ဟု ဆို၏။ ထိုသို့ခိုးသူမဟုတ်သည်ရှိသော် အဘယ့်ကြောင့် အသပြာတို့ကို ယူသနည်းဟု ဆို၏၊ ရှေးနည်းဖြင့်သာလျှင် အလုံးစုံသောစကားကို ကြားလျက် ငါတို့သည် ဤအကြောင်းကြောင့် ဤလောက၌ သီလသည်သာလျှင် မြတ်၏။ သီလသည်သာလျှင် အကြီးအမှူးဖြစ်၏ဟု ဆုံးဖြတ်ခြင်းသို့ ရောက်၏။ ဤသို့ဆို၍ လူဖြစ်သောသူကို ထားဘိဦး၊ မကိုက်သည်ရှိသော်, မညှဉ်းဆဲသည်ရှိသော် လျင်သော အဆိပ်ရှိသော မြွေသည်လည်း သီလရှိ၏ဟု ဆိုအပ်သောအဖြစ်ကို ရသေး၏၊ ဤအကြောင်းကြောင့် သီလသည်သာလျှင် အထူးသဖြင့် မြတ်၏ဟု သီလကို ချီးမွမ်းလိုရကား ဤဂါထာကို ဆို၏—

၈၆။ သီလံ ကိရေဝ ကလျာဏံ၊ သီလံ လောကေ အနုတ္တရံ။
ပဿ ဃောရဝိသော နာဂေါ၊ သီလဝါတိ န ဟညတိ။

မြတ်သောမင်းကြီး လောက၌ သီလသည်သာလျှင် ကောင်း၏၊ အတုမရှိ မြတ်၏ဟု ကြားသိခဲ့ရပြီ၊ ကြမ်းသော အဆိပ်ရှိသော မြွေဖြစ်ပါလျက် မကိုက်ခြင်း မညှဥ်းဆဲခြင်းကြောင့် သီလရှိ၏။ မညှဥ်းဆဲတတ်ဟု ချီးမွမ်းခံရသေးသည်ကို ရှုကြည့်ပါလော့။

ဤသို့လျှင် ဘုရားလောင်းသည် ဤဂါထာဖြင့် မင်းအား တရားဟောပြီးလျှင် ကာမတို့ကို စွန့်၍ ရသေ့ ရဟန်း ပြုပြီးလျှင် ဟိမဝန္တာသို့ဝင်၍ ငါးပါးသော အဘိညာဉ်တို့ကို လည်းကောင်း၊ ရှစ်ပါးသော သမာပတ်တို့ကို လည်းကောင်း ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည်လည်း ဤတရားဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ဗာရာဏသီပြည်၌ မင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရား ပရိသတ်တို့သည် ထိုအခါ မင်းပရိသတ်သည် ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပုရောဟိတ်ပုဏ္ဏား ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကိုပေါင်းတော်မူ၏။

ရှစ်ဆယ့်ခြောက်ခုမြောက်သော သီလဝီမံသဇာတ်သည် ပြီး၏။

---

## ၈၇-မင်္ဂလဇာတ်

### ဥပါဒါန်ကြောင့် ဥပါဒ်ရောက်

### လောကီမင်္ဂလာနှင့် အိပ်မက် အတိတ်နိမိတ်ကို ယုံကြည်လက်ခံခြင်း မပြုရ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ယဿ မင်္ဂလာ သမူဟတာ" အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမင်္ဂလဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော အဝတ်လက္ခဏာဖတ်တတ်သော ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူ၏။

ရာဇဂြိုဟ်ပြည်၌နေသော တစ်ယောက်သောပုဏ္ဏားသည် မြင်ကိုင်း ကြားတိုင်း တွေ့တိုင်းသော မင်္ဂလာကို ယုံကြည်သတတ်၊ ရတနာသုံးပါး၌ မကြည်ညိုမိစ္ဆာ အယူရှိ၏။ ကြွယ်ဝ၏။ များသောဥစ္စာရှိ၏၊ များသော အသုံးအဆောင်ရှိ၏။ ထိုပုဏ္ဏား၏ ပူတာ၌ ထားအပ်သော ပုဆိုးစုံကို ကြွက်သည် ကိုက်၏၊ ထိုအခါ ထိုပုဏ္ဏား၏ ဦးခေါင်းကို လျှော်ပြီး၍ ပုဆိုးတို့ကို ယူခဲ့ကုန်လော့ဟု ဆိုသော ကာလ၌ ကြွက်သည် ကိုက်သောအဖြစ်ကို ကြားကုန်၏, ထိုပုဏ္ဏားသည် ကြွက်ကိုက်သော ဤပုဆိုးစုံသည် ဤအိမ်၌ အကယ်၍ရှိအံ့၊ ကြီးစွာသော ပျက်စီးခြင်းသည် ဖြစ်သတတ်၊ ထိုစကားသည်မှန်၏။ ဤပုဆိုးစုံသည် မင်္ဂလာမရှိ၊ သူယုတ်မာနှင့်တူ၏၊ သားသမီးအစရှိသော သူအားလည်းကောင်း၊ ကျွန်အမှုလုပ် ဒေးစရှိသည်တို့အား လည်းကောင်း ပေးအံ့သောငှါ မတတ်ကောင်း၊ ထိုစကားသည်မှန်၏။ အကြင်သူသည် ဤကြွက်ခဲသော ပုဆိုးစုံကိုယူအံ့၊ ထိုသူအား အလုံးစုံသော ကြီးစွာသော ပျက်စီးခြင်းသည် ဖြစ်သတတ်၊ အစိမ်းပစ်ရာ သုသာန်၌ ထိုပုဆိုးစုံကို ပစ်စေအံ့။

[ကျွန်အစရှိသော သူတို့အား ပစ်စေခြင်းငှါ မတတ်ကောင်းသည် သလျှင်ကတည်း။ ထိုစကားသည် မှန်၏ ထိုကျွန် အစရှိသည်တို့သည် ဤပုဆိုးစုံ၌ လောဘကို ဖြစ်စေ၍ ဤပုဆိုးစုံကို ယူ၍ ပျက်စီးခြင်းသို့ ရောက်ကုန်ရာ၏။]

သားအား ထိုပုဆိုးစုံကို ပစ်စေအံ့ဟု ကြံပြီး၍ ထိုပုဏ္ဏားသည် သားကို ခေါ်စေ၍ ထိုအကြောင်းကို ကြားပြီးလျှင် အမောင် သင်သည်လည်း ထိုပုဆိုးစုံကို လက်ဖြင့် မထိစေမူ၍ လှံကန်ဖြင့် ယူ၍ အစိမ်းပစ်ရာ သုသာန်၌ စွန့်ပြီးလျှင် ဦးခေါင်းသျှော်၍ လာလောဟု စေ၏။ မြတ်စွာဘုရားသည်လည်း ထိုနေ့ မိုးသောက်ထ အခါ၌ သတ္တဝါတို့ကို ကြည့်တော်မူသည် ရှိသော် ဤသားအဖတို့၏ သောတာပတ္တိဖိုလ်၏ ဥပနိဿယကို မြင်တော်မူ၍ သမင်လမ်းကို မှတ်ယူပြီးလျှင် သမင်မုဆိုး သွားသကဲ့သို့ သွားတော်မူ၍ အစိမ်းပစ်ရာ သုသာန်တံခါး၌ ခြောက်သွယ်ကုန်သော ဘုရားရောင်ခြည် တော်တို့ကို လွှတ်လျက် နေတော်မူ၏။ ပုဏ္ဏားလုလင်သည် အဖပုဏ္ဏား၏ စကားကို ဝန်ခံ၍ အိမ်မြွေ ကျိုင်းကောင်ကဲ့သို့ ထိုပုဆိုးစုံကို တောင်ဝှေးစွန်းဖြင့် ယူ၍ သုသာန်တံခါးသို့ ရောက်၏။ ထိုအခါ ထိုလုလင်ကို မြတ်စွာဘုရားသည် အဘယ်ကို ပြုသနည်းဟု မိန့်တော်မူ၏။ အရှင်ဂေါတမ ဤပုဆိုးစုံကို ကြွက်သည် ကိုက်အပ်၏ သူယုတ်မာနှင့် တူ၏။ လတ်တလော သေစေတတ်သော အဆိပ်နှင့် တူ၏။ ငါ၏ အဖသည်ကား တပါးသောသူ ဖြစ်မူကား ဤပုဆိုးစုံကို စွန့်သည် ရှိသော် လောဘကို ဖြစ်စေ၍ ယူရာ၏ဟု ကြောက်သောကြောင့် ငါ့ကို စေလိုက်၏၊ အရှင်ဂေါတမ ငါသည် ဤပုဆိုးစုံကို စွန့်၍ ဦးခေါင်းလျှော်အံ့ဟု

လာသည်ဖြစ်၏ဟု ဆို၏။ လုလင် ထိုသို့ဖြစ်လျှင် စွန့်လောဟု မိန့်တော်မူ၏။ လုလင်သည်လည်း စွန့်၏။

မြတ်စွာဘုရားသည်လည်း ယခုအခါ ငါတို့အားအပ်၏ဟု မိန့်တော်မူ၍ ထိုလုလင်၏ မျက်မှောက်၌သာလျှင် ယူတော်မူ၏။ အို ရှင်ဂေါတမ ဤပုဆိုးစုံသည် မင်္ဂလာမရှိ သူယုတ်မာနှင့် တူ၏။ မယူကုန်လင့်ဟု ထိုလုလင်သည် တားမြစ်စဉ်သာလျှင် ယူ၍ ဝေဠုဝန် ကျောင်းတော်သို့သာလျှင် ရှေးရှုကြွတော်မူ၏။ လုလင်သည် လျင်မြန်သဖြင့်သာလျှင် သွား၍ ဖခင် အကျွန်ုပ်သည် အစိမ်းပစ်ရာ သုသာန်၌ စွန့်အပ်သော ပုဆိုးစုံကို ရဟန်းဂေါတမသည် ငါ့အား အပ်၏ဟု ဆို၍ အကျွန်ုပ်သည့် တားမြစ်သော်လည်း ယူ၍ ဝေဠုဝန်ကျောင်း တော်သို့ သွား၏ဟု အဖပုဏ္ဏားအား ကြား၏။

ထိုပုဏ္ဏားသည် ထိုပုဆိုးစုံသည်ကား မင်္ဂလာမရှိ သူယုတ်မာနှင့် တူ၏။ ထိုပုဆိုးစုံကို သုံးဆောင်သော ရဟန်းဂေါတမအား ပျက်စီးလတ္တံ့၊ ထိုကြောင့် ငါတို့အား ကဲ့ရဲ့ခြင်းသည် ဖြစ်လတ္တံ့၊ ရဟန်းဂေါတမအား တပါးသော များစွာသော ပုဆိုးတို့ကိုပေး၍ ထိုကြွက်ကိုက်သော ပုဆိုးကို စွန့်စေအံ့ဟု ကြံ၍ ထိုပုဏ္ဏားသည် များစွာသော ပုဆိုးတို့ကို ယူခဲ့စေ၍ သားနှင့်တကွ ဝေဠုဝန် ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားကို မြင်လျှင် တင့်အပ်သော အရပ်၌ ရပ်လျက် အို အရှင်ဂေါတမ အစိမ်းပစ်ရာ သုသာန်၌ ပုဆိုးစုံကို ယူသတတ်ဟူသည် မှန်သလောဟု မေး၏၊ ပုဏ္ဏား ယူသည်မှန်၏ဟု မိန့်တော်မူ၏။ အို အရှင်ဂေါတမ ထိုပုဆိုးစုံသည်ကား မင်္ဂလာမရှိ သင်တို့သည် သုံးဆောင်ကုန်သည် ရှိသော် ပျက်စီးကုန်လတ္တံ့၊ အလုံးစုံသော ကျောင်းသည်လည်း ပျက်စီးလတ္တံ့၊ သင်တို့ အား သင်းပိုင်သည်လည်းကောင်း၊ ကိုယ်ရုံသည်လည်းကောင်း အကယ်၍ မလောက်သည် ဖြစ်အံ့၊ ဤပုဆိုးတို့ကိုယူ၍ ထိုကြွက်ကိုက်သော ပုဆိုးတို့ကို စွန့်ကုန်လောဟု ဆို၏။ ထိုအခါ ပုဏ္ဏားကို မြတ်စွာဘုရားသည် ပုဏ္ဏား ငါတို့သည် ရဟန်းမည်ကုန်၏။ ငါတို့အား အစိမ်းပစ်သော သုသာန်၌လည်းကောင်း၊ ခရီးလမ်းအကြား၌လည်းကောင်း၊ တံမြက်ချေး စွန့်ရာ အရပ်၌လည်းကောင်း၊ ရေချိုးဆိပ်၌ လည်းကောင်း၊ ခရီး၌လည်းကောင်း ဤသို့ သဘောရှိသော အရပ်တို့၌ စွန့်အပ်သည်လည်းဖြစ်သော ကျသည်လည်းဖြစ်သော ပုဆိုးနွမ်းသည် အပ်၏။ သင်သည်ကား ယခုအခါ၌သာလျှင် ဤသို့ အယူရှိသည် မဟုတ်သေး၊ ရှေး၌လည်း ဤသို့ အယူရှိသည်သာလျှင်တည်းဟု မိန့်တော်မူ၍ ထိုပုဏ္ဏားသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသော အခါ မဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ ဓမ္မိကမည်သော မင်းသည် မင်းပြု၏။ ထိုအခါ ဘုရားလောင်းသည် ဥဒိစ္စပုဏ္ဏားမျိုး၌ ဖြစ်၍ လိမ္မာသော အဖြစ်သို့ ရောက်လျှင် ရသေ့ရဟန်းပြု၍ အဘိညာဉ်တို့ကိုလည်းကောင်း၊ သမာပတ်တို့ကိုလည်းကောင်း ဖြစ်စေ၍ ဟိမဝန္တာ အရပ်၌ နေလျက် တစ်ရံသောအခါ ဟိမဝန္တာမှ ထွက်ခဲ့၍ ရာဇဂြိုဟ်ပြည်၌ မင်း၏ ဥယျာဉ်သို့ ရောက်၍ ထိုဥယျာဉ်၌ နေ၍ နှစ်ရက်မြောက်သော နေ့၌ ဆွမ်းခံအံ့သောငှါ ရာဇဂြိုဟ်မြို့သို့ဝင်၏။ မင်းသည် ထိုရသေ့ကို မြင်လျှင် ခေါ်စေ၍ ပြာသာဒ်၌ နေစေပြီးလျှင် ဆွမ်းကျွေး၍ ဥယျာဉ်၌ နေစိမ့်သောငှါ ဝန်ခံခြင်းကို ယူ၏။ ဘုရားလောင်းသည် မင်း၏နန်းတော်၌ ဆွမ်းစား၍ ဥယျာဉ်၌နေ၏။ ထိုအခါ ရာဇဂြိုဟ်မြို့၌ ဒုဝတ်လက္ခဏာ ဖတ်ဘတ်သော ပုဏ္ဏားသည် ရှိသည် ဖြစ်၍ ထိုပုဏ္ဏား၏ ပူတာ၌ ထားအပ်သော ပုဆိုးစုံကို ရွှေးအတူ ကြွက်သည် ကိုက်၏။

[ဤသို့ အစရှိသော အလုံးစုံသော စကားသည် ရှေးစကားနှင့် ညီသလျှင် ဂ.ဝ.ည်း]

လုလင်သည်ကား သုသာန်သို့ သွားသည်ရှိသော် ဘုရားလောင်းသည် ရှေးဦးစွာသွားနှင့်၍ သုသာန်တံခါး၌နေ၍ ထိုလုလင်သည် စွန့်အပ်သော ပုဆိုးစုံကို ယူ၍ ဥယျာဉ်သို့လာ၏၊ လုလင်သည် သွား၍ အဖအား ကြား၏။ အဖသည် မင်းဆရာဖြစ်သော ရသေ့သည် ပျက်စီးရာ၏ဟု ဘုရားလောင်းထံသို့ သွား၍ ရသေ့၊ သင်သည် ယူအပ်သော ပုဆိုးဘို့ကို စွန့်လော၊ မပျက်စီးစေလင့်ဟု ဆို၏၊ ရသေ့သည် ငါတို့အား သုသာန်၌ စွန့်အပ်သော ပုဆိုးနွမ်းသည် အပ်၏။ ငါတို့သည် မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်းသော မင်္ဂလာကို မယုံကြည်ကုန်၊ မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်းသော မင်္ဂလာမည်သည်ကို ဘုရား ဘုရားပစ္စေကဗုဒ္ဓါ ဘုရားလောင်းတို့သည် မချီးမွမ်းအပ်၊ ထို့ကြောင့် ပညာရှိ မည်သည်ကား မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်းသော မင်္ဂလာကို ယုံကြည်သည် မဖြစ်ရာဟု ပုဏ္ဏားအား တရားဟော၏။ ပုဏ္ဏားသည် တရားကိုနာရလျှင် မိစ္ဆာအယူကို ဖျက်၍ ဘုရားလောင်းကို ကိုးကွယ် ဆည်းကပ်ခြင်းသို့ ရောက်၏။ ဘုရားလောင်းသည် ဈာန်မလျှော့သည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ လား၏။ မြတ်စွာဘုရားသည် အတိတ်ကိုဆောင်တော်မူ၍ ဘုရားဖြစ်တော်မူ၍ ပုဏ္ဏား အား တရားဟောလိုရကား ဤဂါထာကို ဟောတော်မူ၏—

**ဂ၇။ ယဿ မင်္ဂလာ သမူဟတာသေ၊**
**ဥပ္ပါတာ သုပိနာ စ လက္ခဏာ စ။**
**သောမင်္ဂလ ဒေါသဝီတိဝတ္တော၊**
**ယုဂယောဂါဓိဂတော န ဇာတု မေတိ။**

ပုဏ္ဏား ကောတုဟလမင်္ဂလာတို့ကိုလည်းကောင်း, နေကြတ်, လကြတ်ခြင်း, နက္ခတ်ကြွတ်ခြင်း, ဥက္ကာကျခြင်း, အနေပ်ကို မီးလောင်ခြင်း ဥပါတ်တို့ကိုလည်းကောင်း၊ အထူးထူးသော အိပ်မက်တို့ကိုလည်းကောင်း, လက္ခဏာ တို့ကိုလည်းကောင်း ဖြတ်အပ်ကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည် ကောတုဟလ မင်္ဂလာ၏ အပြစ်ကိုလွန်၏၊ ကောဓ,ဥပနာဟစသော အစုံပြု၍ ယောအပ်သော ကိလေသာ လေးပါးဟူသော ပယောဂတို့ကိုလွန်၏။ စင်စစ်အားဖြင့် ဤလောကသို့ ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ပြန်မလာတော့။

ဤသို့လျှင် မြတ်စွာဘုရားသည် ဤဂါထာဖြင့် ပုဏ္ဏားအား တရားဟော တော်မူ၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ပုဏ္ဏားသည် သားနှင်တကွသောတာပတ္တိဖိုလ်၌ တည်၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူ၍ ယခုအခါ သားအဖတို့သည် ထိုအခါ သားအဖတို့သာလျှင် ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရသေ့ ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကိုပေါင်းတော်မူ၏။

ရှစ်ဆယ့်ခုနစ်ခုမြောက်သော မင်္ဂလဇာတ်သည် ပြီး၏။

## ဂဂ-သာရမ္ဘဇာတ်

### နှုတ်ချို လျှိုတစ်ပါး

### ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ကလျာဏိမေဝ မုဥ္စေယျ" အစရှိသော ဂါထာပုဒ်ဖြင့် ဝန်ဆောင်အပ်သော ဤသာရမ္ဘဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဩမသပါဒသိက္ခာပုဒ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

[နှစ်ပါးကုန်သော ပစ္စုပ္ပန်ဝတ္ထု အတိတ်ဝတ္ထုတို့သည်လည်း အောက်၌ ဖြစ်သော နန္ဒိဝိသာလဇာတ်၌ ဆိုအပ်ပြီးသည်နှင့် တူသလျှင်တည်း။]

အထူးကား ဤ သာရမ္ဘဇာတ်၌ ဘုရားလောင်းသည် ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ တစ်ယောက်သော ပုဏ္ဏား၏ သာရမ္ဘမည်သော နွားသည် ဖြစ်၏။ မြတ်စွာဘုရားသည် ဤအတိတ်ဝတ္ထုကို ဟောတော်မူ၍ ဘုရားဖြစ်တော်မူ၍ ဤဂါထာကို ဟောတော်မူ၏–

ဂဂ။ ကလျာဏိမေဝ မုဉ္စေယျ၊ န ဟိ မုဉ္စေယျ ပါပိကံ၊
မောက္ခော ကလျာဏိယာ သာဓု၊ မုတ္တွာ တပ္ပတိ ပါပိကံ။

ရဟန်းတို့ ကောင်းသော စကားကိုသာလျှင် ဆိုရာ၏။ ထိုစကားသည် မှန်၏။ ယုတ်မာသော စကားကို မဆိုရာ။ ကောင်းသော စကားကို ဆိုခြင်းသည် ကောင်း၏။ ယုတ်မာသော စကားကို ဆိုပြီး၍ ပူပန်စိုးရိမ်တတ်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ တစ်ယောက်သော ပုဏ္ဏား ဖြစ်ဖူးပြီ။ ယခုအခါ ဥပ္ပလဝဏ်သည် ထိုအခါ ပုဏ္ဏေးမ ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သာရမ္ဘ မည်သော နွားဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ရှစ်ဆယ့်ရှစ်ခုမြောက်သော သာရမ္ဘဇာတ်သည် ပြီး၏။

---

၈၉-ကုဟကဇာတ်

သီလကြောင့်ရသော့ အပြောတစ်မျိုး အလုပ်တစ်မျိုး

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဝါစာဝ ကိရ တေ အာသိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ကုဟကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ယောက်သော အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

[အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော ရဟန်း၏ ပစ္စုပ္ပန်ဝတ္ထုသည် ဥဒ္ဒါလကဇာတ်၌ ထင်စွာဖြစ်လတ္တံ့။]

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် တစ်ခုသော ရွာငယ်ကို အမှီပြု၍ တစ်ယောက်သော ကောက်ကျစ်သော အကျင့်ရှိလုက် ဆံကျစ်ထုံးသော အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော ရသေ့သည် နေ၏၊ တစ်ယောက်သော သူကြွယ်သည် တောကျောင်းကို ဆောက်စေ၍ ထိုကျောင်း၌ ရသေ့ကို နေစေလျက် မိမိအိမ်၌ မြတ်သော အာဟာရဖြင့် လုပ်ကျွေး၏။ ထိုသူကြွယ်သည် ထိုကောက်ကျစ်သော ရသေ့ကို ဤရသေ့သည် သီလရှိ၏ဟု ယုံကြည်၏။ ခိုးသူဘေးမှ ကြောက်ခြင်းကြောင့် ရွှေစင်နိက္ခ တစ်ရာကို ထိုရသေ့၏ ကျောင်းသို့ ဆောင်၍ မြေ၌ မြှုပ်ထားပြီးလျှင် အရှင်ဘုရား-အရှင်ဘုရားသည် ဤရွှေကို ကြည့်တော်မူပါလောဟု ဆို၏။ (နိက္ခတစ်ရာသည်ကား ရွှေလေးသိန်းရှိ၏)။ ထိုအခါ သူကြွယ်အား ရသေ့သည် ဒါယကာ-ရဟန်းတို့အား ဤသို့သဘောရှိသော စကားကို ဆိုခြင်းသည် မအပ်၊ ငါတို့အား သူတစ်ပါး ဥစ္စာ၌ လောဘမည်သည် မရှိဟု ဆို၏။ ထိုသူကြွယ်သည် ကောင်းပြီဟု ထိုစကားကို ယုံကြည်၍ ဖဲခဲ့၏။

ရသေ့ပျက်သည် ဤမျှသော ဥစ္စာဖြင့် အသက်မွေးခြင်းငှါ တတ်ကောင်း၏ဟု နှစ်ရက် သုံးရက် လွန်စေ၍ ထိုရွှေကို ယူပြီးလျှင် ခရီးအကြား၌ ထား၍ ကျောင်း၌သာလျှင် နေ၍ နက်ဖြန်နေ့၌ ထိုသူကြွယ်၏ အိမ်၌သာလျှင် ဆွမ်းစားခြင်းကိစ္စကို ပြုပြီး၍ ဒါယကာ-ငါတို့သည် သင်တို့ကို မှီ၍ နေသည် ကြာမြင့်ပြီ။ ထိုစကားသည် မှန်၏။ အလွန်ကြာမြင့်စွာ တစ်ခုသော အရပ်၌ နေကုန်သော ရသေ့ ရဟန်းတို့အား လူတို့နှင့် ရောနှောခြင်းသည် ဖြစ်၏။ ရောနှောခြင်းမည်သည် ရဟန်းတို့အား အညစ်အကြေး ဖြစ်၏။ ထို့ကြောင့် ငါသည် သွားအံ့ဟု ဆို၏။ ထိုသူကြွယ်သည် အဖန်တလဲလဲ တောင်းပန်သော်လည်း ပြန်အံ့သောငှါ အလိုမရှိ။ ထိုအခါ ရသေ့ကို သူကြွယ်သည် အရှင်ဘုရား-ဤသို့ဖြစ်သည်ရှိသော် အရှင်ဘုရားတို့သည် သွားတော်မူကုန်လောဟု ဆို၍ ရွာတံခါးတိုင်အောင် ပို့လိုက်ပြီးလျှင် ပြန်ခဲ့၏။ ရသေ့သည်လည်း အတန်ငယ်သွား၍ ဤသူကြွယ်ကို လှည့်စားအံ့သောငှါ သင့်၏ဟု ကြံ၍ ဆံကျစ်ကြား၌ မြက်ကို ထား၍ တစ်ဖန် ပြန်လာ၏။

[တစ်နိက္ခသည် ရွှေတစ်ထောင် ရှိ၏။ နိက္ခတစ်ရာမှာ ရွှေတစ်သိန်းသာ ရှိသည်။ ၎င်းနိက္ခနှင့် စပ်၍ အဘိဓာန်နိဿယသစ် ဂါထာ ၈၈၇-တွင် အကျယ်ဆိုထားသည်။]

သူကြွယ်သည် အရှင်ဘုရား အရှင်ဘုရားသည် အဘယ့်ကြောင့် ပြန်ခဲ့ကုန်သနည်းဟု မေး၏။ ဒါယကာ သင်တို့၏ အိမ်မိုးမှ တစ်ပင်သော မြက်သည် ငါ၏ ဆံကျစ်ကြားတို့၌ ငြိ၍ ပါ၏။ အဒိန္နာဒါန် မည်သည်ကား ရဟန်းတို့အား မအပ်။ ထို့ကြောင့် မြက်ကို ယူ၍ လာသည် ဖြစ်၏ဟု ဆို၏။ သူကြွယ်သည် အရှင်ဘုရား အရှင်ဘုရားတို့သည် စွန့်၍ သွားကုန်လောဟု ဆို၍ ငါ၏ အရှင်သည် မြက်ဝါးခြမ်းစိတ်မျှသော သူတစ်ပါး ဥစ္စာကို မယူ။ သြော် ကုက္ကုစ္စ ရှိလေစွဟု ကြည်ညို၍ ရှိခိုး၍ လွှတ်လိုက်၏။ ထိုအခါကား ဥစ္စာအလို့ငှါ ပစ္စန္တရစ်သို့ သွားသော ဘုရားလောင်းသည် ထိုသူကြွယ်အိမ်၌ တည်းခိုသည် ဖြစ်၍ ထိုဘုရားလောင်းသည် ရသေ့၏ စကားကို ကြား၍ သာလျှင် စင်စစ် ဤရသေ့ပျက်သည် ဤသူကြွယ်၏ တစ်စုံတစ်ခုသော ဥစ္စာကို ခိုးယူသည် ဖြစ်လတ္တံ့ဟု သူကြွယ်ကို အဆွေ ထိုရသေ့ထံ၌ ထားအပ်သော သင့်အား တစ်စုံတစ်ခုသော ဥစ္စာသည် ရှိသလောဟု မေး၏။ အဆွေ ရွှေစင် နိက္ခတစ်ရာ ရှိ၏ဟု ဆို၏။ ထိုသို့ထားမူ သွားချေ။ ထိုရွှေကို စုံစမ်းချေလော့ဟု ဆို၏။ ထိုသူကြွယ်သည် ကျောင်းသို့ သွား၍ ထိုရွှေကို မမြင်လျှင် လျင်မြန်စွာ လာသဖြင့် အဆွေ မရှိပြီဟု ဆို၏။ သင်၏ ရွှေကို တစ်ပါးသော သူသည် မယူ။ ထိုရသေ့ ကောက်သည်သာလျှင် ယူအပ်၏၊ လာလော့။ ထိုရသေ့ကို လိုက်၍ ဖမ်းကုန်အံ့ဟု ဆို၍ လျင်မြန်သဖြင့် သွားပြီးလျှင် ရသေ့ကောက်ကို ဖမ်းကုန်အံ့ဟု ဆို၍ လက်တို့ဖြင့်လည်းကောင်း, ခြေတို့ဖြင့်လည်းကောင်း ပုတ်ခတ်၍ ရွှေကို ဆောင်စေ၍ ယူကုန်၍ ဘုရားလောင်းသည် ရွှေကို မြင်၍ မြက်တစ်ပင်မျှ တပ်စွန်းကပ်ငြိ စိတ်မရှိသည် မှန်ပါမူ အဘယ်သူသည်လျှင် ရွှေစင်နိက္ခတစ်ရာကို အဘယ်မှာ ခိုးယူနိုင်ပါအံ့နည်းဟု ဆို၍ ထိုရသေ့ကို ကဲ့ရဲ့လိုရကား ဤဂါထာကို ဆို၏—

ဂ၉။ ဝါစာဝ ကိရ တေ အာသိ၊ သဏှာ သခိလဘာဏိနော။
တိဏမတ္တေ အသဇ္ဇိတ္ထော၊ နော စ နိက္ခသတံ ဟရံ။

အိုရသေ့ သိမ်မွေ့နူးညံ့သောစကားကို ဆိုသော သင်၏စကားသည် သာလျှင် သိမ်မွေ့ နူးညံ့ သည် ဖြစ်သတတ်၊ မြက်တစ်ပင်မျှ၌ စွန်းငြိသော စိတ်မရှိသည် ဖြစ်၍ ရွှေစင်နိက္ခတစ်ရာကို ခိုးယူသောသင်သည်စွန်ငြိးသောစိတ်သည် မဖြစ်လေ။

ဤသို့လျှင် ဘုရားလောင်းသည် ထိုရသေ့ကို ကဲ့ရဲ့၍ ကောက်ကျစ်သော ရသေ့ တစ်ဖန် ဤသို့ သဘောရှိသော အမှုကို မပြုလင့်ဟု အဆုံးအမကို ပေး၍ ကံအားလျော်စွာ လား၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ၌ သာလျှင် ထိုရဟန်းသည် အံ့ဖွယ်သရဲကို ဖြစ်စေတတ်သည် မဟုတ်သေး။ ရှေး၌လည်း အံ့ဖွယ်သရဲကို ဖြစ်စေတတ်သည် သာလျှင်တည်းဟု မိန့်တော်မူ၍ ယခုအခါ အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းသည် ထိုအခါ ကောက်ကျစ်သော ရသေ့ ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိသော ဃောကျွဲ ဖြစ်ဖူးပြီဟု ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ရှစ်ဆယ့်ကိုးခုမြောက်သော ကုဟကဇာတ်သည် ပြီး၏။

---

## ၉၀-အကတညူဇာတ်

### ကျေးဇူးကန်းသူ

### ဗုံလုံတစ်လှည့် ငါးပံ့တစ်လှည့်၊ ထင်းခွေမတွေ့ ရေခပ်တွေ့ ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည်“ယော ပုဗ္ဗေကတ ကလျာဏော”အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအကတညူဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အနာထပိဏ်သူဌေးကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအနာထပိဏ်သူဌေးအား တစ်ယောက်သော ပစ္စန္တရစ်၌ နေသော မမြင်ဖူးသော အဆွေခင်ပွန်း ဖြစ်သော သူဌေးသည် ဖြစ်သတတ်။ ထိုပစ္စန္တရစ်သူဌေးသည် တစ်ရံသောအခါ ပစ္စန္တရစ်၌ ဖြစ်သော ဘဏ္ဍာဖြင့် လှည်းငါးရာတို့ကို ပြည့်စေ၍ အမှုလုပ်တို့ကို အချင်းတို့ သွားကြကုန်။ ငါ့ဥစ္စာကို သာဝတ္ထိမြို့သို့ ဆောင်၍ ငါတို့၏ အဆွေခင်ပွန်း ဖြစ်သော အနာထပိဏ် သူဌေးကြီး၏ မျက်မှောက်ဖြင့်ရောင်း၍ တစ်ဖန်ရသော ဥစ္စာတို့ကို ဆောင်ခဲ့ကုန်လောဟု ဆို၏။ ထိုအမှုလုပ်သော သူတို့သည် ကောင်းပြီဟု ထိုပစ္စန္တရစ်နေ သူဌေး၏ စကားကို ဝန်ခံ၍ သာဝတ္ထိမြို့သို့ သွားကုန်၍ အနာထပိဏ် သူဌေးကြီးကို ဖူးမြင်ရ၍ လက်ဆောင်ကို ဆက်ပြီးလျှင် ထိုအကြောင်းကို ကြားလျှောက်ကုန်၏။ အနာထပိဏ် သူဌေးကြီးသည် ပစ္စန္တရစ်သူဌေး၏ လူတို့ကိုမြင်လျှင် သင်တို့၏ လာခြင်းကား ကောင်းသော လာခြင်းတည်းဟုဆို၍ ထိုပစ္စန္တရစ်သားတို့အား

နေရာကိုလည်းကောင်း, ရိက္ခာကိုလည်းကောင်း ပေးစေ၍ အဆွေခင်ပွန်း ဖြစ်သော ပစ္စန္တရစ် သူဌေး၏ ဆင်းရဲချမ်းသာကို မေးပြီးလျှင် ဥစ္စာကိုရောင်း၍ တစ်ဖန် ရသောဥစ္စာကို ပေးစေ၏။ ထိုပစ္စန္တရစ် သားတို့သည် ပစ္စန္တရစ်သို့ သွားကုန်၍ ထိုအကြောင်းကို မိမိတို့၏ သူဌေးအား ကြားလျှောက်ကုန်၏။

နောက်အဖို့၌ အနာထပိဏ် သူဌေးသည်လည်း ထိုအတူ လှည်းငါးရာတို့ကို ပစ္စန္တရစ်သို့ စေ၏။ အနာထပိဏ် သူဌေး၏ လူတို့သည် ထိုပစ္စန္တရစ်သို့ သွားကုန်၍ လက်ဆောင်ကို ယူ၍ ပစ္စန္တရစ် သူဌေးကို ဖူးမြင်ကုန်၏။ ထိုပစ္စန္တရစ်နေ သူဌေးသည် သင်တို့သည် အဘယ်အရပ်မှ လာကြကုန်သနည်းဟု မေး၍ သာဝတ္ထိပြည်မှ သင်တို့၏ အဆွေခင်ပွန်းဖြစ်သော အနာထပိဏ် သူဌေး၏ အထံမှ လာခဲ့ကုန်၏ဟု လျှောက်သည်ရှိသော် အနာထပိဏ်သူဌေးဟူသော အမည်သည် တစ်ယောက်သော ယောကျ်ား၏ အမည်သည် ဖြစ်လေတော့ဟု ပြက်ရယ်ပြုပြီးလျှင် လက်ဆောင်တို့ကို ယူစေ၍ သင်တို့သည် သွားကုန်လောဟု ဆို၍ လွှတ်လိုက်၏။ ထိုအနာထပိဏ် သူဌေး၏ လူတို့အား နေရာကိုလည်းကောင်း, ရိက္ခာကို လည်းကောင်း မပေးစေသလျှင် ကတည်း။ ထိုအနာထပိဏ် သူဌေး၏ လူတို့သည် မိမိတို့၏ အလိုလိုသာလျှင် ဘဏ္ဍာကိုရောင်း၍ တစ်ဖန် ရသော ဥစ္စာကိုယူ၍ သာဝတ္ထိသို့ လာခဲ့ကုန်၍ အနာထပိဏ် သူဌေးအား ထိုအကြောင်း ကို ကြားလျှောက်ကုန်၏။

ထိုအခါ ပစ္စန္တရစ် သူဌေးသည် တစ်ဖန် တစ်ကြိမ် ရေးအတူသာလျှင် လှည်းငါးရာတို့ကို သာဝတ္ထိသို့ စေ၏။ ပစ္စန္တရစ်နေ သူဌေး၏ လူတို့သည် လက်ဆောင်ကိုယူ၍ အနာထပိဏ် သူဌေးကြီးကို ဖူးမြင်ကုန်၏။ ထိုပစ္စန္တရစ်နေ သူဌေး၏ လူတို့ကို မြင်ကုန်၍ အနာထပိဏ် သူဌေး၏ လူတို့သည် အရှင် အကျွန်ုပ်တို့သည် ဤလူတို့အား နေရာကိုလည်းကောင်း, ရိက္ခာကိုလည်းကောင်း သိပါကုန်အံ့ဟု ဆို၍ ထိုပစ္စန္တရစ်သားတို့၏ လှည်းတို့ကို မြို့မှအပ၌ ထိုအမှုအား လျော်သောအရပ်၌ ချတ်စေ၍ သင်တို့သည် ဤအရပ်၌သာလျှင် နေကုန်လော၊ သင်တို့ဖို့ ငါတို့၏အိမ်၌ ယာဂု ထမင်းကို လည်းကောင်း, ရိက္ခာကို လည်းကောင်း ဖြစ်စေလတ္တံ့ဟု ဆိုပြီးလျှင် ကျွန်အမှုလုပ်တို့ကို စည်းဝေးစေ၍ သန်းခေါင်ယံ၏ အခြားမဲ့၌ လှည်းငါးရာတို့ကို လုယက်ကုန်၍ ထိုပစ္စန္တရစ်သားတို့၏ အဝတ် အရုံတို့ကိုလည်း လုယက်ကုန်၍ နွားတို့ကို ပြေးစေပြီးလျှင် လှည်းဘီး တို့ကို ချွတ်၍ လှည်းတို့ကို မြေ၌ထား၍ လှည်းဘီးတို့ကို ယူ၍ သွားကုန်၏။ ပစ္စန္တရစ်သားတို့ကို ခါးဝတ်မျှ၏လည်း အစိုးမရသည်တို့ကို ပြု၍ လွှတ်လိုက်ကုန်၏။ ထိုပစ္စန္တရစ် သူဌေး၏ လူတို့သည် ကြောက်ခြင်းဖြင့် လျင်မြန်သဖြင့် ပြေးကုန်၍ ပစ္စန္တရစ်သို့သာလျှင် သွားကုန်၏။ အနာထပိဏ်

သူဌေး၏ လူတို့သည် ထိုအကြောင်းကို အနာထပိဏ် သူဌေးကြီးအား ကြားလျှောက်ကုန်၏။ ထိုအနာထပိဏ် သူဌေးသည်လည်း ယခု ငါ့အား ဤစကားလက်ဆောင်သည် ရှိ၏ဟု မြတ်စွာဘုရား အထံတော်သို့ သွားပြီးလျှင် အစမှစ၍ အလုံးစုံသော ထိုအကြောင်းကို ကြားလျှောက်၏။ မြတ်စွာဘုရားသည် သူကြွယ် ထိုပစ္စန္တရစ်နေ သူဌေးသည် ယခုအခါ၌သာလျှင် ဤသို့သော အလေ့ရှိသည် မဟုတ်သေး။ ရှေး၌လည်း ဤသို့သော အလေ့ရှိသည်သာလျှင် ဖြစ်၏ဟု မိန့်တော်မူ၍ ထိုအနာထပိဏ် သူဌေးသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗာရာဏသီမြို့၌ များစွာသော စည်းစိမ်ရှိသော သူဌေးသည် ဖြစ်၏။ ထိုဗာရာဏသီ သူဌေးအား တစ်ယောက်သော ပစ္စန္တရစ်၌ နေသော မမြင်ဖူးသော အဆွေခင်ပွန်းဖြစ်သော သူဌေးသည် ဖြစ်၏။

[ဤသို့ အစရှိသော အလုံးစုံသော အတိတ်ဝတ္ထုသည် ပစ္စုပ္ပန်ဝတ္ထုနှင့် တူသလျှင်ကတည်း။]

အထူးကား ဘုရားလောင်းသည် မိမိ၏ လူတို့သည် ယနေ့ အကျွန်ုပ်တို့သည် ဤမည်သော အမှုကို ပြုအပ်၏ဟု ကြားလျှောက်သည်ရှိသော် ရှေးဦးစွာ မိမိအား ပြုအပ်သော ကျေးဇူးကို မသိကုန်သော သူတို့သည် နောက်၌ ဤသို့သဘောရှိသော ဆင်းရဲကို ရကုန်မြဲသာလျှင်တည်းဟု ဆို၍ ရောက်လာကုန်သော ပရိသတ်တို့အား တရားဟောလိုရကား ဤဂါထာကို ဆို၏—

**၉၀။ ယော ပုဗ္ဗေကတကလျာဏော၊ ကတတ္ထော နာဝဗုဇ္ဈတိ၊**
**ပစ္ဆာ ကိစ္စေ သမုပ္ပန္နေ၊ ကတ္တာရံ နာဓိဂစ္ဆတိ။**

အို အချင်းတို့ ရှေး၌ မိမိအပေါ် သူတစ်ပါးသည် ကျေးဇူးပြုထားပါလျက် ထိုသူတစ်ပါး ပြုထားသော ကျေးဇူးကို မသိမမြင်သောသူသည် နောက်တစ်ဖန် အကြောင်းကိစ္စ ဖြစ်ပြန်သောအခါ ထိုကိစ္စကို ပြုလုပ်ပေးမည့်သူ မရှိနိုင်တော့ချေ။

ဤသို့လျှင် ဘုရားလောင်းသည် ဤဂါထာဖြင့် တရားဟော၍ ဒါန အစရှိသော ကောင်းမှုတို့ကိုပြု၍ ကံအားလျော်စွာ လား၏။

**ဇာတ်ပေါင်း**

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ပစ္စန္တရစ် သူဌေးသည်လျှင် ထိုအခါ ပစ္စန္တရစ် သူဌေးဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဗာရာဏသီ သူဌေး ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ကိုးဆယ်မြောက်သော အကတညုဇာတ်သည် ပြီး၏။

---

# ၁၀-လိတ္တဝဂ်

## ၉၁-လိတ္တဇာတ်

### ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်ပါက အဆိပ်တုံးမျိုးရသကဲ့သို့

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "လိတ္တံ ပရမေန တေဇသာ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤလိတ္တဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပစ္စဝေက္ခဏာ မဆင်ခြင်မူ၍ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုကာလ၌ ရဟန်းတို့သည် သက်န်းအစရှိသည်တို့ကို ရကုန်၍ များသောအားဖြင့်ကား ပစ္စဝေက္ခဏာ မဆင်ခြင်မူ၍ သုံးဆောင်ကြကုန်၏။ ထိုပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာ မဆင်ခြင်မူ၍ သုံးဆောင်ကုန်သော ရဟန်းတို့သည် များသောအားဖြင့် ငရဲ တိရစ္ဆာန်အမျိုးမှ မလွတ်ကုန်။ မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူ၍ ရဟန်းတို့အား များစွာသော အကြောင်းဖြင့် တရားစကားကို ဟောတော်မူ၍ ပစ္စဝေက္ခဏာ မဆင်ခြင်မူ၍ သုံးဆောင်ခြင်း၌ အပြစ်ကို ဟောတော်မူ၍ ရဟန်းတို့—ရဟန်းမည်သည် ပစ္စည်းလေးပါးကိုရ၍ ပစ္စဝေက္ခဏာ မဆင်ခြင်မူ၍ သုံးဆောင်ခြင်းငှါ မအပ်၊ ထိုကြောင့် ဤနေ့မှစ၍ ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ကုန်လောဟု မိန့်တော်မူ၍ ပစ္စဝေက္ခဏာ အစီအရင်ကို ပြတော်မူလိုရကား "ဣဓ ပန ဘိက္ခဝေ ဘိက္ခု ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ သီတဿ ပဋိဃာတာယ" ဤသို့ အစရှိသောနည်းဖြင့် ပါဠိကို ထားတော်မူ၍ ရဟန်းတို့ ပစ္စည်းလေးပါးတို့ကို ဤသို့ ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ခြင်းသည် အပ်၏။ မဆင်ခြင်မူ၍ သုံးဆောင်သည်ကား လတ်တလော သေစေတတ်သော အဆိပ်ကို သုံးဆောင်သည်နှင့် တူ၏။ ရှေးသူဟောင်းတို့သည်

မဆင်ခြင်၍ အဆိပ်ကိုသုံးဆောင်၍ အကျိုးပေးသော ကာလဟူသောအဆုံး၌ ကြီးစွာသော ဆင်းရဲကို ခံရကုန်ပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တစ်ဦးသော များစွာသော စည်းစိမ်ရှိသော အမျိုး၌ ဖြစ်၏။ အရွယ်သို့ ရောက်သည်ရှိသော် ကြွေအန်ကြူးသည် ဖြစ်၏။ ထိုအခါ တစ်ယောက်သော ကောက်ကျစ်သော ကြွေအန်ကြူးသော သူသည် ဘုရားလောင်းနှင့်တကွ ကြွေအန်ကစားသည်ရှိသော် မိမိနိုင်သည်ရှိသော် ကစားပွဲကို မဖျက်။ ရှုံးသောကာလ၌ကား ကြွေအန်ကို ခံတွင်း၌ငုံ၍ ကြွေအန်ပျောက်ပြီဟု ကစားပွဲကို ဖျက်၍ သွား၏။ ဘုရားလောင်းသည် ထိုအကြောင်းကိုသိ၍ ထိုသို့ဖြစ်စေ ဤအရာ၌ လျောက်ပတ်သော အကြောင်းကို ငါသည် သိအံ့ဟု ကြွေအန်တို့ကိုယူ၍ မိမိအိမ်၌ လတ်တလော သေစေတတ်သော အဆိပ်ဖြင့် လိမ်းကျံ၍ အဖန်တလဲလဲ ခြောက်စေပြီးလျှင် ထိုကြွေအန်တို့ကိုယူ၍ ထိုကောက်ကျစ်သော ကြွေအန်ကြူး၏ အထံသို့သွား၍ အဆွေ လာလော့ ကြွေအန်ကစားကုန်အံ့ဟု ဆို၏။ ထိုကောက်ကျစ်သော ကြွေအန်ကြူးသောသူသည် အဆွေ ကောင်းပြီဟု ကစားပွဲကိုစီရင်၍ ဘုရားလောင်းနှင့်တကွ ကစားသည်ရှိသော် မိမိရှုံးသော ကာလ၌ ထိုကြွေအန်ကို ခံတွင်းဖြင့် ငုံ၏။ ထိုအခါ ကောက်ကျစ်သော ကြွေအန်ကြူးကို ဘုရားလောင်းသည် ထိုသို့ငုံသည်ကို မြင်၍ ငုံလေဦး နောက်မှ ဤကြွေအန်ကို ငုံခြင်းသည် ဤသို့ဖြစ်၏ဟု သိရလတ္တံ့၊ ဤသို့ စောဒနာလိုရကား ဤဂါထာကို ဆို၏—

၉၁။ လိတ္တံ ပရမေန တေဇသာ၊ ဂိလမက္ခံ ပုရိသော န ဗုဇ္ဈတိ။
ဂိလ ရေ ဂိလ ပါပဓုတ္တက၊ ပစ္ဆာ တေ ကဋုကံ ဘဝိဿတိ။

ပြင်းထန် ထက်မြက်သော အဆိပ်ဖြင့် လိမ်းကျံထားသော ကြွေအန်ကို ငုံသော ကြွေအန်ကြူးသော ယောကျ်ားသည် ကြွေအန်၌ အဆိပ် လိမ်းကျံထားသည်ကို မသိ၊ ဟယ် ယုတ်မာသော ကြွေအန်ကြူး ငုံလေဦး၊ ဟယ် ယုတ်မာသော ကြွေအန်ကြူး ငုံလေဦး၊ နောက်မှ သင့်အား အဆိပ်သည် ထက်မြက်လတ္တံ့။

ဤသို့ ဘုရားလောင်း ဆိုစဉ်ပင်လျှင် အဆိပ်၏ အဟုန်ဖြင့် မိန်းမော၍ မျက်စိတို့သည် လည်ကုန်လျက် လည်ကုပ်ညွတ်လျက် လဲ၏။ ဘုရားလောင်းသည် ယခုအခါ ယုတ်မာသော ကြွေအန်ကြူးအား အသက်အလှူကို

ပေးခြင်းငှါ သင့်၏ဟု နှသုံးပိုက်ပြီးလျှင် ကောင်းစွာစီရင်အပ်သော အော့အန် စေတတ်သော ဆေးကိုပေး၍ အန်စေပြီးလျှင် ထောပတ် တင်လဲ ပျားသကာ အစရှိသည်တို့ကို စားစေ၍ အနားကင်းသည်တို့ကို ပြုပြီးလျှင် တစ်ဖန် ဤသို့ သဘောရှိသောအမှုကို မပြုလင့်ဟု ဆုံးမ၍ ဒါန အစရှိသော ကောင်းမှုတို့ကိုပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူပြီးလျှင် ရဟန်းတို့ ပစ္စဝေက္ခဏာ မဆင်ခြင်မူ၍ ပစ္စည်းလေးပါးတို့ကို သုံးဆောင်ခြင်း မည်သည်ကား မဆင်ခြင်မူ၍ ပြုအပ်သော အဆိပ်ကို သုံးဆောင်သည်နှင့် တူသည်ဖြစ်၏ဟု မိန့်တော်မူ၍ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိ ကြွေအန်ကြူး ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

[ဤလိတ္တဇာတ်၌ ကောက်ကျစ်သော ကြွေအန်ကြူးကိုကား ဇာတ် မပေါင်းအပ်၊ ဤလိတ္တဇာတ်၌ကဲ့သို့ ထိုအတူ အလုံးစုံသောဇာတ်၌ အကြင်သူသည် ဤဇာတ်ကို ဟောတော်မူသောကာလ၌ မထင်၊ ထိုသူကို ဇာတ်မပေါင်းအပ် သလျှင်ကတည်း၊ ဤသို့ သိအပ်၏။]

ကိုးဆယ့်တစ်ခုမြောက်သော လိတ္တဇာတ်သည် ပြီး၏။

---

## ၉၂-မဟာသာရဇာတ်

### ပျောက်သောဥစ္စာ ပြန်ရရန်နည်းလမ်း

### ပစ္စည်းပျောက်ရှာနည်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် "ဥက္ကဋ္ဌေ သူရမိစ္ဆန္တိ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤမဟာသာရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အရှင်အာနန္ဒာမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

အခါတစ်ပါး၌ ပသေနဒီကောသလ မင်းကြီး၏ မင်းမိန်းမတို့သည် ဘုရား ပွင့်တော်မူသော ကာလမည်သည်ကို ရခဲ၏။ ထိုအတူ လူ၏အဖြစ်ကိုလည်း ရခဲ၏။ ပြည့်စုံသော နားမျက်စိ အစရှိသော ဣန္ဒြေရှိသည်၏ အဖြစ်ကိုလည်း

ရခဲ၏။ ငါတို့သည် ရခဲသော ဗုဒ္ဓုပ္ပါဒ ခဏအကြောင်း၏ ညီညွတ်ခြင်းကို ရကုန်၍လည်း မိမိတို့၏ အလိုအားလျော်စွာ ကျောင်းသို့သွား၍ တရားတော်ကို နာအံ့သောငှါ လည်းကောင်း ပူဇော်ခြင်းကို ပြုအံ့သောငှါ လည်းကောင်း မရကုန်၊ ပူတာတံတင်း၌ ထား၊အပ်ကုန်သကဲ့သို့ နေရကုန်၏။ အရှင်မင်းကြီး အား လျှောက်ကြားပြီးလျှင် ငါတို့အား တရားဟောအံ့သောငှါ လျှောက်ပတ်သော ရဟန်းတပါးကို ပင့်စေ၍ ထိုရဟန်းအထံ၌ တရားတော်ကို နာကုန်အံ့၊ ထိုရဟန်းအထံမှ အကျင့်တရားကို သင်ကြကုန်အံ့၊ ဒါနအစရှိသော ကောင်းမှုတို့ကို ပြုကုန်အံ့။ဤသို့ပြုသည်ရှိသော် ငါတို့အား ဤဗုဒ္ဓုပ္ပါဒခဏကို ရခြင်းသည် အကျိုးရှိသည် ဖြစ်လတ္တံ့ဟု ကြံကြကုန်၏။

ကြံကုန်ပြီးလျှင် မင်းကြီးသို့ကပ်ကုန်၍ မိမိတို့၏ ကြံသော အကြောင်းကို လျှောက်ကုန်၏။ မင်းကြီးသည် ကောင်းပြီဟု ဝန်ခံ၍ တစ်နေ့သ၌ ဥယျာဉ်ကစားခြင်းကို ကစားလိုသော ပသေနဒီကောသလမင်းကြီးသည် ဥယျာဉ်စောင့်ကို စေ၍ ဥယျာဉ်ကို သုတ်သင်လော့ဟု ဆို၏။ ဥယျာဉ်စောင့်သည် ဥယျာဉ်ကို သုတ်သင်သည် ရှိသော် တစ်ခုသော သစ်ပင်ရင်း၌ နေတော်မူသော မြတ်စွာဘုရားကိုမြင်၍ မင်းကြီး အထံသို့ သွားပြီးလျှင် အရှင်မင်းကြီး ဥယျာဉ်တော်ကို သုတ်သင်အပ်ပြီ စင်စစ်သော်ကား ဤဥယျာဉ်တော်ဝယ် တစ်ခုသော သစ်ပင်ရင်း၌ မြတ်စွာဘုရားသည် နေတော်မူ၏ဟု လျှောက်၏။ မင်းကြီးသည် အချင်းဥယျာဉ်စောင့် ကောင်းပြီ မြတ်စွာဘုရားအထံတော်၌ တရားတော်ကို နာကုန်အံ့ဟုဆို၍ တန်ဆာဆင်အပ်သော ရထားကို စီး၍ ဥယျာဉ်သို့သွားပြီးလျှင် မြတ်စွာဘုရားအထံသို့ ဆည်းကပ်၏။

ထိုအခါ၌လည်း ဆတ္တပါဏိ မည်သော တစ်ယောက်သော အနာဂါမ် ဖြစ်သော သီတင်းသည်သည် မြတ်စွာဘုရား အထံတော်၌ တရားတော်ကို နာလျက် နေသည်ဖြစ်၏။ကောသလမင်းကြီးသည် ထိုသီတင်းသည်ကို မြင်လျှင် ရွံရှာသည်ဖြစ်၍ အတန်ငယ်ရပ်လျက် ဤယောကျ်ားသည် အကယ်၍ သူယုတ်မာ ဖြစ်ငြားအံ့ မြတ်စွာဘုရား အထံတော်၌နေ၍ တရားတော်ကို မနာရာ ဤယောကျ်ားသည် မယုတ်မာသည် ဖြစ်ရာ၏ဟု ကြံပြီးလျှင် မြတ်စွာဘုရား အထံတော်သို့ ဆည်းကပ်၍ ရှိခိုးလျက် လျှောက်ပတ်စွာနေ၏။ သီတင်းသည်သည် မြတ်စွာဘုရား၌ ရိုသေသဖြင့် မင်းကြီးအားခရီးဦးကြိုဆိုခြင်းကို လည်းကောင်း ရှိခိုးခြင်းကို လည်းကောင်း မပြု၊ ထို့ကြောင့်သီတင်းသည်အား မင်းကြီးသည် နှလုံးမသာခြင်းသည် ဖြစ်၏။ မြတ်စွာဘုရားသည် ကောသလမင်းကြီး၏ နှလုံးမသာသောအဖြစ်ကို သိတော်မူ၍ မြတ်သောမင်းကြီး ဤသီတင်းသည်သည် များသော အကြားအမြင်ရှိ၏။ အနာဂါမ်ဖြစ်၏၊ ပိဋက

သုံးပုံကိုဆောင်၏။ ကာမတို့၌တပ်စွန်းခြင်းကင်း၏ဟု သီတင်းသည်၏ ကျေးဇူးကို ဟောတော်မူ၏။ ကောသလမင်းကြီးသည် အကြင်သီတင်းသည်၏ ကျေးဇူးကို မြတ်စွာဘုရားသည် ချီးမွမ်းတော် မူ၏။ ဤသီတင်းသည်သည် ဂုဏ်ငယ်သည် မဖြစ်ရာ ဟုကြံ၍ သီတင်းသည် အကြောင်းဝတ္ထုဖြင့် သင့်အားအလိုရှိအံ့ ထိုဝတ္ထုကို ငါအား ကြားလောဟု သီတင်းသည်ကို ဖိတ်၏။ သီတင်းသည်သည် မြတ်သော မင်းကြီး ကောင်းပြီဟု ဝန်ခံ၏။ ကောသလမင်းကြီးသည် မြတ်စွာဘုရား အထံ တော်၌ တရားတော်ကို နာပြီးလျှင် မြတ်စွာဘုရားကို လက်ယာရစ်လှည့်၍ သွား၏။

ထိုကောသလ မင်းကြီးသည် တစ်နေ့သောအခါ ပြာသာဒ်ထက်၌ လေသွန် တံခါးကိုဖွင့်၍ ရပ်လျက် နံနက်စာ စားပြီးလျှင် ထီးကိုယူ၍ ဇေတဝန်ကျောင်း တော်သို့ သွားသော သီတင်းသည်ကို မြင်လျှင် ခေါ်စေ၍ သီတင်းသည် သင် သည် များသော အကြားအမြင်ရှိသတတ် ငါတို့၏ မင်းမိန်းမ တို့သည်လည်း တရားတော်ကို နာလည်း နာလိုကုန်၏။ သင်ဂလည်း သင်လိုကုန်၏ စင်စစ်လျှင် ထိုမိန်းမတို့အား တရားတော်ကို အကယ်၍သင်သည် သင်ပြအံ့ ကောင်းသည် ဖြစ်ရာ၏။ ဤသို့ဆို၏။ မြတ်သောမင်းကြီး နန်းတော်တွင်း၌ အကယ်၍ တရား တော်ကို ဟောအံ့သောငှါလည်းကောင်း၊ သင်အံ့သောငှါ လည်းကောင်း လူဖြစ် သော သူတို့အားကား မလျောက်ပတ် ရဟန်းဖြစ်သော အရှင်မြတ်တို့အား သာလျှင် လျောက်ပတ်၏ဟု လျှောက်၏။ မင်းကြီးသည် ဤသီတင်းသည်သည် မှန်သောစကားကို ဆို၏ဟုဆို၍ ထိုသီတင်းသည် ကို လွှတ်လိုက်ပြီးလျှင် မင်းမိန်းမ တို့ကို ခေါ်စေ၍ ရှင်မတို့ ငါသည် သင်တို့အား တရားကိုဟောစိမ့်သောငှါ လည်းကောင်း တရားကို သင်စိမ့်သော ငှါလည်းကောင်း မြတ်စွာဘုရား၏ အထံတော်သို့ သွား၍ ရဟန်းတပါးကို တောင်းအံ့၊ ရှစ်ကျိပ်ကုန်သောမဟာ သာဝကတို့တွင် အဘယ်မည်သော မထေရ်ကို တောင်းရအံ့နည်းဟု မေး၏။ ထိုအလုံးစုံကုန်သော မိန်းမတို့သည် တိုင်ပင်ကုန်၍ တရားဘဏ္ဍာစိုးဖြစ်သော အရှင်အာနန္ဒာ မထေရ်ကိုသာလျှင် ကြားလျှောက်ကုန်၏။

ကောသလမင်းကြီးသည် မြတ်စွာဘုရား အထံတော်သို့ သွားပြီးလျှင် ရှိခိုး၍ လျောက်ပတ်စွာနေလျက် အရှင်ဘုရား အကျွန်ုပ်တို့၏ နန်းတော်၌ မင်းမိန်းမ တို့သည် အရှင်အာနန္ဒာ မထေရ်၏ အထံ၌ တရားတော်ကို နာအံ့သောငှါလည်း ကောင်း သင်အံ့သောငှါလည်းကောင်း အလိုရှိကုန်၏၊ အရှင်အာနန္ဒာ မထေရ် သည် အကျွန်ုပ်၏ နန်းတော်၌ တရားကို အကယ်၍ ဟောပြအံ့ အကယ်၍ သင် ချပြအံ့ စင်စစ်လျှင်ကောင်းသည်ဖြစ်ရာ၏ဟု လျှောက်၏၊ မြတ်စွာဘုရားသည် မြတ်သော မင်းကြီး ကောင်းပြီဟု ဝန်ခံ၍ အရှင်အာနန္ဒာ မထေရ်ကို စေတော် မူ၏။ ထိုအခါမှစ၍ ကောသလမင်းကြီး၏ မင်းမိန်းမတို့သည် အရှင်အာနန္ဒာ

မထေရ်၏ အထံ၌ တရားတော်ကို နာလည်း နာကုန်၏။ သင်လည်း သင်ကုန်၏။ ထိုအခါ တစ်နေ့သ၌ ကောသလ မင်းကြီး၏ ပတ္တမြား ဥသျှောင်ကျင်သည် ပျောက်၏။ မင်းကြီးသည် ထိုပျောက်သော အဖြစ်ကို ကြား၍ အမတ်တို့ကို အလုံးစုံသော နန်းတော်တွင်း၌ သုံးဆောင်သော သူတို့ကို ခေါ်စေ၍ ပတ္တမြား ဥသျှောင်ကျင်ကို ဆောင်စေကုန်လောဟု ဆို၏။ အမတ်တို့သည် မိန်းမတို့ကို အစပြု၍ မေးသည်ရှိသော် မသိမမြင်၍ လူများကို ပင်ပန်း စေကုန်၏။ ထိုနေ့၌ အရှင် အာနန္ဒာ မထေရ်သည် နန်းတော်သို့ ဝင်သည်ရှိသော် ထိုမိန်းမတို့သည် ရှေး၌ အရှင်အာနန္ဒာ မထေရ်ကို မြင်လျှင် နှစ်သက်ရွှင်လန်းစွာ တရားတော်ကို နာကုန် သကဲ့သို့ လည်းကောင်း၊ သင်ကုန် သကဲ့သို့ လည်းကောင်း ထိုရှေးအတူ မပြုကုန်၍ အလုံးစုံသော မင်း မိန်းမတို့သည် နှလုံးမသာခြင်းသို့ ရောက်ကုန် သည်သာလျှင် ဖြစ်ကုန်၏။

ထိုအခါ အရှင်အာနန္ဒာ မထေရ်သည် အဘယ့်ကြောင့် သင်တို့သည် ဤသို့ သဘောရှိသည် ဖြစ်ကုန်သနည်းဟု မေးတော်မူ၏။ ထိုမင်းမိန်းမတို့သည် အရှင် ဘုရား မင်း၏ ပတ္တမြား ဥသျှောင်ကျင်ကို ရှာကုန်အံ့ဟု အမတ်တို့သည် မိန်းမ တို့ကို အစပြု၍ နန်းတော်တွင်း၌ သုံးဆောင်သော သူတို့ကို ပင်ပန်း စေကုန်၏။ တစ်စုံတစ်ယောက်သော သူအား အသို့ဖြစ်လတ္တံ့ဟု မသိကုန်၊ ထို့ကြောင့် နှလုံး မသာယာခြင်းသို့ ရောက်ကုန်၏ဟု လျှောက်ကုန်၏။ အရှင် အာနန္ဒာ မထေရ်သည် သင်တို့သည် မကြောက် ကြကုန်လင့်ဟု ထိုမိန်းမတို့ကို နှစ်သိမ့် စေပြီးလျှင် မင်းကြီး အထံသို့ သွား၍ ခင်းအပ်သော နေရာ၌ နေလျက် မြတ်သော မင်းကြီး သင်မင်းကြီး၏ ပတ္တမြား ဥသျှောင်ကျင်သည် ပျောက် သလောဟု မေးတော်မူ၏။ အရှင်ဘုရား ပျောက်သည် မှန်၏ဟု လျှောက်၏။ မြတ်သော မင်းကြီး ထိုပတ္တမြား ဥသျှောင်ကျင်ကို ဆောင်ခဲ့ စိမ့်သောငှါ မတတ်နိုင် သလောဟု မေးတော်မူ၏။ အရှင်ဘုရား အလုံးစုံသော အတွင်းသား အပေါင်းကို ခေါ်စေ၍ ပင်ပန်းစေသော်လည်း ဆောင်ခဲ့စိမ့်သောငှါ မတတ် နိုင်ဟု လျှောက်၏။

မြတ်သော မင်းကြီး လူများကို မပင်ပန်းစေ မူ၍သာလျှင် ဆောင်ခဲ့ စိမ့်သောငှါ အကြောင်းသည် ရှိ၏ဟု မိန့်တော်မူ၏။ အရှင်ဘုရား အဘယ် အကြောင်းနည်းဟု လျှောက်၏။ မြတ်သော မင်းကြီး အဆုပ်ပေးခြင်းတည်းဟု မိန့်တော်မူ၏။ အရှင်ဘုရား အဘယ် အဆုပ် ပေးခြင်းနည်းဟု မေးလျှောက်၏။ မြတ်သော မင်းကြီး အကြင်မျှလောက်သော သူတို့၌ ယုံမှားခြင်းသည် ရှိ၏။ ထိုမျှလောက်သော သူတို့ကို ခေါ်၍ တစ်ယောက် တစ်ယောက်သော သူအား တစ်ခု တစ်ခုစီသော ဖွဲဆုပ်ကို လည်းကောင်း၊ မြေဆုပ်ကို လည်းကောင်း ပေး၍

ဤအဆုပ်ကို မိုးသောက်သော ကာလ၌ ဆောင်ခဲ့ကုန်၍ ဤမည်သော အရပ်၌ ချကုန်လောဟု ဆိုအပ်၏။ အကြင်သူသ ည် ယူသည် ဖြစ်လတ္တံ့၊ ထိုယူသော သူသည် ထိုအဆုပ်၌ ထည့်၍ ဆောင်ခဲ့လတ္တံ့၊ ရှေးဦးစွာသော နေ့၌လျှင် အကယ်၍ ချကုန်အံ့၊ ထိုသို့ ချခြင်းသည် ကောင်း၏။ အကယ်၍ မချကုန်အံ့ နှစ်ရက် မြောက်သော နေ့၌ လည်းကောင်း၊ သုံးရက် မြောက်သော နေ့၌ လည်းကောင်း ထိုအတူသာလျှင် ပြုအပ်၏။ ဤသို့ ပြုသည်ရှိသော် လူများ သည်လည်း မပင်ပန်း လတ္တံ့ ပတ္တမြား ဥသျှောင်ကျင်ကိုလည်း ရလတ္တံ့၊ ဤသို့ မိန့်တော်မူ၍ အရှင်အာနန္ဒာ မထေရ်သည် ကြွတော်မူ၏။

ကောသလ မင်းကြီးသည် အရှင်အာနန္ဒာ မိန့်တော်မူသော နည်းဖြင့် သာလျှင် သုံးရက်တို့ပတ်လုံး ပေးစေသော်လည်း ပတ္တမြား ဥသျှောင်ကျင်ကို မဆောင်ခဲ့ကုန်၊ အရှင်အာနန္ဒာ မထေရ်သည် သုံးရက်မြောက်သော နေ့၌ ကြွတော် မူလာ၍ မြတ်သော မင်းကြီး ပတ္တမြား ဥသျှောင်ကျင်ကို ချ၏ လောဟု မိန့်တော်မူ၍ အရှင်ဘုရား မချကုန်ဟု လျှောက်၏။ မြတ်သော မင်းကြီး ထိုသို့ ဖြစ်လျှင် ကျယ်သော မင်းရင်ပြင်ဝယ် ဖုံးကွယ်ရာ အရပ်၌ အိုးစရည်းကြီးကို ထား၍ ရေဖြင့် ပြည့်စေပြီးလျှင် တင်းတိမ်ကို ရံစေ၍ အလုံးစုံသော နန်းတွင်း၌ သုံးဆောင်သော ယောကျာ်းတို့သည်လည်းကောင်း၊ မိန်းမတို့သည်လည်းကောင်း အပေါ်ရုံကို ရုံ၍ တစ်ယောက် တစ်ယောက်စီ တင်းတိမ်တွင်းသို့ ဝင်ပြီးလျှင် လက်ကို ဖြန့်၍ လာခဲ့ကုန်လောဟု ဆိုတော်မူလော၊ ဤသို့ မိန့်တော်မူပြီးလျှင် အရှင်အာနန္ဒာ မထေရ်သည် ဤအကြောင်းကို ကြား၍ ကြွတော်မူ၏။ ကောသလ မင်းကြီးသည် အရှင်အာနန္ဒာ မထေရ် ဆိုတိုင်း ပြုစေ၏။ ပတ္တမြား ဥသျှောင်ကျင်ကို ခိုးသော သူသည် တရား ဘဏ္ဍာစိုး ဖြစ်တော်မူသော အရှင် အာနန္ဒာ မထေရ်သည် ဤ အဓိကရုဏ်းကို ယူ၍ ပတ္တမြား ဥသျှောင်ကျင်ကို မမြင်လျှင် မလွှတ်လတ္တံ့၊ စင်စစ်လျှင် ဤပတ္တမြား ဥသျှောင်ကျင်ကို ယခုအခါ၌ ချခြင်းငှာ သင့်၏ဟု ကြံ၏၊ ကြံပြီး၍ ပတ္တမြား ဥသျှောင်ကျင်ကို ဖုံးလွှမ်း၍ ယူခဲ့ပြီးလျှင် တင်းတိမ် တွင်းသို့ ဝင်၍ အိုးစရည်း၌ ချ၍ ထွက်ခဲ့၏၊ အလုံးစုံသော သူတို့၏ ထွက်သော ကာလ၌ ရေကို စွန့်၍ ပတ္တမြား ဥသျှောင်ကျင်ကို မြင်ကုန်၏။

ကောသလ မင်းကြီးသည် အရှင်အာနန္ဒာမထေရ်ကို မှီ၍ များစွာသော လူအပေါင်းကို မပင်ပန်းစေ၍သာလျှင် ငါသည် ပတ္တမြားဥသျှောင်ကျင်ကို ရအပ်၏ဟု နှစ်သက်၏၊ နန်းတော်တွင်း၌ မင်းသုံးသော သူတို့သည်လည်း ငါတို့သည် အရှင်အာနန္ဒာကို မှီ၍ ကြီးစွာသော ဆင်းရဲမှ လွတ်သည် ဖြစ်ကုန်၏ဟု နှစ်သက် ကုန်၏၊ အရှင်အာနန္ဒာမထေရ်၏ အာနုဘော်ကြောင့် မင်း၏ ပတ္တမြားဥသျှောင်

ကျင်ကို ရအပ်၏၊ ဤသို့လျှင် အရှင်အာနန္ဒာမထေရ်၏ အာနုဘော်သည် အလုံးစုံသော မြို့၌လည်းကောင်း, ရဟန်းသံဃာ၌လည်းကောင်း ထင်ရှားသည် ဖြစ်၏၊ ရဟန်းဘို့သည် တရားသဘင်၌ စည်းဝေးကုန်လျက် ငါ့ရှင်တို့ အာနန္ဒာမထေရ်သည် မိမိ၏ချားသော အကြားအမြင်ရှိသည်၏ အဖြစ်ကြောင့် ပညာရှိသည်၏ အဖြစ်ကြောင့် ဥပါယ်၌ လိမ္မာသည်၏ အဖြစ်ကြောင့် များစွာသော လူအပေါင်းကို မပင်ပန်းစေမူ၍ ဥပါယ်ဖြင့်သာလျှင် ကောသလမင်းကြီး၏ ပတ္တမြားဥသျှောင်ကျင့်သို့ ပြ၏ဟု အရှင်အာနန္ဒာ မထေရ်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းကုန်၏၊ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအဘယ် စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ အာနန္ဒာသည်သာလျှင် သူတစ်ပါးလက်သို့ ရောက်သော ဘဏ္ဍာကို ရအပ်သည် မဟုတ်သေး၊ ရှေး၌လည်း ပညာရှိတို့သည် များစွာသော လူအပေါင်းကို မပင်ပန်းစေမူ၍ ဥပါယ်ဖြင့်သာလျှင် တိရစ္ဆာန်လက်သို့ ရောက်ပြီးသော ဘဏ္ဍာကို ရဖူးကုန်ပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် အလုံးစုံသော အတတ်တို့၏ အပြီးသို့ ရောက်သော ထိုဗာရာဏသီမင်း၏သာလျှင် အမတ်ဖြစ်၏၊ ထိုအခါ တစ်နေ့သ၌ ဗာရာဏသီမင်းသည် များစွာသော အခြံအရံဖြင့် ဥယျာဉ်တွင်း၌ လှည့်လည်သည်ရှိသော် ရေကစားခြင်းကို ကစားလိုသည်ဖြစ်၍ မင်္ဂလာရေကန်သို့ သက်၍ မင်းမောင်းမ အပေါင်းကို ခေါ်စေ၏၊ မင်းမောင်းမတို့သည် မိမိတို့၏ ဦးခေါင်း တန်ဆာ-လည်ဘန်ဆာအစရှိကုန်သော တန်ဆာတို့ကို ချွတ်၍ စုလျား၌ ထည့်၍ ပုတာအပြင်၌ ထားပြီးလျှင် ကျွန်မတို့ကို စောင့်စေ၍ ရေသို့ သက်၏၊ ထိုအခါ တစ်ခုသော ဥယျာဉ်၌ နေသော မျောက်မသည် သစ်ခက်ကြား၌ နေလျက် မိဖုရားသည့် တန်ဆာတို့ကို ချွတ်၍ စုလျား၌ ထည့်၍ ပုတာအပြင်၌ ထားသည်ကို မြင်၍ ထိုမိဖုရား၏ ပုလဲသွယ်ကို ဆင်လိုသည် ဖြစ်၍ ကျွန်မ၏ မေ့လျော့ခြင်းကို ကြည့်လျက် နေ၏။ ကျွန်မသည်လည်း စောင့်ရှောက်လျက် ထိုထိုအရပ်ကို ကြည့်၍ နေစဉ်ပင်လျှင် အိပ်အံ့သောငှါ အားထုတ်၏။ မျောက်မသည် ထိုကျွန်မ မေ့လျော့သော အဖြစ်ကို သိလျှင် လေကဲ့သို့သော လျင်ခြင်းဖြင့် သစ်ပင်မှ သက်လတ်၍ လေကဲ့သို့သော လျင်ခြင်းဖြင့် ခုန်၍ သစ်ခက်ကြား၌ နေလျက် တစ်ပါးကုန်သော မျောက်မတို့၏ မြင်ခြင်းမှ ကြောက်သောကြောင့် တစ်ခုသော သစ်ခေါင်း၌ ထားပြီးလျှင် အလွန်ငြိမ်သက်သကဲ့သို့ ဖြစ်၍ ထိုပုလဲသွယ်ကို စောင့်လျက်နေ၏။

ထိုကျွန်မသည်လည်း နိုးလတ်၍ ပုလဲသွယ်ကို မမြင်သည် ရှိသော် တုန်လှုပ်လျက် တစ်ပါးသော အကြောင်းကို မမြင်၍ ယောကျ်ားခိုးသူသည် မိဖုရား၏ ပုလဲသွယ်ကို ယူ၍ ပြေး၏ဟု သည်းစွာသော ဟစ်ကြွေးခြင်းကို ဟစ်ကြွေး၏၊ အစောင့်အရှောက် တို့သည် ထိုထိုအရပ်မှ စည်းဝေးကုန်၍ ထိုကျွန်မ၏ စကားကို ကြား၍ မင်းအား လျှောက်ကုန်၏၊ မင်းသည် ခိုးသူကို ဖမ်းကုန်လော့ဟု ဆို၏၊ မင်းချင်းယောကျ်ားတို့သည် ဥယျာဉ်မှ ထွက်ကုန်၍ ခိုးသူကို ဖမ်းကြ ခိုးသူကို ဖမ်းကြဟု ထိုမှ ဤမှ ကြည့်ကုန်၏၊ ထိုအခါ ဇနပုဒ်၌ နေသော အိမ်ရှင်ယောကျ်ားသည် ထိုအသံကို ကြား၍ တုန်လှုပ်လျက် ပြေး၏၊ ထိုယောကျ်ားကို မြင်၍ မင်းချင်း ယောကျ်ားတို့သည် ဤသူသည် ခိုးသူ ဖြစ်လတ္တံ့ဟု လိုက်၍ ထိုသူကို ဖမ်းကုန်၍ ပုတ်ခတ်ပြီးလျှင် ဟယ် သူခိုးပျက် ဤသို့သော မဟာသာရမည်သော တန်ဆာတော်ကို ခိုးဘိ၏ဟုဆို၍ ဆဲရေးကုန်၏၊ ထိုယောကျ်ားသည် ငါသည် မခိုးဟု အကယ်၍ ဆိုအံ့၊ ယနေ့ ငါ့အား အသက် မရှိပြီ၊ ဖုတ်တော်၍သာလျှင် သတ်ကုန်လတ္တံ့၊ ထိုခိုးခြင်းကို ဝန်ခံအံ့ဟု ကြံ၏၊ ကြံပြီး၍ အရှင်တို့ အကျွန်ုပ်သည် ခိုးသည် မှန်၏ဟု ဆို၏။ ထိုအခါ ထိုယောကျ်ားကို နှောင်ဖွဲ့၍ မင်း၏ အထံသို့ ဆောင်ကုန်၏။

မင်းသည်လည်း ထိုယောကျ်ားကို သင်သည် မဟာသာရ မည်သော တန်ဆာကို ခိုးသလောဟု မေး၏။ အရှင်မင်းကြီး ခိုးသည် မှန်၏ဟု လျှောက်၏။ ယခု တန်ဆာသည် အဘယ်မှာနည်းဟု မေး၏။ အရှင်မင်းကြီး အကျွန်ုပ်သည် မဟာသာရမည်သော ညောင်စောင်းအင်းပျဉ်ကိုလည်း မမြင်စဖူး။ သူဌေးသည်ကား အကျွန်ုပ်ကို မဟာသာရမည်သောတန်ဆာကို ယူစေ၏။ ထိုအကျွန်ုပ်သည် ထိုတန်ဆာကို ယူ၍ ထိုသူဌေးကြီးအား ပေး၏။ ထိုသူဌေးကြီးသည် ထိုတန်ဆာကို ယူ၏ဟု လျှောက်၏၊ မင်းသည် သူဌေးကို ခေါ်၍ သင်သည် ဤယောကျ်ား၏ လက်မှ မဟာသာရ မည်သော တန်ဆာကို ယူသလောဟု မေး၏။ အရှင်မင်းကြီး ယူပေ၏ဟု လျှောက်၏။ ထိုတန်ဆာသည် အဘယ်မှာနည်းဟု မေး၏။ အရှင်မင်းကြီး ပုရောဟိတ်အား ပေး၏ဟု ဆို၏။ ထိုပုရောဟိတ်ကိုလည်း ခေါ်စေ၍ ထိုရှေးအတူသာလျှင် မေး၏။ ထိုပုရောဟိတ်သည် ဝန်ခံ၍ စောင်းသမားအား ပေးအပ်၏ဟု လျှောက်၏။ ထိုစောင်းသမားကိုလည်း ခေါ်စေ၍ သင်သည် ပုရောဟိတ် လက်မှ မဟာသာရ ဟူသော တန်ဆာကို ယူသလောဟု မေး၏။ အရှင်မင်းကြီး ယူပေ၏ဟု လျှောက်၏။ ထိုတန်ဆာသည် အဘယ်မှာနည်းဟု မေး၏။ အရှင်မင်းကြီး အကျွန်ုပ်သည် ကိလေသာ၏ အစွမ်းအားဖြင့် ပြည့်တန်ဆာမအား ပေးအပ်၏ဟု လျှောက်၏။ ထိုပြည့်တန်ဆာမကိုလည်း ခေါ်စေ၍ မေး၏။ ထိုပြည့်တန်ဆာမသည် အရှင်

မင်းကြီး အကျွန်ုပ် မယူဟု လျှောက်၏။ ထိုငါးယောက်ကုန်သော သူတို့ကို မေးကုန်စဉ်လျှင် နေသည် ဝင်၏။

မင်းကြီးသည် ယခုအခါ၌ အချိန်မဟုတ်သည် ဖြစ်၏။ နက်ဖြန်မှ ယူရအံ့ဟု ထိုငါးယောက်သော သူတို့ကို အမတ်တို့အား အပ်၍ မြို့သို့ ဝင်၏။ ဘုရားလောင်းသည့် မဟာသာရ မည်သော တန်ဆာတော်သည် ဒေတွင်းသား တို့၏ လက်၌ ပျောက်၏။ ဤသူကြွယ်သည်လည်း အပသား ဖြစ်၏။ တံခါး ၌လည်း အားကြီးသော အစောင့်အရှောက် ရှိ၏။ ထို့ကြောင့် ဒေတွင်းသားတို့ သည်လည်း ထိုတန်ဆာကို ယူ၍ ပြေးခြင်းငှါ မတတ်နိုင်။ ဤသို့လျှင် အပသား တို့၏ ယူခြင်း၏ အကြောင်းသည် မထင်သလျှင်ကတည်း။ ဥယျာဉ်တော် တွင်း၌ မင်းသုံးသော လူတို့၏ ယူခြင်းအကြောင်းသည်လည်း မထင်။ ငါသည် သူဌေးအား ပေး၏ဟု ဆိုသော ဤသူဆင်းရဲသည် မိမိ၏ လွတ်ခြင်း အကျိုးငှါ ဆိုသည် ဖြစ်လတ္တံ့။ ငါသည် ပုရောဟိတ်အား ပေး၏ဟုဆိုသော သူဌေး သည်လည်း ထိုပုရောဟိတ်နှင့် တစ်ပေါင်းတည်း ဖြစ်၍ အမှုကို ထုတ်ကုန်အံ့ဟု ကြံ၍ ဆိုသည်ဖြစ်လတ္တံ့။ ငါသည် စောင်းသမားအား ပေး၏ဟု ဆိုသော ပုရောဟိတ်သည်လည်း နှောင်အိမ်မှာ စောင်းသမားကို မှီ၍ ချမ်းသာသဖြင့် နေအံ့ဟု ကြံ၍ ဆိုသည် ဖြစ်လတ္တံ့။ ငါသည် ပြည့်တန်ဆာမအား ပေး၏ဟု ဆိုသော စောင်းသမားသည်လည်း မငြီးငွေ့ဘဲ နေရသည် ဖြစ်ကုန်အံ့ဟု ကြံ၍ ဆိုသည် ဖြစ်လတ္တံ့။

ဤသို့လျှင် ငါးယောက်ကုန်သော သူတို့သည် ခိုးသူမဟုတ်သည် ဖြစ်ရာ၏။ ဥယျာဉ်၌ မျောက်တို့သည် များကုန်၏။ မဟာသာရ တန်ဆာသည် တစ်ခုသော မျောက်မ၏ လက်သို့ ရောက်သည် ဖြစ်ရာ၏ဟု ကြံပြီး၍ ထိုဘုရားလောင်းသည် မင်းသို့ ကပ်ပြီးလျှင် မင်းမြတ် ခိုးသူ ဘို့ကို အကျွန်ုပ်အား အပ်တော်မူကုန်လော။ အကျွန်ုပ်တို့သည် ထိုအမှုကို သုတ်သင်ပါကုန်အံ့ဟု လျှောက်၏။ မင်းသည် ပညာရှိ-ကောင်းပြီ၊ သုတ်သင်လောဟု ဆို၍ ဘုရားလောင်းအား ပေးအပ်၏။ ဘုရားလောင်းသည် မိမိ ကျွန်ယောကျ်ားတို့ကို ခေါ်စေပြီးလျှင် ထိုငါးယောက် သော သူတို့ကို တစ်ခုသော အရပ်၌သာလျှင် နေစေ၍ ထက်ဝန်းကျင်မှ အစောင့်အရှောက်ကို ပြု၍ နားအပ်သျက် ထိုငါးယောက် ကုန်သော သူတို့သည့် အကြွင်စကားကို အချင်းချင်း ဆိုကုန်၏။ ထိုစကားကို ငါ့အား ကြားကုန် လောဟု ဆို၍ ဖဲခဲ့၏။ ထိုကျွန်ယောကျ်ားတို့သည် ဘုရားလောင်း ဆိုတိုင်း ပြုကုန်၏။

ထိုနောင်မှ ထိုလူတို့ စည်းဝေးသော အခါ၌ သူဌေးကြီးသည် ဇပုဒ်သား အိမ်ရှင်ယောကျ်ားကို ဟယ် ဇနပုဒ်သား အိမ်ရှင် ယောကျ်ားပျက် အဘယ်

အခါ၌ သင်သည် ငါ့ကို မြင်ဖူးသနည်း၊ ငါသည် သင့်ကို အဘယ်အခါ၌ မြင်ဖူးသနည်း၊ အဘယ်အခါ သင်သည် ငါ့အား မဟာသာရ တန်ဆာကို ပေးသနည်းဟု ဆို၏။ အရှင် သူဌေးကြီး အကျွန်ုပ်သည် မဟာသာရ မည်သော သစ်သား အခြေတပ်သော ညောင်စောင်းအင်းပျဉ်ကိုလည်း မသိ။ ရှင်သူဌေးကြီးကိုကား မှီ၍ လွတ်ခြင်းကို ရပါအံ့ဟု ကြံ၍ ဤသို့ ဆိုပေ၏။ ရှင်သူဌေးကြီးသည် အကျွန်ုပ်အား အမျက်မထွက်ပါလင့်ဟု ဆို၏။ ပုရောဟိတ် သည်လည်း သူဌေးကြီးကို သူဌေး-သင်သည် မိမိအား ဤဇနပုဒ်သား အိမ်ရှင်ယောကျ်ားသည် မပေးအပ်သော မဟာသာရ တန်ဆာကိုလျှင် ငါ့အား အဘယ့်ကြောင့်ပေးသနည်းဟု မေး၏။ ငါတို့နှစ်ယောက်တို့သည်လည်း ဥစ္စာရှင်ကြီး ဖြစ်ကြကုန်၏။ ငါတို့၏ တစ်ပေါင်းတည်း ဖြစ်၍ တည်သော ကာလ၌ အမှုသည် လျှင်စွာ ပြီးလတ္တံ့ဟု ကြံ၍ ဆိုပေ၏ဟု ဆို၏။ စောင်းသမားသည်လည်း ပုရောဟိတ်ပုဏ္ဏား-အဘယ် အခါ၌ သင်သည် ငါ့အား မဟာသာရ တန်ဆာကို ပေးသနည်းဟု ဆို၏။ ငါသည် သင့်ကို မှီ၍ နေရာအရပ်၌ ချမ်းသာစွာ နေရပါအံ့ဟု ကြံ၍ ဆိုပေ၏ဟု ဆို၏။ ပြည့်တန်ဆာမသည်လည်း စောင်းသမားကို ဟယ် စောင်းသမားပျက်-ငါသည် ဘယ်အခါ၌ သင့်အထံသို့ ရောက်ဖူးသနည်း၊ သင်သည်လည်း အဘယ် အခါ၌ ငါ့အထံသို့ လာဖူးသနည်း၊ အဘယ်အခါ၌ သင်သည် ငါ့အား မဟာသာရ တန်ဆာကို ပေးသနည်းဟု ဆို၏။ နှမ-အဘယ့်ကြောင့် အမျက်ထွက်သနည်း၊ ငါတို့ ငါးယောက်သည် တစ်ပေါင်းတည်း နေကုန်သည်ရှိသော် အိမ်၌ နေရသကဲ့သို့ ဖြစ်လတ္တံ့။ မငြိုးငွေ့ကုန်သည်ဖြစ်၍ ချမ်းသာစွာ နေရကုန်လတ္တံ့ဟု ကြံ၍ ဆိုပေ၏ဟု ဆို၏။

ဘုရားလောင်းသည် စေအပ်သော ကျွန်ယောကျ်ားတို့၏ အထံမှ ထိုစကားကို ကြား၍ ထိုသူငါးယောက်တို့၏ အဟုတ်အမှန်အားဖြင့် ခိုးသူမဟုတ်သော အဖြစ်ကို သိ၍ မျောက်မသည် ယူအပ်သော မဟာသာရ တန်ဆာကို ဥပါယ်ဖြင့် သာလျှင် ချစေအံ့ဟု ကြံ၍ ချည်ထုံးဖြင့် ပြီးသော များစွာသော တန်ဆာတို့ကို ပြုစေပြီးလျှင် ဥယျာဉ်တော်၌ မျောက်မတို့ကို ဖမ်းယူစေ၍ လက်ခြေ လည်တို့၌ ချည်ထုံးဖြင့် ပြီးသော တန်ဆာကို ဆင်၍ လွှတ်လိုက်၏။ မဟာသာရ တန်ဆာကို ခိုးသော မျောက်မသည် တန်ဆာကို စောင့်လျက် ဥယျာဉ်တော်၌ သာလျှင် နေ၏။ ဘုရားလောင်းသည် လူတို့ကို သင်တို့သည် သွားကြကုန်။ ဥယျာဉ်တော်၌ အလုံးစုံသော မျောက်မတို့ကို စုံစမ်းကြကုန်လော။ အကြင် မျောက်မ၌ ထိုမဟာသာရ တန်ဆာကို မြင်ကုန်၏။ ထိုမျောက်မကို ခြိမ်းခြောက် ၍ မဟာသာရ တန်ဆာကို ယူခဲ့ကုန်လောဟု စေလိုက်၏။ ထိုမျောက်မတို့ သည်လည်း ငါတို့သည် တန်ဆာကို ရအပ်ကုန်ပြီဟု နှစ်သက် ရွှင်လန်းစွာ

ဥယျာဉ်၌ သွားကုန်သည် ရှိသော် ထိုမဟာသာရ တန်ဆာကို ခိုးသော မျောက်မ၏ အထံသို့ ရောက်၍ ငါတို့၏ တန်ဆာကို ကြည့်လောဟု ဆိုကုန်၏။

ထိုမဟာသာရ တန်ဆာကို ခိုးသော မျောက်မသည် ကျေးဇူးချေခြင်းကို သည်းမခံနိုင်သည် ဖြစ်၍ ဤချည်းထုံးဖြင့် ပြီးသော တန်ဆာဖြင့် အဘယ် ပြုအံ့နည်းဟု ဆို၍ မဟာသာရ ပုလဲသွယ်ကို ဝတ်ဆင်လျက် ထွက်လာ၏။ ထိုအခါ မျောက်မကို လူတို့သည် မြင်ကုန်၍ မဟာသာရ တန်ဆာကို စွန့်စေ၍ ဆောင်ခဲ့ပြီးလျှင် ဘုရားလောင်းအား ပေးကုန်၏။ ဘုရားလောင်းသည် ထိုတန်ဆာကို ယူ၍ မင်းအား ပြ၍ အရှင်မင်းကြီး ဤတန်ဆာသည် အရှင်မင်းကြီး၏ တန်ဆာတည်း။ ထိုငါးယောက်ကုန်သော သူတို့သည် ခိုးသူ မဟုတ်ကုန်။ ဤတန်ဆာကို ဥယျာဉ်တော်၌ မျောက်မသည် ယူအပ်၏ဟု လျှောက်၏။ ပညာရှိ သင်သည် အသို့လျှင် ဤမျောက်မကို လက်သို့ ရောက်သောအဖြစ်ကို သိသနည်းဟု မေး၏။ ဘုရားလောင်းသည် အလုံးစုံသော အကြောင်းကို ကြားလျှောက်၏။ မင်းသည် နှစ်သက်သော စိတ်ရှိသည် ဖြစ်၍ စစ်မြေဦး အစရှိသည်တို့၌ ရဲရင့်သောသူ အစရှိသည်တို့ကို အလိုရှိအပ်သည် ဖြစ်ရာ၏ဟု ဆို၍ ဘုရားလောင်းအား ကောင်းချီးကို ပြုလိုရကား ဤဂါထာကို ဆို၏—

၉၂။ ဥက္ကဋ္ဌေ သူရမိစ္ဆန္တိ၊ မန္တီသု အကုတူဟလံ။
ပိယဉ္စ အန္နပါနမှိ၊ အတ္ထေ ဇာတေ စ ပဏ္ဍိတံ။

နှစ်ဖက်ရင်ဆိုင် စစ်ထိုးရာအခါ၌ ရဲရင့်သူကို အလိုရှိကုန်၏၊ လျှို့ဝှက်စကား တိုင်ပင် ပြောဆိုရာ၌ နှုတ်လုံသောသူကို အလိုရှိကုန်၏၊ ထမင်းအဖျော် စားသောက်ရာ အခါ၌ ချစ်သောသူကို အလိုရှိကုန်၏၊ နက်နဲသော ပြဿနာကို မေး, ဖြေလိုရာ အခါ၌ ပညာရှိကို အလိုရှိကုန်၏။

ဤသို့လျှင် မင်းသည် ဘုရားလောင်းအား ချီးမွမ်း၍ တစ်ခဲနက်သော မိုးကို ရွာစေသော မိုးကြီးကဲ့သို့ ရတနာခုနစ်ပါးဖြင့် ပူဇော်၍ ဘုရားလောင်း၏ အဆုံးအမ၌သာ တည်၍ ဒါန အစရှိသော ကောင်းမှုတို့ကို ပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူ၍ အရှင်အာနန္ဒာ မထေရ်၏ ကျေးဇူးကို ဟောတော်မူကာ ယခုအခါ အာနန္ဒာသည် ထိုအခါ

ဗာရာဏသီမင်း ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိအမတ် ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ကိုးဆယ့်နှစ်ခုမြောက်သော မဟာသာရဇာတ်သည် ပြီး၏။

---

## ၉၃– ဝိဿာသဘောဇနဇာတ်

### ချစ်သူကကျွေးသော်လည်း အဆိပ်မှန်လျှင် သေလိမ့်မည်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူမြတ်စွာ ဘုရားသည် "န ဝိဿ သေ အဝိဿတ္ထေ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤဝိဿာသဘောဇနဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အကျွမ်းဝင်သော သူတို့သည် ပေးအပ်သော ဘောဇဉ်ကို သုံးဆောင်ခြင်း ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါ များသောအားဖြင့် ရဟန်းတို့သည် ငါတို့အား အမိသည် ပေးအပ်၏။ အဖသည် ပေးအပ်၏။ အစ်ကိုသည် ပေးအပ်၏။ နှမသည် ပေးအပ်၏။ မိထွေး သည် ပေးအပ်၏။ ဘထွေးသည် ပေးအပ်၏။ ဦးရီးသည် ပေးအပ်၏။ အရီး သည် ပေးအပ်၏။ ငါတို့အား လူဖြစ်သော ကာလ၌လည်းကောင်း၊ ရဟန်း ဖြစ်သော ကာလ၌လည်းကောင်း ထိုအမိ အစရှိသော သူတို့သည် ပေးခြင်းငှါ သျှောက်ပတ်သော သဘောရှိကုန်၏ဟု ဆွေမျိုးတို့သည် ပေးအပ်ကုန်သော ပစ္စည်းလေးပါးတို့ကို ရှုံရှာခြင်းမရှိကုန်သည် ဖြစ်၍ ပစ္စဝေက္ခဏာ မဆင်ခြင်မူ၍ သာလျှင် သုံးဆောင်ကုန်၏၊ မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူ၍ ရဟန်းတို့အား တရားဟောခြင်းငှါ သင့်၏ဟု ရဟန်းတို့ကို စည်းဝေးစေပြီးလျှင် ရဟန်းတို့ ရဟန်းမည်သည်ကား ဆွေမျိုးတို့သည်လည်းကောင်း၊ ဆွေမျိုး မဟုတ်ကုန်သော သူတို့သည်လည်းကောင်း ပေးအပ်ကုန်သော ပစ္စည်းလေးပါး တို့ကို ပစ္စဝေက္ခဏာဆင်ခြင်၍ သာလျှင် သုံးဆောင်ခြင်းကို ပြုအပ်၏။ ထိုစကား သည် မှန်၏။ ပစ္စဝေက္ခဏာ မဆင်ခြင်မူ၍ သုံးဆောင်ခြင်းကို ပြု၍ သေသည် ရှိသော် ရဟန်းတို့သည် ဘီလူးပြိတ္တာအဖြစ်မှ မလွတ်ကုန်။ ပစ္စဝေက္ခဏာ မဆင်ခြင်မူ၍ သုံးဆောင်ခြင်း မည်သည်ကား အဆိပ်ကို သုံးဆောင်သည်နှင့် တူ၏၊ ထိုစကားသည် မှန်၏။ အကျွမ်းဝင်သောသူက ဖြစ်စေ၊ အကျွမ်းမဝင် သော သူကဖြစ်စေ ပေးအပ်သော အဆိပ်သည် သေစေတတ်သည်သာလျှင် တည်း။ ရှေး၌ အကျွမ်းဝင်သောသူသည် ပေးအပ်သော အဆိပ်ကို သုံးဆောင်၍ အသက်ကုန်ခြင်းသို့ ရောက်ဖူးပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတီတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် များစွာသော စည်းစိမ်ရှိသော သူဌေးသည် ဖြစ်၏၊ ထိုသူဌေး၏ တစ်ယောက်သော နွားကျောင်းသားသည် ကောက်စိုက်ပြီးချိန်၌ နွားတို့ကိုယူ၍ တောသို့သွားပြီးလျှင် ထိုတော၌ နွားခြံကို ပြု၍ စောင့်ရှောက်လျက် နေ၏။ သူဌေးအားလည်း ရံခါရံခါ နွားမှဖြစ်သော အရသာကို ပို့လာ၏။ ထိုအခါ နွားကျောင်းသား၏ နွားခြံအနီး၌ ခြင်္သေ့သည် နေ၏။ ခြင်္သေ့မှ ကြောက်ခြင်းကြောင့် ညှိုးကုန်သော နွားမတို့၏ နို့ရည်သည် နည်းသည်ဖြစ်၏။

ထိုအခါ တစ်နေ့သ၌ ထောပတ်ကို ယူလာသော နွားကျောင်းသားကို သူဌေးသည် အချင်းနွားကျောင်းသား ထောပတ်သည် အဘယ့်ကြောင့် နည်းသနည်းဟု မေး၏။ ထိုနွားကျောင်းသားသည် ထိုအကြောင်းကို ကြား၍ အချင်းနွားကျောင်းသား ထိုခြင်္သေ့အား တစ်စုံတစ်ခုသော သတ္တဝါ၌ တပ်စွန်းခြင်း ရှိသလောဟု မေး၏။ အရှင် တစ်ခုသော ပြောင်မနှင့်တကွ ပေါင်းဖက်ခြင်းသည် ရှိ၏ဟု ဆို၏။ ထိုပြောင်မကို အရှင်ဖမ်းခြင်းငှါ တတ်နိုင်အံ့လောဟု ဆို၏။ အရှင် တတ်နိုင်ပါ၏ဟု ဆို၏။ ကိုသို့ဖြစ်လျှင် ထိုပြောင်မကို ဖမ်း၍ ထိုပြောင်မ၏ နဖူးမှစ၍ ကိုယ်၌ အမွေးတို့ကို အဆိပ်ဖြင့် အဖန်တလဲလဲ လိမ်းကျံ၍ ခြောက်စေပြီးလျှင် နှစ်ရက် သုံးရက်တို့ကို လွန်စေ၍ ထိုပြောင်မကို လွှတ်လော ထိုခြင်္သေ့သည် ထိုပြောင်မ၌ ချစ်ခြင်းကြောင့် ကိုယ်ကိုလျက်၍ အသက်ကုန်ခြင်းသို့ ရောက်လတ္တံ့။ ထိုအခါ ခြင်္သေ့၏ အရေ ခြေသည်း လက်သည်း အစွယ်တို့ကို လည်းကောင်း၊ အဆီကိုလည်းကောင်း၊ အသားကို လည်းကောင်း ယူ၍လာခဲ့လောဟု ဆို၍ လတ်တလော သေစေတတ်သော အဆိပ်ကိုပေး၍ လွှတ်လိုက်၏၊ နွားကျောင်းသားသည် ကွန်ပစ်၍ ဥပါယ်ဖြင့် သာလျှင် ထိုပြောင်မကို ဖမ်း၍ ဘုရားလောင်းဆိုတိုင်း ပြု၏။ ခြင်္သေ့သည် ထိုပြောင်မကို မြင်၍လျှင် အားကြီးစွာသော ချစ်ခြင်းကြောင့် ထိုပြောင်မ၏ ကိုယ်ကိုလျက်၍ အသက်ကုန်ခြင်းသို့ ရောက်၏။ နွားကျောင်းသားသည်လည်း အရေ အစရှိသည်တို့ကိုယူ၍ ဘုရားလောင်းအထံသို့သွား၏။ ဘုရားလောင်းသည် ထိုအကြောင်းကိုသိ၍ သူတစ်ပါးတို့၌ ချစ်ခြင်းမည်သည်ကို မပြုအပ်။ ဤသို့လျှင် ခွန်အားနှင့် ပြည့်စုံသော သားတကာတို့၏ မင်းဖြစ်သော ခြင်္သေ့စင်လျက်လည်း ကိလေသာ၏ အစွမ်းဖြင့် ပေါင်းဖက်ခြင်းကိုမှီ၍ ပြောင်မကိုယ်ကို လျက်၍ အဆိပ်ကို သုံးဆောင်ခြင်းကိုပြု၍ အသက်ကုန်ခြင်းသို့ ရောက်၏ဟုဆို၍ ရောက်လာသော ပရိသတ်တို့အား တရားဟောလိုရကား ဤဂါထာကိုဆို၏—

၉၃။ န ဝိဿသေ အဝိဿတ္ထေ၊ ဝိဿတ္ထေပိ န ဝိဿသေ။
ဝိဿာသာ ဘယမန္ဝေတိ၊ သီဟံဝ မိဂမာတုကာ။

အချင်းတို့ ရှိရှားခြင်း မကင်းသူ၌ အကျွမ်းမဝင်ရာ။ ရှိရှားခြင်း ကင်းသူ၌လည်း အကျွမ်းမဝင်ရာ။ ပြောင်မမှ ဘေးသည် ခြင်္သေ့အား အစဉ်လိုက်သကဲ့သို့ အကျွမ်းဝင်သူထံမှ ဘေးသည် အစဉ်လိုက်တတ်၏။

ဤသို့လျှင် ဘုရားလောင်းသည် ရောက်လာသော ပရိသတ်တို့အား တရားဟော၍ ဒါနအစရှိသော ကောင်းမှုတို့ကို ပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ကိုးဆယ်သုံးခုမြောက်သော ဝိဿာသဘောဇနဇာတ်သည် ပြီး၏။

၉၄-လောမဟံသဇာတ်

ပျက်အစဉ် ပြင်ခဏ

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "သော တတ္တော သော သိန္နော စေဝ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤလောမဟံသဇာတ်ကို ဝေသာလီပြည်ကို အမှီပြု၍ ပဋိက အမည်ရှိသော သီတင်းသည်သည် ဆောက်အပ်သော ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သုနက္ခတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

အခါတစ်ပါး၌ သုနက္ခတ်သည် မြတ်စွာဘုရားအလုပ်အကျွေးဖြစ်၍ သပိတ်သကန်းကိုယူကာ လှည့်လည်သည်ရှိသော် ကောရခတ္တိယ၏တရားကို နှစ်သက်သဖြင့် မြတ်စွာဘုရားအား သပိတ် သကန်းကို ပေးအပ်၍ ကောရခတ္တိယကို မှီ၍နေ၏။ ထိုကောရခတ္တိယ၏ ကာဋကဉ္စိက အသုရာမျိုး၌ဖြစ်သော ကာလလူထွက်၏။ ရဟန်းဂေါတမအား အရိယာ၏အဖြစ်ကို ပြုစွမ်းနိုင်သော မဂ်ဉာဏ်တရား အထူးဖြစ်သော ဥတ္တရိမနုဿဓမ္မသည် မရှိ။ ရဟန်းဂေါတမသည် ကြံဆ၍

မိမိပညာဖြင့် စုံစမ်းအပ်သော မိမိဉာဏ်အား ထင်သော တရားကို ဟော၏။ အကြင်သူ၏ အကျိုးငှါလည်း ထိုရဟန်းဂေါတမသည် ဟောအပ်၏။ ထိုတရားသည် မိမိကို ကျင့်သော သူအား ကောင်းစွာ ဆင်းရဲကုန်ခြင်းငှါ မဖြစ်ဟု ဝေသာလီမြို့ တံတိုင်း သုံးထပ်တို့၏ အကြား၌ လှည့်လည်လျက် မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကဲ့ရဲ့သော စကားကိုသာ ဆို၏။

ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်သည် ဆွမ်းအလို့ငှါ သွားသည်ရှိသော် ဤသို့ မြတ်စွာဘုရားအား ကျေးဇူးမဲ့ကိုဆိုသော သုနက္ခတ်၏စကားကို ကြား၍ ဆွမ်းခံရာမှ ဖဲခဲ့သည်ရှိသော် ထိုအကြောင်းကို မြတ်စွာဘုရားအား ကြားလျှောက်၏။ မြတ်စွာဘုရားသည် သာရိပုတ္တရာ မဂ်ဖိုလ်မှ အချည်းအနှီးဖြစ်သော သုနက္ခတ်သည် ငါဘုရား၌ အမျက်ထွက်၏။ အမျက်၏ အစွမ်းအားဖြင့်လျှင် ထိုရဟန်းဂေါတမ တရားသည် မိမိကိုကျင့်သော သူအား ကောင်းစွာ ဆင်းရဲကုန်ခြင်းငှါ မဖြစ်ဟုဆို၏။ မသိ၍လည်း ငါဘုရား၏ ကျေးဇူးမဲ့ကိုသာလျှင် ဆို၏။ ထို မဂ်ဖိုလ်မှ အချည်းအနှီးဖြစ်သော သုနက္ခတ်သည် ငါဘုရား၏ ကျေးဇူးတော်ကို မသိသလျှင်ကတည်း။ သာရိပုတ္တရာ-ထိုစကားသည် မှန်၏။ ငါဘုရားအား ခြောက်ပါးသော အဘိညာဉ်တို့သည် ရှိကုန်၏။ ဤအဘိညာဉ် ခြောက်ပါးသည်လည်း ငါဘုရား၏ ဥတ္တရိမနုဿဓမ္မ လျှင်တည်း။ ဒသဗလညာဏ်တော်တို့သည် ရှိကုန်၏။ လေးပါးသော ဝေသာရဇ္ဇဉာဏ်တော်သည် ရှိ၏။ လေးပါးသော အမျိုးကို ပိုင်းခြားတတ်သော ဉာဏ်တော်သည် ရှိ၏။ ဤဉာဏ်သည်လည်း ငါဘုရား၏ ဥတ္တရိမနုဿဓမ္မလျှင်တည်း။

ဤသို့ ဥတ္တရိမနုဿဓမ္မနှင့် ပြည့်စုံသော ငါဘုရားကို အကြင်ပုဂ္ဂိုလ်သည် ရဟန်းဂေါတမအား ဥတ္တရိမနုဿဓမ္မ မရှိဆိုငြားအံ့။ ထိုပုဂ္ဂိုလ်သည် ထိုစကား ထိုအယူကို မစွန့်မူ၍ လက်ဖြင့် ဆောင်ယူ၍ ထားသကဲ့သို့ ထိုအတူငရဲ၌ ဖြစ်လတ္တံ့။ ဤသို့လျှင် ကိုယ်တော်၌ ထင်ရှားရှိသော ဥတ္တရိမနုဿဓမ္မကျေးဇူးကို ဟောတော်မူပြီးလျှင် သာရိပုတ္တရာ-သုနက္ခတ်သည် ကောရခတ္တိယ၏ ငြိုငြင်သဖြင့် ကျင့်အပ်သော မိစ္ဆာအကျင့်၌ ကြည်ညို၏။ မိစ္ဆာအကျင့်၌ ကြည်ညိုသောသူမည်သည် ငါဘုရား၌ ကြည်ညိုခြင်းငှါ သင့်၏။ ထိုစကားသည် မှန်၏။ ငါဘုရားသည် ဤဘဒ္ဒကပ်ကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာ ထက်၌ ဤမိစ္ဆာအယူ၌ အနှစ်သာရရှိသလောဟု သာသနာတော်မှ အပဖြစ်သော မိစ္ဆာအယူကို စုံစမ်းသည်ရှိသော် ခြိုးခြံသော အကျင့်ရှိသည်ဖြစ်အံ့။ အလွန်ခြိုးခြံသော အကျင့်ရှိသည်ဖြစ်၍ ကိလေသာ ခေါင်းပါးသည် ဖြစ်အံ့။ အလွန်ခေါင်းပါးသော ကိလေသာရှိသည်ဖြစ်၍ မကောင်းမှုကို စက်ဆုပ်သည်ဖြစ်အံ့။ အလွန် မကောင်းမှုကို စက်ဆုပ်သည်ဖြစ်၍ မကောင်းမှုမှကင်းသည်ဖြစ်အံ့ဟု နှလုံးသွင်း၍ လေးပါး

သော အင်္ဂါနှင့်ပြည့်စုံသော ဗြဟ္မစရိယကိုကျင့်၍ နေခြင်းဖြင့် နေ၏ဟု မိန့်တော်မူ၍ အရှင် သာရိပုတ္တရာမထေရ်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဘဒ္ဒကပ်ကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာထက်၌ ငါဘုရားလောင်းသည် သာသနာတော်မှ အပဖြစ်သော မိစ္ဆာအကျင့်ကို စုံစမ်းအံ့ဟု အာဇီဝကရဟန်းအဖြစ်ဖြင့် ရဟန်းပြု၍ အဝတ်မဝတ်သော ရဟန်းသည် ဖြစ်၏။ မြူအညစ်အကြေးကပ်လိမ်းသော ကိုယ်ရှိ၏။ ဆိပ်ငြိမ်ရေအရပ်သို့ ကပ်သည်ဖြစ်၏၊ တစ်ယောက်တည်းသာ နေသည် ဖြစ်၏။ လူတို့ကို မြင်လျှင် သမင်ကဲ့သို့ ပြေး၏၊ ကြီးသော ဖောက်ပြန်သော အစာကို စားသည်ဖြစ်၏။ နွားငယ်ချေးအစရှိသည်တို့ကို စား၏။ မမေ့မလျော့နေခြင်းငှါ တစ်ခုသော ကြောက်မက်ဖွယ်ရှိသော တော၌နေ၏။ ထိုတောအုပ်၌ နေသည်ရှိသော် ဆီးနှင်းကျသောကာလ တပို့တွဲလ တပေါင်းလတို့၏ ရှစ်ရက်အကြား၌ ညဉ့်အခါ တောမှ ထွက်၍ လွင်တီးခေါင်၌နေ၍ နေထွက်သောအခါ၌ တောအုပ်သို့ဝင်၏။ ထိုဘုရားလောင်းသည် ညဉ့်အခါ လွင်တီးခေါင်၌ ဆီးနှင်းရေဖြင့် စွတ်သကဲ့သို့ ထိုအတူ နေ့အခါ တောအုပ်မှ ယိုစီးကုန်သော ရေပေါက်ဖြင့် စွတ်၏။ ဤသို့လျှင် နေ့ညဉ့်ပတ်လုံး ဆင်းရဲကို ခံစား၏၊ နွေလတို့၏ အဆုံးဖြစ်သော ကာလ၌ကား နေ့အခါ လွင်တီးခေါင်၌ နေ၍ ညဉ့်အခါ တောအုပ်သို့ ဝင်၏။ ထိုဘုရားလောင်းသည် နေ့အခါ လွင်တီးခေါင်၌ နေဖြင့် ပူပန်ခြင်းကဲ့သို့ ထို့အတူ ညဉ့်အခါလေမတိုက်သော တောအုပ်၌ ပူပန်ခြင်းသို့ ရောက်၏၊ ကိုယ်မှချွေးအရည်တို့သည် ထွက်ကုန်၏။ ထိုအခါ ဘုရားလောင်းအား ရှေး၌မကြားဖူးသော ဂါထာသည် ထင်၍ လာ၏၊

၉၄။ သောတတ္တော သောသိန္နော စေဝ၊
ဧကော ဘိံသနကေ ဝနေ။
နဂ္ဂေါ နစဂ္ဂိမာသီနော၊
ဧသနာပသုတော မုနိ။

ရဟန်းသည် အပူကိုလည်း ခံနိုင်၏။ အချမ်းကိုလည်း ခံနိုင်၏။ တောအုပ်၌ ကြောက်မက်ဖွယ်ရာ တစ်ယောက်ထီးတည်း နေရ၏၊ ချမ်းလော်သည်း အဝတ် မဝတ်၊ မီးမလှုံ၊ မြတ်သော အကျင့် ကျင့်ခြင်း၌ လုံ့လပြုလျက် နေ၏။

ဤသို့လျှင် အင်္ဂါလေးပါးနှင့် ပြည့်စုံသော မြတ်သောအကျင့်ကိုကျင့်၍ ဘုရားလောင်းသည် သေခါနီးသော ကာလ၌ ထင်လာသော ငရဲနိမိတ်ကိုမြင်၍ ဤအကျင့်သည်ကား စင်စစ်လျှင် အကျိုးမရှိသည်ဟု သိ၍ ထိုခဏ၌ပင်လျှင် ထိုမိစ္ဆာအယူကို ဖျက်၍ သမ္မာအယူကို ယူကာ နတ်ပြည်၌ ဖြစ်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ အဝတ်မဝတ်သော အာဇီဝကဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ကိုးဆယ့်လေးခုမြောက်သော လောမဟံသဇာတ်သည် ပြီး၏။

## ၉၅-မဟာသုဒဿနဇာတ်

### ကုသိနာရုံနှင့် ကုသဝတီပြည်

### ပဋ္ဌပွန်နှင့် အတိတ်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာ ဘုရားသည် "အနိစ္စာ ဝတ သင်္ခါရာ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမဟာသုဒဿနဇာတ်ကို ပရိနိဗ္ဗာန်ပြုညောင်မူရာ ညောင်စောင်း၌ လျောင်းတော်မူလျက် အရှင်အာနန္ဒာမထေရ်သည် အရှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဤမြို့ငယ်၌ ပရိနိဗ္ဗာန် ပြုတော်မမူပါလင့်ဟု ဆိုအပ်သော စကားကို အကြောင်းပြု၍ ဟောတော်မူ၏။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အရှင်သာရိပုတ္တရာမထေရ်သည် တန်ဆောင်မုန်းလပြည့်နေ့ နာဠကရွာဝယ် ဖွားတော်မူရာ တိုက်ခန်း၌ ပရိနိဗ္ဗာန်ပြု၏။ အရှင်မောဂ္ဂလာန်မထေရ်သည် တန်ဆောင်မုန်းလ ၌သာလပြင် လကွယ်ကြွင့်ပုသ်နေ့၌ ပရိနိဗ္ဗာန်ပြု၏၊ ဤသို့အဂ္ဂသာဝကအစုံသည် ပရိနိဗ္ဗာန်ပြုသည်ရှိသော် ငါဘုရားသည်လည်း ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုအံ့ဟု အစဉ်သဖြင့် ကုသိနာရုံပြည်သို့ ရောက်တော်မူ၍ အစုံဖြစ်သော အင်ကြင်းပင်ပျိုတို့၏ အကြား၌ မြောက်သို့ ဦးခေါင်းပြု၍ ခင်းအပ်သော ညောင်စောင်း၌ မထသော ကျိန်းစက်တော်မူခြင်းဖြင့် ကျိန်းစက်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားကို အရှင်အာနန္ဒာမထေရ်သည် အရှင်ဘုရား—ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဤအလွန် မညီညွတ်သော အခက်အလက်နှင့်တူသော

ဤမြို့ငယ်၌ ပရိနိဗ္ဗာန်ပြုတော်မမူပါလင့်၊ တစ်ပါးကုန်သော စမ္ပာနဂိုရ်၊ ရာဇဂြိုဟ်၊ သာဝတ္ထိအစရှိကုန်သော မြို့ကြီးတို့တွင် မြို့တစ်မြို့မြို့၌ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပါလောဟု တောင်းပန်၏။ မြတ်စွာဘုရားသည် အာနန္ဒာ ဤကုသိနာရုံမြို့ကို မြို့ငယ်ဟူ၍ မဆိုလင့်၊ အလွန်မညီညွတ်သော မြို့ငယ်ဟူ၍ မဆိုလင့်၊ ဒေါက်အလက်နှင့်တူသော မြို့ငယ်ဟူ၍ မဆိုလင့်၊ ငါဘုရားသည် ရှေး၌ မဟာသုဒဿန စကြာမင်းဖြစ်သော ကာလ၌ ဤကုသိနာရုံမြို့သည် တစ်ဆယ့်နှစ်ယူဇနာရှိသော ရတနာဝတ်တိုင်းဖြင့် ခြံရံအပ်သော မြို့ကြီးဖြစ်ဖူးပြီဟု မိန့်တော်မူ၍ အရှင်အာနန္ဒာမထေရ်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိဟ်ကို ဆောင်တော်မူလိုရကား မဟာသုဒဿနသုတ်ကို ဟောတော်၏၊

ထိုမဟာသုဒဿန စကြာမင်းဖြစ်သောအခါ၌ကား မဟာသုဒဿနစကြာမင်းသည် သုဓမ္မမည်သော ပြာသာဒ်ထက်မှ သက်သက်၍ အနီး၌ ရတနာခုနစ်ပါး ဖြင့်ပြီးသော ထန်းတော၌ ခင်းအပ်သော ညောင်စောင်းတွင် လက်ျာနံပါး ဖြင့် လျောင်း၏၊ မထသော အိပ်ခြင်းဖြင့် အိပ်သော မဟာသုဒဿန စကြာမင်းကို မြင်၍ အရှင်မင်းကြီး-ကုသဝတီ ရာဇဌာနီ အမှူးရှိကုန်သော ရှစ်သောင်းလေးထောင် ကုန်သော မြို့တို့သည် အရှင်မင်းကြီး ဥစ္စာတို့တည်း၊ ဤရှစ်သောင်းလေးထောင်သော မြို့တို့၌ ချစ်ခြင်းကို ပြုတော်မူပါလောဟု သုဘဒ္ဒါမိဖုရားကြီးသည် နားပေါ် လျောက်သည်ရှိသော် မဟာသုဒဿန စကြာမင်းသည် ရှင်မိဖုရား-ဤသို့မဆိုလင့် စင်စစ်သဖြင့်ကား ဤရှစ်သောင်း လေးထောင်သော မြို့တို့၌ ချစ်ခြင်းကို ဖျောက်လော့၊ ငဲ့ကွက်ခြင်းကိုမပြုလင့်၊ ဤသို့ ငါ့ကို ဆုံးမလော့ဟု ဆို၏။ အရှင်မင်းကြီး-အဘယ့်ကြောင့် ဆုံးမ ရအံ့နည်းဟု မေးအပ်သော် မဟာသုဒဿန စကြာမင်းသည် ရှင်မိဖုရား- ယနေ့ ငါသည် စုတေခြင်းကို ပြုအံ့ဟု ဆို၏။ ထိုအခါ သုဘဒ္ဒါမိဖုရားသည် မျက်ရည်ကိုသုတ်၍ ငိုကြွေး ပင်ပန်းသဖြင့် မင်းကြီးဆိုတိုင်းဆို၍ သည်းစွာငို၏။ ကြွင်းကုန်သော ရှစ်သောင်းလေးထောင်ကုန်သော မင်းမိန်းမတို့သည်လည်း ငိုကုန်၏၊ အမတ်အစရှိကုန်သောသူတို့တွင် တစ်ယောက်သော သူသည်မျှလည်း သည်းခံခြင်းငှါမတတ်နိုင်။ အလုံးစုံသောသူတို့သည် ငိုကုန်၏။ ဘုရားလောင်း မဟာသုဒဿနစကြာမင်းသည် အချင်းတို့ မသင့်။ ငိုကြွေးသံကို မပြုလင့်ဟု အလုံးစုံသောသူတို့ကို မြစ်ပြီးလျှင် မိဖုရားကြီးကိုခေါ်၍ ရှင်မိဖုရားကြီးရှင်မိဖုရား သည် သည်းစွာမငိုလင့်၊ထိုစကားသည် မှန်၏၊ နှမ်းစေ့အတိုင်း အရှည်ရှိသော သင်္ခါရသည်လည်း မြဲသည်မည်သည် မရှိ၊ ခပ်သိမ်းကုန်သော သင်္ခါရတို့သည် ပျက်စီးတတ်သော သဘောရှိသည် ဖြစ်ကုန်၏ဟု ဆို၍ မိဖုရားကြီးကို ဆုံးမ လိုရကား ဤဂါထာကိုဆို၏။

၉၅။ အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

မြဲဖုရား သင်္ခါရတရားတို့သည် စင်စစ်အမြဲမရှိကုန်၊ ဖြစ်တတ်ပျက်တတ်သော သဘောရှိကုန်၏၊ ဖြစ်ကုန်ပြီးလျှင် ချုပ်ကုန်၏။ ထိုသင်္ခါရတရားတို့၏ ငြိမ်းရာ နိဗ္ဗာန်သည်သာ ချမ်းသာတည်း။

ဤသို့လျှင် မဟာသုဒဿန စကြာမင်းသည် မြတ်သော အမြိုက်နိဗ္ဗာန်ဖြင့် ဒေသနာ၏ အထွဋ်ကိုယူ၍ ကြွင်းသောလူများအားလည်း သင်တို့သည် အလှူ ပေးကုန်လော၊ သီလစောက်တည် ကုန်လော၊ ဥပုသ်သုံးခြင်း အမှုကို ပြုကုန် လောဟု အဆုံးအမကိုပေး၍ နတ်ပြည်သို့ လားသည်ဖြစ်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ရာဟုလာ မယ်တော်သည် ထိုအခါ သုဘဒ္ဒါ မိဖုရားဖြစ်ဖူးပြီ၊ ယခုအခါ ရာဟုလာသည် ထိုအခါ သားကြီးရတနာ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရား ပရိသတ်တို့သည် ထိုအခါ ကြွင်းသော ပရိသတ်တို့သည်ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မဟာသုဒဿနစကြာမင်း ဖြစ်ဖူးပြီ၊ ဤသို့ဇာတ်ကို ပေါင်းတော် မူ၏။

ကိုးဆယ်ငါးခု မြောက်သော မဟာသုဒဿန
ဇာတ်သည် ပြီး၏။

---

## ၉၆-တေလပတ္တဇာတ်

### အချောအလှ ကြိုက်သူ ဘီလူးစားခံရခြင်း
### နပဒကလျာဏီရှေ့၌ ဆီပြည့်ခွက် မဖိတ်စေရန် စောင့်ထားခြင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် "သမတိတ္တိကံ အနဝသေကံ" အစရှိသောဂါထာပုဒ်နှင့် တန်ဆာ ဆင်အပ်သော ဤတေလပတ္တဇာတ်ကို ကောသမ္ဗီတိုင်း၌ သေနကမည်သော နိဂုံးကို အမှီပြု၍ တစ်ခုသော တောအုပ်၌ နေတော်မူလျက် ဇနပဒကလျာဏီ သုတ်ကို အကြောင်းပြု၍ ဟောတော်မူ၏၊

ထိုတောအုပ်၌ မြတ်စွာဘုရားသည် ရဟန်းတို့ ဥပမာမည်သည်ကား ဤသို့တည်း၊ရဟန်းတို့ ဇနပဒကလျာဏီ ဇနပဒကလျာဏီဟူ၍ များစွာသော လူအပေါင်းသည် စည်းဝေးရာ၏၊ ဇနပဒကလျာဏီ ဟူသည်ကား ဇနပုဒ်၌ အပြစ်ခြောက်ပါးကင်းပြီးကောင်းခြင်းငါးဖြာပြည့်စုံသော မိန်းမမြတ်တည်း၊ ထိုစကားကို ချဲ့ဦးအံ့၊ထိုဇနပဒကလျာဏီသည် အကြင်ကြောင့် မမြင့်လွန်း မနိမ့်လွန်း မကြုံလွန်း မဆူလွန်း မမည်းလွန်း မဖြူလွန်း လူ၏အဆင်းကို လွန်၏၊ နတ်၏အဆင်းကို မမှီမရောက်တတ်၊ ထို့ကြောင့် ခြောက်ပါးသော အပြစ်မှ ကင်း၏၊

အရေ၏ကောင်းခြင်း အသား၏ကောင်းခြင်း အကြော၏ ကောင်းခြင်း အရိုး၏ကောင်းခြင်း အရွယ်၏ကောင်းခြင်း ဤကောင်းခြင်းတို့နှင့် ပြည့်စုံသည်၏အဖြစ်ကြောင့် ငါးပါးသော ကောင်းခြင်းနှင့် ပြည့်စုံသည်မည်၏၊ ထိုစကားသည် မှန်၏၊ ထိုဇနပဒကလျာဏီအား ဆီမီးစသည်အလင်းရောင်မလို မိမိ၏ကိုယ်ရောင်ဖြင့်သာလျှင် တဆယ့်နှစ်တောင်ရှိသောအရပ်၌ အလင်းကိုပြု၏၊ ပျဉ်းပွင့်ကဲ့သို့ရွှေသောအဆင်းရှိ၏၊ ဤသည်ကားဇနပဒကလျာဏီ၏ အရေကောင်းသည်၏အဖြစ်တည်း၊ ထိုဇနပဒကလျာဏီ၏ လေးပါးကုန်သော လက်ဖဝါးတို့သည် လည်းကောင်း၊ နှုတ်ခမ်းနှစ်ဘက်သည်လည်းကောင်း ချိပ်ရည်ဖြင့် ဆိုးသကဲ့သို့နီသောသန္တာ နီသောကမ္ဗလာနှင့် တူသည်ဖြစ်၏၊ ဤသည်ကား ထိုဇနပဒကလျာဏီ၏ အသားကောင်းသည်၏အဖြစ်တည်း၊ နှစ်ဆယ်ကုန်သော ခြေသည်းလက်သည်းတို့သည် အသားမှ မလွတ်သောအရပ်၌ ချိပ်ရည်ဖြင့် ပြည့်သကဲ့သို့ အသားမှလွတ်သောအရပ်၌ နို့ရည်အယဉ်နှင့် တူသည် ဖြစ်ကုန်၏။ဤသည်ကား ထိုဇနပဒကလျာဏီ၏ အကြောကောင်းသည်၏ အဖြစ်တည်း။ သုံးဆယ့်နှစ်ချောင်းသော သွားတို့သည် ကောင်းစွာ စေ့ကုန်သည် ဖြစ်၍ ကောင်းစွာ သွေးအပ်သော ဝရဇိန် အစဉ်ကဲ့သို့ ထင်၏။ ဤသည်ကား ထိုဇနပဒ ကလျာဏီ၏ အရိုး ကောင်းသည်၏ အဖြစ်တည်း။ အသက် တစ်ရာ့နှစ်ဆယ် ရှိသည် ဖြစ်သော်လည်း အရေမတွန့်သည် ဖြစ်၍ တစ်ဆယ့်ခြောက်နှစ်ရွယ်ကဲ့သို့ ဖြစ်၏။ ဤသည်ကား ထိုဇနပဒကလျာဏီ၏ အရွယ်ကောင်းသည်၏ အဖြစ်တည်း။

ထိုဇနပဒကလျာဏီသည် ကခြင်းဖြင့် မြတ်သော အမူအရာ ရှိ၏။သီခြင်းဖြင့် မြတ်သော အမူအရာ ရှိ၏။ ရဟန်းတို့ ထိုဇနပဒ ကလျာဏီသည် က၏ဟု အတိုင်းထက် အလွန် များစွာသော လူအပေါင်းတို့သည် စည်းဝေးရာ၏။ ထိုအခါ အသက်ရှည်ခြင်းငှါ အလိုရှိပြီး သေခြင်းငှါ အလိုမရှိသော ချမ်းသာကို အလိုရှိပြီး ဆင်းရဲကို စက်ဆုပ်တတ်သော ယောကျ်ားသည် လာရာ၏။ ထိုယောကျ်ားကို အိုယောကျ်ား အတွင်း အနားရစ်နှင့် အမျှ ပြည့်သော ဤဆီခွက်ကို သင်သည် များစွာသော လူအပေါင်း၏ အလယ်ဖြင့် လည်းကောင်း

ဇနပဒကလျာဏီ၏ အလယ်ဖြင့် လည်းကောင်း ဆောင်အပ်၏။ ထိုယောကျ်ားကို ချီမိုးသော သန်လျက်ကို လက်စွဲသော ယောကျ်ားသည်လည်း နောက်မှ နောက်မှ အစဉ် လိုက်လတ္တံ့၊ အကြင် အရပ်၌ ထိုဆီသည် အနည်းငယ်မျှလည်း ဖိတ်အံ့၊ ထိုအရပ်၌ပင်လျှင် သင်၏ ဦးခေါင်းကို ကျစေအံ့၊ ဤသို့ ဆိုကုန်၏။

ရဟန်းတို့ ငါဆိုလတ္တံ့သော စကားကို သင်တို့သည် အသို့ အောက်မေ့ကုန်သနည်း။ ထိုယောကျ်ားသည် ဤဆီခွက်ကို နှလုံး မသွင်းမူ၍ အပ၌ မေ့လျော့ခြင်းသို့ ရောက်၍ ဆောင်သလောဟု မိန့်တော်မူ၏။ အရှင်ဘုရား ဤသို့ မေ့လျော့သဖြင့် ဆောင်ခြင်းသည် မဖြစ်သင့်ဟု လျှောက်ကုန်၏။ ရဟန်းတို့ သင်တို့အား ငါဘုရားသည် ဤဥပမာ၏ အနက်ကို သိစေခြင်းငှါ ပြုအပ်၏။ ဤသို့ ဆိုလတ္တံ့သည်ကား အနက်တည်း။ ရဟန်းတို့ အတွင်းအနားရစ်နှင့် အမျှ ပြည့်သော ဆီခွက်ဟူသော အမည်သည်ကား ကာယဂတာသတိ၏ အမည်တည်း။ ရဟန်းတို့ ထို့ကြောင့်လျှင် ဤသာသနာတော်၌ ဤသို့ ကျင့်အပ်၏။ ငါတို့အား ကောင်းစွာ အားထုတ်အပ်သည် ရှိသော ကာယဂတာသတိသည် ပွားလတ္တံ့၊ ရဟန်းတို့ ဤသို့လျှင် သင်တို့သည် ကျင့်အပ်၏ဟု သဒ္ဒါ အနက်နှင့် ပြည့်စုံသော ဇနပဒကလျာဏီ သုတ်ကို ဟောတော်မူ၏။

ဤသို့ မြတ်စွာဘုရားသည် ကာယဂတာသတိကို ပွားစေလိုသော ရဟန်းသည် အတွင်း အနားရစ်နှင့်အမျှ ပြည့်သော ဆီခွက် လက်စွဲသော ထိုယောကျ်ားကဲ့သို့ သတိကို မလွှတ်မူ၍ မမေ့မလျော့သဖြင့် ကာယဂတာသတိကို ပွားစေအပ်၏ဟု ဤဇနပဒကလျာဏီ သုတ်ကို ဆောင်၍ ပြတော်မူ၏။ ရဟန်းတို့သည် ဤသုတ်ကို လည်းကောင်း, အနက်ကို လည်းကောင်း နာရ၍ အရှင်ဘုရား ထိုသို့ သဘောရှိသော ဇနပဒကလျာဏီကို မကြည့်မူ၍ ဆီခွက်ကို ယူလာသော ထိုယောကျ်ားသည် ပြုနိုင်ခဲသော အမှုကို ပြုအပ်၏ဟု လျှောက်ကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ ထိုယောကျ်ားသည် ပြုနိုင်ခဲသော အမှုကို မပြုအပ်။ ထိုယောကျ်ားသည် ပြုသော အမှုသည် ပြုလွယ်သည်သာလျှင်တည်း။ အဘယ့်ကြောင့်နည်းဟူမူကား ချီမိုးသော သန်လျက် စွဲသော ယောကျ်ားသည် ခြိမ်းခြောက်၍ ဆောင်အပ်သည်၏ အဖြစ်ကြောင့်တည်း။ ရှေး၌ ပညာရှိတို့သည်ကား မမေ့မလျော့သဖြင့် သတိကို မလွှတ်မူ၍ ဘီလူးမတို့သည် ဖန်ဆင်းအပ်သော နတ်၌ ဖြစ်သော ရူပါရုံကိုလည်း ဣန္ဒြေတို့ကို ဖျက်၍ မကြည့်မူ၍ သာလျှင် သွား၍ မင်း၏ အဖြစ်သို့ အကြင် ရောက်ပြီးကုန်ပြီ၊ ထိုသို့ ရောက်ခြင်း အမှုသည်သာလျှင် ပြုနိုင်ခဲ၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ အလုံးစုံသော သားတစ်ထောင်တို့၏ ညီအငယ် ဖြစ်၏၊ အစဉ်သဖြင့် လိမ္မာသော အဖြစ်သို့ ရောက်၏။ ထိုအခါ မင်း၏ နန်းတော်၌ အရှင် ပစ္စေကဗုဒ္ဓါတို့သည် ဆွမ်းဘုဉ်းပေးကုန်၏၊ ဘုရားလောင်းသည် အရှင် ပစ္စေကဗုဒ္ဓါတို့၏ အမှုကြီးငယ်ကို ပြု၏၊ ထိုဘုရားလောင်းသည် တစ်နေ့သ၌ ငါ့အား များစွာသော အစ်ကိုတို့သည် ရှိကုန်၏။ ငါသည် ဤဗာရာဏသီပြည်၌ အဘ၏ ဥစ္စာဖြစ်သော မင်းအဖြစ်ကို ရအံ့လော၊ ထိုသို့ မဟုတ်မူကား မရအံ့လောဟု ကြံ၏။ ထိုအခါ ဘုရားလောင်းသည် ငါသည် အရှင် ပစ္စေက ဗုဒ္ဓါကို မေး၍ သိအံ့၊ ဤသို့သော အကြံသည် ဖြစ်၏။ ထိုဘုရားလောင်းသည် နှစ်ရက်မြောက်သော နေ့၌ အရှင်ပစ္စေကဗုဒ္ဓါတို့သည် ကြွတော်မူလတ်ကုန်သည် ရှိသော် ရေစစ်ကို ယူ၍ ရေကို စစ်ပြီးလျှင် ခြေတို့ကို ဆီဖြင့် လိမ်း၍ ထိုအရှင် ပစ္စေကဗုဒ္ဓါတို့၏ ဆွမ်းမစားမီ အကြား ခဲဖွယ်ကို စား၍ နေသော ကာလ၌ ရှိခိုး၍ တင့်အပ် လျောက်ပတ်စွာ နေလျက် ထိုအကြောင်းကို လျှောက်၏။

ထိုအခါ မင်းသားကို အရှင်ပစ္စေကဗုဒ္ဓါတို့သည် မင်းသား သင်မင်းသားသည် ဤဗာရာဏသီပြည်၌ မင်းအဖြစ်ကို မရလတ္တံ့၊ ဤဗာရာဏသီပြည်မှ ယူဇနာ တစ်ရာ့ရှစ်ဆယ်ထက်၌ ဂန္ဓာရတိုင်း တက္ကသိုလ်မည်သောပြည် ရှိ၏။ ထိုတက္ကသိုလ်ပြည်သို့ သွားခြင်းငှါ စွမ်းနိုင်သည် ရှိသော် ဤနေ့မှ ခုနစ်ရက်မြောက်သော နေ့၌ မင်းအဖြစ်ကို ရလတ္တံ့၊ ခရီးအကြား၌ကား ကြီးစွာသော တောအုပ်၌ ဘေးရန်သည် ရှိ၏။ ထိုတောအုပ်ကို လျှောက်၍ သွားသော သူအား ယူဇနာ တစ်ရာခရီးသည် ရှိ၏။ အဖြောင့်သွားသော သူအား ယူဇနာ ငါးဆယ်တို့သည် ဖြစ်ကုန်၏။ ထိုစကားသည် မှန်၏၊ ထိုခရီးယူဇနာ ငါးဆယ်သည် ဘီလူးစောင့်သော ကန္တာရမည်၏။ ထိုခရီးအကြား၌ ဘီလူးမတို့သည် ရွာကိုလည်းကောင်း၊ ဇရပ်ကိုလည်းကောင်း ဖန်ဆင်း၍ အထက်၌ ရွှေကြယ်ဇယော ဆန်းကြယ်သော ဗိတာန်ကြက်သော မြတ်သော သူတို့အားသာထိုက်သော အိပ်ရာကို ဖန်ဆင်း၍ အထူးထူးသော ဆိုးရည်တို့ဖြင့် ဆိုးသော ပုဆိုးတင်းတိမ်ကို ရံ၍ နတ်၏ တန်ဆာတို့ဖြင့် ကိုယ်ကို ဆင်ယင်ကုန်လျက် ဇရပ်တို့၌ နေကုန်၏။

လာတိုင်း လာတိုင်းကုန်သော ယောကျ်ားတို့ကို သာယာစွာသော စကားဖြင့် ပြောဆိုကုန်၍ သင်တို့သည် ပင်ပန်းသော သဘောရှိကုန်သကဲ့သို့ ထင်ကုန်၏။ ဇရပ်သို့ လာ၍ ထိုင်ကုန်လျက် ရေကို သောက်၍ အထူးထူးသော ဆိုးရေတို့ဖြင့်

ဆိုးအပ်သော ပုဆိုးတင်းတိမ်တို့ဖြင့် ကာရံအပ်သော အိပ်ရာတို့၌ အိပ်၍ သွားကြလောဟု ဆို၍ လာတိုင်းကုန်သော သူတို့အား နေရာတို့ကို ပေး၍ မိမိတို့၏ တင့်တယ်စံပယ်ခြင်းတို့ဖြင့် ဖြားယောင်း၍ ကိလေသာ အလိုသို့ လိုက်သည်တို့ကို ပြု၍ မိမိတို့နှင့်တကွ လွန်ကျူးသော အကျင့်ကို ပြုသည် ရှိသော် ထိုအရပ်၌လျှင် ထိုသူတို့ကို သွေးစက်စက်ယိုလျက် စားကုန်၍ အသက် ကုန်ခြင်းသို့ ရောက်စေကုန်၏။ ရူပါရုံကို နှစ်သက်တတ်သောသူကို ရူပါရုံဖြင့်သာ လျှင် ဖမ်း၏။ သဒ္ဒါရုံကို နှစ်သက်တတ်သော သူကို သာယာစွာသော သီချင်းသံ တီးမှုတ်သံတို့ဖြင့် ဖမ်းယူကုန်၏။ ဂန္ဓာရုံ နှစ်သက်တတ်သော သူကို ဂန္ဓာရုံဖြင့် ဖမ်းယူကုန်၏။ ရသာရုံကို နှစ်သက်တတ်သော သူကို နတ်၌ ဖြစ်သော အထူးထူး သော အရသာဘောဇဉ်တို့ဖြင့် ဖမ်းယူကုန်၏။ ဖောဋ္ဌဗ္ဗာရုံကို နှစ်သက်တတ်သော သူကို ခြေရင်းခေါင်းရင်း၌ နီသောအုံးရှိသော နတ်အိပ်ရာတို့ဖြင့် ဖမ်းယူကုန်၏။ ငါးပါးသော ဣန္ဒြေတို့ကို ဖျက်၍ ဘီလူးမတို့ကို မကြည့်မူ၍ သတိကို ဖြစ်စေ၍ အကယ်၍ သွားနိုင်အံ့။ ခုနစ်ရက်မြောက်သော နေ့၌ ထိုတက္ကသိုလ်ပြည်၌ မင်းအဖြစ်ကို ရလတ္တံ့။ ဤသို့ မိန့်တော်မူကုန်၏။

ဘုရားလောင်းသည် အရှင်ဘုရားတို့ ထိုသို့ ဖြစ်စေ၍ အရှင်ဘုရားတို့၏ အဆုံးအမကို ယူ၍ ထိုဘီလူးမတို့ကို အဘယ်မှာ ကြည့်အံ့နည်းဟု ဆို၍ အရှင် ပစ္စေကဗုဒ္ဓါတို့ကို ပရိတ်ရွတ်စေ၍ ပရိတ်သဲကိုလည်းကောင်း၊ ပရိတ်ရေကို လည်းကောင်း၊ ပရိတ်ချည်ကိုလည်းကောင်း၊ ပရိတ်ပန်းကိုလည်းကောင်း ယူ၍ အရှင်ပစ္စေကဗုဒ္ဓါတို့ကို လည်းကောင်း၊ အမိအဘတို့ကို လည်းကောင်း ရှိခိုး ပြီးလျှင် အိမ်သို့ သွား၍ မိမိ၏ အချင်းယောကျ်ားတို့ကို ငါသည် တက္ကသိုလ်ပြည်၌ မင်းအဖြစ်ကို ယူအံ့သောငှါ သွားအံ့။ သင်တို့သည် ဤပြည်၌သာလျှင် နေရစ် ကြကုန်လောဟု ဆို၏။ ထိုအခါ ဘုရားလောင်းကို ငါးယောက်ကုန်သော သူတို့ သည် အရှင်မင်းကြီး အကျွန်ုပ်တို့သည်လည်း အရှင်မင်းကြီး နောက်တော်သို့ လိုက်ပါကုန်အံ့ဟု လျှောက်ကုန်၏။ သင်တို့နှင့်တကွ သွားခြင်းငှါ မတတ်နိုင်။ ခရီးအကြား၌ ဘီလူးမတို့သည် ရူပါရုံ အစရှိသည်ကို နှစ်သက်တတ်ကုန်သော လူတို့ကို ဤသို့လျှင် ရူပါရုံ အစရှိသည်တို့ဖြင့် ဖြားယောင်း၍ ဖမ်းယူကုန်၏။ ကြီးစွာသော ဘေးရန်ရှိ၏။ ငါသည်ကား ကိုယ်ကို ကြံ၍ သွားအံ့ဟု ဆို၏။ အရှင်မင်းကြီး အသို့နည်း၊ အကျွန်ုပ်တို့သည် အရှင်မင်းကြီးနှင့်တကွ သွားကုန် သည် ရှိသော် မိမိသည် ချစ်အပ်သော ရူပါရုံ အစရှိသည်တို့ကို မကြည့်အံ့။ အကျွန်ုပ်တို့သည်လည်း အရှင်မင်းကြီးနှင့် အတူသာလျှင် သွားကုန်အံ့ဟု လျှောက်ကုန်၏။

ဘုရားလောင်းသည် ထိုသို့ဖြစ်လျှင် မမေ့မလျော့ကုန်သည် ဖြစ်ကြကုန်လော ဟု ဆို၍ ထိုငါးယောက်ကုန်သော သူတို့ကို ခေါ်၍ ခရီးသွား၏။ ဘီလူးမတို့သည်

ရွာအစရှိသည်တို့ကို ဖန်ဆင်း၍ နေကြကုန်၏။ ထိုငါးယောက်ကုန်သော သူတို့တွင် ရူပ ရုံကို နှစ်သက်တတ်သော တစ်ယောက်သော ယောကျ်ားသည် ထိုဘီလူးမတို့ကို ကြည့်၍ ရူပ ရုံ၌ တပ်စွန်းသည် ဖြစ်၍ အတန်ငယ် နောက်ချန်၍ နေရစ်၏။ ဘုရားလောင်းသည် အချင်း အဘယ့်ကြောင့် အတန်ငယ် နောက်ချန်သနည်းဟု ဆို၏၊ အရှင်မင်းကြီး အကျွန်ုပ်၏ ခြေတို့သည် နာကုန်၏၊ အတန်ငယ် ဇရပ်၌ နားနေ၍ လာအံ့ဟု ဆို၏၊ အချင်း ထိုဘီလူးမတို့ကို မတောင့်တနှင့်ဟု ဆို၏၊ အရှင်မင်းကြီး ဖြစ်လိုရာရာ ဖြစ်စေ မတောင့်တအံ့သော်ငါ မတတ်နိုင်ဟု ဆို၏၊ ထိုသို့ ဖြစ်ပါမူကား သင်သည် ထင်ရှားလတ္တံ့ဟု ဆို၍ ထိုမှတစ်ပါးသော လေးယောက်ကုန်သော သူတို့ကို ယူ၍ သွား၏၊ ထိုရူပါရုံကို နှစ်သက်တတ်သော သူသည်လည်း ဘီလူးမတို့၏ အထံသို့ သွား၍ ဘီလူးမတို့သည် မိမိနှင့်တကွ လွန်ကျူးသော အကျင့်ကို ပြုသည် ရှိသော် ထိုယောကျ်ားကို ထိုအရပ်၌ပင်လျှင် အသက်ကုန်ခြင်းသို့ ရောက်စေ၍ ရှေ့သို့ သွား၍ တစ်ခုသောဇရပ်ကို ဖန်ဆင်း၍ အထူးထူးသော တီးမှုတ်မျိုးတို့ကို ယူစေ၍ သီကုန်လျက် နေကုန်၏။

ထိုအခါ၌ သဒ္ဒါရုံကို နှစ်သက်တတ်သော သူသည် နောက်ချန်၍ နေရစ်၏၊ ထိုယောကျ်ားကိုလည်း စားပြီး၍ အထူးထူးသော နံ့သာကြုတ်တို့ကို နံ့သာဖြင့် ပြည့်စေပြီးလျှင် ဈေးကို ကျင်းပ၍ နေကုန်၏၊ ထိုအရပ်၌ ဂန္ဓာရုံကို နှစ်သက်တတ်သော သူသည် နောက်ချန်ရစ်၏၊ ထို ယောကျ်ားကိုလည်း စားပြီး၍ ရှေ့သို့ သွား၍ အထူးထူးသော မြတ်သော အရသာရှိသော နတ်ဘောဇဉ်တို့ဖြင့် ခွက်တို့ကို ပြည့်စေပြီးလျှင် ထမင်းဈေးကို ကျင်းပ၍ နေကုန်၏၊ ထိုအရပ်၌ ရသာရုံကို နှစ်သက်တတ်သော ယောကျ်ားသည် နောက်ချန်ရစ်၏၊ ထိုယောကျ်ားကိုလည်း စားပြီး၍ ရှေ့သို့ သွား၍ နတ်အိပ်ရာကို ခင်း၍ နေ၏၊ ထိုအရပ်၌ ဖောဋ္ဌဗ္ဗာရုံကို နှစ်သက်တတ်သော ယောကျ်ားသည် နောက်ချန်ရစ်၏၊ ထိုယောကျ်ားကိုလည်း စားကုန်၏။

ဘုရားလောင်းသည် တစ်ယောက်တည်းသာလျှင် ဖြစ်၏၊ ထိုအခါတစ်ယောက်သော ဘီလူးမသည် စင်စစ်လျှင် ဤယောကျ်ားသည် အလွန်ထက်သော ပညာရှိ၏၊ ငါသည် ထိုယောကျ်ားကို စား၍သာလျှင် ပြန်အံ့ဟု ဘုရားလောင်း၏ နောက်မှ နောက်မှ လိုက်၏၊ တောအုပ်၌ဝယ် နောက်အဖို့၌ တောအမှုလုပ် အစရှိကုန်သော သူတို့သည် ဘီလူးမကို မြင်ကုန်၍ ရှေ့မှ သွားသော ယောကျ်ားသည် သင်နှင့် အသို့တော်သနည်းဟု မေးကုန်၏၊ အမောင်တို့ ဤယောကျ်ားသည် အကျွန်ုပ်၏ ငယ်လင်တည်းဟု ဆိုလေ၏၊ အချင်း ယောကျ်ား ဤသတို့သမီးငယ်သည် သိမ်မွေ့၏၊ ငန်းဆိုင်းနှင့် တူလှ၏၊ ရွှေအဆင်းနှင့် တူသော အဆင်းလည်း ရှိ၏၊ မိမိ၏ မိဘတို့ကို စွန့်၍ အရှင်ကို ကြဲ၍ အိမ်မှ ထွက်ခဲ့၏၊

အဘယ့်ကြောင့် ဤမိန်းမကို မပင်ပန်းစေဘဲ ယူ၍ မသွားလေသနည်းဟု ဆိုကုန်၏၊ အမောင်တို့ ဤမိန်းမသည် ငါ၏ မယားမဟုတ်၊ ဘီလူးမတည်း၊ ဤမိန်းမသည် ငါ၏ လူငါးယောက်တို့ကို စားအပ်၏ဟု ဆို၏၊ အမောင်တို့ ယောကျ်ားမည်သည်ကား အမျက်ထွက်သောကာလ၌ မိမိ၏ မယားတို့ကို ဘီလူးမဟူ၍လည်း ဆိုကုန်၏၊ ပြိတ္တာမဟူ၍လည်း ဆိုကုန်၏ဟု ဆို၏။

ထိုဘီလူးမသည် သွားသည် ရှိသော် ကိုယ်ဝန်ဆောင်မိန်းမ၏အသွင်ကို ပြု၍ တစ်ဖန် တစ်ကြိမ် သားဖွားဖူးသော မိန်းမ၏ အသွင်ကို ပြု၍ သားကို ရင်ခွင်၌ ပိုက်၍ ဘုရားအလောင်း နောက်သို့ လိုက်၏၊ မြင်တိုင်း မြင်တိုင်းကုန်သော သူတို့သည် ရှေးနားဖြင့်သာလျှင် မေးကုန်၏၊ ဘုရားလောင်းသည် ထိုရှေးအတူသာလျှင် ဆို၍ သွားသည် ရှိသော် တက္ကသိုလ်ပြည်သို့ ရောက်၏၊ ဘီလူးမသည် သားကို ကွယ်စေ၍ တစ်ယောက်တည်းသာလျှင် လိုက်၏၊ ဘုရားလောင်းသည် မြို့တံခါးသို့ သွား၍ တစ်ခုသော ဇရပ်၌ နေ၏၊ ထိုဘီလူးမသည် ဘုရားလောင်း၏ တန်ခိုးကြောင့် ဇရပ်သို့ ဝင်အံ့သောငှါ မတတ်နိုင်ဖြစ်၍ နတ်၌ ဖြစ်သော အဆင်းကို ဖန်ဆင်း၍ ဇရပ်တံခါး၌ နေ၏၊ ထိုအခါ တက္ကသိုလ်ပြည်မှ မင်းသည် ဥယျာဉ်သို့ သွားသည် ရှိသော် ထိုဘီလူးမကို မြင်လျှင် တပ်စွန်းသော စိတ်ရှိသည် ဖြစ်၍ သွားချေ၊ ဤမိန်းမကို လင်ရှိ, မရှိကို မေးမြန်းစုံစမ်းချေဟု မင်းချင်းယောကျ်ားကို စေလိုက်၏၊ ထိုယောကျ်ားသည် ဘီလူးမသို့ကပ်၍ လင်ရှိသလောဟု မေး၏၊ အမောင် လင်ရှိ၏၊ ဇရပ်၌ နေသော ဤယောကျ်ားသည် အကျွန်ုပ်၏ လင်တည်းဟု ဆို၏၊ ဘုရားလောင်းသည် ဤမိန်းမသည် ငါ၏ မယား မဟုတ်၊ ဤမိန်းမသည် ဘီလူးမတည်း၊ ဤဘီလူးမသည် ငါ၏ လူငါးယောက်တို့ကို စား၏ဟု ဆို၏။

ထိုဘီလူးမသည်လည်း အမောင်ယောကျ်ားတို့မည်သည်ကား အမျက်ထွက်သောကာလ၌ အကြင်စကားကို ဆိုလိုကုန်၏၊ ထိုစကားကို ဆိုကုန်၏ဟု ဆို၏၊ ထိုမင်းချင်းယောကျ်ားသည် ထိုနှစ်ယောက်သောသူ တို့၏စကားကို မင်းကြီးအား ကြား၏၊ မင်းကြီးသည် အရှင်မရှိသော ဥစ္စာမည်သည်ကား မင်း၏ ဥစ္စာဖြစ်၏ဟု ဆို၍ ဘီလူးမကို ခေါ်စေ၍ တစ်စီးသော ဆင်ကျောက်ကုန်း၌ စီးစေ၍ မြို့ကို လက်ယာရစ်လှည့်၍ ပြာသာဒ်သို့ တက်၍ ထိုဘီလူးမကို မိဖုရားကြီးအရာ၌ ထား၏။ ထိုမင်းသည် ရေချိုးပြီး နံ့သာလိမ်းကျံပြီးသည် ရှိသော် ညစာစား၍ အသရေရှိသော အိပ်ရာသို့ တက်၏၊ ထိုဘီလူးမသည်လည်း မိမိအား ဝ ည်လာသော အာဟာရကို စား၍ တန်ဆာဆင်သော အသရေရှိသော အိပ်ရာ၌မင်းနှင့် တကွ အိပ်၍ မွေ့လျော်သည်၏အစွမ်းဖြင့် ချမ်းသာနှင့် ပြည့်စုံသော မင်းသည် အိပ်သောကာလ၌ တစ်ဖက်နံပါးဖြင့် ပြန်၍ ငို၏။ ထိုအခါ ဘီလူးမကို မင်းသည်

အရှင်မ အဘယ့်ကြောင့် ငိုသနည်းဟု မေး၏၊ အရှင်မင်းကြီး အရှင်မင်းကြီးတို့သည် အကျွန်ုပ်ကို လမ်းခရီး၌ မြင်၍ ဆောင်အပ်၏၊ အရှင်မင်းကြီးတို့၏ နန်းတော်၌လည်း များစွာသော မိန်းမတို့သည် ရှိကုန်၏၊ အကျွန်ုပ်တို့သည် တူသောလင် ရှိသော မိန်းမတို့၏ အလယ်၌ နေရ၏။

သင်၏ အမိကိုလည်းကောင်း, အဘကိုလည်းကောင်း, အနွယ်ကို လည်းကောင်း, အမျိုးကိုလည်းကောင်း အဘယ်သူသည် သိအံ့နည်း၊ သင်သည် ခရီးအကြား၌ ဆောင်အပ်သော မိန်းမမည်၏ဟု စကားဖြစ်လတ်သော် ဦးခေါင်း၌ ကိုင်၍ နှိပ်ဘိသကဲ့သို့ မျက်နှာမသာသည် ဖြစ်ရအံ့၊ အရှင်မင်းကြီးတို့သည် အလုံးစုံသော တိုင်းပြည်၌ အစိုးရခြင်းကို လည်းကောင်း၊ အာဏာကိုလည်းကောင်း၊ အကျွန်ုပ်အား အကယ်၍ ပေးငြားအံ့၊ ဝစ်ဆုံတစ်ယောက်သော သူသည် အကျွန်ုပ်၏စိတ်ကို ပျက်စေ၍ ဆိုခြင်းငှါ မတတ်နိုင်လတ္တံ့ဟု ဆို၏။ ရှင်မ ငါ့အား အလုံးစုံသော တိုင်းပြည်၌ နေကုန်သော သူတို့သည် တစ်စုံတစ်ရာ စပ်လျဉ်းကုန်သည် မဖြစ်ကုန်၊ ငါသည် ထိုသူတို့ကို အစိုးမရ၊ အကြင်သူတို့သည် ကား မင်း၏ အာဏာကို ဖျက်၍ မပြုအပ်သည်ကို ပြုကုန်၏၊ ငါတို့သည် ထိုသူတို့ကိုသာလျှင် ပိုင်၏၊ ဤအကြောင်းကြောင့် သင့်အား အလုံးစုံသော တိုင်းပြည်၌ အစိုးရခြင်းကိုလည်းကောင်း၊ အာဏာကိုလည်းကောင်း ပေးအံ့သောငှါ မတတ်နိုင်ဟု ဆို၏၊ အရှင်မင်းကြီး ထိုသို့တိုင်းကား တိုင်းပြည်၌ အာဏာကို ပေးအံ့သောငှါ အကယ်၍ မတတ်နိုင်ငြားအံ့၊ နန်းတော်တွင်း၌ သုံးဆောင်သော သူတို့၏ အပေါ်၌ အကျွန်ုပ်၏ အလိုသို့ လိုက်စိမ့်သောငှါ အာဏာကို ပေးကုန်လောဟု ဆို၏။

မင်းသည် နတ်၌ ဖြစ်သော ဖောဋ္ဌဗ္ဗာရုံဖြင့် တွေ့အပ်သည် ဖြစ်၍ ထိုဘီလူးမ၏ စကားကို လွန်အံ့သောငှါ မတတ်နိုင်ရကား ရှင်မ ကောင်းပြီ၊ နန်းတော်တွင်း၌ သုံးဆောင်သော သူတို့၌ သင့်အား အာဏာကို ပေး၏၊ သင်သည် ထိုသူတို့ကို မိမိအလိုသို့ လိုက်စေလောဟု ဆို၏၊ ထိုဘီလူးမသည် ကောင်းပြီဟု ဝန်ခံ၍ မင်း၏ အိပ်ပျော်ခြင်းသို့ ရောက်သော ကာလ၌ ဘီလူးမြို့သို့သွား၍ ဘီလူးတို့ကို ခေါ်၍ မိမိသည် မင်းကို အသက်ကုန်ခြင်းသို့ ရောက်စေ၍ အရိုးမျှကို ကြွင်းစေ၍ အလုံးစုံသော အကြောအရေ အသွေးအသားကို စား၏၊ ကြွင်းကုန်သော ဘီလူးတို့သည် တံခါးမှ ရ၍ နန်းတော်တွင်း၌ ကြက်ခွေးတို့ကို အစပြု၍ အလုံးစုံသော လူတို့ကို စား၍ အရိုးမျှကြွင်းသည်တို့ကို ပြုကုန်၏။ နက်ဖြန်နေ့၌ ပိတ်မြဲတိုင်းသော တံခါးကို မြင်၍ လူတို့သည် ပုဆိန်တို့ဖြင့် တံခါးရွက်တို့ကို ပေါက်၍ နန်းတော်တွင်းသို့ ဝင်၍ အလုံးစုံသော နန်းတော်တွင်းကို အရိုးဖြင့် ပြည့်သည်ကို မြင်၍ အညှင်မွေယာက်ျားသည် ဤမိန်းမသည် ငါ၏ မယားမဟုတ်၊ ဤမိန်းမသည်

ဘီလူးမတည်းဟု ဆို၏။ ထိုယောကျ်ားသည် စင်စစ်လျှင် မှန်သော စကား သာလျှင် ဆို၏၊ ငါတို့၏ မင်းကြီးသည်ကား တစ်စုံတစ်ခုကို မသိ၍ ထိုဘီလူးမကို ယူ၍ မိမိ၏ မယားပြု၏၊ ထိုဘီလူးမသည် ဘီလူးတို့ကို ခေါ်၍ အလုံးစုံသော လူတို့ကို စား၍ သွားသည် ဖြစ်လတ္တံ့ဟု ဆိုကုန်၏။

ဘုရားလောင်းသည် ထိုနေ့၌ ထိုဇရပ်၌သာလျှင် ပရိတ်သံကို ဦးခေါင်း၌ ထား၍ ပရိတ်ချည်ကို ကာရံ၍ သန်လျက်ကို ကိုင်၍ ရပ်၍သာလျှင် အရုဏ်တက် စေ၏၊ လူတို့သည် အလုံးစုံသော မင်း၏ နန်းတော်ကို သုတ်သင်စေ၍ နွားချေး တို့ဖြင့် လိမ်းကျံ၍ အထက်၌ နံ့သာတို့ဖြင့် လိမ်းကျံကုန်၍ ပန်းဆိုင်းတို့ကို ဆွဲ၍ အခိုးအထုံတို့ဖြင့် ထုံ၍ အထူးထူးသော ပန်းတို့ကို ဖွဲ့ပြီးလျှင် အချင်းတို့ အကြင်ယောကျ်ားသည် နတ်၌ ဖြစ်သော အဆင်းကို ဖန်ဆင်း၍ နောက်မှ လိုက်သော ဘီလူးမကို ဣန္ဒြေတို့ကို ဖျက်၍ ကြည့်ခြင်းမျှကိုလည်း မပြု၊ ထို ယောကျ်ားသည် အလွန်လျှင် မြတ်သောသူတည်း၊ တည်ကြည်ခြင်းရှိ၏၊ ဉာဏ်နှင့် ပြည့်စုံ၏၊ ထိုသို့သဘောရှိသောယောကျ်ားသည် တိုင်းပြည်ကို ဆုံးမသည်ရှိသော် အလုံးစုံသော တိုင်းပြည်သည် ချမ်းသာသည် ဖြစ်လတ္တံ့၊ ထိုယောကျ်ားကို မင်းပြုစေအံ့ဟု တိုင်ပင်ကုန်၏၊ ထိုအခါ အလုံးစုံသော အမတ်တို့သည်လည်း ကောင်း၊ ပြည်သူတို့သည်လည်းကောင်း တူသောဆန္ဒ ရှိကုန်သည်ဖြစ်၍ ဘုရား လောင်းသို့ ကပ်ပြီးလျှင် အရှင်မင်းကြီး အရှင်မင်းကြီးသည် ဤပြည်ကို မင်းပြု ကုန်လောဟု ဆို၍ မြို့တွင်းသို့ သွင်းပြီးလျှင် ရတနာ အစု၌ ထား၍ အဘိသိက်သွန်း၍ တက္ကသိုလ်မင်း အဖြစ်ကို ပြုကုန်၏။ ဘုရားလောင်းသည် လေးပါးကုန်သော အဂတိတို့ကို စွန့်၍ ဆယ်ပါးသော မင်းကျင့်တရားတို့ကို မပျက်စေမူ၍ တရားသဖြင့် မင်းပြုလျက် ဒါန အစရှိသော ကောင်းမှုတို့ကို ပြု၍ ကံအားလျော်စွာ လား၏။ မြတ်စွာဘုရားသည် ဤ တရားဒေသနာကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူပြီးလျှင် ဤဂါထာကို ဟောတော်မူ၏—

၉၆။ သမတိတ္တိကံ အနဝသေကံ၊
တေလပတ္တံ ယထာ ပရိဟရေယျ။
ဧဝံ သစိတ္တမနုရက္ခေ၊
ပတ္ထယမာနော ဒိသံ အဂတပုဗ္ဗံ။

ရဟန်းတို့ တစ်ဖန် လောင်းစရာနေရာမရှိအောင် အတွင်းအနားရစ်နှင့်အမျှ ဆီပြည့်သော ဆီခွက်ကို ယောကျ်ားသည် (မဖိတ်စဉ်အောင်) ဆောင်ရာ သကဲ့သို့ တစ်ခါမျှ မရောက်ဖူးသေးသော နိဗ္ဗာန်ကို တောင့်တသော ရဟန်း သည် မိမိစိတ်ကို အစဉ်စောင့်ရာ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် နိဗ္ဗာန်ဖြင့် ဒေသနာ အထွတ်ကို တင်၍ ဟောတော်မူ၍ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ တက္ကသိုလ်ပရိသတ်တို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မင်းအဖြစ်သို့ ရောက်သော မင်းသားဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ကိုးဆယ့်ခြောက်ခုမြောက်သော တေလပတ္တဇာတ်သည် ပြီး၏။

---

## ၉၇-နာမသိဒ္ဓိဇာတ်

### ပညတ်သွားရာ ဓာတ်သက်မပါ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဇီဝကဉ္စ မတံ ဒိသွာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤနာမသိဒ္ဓိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အမည်အားဖြင့် ပြီးခြင်းကို အလိုရှိသော တစ်ယောက်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်ယောက်သော အမျိုးသားသည် အမည်အားဖြင့် ယုတ်မာမည်သတတ်။ ထိုအမျိုးသားသည် သာသနာတော်၌ အသက်ကို စွန့်၍ ရဟန်းပြု၏။ ရဟန်းတို့သည် ငါ့ရှင် ယုတ်မာ လာလော့၊ ငါ့ရှင် ယုတ်မာ ရပ်လော့ဟု ဆိုသည်ရှိသော် လောက၌ ယုတ်မာ မည်သည်ကို မင်္ဂလာမရှိသည်ဟု ဆိုအပ်၏။ တစ်ပါးသော မင်္ဂလာနှင့်စပ်သော အမည်ကို မှည့်စေအံ့ဟု ကြံ၏၊ ထိုရဟန်းသည် ဆရာဥပဇ္ဈာယ်တို့သို့ ကပ်၍ အရှင်ဘုရားတို့ အကျွန်ုပ်၏ အမည်သည် မင်္ဂလာ မရှိ၊ အကျွန်ုပ်အား တစ်ပါးသော အမည်ကို မှည့်တော်မူပါကုန်လောဟု လျှောက်၏၊ ထိုအခါ ရဟန်းတို့သည် ထိုရဟန်းကို ငါ့ရှင် အမည်မည်သည်ကား ပညတ်မျှသာတည်း၊ အမည်ဖြင့် တစ်စုံတစ်ခုသော စီးပွါး၏ ပြီးခြင်းမည်သည် မရှိ၊ မိမိအမည်ဖြင့်သာလျှင် ရောင့်ရဲလောဟု ဆိုကုန်၏။ ထိုရဟန်းသည် အဖန်တလဲလဲ သာလျှင် တောင်းပန်၏၊ ထိုရဟန်း၏ အမည်ဖြင့် ပြီးခြင်းကို အလိုရှိသည်၏ အဖြစ်သည် ရဟန်းသံဃာ၌ ထင်ရှားသည် ဖြစ်၏။

ထိုအခါ တစ်နေ့သ၌ တရားသဘင်၌ စည်းဝေးကုန်သော ရဟန်းတို့သည် ငါ့ရှင်တို့ ဤအမည်ရှိသော အမည်ဖြင့် ပြီးခြင်းကို အလိုရှိသော ရဟန်းသည်

မင်္ဂလာရှိသော အမည်ကို မှည့်စေလိုသတတ်ဟု စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် တရားသဘင်သို့ ကြွလာတော်မူ၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ဤရဟန်းသည် အမည်ဖြင့် ပြီးခြင်းကို အလိုရှိသည် မဟုတ်သေး၊ ရှေး၌လည်း အမည်ဖြင့် ပြီးခြင်းကို အလိုရှိဖူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ တက္ကသိုလ်ပြည်၌ ဘုရားလောင်းသည် ဒိသာပါမောက္ခ ဆရာဖြစ်၍ တပည့်ငါးရာတို့အား ဗေဒင်တို့ကို သင်စေ၏။ ထိုဒိသာပါမောက္ခ ဆရာ၏ တစ်ယောက်သော အမည်အားဖြင့် ပါပကမည်သော လုလင်သည် ပါပက လာလော့၊ ပါပက သွားလောဟု ဆိုသည်ရှိသော် ငါ၏အမည်သည် မင်္ဂလာမရှိ တစ်ပါးသော အမည်ကို မှည့်စေအံ့ဟု ကြံ၍ ဆရာသို့ ကပ်၍ ဆရာ အကျွန်ုပ်၏ အမည်သည် မင်္ဂလာမရှိ၊ တစ်ပါးသောအမည်ကို မှည့်ပါကုန်လောဟု ဆို၏။ ထိုအခါ ထိုလုလင်ကို ဆရာသည် အမောင် သွားချေ၊ ဇနပုဒ်သို့ လှည့်လည်၍ အမောင် နှစ်သက်သော တစ်ခုသော မင်္ဂလာရှိသော အမည်ကို ယူ၍ လာခဲ့လော၊ လာခဲ့သော သင်၏အမည်ကို ဖျောက်၍ တစ်ပါးသောအမည်ကို မှည့်အံ့ဟု ဆို၏။ ထိုလုလင်သည် ကောင်းပြီဟု ဝန်ခံ၍ ရိက္ခာကို ယူ၍ ထွက်လျက် တစ်ရွာမှသည် တစ်ရွာသို့ သွားသည် ရှိသော် တစ်ခုသော မြို့သို့ ရောက်၏။

ထိုမြို့၌ ဇီဝကမည်သော တစ်ယောက်သော ယောကျ်ားသည် သေ၏။ ထိုလုလင်သည် ဆွေမျိုးအပေါင်းသည် သုသာန်သို့ ဆောင်သော ထိုသူသေကို မြင်၍ ဤသေသော ယောကျ်ားသည် အဘယ်အမည် ရှိသနည်းဟု မေး၏။ လုလင် ဇီဝကမည် ရှိ၏ဟု ဆို၏။ ဇီဝကမည်ရှိသော သူသည်လည်း သေသေးသလောဟု ဆို၏။ ဇီဝကမည်ရှိသောသူသည် လည်းကောင်း၊ အဇီဝကမည်ရှိသော သူသည် လည်းကောင်း သေသည်သာလျှင်တည်း၊ အမည် သည်ကား ပညတ်မျှသာ တည်း။ သင်သည်ကား မိုက်သောသူတကားဟု ဆိုကုန်၏။ ထိုလုလင်သည် ထိုစကားကို ကြား၍ အမည်၌ လျစ်လျူရှု၍ မြို့တွင်းသို့ ဝင်၏။ ထိုအခါ တစ်ယောက်သော အခကို မပေးနိုင်သော ကျွန်မကို အရှင်တို့သည် တံခါး၌ နေစေ၍ ကြိုးဖြင့် ဖွဲ့၍ ပုတ်ခတ်ကုန်၏။ ထိုကျွန်မ၏ အမည်သည်လည်း ဓနပါလီ မည်၏။ ထိုလုလင်သည် ထိုစရီးဖြင့် သွားသည်ရှိသော် ပုတ်ခတ်သော ထိုကျွန်မကို မြင်၍ အဘယ့်ကြောင့် ဤမိန်းမကို ပုတ်ခတ်သနည်းဟု မေး၏။ အခကို မပေး

နိုင်သောကြောင့် ပုတ်ခတ်သည်ဟု ဆိုကုန်၏။ ထိုမိန်းမ၏ အမည်သည် အဘယ် အမည်ရှိသနည်းဟု မေး၏၊ သူဌေးမတည်းဟု ဆိုကုန်၏၊ သူဌေးမ အမည်ရှိသည် ဖြစ်လျက်သည်း အခမျှကို မပေးနိုင်သေးသလောဟု ဆို၏၊ သူဌေးမ အမည် ရှိသော မိန်းမတို့သည် လည်းကောင်း၊ သူဌေးမ အမည်မှ တစ်ပါးသော အမည် ရှိသော မိန်းမတို့သည်လည်းကောင်း ဆင်းရဲသည် ဖြစ်ကုန်၏၊ အမည်သည်ကား ပညတ်မျှသာတည်း၊ သင်သည် မိုက်ယောင်တကားဟု ဆိုကုန်၏။

ထိုလုလင်သည်လည်း အမည်၌ အထူးသဖြင့် လျစ်လျူရှုသည် ဖြစ်၍ မြို့မှ ထွက်ခဲ့၍ ခရီးသို့ သွားသည်ရှိသော် ခရီးအကြား၌ ခရီးမှားသော ယောကျာ်းကို မြင်၍ အမောင် အဘယ်ကို ပြု၍ သွားသနည်းဟု မေး၏၊ အရှင် ခရီးမှားသည် ဖြစ်၏ဟု ဆို၏၊ သင်၏ အမည်သည် အဘယ်နည်းဟု မေး၏။ ခရီးတည်းဟု ဆို၏၊ ခရီးအမည်ရှိသော သူသည် ခရီးမှားသေးသလောဟု ဆို၏၊ ခရီးအမည် ရှိသော သူသည်လည်းကောင်း၊ ခရီးအမည်မှ တစ်ပါးသော အမည်ရှိကုန်သော သူတို့သည် လည်းကောင်း ခရီးမှားသည် ဖြစ်၏၊ အမည်သည်ကား ပညတ်မျှသာ တည်း။ သင်သည် မိုက်ယောင်တကားဟု ဆို၏။ ထိုလုလင်သည် အမည်၌ အလွန် လျစ်လျူရှုသည် ဖြစ်၍ ဘုရားလောင်း အထံတော်သို့ သွား၍ အမောင် အသို့နည်း၊ အမည်ကို နှစ်သက်၍ လာသလောဟု မေး၏၊ ဆရာ သေက်ရှည် အမည်ရှိသော သူတို့သည်လည်း သေကုန်၏၊ သေက်ရှည်အမည်မှ တစ်ပါးသော အမည်ရှိသော သူတို့သည်လည်း သေကုန်၏၊ သူဌေးမအမည်ရှိသော မိန်းမတို့ သည်လည်း ဆင်းရဲကုန်၏၊ သူဌေးမအမည်မှ တစ်ပါးသော အမည်ရှိကုန်သော မိန်းမတို့သည်လည်း ဆင်းရဲကုန်၏၊ ခရီးအမည်ရှိသော သူတို့သည်လည်း ခရီး မှားကုန်၏၊ ခရီးအမည်မှ တစ်ပါးသော အမည်ရှိကုန်သော သူတို့သည်လည်း ခရီ မှားကုန်၏၊ အမည် မည်သည်ကား ပညတ်မျှသာတည်း၊ အမည်ဖြင့် ပြီးခြင်း မည်သည် မရှိ၊ ကံဖြင့်သာလျှင် ပြီး၏၊ အကျွန်ုပ်အား တစ်ပါးသော အမည်ဖြင့် အလိုမရှိ၊ အကျွန်ုပ်၏ အမည်သာလျှင် ဖြစ်စေလောဟု ဆို၏၊ ဘုရားလောင်းသည် ထိုလုလင်သည် မြင်သည်ကို လည်းကောင်း၊ ပြုအပ်သည်ကို လည်းကောင်း နှီးနှော၍ ဤဂါထာကို ဆို၏—

၉၇။ ဇီဝကဉ္စ မတံ ဒိသွာ၊ ဓနပါလိဉ္စ ဒုဂ္ဂတံ။
ပန္ထကဉ္စ ဝနေ မူဠှံ၊ ပါပကော ပုနရာဂတော။

သေက်ရှည်ဆိုသူ သေသည်ကို လည်းကောင်း, သူဌေးမဆိုသူ ဆင်းရဲသည်ကို လည်းကောင်း, ခရီးဆိုသူ တော၌ ခရီးမှားသည်ကို လည်းကောင်း မြင်၍ ယုတ်မာသည် ပြန်လာခဲ့၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ၌သာလျှင် ဤရဟန်းသည် အမည်ဖြင့် ပြီးခြင်းကို အလိုရှိသည် မဟုတ်သေး၊ ရှေး၌လည်း အမည်ဖြင့် ပြီးခြင်းကို အလိုရှိဖူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ ယခုအခါ အမည်ဖြင့် ပြီးခြင်းကို အလိုရှိသော ရဟန်းသည် ထိုအခါ အမည်ဖြင့် ပြီးခြင်းကို အလိုရှိသောသူလင် ဖြစ်ဖူးပြီ၊ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ ဒိသာပါမောက္ခဆရာ၏ပရိသတ်တို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဒိသာပါမောက္ခဆရာ ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ကိုးဆယ့်ခုနစ်ခုမြောက်သော နာမသိဒ္ဓိဇာတ်သည် ပြီး၏။

---

## ၉၈-ကူဋဝါဏိဇဇာတ်

### ငရုတ်သီးနှင့် ပေါင်းမိ၍ အထောင်းခံရသော ကြက်သွန်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "သာဓု ခေါ ပဏ္ဍိတော နာမ" အစရှိသော ဂါထာပုဒ်ဖြင့် ဝန်ဆောင်ဆင်အပ်သော ဤကူဋဝါဏိဇဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ယောက်သော စဉ်းလဲသော ကုန်သည် ကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ နှစ်ယောက်ကုန်သော ကုန်သည်တို့သည် တစ်ပေါင်းတည်း ကုန်သွယ်ခြင်းကို ပြုကုန်လျက် ဘဏ္ဍာကို လှည်းဖြင့် ယူ၍ ဇနပုဒ်သို့ သွားကုန်လတ်သော် လာဘ်ရခဲ့၍ ပြန်သည်ကုန်၏၊ ထိုနှစ်ယောက်ကုန်သော ကုန်သည်တို့တွင် စဉ်းလဲသော ကုန်သည်သည် ဤသူကား များစွာသော နေ့တို့ပတ်လုံး မကောင်းသောဘောဇဉ်ကို စားရသဖြင့်လည်းကောင်း၊ မကောင်းသောအိပ်ရာ၌ အိပ်ရသဖြင့် လည်းကောင်း ပင်ပန်း၏၊ ယခု မိမိ အိမ်၌ အထူးထူးသော မြတ်သောအရသာတို့ဖြင့် အလိုရှိတိုင်း ကောင်းသော ဘောဇဉ်ကို စား၍ အစာ မကြေခြင်းကြောင့် သေလတ္တံ့၊ ထိုအခါ ငါသည် ဤဘဏ္ဍာကို သုံးစု ပြု၍ တစ်စုကို ထိုသူ၏ သားမယားတို့အား ပေးအံ့၊ နှစ်စုတို့ကို ငါယူအံ့ဟု ကြံ၏။

ထိုအခါ စဉ်းလဲသော ကုန်သည်သည် ယနေ့ ဝေကုန်အံ့၊ နက်ဖြန်ဝေကုန်အံ့ ဟုဆို၍ ဘဏ္ဍာကို ဝေခြင်းငှါ အလိုမရှိ၊ ထိုအခါ ပညာရှိသော ကုန်သည်သည် မခဝသို့နှသာ ကုန်သည်စဉ်းလဲကို နှိပ်၍ ဝေစေပြီးလျှင် ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားကို ရှိခိုးလျက် နှုတ်ခွန်းဆက်ခြင်းကို ပြု၍ သီတင်းသည် သင်သည် အလွန်ကြာမြင့်ခြင်းကို ပြု၏၊ ဤသို့ လာ၍ ကြာမြင့်မှ ငါဘုရားကို ခစားအံ့သောငှါ လာ၏ဟု မိန့်တော်မူသည် ရှိသော် ထိုအကြောင်းကို မြတ်စွာဘုရားအား ကြားလျှောက်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် သီတင်းသည် ထိုသူကား ယခုအခါ၌သာလျှင် စဉ်းလဲသောကုန်သည် ဖြစ်သည် မဟုတ်သေး၊ ရှေး၌လည်း စဉ်းလဲသောကုန်သည် ဖြစ်ဖူးသလျှင်ကတည်း၊ ယခုအခါ၌ကား သင့်ကို လှည့်စားလို၏၊ ရှေး၌ကား ပညာရှိတို့ကို လှည့်စားခြင်းငှါ အားထုတ်၏ဟု မိန့်တော်မူ၍ ထိုကုန်သည်သည် တောင်းပန်အပ်ရကား အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗာရာဏသီပြည်ဝယ် ကုန်သည်မျိုး၌ ဖြစ်၍ အမည်မှည့်သောနေ့၌ ဘုရားလောင်းအား ပဏ္ဍိတဟူသော အမည်ကို မှည့်ကုန်၏။ ထိုဘုရားလောင်းသည် အရွယ်သို့ ရောက်လတ်သော် တစ်ယောက်သော ကုန်သည်နှင့် တစ်ပေါင်းတည်း ကုန်သွယ်ခြင်းကို ပြု၏။ ထိုတစ်ယောက်သော ကုန်သည်အား အတိပဏ္ဍိတဟူသော အမည်သည် ဖြစ်၏၊ ထိုနှစ်ယောက်သော ကုန်သည်တို့သည် ဗာရာဏသီပြည်မှ လှည်းငါးရာတို့ဖြင့် ဘဏ္ဍာကို ယူ၍ ဇနပုဒ်သို့ သွားသဖြင့် ကုန်ရောင်းခြင်းကို ပြု၍ လာဘ်ရကုန်လတ်သော် ဗာရာဏသီပြည်သို့ ပြန်ကြကုန်၏၊ ထိုအခါ ထိုကုန်သည်တို့၏ ဥစ္စာကို ဝေသောကာလ၌ အတိပဏ္ဍိတသည် ငါကား နှစ်စုတို့ကို ရထိုက်၏ဟု ဆို၏။ အဘယ့်ကြောင့်နည်းဟု မေးလတ်သော် သင်သည် ပဏ္ဍိတသာတည်း၊ ငါသည် အတိပဏ္ဍိတတည်း၊ ပဏ္ဍိတသည် တစ်စုရထိုက်၏။ အတိပဏ္ဍိတသည် နှစ်စုရထိုက်၏ဟု ဆို၏၊ နှစ်ယောက်ကုန်သော ငါတို့၏ ဘဏ္ဍာအရင်းသည်လည်းကောင်း၊ နွားအစရှိသည်တို့သည် လည်းကောင်း အမျှတူကုန်သည်သာလျှင် မဟုတ်လော၊ အဘယ့်ကြောင့် သင်သည် နှစ်စုကို ရထိုက်သနည်းဟု ဆိုလတ်သော် အတိပဏ္ဍိတမည်သည်၏ အဖြစ်ကြောင့် ငါသည် နှစ်စုကို ရထိုက်သည်ဟု ဆို၏။ ဤသို့ နှစ်ဦးသူတို့သည် စကားကို ပွါးစေ၍ ငြင်းခုံခြင်းကို ပြုကုန်၏။

ထိုနောင်မှ အတိပဏ္ဍိတသည် တစ်ခုသော ဥပါယ်သည် ရှိ၏ဟု ကြံ၍ မိမိအဘကို တစ်ခုသော သစ်ခေါင်းသို့ ဝင်စေ၍ သင်သည် ငါတို့ လာ၍ မေးကုန်သည်

ရှိသော် အတိပဏ္ဍိတသည် နှစ်စု ရထိုက်၏ဟု ဆိုလေ၏ဟု သင်၍ ဘုရားလောင်း အထံသို့ သွား၍ အဆွေ ငါ၏ နှစ်စု ရထိုက်သည်၏ အဖြစ်ကိုလည်းကောင်း၊ မရထိုက်သည်၏ အဖြစ်ကို လည်းကောင်း ဤမည်သော ရုက္ခစိုးနတ်သည် သိ၏၊ လာလော့၊ ထိုရုက္ခစိုးနတ်ကို မေးကြကုန်အံ့ဟု ဘုရားလောင်းကို ထိုသစ်ပင်သို့ ဆောင်၍ အရှင် ရုက္ခစိုးနတ်မင်း အကျွန်ုပ်တို့၏ အငြင်းအခုံကို အရှင်နတ်မင်း ဆုံးဖြတ်ပါဟု ဆို၏။ ထိုအခါ အတိပဏ္ဍိတ၏ အဘသည် အသံကို ပြင်၍ ထိုသို့ တပြီးကား ဆိုကြကုန်လော ဟု ဆို၏။ အရှင် ရုက္ခစိုးနတ်မင်း ဤသူကား ပဏ္ဍိတ သဘာသည်း။ အကျွန်ုပ်ကား အတိပဏ္ဍိတ တည်း။ အကျွန်ုပ်တို့သည် တစ်ပေါင်းတည်း ကုန်သွယ်အပ်ကုန်၏။ အဘယ် သူသည် များစွာ ရအပ်သနည်းဟု ဆို၏။ ပဏ္ဍိတသည် တစ်စုကို ရအပ်၏၊ အတိပဏ္ဍိတသည်ကား နှစ်စုကို ရအပ်၏ဟု ဆို၏။ ဘုရားလောင်းသည် ဤသို့တရားစီရင် ဆုံးဖြတ်သံကို ကြား၍ ယခုပင် နတ်၏ အဖြစ်ကိုလည်းကောင်း၊ နတ်မဟုတ်သည်၏ အဖြစ်ကို လည်းကောင်း သိအံ့ဟု ကောက်ရိုးကို ယူ၍ သစ်ခေါင်းကို ပြည့်စေပြီးသော် မီးတိုက်၏၊ အတိပဏ္ဍိတ၏ အဘသည် မီးလျှံထိသော ကာလ၌ ကိုယ်ထက်ဝက်ကို မီးလောင်သည် ဖြစ်၍ အထက်သို့ တက်သဖြင့် သစ်ခက်ကို ကိုင်လျက် တွဲလဲဆွဲပြီးလျှင် မြေသို့ ဆင်း၍ ဤဂါထာကို ရွတ်ဆို၏—

၉၇။ သာဓု ခေါ ပဏ္ဍိတော နာမ၊ န တွေဝ အတိပဏ္ဍိတော။
အတိပဏ္ဍိတေန ပုတ္တေန၊ မနမှိ ဥပကူဠိတော။

ဤလောက၌ ပညာရှိသူ မည်သည် ကောင်းသလျှင်ကတည်း။ အတိပဏ္ဍိတဟု ဆိုအပ်သော ယောကျ်ားစဉ်းလဲသည် မကောင်းသလျှင် ကတည်း။ အတိပဏ္ဍိတ အမည်ရှိသော သားကြောင့် အနည်းငယ် မီးလောင်ခံရ၏။

ထိုနှစ်ယောက်သော သူတို့သည် အလယ်၌ခွဲ၍ အမျှသည်သာလျှင် ဖြစ်သော အစုကို ယူကုန်၍ ကံအားလျော်စွာ လားကုန်၏။

ဇာတ်ပေါင်း

ထိုစဉ်က မြတ်စွာဘုရားသည် ဤသူကား ရှေး၌လည်း စဉ်းလဲသောကုန်သည် ဖြစ်ဖူးသလျှင်ကတည်းဟု အတိတ်ကို ဆောင်တော်မူ၍ ယခုအခါ စဉ်းလဲသော

ကုန်သည်သည်လျှင် ထိုအခါ စဉ်းလဲသော ကုန်သည် ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိသော ကုန်သည် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

ကိုးဆယ့်ရှစ်ခုမြောက်သော ကူဋဝါဏိဇဇာတ်သည် ပြီး၏။

## ၉၉-ပရောသဟဿဇာတ်

### ပညာရှိစကား လူသာမန်တို့ နားမလည်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ပရောသဟဿမ္ပိ သမာဂတာနံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပရောသဟဿဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ပုထုဇဉ်တို့ကို မေးအပ်သော ပြဿနာကို အကြောင်းပြု၍ ဟောတော်မူ၏။ (ဤဝတ္ထုသည် စတုတ္ထလီသနိပါတ် သရဘင်္ဂဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။)

တစ်ရံရောအခါ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကုန်လျက် ငါ့ရှင်တို့ သဗ္ဗညု မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ဟောတော်မူအပ်သော တရားကို တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာသည် အကျယ်အားဖြင့်ဟောတော်မူ၏ဟု အရှင်သာရိပုတ္တရာ၏ ကျေးဇူးကို ပြောဆိုလျက် နေကြကုန်၏။ မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေး ပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ သာရိပုတ္တရာသည် ယခုအခါ၌သာလျှင် ငါဘုရားသည် အကျဉ်းအားဖြင့် ဟောတော်မူအပ်သော စကားကို အကျယ်အားဖြင့် ဆိုသည် မဟုတ်သေး။ ရှေး၌သည်း ဆိုဖူးသလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဥဒိစ္စပုဏ္ဏားမျိုး၌ ဖြစ်၍ တက္ကသိုလ် ပြည်၌ ခပ်သိမ်းသော အတတ်အဖို့ကို သင်ပြီးသည် ရှိသော် ကာမတို့ကို ပယ်၍

ရသေ့ရဟန်းပြုပြီးလျှင် ငါးပါးသောအဘိညာဉ်, ရှစ်ပါးသော သမာပတ်တို့ကို ဖြစ်စေ၍ ဟိမဝန္တာ၌ နေ၏။ ဘုရားလောင်းအား အခြံအရံ ရသေ့ငါးရာ တို့သည် ဖြစ်ကုန်၏။ ဘုရားလောင်း၏ တပည့်ကြီးသည် မိုးကာလ၌ ထက်ဝက် သော ရသေ့အပေါင်းကို ယူ၍ ချဉ်ဆား မှီဝဲအံ့သောငှါ လူ့ပြည်သို့ သွား၏။ ထိုအခါ ဘုရားလောင်း၏ စုတေသော ကာလသည် ဖြစ်၏။ စုတေခါနီး၌ ဘုရားလောင်းကို တပည့်တို့သည် ဆရာသည် အဘယ်တရားကို ရပါသနည်းဟု ရအပ်သော တရားကို မေးကုန်၏။ ဘုရားလောင်းသည် "နတ္ထိ ကိဉ္စိ"ဟု ဆို၍ အာဘဿရ ဗြဟ္မာ့ပြည်၌ ဖြစ်၏။ ထိုစကားသည် မှန်၏၊ ဘုရားလောင်းတို့သည် အရူပသမာပတ်ကို ရကုန်သော်လည်း မလားအပ်သော အရပ် ဖြစ်သောကြောင့် အရူပဘုံ၌ မဖြစ်ကုန်။ တပည့်တို့သည် ဆရာအား ရအပ်သောတရားသည် မရှိဟု သင်္ဂြိုဟ်ရာ သုသာန်၌ ပူဇော်သက္ကာရကို မပြုကုန်။

တပည့်ကြီးသည် လာလတ်၍ ဆရာသည် အဘယ်မှာနည်းဟု မေးလတ်သော် စုတေပြီဟု ကြား၍ ဆရာကို ရအပ်သော တရားကို မေးလိုက်ကြကုန်၏လောဟု ဆို၏၊ မေးကုန်၏ဟု ဆိုကုန်သော် အဘယ်သို့ ဆရာ ပြောဆိုသနည်းဟု မေး၏။ "နတ္ထိ ကိဉ္စိ"ဟု ဆရာသည် ဆို၏။ ထို့ကြောင့် အကျွန်ုပ်တို့သည် ဆရာအား ပူဇော်သက္ကာရကို မပြုဟု ဆိုကုန်၏။ သင်တို့ကား ဆရာဆိုသော စကား၏ အနက်ကို မသိကြကုန်၊ အာကိဉ္စညာယတန သမာပတ်ကို ရ၏ဟု ဆို၏။ ထိုရသေ့တို့သည် တပည့်ကြီး အဖန်တလဲလဲ ပြောဆိုသော်လည်း မသိကုန်။ ဘုရားလောင်းသည် ထိုအကြောင်းကို သိ၍ အလွန်မိုက်ကုန်သော ရသေ့တို့သည် ငါ့တပည့်ကြီး၏ စကားကို မသိကြကုန် ထိုရသေ့တို့အား ထင်စွာပြုအံ့ဟု ဗြဟ္မာ့ ပြည်မှ လာ၍ ရသေ့တို့၏ ကျောင်းထိပ်အပြင် ကောင်းကင်၌ ကြီးစွာသော အာနုဘော်ဖြင့် ရပ်၍ တပည့်ကြီး၏ ပညာအာနုဘော်ကို ချီးမွမ်းလိုရကား ဤဂါထာကို ဆို၏—

၉၉။ ပရောသဟဿမ္ပိ သမာဂတာနံ၊
ကန္ဒေယျုံ တေ ဝဿသတံ အပညာ။
ဧကောဝ သေယျော ပုရိသော သပညော၊
ယော ဘာသိတဿ ဝိဇာနာတိ အတ္ထံ။

အယောက် တစ်ထောင် မကကုန်သော သူတို့သည် စည်းဝေးကုန်လျက် အနှစ်တစ်ရာပတ်လုံး ငိုကုန်ငြားသော်လည်း အနက်ကို လည်းကောင်း၊ အကြောင်းကို လည်းကောင်း မသိနိုင်ကုန်ရာ၊ အကယ်၍ ဆိုသော စကား၏ အနက်ကိုသိသော ပညာရှိယောကျ်ားတစ်ယောက် ရှိလျှင် ထိုယောကျ်ားသည် လူတစ်ထောင်တို့ထက် မြတ်၏။

ဤသို့ ဘုရားလောင်းသည် ကောင်းကင်၌ ရပ်လျက်သာလျှင် တရားဟော၍ ရသေ့အပေါင်းကို သိစေ၍ ဗြဟ္မာ့ပြည်သို့သာလျှင် သွား၏၊ ထိုရသေ့တို့သည်လည်း အသက်၏ အဆုံး၌ ဗြဟ္မာ့ပြည်သို့ လားကုန်၏။

**ဇာတ်ပေါင်း**

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ တပည့်ကြီး ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မဟာဗြဟ္မာ ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ကိုးဆယ့်ကိုးခုမြောက်သော ပရောသဟဿဇာတ်သည် ပြီး၏။

## ၁၀၀-အသာတရူပဇာတ်

### ခုနစ်နှစ် အမိဝမ်း၌ နေရ၍ ခုနစ်ရက်သားက စကားပြောခြင်း

**ပစ္စုပ္ပန်ဝတ္ထု**

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အသာတံ သာတရူပေန" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ အသာတရူပဇာတ်ကို ကုဏ္ဍိယမြို့ကို အမှီပြု၍ ကုဏ္ဍိယမည်သော ဥယျာဉ်၌ သီတင်းသုံး နေတော်မူစဉ် ကောဠိယမင်းသမီး ဖြစ်သော သုပ္ပဝါသာ မည်သော သီတင်းသည်မကို အကြောင်းပြု၍ ဟောတော်မူ၏။

သုပ္ပဝါသာ မည်သော မင်းသမီးသည် ထိုကာလ၌ ခုနစ်နှစ်ပတ်လုံး ဝမ်းဖြင့် သူငယ်ကို ဆောင်၍ ခုနစ်ရက်ပတ်လုံး သူငယ်ဖွားရခြင်း အရင်းရှိသော မိန်းမောခြင်းကို ဖြစ်စေတတ်သော ဝေဒနာကို ခံရ၏၊ သည်းစွာသော ဝေဒနာတို့သည် ဖြစ်ကုန်၏။ ထိုသုပ္ပဝါသာသည် ဤသို့ သည်းစွာသော ဝေဒနာတို့သည် နှိပ်စက်အပ်သော်လည်း အကြင် မြတ်စွာဘုရားသည် ဤသို့ သဘောရှိသော ဆင်းရဲကို ပယ်ခြင်းငှါ တရားဟောတော်မူ၏၊ ထိုမြတ်စွာဘုရားသည် စင်စစ်သဖြင့် မဖောက်မပြန် ကိုယ်တော်တိုင်သာလျှင် ခပ်သိမ်းသော တရားတို့ကို သိတော်မူ၏၊ အကြင် မြတ်စွာဘုရား၏ တပည့်သား သံဃာသည် ဤသို့ သဘောရှိသော ဆင်းရဲကို ပယ်ခြင်းငှါ ကျင့်တော်မူ၏၊ ထိုမြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် စင်စစ်သဖြင့် ကောင်းသော အကျင့်ရှိတော်မူ၏၊ အကြင် နိဗ္ဗာန်၌ ဤသို့ သဘောရှိသော ဆင်းရဲသည် မရှိ၊ ထိုနိဗ္ဗာန်သည် စင်စစ်သဖြင့် အလွန် ချမ်းသာ၏၊ ဤသုံးပါးကုန်သော အကြံတို့ဖြင့် သည်းခံ၏။

ထိုသုပ္ပဝါသာသည် လင်ကို ခေါ်၍ မိမိ၏ အကြောင်းကိုလည်းကောင်း၊ ရှိခိုးသော သကင်းစကားကိုလည်းကောင်း ကြားလျှောက် စိမ့်သောငှါ မြတ်စွာဘုရား အထံတော်သို့ စေ၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ရှိခိုးသော သတင်းစကားကို ကြားတော်မူ၍ ကောဠိယမင်းသမီး သုပ္ပဝါသာသည် ချမ်းသာ စေသတည်း၊ ရောဂါကင်းသော သားကို ဖွားစေသတည်းဟု မိန့်တော်မူ၏၊ သဗ္ဗညုမြတ်စွာဘုရား မိန့်တော်မူသည်နှင့် တစ်ပြိုင်နက် ကောဠိယမင်းသမီး သုပ္ပဝါသာသည် ချမ်းသာစွာ ရောဂါကင်းလျက် ရောဂါမရှိသော သားကို ဖွားမြင်၏။ ထိုအခါ သုပ္ပဝါသာ၏ လင်သည် အိမ်သို့ သွား၍ သားဖွားပြီးသော သုပ္ပဝါသာကို မြင်၍ အချင်းတို့ အံ့ဖွယ်ရှိစွတကားဟု မြတ်စွာဘုရား၏ အာနုဘော်တော်၌ အလွန်လျှင် အံ့ဖွယ်သရဲ ဖြစ်သော စိတ်ရှိ၏။ သုပ္ပဝါသာသည် သားဖွားပြီး၍ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာအား အလှူပေးလို၍ ပင့်ဖိတ်စိမ့်သောငှါ လင်ကိုစေပြန်၏၊ ထိုအခါ မဟာမောဂ္ဂလာန်၏ အလုပ်အကျွေး ဒါယကာသည် ဘုရားအမှူးရှိသော သံဃာကို ပင့်ဖိတ်၏။ သဗ္ဗညု မြတ်စွာဘုရားသည် သုပ္ပဝါသာအား လှူခြင်း၏ အခွင့်ကို ပေးအံ့သောငှါ အရှင်မောဂ္ဂလာန်မထေရ်ကို အလုပ်အကျွေး ဒါယကာအိမ်သို့ စေ၍ ထိုဒါယကာကို နှစ်သက်စေ၍ ခုနစ်ရက်ပတ်လုံး ရဟန်းသံဃာနှင့် တကွ သုပ္ပဝါသာ၏ အလှူကို ခံတော်မူ၏။

ခုနစ်ရက်မြောက်သော နေ့၌ သုပ္ပဝါသာသည် သားဖြစ်သော သီဝလိကုမာရကို တန်ဆာဆင်၍ မြတ်စွာဘုရားကိုလည်းကောင်း ရဟန်းသံဃာကိုလည်းကောင်း ရှိခိုးစေ၏၊ ထိုခဏ၌ အစဉ်သဖြင့် အရှင်သာရိပုတ္တရာ မထေရ်၏ အထံသို့ ဆောင်အပ်သည် ရှိသော် အရှင်သာရိပုတ္တရာ မထေရ်သည် သီဝလိ မင်းသားနှင့်တကွ သီဝလိ သင်အား ချမ်းသာခြင်း ဖြစ်ပါ၏လောဟု နှုတ်ဆက်ခြင်းကို ပြုတော်မူ၏၊ သီဝလိမင်းသားသည် အရှင်ဘုရား အကျွန်ုပ်အား အဘယ်မှာ ချမ်းသာအံ့နည်း၊ အကျွန်ုပ်သည် ခုနစ်နှစ်ပတ်လုံး လောဟကုမ္ဘိငရဲ၌ ကဲ့သို့ နေရ၏ဟု အရှင်သာရိပုတ္တရာ မထေရ်နှင့်တကွ ဤသို့သဘောရှိသော စကားကို ပြောဆို၏၊ သုပ္ပဝါသာသည် သီဝလိမင်းသား၏ စကားကို ကြား၍ ဖွား၍ ခုနစ်ရက် ရှိသော ငါ့သားသည် ဘုရားငယ်ဖြစ်သော အရှင်သာရိပုတ္တရာနှင့်တကွ ပြောဆိုနိုင်ပေ၏ဟု ဝမ်းမြောက် ဝမ်းသာ ဖြစ်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် သုပ္ပဝါသာ ဤသို့ သဘောရှိကုန်သော တစ်ပါးကုန်သော သားတို့ကိုလည်း သင်သည် အလိုရှိ၏လောဟု မေးတော်မူ၏၊ ဘုန်းတော်ကြီးသော အရှင်ဘုရား ဤသို့ သဘောရှိကုန်သော တစ်ပါးကုန်သော တစ်ရာကုန်သော သားတို့ကို အကယ်၍ ရငြားအံ့။ အကျွန်ုပ်သည် အလိုရှိသည်သာလျှင်

တည်းဟု လျှောက်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ဥဒါန်းကျူးတော်မူ၍ အနုမောဒနာပြု၍ ကြွတော်မူ၏။

သီဝလိမင်းသားသည်လည်း ခုနစ်နှစ်ရှိသောကာလ၌လျှင် သာသနာတော်၌ ဝမ်းရေးကို မငဲ့ဘဲ ရဟန်းပြု၍ အသက်နှစ်ဆယ်ပြည့်သတ်သော် ပဉ္စင်းအဖြစ်ကို ရ၍ ဘုန်းတန်ခိုးကြီးသည်၊ မြတ်သော လာဘ်ကို ရသည်ဖြစ်၍ မြေကြီးကို ပဲ့တင်ထပ်စေ၍ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော် ဘုန်းတန်ခိုးကြီးကုန်သော ဘုရားတပည့် သားတော်တို့၏ အတွင်း၌ ဧတဒဂ်အရာသို့ ရောက်၏။ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကုန်လျက် ငါ့ရှင်တို့....ဤသို့သဘောရှိသော ဘုန်းတန်ခိုးကြီးသော တောင်းအပ်ပြီးသော ဆုရှိသော ပစ္ဆိမဘဝိကဖြစ်သော အရှင်သီဝလိမထေရ်သည် ခုနစ်နှစ်ပတ်လုံး လောဟကုမ္ဘီငရဲ၌ကဲ့သို့ နေ၍ ခုနစ်ရက်ပတ်လုံး ယောနိဝ၌ ဆင်းရဲသော အဖြစ်သို့ ရောက်၏။ မယ်တော် သားတော်တို့သည် ကြီးစွာသော ဆင်းရဲကို ခံရကုန်၏။ အံ့ဖွယ်ရှိစွ အဘယ်မည်သော ကံကို ပြုဖူးလေကုန်သနည်းဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့....ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟုနားတော်လျှောက်သည်ရှိသော် ရဟန်းတို့ သီဝလိ၏ ဘုန်းတန်ခိုးကြီးသည်၏ အဖြစ်သည်လည်းကောင်း, ခုနစ်နှစ်ပတ်လုံး လောဟကုမ္ဘီငရဲ၌ကဲ့သို့ နေခြင်းသည်လည်းကောင်း ခုနစ်ရက်ပတ်လုံး ယောနိဝ၌ မိန်းမောသော ဝေဒနာသို့ ရောက်ခြင်းသည်လည်းကောင်း မိမိပြုသော ကံသာလျှင် အကြောင်းရင်းရှိ၏ သုပ္ပဝါသာ၏ ခုနစ်နှစ်ပတ်လုံး ဝမ်းဖြင့် သူငယ်ကို လွယ်ရခြင်း ဆင်းရဲသည် လည်းကောင်း ခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ဖွားခြင်း အကြောင်းရှိသော မိန်းမော တွေဝေစေတတ်သော ဆင်းရဲသည်လည်းကောင်း မိမိပြုအပ်သော ကံသည်သာလျှင် အကြောင်းရင်းရှိ၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုမင်း၏ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေယူ၍ အရွယ်သို့ ရောက်လျှင် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသောအတတ်တို့ကို သင်၍ အဘလွန်လတ်သော် တရားသဖြင့် မင်းပြု၏။ ထိုအခါ ကောသလမင်းသည် များစွာသော ဗိုလ်ပါဖြင့် လာလတ်၍ ဗာရာဏသီပြည်ကို ယူ၍ ထိုမင်းကို သတ်၍ ထိုမင်း၏ မိဖုရားကြီးကို မိမိ၏မိဖုရားကြီး ပြု၏။ ဗာရာဏသီမင်း၏ သားသည်ကား အဘသေသောကာလ၌ ရေပြွန်ပေါက်တံခါးဖြင့် ထွက်ပြေး၏

ဗိုလ်ပါကို စု၍ ဗာရာဏသီသို့ လာ၍ အနီး၌နေ၍ ထိုမင်းအား ပြည်ကိုတည်း ပေးမည်လော စစ်ထိုးခြင်းကိုတည်း ပြုမည်လောဟု မှာစာပို့စေ၏။ ထိုမင်းသည် စစ်ထိုးခြင်းကို ပြုမည်ဟု မှာစာ တုံ့လိုက်၏၊ မင်းသား၏ မယ်တော်သည်ကား ထိုသတင်းစကားကို ကြား၍ စစ်ထိုးသဖြင့် ပြုရန်ကိစ္စမရှိ၊ ခပ်သိမ်းသော အရပ်တို့သို့ သွားလာခြင်းကို ပြတ်စေ၍ ဗာရာဏသီမြို့ကို ရံလော့၊ ထိုနောင်မှ ထင်းရေ ထမင်းကုန်သဖြင့် ပင်ပန်းသော လူရှိသော ဗာရာဏသီမြို့ကို စစ်မထိုးဘဲ ရလတ္တံ့ဟု မှာစာ ပို့စေ၏။ မင်းသားသည် မယ်တော်၏ မှာစာကို ကြား၍ ခုနစ် ရက်တို့ပတ်လုံး အသွားအလာကို ဖြတ်၍ ဗာရာဏသီမြို့ကို ပိတ်ဆီး၏။ ပြည်သူ ပြည်သားတို့သည် သွားလာခြင်းကို မရကုန်သည် ဖြစ်၍ ခုနစ်ရက်မြောက်သော နေ့၌ ထိုမင်း၏ ဦးခေါင်းကို ယူ၍ မင်းသားအား ပေးကုန်၏။ မင်းသားသည်ကား မြို့သို့ ဝင်၍ မင်း၏ အဖြစ်ကို ယူ၍ အသက်၏အဆုံး၌ ကံအားလျော်စွာ လား၏။

ထိုမင်းသားသည် ခုနစ်ရက်ပတ်လုံး အသွားအလာကို ဖြတ်၍ ဗာရာဏသီ မြို့ကို ပိတ်ဆီး၍ ယူသော ကံ၏အကျိုးအားဖြင့် ယခု ခုနစ်နှစ်ပတ်လုံး လောဟကုမ္ဘီငရဲ၌ကဲ့သို့ နေ၍ ခုနစ်ရက်ပတ်လုံး ယောနိဝ၌ သည်းထန်စွာသော ဝေဒနာသို့ ရောက်၏။ ထိုမှတပါး ထိုသီဝလိသည် ပဒုမုတ္တရမြတ်စွာဘုရား ခြေတော်ရင်း၌ လာဘ်များကုန်သော သာဝကတို့တွင် မြတ်သော သာဝက ဖြစ်စေသတည်းဟု ကြီးစွာသော အလှူကို လှူ၍ အကြင် ဆုတောင်းခြင်းကို ပြု၏။ ဝိပဿီမြတ်စွာဘုရား လက်ထက်တော်၌ မြို့သူတို့နှင့်တကွ အဖိုးတစ်သိန်း ထိုက်သော နို့ဓမ်းခဲကို လှူ၍ အကြင် ဆုတောင်းခြင်းကိုလည်း ပြုဖူး၏။ ထိုဆုတောင်းခြင်း၏ အာနုဘော်ဖြင့် လာဘ်များကုန်သော သာဝကတို့တွင် မြတ်သော သာဝကဖြစ်၏။

သုပ္ပဝါသာသည်လည်း ချစ်သား သင်သည် ဗာရာဏသီမြို့ကို ပိတ်ဆီး၍ ယူလောဟု စေဖူးသည်၏ အဖြစ်ကြောင့် ခုနစ်နှစ်ပတ်လုံး ဝမ်းဖြင့် သူငယ်ကို လွယ်၍ ခုနစ်ရက်ပတ်လုံး သားဖွားခြင်း အရင်းရှိသော မိန်းမောတွေဝေသော ဝေဒနာသို့ ရောက်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် ဤအတိတ်ကို ဆောင်တော် မူ၍ ဘုရားဖြစ်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

**၁၀၀။ အသာတံ သာတရူပေန၊ ပိယ ရူပေန အပ္ပိယံ။**

**ဒုက္ခံ သုခဿ ရူပေန၊ ပမတ္တမတိဝတ္တတိ။**

ရဟန်းတို့ မသာယာအပ်သောသဘောသည် သာယာအပ်သော သဘော၏ အဘူအားဖြင့် မေ့လျော့သောသူကို နှိပ်စက်၏၊ မချစ်အပ်သော သဘောသည်

ချစ်အပ်သော သဘော၏ အတုအားဖြင့် မေ့လျော့သောသူကို နှိပ်စက်၏၊ ဆင်းရဲသည် ချမ်းသာခြင်း၏ အတုအားဖြင့် မေ့လျော့သောသူကို နှိပ်စက်၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ သီဝလိသည် ထိုအခါ ဗာရာဏသီမြို့ကို ပိတ်၍ မင်းအဖြစ်ကိုရသော မင်းသား ဖြစ်ဖူးပြီ၊ ယခုအခါ သုပ္ပဝါသာသည် ထိုအခါ မင်းသားမယ်တော် ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မင်းသား၏မည်းတော် ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာမြောက်သော အသာတရူပဇာတ်သည် ပြီး၏။

---

## ၁၁-ပရောသတဝဂ်

### ၁၀၁-ပရောသတဇာတ်

#### လူတစ်ရာကြံစည်သော်လည်း တစ်ယောက်သာ အဖြေမှန် သိသည်

၁၀၁။ ပရောသတဉ္စေပိ သမာ ဂတာနံ၊
ဈာယေယျုံ တေ ဝဿသတံ အပညာ။
ဧကောဝ သေယျော ပုရိသော သပညော၊
ယော ဘာသိတဿ ဝိဇာနာတိ အတ္ထံ—

ဟူသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပရောသတဇာတ်သည် ဝတ္ထုအားဖြင့်လည်းကောင်း အဖြေအားဖြင့်လည်းကောင်း ဇာတ်ပေါင်းအားဖြင့်လည်းကောင်း လိတ္တဝဂ် ပရောသဟဿဇာတ်နှင့် တူသလျှင်ကတည်း။ ထိုစကားသည် မှန်၏။ ဤပရောသတဇာတ်၌ သက်သက် ဈာယေယျုံ ဟူသော ပုဒ်မျှသာလျှင် ထူး၏။

အို-အရှင်ရသေ့တို့ စည်းဝေးလာကုန်သော သူတို့၏ တစ်ရာကျော်ရှိသော သူတို့သည် ပညာမရှိကုန်ငြားအံ့၊ အနက်အဓိပ္ပါယ် အကြောင်းရင်းကို မသိမမြင်နိုင်ကုန်၊ ဆိုအပ်သောစကား၏ အနက်အဓိပ္ပါယ်ကို သိသော ပညာရှိယောကျ်ား တစ်ယောက်သည်သာလျှင် တစ်ရာကျော်ရှိသော ပုဂ္ဂိုလ်တို့ထက် မြတ်၏။

တစ်ရာ့တစ်ခုမြောက်သော ပရောသတဇာတ်သည် ပြီး၏။

## ၁၀၂.ပဏ္ဏိကဇာတ်

### ကိုယ်တွေ့ကြုံမှ ယုံရာ၏

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ယော ဒုက္ခဖုဋ္ဌာယ ဘဝေယျ တာဏံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပဏ္ဏိကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်ဟင်းချက်ရောင်း၍အသက်မွေးသော သီတင်းသည်တစ်ယောက်ကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌နေသော သီတင်းသည်သည် အထူးထူးအပြားပြားကုန်သော အမြစ်အရွက် အစရှိသည်တို့ကိုလည်းကောင်း၊ ဗူး ဖရုံ အစရှိသည်တို့ကိုလည်းကောင်း ရောင်း၍ အသက်မွေးခြင်းကို ပြု၏။ ထိုသီတင်းသည်၏ တစ်ယောက်သော သမီးသည် အလွန်အဆင်းလှ၏၊ ကြည်ညိုဖွယ် ရှိ၏၊ အကျင့်သီလနှင့် ပြည့်စုံ၏၊ အရှက်အကြောက်နှင့် ပြည့်စုံ၏၊ သက်သက် အမြဲရွှင်သော မျက်နှာရှိ၏၊ ထိုသို့သမီးအား အချို့တူကုန်သော သူတို့သည် တောင်းအံ့သောငှါ လာကုန်သည်ရှိသော် ထိုသီတင်းသည်သည် ဤသတို့သမီးအား ထိမ်းမြားအံ့သောငှါ မသင့်၊ ဤသတို့သမီးငယ်သည် အမြဲရွှင်သော မျက်နှာရှိ၏၊ သူငယ်မတို့၏ အကျင့်သည် မရှိသော် လင့်အိမ်သို့ သွားသော သူငယ်မ၏ မိဘတို့အား ကဲ့ရဲ့အပ်သည် ဖြစ်ရာ၏။ ဤသူငယ်မအား သူငယ်မတို့၏ အကျင့်သည်ရှိသလော မရှိသလော၊ သူငယ်မကို စုံစမ်းအံ့ဟု ကြံ၏။

ကြံပြီး၍ သီတင်းသည်သည် တစ်နေ့သ၌ သမီးကို တောင်းကိုယူစေ၍ တော၌ ဟင်းရွက်အကျိုးငှါ တောသို့သွား၍ စုံစမ်းလိုသည်၏ အစွမ်းအားဖြင့် ကိလေသာကို မှီသကဲ့သို့ဖြစ်၍ လျှို့ဝှက်သော စကားကိုဆို၍ သမီးကိုလက်၌ ဆွဲ၏၊ သမီးသည် လက်ဆွဲကာမျှ၌လျှင် မျက်ရည်ယိုလျက်၊ ငိုလျက် ဖခင် ဤအမှုသည်မသင့်၊ ရေမှ မီးဖြစ်သည်နှင့်တူ၏၊ ဤသို့ သဘောရှိသောအမှုကို မပြုလင့်ဟုဆို၏။ ချစ်သမီး စုံစမ်းအံ့သောငှါသာလျှင် ငါသည် သင်၏လက်ကို ဆွဲ၏၊ မငိုလင့်၊ ယခုသင့်အား သူငယ်မတို့၏အကျင့်သည် ရှိသလောဟု မေး၏၊ ဖခင် ရှိ၏၊ ထိုစကားသည်မှန်၏၊ အကျွန်ုပ်သည် လောဘ၏အစွမ်းဖြင့် တစ်စုံတစ်ယောက်သော ယောကျ်ားကို မကြည့်စဖူးဟု ဆို၏။ ထိုသီတင်းသည်သည် သမီးကိုနှစ်သိမ့်စေ၍ အိမ်သို့ဆောင်ပြီးလျှင် မင်္ဂလာကိုပြု၍ လင့်အိမ်သို့ ပို့၍ မြတ်စွာဘုရားကို ရှိခိုးအံ့ဟု နံ့သာပန်း အစရှိသည်တို့ကို လက်စွဲလျက်

ဇေတဝန်ကျောင်းတော်သို့ သွားပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးပူဇော်၍ တင့်အပ်သောအရပ်၌ နေ၏၊ ကြာမြင့်မှသာ၏ဟု မိန့်တော်မူသည်ရှိသော် လာခဲ့ကြောင်းကို မြတ်စွာဘုရားအား လျှောက်၏၊ မြတ်စွာဘုရားသည် သီတင်းသည် သတို့သမီးသည် ကြာမြင့်စွာသော ကာလမှစ၍ အကျင့်သီလနှင့် ပြည့်စုံသည်သာကတည်း၊ သင်သည် ယခုအခါ၌သာလျှင် ဤသို့စုံစမ်းသည် မဟုတ်သေး၊ ရှေး၌လည်း စုံစမ်းဖူးသည်သာတည်းဟု မိန့်တော်မူ၍ သီတင်းသည်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ရုက္ခစိုးနတ်ဖြစ်၏၊ ထိုအခါ ဗာရာဏသီပြည်၌ ဟင်းရွက်ရောင်း၍ အသက်မွေးသော သီတင်းသည် တစ်ယောက်သည် ရှိသည်ဖြစ်၏၊ ဤသို့ အစရှိသော ဝတ္ထုသည် ပစ္စုပ္ပန်ဝတ္ထုနှင့် တူသလျှင်ကတည်း၊ သီတင်းသည်သည် သမီးငယ်အား စုံစမ်းအံ့သောငှါ လက်၌ဆွဲ၍၊ သမီးသည်ငိုလျက် ဤဂါထာကိုဆို၏—

၁၀၂။ ယော ဒုက္ခဖုဋ္ဌာယ ဘဝေယျ တာဏံ၊

သော မေ ပိတာ ဒုဗ္ဘိ ဝနေ ကရောတိ။

သာ ကဿ ကန္ဒာမိ ဝနဿ မဇ္ဈေ၊

ယော တာယိတာ သော သဟသံ ကရောတိ။

ဖခင်သည် ဆင်းရဲဒုက္ခတွေ့ကြုံလာလျှင် အားကိုးရာဖြစ်သင့်ပါလျက် ထိုအားကိုးရမည့် ဖခင်သည် တော၌ ပြစ်မှားခြင်းကို ပြုလေ၏၊ ထိုဖခင်ကိုယ်တိုင်က အနိုင်အထက် ပြုလုပ်သောအခါ ငါသည် တော၏အလယ်တွင် ဘယ်သူ့အထံ၌ ငိုရတော့အံ့နည်း။

ထိုအခါ သတို့သမီးကို ဖအေသည် နှစ်သိမ့်စေ၍ ချစ်သမီး စောင့်ရှောက်သောကိုယ် ရှိ၏လောဟု မေး၏၊ ဖခင် စောင့်ရှောက်သောကိုယ် ရှိ၏ဟုဆို၏ သီတင်းသည်သည် အိမ်သို့ဆောင်၍ မင်္ဂလာကိုပြု၍ လင့်အိမ်သို့ပို့၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကိုပြ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာကို ပြသည်၏အဆုံး၌ သီတင်းသည်သည် သောတာပတ္တိဖိုလ်၌တည်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား

ယခုအခါ အဘသည်သာလျှင် ထိုအခါ အဘဖြစ်ဖူးပြီ၊ ယခုအခါ သမီးသည်သာလျှင် ထိုအခါ သမီးဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ အကြောင်းကို မျက်မှောက်အားဖြင့် မြင်သော ရုက္ခစိုးနတ် ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာ့နှစ်ခုမြောက်သော ပဏ္ဏိကဇာတ်သည် ပြီး၏။

---

## ၁၀၃-ဝေရိဇာတ်

### အရိပ်ပြ အကောင်ထင်

### လာမည့်ဘေး အဝေးကရှောင်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ယတ္ထ ဝေရီ နိဝိသတိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝေရိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အနာထပိဏ်သူဌေးကို အကြောင်းပြု၍ ဟောတော်မူ၏။

အနာထပိဏ်သူဌေးသည် စားသောရွာသို့ သွား၍ပြန်သည်ရှိသော် ခရီးအကြား၌ ခိုးသူတို့ကိုမြင်၍ ခရီးအကြား၌ နေအံ့သောငါ မသင့်၊ သာဝတ္ထိပြည်သို့သာလျှင် သွားအံ့ဟု လျင်စွာ နွားတို့ကို နှင်စေ၍ မိမိအိမ်သို့ သာလျှင် လာလတ်၍ နက်ဖြန်နေ့၌ ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်၏၊ မြတ်စွာဘုရားသည် သူကြွယ်၊ ရှေး၌လည်း ပညာရှိတို့သည် ခိုးသူတို့ကိုမြင်၍ ခရီးအကြား၌ ထိုခိုးသူတို့သည် မလုယက်ကုန်ဘဲ မိမိ၏နေရာအရပ်သို့သာလျှင် ပြန်ကုန်၏ဟု မိန့်တော်မူ၍ အနာထပိဏ်သူဌေးသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် စည်းစိမ်ရှိသော သူဌေးဖြစ်၏။ တစ်ခုသောရွာငယ်သို့ ပင့်ဖိတ်သောဘောဇဉ်ကို သုံးဆောင်အံ့သောငါ သွား၍ ပြန်သည်ရှိသော် ခရီးအကြား၌ ခိုးသူတို့ကိုမြင်၍ ခရီးအကြား၌ မနေမူ၍သာလျှင် လျင်မြန်သဖြင့် နွားတို့ကိုနှင်လျက် မိမိအိမ်သို့သာလျှင် လာလတ်၍

အထူးထူးသော မြတ်သောအရသာတို့ဖြင့် သုံးဆောင်၍ မြတ်သောအိပ်ရာ၌ နေ၍ ခိုးသူတို့၏လက်မှလွတ်၍ ဘေးမရှိရာအရပ်၌ဖြစ်သော မိမိအိမ်သို့လာ၏ဟု ဝမ်းမြောက်သည်၏အစွမ်းဖြင့် ဤဂါထာကိုဆို၏–

၁၀၃။ ယတ္ထ ဝေရီ နိဝိသတိ၊ န ဝသေ တတ္ထ ပဏ္ဍိတော။
ဧကရတ္တံ ဒွိရတ္တံ ဝါ၊ ဒုက္ခံ ဝသတိ ဝေရိသု။

ရန်သူတို့၏လက်၌ တစ်ရက်၊ နှစ်ရက်နေရခြင်းသည်ပင် ဆင်းရဲ၏၊ထို့ကြောင့် ရန်သူရှိလေရာအရပ်၌ ပညာရှိသည် လုံးဝမနေလေ။

ဤသို့ ဘုရားလောင်းသည် ဝမ်းမြောက်သောစကားကို ကျူးရင့်၍ အလှူ အစရှိသော ကောင်းမှုတို့ကိုပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဗာရာဏသီသူဌေး ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာသုံးခုမြောက်သော ဝေရိဇာတ်သည် ပြီး၏။

---

၁၀၄-မိတ္တဝိန္ဒကဇာတ်

ကိုယ့်အပြစ်ဒဏ် ကိုယ်သာခံ၊ ငရဲပန်း ရွှေပန်းထင်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် "စတုဗ္ဘိ အဋ္ဌဇ္ဈဂမာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤမိတ္တဝိန္ဒကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဆိုနိုင်ခက်သော တစ်ယောက်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

အတိတ်ဝတ္ထု

ဝတ္ထုကို အောက်မိတ္တဝိန္ဒကဇာတ်၌ ဆိုအပ်ပြီးသောနည်းဖြင့် ချဲ့အပ်၏။ ဤမိတ္တဝိန္ဒကဇာတ်သည်ကား ကဿပမြတ်စွာဘုရား လက်ထက်၌ ဖြစ်၏။ ထို စကားကိုချဲ့ဦးအံ့။ ထိုအခါ သင်တုန်းစက်ကို ရွက်၍ ငရဲခံရသော တစ်ယောက်

သော ငရဲသူ သတ္တဝါသည် အရှင် အကျွန်ုပ်သည် အဘယ် မကောင်းမှုကို ပြုခဲ့ဖူးသနည်းဟု ဘုရားလောင်းကို မေး၏။ ဘုရားလောင်းသည် ဤမည်သော မကောင်းမှုကို ပြု၏ဟု ဆိုလို၍ ဤဂါထာကို ဆို၏—

၁၀၄။ စတုဗ္ဘိ အဋ္ဌဇ္ဈဂမာ၊ အဋ္ဌာဟိပိ စ သောဠသ။
သောဠသာဟိ စ ဗာတ္တိံသ၊ အတြိစ္ဆံ စက္ကမာသဒေါ။
ဣစ္ဆာဟတဿ ပေါသဿ၊ စက္ကံ ဘမတိ မတ္ထကေ။

လေးယောက်ကုန်သော ဗိမာန်နေ ပြိတ္တာမှ တစ်ပါးကုန်သော ရှစ်ယောက်ကုန်သော ဗိမာန်နေ ပြိတ္တာမတို့ကို သင်သည်ရ၏၊ ထိုရှစ်ယောက်ကုန်သော ဗိမာန်နေ ပြိတ္တာမတို့မှ တစ်ပါးကုန်သော တစ်ဆယ့်ခြောက်ယောက်ကုန်သော ဗိမာန်နေ ပြိတ္တာမတို့ကို သင်သည် ရပြန်၏၊ ထိုတစ်ဆယ့်ခြောက်ယောက် ကုန်သော ဗိမာန်နေ ပြိတ္တာမတို့မှ တစ်ပါးကုန်သော သုံးဆယ့်နှစ်ယောက်ကုန်သော ဗိမာန်နေ ပြိတ္တာမတို့ကို သင်သည် ရပြန်၏၊ အလွန်အလိုကြီးသော သင်သည် သင်တုန်းစက်သို့ ရောက်၍ အလိုနှိပ်စက်သော သင်ယောကျ်ား၏ ဦးခေါင်းထိပ်၌ သင်တုန်းစက်သည် လည်လေ၏။

ဤသို့ ဘုရားလောင်းသည် ဆိုပြီး၍ မိမိ နတ်ပြည်သို့သာလျှင် သွား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဆိုနိုင်ခက်သော ရဟန်းသည် ထိုအခါ မိတ္တဝိန္ဒကဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ နတ်သား ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာ့လေးခုမြောက်သော မိတ္တဝိန္ဒကဇာတ်သည် ပြီး၏။

---

၁၀၅-ဒုဗ္ဗလကဋ္ဌဇာတ်

လွန်စွာထိတ်လန့်တတ်သော ရဟန်း၏အကြောင်း

လုံဖျားပုဇင်းနား ကျီးကန်းချီးပါ

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူဟတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် "ဗဟုမ္ပေတံ ဝနေ ကဋ္ဌံ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်

အပ်သော ဤဒုဗ္ဗလကဋ္ဌဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ယောက်သော ထိတ်လန့်တတ်သော ရဟန်း ကို အကြောင်း ပြု၍ ဟောတော်မူ၏။

ထိုရဟန်းသည် သာဝတ္ထိပြည်၌ နေသော တစ်ယောက်သော အမျိုး သားသည်ဖြစ်သတတ်၊ ထိုအမျိုးသားသည် မြတ်စွာဘုရား၏ ဓမ္မဒေသနာကို နာရ၍ ရဟန်းပြု၍ သေဘေးမှ ကြောက်သည်ဖြစ်၍ ညဉ့်သန့်ရာ နေ့သန့်ရာ အရပ်တို့၌ သစ်ခက် သစ်ရွက်တို့ကို ချိုးတတ်သော လေ၏ လည်းကောင်း၊ ကျသော ခြောက်သော သစ်ခက်၏လည်းကောင်း၊ အတောင်ရှိသောငှက် အခြေလေးချောင်းရှိသော သားတို့၏ လည်းကောင်း အသံကို ကြား၍ သေဘေးမှ ကြောက်သည်ဖြစ်၍ သည်းစွာသောအသံကို ဟစ်ကြွေးလျက် ပြေး၏။ ထိုစကားသည် မှန်၏။ ထိုရဟန်းအား ငါသည် သေအပ်၏ဟု သတိမျှ သည်လည်း မရှိ။ ထိုစကားသည် မှန်၏။ ထိုရဟန်းသည် ငါသေရ လတ္တံ့ဟု အကယ်၍ သိငြားအံ့၊ သေခြင်းကို မကြောက်ရာ၊ ထိုရဟန်းသည် မရဏဿတိ ကမ္မဋ္ဌာန်း ကို မပွားစေအပ်သည်၏ အဖြစ်ကြောင့်လျှင် ကြောက်၏။

ထိုရဟန်း၏ သေခြင်းမှ ကြောက်သော အဖြစ်သည် ရဟန်းသံဃာ၌ ထင်ရှား၏။ ထိုအခါ တစ်နေ့သ၌ တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့ ဤမည်သော ရဟန်းသည် သေခြင်းမှ ကြောက်၏။ သေခြင်းကို လန့်တတ်၏၊ ရဟန်းမည်သည် မချွတ် ငါသည် သေအပ်၏ဟု မရဏဿတိ ကမ္မဋ္ဌာန်းကို ပွားစေခြင်းငှါ သင့်၏ဟု စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် လာတော် မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန် သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ဤရဟန်းအား နှလုံးမသာယာ ခြင်းသည် မဖြစ်ကုန်လင့်၊ ဤရဟန်းသည် ယခုအခါ၌သာလျှင် သေဘေးမှ ကြောက်သည် မဟုတ်သေး၊ ရှေး၌လည်း ကြောက်ဖူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာတော၌ ရုက္ခစိုးနတ် ဖြစ်၏။ ထိုအခါ ဗာရာဏသီမင်းသည် မင်္ဂလာဆင်ကို စစ်မြေပြင်၌ တုန်လှုပ်ခြင်းမရှိသော အကြောင်းကို သိစိမ့်သောငှါ ဆင်ဆရာတို့အား ပေး၏။ ထိုဆင်ကို ဆင်ချည် တိုင်၌ ချည်၍ ချွန်းလက်စွဲကုန်သော သူတို့ကို ခြံရံစေကုန်၍ စစ်မြေ၌ တုန်လှုပ်

ခြင်းမရှိသော အကြောင်းကို ပြုကုန်၏။ ထိုဆင်သည် ထိုအမှုကို ပြုသည်ရှိသော် ဝေဒနာကို သည်းခံအံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ ဆင်ချည်တိုင်ကို ချိုး၍ လူတို့ကို ပြေးစေကုန်၍ ဟိမဝန္တာသို့ ဝင်၏၊ လူတို့သည် ထိုဆင်ကို ဖမ်းအံ့သောငှါ မတတ်နိုင်ကုန်သည်ဖြစ်၍ ပြန်ကြကုန်၏။ ဆင်သည် သေဘေးမှ ကြောက်သည်ဖြစ်၍ နှာမောင်းတို့ကို လှုပ်လျက် လျင်မြန်သဖြင့် ပြေး၏။ ဆင်ချည်တိုင်၌ ချည်၍ စစ်မြေ၌ မတုန်မလှုပ်မည့် အကြောင်းကိုပြုသော ကာလကဲ့သို့ ဖြစ်၏။ ကိုယ်၏ ချမ်းသာခြင်းကို လည်းကောင်း, စိတ်၏ ချမ်းသာခြင်းကို လည်းကောင်း မရသည်ဖြစ်၍ တုန်လှုပ်လျက် သွား၏၊ ရုက္ခစိုးနတ်သည် ထိုဆင်ကိုမြင်၍ သစ်ပင်ခွ၌ ရပ်လျက် ဤဂါထာကို ဆို၏—

**၁၀၅။ ဗဟုမ္ပေ'တံ ဝနေ ကဋ္ဌံ၊ ဝါတော ဘဉ္ဇတိ ဒုဗ္ဗလံ၊**
**တဿ စေ ဘာယသိ နာဂ၊ ကိသော နူန ဘဝိဿသိ။**

အို ဆင်မြောင်ကြီး တော၌ အားနည်းသော ထိုသစ်ခက်ခြောက်များကို လေသည် ချိုးဖဲ့၏၊ သစ်ကိုင်းကျိုးသံမှ သင်သည် အကယ်၍ ကြောက်ခဲ့ငြားအံ့၊ ကြုံလှီ ပိန်ချုံးခြင်းသည်သာ ဖြစ်လိမ့်မည်။

ဤတော၌ကား သင့်အား ဘေးမရှိ၊ ထိုကြောင့် မကြောက်လင့်ဟု ရုက္ခစိုးနတ်သည် ဆင်အား အဆုံးအမကို ပေး၏။ ဆင်သည်လည်း ထိုနေ့မှစ၍ ကြောက်ခြင်းမရှိသည် ဖြစ်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာတို့ကို ပြပြီးသည်၏ အဆုံး၌ ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းသနည်းဟူမူကား ယခုအခါ ရဟန်းသည် ထိုအခါ ဆင်ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရုက္ခစိုးနတ် ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာ့ငါးခုမြောက်သော ဒုဗ္ဗလကဋ္ဌဇာတ်သည် ပြီး၏။

## ၁၀၆·ဥဒဉ္စနီဇာတ်

### မစွမ်းရင်းကလည်းရှိ ကန်စွန်းခင်းကလည်းငြိ ကိုယ်တွေ့ကြုံမှ ယုံသည်

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် သုခံ ဝတ မံ ဇီဝန္တံ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဥဒဉ္စနီဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အပျိုကြီး ဖြားယောင်းသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ဝတ္ထုသည် တေရသကနိပါတ် စူဠနာရဒကဿပဇာတ်၌ ထင်စွာဖြစ်လတ္တံ့၊ အထူးကား ရဟန်း သင်သည် ငြီးငွေ့သတတ်ဟူသည် မှန်သလောဟု မေးတော်မူ၏၊ အရှင်ဘုရား မှန်ပေ၏ဟု နားတော် လျှောက်သည်ရှိသော် သင်၏ စိတ်သည် အဘယ်သူ၌ တပ်စွမ်းသနည်းဟု မေးတော်မူ၏၊ ရဟန်းသည် တစ်ယောက်သော အပျိုကြီး၌ တပ်စွမ်း၏ဟု လျှောက်၏၊ ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း ယခုအခါ၌သာလျှင် ဤအပျိုကြီးသည် သင်၏ အကျိုးမရှိသည်ကို ပြုသည် မဟုတ်သေး၊ ရှေး၌လည်း ပြုဖူးသည်သာလျှင်တည်း။ သင်သည် ထို မိန်းမကိုမှီ၍ သီလပျက်စီးခြင်းသို့ ရောက်၍ တုန်တုန်လှုပ်လှုပ် သွားလျက် ပညာရှိတို့ကိုမှီ၍ ချမ်းသာရဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

#### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဤသို့ အစရှိသော အတိတ်ဝတ္ထုသည်လည်း စူဠနာရဒကဿပဇာတ်၌လျှင် ထင်စွာဖြစ်လတ္တံ့၊ အထူးကား ထိုအခါ ဘုရားလောင်းသည် ညဉ့်အခါ၌ သစ်သီးကြီးငယ်တို့ကို ယူပြီးသော် လာ၍ ကျောင်းတံခါးကို ဖွင့်၍ ဝင်ပြီးလျှင် သားဖြစ်သော ရသေ့ငယ်ကို ချစ်သား သင်သည် တစ်ပါးကုန်သော နေ့တို့၌ ထင်းတို့ကို ဆောင်၏။ သောက်ရေ သုံးဆောင်ရေတို့ကို ဆောင်၏။ မီးကိုပြု၏၊ ယနေ့မူကား တစ်ခုသော အမှုကိုလည်း မပြုမူ၍ အဘယ့်ကြောင့် မျက်နှာမသာသည်ဖြစ်၍ ဝင်လျက် အိပ်သနည်းဟု မေး၏၊ ဖခင် သင်တို့သည် သစ်သီးကြီးငယ် အကျိုးငှါ သွားလတ်သော် တစ်ယောက်သော မိန်းမသည် လာလတ်၍ အကျွန်ုပ်ကို ဖြားယောင်း၍ ခေါ်သွားအံ့သောငှါ အားထုတ်၏။ အကျွန်ုပ်သည်ကား သင်တို့ လွှတ်မှ သွားအံ့ဟု မလိုက်သေး၊

ဤမည်သော အရပ်၌ကား ထိုမိန်းမကို နေနှင့်စေ၍ လာခဲ့၏။ ဖခင် အကျွန်ုပ်သည် ယခု သွားအံ့ဟု ဆို၏။

ဘုရားလောင်းသည် ဤရသေ့ငယ်ကို ပြန်စိမ့်သော်ငါ မတတ်နိုင်ဟုသိ၍ ချစ်သား ထိုသို့ ဖြစ်မူကား သွားလော့၊ မိန်းမသည်ကား သင့်ကိုဆောင်၍ အကြင်အခါ၌ ငါးအမဲ အစရှိသည်တို့ကိုလည်း စားလိုသည် ဖြစ်လတ္တံ့။ ထောပတ် ဆီ ဆန် အစရှိသည်တို့ကိုလည်း ၎င်းမိန်းမသည် အလိုရှိသည် ဖြစ်လတ္တံ့၊ ထိုအခါ ဤမည်သော ဝတ္ထုကို ဆောင်ချေလောဟု သင့်ကို ပင်ပန်းစေလတ္တံ့၊ ထိုအခါ ငါ၏ ကျေးဇူးကို အောက်မေ့သဖြင့် ပြေးလာ၍ ဤအရပ်သို့ သာလျှင် လာလောဟုဆို၍ လွှတ်လိုက်၏။ ရသေ့ငယ်သည် ထိုမိန်းမနှင့်တကွ လူ့ပြည်သို့ သွား၏။ ထိုအခါ ထိုရသေ့ငယ်ကို ထိုမိန်းမသည် မိမိအလိုသို့ လိုက်စေ၍ အမဲကို ဆောင်ချေလော၊ ငါးကို ဆောင်ချေလော၊ အကြင်ဝတ္ထုဖြင့် အလိုရှိ၏။ ထိုဝတ္ထုကို ဆောင်ချေလောဟု ဆို၏။ ထိုအခါ ရသေ့ငယ်သည် ဤမိန်းမသည် ငါ့ကို ကျွန်ကဲ့သို့လည်း အမှုလုပ်သော သူကဲ့သို့လည်း ပြု၍ နှိပ်စက်၏ဟု ပြေး၍ အဘ အထံသို့ သွား၍ အဘကို ရှိခိုး၍ ရပ်လျက်သာလျှင် ဤဂါထာကို ဆို၏–

**၁၀၆။ သုခံ ဝတ မံ ဇီဝန္တံ၊ ပစမာနာ ဥဒဥ္စနီ။**

**စောရီ ဇာယပ္ပဝါဒေန၊ တေလံ လောဏဉ္စ ယာစတိ။**

ဖခင် သင်တို့၏အထံ၌ စင်စစ် ချမ်းသာစွာ အသက်မွေးသော ငါ့ကို ပူပန်စေတတ်သော ရေလှောင်အိုးနှင့် တူသော ခိုးသူမသည် လင်လင်ဟု ခေါ်၍ သာယာစွာသော စကားဖြင့် ဖြားယောင်း၍ ဆီကိုလည်းကောင်း ဆားကိုလည်းကောင်း ရှာမှီးခိုင်း၏။

ထိုအခါ ရသေ့ငယ်ကို ဘုရားလောင်းသည် နှစ်သိမ့်စေ၍ ချစ်သား ထိုသို့ ဖြစ်စေ လာလော သင်သည် မေတ္တာကို ပွါးစေလော၊ ကရုဏာကို ပွါးစေလော၊ မုဒိတာကို ပွါးစေလော၊ ဥပေက္ခာကို ပွါးစေလော၊ ဤသို့ လေးပါးကုန်သော ဗြဟ္မဝိဟာရ တရားတို့ကို လည်းကောင်း၊ ကသိုဏ်းပရိကံတို့ကို လည်းကောင်း ကြား၏။ ထိုရသေ့ ငယ်သည် မကြာမြင့်မီလျှင် အဘိညာဉ်တို့ကိုလည်းကောင်း၊ ရှစ်ပါးသော သမာပတ်တို့ကိုလည်းကောင်း ဖြစ်စေ၍ ဗြဟ္မဝိဟာရ တရားတို့ကို ပွါးစေ၍ အဘနှင့်တကွ ဗြဟ္မာ့ပြည်၌ ဖြစ်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤမေ့ဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌

ထိုရဟန်းသည် **သောတာပတ္တိဖိုလ်၌** တည်၏။ အဘယ်သို့ **ဇာတ်ကို ပေါင်းတော်** မူသနည်း ဟူမူသည်ကား ယခုအခါ အပျိုကြီးသည် ထိုအခါ အပျိုကြီး ဖြစ်ဖူးပြီ၊ ယခုအခါ ငြီးငွေ့သောရဟန်းသည် ထိုအခါ ရသေ့ငယ် ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ အဘဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

**တစ်ရာ့ခြောက်ခုမြောက်သော ဥဒဉ္စနီဇာတ်သည် ပြီး၏။**

---

**၁၀၇-သာလိတ္တကဇာတ်**

**အသက်မွေးမှု တစ်ခုပညာ ကိုယ်စီပါ**

**စကားများလွန်းသောပုဏ္ဏား ဆိတ်ချေးတစ်စလယ်မျိုချ**

**ပစ္စုပ္ပန်ဝတ္ထု**

နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "သာဓု ခေါ သိပ္ပကံ နာမ" အစရှိသော ဂါထာပုဒ်ဖြင့် ဤနှင့်ဆက်ဆင်အပ်သော ဤသာလိတ္တကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **တစ်ယောက်သော ကျောက်စရစ် ပစ်တတ်သော ရဟန်းကို** အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းသည် သာဝတ္ထိပြည်၌ နေသော တစ်ယောက်သော အမျိုးသားသည် ဖြစ်သတတ်၊ ထိုအမျိုးသားသည် ကျောက်စရစ်ပစ်သော အတတ်၌ အပြီးသို့ရောက်၏၊ တစ်နေ့သ၌ ထိုအမျိုးသားသည် တရားတော်ကို နာရ၍ သာသနာတော်၌ ရင်ကိုပေး၍ ရဟန်းပြု၍ ပဉ္စင်းအဖြစ်ကိုရ၏၊ သိက္ခာပုဒ်ကို အလိုမရှိ၊အကျင့်ကို မကျင့်သည်ဖြစ်၏။ထိုရဟန်းသည် တစ်နေ့သ၌ တစ်ယောက်သော ပဉ္စင်းငယ်ကို ခေါ်၍ အစိရဝတီ မြစ်နားသို့သွား၍ ရေချိုး၍ မြစ်နား၌ ရပ်၏။ ထိုအခါ နှစ်ခုကုန်သော ဖြူကုန်သော ဟင်္သာတို့သည် ကောင်းကင်သို့ သွားကုန်၏။ ထိုကျောက်စရစ် ပစ်တတ်သော ရဟန်းသည် ပဉ္စင်းငယ်ကို နောက်ဟင်္သာကို ကျောက်စရစ်ဖြင့် မျက်စိတို့ကို ပစ်၍ ခြေရင်း၌ ကျစေအံ့ဟု ဆို၏။ပဉ္စင်းငယ်သည်အဘယ်သို့ကျစေလတ္တံ့နည်း ပစ်အံ့သောငှါ မတတ်နိုင်လတ္တံ့ဟု ဆို၏။

ကျောက်စရစ်ပစ်တတ်သော ရဟန်းသည် ဟင်္သာ၏ ဤမှာဘက်မျက်စိကို ထားဘိဦး၊ ထိုမှာဘက် မျက်စိသို့ ထွင်း၍ သွားအောင် ပစ်အံ့ဟုဆို၏။ ယခု မဟုတ်မမှန်သည်ကို ဆို၏ဟုဆို၏၊ ထိုသို့ဖြစ်ပါမူကား ကြည့်လော့ဟု ဆို၍ တစ်ခုသော ထက်စွာသော ကျောက်စရစ်ကို ကိုင်၍ လက်ချောင်း၌ ထား၍

ထိုဟံသာ၏ နောက်သို့ပစ်၏။ ထိုကျောက်စရစ်သည် ရှန်းဟူသော အသံကို ပြု၏။ ဟံသာသည်ကား ရန်လာသည် ဖြစ်ရာ၏ဟုပြန်၍ အသံကိုနားထောင်အံ့သောငှာ အားထုတ်၏။ ကျောက်စရစ် ပစ်တတ်သော ရဟန်းသည် ထိုခဏ၌ တစ်ခုသော လုံးသော ကျောက်စရစ်ကို ကိုင်ပြန်၍ ကြည့်သော ထိုဟံသာ၏ ထိုမှာဘက် မျက်စိ၌ပစ်၏။ ဤမှာဘက်မျက်စိကို ထွင်း၍ သွား၏။ ဟံသာသည်လည်း သည်းစွာသော အသံကို မြည်လျက် ခြေရင်း၌ကျ၏။ ထိုထိုအရပ်မှ ရဟန်းတို့သည် လာကုန်၍ ကဲ့ရဲ့ကုန်၍ ဥင်သည် မလျောက်ပတ်သော အမှုကို ပြု၏ဟု မြတ်စွာဘုရား အထံသို့ဆောင်၍ အရှင်ဘုရား ဤရဟန်းသည် ဤမည်သော အမှုကိုပြု၏ဟု ထိုအကြောင်းကို ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းကို ကဲ့ရဲ့တော်မူ၍ ရဟန်းတို့ ဤရဟန်းသည် ယခုအခါ၌ သာလျှင် ထိုအတတ်၌ လိမ္မာသည်မဟုတ်သေး၊ ရှေး၌လည်း လိမ္မာဖူးသည်သာ တည်းဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ အမတ်ဖြစ်၏။ ပုရောဟိတ်သည် အလွန်စကားများ၏။ များစွာ ဆိုတတ်၏။ ပုဏ္ဏားပြောသည်ရှိသော် တစ်ပါးကုန်သောသူတို့သည် ပြောခွင့်ကိုမရကုန်။ မင်းသည် အဘယ်အခါလျှင် ပုဏ္ဏား၏ စကားကို ဖြတ်တတ်သော တစ်စုံတစ်ခုသော အတတ်ကို ရပါအံ့နည်းဟုကြံ၏။ မင်းသည် ထိုနေ့မှစ၍ ထိုသို့သဘောရှိသော တစ်ခုသော အဘတ်ကို စုံစမ်းလျက် သွား၏။ ထိုအခါ ဗာရာဏသီပြည်၌ တစ်ယောက်သော သူဆွံ့သည် ကျောက်စရစ်ပစ် အတတ်၌ အပြီးသို့ရောက်၏။ ရွာသူသားငယ်တို့သည် ထိုသူဆွံ့ကို ရထားသို့တင်၍ ငင်ကုန်လျက် ဗာရာဏသီမြို့ တံခါးရင်း၌ တစ်ခုသောအခွနှင့် ပြည့်စုံသော ပညောင်ပင်ကြီးသည် ရှိ၏။ ထိုပညောင်ပင်သို့ ဆောင်၍ ခြံရံ၍ရွှေအစရှိသည်တို့ကိုပေး၍ ဆင်ရုပ်ကိုပြုလော မြင်းရုပ်ကိုပြုလော ဟု ဆိုကုန်၏။ ထိုသူဆွံ့သည် ကျောက်စရစ်ကို ပစ်၍ ပညောင်ရွက်ဘို့၌ အထူးထူးသော အရုပ်တို့ကိုပြု၏။ ခပ်သိမ်းသော အရွက်တို့သည် အပေါက်ကြီး အပေါက်ငယ် ရှိကုန်သည် သာလျှင် ဖြစ်ကုန်၏။

ထိုအခါ မင်းသည် ဥယျာဉ်သို့ သွားသည်ရှိသော် ထိုအရပ်သို့ ရောက်၏၊ သေအံ့သည်မှ ကြောက်သောကြောင့် ခပ်သိမ်းကုန်သော သူငယ်တို့သည် ပြေးကုန်၏၊ သူဆွံ့သည် ထိုအရပ်၌ အိပ်၏၊ မင်းသည် ပညောင်ပင်ရင်းသို့ ရောက်၍ ရထား၌နေလျက် ပညောင်ပင် ရွက်တို့၏ ပေါက်သည်၏ အဖြစ်ကြောင့် ပြောက်ကြားသော အရိပ်ကို မြင်၍ မော်၍ ကြည့်သည်ရှိသော် ခပ်သိမ်း

ကုန်သော ပသျှောင်ရွက်တို့၏ပေါက်သည်၏ အဖြစ်ကိုမြင်၍ အဘယ်သူသည် ဤသို့ ပြုအပ်သနည်းဟု မေး၏၊ အရှင်မင်းကြီး သူဆွံ့သည် ပြု၏ဟု လျှောက်သည်ရှိသော် မင်းသည် ဤသူဆွံ့ကို မှီ၍ ပုဏ္ဏားအား စကားပြတ်ခြင်းကို ပြုအံ့သောငှါ တတ်နိုင်သည် ဖြစ်လတ္တံ့ဟု ကြံ၍ ဆွံ့သည် အဘယ်မှာနည်းဟု ဆို၏၊ ရှာသည်ရှိသော် ပသျှောင်မြက်ကြား၌ အိပ်သည်ကို မြင်၍ အရှင်မင်းကြီး ဤသူတည်းဟု လျှောက်ကုန်၏၊ ထိုသူဆွံ့ကို ခေါ်စေ၍ ပရိသတ်ကို ပယ်ရှားစေ၍ ငါတို့၏အထံ၌ တစ်ယောက်သော စကားများသော ပုဏ္ဏားသည် ရှိ၏၊ ထိုပုဏ္ဏား၏ အသံမရှိသည်ကို ပြုအံ့သောငှါ တတ်နိုင် လတ္တံ့လောဟု မေး၍ အရှင်မင်းကြီး တစ်ကွမ်းစား အတိုင်းအရှည် ရှိကုန်သော ဆိတ်ချေးတို့ကို ရကုန်သည်ရှိသော် တတ်နိုင်လတ္တံ့ဟု ဆို၏။

မင်းသည် သူဆွံ့ကို နန်းတော်သို့ ဆောင်၍ တင်းတိမ်တွင်း၌ နေစေ၍ တင်းတိမ်မှ အပေါက်ဖောက်၍ ပုဏ္ဏား၏ နေရာကို အပေါက်သို့ ရှေးရှုခင်းစေ၍ တစ်ကွမ်းစား အတိုင်းအရှည် ရှိကုန်သော ခြောက်ကုန်သော ဆိတ်ချေးတို့ကို သူဆွံ့အထံ၌ ထားစေ၍ ခစားအံ့သော ကာလ၌ လာသော ပုဏ္ဏားကို နေရာ၌ နေစေ၍ ပုဏ္ဏားသည် တစ်ပါးကုန်သော သူတို့အား အခွင့်မပေးမူ၍ မင်းနှင့် တကွ စကားဆိုအံ့သောငှါ အားထုတ်၏၊ ထိုအခါ သူဆွံ့သည် တင်းတိမ် ပေါက်ဖြင့် တစ်လုံးတစ်လုံးသော ဆိတ်ချေးကို တောင်း၌ သွင်းသကဲ့သို့ ပုဏ္ဏား၏ အာစောက်၌လျှင် ချ၏၊ ပုဏ္ဏားသည် လာတိုင်း လာတိုင်းသော ဆိတ်ချေးကို ကြည်တောက်၌ ဆီကို သွင်းသကဲ့သို့ မျို၏၊ ခပ်သိမ်းကုန်သော ဆိတ်ချေးတို့သည် ကုန်ကုန်၏၊ တစ်ကွမ်းစား အတိုင်းအရှည် ရှိကုန်သော ဆိတ်ချေးတို့သည် ထိုပုဏ္ဏား၏ ဝမ်းသို့ ဝင်ကုန်လတ်သော် ပြည်ဝက် အတိုင်း အရှည် ရှိကုန်၏၊ မင်းသည် ဆိတ်ချေးကုန်သည်၏ အဖြစ်ကို သိ၍ ဆရာ သင်တို့သည် အလွန် စကားများသည်၏ အဖြစ်ကြောင့် တစ်ကွမ်းစား အတိုင်း အရှည် ရှိကုန်သော ဆိတ်ချေးတို့ကို မျိုကုန်လျက် တစ်စုံတစ်ခုမျှ မသိကုန်၊ ယခု ဤထက် အလွန်ကို ကြေစိမ့်သောငှါ မတတ်နိုင်လတ္တံ့၊ သွားလေလော၊ ငုရေကို သောက်၍ ဝမ်းကျစေ၍ ကိုယ်ကို ရောဂါမရှိသည်ကို ပြုလေလောဟု ဆို၏၊ ပုဏ္ဏားသည် ထိုနေ့မှစ၍ ပိတ်သော ခံတွင်း ရှိသကဲ့သို့ ဖြစ်၏၊ စကား ပြောသော သူနှင့်လည်း စကားမပြောသော အလေ့ရှိသည် ဖြစ်၏၊ မင်းလည်း ဤသူဆွံ့သည် ငါ၏ နားချမ်းသာခြင်းကို ပြုပေ၏ဟု သူဆွံ့အား အခွန် တစ်သိန်း ထွက်ကုန်သော အရပ် လေးမျက်နှာတို့၌ ရွာ လေးရွာတို့ကို ပေး၏၊ ဘုရား လောင်းသည် မင်းသို့ကပ်၍ အရှင်မင်းကြီး အတတ်မည်သည်ကို လောက၌ အတတ်ပညာ မည်သည်ကို သင်အပ်၏၊ သူဆွံ့သည် ကျောက်စရစ်ပစ်သော အတတ်ဖြင့်လည်း ဤစည်းစိမ်ကို ရ၏ဟု ဆိုလို၍ ဂါထာကို ရွတ်ဆို၏—

**၁၀၇။ သာဓု ခေါ သိပ္ပကံနာမ၊ အပိ ယာဒိသ ကီဒိသံ။**
**ပဿ ခဉ္ဇပ္ပဟာရေန၊ လဒ္ဓါ ဂါမာ စတုဒ္ဒိသာ။**

မြတ်သော မင်းကြီး အတတ်ပညာမည်သည်ကား မည်သည့် အတတ်ပညာ မျိုးပင် ဖြစ်သော်လည်း ကောင်းသည်သာတည်း။ ရှုကြည့်ပါလော၊ ဆွံ့သည် ဆိတ်ချေး ပစ်သဖြင့် အရပ် လေးမျက်နှာ၌ ရွာကြီး လေးရွာတို့ကို ရအပ် ကုန်ပြီ။

ဇာတ်ပေါင်း

မြတ်စွာ ဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဤရဟန်းသည် ထိုအခါ သူဆွံ့ ဖြစ်ဖူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်း ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိအမတ် ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာခုနစ်ခုမြောက်သော သာလိတ္တကဇာတ်သည် ပြီး၏။

---

## ၁၀၈။ ဗာဟိယဇာတ်

### အန္တရာယ် လွှယ်မထားနိုင် တောသူမ၏ သေသပ်လျှင်မြန်မှု

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရား သည် "သိက္ခေယျ သိက္ခိတဗ္ဗာနိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ် သော ဤဗာဟိယဇာတ်ကို ဝေသာလီပြည်ကိုမှီ၍ မဟာဝုန်၌ စုလစ်မွန်းချွန်တပ် သော ကျောင်းတော်၌ နေတော်မူစဉ် တစ်ယောက်သော လိစ္ဆဝီမင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုလိစ္ဆဝီမင်းသည် သဒ္ဓါခြင်းရှိ၏။ ဘုရားအမှူးရှိသော သံဃာကိုဖိတ်၍ မိမိ အိမ်၌ ကြီးစွာသောအလှူကို လှူ၏။ ထိုမင်း၏ မယားသည်ကား ဆူသော အင်္ဂါကြီးငယ် ရှိ၏။ ဖူးဖူးယောင်သော လူသေကောင်နှင့် တူ၏။ အသွင်အပြင်နှင့် မပြည့်စုံ။ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးသော ကိစ္စအဆုံး၌ တရား ဟော တော်မူပြီးသော် ကျောင်းတော်သို့ ကြွတော်မူ၍ ရဟန်းတို့အား အဆုံးအမကို ပေး၍ ဂန္ဓကုဋီသို့ ဝင်တော်မူ၏။ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ အလွန်အဆင်းလှသော ထိုသို့ သဘောရှိသော လိစ္ဆဝီမင်းအား စင်လျက်

ဆူသော အင်္ဂါရှိသော အသွင်အပြင်နှင့် မပြည့်စုံသော ထိုသို့ သဘောရှိသော မိန်းမသည် ဖြစ်၏။ ထိုမင်းသည် ထိုမိန်းမနှင့်တကွ အသို့လျှင် မွေ့လျော်လေသနည်းဟု စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ဤလိစ္ဆဝီမင်းသည် ယခုအခါ၌သာလျှင် ဆူသော ကိုယ်ရှိသော မိန်းမနှင့်တကွ မွေ့လျော်သည် မဟုတ်သေး။ ရှေး၌လည်း ဆူသောကိုယ် ရှိသည်သာလျှင် ဖြစ်သော မိန်းမနှင့်တကွ မွေ့လျော်ဖူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုမင်း၏ အမတ်သည် ဖြစ်၏။ ထိုအခါ တစ်ယောက်သော ဇနပုဒ်သူ မိန်းမသည် ဆူသောကိုယ်ရှိ၏။ အသွင်အပြင်နှင့် မပြည့်စုံ၊ အခစားအမှုကို ပြုလျက် မင်းရင်ပြင်၏အနီးဖြင့် သွားသည်ရှိသော် ကျုင်ကြီး နှိပ်စက်သည်ဖြစ်၍ ဝတ်သောအဝတ်ဖြင့် ကိုယ်ကိုဖုံးလွှမ်း၍ ထိုင်လျက် ကိုယ်လက် အညစ်အကြေးကို သုတ်သင်၍ လျင်စွာသာလျှင် ထ၏။

ထိုအခါ ဗာရာဏသီမင်းသည် လေသွန်ပြတင်းဖြင့် မင်းရင်ပြင်ကို ကြည့်သည်ရှိသော် ထိုမိန်းမကိုမြင်၍ ဤမိန်းမသည် ဤသို့သဘောရှိသော လွင်ပြင်၌ ကိုယ်လက် အညစ်အကြေးကို သုတ်သင်လျက် အရှက်အကြောက်ကို မစွန့်မူ၍ ဝတ်သော အဝတ်ဖြင့်လျှင် ဖုံးလွှမ်း၍ ကိုယ်လက် အညစ်အကြေးတို့ကို သုတ်သင်၍ လျင်စွာထ၏။ ဤမိန်းမသည် ရောဂါမရှိသည် ဖြစ်ရာ၏။ ဤသို့ သဘောရှိသော မိန်းမ၏ သားအိမ်သည် သန့်ရှင်းသည် ဖြစ်လတ္တံ့။ သန့်ရှင်းသော သားအိမ်၌ ရှိသော တစ်ယောက်သော သားသည် သန့်ရှင်းသည် ဘုန်းရှိသည် ဖြစ်လတ္တံ့။ ဤမိန်းမကို ငါသည် မိဖုရားကြီး ပြုခြင်းငှါ သင့်၏ဟု ကြံ၏။ မင်းသည် ထိုမိန်းမအား လင်မရှိသည်၏အဖြစ်ကိုသိ၍ ခေါ်စေပြီးလျှင် မိဖုရားကြီး အရာကိုပေး၏။ မင်းသည် ထိုမိန်းမကို ချစ်မြတ်နိုး၏။ မကြာမြင့်မီပင်လျှင် တစ်ယောက်သောသားကို ဖွား၏။ ထိုမိန်းမ၏ သားသည် စကြဝတေးမင်းဖြစ်၏။ ဘုရားလောင်းသည် ထိုမိန်းမ၏ စည်းစိမ်၏ ပြည့်စုံခြင်းကို မြင်၍ ထိုသို့ သဘောရှိသော စကားအခွင့်ကိုရ၍ ရှင်မင်းကြီး သင်အပ်သည်နှင့် ယှဉ်သော အတတ်မည်သည်ကို အဘယ့်ကြောင့် မသင်ရာသနည်း။ ဘုန်းရှိသော ဤမိန်းမသည် အရှက်အကြောက်ကို မစွန့်မူ၍ ဖုံးလွှမ်းသော အခြင်းအရာဖြင့် ကိုယ်လက်

သုတ်သင်ခြင်းကို ပြုလျက် သင်မင်းကြီးတို့ကို နှစ်သက်စေ၍ ဤသို့ သဘော ရှိသော စည်းစိမ်ကို ရ၏ဟု ဆို၍ သင်အပ်သည်နှင့် ယှဉ်သော အတတ်၏ ကျေးဇူးကို ချီးမွမ်းလိုရကား ဤဂါထာကို ရွတ်ဆို၏။

၁၀၈။ သိက္ခေယျ သိက္ခိတဗ္ဗာနိ၊ သန္တိ တစ္ဆန္ဒိနော ဇနာ။
ဗာဟိယာ ဟိ သုဟန္နေန၊ ရာဇာနမဘိရာဓယိ။

အတတ်ပညာတို့ကို သင်ရာ၏၊ ထိုအတတ်ကို သဘောကျသော လူတို့သည် ရှိကုန်၏၊ မြို့တော်မှအပ ဇနပုဒ်တောသူသည် ဖုံးလွှမ်း၍ ကိုယ်လက်သုတ်သင်မှု အတတ်ဖြင့် မင်းကို နှစ်သက်စေ၏။

ဤသို့ ဘုရားလောင်းသည် သင်အပ်သည်မည်သော အတတ်တို့၏ ကျေးဇူးကို ဆို၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ လင်မယားတို့သည် ထိုအခါ လင်မယားတို့ပင် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိ အမတ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော် မူ၏။

တစ်ရာရှစ်ခုမြောက်သော ဗာဟိယဇာတ်သည် ပြီး၏။

---

၁၀၉ ကုဏ္ဍကပူဝဇာတ်

မဟာဒုက် ဆန်ကွဲမုန့်လှူ

ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် "ယထန္နော ပုရိသော ဟောတိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤကုဏ္ဍကပူဝဇာတ်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မဟာဒုဂ္ဂတကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ ရံခါတစ်ဦးသော အမျိုးသည်သာလျှင် ဘုရားအမှူးရှိသော ရဟန်းသံဃာအား- အလှူကို လှူဒါန်း၏။ ရံခါ နှစ်ဦးသုံးဦးကုန်သော အမျိုး တို့သည် တစ်ပေါင်းတည်း ပေါင်း၍ လှူဒါန်းကုန်၏၊ ရံခါ အပေါင်းဖွဲ့သဖြင့်

လှူဒါန်း၏၊ ရံခါ ခရီးသဘောတူအားဖြင့်၎ လှူဒါန်း၏၊ ရံခါ အလုံးစုံသော မြို့သူအပေါင်းသည် ဆန္ဒတူစု၍ လှူဒါန်း၏၊ ထိုအခါ လမ်းခရီးတူအားဖြင့် လှူအပ်သော ဆွမ်းမည်သည် ဖြစ်၏။ ထိုအခါ လူတို့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူခြင်းငှါ ယာဂုကို ဆောင်ခဲ့ကုန်လော၊ ခဲဖွယ်ကို ဆောင်ခဲ့ကုန်လောဟု ဆို၏။ ထိုအခါ တစ်ယောက်သော သူတစ်ပါးတို့၏ အခစား အမှုလုပ်သော သူဆင်းရဲသည် ထိုအလှူပေးသော လမ်းခရီး၌နေလျက် ငါသည် ယာဂုကို လှူအံ့သောငှါ မတတ်နိုင်၊ ခဲဖွယ်ကိုကား လှူအံ့ဟု ကြံ၏၊ ကြံပြီး၍ သိမ်မွေ့စွာသော ဆန်ကွဲကို ထောင်း၍ ရေဖြင့်ဆွတ်၍ မရိုးရွက်ဖြင့် ထုပ်၍ ပြာပူ၌ ဖုတ်၍ ဤမုန့်ကို ဘုရားအား လှူအံ့ဟု ထိုမုန့်ကိုယူလျက် သွား၍ ဘုရားအထံတော်၌ ရပ်၏၊ ခဲဖွယ်ယူခဲ့ကြကုန်လောဟု တစ်ခွန်းတည်းသော စကားကို ဆိုကာမျှ၌ ခပ်သိမ်းသော သူတို့၏ ရှေးဦးစွာ သွား၍ ထိုမုန့်ကို ဘုရားရှင် သပိတ်တော်၌ တည်စေ၍ နေ၏။

သဗ္ဗညု မြတ်စွာဘုရားသည် တစ်ပါးသော သူတို့သည် လှူအပ်သော ခဲဖွယ်ကို မယူမူ၍ ထိုမုန့်ခဲဖွယ်ကိုသာလျှင် ဘုဉ်းပေးတော်မူ၏၊ ထိုခဏ၌လျှင် သဗ္ဗညုမြတ်စွာဘုရားသည် မဟာဒုဂ္ဂတ၏ ဆန်ကွဲမုန့် ခဲဖွယ်ကို စက်ဆုပ်တော်မမူဘဲ အမြိုက်သုဓာဘုတ်ကဲ့သို ဘုဉ်းပေးတော်မူ၏ဟု မြို့အလုံးသည် တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက် ဖြစ်၏၊ မင်း၏ အမတ် အစရှိကုန်သော အယုတ်သဖြင့် တံခါးစောင့်တို့ကို အစပြု၍ အလုံးစုံသော သူတို့သည်လျှင် စည်းဝေးကုန်လျက် မြတ်စွာဘုရားကို ရှိခိုးကုန်၍ မဟာဒုဂ္ဂတသို့ ဆည်းကပ်ကုန်လျက် အချင်း မဟာဒုဂ္ဂတ တစ်ရာယူ၍ နှစ်ရာယူ၍ ငါတို့အား အဖိုကို ဝေလောဟု ဆိုကြကုန်၏၊ မဟာဒုဂ္ဂတသည် ဘုရားရှင်ကို မေးလျှောက်၍ သိအံ့ဟု ဘုရားအထံတော်သို့ လာ၍ ထိုအကြောင်းကို လျှောက်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် သီတင်းသည် ဥစ္စာကိုယူ၍လည်းကောင်း၊ မယူမူ၍လည်းကောင်း ခပ်သိမ်းသော သူတို့အား အဖိုကို ဝေလောဟု မိန့်တော်မူ၍ မဟာဒုဂ္ဂတသည် ဥစ္စာကို ယူအံ့သောငှါ အားထုတ်၏၊ လူတို့သည် နှစ်ဆ လေးဆ အစရှိသည်တို့၏ အစွမ်းအားဖြင့် ပေးကုန်လျက် ရွှေကုံးကုဋေတို့ကို ပေးကြကုန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် အနုမောဒနာ ပြုပြီးသော် ကျောင်းတော်သို့သွား၍ ရဟန်းတို့သည် ဝတ်ပြုပြီးသော် ဘုရားတို့၏ အဆုံးအမကို ပေးတော်မူ၍ ဂန္ဓကုဋိသို့ ဝင်တော်မူ၏။

မင်းသည် ညချမ်းသောအခါ၌ မဟာဒုဂ္ဂတကို ခေါ်၍ သူဌေးအရာဖြင့် ပူဇော်၏၊ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ သဗ္ဗညုမြတ်စွာဘုရားသည် မဟာဒုဂ္ဂတသည် လှူအပ်သော မုန့်ခဲဖွယ်ကို မစက်မဆုပ် အမြိုက်သုဓာဘုတ်ကဲ့သို ဘုဉ်းပေးတော်မူ၏၊ မဟာဒုဂ္ဂတသည်လည်း များစွာသော ဥစ္စာကိုလည်းကောင်း၊ သူဌေးအရာကို လည်းကောင်း ရ၍ ကြီးစွာသော စည်းစိမ်သို့

ရောက်လေ၏ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ် စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ငါသည် မဟာဒုဂ္ဂတ၏ ဆန်ကွဲမုန့်ကို မစက်ဆုပ်သဖြင့် ဘုဉ်းပေးတော်မူသည် မဟုတ်သေး။ ရှေး၌လည်း ရုက္ခစိုးနတ်ဖြစ်၍ သုံးဆောင်ဖူး သလျှင်ကတည်း။ ထိုအခါ၌လည်း မဟာဒုဂ္ဂတသည် ငါ့ကို မှီ၍ သူဌေးအရာကို ရဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုလတ်သည်ရှိသော် ဘုရားလောင်းသည် တစ်ခုသောအရပ်ဝယ် ကြက်ဆူပင်စောင့် ရုက္ခစိုးနတ် ဖြစ်၏။ ထိုအခါ ရွာ၌ လူတို့သည် နတ်တို့ကို ကိုးကွယ်ကုန်၏။ ထိုအခါ တစ်ခုသော ပွဲသဘင်သည် ရောက်လတ်သည်ရှိသော် လူတို့သည် မိမိတို့၏ ရုက္ခစိုးနတ်တို့အား ပူဇော်ခြင်းကို ပြုကုန်၏။ ထိုအခါ ဆင်းရဲစွာသော လူတစ်ယောက်သည် ရုက္ခစိုးနတ်တို့အား ပူဇော်ကုန်သော လူတို့ကို မြင်၍ တစ်ခုသော ကြက်ဆူပင်ကို သုတ်သင်၍ ပူဇော်၏။ လူတို့သည် မိမိ, မိမိတို့၏ နတ်တို့အား အထူးထူး အပြားပြား ရှိကုန်သော ပန်းနံ့သာ နံ့သာပျောင်းတို့ကို လည်းကောင်း၊ ခဲဖွယ်ဘောဇဉ်တို့ကို လည်းကောင်း ယူ၍ သွားကုန်၏၊ ထိုသူဆင်းရဲသည်ကား ဆန်ကွဲမုန့်ကိုလည်းကောင်း၊ ရေမှုတ်ဖြင့် ရေကိုလည်းကောင်း ယူလျက်သွား၍ ကြက်ဆူပင်၏ အနီး၌ ရပ်၍ နတ်တို့မည်သည်ကား နတ်ခဲဖွယ်ကိုသာ စားကုန်၏။ ငါ၏နတ်သည် ဆန်ကွဲမုန့်ကို မစားလတ္တံ့။ ဤဆန်ကွဲမုန့်ဖြင့် အဘယ်ပြုအံ့နည်း။ နတ်မင်းအား ငါမပေးပြီ။ ငါသည်ပင် ဆန်ကွဲမုန့်ကို စားအံ့ဟု ကြံ၏။ ကြံပြီး၍ ထိုအရပ်မှလျှင် ပြန်လည်၏။ ဘုရားလောင်းသည် ကြက်ဆူပင်ခွ၌ရပ်၍ အိုယောကျ်ား သင်သည် အကယ်၍ စည်းစိမ်ရှင် ဖြစ်ငြားအံ့၊ ငါ့အား ကောင်းသော ခဲဖွယ်ကို ပေးရာ၏။ သင်သည်ကား ဆင်းရဲ၏။ ငါသည် မုန့်ကို မစားမူ၍ တစ်ပါးသော ခဲဖွယ်ကို အဘယ့်ကြောင့် စားအံ့နည်း ငါ၏အဖို့ကို မပျက်စီးစေလင့်ဟု ဆိုလို၍ ဂါထာကို ရွတ်ဆို၏—

၁၀၉။ ယထန္နော ပုရိသော ဟောတိ၊
　　တထန္နာ တဿ ဒေဝတာ။
　　အာဟရေတံ ကုဏ္ဍပူဝံ၊
　　မာ မေ ဘာဂံ ဝိနာသယ။

အို-ယောကျ်ား နတ်ကို ကိုးကွယ်သော ယောကျ်ားစားသော အာဟာရကို ထိုနတ်သည် စား၏၊ သင်၏ ဤဆန်ကွဲမုန့်ကို ယူခဲ့လော့၊ ငါ့အဖို့ကို မဖျက်စီးပါလင့်။

ထိုဆင်းရဲစွာသော ယောကျ်ားသည် ပြန်လျက် ဘုရားလောင်းကို ကြည့်၍ ပူဇော်ခြင်းကို ပြု၏။ ဘုရားလောင်းသည် ဆန်ကွဲမုန့်မှ သြဇာကို စား၍ အို-ယောကျ်ား အဘယ်အကျိုးငှါ ငါ့ကို လုပ်ကျွေးသနည်းဟု မေး၏။ အရှင် အကျွန်ုပ်သည် ဆင်းရဲ၏။ အရှင်နတ်မင်းကို မှီ၍ ဆင်းရဲသော အဖြစ်မှ လွတ်လို၏၊ ထိုကြောင့် ရှင်နတ်မင်းကို လုပ်ကျွေး၏ဟု ဆို၏။ အိုယောကျ်ား သင်မစိုးရိမ်လင့်။ သင်သည် ကျေးဇူးကို သိတတ်သော ကျေးဇူးကိုဆပ်တတ်သော ငါ့အား ပူဇော်ခြင်းကို ပြုအပ်၏။ ဤကြက်ဆူပင်ကို ရံ၍ ရွှေအိုးတို့သည် လည်ခြင်းထိ၍ တည်ကုန်၏။ သင်သည် မင်းအား ကြားလျှောက်၍ လှည်းတို့ဖြင့် ဥစ္စာကို ဆောင်စေ၍ မင်းရင်ပြင်၌ စုပုံလော့။ မင်းသည် သင့်အား နှစ်သက်၍ သူဌေးအရာကို ပေးလတ္တံ့ဟု ဆို၍ ဘုရားလောင်းသည် ကွယ်၏။ ထိုသူဆင်းရဲသည် ဘုရားလောင်းဆိုတိုင်း ပြု၏။ မင်းသည်လည်း သူဆင်းရဲအား သူဌေးအရာကို ပေး၏။ ဤသို့ သူဆင်းရဲသည် ဘုရားလောင်းကို မှီ၍ ကြီးစွာသော စည်းစိမ်သို့ ရောက်၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ သူဆင်းရဲသည်လျှင် ထိုအခါ သူဆင်းရဲဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ကြက်ဆူပင်စောင့်နတ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာကိုးခုမြောက်သော ကုဏ္ဍပူဝဇာတ်သည် ပြီး၏။

---

## ၁၁၀ — သဗ္ဗသံဟာရကပဥှဇာတ်

### မဟောသဓာ လည်ရွှတရား စီရင်ခဏ်း

### ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထု

"သဗ္ဗသံဟာရကော နတ္ထိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသဗ္ဗသံဟာရကပဥှ ဇာတ်သည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဥမင်္ဂဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။ ဂါထာကား ဤသို့တည်း—

**၁၁၀။ သဗ္ဗသံဟာရကော နတ္ထိ၊ သုဒ္ဓံ ကင်္ဂု ပဝါယတိ။**
**အလိကံ ဘာသတိ ယံ ဓုတ္တိ၊ သစ္စမာဟ မဟလ္လိကာ။**

ပညာရှိ သုခမိန်၊ သဗ္ဗသံကာရမည်သော နံ့သာပေါင်းစုံ အနံ့သည်မရှိ၊ ဆေးမျိုးအဝင်အပါ ဥပါသကာမြစ် အနံ့သည်သာလျှင် လှိုင်၏၊ ဤခိုးစားတတ်သော မိန်းမငယ်သည် မမှန်သော စကားကို ဆို၏၊ ဤမိန်းမကြီးသည် အမှန်စကားကိုဆို၏။

[အလုံးစုံသော နံ့သာပေါင်းတို့ကို ပေါင်းစု၍ ပြုအပ်သော နံ့သာကို သဗ္ဗသံဟာရကနံ့သာခေါ်သည် ဟူ၍မှတ်]

တစ်ရာတစ်ဆယ်ခုမြောက်သော သဗ္ဗသံဟာရကပဥှ

ဇာတ်သည် ပြီး၏။

---

## ၁၂—ဟံစိဝဂ်

## ၁၁၁—ဂဒြဘပဥ္စဇာတ်

မြည်းပြဿနာ ဖြေဆိုခြင်း

အဖထက် သားကမြတ်ခြင်း

ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထု

"ဟံစိ တုဝံ ဝေမညာသိ" ဤသို့ အစရှိသော ဂါထာပုဒ်ဖြင့် ဇာတ်ဆာဆင်အပ်သော ဤဂဒြဘပဥ္စဇာတ်သည် မဟာဥမင်ဇာတ်၌ ထင်စွာဖြစ်လတ္တံ့။ ဂါထာကား ဤသို့တည်း–

**၁၁၁။ ဟံစိ တုဝံ ဝေမညသိ သေယျော။**
**ပုတ္တေန ပိတာတိ ရာဇသေဋ္ဌ။**
**ဟန္ဒဿ တရဿ တေ အယံ။**
**အဿတရဿ ဟိ ဂဒြဘော ပိတာ။**

မင်းမြတ် သင်မင်းမြတ်သည် သားထက် ဖခင်က မြတ်၏ဟု အငယ်၍ မှတ်ထင်တော်မူ၏။ ယခု သင်၏ အဿတိုရ်မြင်းထက် ဤသာမာန်မြင်းသည် မြတ်သလော။ အဘယ့်ကြောင့် ဤသို့ ပြန်မေးသနည်းဟူမူ ဤသာမန်မြင်းသည် အဿတိုရ်မြင်း၏ အဖဖြစ်သောကြောင့်တည်း။

[ဤဂါထာ၏ ပဌမပါဒ၏ အစ၌ ဟံစိဟု တာလုဇပဌမက္ခရာနှင့် ရှိရမည်၊ ထို့ကြောင့် အဋ္ဌကထာ၌ ဟံစိကို ယဒိဟုဖွင့်ပြ၏။ ဟံစိနှင့် ယဒိကား အနက်တူ၏]

တစ်ရာတစ်ဆယ်တစ်ခုမြောက်သော ဂဒြဘပဥှဇာတ်သည် ပြီး၏။

---

## ၁၁၂—အမရာဒေဝီပဥှဇာတ်

### အမရာဒေဝီနှင့် မဟောသဓာ ပညာစမ်းခြင်း

### ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထု

"ယေန သတ္တု ဗိလင်္ဂါ စ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအမရာဒေဝီပဥှဇာတ်သည်လည်း ထိုမဟာဥမင်္ဂဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။ ဂါထာကား ဤသို့တည်း—

၁၁၂။ ယေန သတ္တု ဗိလင်္ဂါ စ၊ ဒိဂုဏပလာသော စ ပုပ္ဖိတော။
ယေန ဒဒါမိ တေန ဝဒါမိ၊ ယေန န ဒဒါမိ န တေန ဝဒါမိ။
ဧသမဂ္ဂေါ ယဝမဇ္ဈကဿ၊ ဧတံ ဆန္နပထံ ဝိဇာနာဟိ။

အရှင် မုန့်လုံးဈေး, ပအုံးရည်ဈေးနှင့် အရွက်နှစ်ဆင့်ရှိ၍ ပွင့်သော ပင်လယ်ကသစ်ပင် ရှိသော အရပ်သို့ သွားပါလော၊ ပေးသောလက်ဖြင့် ဆို၏၊ မပေးသော လက်ဖြင့် မဆို၊ ဤသည်သာလျှင် ယဝ မဇ္ဈကရွာ၌ ရှိသော ငါတို့ အိမ်လမ်းတည်း၊ လျှို့ဝှက်၍ ဆိုသော ဤလမ်းကို သိလော။

တစ်ရာတစ်ဆယ့်နှစ်ခုမြောက်သော အမရာဒေဝီပဥှဇာတ်သည် ပြီး၏။

---

## ၁၁၃။ သိင်္ဂါလဇာတ်

### လည်သူ စားတမ်း အသူ ခံတမ်း လောဘကြီးသူ အလိမ်ခံရ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "သဒ္ဒဟာသိ သိင်္ဂါလဿ" အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသိင်္ဂါလဇာတ်ကို ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကုန်၍ ငါ့ရှင်တို့ ဒေဝဒတ်သည် ငါးရာကုန်သော ရဟန်းတို့ကိုယူ၍ ဂယာသီသသို့သွား၍ အကြင်အကျင့်ကို ရဟန်းဂေါတမသည် ကျင့်၏၊ ထိုအကျင့်သည် တရားမဟုတ်၊ အကြင်အကျင့်ကို ငါသည် ကျင့်၏၊ ထိုအကျင့်သည်သာလျှင် တရားဟုတ်၏ဟု ထိုငါးရာကုန်သော ရဟန်းတို့ကို မိမိအယူကို ယူစေ၍ ထိုဒေဝဒတ်သည် အကြောင်းအားလျော်သော မုသားကိုဆို၍ တသိမ်တည်း၌ နှစ်ခုကုန်သော ဥပုသ်တို့ကို ပြုကုန်၏ဟု ဒေဝဒတ်၏ ကျေးဇူးမဲ့ဖြစ်သော စကားကို ဆိုကုန်လျက် နေကုန်၏၊ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် မုသားဆိုလေ့ရှိသည် မဟုတ်သေး၊ ရှေး၌လည်း မုသားဆိုလေ့ ရှိသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သုသာန်တော၌ ရုက္ခစိုးနတ်၏ အဖြစ်ဖြင့်ဖြစ်၏၊ ထိုအခါ ဗာရာဏသီပြည်၌ နက္ခတ်ပွဲသဘင်ကို ကြွေးကြော်အပ်၏၊ လူတို့သည် နက္ခတ်တို့အား ပူဇော်သောအမှုသို့ ပြုကုန်အံ့ဟု ထိုထိုရီးရေလးဆုံ ခရီးလမ်းမ အစရှိသည်တို့၌ ငါး အမဲ အစရှိသည်တို့ကို ဖရိုဖရဲ ကြဲကုန်လျက် အိုးခင်းငယ်တို့၌ များစွာသော သေကို ထားကုန်၏၊ ထိုအခါ တစ်ခုသော မြေခွေးသည် သန်းခေါင်ယံအခါ၌ ပြွန်ပေါက်ဖြင့် မြို့သို့ဝင်၍ ငါးအမဲကို စား၍ သေကို သောက်၍ တစ်ဖန် ချုံကြားသို့ ဝင်၍ အရုဏ်တက်သည် တိုင်အောင် အိပ်ပျော်ခြင်းသို့ ရောက်၏၊ ထိုမြေခွေးသည် နိုး၍ အလင်းကို မြင်လျှင် ယခု ထွက်အံ့သောငှါ မတတ်ကောင်းဟု ခရီးအနီးသို့ သွား၍ မထင်ရှားသော ကိုယ်ရှိသည်ဖြစ်၍ ဝပ်လျက် တစ်ပါးသောသူကို မြင်၍ တစ်စုံတစ်ခုသော စကားကို မဆိုမူ၍ တစ်ယောက်သော မျက်နှာသစ်အံ့သောငှါ လာသော ပုဏ္ဏားကို မြင်၍ ပုဏ္ဏားမည်သည်ကား ဥစ္စာ၌ တပ်မက်မောကုန်၏၊ ဤပုဏ္ဏားကို ဥစ္စာဖြင့် ဖြားယောင်း၍ အကြင်အခြင်းဖြင့် ငါ့ကို လက်ကတီးကြား၌ ထား၍ မြို့မှထုတ်၏၊ ထိုအခြင်းဖြင့် ပြုအံ့ဟု ကြံ၏၊ ကြံပြီး၍ မြေခွေးသည် လူ၏ဘာသာဖြင့် ပုဏ္ဏားဟု ခေါ်၏၊ ပုဏ္ဏားသည် ပြန်၍ ငါ့ကို အဘယ်သူသည် ခေါ်သနည်းဟု မေး၏၊ ပုဏ္ဏား ငါခေါ်သည်ဟု ဆို၏၊ အဘယ့်ကြောင့် ခေါ်သနည်းဟု မေး၏၊ ပုဏ္ဏား ငါ့အား နှစ်ရာကုန်သော ငွေအသပြာတို့သည် ရှိကုန်၏။

ငါ့ကို လက်ကတီးကြား၌ ထား၍ ကိုယ်ရှိ ပုဆိုးဖြင့် ဖုံးလွှမ်း၍ အကြင် အခြင်းဖြင့် တစ်စုံတစ်ယောက်သော သူသည်မမြင် ထိုအခြင်းဖြင့် မြို့မှ ထုတ်အံ့သောငါ့ အကယ်၍ တတ်နိုင်အံ့၊ သင့်အား ထိုနှစ်ရာကုန်သော ငွေ အသပြာတို့ကို ပေးအံ့ဟု ဆို၏။ ထိုပုဏ္ဏားသည် ဥစ္စာ၌ တပ်မက်မောခြင်း ကြောင့် ကောင်းပြီဟု ဝန်ခံ၍ ထိုမြွေခွေး ဆိုတိုင်းပြု၍ ယူပြီးသော် မြို့မှ ထွက်၍ အတန်ငယ် သွား၏။ ထိုအခါ ပုဏ္ဏားကို မြွေခွေးသည် ပုဏ္ဏား အဘယ်အရပ်နည်းဟု မေး၏။ ဤမည်သော အရပ်တည်းဟု ပုဏ္ဏား ဆိုသည် ရှိသော် တစ်ပါးသော အရပ်သို့ အတန်ငယ် သွားဦးလောဟု ဆို၏။ ဤသို့ အဖန်တလဲလဲ ဆိုလျက် သုသာန်သို့ရောက်၍ ဤသုသာန်မ၌ ငါ့ကို ချလောဟု ဆို၍။ သုသာန်မ၌ မြွေခွေးကိုချ၏။ မြွေခွေးသည် ပုဏ္ဏား-ကိုယ်ရှိပုဆိုးဖြူကို ဖြန့်လောဟုဆို၏။ ပုဏ္ဏားသည် ဥစ္စာ၌ တပ်မက်မောသဖြင့် ဖြန့်၏။ ထိုအခါ ပုဏ္ဏားကို ဤသစ်ပင်ရင်း၌ တူးလေလောဟု မြေကိုတူးခြင်း၌ ယှဉ်စေ၍ ပုဏ္ဏား၏ ကိုယ်ရှိပုဆိုးသို့ တက်၍ လေးထောင့်၌လည်းကောင်း, အလယ်၌ လည်းကောင်း, ဤငါးဌာနတို့၌ ကျင်ကြီးကျင်ငယ်တို့ကို စွန့်၍ လိမ်းကျံစေ၍ လည်းကောင်း, စွတ်စေ၍ လည်းကောင်း သုသာန်တောသို့ ဝင်၏။ ဘုရား လောင်းသည် သစ်ပင်ခွ၌ရပ်၍ ဤဂါထာကို ဆို၏—

၁၁၃။ သဒ္ဒဟာသိ သိင်္ဂါလဿ၊ သုရာပီတဿ ဗြာဟ္မဏ။
သိပ္ပိကာနံ သတံ နတ္ထိ၊ ကုတော ကံသ သတာ ဒုဝေ။

ပုဏ္ဏား သေသောက်သော မြွေခွေး၏စကားကို သင်သည် ယုံကြည် သလော၊ ထိုမြွေခွေးအား ယောက်သွား တစ်ရာသော်မှ မရှိဘဲလျက် အဘယ်မှာ အသပြာနှစ်ရာ ရှိပါမည်နည်း။

ဘုရားလောင်းသည် ဤဂါထာဖြင့်ဆို၍ ပုဏ္ဏားသွားလေ သင်၏ ပုဆိုးကို လျှော်၍ ရေချိုး၍ မိမိအမှုကို ပြုလေလောဟုဆို၍ ကွယ်၏။ ပုဏ္ဏားသည် ရက္ခစိုး နတ် ဆိုတိုင်းပြု၍ ငါ့ကို လှည့်စားသည်ဖြစ်ပြီဟု နှလုံးမသာယာခြင်းသို့ ရောက်သည်ဖြစ်၍ ဖဲ၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ် သည် ထိုအခါ မြွေခွေးဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရက္ခစိုးနတ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာ့ဘစ်ဆယ့်သုံးခုမြောက်သော သိင်္ဂါလဇာတ်သည် ပြီး၏။

# ၁၁၄-မိတ္တစိန္တိဇာတ်

## မိတ်ဆွေစစ် မိတ်ဆွေမှန်
## အပျင်းထူလျှင် ရန်သူ့လက်ရောက်

### ပစ္စုပ္ပန်ဝတ္ထု

နှတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဗဟုစိန္တီ အပ္ပစိန္တီ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမိတ္တစိန္တိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် နှစ်ယောက်ကုန်သော အသက်ကြီးကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုနှစ်ယောက်ကုန်သော ရဟန်းကြီးတို့သည် ဇနပုဒ်၌ တစ်ခုသော တောကျောင်း၌ ဝါဆိုကုန်ပြီး၍ မြတ်စွာဘုရားအား ဖူးမြင်အံ့သောငှါ သွားအံ့ဟု ရိက္ခာကို စီရင်ကုန်၍ ယနေ့ သွားကုန်အံ့၊ နက်ဖြန် သွားကုန်အံ့ဟု တစ်လကို လွန်စေ၍ တစ်ဖန် ရိက္ခာကို စီရင်ကုန်၍ ထိုအတူလျှင် တစ်လကို လွန်စေကုန်၏။ ဤသို့လျှင် မိမိတို့၏ ပျင်းရိသည်၏ အဖြစ်ကြောင့်လည်းကောင်း, နေရာအရပ်၌ တပ်စွန်းသည်၏ အဖြစ်ကြောင့် လည်းကောင်း သုံးလတို့ကိုလွန်၍ ထိုဇနပုဒ်မှ ထွက်၍ ဇေတဝန်ကျောင်းတော်သို့ သွား၍ အကျွမ်းဝင်ရာ၌ သပိတ် သင်္ကန်းကို သိုမှီး၍ မြတ်စွာဘုရားကို ဖူးမြင်ကုန်၏။ ထိုအခါ ထိုရဟန်းတို့ကို ရဟန်းတို့သည် ငါ့ရှင်တို့ မြတ်စွာဘုရားကို ခစားခြင်းကို မပြုကုန်သော သင်တို့သည် ကြာမြင့်စွာ၏။ အဘယ့်ကြောင့် ဤသို့ ကြာမြင့်ကုန်သနည်းဟု မေးကြကုန်၏။ ထိုရဟန်းတို့သည် ထိုအကြောင်းကို ကြားကုန်၏။

ထိုအခါ ထိုရဟန်းတို့၏ ပျင်းရိသည်၏ အဖြစ်သည် ရဟန်းသံဃာ၌ ထင်ရှားသည် ဖြစ်၏။ တရားသဘင်၌လည်း ထိုရဟန်းကြီးတို့၏ ပျင်းရိသည်၏ အဖြစ်ကိုလျှင် မှီ၍ စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ထိုရဟန်းတို့ကို ခေါ်စေ၍ ရဟန်းတို့ သင်တို့သည် ပျင်းရိကုန်သတတ် ဟူသည် မှန်ကန်သလောဟု မေးတော်မူလတ်၍ အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌ သာလျှင် ထိုရဟန်းတို့သည် ပျင်းရိသည် မဟုတ်သေး၊ ရှေး၌လည်း ပျင်းရိကုန်၏ဟု နေရာ၌လည်း တပ်စွန်းကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဗာရာဏသီ မြစ်နား၌ ငါးသုံးကောင်တို့သည် ရှိကုန်၏။ ထိုငါးသုံးကောင်တို့တွင် တစ်ကောင်ကား မိတစိန္တီ မည်၏၊ တစ်ကောင်ကား ဗဟုစိန္တီ မည်၏၊ တစ်ကောင်ကား အပ္ပစိန္တီ မည်၏၊ ထိုငါးသုံးကောင်တို့သည် တောမှ လူ့ပြည်သို့ လာကုန်၏၊ ထိုငါးသုံးကောင်တို့တွင် မိတစိန္တီငါးသည် တစ်ပါးကုန်သော နှစ်ကောင်ကုန်သော ဗဟုစိန္တီ အပ္ပစိန္တီ ငါးတို့ကို ဤလူ့ပြည်မည်သည်ကား ရွံ့ရှာဖွယ်ရှိ၏၊ ဘေးကုမ်းရှိ၏၊ တံငါတို့သည် ကွန်မြှုံး အစရှိသည်တို့ကို ပစ်၍ ငါးတို့ကို ဖမ်းကုန်၏။ ငါးတို့သည် တော၌သာလျှင် နေကုန်အံ့ဟု ဆိုပေ၏။ ဤမှ တစ်ပါးကုန်သော ငါးနှစ်ကောင်တို့သည် ပျင်းရိသည်၏ အဖြစ်ကြောင့် လည်းကောင်း, အာမိသ၌ တပ်စွန်းခြင်းကြောင့် လည်းကောင်း ယနေ့ သွားကုန်အံ့၊ နက်ဖန် သွားကုန်အံ့ဟု ဆို၍ သုံးလတို့ကို လွန်စေကုန်၏။

ထိုအခါ တံငါတို့သည် မြစ်၌ ကွန်တို့ကို ပစ်ကုန်၏၊ ဗဟုစိန္တီ အပ္ပစိန္တီ ငါးတို့သည် အစာကို ယူကုန်လျက် ရှေ့မှသွားကုန်၏၊ ထိုငါးတို့သည် မိမိတို့၏ အလွန်မိုက်သည်၏ အဖြစ်ကြောင့် ကွန်နံ့ကို မမှတ်ကုန်မူ၍ ကွန်ဝမ်းသို့ ဝင်ကုန်၏။ မိတစိန္တီငါးသည် နောက်မှ သွားသည်ရှိသော် ကွန်နံ့ကိုသိ၍ ထိုငါးတို့၏ ကွန်ဝမ်းသို့ ဝင်သည်၏ အဖြစ်ကိုသိ၍ ပျင်းရိကုန်သော ငါးတို့အား အသက်ကို ပေးအံ့ဟုကြံ၍ ကွန်၏ အပဖြစ်သော နံပါးအနားဖြင့် ကွန်ဝမ်းတည်ရာ အရပ်သို့ သွား၍ ကွန်ဝမ်းကိုခွဲ၍ ထွက်သည်နှင့်တူစွာ ရေကို နှောက်နယ်၍ ကွန်၏ ရှေ့မှကျ၍ တစ်ဖန် ကွန်ဝမ်းသို့ဝင်၍ နောက်အဖို့ဖြင့်ခွဲ၍ ထွက်သည်နှင့် တူစွာရေကို နှောက်နယ်၍ နောက်အဖို့၌ ကျ၏။ တံငါတို့သည် ငါးတို့သည် ကွန်ကိုခွဲ၍ သွားကုန်ပြီဟု ထင်မှတ်၍ ကွန်စွန်း၌ ကိုင်၍ ချီကုန်၏။ ထိုဗဟုစိန္တီ အပ္ပစိန္တီ ငါးနှစ်ကောင်တို့သည် လည်း ကွန်မှလွတ်ကုန်၍ ရေ၌ ကျကုန်၏။ ထိုငါးနှစ်ကောင်တို့သည် မိတစိန္တီ ငါးကိုမှီ၍ အသက်ကိုရကုန်၏။ မြတ်စွာဘုရားသည် ဤအတိတ်ကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူ၍ ဤဂါထာကို ဟောတော်မူ၏—

၁၁၄။ ဗဟုစိန္တိ အပ္ပစိန္တိ၊ ဥဘော ဇာလေ အဗဇ္ဈရေ။
မိတစိန္တိ ပမောစေသိ၊ ဥဘော တတ္ထ သမာဂတာ။

ရဟန်းတို့ ဗဟုစိန္တီ, အပ္ပစိန္တီ မည်သော ငါးနှစ်ကောင်တို့သည် ပိုက်ကွန်၌ မိကုန်၏။ မိတစိန္တီငါးသည် လွတ်မြောက်စေသောအခါ ထိုငါးနှစ်ကောင်တို့သည် မိတစိန္တီ ငါးနှင့် ရေထဲ၌ပင် ပြန်လည်ပေါင်းမိကြကုန်၏။

## ဇာတ်ပေါင်း

ဤသို့ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာကို ပြသည်၏အဆုံး၌ အသက်ကြီးကုန်သော ရဟန်းတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ရဟန်းကြီးနှစ်ယောက်တို့သည် ထိုအခါ ဗဟုစိန္တိငှါး အပ္ပစိန္တိငှါးတို့သည် ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မိတစိန္တိငှါး ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာ့တစ်ဆယ့်လေးခုမြောက်သော မိတစိန္တိဇာတ်သည် ပြီး၏။

## ၁၁၅-အနုသာသိကဇာတ်

### အပြောတစ်မျိုး အလုပ်တစ်မျိုး

### သူတစ်ပါးကိုသာ ဆုံးမ၍ မိမိကား မကျင့်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် ယာ့ယဿေ မနုသာ သတိ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအနုသာသိကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော ဆုံးမတတ်သော ရဟန်းမိန်းမကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းမိန်းမသည် သာဝတ္ထိပြည်၌ နေသော တစ်ယောက်သော အမျိုးသမီးသည် ဖြစ်သတတ်။ ထိုအမျိုးသမီးသည် ရဟန်းပြု၍ ပဥ္စင်းဖြစ်သော ကာလမှ စ၍ ရဟန်းတချားတို့၌ လုံ့လမပြု။ အာမိသ၌ တပ်မက်မောသည်ဖြစ်၍ အကြင်အရပ်၌ တစ်ပါးသော ရဟန်းမိန်းမတို့သည် မသွားကုန်။ ထိုသို့ သဘောရှိသော မြို့၏ တစ်ခုသော အရပ်၌ ဆွမ်းအလို့ငှါ သွား၏။ ထိုအခါ ထိုရဟန်းမိန်းမအား လူတို့သည် မြတ်သော ဆွမ်းကို လှူကုန်၏၊ ထိုရဟန်းမိန်းမသည် ရသတဏှာဖြင့် ဖွဲ့အပ်ကုန်သည် ဖြစ်၍ ဤအရပ်၌ တစ်ပါးကုန်သော ရဟန်းမိန်းမတို့သည် ဆွမ်းအလို့ငှါ အကယ်၍ သွားကုန်လတ္တံ့။ ငါ့အား လာဘ်ယုတ်သည် ဖြစ်လတ္တံ့။ အကြင်အခြင်းဖြင့် ထိုအရပ်သို့ တစ်ပါးကုန်သော ရဟန်းမိန်းမတို့သည် မသွားကုန်။ ထိုအခြင်းဖြင့် ငါသည် ပြုခြင်းငှါ သင့်၏ဟု ကြံ၍ ရဟန်းမိန်းမတို့၏ ကျောင်းသို့ သွား၍ ရှင်မတို့ ဤမည်သော အရပ်၌

ကြမ်းသော ဆင်သည်လည်းကောင်း၊ ကြမ်းသော မြင်းသည်လည်းကောင်း၊ ကြမ်းသော ဆိတ်သည်လည်းကောင်း၊ ကြမ်းသော ခွေးသည်လည်းကောင်း၊ သွား၏။ ဘေးဘျမ်းရှိသော အရပ်တည်း။ ထိုအရပ်သို့ ဆွမ်းအလို့ငှါ မသွားကြကုန်လင့်ဟု ရဟန်းမိန်းမတို့ကို ဆုံးမ၏။

ထိုရဟန်းမိန်းမ၏စကားကို ကြား၍ တစ်ယောက်သော ရဟန်းမိန်းမမျှလည်း ထိုအရပ်ကို လည်ကိုပြန်၍ မကြည့်။ တစ်နေ့သ၌ ဆွမ်းအလို့ငှါ သွားသည်ရှိသော် လျင်မြန်စွာ အိမ်သို့ ဝင်သော ထိုရဟန်းမိန်းမ၏ ပေါင်ရိုးတို့ကို ကြမ်းသော ဆိတ်သည် ခတ်၍ ကျိုးစေ၏။ လူတို့သည် လျင်စွာပြေးလာ၍ နှစ်ပိုင်းပြတ်သော ပေါင်ရိုးကို တစ်စပ်တည်း ဖွဲ့၍ ထိုရဟန်းမိန်းမကို ညောင်စောင်းဖြင့် ယူ၍ ရဟန်းမိန်းမတို့၏ ကျောင်းသို့ ဆောင်ကုန်၏။ ရဟန်းမိန်းမတို့သည် ဤရဟန်းမိန်းမသည် တစ်ပါးကုန်သော ရဟန်းမိန်းမတို့ကို ဆုံးမ၍ မိမိသည် ထိုအရပ်သို့ သွားလျက် ပေါင်ရိုးတို့ကို ချိုး၍ လာ၏ဟု ပြက်ရယ် ပြုကုန်၏။ ထိုရဟန်းမိန်းမ၏ ထိုသို့ ပြုသော အကြောင်းသည် မကြာမြင့်မီလျှင် ရဟန်းသံဃာ၌ ထင်ရှားသည် ဖြစ်၏။ ထိုအခါ တစ်နေ့သ၌ တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့ ဆုံးမတတ်သော ရဟန်းမိန်းမသည်လည်း တစ်ပါးကုန်သော ရဟန်းမိန်းမတို့ကို ဆုံးမ၍ မိမိသည် ထိုအရပ်၌ သွားသည်ရှိသော် ကြမ်းသော ဆိတ်သည် ပေါင်ရိုးကို ကျိုးစေ၏ဟု ထိုရဟန်းမိန်းမ၏ ကျေးဇူးမဲ့ဖြစ်သော စကားကို ဆိုကုန်၏။ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ဤရဟန်းမိန်းမသည် တစ်ပါးကုန်သော သူတို့ကို ဆုံးမသည် မဟုတ်သေး။ ရှေး၌လည်း ဆုံးမဖူးသည်သာလျှင်တည်း။ မိမိသည်ကား မကျင့် အခါခပ်သိမ်း ဆင်းရဲကိုသာလျှင် ခံစားရ၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တော၌ ငှက်အမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည် ရှိသော် ငှက်မင်း ဖြစ်၍ အထောင်မကသော ငှက်တို့ဖြင့် ခြံရံလျက် ဟိမဝန္တာသို့ ဝင်၏။ ထိုဘုရားလောင်း၏ ဟိမဝန္တာ၌ နေသော ကာလ တစ်ခုသော ကြမ်းသော ငှက်မသည် ခရီးမသို့ သွား၍ အစာကို ယူ၏။ ထိုငှက်မသည် ထိုခရီးတို့၌ လှည်းတို့မှကျသော စပါးစေ့၊ ပဲစေ့ အစရှိသည်တို့ကို ရ၍ အကြင်အခြင်းဖြင့် ယခုခရီးမသို့ တစ်ပါးသော ငှက်တို့သည် မသွားကုန်။

ထိုအခြင်းဖြင့် ပြုအံ့ဟု ကြံ၍ ငှက်အပေါင်းအား ခရီးလမ်းမ မည်သည် ဘေးဘျမ်းရှိ၏။ ဆင်, မြင်း အစရှိသည်တို့သည်လည်းကောင်း ကြမ်းသော နွားဖြင့် ကအပ်သော ယာဉ်တို့သည်လည်းကောင်း သွားကုန်၏။ အဆောတလျင် ပျံအံ့သောငှါလည်း မတတ်ကောင်းသည် ဖြစ်၍ ထိုအရပ်သို့ မသွားအပ်ဟု အဆုံးအမကို ပေး၏။

ငှက်အပေါင်းသည် ထိုငှက်မအား အနုသာသိကာ ဟူသော အမည်ကို မှည့်၏။ ထိုငှက်မသည် တစ်နေ့သ၌ ခရီးလမ်းမ၌ ကျက်စားသည် ရှိသော် လျင်မြန်သော အဟုန်ဖြင့်လာသော ယာဉ်၏ အသံကို ကြား၍ ကြည့်သည် ရှိသော် ဝေးသေးသလျှင်ကတည်းဟု ကျက်စားသလျှင်ကတည်း။ ထိုအခါ ထိုအရပ်သို့ ယာဉ်သည် လေကဲ့သို့သော အဟုန်ဖြင့် လျင်မြန်စွာ ရောက်၏။ ထိုငှက်မသည် ထအံ့သောငှါ မတတ်နိုင်။ လှည်းဘီးသည် နှစ်ဖြာဖြတ်၍ သေ၏။ ငှက်မင်းသည် ငှက်တို့ကို စည်းဝေးစေသည် ရှိသော် ထိုငှက်မကို မမြင်၍ အနုသာသိကာ မည်သော ငှက်မသည် မထင်။ ထိုငှက်မကို စုံစမ်းကြကုန်လော့ဟု ဆို၏။ ငှက်တို့သည် စုံစမ်းသည်ရှိသော် ထိုငှက်မကို ခရီးလမ်းမ၌ နှစ်ပိုင်းပြတ်သည်ကို မြင်၍ ငှက်မင်းအား ကြားကုန်၏။ ငှက်မင်းသည် ထိုငှက်မသည် တစ်ပါးကုန်သော ငှက်တို့ကို ဆုံးမ၍ မိမိသည် ထိုအရပ်သို့ သွားလျက် နှစ်ပိုင်းပြတ်သည်ကို ပြု၏ဟု ဆိုလို၍ ဤဂါထာကို ဆို၏။

**၁၁၅။ ယာယည မနုသာသတိ၊ သယံ လောလုပ္ပစာရိနီ။**
**သာယံ ဝိပက္ခိကာ သေတိ၊ ဟတာ စက္ကေန သာသိကာ။**

အို ငှက်အပေါင်းတို့ သူတစ်ပါးကို ဆုံးမတတ်သော ငှက်မသည် မိမိသည် လျပ်ပေါ်သော အကျင့်ရှိလျက် ကခြားသော ငှက်မတို့ကို ဆုံးမ၏။ ထိုဆုံးမတတ်သော ငှက်မသည် လှည်းဘီး နင်းခံရ၍ အတောင်ကျိုးပြတ်လျက် သေလေ၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဤဆုံးမတတ်သော ရဟန်းမိန်းမသည် ထိုအခါ ဆုံးမတတ်သော ငှက်မ ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ငှက်မင်း ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာတစ်ဆယ့်ငါးခုမြောက်သော အနုသာတိကဇာတ်သည် ပြီး၏။

## ၁၁၆–ဒုဗ္ဗစဇာတ်

### စကားကျွန်လျှင် နှုတ်မရ၊ ကြမ်းကျွန်လျှင် နှုတ်ရ၏ တရားလွန်လုပ်တော့ အေးတွေ့

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "အတိကရမကရာစရိယ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒုဗ္ဗစ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ယောက်သော ဆိုနိုင်ခက်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

[ထိုဆိုနိုင်ခက်သော ရဟန်း၏ ဝတ္ထုသည် နဝကနိပါတ် ဂိဇ္ဈဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။]

မြတ်စွာဘုရားသည်ကား ရဟန်း သင်သည် ယခုအခါ၌သာ ဆိုနိုင်ခက်သည် မဟုတ်သေး။ ရှေး၌လည်း ဆိုနိုင်ခက်သည်သာလျှင်တည်း။ ပညာရှိတို့၏ အဆုံးအမကို နာယူခြင်း မပြုမူ၍ လှံဆိုးမိသဖြင့် အသက်ကုန်ခြင်းသို့ ရောက်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် လှံကို ခုန်သော အတတ်ကို သင်၍ ဆရာနှင့်တကွ အတတ်ကို ပြလျက် သွား၏။ ထိုဘုရားလောင်း၏ ဆရာသည် လေးစင်းသော လှံဘူးကိုသာလျှင် ခုန်သော အတတ်ကို တတ်၏။ ငါးစင်းသော လှံတို့ကို ခုန်သော အတတ်ကို မတတ်။ ထိုဆရာသည် တစ်နေ့သ၌ တစ်ခုသော ရွာငယ်၌ အတတ် ပြသည်ရှိသော် သုရာ ယစ်သည် ဖြစ်၍ ငါးစင်းသော လှံတို့ကို ခုန်အံ့ဟု ကြံ၍ အစဉ်သဖြင့် ထား၏။ ထိုအခါ ထိုဆရာကို ဘုရားလောင်းသည် ငါးစင်းသော လှံတို့ကို ခုန်သော အတတ်ကို မတတ် တစ်စင်းကို ပယ်လော့ အကယ်၍ ခုန်အံ့ ငါးစင်းမြောက်သော လှံသည် စူး၍ သေလတ္တံ့ဟု ဆို၏။ ထိုဆရာသည် အလွန်ယစ်သည်၏ အဖြစ်ကြောင့် သင်သည် ငါ၏ ပမာဏကို မသိဟု ထိုဘုရားလောင်း၏ စကားကို မယူမူ၍ လေးစင်းသော လှံတို့ကို ခုန်၍ သီဘ်ဖြင့် သစ်မည်စည်ပွင့်ကို သီဘိသကဲ့သို့ ငါးစင်းမြောက်သော လှံ၌ သီအပ်သည် ဖြစ်၍ မြည်တမ်းလျက် အိပ်၏။ ထိုအခါ ဆရာကို ဘုရားလောင်းသည် ပညာရှိတို့၏ စကားကို မလိုက်နာမူ၍ ပျက်စီးခြင်းသို့ ရောက်၏ဟု ဆိုလို၍ ဤဂါထာကို ဆို၏–

**၁၁၆။ အတိကရ'မကရာ'စရိယ၊ မယှမေ့'တံ န ရုစ္စတိ။**
**စတုတ္ထေ လင်္ဃိတွာန၊ ပဉ္စမာယ'သိ အာဝုတော။**

ဆရာ သင်သည် ယနေ့ အလွန်အကျွံ ပြု၏၊ ထိုသို့ ပြုခြင်းကို ငါမလိုလား၊ လေးခုမြောက်သော လှံ၌ ခုန်၍ ငါးခုမြောက်သော လှံသည် စူးဝင် သီငင်အပ်ပြီ။

ဘုရားလောင်းသည် ဤစကားကို ဆို၍ ဆရာ၏ကို လှံမှ ပယ်၍ ပြုဖွယ် သည်နှင့် ယှဉ်သော သင်္ဂြိုဟ်ခြင်းအမှုကို ပြု၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဤဆိုနိုင်ခက်သော ရဟန်းသည် ထိုအခါ ဆရာဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရား သည်လျှင် ထိုအခါ တပည့် ဖြစ်ဖူးပြီ ဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာတစ်ဆယ့်ခြောက်ခုမြောက် သော ဒုဗ္ဗစ ဇာတ်သည် ပြီး၏။

---

၁၁၇-တိတ္တိရဇာတ်

**စကားနောက် တရားပါ အသံကြောင့် ဖားသေ**
**ဝစီဘေဒ ထိတိုင်းရှ**

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် "အစ္စုဂ္ဂတာ တိလပတာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤတိတ္တိရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ကောကာလိကကို အကြောင်းပြု၍ ဟောတော်မူ၏။ [ကောကာလိ ဝတ္ထုကား **တက္ကာရိယ ဇာတ်**[၁]၌ ထင်စွာ ပြလတ္တံ့။] အထူးကား — သဗ္ဗညူ မြတ်စွာဘုရားသည် ရဟန်းတို့ **ကောကာလိက**သည် ယခုအခါ၌ သာလျှင် မိမိစကားကို မှီ၍ ပျက်စီးသည် မဟုတ်သေး၊ ရှေး၌လည်း ပျက်စီးဖူးသည်သာလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

---

၁။ တေရသကနိပါတ်မှာ

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဥဒိစ္စပုဏ္ဏား အမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ ကာမတို့ကို ပယ်၍ ရသေ့ရဟန်းပြု၍ အဘိညာဉ် ငါးပါး, သမာပတ် ရှစ်ပါး တို့ကို ဖြစ်စေ၍ ဟိမဝန္တာ၌ ခပ်သိမ်းသော ရသေ့အပေါင်းသည် စည်းဝေး၍ ဘုရားလောင်းကို ဆုံးမတတ်သော ဆရာပြု၍ ခြံရံ၏။ ဘုရားလောင်းသည် ရသေ့ငါးရာတို့၏ ဩဝါဒဆရာ ဖြစ်၍ ဈာန်ကစားခြင်းကို ကစားလျက် ဟိမဝန္တာ၌ နေ၏။

ထိုအခါ ဖျော့တော့သော ရောဂါစွဲသော တစ်ယောက်သော ရသေ့သည် ပုဆိန်ကို ယူ၍ ထင်းကိုခွဲ၏။ ထိုအခါ နှုတ်ကြမ်းသော တစ်ယောက်သော ရသေ့သည် ထင်းခွဲသော ရသေ့၏ အထံ၌ နေ၍ ဤ၌ ပေါက်လော ဤ၌ ပေါက်လောဟု ဆိုသည်ရှိသော် ထင်းခွဲသော ရသေ့သည် အမျက်ထွက်၍ ယခု သင်သည် ငါ၏ ထင်းပေါက်ခြင်းကို သင်တတ်သော ဆရာတည်းဟု ထက်စွာသော ပုဆိန်ကို မိုး၍ ထိုရသေ့ကို တစ်ချက်ချင်းဖြင့် အသက်ကုန် ခြင်းသို့ ရောက်စေ၏။ ဘုရားလောင်းသည် ထိုရသေ့၏ အလောင်းကို သင်္ဂြိုဟ် စေ၏။ ထိုအခါ ရသေ့တို့၏ ကျောင်းမှ အနီး ဖြစ်သော တောင်ပို့ ခြေရင်း၌ တစ်ကောင်သော ခါသည် နေ၏၊ ထိုအခါ နံနက်တိုင်း တောင်ပို့ထိပ်၌ ရပ်၍ ကျယ်စွာသော အသံဖြင့် တွန်၏။ ထိုအသံကို ကြား၍ တစ်ယောက်သော မုဆိုးသည် ခါဖြစ်ရာဟု ကြံ၍ အသံအမှတ်ဖြင့် ထိုအရပ်သို့ သွား၍ ထိုခါကို သတ်၍ ဆောင်ယူ၍ သွား၏။ ဘုရားလောင်းသည် ထိုခါ အသံကို မကြား လတ်သော် ဤမည်သော အရပ်၌ ခါသည် နေ၏။ ထိုခါ၏ အသံကို ယခု အဘယ့်ကြောင့် မကြားသနည်းဟု ရသေ့တို့ကို မေး၏။ ရသေ့တို့သည်လည်း ဘုရားလောင်းအား ထိုအကြောင်းကို ကြားလျှောက်၏။ ဘုရားလောင်းသည် နှစ်ပါးကုန်သော ထိုအကြောင်းတို့ကိုလည်း နှီးနှော၍ ရသေ့အပေါင်း အလယ်၌ ဤဂါထာကို ဆို၏–

> ၁၁၇။ အစ္စုဂ္ဂတာ'တိလပတာ၊ အတိဝေလံ ပဘာသိတာ။
>
> ဝါစာ ဟနတိ ဒုမ္မေဓံ၊ တိတ္တိရံဝါ'တိဝဿိတံ။

အို ရသေ့တို့ ခါသည် လွန်စွာ တွန်ခြင်းကြောင့် သေရသကဲ့သို့ ထို့အတူ ပညာမရှိသူသည် အလွန်တက်၍ ဆိုအပ်သော, အဖန်ဖန် အလွန်ဆိုအပ်သော, ဆိုသင့်သည်ထက် ပိုလွန်စွာ ဆိုသော စကားကြောင့် သေရ၏။

ဤသို့ ဘုရားလောင်းသည် ရသေ့အပေါင်းအား အဆုံးအမကို ပေး၍ ဗြဟ္မဝိဟာရတရား လေးပါးကို ပွါးစေ၍ ဗြဟ္မာ့ပြည်သို့လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ရဟန်းတို့ ကောကာလိကသည် ယခုအခါ၌သာလျှင် မိမိစကားကိုမှီ၍ ပျက်စီးသည် မဟုတ်သေး၊ ရှေး၌လည်း ပျက်စီးဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ကောကာလိကသည် ထိုအခါ ဆိုနိုင်ခါ်သော ရသေ့ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားပရိသတ်တို့သည် ထိုအခါ ရသေ့အပေါင်း ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့အပေါင်းတို့၏ ဆရာဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာတစ်ဆယ့် ခုနစ်ခုမြောက်သော တိတ္တိရဇာတ်သည် ပြီး၏။

---

## ၁၁၈- ဝဋ္ဋကဇာတ်

### အကြံကောင်းလျှင်တစ်ချက်

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "နာစိန္တယန္တော ပုရိသော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝဋ္ဋကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဥတ္တရသူဌေးသားကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ များသောစည်းစိမ်ရှိသော ဥတ္တရမည်သော သူဌေးသည် ဖြစ်သတတ်။ ထိုသူဌေး၏ မယား၌ တစ်ယောက်သော ပညာရှိသော သတ္တဝါသည် ဗြဟ္မာ့ပြည်မှ စုတေ၍ ပဋိသန္ဓေကိုယူ၍ အရွယ်ရောက်လတ်သော် အဆင်းလှ၏။ ကြည်ညိုဖွယ် ရှိ၏။ ဗြဟ္မာနှင့်တူသော အဆင်းရှိ၏။ ထိုအခါ တစ်နေ့သ၌ သာဝတ္ထိပြည်ဝယ် တန်ဆောင်မုန်းလ နက္ခတ်ပွဲသဘင် ကြွေးကြော်လတ်သော် အလုံးစုံသောလူသည် နက္ခတ်သဘင်ကို မှီသည်ဖြစ်၏၊ သူဌေးသား၏ အဆွေခင်ပွန်း ဖြစ်ကုန်သော တစ်ပါးကုန်သော သူဌေးသားတို့သည် မယားနှင့်တကွ ဖြစ်ကုန်၏။ ဥတ္တရသူဌေးသား၏ကား ကာလရှည်စွာ ဗြဟ္မာ့ပြည်၌ နေသည်၏အဖြစ်ကြောင့် ကိလေသာတို့၌ စိတ်သည် မငြိ။ ထိုအခါ ဥတ္တရသူဌေးသား၏ အဆွေခင်ပွန်းတို့သည် ဥတ္တရသူဌေးသားဖို့လည်း တစ်ယောက်သောမိန်းမကို ဆောင်ယူကုန်၍ နက္ခတ်ပွဲသဘင်ကို ကစားအံ့ဟု ဆိုကြကုန်၏။

ငါ့အား မိန့်မဖြင့် အလိုမရှိဟု ဆိုသော်လည်း အဖန်တလဲလဲ ဆိုကုန်လျက် ဝန်ခံစေ၍ တစ်ယောက်သော ပြည့်တန်ဆာမိန်းမကို ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်၍ သင်သည် ဥတ္တရသူဌေးသား အထံသို့ သွားပါလေလော့ဟု အိပ်ရာအိမ်သို့စေ၍ ထွက်ကုန်၏။ ထိုပြည့်တန်ဆာမကို အိပ်ရာသို့ဝင်သော်လည်း ထိုအခါ ဥတ္တရသူဌေးသားသည် ကြည့်လည်း မကြည့် စကားလည်းမပြော ဤပြည့်တန်ဆာမသည် "ဤသူဌေးသားကား သို့စဉ်တင့်တယ်ခြင်းအစုသို့ ရောက်သော မြတ်သောစံပယ်ခြင်းနှင့် ပြည့်စုံသော ငါ့ကိုကြည့်လည်းမကြည့်၊ စကားလည်းမပြော ယခု သူဌေးသားကို ငါ၏ မိန်းမအမူအရာ မိန်းမ၏စံပယ်ခြင်းနှင့် ကြည့်စေအံ့ဟု ကြံ၏။ ကြံပြီး၍ မိန်းမ၏ စံပယ်ခြင်းကို ပြလျက် ရှင်သော အခြင်းအရာဖြင့် သွားဖျားတို့ကို ဖော်၍ ရယ်၏။ ဥတ္တရသူဌေးသားသည် ကြည့်၍ သွားရိုး၌ နိမိတ်ကိုယူ၍ အဋ္ဌိကသညာသည်ဖြစ်၏ အလုံးစုံသော ပြည့်တန်ဆာမိန်းမ၏ ကိုယ်သည် အရိုးစုကဲ့သို့ ထင်၏။

ဥတ္တရသူဌေးသားသည် ထိုပြည့်တန်ဆာမိန်းမအား ရိက္ခာကိုပေး၍ သွားလေလောဟု လွှတ်လိုက်၏။ ဥတ္တရသူဌေးသား၏ အိမ်မှဆင်းသော ထိုပြည့်တန်ဆာမကို အစိုးရသော တစ်ယောက်သောသူသည် ခရီးအကြား၌ မြင်လတ်၍ ရိက္ခာပေး၍ မိမိအိမ်သို့ ဆောင်၏၊ ခုနစ်ရက် လွန်လတ်သော် နက္ခတ်သဘင်ပွဲသည် ပြီး၏။ ပြည့်တန်ဆာမ၏ မိခင်သည် သမီးကို မမြင်လတ်၍ သူဌေးသားတို့၏ အထံသို့ သွားကုန်၍ ထိုပြည့်တန်ဆာမသည် အဘယ်မှာနည်းဟု မေးကုန်၏။ ထိုသူဌေးသားတို့သည် ဥတ္တရသူဌေးသား အိမ်သို့သွားကြကုန်၍ ထိုပြည့်တန်ဆာမသည် အဘယ်မှာနည်းဟု မေးကုန်၏။ ကျွန်ုပ်သည် ထိုခဏ၌ပင်လျှင် ထိုပြည့်တန်ဆာမအား ရိက္ခာပေး၍လွှတ်လိုက်၏ဟုဆို၏။ ထိုအခါပြည့်တန်ဆာမ၏ အမိသည် ငိုလျက် ငါ့သမီးကို မမြင် ငါ့သမီးကို ပေးလောဟု ဥတ္တရသူဌေးသားကို ခေါ်၍ မင်း၏အထံသို့ သွား၏။ မင်းသည် တရားကိုစီရင်လတ်သော် ဤသူဌေးသားတို့သည် ပြည့်တန်ဆာမကို ဆောင်၍ သင့်အား ပေးကုန်သလောဟု မေး၏။ ရှင်မင်းကြီး ပေးကြကုန်၏ဟု ဆို၏။ ယခု ထိုပြည့်တန်ဆာမသည် အဘယ်မှာနည်းဟု မေး၏။ ရှင်မင်းကြီး အကျွန်ုပ်မသိ၊ ထိုခဏ၌ပင်လျှင် ပြည့်တန်ဆာမကို လွှတ်လိုက်ပြီဟု ဆို၏။ ယခု ထိုပြည့်တန်ဆာမကို ဆောင်အံ့သော်ငါ တတ်နိုင်၏လောဟု မေး၏။ ရှင်မင်းကြီး မတတ်နိုင်ဟု ဆို၏။ မင်းသည် ပြည့်တန်ဆာမကို ဆောင်အံ့သော်ငါ အကယ်၍ မတတ်နိုင်အံ့။ ဥတ္တရသူဌေးသားအား အာဏာကို ပြုကြကုန်လောဟု ဆို၏။

ထိုအခါ ဥတ္တရသူဌေးသားကို လက်ပြန်ချည်၍ မင်းအာဏာကို ပြုကုန်အံ့ဟု ယူ၍ သွားကြလေကုန်၏။ ပြည့်တန်ဆာမကို ဆောင်၍ ပေးအံ့သော်ငါ မတတ်နိုင်သော သူဌေးသားကို မင်းအာဏာ ပြုစေ၏ဟု မြို့အလုံးသည် အုတ်အုတ်

ကျက်ကျက်ဖြစ်၏။ များစွာကုန်သော လူတို့သည် ရင်၌ လက်တို့ကိုထားကုန်၍ အရှင် ဤအမှုကား အဘယ်မည်သော အမှုနည်း၊ အရှင်သည် ကိုယ်အား မလျှောက်ပတ်သော အမှုကိုရ၏ဟု ငိုကြွေကုန်၏။ သူဌေးသည်လည်း သား၏ နောက်မှ နောက်မှ ငိုလျက်လိုက်၏။ သူဌေးသားသည် ငါ့အား ဤသို့သဘော ရှိသော ဆင်းရဲသည် အိမ်၌နေသည်၏ အဖြစ်ကြောင့် ဖြစ်၏။ ဤဆင်းရဲမှ ငါသည် အကယ်၍ လွတ်ငြားအံ့၊ ဂေါတမဘုရား၏ အထံတော်၌ ရဟန်းပြုအံ့ဟု ကြံ၏။ ထိုပြည့်တန်ဆာမသည်လည်း ထိုအုတ်အုတ်ကျက်ကျက်သော အသံကို ကြား၍ ဤအသံကား အဘယ်မည်သော အသံနည်းဟု မေး၍ ထိုအကြောင်း ကိုကြား၍ လျင်မြန်သည်ဖြင့် ဆင်းသက်၍ အရှင် သင်တို့သည် ဖဲကြကုန်လော့၊ ဖဲကြကုန်လော့ အကျွန်ုပ်ကို မင်းချင်းယောကျ်ားတို့အား မြင်ခြင်းကို ပေးကုန် လော့ဟု ကိုယ်ကိုပြ၏။ မင်းချင်းယောကျ်ားတို့သည် ပြည့်တန်ဆာမကို မြင်၍ အမိအား အပ်နှင်း၍ သူဌေးသားကို လွှတ်၍ ဖဲကုန်၏။

သူဌေးသားသည် အဆွေပင်ပွန်းတို့ဖြင့် ခြံရံလျက် မြစ်သို့သွား၍ ဦးခေါင်း လျှော်ပြီးလျှင် အိမ်သို့သွား၍ နံနက်စာ စားပြီးသော် မိဘတို့ကိုရှိခိုး၍ ရဟန်းအဖြစ်ကို ခွင့်တောင်း၍ သက်န်းလျှော ပုဆိုးတို့ကိုယူလျက် များစွာသော အခြံအရံဖြင့် မြတ်စွာဘုရား အထံတော်သို့ သွား၍ ရှိခိုးလျက် ရဟန်းအဖြစ်ကို တောင်းပန်၍ သာမဏေအဖြစ် ပဉ္စင်းအဖြစ်ကို ရလတ်သော် မလွတ်သော ကမ္မဋ္ဌာန်းရှိလျက် ဝိပဿနာကို ပွားစေ၍ မကြာမြင့်မီ အရဟတ္တဖိုလ်၌ တည်၏။

ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကုန်၍ ငါ့ရှင်တို့ ဥတ္တရ သူဌေးသားသည် မိမိအား ဖွားဖြစ်လတ်သော် သာသနာ တော်၏ ကျေးဇူးကိုသိ၍ ဤဆင်းရဲမှ လွတ်ပါမူကား ရဟန်းပြုအံ့ဟု ကြံ၍ ထိုကောင်းသောအကြံဖြင့် သေဘေးမှ လွတ်၏။ ရဟန်းပြု၍ အရဟတ္တဖိုလ်၌ လည်း တည်၏ဟု ဥတ္တရသူဌေးသား၏ ကျေးဇူးစကားကို ပြောဆိုကုန်၏။ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ယခုအခါ အဘယ်စကားဖြင့် စည်းဝေး ကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါကုန်၏ ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ဥတ္တရသူဌေးသားသည် သာလျှင် မိမိအား ဘေးဖြစ်လတ်သော် ဤဥပါယ်ဖြင့် ဆင်းရဲမှ လွတ်စေအံ့ ဟု ကြံ၍ သေဘေးမှ လွတ်သည် မဟုတ်သေး၊ လွန်လေပြီးသောအခါ ပညာရှိ တို့သည်လည်း မိမိအား ဘေးဖြစ်လတ်သော် ဤဥပါယ်ဖြင့် ဤဆင်းရဲမှ လွတ်အံ့ဟု ကြံ၍ သေဘေးမှ လွတ်ဖူးကုန်သလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အဟိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုလတ်သည်ရှိသော် ဘုရားလောင်းသည် စုတိပဋိသန္ဓေ၏ အစွမ်းအားဖြင့် အမျိုးပြောင်းလျက် ငုံးမျိုး၌ ဖြစ်၏။ ထိုအခါ တစ်ယောက်သော ငုံးမုဆိုးသည် တောမှ များစွာကုန်သော ငုံးတို့ကို ဆောင်ယူ၍ အိမ်၌ထားလျက် အစာပေး၍ အဖိုးကိုယူ၍ လာကုန်သော သူတို့၏ လက်၌ ငုံးတို့ကို ရောင်းလျက် အသက်မွေး၏။ ထိုငုံးမုဆိုးသည် တစ်နေ့သ၌ များစွာကုန်သော ငုံးတို့နှင့်တကွ ဘုရားလောင်းကိုလည်း ဖမ်းယူ၍ ဆောင်၏။ ဘုရားလောင်းသည်လည်း ဤမုဆိုးသည် ပေးအပ်သော အစာကိုလည်းကောင်း၊ ရေကိုလည်းကောင်း အကယ်၍ သုံးဆောင်ငြားအံ့၊ ဤမုဆိုးသည် အဖိုးကို ယူ၍ လာကုန်သော သူတို့အား ပေးလတ္တံ့၊ ငါသည် အကယ်၍ မသုံးဆောင်ငြားအံ့၊ ငါသည် ညှိုးလတ္တံ့၊ ထိုအခါ ညှိုးသောငါ့ကိုမြင်၍ လူတို့သည် မယူကုန်လတ္တံ့။ ဤသို့ မယူကုန်သည် ရှိသော် ငါ့အား ချမ်းသာသည် ဖြစ်လတ္တံ့၊ ဤဥပါယ်ကို ပြုအံ့ဟု ကြံ၏။ ကြံပြီး၍ ဘုရားလောင်းသည် ကြံတိုင်းပြုလျက် ညှိုး၍ အရိုးအရေမျှသာ ရှိသည်ဖြစ်၏။

လူတို့သည် ထိုဘုရားလောင်းကို မြင်၍ မယူကုန်၊ မုဆိုးသည် ဘုရားလောင်းကို ထား၍ ကြွင်းကုန်သော ငုံးတို့သည် ကုန်လတ်သော် တောင်းကိုထုတ်၍ တံခါး၌ ထားပြီးလျှင် ဘုရားလောင်းကို လက်ဝါးပြင်၌ တင်၍ ဤငုံးကား အသို့ဖြစ်သနည်းဟု ကြံ၍ ကြည့်အံ့သောငှါ အားသုတ်၏။ ထိုအခါ မုဆိုး၏ မေ့လျော့သော အဖြစ်ကိုသိ၍ ဘုရားလောင်းသည် အတောင်ကို ဖြန့်၍ ပျံသဖြင့် တောသို့လျှင် သွား၏။ တစ်ပါးသော ငုံးတို့သည် ဘုရားလောင်းကို မြင်၍ အရှင် သင့်အား အဘယ့်ကြောင့် မထင်သနည်း၊ အဘယ်သို့ သွားချေသနည်းဟု မေးလတ်၍ မုဆိုးသည် ဖမ်းအပ်၏ဟု ပြောဆိုသည် ရှိသော် အဘယ်သို့ပြု၍ လွတ်ခဲ့သနည်းဟု မေးကုန်၏။ ဘုရားလောင်းသည် ငါကား ထိုမုဆိုးပေးအပ်သော အစာအာဟာရကို မယူဘဲ ဥပါယ်ဖြင့် လွတ်၏ဟုဆိုလို၍ ဤဂါထာကို ဆို၏---

**၁၁၈။ နာစိန္တယန္တော ပုရိသော၊ ဝိသေသ' မဓိဂစ္ဆတိ။**
**စိန္တိတဿ ဖလံ ပဿ၊ မုတ္တောသ္မိ ဝဓဗန္ဓနာ။**

အိုငုံးများတို့ အကြံအစည်မပြုသော ယောကျ်ားသည် ဆင်းရဲမှ လွတ်ခြင်းဟူသော အကျိုးထူးကို မရနိုင်၊ ငါကြံသော အမှု၏ အကျိုးကို ရှုလော့။

ထိုကြံ့စည်သော ပရိယာယ်ဖြင့်ပင် အချုပ်အနှောင် သတ်ဖြတ်ခြင်းခံရမှုဘေးမှ လွတ်မြောက်ခဲ့ပြီ။

ဤသို့ ဘုရားလောင်းသည် မိမိပြုအပ်သော အကြောင်းကို ကြား၏။

**ဇာတ်ပေါင်း**

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သေဘေးမှ လွတ်သော ငုံးဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာတစ်ဆယ့်ရှစ်ခုမြောက်သော ဝဋ္ဋကဇာတ်သည် ပြီး၏။

---

## ၁၁၉-အကာလရာဝိဇာတ်

### မိမဆုံးမ ဖမဆုံးမ ပေါက်လွတ်ပဲစား ကြက်ငယ်ကို ရိုက်သတ်ခြင်း

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "အမာတာပိတရသံဝဍ္ဎော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအကာလရာဝိဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော အချိန်မဟုတ်သည်၌ အသံပြုတတ်သောရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းသည် သာဝတ္ထိပြည်၌ နေသော အမျိုးသားဖြစ်သတတ်၊ ထိုအမျိုးသားသည် သာသနာတော်၌ ရဟန်းပြု၍ ဝတ်ကိုလည်းကောင်း၊ တရားကျမ်းဂန် သင်ခြင်းကိုလည်းကောင်း မမှတ်၊ ထိုရဟန်းသည် ဤကာလ၌ ငါသည် ဝတ်ကို ပြုအပ်၏၊ ဤကာလ၌ ငါသည် စားအပ်၏။ ဤကာလ၌ တရားကျမ်းဂန် သင်ခြင်းကို ပြုအပ်၏။ ဤကာလ၌ ငါသည် သရဇ္ဈာယ်အပ်၏ဟု မသိ၊ ပထမယံ၌လည်းကောင်း၊ မဇ္ဈိမယံ၌လည်းကောင်း၊ ပစ္ဆိမယံ၌လည်းကောင်း နိုးတိုင်းနိုးတိုင်းသော ခဏ၌သာလျှင် ကျယ်စွာသော အသံကိုပြု၏။ ရဟန်းတို့သည် အိပ်ခြင်းကို မရကုန်၊ တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့ ဤအမည်ရှိသော ရဟန်းသည် ဤသို့ သဘောရှိသော ရတနာဖြစ်သော သာသနာတော်၌ ရဟန်းပြု၍ ဝတ်ကိုလည်းကောင်း၊ တရားကျမ်းဂန် သင်ခြင်းကိုလည်းကောင်း၊ အခါမဟုတ်သည်ကို လည်းကောင်း မသိဟု ထိုရဟန်း၏ ကျေးဇူးမဲ့ဖြစ်သော စကားကို ဆိုကုန်၏။ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ယခုအခါ အဘယ်

မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ထိုရဟန်းသည် အခါမဟုတ်သည်၌ အသံပြုတတ်သည် မဟုတ်သေး၊ ရှေး၌လည်း အခါမဟုတ်သည်၌ အသံပြုတတ်သည်သာလျှင်တည်း။ အခါမဟုတ်သည်ကို မသိသည်၏ အဖြစ်ကြောင့် လည်ကိုလိမ်၍ အသက်ကုန်ခြင်းသို့ ရောက်ဖူးပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဥဒိစ္စပုဏ္ဏားမျိုး၌ဖြစ်၍ ခပ်သိမ်းသော အတတ်တို့၌ ကမ်းတစ်ဖက်သို့ရောက်၍ ဗာရာဏသီပြည်၌ ဒိသာပါမောက္ခဆရာဖြစ်၍ ငါးရာကုန်သော လုလင်တို့ကို အတတ်ကိုသင်စေ၏၊ ထိုလုလင်တို့အား တစ်ခုသော အချိန်၌ တွန်တတ်သော ကြက်တစ်ကောင်ရှိ၏။ လုလင်တို့သည် ကြက်တွန်သော အသံဖြင့်ထ၍ အတတ်ကို သရဇ္ဈာယ်ကုန်၏။ထိုကြက်သည်သေ၏။လုလင်တို့သည် တစ်ပါးသော ကြက်ကိုရှာလေ့ကုန် သွားကုန်၏၊ ထိုအခါ တစ်ယောက်သော လုလင်ငယ်သည် သုသာန်တော၌ ထင်းခွေလတ်သော် တစ်ကောင်သောကြက်ကို မြင်၍ ဆောင်ခဲ့ပြီးလျှင် ချိုင့်၌ထား၍ မွေး၏။ ကြက်သည် သုသာန်၌ ကြီးသည်၏အဖြစ်ကြောင့် ဤမည်သောအခါ၌ တွန်အပ်သည်ဟု မသိသည်၏အဖြစ်ကြောင့် ရံခါအလွန်စောစောတွန်၏၊ ရံခါအရုဏ်တတ်မှ တွန်၏။ လုလင်တို့သည် အလွန် စောစောတွန်သောကာလ၌ အတတ်ကို သရဇ္ဈာယ်ကုန်လတ်သော် အရုဏ်တက်သည် တိုင်အောင် အတတ်ကို သရဇ္ဈာယ်အံ့သော်ငါ မတတ်နိုင်ကုန်၊ အိပ်ချင်ကုန်၍ ယူအပ်သော အတတ်ကိုလည်း မမြင်ကုန်၊အလွန်လင်းမှတွန်သော ကာလ၌ သရဇ္ဈာယ်ခြင်း၏ အခွင့်ကိုလျှင် မရကုန်၊ လုလင်တို့သည် ဤကြက်သည် အလွန်စောစောလည်းတွန်၏၊ အလွန်လင်းမှလည်းတွန်၏။ဤကြက်ကိုမှီ၍ ငါတို့အားအတတ်သည် အပြီးသို့မရောက်လတ္တံ့ဟု ထိုကြက်ကိုဖမ်း၍လည်ကိုလိမ်၍အသက်ကုန်ခြင်းသို့ရောက်စေ၍ အခါမဟုတ်သည်၌ တွန်တတ်သောကြက်ကို အကျွန်ုပ်တို့သည် သတ်အပ်ပြီဟု ဆရာအား ပြောဆိုကုန်၏။ ဆရာသည် အဆုံးအမကို ယူ၍ မိဘထံ၌ မကြီးသည်၏အဖြစ်ကြောင့် သေခြင်းသို့ ရောက်သည်ဟုဆိုလို၍ ဤဂါထာကို ဆို၏။

၁၁၉။ အမာတာပိတရ သံဝဍ္ဍော၊ အနာစေရကုလေ ဝသံ။

နာယံ ကာလံ အကာလံ ဝါ၊ အဘိဇာနာတိ ကုက္ကုဋော။

အိုလုလင်တို့ မိဘအဆုံးအမကို အတုမယူပဲ ကြီးပြင်းသော၊ ဆရာ့ထံ၌ မနေဖူးသော ဤကြက်သည် အခါကိုမသိ၊ အခါမဟုတ်သည်ကိုလည်းမသိပေ။

ဘုရားလောင်းသည် ဤအကြောင်းကို ပြ၍ အသက်ထက်ဆုံး တည်၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဤရဟန်းသည် ထိုအခါ အချိန်မဟုတ်သည်၌ တွန်တတ်သော ကြက်ဖြစ်ဖူးပြီ၊ ယခုအခါ ငါ့ဘုရားပရိတ်သတ်တို့သည် ထိုအခါ တပည့်ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဆရာဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

တစ်ရာ့ဘစ်ဆယ့်ကိုးခုမြောက်သော အကာလရာဝိဇာတ်သည် ပြီး၏။

၁၂၀။ ဗန္ဓနမောက္ခဇာတ်

အရေးကြုံတော့ သက်လုံကောင်းစေ

ကာမဂုဏ်၌မတင်းတိမ်သော မိန်းမ၊ လူမိုက်စကားကြောင့် နှောင်ဖွဲ့ခံရ၍ ပညာရှိစကားကြောင့် အနှောင်အဖွဲ့မှလွတ်၏

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "အဗန္ဓာ တတ္ထ ဗဇ္ဈန္တိ" ဤစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဗန္ဓနမောက္ခဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝိဥ္စမာဏဝိကာကို အကြောင်းပြု၍ ဟောတော်မူ၏။

[ဝိဥ္စမာဏဝိကာ၏ ဝတ္ထုသည် ဒွါဒသကနိပါတ် မဟာပဒုမဇာတ်၌ ထင်စွာဖြစ်လတ္တံ့။]

အထူးကား ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်း-ဝိဥ္စမာဏဝိကာသည် ယခုသာလျှင် ငါ့ကို မဟုတ်မမှန်သဖြင့် စွပ်စွဲသည်မဟုတ်သေး၊ ရှေး၌လည်း စွပ်စွဲဖူးသလျှင်ကဟည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုရောဟိတ်အိမ်၌ဖြစ်၍ အရွယ်သို့ ရောက်လျှင် အဖလွန်သဖြင့် ဗြဟ္မဒတ်မင်း၏ ပုရောဟိတ် ဖြစ်သလျှင်ကတည်း။ ဗြဟ္မဒတ်မင်းသည် မိဖုရားကြီးအား အရှင်မိဖုရား အကြင်ဝတ္ထုကို သင်သည် အလိုရှိ၏။ ထိုဝတ္ထုကို ဆိုလောဟု ဆုပေး၏။ မိဖုရားကြီးသည် မြတ်သော မင်းကြီး အကျွန်ုပ်အား ရခဲသော တစ်ပါးသော ဆုမည်သည်မရှိ။ ယနေ့မှစ၍ အကျွန်ုပ်မှ တစ်ပါးသောမိန်းမကို ကိလေသာ၏အစွမ်းအားဖြင့် မကြည့်အပ်။ ဤဆုကို ပေးပါလောဟု ဆို၏။ ထိုဗြဟ္မဒတ်မင်းသည်ပယ်၍ အဖန်တလဲလဲ နှိပ်အပ်သည်ဖြစ်၍ ထိုမိဖုရားကြီး၏ စကားကို လွန်အံ့သောငှါ မတတ်နိုင်ရကား ဝန်ခံ၍ ယနေ့မှစ၍ ဟစ်သောင်းခြောက်ထောင်ကုန်သော ကချေသည်မိန်းမ တို့တွင် တစ်ယောက်သော မိန်းမကိုလည်း ကိလေသာ၏ အစွမ်းအားဖြင့် မကြည့်။

ထိုအခါ ဗြဟ္မဒတ်မင်း၏ ပစ္စန္တရစ်ကို ခိုးသူဖျက်ဆီး၏၊ ပစ္စန္တရစ်၌ နေကုန်သော သူရဲတို့သည် ခိုးသူတို့နှင့် နှစ်ကြိမ်သုံးကြိမ် စစ်ထိုးကုန်၏။ ဤထက်အလွန် အကျွန်ုပ်တို့ မတတ်နိုင်ဟု မင်းအား စာဆက်ကုန်၏။ မင်းသည် ပစ္စန္တရစ်သို့ သွားလိုရကား ဗိုလ်ပါကို စု၍ မိဖုရားကြီးကိုခေါ်စေ၍ ရှင်မိဖုရား ငါသည် ပစ္စန္တရစ်သို့ ခိုးသူကို ငြိမ်းစိမ့်သောငှါ သွားအံ့၊ ထိုပစ္စန္တရစ်၌ အထူးထူးအပြားပြား ရှိကုန်သော စစ်ထိုးခြင်းတို့သည် ဖြစ်ကုန်၏၊ အောင်ခြင်း ရှုံးခြင်းသည်လည်း အမြဲမရှိ။ ထိုသို့သဘောရှိကုန်သော အရပ်၌ မိန်းမ မည်သည်ကို ဆောင်ခြင်းငှါခက်၏။ သင်သည် ဤ၌လျှင် နေရစ်ဟုဆို၏။ အရှင်မင်းကြီး အကျွန်ုပ် နေရစ်ခြင်းငှါ မတတ်နိုင်ဟု မိဖုရားကြီးသည် လျှောက်၏။ အဖန်တလဲလဲ မင်းသည် ပယ်၏။ ထိုသို့ ဖြစ်မူကား တစ်ယူဇနာ တစ်ယူဇနာသို့ ရောက်လျှင် အကျွန်ုပ်၏ ချမ်းသာဆင်းရဲကို သိခြင်းအကျိုးငှါ တစ်ယောက် တစ်ယောက်သော လူကို စေတော်မူလောဟု မိဖုရားက ဆို၏။ မင်းသည် ကောင်းပြီဟု ဝန်ခံ၍ ဘုရားလောင်းကို မြို့၌ထားခဲ့၍ များစွာသော ဗိုလ်ပါနှင့် ထွက်၍သွားသည်ရှိသော် တစ်ယူဇနာ တစ်ယူဇနာ၌ တစ်ယောက် တစ်ယောက်သော ယောကျ်ားကို ငါ၌ ရောဂါကင်းကြောင်း မိဖုရားအား လျှောက်၍ မိဖုရား၏ ချမ်းသာ ဆင်းရဲကို သိ၍လာလောဟု စေ၏။ လာတိုင်း လာတိုင်းသော ယောကျ်ားကို မင်းသည် အဘယ်အကျိုးငှါ သင့်ကိုစေသနည်း ဟု မေး၏။ အရှင်မိဖုရားတို့၏ ချမ်းသာဆင်းရဲကို သိခြင်းအကျိုးငှါ စေ၏ဟု လျှောက်သည်ရှိသော် ထိုသို့ဖြစ်မူကား လာလောဟုခေါ်၍ ထိုယောကျ်ားနှင့် တကွ မသူတော်တို့၏အကျင့်ကို မှီဝဲ၏။

မင်းသည် သုံးဆယ့်နှစ်ယူဇနာခရီးသို့ရောက်လတ်သော် သုံးကျိပ်နှစ်ယောက်ကုန်သော သူတို့ကို စေ၏။ ထိုမိဖုရားသည် ခပ်သိမ်းကုန်သော သူတို့နှင့်လည်း ထိုအတူသာလျှင် ကျင့်၏၊ မင်းသည် ပစ္စန္တရစ်ကို ငြိမ်းစေ၍ ဇနပုဒ်ကို ချမ်းသာစေ၍ တစ်ဖန်ပြန်သောင်လည်း ထိုအတူလျှင် သုံးကျိပ်နှစ်ယောက်ကုန်သော သူတို့ကို စေ၏။ မိဖုရားသည် ထိုသူတို့နှင့်လည်း မသူတော်အကျင့်ကို မှီဝဲသလျှင်ကတည်း။

မင်းသည်၊ လာ၍ အောင်တပ်၌နေ၍ မြို့ကို သုတ်သင်စေလောဟု ဘုရားလောင်းအား စာပို့စေ၏၊ ဘုရားလောင်းသည် အလုံးစုံသော မြို့ကို သုတ်သင်၍ နန်းတော်ကို သုတ်သင်လတ်သော် မိဖုရား၏နေရာအရပ်ကို ရောက်၍ ထိုမိဖုရားသည် ဘုရားလောင်း၏ တင့်တယ်စံပယ်ခြင်းကို မြင်၍ သည်းခံအံ့သောငှါ မတတ်နိုင်ရကား ပုဏ္ဏား လာလော့ အိပ်ရာသို့ တက်လော့ဟု ဆို၏။

ဘုရားလောင်းသည် ရှင်မိဖုရား ဤသို့မဆိုလင့်။ မင်းကိုလည်း အကျွန်ုပ်ရိုသေ လေးမြတ်၏။ အကုသိုလ်ကိုလည်း ကြောက်၏။ ဤသို့ အကျွန်ုပ်ပြုခြင်းငှါ မတတ်ကောင်းဟု ဆို၏။ မင်း၏ခြေရင်း၌ ခစားကုန်သော ခြောက်ကျိပ်လေးယောက်ကုန်သော သူတို့သည် မင်းကို မရိုသေ မလေးမြတ်ကုန်။ အကုသိုလ်ကိုလည်း မကြောက်ကုန်။ သင်သည်သာလျှင် မင်းကို ရိုသေလေးမြတ်၏။ အကုသိုလ်ကို ကြောက်၏ဟု မိဖုရားဆို၏။ ရှင်မိဖုရား မှန်၏၊ ထိုခြောက်ကျိပ်လေးယောက်ကုန်သော သူတို့အားလည်း ဤသို့ အကယ်၍ သိလိမ့်သည်ဖြစ်ငြားအံ့။ ထိုခြောက်ကျိပ်လေးယောက်ကုန်သော သူတို့သည် ဤသို့သဘောရှိသော အမှုကို မပြုကုန်ရာ။ အကျွန်ုပ်သည်ကား သိလိမ့်လျက် ဤသို့သဘောရှိသော ကြမ်းကြုတ်သော အမှုကို မပြုဟူ၍ဆို၏။ မိဖုရားသည် ပုဏ္ဏား သင်သည် အဘယ့်ကြောင့် များစွာ ပြောဆိုသနည်း။ အကယ်၍ ငါ့စကားကို နားမထောင်အံ့၊ သင့်ဦးခေါင်းကို ဖြတ်စေအံ့ဟု ဆို၏။ ဘုရားလောင်းသည် ရှင်မိဖုရား တစ်ခုသော ကိုယ်အဖြစ်၌ ဦးခေါင်းကို ဖြတ်ခြင်းကို ထားဘိဦး၊ တစ်ထောင်သော ကိုယ်အဖြစ်၌ ဦးခေါင်းကို ဖြတ်ငြားသော်လည်း အကျွန်ုပ်သည် ဤကဲ့သို့သော အမှုကို ပြုခြင်းငှါ မတတ်နိုင်ဟု ဆို၏၊ မိဖုရားသည် ထိုသို့ ဖြစ်စေ သိရအံ့ဟု ဘုရားလောင်းကို ခြိမ်းခြောက်၍ မိမိ၏တိုက်ခန်းသို့ ဝင်၍ ကိုယ်၌ လက်သည်းရာကို ထင်စေ၍ ဆီဖြင့် ကိုယ်ကိုလိမ်း၍ ညစ်နွမ်းသော အဝတ်ကိုဝတ်၍ နာယောင်ပြုလျက် ကျွန်မတို့ကိုခေါ်၍ မိဖုရား အဘယ်မှာနည်းဟု မင်းကြီး မေးသည်ရှိသော် နာပါသည်ဟု ပြောဆိုကုန်လောဟု ဆို၏။

ဘုရားလောင်းသည်လည်း မင်းအား ကြိုအံ့သောငှါ သွား၏၊ မင်းသည် မြို့ကို လက်ယာရစ်လှည့်၍ ပြာသာဒ်သို့ တက်ပြီးသော် မိဖုရားကို မမြင်ရကား

မိဖုရား အဘယ်မှာနည်းဟု မေး၏၊ ရှင်မင်းကြီး မိဖုရားသည် နာ၏ဟု ဆိုကုန်၏၊ ထိုမင်းသည် အသရေရှိသော တိုက်ခန်းသို့ဝင်၍ မိဖုရား၏ ကျောက်ကုန်းကို ဆုပ်နယ်လျက် ရှင်မ သင့်အား အဘယ်မချမ်းသာခြင်းသည် ဖြစ်သနည်းဟု မေး၏၊ မိဖုရားသည် ဆိတ်ဆိတ်နေ၏၊ သုံးကြိမ်မြောက်၌ မင်းကိုကြည့်၍ မြတ်သော မင်းကြီး သင်မင်းကြီးသည်လည်း အသက်ရှင်သည်မည်၏၊ အကျွန်ုပ်ကဲ့သို့သော မိန်းမတို့သည်လည်း လင်ရှိမိန်းမတို့သည်သာလျှင် မည်ကုန်သည် မဟုတ်လောဟု မိဖုရား ဆို၏၊ ရှင်မ ထိုစကားကို အဘယ့်ကြောင့် ဆိုသနည်းဟု မင်းသည်ဆို၏၊ မြတ်သောမင်းကြီး သင်မင်းကြီးတို့သည် မြို့ကိုစောင့်စိမ့်သောငှါ ထားသော ပုရောဟိတ်သည် သင်မင်းကြီးတို့၏ အိမ်တော်ကို သုတ်သင်အံ့ဟု ဤသို့လာ၍ မိမိစကားကို နားမထောင်သော အကျွန်ုပ်ကို သတ်ပုတ်၍ မိမိနှလုံးအလိုကို ပြည့်စေ၍ သွား၏ဟု မိဖုရား ဆို၏၊ မင်းသည် မီး၌ ထည့်အပ်သော ဆားကဲ့သို့ အမျက်အားဖြင့် ဖျစ်ဖျစ်မြည်လျက် အသရေရှိသော တိုက်ခန်းမှထွက်၍ တံခါးစောင့်ကို ခေါ်ရင်း၌ ခစားသောသူတို့ကို ခေါ်စေ၍ အချင်းတို့ သွားကြကုန်၊ ပုရောဟိတ်ကို လက်ပြန်ချည်၍ သတ်အပ်သော အဖြစ်သို့ ရောက်သည့်ကို ပြု၍ မြို့မှထုတ်၍ သုသာန် စခန်းတီးသို့ဆောင်၍ ပုရောဟိတ် ဦးခေါင်းကို ဖြတ်ကြကုန်ဟုဆို၏၊ ထိုမင်းချင်း ယောကျ်ားတို့သည် လျင်မြန်သဖြင့် သွား၍ ပုရောဟိတ်ကို လက်ပြန်ချည်၍ သူသတ်စည်ကို လည်စေကုန်၏။

ဘုရားလောင်းသည် စင်စစ်သဖြင့် ထိုမိဖုရားပျက်သည် မင်းကို ရှေးဦးစွာလျှင် ဖျက်ဆီးအပ်ပြီ၊ ယခု ငါသည် မိမိအစွမ်းဖြင့်သာလျှင် ကိုယ်ကို လွတ်စေအံ့ဟု ကြံ၏၊ ကြံပြီး၍ ဘုရားလောင်းသည် မင်းချင်းယောကျ်ားတို့ကို အချင်းတို့ သင်တို့သည် ငါ့ကို သတ်ကုန်လတ်သော် မင်းအား ပြ၍သာလျှင် သတ်ကြကုန်လောဟု ဆို၏၊ အဘယ့်ကြောင့် ပြ၍ သတ်ကြကုန်အံ့နည်းဟု မင်းချင်းတို့သည် ဆိုကုန်၏၊ ငါသည် မင်း၏အမှုကို ရွက်ဆောင်၏၊ ငါပြုသော အမှုသည် များ၏၊ များစွာကုန်သော ရွှေအိုးကြီး မြှုပ်ထားရာ အရပ်တို့ကို သိ၏၊ မင်း၏ ဥစ္စာကို ငါသည် စီရင်၏၊ ငါ့ကို မင်းအား အကယ်၍ မပြကုန်အံ့၊ များစွာသော ဥစ္စာတို့သည် ပျက်စီးသတတ်၊ ငါသည် မင်းအား ဥစ္စာတို့ကို ကြားပြီးသည် ရှိသော် နောက်၌ ပြုအပ်သောအမှုကို သင်တို့ ပြုကြကုန်လောဟု ဘုရားလောင်း ဆို၏၊ မင်းချင်းယောကျ်ားတို့သည် ဘုရားလောင်းကို မင်းအား ပြကုန်၏။

မင်းသည် ဘုရားလောင်းကို မြင်၍လျှင် အိုပုဏ္ဏား သင်သည် အဘယ့်ကြောင့် ငါ၌ ရှက်ခြင်းကို မပြုသနည်း၊ အဘယ့်ကြောင့် ဤသို့ သဘောရှိသော ယုတ်မာသော အမှုကို ပြုသနည်းဟု ဆို၏၊ မြတ်သောမင်းကြီး အကျွန်ုပ်သည် ပုဏ္ဏားမျိုး၌ ဖြစ်၏၊ အကျွန်ုပ်သည် ပိုးရွ ခြပုန်းမျှကို သတ်ခြင်းမည်သည်ကို မပြုစဖူး၊ အရှင်မပေးသော ဥစ္စာကို မြက်ဝါးခြမ်းစိတ်မျှကိုလည်း မယူစဖူး၊ လောဘ၏

အစွမ်းအားဖြင့် သူတစ်ပါးတို့၏ မိန်းမကို မျက်စိကိုလည်း ဖွင့်၍ မကြည့်စဖူး၊ ရယ်မြူးလိုသည်၏ အစွမ်းအားဖြင့်လည်း မုသားကို မဆိုစဖူး၊ သမန်းမြက်ဖျားမျှဖြင့်လည်း ယစ်မျိုးကို မသောက်စဖူး၊ အကျွန်ုပ်သည် အရှင်မင်းကြီးတို့၌ အပြစ်မရှိ၊ ဘုံမိဖုရားမိုက်သည်ကား လောဘ၏ အစွမ်းအားဖြင့် အကျွန်ုပ်ကို လက်၌ကိုင်၍ အကျွန်ုပ်သည် ပယ်အပ်သည်ရှိသော် အကျွန်ုပ်ကို ခြိမ်းခြောက်၍ မိမိပြုအပ်သော မကောင်းမှုကို ထင်စွာပြလျက် အကျွန်ုပ်အားကြွား၍ တိုက်ခန်းတွင်းသို့ ဝင်လေ၏၊ အကျွန်ုပ်သည် အပြစ်မရှိ၊ မှာစာကိုယူ၍ လာကုန်သော ခြောက်ကျိပ် လေးယောက်ကုန်သော သူတို့သည်ကား အပြစ်ရှိကုန်၏၊ ထို ခြောက်ကျိပ် လေးယောက်ကုန်သော သူတို့ကို ခေါ်စေ၍ ထိုမိဖုရား၏ စကားကို သင်တို့သည် ပြုကုန်သလော၊ မပြုသလောဟု မေးတော်မူလောဟု ဘုရားလောင်း ဆို၏။

မင်းကြီးသည် ထိုခြောက်ကျိပ် လေးယောက်ကုန်သော သူတို့ကို နှောင်ဖွဲ့စေ၍ မိဖုရားကို ခေါ်စေ၍ သင်သည် ထိုသူတို့နှင့်တကွ မကောင်းမှုကို ပြုသလော မပြုသလောဟု မေး၏။ ရှင်မင်းကြီး ပြုမိပေ၏ဟု ဆိုလတ်သော် ထိုခြောက်ကျိပ် လေးယောက်ကုန်သော သူတို့ကို လက်ပြန်ချည်စေ၍ ဤသူတို့၏ ဦးခေါင်းကို ဖြတ်ကြကုန်ဟု စေ၏။ ထိုအခါ ဘုရားလောင်းသည် မြတ်သောမင်းကြီး ခြောက်ကျိပ် လေးယောက်ကုန်သော သူတို့အား အပြစ်မရှိ။ မိဖုရားသည် မိမိ အလိုကို ပြုစေ၏။ ထို့ကြောင့် ခြောက်ကျိပ် လေးလောက်ကုန်သော သူတို့အား သည်းခံတော်မူပါ။ ထိုမိဖုရားအားလည်း အပြစ်မရှိ။ မိန်းမတို့သည် မေထုန် အကျင့်ဖြင့် မရောင့်ရဲနိုင်ကုန်။ ဤမေထုန်အကျင့်ဖြင့် မရောင့်ရဲခြင်းသည် ထို မိန်းမတို့၏ ဇာတိသဘောတည်း။ သည်းခံခြင်းငှါသာလျှင် သင့်၏။ ထို့ကြောင့် မိဖုရားအားလည်း သည်းခံတော်မူပါဟု အထူးထူးအပြားပြားအားဖြင့် မင်းကို သိစေ၍ ခြောက်ကျိပ် လေးယောက်ကုန်သော သူတို့ကိုလည်း လက်ပြန်ချည်ခြင်းမှ လွတ်စေ၍ ခပ်သိမ်းကုန်သော သူတို့အား မိမိတို့၏ ဥစ္စာဖြစ်ကုန်သော အရာဌာနကိုတို့ပေးစေ၏။ ဤသို့ အလုံးစုံသော ထိုသူတို့ကို လွတ်စေ၍ မိမိတို့၏ အရာဌာနတို့၌ တည်စေ၍ ဘုရားလောင်းသည် မင်းသို့ချဉ်းကပ်၍ မြတ်သော မင်းကြီး အလွန်မိုက်ကုန်သော သူတို့၏ တည်ရာမရှိသော စကားကြောင့် မနှောင် ဖွဲ့အပ်ကုန်သော ပညာရှိတို့ကိုလည်း လက်ပြန် ချည်ကုန်၏၊ ပညာရှိတို့၏ အကြောင်းဖြင့် ယှဉ်သော စကားကြောင့် လက်ပြန် ချည်ကုန်သော သူတို့သည် လည်း လွတ်ကုန်၏။ ဤသို့ သူမိုက်တို့ မည်သည်ကား နှောင်ဖွဲ့ခြင်းငှါ မသင့် ကုန်သော သူတို့ကိုလည်း နှောင်ဖွဲ့စေတတ်ကုန်၏။ ပညာရှိတို့သည်ကား အနှောင်အဖွဲ့ ခံရသော်လည်း အနှောင်အဖွဲ့မှ လွတ်စေကုန်၏ဟု ဆိုလို၍ ဤ ဂါထာကို ဆို၏။

**၁၂၀။ အပဒ္ဒါ တတ္ထ ဗဇ္ဈန္တိ၊ ယတ္ထ ဗာလာ ပဘာသရေ၊**
**ဗဒ္ဓါပိ တတ္ထ မုစ္စန္တိ၊ ယတ္ထ ဓီရာ ပဘာသရေ။**

မြတ်သောမင်းကြီး လူမိုက်တို့ ဆိုကုန်သောအမှု၌ နှောင်ဖွဲ့ခြင်းငှါ မသင့်ကုန်သော သူတို့သည် အနှောင်အဖွဲ့ကို ရကုန်၏၊ ပညာရှိတို့ ပြောဆိုကုန်သော အမှု၌ အနှောင်အဖွဲ့ ရကုန် သူတို့ သည်လည်း လွတ်ကုန်၏။

ဤသို့ ဘုရားလောင်းသည် ဤ ဂါထာဖြင့် မင်းအား တရားဟော၍ မြတ်သော မင်းကြီး အကျွန်ုပ်သည် ဤဆင်းရဲကို အိမ်၌နေသည်၏အဖြစ်ကြောင့် ရအပ်၏။ ယခု အကျွန်ုပ်အား အိမ်ဖြင့် ကိစ္စမရှိ၊ အကျွန်ုပ်အား ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူပါလောဟု ရဟန်းအဖြစ်ကို ခွင့်တောင်း၍ မျက်ရည်စွတ်သော မျက်နှာရှိသော ဆွေမျိုးအပေါင်းကိုလည်းကောင်း, များစွာသော စည်းစိမ်ကိုလည်း ကောင်း စွန့်၍ ရသေ့ရဟန်းပြုသဖြင့် ဟိမဝန္တာ၌ နေလျက် အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ စိဉ္စမာဏ - ဝိကာသည် ထိုအခါ မိဖုရားပျက် ဖြစ်ဖူး၏၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပုရောဟိတ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာ့နှစ်ဆယ်မြောက်သော ဗန္ဓနမောက္ခဇာတ်သည် ပြီး၏။

---

# ၁၃- ကုသနာဠိဝဂ်

## ၁၂၁- ကုသနာဠိဇာတ်

အယုတ်အလတ် အမြတ်မရွေး အဆွေခင်ပွန်း ဖွဲ့ရမည်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ကရေသရိက္ကော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤကုသနာဠိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အနာထပိဏ်သူဌေး၏ အဆွေခင်ပွန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

အနာထပိဏ်သူဌေးကို ချစ်ကျွမ်း ဝင်ကုန်သော အမျိုး အဆွေခင်ပွန်းတို့သည် ပေါင်းစုကုန်၍ သူဌေးကြီး သင်နှင့် အမျိုးအနွယ် ဥစ္စာ စပါး အစရှိသည်တို့ဖြင့် ဤသူသည် တူသည်မဟုတ်၊ လွန်မြတ်သည် မဟုတ်၊ အဘယ့်ကြောင့် ထိုသူနှင့်မိတ်ဖွဲ့ခြင်းကို ပြုသနည်း၊ မပြုလင့်ဟု အဖန်တလဲလဲ မြစ်ကုန်၏။ အနာထပိဏ်သူဌေးသည်ကား ယုတ်သောသူတို့နှင့် လည်းကောင်း၊ တူသောသူတို့နှင့်လည်းကောင်း၊ လွန်သောသူတို့နှင့်လည်းကောင်း မိတ်ဖွဲ့ခြင်း မည်သည်ကို ပြုအပ်သလျှင်ကတည်းဟု နှလုံးထား၍ ထိုအမျိုး အဆွေခင်ပွန်း တို့၏စကားကို မယူဘဲ စားသော ရွာသို့ သွားသည်ရှိသော် ထိုအဆွေခင်ပွန်းကို ဥစ္စာစောင့်ပြု၍ သွား၏။

[ဤသို့ အစရှိသော အလုံးစုံသော စကားကို ကာဠကဏ္ဏိဝတ္ထု၌ ဆိုအပ်ပြီးသောနည်းဖြင့်လျှင် သိအပ်၏။ အထူးကား ဤဇာတ်၌-]

အနာထပိဏ်သူဌေးသည် မိမိ၏အိမ်၌ဖြစ်သော အကြောင်းကို မြတ်စွာ ဘုရားအား လျှောက်ကြားသည်ရှိသော် သဗ္ဗညု မြတ်စွာဘုရားသည် သူကြွယ် အဆွေခင်ပွန်းမည်သည်ကား ငယ်သော မည်သည်မရှိ၊ ဤအဆွေခင်ပွန်းဖွဲ့ရာ၌ အဆွေခင်ပွန်းတို့၏ တရားကို စောင့်ခြင်းငှါ စွမ်းနိုင်သော အဖြစ်သည်သာလျှင် ပမာဏဖြစ်၏။ အဆွေခင်ပွန်းမည်သည်ကို ကိုယ်နှင့်တူသည်ဖြစ်စေ၊ ယုတ်သည် ဖြစ်စေ၊ မြတ်သည်ဖြစ်စေ ဖွဲ့အပ်၏။ ထိုကားသည် သင့်၏။ အယုတ်အလတ် အမြတ်ဖြစ်သော ထိုအဆွေခင်ပွန်းတို့သည်တည်း မိမိ ဆောင်ရွက်အပ်သော အမှုကို ဆောင်ရွက် ကုန်သည်သာလျှင်တည်း။ ယခုအခါ ရှေးဦးစွာ သင်သည် မိမိအောက်နိမ့်သော အဆွေခင်ပွန်းကို အမှီပြု၍ ဥစ္စာရှင်ဖြစ်၏ ရှေးသူဟောင်း တို့သည်တမူကား မိမိအောက်နိမ့်သော အဆွေခင်ပွန်းကို အမှီပြု၍ ဗိမာန်ရှင် ဖြစ်ဖူးကုန်၏ဟု မိန့်တော်မူ၍ အနာထပိဏ်သူဌေးသည် တောင်းပန်အပ်ရကား အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

သူဌေး-လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် မင်း၏ဥယျာဉ်ဝယ် သမန်း မြက်ချုံ၌ နတ်၏အဖြစ်ဖြင့် ဖြစ်၏။ ထိုဥယျာဉ်၌လျှင် မင်္ဂလာကျောက်ဖျာကို အမှီပြု၍ ဖြောင့်သော ပင်စည်ရှိသော ဝန်းသော အခက်အခွနှင့် ပြည့်စုံသော မင်း၏အထံမှ ရအပ်သော ပူဇော်သက္ကာရရှိသော ရုစာမည်သော မင်္ဂလာ သစ်ပင်သည် ရှိ၏။ (သုမုခကမည်သော သစ်ပင်ဟူ၍လည်း ဆိုအပ်၏။) ထို မင်္ဂလာသစ်ပင်၌ ဘုန်းတန်ခိုးကြီးသော တစ်ပါးသော နတ်မင်းသည်ဖြစ်၏။

ဘုရားလောင်းအား ထိုနတ်မင်းနှင့်တကွ မိတ်ဖွဲ့ခြင်းသည် ဖြစ်၏၊ ထိုအခါ
မင်းသည် တစ်ဆောင်သော တစ်ပင်တိုင် နန်းပြာသာဒ်၌နေ၏၊ ထိုပြာသာဒ်
တိုင်သည်နှဲ့၏၊ တစ်နေ့သော အနှစ်ရှိသောတိုင်ကို ဆောင်စေ၍ ထိုတိုင်ကို မတုန်
မလှုပ်အောင် ပြုကုန်လောဟု ဆို၏၊ လက်သမားတို့သည် ရှင်မင်းကြီး ကောင်းပြီ
ဟု မင်း၏စကားကို ဝန်ခံကုန်၍ နန်းတိုင်ဖို့ လျောက်ပတ်သောသစ်ကို ရှာကုန်
လတ်သော် တစ်ပါး၌ မမြင်ကုန်၍ ဥယျာဉ်၌ ဝင်ကုန်၍ သုမင်္ဂလ မည်သော
သစ်ပင်ကို မြင်ကုန်၍ မင်း၏ အထံသို့သွားကုန်၍ မင်းသည် အမောင်တို့
နန်းတိုင်ဖို့ လျောက်ပတ်သောသစ်ကို သင်တို့မြင်ခဲ့၏လောဟု မေးသည်ရှိသော်
ရှင်မင်းကြီး မြင်ခဲ့ပြီ၊ မြင်ငြားသော်လည်း ထိုသစ်ပင်ကို မခုတ်ဝံ့ပါကုန်ဟု
ဆို၏၊ အဘယ့်ကြောင့် မခုတ်ဝံ့သနည်းဟု မေးသည်ရှိသော် အကျွန်ုပ်တို့သည်
တစ်ပါး၌ သစ်ပင်ကို မမြင်ကုန်၍ ဥယျာဉ်တော်သို့ ဝင်ကုန်၏၊ ဥယျာဉ်တော်
၌လည်း မင်္ဂလာသစ်ပင်ကိုထား၍ တစ်ပါးသော သစ်ပင်ကို မမြင်ကုန်၍ ထို
မင်္ဂလာသစ်ပင်တော် ဖြစ်သည်၏အဖြစ်ကြောင့် ထိုသစ်ပင်ကို မခုတ်ဝံ့ပါကုန်ဟု
လက်သမားတို့သည် လျှောက်ကြကုန်၏၊ သွားကြကုန်၊ ထိုမင်္ဂလာသစ်ပင်ကို
ခုတ်ကုန်၍ ပြာသာဒ်ကိုခိုင်အောင် ပြုကြကုန်၊ တစ်ပါးသောသစ်ပင်ကိုငါတို့သည်
မင်္ဂလာသစ်ပင်ပြုကုန်အံ့ဟု မင်းကြီးဆို၏၊ ထိုလက်သမားတို့သည်ကောင်းပြီဟု
ပူဇော်ပသဖွယ်ကိုယူ၍ ဥယျာဉ်သို့သွားကုန်၍ နက်ဖြန် ခုတ်ပါအံ့ဟု သစ်ပင်
အား ပူဇော်ပသခြင်းကို ပြုကုန်၍ ထွက်ကြကုန်၏။

ရုက္ခစိုးနတ်သည် ထိုအကြောင်းကိုသိ၍ နက်ဖြန် ငါ့ဗိမာန်ကို ဖျက်ဆီးကုန်
လတ္တံ့၊ ငါ့သားငယ်တို့ကိုယူ၍ အဘယ်သို့ သွားရလတ္တံ့နည်းဟု ဆင်ခြင်လတ်
သော် သွားရာအရပ်ကို မမြင်၍ သားငယ်တို့ကို လည်ဖက်၍ ငို၏၊ ထိုရုက္ခစိုး
နတ်၏ သန္ဒိဋ္ဌ သမ္ဘတ္တ အဆွေခင်ပွန်းဖြစ်သော ရုက္ခစိုးနတ်တို့သည် လာလတ်
ကုန်၍ ဤငိုခြင်းကား အကြောင်းအသို့နည်းဟု မေးကုန်၍ ထိုအကြောင်းကို
ကြားကုန်လတ်သော် မိမိတို့သည်လည်း လက်သမားတို့ကို ဖွဲ့စေအပ်သော
အကြောင်းကို မမြင်ကုန်၍ ထိုရုက္ခစိုး နတ်ကို ဖက်၍ ငိုကြကုန်၏။
ထိုအခါ ဘုရားလောင်းသည် ရုက္ခစိုးနတ်ကို ဖူးမြင်အံ့ဟု မင်္ဂလာ သစ်ပင်သို့
သွား၍ ထိုအကြောင်းကို ကြားလျှင် ထိုသို့ဖြစ်စေ အရှင်နတ်မင်းတို့
သည် မစိုးရိမ်ကုန်လင့်၊ ကျွန်ုပ်သည် ထိုသစ်ပင်ကို ခုတ်စိမ့်သောငှါ မပေးအံ့။
နက်ဖြန် လက်သမားတို့သည် လာသောကာလမှ ကျွန်ုပ်ပြုသောအမှုကို ကြည့်ကြ
ကုန်လော့ဟု ဆို၍ ထိုနတ်တို့ကို နှစ်သိမ့်စေ၍ နက်ဖြန် လက်သမားတို့သည်
လာသောကာလ၌ ပုတ်သင်အသွင် ဖန်ဆင်း၍ ဤလက်သမားတို့၏ ရှေ့မှသွား၍
မင်္ဂလာသစ်ပင်၏ အမြစ်ကြားသို့ဝင်၍ မင်္ဂလာသစ်ပင်ကိုအခေါင်းရှိသကဲ့သို့ပြု၍
သစ်ပင်၏အလယ်ဖြင့် တက်လတ်၍ ပင်စည်၏ထိပ်မှထွက်၍ ခေါင်းကိုလှုပ်လျက်

ဝပ်၏။ လက်သမားကြီးသည် ထိုပုတ်သင်ကိုမြင်လတ်၍ သစ်ပင်ကို လက်ဖြင့် တီး၍ ဤသစ်ပင်ကား အခေါင်းရှိ၏။ အနှစ်မရှိ။ ယမန်နေ့က မဆင်ခြင်မိ၍လျှင် ငါတို့သည် ပူဇော်ခြင်းကို ပြုမိကုန်၏ဟု တခဲနက်သော သစ်ပင်ကြီးကို ကဲ့ရဲ့၍ ဖဲလေ၏။

ရုက္ခစိုးနတ်မင်းသည် ဘုရားလောင်းကို အမှီပြု၍ ဗိမာန်ရှင် ဖြစ်၏။ ရုက္ခစိုး နတ်မင်းအား များစွာလောကဝတ်ကို ပြုအံ့သောငှါ သန္နိဋ္ဌအဆွေခင်ပွန်း ႀ မွတ္တ အဆွေခင်ပွန်း နတ်တို့သည် စည်းဝေးကြကုန်၏။ ရုက္ခစိုးနတ်မင်းသည် ပ ကျွန်ုပ် ၏ ဗိမာန်ကို ရစေပြီဟု နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ထိုအဆွေ ခင်ပွန်း တို့၏အသယ်၌ ဘုရားလောင်း၏ ကျေးဇူးအထူးကိုဘိုလျက် အရှင်နတ်မင်းတို့ အကျွန်ုပ်တို့သည် တန်ခိုးကြီးကုန်လျက်လည်း နုသောပညာ ရှိသည်၏ အဖြစ် ကြောင့် ဤအကြောင်း ကို မသိချေ။ သမန်းဘုတ်ကျူရှိနေ နတ်သည်တမူကား ဉာဏ်နှင့်ပြည့်စုံသည်၏ အဖြစ်ကြောင့် ကျွန်ုပ်တို့ကို ဗိမာန်ရှင်ပြုပေ၏။ မိတ် မည်သည်ကို ကိုယ်နှင့် ဒင်တူသည်ဖြစ်စေ၊ ပြတ်သည်ဖြစ်စေ၊ ယုတ်သည်ဖြစ်စေ ဖွဲ့အပ်သည်သာလျှင် ဖြစ်၏။ ထိုစကားသည် သင့်၏။ ခပ်သိမ်းကုန်သော အဆွေ ခင်ပွန်းတို့သည်လည်း မိမိတို့၏ အစွမ်းဖြင့် အဆွေခင်ပွန်းတို့အားဖြစ်သော ဆင်းရဲကိုထုတ်၍ ချမ်းသာ၌ တည်စေကုန်သလျှင်ကကည်းဟု အဆွေခင်ပွန်းတို့၏ တရားကို ချီးမွမ်းလို၍ ဤဂါထာကို ရွတ်ဆို၏—

၁၂၁။ ကရေ သရိက္ခော အထ ဝါ ပိ သေဋ္ဌော၊
နိဟီနကော ဝါပိ ကရေယျ ဧကော။
ကရေယျုမေတေ ဗျသနေ ဥတ္တမတ္ထံ၊
ယထာ အဟံ ကုသနာဠိ ရုစာယံ။

အရှင်နတ်တို့ ကိုယ်နှင့်တူသူသည် လည်းကောင်း ကိုယ့်ထက်မြတ်သော သူ သည်လည်းကောင်း ကိုယ့်အောက် ယုတ်သောသူသည် လည်းကောင်း အဆွေ ခင်ပွန်းတို့၏ တရားကိုပြုရာ၏၊ ထိုသူတို့သည် အဆွေခင်ပွန်းအား ပျက်စီးခြင်း ဖြစ်လတ်သော် မြတ်သော အကျိုးစီးပွားကို ပြုကုန်ရာ၏။ ထို့ကြောင့် ရုစာမည် သော မင်္ဂလာသစ်ပင်၌ နတ်ဖြစ်သော ငါသည်လည်းကောင်း၊ ဘုန်းတန်ခိုး နည်း သော သမန်းဘုတ်ကျူရှိ၌ ဖြစ်သော နတ်သည် လည်းကောင်း ငါတို့သည် မိတ်ဖွဲ့ခြင်းကို ပြုကုန်သကဲ့သို့ ထို့အတူ ဆင်းရဲခြင်းမှ လွတ်လိုကုန်သော သူတပါးတို့သည်လည်း ကိုယ်နှင့်တူသူ ကိုယ့်ထက်မြတ်သူ ကိုယ့်အောက်ယုတ်သူ တို့ကို မိတ်ဆွေဖွဲ့ရာ၏။

ရုစာမည်သော မင်္ဂလာသစ်ပင်စောင့်နတ်သည် ဤဂါထာဖြင့် နတ်အပေါင်း အား တရားဟော၍ အသက်အပိုင်းအခြား ပတ်လုံးတည်၍ သမန်းဘုတ်ကျူရှိ နတ်နှင့်တကွ ကံအားလျော်စွာ လား၏။

## ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မ ဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ရုစာမည်သော မင်္ဂလာသင်စိုင်စောင့် နတ် ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သမန်းဘုတ် ကျူရုံစောင့် နတ်ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာနှစ်ဆယ့်တစ်ခုမြောက်သော ကုသနာဠိဇာတ်သည် ပြီး၏။

---

## ၁၂၂-ဒုမ္မေဓဇာတ်

## အရိပ် ရန်သူထင်

## သူယုတ်မာအား ရတနာနှင့် မထိုက်တန်

## ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ယသံ လဒ္ဓါန ဒုမ္မေဓော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒုမ္မေဓ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

တရားသဘင်၌ ရဟန်းတို့သည် ငါ့ချင်တို့ ဒေဝဒတ်ကား ကောင်းသော လက္ခဏာ ရှိတော်မူသော မြတ်စွာဘုရား၏ လပြည့်ဝန်းကဲ့သို့ တင့်တယ်စွာသော မျက်နှာတော်ကို လည်းကောင်း၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ် သုံးဆယ့်နှစ်ပါးသော ယောကျ်ား မြတ်တို့၏ လက္ခဏာ တော်ကြီးတို့ဖြင့် တန်ဆာဆင်အပ်သော တစ်လံမျှသော ရောင်ခြည်တော်တို့ဖြင့် ခြံရံအပ်သော အသွယ်အသွယ် အစုံအစုံ အစုအစု ဖြစ်ကုန်သော ဘုရား ရောင်ခြည်တော်တို့ကို လွှတ်သော မြတ်သော တင့်တယ်ခြင်း အစုသို့ရောက်သော ကိုယ်တော်ကို လည်းကောင်း မြင်၍ စိတ်ကို ကြည်ညိုခြင်းငှါ မဖြစ်စေနိုင် ငြူစူခြင်းကိုသာလျှင် ပြု၏၊ ဘုရား မည်သည်ကား ဤသို့ သဘောရှိသော သီလ သမာဓိ ပညာ အရဟတ္တဖိုလ် ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံကုန်၏ ဟူ၍ ဆိုအပ်သော ကျေးဇူး စကားကို သည်းခံခြင်းငှါ မတတ်နိုင်၊ ငြူစူခြင်းကိုသာလျှင် ပြု၏ဟူ၍ ဒေဝဒတ်၏ ကျေးဇူးမဲ့ကို ပြောဆိုကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ကြွတော်မူလာ၍ ရဟန်းတို့ ယခု ငါလာတော်မူသော အခါ၌ အဘယ်မည်သော စကားဖြင့် စည်းဝေး ကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေး ပါကုန်၏ဟု **နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ဒေဝဒတ်သည် ယခု**

အခါ၌သာလျှင် ငါဘုရား၏ ကျေးဇူးကို ဆိုအပ်သည်ရှိသော် ငြူစူခြင်းကို ပြုသည် မဟုတ်သေး၊ ရှေး၌လည်း ပြုဖူးသည်သာလျှင် တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသော အခါ မဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ မဂဓ မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဆင်မျိုး၌ဖြစ်၍ အလုံးစုံ ဖြူ၏၊ အောက်၌ ဆိုအပ်ပြီးသော အဆင်းရှိသော ရူပသမ္ပတ္တိနှင့် ပြည့်စုံ၏၊ ထိုဆင်ဖြူကို ဤဆင်ကား လက္ခဏာနှင့် ပြည့်စုံသော ဆင်တည်းဟု မဂဓ မင်းသည် မင်္ဂလာဆင်ကို ပြု၏၊ ထိုအခါ ပွဲသဘင်ဖြစ်သော နေ့၌ အလုံးစုံသော မြို့ကို နတ်ပြည်ကဲ့သို့ တန်ဆာဆင်၍ အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာ ဆင်အပ်သော မင်္ဂလာ ဆင်ကို စီး၍ ကြီးစွာသော မင်း၏ အာနုဘော်ဖြင့် မင်းသည် မြို့ကို လက်ယာရစ် လှည့်၏။

လူများသည် ထိုထိုအရပ်၌ ရပ်၍ မင်္ဂလာဆင်၏ အဆင်း၏ တင့်တယ်ခြင်း အစုသို့ ရောက်သော ကိုယ်ကိုမြင်၍ အံ့ဖွယ်ရှိစွ၊ ဆင်၏ အဆင်းသည် တင့်တယ်စွ၊ ဆင်၏တင့်တယ်ခြင်းသည် အံ့ဖွယ်ရှိပေစွ၊ ဆင်၏ လက္ခဏာနှင့် ပြည့်စုံခြင်းသည် အံ့ဖွယ်ရှိစွ၊ ဤသို့ အစရှိသော အလုံးစုံဖြူသော ဆင်မြတ်မည်သည်ကား စကြဝတေး မင်းအား လျောက်ပတ်၏ဟု မင်္ဂလာ ဆင်ကိုသာလျှင် ချီးမွမ်းကုန်၏၊ မင်းသည် မင်္ဂလာဆင်အား ချီးမွမ်းသံကို ကြား၍ သည်းခံအံ့သောငှါ မတတ်နိုင်ရကား ငြူစူခြင်းကို ဖြစ်စေ၍ ယနေ့လျှင် ထိုဆင်ကို တောင်ကမ်းပါးပြတ်၌ ကျစေ၍ အသက်ကုန်ခြင်းသို့ ရောက်စေအံ့ဟု ကြံ၍ ဆင်စီးဆရာကို ခေါ်စေ၍ သင်သည် အသို့ပြု၍ ဤဆင်ကို သင်အပ် သနည်းဟု မေး၏၊ အရှင်မင်းကြီး ဆင်ကို သင်အပ်ပြီဟု လျှောက်သည်ရှိသော် ကောင်းစွာ သင်သလော မကောင်းသဖြင့် သင်သလောဟု မေး၏၊ ရှင်မင်းကြီး ကောင်းစွာ သင်၏ဟု လျှောက်၏၊ အကယ်၍ ကောင်းစွာ သင်ငြားအံ့၊ ထိုဆင်ကို ဝေပုလ္လတောင် ထိပ်သို့ တက်စေနိုင်အံ့လောဟု မေး၏၊ ရှင်မင်းကြီး တောင်ထိပ်သို့ တက်စိမ့်သောငှါ တတ်နိုင်ပါ၏ဟု လျှောက်၏၊

ထိုသို့ ဖြစ်မူကား လာလောဟု ဆို၍ မိမိသည် ဆင်မှ သက်၍ ဆင်ဆရာကို တက်စေ၍ တောင်ခြေရင်းသို့ သွား၍ ဆင်ဆရာကို ဆင်ကျောက်ကုန်း၌ နေစေ၍ ဆင်သည် ဝေပုလ္လတောင်ထိပ်သို့ တက်ပြီးသည်ရှိသော် မိမိလည်း အမတ်အပေါင်းခြံရံလျက် ဝေပုလ္လတောင်ထိပ်သို့တက်၍ ဆင်ကို တောင်ကမ်းပါး ပြတ်သို့ ရှေးရှုပြုစေ၍ ဆင်စီးသည် အကျွန်ုပ် ဤဆင်ကို ကောင်းစွာ သင်အပ်

ပြီဟု လျှောက်၏၊ ထိုဆင်ကို ရှေးဦးစွာ အခြေ သုံးချောင်းတို့ဖြင့် သွားလျှင် ရပ်စေလောဟု ဆို၏၊ ဆင်ဆရာသည် ကျောက်ကုန်း၌ နေလျက် အမောင် အခြေသုံးဘက်ဖြင့် ရပ်လော့ဟု ဆင်အား ပနော်ဖြင့် အမှတ်သညာကို ပေး၏၊ ဘုရားလောင်းသည် ဆင်ဆရာ ဆိုတိုင်းပြု၏၊ တစ်ဖန် မင်းသည် ရှေ့ခြေ နှစ်ဖက်တို့ဖြင့်သာလျှင် ရပ်စေလောဟု ဆို၏။ ဘုရားလောင်းသည် နောက်ခြေ နှစ်ဖက်တို့ကို ကြွ၍ ရှေ့ခြေနှစ်ဖက်တို့ဖြင့်သာလျှင် ရပ်၏။ နောက်ခြေနှစ်ဖက် တို့ဖြင့်သာလျှင် ရပ်စေလောဟု ဆိုသော်လည်း ရှေ့ခြေနှစ်ဖက်တို့ကို ကြွ၍ နောက်ခြေနှစ်ဖက်တို့ဖြင့်သာလျှင် ရပ်၏။ ခြေတစ်ဖက်ဖြင့်သာလျှင် ရပ်စေလော့ ဟု ဆိုသော်လည်း ခြေသုံးဖက်တို့ကို ကြွ၍ ခြေတစ်ဖက်ဖြင့်သာလျှင် ရပ်၏။ ထိုအခါ မင်္ဂလာဆင်၏ မကျသောအဖြစ်ကိုသိ၍ အကယ်၍စွမ်းနိုင်အံ့ ကောင်း ကင်၌ ခြေတို့ကို ထားလော့ဟု ဆို၏။

ဆင်ဆရာသည် ဇမ္ဗူဒိပါအလုံး၌ ဤဆင်နှင့်တူသော ကောင်းစွာသင်အပ် သော ဆင်မည်သည် မရှိ ယုံမှားမဲ့လျှင် ဤဆင်ကို ဤမင်းသည် တောင်ကမ်းပါး၌ ကျ၍ သေစေလိုသည် ဖြစ်သတတ်ဟု ကြံ၏။ ကြံပြီး၍ ဆင်ဆရာသည် ဆင်၏ နားရင်း၌ အမောင် ဤမင်းသည် အမောင်ကို ဤတောင်ထိပ်မှကျ၍ သေစေ လို၏၊ အမောင်သည် ဤမင်းအား မထိုက်မလျှောက် ကောင်းကင်ဖြင့် သွားခြင်းငှါ အမောင်အား အစွမ်းရှိငြားအံ့၊ စီးမြဲတိုင်းသာလျှင်ရှိသော ကျွန်ုပ်ကို ယူ၍ ကောင်းကင်သို့ ပျံတက်၍ ဗာရာဏသီသို့ သွားပါလော့ဟု ဆို၏။ ဘုန်းတန်ခိုးနှင့် ပြည့်စုံသော ဘုရားလောင်းသည် ထိုခဏ၌လျှင် ကောင်းကင်၌ တည်၏၊ ဆင်ဆရာသည် မင်းကြီး ဤဆင်သည် ဘုန်းတန်ခိုးနှင့် ပြည့်စုံ၏။ သင်ကဲ့သို့ ဘုန်းပညာနည်းသော သူအား မထိုက် မလျှောက်၊ ဘုန်းပညာနှင့် ပြည့်စုံသော မင်းအားသာလျှင် ထိုက်လျှောက်၏၊ သင်ကဲ့သို့ ဘုန်းပညာ နည်းသော သူတို့သည် ဤသို့ကဲ့သို့ သဘောရှိသော ဆင်မြတ်ကို ရကုန်၍ ထိုဆင်၏ကျေးဇူးကို မသိကုန်ကုန်သောကြောင့် ထိုဆင်မြတ်ကိုလည်းကောင်း ကြွင်းသော အခြံအရံ စည်းစိမ်ကိုလည်းကောင်း ဖျက်ဆီးတတ်သည်သာလျှင်တည်း ဟု ဆို၍ ဆင်ကျောက်ကုန်း၌ နေလျက် ဂါထာကို ရွတ်ဆို၏—

၁၂၂။ ယသံ လဒ္ဓါန ဒုမ္မေဓော၊ အနတ္ထံ စရတိ အတ္တနော။
အတ္တနော စ ပရေသဉ္စ၊ ဟိံသာယ ပဋိပဇ္ဇတိ။

မင်းကြီး ပညာမရှိသူသည် အခြံအရံ စည်းစိမ်ကိုရ၍ မိမိ၏အကျိုးမဲ့ကို ကျင့်၏။ ပြုအပ် မပြုအပ်သည်ကို မသိရကား မိမိအားလည်းကောင်း၊ သူတပါးတို့အားလည်းကောင်း ညှင်းဆဲခြင်းငှါ ကျင့်၏။

ဤဂါထာပုဒ်ဖြင့် မင်းအားတရားဟော၍ မင်းကြီး ယခုနေမှစ်လော့ဟု ဆို၍ ကောင်းကင်သို့ပျံ၍ ဗာရာဏသီသို့ သွား၍ မင်းရင်ပြင် ကောင်းကင်၌ရပ်၍ မြို့အလုံးချောက်ချား၍ ငါတို့မင်းဖို့ ကောင်းကင်ဖြင့် ဆင်ဖြူလာ၍ မင်း ရင်ပြင်၌ တည်သတည်းဟု တပြိုင်နက် အုတ်အုတ် ကျက်ကျက် ဖြစ်၏။ လျင်စွာ မင်းအားလည်း ကြားလျှောက်ကုန်၏။ မင်းသည် ထွက်လာ၍ ငါ၏အသုံး အဆောင်ဖို့ အကယ်၍ လာနေက်ငြားအံ့၊ မြေ၌ဘည်လော့ဟု ဆို၏။ ဘုရားလောင်းသည် မြေ၌ တည်၏။ ဆင်ဆရာသည် ဆင်မှသက်၍ မင်းကို ရှိခိုး၍ နေ၏။ မင်းသည် အမောင် အဘယ်ကလာသနည်းဟု မေးလတ်သော် မြတ်သောမင်းကြီး ရင်ငြိုဟ်က လာခဲ့သည်ဟုဆို၍ အလုံးစုံသောအကြောင်း ကို လျှောက်၏။ မင်းသည် အမောင် သင်သည် ဗာရာဏသီသို့ လာသဖြင့် နှစ်သက်ဖွယ်သောအမှုကို ပြုပေ၏ဟု ဝမ်းမြောက်ဝမ်းသာ မြို့ကိုတန်ဆာဆင် စေ၍ ဆင်ကို မင်္ဂလာဆင်အရာ၌ ထား၍ မြို့အလုံးကို သုံးစုစု၍ တစ်စုကို ဘုရားအလောင်းအား၊ တစ်စုကို ဆင်ဆရာအားပေး၏။ တစ်စုကို မိမိယူ၏။ ဘုရားလောင်းရောက်သော ကာလမှစ၍ကား ဇမ္ဗူဒိပ်အလုံး၌ မင်းအဖြစ် သည် ဗာရာဏသီမင်း၏ လက်ကိုသာလျှင် ရောက်၏။ ဗာရာဏသီမင်းသည် ဇမ္ဗူဒိပ်၌ မြတ်သောမင်းဖြစ်၍ ဒါနအစရှိကုန်သော ကောင်းမှုတို့ကို ပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဝေဝဒတ်သည် ထိုအခါ မဂဓမင်း ဖြစ်ဖူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ဗာရာဏသီမင်း ဖြင်ဖူးပြီ။ ယခုအခါ အာနန္ဒာသည် ထိုအခါ ဆင်ဆရာ ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မင်္ဂလာဆင် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာနှစ်ဆယ့်နှစ်ခုမြောက်သော ဒုမ္မေဓဇာတ်သည် ပြီး၏။

---

၁၂၃-နင်္ဂလီသဇာတ်

လှေနံဓားထစ် တစ်ထစ်ချ မှတ်ယူသူ

ဖင်မှုန်း ခေါင်းမှုန်းမသိ၊ အမြီးအမောက် မတည့်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် "အသဗ္ဗတ္တ ဂါမိံ ဝါစံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်

အပ်သော ဤနက်သီသဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် လာဠုဒါယီမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

လာဠုဒါယီသည် တရားဟောသည်ရှိသော် ဤအရာ၌ ဤတရားကို ဟောအပ်၏၊ ဤအရာ၌ ဤတရားကို မဟောအပ်ဟု သင့်မသင့်၊ ရာ, မရာကို မသိ၊ မင်္ဂလာအရာ၌ ပါရေကုဋ္ဋေသု တိဋ္ဌန္တိ သန္ဓိသိင်္ဃာဋကေသုစ အစရှိသော ဤအမင်္ဂလာတရားကို မင်္ဂလာတရားပြု၍ ဟော၏။ အမင်္ဂလာအရာတို့၌ ဗဟူ ဒေဝါ မနုဿာ စ မင်္ဂလာနိ အစိန္တယုံ ဆိုပြီး၍ ဤသို့ သဘောရှိကုန်သော မင်္ဂလာတို့၏ အမှုကိုလည်းကောင်း၊အထောင်ကိုလည်းကောင်း ပြုခြင်း၌ စွမ်းမြဲ ကြစေကုန်သတည်းဟု ဟော၏။ ထိုအခါ တစ်နေ့သ၌ တရားသဘင်ဝယ် ရဟန်းတို့သည် ငါ့ရှင်တို့ လာဠုဒါယီသည် ရာမရာ သင့်မသင့်ကို မသိ၊ အလုံးစုံ၌ မသိအပ်သည့်စကား ကို အလုံးစုံ၌ဆိုတတ်၏ဟု စကားကို ဖြစ်စေကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ကြွလာတော်မူလာ၍ ရဟန်းတို့ ယခုအခါ အဘယ် စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ လာဠု-ဒါယီသည် ယခုအခါ၌သာလျှင် ထိုင်းမှိုင်းတွေဝေသည်ဖြစ်၍ သင့် မသင့် ရာမရာကို မသိသည် မဟုတ်သေး၊ ရှေး၌လည်း ဤလာဠုဒါယီသည် ဤသို့သဘော ရှိသည် ဖြစ်ဖူး၏၊ အမြဲ လာဠုက မည်သည်သာလျှင် ဖြစ်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်ဟော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားသူကြွယ်မျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ ဗာရာဏသီပြည်၌ ဒိသာပါမောက္ခဆရာဖြစ်၍ ငါးပည့်လုလင်ငါးရာတို့ကို အတတ် သင်စေ၏၊ ထိုလုလင်တို့တွင် တစ်ယောက်သော ထိုင်းမှိုင်း တွေဝေသော လာဠုက မည်သော လုလင်သည် အတတ်သင်ပည့်ဖြစ်၍ အတတ်သင်လာ၏။ ဉာဏ်ထိုင်းသည်၏အဖြစ်ကြောင့်ကား သင်ခြင်းငှါ မတတ်နိုင်၊ ဘုရားလောင်း အားကား ကျေးဇူးပြု၏။ ကျွန်ကဲ့သို့ ခပ်သိမ်းသော ကိစ္စကို ပြု၏။ ထိုအခါ တစ်နေ့သ၌ ဘုရားလောင်းသည် ညစာစား အိပ်ရာ၌အိပ်လျက် လက်, ခြေ ကျောကုန်းတို့ကို နှိပ်နယ်၍ သွားသော ထိုလာဠုက လုလင်ကို အမောင် ညောင်စောင်းခြေတို့ကို ထောက်၍ သွားလောဟု ဆို၏။ လာဠုက လုလင်သည် တစ်ခုသော ညောင်စောင်းကို ထောက်၍ ပစ်ခုသော ညောင်စောင်းခြေကို မရ၍ကား မိမိ၏ပေါင်၌ ညောင်စောင်းကိုထား၍ ညဉ့်ကုန်ကုန်စေ၏။

ဘုရားလောင်းသည် မိုးသောက်သောအခါ၌ ထ၍ လာဠုဒါယီကို မြင်လျှင် အမောင် အဘယ့်ကြောင့် ဤ၌ အိပ်သနည်းဟု မေး၏၊ ဆရာ တစ်ခုသော ညောင်စောင်းခြေ၏ အထောက်ကိုမရ၍ ပေါင်ပေါ်၌ ညောင်စောင်းကို ထား၍ အိပ်သတည်းဟု လျှောက်၏။ ဘုရားလောင်းသည် ထိတ်လန့်သော စိတ်ရှိ၏။ ဤလာဠုဒါယီသည် အလွန်လျှင် ငါ့အားကျေးဇူးပြု၏၊ ဤမျှသော လုလင်တို့၏ အတွင်း၌ ဤလုလင်သည်လျှင် ဉာဏ်ထိုင်း၍ အတတ်ကိုသင်ခြင်းငှါ မတတ်နိုင်၊ အသို့လျှင် လာဠုဒါယီကို ငါသည် ပညာရှိအောင် ပြုရအံ့နည်းဟု ကြံ၏။ ထိုအခါ ဘုရားလောင်းအား ဤသို့ အကြံဖြစ်သည် ဖြစ်၏။ ငါသည် ဤလုလင်ကို ထင်းခွေ ဟင်းရွက်ခူးသွား၍ လာလတ်သော် ယနေ့သင်သည် အဘယ်ကို မြင်ခဲ့သနည်း၊ အဘယ်အမှုကို ပြုခဲ့သနည်းဟု မေးအံ့၊ ထိုအခါ ယနေ့ အကျွန်ုပ်သည် ဤမည်သောဝတ္ထုကို မြင်ခဲ့၏။ ဤမည်သော အမှုကို ပြုခဲ့၏ဟု ပြောဆိုလတ္တံ့၊ ထိုအခါ ထိုလုလင်ကို သင်မြင်ခဲ့သောဝတ္ထု သည်လည်းကောင်း၊ ပြုခဲ့သော အမှုသည်လည်းကောင်း အဘယ်နှင့် တူသနည်းဟု မေးအံ့၊ ထိုလုလင်သည် ဤ မည်သော ဝတ္ထုနှင့် တူ၏၊ ဤသို့ သဘောရှိ၏ဟု ဥပမာဖြင့်လည်းကောင်း၊ အကြောင်းဖြင့်လည်းကောင်း ဆိုလတ္တံ့၊ ဤသို့ လာဠုဒါယီကို အသစ်အသစ်ဖြစ်သော ဥပမာကိုလည်းကောင်း၊ အကြောင်းကိုလည်းကောင်း၊ ဆိုစေ၍ ပညာရှိအောင်ပြုအံ့၊ ဤတစ်ခုသောအကြောင်းသည် ရှိ၏ဟု အကြံသည် ဖြစ်၏၊ ကြံပြီး၍ ဘုရားလောင်းသည် လာဠုဒါယီကို ခေါ်စေ၍ လုလင် သင်သည် ယနေ့မှစ၍ ထင်းခွေအံ့သော ငှါလည်းကောင်း၊ ဟင်းရွက်ခူးအံ့သော ငှါလည်းကောင်း သွားသောအရပ်၌ မြင်ခဲ့၊ ကြားခဲ့၊ စားခဲ့၊ သောက်ခဲ့၊ ခဲခဲ့ရသည်ကို ငါ့အား လျှောက်လာလှည့်ဟု ဆို၏။

လာဠုဒါယီသည် ကောင်းပြီဟု ဝန်ခံ၍ တစ်နေ့သ၌ လုလင်တို့နှင့် အတူ ထင်းခွေအံ့သောငှါ တောသို့သွားလတ်သော် တော၌ မြွေကိုမြင်ခဲ့၍ ဆရာ အကျွန်ုပ် မြွေကိုမြင်ခဲ့ရသည်ဟု ဆရာအား ကြားလျှောက်၏။ အမောင် မြွေသည် အဘယ်နှင့်တူသနည်းဟု ဆရာကမေး၏၊ ဆရာ မြွေသည် ထွန်တုံး ထွန်သန်နှင့် တူ၏ဟု လျှောက်၏။ အမောင် ကောင်းစွ ကောင်းစွ၊ နှစ်သက်ဖွယ်သော ဥပမာကို အမောင် ဆောင်နိုင်ပေ၏။ မြွေမည်သည်ကား ထွန်တုံး ထွန်သန်နှင့်တူသည် သာလျှင်တည်းဟု ဆရာဆို၏။ ထိုအခါ ဘုရားလောင်းသည် လုလင်သည် နှစ်သက်ဖွယ်သော ဥပမာကို ဆောင်နိုင်၏၊ ထိုလုလင်ကို ပညာရှိအောင် ပြုခြင်းငှါ တတ်နိုင်လတ္တံ့ဟု ကြံ၏။ လုလင်သည် တစ်ဖန် တစ်နေ့သ၌ တောကဆင်ကို မြင်ခဲ့၍ ဆရာ ယနေ့ အကျွန်ုပ် ဆင်ကို မြင်ခဲ့ရ၏ဟု လျှောက်သ၏။ အမောင် ဆင်ကား အဘယ်နှင့် တူသနည်းဟု ဆရာက မေး၏။ ဆရာ ဆင်ကား ထွန်တုံး ထွန်သန်နှင့်တူ၏ဟု လျှောက်၏။ဘုရားလောင်း

သည် ဆင်၏နှာမောင်းကား ထွန်တုံးထွန်သန်နှင့်တူ၏၊ ဆင်ဆွယ် အစရှိသည်တို့လည်း ထွန်တုံးထွန်သန်နှင့် တူကုန်၏။ ဤလုလင်ကား မိုက်သည်၏ အဖြစ်ကြောင့် ခွဲခြမ်း၍ မပြောနိုင်ရကား ဆင်နှာမောင်းကိုရည်၍ ဆိုသည်ဖြစ်မည်ဟု ဆိတ်ဆိတ်နေ၏။

ထိုအခါ တစ်နေ့သ၌ ဆွမ်းဖိတ်ရာအရပ်ဝယ် ကြံကိုရ၍ ဆရာယနေ့ ကြံစုပ်ခဲ့ရ၏ဟု လျှောက်လာ၏။ အမောင် ကြံသည် အဘယ်နှင့်တူသနည်းဟု မေးလတ်သော် ဆရာ ကြံသည် ထွန်တုံးထွန်သန်နှင့် တူ၏ဟု လျှောက်၏။ ဆရာသည် အတန်ငယ် သျှော်သောအကြောင်းကိုဆို၏ဟု ဆိတ်ဆိတ်နေ၏။ တစ်ဖန် တစ်နေ့သ၌ ဆွမ်းဖိတ်ရာအရပ်ဝယ် အချို့ကုန်သော လုလင်တို့သည် တင်လဲ့နို့ဓမ်းဖြင့် စားကြကုန်၏။ အချို့ကုန်သောလုလင်တို့သည် နို့ရည်ဖြင့်စားကြကုန်၏။လုလင်ငယ်ကသည် ဆရာ ယနေ့ အကျွန်ုပ်တို့ နို့ဓမ်း နို့ရည်ဖြင့် စားခဲ့ရကုန်သည်ဟု လျှောက်လာ၏။ အမောင် နို့ဓမ်း နို့ရည်သည် အဘယ်နှင့်တူသနည်းဟု မေး၏၊ ဆရာ နို့ဓမ်းနို့ရည်သည် ထွန်တုံးထွန်သန်နှင့်တူ၏ဟု လျှောက်၏။ဆရာသည် ဤလုလင်ကား မြွေသည် ထွန်တုံးထွန်သန်နှင့် တူ၏ဟုဆိုသဖြင့် ကောင်းသောစကားကို ဆို၏။ ဆင်သည် ထွန်တုံးထွန်သန်နှင့် တူ၏ဟု ဆိုသဖြင့်လည်း နှာမောင်းကို ရည်၍ အနည်းငယ်သော အသင့်အားဖြင့် ဆိုအပ်၏။ ကြံသည် ထွန်တုံးထွန်သန်နှင့်တူ၏ဟု ဆိုသဖြင့်လည်း အနည်းငယ်သော ယုတ္တိသည် ရှိ၏။ နို့ဓမ်းနို့ရည်ကိုသည်မူကား အမြဲဖြူကုန်၏၊ ထည့်အပ်သော အိုးခွက်သဏ္ဌာန်ရှိ၏။ ထို့ကြောင့် ဤစကားသည်ကား အချင်းခပ်သိမ်းအားဖြင့် မဟုတ်။ ဤလုလင်ငယ်ကကို အတတ်သင်စိမ့်သောငှါ မတတ်ကောင်းချေဟုဆိုလို၍ ဂါထာကို ရွတ်ဆို၏—

၁၂၃။ အသဗ္ဗတ္ထဂါမိံ ဝါစံ၊ ဗာလော သဗ္ဗတ္ထ ဘာသတိ။
နာယံ ဒဓိံ ဝေဒိန နင်္ဂလီသံ၊ ဒဓိပ္ပယံ မညတိ နင်္ဂလီသံ။

ဥပမာ၏အစွမ်းအားဖြင့် အလုံးစုံသော ဥပမေယျ၌ အကျုံးမဝင်သော စကားကို လူမိုက်သည် အလုံးစုံသော ဥပမေယျ၌ ဆို၏။ ဤနို့ဓမ်းသည် ထွန်တုံးထွန်သန်နှင့် တူသည်မဟုတ်နိုင်ခဲ့၊ ဤလူမိုက်သည် နို့ဓမ်း နို့ရည်ကို ထွန်တုံးထွန်သန်နှင့်တူ၏ဟူ၍ မှတ်ထင်၏။

ဤသို့သဘောရှိသော သူမိုက်ဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု တပည့်တို့အား တရားဟော၍ ရိက္ခာကုံပေး၍ လွှတ်လိုက်၏။

ဇာတ်ပေါင်း

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ လာဋ္ဌုဒါယီသည် ထိုအခါက လာဋ္ဌုကလုလင် ဖြစ်ဖူးပြီ၊ ယခုငါဘုရားသည်လျှင် ထိုအခါ ဒိသာပါမောက္ခဆရာ ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာနှစ်ဆယ့်သုံးခုမြောက်သော နင်္ဂလီသဇာတ်သည် ပြီး၏။

## ၁၂၄-အမ္ဗဇာတ်

### သံဃာအား ဝတ်ကြီးဝတ်ငယ်ပြုသူမှာ လာဘ်လာဘ ပေါများခြင်း

### စေတနာရောင်ပြန်ဟပ်ခြင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဝါယမေထေဝ ပုရိသော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအမ္ဗဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ပါးသောဝတ်နှင့် ပြည့်စုံသော ရဟန်း ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းသည် သာဝတ္ထိပြည်၌နေသော အမျိုးသားဖြစ်၍ သာသနာတော်၌ ဝမ်းရေးကို မငဲ့ဘဲ ရဟန်းပြုပြီးသည် ရှိသော် ဝတ်နှင့် ပြည့်စုံသည်ဖြစ်သတတ်၊ ဆရာဥပဇ္ဈာယ်တို့အား ပြုရသော ဝတ်ကိုလည်းကောင်း၊ သောက်ရေ သုံးဆောင်ရေ တည်ထားခြင်း ဥပုသ်အိမ်၌ ပြုရသောဝတ်၊ ဇရီးအိမ် အစရှိသည်တို့၌ ပြုရသော ဝတ်ကိုကိုလည်းကောင်း ကောင်းစွာပြု၏။ တစ်ဆယ့်လေးပါးကုန်သော ဝတ်ကြီးတို့၌လည်းကောင်း၊ ရှစ်ဆယ်ကုန်သော ခန္ဓကဝတ်တို့၌လည်းကောင်း ဖြည့်လေ့ရှိသည်သာလျှင် ဖြစ်ရာ၏။ ကျောင်းကို တံမြက်လှည်း၏။ ပရိဝုဏ်ကို တံမြက်လှည်း၏၊ ဆွမ်းခံရာအရပ် စင်္ကြံဇရပ်ကို တံမြက်လှည်း၏။ ကျောင်းခရီးကို တံမြက်လှည်း၏။ လူတို့အား သောက်ရေကို ပေး၏။ လူတို့သည် ထိုရဟန်းအား ဝတ်နှင့်ပြည့်စုံခြင်းကြောင့် ကြည်ညိုကုန်၍ ငါးရာအတိုင်းအရှည်ရှိကုန်သော အမြဲတည်အပ်ကုန်သော ဆွမ်းတို့ကို လှူကုန်၏။ များသောလာဘ်ပူဇော်သက္ကာရရှိသည် ဖြစ်၏။ ထိုအရပ်ကိုမှီ၍ များစွာကုန်သော ရဟန်းတို့အား ချမ်းသာစွာ နေရခြင်းသည် ဖြစ်၏။

ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ဤအမည်ရှိသော ရဟန်းတို့သည် မိမိဝတ်နှင့် ပြည့်စုံသဖြင့် များစွာသော လာဘ်ပူဇော်သက္ကာရကို ဖြစ်စေ၏။ ထိုရဟန်းကို မှီ၍ များစွာကုန်သော ရဟန်းတို့အား

ချမ်းသာစွာ နေရခြင်းသည် ဖြစ်၏။ ဤသို့သော စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ဤရဟန်းသည် ဝတ်နှင့် ပြည့်စုံသည် မဟုတ်သေး ရှေး၌လည်း ဝတ်နှင့် ပြည့်စုံသည်သာလျှင်တည်း၊ တစ်ယောက်သော ထိုရဟန်းကို မှီ၍ ငါးရာကုန်သော ရသေ့တို့သည် သစ်သီးကြီးငယ် အကျိုးငှါ တောသို့ မသွားမူ၍ ထိုရဟန်းသည်သာလျှင် ဆောင်အပ်သော သစ်သီး ကြီးငယ်တို့ဖြင့် မျှဖူးကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုလတ်သည်ရှိသော် ဘုရားလောင်းသည် ဥဒိစ္စ ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ရသေ့ရဟန်းပြု၍ ငါးရာသော ရသေ့အခြံအရံ ရှိသည်ဖြစ်၍ တောင်ခြေရင်း၌ နေ၏။ ထိုအခါ ဟိမဝန္တာ၌ ပြင်းထန်သော နွေအခါသည် ဖြစ်၏။ ထိုထိုအရပ်၌ သောက်ရေတို့သည် ပြတ်ကုန်၏။ တိရစ္ဆာန်တို့သည် သောက်ရေကို မရကုန်သည်ဖြစ်၍ ပင်ပန်းကုန်၏၊ ထိုအခါ ရသေ့တို့တွင် တစ်ယောက်သော ရသေ့သည် ထိုတိရစ္ဆာန်တို့၏ ရေငတ်ခြင်း ဆင်းရဲကို မြင်၍ တစ်ခုသော သစ်ပင်ကို ဖြတ်၍ စားကျင်းပြု၍ သောက်ရေကို ဆောင်၍ စားကျင်းကို ပြည့်စေ၍ ထိုတိရစ္ဆာန်တို့အား သောက်ရေကို ပေး၏။ များစွာကုန်သော တိရစ္ဆာန်တို့သည် စည်းဝေးလာကုန်၍ သောက်ရေကို သောက်ကုန်သည်ရှိသော် ရသေ့အား သစ်သီး ကြီးငယ် အကျိုးငှါ သွားခွင့်သည် မဖြစ်၊ ထိုရသေ့သည် အာဟာရပြတ်လျက်လည်း သောက်ရေကို ပေးသည်သာလျှင်တည်း။ သားအပေါင်းတို့သည် ဤရသေ့သည် ငါတို့အား သောက်ရေကို ပေးသည်ရှိသော် သစ်သီးကြီးငယ် အကျိုးငှါ သွားခွင့်ကိုမရ အာဟာရ ပြတ်သည်၏ အဖြစ်ကြောင့် အလွန်လျှင် ပင်ပန်း၏။ ယခုငါတို့သည် ကတိကဝတ်ကို ပြုကြကုန်အံ့ဟု ကြံကြကုန်၏။ ကြံကုန်ပြီး၍ တိရစ္ဆာန်တို့သည် ကတိကဝတ်ကို ပြုကြကုန်၏။ အဘယ်သို့ ပြုကြကုန်သနည်း ဟူမူကား ဤအခါမှစ၍ သောက်ရေကို သောက်အံ့သောငှါ လာသော တိရစ္ဆာန်သည် မိမိအစွမ်းအား လျော်သဖြင့် သစ်သီးကို ယူ၍လျှင် လာအပ်၏ဟု ကတိကဝတ်ကို ပြုကုန်၏။

ထိုအခါမှစ၍ တစ်ကောင်တစ်ကောင်သော တိရစ္ဆာန်သည် အစွမ်းအားလျော်သဖြင့် မြတ်ကုန် ချိုကုန်သော သရက်သီး သပြေသီး ပိန္နဲသီးအစရှိသည်တို့ကိုယူ၍ လျှင်လာကုန်၏၊ တစ်ယောက်သော ရသေ့၏အကျိုးငှါ ဆောင်အပ်သော သစ်သီး

ကြီးငယ်တို့သည်လည်း လည်းတစ်ဆယ့်နှစ်စီးခွဲတိုက် ဝန်ပမာဏရှိသည် ဖြစ်၏၊ ငါးရာသော ရသေ့တို့သည် ထိုသစ်သီးကိုသာလျှင် သုံးဆောင်ကုန်၏၊ အလွန်ကို စွန့်ကုန်၏၊ ဘုရားလောင်းသည် ထိုသစ်သီးကို မြင်၍ တစ်ယောက်သော ဝတ်နှင့် ပြည့်စုံသော ရသေ့မည်သည်ကို မှီ၍ ဤမျှ အတိုင်းအရှည် ရှိကုန်သော ရသေ့တို့အား သစ်သီးကြီးငယ် အကျိုးငှါ မသွားမူ၍ မျှခြင်းသည် ဖြစ်၏၊ ဝီရိယ မည်သည်ကို ပြုအပ်သလျှင်ကတည်းဟု ဆိုလို၍ ဂါထာကို ဆို၏—

**၁၂၄။ ဝါယမေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။**
**ဝါယာမဿ ဖလံ ပဿ၊ ဘုတ္တာ အမ္ဗာ အနီတိဟံ။**

ယောကျ်ားသည် လုံ့လပြုရာ၏၊ ပညာရှိသည် မငြီးငွေ့ရာ၊ လုံ့လ၏ အကျိုးကို ရှုပါလော၊ သရက် အစရှိကုန်သော သစ်သီးတို့ကို စားအပ်ကုန်၏၊ မျက်မှောက်သာလျှင် လုံ့လ၏ အကျိုးကို ရှုပါလော။

ဤသို့ ဘုရားလောင်းသည် ရသေ့အပေါင်းအား အဆုံးအမကို ပေး၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဝတ်နှင့် ပြည့်စုံသော ရဟန်းသည် ထိုအခါ ဝတ်နှင့်ပြည့်စုံသော ရသေ့ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့အပေါင်းတို့၏ ဆရာ ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာနှစ်ဆယ့်လေးခုမြောက်သော အမ္ဗဇာတ်သည် ပြီး၏။

---

၁၂၅—ကဋ္ဌာဟကဇာတ်

ငယ်ကြောက်ကိုမလှန်ရဲ ဟန်ကိုယ့်ဖို မာန်သူ့ဖို

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို သုံးမတော်မူတတ်သော သာဗ္ဗညူ မြတ်စွာဘုရားသည် "ဗဟုမ္ပိ သော ဝိကတ္ထေယျ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကဋ္ဌာဟကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ယောက်သော ရှုတ်ချသောစကားကို ဆိုတတ်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုရဟန်း၏ ဝတ္ထုသည် အောက်၌ ဆိုအပ်ပြီးသည်နှင့် တူသလျှင်ကတည်း။

## အတိပါဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် များသော စည်းစိမ်ရှိသော သူဌေး ဖြစ်၏။ ထိုသူဌေး၏ မယားသည် သားကိုဖွား၏။ ထိုသူဌေး၏ ကျွန်မသည်လည်း ထိုနေ့ပင်လျှင် သားဖွား၏။ ထိုသူငယ် နှစ်ယောက်တို့သည် တစ်ပြိုင်နက် ကြီးကုန်၏။ သူဌေးသားသည် အက္ခရာအရေးကို သင်သည်ရှိသော် ထိုသူဌေး ကျွန်သည်လည်း သင်ပုန်းကို ယူလျက်သွား၍ ထိုသူဌေးသားနှင့်လျှင် တကွ အက္ခရာအရေးကို သင်၏။ ဂဏန်းကိုသင်၏။ နှစ်ကြိမ် သုံးကြိမ်သော သင်ခြင်း တို့ကို ပြု၏။ ထိုကျွန်မသားသည် အစဉ်သဖြင့် စကား၌ လိမ္မာ၏။ ဝေါဟာရ၌ လိမ္မာ၏။ ပျို့နု၏။ အဆင်းလှ၏။ အမည်အားဖြင့် ကဋ္ဌာဟကမည်၏၊ ထိုကဋ္ဌာ-ဟကသည် သူဌေးအိမ်၌ ဘဏ္ဍာစိုးအမှုကို ပြုလျက် ငါ့ကို ဤသူဌေးတို့သည် အခါခပ်သိမ်း ဘဏ္ဍာစိုးအရာကိုသာလျှင် မပြုစေကုန်လတ္တံ့။ တစ်စုံတစ်ခုသော ဒေါသ(အပြစ်)ကိုလျှင် မြင်၍ ပုတ်ခတ်၍ နှောင်ဖွဲ့၍ အမှတ်ပေး၍ ကျွန်အသုံး အဆောင်ဖြင့် သုံးဆောင်စေကုန်လတ္တံ့။

ပစ္စန္တရစ်၌ကား သူဌေးအဆွေခင်ပွန်း ဖြစ်သော သူဌေးသည် ရှိ၏။ ငါသည် သူဌေး၏စကားဖြင့် မှာစာ ကိုယူ၍ ပစ္စန္တရစ်သို့သာ သွား၍ ငါသည် သူဌေးသား ဟုဆို၍ သူဌေးအား လှည့်စားအံ့။ ထိုသူဌေးသမီးကို ယူ၍ ချမ်းသာစွာ အကယ်၍ နေရမှုကား ကောင်း၏ဟု ကြံ၏။ ကြံပြီး၍ ထိုကဋ္ဌာကဟကသည် ကိုယ်တိုင် သာလျှင် ပုရပိုက်ကိုယူ၍ ငါသည် ဤအမည်ရှိသော ငါ၏သားကို သင်၏ အထံသို့ စေ၏၊ သမီးနှင့်သားကို ထိမ်းမြားသဖြင့် စပ်ခြင်းမည်သည် ငါ့အား သင်နှင့် လည်းကောင်း,သင့်အား ငါနှင့် လည်းကောင်း အတူတကွလျောက် ပတ်၏၊ ထို့ကြောင့် သင်သည် ဤသူငယ်အား မိမိသမီးကိုပေး၍ ထိုငါ့သားကို သင့်အိမ်၌ နေစေလော့ ငါသည်လည်း အခွင့်ကိုရသည် ရှိသော် လာပါအံ့ဟု ရေး၍ သူဌေးတံဆိပ်ခတ်၍ အလိုအားလျော်စွာ ရိက္ခာတို့ကို လည်းကောင်း နံ့သာပုဆိုးစသည်တို့ကို လည်းကောင်း ယူ၍ ပစ္စန္တရစ်သို့သွား၍ သူဌေးကို ဖူးမြင်ရှိခိုး၍နေ၏။

ထိုအခါ ထိုကဋ္ဌာဟကကို သူဌေးသည် အမောင် အဘယ်အရပ်မှ လာသနည်း ဟု မေး၏။ ဗာရာဏသီပြည်မှ လာ၏ဟုဆို၏။ အဘယ်သူ့သားနည်းဟု မေး၏။ ဗာရာဏသီသူဌေး၏သားဟု ဆို၏။ အဘယ်ကိစ္စကြောင့် ဤအရပ်သို့လာ သနည်းဟု မေး၏။ ထိုအခါ ကဋ္ဌာဟကသည် ဤမှာစာကိုမြင်သဖြင့် သိကုန် လတ္တံ့ဟု မှာစာကိုပေး၏၊ သူဌေးသည် မှာစာကိုဖတ်၍ ယခုအခါ၌ ငါသည် သိ၏ဟု နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ သမီးကိုပေး၍နေ၏။ထိုကဋ္ဌာဟကအား

အခြံအရံသည် များ၏။ ထိုကဋ္ဌာဟကသည် ယာဂု ခဲဖွယ် အစရှိသည်တို့ကို လည်းကောင်း၊ အဝတ်နံ့သာ အစရှိသည်တို့ကို လည်းကောင်း ဆက်အပ်ကုန်သည်ရှိသော် ယာဂုမည်သည်ကို ဤသို့ ကြိုကုန်၏။ ခဲဖွယ်မည်သည်ကို ဤသို့ ချက်ကုန်၏။ ထမင်းမည်သည်ကို ဤသို့ချက်ကုန်၏။ ပစ္စန္တရစ်၌နေသော သူတို့မည်သည်ကား ခြောင်မိုက်စွဟု ယာဂုအစရှိသည်တို့ကို ကဲ့ရဲ့၍ ဤသူတို့သည် ပစ္စန္တရစ်၌ နေသည်၏အဖြစ်ကြောင့် ပုဆိုးတို့ကိုသုံးဆောင်အံ့သောငှါ မသိကုန်။ နံ့သာတို့ကို သွေးအံ့သောငှါ မသိကုန်။ ပန်းတို့ကို ကုံးအံ့သောငှါ မသိကုန်။ ဤသို့အဝတ်အမှုကို ပြုသောသူ နံ့သာသွေးသောသူ အစရှိသည်တို့ကို ကဲ့ရဲ့၏။ ဘုရားလောင်းသည်လည်း ကျွန်ကို မမြင်သည်ရှိသော် ကဋ္ဌာဟကသည် မထင် အဘယ်သို့သွားသနည်း ထိုကဋ္ဌာဟကကို ရှာကြကုန်လော့ဟု လူတို့ကိုစေ၏။ ထိုလူတို့တွင် တစ်ယောက်သောသူသည် သွား၍ ထိုကဋ္ဌာဟကကို မြင်သည်ရှိသော် မှတ်၍ မိမိကိုယ်ကို မသိစေမူ၍ လာပြီးလျှင် ဘုရားလောင်းအားကြား၏။

ဘုရားလောင်းသည် ထိုအကြောင်းကိုကြား၍ ထိုကဋ္ဌာဟကသည် မသင့်သည်ကို ပြု၏။ ထိုကဋ္ဌာဟကကို သွား၍ ယူအံ့ဟု မင်းကိုပန်၍ များစွာသော အခြံအရံနှင့် ထွက်၏။ သူဌေးသည် ပစ္စန္တရစ်သို့ သွားသတတ်ဟု အလုံးစုံသော အရပ်၌ ထင်ရှားဖြစ်၏။ ကဋ္ဌာဟကသည် သူဌေးလာသတတ်ဟု ကြား၍ ထိုသူဌေးသည် တပါးသော အကြောင်းကြောင့် မလာ ငါ့ကိုအမှီပြု၍သာလျှင် ထိုသူဌေး၏ လာခြင်းသည် ဖြစ်ရာ၏၊ ငါသည် အကယ်၍ ပြေးအံ့ တစ်ဖန် လာအံ့သောငှါ မတတ်ကောင်းသည် ဖြစ်လတ္တံ့။ ငါ၏အရှင်အား ခရီးဦးကြိုဆို၍ ကျွန်အမှုကိုပြု၍ တို့အရှင်အားလျှင် နှစ်သက်စေအံ့ဟု ကြံ၏။ ကြံပြီး၍ ထိုကဋ္ဌာဟကသည် ထိုအခါမှစ၍ ပရိသတ်အလယ်၌ ဤသို့ဆို၏၊ တပါးကုန်သော မိုက်ကုန်သော သူတို့သည် မိမိ၏ မိုက်သည်၏အဖြစ်ကြောင့် မိဘတို့၏ ကျေးဇူးကို မသိကုန်သည်ဖြစ်၍ ထိုမိဘတို့၏ စားသောအခါ၌ အရှိအသေ အမှုတို့ကို မပြုမူ၍ မိဘတို့နှင့် တကွသာလျှင် သုံးဆောင်ကုန်၏။ ငါတို့သည်ကား မိဘတို့၏ ကျေးဇူးကိုသိကုန်၏၊ ထိုမိဘတို့၏ စားသောကာလ၌ လက်ဆေးအင်ကို ခံကုန်၏၊ ထွေးအင်ကို ခံကုန်၏။ ဘောဇဉ်တို့ကို ဆောင်ကုန်၏။ သောက်ရေကို လည်းကောင်း ယပ်ကိုလည်းကောင်း ယူ၍ လုပ်ကျွေးကုန်၏။ ကိုယ်လက်သုတ်သင်သော ကာလ၌ သန့်သက်ရေအိုးကိုယူ၍ ဖုံးလွှမ်းရာအရပ်သို့ သွားသည့်တိုင်အောင် အလုံးစုံသော ကျွန်တို့သည် အရှင်တို့အား ပြုအပ်သော ကိစ္စကိုပြု၏။ ထိုကဋ္ဌာဟကသည် ဤသို့ ပရိသတ်ကို မှတ်စေ၍ ဘုရားလောင်း၏ ပစ္စန္တရစ်အနီးသို့ ရောက်သောကာလ၌ ယောက္ခမကို ဖခင်အကျွန်ုပ်၏အဖသည် အရှင်တို့အား ဖူးမြင်အံ့သောငှါ လာသတတ် သင်တို့သည် ခဲဖွယ်ဘောဇဉ်ကို စီရင်ကြကုန်လော ငါသည် လက်ဆောင်ကို ယူ၍ ခရီးဦးကြိုဆိုအံ့ဟု ဆို၏။

ယောက္ခမသည် အမောင် ကောင်းပြီဟု ဝန်ခံ၏။ ကဏှာဟကသည် များစွာသော လက်ဆောင်တို့ကို ယူ၍ ရှိခိုး၍ လက်ဆောင်ကိုဆက်၏။ ဘုရားလောင်းသည်လည်း ထိုလက်ဆောင်ကိုယူ၍ ကဏှာဟကနှင့်တကွ နှုတ်ခွန်းဆက်ခြင်းကိုပြု၍ မိုးသောက်သောကာလ၌ သစ်ခက်တပ်၌နေ၍ ကိုယ်လက်သုတ်သင်အံ့သောငှါ ဖုံးလွှမ်းရာအရပ်သို့ သွား၏၊ ကဏှာဟကသည် မိမိအခြံအရံကို နစ်စေ၍ သန့်သက်ရေအိုးကိုယူ၍ ဘုရားလောင်း၏အထံသို့ သွား၍ သန့်သက်ရေသုံးဆောင်သော ကိစ္စအဆုံး၌ ခြေတို့၌ဝပ်၍ အရှင် အကျွန်ုပ်သည် အရှင်တို့သည် အကြင်မျှလောက်သော ဥစ္စာကို အလိုရှိကုန်၏။ ထိုမျှလောက်သော ဥစ္စာကို ပေးပါအံ့ အကျွန်ုပ်၏ အခြွေအရံကို မကယ်ပါကုန်လင့်ဟု ဆို၏။ ဘုရားလောင်းသည် ထိုကဏှာဟကအား ဝတ်နှင့်ပြည့်စုံသည်၏ အဖြစ်ကြောင့် ကြည်ညိုသည်ဖြစ်၍ မကြောက်လင့် သင့်အား ငါ့အထံမှ အပြစ်မရှိဟု နှစ်သိမ့်စေ၍ ပစ္စန္တရစ်မြို့သို့ ဝင်၏။ များစွာသော ပူဇော်သက္ကာရသည် ဖြစ်၏။ ကဏှာဟကသည်လည်း ထိုသူဌေးအား မပြတ် ကျွန်သည် ပြုအပ်သောကိစ္စကို ပြု၏။

ထို့နောင် တစ်ကြိမ်သော အခါ၌ ချမ်းသာစွာနေသော ထိုသူဌေးကြီးကို ပစ္စန္တရစ်သူဌေးသည် သူဌေးကြီး ငါသည် သင်တို့၏ မှာစာကိုမြင်လျှင် သင်တို့၏သားအား သမီးကိုပေး၏ဟု ဆို၏။ ဘုရားလောင်းသည် ကဏှာဟကကိုသားပြု၍ ထိုအမှုအားလျော်စွာ ချစ်ဖွယ်သော စကားကို ဆို၍ သူဌေးကိုနှစ်သက်စေ၏။ ထိုအခါမှစ၍ ကဏှာဟက၏ မျက်နှာကို ကြည့်ခြင်းငှါ ဝံ့သော သူမည်သည် မရှိ။ ထိုအခါ တစ်နေ့သ၌ ဘုရားလောင်းသည် သူဌေးသမီးကို ခေါ်စေ၍ ချစ်သမီး လာလော ငါ့၏ ဦးခေါင်း၌ သန်းတို့ကို ရှာလောဟုဆို၍ လာလတ်၍ သန်းကိုကောက်သော ထိုသတို့သမီးကို ချစ်ဖွယ်သောစကားကို ဆို၍ ချစ်သမီး သင့်အား ငါ့သားသည် ချမ်းသာဆင်းရဲတို့၌ မမေ့ မလျော့ ရှိပါ၏လော၊ နှစ်ယောက်ကုန်သော သူတို့သည် ဝမ်းမြောက်ကုန်သည်ဖြစ်၍ ညီညွတ်စွာနေခြင်းကို နေကြကုန်၏လောဟု မေး၏။ ဖခင်သူဌေးကြီး သင်တို့၏သားအား တစ်ပါးသောအပြစ်သည် မရှိ။ စင်စစ်သော်ကား အာဟာရကို ကဲ့ရဲ့၏ဟုဆိုလေ၏။

ချစ်သမီး ကျို့ငါ့သားသည် အခါခပ်သိမ်း ချမ်းသာသော သဘောရှိသည်သာလျှင်တည်း။ စင်စစ်သော်ကား သင်အား ငါသည် ထိုငါ့သား၏ နှုတ်ပိတ်မန္တန်ကို သင်အံ့၊ သင်သည် ကောင်းစွာသင်၍ စားသောကာလ၌ ကဲ့ရဲ့သော ငါ့သား၏ ရှေ့မှရပ်၍ သင်သောနည်းဖြင့်သာလျှင် ဆိုလော့ဟု ဂါထာကိုသင်၍ နှစ်ရက်သုံးရက်နေ၍ ဗာရာဏသီသို့သာလျှင် သွား၏။

ကဏှာဟကသည်လည်း များစွာသော ခဲဖွယ်ဘောဇဉ်ကိုယူ၍ ပို့လိုက်၍ များစွာသောဥစ္စာကို ဆက်ပြီးလျှင် ရှိခိုး၍ ပြန်၏။ ထိုကဏှာဟကသည် ဘုရား

လောင်း၏ သွားသောကာလမှစ၍ အတိုင်းထက်အလွန် မာနရှိသည် ဖြစ်၏။ ထိုကဋ္ဌာဟကသည် တစ်နေ့သ၌ သူဌေးသမီးသည် အထူးထူးသော အရသာရှိသော ဘောဇဉ်ကို တည်၍ ယောက်မကို ယူ၍ လုပ်ကျွေးသည်ရှိသော် ထမင်းကို ကဲ့ရဲ့အံ့သောငှါ အားထုတ်၏။ သူဌေးသမီးသည် ဘုရားလောင်း၏အထံ၌ သင်အပ်သောနည်းဖြင့် ဂါထာကိုဆို၏-

၁၂၅။ ဗဟုမ္ပိ သော ဝိကတ္ထေယျ၊ အညံ ဇနပဒံ ဂတော။
အန္ဝါဂန္တွာန ဒူသေယျ၊ ဘုဉ္ဇ ဘောဂေ ကဋ္ဌာဟက။

ကဋ္ဌာဟက တပါးသော ဇနပုဒ်သို့ ရောက်သည်ရှိသော် ထိုသူသည် များစွာလည်း ရှုတ်ချရာ၏။ တစ်ဖန် လာ၍ဖျက်ဆီးရာ၏၊ စည်းစိမ်တို့ကို ခံစားလော့။

သူဌေးသမီးသည်ကား ထိုဂါထာ၏အနက်ကို မသိဘဲလျက် သင်သော နည်းဖြင့် သဒ္ဒါကိုသာလျှင် ရွတ်၏။ ကဋ္ဌာဟကသည် မချွတ်မုချ သူဌေးသည် ငါ၏အမည်ကို ကြား၍ ထိုသူဌေးသမီးအား အလုံးစုံသောစကားကို ပြောဆိုအပ်သည် ဖြစ်လတ္တံ့ဟု နှလုံးသွင်း၍ ထိုအခါမှစ၍ တစ်ဖန် ထမင်းကိုကဲ့ရဲ့အံ့သောငှါ မဝံ့ ချ သောမာနရှိသည်ဖြစ်၍ ရတိုင်းသော ထမင်းကို စား၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ရှုတ်ချသောစကားကို ဆိုတတ်သောရဟန်းသည် ထိုအခါ ကဋ္ဌာဟက ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဗာရာဏသီသူဌေး ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာနှစ်ဆယ့်ငါးခုမြောက်သော ကဋ္ဌာဟကဇာတ်သည် ပြီး၏။

## ၁၂၆-အသိလက္ခဏဇာတ်

သန်လျက် လက္ခဏာဖတ် ပုဏ္ဏား၊ နှာခေါင်းပြတ်

ချေဆတ်သူ တစ်ဦးမှာ နှာခေါင်းပြတ်၍ ချေဆတ်သူ တစ်ဦးမှာ

မင်းသမီးရခြင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "တထေဝေကဿ ကလျာဏံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ

ဆင်အပ်သော ဤဒသိလက္ခဏဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသလမင်း၏ သန်လျက် လက္ခဏာ ဖတ်တတ်သော ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုပုဏ္ဏားတို့သည် ပန်းပဲတို့သည် မင်းအား သန်လျက်ကို ဆက်သောကာလ၌ သန်လျက်ကို နမ်း၍ ဖတ်၏။ ထိုပုဏ္ဏားသည် အကြင် ပန်းပဲလက်မှ လာဘ်ရ၏။ ထိုပန်းပဲ၏ သန်လျက်ကို လက္ခဏာနှင့် ပြည့်စုံ၏။ မင်္ဂလာနှင့် ယှဉ်၏ဟု ဆို၏။ အကြင် ပန်းပဲတို့၏ လက်မှ လာဘ်မရ၊ ထိုပန်းပဲတို့၏ သန်လျက်ကို ကဲ့ရဲ့၏။ ထိုအခါ တစ်ယောက်သော ပန်းပဲသည် သန်လျက်ကို ပြု၍ သန်လျက် အိမ်၌ သိမ်မွေ့သော ငရုပ်မှုန့်ကို ထည့်၍ မင်းအား သန်လျက်ကို ဆက်၏။ မင်းသည် ပုဏ္ဏားကို ခေါ်စေ၍ သန်လျက်ကို စုံစမ်းလောဟု ဆို၏။ သန်လျက်ကို ကိုင်၍ နမ်းသော ပုဏ္ဏား၏ နှာခေါင်းကို ငရုပ်မှုန့်တို့သည် ဝင်ကုန်၍ ချေဆိုသည်၏ အဖြစ်ကို ဖြစ်စေကုန်၏။ ချေသော ပုဏ္ဏား၏ နှာခေါင်းသည် သန်လျက်သွား ခတ်မိသည်ဖြစ်၍ နှစ်ပိုင်း ပြတ်၏။ ဤသို့ ပုဏ္ဏား၏ နှာခေါင်း ပြတ်သည်၏ အဖြစ်သည် ရဟန်းသံဃာ၌ ထင်ရှား၏။

ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကုန်၍ ငါ့ရှင်တို့ ကောသလမင်း၏ သန်လျက် လက္ခဏာ ဖတ်တတ်သော ပုဏ္ဏားသည် သန်လျက်ကို နမ်းလျက် နှာခေါင်း ကို ပြတ်သတတ် ဟူသော စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ၌ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌သာ မျှ ဤပုဏ္ဏားသည် သန်လျက်ကို နမ်းလျက် နှာခေါင်း ပြတ်ခြင်းသို့ ရောက်သည် မဟုတ်သေး၊ ရှေး၌လည်း ရောက်ဖူးသည် သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုလတ်သည် ရှိသော် ထိုဗြဟ္မဒတ်မင်းအား သန်လျက် လက္ခဏာကို ဖတ်တတ်သော ပုဏ္ဏားသည် ဖြစ်၏။ အလုံးစုံသော ဝတ္ထုသည် ပစ္စုပ္ပန်နှင့် တူသလျှင်တကား၊ ဗြဟ္မဒတ်မင်းသည်ကား ထိုပုဏ္ဏားအား ဆေးသမားကို ပေး၍ နှာခေါင်းစွန်းကို ကုစား ချမ်းသာစေ၍ ချိပ်တို့ဖြင့် နှာခေါင်းတုကို ပြု၍ တစ်ဖန် ခစားစေ၏၊ ဗာရာဏသီမင်းအားကား သားမရှိ၊ တစ်ယောက်သော သမီးသည်လည်းကောင်း တူသည်လည်းကောင်း ရှိ၏။ ထိုဗြဟ္မဒတ်မင်းသည် နှစ်ယောက်လည်း ဖြစ်ကုန်သော ထိုသမီး တူတို့ကို မိမိ၏ အထံ၌

သာလျှင် ကြီးစေ၏။ ထိုသမီး တူတို့သည် တကွနက်ကြီးခြင်းသို့ ရောက်ကုန်သည် ရှိသော် အချင်းချင်း တပ်သော စိတ်ရှိကုန်သည် ဖြစ်ကုန်၏။

မင်းသည်သည်း အမတ်တို့ကို ခေါ်၍ ငါ၏တူသည်လည်း ဤပြည်၏ သခင်သာလျှင်တည်း။ သမီးကို ထိုဘူအား ပေး၍ ထိုတူအား ဘိသိက်သွန်း ခြင်းကို ပြုအံ့ဟု ဆို၍ တစ်ဖန် ငါ၏တူသည် ခပ်သိမ်းသော အချင်းအရာ အားဖြင့်လည်း ငါ၏ ဆွေမျိုး ဖြစ်သလျှင်ကတည်း၊ ထိုတူအား တစ်ပါးသော မင်းသမီးကို ဆောင်၍ အဘိသိက် သွန်းခြင်းကို ပြု၍ သမီးကို တစ်ပါးသော မင်းအား ပေးအံ့၊ ဤသို့ ပြုသည် ရှိသော် ငါအား ဆွေမျိုး တို့သည် များကုန်သည် ဖြစ်လတ္တံ့၊ ငါတို့သည်သာလျှင် နှစ်ပြည်ထောင်တို့၏ အရှင်သည် ဖြစ်ကုန်အံ့ဟု ကြံ၏။ ကြံပြီး၍ မင်းသည် အမတ်တို့နှင့်တကွ တိုင်ပင်၍ နှစ်ယောက်လည်း ဖြစ်ကုန်သော သမီး တူတို့ကို ခွဲ၍ နေစိမ့်သောငှါ သင့်၏ဟု တူကို တစ်ပါးသော အိမ်၌၊ သမီးကိုတစ်ပါးသော အိမ်၌ နေစေ၏။ ထိုသမီးတူတို့သည် တစ်ဆယ့်ခြောက်နှစ် အရွယ်ရှိသည်၏ အဖြစ်သို့ ရောက်ကုန်၍ အလွန်လျှင် တပ်သော စိတ်ရှိကုန်၏။

မင်းသားသည် ဦးရီးသမီးကို နန်းတွင်းမှ ထုတ်စိမ့်သောငှါ အဘယ် ဥပါယ်ဖြင့် တတ်ကောင်းသည် ဖြစ်ရာအံ့နည်းဟု ကြံသည်ရှိသော် တစ်ခုသော ဥပါယ်သည် ရှိ၏ဟု နတ်ဝင်မကို ခေါ်စေ၍ ထိုနတ်ဝင်မအား တစ်ထောင် သော အသပြာကို ပေး၍ အကျွန်ုပ်သည် အဘယ်အမှုကို ပြုရအံ့နည်းဟု မေးသည်ရှိသော် ငါ့ဦးရီး၏ သမီးကို နန်းတွင်းမှ ထုတ်၍ ထိုသို့သော အခြင်းအရာအားဖြင့် ပြုလော့ဟု ဆို၏။ ထိုနတ်ဝင်မသည် အရှင် ကောင်းပြီ၊ ငါသည် မင်းသို့ ကပ်၍ ဤသို့ဆိုအံ့၊ မင်းကြီး မင်းသမီး အထက်၌ သူယုတ်သည် ရှိ၏။ ဤမျှလောက်သော ကာလပတ်လုံး ပြန်၍ ကြည့်သော သူသည် မရှိ၊ ငါသည် မင်းသမီးကို ဤမည်သော ရထားသို့ တင်၍ များစွာကုန်သော လက်နက် လက်စွဲကုန်သော ယောကျ်ားတို့ကို ယူ၍ များစွာသော အခြံအရံဖြင့် သုသာန်သို့ သွား၍ အင်းပျဉ်ဝန်း ခံသော ညောင်စောင်းအောက်၌ သူသေကို အိပ်စေ၍ ညောင်စောင်း အထက်၌ မင်းသမီးကို ထား၍ နံ့သာရေအိုး တစ်ရာ့ရှစ်လုံးတို့ဖြင့် ရေချိုးစေ၍ သူယုတ်ကို မျှောအံ့၊ ဤသို့ဆို၍ မင်းသမီးကို သုသာန်သို့ ဆောင်အံ့၊ အရှင့်သားသည် အကျွန်ုပ်တို့၏ ထိုသုသာန်သို့ သွားသောနေ့၌ အကျွန်ုပ်တို့၏ ရှေးဦးစွာလျှင် အတန်ငယ် ငြုပ်မှုန့်ကို ယူ၍ လက်နက်စွဲကုန်သော မိမိ၏ လူတို့ဖြင့် ခြံရံလျက် ရထားကို စီး၍ ရထားကို သုသာန်တံခါး၌ တစ်ခုသော အရပ်၌ ရပ်၍ လက်နက်စွဲကုန်သော သူတို့ကို သုသာန် တောသို့ ဝင်စေ၍ မိမိသည် သုသာန် အင်းပျဉ်ဝန်းသို့ သွား၍ သူသေကဲ့သို့ မှောက်ခုံ အိပ်လော့၊ အကျွန်ုပ်သည် ထိုအရပ်သို့ သွား၍

အရှင်မင်းသား၏ အထက်၌ ညောင်စောင်းကို ခင်း၍ မင်းသမီးကို ချီ၍ ညောင်စောင်း၌ ထားအံ့၊ ထိုခဏ၌ ငြုပ်မှုန့်ကို နှာခေါင်း၌ ထည့်၍ နှစ်ကြိမ် သုံးကြိမ် ချေလော၊ သင် ချေသော ကာလ၌ ငါတို့သည် မင်းသမီးကို စွန့်၍ ပြေးကုန်အံ့၊ ထိုအခါ သင်မင်းသားသည် မင်းသမီးကို ဦးခေါင်းဆေး၍ မိမိသည်လည်း ဦးခေါင်းဆေး၍ မင်းသမီးကို ယူ၍ အိမ်သို့ သွားလေလော့ဟု ဆို၏။ မင်းသားသည် ကောင်း၏ဟု ဝန်ခံ၏။

ထိုနတ်ဝင်မသည်လည်း သွား၍ ထိုအကြောင်းကို ကြား၏။ မင်းသည် လည်း ဝန်ခံ၏။ မင်းသမီးအားလည်း ထိုအကြောင်းကို ကြား၏။ မင်းသမီး သည်လည်း ဝန်ခံ၏။ နတ်ဝင်မသည်လည်း ထွက်လာသောနေ့၌ မင်းသားအား အမှတ်ပေး၍ များစွာသော အခြံအရံဖြင့် သုသာန်သို့ သွားသည် ရှိသော် အစောင့်အရှောက် လူတို့အား ကြောက်ခြင်းကို ဖြစ်စိမ့်သောငှါ ငါသည် မင်းသမီးကို ညောင်စောင်းဝယ် ထားသော ကာလ၌ သူသေယောကျ်ားသည် ချေလတ္တံ့၊ ချေ၍လျှင် ညောင်စောင်းအောက်မှ ထွက်၍ အကြင် အကြင် သူတို့ကို ရှေးဦးစွာ မြင်လတ္တံ့၊ ထိုထိုသူတို့ကိုလျှင် ဖမ်းလတ္တံ့၊ မမေ့မလျော့ ကုန်သည် ဖြစ်ကြကုန်လောဟု ဆို၏၊ မင်းသားသည် ရှေးဦးစွာ သွား၍ ဆိုအပ်ပြီးသော နည်းဖြင့်လျှင် သုသာန်၌ အိပ်၏။ နတ်ဝင်မကြီးသည် မင်းသမီးကို ချီ၍ အင်းပျဉ်ဝန်းရှိရာ အရပ်သို့ သွားလျက် မကြောက်လင့်ဟု အမှတ်ကို ပေး၍ ညောင်စောင်း၌ ထား၏၊ ထိုခဏ၌ မင်းသားသည် ငြုပ်မှုန့်ကို နှာခေါင်း၌ ထည့်၍ ချေ၏။ ချေကာမျှ၌လျှင် နတ်ဝင်မကြီးသည် မင်းသမီးကို စွန့်၍ ကြီးစွာသော ဟစ်ကြွေးခြင်းကို ဟစ်ကြွေးလျက် အလုံးစုံသော သူတို့၏ ရှေးဦးစွာ ပြေး၏။ ထိုနတ်ဝင်မကြီး၏ ပြေးသောကာလမှ စ၍ တစ်ယောက်သော သူသည်လည်း တည်ခြင်းငှါ စွမ်းနိုင်သော သူမည်သည် မဖြစ်၊ ကိုင်တိုင်းကိုင်တိုင်း ကုန်သော လက်နက်တို့ကို စွန့်၍ ခပ်သိမ်းကုန်သော သူတို့သည် ပြေးကုန်၏။

မင်းသားသည် တိုင်ပင်တိုင်းသော အလုံးစုံသော အမှုကိုပြု၍ မင်းသမီးကို ယူ၍ မိမိအိမ်သို့ သွား၏။ နတ်ဝင်မကြီးသည် သွား၍ ထိုအကြောင်းကို ကြား၍ မင်းအား လျှောက်၏။ မင်းသည် ပကတိအားဖြင့်လည်း ထိုမင်းသမီးကို ငါသည် ထိုငါ့တူ၏ အကျိုးငှါ သာလျှင် ကြီးစေ၏။ မွေးကျွေးအပ်၏။ စားဖွယ် ဃနာ၌ စွန့်အပ်သော ထောပတ်ကဲ့သို့ ဖြစ်ပြီဟု ဝန်ခံ၏။ နောက်အဖို့၌ တူအား မင်းအဖြစ်ကို ပေး၍ သမီးကို မိဖုရားကြီးအရာ ပြုစေ၏။ ထိုတူဖြစ်သော မင်းသည် ထိုသမီးနှင့် အညီအညွတ် နေခြင်းကို နေလျက် တရားသဖြင့် မင်းပြု၏။ ထို သန်လျက် လက္ခဏာကို ဖတ်တတ်သော ပုဏ္ဏားသည်လည်း ထိုမင်းအား ခစား၏။ တစ်နေ့သ၌ မင်းအား ခစားအံ့သောငှါ လာလတ်၍ နေသို့ ရှေးရှုပြု၍

ခစားသော ပုဏ္ဏား၏ ချိပ်သည် ကြေ၏။ နာခေါင်းတုသည် မြေ၌ ကျ၏။ ထိုပုဏ္ဏားသည် ရှက်၍ အောက်သို့ မျက်နှာပြုလျက်သာ နေ၏။ ထိုအခါ ထိုပုဏ္ဏားကို မင်းသည် ပြက်ရယ်ပြုလိုသည်ဖြစ်၍ ဆရာ မကြုံကုန်လင့်၊ ချေခြင်း မည်သည် အချို့သော သူအား ကောင်း၏။ အချို့သော သူအား ယုတ်မာ၏၊ သင်တို့သည် ချေသဖြင့် နှာခေါင်းကို ပြတ်စေကုန်၏။ ငါတို့သည်ကား ချေသဖြင့် ဦးရီး သမီးကို ရ၍ မင်းအဖြစ်သို့ ရောက်၏ဟု ဆိုလို၍ ဂါထာကို ဆို၏။

၁၂၆။ တဒေဝေကဿ ကလျာဏံ၊ တဒေဝေကဿ ပါပကံ။
တသ္မာ သဗ္ဗံ န ကလျာဏံ၊ သဗ္ဗံ ဝါပိ န ပါပကံ။

ဆရာ ချေခြင်းသည် အချို့သူအား ကောင်း၍ အချို့သူအား မကောင်းပါ၊ ထို့ကြောင့် အလုံးစုံသော ချေခြင်းသည် မကောင်း၊ အလုံးစုံသော ချေခြင်း သည် ယုတ်ညံ့၏။

ဤသို့မင်းသည် ဤဂါထာဖြင့် အကြောင်းကို ဆို၍ အလှူ အစရှိသော ကောင်းမှုတို့ကို ပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဂါထာဖြင့် လောကသည် သမုတ်အပ်ကုန်သော မကောင်းခြင်း ယုတ်မာခြင်းတို့၏ ကေန်မဟုတ်သည်၏ အဖြစ်ကိုပြပြီး၍ ယခု အခါ သန်လျက်လက္ခဏာ ဖတ်တတ်သော ပုဏ္ဏားသည် ထိုအခါ သန်လျက် လက္ခဏာ ဖတ်တတ်သော ပုဏ္ဏားဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ တူဖြစ်သော မင်းဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာနှစ်ဆယ့်ခြောက်ခုမြောက်သော အသိလက္ခဏဇာတ်သည် ပြီး၏။

## ၁၂၇-ကာလကဏ္ဏိကဇာတ်

### တန်ခိုးနုပ်သူ ထမင်းဝတော့ မာနထန်တတ်သည်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် "ဟေ ဒေသာ တာနိ ဝတ္ထူနိ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤကာလကဏ္ဏိကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ယောက်သော ရှုတ်ချသောစကားကို ဆိုတတ်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

## အတိတ်ဝတ္ထု

(ကလဏ္ဍုက ဇာတ်၌ နှစ်ပါးကုန်သော ဝတ္ထုတို့သည်လည်း ကဏှာဟက ဇာတ်နှင့် တူကုန်သလျှင်ကတည်း)။ ဤကလဏ္ဍုကဇာတ်၌ကား ဗာရာဏသီ သူဌေးအား ကလဏ္ဍုကမည်သော ကျွန်သည် ဖြစ်၏၊ ထိုကလဏ္ဍုက၏ ပြေး၍ ပစ္စန္တရစ်သူဌေး၏ သမီးကိုယူ၍ များစွာသော အခြံအရံဖြင့် နေသောကာလ၌ ဗာရာဏသီသူဌေးသည် ရှာစေသည်ရှိသော် ထိုကလဏ္ဍုက၏ ရောက်ရာအရပ်ကို မသိသည်ဖြစ်၍ သွားချေ၊ ကလဏ္ဍုကကို ရှာချေဟု မိမိသားဖြစ်သော ကျေး သားငယ်ကို စေ၏။ ကျေးသားငယ်သည် ထိုမှဤမှ လှည့်လည်သည် ရှိသော် ထိုမြို့သို့ ရောက်၏။ ထိုကာလ၌လည်း ကလဏ္ဍုကသည် မြစ်၌ လှေကစားခြင်းကို ကစားလိုသည်ဖြစ်၍ များစွာသော ပန်းနံ့သာ နံ့သာပျောင်းကိုလည်းကောင်း၊ ခဲဖွယ်ဘောဇဉ်ကိုလည်းကောင်း ယူခဲ့စေ၍ သူဌေးသမီးနှင့် တကွ လှေစီး၍ ရေ၌ ကစား၏။ ထိုအရပ်၌ မြစ်ကစားခြင်းကို ကစားကုန်သော အစိုးရကုန် သောသူတို့သည် ထက်စွာသောဆေးဖြင့် ထုံအပ်သော နို့ရည်ကို သောက် ကုန်၏။ ထို့ကြောင့် တစ်နေ့ပတ်လုံး ရေ၌ကစားကုန်သော သူတို့အား အချမ်း သည် မ ငံစက်။ ဤကလဏ္ဍုကသည်ကား နို့ရည်ကို နှုတ်၌ငုံ၍ ခံတွင်း ဆေး၍ ထိုနို့ရည်ကို ထွေး၏။ ထွေးသည်ရှိသော် ရေ၌မထွေးမူ၍ သူဌေးသမီး ဦးခေါင်း၌ ထွေး၏။ ကျေးသားငယ်သည် ထိုမြစ်နားသို့သွား၍ တစ်ခုသော ရေသဖန်းခက်၌ နား၍ ကြည့်သည်ရှိသော် ကလဏ္ဍုကကို သိ၍ သူဌေးသမီး ဦးခေါင်း၌ နို့ရည်ကို ထွေးသည်ကို မြင်၍ ဟယ် ကလဏ္ဍုကမည်သောကျွန် မိမိ၏အမျိုးကိုလည်းကောင်း၊ နေရာအရပ်ကိုလည်းကောင်း အောက်မေ့လော။ နို့ရည်ကို နှုတ်၌ ငုံ၍ ခံတွင်းကို ဆေး၍ အမျိုးနှင့်ပြည့်စုံသော ချမ်းသာ သဖြင့် ကြီးသော သူဌေးသမီး၏ ဦးခေါင်း၌ မထွေးလင့်၊ မိမိ ပမာဏကို သိလောဟု ဆိုလို၍ ဤဂါထာကို ဆို၏—

၁၂၇၊ တေ ဒေသာ တာနိ ဝတ္ထူနိ၊ အဟဉ္စ ဝနဂေါစရော။
အနုဝိစ္စ ခေါ တံ ဂဏှေယျုံ၊ ပိဝ ခီရံ ကလဏ္ဍုက။

ကလဏ္ဍုက ထိုသင်၏ အရပ်တည်ရာဘုံကို တောသွားကျက်စားသော ငါ ကျေးသားသည်လည်း သိ၏၊ သင်၏သခင်တို့သည် သင့်ကို သိ၍ ဖမ်းကုန်ရာ၏၊ နို့ရည်ကို သောက်လေလော။

ကလဏ္ဍုကသည်လည်း ကျေးသားငယ်ကို သိ၍ ငါ့ကို ထင်ရှားသည်ကို ပြုရာ၏ဟု ကြောက်ခြင်းကြောင့် အရှင် လာလော့။ အဘယ်အခါ၌ လာသနည်းဟု ဆို၏။ ကျေးသားငယ်သည် ကလဏ္ဍုကသည် ငါ့ကို

အစီးအပွားကို အလိုရှိသည်၏ အဖြစ်ကြောင့် မခေါ်။ ငါ၏ လည်ကို လိမ်၍ သတ်ခြင်းငှါ အလိုရှိ၏ဟုသိ၍ ငါ့အား သင်ဖြင့် အလိုမရှိဟု ထိုသဖန်း ခက်မှ ပျံ၍ ဗာရာဏသီပြည်သို့ သွား၍ မြင်ခဲ့တိုင်း သူဌေးအား အကျယ် အားဖြင့် ပြောဆို၏။ သူဌေးသည် ကလဏ္ဍုကသည် မသင့်သည်ကို ပြု၏ဟုဆို၍ သွားပြီးသည်ရှိသော် ထိုကလဏ္ဍုကအား အာဏာပြု၍ ထိုကလဏ္ဍုကကို ဗာရာဏသီသို့ ဆောင်ခဲ့၍ ကျွန်အသုံးအဆောင်ဖြင့် သုံးဆောင်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ထိုရဟန်း သည် ထိုအခါ ကလဏ္ဍုက ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဗာရာဏသီ သူဌေးဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာ့နှစ်ဆယ်ခုနစ်ခုမြောက်သော ကလဏ္ဍုကဇာတ်သည် ပြီး၏။

---

၁၂၈-ဗိဠာရဝတဇာတ်

ကြောင်သူတော်အကျင့်ကို ကျင့်သည့်မြေခွေး

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် "ယော ဝေ ဓမ္မဓဇံ ကတွာ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤဗိဠာရဝတဇာတ်ကို ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော် မူစဉ် တစ်ယောက်သော အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းကို အကြောင်း ပြု၍ ဟောတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်း၏ အံ့ဖွယ်သရဲကို ဖြစ်စေသည်၏ အဖြစ်ကို ကြားပျောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌ သာလျှင် ဤ ရဟန်းသည် အံ့ဖွယ်သရဲကို ဖြစ်စေသည် မဟုတ်သေး။ ရှေး၌လည်း ဖြစ်စေ ဖူးသည် သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကြွက်အမျိုး၌ ပဋိသန္ဓေယူ၍ ကြီးခြင်းကိုရ၍ ဝက်ငယ် ပမာဏရှိသော ကိုယ်ရှိသည်ဖြစ်၍ အရာမက များစွာ

ကုန်သော ကြွက်တို့ဖြင့် ခြံရံလျက် တော၌နေ၏။ ထိုအခါ တစ်ခုသော မြေခွေးသည် ထိုမှဤမှ လှည့်လည်သည်ရှိသော် ထိုကြွက်အပေါင်းကို မြင်၍ ကြွက်အပေါင်းတို့ကို လှည့်စား၍ စားအံ့ဟုကြံ၍ ကြွက်တို့၏ နေရာအရပ်အနီး၌ နေသို့ရှေးရှု ခံတွင်းဖြင့်လေကို ခံလျက် ခြေတစ်ချောင်းဖြင့် ရပ်၏။

ဘုရားလောင်းသည် အစာရှာအံ့သောငှါ သွားသည်ရှိသော် ထိုမြေခွေးသည် သီလရှိသည်ဖြစ်လတ္တံ့ဟု ထိုမြေခွေး၏ အထံသို့သွား၍ အရှင် အရှင်သည် အဘယ်အမည်ရှိသနည်းဟု မေး၏။ အချင်း ငါသည် ဓမ္မိက အမည်ရှိ၏ဟု ဆို၏။ အခြေလေးချောင်းတို့ကို မြေ၌ မရပ်မူ၍ အဘယ့်ကြောင့် ခြေတစ်ချောင်းဖြင့် သာလျှင် ရပ်သနည်းဟု မေး၏။ ငါသည် ခြေလေးချောင်းတို့ကို မြေ၌ ထားသည်ရှိသော် မြေသည် ရွက်ဆောင် အံ့သောငှါ မတတ်ကောင်း၊ ထို့ကြောင့် ခြေတစ်ချောင်းဖြင့် သာလျှင် ရပ်၏ဟု ဆို၏။ ခံတွင်းကိုဖွင့်၍ အဘယ့်ကြောင့် ရပ်သနည်းဟု မေး၏။ ငါတို့သည် တစ်ပါးသော အစာကို မစားကုန်။ လေကို သာလျှင် စားကုန်၏ဟု ဆို၏။ ထို့နောက်မှ အဘယ့်ကြောင့် နေသို့ ရှေးရှု ရပ်သနည်းဟု မေး၏။ နေကို ရှိခိုး၏ဟု ဆို၏။ ဘုရားလောင်းသည် ဤမြေခွေး စကားကို ကြား၍ ဤမြေခွေးသည် သီလရှိသည် ဖြစ်လတ္တံ့ဟု ထိုအခါမှစ၍ ကြွက်အပေါင်းတို့နှင့်တကွ ညနံနက် ထိုမြေခွေးအား ခစားအံ့သောငှါ သွား၏။

ထိုအခါ ကြွက်မင်း၏ ခစားခြင်းကိုပြု၍ သွားသောကာလ၌ မြေခွေးသည် အသုံးစုံသော ကြွက်တို့မှနောက်ဖြစ်သော ကြွက်ကို ဖမ်း၍ အသားကို စား၍ မျို၍ ခံတွင်းကိုသုတ်၍ ရပ်၏။ အစဉ်သဖြင့် ကြွက်အပေါင်းသည် ပါးသည် ဖြစ်၏။ ကြွက်တို့သည် ရှေး၌ ငါတို့အား ဤနေရာသည် မဆံ့။ အခြားမရှိကုန်သည်ဖြစ်၍ နေကုန်၏။ ယခုအခါ၌ လျော့၏။ ဤနေရာသည် မပြည့်သည် သာလျှင်ကတည်း။ ဤမပြည့်ခြင်း၏ အကြောင်းသည် အသို့နည်းဟု ဘုရားလောင်းအား ထိုအကြောင်းကို ကြားကုန်၏။ ဘုရားလောင်းသည် အဘယ် အကြောင်းကြောင့်လျှင် ကြွက်တို့ ပါးကုန်သနည်းဟု ကြံသည်ရှိသော် မြေခွေး၌ ယုံမှားခြင်းကို ဖြစ်စေ၍ ထိုမြေခွေးကို စုံစမ်းအံ့ဟု ခစားသောကာလ၌ ကြွင်းသော ကြွက်တို့ကို ရှေ့ထား၍ မိမိသည် နောက်က နေ၏။ မြေခွေးသည် ထိုကြွက်၏ အထက်၌ ပြေးလာသည်ရှိသော် ဘုရားလောင်းသည် မိမိအား ဖမ်းအံ့သောငှါ ပြေးလာသော ထိုမြေခွေးကို မြင်၍ ပြန်၍ အိုမြေခွေး သင်၏ ဤအကျင့်သည် ကောင်းသော တရားသဘောအားဖြင့် မဟုတ်။ စင်စစ်လျှင် တစ်ပါးကုန်သော သူတို့အား ညှဉ်းဆဲအံ့သောငှါ တရားတံခွန်ကိုပြု၍ ကျင့်၏ဟု ဆိုလို၍ ဤဂါထာကို ဆို၏—

**၁၂၈။ ယော ဝေ ဓမ္မံ ဓဇံ ကတွာ၊ နိဂူဠှော ပါပမာစရေ။**
**ဝိဿာသယိတွာ ဘူတာနိ၊ ဗိဠာရံ နာမ တံ ဝတံ။**

တရားတံခွန် စိုက်ထောင်လျက် သတ္တဝါတို့ကို အကျွမ်းဝင်စေ၍ လျှို့ဝှက်ကာ မကောင်းမှုကို ပြုကျင့်သူ၏ အကျင့်သည် ကောက်ကျစ်စဉ်းလဲသောကြောင့် ဒွင်ကျောင်အကျင့်မည်၏။

ကြွက်မင်းသည် ပြောဆိုလျက်လျှင် ခုန်၍ ထိုမြေခွေး၏ လည်သို့ ရောက်၍ မေးအောက်၌ ရေမျိုကိုကိုက်၍ ရေမျိုကိုခွဲ၍ အသက်ကုန်ခြင်းသို့ ရောက်စေ၏။ ကြွက်အပေါင်းတို့သည် ပြန်၍ မြေခွေးကို စပ်စပ်မြည်စေလျက် စား၍ သွားကုန်၏။ ရှေးဦးစွာ ရောက်ကုန်သော ကြွက်တို့သည် အသားကို စားရကုန်သတတ်၊ နောက်မှ ရောက်ကုန်သော ကြွက်တို့သည် မစားရကုန်၊ ထိုအခါမှစ၍ ကြွက်အပေါင်းသည် ဘေးမရှိသည် ဖြစ်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းသည် ထိုအခါ မြေခွေးဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ကြွက်မင်း ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာနှစ်ဆယ့်ရှစ်ခုမြောက်သော ဗိဠာရဝတ ဇာတ်သည် ပြီး၏။

---

## ၁၂၉-အဂ္ဂိကဘာရဒွါဇဇာတ်

### ဦးစွန်းဖုတ်နှင့်မြေခွေး သူတော်ကောင်းဟန်ဆောင်ခြင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "နာယံ သိခါ ပုညဟေတု"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအဂ္ဂိကဘာရဒွါဇ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းကိုလျှင် အကြောင်းပြု၍ ဟောတော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကြွက်မင်းဖြစ်၍ တော၌နေ၏။ ထိုအခါ တစ်ခုသော မြေခွေးသည် ကေ့ာမီးလောင်သည်ရှိသော် ပြေးအံ့သောငှါ

မတတ်နိုင်သည်ဖြစ်၍ တစ်ခုသော သစ်ပင်၌ ဦးခေါင်းကို ဆိုက်နေ၏။ ထိုမြေခွေး၏ ကိုယ်အလုံး၌ အမွေးတို့ကို မီးလောင်ကုန်၏။ သစ်ပင်ကိုဆိုက်၍တည်ရာဖြစ်သော ထိုပ်၌ ဦးစွန်းကဲ့သို့ အနည်းငယ်သော အမွေးတို့သည် တည်ကုန်၏။ ထိုမြေခွေးသည် တစ်နေ့သ၌ ရေအိုင်၌ ရေသောက်စဉ် အရိပ်ကိုကြည့်သည်ရှိသော် ဦးစွန်းကိုမြင်၍ ယခုငါ့အား အသက်မွေးခြင်း၏ အရင်းသည် ဖြစ်ပြီဟု တော၌ လှည့်လည်သည်ရှိသော် ထိုကြွက်အပေါင်းတို့ကို မြင်၍ ဤကြွက်တို့ကို လှည့်စား၍ စားအံ့ဟု အောက်၌ ဆိုအပ်ပြီးသော နည်းဖြင့်လျှင် ကြွက်တို့၏ အနီး၌ နေ၏။

ထိုအခါ မြေခွေးကို ဘုရားလောင်းသည် အစာရှာသွားသည်ရှိသော် မြင်၍ ဤမြေခွေးသည် သီလရှိသည် ဖြစ်လတ္တံ့ဟု အမှတ်ရှိသည် ဖြစ်၍ ချဉ်းကပ်၍ သင်သည် အဘယ်အမည်ရှိသနည်းဟု မေး၏။ ငါသည် အဂ္ဂိကဘာရဒွါဇ အမည်ရှိ၏ဟု ဆို၏။ ထိုနောင်မှ အဘယ့်ကြောင့် ဤအရပ်သို့ လာသနည်းဟု မေး၏။ အချင်း သင်တို့ကို စောင့်ရှောက်အံ့သောငှါ လာ၏ဟုဆို၏။ ငါတို့ကို အဘယ်သို့ပြု၍ စောင့်ရှောက်လတ္တံ့နည်းဟု ဆို၏။ ငါသည် အမြီးရေတွက်ခြင်းမည်သည်ကို သိ၏။ သင်တို့သည် စောစောကလျှင် ထွက်၍ အစာရှာသွားသော ကာလ၌ ဤမျှရှိကုန်၏ဟု ရေတွက်၍ ဝင်ဖန် ပြန်သော ကာလ၌လည်း ရေတွက်အံ့၊ ဤသို့ ညဥ့်နံနက် ရေတွက်လျက် စောင့်ရှောက်အံ့ဟု ဆို၏၊ ဦးရီး ထိုသို့ ဖြစ်မူကား စောင့်လောဟု ဆို၏၊ ထိုမြေခွေးသည် ကောင်းပြီဟု ဝန်ခံ၍ ထွက်သောကာလ၌ တစ်ကောင် နှစ်ကောင် သုံးကောင် အစရှိသည်ဖြင့် ရေတွက်၍ ပြန်လာသော ကာလ၌လည်း ထိုအတူလျှင် ရေတွက်၍ အလုံးစုံသော ကြွက်တို့၏ နောက်ဖြစ်သော ကြွက်ကို ဖမ်း၍ စား၏။ ကြွင်းသောစကားသည် ရှေးဝတ္ထုနှင့် တူသလျှင်ကတည်း။ ဤအဂ္ဂိကဘာရဒွါဇ ဇာတ်၌ကား ကြွက်မင်းသည် ပြန်၍တည်လျက် အို အဂ္ဂိကဘာရဒွါဇ ကောင်းသော အကျင့်ရှိသည်၏ အဖြစ်အားဖြင့် သင်၏ထိပ်၌ ဤဦးစွန်းကို မထားအပ်၊ မေးဟူသော အကြောင်းကြောင့်ကား ထားအပ်၏ဟု ဆိုလို၍ ဤဂါထာကို ဆို၏—

၁၂၉။ နာယံ သိခါ ပုညဟေတု၊ ဃာသဟေတု အယံ သိခါ။
နာ'ဂုဋ္ဌိဂဏံ ယာတိ၊ အလံ တေ ဟောတု အဂ္ဂိက။

အဂ္ဂိက ကောင်းမှုဟူသော အကြောင်းကြောင့် ဤဦးစွန်းကို မထားအပ်၊ အစာဟူသော အကြောင်းကြောင့် ဤဦးစွန်းကို ထားအပ်၏၊ ငါ့ကြွက်အပေါင်းသည် အမြီးရေတွက်ခြင်းသို့ ရောက်၏။ သင့်အား ဤမျှဖြင့်သာ တန်သည်ဖြစ်စေလော။

ကြွင်းသောစကားသည် ရှေးဝတ္ထုနှင့် တူသလျှင်ကတည်း။

### ဇာတ်ပေါင်း

မြတ်စွာဘုရားသည်ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဤရဟန်းသည် ထိုအခါ မြေခွေးဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ကြွက်မင်း ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာ့နှစ်ဆယ်ကိုးခုမြောက်သော အဂ္ဂိကဘာရဒွါဇ ဇာတ်သည် ပြီး၏။

---

## ၁၃၀-ကောသိယဇာတ်

### လှေကြီးပေါ်တွင် လှေငယ်တင် ဒလနာဟန်ဆောင်၍ သယောက်လင်ထားသော မိန်းမ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ယထာဝါစာ စ ဘုဥ္ဇဿု"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကောသိယဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာဝတ္ထိပြည်၌ တစ်ယောက်သော မာတုဂါမကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုပုဏ္ဏေးမသည် တစ်ယောက်သော သဒ္ဓါခြင်းနှင့် ပြည့်စုံသော သီတင်းသည်ဖြစ်သော ပုဏ္ဏား၏ မယား ပုဏ္ဏေးမ ဖြစ်သတတ်။ ထိုပုဏ္ဏေးမသည် သီလမရှိ။ ယုတ်မာသော အကျင့် ရှိ၏၊ ညဉ့်၌ လွန်ကျူးသော အကျင့်ကို ကျင့်၏။ နေ့အခါ၌ တစ်စုံတစ်ခုသောအမှုကို မပြုမူ၍ နာဟန်ကိုပြု၍ ညည်းညူလျက် အိပ်၏။ ထိုအခါ ထိုပုဏ္ဏေးမအား ပုဏ္ဏားသည် ရှင်မ ရှင်မအား အဘယ် မချမ်းသာခြင်းသည် ဖြစ်သနည်းဟု မေး၏။ ငါ့အား လေသည် ထိုးကျင့်၏ဟု ဆို၏။ ကိုယ့်ှ လေထိုးကျင့်သည်ရှိသော် အဘယ်ကို ရခြင်းငှါ သင့်သနည်းဟု မေး၏။ သိမ်မွေ့သော ပြေပြစ်ကုန်သော မြတ်ကုန်သော ယာဂု ထမင်း ဆီ အစရှိသည်တို့ကို ရခြင်းငှါ သင့်၏ဟုဆို၏။ ပုဏ္ဏားသည် အကြင်အကြင် အာဟာရကို ပုဏ္ဏေးမသည် အလိုရှိ၏။ ထိုအာဟာရကို ဆောင်၍ပေး၏။ ကျွန်ကဲ့သို့ အလုံးစုံသော ကိစ္စကို ပြု၏၊ ထိုပုဏ္ဏေးမသည်ကား ပုဏ္ဏား၏ အိမ်သို့ ဝင်သောကာလ၌ အိပ်၏။ အပသို့ ထွက်သော ကာလ၌ သယောက်လင်တို့နှင့် တကွ ကာလကို လွန်စေ၏။

ထိုအခါ ပုဏ္ဏားသည် ဤပုဏ္ဏေးမ၏ကိုယ်၌ ထိုးကျင့်ကုန်သော လေတို့၏ အဆုံးသည်မထင်ဟု နှလုံးသွင်း၍ တစ်နေ့သ၌ နံ့သာအစရှိသည်တို့ကို ယူ၍ ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားကို ပူဇော်ရှိခိုး၍ တင့်အပ် လျောက်ပတ်သော အရပ်၌ နေ၏၊ ပုဏ္ဏား အဘယ့်ကြောင့် မသဖုတ်သနည်းဟု မိန့်တော်မူသည်ရှိသော် အရှင်ဘုရား အကျွန်ုပ်၏ ပုဏ္ဏေးမ၏ ကိုယ်၌ လေတို့သည် ထိုးကျင့်ကုန်၏၊ ထိုအကျွန်ုပ်သည် ထိုပုဏ္ဏေးမတို့ ထောပတ်ဆီ အစရှိသည်တို့ကိုလည်းကောင်း, မွန်မြတ်ကုန်သော ဘောဇဉ်တို့ကို လည်းကောင်း ရှာရ၏၊ ထိုပုဏ္ဏေးမ၏ ကိုယ်သည်လည်း အထူးသဖြင့် ကြည်လင်သော အဆင်း အသားအရေရှိသည် ဖြစ်၏။ လေနာ၏ အဆုံးသည်ကား မထင်၊ အကျွန်ုပ်သည် ထိုပုဏ္ဏေးမကို လုပ်ကျွေးရသည် ဖြစ်၍လျှင် အထံတော်သို့ လာခြင်း၏ အခွင့်ကို မရဟု လျှောက်၏။ မြတ်စွာဘုရားသည် ပုဏ္ဏေးမ၏ ယုတ်မာသော အဖြစ်ကို သိတော်မူ၍ ပုဏ္ဏား ဤသို့ အိပ်သော မာတုဂါမ၏ ရောဂါသည် မငြိမ်းသည် ရှိသော် ဆေးကို ပြုခြင်းငှါ သင့်၏ဟု ရှေး၌လည်း သင်အား ပညာရှိတို့သည် ဆိုအပ်သော စကားကို ဘဝဖုံးလွှမ်းသည် ဖြစ်သောကြောင့် သင် မမှတ်နိုင်။ ဤသို့ မိန့်တော်မူ၍ ထိုပုဏ္ဏားသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားသူကြွယ်မျိုး၌ဖြစ်၍ တက္ကသိုလ် ပြည်၌ အလုံးစုံသော အတတ်တို့ကို သင်၍ ဗာရာဏသီပြည်၌ ဒိသာပါမောက္ခ ဆရာ ဖြစ်၏။ တစ်ရာ့တစ်ပါးကုန်သော မင်းနေပြည်တို့မှ မင်းသား ပုဏ္ဏား သားတို့သည် များသောအားဖြင့် ထိုဘုရားလောင်းအထံ၌ အတတ်သင်ကုန်၏။ ထိုအခါ တစ်ယောက်သော ဇနပုဒ်၌ နေသော ပုဏ္ဏားသည် ဘုရားလောင်း၏ အထံ၌ ဗေဒင်သုံးပုံတို့ကို လည်းကောင်း၊ တစ်ဆယ့်ရှစ်ပါးသော အတတ်တို့ကို လည်းကောင်း သင်၍ ဗာရာဏသီပြည်၌လျှင် ဥစ္စာကို ဖြစ်စေ၍ နေ့တိုင်း နေ့တိုင်း နှစ်ကြိမ် သုံးကြိမ်မျှဘုရားအလောင်း အထံသို့ လာ၏။ ထိုပုဏ္ဏား၏ ပုဏ္ဏေးမသည် သီလမရှိသည်ဖြစ်၍ ယုတ်မာသော အကျင့်ရှိသည် ဖြစ်၏။

[ဤသို့ အစရှိကုန်သော အလုံးစုံသော စကားသည် ပစ္စုပ္ပန်ဝတ္ထုနှင့် တူသလျှင်ကတည်း။]

ဘုရားလောင်းသည်ကား ဤသို့သော အကြောင်းကြောင့် အဆုံးဒေ့မကို ခံလို၍ လာအံ့သောငှါ အခွင့်ကို မရဟု ဆိုသည်ရှိသော် ထိုပုဏ္ဏေးမပယ်သည် ပုဏ္ဏားကို လှည့်စား၍ အိပ်၏ဟု သိ၍ ထိုပုဏ္ဏေးမ၏ ရောဂါအား လျော်သော

ဆေးကို ကြားအံ့လို၍ အမောင်သည် ယနေ့မှစ၍ ထောပတ်အရသာ နို့ရည် အရသာ အစရှိသည်တို့ကို မပေးလင့်။ နွားကျင်ငယ်၌ ငါးပါးကုန်သော အရွက်တို့ကို လည်းကောင်း, စိုသော သစ်သီး အစရှိသည်တို့ကို လည်းကောင်း, ထည့်၍ ထောင်း၍ အသစ်ဖြစ်သော ကြေးနီခွက်၌ ထည့်၍ ကြေးနီနံ့ကို ယူစေ၍ ကြိုးကိုလည်းကောင်း၊ လှန်ကိုလည်းကောင်း၊ သစ်ခက်ကိုလည်းကောင်း ကိုင်၍ ဤဆေးသည် သင်၏ ရောဂါအားလျော်သော ဆေးတည်း။ ဤဆေးကို မူလည်း သောက်လော့၊ ထ၍ သင်သည် စားသော ထမင်းအား လျော်သော အမှုကိုမူလည်း ပြုလော့၊ ဤသို့ ဆိုလေလော့၊ ဆေးကို အကယ်၍ မသောက်အံ့၊ ထိုပုဏ္ဏေးမကို ကြိုးဖြင့် လည်းကောင်း၊ လှန်ဖြင့်လည်းကောင်း၊ သစ်ခက်ဖြင့် လည်းကောင်း ငင်၍ ရိုက်ခတ်ကောင်းသော အရာ၌ ရိုက်ခတ်၍ ဆံတို့၌ ဆွဲငင်၍ တစ်ထောင်ဖြင့် ထောင်းလေလော့။ ထိုပုဏ္ဏေးမသည် ထိုခဏ၌လျှင် ထ၍ အမှုကို ပြုလတ္တံ့ဟု ဆိုလိုက်၏။ ထိုပုဏ္ဏားသည် ကောင်းပြီဟု ဝန်ခံ၍ ဆရာ မှာလိုက်သော နည်းဖြင့်လျှင် ဆေးကို ပြု၍ ရှင်မ ဤဆေးကို သောက်လော့ဟု ဆို၏။ သင့်အား အဘယ်သူသည် ဤဆေးကို ပြောသနည်းဟု မေး၏။ ရှင်မ ဆရာပြော၏ဟု ဆို၏။ ထိုဆေးကို ပယ်ဘိလော့၊ မသောက်အံ့ဟု ဆို၏။ လုလင်သည် မိမိအလိုအားဖြင့် မသောက်လတ္တံ့ဟု ကြိုးကို ကိုင်၍ မိမိအား လျောက်ပတ်သော ဆေးကိုမူလည်း သောက်လော့။ စားလော့။ အစာအား လျော်သော အမှုကိုလည်း ပြုလော့ဟု ဆိုလို၍ ဂါထာကို ဆို၏—

၁၃၀။ ယထာ ဝါစာ စ ဘုဉ္ဇဿု၊ ယထာ ဘုတ္တဉ္စ ဗျာဟရ။
ဥဘယံ တေ န သမေတိ၊ ဝါစာ ဘုတ္တဉ္စ ကောသိယေ။

ကောသိယ အနွယ်၌ ဖြစ်သော ပုဏ္ဏေးမဆိုသော စကားနှင့် အညီလည်း စားလော၊ စားသည်နှင့် ညီစွာလည်း အိမ်၌ အမှုကိုပြုလော၊ သင်၏စကားသည် လည်းကောင်း၊ အစားသည်လည်းကောင်း နှစ်ပါးစုံသည် မညီ။

ဤသို့ ဆိုသည်ရှိသော် ကောသိယ ပုဏ္ဏား၏ သမီးသည် ဆရာသည် ကြွားသော ကာလမှ စ၍ ငါသည် ဤပုဏ္ဏားကို လှည့်စားခြင်းငှါ မတတ်နိုင်၊ ထ၍ အမှုကို ပြုအံ့ဟု ဆို၍ အမှုကို ပြု၏။ ဆရာသည် ငါ၏ သီလမရှိသော အဖြစ်ကို သိအပ်ပြီ။ ယခု ဤနေ့မှစ၍ ဤသို့သဘောရှိသော အမှုကို ပြုအံ့ သောငှါ မတတ်ကောင်းဟု ဆရာသည် ကဲ့ရဲ့အပ်သည်မှ ကြောက်သောကြောင့် မကောင်းမှုကိုလည်း ကြဉ်၍ သီလရှိသည် ဖြစ်၏၊ ထိုပုဏ္ဏေးမသည်လည်း မြတ်စွာဘုရားသည် သိတော်မူအပ်သည် ဖြစ်သတတ်ဟု မြတ်စွာဘုရား၌ ရှိသော သဖြင့် တဖန် လွန်ကျူးသော အကျင့်ကို မကျင့်ခြင်းကို ပြု၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ ယခုအခါ လင်မယားတို့သည် ထိုအခါ လင်မယားဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဆရာဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

ငါးစိရာ့သုံးဆယ်ခုမြောက်သော ကောသိယ

ဇာတ်သည် ပြီး၏။

## ၁၄-အသမ္ပဒါနဝဂ်

### ၁၃၁-အသမ္ပဒါနဇာတ်

ကုဋ္ဌေလေးဆယ်ကျေးဇူးရှင်အား ဖွဲ့တစ်ပြည်ပြန်ပေး၍ ကျေးဇူးဆပ်ခြင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ''အသမ္ပဒါနေ နိ'တရီကရဿ''အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအသမ္ပဒါနဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ဒေဝဒတ်သည် ကျေးဇူးကို မသိတတ်၊ မြတ်စွာဘုရား၏ ကျေးဇူးတော်ကိုမသိဟု စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခု ငါလာတော်မူသော အခါ၌ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ဒေဝဒတ်သည် ကျေးဇူးကို မသိတတ်သည် မဟုတ်သေး။ ရှေး၌လည်း ကျေးဇူးကို မသိလျှင်သာတည်းဟု မိန့်တော်မူ၍ ထိုရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ မဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ တစ်ယောက်သော မဂဓရာဇ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုမင်း၏လျှင် ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးဖြစ်၏။ ဒေ့မည်အားဖြင့် သင်္ခသူဌေး ဟူသော အမည်ရှိ၏။ ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ် ကြွယ်ဝသည်သာလျှင်ဖြစ်သော ပီဠိယမည်သော သူဌေးသည်ဖြစ်၏။ ထိုနှစ်ယောက်ကုန်သော သူဌေးတို့သည် အချင်းချင်း အဆွေခင်ပွန်း ဖြစ်ကုန်၏။ ထိုသူဌေးတို့တွင် ဗာရာဏသီပြည်၌ ပီဠိယသူဌေးအား တစ်စုံတစ်ခုသော အကြောင်းကြောင့် ကြီးစွာသော ဘေးသည် ဖြစ်၏။ အလုံးစုံသော ဥစ္စာသည် ယုတ်၏။ ထိုပီဠိယသူဌေးသည် ဆင်းရဲသည်၊ ကိုးကွယ်ရာ မရှိသည်ဖြစ်၍ မယားကိုခေါ်၍ သင်္ခသူဌေးကို အကြောင်းပြု၍ ဗာရာဏသီပြည်မှ ခြေဖြင့်သာလျှင် ထွက်ခဲ့၍ ရာဇဂြိုဟ်ပြည်၌ ထိုသင်္ခသူဌေးအိမ်သို့ သွား၏။ ထိုသင်္ခသူဌေးသည် ထိုပီဠိယသူဌေးကို မြင်၍ ငါ၏ အဆွေခင်ပွန်းသည် လာ၏ဟု နှစ်သက်၍ ပူဇော်ခြင်း မြတ်နိုးခြင်းကို ပြု၍ နှစ်ရက်သုံးရက်ကို လွန်စေ၍ ဝေစ်နေသည် အဆွေအဘယ်ကိစ္စကြောင့် ဤအရပ်သို့ လာသနည်းဟု မေး၏။ အဆွေ ငါ့အား ဘေးဖြစ်၍ အလုံးစုံသော ဥစ္စာသည် ကုန်၏။ ငါ့အား ထောက်ပံ့ပါလောဟု ဆို၏။ အဆွေကောင်းပြီဟု ဆို၏၊ အဆွေ ကောင်းပြီ မကြောက်လင့်ဟု ဆို၍ ဘဏ္ဍာဥစ္စာကို အလယ်၌ခွဲ၍ ထက်ဝက်လျှင် ပေး၏။

ထိုပီဠိယသူဌေးသည် ထိုစည်းစိမ်ကိုယူ၍ ဗာရာဏသီသို့သွား၍ နေခြင်းကို ပြု၏။ နောက်အဖို့၌ သင်္ခသူဌေးအားလည်း ထိုသို့ သဘောရှိသည်သာလျှင် ဘေးသည် ဖြစ်၏။ ထိုသင်္ခသူဌေးသည် မိမိ၏ ကိုးကွယ်ရာကို စုံစမ်းသည် ရှိသော် ငါသည် အဆွေခင်ပွန်းအား ကျေးဇူးပြုအပ်၏။ ထက်ဝက်သော စည်းစိမ်ကို ပေးအပ်၏။ ထိုသူဌေးသည် ငါ့ကိုမြင်၍ မစွန့်လတ္တံ့၊ ထိုသူဌေး၏အထံသို့ သွားအံ့ဟု ကြံပြီးသော် မယားကိုခေါ်၍ ခြေဖြင့်သာလျှင် ဗာရာဏသီသို့ သွား၍ မယားကို ရှင်မ သင့်အား ငါနှင့်တကွ ခရီးအလယ်၌ သွားခြင်း မည်သည်မသင့်။ ငါသည် စေအပ်သော ယာဉ်ကို စီး၍ များစွာသော အခြံအရံဖြင့် နောက်မှ လာရလတ္တံ့၊ အကြင်မျှလောက် ယာဉ်ကို မစေသေး၊ ထိုမျှလောက် ဤဇရပ်၌ နေလော့ဟုဆို၍ မယားကို ဇရပ်၌ ထားခဲ့၍ မိမိသည် မြို့သို့ဝင်၍ သူဌေးအိမ်သို့ သွား၍ ရာဇဂြိုဟ်ပြည်မှ သင်တို့၏ အဆွေခင်ပွန်းဖြစ်သော သင်္ခမည်သော သူဌေးသည်လာ၏ဟု ကြားစေ၏။ ထိုပီဠိယသူဌေးသည် လာစေသတည်းဟု ခေါ်စေ၍ ထိုသင်္ခ သူဌေးကို မြင်၍ နေရာမှမထ၊ ပျူငှါလောကဝတ်ကိုမပြု၊ သက်သက် အဘယ်အကျိုးငှါ လာ

သနည်းဟု မေး၏။ သင်တို့ကို ဖူးမြင်အံ့သောငှါ လာ၏ဟုဆို၏။ နေရာကို သင်သည် အဘယ်မှာ ယူအပ်သနည်းဟု မေး၏။ သူဌေး ရှေးဦးစွာ နေရာအရပ်သည် မရှိသေး၊ သူဌေးမကိုလည်း ဇရပ်၌ ထားခဲ့၍လျှင် လာ၏ဟုဆို၏။ ဤအိမ်၌ သင်တို့အား နေရာအရပ်သည်မရှိ၊ ရိက္ခာကိုယူ၍ တစ်ခုသောအရပ်၌ ချက်စား ကုန်၍ သွားကြကုန်လော့၊ တစ်ဖန် ငါတို့၏ အိမ်သို့ မဝင်လာကြကုန်လင့်ဟု ဆို၍ ငါ့အဆွေခင်ပွန်း၏ ပုဆိုးစွန်း၌ဖွဲ့၍ တတုမ္ဗမျှသော ဖွဲကို ပေးလော့ဟု ကျွန်ကို စေ၏။

ထိုနေ့၌ ပိဋ္ဌိယသူဌေးသည် နီသော သလေးတို့ကိုခါ၍ လှေ့၍လှည်းတစ်ထောင်တိုက်မျှကိုကို ပြည့်စေ၏။ ကုဋေလေးဆယ်သော ဥစ္စာကိုယူ၍ လာသော ကျေးဇူးကို မသိသော ခိုးသူကြီးသည် တတုမ္ဗမျှသော ဖွဲကို အဆွေခင်ပွန်းအား ပေးစေ၏။ ကျွန်သည် တောင်း၌တတုမ္ဗမျှသော ဖွဲကိုထည့်၍ ဘုရားလောင်း၏ အထံသို့ သွား၏။ ဘုရားလောင်းသည် ဤသူယုတ်သည် ငါ့အထံမှ ကုဋေလေးဆယ်သော ဥစ္စာကိုရ၍ ယခုအခါ၌ တတုမ္ဗမျှသော ဖွဲကို ပေးစေ၏။ ယူရအံ့လော မယူရအံ့လောဟု ကြံ၏။ ထိုသခ်သူဌေးအား ဤသို့သော အကြံသည် ဖြစ်၏။ ဤသူဌေးသည် ရှေးဦးစွာ ကျေးဇူးကိုမသိ၊ အဆွေခင်ပွန်းအား ဖြစ်မှားသည်ကို ပြုခြင်း အဆွေခင်ပွန်း ဖျက်ဆီးခြင်း ပြုဖူးသော ကျေးဇူးကိုဖျက်ခြင်း အားဖြင့် ငါနှင့်တကွ ချစ်ခြင်းကို ဖျက်၏။ ငါသည် ထိုပိဋ္ဌိယ သူဌေးသည် ပေးအပ်သော တတုမ္ဗမျှသော ဖွဲကို ယုတ်သည်၏ အဖြစ်ကြောင့် အကယ်၍ မယူအံ့၊ ငါသည် ချစ်သည်၏ အဖြစ်ကို ဖျက်အံ့၊ ယုတ်မာသောနိမိုက်ကုန်သော သူတို့သည် အနည်းငယ်ကို ရကုန်၍ မယူကုန်ဘဲ အဆွေခင်ပွန်းကို ဖျက်ဆီးကုန်၏။ ငါသည်ကား ထိုပိဋ္ဌိယသူဌေးသည် ပေးအပ်သောတတုမ္ဗမျှသော ဖွဲကိုယူ၍ ငါ၏ အစွမ်းအားဖြင့် ချစ်သည်၏အဖြစ်ကို တည်စေအံ့ ဤသို့သောအကြံသည် ဖြစ်၏။

ထိုသခ်သူဌေးသည် တတုမ္ဗမျှသော ဖွဲကို ပုဆိုးစွန်း၌ဖွဲ့၍ ပြာသာဒ်မှသက်ခဲ့၍ ဇရပ်သို့လာ၏။ ထိုအခါ ထိုသခ်သူဌေးကို မယားသည် အရှင် အရှင်သည် အဘယ်ကို ရခဲ့သနည်းဟု မေး၏။ ရှင်မ ငါတို့၏ အဆွေ ခင်ပွန်းဖြစ်သော ပိဋ္ဌိယ သူဌေးသည် တတုမ္ဗမျှသော ဖွဲကိုပေး၍ ငါတို့ကို ယနေ့လျှင် လွှတ်လိုက်၏ဟု ဆို၏။ ထိုသူဌေးမသည် အရှင် အဘယ်အကျိုးငှါ ယူခဲ့သနည်း ဤဖွဲသည် ကုဋေလေးဆယ်သော ဥစ္စာအား လျော်ပတ် သလောဟု ဆို၍ ငိုအံ့သောငှါ အားထုတ်၏၊ ဘုရားလောင်းသည် ရှင်မ မငိုလင့်။ ငါသည် ထိုသူဌေးနှင့်တကွ အချစ်ပျက်အံ့သောအဖြစ်မှ ကြောက်လေသည်၏ အဖြစ်ကြောင့် ငါ၏ အစွမ်းအားဖြင့် ချစ်သည်၏ အဖြစ်ကို တည်စိမ့်သောငှါ ယူ၏။ သင်သည် အဘယ့်ကြောင့် စိုးရိမ်သနည်းဟု ဆိုလို၍ ဂါထာကိုဆို၏—

၁၃၁။ အသမ္ပဒါနေ နိ'တရီတႆ ရဿ၊
ဗာလဿ မိတ္တာနိ ကလီ ဘဝန္တိ။
တသ္မာ ဟရာမိ ဘုသံ အဍ္ဎမာနံ၊
မာ မေ မိတ္တိ ဇီယိတ္ထ သဿတာ'ယ။

သူတပါးပေးသည်ကို မယူခြင်းကြောင့် အမှတ်မဲ့ယုတ်မာသော လူမိုက်အား အဆွေခင်ပွန်းတို့သည် ပျက်စီးကုန်သည်၏ အဖြစ်ကြောင့် ငါ့အားချစ်ခြင်းသည် မပျက်စီးစေသတည်း၊ဤချစ်ခြင်းသည် မြဲစေသတည်းဟု ဖွဲတတုမ္ဗမျှကို ယူခဲ့၏။

ဤသို့ဆိုသော်လည်း သူဌေးမယားသည် ငိုသည်သာလျှင်တည်း၊ ထိုခဏ၌ သခ်သူဌေးသည် ပီဠိယသူဌေးအား ပေးအပ်သော အမှုလုပ်ကျွန်သည် ဇရပ်တံခါးဖြင့် လာသည်ရှိသော် သူဌေးမယား၏ ငိုသံကို ကြား၍ ဇရပ်သို့ဝင်၍ မိမိ၏သခင်တို့ကိုမြင်၍ ခြေတို့၌ဝပ်၍ ငိုလျက် သခင်တို့ ဤအရပ်သို့ အဘယ် အကျိုးငှာ လာကြကုန်သနည်းဟု မေး၏။သူဌေးသည် အလုံးစုံသော အကြောင်းကိုကြား၏။ ဒေ့မှုလုပ်ကျွန်သည် သခင်တို့ ဤသို့ဖြစ်စေ မကြံကြကုန်လင့်ဟု နှစ်ယောက်ကုန်သော ဘူတို့ကို နှစ်သိမ့်စေ၍ မိမိအိမ်သို့ ဆောင်၍ နံ့သာရေဖြင့် ရေချိုးစေ၍ စားစေ၍ သင်တို့၏ သခင်တို့သည် လာကြကုန်၏ဟု ကြွင်းသော သူတို့ကိုလည်း စည်းဝေးစေ၍ နှစ်ရက်သုံးရက်ကို လွန်စေ၍ ခပ်သိမ်းကုန်သော ကျွန်တို့ကိုယူ၍ မင်းရင်ပြင်သို့ သွား၍ ဟစ်ကြွေးခြင်းကို ပြုကုန်၏။ မင်းသည် လည်း ထိုသူတို့ကို ခေါ်စေ၍ ဤဟစ်ကြွေးခြင်းသည် အသို့နည်းဟု မေး၏။ ထိုကျွန်တို့သည်လည်း အလုံးစုံသော အကြောင်းကို မင်းအား ကြားကုန်၏။

မင်းသည် ထိုကျွန်တို့၏ စကားကိုကြား၍ နှစ်ယောက်ကုန်သော သူဌေးတို့ကို ခေါ်စေ၍ သခ်သူဌေးကို သူဌေးကြီး သင်သည် ပီဠိယသူဌေးအား ကုဋေလေးဆယ်သော ဥစ္စာတို့ကို ပေးသတတ်ဟူသည် မှန်သလောဟု မေး၏။ မြတ်သော မင်းကြီး မှန်ပါ၏။ အကျွန်ုပ်ကို ကြံ၍ ရာဇဂြိုဟ်ပြည်သို့ လာသော အကျွန်ုပ်၏ အဆွေ ခင်ပွန်းဖြစ်သော သူဌေးအား သက်သက် ဥစ္စာကိုသာ ပေးအပ်သည် မဟုတ်သေး၊ အလုံးစုံသော အသက်ရှိသော စည်းစိမ်၊ အသက်မရှိသော စည်းစိမ် ကို နှစ်စုတို့ကို ပြု၍ ညီမျှသော အဖို့ကို ပေး၏ဟု လျှောက်၏။ မင်းသည် ထိုသခ်သူဌေးဆိုသော စကားသည် မှန်သလောဟု ပီဠိယ သူဌေးကို မေး၏။ ရှင်မင်းကြီး မှန်ပေ၏ဟု ဆို၏။ သင်ကိုလျှင် ကြံ၍ လာသော သခ်သူဌေးအား သင်သည် ပြုအပ်သော တစ်စုံတစ်ခုသော ပူဇော်ခြင်းသည်လည်းကောင်း၊ မြတ်နိုးခြင်းသည် လည်းကောင်း ရှိသလောဟု မေး၏။ ထိုပီဠိယ သူဌေးသည် ဆိတ်ဆိတ်နေ၏။ သင်သည် ထိုသခ်သူဌေး၏ ပုဆိုးစွန်း၌ ထည့်၍ ပေးအပ်သော တစ်တုမ္ဗမျှသော ဖွဲသည်ရှိသလောဟု မေး၏။ ထိုစကားကိုကြား၍ ဆိတ်ဆိတ်

နေသည်သာလျှင် ဖြစ်၏။ မင်းသည် အသို ပြုအပ်သနည်းဟု အမတ်တို့နှင့် တကွ တိုင်ပင်၍ ထိုပီဋ္ဌိယသူဌေးကို ရှေ့ရှုတ်၍ သွားကြကုန် ပီဋ္ဌိယသူဌေးအိမ်၌ အလုံးစုံသော စည်းစိမ်ကို သခ်သူဌေးအား ပေးကြကုန်လောဟု ဆို၏။

ဘုရားလောင်းသည် မြတ်သော မင်းကြီး အကျွန်ုပ်အား သူတစ်ပါး ဥစ္စာဖြင့် အလိုမရှိ၊ အကျွန်ုသည် ပေးအပ်သော ဥစ္စာကိုသာလျှင် ပေးစေကုန်လောဟု ဆို၏။ မင်းသည် ဘုရားလောင်း၏ ဥစ္စာကို ပေးစေ၏။ ဘုရားလောင်းသည် အလုံးစုံသော မိမိသည် ပေးအပ်သော စည်းစိမ်ကိုရ၍ ကျွန်အပေါင်း ခြံရံလျက် နေဇဂြိုဟ်ပြည်သို့လျှင် သွား၍ ဥစ္စာကို ဖြစ်စေ၍ အလှူအစရှိကုန်သော ကောင်းမှုတို့ကိုပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ပီဋ္ဌိယသူဌေးဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သခ်သူဌေး ဖြစ်ဖူးပြီဟု ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာသုံးဆယ်တစ်ခုမြောက်သော အသမ္ပဒါန ဇာတ်သည် ပြီး၏။

---

## ၁၃၂-ဘီရုကဇာတ်

### ဖြားယောင်းသည်ကို ခစောင်းမကြည့်၍ မင်းအဖြစ်သို့ ရောက်ခြင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ကုသလုပဒေသေဓိတိယာ ဒင္ဒာယစ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဘီရုကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အဇပါလ ညောင်ပင်ရင်း၌ မာရ်မင်းသမီးတို့၏ ဖြားယောင်းသည်ကို အကြောင်းပြု၍ ဤသုတ္တန်ကို ဟောတော်မူ၏။ မြတ်စွာဘုရားသည် အစမှစ၍ ဤဂါထာကို ဟောတော်မူ၏။

> ဒဒ္ဒဠှမာနာ အာဂစ္ဆုံ၊ တဏှာ စ အရတိ ရဂါ။
>
> တာ တတ္ထ ပနုဒီ သတ္ထာ၊ တူလံ ဘဋ္ဌံဝ မာလုတော။

အဇပါလ ညောင်ပင်ရင်း၌ တဏှာ, အရတိ, ရာဂါအမည်ရှိသော နတ်သမီးတို့သည် တောက်ပစွာဖန့်ဆင်း၍ လာကြကုန်၏။ ဝါဂွမ်းကို လေမှုတ်လွင့်သကဲ့သို့ မြတ်စွာဘုရားသည် ထိုနတ်သမီး သုံးယောက်တို့ကိုလည်း ပယ်လွှင့်တော်မူ၏။

ဤသို့ အဆုံးတိုင်အောင် ထိုသုတ္တန်ကို ဟောတော်မူသော ကာလ၌ တရားသဘင်၌ စည်းဝေး ကုန်သော ရဟန်းဘိုသည် ငါ့ရှင်တို့ မြတ်စွာဘုရားသည် မာရ်မင်း သမီးတို့သည် များစွာကုန်သော နတ်၌ ဖြစ်ကုန်သော အဆင်းတို့ကို ဖန်ဆင်း၍ ဖြားယောင်း အံ့သောငှါ ကပ်လာကုန်သည် တို့ကို မျက်စိတော်တို့ကိုလည်း ဖွင့်၍ ကြည့်တော်မမူ။ မြတ်စွာဘုရားတို့၏ အစွမ်းတော်မည်သည် အံ့ဖွယ်ရှိစွ။ ဤသို့ စကားကို ဖြစ်စေကုန်၏။ မြတ်စွာ ဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ၌ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်သည်ဟု နားတော် လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌ ခပ်သိမ်းသော အာသဝေါတို့ကို ကုန်စေ၍ သဗ္ဗညု အဖြစ်သို့ ရောက်သော ငါဘုရားသည် မာရ်မင်း သမီးတို့ကို မကြည့်ခြင်း မည်သည် ကား အံ့ဖွယ် မရှိသေး။ ငါသည် ရှေး၌ သဗ္ဗညုတဉာဏ်ကို ရှာစဉ် ကိလေသာနှင့် ယှဉ်သော ကာလ၌လည်း ဖန်ဆင်းအပ်သော နတ်၌ ဖြစ်သော အဆင်းကို ဣန္ဒြေတို့ကို ဖျက်၍ ကိလေသာ၏ အစွမ်းအားဖြင့် မကြည့်မူ၍သာလျှင် သွား၍ မြတ်သော မင်းအဖြစ်သို့ ရောက်ဖူးပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် အစ်ကို တစ်သောင်းတို့၏ ညီအငယ် ဖြစ်၏။ (ဤသို့ အစရှိသော အလုံးစုံသော စကားကို အောက်ကေကနိပါတ် ကုံးဆယ့်ခြောက်ခု မြောက်သော တေလပတ္တဇာတ်၌ ဆိုအပ်ပြီးသော နည်းဖြင့် သာလျှင် ချဲ့အပ်၏)။

ထိုအခါ၌ကား တက္ကသိုလ်ပြည်၌ ဆိုအပ်သော သူတို့သည် မြို့ပ ဇရပ်၌ ဘုရားလောင်းသို့ ကပ်ပြီးသည် ရှိသော် တောင်းပန်၍ မင်းအဖြစ်ကို အပ်နှင်း၍ အဘိသိက် သွန်းခြင်းကို ပြု၍ တက္ကသိုလ်ပြည်၌ နေကုန်သော လူဝင်သည် မြို့ကိုလည်း နတ်ပြည်ကဲ့သို့ မင်း၏ နန်းတော်ကိုလည်း သိကြားနတ်မင်း၏ နန်းတော်ကဲ့သို့ တန်ဆာဆင်ကုန်၏။ ထိုအခါ ဘုရားလောင်းသည် မြို့သို့ ဝင်၍ မင်းနန်းတော်ဖြစ်သော ပြာသာဒ် မြတ်သော အပြင်၌ ကောင်းစွာ ဆောက် အပ်သော ထီးဖြူရှိသော မြတ်သော ရတနာ ပလ္လင်သို့ တက်၍ သိကြားနတ် မင်း၏ တင့်တယ်ခြင်းကဲ့သို့သော တင့်တယ်ခြင်းနှင့် နေ၏။ အမတ် ပုဏ္ဏား သူကြွယ်တို့သည် လည်းကောင်း၊ မင်းသားတို့သည် လည်းကောင်း ခပ်သိမ်းသော တန်ဆာဖြင့် ဆင်ကုန်လျက် ခြံရံကုန်၍ တည်ကုန်၏။ နတ်သမီးနှင့် တူကုန်သော

ဂ ခြင်း သီခြင်း တီးမှုတ်ခြင်း၌ လိမ္မာကုန်သော မြတ်သော တင့်တယ်ခြင်းနှင့် ပြည့်စုံကုန်သော တစ်သောင်း ခြောက်ထောင်ကုန်သော ကချေသည် မိန်းမတို့သည် ကခြင်း သီခြင်း တီးမှုတ်ခြင်းတို့ကို ဖြစ်စေကုန်၏။ သီချင်းသံ တီးမှုတ်သံဖြင့် မင်း၏ နန်းတော်သည် မိုး၏ ထစ်ကြိုးသံဖြင့် ပြည့်သော မဟာသမုဒ္ဒရာ ဝမ်းကဲ့သို့ တစ်ပြိုင်နက် တစ်ချက်တည်း အုတ်အုတ်ကျက်ကျက် ဖြစ်၏။ ဘုရားလောင်းသည် မိမိ၏ အသရေ တင့်တယ်ခြင်းအစုကို ကြည့်လျက်လျှင် ငါသည် ထိုဘီလူးမတို့သည် ဖန်ဆင်းအပ်သော နတ်၌ ဖြစ်သော အဆင်းကို အာရုံယူ၍ ကြည့်ငြားအံ့၊ အသက်ကုန်ခြင်းသို့ ရောက်သည် ဖြစ်ရာ၏။ ဤတင့်တယ်ခြင်း အသရေ အစုကို မမြင်ရရာ ပစ္စေကဗုဒ္ဓါ၏ အဆုံးအမ၌ တည်သည်၏ အဖြစ်ကြောင့် ငါသည် ဤမင်းအဖြစ်ကို ရအပ်၏ဟု ကြံ၏၊ ဤသို့ ကြံပြီး၍ ဥဒါန်းကို ကျူးလိုရကား ဤဂါထာကို ဆို၏—

၁၃၂။ ကုသလူပဒေသေ ဓိတိယာ ဒဠှာယ စ၊
အနိဝတ္တိတတ္တာ’ ဘယဘိရုတာယ စ။
န ရက္ခသီနံ ဝသ’မာဂမိမှသေ၊
သ သောတ္ထိဘာဝေါ မဟတာ ဘယေန မေ၊

လိမ္မာကုန်သော အရှင်ပစ္စေကဗုဒ္ဓါတို့၏ အဆုံးအမ၌ အမြဲ လုံ့လပြုခြင်းကြောင့် လည်းကောင်း၊ ကိုယ်စိတ် ထိတ်လန့်တုန်လှုပ်ခြင်းဖြင့် မဆုတ်မနစ်သည်၏ အဖြစ်ကြောင့် လည်းကောင်း ဘီလူးမတို့၏ နိုင်ငံသို့ မလိုက်ကုန်၊ ငါ့အား ဘေးကြီးမှ ချမ်းသာခဲ့၏။

ဤသို့ ဘုရားလောင်းသည် ဤဂါထာဖြင့် တရားဟော၍ တရားသဖြင့် မင်းပြု၍ အလှူ အစရှိကုန်သော ကောင်းမှုတို့ကို ပြု၍ ကံအား လျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည် ထိုအခါ တက္ကသိုလ်ပြည်သို့ သွား၍ မင်းအဖြစ်သို့ ရောက်သော မင်းသား ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏၊

တစ်ရာသုံးဆယ့်နှစ်ခုမြောက်သော ဘီရုကဇာတ်သည် ပြီး၏။

## ၁၃၃-ဃတာသနဇာတ်

### မလျောက်ပတ်သော အရပ်ကို စွန့်ခွါအပ်

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ခေမံ ယဟိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဃတာသနဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းသည် မြတ်စွာဘုရားအထံတော်၌ ကမ္မဋ္ဌာန်းကို ယူ၍ တစ်ခုသော ပစ္စန္တရစ်ရွာငယ်ကို အမှီပြု၍ တောကျောင်း၌ ဝါဆို ကပ်၏၊ ထိုရဟန်းအား ရှေးဦးစွာသော ကာလ၌လျှင် ဆွမ်းအလို့ငှါ ရွာသို့ ဝင်စဉ် ကျောင်းကို မီးလောင်၏။ ထိုရဟန်းသည် နေရာမရှိသည်၏ အဖြစ်ကြောင့် ပင်ပန်းသည် ဖြစ်၍ ဒါယကာတို့အား ကြား၏။ ဒါယကာတို့သည် အရှင်ဘုရား ဤသို့ဖြစ်စေ ကျောင်း ဆောက်ပါကုန်အံ့၊ ရှေးဦးစွာ ထွန်ကုန်အံ့၊ ရှေးဦးစွာ ကြဲကုန်အံ့၊ ဤသို့ အစရှိသည်တို့ကို ဆိုကုန်လျက် ဝါတွင်းသုံးလကို လွန်စေကုန်၏။ ထိုရဟန်းသည် ကျောင်း မလျောက်ပတ်သည်၏ အဖြစ်ကြောင့် ကမ္မဋ္ဌာန်းကို အပြီးသို့ ရောက်စေခြင်းငှါ မတတ်နိုင်။ ထိုရဟန်းသည် နိမိတ်မျှကိုလည်း မဖြစ်စေနိုင်၍ ဝါကျွတ်သည် ရှိသော် ဇေတဝန်ကျောင်းတော်သို့ သွားပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တင့်အပ်လျောက်ပတ်သော အရပ်၌ နေ၏။ မြတ်စွာဘုရားသည် ထိုရဟန်းနှင့်တကွ ပျူငှါလောကဝတ်ကို ပြု၍ ရဟန်းသင့်အား ကမ္မဋ္ဌာန်းသည် လျောက်ပတ်သည် ဖြစ်ပြီလောဟု မေးတော်မူ၏။ ထိုရဟန်းသည် အစမှစ၍ မလျောက်ပတ်သည်၏ အဖြစ်ကို လျှောက်၏။ မြတ်စွာဘုရားသည် ရဟန်း ရှေး၌ တိရစ္ဆာန်တို့သည်လည်း မိမိ၏ လျောက်ပတ်သည် မလျောက်ပတ်သည်ကို သိ၍ လျောက်ပတ်သော ကာလ၌ နေ၍ မလျောက်ပတ်သော ကာလ၌ နေရာအရပ်ကို စွန့်၍ တစ်ပါးသော အရပ်သို့ သွားကုန်၏။ သင်သည် အဘယ့်ကြောင့် မိမိ၏ လျောက်ပတ်သည် မလျောက်ပတ်သည်ကို မသိသနည်းဟု မိန့်တော်မူ၍ ထိုရဟန်းသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

#### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြု သည်ရှိသော် ဘုရားလောင်းသည် ငှက်အမျိုး၌ ဖြစ်၍ လိမ္မာသော အဖြစ်သို့ ရောက်၍ တင့်တယ်ခြင်းအစုသို့ ရောက်သော ငှက်မင်း ဖြစ်၍ တစ်ခုသော

တောအရပ်၌ ဇာတဿရအိုင်နား၌ အခက်အရွက်နှင့် ပြည့်စုံသော ထူသော အရွက်ကြီးငယ်ရှိသော သစ်ပင်ကြီးကို မှီ၍ အခြံအရံနှင့်တကွ နေ၏။ များစွာကုန်သော ငှက်တို့သည် သစ်ပင်၏ ရေအထက်၌ ဖြန့်သော အခက်တို့၌ နေလျက် ကိုယ်မှ ဖြစ်သော အညစ်အကြေးကို ရေ၌ ကျကုန်စေ၏။ ထိုဇာတဿရအိုင်၌ ပင်လျှင် ကြမ်းသော နဂါးမင်းသည် နေ၏။ ထိုနဂါးမင်းအား ဤငှက်တို့သည် ငါ၏ နေရာဖြစ်သော ဇာတဿရအိုင်၌ ကိုယ်မှ ဖြစ်သော အညစ်အကြေးကို ချကုန်၏။ ငါသည် ရေမှ မီးကို ထစေ၍ သစ်ပင်ကို လောင်စေ၍ ထိုငှက်တို့ကို ဖဲကယ်၍ ပြေးစေရမူကား ကောင်းစွဟု အကြံ ဖြစ်၏။ ကြံပြီး၍ နဂါးမင်းသည် အမျက်ထွက်သော စိတ်ရှိသည် ဖြစ်၍ ညဉ့်အဖို့၌ ခပ်သိမ်းကုန်သော ငှက်တို့၏ စည်းဝေး၍ သစ်ခက်တို့၌ အိပ်သော ကာလတို့၌ ရှေးဦးစွာလျှင် ခံလောက်၌ တင်အပ်သော ရေကဲ့သို့ ကျိုက်ကျိုက်ဆူစေ၍ နှစ်ကြိမ်မြောက်၌ အခိုးကို ထစေ၍ သုံးကြိမ်မြောက်၌ ထန်းလုံးပမာဏရှိသော မီးလျှံကို ထစေ၏။ ဘုရားလောင်းသည် ရေမှ ထသော မီးလျှံကို မြင်၍ အိုငှက်တို့ မီးလောင်ခြင်း မည်သည်ကိုရေဖြင့် ငြိမ်းစေကုန်၏။ ယခုအခါ၌ကား ရေကိုပင်လျှင် မီးလောင်၏၊ ငါတို့သည် ဤသစ်ပင်၌ နေခြင်းငှါ မတတ်ကောင်းကုန်။ တစ်ပါးသော သစ်ပင်သို့ သွားကြကုန်အံ့ဟု ဆိုလို၍ ဤဂါထာကို ဆို၏—

၁၃၃။ ခေမံ ယဟိံ တတ္ထ အရီ ဥဒီရိတော၊
ဒကဿ မဇ္ဈေ ဇလတေ ဃတာသနော။
န အဇ္ဇ ဝါသော မဟိယာ မဟီရုဟေ၊
ဒိသာ ဘဇဝှော သရဏာဇ္ဇ နော ဘယံ။

အို ငှက်အပေါင်းတို့ ဘေးမရှိရာ ရေအပြင်၌ ရန်သူဖြစ်သည့် မီးအလျှံသည် ထ၏၊ ရေ၏အလယ်မှ မီးသည် တပြောင်ပြောင် တောက်၏၊ ယခု ငါတို့အား မြေမှ ပေါက်သည့် သစ်ပင်၌ နေနိုင်ဖွယ် မရှိ၊ ယခု ငါတို့အား မှီခိုအားထားရာမှ ဘေး ဖြစ်ပေါ်လာချေပြီ၊ အခြားအရပ်တို့သို့ ပျံသွားကြကုန်စို့။

ဤသို့ ဆို၍ ဘုရားလောင်းသည် မိမိစကားကို လိုက်နာကုန်သော ငှက်တို့ကို ခေါ်၍ တစ်ပါးသော အရပ်သို့ သွား၏။ ဘုရားလောင်း၏ စကားကို မယူမူ၍ နေကုန်သော ငှက်တို့သည်ကား အသက်ကုန်ခြင်းသို့ ရောက်ကုန်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာကို ပြတော်မူသည်၏အဆုံး၌ ထိုရဟန်းသည် အရဟတ္တဖိုလ်၌ တည်လေ၏။ သစ္စာကို ပြုပြီး၍ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ

ဘုရားလောင်း၏ စကားကို လိုက်နာကုန်သော သတ္တဝါတို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဌက်မင်းဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာသုံးဆယ့်သုံးခုမြောက်သော ဃတာသနဇာတ်သည် ပြီး၏။

---

## ၁၃၄-ဈာနသောဓနဇာတ်

### နေဝသညီ နာသညီဘဝ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ယေ သညိနော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဈာနသောဓနဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သင်္ကဿနဂိုရ်ဘံခါး၌ ကိုယ်တော်သည် အကျဉ်းအားဖြင့် မေးတော်မူသော ပြဿနာကို အရှင်သာရိပုတ္တရာသည် အကျယ်အားဖြင့် ဖြေခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဆိုအပ်ခဲ့ပြီးသော ဤ ဆိုသတ္တဝါသည်ကား အတိတ်ဝတ္ထုတည်း။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သောမင်းသည် မင်းပြုလတ်သည် ရှိသော် ဘုရားလောင်းသည် တောကျောင်း၌ စုတေသည် ရှိသော် တပည့်တို့သည် မေးအပ်သည်ဖြစ်၍ "နေဝသညီနာသညီ"ဟု ဆို၏။ ရသေ့တို့သည် တပည့်ကြီး၏စကားကို မယုံကြည်ကုန်၊ ဘုရားလောင်းသည် အာဘဿရဘုံမှ လာ၍ ကောင်းကင်၌ ရပ်၍ ဤဂါထာကို ဆို၏—

၁၃၄။ ယေ သညိနော တေပိ ဒုဂ္ဂတာ၊
ယေပိ အသညိနော တေပိ ဒုဂ္ဂတာ။
ဧတံ ဥဘယံ ဝိဝဇ္ဇယ၊
တံ သမာပတ္တိသုခံ အနင်္ဂဏံ။

သညာရှိသောသတ္တဝါတို့သည်လည်း ဆင်းရဲကုန်၏၊ သညာမရှိသောသတ္တဝါတို့သည်လည်း ဆင်းရဲကုန်၏၊ ထိုနှစ်ပါးသော သညီဘဝ၊ အသညီဘဝကို ကြဉ်လော၊ ထိုနေဝသညာနာသညာယတနဈာန်ချမ်းသာသည် အပြစ်မရှိ။

ဤသို့ ဘုရားလောင်းသည် တရားဟော၍ တပည့်ကြီး၏ ကျေးဇူးကို ဆို၍ ဗြဟ္မာ့ပြည်သို့ သွား၏။ ထိုအခါ ကြွင်းကုန်သော ရသေ့တို့သည် တပည့်ကြီး၏ စကားကို ယုံကြည်ကြကုန်၏၊

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ သာရိပုတ္တရာမထေရ်သည် ထိုအခါ တပည့်ကြီးဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဗြဟ္မာကြီး ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာသုံးဆယ့်လေးခုမြောက်သော ဈာနသောဓနဇာတ်သည် ပြီး၏။

---

၁၃၅-စန္ဒာဘဇာတ်

အာဘဿရဒုတိယဈာန်ဘုံ၊ စန္ဒာဘသူရိယာဘုံ

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူမြတ်စွာဘုရားသည် "စန္ဒာဘံ"အမည်ရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤစန္ဒာဘဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သင်္ကဿနဂိုရ်တံခါး၌ ရှင်သာရိပုတ္တရာ၏သာလျှင် ပြဿနာဖြေခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုလတ်သည် ရှိသော် ဘုရားလောင်းသည် တောကျောင်း၌ စုတေသည်ရှိသော် တပည့်ကြီးတို့သည် မေးအပ်သည်ဖြစ်၍ "စန္ဒာဘံ သူရိယာဘံ"ဟု ဆို၍ အာဘဿရဘုံ၌ ဖြစ်၏။ ရသေ့တို့သည် တပည့်ကြီး၏ စကားကို မယုံကြည်ကြကုန်၊ ဘုရားလောင်းသည် လာလတ်၍ ကောင်းကင်၌ ရပ်လျက် ဤဂါထာကို ဆို၏-—

၁၃၅။ စန္ဒာဘံ သူရိယာဘဉ္စ၊ ယောဓ ပညာယ ဂါဓတိ။
အဝိတက္ကေန ဈာနေန၊ ဟောတိ အာဘဿရူပဂေါ။

ဤလောက၌ လရောင်ဟူသော ဩဒါတကသိုဏ်းကိုလည်းကောင်း၊ နေရောင်ဟူသော ပီတကသိုဏ်းကိုလည်းကောင်း၊ ပညာဖြင့် သက်ဝင်သော ထိုပုဂ္ဂိုလ်သည် ထိုသို့ ပြု၍ ရအပ်သော ဒုတိယဈာန်ဖြင့် အာဘဿရ ဗြဟ္မာ့ပြည်သို့ လားရောက်ရ၏။

ဤသို့ ဘုရားလောင်းသည် ရသေ့တို့ကို သိစေ၍ တပည့်ကြီး၏ ကျေးဇူးကို ဆို၍ ဗြဟ္မာ့ပြည်သို့လျှင် သွား၏။

**ဇာတ်ပေါင်း**

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ တပည့်ကြီး ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဗြဟ္မာကြီး ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာသုံးဆယ့်ငါးခုမြောက်သော စန္ဒာဘဇာတ်သည် ပြီး၏။

**၁၃၆-သုဝဏ္ဏဟံသဇာတ်**

**အလိုကြီး၍ အရနည်းခြင်း**

**ရလေလိုလေ အိုတဏှာ**

**ရွှေဟင်္သာတစ်ကောင်လုံး အတောင်ကတုံးဖြစ်အောင်**

**နုတ်ယူသည့် မယားဟောင်း**

**ပစ္စုပ္ပန်ဝတ္ထု**

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ယံ လဒ္ဓံ တေန တုဋ္ဌဗ္ဗံ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုဝဏ္ဏဟံသဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ထုလ္လနန္ဒာ **အမည်ရှိသော ရဟန်းမိန်းမ**ကိုအကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ တစ်ယောက်သော သီတင်းသည်သည် ဘိက္ခုနီသံဃာကို ကြက်သွန်ဖြင့် ဖိတ်၍ ယာခင်းစောင့်ကို ရဟန်း မိန်းမတို့သည် အကယ်၍ လာကုန်ငြားအံ့။ တစ်ယောက်သော ရဟန်းမိန်းမအား နှစ်ခု သုံးခုကုန်သော အပဉ် အစေ့ရှိကုန်သော ကြက်သွန်ကို လှူလောဟု ဆို၏။ ထိုအခါမှစ၍ ရဟန်းမိန်းမတို့သည် ထိုသူ၏ အိမ်သို့လည်းကောင်း၊ ယာခင်းသို့လည်းကောင်း ကြက်သွန် အကျိုးငှါ သွားကုန်၏။ ထိုအခါ တစ်ခုသော ပွဲသဘင်ရှိသောနေ့၌ ထိုသီတင်းသည်၏ အိမ်၌ ကြက်သွန်သည် ကုန်ခြင်းသို့ ရောက်၏။ ထုလ္လနန္ဒာဘိက္ခုနီမသည် အခြံအရံနှင့်တကွ အိမ်သို့သွား၍ ဒါယကာ ကြက်သွန် အလိုရှိ၏ဟု ဆို၏။ ရှင်မ ကြက်သွန်သည် မရှိ။ ဆောင်ခဲ့သော ကြက်သွန်သည်

ကုန်၏။ ယာခင်းသို့ သွားလေလော့ဟု ဆို၏။ ယာခင်းသို့ သွား၍ အတိုင်းအရှည်ကို မသိမူ၍ ကြက်သွန်ကို နုတ်ယူစေ၏။ ယာခင်းစောင့်သည် အဘယ့်ကြောင့်လျှင် ဤရဟန်းမိန်းမတို့သည် အတိုင်းအရှည်ကို မသိမူ၍ ကြက်သွန်ကို နှုတ်ယူကုန်ဘိသနည်းဟု ကဲ့ရဲ့၏။

ထိုယာခင်းစောင့်စကားကို ကြား၍ အကြင် ရဟန်းမိန်းမတို့သည် အလိုနည်းကုန်၏။ ထိုရဟန်းမိန်းမတို့သည်လည်း ကဲ့ရဲ့ကုန်၏။ ထိုရဟန်း မိန်းမတို့၏ စကားကို ကြားကုန်၍ ရဟန်းယောကျ်ားတို့သည်လည်း ကဲ့ရဲ့ကုန်၏။ ကဲ့ရဲ့ကုန်ပြီး၍လည်း မြတ်စွာဘုရားအား ထိုအကြောင်းကို ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားသည် ထုလ္လနန္ဒာမည်သော ရဟန်းမိန်းမကို ကဲ့ရဲ့တော်မူ၍ ရဟန်းတို့ အလိုကြီးသော ပုဂ္ဂိုလ်မည်သည် ဖွားသော အမိသော်လည်း မနှစ်သက်သည် ဖြစ်၏။ မကြည်ညိုကုန်သေးသောသူတို့ကိုလည်း ကြည်ညိုစိမ့်သောငှါ ကြည်ညိုပြီးသော သူတို့အားလည်း အတိုင်းထက်အလွန် ကြည်ညိုခြင်းကို ဖြစ်စိမ့်သောငှါ မဖြစ်သေးသော လာဘ်ကိုလည်း ဖြစ်စိမ့်သောငှါ ဖြစ်ကုန်ပြီးသော လာဘ်ကိုလည်း အမြဲတည်ခြင်းကို ပြုအံ့သောငှါ မတတ်နိုင်။ အလိုနည်းသော ပုဂ္ဂိုလ် သည်ကား မကြည်ညိုကုန် သေးသော သူတို့ ကို ကြည်ညိုစိမ့်သောငှါ ကြည်ညိုကုန် ပြီးသော သူတို့ကို အတိုင်းထက် အလွန် ကြည်ညိုစိမ့်သောငှါ မဖြစ်သေးသော လာဘ်ကိုလည်း ဖြစ်စိမ့်သောငှါ ဖြစ်ပြီးသော လာဘ်ကိုလည်း အမြဲတည်စိမ့်သောငှါ တတ်နိုင်၏။ ဤသို့ အစရှိသော နည်းဖြင့် ရဟန်းတို့အား အမှုအားလျော်စွာ တရားဟော၍ ရဟန်းတို့ ဤထုလ္လနန္ဒာသည် ယခုအခါ၌သာ အလိုကြီးသည် မဟုတ်သေး။ ရှေး၌လည်း အလိုကြီးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် တစ်ဦးသော ပုဏ္ဏားမျိုး၌ ဖြစ်၏၊ အရွယ်သို့ ရောက်သော် ထိုဘုရားလောင်းအား တူသော ဇာတ်ရှိသော အမျိုးမှ မယားကို ဆောင်ကုန်၏၊ ထိုဘုရားလောင်းအား နန္ဒာလည်း တစ်ယောက်၊ နန္ဒာဝတီလည်း တစ်ယောက်၊ သုန္ဒရီနန္ဒာလည်းတစ်ယောက် ဤ သုံးယောက်ကုန်သော သမီးတို့သည် ဖြစ်ကုန်၏။ ထိုသုံးယောက်ကုန်သော သမီးတို့သည် လင့်အိမ်သို့ မရောက်မီလျှင် ဘုရားလောင်းသည် စုတေ၍ ရွှေဟင်္သာအမျိုး၌ ဖြစ်၏။ ရွှေဟင်္သာအား ဇာတိဿရဉာဏ်သည် ဖြစ်၏။ ရွှေဟင်္သာသည် အရွယ်သို့ ရောက်သည် ဖြစ်၍ ရွှေအတောင်ဖြင့် ဖုံးလွှမ်းအပ်သော တင့်တယ်ခြင်း အစုသို့ ရောက်သော အတ္တဘောကို မြင်၍ ငါသည် အဘယ်မှစုတေ၍လျှင် ဤရွှေဟင်္သာ

အဖြစ်၌ ဖြစ်သနည်းဟု ဆင်ခြင်သည် ရှိသော် လူ့ပြည်မှ လာ၍ဖြစ်၏ဟု သိ၍ တစ်ဖန် အသို့လျှင် ငါ၏ ပုဏ္ဏေးမသည်လည်းကောင်း၊ သမီးသုံးယောက်တို့သည် လည်းကောင်း အသက်မွေးကုန်သနည်းဟု ဆင်ခြင်သည် ရှိသော် သူတစ်ပါးတို့၏ အခစားပြု၍ ငြိုငြင်သဖြင့် အသက်မွေး၏ဟု သိ၍ ငါ၏ ကိုယ်၌ ရွှေဖြင့်ပြီးသော အတောင်တို့သည် ထုခြင်းခတ်ခြင်းငှါ ခံကုန်၏။ ဤကိုယ်မှ ဖြစ်သော အတောင်တို့ကို ထိုပုဏ္ဏေးမနှင့် သမီးသုံးယောက်တို့အား တစ်ယောက် တစ်တောင်စီကို ပေးအံ့၊ ထိုရွှေအတောင်ဖြင့် ငါ၏ မယားသည် လည်းကောင်း, သမီးသုံးယောက်တို့သည် လည်းကောင်း ချမ်းသာစွာ အသက်မွေးရကုန်လတ္တံ့ဟု နှလုံးသွင်း၍ ရွှေဟသ်ာမင်းသည် ထိုအရပ်သို့ သွား၍ ခေါင်အုပ်ဝါးစွန်း၌ နား၏။

ပုဏ္ဏေးမသည် လည်းကောင်း၊ သမီးသုံးယောက်တို့သည် လည်းကောင်း ဘုရားလောင်းကို မြင်၍ အရှင် အဘယ်မှ လာသနည်းဟု မေးကြကုန်၏၊ ငါသည် သင်တို့၏ အဘသည်း။ စုတေ၍ ရွှေဟသ်ာအမျိုး၌ ဖြစ်၏။ သင်တို့ကို ရှုအံ့သောငှါ ဤအရပ်သို့ လာ၏။ ဤအခါမှ စ၍ သင်တို့အား သူတစ်ပါးတို့၏ အခစားကို ပြု၍ ဆင်းရဲသဖြင့် အသက်မွေးရခြင်း ကိစ္စသည် မရှိပြီ။ ငါသည် သင်တို့အား အတောင်တစ်တောင်စီ ပေးအံ့။ ထိုအတောင်ကို ရောင်းချ၍ ချမ်းသာသဖြင့် အသက်မွေးကုန်လောဟု ဆို၍ တစ်တောင်စီ ပေး၍ သွား၏။ ထိုရွှေဟသ်ာမင်းသည် ဤ သို့ မသော နည်း ဖြင့်လျှင် ရံခါရံခါ လာလတ်၍ တစ်တောင်တစ်တောင်စီ ပေး၏။ ပုဏ္ဏေးမသည် လည်းကောင်း၊ သမီး သုံးယောက်တို့ သည်လည်းကောင်း ကြွယ်ဝချမ်းသာကုန်သည် ဖြစ်၏၊ ထိုနောင်မှ တစ်နေ့သ၌ ပုဏ္ဏေးမသည် သမီးတို့ကို ချစ်သမီးတို့ တိရစ္ဆာန်တို့၏ စိတ်မသိသည် သိနိုင်ခဲ၏။ ရံခါ သင်တို့၏ အဘသည် ဤအရပ်သို့ မလာအံ့။ အသို့ ပြုကြကုန်အံ့နည်း။ ယခုအခါ ထိုရွှေဟသ်ာ၏ လာသော ကာလ၌ အလုံးစုံသော အတောင်တို့ကို အကုန် နုတ်၍ ယူကုန်အံ့ဟု တိုင်ပင်၏။ ထိုသမီး သုံးယောက်တို့သည် ဤသို့ ပြုသည် ရှိသော် ငါတို့ အဘသည် ပင်ပန်းလတ္တံ့ဟု ဝန်မခံကုန်၊ ပုဏ္ဏေးမသည် အလိုကြီးသည်၏ အဖြစ်ကြောင့် တစ်ဖန် တစ်နေ့သ၌ ရွှေဟသ်ာမင်း၏ လာသော ကာလ၌ သခင် ရှေးဦးစွာ လာလောဟု ဆို၍ မိမိအထံသို့ ကပ်လာသော ရွှေဟသ်ာမင်းကို လက်နှစ်ဖက်တို့ဖြင့် ကိုင်၍ ခပ်သိမ်းကုန်သော အတောင်တို့ကို နုတ်၏။ ဘုရားလောင်း၏ အလိုမှကင်း၍ နိုင်ထက်မှုသဖြင့် ယူအပ်သည်၏ အဖြစ်ကြောင့် အလုံးစုံကုန်သော အတောင်တို့သည် ဗျိုင်းတောင်နှင့် တူသည် ဖြစ်ကုန်၏။ ဘုရားလောင်းသည် အတောင်တို့ကို ဖြန့်၍ သွားအံ့သောငှါ မတတ်နိုင်။ ထိုအခါ

ထို ရွှေဟင်္သာမင်းကို ပုဏ္ဏေးမသည် အိုးစရည်းကြီး၌ ထည့်၍ မွေး၏။ ထိုရွှေဟင်္သာမင်းအား တင်ဖန်ပေါက်သော အတောင်ဘို့သည်သည်း ဖြူသည် သာလျှင် ဖြစ်ကုန်၏။ အတောင်ပေါက်သည် ရှိသော် မိမိနေရာ အရပ်သို့ သွား၍သျှင် တစ်ဖန် မလာပြီ။

မြတ်စွာဘုရားသည် ဤအတိတ်ဝတ္ထုကို ဆောင်တော်မူ၍ ရဟန်းတို့ ထုလ္လနန္ဒာသည် ယခုအခါ၌သာလျှင် အလိုကြီးသည် မဟုတ်သေး၊ ရှေး၌လည်း အလိုကြီးသည်သာလျှင်တည်း။ အလိုကြီးသည်၏ အဖြစ်ကြောင့်ကား ရွှေမှ ယုတ်ဖူးပြီ။ ယခုအခါ၌လည်း မိမိ၏ အလွန်ကြီးသည်၏ အဖြစ်ကြောင့်လျှင် ကြက်သွန်မှလည်း ယုတ်လတ္တံ့။ ထို့ကြောင့် ဤအခါမှ စ၍ ဤကြက်သွန်ကို စားခြင်းငှါ မရလတ္တံ့။ ထုလ္လနန္ဒာကဲ့သို့သည်း ထိုအတူ ထုလ္လနန္ဒာကို မှီ၍ ကြွင်းသော ရဟန်းမိန်းမတို့သည်လည်း ကြက်သွန်ကို စားခြင်းငှါ မရကုန် လတ္တံ့။ ထို့ကြောင့် များစွာကုန်သော ဝတ္ထုကို ရ၍ အတိုင်းအရှည်ကိုလျှင် သိအပ်၏၊ နည်းသော ဝတ္ထုကို ရ၍ကား ရတင်းသာလျှင် ရောင့်ရဲခြင်းကို ပြုအပ်၏။ အလွန်ကို မတောင့်တအပ်ဟု မိန့်တော်မူလို၍ ဤဂါထာကို ဟောတော်မူ၏ —

၁၃၆။ ယံ လဒ္ဓံ တေန တုဋ္ဌဗ္ဗံ၊ အတိလောဘော ဟိ ပါပကော။
ဟံသရာဇံ ဂဟေတွာန၊ သုဝဏ္ဏာ ပရိဟာယထ။

ရသမျှဖြင့် ရောင့်ရဲအပ်၏၊ အလွန်လောဘကြီးသော သူသည် ယုတ်မာ၏၊ ဟင်္သာမင်းကို ဖမ်း၍ ရွှေရခြင်းမှ ဆုံးရှုံးရဖူးပြီ။

ဇာတ်ပေါင်း

ဤဝတ္ထုကို ဟောတော်မူ၍ မြတ်စွာဘုရားသည် များစွာသောအကြောင်း ဖြင့် ကဲ့ရဲ့တော်မူ၍ အကြင်ရဟန်းမိန်းမသည် ကြက်သွန်ကို စားငြားအံ့။ ထိုရဟန်းမိန်းမအား ပါစိတ်အာပတ်သင့်၏ဟု သိက္ခာပုဒ်ကို ပညတ်တော်မူ၍ ယခုအခါ ထုလ္လနန္ဒာသည် ထိုအခါ ပုဏ္ဏေးမ ဖြစ်ဖူးပြီ၊ ယခုအခါ ညီအစ်မ သုံးယောက်တို့သည်လျှင် ထိုအခါ သမီးသုံးယောက်တို့ ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရွှေဟင်္သာဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာသုံးဆယ့်ခြောက်ခုမြောက်သော
သုဝဏ္ဏဟံသဇာတ်သည် ပြီး၏။

## ၁၃၇-ဗဗ္ဗုဇာတ်

### ကိုယ့်ဖို့သာ သိသောသူ

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ယတ္ထေကော လဘတေ ဗဗ္ဗု" အစရှိသောဂါထာပုဒ်ဖြင့် ဝန်ဆောင်အပ်သော ဤဗဗ္ဗုဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကာဏမာတာသိက္ခာပုဒ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ သမီး၏အစွမ်းအားဖြင့် ကာဏမာတာမည်သော သောတာပန်ဖြစ်သော ဘုရားတပည့် ဖြစ်သော သီတင်းသည်မသည် ဖြစ်၏။ ထိုကာဏမာတာသည် သမီးဖြစ်သော ကာဏာကို တစ်ခုသော ရွာငယ်၌ အမျိုးတူဖြစ်သော ယောကျ်ားအား ပေး၏။ ကာဏာသည် တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စကြောင့် အမိအိမ်သို့ လာ၏။ ထိုအခါ ထိုကာဏာ၏ လင်သည် နှစ်ရက်သုံးရက်လွန်သဖြင့် ကာဏာသည် လာစေလော့၊ ကာဏာ၏ လာခြင်းကို ငါသည် အလိုရှိ၏ဟု တမန်ကို စေ၏။ ကာဏာသည် တမန်၏ စကားကို ကြား၍ မိခင် သွားအံ့ဟု အမိအား ခွင့်ပန်၏။ ကာဏမာတာသည် ဤမျှသော ကာလတိုင်အောင် နေ၍ လက်ချည်း အဘယ့်ကြောင့် သွားအံ့နည်းဟု ဆို၍ မုန့်ကို ကြော်၏။ ထိုခဏ၌လျှင် တစ်ယောက်သော ဆွမ်းခံသွားသော ရဟန်းသည် ထိုကာဏမာတာ၏ အိမ်သို့ ရောက်၏။ သီတင်းသည်မကြီးသည် ထိုရဟန်းကို နေစေ၍ သပိတ်ပြည့်အောင် မုန့်ကို လှူစေ၏။ ထိုရဟန်းသည် ထွက်၍ တစ်ပါးသော ရဟန်းအား ကြား၏။ ထိုရဟန်းအားလည်း ထိုအတူလျှင် လှူစေ၏။ ထိုရဟန်းသည်လည်း ထွက်၍ တစ်ပါးသော ရဟန်းအား ကြား၏။ ထိုရဟန်းအားလည်း ထိုအတူလျှင် လှူစေ၏။ ထိုရဟန်းသည်လည်း ထွက်၍ တစ်ပါးသော ရဟန်းအား ကြား၏။ ထိုရဟန်းအားလည်း ထိုအတူလျှင် လှူစေ၏။

ဤသို့ လေးပါးကုန်သော ရဟန်းတို့အား လှူစေ၏။ လုပ်ရင်းတိုင်းဖြစ်သော မုန့်သည်ကုန်ခြင်းသို့ ရောက်၏။ ကာဏာ၏ သွားခြင်းသည် မပြည့်စုံ၊ ထိုအခါ ထိုကာဏာ၏ လင်သည် နှစ်ကြိမ် သုံးကြိမ်မြောက်လည်း တမန်ကို စေ၏။ သုံးကြိမ်မြောက် စေသည် ရှိသော် ကာဏာသည် အကယ်၍ မလာအံ့၊ ငါသည် တစ်ပါးသော မယားကို ဆောင်အံ့ဟု စေ၏၊ သုံးကြိမ်တိုင်အောင်လည်း သွားခြင်းသည် မပြည့်စုံ၊ ကာဏာ၏ လင်သည် တစ်ပါးသော မယားကို ဆောင်၏။ ကာဏာသည် အကြောင်းကို ကြား၍ ငိုလျက် နေ၏။ မြတ်စွာ

ဘုရားသည် ထိုအကြောင်းကို သိတော်မူ၍ နံနက်အခါ၌ သင်းပိုင်ကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူ၍ အိမ်သို့ ကြွတော်မူ၍ ခင်းအပ်သော နေရာ၌ နေတော်မူ၍ ကာဏာ၏ အမိကို ဤကာဏာသည် အဘယ်ကြောင့် ငိုသနည်းဟု မေးတော်မူ၏။ ဤမည်သော အကြောင်းကြောင့် ငို၏ဟု လျှောက်၏။ ထိုစကားကို ကြားတော်မူ၍ ကာဏာ၏ အမိကို နှစ်သိမ့်စေ၍ တရားစကားကို ဟောတော်မူ၍ နေရာမှ ထ၍ ကျောင်းသို့ ကြွတော်မူ၏။ ထိုအခါ လေးယောက်ကုန်သော ရဟန်းတို့၏ သုံးကြိမ်တိုင်အောင် စီရင်သော မုန့်ကို ယူ၍ ကာဏာ၏ သွားခြင်း၏ ပျက်သော အဖြစ်သည် ရဟန်းသံဃာ၌ ထင်ရှား၏။

ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ လေးပါးကုန်သော ရဟန်းတို့စဉ်လျက် သုံးကြိမ်တိုင်အောင် ကာဏမာတာ၏ မုန့်ကို စား၍ ကာဏာ၏ သွားခြင်းအန္တရာယ်ကို ပြု၍ လင်သည် စွန့်အပ်သော သမီးကို မှီ၍ သိတင်းသည်မကြီး၏ နှလုံးမသာယာခြင်းကို ဖြစ်စေအပ်၏ဟု စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ထိုလေးယောက်ကုန်သော ရဟန်းတို့သည် ကာဏမာတာ၏ ဥစ္စာကို စား၍ ထိုကာဏမာတာအား နှလုံးမသာခြင်းကို ဖြစ်စေကုန်သည် မဟုတ်သေး၊ ရှေး၌လည်း ဖြစ်စေဖူးကုန်သည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ကျောက်သွေးအမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည် ရှိသော် အပြီးတိုင်အောင်သော အတတ်ရှိ၏။ ဂါသိတိုင်း၌ တစ်ခုသော နိဂုံး၌ တစ်ယောက်သော များစွာသော စည်းစိမ်ရှိသော သူဌေးသည် ဖြစ်၏။ ထိုဌေးအား မြှုပ်၍ထားအပ်သည် သာလျှင် ဖြစ်ကုန်သော ကုဋေလေးဆယ်သော ရွှေတို့သည် ဖြစ်ကုန်၏။ ထိုအခါ သူဌေး၏မယားသည် သေ၍ ဥစ္စာ၌ တပ်မက်မောသဖြင့် ဥစ္စာ၏ အပေါ်၌ ကြွက်မ၏ အဖြစ်ဖြင့် ဖြစ်၏။ ဤသို့ အစဉ်သဖြင့် ထိုအမျိုးသည် ပျက်စီးခြင်းသို့ ရောက်၏။ အနွယ်သည် ပြတ်၏။ ထိုရွာသည်လည်း စွန့်အပ်သည် ဖြစ်၏။ မထင်ရှားသော အဖြစ်သို့ ရောက်၏။ ထိုအခါ ဘုရားလောင်းသည် ထိုရွာဟောင်းအရပ်၌ ကျောက်တို့ကို ဖော်ထုတ်၍ သွေး၏။ ထိုအခါ ကြွက်မသည် အစာရှာသွားသည် ရှိသော် ဘုရားလောင်းကို အဖန်တလဲလဲမြင်၍ ဖြစ်သော ချစ်ခြင်း ရှိသည် ဖြစ်၍

ငါ့အား ဥစ္စာများ၏။ အကြောင်းမရှိသဖြင့် ပျက်စီး၏။ ဤသူနှင့် တစ်ပေါင်းတည်း ဖြစ်၍ ဤဥစ္စာကို ပေး၍ အသားကို ဝယ်စေ၍ စားအံ့ဟု ထိုကြွက်မသည် တစ်နေ့သ၌ တစ်သပြာကို နှုတ်သီးဖြင့် ကိုက်၍ ဘုရားလောင်း၏ ဒေသံသို့ လာ၏။ ဘုရားလောင်းသည် ထိုကြွက်ကို မြင်၍ ချစ်ဖွယ်သော စကားဖြင့် ပြောဆိုလျက် မိခင် အဘယ့်ကြောင့် အသပြာကို ယူ၍ လာသနည်းဟု ဆို၏။ သခင် ဤအသပြာကို ယူ၍ ကိုယ်လည်း သုံးလော့။ ငါ့ဖို့လည်း အသားကို ဆောင်ခဲ့လော့ဟု ဆို၏။ ဘုရားလောင်းသည် ကောင်းပြီဟု ဝန်ခံ၍ အသပြာကို ယူ၍ အိမ်သို့ သွား၍ တစ်ပဲဖြင့် အသားကို ဝယ်၍ ဆောင်ခဲ့၍ ထိုကြွက်အား ပေး၏။ ထိုကြွက်မသည် ထိုအသားကို ယူ၍ မိမိနေရာ အရပ်သို့ သွား၍ အလိုအတိုင်း စား၏။ ထိုအခါမှ စ၍ ဤနည်းဖြင့် နေ့တိုင်း နေ့တိုင်း ဘုရားလောင်းအား တစ်သပြာကို ပေး၏။ ဘုရားလောင်းသည်လည်း ထိုကြွက်မဖို့ အသားကို ဆောင်ခဲ့၏။

ထိုအခါ တစ်နေ့သ၌ ထိုကြွက်မကို ကြောင်သည် ဖမ်းမိ၏။ ထိုအခါ ကြွက်မသည် ကြောင်ကို အဆွေ ငါ့အား မသတ်ပါလင့်ဟု ဆို၏။ အဘယ့်ကြောင့် မသတ်ဘဲရအံ့နည်း၊ အကြင်အကြောင်းကြောင့် ငါသည် ဆာမွတ်၏။ အသားကို စားလို၏။ ထို့ကြောင့် ငါသည် မသတ်အံ့သော်ငါ မတတ်နိုင်ဟု ဆို၏။ သင်သည် ယနေ့သာလျှင် အသားကို စားလိုသလော၊ ထိုသို့ မဟုတ်မူကား အခါခပ်သိမ်း စားလိုသလောဟု မေး၏။ ရသည် ရှိသော် အခါခပ်သိမ်း စားလို၏ဟု ဆို၏။ အခါခပ်သိမ်း စားလိုသည် အကယ်၍ ဖြစ်အံ့၊ ဤသို့ စားလိုသည် ရှိသော် ငါသည် သင့်အား အခါခပ်သိမ်း အသားကို ပေးအံ့၊ ငါ့ကို လွှတ်လော့ဟု ဆို၏။ ထိုအခါ ကြွက်မကို ကြောင်သည် ထိုသို့ တပြီးကား မမေ့မလျော့ ဖြစ်လောဟု ဆို၍ လွှတ်လိုက်၏။ ထိုအခါမှ စ၍ ကြွက်မသည် မိမိဖို့ ဆောင်ခဲ့သော အမဲကို နှစ်စုတို့ကို ပြုစေ၍ တစ်စုကို ထိုကြောင်အား ပေး၏။ တစ်စုကို မိမိသည် စား၏။ ထိုအခါ ကြွက်မကို တစ်နေ့သ၌ တစ်ခုသော ကြောင်သည် ဖမ်းမိပြန်၏။ ထိုကြောင်ကိုလည်း ထိုအတူ သိစေ၍ မိမိကို လွှတ်စေ၏။ ထိုအခါမှ စ၍ ဤသို့ မိမိဖို့ ဆောင်ခဲ့သော အမဲကို သုံးစုတို့ကို ပြု၍ စားကုန်၏။ တစ်ဖန်ကြောင်တစ်ကောင်သည် ဖမ်းမိပြန်၏။ ထိုကြောင်ကိုလည်းထိုအတူလျှင် သိစေ၍ မိမိ ကိုယ်ကို လွှတ်စေ၏။ ထိုအခါမှစ၍ လေးစုတို့ကို ပြု၍ စားကုန်၏။ တစ်ဖန် တစ်ကောင်သော ကြောင်သည် ဖမ်းမိပြန်၏။ ထိုကြောင်ကိုလည်း ထိုအတူလျှင် သိစေ၍ မိမိကိုယ်ကို လွှတ်စေ၏။ ထိုအခါမှ စ၍ ငါးစုတို့ကို ပြု၍ စားကုန်၏။ ထိုကြွက်မသည် ငါးခုမြောက်သော အစုကို စားရသည် ဖြစ်၍ နည်းသော အာဟာရ ရှိသည်၏ အဖြစ်ကြောင့် ပင်ပန်းသည် ဖြစ်၍ ကြုံလှီသည် ဖြစ်၏။ နည်းသော အသားအသွေး ရှိသည် ဖြစ်၏။

ဘုရားလောင်းသည် ထိုကြွက်မကို မြင်၍ မိခင် အဘယ့်ကြောင့် ညှိုးသနည်းဟု ဆို၏။ ဤမည်သော အကြောင်းကြောင့် ညှိုး၏ဟု ဆိုသည် ရှိသော် သင်သည် ဤမျှလောက်သော ကာလတိုင်အောင် အဘယ့်ကြောင့် ငါ့အား မကြားသနည်း၊ ဤအရာ၌ ပြုအပ်သည်ကို ငါသည် သိအံ့ဟု ထိုကြွက်မကို နှစ်သိမ့်စေ၍ သက်သက်သော ဖလ်ကျောက်ဖြင့် ဂူကို ပြု၍ ဆောင်ခဲ့၍ မိခင် သင်သည် ဤဖလ်ဂူသို့ ဝင်ပြီးလျှင် လာကုန်င်း လာတိုင်း ကုန်သော ကြောင်တို့ကို ကြမ်းကြုတ်ကုန်သော စကားဖြင့် ခြိမ်းခြောက်ကုန်လောဟု ဆို၏။ ထိုကြွက်မသည် ဖလ်ဂူ၌ ဝင်၍ နေ၏။ ထိုအခါ တစ်ခုသော ကြောင်သည် လာလတ်၍ ငါ့အား အသားကို ပေးလောဟု ဆို၏။ ထိုအခါ ကြောင်ကို ကြွက်မသည် ဟယ် ကြောင်ပျက် ငါသည် သင်၏အမဲ ဆောင်လော၊ မိမိ သားသမီးတို့၏ အသားကို စားလောဟု ခြိမ်းခြောက်၏။ ကြောင်သည် ဖလ်ဂူ၌ နေသည်ကို မသိ၍ အမျက်၏ အစွမ်းအားဖြင့် ကြွက်ကို ယူအံ့ဟု အဆောတလျင် ပြေး၍ ရင်ဖြင့် ဖလ်ဂူကို ခတ်မိ၍ ထိုခဏ၌လျှင် ထိုကြောင်၏ ရင်သည် ကွဲ၏။ မျက်စိတို့သည် ထွက်သော အခြင်းအရာသို့ ရောက်ကုန်သည် ဖြစ်ကုန်၏၊ ထိုကြောင်သည် ထိုခဏ၌လျှင် အသက်ကုန်ခြင်းသို့ ရောက်၍ တင့်အပ်သော ဖုံးကွယ်ရာ အရပ်၌ လဲ၏။ ဤနည်းဖြင့် နောက်ကြောင် သုံးကောင်သည်လည်း အသက် ကုန်ခြင်းသို့ ရောက်၏။ ဤသို့လျှင် လေးခုကုန်သော ကြောင်တို့သည် အသက်ကုန်ခြင်းသို့ ရောက်ကုန်၏။ ထိုအခါမှ စ၍ ကြွက်မသည် ဘေးမရှိသည် ဖြစ်၍ ဘုရားလောင်းအား နေ့တိုင်း နေ့တိုင်း နှစ်သပြာ, သုံးသပြာတို့ကို ပေး၏။ ဤသို့ အစဉ်သဖြင့် အလုံးစုံသော ဥစ္စာသည် ဘုရားလောင်း၏ ဥစ္စာဖြစ်၏။ ထိုနှစ်ယောက်သော သူတို့သည် အသက်ထက်ဆုံး ချစ်ခြင်းကို မပျက်စေမူ၍ ကံအားလျော်စွာ လား၏။ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဘုရား ဖြစ်တော်မူ၍ ဤဂါထာကို ဟောတော်မူ၏—

၁၃၇။ ယတ္ထေ’ကော လဘတေ ဗဗ္ဗု၊ ဒုတိယော တတ္ထ ဇာယတိ။
တတိယော စ စတုတ္ထော စ၊ ဣဒံ တေ ဗဗ္ဗုကာ ဗိလံ။

ကြောင်တစ်ကောင်သည် ကြွက်မကိုလည်းကောင်း၊ အသားကိုလည်းကောင်း ရ၏။ ဒုတိယကြောင်သည်လည်းကောင်း၊ တတိယကြောင်သည်လည်းကောင်း၊ စတုတ္ထကြောင်သည်လည်းကောင်း ထိုသို့ ရ၏။ ထိုကြောင်သုံးကောင်တို့သည် ဖလ်ဂူကို ရင်ဖြင့် ခတ်မိ၍ အသက်ကုန်ကြရ၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ လေးယောက်ကုန်သော ရဟန်းတို့သည် ထိုအခါ ကြောင်လေးကောင်တို့ ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ကာဏမာတာသည် ထိုအခါ ကြွက်မ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ကျောက်သွေးသော ရွှေသမား ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာသုံးဆယ့်ခုနစ်ခုမြောက်သော ဗဗ္ဗုဇာတ်သည် ပြီး၏။

---

## ၁၃၈-ဂေါဓဇာတ်

### သီလကြောင် ရသေ့နှင့် ဖွတ်မင်း

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ကိံ တေ ဇဋာဟိ ဒုမ္မေဓ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဂေါဓဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော တစ်ယောက်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ပစ္စုပ္ပန်ဝတ္ထုသည် အောက်၌ ဆိုအပ်ပြီးသော ဝတ္ထုနှင့် တူသလျှင်ကတည်း။

#### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုလတ်သည် ရှိသော် ဘုရားလောင်းသည် ဖွတ်မျိုး၌ ပဋိသန္ဓေ ယူ၏။ ထိုအခါ တစ်ဦးသော ငါးပါးသော အဘိညာဉ်ရှိသော ခြိုးခြံသော အကျင့်ရှိသော ရသေ့သည် တစ်ခုသော ပစ္စန္တရစ်ရွာကို အမှီပြု၍ တောအရပ်၌ သစ်ရွက်မိုးသော ကျောင်း၌နေ၏၊ ရွာ၌နေသော လူတို့သည် ရသေ့ကို ရိုသေစွာ လုပ်ကျွေးကုန်၏။ ဘုရားလောင်းသည် ထိုရသေ့၏ စင်္ကြံဦး၌ တစ်ခုသော တောင်ပို့၌ နေ၏။ နေသော ဘုရားလောင်းသည်လည်း နေ့တိုင်း နေ့တိုင်း နှစ်ကြိမ် သုံးကြိမ် ဆည်းကပ်၍ အကြောင်းအကျိုးနှင့် စပ်သော စကားကို နာ၍ ရသေ့ကို ရှိခိုး၍ မိမိနေရာအရပ်သို့ ပြန်သွား၏။ နောက်အဖို့ကာလ၌ ရသေ့သည် ရွာ၌ နေသော သူတို့ကို ပန်ကြား၍ ဖဲ၏။

သီလအကျင့်နှင့် ပြည့်စုံသော ထိုရသေ့သည် ဖဲသည် ရှိသော် တစ်ယောက်သော ကောက်ကျစ်သော ရသေ့သည် လာလတ်၍ ထိုကျောင်း၌ နေ၏။ ဘုရားလောင်းသည်လည်း ဤရသေ့သည်သည်း သီလရှိ၏ဟု မှတ်၍ ရှေးနည်းဖြင့်လျှင် ထိုရသေ့အထံသို့ လာ၏။ ထိုအခါ နွေကာလ၌ အကာလမိုးသည် ရွာသည် ရှိသော် တောင်ပို့တို့မှ ယင်တို့သည် ထွက်ကုန်၏။ ထိုယင်တို့ကို စားအံ့သောငှါ ဖွတ်တို့သည် လှည့်လည်ကုန်၏။ ရွာ၌ နေကုန်သော သူတို့သည် ရွာမှ ထွက်၍ များစွာကုန်သော ဖွတ်တို့ကို ဖမ်း၍ ဖွတ်သားတို့ကို ပြေပြစ်သော အဆောက်အဦးနှင့် ယှဉ်လျက် အချဉ်အချို ချက်၍ ရသေ့အား လှူ၏။ ရသေ့သည် ဖွတ်သားကို စားရ၍ ရသတဏှာဖြင့် နှောင်ဖွဲ့သည်ဖြစ်၍ ဤအသားသည် အလွန်ကောင်း၏။ အဘယ်မည်သော သတ္တဝါ၏ အသားနည်းဟု မေး၍ ဖွတ်သားဟု ကြား၍ ငါ့အထံ၌ ဖွတ်ကြီးသည် လာ၏။ ထိုဖွတ်ကြီးကို သတ်၍ အသားကို စားအံ့ဟု ကြံ၏။ ကြံ၍ အိုးကိုလည်းကောင်း၊ ချဉ်ဆား အစ ရှိသည်ကိုလည်းကောင်း ဆောင်စေ၍ တင့်ဒပ်သော အရပ်၌ ထား၍ ဆောက်ပုတ်ကို ယူ၍ သင်္ကန်းဖြင့် ဖုံးလွှမ်း၍ ကျောင်းတံခါး၌ ဘုရားလောင်း၏ လာခြင်းကို ကြည့်လျက် အလွန်ငြိမ်သက်သကဲ့သို့ ဖြစ်၍ နေ၏။

ဘုရားလောင်းသည် ညချမ်းအခါ၌ ရသေ့အထံသို့ သွားအံ့ဟု ထွက်၍ ကပ်သည် ရှိသော် ထိုရသေ့၏ ဣန္ဒြေဖောက်ပြန်ခြင်းကို မြင်၍ ရသေ့သည် တစ်ပါးသော နေ့တို့၌ နေသော အခြင်းအရာဖြင့် မနေ။ ယနေ့ ရသေ့သည် ငါ့ကို ကြည့်ငြားသော်လည်း ပျက်သော ဣန္ဒြေရှိသည်ဖြစ်၍ ကြည့်၏။ ထိုရသေ့ကို စုံစမ်းအံ့ဟု ဘုရားလောင်းသည် ရသေ့၏ လေအောက်၌ နေ၍ ဖွတ်သားနံ့ နံ၍ ဤကောက်ကျစ်သော ရသေ့သည် ယနေ့ ဖွတ်သားကို စားသည် ဖြစ်လတ္တံ့။ ထို့ကြောင့် ထိုရသေ့အား ရသတဏှာသည် နှောင်ဖွဲ့အပ်သည် ဖြစ်၍ ယနေ့ မိမိအထံသို့ ကပ်သော ငါ့ကို ဆောက်ပုတ်ဖြင့် ရိုက်၍ အသားကို ချက်၍ စားလိုသည် ဖြစ်လတ္တံ့ဟု ထိုရသေ့အထံသို့ မကပ်မူ၍ ဖဲ၍သွား၏။ ရသေ့သည် ဘုရားလောင်း၏ မလာသော အဖြစ်ကို သိ၍ ဤရသေ့သည် ငါ့ကို သတ်လို၏။ ဤဖွတ်သည် သိအပ်သည် ဖြစ်လတ္တံ့။ ထိုသို့သော အကြောင်းကြောင့် မလာငြားသော်လည်း ထိုဖွတ်အား အဘယ်မှာ လွတ်ရအံ့နည်းဟု ဆောက်ပုတ်ကို ထုတ်၍ ပစ်၏။ ထိုဆောက်ပုတ်သည် ဘုရားလောင်း၏ အမြီးဖျားကိုလျှင် ခတ်မိ၏။ ထိုဘုရားလောင်းသည် လျင်စွာ တောင်ပို့သို့ ဝင်၍ တစ်ပါးသော အပေါက်ဖြင့် ဦးခေါင်းကို ဖော်၍ အို ကောက်ကျစ်သော ရသေ့ ငါသည် သင်၏ အထံသို့ ကပ်သည်ရှိသော် သီလရှိ၏ဟုမှတ်ထင်၍ ကပ်၏။ ယခုအခါကား ငါသည် သင်၏ ကောက်ကျစ်သောအဖြစ်ကို သိရပြီ။ ထိုသို့ သဘောရှိသော ခိုးသူကြီးအား ရဟန်းအသွင်ဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု ဆိုလို၍ ဤဂါထာကို ဆို၏—

၁၃၈။ ကိံ တေ ဇဋ္ဌာဟိ ဒုမ္မေဓ၊ ကိံ တေ အဇိနသာဋိယာ၊
အဗ္ဘန္တရံ တေ ဂဟနံ၊ ဗာဟိရံ ပရိမဇ္ဇသိ။

ရသေ့မိုက်၊ သင့်အား ဆံကျစ်တို့ဖြင့် အဘယ် အကျိုးရှိအံ့နည်း။ သင့်အား သစ်နက်ရေဖြင့် အဘယ် အကျိုးရှိအံ့နည်း၊သင့်ကိုယ်တွင်းနှလုံးသည် ကိလေသာ တောအုပ် ဖုံးလွှမ်းနေ၏။ အပြင်ပန်းသာ ပြေပြစ်၏။

ခိုးသူဖြစ်သော သင်သည် ဤအရပ်၌ နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ လျင်စွာ ဤအရပ်မှ ပြေးလေလော။ အကယ်၍ မပြေးအံ့။ သင့်အား ရွာ၌ နေသော လူတို့အား ကြား၍ နှိပ်စက်ခြင်းကို ပြုအံ့။ ဤသို့ ဘုရားလောင်းသည် ကောက်ကျစ်သော ရသေ့ကို ခြိမ်းခြောက်၍ တောင်ပို့သို့လျှင် ဝင်၏။ ကောက်ကျစ်သော ရသေ့သည်လည်း ထိုအရပ်မှ ဖဲလေ၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ၌ အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းသည် ထိုအခါ ကောက်ကျစ်သော ရသေ့ ဖြစ်ဖူးပြီ။ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ရှေးဦးစွာ နေသော သီလရှိသော ရသေ့ကြီး ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဖွတ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာ့သုံးဆယ့်ရှစ်ခုမြောက်သော ဂေါဓဇာတ်သည် ပြီး၏။

---

## ၁၃၉-ဥဘတောဘဋ္ဌဇာတ်

### ဝေစု မပေးရစေရန် အိမ်နီးချင်းနှင့် ရန်ဖြစ်ခြင်း
### နှစ်ပါးစုံသော အကျိုးမှ ရှုံးခြင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် အက္ခိ ဘိန္နော ပဋော နဋ္ဌော-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဥဘတောဘဋ္ဌဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါ တနားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့ နှစ်ဘက်မှ ပြောင်ပြောင် တောက်သော အလယ်၌ မစင် အလိမ်းလိမ်းကပ်သော သုသာန်၌ စွန့်အပ်သော ထင်းသည် တော၌လည်း ထင်းကိစ္စကို မပြီးစေနိုင်။ ရွာ၌လည်း ထင်းကိစ္စကို မပြီးစေနိုင်။ ထိုအတူလျှင် ဒေဝဒတ်သည် ဤသို့သဘောရှိသော ဝဋ်ဆင်းရဲမှ ထွက်မြောက်ပေတတ်သော သာသနာ၌ ရဟန်းပြု၍ နှစ်ပါးစုံမှ ရှုံး၏။ နှစ်ပါးစုံမှ ယုတ်၏။ လူတို့၏ စည်းစိမ်မှလည်း ယုတ်၏။ ရဟန်းအကျိုးကိုလည်း မပြီး စေနိုင်။ ဤသို့လျှင် စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် လာတော် မူလတ်၍ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော် မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ဒေဝဒတ်သည် နှစ်ပါးစုံမှ ရှုံးသည် မဟုတ်သေး။ ရှေး၌လည်း နှစ်ပါးစုံမှ ရှုံးဖူးသလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သောမင်းသည် မင်းပြု သည်ရှိသော် ဘုရားလောင်းသည် ရုက္ခစိုးနတ်၏ အဖြစ်ဖြင့် ဖြစ်၏။ထိုအခါ တစ်ခု သော ရွာငယ်၌ တံငါတို့သည် နေကုန်၏။ ထိုအခါ တစ်ယောက်သော တံငါသည် ငါးမျှားချိတ်ကိုယူ၍ သားငယ်နှင့်တကွ အကြင် ထုံးအိုင်၌ ပကတိအားဖြင့်လည်း တံငါတို့သည် ငါးတို့ကို ဖမ်းယူကြကုန်၏။ ထိုထုံးအိုင်သို့သွား၍ငါးမျှားချိတ်ကို ပစ်၏။ ငါးမျှားချိတ်သည် ရေဖုံးလွှမ်းသော တစ်ခုသော သစ်ငုတ်၌ငြိ၏။ ထိုအခါ တံငါသည် ငါးမျှားချိတ်ကို ငင်အံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ ဤငါးမျှား ချိတ်သည် ငါးကြီး၌ ငြိသည်ဖြစ်လတ္တံ့။ သားငယ်ကို အမိထံသို့စေ၍ အိမ်နီးချင်း တို့နှင့်တကွ ခိုက်ရန်ကို ဖြစ်စေအံ့။ ဤသို့ ခိုက်ရန် ပြုသည်ရှိသော် တစ်စုံ တစ်ယောက်သော အိမ်နီးချင်းသည် ဤငါးမှအစုကို မတောင်းလတ္တံ့ဟုကြံ၏။ ကြံပြီးသည်ရှိသော် အမောင် သွားချေ၊ ငါတို့သည် ငါးကြီးကို ရအပ်သည်၏ အဖြစ်ကို အမိအား ကြားချေလော့၊ အိမ်နီးချင်းတို့နှင့်ဟက္ခ ခိုက်ရန်ကိုပြုလော့ ဟု ဆိုချေလော့ဟု ဆို၏။ ထိုတံငါသည် သားငယ်ကို စေ၍ ငါးမျှားချိတ်ကို ငင်အံ့သောငှါ မတတ်နိုင်သည် ဖြစ်၍ ကြိုးပြတ်အံ့သည်မှ ကြောက်သောကြောင့် အပေါ်ရုံ ပုဆိုးကို ကြည်း၌ ထား၍ ရေသို့ သက်၍ ငါး၌ တပ်မက်မော ခြင်းကြောင့် ငါးကို စမ်းသည် ရှိသော် သစ်ငုတ်တို့ဖြင့် ခတ်မိ၍ မျက်စိနှစ်လုံး တို့သည်လည်း ပေါက်ကုန်၏။ ထိုတံငါ၏ ကြည်း၌ ထားသော ပုဆိုးကိုလည်း ခိုးသူ ခိုး၏။ ထိုတံငါသည် ဝေဒနာသို့ ရောက်သည် ဖြစ်၍ မျက်စိတို့ကို လက်ဖြင့် ဖုံးအုပ်လျက် မ-၍ ရေမှ တက်၏။ တုန်လှုပ်လျက် ပုဆိုးကို ရှာ၏။

ထိုတံငါ၏ မယားသည်လည်း ခိုက်ရန်ကို ပြု၍ တစ်စုံတစ်ယောက်သောသူ၏ ငါးအစုကို မတောင်းသည်၏ အဖြစ်ကို ပြုအံ့ဟု နားတစ်ဘက်၌ ထန်းရွက်နားတောင်း ဝတ်၍ မျက်လုံးတစ်ဘက်၌ ထမင်းအိုး မင်ဖြင့် ကွက်၍ ခွေးငယ်ကို ရင်ဖြင့် ပိုက်၍ အိမ်နီးချင်း အိမ်သို့ သွား၏၊ ထိုအခါ ထိုဘင်ငါ၏ မယားကို တစ်ယောက်သော အဆွေခင်ပွန်းမသည် သင်၏ နားတစ်ဘက်၌လျှင် ထန်းရွက်နားတောင်းကို ဝတ်၏။ မျက်လုံး တစ်ဘက်၌ ထမင်းအိုး မင်ဖြင့် ကွက်၏။ ချစ်လှစွာသော သားကိုကဲ့သို့ ခွေးငယ်ကို ရင်ဖြင့် ပိုက်၍ တစ်အိမ်မှ တစ်အိမ်သို့ သွား၏၊ သင်ကား ရူးသလောဟု ဆို၏။ ငါသည် မရူး၊ သင်သည်ကား ငါ့ကို အကြောင်း မရှိဘဲလျက် ဆဲရေး၏။ ရေရွတ်၏။ ယခု သင့်ကို ရွာစား အထံသို့ သွား၍ ရှစ်သပြာတို့ကို လျော်စေအံ့ဟု ဤသို့ ငြင်းခုံခြင်းကို ပြု၍ နှစ်ယောက်ကုန်သော မိန်းမတို့သည် ရွာစား အထံသို့ သွားကြကုန်၏။ ထိုမိန်းမတို့၏ ငြင်းခုံခြင်းကို စိစစ်သည် ရှိသော် ထိုတံငါမယား၏ အထက်၌ သာလျှင် လျော်ဒဏ်သည် ကျ၏။ ထိုအခါ တံငါမယားကို နှောင်ဖွဲ့၍ ဒဏ်ကို ပေးလောဟု ပုတ်ခတ်အံ့သောငှါ အားထုတ်ကုန်၏။ ရုက္ခစိုးနတ်သည် ရွာ၌ ထိုတံငါမယား၏ အကြောင်းကို လည်းကောင်း၊ တော၌ ထိုမိန်းမ၏ လင်၏ ပျက်စီးခြင်းကို လည်းကောင်း မြင်၍ သစ်ခွကြားဌ် ရပ်လျက် အို ယောကျ်ား သင်၏ အမှုသည် ရေ၌လည်း ပျက်စီး၏။ ကြည်း၌လည်း ပျက်စီး၏။ နှစ်ပါးစုံမှ ရှုံး၏ဟု ဆိုလို၍ ဤဂါထာကို ဆို၏။

၁၃၉။ အက္ခီ ဘိန္နာ ပဋော နဋ္ဌော၊ သခိဂေဟေ စ ဘဏ္ဍနံ။
ဥဘတော ပဒုဋ္ဌာ ကမ္မန္တာ၊ ဥဒကမှိ ထလမှိ စ။

အို ယောကျ်ား၊ သင်၏ မျက်စိ ပေါက်ခဲ့ပြီ၊ ပုဆိုးလည်း ပျောက်ခဲ့ပြီ၊ အိမ်မှ မယားသည်လည်း ခိုက်ရန် ဖြစ်ခဲ့ရပြီ၊ ရေမှာလည်းကောင်း, ကုန်းမှာလည်းကောင်း နှစ်ရပ်လုံး၌ အကျိုးပျက်စီးမှုတို့သာတည်း။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ တံငါ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရုက္ခစိုးနတ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာ့သုံးဆယ့်ကိုးခုမြောက်သော ဥဘတောဘဋ္ဌ

ဇာတ်သည် ပြီး၏။

# ၁၄၀-ကာကဇာတ်

## ပုဏ္ဏားရ် အပေါ်၌ ကျီး မစင်စွန့်ခြင်း

## ကျီးမှာ အဆီမရှိ

### ပစ္စုပ္ပန်ဝတ္ထု

နက်နှင့်ကဣသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် နိစ္စံ ဥပ္ပိဂ္ဂဟာဒယာ-အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကာကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အမတ်တော်မျိုးတော်တို့၏ အကျိုးငှါ ကျင့်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ပစ္စုပ္ပန်ဝတ္ထုသည် ဒွါဒသကနိပါတ် ဘဒ္ဒသာလဇာတ်၌ ထင်စွာဖြစ်လတ္တံ့။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကျီးအမျိုး၌ဖြစ်၏၊ ထိုအခါ တစ်နေ့သ၌ မင်း၏ ပုရောဟိတ်သည် မြို့ပမြစ်နား၌ ရေချိုးပြီးလျှင် နံ့သာတို့ဖြင့် လိမ်း၍ ပန်းပန်၍ မြတ်သောအဝတ်ကို ကောင်းစွာဝတ်လျက် မြို့သို့ဝင်၏။ မြို့တံခါးဝယ် တံခါးတိုင်အဖျား၌ နှစ်ကောင်ကုန်သော ကျီးတို့သည် နားကုန်၏။ ထိုကျီးတို့တွင် တစ်ကောင်သောကျီးသည် တစ်ကောင်သောကျီးကို အဆွေ ငါသည် ဤပုဏ္ဏား၏ အပေါ်၌ မစင်ကို ချအံ့ဟုဆို၏။ တစ်ကောင်သောကျီးသည် သင်သည် ဤအမှုကို မနှစ်သက်လင့်၊ ဤပုဏ္ဏားသည် အစိုးရ၏။ အစိုးရသော သူနှင့်တကွ ရန်ပြုခြင်းမည်သည်ယုတ်မာ၏။ ထိုစကားသည်မှန်၏။ ဤပုဏ္ဏားသည် အမျက်ထွက်သည်ရှိသော် အလုံးစုံလည်းဖြစ်ကုန်သောကျီးတို့ကို ဖျက်ဆီးရာ၏ဟု ဆို၏။ ငါသည်မပြုအံ့သော်ငှါ မတတ်နိုင်ဟုဆို၏။ ထိုသို့တပြီးကား အမှန်ပင်လျှင် ထေးဖြစ်လတ္တံ့ဟု ဆို၍ တစ်ကောင်သောကျီးသည်ပျံ၏။ ထိုကျီးသည် ပုဏ္ဏားသည်တံခါးတိုင်အောက် အဖို့သို့ ရောက်သည်ရှိသော် တွဲလျားဆွဲသော ဝဏ္ဏကိုချွေဘိသကဲ့သို့ ပုဏ္ဏား၏ ဦးခေါင်း၌ မစင်ကိုချ၏။ ပုဏ္ဏားသည် အမျက်ထွက်၍ ကျီးဘို့၌ ရန်ငြိုးဖွဲ့၏။

ထိုအခါ တစ်ယောက်သော အခစား စပါးထောင်းသော ကျွန်မသည် ကောက်ကို အိမ်တံခါး၌ နေပူ၌ ဖြန့်၍ ထိုင်လျက်လျှင် အိပ်ပျော်ခြင်းသို့ ရောက်၏၊ ထိုကျွန်မ၏မေ့လျော့ခြင်းကိုသိ၍ ရှည်သောအမွေးရှိသော တစ်ကောင်သော ဆိတ်သည် လာလတ်၍ ကောက်ကို စား၏။ ကျွန်မသည် နိုးသည်ရှိသော် ထိုဆိတ်ကိုမြင်၍ ပြေးစေ၏ ထိုဆိတ်သည် နှစ်ကြိမ်မြောက် လည်းကောင်း၊ သုံးကြိမ်မြောက် လည်းကောင်း ထို ကျွန်မ၏ ထို့အတူသျှင် အိပ်ပျော်သော ကာလ၌

ကောက်ကိုစား၏။ ထိုကျွန်မသည်လည်း ထိုဆိတ်ကို သုံးကြိမ် ပြေးစေ၍ ထိုဆိတ်သည် အဖန်တလဲလဲ စားသည်ရှိသော် ထက်ဝက်သော ကောက်ကို စားလတ္တံ့၊ ငါ့အား များစွာသော ဥစ္စာဃုတ်ခြင်းသည် ဖြစ်လတ္တံ့။ ယခုအခါ ထိုဆိတ်၏ မလာခြင်း အကြောင်းကိုပြုအံ့ဟုကြံ၏၊ ကြံပြီး၍ မီးစကိုကိုင်၍ အိပ်ပျော်သကဲ့သို့ထိုင်၍ ကောက်ကိုစားအံ့သော ဆိတ်သည် ရောက်သည်ရှိသော် ထ၍ မီးစဖြင့် ဆိတ်ကို ခတ်၏။ အမွေးတို့ကို မီးလောင်ကုန်၏။ ဆိတ်သည် ကိုယ်ကို မီးလောင်သည်ရှိသော် မီးကိုငြိမ်းစေအံ့ဟု လျင်စွာသွား၍ ဆင်တင်း ကုပ်၏ အနီး၌တစ်ခုသော မြက်တင်းကုပ်၌ ကိုယ်ကိုပွတ်၏။ ထိုတင်းကုပ်ကို မီးလောင်၏။ ထိုမြက်တင်းကုပ်မှ ထသောမီးလျှံသည် ဆင်တင်းကုပ်ကိုစွဲ၏။ ဆင်တင်းကုပ်ကို မီးလောင်ကုန်သည်ရှိသော် ဆင်ကျောက်ကုန်းတို့ကို လောင် ကုန်၏။ များစွာကုန်သော ဆင်တို့သည် ကိုယ်၌ မီးလောင်မာရှိကုန်၏။ ဆေးသမားတို့သည် ဆင်တို့ကို အနာမရှိသည်တို့ကို ပြုအံ့သောငှါ မတတ်နိုင်ကုန် သည်ဖြစ်၍ မင်းအား ကြားကုန်၏။ မင်းသည် ပုရောဟိတ်ကို ဆရာ ဆင်တို့ကို ဆေးသမားတို့သည် ဆေးကုအံ့သောငှာ မတတ်နိုင်ကုန်၊ တစ်စုံတစ်ခုသော ဆေးကို သင်သည် သိသလောဟု မေး၏။ မြတ်သောမင်းကြီး သိ၏ဟု ဆို၏။ အဘယ်ကို ရအံ့သောငှါ သင့်သနည်းဟုမေး၏။ မြတ်သောမင်းကြီး ကျီးဆီကို ရခြင်းငှါ သင့်၏ဟုဆို၏။ ထိုသို့တပြီးကား ကျီးတို့ကိုသတ်၍ အဆီကို ဆောင်ကုန်လောဟု ဆို၏။

ထိုအခါမှစ၍ ကျီးတို့ကိုသတ်၍ အဆီကို မရ၍ ထိုထိုအရပ်၌လျှင် အစုကို ပြုကုန်၏။ ကျီးတို့အား ကြီးစွာသော ဘေးသည်ဖြစ်၏။ ထိုအခါ ဘုရား လောင်းသည်ကျီးရှစ်သောင်းအခြံအရံရှိသည်ဖြစ်၍ သုသာန်၌နေ၏။ တစ်ကောင် သောကျီးသည် သွား၍ ကျီးတို့အား ဖြစ်သောဘေးကို ဘုရားလောင်းအား ကြား၏။ ဘုရားလောင်းသည် ငါ့ကိုထား၍ ငါမှတစ်ပါးသော ငါ၏အဆွေအမျိုး တို့အား ဘေးကိုပယ်ခြင်းငှါ စွမ်းနိုင်သောသူ မည်သည်မရှိ၊ ထိုဘေးကို ပယ်အံ့ဟု ဆယ်ပါးသော ပါရမီတို့ကို ဆင်ခြင်၍ မေတ္တာပါရမီကို ရှေ့သွား ပြု၍ တဟုန်တည်းဖြင့်ပျံ၍ ဖွင့်အပ်သော လေသွန်တံခါးမဖြင့် ဝင်၍ မင်း၏ နေရာအောက်သို့ ဝင်၏။ ထိုအခါ ထိုကျီးကို တစ်ယောက်သောသူသည် ဖမ်းလို သည်ဖြစ်၏၊ မင်းသည် ဘေးလွတ်ရာသို့ဝင်၏။ မဖမ်းလင့်ဟု မြစ်၏။ ဘုရားလောင်းသည် အတန်ငယ် အပင်အပန်း ဖြေ၍ မေတ္တာပါရမီကိုဆင်ခြင်၍ နေရာအောက်မှထွက်၍ မင်းကို မြတ်သောမင်းကြီး မင်းမည်သည် ဆန္ဒအစ ရှိသည်၏ အစွမ်းအားဖြင့် မလားမူ၍ မင်းပြုအံ့သောငှါ သင့်၏။ အကြောင် အမှုကို ပြုအပ်၏။ ထိုအမှုကို စုံစမ်း ဆင်ခြင်၍ ပြုခြင်းငှါ သင့်၏။ ပြုအပ် သော အကြောင်အမှုသည် ပြီး၏။ ထိုအမှုကိုသာလျှင် ပြုခြင်းငှာသင့်၏။ ဤမှ

တစ်ပါးသော အမှုကိုမပြုအပ်၊ ပြုအပ်သော အကြောင်းအမှုသည် မပြီး၊ ထိုအမှုကို မင်းတို့သည် အကယ်၍ ပြုကုန်အံ့။ လူအများအား သေဘေး အဆုံးရှိသော ကြီးစွာသောဘေးသည် ဖြစ်လတ္တံ့၊ ပုရောဟိတ်သည်ရန်ငြိုးဖွဲ့သည်ဖြစ်၍ မုသား ဆိုခြင်းကိုပြု၏။ ကျီးတို့အား အဆီမည်သည် မရှိဟု ဆို၏။ ထိုစကားကိုကြား၍ မင်းသည် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ဘုရားလောင်းကို ရွှေအင်းပျဉ်၌ နေစေ၍ ထိုရွှေအင်းပျဉ်၌ နေသော ဘုရားလောင်း၏ အတောင်ကြားတို့ကို အကြိမ်တစ်ရာ အကြိမ်တစ်ထောင် ချက်အပ်သောဆီတို့ဖြင့်လိမ်း၍ရွှေခွက်ငယ်နှင့် မင်းအားလိုက်သော ကောင်း သောဘောဇဉ်ကို ပေးစေ၍ဝသောကင်းသော ပူပန် ခြင်းမှုသော ဘုရားလောင်းကို ပညာရှိ သင်သည် ကျီးတို့အား အဆီမည် သည် မရှိဟုဆို၏။ အဘယ်အကြောင်းကြောင့် ကျီးတို့အား အဆီမရှိသနည်းဟု မေး၏။ ထိုအခါ မင်းကို ဘုရားလောင်းသည် ဤအကြောင်းကြောင့် လည်း ကောင်း ဤအကြောင်း ကြောင့်လည်းကောင်း အဆီမရှိဟု အလုံးစုံသော မင်းအိမ်ကို တစ်ပေါင်တည်းသော အသံရှိသည်ကိုပြု၍ ပါရမီဟောလိုရကား ဤဂါထာကိုဆို၏။

၁၄၀။ နိစ္စံ ဥဗ္ဗိဂ္ဂဟဒယာ၊ သဗ္ဗလောကဝိဟေသကာ။
တသ္မာ နေသံ ဝသာ နတ္ထိ၊ ကာကာနမှာကဉာတိနံ။

မင်းမြတ် ကျီးတို့မည်သည် အမြဲထိပ်လန့်တုန်လှုပ်သော နှလုံးရှိကုန်၏၊ လူ ခပ်သိမ်းတို့အား ညှဉ်းဆဲတတ်ကုန်၏။ ထို့ကြောင့် ငါတို့ ကျီးမျိုး၌အဆီမရှိကုန်။

လွန်လေပြီးသောအခါကလည်း မဖြစ်စဖူး၊ နောင်အခါ၌လည်း မဖြစ်လတ္တံ့။ ဤသို့ဘုရားလောင်းသည် ဤအကြောင်းကို ထင်စွာပြု၍ မြတ်သောမင်းကြီး မင်းမည်သည် မစုံစမ်း မဆင်ခြင်မူ၍ မပြုအပ်ဟု မင်းကို သိစေ၏၊ မင်းသည် လည်း နှစ်သက်၍ ဘုရားလောင်းအား မင်းအဖြစ်ဖြင့် ပူဇော်၏။ ဘုရားလောင်း သည် မင်းအဖြစ်ကိုခံ၍ မင်းအား အပ်နှင်း၏။ မင်းကို ငါးပါးကုန်သော သီလ တို့၌တည်စေ၍ ခပ်သိမ်းကုန်သော သတ္တဝါတို့အား ဘေးမဲ့ကိုတောင်း၏။ မင်းသည်လည်း ဘုရားလောင်း၏ ဒေသနာကိုနာရ၍ ခပ်သိမ်းကုန်သော သတ္တဝါ တို့အား ဘေးမဲ့ပေး၍ ကျီးတို့အား အမြဲဖြစ်သော အလှူဝတ်ကို တည်စေ၏။ နေ့တိုင်းနေ့တိုင်းတစ်ဆယ့်တစ်စိတ်သောဆန်ကို ထမင်းချက်စေ၍အထူးထူးသော မြတ်သော အရသာဖြင့်နယ်၍ ကျီးတို့အား လှူ၏။ ဘုရားလောင်းအားကား မင်း၏ဘောဇဉ်ကိုလျှင် လှူ၏။

**ဇာတ်ပေါင်း**

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ကျီးမင်း ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာလေးဆယ်မြောက်သော ကာကဇာတ်သည် ပြီး၏။

---

## ၁၅-ကကဏ္ဍကဝဂ်

### ၁၄၁-ဂေါဓဇာတ်

**ဆန့်ကျင်ဘက် အဆွေခင်ပွန်းနှင့် မပေါင်းအပ်သော အကြောင်း**

**ပစ္စုပ္ပန်ဝတ္ထု**

နတ်နှင့်တကွသောလောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် န ပါပဇနသံသေဝီ–အစရှိသော ဂါထာပုဒ်ဖြင့် ဟန်ဆာဆင်အပ်သော ဤ ဂေါဓဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **တစ်ယောက်သော ဆန့်ကျင်ဘက် အဆွေခင်ပွန်းကို ပေါင်းဖော်သော** ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ (ပစ္စုပ္ပန်ဝတ္ထုသည် မဟိဠာမုခဇာတ်၌ ဆိုအပ်ပြီးသည်နှင့် တူသလျှင်ကတည်း။)

**အတိတ်ဝတ္ထု**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည်ဖွတ်အမျိုး၌ ပဋိသန္ဓေ နေ၏။ ထိုဘုရားလောင်းသည် အရွယ်သို့ ရောက်သည်ရှိသော် မြစ်နား၌ တွင်းကြီး၌ အရာမကသော ဖွတ်တို့ဖြင့် ခြံရံလျက်နေ၏။ ထိုဖွတ်မင်း၏ သားဖြစ်သော ဖွတ်ငယ်သည် တစ်ကောင်သော ပုတ်သင်နှင့်တကွ အဆွေခင်ပွန်းဖွဲ့ခြင်းကိုပြု၍ ထိုပုတ်သင်နှင့်တကွ ဝမ်းမြောက်ဝမ်းသာ နေလျက် ပုတ်သင်ကို တက်အံ့ဟု ဖိ၏။ ထိုဖွတ်ကို ထိုပုတ်သင်နှင့်တကွ အကျွမ်းဝင်ခြင်းကို ဖွတ်မင်းအား ကြားကုန်၏။ ဖွတ်မင်းသည် သားကိုခေါ်စေ၍ အမောင် သင်သည် အရာမဟုတ်သည်၌ အကျွမ်းဝင်ခြင်းကို ပြု၏။ ပုတ်သင်တို့မည်သည် ယုတ်သောအမျိုး ရှိကုန်၏။ ထိုပုတ်သင်နှင့်တကွ အကျွမ်းဝင်ခြင်းကို မပြုအပ်။ သင်သည် ထိုပုတ်သင်နှင့်တကွ အကျွမ်းဝင်ခြင်းကို အကယ်၍ ပြုလတ္တံ့။ ထိုပုတ်သင်ကိုမှီ၍ အလုံးစုံလည်း ဖြစ်သော ဖွတ်အမျိုးသည် ပျက်စီးခြင်းသို့ရောက်လတ္တံ့။ ဤနေ့မှစ၍ ထိုပုတ်သင်နှင့်တကွ အကျွမ်းဝင်ခြင်းကို မပြုလင့်ဟု ဆို၏။ ထိုဖွတ်ငယ်သည် ပြုသည်သာလျှင်တည်း။ ဘုရားလောင်းသည် အဖန်တလဲလဲ ဆိုငြားသော်လည်း ထိုဖွတ်

ငယ်အား ထိုပုတ်သင်နှင့်တကွ အကျွမ်း ဝင်ခြင်းကို မြစ်အံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ ငါတို့အား ထိုပုတ်သင်ကို မှီ၍ ဘေးဖြစ်လတ္တံ့။ ထိုဘေးဖြစ်သည်ရှိသော် ပြေးရာခရီးကို ပြည့်စုံစေခြင်းငှါ သင့်၏ဟု နံပါးတစ်ဖက်၌ ကယ်ပေါက်ကို ပြုစေ၏။

ဖွတ်မင်း၏သားသည်လည်း အစဉ်သဖြင့် ကြီးသောကိုယ်ရှိသည် ဖြစ်၏။ ပုတ်သင်သည်ကား ရှေးပမာဏ ရှိသည်သာလျှင် ဖြစ်၏။ ဖွတ်သည် ပုတ်သင်ကို ဖက်အံ့ဟု ရံခါ ဖိသလျှင်ကတည်း၊ ပုတ်သင်အား တောင်ထွတ်ဖြင့် ဖိသကဲ့သို့ ဖြစ်၏၊ ထိုပုတ်သင်သည် ပင်ပန်းသည်ဖြစ်၍ ဤဖွတ်သည် နှစ်ရက် သုံးရက်တို့ ပတ်လုံး ငါ့ကို ဤသို့ ဖက်လတ္တံ့၊ ငါ၏အသက်သည် မရှိပြီ။ တစ်ယောက်သော မုဆိုးနှင့်တကွ ပေါင်းသည်ကိုပြု၍ ဤဖွတ်အမျိုးကို ဖျက်အံ့ဟု ကြံ၏။ ကြံပြီး၍ ထိုနောင်မှ တစ်နေ့သ၌ နွေအခါ၌ မိုးရွာသည်ရှိသော် တောင်ပို့မှ ယင်တို့သည် ထွက်ကုန်၏။ ထိုထိုအရပ်မှ ဖွတ်တို့သည် ထွက်ကုန်၍ ယင်တို့ကို စားကုန်၏။ တစ်ယောက်သော ဖွတ်မုဆိုးသည် ဖွတ်တွင်းကို ဖျက်အံ့ဟု ပေါက်တူးကိုကိုင်၍ ခွေးတို့နှင့်တကွ တောသို့ဝင်၏။ ပုတ်သင်သည် ထိုမုဆိုးကို မြင်၍ ငါ၏ နှလုံးအလိုကို ဖြည့်အံ့ဟု မုဆိုးအထံသို့ ကပ်၍ အိုယောကျ်ား အဘယ့်ကြောင့် တော၌ လှည့်လည်သနည်းဟု မေး၏။ ဖွတ်တို့၏အကျိုးငှါ လှည့်၏ဟု ဆို၏။ ငါသည် များစွာသော ဖွတ်တို့၏ နေရာကိုသိ၏။ ထိုနေရာကို ပြအံ့၊ မီးကိုလည်းကောင်း ကောက်ရိုးကိုလည်းကောင်း ယူ၍လာလေဟု ဆို၏၊ ထိုမုဆိုးကို ထိုအရပ်သို့ ပို့ဆောင်၍ တောင်ပို့ကိုပြ၍ အိုယောကျ်ား သင်သည် ဤတောင်ပို့၌ ကောက်ရိုးကို ထည့်၍ မီးကိုတိုက်ပြီးလျှင် အခိုးကိုလွှတ်၍ ထက်ဝန်းကျင်မှ ခွေးတို့ကိုထား၍ မိမိသည် ဆောက်ပုတ်ကြီးကို ကိုင်၍ ထွက်ဘိုင်းထွက်တိုင်းကုန်သော ဖွတ်တို့ကို ရိုက်သတ်၍ အစုကိုပြုလော။ ဤသို့သည်းဆို၍ ယနေ့ ရန်သူ၏ ပျက်စီးခြင်းကို မြင်ရလတ္တံ့ဟု တစ်ခုသော အရပ်၌ ဦးခေါင်းကို ထောင်၍ အိပ်၏။ မုဆိုးသည်လည်း ကောက်ရိုးမ်းကို လွှတ်၏။ အခိုးသည် တွင်းဝသို့ဝင်၏။ ဖွတ်တို့သည် အခိုးသင့်ကုန်၍ သေဘေးမှ ကြောက်ကုန်ရကား ထွက်၍ပြေးအံ့သောငှါ အား ထုတ်ကုန်၏။ မုဆိုးသည်လည်း ထွက်တိုင်း ထွက်တိုင်းသော ဖွတ်တို့ကို ရိုက်သတ်၏။ မုဆိုးလက်မှ လွတ်တိုင်း လွတ်တိုင်းကုန်သော ဖွတ်တို့ကို ခွေးတို့သည် ဖမ်းကုန်၏။ ဖွတ်တို့အား ကြီးစွာသော ပျက်စီးခြင်းသည် ဖြစ်၏။ ဘုရားလောင်းသည် ပုတ်သင်ကိုမှီ၍ ဘေးဖြစ်၏ဟု သိ၍ ယုတ်မာသော ယောကျ်ားနှင့် ပေါင်းဖော်ခြင်း မည်သည်ကို မပြုအပ်။ ယုတ်မာသော သူတို့ကိုမှီ၍ စီးပွားချမ်းသာမည်သည်မရှိ။ ထိုယုတ်မာသော ပုတ်သင်၏ အစွမ်းအားဖြင့် ဤမျှအတိုင်းအရှည်ရှိကုန်သော ဖွတ်တို့၏ ပျက်စီးခြင်းသည် ဖြစ်၏ဟု ကယ်ပေါက်ဖြင့် ပြေး၍ ဤဂါထာကို ဆို၏။

**၁၄၁။ န ပါပဇနသံသေဝီ၊ အစ္စန္တသုခမေဓတိ။**
**ဂေါဓာကုလံ ကကဏ္ဍာဝ၊ ကလိံ ပါပေတိ အတ္တာနံ။**

ဖွတ်သည် ပုတ်သင်နှင့်ပေါင်း၍ ချမ်းသာသုခ မရနိုင်သကဲ့သို့ သူယုတ်မာနှင့် ပေါင်းသူသည် မိမိကိုယ်ကို ပျက်စီးခြင်းသို့ ရောက်စေ၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ပုတ်သင် ဖြစ်ဖူးပြီ၊ ယခုအခါ ဆန့်ကျင်ဘက် အဆွေခင်ပွန်းကို ပေါင်းဖော်သော ရဟန်းသည် ထိုအခါ ဘုရားလောင်း၏ သားဖြစ်သော ဖွတ်ငယ် ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဖွတ်မင်း ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာလေးဆယ့်တစ်ခုမြောက်သော ဂေါဓာဇာတ်သည် ပြီး၏။

---

## ၁၄၂-သိင်္ဂါလဇာတ်

### လူသေဟန်ဆောင်၍ မြေခွေးကို ရိုက်ဖမ်း

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမပေးတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် “ဧတံ ဟိ တေ ဒုရာဇာနံ” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသိင်္ဂါလဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်၏ သတ်အံ့သောငှါ လုံ့လပြုခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုစကားကို ခဲ့ဦးအံ့၊ တရားသဘင်၌ ရဟန်းတို့၏စကားကို ကြားတော်မူ၍ မြတ်စွာဘုရားသည် ရဟန်းတို့ ယခုအခါ၌သာလျှင် ဒေဝဒတ်သည် ငါ့အား သတ်ခြင်းငှါ လုံ့လပြုသည် မဟုတ်သေး၊ ရှေး၌လည်း သတ်အံ့သောငှါ လုံ့လပြုဖူးသလျှင်ကဘည်း၊ထိုသို့ပြုငြားသော်လည်း ငါ့ကို သတ်အံ့သော ငှါ မတတ်နိုင်၊ မိမိသည်သာလျှင် ပင်ပန်း၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

#### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် မြေခွေးဝမ်း၌ ပဋိသန္ဓေယူသဖြင့် မြေခွေးမင်းဖြစ်၍ မြေခွေးအပေါင်းခြံရံလျက် သုသာန်တော၌ နေ၏။ ထိုအခါ ရာဇဂြိုဟ်

ပြည့်၍ ပွဲသဘင် ဖြစ်၏။ များသောအားဖြင့် လူတို့သည် သေသောက်ကုန်၏။ ဤပွဲသည် သေသောက်သော ပွဲသည်သာလျှင် ဖြစ်သတတ်၊ ဤပွဲ၌ များစွာသော သေသောက်ကြူးတို့သည် များစွာသော သေကိုလည်းကောင်း အမဲကိုလည်းကောင်း ဆောင်ခဲ့စေ၍ တန်ဆာဖြင့် ဆင်ယင်ကုန်လျက် သီ၍သ်၍ သေကိုလည်း သောက်ကုန်၏။ အမဲကိုလည်း စားကုန်၏။ ထိုသေသောက်ကြူးတို့ကို ပထမယံ၏ အဆုံး၌လျှင် အမဲသည် ကုန်၏။ သေသည်ကား များသေးသလျှင်ကတည်း။ ထိုအခါ တစ်ယောက်သော သေသောက်ကြူးသည် အမဲတို့ကို ပေးလော့ဟု ဆို၏။ အမဲသည် ကုန်ပြီဟု ဆိုသည်ရှိသော် ငါသည် ထင်ရှားရှိစဉ် အမဲ၏ကုန်ခြင်း မည်သည် မရှိဟုဆို၍ အစိမ်းပစ်ရာ သုသာန်၌ လူသေ၏အသားကို စားအံ့သောငှါ လာသော မြေခွေးကို သတ်၍ အသားကို ဆောင်အံ့ဟု ဆောက်ပုတ်ကိုကိုင်၍ ပြန်ပေါက်ခန်းဖြင့် မြို့မှထွက်၍ သုသာန်သို့သွား၍ ဆောက်ပုတ်ကိုကိုင်၍ ထိုခဏ၌ သူသေကဲ့သို့ ပက်လက် အိပ်၏။ ဘုရားလောင်းသည် မြေခွေးအပေါင်း ခြံရံလျက် ထိုသုသာန်သို့ သွား၏။ ထိုသေသောက်ကြူးကိုမြင်၍ ဤသူသည် မသေဟုသိ၍လည်း အတိုင်းထက်အလွန် စုံစမ်းဦးအံ့ဟု ထိုသေသောက်ကြူး၏ လေအောက်၌ ရပ်၍ ကိုယ်နံ့ကိုနမ်း၍ အဟုတ်အမှန် သေသောက်ကြူး၏ မသေသောအဖြစ်ကိုသိ၍ ထိုသေသောက်ကြူးကို ရှက်စေ၍ လွှတ်လိုက်အံ့ဟု သွား၍ ဆောက်ပုတ်စွန်း၌ ကိုက်၍ ငင်၏။ သေသောက်ကြူးသည် ဆောက်ပုတ်ကို မလွှတ်ဘဲ ကပ်လာသော မြေခွေးကိုကား ကြည့်လျက်သာလျှင် မြဲစွာ ကိုင်၏။ ဘုရားလောင်းသည် ဖဲ၍ အို ယောကျ်ား သင်သည် သေသည် အကယ်၍ ဖြစ်ငြားအံ့၊ ငါသည် ဆောက်ပုတ်ကို ငင်သည်ရှိသော် အတိုင်းထက်အလွန် မြဲစွာမကိုင်ရာ၊ ဤသို့သော အကြောင်းကြောင့် သေသော အဖြစ်ကိုလည်းကောင်း, မသေသော အဖြစ်ကိုလည်းကောင်း သိနိုင်ခဲ့၏ဟု ဆိုလို၍ ဤဂါထာကို ဆို၏။

၁၄၂။ တော် ဟိ တေ ဒုရာဇာနံ၊ ယံ သေသိ မတသာယိကံ။

ယဿ တေ ကဍ္ဎမာနဿ၊ ဟတ္ထာ ဒဏ္ဍော န မုစ္စတိ။

အိုယောကျ်ား သင်သည် သူသေယောင် ဆောင်ပြီး အိပ်နေပါလျက် သင်၏ လက်ထဲရှိ တင်းပုတ်ကိုကား လက်မှမလွှတ်၊ အစဉ်းစားရ ကြပ်ပါဘိ။

ဤသို့ ဆိုသည်ရှိသော် ထိုသေသောက်ကြူးသည် ထိုမြေခွေးသည် ငါ၏ မသေသောအဖြစ်ကို သိပါဟုထ၍ ဆောက်ပုတ်ဖြင့် ပစ်၏။ ဆောက်ပုတ်သည် ချွတ်ယွင်း၏။ သေသောက်ကြူးသည် ယခုငါသည် ချွတ်ယွင်းသည် ဖြစ်၏။ သင်သည် သွားလေလော့ဟုဆို၏။ ဘုရားလောင်းသည် ပြန်၍ အိုယောကျ်ား သင်သည် ငါ့ကိုကား ချွတ်ယွင်း၏။ ရှစ်ထပ်သော ငရဲကြီးတို့ကိုလည်းကောင်း

တစ်ဆယ့်ခြောက်ထပ်သော ဥဿဒရက် ငရဲငယ်တို့ကိုလည်းကောင်း မချွတ်ယွင်းသည်သာလျှင်တည်းဟုဆို၍ ဖဲလေ၏။ သေသောက်ကြူးသည် တစ်ငုံတစ်ငုံကို မရမူ၍ သုသာန်မှထွက်၍ ကျုံး၌ရေချိုး၍ လာသောခရီးဖြင့်သာလျှင် မြို့သို့ ဝင်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ သေသောက်ကြူးဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည် လျှင် ထိုအခါ မြေခွေးမင်းဖြစ်ဖူးပြီဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

တစ်ရာလေးဆယ့်နှစ်ခုမြောက်သော သိင်္ဂါလဇာတ်သည် ပြီး၏။

---

၁၄၃-ဝိရောစနဇာတ်

စိတ်ကြီးဝင်၍ ခြင်္သေ့ကို တုပသောမြေခွေး ဆင်နင်းခံရခြင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "လသိ စ တေ နိပ္ဖလိတာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝိရောစနဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်သည် ဂယာသီသ၌ မြတ်စွာဘုရား အတုပြုသည်၏ အဖြစ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ဒေဝဒတ်သည် ယုတ်သောစျာန်ရှိသည်ဖြစ်၍ ယုတ်သော လာဘ်ရှိသည် ဖြစ်၍တစ်ခုသော အကြောင်းသည် ရှိ၏ဟုကြံ၍ မြတ်စွာဘုရားကို ငါးပါးသော ဝတ္ထုတို့ကို တောင်း၍ မရသည်ရှိသော် နှစ်ပါးစုံသော အဂ္ဂသာဝကတို့၏ အတူနေ တပည့်ဖြစ်ကုန်သော ရဟန်းသစ်ဖြစ်ကုန်သော ဓမ္မဝိနယ၌ မလိမ္မာကုန်သော ငါးရာကုန်သော ရဟန်းတို့ကိုခေါ်၍ ဂယာသီသသို့သွား၍ သံဃာကို ခွဲ၍ ဝေစ်သမ်မတည်း၌ အသီးသီးသော သံဃာ့ကံကိုပြု၍ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ ဉာဏ်ရင့်သော ကာလကိုသိ၍ နှစ်ပါးကုန်သော အဂ္ဂသာဝကတို့ကို စေ၏၊ ထိုအဂ္ဂသာဝကတို့ကိုမြင်၍ ဒေဝဒတ်သည် နှစ်သက်သော စိတ်ရှိသည် ဖြစ်၍ ညဉ့်အခါ၌ တရားကိုဟောလတ်သည်ရှိသော် ဘုရား၏ တင့်တယ် စံပယ်ခြင်းကို ပြုအံ့ဟု မြတ်စွာဘုရား၏ အတုကိုပြုလို၍ ငါ့ရှင် သာရိပုတ္တရာ ရဟန်း

သံဃာသည် ကင်းသောထိနမိဒ္ဓ ရှိ၍။ သင်သည် ရဟန်းတို့အား တရားဟော ပါလော့၊ ငါ၏ ကျောက်သည် ညောင်းညာ၏။ ငါသည် ထိုကျောက်ကို ဆန့်ဦး အံ့ဟုဆို၍ အိပ်ပျော်ခြင်းသို့ ရောက်၍ နှစ်ပါးကုန်သော အဂ္ဂသာဝကတို့သည် ထိုရဟန်းတို့အား တရားဟော၍ အရဟတ္တဖိုလ်ဖြင့် နိုးစေ၍ ခပ်သိမ်းကုန်သော ရဟန်းတို့ကို ယူ၍ ဝေဠုဝန်ကျောင်းသို့သာလျှင် ပြန်ကုန်၏။

ကောကာလိကသည် အချည်းနှီးသော ကျောင်းကိုမြင်၍ ဒေဝဒတ်၏အထံသို့ သွား၍ ငါ့ချင်ဒေဝဒတ်၊ သင်၏ပရိသတ်ကိုဖျက်၍ နှစ်ပါးကုန်သော အဂ္ဂသာဝကတို့သည် ကျောင်းကိုအချည်းနှီးပြု၍ သွားကုန်၏။ သင်သည်ကား အိပ်သည်သာလျှင်တည်းဟုဆို၍ ဒေဝဒတ်၏ ကိုယ်ဝတ်သင်္ကန်းကိုပယ်၍ နံရံ၌ကျောက်တိုဖြင့် ကြိပ်သကဲ့သို့ ဒေဝဒတ်ကို ဖနောင့်ဖြင့် ရင်၌ ကျောက်၏၊ ထိုခဏ၌လျှင် ထိုဒေဝဒတ်၏ ခံတွင်းမှ သွေးအန်၏။ ထိုဒေဝဒတ်သည် ထိုအခါမှစ၍ နာသည် ဖြစ်၏။ မြတ်စွာဘုရားသည် သာရိပုတ္တရာမထေရ်ကို သာရိပုတ္တရာ သင်တို့၏ သွားသောကာလ၌ ဒေဝဒတ်သည် အသို့ပြုသနည်းဟု မေးတော်မူ၏။ အရှင်ဘုရား ဒေဝဒတ်သည် အကျွန်ုပ်တို့ကိုမြင်၍ ဘုရား၏ တင့်တယ်စံပယ်ခြင်းကို ပြုအံ့ဟု မြတ်စွာဘုရား၏ အတုကိုပြု၍ ကြီးစွာသော ပျက်စီးခြင်းသို့ရောက်၏ဟု လျှောက်၏။ မြတ်စွာဘုရားသည် သာရိပုတ္တရာ ဒေဝဒတ်သည် ယခုသာလျှင် ငါ၏အတုကိုပြု၍ ပျက်စီးခြင်းသို့ ရောက်သည် မဟုတ်သေး၊ ရှေး၌လည်း ရောက်ဖူးသည် သာလျှင်တည်းဟု မိန့်တော်မူ၏၊ သာရိပုတ္တရာ မထေရ်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကေသရရာဇာခြင်္သေ့ဖြစ်၍ ဟိမဝန္တာ အရပ်၌ ရွှေဂူ၌နေ၏။ ထိုကေသရရာဇာခြင်္သေ့သည် တစ်နေ့သ၌ ဂူမှထွက်၍ အရပ်လေးမျက်နှာကို ကြည့်၍ ခြင်္သေ့သံကိုဟောက်၍ အစာရှာအံ့သောငှါ သွားသည်ရှိသော် ကျွဲကြီးကိုသတ်၍ မြတ်သောအသားကို စားပြီးသည်ရှိသော် တန်ခုသောအိုင်သို့ သက်၍ ပတ္တမြားအဆင်းနှင့် တူသော အရေဖြင့် ဝမ်းကို ပြည့်စေ၍ လိုဏ်ကိုရည်၍ သွား၏။ ထိုအခါ တစ်ကောင်သော မြေခွေးသည် အစာရှာသွားသည်ရှိသော် အဆောတလျင် ခြင်္သေ့ကိုမြင်၍ ပြေးအံ့သောငှါ မတတ်နိုင်သည်၏ အဖြစ်ကြောင့် ခြင်္သေ့၏ ရှေ့မှ လက်တို့ဖြင့်ရှိခိုး၍ ဝပ်၏၊ မြေခွေး အသို့ပြုသနည်းဟု ဆိုသည်ရှိသော် အရှင် အကျွန်ုပ်သည် အရှင်၏ ခြေရင်း၌ လုပ်ကျွေးလို၏ဟုဆို၏။ ခြင်္သေ့သည် ကောင်းပြီ လာလော့ ငါ့ကို လုပ်ကျွေးလော့ သင့်ကို မြတ်သော အသားကို စားစေအံ့ဟုဆို၍ မြေခွေးကို

ခေါ်၍ ရွှေဂူသို့သွား၏။ မြေခွေးသည် ထိုအခါမှ စ၍ ခြင်္သေ့၏ စားကြွင်းကို စား၏။ ထိုမြေခွေးသည် နှစ်ရက် သုံးရက် လွန်သဖြင့်လျှင် ဝသောကိုယ်ရှိသည် ဖြစ်၏။

ထိုအခါ ထိုမြေခွေးကို တစ်နေ့သော် ဂူ၌အိပ်လျက်လျှင် ခြင်္သေ့သည် မြေခွေး သွားချေ၊ တောင်ထိပ်၌ရပ်၍ တောင်ခြေရင်း၌ လှည့်လည်ကုန်သော ဆင် မြင်း ကျွဲ အစရှိသည်တို့တွင် အကြင်သား၏ အသားကို စားလို၏။ ထိုသားကို ကြည့်ပြီးလျှင် လာလတ်၍ ဤမည်သောသား၏ အသားကို စားလို၏ဟု ဆို၍ ငါ့ကိုရှိခိုး၍ အရှင် ထွန်းပလောဟု ဆိုလော့၊ ငါသည် ထိုသားကိုသတ်၍ မြတ်သောအသားကို စား၍ သင့်အားလည်း ပေးအံ့ဟုဆို၏။ မြေခွေးသည် တောင်ထိပ်သို့တက်၍ အထူးထူး အပြားပြားရှိကုန်သော သားတို့ကို ကြည့်၍ အကြင်သား၏ အသားကိုလျှင် စားလို၏။ ရွှေဂူသို့ဝင်၍ ထိုသားကိုလျှင် ခြင်္သေ့အား ကြား၍ အရှင် ထွန်းပလောဟု ဆို၏။ ခြင်္သေ့သည် လျင်စွာပြေး၍ အမှန်ယစ်သော မြတ်သော ဆင်သည်လည်း အကယ်၍ဖြစ်အံ့။ ထိုအရပ်၌လျှင် ထိုဆင်ကို အသက်ကုန်ခြင်းသို့ရောက်စေ၍ မိမိသည်လည်း မြတ်သောအသားကို စား၏။ မြေခွေးအားလည်းပေး၏။ မြေခွေးသည် ဝမ်းပြည့်အောင် အသားကို စား၍ ဂူသို့ဝင်၍ အိပ်၏။ ထိုမြေခွေးသည် ကာလရှည်သည်ရှိသော် ငါသည်လည်း အခြေလေးချောင်း ရှိသလျှင်ကတည်း။ အဘယ့်ကြောင့် သူတစ်ပါးတို့သည် မွေးကျွေးအပ်သည် ဖြစ်၍ နေရအံ့နည်း။ ဤနေ့မှစ၍ ငါသည်လည်း ဆင် အစရှိသည်တို့ကို သတ်၍ အသားကို စားအံ့။ သားတို့၏မင်းဖြစ်သော ခြင်္သေ့သည် အရှင် ထွန်းပလောဟု ဆိုသောစကားကိုလျှင် မှီ၍ ဆင်တို့ကိုသတ်၏။ ငါသည်လည်း ခြင်္သေ့ကို ဇမ္ဗုက ထွန်းပလောဟုဆိုစေ၍ တစ်ကောင်သောဆင်ကို သတ်၍ အသားကို စားအံ့ဟု မာနကိုပွါးစေ၏။ ထိုမြေခွေးသည် ခြင်္သေ့ကို ကပ်၍ အရှင် ငါသည် ရှည့်မြင့်စွာသော ကာလပတ်လုံး အရှင်တို့သည် သတ်အပ်သော ဆင်တို့၏ အသားကို စားအပ်၏။ အကျွန်ုပ်သည်လည်း တစ်ကောင်သော ဆင်ကိုသတ်၍ အသားကိုစားလို၏။ ထို့ကြောင့် သင်တို့၏ အိပ်ရာရွှေဂူ၌ အိပ်အံ့။ သင်တို့သည် တောင်ခြေရင်း၌ သွားသော ဆင်ကိုကြည့်၍ ငါ၏ အထံသို့လာ၍ ဇမ္ဗုက ထွန်းပလောဟု ဆိုကုန်လော့၊ ဤမျှ၌ ဝန်တိုခြင်းကို မပြုပါကုန်လင့်ဟု ဆို၏။

ထိုအခါ ထိုမြေခွေးကို ခြင်္သေ့သည် မြေခွေး သင်သည် ဆင်တို့ကို သတ်အံ့သောငှါ မစွမ်းနိုင်၊ ခြင်္သေ့အမျိုး၌ဖြစ်သော ဆင်ကိုသတ်၍ အသားကို စားအံ့သောငှါ စွမ်းနိုင်သော မြေခွေးမည်သည် လောက၌မရှိ။ သင်သည် ထိုအမှုကို မနှစ်သက်လင့်၊ ငါသည် သတ်အပ်သော ဆင်တို့၏လျှင် အသားကိုစား၍

နေလော့ဟု ဆို၏။ မြေခွေးသည် ဤသို့ ဆိုငြားသော်လည်း ကြဉ်အံ့သောငှါ အလိုမရှိ၊ အဖန်တလဲလဲ တောင်းပန်သလျှင်ကတည်း။ခြင်္သေ့သည် ထိုမြေခွေးကို မြစ်အံ့သောငှါ မတတ်နိုင်သည် ဖြစ်၍ ဝန်ခံ၏။ ထိုသို့ ဖြစ်လျှင်မူကား ငါ၏ နေရာအရပ်သို့ဝင်၍ အိပ်လောဟု မြေခွေးကို ရွှေဂူ၌ အိပ်စေ၍ တောင်ခြေရင်း၌ အမုန်ယစ်သောဆင်ကို ကြည့်၍ ရွှေဂူတံခါးသို့သွား၍ မြေခွေး ထွန်းပလောဟု ဆို၏။မြေခွေးသည် ရွှေဂူလိုဏ်မှထွက်၍ အရပ်လေးမျက်နှာကို ကြည့်၍ သုံးကြိမ် ဟောင်၍ အမုန်ယစ်သော မြတ်သောဆင်၏ ဦးကင်း၌ ကျအံ့ဟု ပြေး၍ ဆင်ခြေရင်း၌ ကျ၏။ဆင်သည် လက်ယာခြေကိုချီ၍ မြေခွေး၏ ဦးခေါင်း၌ နင်း၏၊ ဦးခေါင်းရိုးတို့သည် မှုန့်မှုန့်ညက်ညက် ကြေကုန်၏။ ထို့နောက်မှ ထိုမြေခွေး၏ ကိုယ်ကို ဆင်သည် ခြေဖြင့်ခွေ၍ အစုကိုပြု၍ အထက်၌ မစင်ကိုချ၍ ကြိုးကြာသံကဲ့သို့သော အသံကိုမြည်၍ တောသို့ဝင်၏။ ဘုရားလောင်းသည် ဤအကြောင်းကိုမြင်၍ ယခုအခါ၌ မြေခွေး ထွန်းပလော ဟု ဆို၍ ဤဂါထာကို ရွတ်ဆို၏—

၁၄၃။ လသီစ တေ နိပ္ပလိတာ၊ မတ္ထကော စ ပဒါလိတော၊

သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ အဇ္ဇ ခေါ တွံ ဝိရောစသိ။

မြေခွေး သင်၏ ဦးနှောက်သည်လည်း ထွက်၏၊ ဦးခေါင်းသည်လည်း ကွဲ၏၊ သင်၏ ခပ်သိမ်းကုန်သော နံရိုးတို့သည် ကျိုးကုန်ပြီ၊ ယခုလျှင် သင်သည် ထွန်းပလော။

ဘုရားလောင်းသည် ဤဂါထာ ကိုဆို၍ အသက်တက်ဆုံး တည်၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ကိုအခါ မြေခွေးဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ကေသရရာဇာ ခြင်္သေ့ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

တစ်ရာလေးဆယ်သုံးခုမြောက်သော ဝိရောစနဇာတ်သည် ပြီး၏။

# ၁၄၄-နင်္ဂုဋ္ဌဇာတ်

## ယဇ်ပူဇော်မည့် နွားကြီးကို လုံခြုံအောင် မစောင့်တတ်သော မီးနတ်အား နွားမြီးကို ကျွေးခြင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည်- “ဗဟုမ္ပေတံ အသဗ္ဘိဇာတဝေဒ” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤနင်္ဂုဋ္ဌဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တက္ကတွန်းတို့၏ မိစ္ဆာအကျင့်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါ ထိုတက္ကတွန်းတို့သည် ဇေတဝန်ကျောင်းတော်၏ နောက်အပြင်၌ အထူးထူးအပြားပြားရှိသော မိစ္ဆာအကျင့်ကို ကျင့်ကုန်သတတ်။ များစွာကုန်သော ရဟန်းတို့သည် ထိုတက္ကတွန်းတို့၏ ဆောင့်ကြောင့်ထိုင်၍ လုံ့လပြုခြင်း၊ လင်းနို့ကဲ့သို့ တွဲလဲဆွဲ၍ ကျင့်ခြင်း၊ ဆူးပေါ်၌အိပ်ခြင်း၊ ပဉ္စာတပ အစရှိသည် အပြားရှိသော မိစ္ဆာအကျင့်ကိုမြင်၍ မြတ်စွာဘုရားကို အရှင်ဘုရား မိစ္ဆာအကျင့်ကိုမှီ၍ တစ်စုံတစ်ခုသော ကုသိုလ်သည် လည်းကောင်း၊ အစီးအပွါးသည်လည်းကောင်း ရှိသလောဟု မေးလျှောက်ကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ ဤသို့သဘောရှိသော မိစ္ဆာအကျင့်ကိုမှီ၍ ကုသိုလ်သည် လည်းကောင်း၊ အစီးအပွါးသည်လည်းကောင်း မရှိ။ ရှေးပညာရှိတို့သည် ဤသို့သဘောရှိသော မိစ္ဆာအကျင့်ကိုမှီ၍ ကုသိုလ်သည်လည်းကောင်း၊ အစီး အပွါးသည်လည်းကောင်း ဖြစ်လတ္တံ့ဟူသော အမှတ်ရှိသည်ဖြစ်၍ ဖွားသော နေ့၌ ယူအပ်သောမီးကိုယူ၍ တောသို့ဝင်၍ မီးပူဇော်ခြင်း အစရှိသည်၏ အစွမ်းအားဖြင့် တစ်စုံတစ်ခုသော အစီးအပွါးကို မမြင်ကုန်သည်ဖြစ်၍ မီးကို ရေဖြင့် ငြိမ်းစေ၍ ကသိုဏ်းပရိကံကိုပြု၍ အဘိညာဉ်တို့ကိုလည်းကောင်း၊ သမာပတ်တို့ကိုလည်းကောင်း ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့လားကုန်၏ဟု ဟောတော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဥဒိစ္စပုဏ္ဏားအမျိုး၌ ဖြစ်၏။ ဘုရားလောင်း၏ ဖွားသောနေ့၌ မိဘတို့သည် ဖွားသောနေ့ မီးကိုယူ၍ ထားကုန်၏။ ထိုအခါ ထိုဘုရားလောင်းကို တစ်ဆယ့်ခြောက်နှစ်ရှိသော အခါ၌ ချစ်သား

ငါတို့သည် သင်၏ဖွားသောနေ့၌ မီးကို ယူကုန်ပြီ။ အိမ်၌ အကယ်၍ နေလိုငြားအံ့၊ ဗေဒင်သုံးပုံတို့ကို သင်လော့။ ဗြဟ္မာ့ပြည်သို့ အကယ်၍ လားလိုငြားအံ့၊ မီးကိုယူပြီးလျှင် တောသို့ဝင်၍ မီးကို လုပ်ကျွေးလျက် ဗြဟ္မာကြီးတို့အား နှစ်သက်စေ၍ ဗြဟ္မာ့ပြည်သို့ လားလေလော့။ ဤသို့သော စကားကို ဆိုကုန်၏၊ ထိုဘုရားလောင်းသည် အိမ်၌နေသဖြင့် ငါ့အား အလိုမရှိဟု မီးကို ယူ၍ တောသို့ဝင်ပြီးလျှင် ကျောင်းဖန်ဆင်း၍ မီးကို လုပ်ကျွေးလျက် တော၌ နေ၏။ ဘုရားလောင်းသည် တစ်နေ့သ၌ ပစ္စန္တရစ်ရွာ၌ နွားအလှူကိုရ၍ ထိုနွားကို ကျောင်းသို့ဆောင်၍ ဘုန်းရှိသောမီးကို နွားသားကို စားစေအံ့ဟု ကြံ၏။ ထိုအခါ ဘုရားလောင်းအား ဤအရပ်၌ ဆားသည် မရှိ။ ဘုန်းရှိသော မီးသည် ဆားမရှိသော အမဲကို စားအံ့သောငှါ မတတ်နိုင်လတ္တံ့။ ရွာမှဆားကို ဆောင်၍ ဘုန်းရှိသောမီးကို ဆားနှင့်တကွသော အမဲကို စားစေအံ့ဟု ကြံ၏။ ဘုရားလောင်းသည် နွားကို ထိုကျောင်း၌လျှင် နှောင်ဖွဲ့၍ ဆားအကျိုးငှါ ရွာသို့သွား၏။ ဘုရားလောင်းသည် သွားသည်ရှိသော် များစွာကုန်သော မုဆိုးတို့သည် ထိုအရပ်သို့လာကုန်၍ နွားကိုမြင်သည်ရှိသော် သတ်၍ ချက်ပြီးလျှင် စား၍ အမြီးကိုလည်းကောင်း၊ ခြေချိုးကိုလည်းကောင်း၊ အရေကိုလည်းကောင်း ထိုအရပ်၌ စွန့်၍ ကြွင်းသောအသားကိုယူ၍ သွားကုန်၏။ ပုဏ္ဏားသည် လာလတ်၍ အမြီး အစရှိသည်မျှကိုမြင်၍ ဘုန်းရှိသော ဤမီးသည် မိမိဥစ္စာကိုလည်း စောင့်အံ့သောငှါ မတတ်နိုင်။ ငါ့ကိုကား အဘယ်အခါ၌ စောင့်လတ္တံ့နည်း၊ ဤမီးကို လုပ်ကျွေးခြင်းသည် အကျိုးမရှိသည်ဖြစ်ရာ၏။ ဤမီးကို လုပ်ကျွေးခြင်းဟူသော အကြောင်းကြောင့် ကုသိုလ်သည် လည်းကောင်း၊ အစီးအပွါးသည် လည်းကောင်း မရှိဟု ကြံ၏။ ကြံပြီး၍ ဘုရားလောင်းသည် မီးလုပ်ကျွေးခြင်း၌ ကင်းသော ဆန္ဒရှိသည်ဖြစ်၍ ဘုန်းရှိသော အိုမီး သင်သည် မိမိဥစ္စာကိုလည်း စောင့်အံ့သောငှါ မတတ်နိုင်။ ငါ့ကို အဘယ်အခါ၌ စောင့်လတ္တံ့နည်း၊ အမဲသည် မရှိ၊ ဤမျှဖြင့် နှစ်သက်လော့ဟု အမြီး အစရှိသည်တို့ကို မီး၌ထည့်လျက် ဤဂါထာကိုရွတ်ဆို၏—

၁၄၄။ ဗဟုမ္ပေ’တံ အသဗ္ဘိ ဇာတဝေဒ၊
ယံ တံ ဝါလဓိနာ’ဘိပူဇယာမ။
မံသာရဟဿ နတ္ထ’ဇ္ဇ မံသံ၊
နင်္ဂုဋ္ဌမ္ပိ ဘဝံ ပဋိဂ္ဂဟာတု။

ယုတ်မာသော မီး သင့်ကို ငါတို့သည် နွားမြီးဖြင့် ပူဇော်ကုန်၏၊ ထိုနွားမြီးသည် များ၏။ အမဲဖြင့် ပူဇော်ထိုက်သော သင့်အား ယခု ပူဇော်ဖွယ် အမဲသည် မရှိ၊ အရှင်သည် နွားမြီးကိုလည်း ခံလော့။

ဤသို့ဆို၍ ဘုရားလောင်းသည် မီးကို ရေဖြင့် ငြိမ်းစေ၍ ရသေ့ရဟန်းပြု၍ အဘိညာဉ်တို့ကိုလည်းကောင်း၊ သမာပတ်တို့ကိုလည်းကောင်း ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မီးကို ငြိမ်းစေသော ရသေ့ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

တစ်ရာလေးဆယ့်လေးခုမြောက်သော နင်္ဂုဋ္ဌဇာတ်သည် ပြီး၏။

---

၁၄၅-ရာဓဇာတ်

မိန်းမဟူသည် လုံအောင် အမြဲစောင့်နိုင်ခဲ

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "န တွံ ရာဓ ဝိဇာနာသိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သောဤရာဓဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မယားဟောင်း ဖြားယောင်းသောရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ပစ္စုပ္ပန်ဝတ္ထုသည် ဣန္ဒြိယဇာတ်၌ ထင်စွာဖြစ်လတ္တံ့၊ အထူးကား မြတ်စွာဘုရားသည် ထိုရဟန်းကို ခေါ်တော်မူ၍ ရဟန်း မာတုဂါမမည်သည် စောင့်ရှောက်ခြင်းငှါ မတတ်နိုင်၊ အစောင့်အရှောက်ကို ထား၍ စောင့်ရှောက်ကုန်သော်လည်း စောင့်ရှောက်အံ့သောငှါ မတတ်နိုင်ကုန်။ သင်သည်လည်း ရှေး၌ ထိုမိန်းမကို အစောင့်အရှောက်ထား၍ စောင့်ရှောက်အံ့သောငှါ မတတ်နိုင်။ ယခုအခါ၌ အသို့စောင့်ရှောက်လတ္တံ့နည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ကျေးအမျိုး၌ ဖြစ်၏။ ကာသိတိုင်း၌ တစ်ယောက်သော ပုဏ္ဏားသည် ဘုရားလောင်းကို လည်းကောင်း၊ ဘုရားလောင်း၏ ညီ ကို လည်း ကောင်း သားအရာ၌ ထား၍ မွေး၏။ ထိုနှစ်ခုကုန်သော ကျေးတို့တွင် ဘုရားလောင်းအား ပေါဋ္ဌပါဒ ဟူသော အမည်သည် ဖြစ်၏။ ညီ ငယ် အား ရာဓ ဟူ သော အ မည် သည် ဖြစ် ၏။

ထိုပုဏ္ဏားၡ်ကား မယားသည် လွန်ကျူးသောအကျင့်ရှိ၏။ သီလမရှိ။ ထိုပုဏ္ဏားသည် ကုန်သွယ်အံ့သောငှါ သွားသည်ရှိသော် နှစ်ကောင်ကုန်သော ကျေးသားညီနောင်တို့ကိုလည်း အမောင်တို့ သင်တို့၏ အမိဖြစ်သော ပုဏ္ဏေးမသည် လွန်ကျူးသော အကျင့်ကို အကယ်၍ ကျင့်အံ့၊ ထိုပုဏ္ဏေးမကို မြစ်ရစ်ကြကုန်လော့ဟု ဆို၏။ ဘုရားလောင်းသည် ဖခင်ကောင်းပြီ မြစ်ခြင်းငှါ တတ်နိုင်သည်ရှိသော် မြစ်ကုန်အံ့၊ မတတ်နိုင်သည်ရှိသော် ဆိတ်ဆိတ်နေကုန်သည် ဖြစ်ကုန်အံ့ဟု ဆို၏၊ ဤသို့ ပုဏ္ဏားသည် ပုဏ္ဏေးမကို ကျေးသားတို့အား အပ်နှင်း၍ ကုန်သွယ်အံ့သောငှါ သွား၏။ သွားသောနေ့မှစ၍ လွန်ကျူးသော အကျင့်ကို ကျင့်အံ့သောငှါ အားထုတ်၏၊ ဝင်ကုန်သော သူတို့၏လည်းကောင်း ထွက်ကုန်သော သူတို့၏လည်းကောင်း အဆုံးအပိုင်းမရှိ၊ ထိုပုဏ္ဏေးမ၏ အမှုအရာကို မြင်၍ ရဓသည် ဘုရားလောင်းကို အစ်ကိုကြီး ငါတို့၏အဖသည် သင်တို့၏အမိသည် လွန်ကျူးသော အကျင့်ကို အကယ်၍ ကျင့်အံ့၊ တားမြစ်ရစ်ကုန်လော့ဟု ဆို၍ သွား၏။ ယခု ပုဏ္ဏေးမသည် လွန်ကျူးသောအကျင့်ကို ကျင့်၏။ ထိုပုဏ္ဏေးမကို မြစ်ကုန်အံ့ဟု ဆို၏။ ဘုရားလောင်းသည် ညီငယ်သင်သည် မသိမ္ဘာသည်၏ အဖြစ်ကြောင့် မိုက်သည်၏ အဖြစ်ဖြင့်သာ ပြောဆို၏၊ မာတုဂါမမည်သည်ကို ချီ၍ရွက်၍ သွားကုန်သော သူတို့သည်လည်း စောင့်ရှောက်အံ့သောငှါ မတတ်နိုင်၊ အကြင်အမှုကို ပြုအံ့သောငှါ မတတ်နိုင် ထိုအမှုကိုပြုခြင်းသည် မသင့်ဟု ဆိုလို၍ ဂါထာကို ရွတ်ဆို၏—

၁၄၅။ နတ္ထံ ရာဓ ဝိဇာနာသိ၊ အစ္စရတ္တေ အနာဂတေ။
အဗျယတံ ဝိလပသိ၊ ဝိရတ္တော ကောသိယာယနေ။

ရာဓ သင်သည်မသိ သန်းခေါင်အခါသည် မရောက်မီ ဤမျှသော လူတို့သည် လာကုန်၏၊ ကောသိယအနွယ်ဖြစ်သော ပုဏ္ဏေးမသည် လင်ပုဏ္ဏား၌ တပ်ခြင်းကင်း၏၊ သင်သည် မလိမ္မာသောစကားကို ပြောဆို၏။

ဤသို့ ပြပြီး၍ကား ပုဏ္ဏေးမနှင့်တကွ ရာဓအား စကားဆိုခြင်ငှါ ခွင့်မပေး၊ ထိုပုဏ္ဏေးမသည်လည်း အကြင်မျှလောက် ပုဏ္ဏား၏မလာခြင်းသည် ရှိ၏။ ထိုမျှလောက် အလိုရှိတိုင်း ကျင့်၏။ ပုဏ္ဏားသည် လာလတ်၍ ပေါဋ္ဌပါဒကို အမောင် သင်၏အမိသည် အသို့သဘောရှိသနည်းဟု မေး၏။ ဘုရားလောင်းသည် ပုဏ္ဏားအား အလုံးစုံကို အဟုတ်အမှန်အားဖြင့် ဆို၏။ ဖခင် သင့်အား ဤသို့ သဘောရှိသော သီလမရှိသော ပုဏ္ဏေးမဖြင့် အဘယ်ပြုအံ့နည်းဟုဆို၍

ဖခင် ငါတို့သည် အမိ၏အပြစ်ကို ဆိုသောကာလမှစ၍ ဤအိမ်၌ နေခြင်းငှါ မသင့်ဟုဆို၍ ပုဏ္ဏား၏ခြေတို့ကို ရှိခိုး၍ ရာမနှင့်တကွ ပျံ၍ တောသို့ သွား၏။ မြတ်စွာဘုရားသည် ဤဒေသနာကို ဆောင်တော်မူ၍ လေးပါးကုန်သော သစ္စာတို့ကို ပြတော်မူ၏။ သစ္စာကို ပြသည်၏အဆုံး၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

ဇာတ်ပေါင်း

ယခုအခါ ထိုနှစ်ယောက်ကုန်သော လင်မယားတို့သည် ထိုအခါ ပုဏ္ဏားသည်လည်းကောင်း ပုဏ္ဏေးမသည်လည်းကောင်း ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ ရာမဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပေါဋ္ဌပါဒဖြစ်ဖူးပြီဟု ဇာတ်တို့ ပေါင်းတော်မူ၏။

တစ်ရာလေးဆယ့်ငါးခုမြောက်သော ရာမဇာတ်သည် ပြီး၏၊

---

## ၁၄၆-သမုဒ္ဒကာကဇာတ်

### ဟင်းချက်ကောင်းသော ဒါယိကာမသေ၍
### ဝိုင်းငိုကြသောရဟန်းများ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူမြတ်စွာဘုရားသည် "အပိနုဟနုကာ သန္တာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကာကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် များစွာကုန်သော အသက်ကြီးကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းတို့သည်၊ လူဖြစ်သောကာလ၌ သာဝတ္ထိပြည်၌ သူကြွယ်ဖြစ်ကုန် သည်သာ၊ ကြွယ်ဝကုန်၏၊ များသော ဥစ္စာရှိကုန်၏။ အချင်းချင်းအဆွေခင်ပွန်း ဖြစ်ကုန်၏။ တပေါင်းတည်းဖြစ်၍ ကောင်းမှုတို့ကို ပြုကုန်၏၊ မြတ်စွာဘုရား၏ တရားတော်ကိုနာ၍ ငါတို့သည် အသက်ကြီးကုန်ပြီ၊ ငါတို့အား အိမ်၌နေသဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ မြတ်စွာဘုရားအထံတော်၌ မွေ့လျော်ဖွယ်ရှိသော မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြု၍ ဆင်းရဲ၏အဆုံးကို ပြုကုန်အံ့ဟု ဆို၍ အလုံးစုံသောဥစ္စာကို သားသမီးတို့အားပေး၍ မျက်ရည်ဖြင့် ပြည့်သော

မျက်နှာရှိသော ဆွေမျိုးတို့ကို စွန့်၍ မြတ်စွာဘုရားအား ရဟန်း အဖြစ်ကို တောင်း၍ ရဟန်းပြုကုန်၏။ ရဟန်းပြုကုန်ပြီး၍လည်း ရဟန်းအားလျော်စွာ ရဟန်းတရားကို မပြုကုန်။ အသက်ကြီးသည်၏ အဖြစ်ကြောင့် သုတ်အဘိဓမ္မာ ဝိနည်းကို မသင်ကုန်။ လူဖြစ်သော ကာလကဲ့သို့ ရဟန်းဖြစ်သောကာလ၌လည်း ကျောင်းစွန်၌ သစ်ရွက်မိုးသော ကျောင်းကို ဆောက်စေ၍ တစ်ပေါင်းတည်း နေကုန်၏။ ဆွမ်းအလို့ငှါ သွားကုန်သော်လည်း တစ်ပါးသောအရပ်သို့ မသွားကုန်မူ၍ များသောအားဖြင့် မိမိတို့ သားမယားအိမ်တို့သို့သာလျှင် သွား၍ စားကုန်၏။ ထိုရဟန်းကြီးတို့တွင် တစ်ယောက်သောရဟန်းကြီး၏ မယားဟောင်းသည် ခပ်သိမ်းသော မထေရ်ကြီးတို့အား ကျေးဇူးပြုသည် ဖြစ်၏။ ထို့ကြောင့် ကြွင်းကုန်သော မထေရ်ကြီးတို့သည်လည်း မိမိတို့သည် ရအပ်သော အာဟာရတို့ကိုယူ၍ ထိုမိန်းမ၏ အိမ်၌သာလျှင်နေ၍ စားကုန်၏။

ထိုမိန်းမသည်လည်း ထိုရဟန်းကြီးတို့အား စီရင်မြဲတိုင်းသော ဟင်းလျာကို လှူ၏။ ထိုမိန်းမသည် အမှတ်မရှိသော အနာသည် နှိပ်စက်အပ်သည် ဖြစ်၍ သေ၏။ ထိုအခါ အသက်ကြီး ရဟန်းတို့သည် ကျောင်းသို့သွားကုန်၍ အချင်းချင်း လည်ကို ဖက်ကုန်၍ ချိုသော လက်အရသာရှိသော သီတင်းသည်မကြီးသည် သေခဲ့ပြီဟု ကျောင်းစွန်၌ငိုလျက် သွားကုန်၏။ ထိုရဟန်းကြီး၏ အသံကို ကြားကုန်၍ ထိုဥဩ်မှလည်း ရဟန်းတို့သည် စည်းဝေးကုန်၍ ငါ့ရှင်တို့ အဘယ့်ကြောင့် ငိုကြကုန်သနည်းဟု မေးကုန်၏ ထိုရဟန်းကြီးတို့သည် ငါတို့၏အဖော်ရဟန်း၏ ချိုသော လက်အရသာရှိသော မယားဟောင်းသည် သေခဲ့၏၊ ငါတို့အား အလွန်လျှင် ကျေးဇူးပြုပေ၏။ ယခုအခါ၌ အဘယ်မှာ ထိုသို့သဘောရှိသော သီတင်းသည်မကို ရကုန်လတ္တံ့နည်း။ ဤသို့သော အကြောင်းကြောင့် ငိုကြကုန်သတည်းဟု ဆိုကုန်၏။ ထိုရဟန်းကြီးတို့၏ ဖောက်ပြန်သော အခြင်းအရာကို မြင်၍ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ဤမည်သောအကြောင်းကြောင့် အသက်ကြီးကုန်သော မထေရ်တို့သည် အချင်းချင်း လည်ဖက်ကုန်၍ ကျောင်းစွန်၌ ငိုကုန်လျက် သွားကုန်၏ဟု စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သောစကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ထိုရဟန်းကြီးတို့သည် ထိုမိန်းမ၏ သေသည်၏အဖြစ်ကြောင့် ငိုကုန်လျက် သွားကုန်သည် မဟုတ်သေး၊ ရှေး၌လည်း ထိုရဟန်းကြီးတို့သည် ကျီးအမျိုး၌ဖြစ်၍ သမုဒ္ဒရာ၌ သေသော ဤမိန်းမကို မှီ၍ သမုဒ္ဒရာရေကို တစ်ပါးသို့ ပြောင်း၍ ထိုကျီးမကို ထုတ်ယူအံ့ဟု လုံ့လပြုလျက် ပညာရှိတို့ကိုမှီ၍ အသက်ကို ရဖူးကုန်ပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတီတ်ဝတ္ထု

## သမုဒ္ဒရာရေကို နှုတ်သီးဖြင့် ယူသယ်ထုတ်၍ ရေနစ်သော ကျီးမကို ရှာဖွေခြင်း

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သမုဒ္ဒရာစောင့်နတ် ဖြစ်၏။ ထိုအခါ တစ်ခုသော ကျီးသည် မိမိမယားဖြစ်သော ကျီးမကိုခေါ်၍ အစာရှာ သွားသည်ရှိသော် သမုဒ္ဒရာနားသို့ ရောက်၏။ ထိုကာလ၌ လူတို့သည် သမုဒ္ဒရာ၌ နို့ ဃနာ ငါး အမဲ သုရာ အစရှိသည်တို့ဖြင့် နဂါးအား ပူဇော်ခြင်းကိုပြု၍ သွားကုန်၏။ ကျီးသည် ပူဇော်ရာအရပ်သို့သွား၍ နို့ ဃနာ အစရှိသည်တို့ကိုမြင်၍ ကျီးမနှင့်တကွ နို့ ရည် ဃနာ အမဲ အစရှိသည်တို့ကိုစား၍ များစွာသော သုရာကို သောက်၏။ ထိုကျီးလင်မယားတို့သည်လည်း သုရာယစ်ကုန်သည်ဖြစ်၍ သမုဒ္ဒရာ၌ ကစားခြင်းကို စကားကုန်အံ့ဟု ကမ်းနား၌နား၍ ရေချိုးအံ့သောငှါ အားထုတ်ကုန်၏။ ထိုအခါ တစ်ခုသော လှိုင်းတံပိုးသည် လာလတ်၍ ကျီးမကိုယူ၍ သမုဒ္ဒရာသို့ သွင်း၏။ ထိုကျီးမကို တစ်ခုသော ငါးသည် စား၍မျို၏။ ကျီးဖိုသည် ငါ၏မယားသည် သေခဲ့၏ဟု ငို၏။ အဖန်တလဲလဲ ငို၏။ ထိုကျီးဖို၏ငိုသံကိုကြားကုန်၍ များစွာသော ကျီးတို့သည် စည်းဝေးကုန်၍ အဘယ့်ကြောင့် ငိုသနည်းဟု မေးကုန်၏။ ကမ်းနား၌ ရေချိုးသော သင်တို့၏ အဆွေခင်ပွန်းမကို လှိုင်းတံပိုးသည် ယူအပ်သည်ဟု ဆို၏၊ ထိုအလုံးစုံသော ကျီးတို့သည်လည်း တစ်ပြိုင်နက်သောအသံကို မြည်ကုန်လျက် ငိုကုန်၏၊ ထိုအခါ ထိုကျီးတို့အား ဤသမုဒ္ဒရာရေ မည်သည်ကား ငါတို့အား အဘယ်မှာ ယူလောက်လတ္တံ့နည်း။ ရေကို တစ်ပါးသို့ပြောင်း၍ သမုဒ္ဒရာကို အချည်းနှီးပြု၍ အဆွေခင်ပွန်းမကို ထုတ်ကြကုန်အံ့။ ဤသို့သော အကြံသည် ဖြစ်၏။ ကြံပြီး၍ ထိုကျီးတို့သည် ခံတွင်းကို ပြည့်စေ၍ ရေကို အပ၌ စွန့်ကုန်၏။ ဆားငန်ရေကြောင့် လည်သည် ခြောက်သည်ရှိသော် ထ၍ ထ၍ ကုန်းသို့သွားကုန်၍ အပင်အပန်း ဖြေကုန်၏။ ထိုကျီးတို့သည် မေးတို့သည် ညောင်းကုန်သည်ရှိသော် ခံတွင်းတို့သည် ခြောက်ကုန်သည်ရှိသော် မျက်စိတို့သည် နီကုန်သည်ရှိသော် အိပ်ချင်ကုန်သည် ပင်ပန်းကုန်သည် ဖြစ်ကုန်၍ အချင်းချင်း ခေါ်ကုန်၍ အိုအချင်းတို့ ငါတို့သည် သမုဒ္ဒရာမှ ရေကိုယူ၍ အပ၌ ကျစေကုန်၏။ ယူရာအရပ်ကို တစ်ဖန် ရေဖြင့် ပြည့်စေ၏။ သမုဒ္ဒရာကို အချည်းနှီးပြုအံ့သောငှါ မတတ်နိုင်ကုန်လတ္တံ့ဟု ဆိုလို၍ ဤဂါထာကို ဆို၏။

၁၄၆။ အပိ နု ဟနုကာ သန္တာ၊ မုခဉ္စ ပရိသုဿတိ။
ဩရမာမ န ပါရေမ၊ ပူရတေဝ မဟောဒဓိ။

အိုကျီးတို့ ငါတို့သည် မိမိ၏ အစွမ်းဖြင့် မဟာသမုဒ္ဒရာမှရေကို ထုတ်ကုန်၏။ အပြီးသို့ရောက်အောင် မထုတ်နိုင်။ စင်စစ် ငါတို့၏ မေးတို့သည် ညောင်းကုန်၏။ ခံတွင်းသည်လည်း ခြောက်၏၊ သမုဒ္ဒရာရေသည် ပြည့်မြဲ ပြည့်၏။

ဤသို့ ဆို၍လည်း အလုံးစုံလည်း ဖြစ်ကုန်သော ထိုကျီးတို့သည် ထိုကျီးမအား ဤသို့ သဘောရှိသော နှုတ်သီးသည် ဖြစ်၏။ လုံးသော မျက်စိတို့သည် ဤသို့ သဘောရှိကုန်၏။ အဆင်းသဏ္ဌာန်တို့သည် ဤသို့ သဘောရှိကုန်၏။ သာယာသော အသံသည် ဤသို့ သဘောရှိ၏။ ငါတို့၏ ထိုကျီးမသည် ဤခိုးသူ သမုဒ္ဒရာကိုမှီ၍ ပျက်စီးနိ၏ဟု များစွာ မြည်တမ်းကုန်၏။ ဤသို့ မြည်တမ်းကုန်သည် ရှိသော် ထိုကျီးတို့ကို သမုဒ္ဒရာစောင့်နတ်သည် ကြောက်မက်ဖွယ်သော အဆင်းကိုပြ၍ ပြေးစေ၏။ ဤသို့ ပြေးစေသဖြင့် ထိုကျီးတို့အား ချမ်းသာခြင်းသည် ဖြစ်၏။

**ဇာတ်ပေါင်း**

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ မယားဟောင်းသည် ထိုအခါ ကျီးမဖြစ်ဖူးပြီ။ ယခုအခါ အသက်ကြီး ရဟန်းသည် ထိုအခါ ကျီးဖို ဖြစ်ဖူးပြီ။ ယခုအခါ ကြွင်းကုန်သော အသက်ကြီး ရဟန်းတို့သည် ထိုအခါ ကြွင်းကုန်သော ကျီးတို့သည် ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သမုဒ္ဒရာစောင့်နတ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာလေးဆယ့်ခြောက်ခုမြောက်သော သမုဒ္ဒကာကဇာတ်သည် ပြီး၏။

---

## ၁၄၇–ပုပ္ဖရတ္တဇာတ်

### မိန်းမအတွက် ဝတ်ပန်းခိုးသူ တံကျင်လျှိုအသတ်ခံရ

**ပစ္စုပ္ပန်ဝတ္ထု**

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "နယိဒံ ဒုက္ခံ အဒုံ ဒုက္ခံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပုပ္ဖရတ္တဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တင်ယောက်သော ငြီးငွေ့သောရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း သင်သည် ငြီးငွေ့သတတ်ဟူသည် မှန်သလောဟု မေးတော်မူသည်ရှိသော် အရှင်ဘုရား မှန်ပေ၏ဟု နားတော်

လျှောက်၏။ အဘယ်သူသည် ငြိုးငွေ့စေအပ်သနည်းဟု မေးတော်မူသည်ရှိသော် မယားဟောင်းသည် ငြိုးငွေ့စေအပ်သည်ဟု နားတော်လျှောက်၍ အရှင်ဘုရား ထိုမိန်းမသည် ချိုသောလက်ရှိ၏။ ထိုမိန်းမနှင့်ကင်း၍ နေခြင်းငှါ မတတ်နိုင်ဟု လျှောက်၏။ ထိုအခါ ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း ဤမိန်းမသည် သင့်အား အကျိုးမရှိသည်ကို ပြု၏။ ရှေး၌လည်း သင်သည် ထိုမိန်းမကို မှီ၍ တံကျင်၌ လျှိုအင်လျက် ထိုမိန်းမကိုလွမ်း၍ တောင်တလျက်သေ၍ ငရဲ၌ဖြစ်၏။ ယခုအခါ အဘယ်ကြောင့် တဖန် တောင့်တပြန်သနည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် အာကာသစိုးနတ် ဖြစ်၏။ ထိုအခါ ဗာရာဏသီပြည်ဝယ် တန်ဆောင်မုန်းလပြည့်၌ လည့်လည်သော ပွဲသဘင်သည် ဖြစ်၏။ မြို့ကို နတ်မြို့ကိုကဲ့သို့ တန်ဆာဆင်ကုန်၏။ အလုံးစုံသော လူသည် ပွဲသဘင်ကစားခြင်းကို မှီသည်ဖြစ်၏။ ဝင်ယောက်သော သူဆင်းရဲအားကား တစ်ခုသောလျှင် ဖြစ်သော ဝခဲနက်သော ပုဆိုးစုံသည် ရှိသည်ဖြစ်၏။ ထိုယောကျ်ားသည် ပုဆိုးစုံကို ကောင်းစွာ ဖွပ်ခြင်းဖြင့် ဖွပ်စေ၍ ခေါက်စေ၍ အတွန့်တစ်ရာ အတွန့်တစ်ထောင်ကို ပြုစေ၍ ထား၏။ ထိုအခါ ထိုယောကျ်ားကို မယားသည် အရှင် ငါသည် ဆိုးထုံသော ဝတ်ပန်းဆိုး အဝတ်ကို ဝတ်၍ တစ်ထည်သော ဝတ်ပန်းဆိုးပုဆိုးကို ရုံ၍ သင်၏လည်၌ ဖက်၍ တန်ဆောင်မုန်းလ ညဥ့်အခါ၌ လှည့်လည်ခြင်းကို လှည့်လည်အံ့သောငှါ အလိုရှိ၏ဟု ဆို၏၊ ရှင်မ အဘယ်မှာ ဆင်းရဲကုန်သော ငါတို့အား ဝတ်ပန်းဆိုး အဝတ်ကို ရတုံအံ့နည်း၊ ဖြူစင်သောအဝတ်ကို ဝတ်၍ ကစားလော့ဟု ဆို၏။ ဝတ်ပန်းဆိုးအဝတ်ကို မရသည်ရှိသော် ပွဲသဘင် ကစားခြင်းကို မကစားအံ့၊ သင်သည် တပါးသော မိန်းမကို ခေါ်၍ ကစားလေလော့ဟု ဆို၏။ ရှင်မ အဘယ်ကြောင့် နှိပ်စက်ဘိသနည်း အဘယ်မှာ ငါတို့အား ဝတ်ပန်းဆိုး ပုဆိုးအဝတ်ကို ရတုံအံ့နည်းဟု ဆို၏။ အရှင် ယောကျ်ားအား အလိုရှိသည်ရှိသော် အဘယ်မှာ မရရှိတုံအံ့နည်း၊ မင်း၏ ဝတ်ပန်းခင်း၌ များစွာသော ဝတ်ပန်းသည် ရှိသည်မဟုတ်လောဟု ဆို၏၊ ရှင်မ ထိုအရပ်သည် ရက္ခိုသ်သိမ်းဆည်းသော ရေကန်နှင့် တူ၏။ များသော အစောင့်အရှောက် ရှိ၏။ ကပ်အံ့သောငှါ မတတ်ကောင်း သင်သည် ထိုအမှုကို မနှစ်သက်လင့်၊ ရတိုင်းသော အဝတ်ဖြင့်လျှင် ရောင့်ရဲလောဟု ဆို၏။ အရှင် ညဥ့်အဖို့၌ အမိုက်သည် ရှိခဲ့သော် ယောကျ်ား၏ မရောက်ရာ အရပ်မည်သည် မရှိဟုဆို၏။

ထိုယောကျ်ားသည် ထိုမိန်းမသည် အဖန်တလဲလဲ ဆိုသည်ရှိသော် ကိလေသာ၏ အစွမ်းအားဖြင့် ထိုမိန်းမ၏ စကားကို လိုက်နာ၍ ရှင်မ ဤသို့ဖြစ်စေမကြံလင့်ဟု ထိုမယားကို နှစ်သိမ့်စေ၍ ညဉ့်အဖို့၌ အသက်ကို စွန့်၍ မြို့မှထွက်၍ မင်း၏ ဝတ်ပန်းခင်းသို့ သွား၍ စောင်ရန်းကိုနင်း၍ ယာတင်းသို့ ဝင်၏။ စောင့်ရှောက်ကုန်သော သူတို့သည် စောင်ရန်းသံကို ကြား၍ ခိုးသူ ခိုးသူဟု ခြံရံကုန်ပြီးသည်ရှိသော် ဖမ်းကုန်၍ ရေရွတ်ထောင်းခတ် နှောင်ဖွဲ့၍ ညဉ့်သည် လင်းသည်ရှိသော် မင်းအား ပြကုန်၏။ မင်းသည် သွားကြကုန်၊ ထိုခိုးသူကို တံကျင်ဖြင့် လျှိုလေကုန်ဟု ဆို၏။ ထိုအခါ ထိုခိုးသူကို လက်ပြန်ဖွဲ့၍ သူသတ်စည်ကြီးကို တီးလျက် မြို့မှထွက်၍ တံကျင်လျှိုကုန်၏။ ပြင်းစွာသော ဝေဒနာတို့သည် ဖြစ်ကုန်၏။ ကျီးတို့သည် ဦးခေါင်း၌ နားကုန်၍ သံတံကျင်နှင့် တူကုန်သော နှုတ်သီးဖြင့် မျက်စိတို့ကို ထိုးကုန်၏။ ထိုယောကျ်ားသည် ထိုသို့သော ဆင်းရဲကို နှလုံးမသွင်းမူ၍ ထိုမိန်းမကိုသာလျှင် အောက်မေ့၍ တခဲနက်သော ဝတ်ပန်းဆိုး အဝတ်ကို ဝတ်လျက် လည်၌ ဖက်ခြင်းငှါ အလိုရှိသော မောင်နှံအစုံရှိသော ထိုသို့ သဘောရှိသော မိန်းမနှင့်တကွ တန်ဆောင်မုန်းလ ညဉ့်၌ လှည့်လည်ခြင်းမှ ငါသည် ယုတ်၏ဟု ဆိုလို၍ ဂါထာကို ရွတ်ဆို၏—

**၁၄၇။ နယိဒံ ဒုက္ခံ အဒုံ ဒုက္ခံ၊ ယံမံ တုဒတိ ဝါယသော။**

**ယံ သာမာ ပုပ္ဖရတ္တေန၊ ကတ္တိကံ နာနုဘောဿတိ။**

ကျီးသည် ငါ့ကို သံတံကျင်နှင့်တူသော နှုတ်သီးဖြင့် ထိုးခြင်းသည် ငါ့အား မဆင်းရဲ၊ ရွှေသောအဆင်းရှိသော မိန်းမသည် ဝတ်ပန်းဆိုး အဝတ်ဖြင့် တန်ဆောင်မုန်းလ ပွဲသဘင်ကို မခံစားရသည်ဖြစ်အံ့၊ ထိုသို့ မောင်နှံတွဲ၍ ပွဲသဘင် မခံစားရဘဲ အလွဲကြီး လွဲသော ဆင်းရဲသည်သာ ငါ့အားဆင်းရဲ၏။

ထိုယောကျ်ားသည် ဤသို့ မာတုဂါမကို အာရုံပြု၍ မြည်တမ်းလျက်လျှင် သေ၍ ငရဲ၌ဖြစ်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ ယခုအခါ လင်မယားတို့သည် ထိုအခါ လင်မယား ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ထိုအကြောင်းကို မျက်မှောက်ပြု၍ တည်သော အာကာသစိုးနတ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာလေးဆယ့်နှစ်ခုမြောက်သော ပုပ္ဖရတ္တဇာတ်သည် ပြီး၏။

# ၁၄၈-သိင်္ဂါလဇာတ်

## ရန်သူကိလေသာကို အသေးအဖွဲ့ဟူ၍အထင်မသေးရ ဆင်သေကောင်အတွင်း ပိတ်မိနေသောမြေခွေး

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "နာဟံ ပုန န စ ပုန" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသိင်္ဂါလဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ကိလေသာနှိပ်နင်းခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ ငါးရာ အတိုင်းအရှည်ရှိကုန်သော အဆွေခင်ပွန်း ဖြစ်ကုန်သော များစွာ စည်းစိမ်ရှိကုန်သော သူဌေးသားတို့သည် မြတ်စွာဘုရား တရားတော်ကို နာ၍ သာသနာတော်၌ အသက်ကိုစွန့်၍ ရဟန်းပြု၍ ဇေတဝန်ကျောင်းတော် အစွန်ဖြစ်သော ကျောင်းရံတွင်း၌ နေကုန်သတတ်။ ထိုအခါ တစ်နေ့သ၌ ထိုငါးရာကုန်သော ရဟန်းတို့အား ကိလေသာကိုမှီသော အကြံ ရှိသည် ဖြစ်၏၊ ထိုရဟန်းတို့သည် ငြီးငွေ့ကုန်သည် ဖြစ်၍ မိမိတို့ သည် စွန့်အပ်ကုန်သော ကိလေသာတို့ကို တစ်ဖန်ယူအပ်သောငှါ စိတ်ကို ဖြစ်စေကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် သန်းခေါင်ယံ အခါ၌ သဗ္ဗညုတ ဉာဏ် တည်းဟူသော တိုင်နှင့်တကွသော ဆီမီးကို ချီ၍ ဇေဝဝန်ကျောင်း တော်၌ ရဟန်းတို့သည် အဘယ်မွေလျော်ခြင်းဖြင့် နေကြကုန်သနည်းဟု ရဟန်း တို့၏ အလိုကို ကြည့်တော်မူသည်ရှိသော် ထိုရဟန်းတို့၏ ကိုယ်တွင်း၌ ကာမ ရာဂနှင့်ယှဉ်သော အကြံဖြစ်သည်၏ အဖြစ်ကို သိတော်မူ၏။ မြတ်စွာဘုရား သည်လည်း တစ်ယောက်သော သားရှိသော မိန်းမသည် မိမိ၏သားကို စောင့် သကဲ့သို့လည်းကောင်း၊ မျက်စိတစ်ဖက်သာရှိသော ယောက်ျားသည် တစ်ဖက် သော မျက်စိကို စောင့်သကဲ့သို့လည်းကောင်း ကိုယ်တော်၏ တပည့်တို့ကို စောင့်၏။ နံနက်အစသည်တို့တွင် အကြင်အကြင်အခါ၌ အကြင်ရဟန်းတို့အား ကိလေသာတို့သည် ဖြစ်ကုန်၏။ ထိုရဟန်းတို့အား ထိုကိလေသာတို့ကို ထို့ထက် အလွန်ပွါးစိမ့်သောငှါ မပေးမူ၍ ထိုထိုဖြစ်သော အခါ၌လျှင် နှိပ်၏။ ထို့ကြောင့် မြတ်စွာဘုရားအား စကြဝတေးမင်း၏ မြို့တွင်း၌သာလျှင် ခိုးသူတို့၏ဖြစ်သော ကာလကဲ့သို့ ဤကိလေသာသည် ဖြစ်၏။ ယခုအခါ၌လျှင် ထိုရဟန်းတို့အား ဤဓမ္မဒေသနာကို ပြု၍ ကိလေသာတို့ကို နှိပ်၍ အရဟတ္တဖိုလ်ကို ပေးအံ့၊ ဤသို့သော အကြံတော်သည် ဖြစ်၏။

ထိုမြတ်စွာဘုရားသည် မွှေးကြိုင်စွာသော ဂန္ဓကုဋီမှ ထွက်တော်မူ၍ သာယာစွာသော အသံတော်ဖြင့် အာနန္ဒာဟု တရားဘဏ္ဍာစိုး ဖြစ်သော အရှင်

အာနန္ဒာ မထေရ်ကို ခေါ်တော်မူ၏။ အရှင်အာနန္ဒာ မထေရ်သည် အရှင်ဘုရား အဘယ်နည်းဟု လာလတ်၍ ရှိခိုး၍ တည်၏၊ အာနန္ဒာ အကြင်မျှလောက်ကုန်သော ရဟန်းတို့သည် အစုန်ဖြစ်သော ကျောင်းတိုက်တွင်း၌ နေကုန်၏။ ခပ်သိမ်းကုန်သော ရဟန်းတို့ကိုလျှင် ဂန္ဓကုဋိပရိဝုဏ်၌ စည်းဝေးစေကုန်လော့ဟု မိန့်တော်မူ၍ မြတ်စွာဘုရားအား ငါသည် ထိုငါးရာကုန်သော ရဟန်းတို့ကိုလျှင် အကယ်၍ ခေါ်တော်မူအံ့၊ မြတ်စွာဘုရားသည် ငါတို့၏ ကိုယ်တွင်း၌ ကိလေသာတို့၏ ဖြစ်သော အဖြစ်ကို သိအပ်ပြီဟု ထိတ်လန့်သော စိတ်ရှိကုန်သည်ဖြစ်၍ ဓမ္မဒေသနာကို ခံအံ့သောငှါ မစွမ်းနိုင်ကုန်လတ္တံ့၊ ဤသို့သော အကြံသည် ဖြစ်တော်မူ၏။ ထို့ကြောင့် ခပ်သိမ်းကုန်သော ရဟန်းတို့ကို စည်းဝေးစေကုန်လော့ဟု မိန့်တော်မူ၏။ အာနန္ဒာမထေရ်သည် အရှင်ဘုရား ကောင်းပြီဟု သော့ကောက်ကို ယူ၍ ပရိဝုဏ်တစ်မသည် ပရိဝုဏ်တစ်ခုသို့ လှည့်လည်၍ ခပ်သိမ်းကုန်သော ရဟန်းတို့ကို ဂန္ဓကုဋိပရိဝုဏ်၌ စည်းဝေးစေ၍ မြတ်စွာဘုရားတို့၏ နေရာကို ခင်း၏။

မြတ်စွာဘုရားသည် ထက်ဝယ်ဖွဲ့၍ အထက်ကိုယ်တော်ကို ဖြောင့်စွာထား၍ ကျောက်မြေ၌ တည်သော မြင့်မိုရ်တောင်ကဲ့သို့ အသွယ်သွယ် အစုံစုံ ခြောက်သွယ်ကုန်သော တခဲနက်ကုန်သော ဘုရားရောင်ခြည်တော်တို့ကို လွှတ်လျက် ခင်းအပ်သော ဘုရားနေရာ၌ နေတော်မူ၏။ ထိုရောင်ခြည်တော်တို့သည်လည်း ခွက်အတိုင်းအရှည် ရှိကုန်လျက် ထီးအတိုင်းအရှည်ရှိကုန်လျက် ဇုလစ် မှန်းချန် တပ်သော အိမ်ဝမ်း အတိုင်းအရှည်ရှိကုန်လျက် ပြတ်ကုန်၍ ကောင်းကင်ပြင်၌ လျှပ်စစ်နွယ်ကဲ့သို့ ထက်ဝန်းကျင်သို့ သွားကုန်၍ သမုဒ္ဒရာဝမ်းကို ချောက်ချားစေ၍ နေလုလင် ထွက်သော ကာလကဲ့သို့ ဖြစ်၏။ ရဟန်းငါးရာ သည်လည်း မြတ်စွာဘုရားကို ရှိခိုး၍ လေးမြတ်သော စိတ်ကို ဖြစ်စေ၍ ကမ္ဗလာနီ တင်းတိမ်ဖြင့် ရုံဘိသကဲ့သို့ ခြံရံ၍ နေ၏။ မြတ်စွာဘုရားသည် ဗြဟ္မာမင်း၏ အသံနှင့်တူသော အသံတော်ကို မြွက်တော်မူ၍ ရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းမည်သည် ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာဝိတက် ဤသုံးပါး ကုန်သော အကုသလဝိတက်တို့ကို ကြံခြင်းငှါ မသင့်။ ထိုစကားသည် မှန်၏။ အတွင်း၌ ဖြစ်သော ကိလေသာကို အနည်းငယ်ဟူ၍ မထီမဲ့မြင် အောက်မေ့ခြင်းငှါ မသင့်။ ကိလေသာမည်သည် ရန်သူနှင့်တူ၏။ ရန်သူသည်လည်း ငယ်သော မည်သည်မရှိ၊ အခွင့်ရသည်ရှိသော် ပျက်စီးခြင်းသို့ရောက်စေ၏။ ဤအတူသာလျှင် အနည်းငယ်ဖြစ်သော ကိလေသာသည် ဖြစ်၍ပွားခြင်းငှါ ရသည်ရှိသော် ပျက်စီးခြင်းသို့ရောက်စေ၏။ ဤကိလေသာမည်သည် လတ်တလော သေစေတတ်သော အဆိပ်နှင့်တူ၏။ အသားအရေ၌ဖြစ်သော အိုင်းအမာနှင့်တူ၏။ လျင်သောအဆိပ်ရှိသော မြွေနှင့်တူ၏။ မိုးကြိုးလောင်မီးနှင့်တူ၏။ ကပ်ငြိ

စေခြင်းငှါမသင့် ရှုံ့ရှာအပ်၏။ ဖြစ်ဘိုင်း ဖြစ်တိုင်းသော ခဏ၌လျှင် ပညာ၏ အစွမ်းအားဖြင့် ဘာဝနာ၏ အစွမ်းအားဖြင့် အကြင် သို့သော အခြင်းအရာ အားဖြင့် စွန့်အပ်သည် ရှိသော် တစ်ခဏမျှဝ ည်း နှလုံး၌မတည် မူ၍ ပဒုမ္မာ ရွက်၌ ရေပေါက်ကဲ့သို့ လျှောကျ၏။ ထိုသို့သော အခြင်းအရာအားဖြင့် စွန့်အပ်၏။ ရှေးပညာရှိတို့သည်လည်း အနည်းငယ်သော ကိလေသာကို ကဲ့ရဲ့၍ အကြင်သို့သော အခြင်းအရာအားဖြင့် တစ်ဖန် ကိုယ်တွင်း၌ မဖြစ်။ ထိုသို့သော အခြင်းအရာအားဖြင့် နိပ်ကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည်မြေခွေးအမျိုး၌ပဋိသန္ဓေယူ၍တောဝယ် မြစ်နား၌နေ၏။ ထိုအခါ တစ်ခုသောဆင်အိုသည် ဂင်္ဂါမြစ်နား၌ သေ၏။ မြေခွေးသည် အစာရှာသွားသည်ရှိသော် ထိုဆင်သေကောင်ကိုမြင်၍ ငါ့အား များစွာသော အစာသည် ဖြစ်၏ဟု သိ၍ ထိုဆင်သေကို နှာမောင်း၌ကိုက်၏။ ထွန်တုံးထွန်သံ၌ ကိုက်သောကာလ၌ ကဲ့သို့ဖြစ်၏။ ထိုမြေခွေးသည် ဤနှာမောင်း၌ စားအပ်သည်နှင့် ယှဉ်သော အသားသည် မရှိဟု အစွယ်တို့၌ ကိုက်၏။ အရိုး၌ကိုက်သော ကာလကဲ့သို့ ဖြစ်၏။ နားတို့၌ ကိုက်၏။ စကောစွန်း၌ကိုက်သော ကာလကဲ့သို့ ဖြစ်၏။ ဝမ်း၌ကိုက်၏။ ကျီ၌ကိုက်သော ကာလကဲ့သို့ဖြစ်၏။ ခြေ၌ကိုက်၏။ ဆုံ၌ကိုက်သော ကာလကဲ့သို့ဖြစ်၏။ အမြီး၌ကိုက်၏။ ကျည်ပွေ့၌ ကိုက်သောကာလကဲ့သို့ဖြစ်၏။ မြေခွေးသည် ဤအမြီး၌စားအပ်သည်နှင့်ယှဉ်သော အသားသည်မရှိဟု အလုံးစုံသော အရပ်၌ သာယာခြင်းကိုမရ၍ ဝစ္စမဂ်၌ကိုက်၏ နူးညံ့သောမုန့်၌ ကိုက်သောကာလကဲ့သို့ ဖြစ်၏။ ထိုမြေခွေးသည် ယခုငါသည် ဤဆင်ကောင်၌ နူးညံ့သော စားအပ်သည်နှင့် ယှဉ်သော အရပ်ကို ရပြီဟု ထိုဝစ္စမဂ်မှစ၍ စားလျက် ဝမ်းတွင်းသို့ ဝင်၍ အညို့နှလုံး အစရှိသည်တို့ကို စား၍ ရေငတ်သောကာလ၌ သွေးကို သောက်၏။ အိပ်သောကာလ၌ ဝမ်းရေကိုဖြန့်၍အိပ်၏။ ထိုအခါ ထိုမြေခွေးအား ဤဆင်သေကောင်သည် ငါ့အားနေခြင်းငှါ ချမ်းသာသည်၏အဖြစ်ကြောင့် အိမ်နှင့်တူ၏။ စားလိုသည် ရှိသော် အသားသည်များ၏။ ယခု ငါ့အား တစ်ပါးသော အရပ်သို့ သွားခြင်း အမှုသည် အဘယ်မှာရှိအံ့နည်းဟု ထိုမြေခွေးသည် တစ်ပါးသောအရပ်သို့ မသွားမူ၍ ဆင်ဝမ်း၌သာလျှင် အသားကိုစား၍နေ၏။ ရှည်သောကာလသည် တိုင်ရောက်သည်ရှိသော် နွေအခါ လေအတွေ့ကြောင့်လည်းကောင်း နေပူခြင်း ကြောင့်လည်းကောင်း ထိုအကောင်သည် ခြောက်၍ အတွန့်ကိုယူ၏။

မြေခွေး၏ ဝင်ရာတံခါးသည် ပိတ်၏။ ဝမ်းတွင်း၌အမိုက်သည်ဖြစ်၏။ ထိုမြေခွေးအား လောကန္တရက်၌ နေရသကဲ့သို့ဖြစ်၏။ အကောင်ခြောက်သည်ရှိသော် အသားသည်လည်း ခြောက်သွေ့သည်လည်း ပြတ်၏။

ထိုမြေခွေးသည် ထွက်ရာတံခါးကို မရသည်ရှိသော် ဘေးသို့ရောက်သည်ဖြစ်၍ ပြေးလျက် ထိုမှ ဤမှတိုးဝှေ့၍ ထွက်ရာတံခါးကို ရှာလျက်သွား၏။ ထိုမြေခွေးသည် ထမင်းအိုး၌ မုန့်လုံးကဲ့သို့ သွားသည်ရှိသော် နှစ်ရက်သုံးရက် လွန်သဖြင့် မိုးကြီးသည်းထန်စွာ ရွာ၏။ ထိုအခါ ထိုအကောင်သည် မိုးစွတ်သည်ရှိသော် ထ၍ ပကတိသဏ္ဌာန်ဖြင့် တည်၏။ ဝစ္စမဂ်သည် ပွင့်သည်ဖြစ်၍ ကြယ်ကဲ့သို့ထင်၏။ မြေခွေးသည် ထိုအပေါက်ကိုမြင်၍ ငါ့အား ယခုအခါ၌ အသက်ကို ရအပ်ပြီဟု ဆင်ဦးခေါင်းတိုင်အောင် နောက်သို့ ဆုတ်ပြီးလျှင် လျင်စွာ အဟုန်ဖြင့်ပြေး၍ ဝစ္စမဂ်ကို ဦးခေါင်းဖြင့် တိုးဝှေ့၍ ထွက်၏။ မြေခွေး၏ ထက်ဝန်းကျင် ပြတ်သောကိုယ်ရှိသည်၏ အဖြစ်ကြောင့် အလုံးစုံသော အမွေးတို့သည် ဝစ္စမဂ်၌သာလျှင်ငြိကုန်၏။ မြေခွေးသည်ထန်းတုံးနှင့်တူသောအမွေးရှိသော ကိုယ်ဖြင့် ထိတ်လန့်သောစိတ်ရှိသည်ဖြစ်၍ အတန်ငယ်ပြေးပြီးလျှင် ပြန်၍ ထိုင်လျက်ကိုယ်ကိုကြည့်ရှု၍ ငါ့အားဆင်းရဲကို တစ်ပါးသောသူသည်မပြုအပ်။ လောဘ၏ အကြောင်းကြောင့်ကား လောဘကိုမှီ၍ ငါသည် ထိုဆင်းရဲကို ပြုအပ်၏။ ဤနေ့မှစ၍ကား လောဘအလိုသို့ လိုက်သည် မဖြစ်အံ့။ တစ်ဖန် ဆင်ကောင်၏ ကိုယ်သို့ မဝင်အံ့ဟု ထိတ်လန့်သော စိတ်ရှိသည်ဖြစ်၍ ဂါထာကိုဆို၏—

**၁၄၈။ နာဟံ ပုန န စ ပုနံ၊ န စာပိ အပုနပ္ပုနံ။**
**ဟတ္ထိဗောန္ဒိံ ပဝေက္ခာမိ၊ တထာဟိ ဘယတဇ္ဇိတော။**

ငါသည် ဤဆင်ကောင်၌ ဝင်ခြင်းကြောင့် သေဘေးမှ ထိတ်လန့်ရ၏။ ထို့ကြောင့်သာလျှင် ငါသည် တစ်ဖန် ဤအခါမှ ဆင်ကောင်သို့ မဝင်အံ့၊ ထိုအခါမှ တစ်ဖန်လည်း ဆင်ကောင်သို့ မဝင်အံ့။ ဤမှထိုမှအဖန်တလဲလဲလည်း ဆင်ကောင်သို့ မဝင်အံ့။

ဤသို့ဆို၍လည်း ထိုအရပ်မှ ပြေးလေ၏။ တစ်ဖန် ဆင်ကောင်ကိုပြန်၍လည်းမကြည့်။ ထိုအခါမှစ၍ လောဘအလိုသို့ လိုက်သည် မဖြစ်။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့၊ အတွင်း၌ဖြစ်သော ကိလေသာမည်သည်ကို ပွါးစိမ့်သော်ငှါ မပေးမူ၍ ထိုထိုဖြစ်ရာအရပ်၌သာလျှင် နှိပ်ခြင်းငှါ သင့်၏ဟု မိန့်တော်မူ၍ သစ္စာတို့ကို ပြတော်

မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။ သစ္စာကိုပြသည်၏အဆုံး၌ ငါးရာကုန်သော ထို ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။ ကြွင်းကုန်သော ရဟန်းတို့တွင် အချို့ကုန်သော ရဟန်းတို့သည် သကဒါဂါမိဖြစ်ကုန်၏။ အချို့ကုန်သော ရဟန်း တို့သည် အနာဂါမိဖြစ်ကုန်၏။ အဘယ်သို့ဇာတ်ကိုပေါင်းတော် မူသနည်းဟူမူ ကား ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မြေခွေးဖြစ်ဖူးပြီ၊ ဤဇာတ်ကိုပေါင်း တော်မူ၏။

တစ်ရာလေးဆယ့်ရှစ်ခုမြောက်သော သိဂ္ဂါလဇာတ်သည်ပြီး၏။

---

## ၁၄၉-ကေပဏ္ဏဇာတ်

### အမျက်ဖြေဆေး

### ဒေါသမာန်၏အပြစ်များ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာ ဘုရားသည် "ကေပဏ္ဏော အယံ ရုက္ခော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤကေပဏ္ဏဇာတ်ကို ဝေသာလီပြည်ကိုမှီ၍ မဟာဝုန်၌ စုလစ် မွန်းချွန်တပ်သော ကျောင်း၌ နေတော်မူစဉ် ဝေသာလီပြည်၌ ဒုဋ္ဌလိစ္ဆဝီ မင်းသားကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုစကားကိုချဲဦးအံ့။ ထိုအခါ ဝေသာလီမြို့သည် တစ်ဂါဝုတ် တစ်ဂါဝုတ်အတွင်း၌ တံတိုင်းသုံးထပ်တို့သည် ခြံရံကုန်၏။ သုံးဌာနတို့၌ တံခါးပစ္စင်နှင့်ယှဉ်၏။ တင့်တယ်ခြင်းအစုသို့ရောက်၏။ ထိုဝေသာလီပြည်၌ အခါခပ်သိမ်း မင်းပြု၍နေကုန်သောသူတို့၏ ခုနစ်ထောင်တို့ သည်လည်းတောင်း၊ ခုနစ်ရာတို့သည်လည်းကောင်း, ခုနစ်ယောက်သော မင်း တို့သည်လည်းကောင်း ဖြစ်ကုန်၏။ ထိုမျှ အတိုင်းအရှည်ရှိကုန်သော အိမ်ရှေ့ မင်းတို့သည်လည်းကောင်း, ထိုမျှအတိုင်းအရှည် ရှိကုန်သော ဘဏ္ဍာစိုးတို့သည် လည်းကောင်း ဖြစ်ကုန်၏။ ထိုမင်းသားတို့၏ အတွင်း၌ တစ်ယောက်သော ဒုဋ္ဌလိစ္ဆဝီမင်းသားမည်သည် ဖြစ်၏၊ အမျက်ကြီး၏, ရုန့်ရင်း၏, ကြမ်းကြုတ်၏။ လှံကန်ဖြင့်ခတ်သောမြွေဟောက်ကဲ့သို့ အမြဲအမျက်ထွက်၏။ အမျက်ကြီးသည်၏ အဖြစ်ကြောင့် ဒုဋ္ဌလိစ္ဆဝီမင်းသား၏ရှေ့၌ နှစ်ခွန်း သုံးခွန်းသော စကားတို့ကို ဆိုခြင်းငှါ စွမ်းနိုင်သောသူ မည်သည်မရှိ။ ထိုဒုဋ္ဌလိစ္ဆဝီမင်းသားကို မိဘတို့သည် ဆုံးမအံ့သောငှါ မတတ်နိုင်ကုန်။ အဆွေအမျိုး, အဆွေခင်ပွန်း နှလုံးအကျွမ်း ဝင်ကုန်သော သူတို့သည် ဆုံးမခြင်းငှါ မတတ်နိုင်ကုန်။

ထိုအခါ ထိုဒုဋ္ဌလိစ္ဆဝီမင်းသား၏ မိဘတို့သည် ဤမင်းသားသည် အလွန်ကြမ်းကြုတ်၏။ နိုင်ထက်စလူ မှုတတ်၏။ မြတ်စွာဘုရားကို ထား၍ တစ်ပါးသော မင်းသားကို ဆုံးမခြင်းငှါ စွမ်းနိုင်သောသူ မည်သည် မရှိ။ ဤဒုဋ္ဌလိစ္ဆဝီ မင်းသားသည် ဘုရား ဆုံးမအပ်သော သူမည်သည် ဖြစ်ရာ၏။ ဤသို့သော အကြံသည် ဖြစ်၏၊ ကြံပြီး၍ ဒုဋ္ဌလိစ္ဆဝီ မင်းသားကို အမိအဘတို့သည် ခေါ်၍ မြတ်စွာဘုရား အထံတော်သို့ သွား၍ ရှိခိုး၍ အရှင်ဘုရား ဤမင်းသားသည် ရုန့်ရင်းကြမ်းကြုတ်၏၊ အမျက်ထွက်တတ်သောအားဖြင့် ထင်ရှား၏၊ ဤမင်းသားအား အရှင်ဘုရားတို့သည် အဆုံးအမကို ပေးတော်မူပါကုန်လော့ဟု လျှောက်ကုန်၏၊ မြတ်စွာဘုရားသည် ထိုမင်းသားကို ဆုံးမလိုသည် ဖြစ်၍ မင်းသား၊ ဤမည်သော သတ္တဝါတို့၌ သင်သည် ရုန့်ရင်းကြမ်းကြုတ်သည်၊ နိုင်ထက်စလူ မှုတတ်သည်၊ ညှဉ်းဆဲတတ်သော သဘောရှိသည် မဖြစ်ရာ။ ကြမ်းကြုတ်သော စကားကို ဆိုသောသူ မည်သည်ကား မွေးသော အမိသည်လည်းကောင်း, အဘသည်လည်းကောင်း, သားမယားသည်လည်းကောင်း, အစ်ကို ညီနှမတို့သည်လည်းကောင်း, သားသမီးတို့သည်လည်းကောင်း, အဆွေခင်ပွန်းတို့သည်လည်းကောင်း, မချစ်မနှစ်သက်အပ်သည် ဖြစ်၏၊ ကိုက်ခြင်းငှါလာသော မြွေကဲ့သို့လည်းကောင်း, တောအရပ်၌ ထသော ခိုးသူကဲ့သို့လည်းကောင်း, စားအံ့သောငှါ လာသော ဘီလူးကဲ့သို့လည်းကောင်း, ထိတ်လန့်ခြင်းကို ဖြစ်စေတတ်၏။ နှစ်ကြိမ်မြောက်သော စိတ်၏ ဝါရ၌ ငရဲအစရှိသည်တို့၌ ဖြစ်၏။ မျက်မောက်သော ကိုယ်၏ အဖြစ်၌လျှင် အမျက်ကြီးသော ပုဂ္ဂိုလ်သည် အထူးထူးသော တန်ဆာဖြင့် ဆင်အပ်ငြားသော်လည်း အဆင်းမလှသည်သာလျှင်ဖြစ်၏၊ ထိုအမျက်ကြီးသောသူ၏ လပြည့်ဝန်းကဲ့သို့ တင့်တယ်သော မျက်နှာသည်လည်း မီးလျှံသည် ခတ်အပ်သော ပဒုမ္မာကဲ့သို့လည်းကောင်း၊ အညစ်အကြေး ကပ်သော ရွှေကြေးမုံဝန်းကဲ့သို့လည်းကောင်း အဆင်းမလှသည်ဖြစ်၏။

ထိုစကားသည် မှန်၏။ အဆင်းမလှသည်ကို ပြုတတ်သော အမျက်ကိုမှီ၍ သတ္တဝါတို့သည် လက်နက်ကို ယူ၍ မိမိသည်သာလျှင် မိမိကိုယ်ကို သတ်ကုန်၏။ အဆိပ်ကိုစားကုန်၏။ ကြိုးဖြင့် သေဆွဲမှုကုန်၏။ ကမ်းပါးပြတ်သို့ ဆင်းကုန်၏။ ဤသို့ အမျက်၏အစွမ်းအားဖြင့် သေ၍ ငရဲအစရှိသည်တို့၌ဖြစ်ကုန်၏၊ ညှဉ်းဆဲတတ်သော သဘောရှိကုန်သော သူတို့သည်လည်း မျက်မှောက်သော ကိုယ်၏ အဖြစ်၌ပင်လျှင် ကဲ့ရဲ့ခြင်းသို့ရောက်၍ ခန္ဓာကိုယ်ပျက်သည်မှ နောက်၌ ငရဲအစရှိသည်တို့၌ ဖြစ်ကုန်၏၊ တစ်ဖန် လူ့အဖြစ်ကိုရ၍လည်း ဖွားသောကာလမှစ၍ ရောဂါများသည်သာလျှင် ဖြစ်ကုန်၏။ မျက်စိအနာ နားအနာ ဤသို့ အစရှိကုန်သော အနာတို့တွင် တစ်ခုခုသောအနာ၌ တစ်ပြိုင်နက်ဆ၍ ကျကုန်၏။ ရောဂါမှ

မလွတ်ကုန်သည့်ဖြစ်၍လျှင် အမြဲဆင်းရဲသည် ဖြစ်ကုန်၏။ ထို့ကြောင့် ခပ်သိမ်းကုန်သော သတ္တဝါတို့၌ မေတ္တာနှင့်ယှဉ်သော စိတ်ရှိသည် အစီးအပွားကို အလိုရှိသောစိတ်သည် နူးညံ့သော စိတ်ရှိသည်ဖြစ်ရာ၏။ ဤသို့ သဘောရှိသော အမျက်ကြီးသော ပုဂ္ဂိုလ်သည် ငရဲအစရှိသောဘေးမှ မလွတ်ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။

ဒုဋ္ဌလိစ္ဆဝီမင်းသားသည် မြတ်စွာဘုရားအဆုံးအမကို နာရ၍ တစ်ကြိမ်သော အဆုံးအမဖြင့်လျှင် ကင်းသော မာနရှိသည်, ယဉ်ကျေးသည်, မာနမရှိသည် မေတ္တာနှင့် ယှဉ်သော စိတ်ရှိသော နူးညံ့သောစိတ်ရှိသည်ဖြစ်၏။ တစ်ပါးသော သူတို့ ဆဲရေးသော်လည်းကောင်း, ပုတ်ခတ်သော်လည်းကောင်း, ပြန်၍လည်း မကြည့်၊ နုတ်အပ်ပြီးသော အစွယ်ရှိသော မြွေကဲ့သို့လည်းကောင်း ဖြတ်အပ်ပြီးသော လက်မရှိသော ပုစွန်ကဲ့သို့ လည်းကောင်း, ဖြတ်အပ် ပြီးသော ဦးချိုရှိသော နွားကဲ့သို့လည်းကောင်း ဖြစ်၏။ ထိုဒုဋ္ဌလိစ္ဆဝီ မင်းသား၏ အကြောင်းကို သိ၍ ရဟန်းပရိသတ်သည် တရားသဘင်၌ ငါ့ရှင်တို့၊ ဒုဋ္ဌလိစ္ဆဝီမင်းသားကို အလွန်ကြာမြင့်စွာ ဆုံးမကုန်၍ မိဘတို့သည်လည်းကောင်း၊ အဆွေအမျိုးအစရှိကုန်သောသူတို့သည်လည်းကောင်း, ဆုံးမအံ့သောငှါ မတတ်နိုင်ကုန်။ မြတ်စွာဘုရားသည်ကား ထိုဒုဋ္ဌလိစ္ဆဝီမင်းသားကို တစ်ကြိမ်သောဆုံးမခြင်းဖြင့်လျှင် ဆုံးမ၍ မာနမရှိသည် ဖြစ်၍ အမှန်ယဉ်သော မြတ်သော ဆင်ကဲ့သို့ ကောင်းစွာ ချီးမြှောက်ခြင်းတို့၏ အကြောင်းကို ပြုတော်မူ၏။ ဤမြတ်စွာဘုရား၏ စကားတော်သည် အလွန်လျှင်ကောင်းသော စကားတော်တည်း။ ရဟန်းတို့၊ ဆင်ကို ဆုံးမတတ်သော ဆရာသည် ဆုံးမအပ်ပြီးသောဆင်သည် ပြေးသည် ရှိသော် အရှေ့အရပ် မျက်နှာတစ်ခုသို့ သာလျှင်လည်းကောင်း၊ အနောက်အရပ်မျက်နှာတစ်ခုသို့သာလျှင်လည်းကောင်း၊ မြောက်အရပ် မျက်နှာတစ်ခုသို့သာလျှင် လည်းကောင်း, တောင်အရပ် မျက်နှာ တစ်ခု သာလျှင် လည်းကောင်း ပြေး၏။ ရဟန်းတို့၊ ပစ္စည်းလေးပါးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တော်တိုင်သာလျှင် ခပ်သိမ်းသော တရားတို့ကို သိတော်မူသော မြတ်စွာဘုရားသည် ဆုံးမအပ်ပြီးသော ယောကျာ်းသည် ပြေးသည်ရှိသော် ရှစ်ပါးသော အရပ်တို့သို့ ပြေး၏၊ ရုပ်စျာန်ရှိသောပုဂ္ဂိုလ်သည် နတ်၌ဖြစ်သော ရုပါရုံကိုမြင်၏။ ဤသည်ကား တစ်ခုသောအရပ်တည်း။

ထိုသို့သဘောရှိသောဆရာကို ကမ္မဋ္ဌာန်းစီးဖြန်းသော ပုဂ္ဂိုလ်တို့၌ အတုမရှိ ဆုံးမအပ်သော ယောကျာ်းတို့ကို ဆုံးမတတ်သော ဆရာဟူ၍ ဆိုအပ်၏။ ဤသို့ သဗ္ဗညူ မြတ်စွာဘုရားသည် ပြတော်မူ၏။ ငါ့ရှင်တို့၊ ဘုရားနှင့်တူသော ဆုံးမအပ်သော ယောကျာ်းတို့ကို ဆုံးမတတ်သော ဆရာမည်သည် မရှိ၊

ဤသို့သော စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေး ကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ဒုဋ္ဌလိစ္ဆဝီမင်းသားကို ငါသည် တစ်ကြိမ်သော ဆုံးမခြင်းဖြင့်သာလျှင် ဆုံးမအပ်သည် မဟုတ်သေး၊ ရှေး၌လည်း ငါသည် တစ်ကြိမ်သော ဆုံးမခြင်းဖြင့်သာလျှင် ဆုံးမဖူးပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဥဒိစ္စ ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် တက္ကသိုလ်ပြည်၌ ဗေဒင် သုံးပုံတို့ကို လည်းကောင်း၊ ခပ်သိမ်းသော အတတ်တို့ကို လည်းကောင်း သင်၍ အနည်းငယ်သော ကာလ ၌သာ အိမ်၌ နေ၍ အမိအဘ လွန်သဖြင့် ရသေ့ရဟန်းပြု၍ အဘိညာဉ်တို့ကို လည်းကောင်း၊ သမာပတ်တို့ကို လည်းကောင်း ဖြစ်စေ၍ ဟိမဝန္တာ၌ နေ၏။ ထိုဟိမဝန္တာ၌ ကြာမြင့်စွာနေ၍ ချဉ်ဆားမှီဝဲအံ့သောငှါ ဇနပုဒ်သို့လာ၍ ဗာရာဏသီသို့ ရောက်၍ မင်း၏ ဥယျာဉ်၌ နေ၍ နက်ဖြန်နေ့၌ ကောင်းစွာ ဝတ်ရုံလျက် ရသေ့ အသွင်နှင့် ပြည့်စုံသည်ဖြစ်၍ ဆွမ်းခံအံ့သောငှါ မြို့သို့ ဝင်၍ မင်းရင်ပြင်သို့ ရောက်၏။ မင်းသည် ခြသ့ံခံသော လေသာပြတင်းဖြင့် ကြည့်သည် ရှိသော် ထိုဘုရားလောင်းကို မြင်၍ ဣရိယာပုတ်၌ ကြည်ညို၍ ရသေ့သည် ငြိမ်သက်သော ဣန္ဒြေရှိ၏။ ငြိမ်သက်သော စိတ်ရှိ၏၊ ထမ်းပိုးတစ်လံမျှ ကြည့်၏။ ဖဝါးလှမ်းတိုင်း ဖဝါးလှမ်းတိုင်း တစ်ထောင်သော ဥစ္စာထုပ်ကို ထားဘိ သကဲ့သို့ ခြသ့ံမင်း၏ တင့်တယ်ခြင်းကဲ့သို့သော တင့်တယ်ခြင်းဖြင့် လာ၏။ တစ်ခုသော သူတော်ကောင်းတရား မည်သည် အကယ်၍ ရှိသည်ဖြစ်အံ့၊ ဤသူ၏ အတွင်း၌ ရှိသည် ဖြစ်ရာ၏ဟု ကြံ၍ တစ်ယောက်သော အမတ်ကို ကြည့်၏။ ထိုအမတ်သည် ရှင်မင်းကြီး အသို့ပြုရအံ့နည်းဟု လျှောက်၏။ ထိုရသေ့ကို ပင့်ချေလော့ဟု ဆို၏။ ရှင်မင်းကြီး ကောင်းပြီဟု ဘုရားလောင်းသို့ ကပ်၍ ရှိခိုး၍ လက်မှ သပိတ်ကို ယူ၍ ဟုန်းရှိသော ဒါယကာ အသို့နည်းဟု မေးသည် ရှိသော် အရှင်ဘုရား မင်းသည် ပင့်ခေါ်၏ဟု လျှောက်၏၊ ဘုရားလောင်းသည် ငါတို့သည် မင်းဆရာ မဟုတ်ကုန်၊ ဟိမဝန္တာ၌ နေသော ရသေ့ ဖြစ်ကုန်၏ဟု ဆို၏။

အမတ်သည် သွား၍ ထိုအကြောင်းကို မင်းအား ကြား၏။ မင်းသည် ငါတို့အား တစ်ပါးသော ဆရာသည် မရှိ၊ ထိုရသေ့ကို ပင့်ခဲ့လော့ဟု ဆို၏။

အမတ်သည် သွား၍ ဘုရားလောင်းကို ရှိခိုး၍ တောင်းပန်၍ မင်းအိမ်သို့ သွင်း၏။ မင်းသည် ကောင်းစွာ စိုက်အပ်သော ထီးဖြူရှိသော ရွှေပလ္လင်၌ နေစေ၍ မိမိဖို့ စီရင်သော အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ်ကို ဘုဉ်းပေးစေ၍ အရှင်ဘုရား အဘယ်မှာ နေကုန်သနည်းဟု လျှောက်၏၊ မြတ်သော မင်းကြီး ငါတို့သည် ဟိမဝန္တာ၌ နေကုန်၏ဟု ဆို၏၊ ယ အဘယ်သို့ သွားကုန်အံ့နည်းဟု လျှောက်၏၊ မင်းကြီး မိုးလာအား ဥယျ စက်ပတ်သော ကျောင်းကို ရှာ၏ဟု ဆို၏၊ အရှင်ဘုရား ထိုသို့ ဖြစ်မူကား ၁၄၄ ဗ္ဗန်ပ်ာ ဥယျာဉ်၌ နေကုန်လော့ဟု ဝန်ခံခြင်းကို ယူ၍ မိမိသည်လည်း စား၍ ဘုရားလောင်းကို ပင့်၍ ဥယျာဉ်သို့ သွား၍ သင်ရှက်မိုးသော ကျောင်းကို ဆောက်စေ၍ ညဉ့်သန့်စရာ နေ့သန့်စရာ အရပ်တို့ကို ပြု၍ ရဟန်း၏ ပရိက္ခရာ တို့ကို လှူ၍ ဥယျာဉ်စောင့်ကို အပ်နှင်း၍ မြို့သို့ ဝင်၏၊ ထိုအခါမှ စ၍ ဘုရားလောင်းသည် ဥယျာဉ်၌ နေ၏။ မင်းသည်လည်း ဘုရားလောင်းအား နေ့တိုင်း နေ့တိုင်း နှစ်ကြိမ်သုံးကြိမ် ခစားအံ့သောငှါ သွား၏။ ထိုမင်းအားကား ဒုဋ္ဌကုမာရ မည်သော သားသည် ဖြစ်၏။ ရုန့်ရင်း ကြမ်းကြုတ်၏။ မင်းသည် ဆုံးမအံ့ သောငှါ မတတ်နိုင်သလျှင် ကတည်း။ ကြွင်းကုန်သော ဆွေမျိုးတို့သည်လည်း ဆုံးမအံ့သောငှါ မတတ်နိုင်သလျှင် ကတည်း။ အမတ်တို့သည် လည်းကောင်း၊ ပုဏ္ဏားတို့သည် လည်းကောင်း တပေါင်းတည်း ဖြစ်ကုန်၍ အရှင် ဤသို့ မပြုလင့်။ ဤသို့ ပြုခြင်းငှါ မရအပ်။ ဤသို့ အမျက် ထွက်ဟန်ပြု၍ ဆိုကုန်သော်လည်း စကားကို ယူစိမ့်သောငှါ မတတ်နိုင်ကုန်။

မင်းသည် ငါ့အရှင်ဖြစ်သော သီလရှိသော ရသေ့ကို ထား၍ တစ်ပါးသော ဤမင်းသားကို ဆုံးမခြင်းငှါ စွမ်းနိုင်သော သူမည်သည် မရှိ။ ထိုရသေ့သည် သာလျှင် ထိုမင်းသားကို ဆုံးမနိုင်လတ္တံ့ဟု ထိုမင်းသားကိုခေါ်၍ ဘုရားလောင်း ထံသို့ သွား၍ အရှင်ဘုရား ဤဒုဋ္ဌကုမာရ မင်းသားသည် ရုန့်ရင်း ကြမ်းကြုတ်၏။ အကျွန်ုပ်တို့သည် ဆုံးမအံ့သောငှါ မတတ်နိုင်ကုန်။ အရှင် ဘုရားတို့သည် ထို မင်းသားကို တစ်ခုသော အကြောင်းဖြင့် ဆုံးမ ပါကုန်လောဟု မင်းသားကို ဘုရားလောင်းအား အပ်နှင်းခဲ့၍ ဖဲ၏။ ဘုရားလောင်းသည် မင်းသားကိုခေါ်၍ ဥယျာဉ်၌ လည်သည်ရှိသော် နံပါးတစ်ဖက်မှ တစ်ရွက်ဖြင့် နံပါးတစ်ဖက်မှ တစ်ရွက်ဖြင့် ဤသို့ နှစ်ခုကုန်သော အရွက်ဖြင့်သာလျှင် ဖြစ်သော တမာပင်ငယ်ကို မြင်၍ မင်းသားကို မင်းသား ဤတမာပင်ငယ်၏ အရွက်ကို ရှေးဦးစွာ စား၍ အရသာကို သိအောင် ပြုလော့ဟု ဆို၏။ ထိုမင်းသားသည် တစ်ခုသော အရွက်ကို စား၍ အရသာကိုသိ၍ ထွီဟု တံတွေးနှင့်တကွ မြေ၌ ထွေး၏။ မင်းသား ဤအမှုသည် အသို့နည်းဟု မေးသည်ရှိသော် အရှင်ဘုရား ဤသစ်ပင်ငယ်သည် ယခုပင်လျှင် လတ်တလော

သေစေတတ်သော အဆိပ်နှင့်တူ၏။ ကြီးသည်ရှိသော်ကား များစွာကုန်သော လူတို့ကို သတ်လတ္တံ့ဟု ဆို၍ ထိုတမာပင်ငယ်ကို နုတ်၍ လက်တို့ဖြင့် နယ်၍ ဤဂါထာကို ဆို၏–

၁၄၉။ ဧကပဏ္ဏော အယံ ရုက္ခော၊ န ဘူမျာ စတုရင်္ဂုလော။
ဖလေန ဝိသကပ္ပေန၊ မဟာ'ယံ ကိံ ဘဝိဿတိ။

အိုရှင်ရသေ့ ဤသစ်ပင်ငယ်သည် နံပါးတစ်ဖက်၌ တစ်ရွက် တစ်ရွက်ရှိသေး၏ မြေမှ လက်လေးသစ်မျှ မရှိသေး၊ နှောင် ကြီးမားသော် အသီး၏ အရသာသည် လတ်ဘလော သေစေတတ်သော အဆိပ်နှင့်တူလတ္တံ့။

ထိုအခါ ထိုဒုဋ္ဌကုမာရမင်းသားကို ဘုရားလောင်းသည် မင်းသား သင်သည် ဤတမာပင်ငယ်သည် ယခုကပင်လျှင် ဤသို့ ခါး၏။ ကြီးသောကာလ၌ ဤတမာပင်ကို မှီ၍ အဘယ်မှာ စီးပွားဖြစ်နိုင်အံ့နည်းဟု နုတ်၍ နယ်၍ စွန့်၏။ သင်သည် ထိုတမာပင်၌ ကျင့်သကဲ့သို့ ထိုအတူလျှင် သင့်ကို တိုင်း၌နေကုန်သော သူတို့သည် ဤမင်းသားသည် ငယ်သောကာလ၌လျှင် ဤသို့ ရုန့်ရင်းကြမ်းကြုတ်၏။ ကြီးသောကာလ၌ မင်းအဖြစ်သို့ ရောက်၍ အဘယ်မည်သည်ကို ပြုလတ္တံ့နည်း၊ ဤမင်းသားကိုမှီ၍ ငါတို့အား အဘယ်မှာ စီးပွားဖြစ်နိုင်အံ့နည်းဟု သင့်အား အမျိုး၏ ဥစ္စာဖြစ်သောပြည်ကို မပေးမူ၍ သင့်ကို တမာပင်ငယ်ကဲ့သို့ဖြစ်၍ ပြည်မှ နှင်ထုတ်လိုက်သော အမှုကို ပြုကုန်လတ္တံ့။ ထို့ကြောင့် တမာပင်ငယ်နှင့်တူသော သဘောကို စွန့်၍ ဤနေ့မှစ၍ ခန္တီမေတ္တာ ကရုဏာနှင့် ပြည့်စုံသည် ဖြစ်လောဟု သိ၏။ ထိုဒုဋ္ဌကုမာရမင်းသားသည် ထိုအခါမှစ၍ ကင်းသော မာန ရှိသည်ဖြစ်၍ ခန္တီ မေတ္တာ ကရုဏာနှင့် ပြည့်စုံသည်ဖြစ်၍ ဘုရားလောင်း၏ အဆုံးအမ၌ တည်၍ အဖလွန်သဖြင့် မင်းအဖြစ်သို့ ရောက်၍ အလှူ အစရှိသော ကောင်းမှုတို့ကိုပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ၌သာလျှင် ဒုဋ္ဌလိစ္ဆဝီ မင်းသားကို ငါဆုံးမသည် မဟုတ်သေး၊ ရှေး၌လည်း ဤဒုဋ္ဌလိစ္ဆဝီ မင်းသားကို ငါဆုံးမဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ ယခုအခါ လိစ္ဆဝီမင်းသားသည် ထိုအခါ ဒုဋ္ဌကုမာရမင်းသား ဖြစ်ဖူးပြီ။ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဆုံးမသော ရသေ့ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာလေးဆယ့်ကိုးခုမြောက်သော ဧကပဏ္ဏဇာတ်သည် ပြီး၏။

## ၁၅၁-သဗ္ဗဒါဌဇာတ်

### ကျားသေကို အသက်သွင်းခြင်း

### ပစ္စုပ္ပန်ဝတ္ထု

နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အသန္တံ ယော ပဂ္ဂဏှာတိ" ဟုစရှိသော ဂါထာပုဒ်ဖြင့် တန်ဆောင်မင်္ဂလာနှင့်သော ဤသဗ္ဗဒါဌဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အဇာတသတ်မင်း၏ သူတော်မဟုတ် သူယုတ်ကို ချီးမြှောက်ခြင်း ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအဇာတသတ်သည် ဘုရား၏ ဆန့်ကျင်ဘက်ဖြစ်သော သီလမရှိသော ယုတ်မာသော အကျင့်ရှိသော ဒေဝဒတ်၌ ကြည်ညို၍ သူတော်မဟုတ်သော ထို ဒေဝဒတ်ကို ချီးမြှောက်၍ ထိုဒေဝဒတ်အား ပူဇော်သက္ကာရကို ပြုအံ့ဟု များစွာသော ဥစ္စာကို စွန့်၍ ဂယာသီသ၌ ကျောင်းဆောက်၍ ထိုဒေဝဒတ် စကားကိုလျှင်ယူ၍ တရားစောင့်သော သောတာပန်ဖြစ်သော မြတ်စွာဘုရား တပည့် ဖြစ်သော အဖဖြစ်သော ဗိမ္ဗိသာရမင်းကို သတ်၍ မိမိ သောတာပတ္တိမဂ်၏ ဥပနိဿယကို ဖျက်ဆီး၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်၏။ ထိုစကား သည် မှန်၏။ ဒေဝဒတ်ကို မြေမျိုပြီဟု ကြား၍ အသို့နည်း။ ငါ့ကိုလည်း မြေမျိုရာသလောဟု ထိတ်လန့်၍ မင်း၏ ချမ်းသာကို မရ။ အိပ်ရာ၌ ချမ်းသာကို မရ။ ထက်စွာသော လှံဖြင့် ထိုးအပ်သော ပြိတ္တာကဲ့သို့ တုန်လှုပ်လျက် သွား၏။ ထိုအဇာတသတ်မင်းသည် မြေပြိုသကဲ့သို့ လည်းကောင်း၊ အဝီစိမီးလျှံသည် ထွက်လာဘိသကဲ့သို့ လည်းကောင်း၊ မြေသည် မိမိကို မျိုသကဲ့သို့လည်းကောင်း၊ ပြောင်ပြောင်တောက်သော သံမြေ၌ ပက်လက် အိပ်စေ၍ သံတံကျင်တို့ဖြင့် ထိုးဘိသကဲ့သို့ လည်းကောင်း ထင်၏။

ထို့ကြောင့် အဇာတသတ်မင်းသည် မြတ်စွာဘုရားကို ဖူးမြင်လိုသည်၊ ကန်တော့လိုသည်၊ ပြဿနာမေးလိုသည် ဖြစ်၏။ မိမိကား အပြစ်ကြီးသည်၏ အဖြစ်ကြောင့် ဆည်းကပ်အံ့သောငှါ မတတ်နိုင်။ ထိုအခါ ရာဇဂြိုဟ်ပြည်၌ တန်ဆောင်မုန်း လပြည့်နေ့ည ပွဲသဘင်ခံသော အလှဆင်သည် ရောက်သည် ရှိသော် နတ်ပြည်ကိုကဲ့သို့ တန်ဆာဆင်ပြီးသည်ရှိသော် မြတ်သော အပြင်၌ အမတ်အခေါင်း ခြံရံလျက် ရွှေနေရာ၌ နေသော အဇာတသတ် မင်းအား အဘယမင်းသားသည် မွေးအပ်သော အနီး၌နေသော ဇီဝကကို မြင်သည်

ရှိသော် ဇီဝကကိုခေါ်၍ မြတ်စွာဘုရား အထံတော်သို့ သွားအံ့၊ အရှယ်တူ ဇီဝက ငါသည် ကိုယ်တိုင်သွားအံ့သောငှါ မတတ်နိုင်။ လာလော့ ငါ့ကို မြတ်စွာ ဘုရား အထံသို့ ဆောင်လော့ဟု ငါသည် ဖြောင့်ဖြောင့်ဆိုခြင်းငှါ မတတ် ကောင်း။ ပရိယာယ်အားဖြင့်ကား ညဉ့်၏ ပြည့်စုံခြင်းကို ချီးမွမ်း၍ ယနေ့ အကြွင် ငြိမ်းစေအပ်ပြီးသော မကောင်းမှုရှိသောသူ၊ အပပြုအပ်ပြီးသော မကောင်းမှု ရှိသောသူသို့ ဆည်းကပ်ကုန်သော ငါတို့၏ စိတ်သည် ကြည်လင်ရာ၏။ ထိုသို့ သဘောရှိသော အဘယ်ငြိမ်းစေအပ်ပြီးသော မကောင်းမှုရှိသော လည်းကောင်း, အဘယ်အပပြုအပ်ပြီးသော မကောင်းမှုရှိသော သူသို့ လည်း ကောင်း ဆည်းကပ်ကုန်ရအံ့နည်းဟု ဆိုအံ့။ ထိုစကားကို ကြားကုန်၍ အမတ် တို့သည် မိမိ, မိမိတို့၏ ဆရာတို့ ကျေးဇူးကို ဆိုကုန်လတ္တံ့။ ဇီဝကသည်လည်း မြတ်စွာဘုရား ကျေးဇူးကို ဆိုလတ္တံ့၊ ထိုအခါ ဇီဝကကို ခေါ်၍ မြတ်စွာဘုရား အထံတော်သို့ သွားအံ့။ ဤသို့သော အကြံသည် ဖြစ်၏။ ကြံပြီး၍ ထိုအဇာတသတ်မင်းသည် ငါးပုဒ်တို့ဖြင့် ညဉ့်ကို ချီးမွမ်း၏။

အိုအမတ်တို့–အပြစ်ကင်းသော ညဉ့်သည် မှတ်ဖွယ်ရှိစွတကား။ အိုအမတ်တို့ အပြစ်ကင်းသော ညဉ့်သည် နှစ်သက်ဖွယ်ရှိစွတကား၊ အိုအမတ်တို့ အပြစ်ကင်း သော ညဉ့်သည် ရှုဖွယ်ရှိစွတကား၊ အိုအမတ်တို့ အပြစ်ကင်းသော ညဉ့်သည် မွေ့လျော်ဖွယ်ရှိစွတကား၊ အိုအမတ်တို့ အပြစ်ကင်းသော ညဉ့်သည် ကြည်ညိုဖွယ် ရှိစွတကား၊ ယခုအခါ အကြွင်ငြိမ်းစေအပ်ပြီးသော မကောင်းမှု ရှိသောသူ။ အပပြုအပ်ပြီးသော မကောင်းမှုရှိသောသူသို့ ဆည်းကပ်သော ငါတို့၏ စိတ်သည် ကြည်ရာ၏။ ထိုသို့သဘောရှိသော အဘယ်ငြိမ်းစေအပ်ပြီးသော မကောင်းမှု ရှိသော သူသို့လည်းကောင်း, အဘယ်အပပြုအပ်ပြီးသော မကောင်းမှုရှိသော သူသို့ လည်းကောင်း ကပ်ရကုန်အံ့နည်းဟု ဆို၏။ ထိုသို့ ဆိုသောအခါ၌ တစ်ယောက်သော အမတ်သည် ပူရဏကဿပ၏ ကျေးဇူးကို ဆို၏။ တစ်ယောက် သော အမတ်သည် မက္ခလိဂေါသာလ၏ ကျေးဇူးကို ဆို၏။ တစ်ယောက်သော အမတ်သည် အဇိတကေသကမ္ဗလ၏ ကျေးဇူးကို ဆို၏။ တစ်ယောက်သော အမတ်သည် ပကုဓကစ္စာယန၏ ကျေးဇူးကို ဆို၏။ တစ်ယောက်သော အမတ် သည် သဉ္စယဗေလဋ္ဌပုတ္တ၏ ကျေးဇူးကို ဆို၏။ တစ်ယောက်သော အမတ်သည် နာဋပုတ္တနိဂဏ္ဌ၏ ကျေးဇူးကို ဆို၏။ မင်းသည် ထိုအမတ်တို့၏ စကားကို ကြား၍ ဆိတ်ဆိတ် နေ၏။ ထိုစကားသည် မှန်၏။ ထိုအဇာတသတ်မင်းသည် အမတ်ကြီးဖြစ်သော ဇီဝက၏သာလျှင် စကားကို တောင့်တ၏။ ဇီဝကသည် လည်း မင်းသည် ငါ့ကို အကြောင်းပြု၍ ဆိုသော်သာလျှင် သိအံ့ဟု အနီး၌ ဆိတ်ဆိတ်နေ၏။

ထိုအခါ ဇီဝကကို မင်းသည် အရှင်ယ်တူ ဇီဝက-သင်သည်ကား အဘယ့်ကြောင့် ဆိတ်ဆိတ်နေသနည်းဟု ဆို၏။ ထိုခဏ၌ ဇီဝကသည် နေရာမှ ထ၍ အကြင်အရပ်၌ မြတ်စွာဘုရားသည် ရှိ၏။ ထိုအရပ်သို့ လက်အုပ်ကို ညွတ်၍ ရှင်မင်းကြီး ပစ္စည်းလေးပါးကို ခံတော်မူထိုက်သော မဖောက်မပြန် အလိုလိုသာလျှင် ခပ်သိမ်းသော တရားတို့ကို သိတော်မူသော ထိုမြတ်စွာဘုရားသည် တစ်ထောင့် နှစ်ရာ ငါးကျိပ်ကုန်သော ရဟန်းတို့နှင့်တကွ အကျွန်ုပ်တို့၏ သရက်ဥယျာဉ်၌ နေတော်မူ၏။ ထိုအရှင်ဂေါတမ၏ ကျော်စောသော အသံသည် ဤသို့နှစ်၍ တက်၏ဟု ကိုးပါးသော အရဟံ အစရှိသော ကျေးဇူးတို့ကိုဆို၍ (ကိုးရာကုန်သော ပြာဋိဟာတို့ကိုလည်း ဖော်၍) ပဋိသန္ဓေမှစ၍ ပုဗ္ဗနိမိတ် အစရှိသည် အပြားရှိသော မြတ်စွာဘုရား အာနုဘော်ကိုပြ၍ ရှင်မင်းကြီးသည် ထိုမြတ်စွာဘုရားသို့ ဆည်းကပ်တော်မူပါလော့၊ တရားတော်ကို နာတော်မူပါလော့၊ ပြဿနာကို မေးတော်မူပါလော့ဟု လျှောက်၏။

မင်းသည် ပြည့်သောနှလုံး အလိုရှိသည်ဖြစ်၍ အရှင်ယ်တူ ဇီဝက ထိုသို့တပြီးကား ဆင်ယာဉ် အစရှိသည်တို့ကို ကံ လောဟုဆို၍ အဇာတသတ်မင်းသည် ယာဉ်တို့ကို က စေ၍ ကြီးစွာသော မင်း၏အာနုဘော်ဖြင့် ဇီဝက၏ သရက်ဥယျာဉ်သို့ သွား၍ ထိုဥယျာဉ်၌ တစ်ခုသော အထွတ်ဖြင့် ဆောက်အပ်သော ကျောင်း၌ ရဟန်းသံဃာ ခြံရံသော မြတ်စွာဘုရားကိုမြင်၍ အလယ်၌ ငြိမ်သက်သော လှိုင်းတံပိုးရှိသော သမုဒ္ဒရာကဲ့သို့ တုန်လှုပ်ခြင်းမရှိသော ရဟန်းသံဃာကို ထိုမှဤမှ ကြည့်၍ ဤသို့ သဘောရှိသော ပရိသတ်ကို ငါသည် မမြင်စဖူးဟု ဣရိယာပုထ်၌ ကြည်ညို၍ အဇာတသတ်မင်းသည် သံဃာအား လက်အုပ်ချီ၍ ချီးမွမ်း၍ မြတ်စွာဘုရားကို ရှိခိုး၍ တင့်အပ်လျောက်ပတ်သော အရပ်၌နေလျက် ရဟန်း၏ အကျိုးဖြစ်သော ပြဿနာကို လျှောက်၏၊ ထိုအခါ အဇာတသတ်မင်းအား မြတ်စွာဘုရားသည် နှစ်ဘာဏဝါရတို့ဖြင့် တန်ဆာဆင်အပ်သော သာမညဖလသုတ်ကို ဟောတော်မူ၏၊ ထိုအဇာတသတ်မင်းသည် သုတ္တန်အဆုံး၌ နှစ်သက်သည်ဖြစ်၍ မြတ်စွာဘုရားကို ကန်တော့ပြီးလျှင် နေရာမှ ထ၍ လက်ယာရစ် လှည့်၍ဖဲ၏။

မြတ်စွာဘုရားသည် မင်း၏ဖဲ၍ မကြာမြင့်မီလျှင် ရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းတို့ ဤအဇာသဘတ် မင်းသည် ပျက်စီး၏၊ ရဟန်းတို့ ဤအဇာတသတ်မင်းသည် စည်းစိမ်၏ အကြောင်းကြောင့် တရားစောင့်သော တရားသဖြင့် မင်းပြုသော အဖကို ဇီဝိတိန္ဒြေမှ အကယ်၍ မချကြွားအံ့၊ ထိုအဇာတသတ်မင်းအား ဤနေရာ၌လျှင် ကင်းသော ကိလေသာဟူသော မြူရှိသော၊ ကင်းသော ကိလေသာ ဟူသော အညစ်အကြေး ရှိသော သောတာပတ္တိမဂ်ဉာဏ်သည်

ဖြစ်ရာ၏။ ဒေဝဒတ်ကို မှီ၍ကား သူတော်မဟုတ်သော သူကို ချီးမြှောက်ခြင်းကို ပြု၍ သောတာပတ္တိဖိုလ်မှ ယုတ်၏ဟု မိန့်တော်မူ၍ နက်ဖြန်နေ့၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ အဇာတသတ်မင်းသည် သူတော်မဟုတ်သော သူကို ချီးမြှောက်ခြင်းကိုပြု၍ သီလမရှိသော ယုတ်မာသောအကျင့်ရှိသော ဒေဝဒတ်ကို မှီ၍ ပိတုဃာတကကံကို ပြုသည်၏ အဖြစ်ကြောင့် သောတာပတ္တိဖိုလ်မှ ယုတ်၏၊ ဒေဝဒတ်သည် အဇာတသတ်မင်းကို ဖျက်ဆီး၏ဟု စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေး၍ကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် မလျှောက်သည်ရှိသော် ရဟန်းတို့ အဇာတသတ်သည် ယခုအခါ၌သာလျှင် သူတော်မဟုတ်သော သူကို ချီးမြှောက်ခြင်းကို ပြု၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်သည်မဟုတ်သေး၊ ရှေး၌လည်း ဇာတသတ်သည် သူတော် မဟုတ်သော သူကို ချီးမြှောက်၍ မိမိကိုယ်ကို ဖျက်ဆီးဖူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အာဂိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုလတ်သည်ရှိသော် ဘုရားလောင်းသည် များစွာသော စည်းစိမ်ရှိသော ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် တက္ကသိုလ်ပြည်သို့သွား၍ အလုံးစုံသော အတတ်တို့ကို သင်၍ ဒိသာပါမောက္ခ ဆရာဖြစ်၍ ငါးရာကုန်သော လုလင်တို့ကို အတတ်သင်စေ၏။ ထိုလုလင်တို့တွင် တစ်ယောက်သော သဉ္ဇီဝ အမည်ရှိသော လုလင်သည် ရှိ၏။ ဘုရားလောင်းသည် ထိုသဉ္ဇီဝလုလင်အား သူသေကို ထစေတတ်သော မန္တရားကို ပေး၏။ ထိုသဉ္ဇီဝ လုလင်သည် ထစေတတ်သော မန္တရားကိုသာလျှင် သင်၍ တားမြစ်တတ်သော မန္တရားကို မသင်မူ၍ တစ်နေ့သ၌ ငါးရာကုန်သော လုလင်တို့နှင့်တကွ ထင်းအကျိုးငှါ တောသို့ သွားသည်ရှိသော် တစ်ကောင်သော ကျားသေကိုမြင်၍လုလင်တို့ကို အိုလုလင်တို့ ဤကျားသေကို ထစေအံ့ဟု ဆို၏၊ ထိုလုလင်တို့သည် မတတ်နိုင်လတ္တံ့ဟု ဆိုကုန်၏၊ သင်တို့၏ မြင်စဉ်ပင်လျှင် ထစေအံ့ဟု ဆို၏။ အကယ်၍ တတ်နိုင်အံ့ ထစေပါလောဟု ဆိုကုန်၏။ ဤသို့ ဆိုပြီး၍လည်း ထိုလုလင်တို့သည် သစ်ပင်ကို တက်၍ကြကုန်၏။ သဉ္ဇီဝလုလင်သည် မန္တရားကို သရဇ္ဈာယ်၍ ကျားသေကို ကျောက်စရစ်ဖြင့် ပစ်၏။ ကျားသည်ထ၍ လျင်သော အဟုန်ဖြင့်လာ၍ သဉ္ဇီဝ လုလင်၏ ရေမျိုကို ကိုက်၍ အသက်ကုန်ခြင်းသို့ ရောက်စေ၍ ထိုအရပ်၌လျှင် လဲ၏။ သဉ္ဇီဝလုလင်သည်လည်း ထိုအရပ်၌ပင်လျှင် လဲ၏။ နှစ်ယောက်ကုန်သောသူတို့သည် ထိုအရပ်၌ပင်လျှင် သေ၍ အိပ်ကုန်၏။ လုလင်တို့သည်

ထင်းကို ယူပြီးလျှင် လာကုန်၍ ထိုအကြောင်းကို ဆရာအား ကြားကုန်၏။ ဆရာသည် လုလင်တို့ကို ခေါ်၍ အမောင်တို့ သူတော်မဟုတ်သော သူကို ချီးမြှောက်ခြင်းကို ပြုကုန်သော သူတို့မည်သည် မသင့်ရာအရပ်၌ ပူဇော်ခြင်း မြှတ်နိုးခြင်းကို ပြုကုန်ရကား ဤသို့ သဘောရှိသော ဆင်းရဲကို ခံရကုန်သလျှင် ကတည်းဟု ဆိုလို၍ ဤဂါထာကိုဆို၏—

၁၅၀။ အသန္တံ ယော ပဂ္ဂဏှာတိ၊ အသန္တံ စူပသေဝတိ။
တမေဝ ဃာသံ ကုရုတေ၊ ဗျဂ္ဃော သဉ္ဇီ ဝကော ယထာ။

သဉ္ဇီဝလုလင်သည် အသက်သွင်းပေးကာ ကျားသည် သဉ္ဇီဝကိုသာလျှင် ကိုက်သတ်လေသကဲ့သို့ ထိုအတူ သူယုတ်ကို ချီးမြှောက်၍ သူယုတ်ကို ဆည်းကပ်သူသည် ထိုချီးမြှောက် ဆည်းကပ်သာသူကိုသာလျှင် ထိုသူယုတ်သည် စားလေ၏။

ဘုရားလောင်းသည် ဤဂါထာဖြင့် လုလင်တို့အား တရားဟော၍ အလှူ အစရှိသော ကောင်းမှုတို့ကို ပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အဇာတသတ်သည် ထိုအခါ ကျားသေကို ထစေသော သဉ္ဇီဝလုလင် ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည် ထိုအခါ ဒိသာပါမောက္ခ ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

တစ်ရာငါးဆယ်မြောက်သော သဉ္ဇီဝဇာတ်သည် ပြီး၏။

# နိဂုံး

ဘုန်းတော် အလွန်ကြီးမြတ်သော ဆင်ဖြူများရှင် တရားမင်းမြတ်၏ သားတော်အကြီး မဟာဥပရာဇ်သည် ရဟန်း ရှင် လူ အပေါင်းတို့၏ စီးပွါးချမ်းသာ ဒုကျိုးငှါ ပင့်ဆောင်တော်မူခဲ့သော မဟာမုနိဘုရားရှင်၏ အရှေ့မျက်နှာအရပ်၌ မဟာဥပရာဇ်မယ်တော် အရှင်မိဖုရားမြတ်သည် ဆောက်လုပ်အပ်သော မင်္ဂလာဘုံကျော်ကျောင်းနေ ညောင်ကန်ဆရာတော်သည် မြန်မာပြန်ဆိုအပ်သော ကေကနိပါတ်ဇာတ်၌ တစ်ဆယ့်ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော ကကဏ္ဍကဝဂ်သည် ဤမျှသော သဒ္ဒါ၏အစဉ် အနက်၏ အစဉ်အားဖြင့် အပြီးသို့ ရောက်ပြီ။

မင်္ဂလာဘူမိကိတ္တိချေ၊ ဝသတာ မန္ဒိရေ ရမေ။

ဂရုနာ ပြမ္မဘာသာယ၊ ဝုတ္တာဂန္ထော ဂတော နိဋ္ဌံ။

ဇတ္တာဝဘာ၊ ဤမျှသောစကား၏ အစဉ်ဖြင့်။ ရမေ၊ နှလုံးမွေ့လျော်ဖွယ်ရှိသော။ မင်္ဂလာဘူမိကိတ္တိချေ၊ မင်္ဂလာဘုံကျော် အမည်ရှိသော။ မန္ဒိရေ၊ အမရပုရမြို့တည် နန်းတည် ဆင်ဖြူများရှင် တရားမင်းမြတ်၏ မိဖုရားမြတ်သည် ဆောက်လုပ်အပ်သော ကျောင်းတော်၌။ ဝသတာ၊ သီတင်းသုံးနေသော။ ဂရုနာ၊ ဆရာတော်သည်။ မြမ္မဘာသာယ၊ မြန်မာတိုင်းသူတို့၏ အဆိုအမိန့်ဖြင့်။ ဝုတ္တာဂန္ထော၊ ဆိုအပ်သော ပဏ္ဏာသသုံးပါး တစ်ဆယ့်ငါးဝဂ် ဇာတ်တစ်ရာ့ငါးဆယ် အတိုင်းအရှည်ရှိသော ကေကနိပါတ်ကျမ်းသည်။ နိဋ္ဌံ၊ ပြီးခြင်းသို့။ ဂတော၊ ရောက်လေ၏။

ကေကနိပါတ် ဇာတ်ဝတ္ထု ဤတွင်ပြီး၏။

ငါးရာငါးဆယ်ဇာတ်ဝတ္ထု ပထမတွဲ ပြီး၏။

---